ရန်ကုန်မြို့

အလုံ အောင်မင်္ဂလာပါဠိတက္ကသိုလ်

ဆရာတော်ဦးဇောတိန္ဒာဘိဝံသ

၏

သင်္ဂြိုဟ်ချနည်းကျမ်း

သာသနာသက္ကရာဇ် ၂၅၂၃၊ ကောဇာသက္ကရာဇ် ၁၃၄၁

ဓမ္မဒါန

ရန်ကုန်မြို့

အလုံ အောင်မင်္ဂလာ ပါဠိတက္ကသိုလ်

ဆရာတော် ဦးတေဇိန္ဒာဘိဝံသ

၏

သဂြိုဟ်ချုပ်နည်းကျမ်း

သာသနာသက္ကရာဇ် ၂၅၂၃၊ ကောဇာသက္ကရာဇ် ၁၃၄၁

ဓမ္မဒါန

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၁၉၇၀–ခု၊ ဖေဖော်ဝါရီလ၊ အုပ်ရေ–၃၀၀၀

မျက်နှာဖုံးပန်းချီ
စံတိုး

ဘလောက်
ဘသစ်နှင့်သားများ

အဖုံးရိုက်
အောင်သာ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၇၇၀)
မျက်နှာဖုံးခွင့်ပြုချက် (၂၃၄၄)

ဦးတေဇိန္ဒာဘိဝံသ (ကင်းလွတ်ခွင့် အမှတ်–၃၀၄) အောင်မင်္ဂလာ ပါဠိတက္ကသိုလ်၊ သစ်တောလမ်း၊ အလုံ၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးချစ်အောင် (၀၂၀၇–မြ) လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

ဗုဒ္ဓပဏာမ

အာရဒ္ဓ ဒီပင်္ကရပါဒမူလေ၊
စတ္တာရိသင်္ချေယျသတံသဟဿံ။
သံသာရသံကိဏ္ဏမသာဒ ဒုက္ခံ၊
တိဏ္ဏော စရန္တေဟ နမာမိ သတ္တော။

ယောဗုဒ္ဓေါ=ဉာဏ်ကြီးရှင်ဟု ပေါ်လွင်ထင်ရှား အကြင်မြတ်စွာဘုရားသည်၊ ဒီပင်္ကရပါဒမူလေ=ဆီမီးတန်ဆောင် အလင်းဆောင်သကဲ့သို့ ပညာရောင်ကို ပြုတော်မူတတ်သည့်'ဒီပင်္ကရ'နာမထင်ရှား ရှေးဘုရား၏ ဖဝါးတော်စုံ ကြွာပဒုံ၌၊ အာရဒ္ဓ=နိယတခန်း ဗျာဒိပ်ပန်းကို ဆင်မြန်းပြီးခါ အားထုတ်ပါ၍၊ စတ္တာရိသင်္ချေယျသတံသဟဿံ=နေ့, လ, ရက်, နှစ် သင်္ကရာဇ်တွက်စစ်လို့ ရေလိုက်လျှင် သင်္ချေလေးရပ် ထိမ်းအမှတ်ဖြင့် တသိန်းကပ်တို့ကာလပတ်လုံး၊ သံသာရသံကိဏ္ဏံ=ဇာတိဇရာ, မရဏာဗျာဓိ စရှိ ထောင်းထောင်း ဘေးအပေါင်းတို့ သောင်းပြောင်း၍ နေသော၊ ဒုက္ခံ= ဒုက္ခစုစုဝဋ္ဋတေးဘုံကို၊ အသာဒံ = အသာဒန္တော = ငြီးငြင်မရှိ ခံစားဘိလျက်၊ သံသာရေ=ဘဝမျိုးစုံ ဇာတ်မျိုးစုံဖြင့် ဖုံဖုံနစ်မြုပ် မြစ်သမုဒ်၌၊ စရန္တေ=မြုပ်တုန် မျောတုန် ကျင်လည်ကြကုန်သော၊ သတ္တေ=များလှပေတောင်း ဒုက္ခသည်အပေါင်းတို့ကို၊ တိဏ္ဏော=သံသရာနယ် သမုဒ်လယ်မှ ထုတ်ဆယ်ကူးမြောက်တော်မူစေနိုင်ပြီ၊ တံဗုဒ္ဓံ = သံသရာကူးလမ်း အသိဆန်းကို ဆုံးခန်းသိပြီး ထို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို၊ အဟံ='သင်္ဂြိုဟ်ချနည်း' နိဿရည်းကို နည်းပေးဖို့ရန် စိတ်ရည်သန်၍ ကြံဖန်ရေးထုတ် အကျွန်ုပ်သည်၊ နမာမိ=ဘုရားဂုဏ်တော် အောက်မေ့မျှော်လျက် ကော်ရော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဓမ္မပဏာမ

ဘဝန္တိ ဟေတုပ္ပဘဝါ ဘယာနိ ယာနိ၊
တေသံ နိရောဓေန စဝန္တိ တာနိ။
နိရုဠ္ဗမာနံ ပဝရံ အဟံ တံ၊
ဝန္ဒာမိ တေသဉ္စ သဒါ အနန္တံ။

ယာနိဘယာနိ= ဇာတိ ဇရာ, မရဏာ ဗျာဓိ စရှိထောင်းထောင်း ဘေး အပေါင်းတို့သည်၊ ဟေတုပ္ပဘဝါ=အဝိဇ္ဇာနှင့် 'တဏှာ' ခေါ်ရိုး တရားဆိုးတို့ ကြောင့်၊ ဘဝန္တိ=ထင်ရှားမသွေ့ ဖြစ်လာကြလေကုန်၏၊ တေသံ=ထို အဝိဇ္ဇာနှင့် တဏှာခေါ်ရိုး တရားဆိုးတို့၏၊ နိရောဓေန= လေးပါးမဂ်ဉာဏ် ပယ်သတ်ဟန်ဖြင့် ကေန်ချုပ်ပျောက်ခြင်းကြောင့်၊ တာနိဘယာနိ=သံသရာ့ ဝဋ်ဗေ့ ကရှုတ်ခွေ၌ ထွေထွေခံစား ထို ဘေးဒုက္ခအများတို့သည်၊ စဝန္တိ= အပြီးပိုင် ချုပ်ငြိမ်း၍ ရုပ်သိမ်းကြလေကုန်၏၊ တေသဉ္စ= ထို ဒုက္ခဖြစ်ရန် အကြောင်းမှန်သည့် အဝိဇ္ဇာမျိုး တဏှာဆိုးတို့၏လည်း၊ နိရုဠ္ဗမာနံ= ပယ်, ငြိမ်း,ကူညီ သို့ဖြစ်သည်ကြောင့် မရှိကေန် ချုပ်ကြောင်းမှန်သော၊ ပဝရံ= သတ္တဝါဝေနေ မျှားဗိုလ်ခြေတို့ ပူဇော်ပေအပ် အလွန်လည်းမြတ်ပေထသော၊ အနန္တံ=အဆုံးမရှိ ကြီးဘိဉဿုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူပေထသော၊ ယံဓမ္မံ= မဂ်လေး၀ ဖိုလ်လေးတန် နိဗ္ဗာန်ပိုင်းဖြတ် အကြင်ကိုးရပ်သော လောကုတ္တရာ တရားတော်မြတ်သည်၊ အတ္ထိ=ထင်ရှားမသွေ့ ရှိပါပေ၏၊ တံဓမ္မံ = မဂ်လေး၀ ဖိုလ်လေးတန် နိဗ္ဗာန်ပိုင်းဖြတ် ထို ကိုးရပ်သော လောကုတ္တရာ တရားတော်မြတ်ကို၊ အဟံ= 'သင်္ဂြိုဟ်ချနည်း' နိဿရည်းကို နည်းပေးဖို့ရန် စိတ်ရည်သန်၍ ကြံဖန်ရေးထုတ် အကျွန်ုပ်သည်၊ သဒါ= နေ့ရော ညဉ့်ပါ ဘယ်ခါမဆိုင်း အချိန်ရှိတိုင်း၊ ဝန္ဒာမိ= တရားဂုဏ်တော် အောက်မေ့မျှော်လျက် ကော်ရော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

သံဃပဏာမ

သံဃံ အဝိဇ္ဇာဒိမလံ ဟတဥ္စ၊
နိဗ္ဗုတတော• တံ ပရိယတ္တိဓမ္မံ။
နာထဿ ကာလံ ဣမ မေဝ သံဃံ၊
ဝန္ဒာမိ အာစရိယပရမ္ပရာဟံ။

အဝိဇ္ဇာဒိမလံ=အဝိဇ္ဇာဓမ္မ စသည့်ညစ်ကြေး အပြစ်ဘေးကို၊ ဟတံ= အမြစ်မကျန် တွန်းလှန် ပယ်ဖျောက် အဆုံးသို့ ရောက်တော် မူပြီးသော၊ သံဃဥ္စ=မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော်မြတ် အပေါင်းကိုလည်းကောင်း၊ နာထဿ=လူနတ်ဗြဟ္မာ သတ္တဝါတို့ ကိုးကွယ်ရာ အစစ် ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရား၏၊ နိဗ္ဗုတတော= နိဗ္ဗာန် ယူသိမ်း ငြိမ်းတော်မူသည်မှ၊ ပဋ္ဌာယ=အစပြု၍၊ ဣမမေဝကာလံ=သာသနာ တော် နှစ်ထောင်ပေါ်၌ စွန်းကျော်သက္ကရာဇ် နှစ်ဆယ်နှင့်သုံး တွက်ကြုံး စိုးပိုင် ယခုတိုင်အောင်၊ ပရိယတ္တိဓမ္မံ = သာသနာသုံးရပ် ထွတ်အမြတ်မှ အရင်းမူလ အခြေကျသည့် ပရိယတ္တိ ခေါ်ရိုး သာသနာမျိုးကို၊ အာစရိယ ပရမ္ပရံ=ရှင်တော့်စကား ပျောက်မသွားအောင် စွမ်းဆောင်နှုတ်တက် အာဂုံ ကျက်၍ ဆောင်ရွက်လေကြ ကဿပမှ စ၍ရေတွက် အဆက်ဆက်သော၊ တံသံဃဥ္စ=သီလ,သမာ ဓိပညာနှင့် သိက္ခာကာမ ပေသလလဇ္ဇီ သမ္မုတိခေါ် မထေရ်ကျော်မြတ် အပေါင်းကိုလည်းကောင်း၊ အဟံ= 'သင်္ဂြိုဟ်ချနည်း' နိဿရည်းကို နည်းပေးဖို့ရန် စိတ်ရည်သန်၍ ကြံဖန်ရေးထုတ် အကျွန်ုပ်သည်၊ ဝန္ဒာမိ=သံဃဂုဏ်တော် အောက်မေ့မျှော်လျက် ကော်ရော်မြတ်နိုး လက်စုံ မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဂန္ထာရမ္ဘ

ကိဥ္စာပိ ဂန္ထာ ရစိတာနိ နုတ္တာ၊
နုတ္တာဝ ပေါရာဏကထေဟိ ယေတော။
ဝက္ခာမိ အတ္ထာယ ဣမံဝ ဂန္ထံ၊
လောကေန ဝေါဟာရနုသာရိနာဟံ။

ပေါရာဏကထေဟိ=ရှေး၌ဖြစ်သောင်း လူသူဟောင်းတို့ ပြောကြောင်းဆိုရိုး စကားမျိုးတို့ဖြင့်၊ ရစိတာနိ=ကောင်းမြတ်တည်ထွင် စီရင်ရေးသားအပ်ကုန်သော၊ ယေတောဂန္ထာ=နက်အဓိပ္ပာယ် အသွယ်သွယ်ဖြင့် ချယ်လှယ်ဆင်မြန်း အကြင် ကျမ်းကြီးကျမ်းငယ်တို့သည်၊ ကိဉ္စာပိသန္တိ=အကယ်၍ကားမြင်အကြားဖြင့် ထင်ရှားမသွေ ရှိကြပါပေကုန်၏၊ ပနတထာပိ=သို့ကလိုပင်အထင်အရှား ရှိကြငြားလည်း၊ တေဂန္ထာ=နက်အဓိပ္ပာယ် အသွယ်သွယ်ဖြင့် ချယ်လှယ်ဆင်မြန်း ထို ကျမ်းကြီးကျမ်းငယ်တို့သည်၊ နုတ္တာနုတ္တာဝ=ငယ်,လတ်,ကြီးတန်း စာအောင်ပန်းကို မျှော်မှန်းငံ့စား စာသင်သားတို့ ကြိုးစားညာဏ်ဘွင် မှပေါ်လွင်သည်၏ အဖြစ်ကြောင့်သာလျှင်၊ သောတူနံ=ပျိုမျစ်နုနယ် စာသင်ငယ်တို့၏၊ အတ္ထာယ= ငယ်,လတ်, ကြီး တွင် စာပွဲယဉ်ကို အောင်မြင်ပြီးနောက် စာချ အဖြစ်သို့ ရောက်စေခြင်းငှာ၊ လောကေန ဝေါဟာရနုသာရိနာ=ခုခေတ်ထင်ရှား လူအများတို့ ပြောကြားဆိုရိုး ခေတ်စကားမျိုးဖြင့်၊ အဟံ='တေဇိန္ဒ'ဟု နာမမည်တွင် ငါအရှင်သည်၊ ဣမံဝဂန္ထံ='သင်္ဂြိုဟ်ချနည်း'နိဿရည်းမို့ မည်သာတင့်ဆန်း ဤ'သင်္ဂြိုဟ်ချနည်းကျမ်း'ကို ဝက္ခာမိ=ကျဉ်း,ရှင်း,ပြည့်စုံ ထားပုံအသစ် ခေတ်နှင့်အလျော် တွေးခေါ်တန္တူနှန်း ထုံးတမျိုးထွင် စာကြည့်ရှင်တို့ စိတ်တွင်ဝင်စား မှတ်သားလွယ်အောင် ကြံဆောင်ကြိုးကုတ် အားထုတ်ရေးသားလိုက်ပါတော့အံ့သတည်း။ ။

နိဒါန်း

အစိန္တေယျ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် နိယတဗျာဒိပ်ပန်း ဆင်မြန်းပြီးရာ နောက်အခါမှစ၍ သိသင့်သိထိုက်သည်တို့ကို ကိုယ်တော်တိုင် သိအောင် ကြိုးစား၍ မသိသေးတဲ့ သူများအား အသိပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကောင်းတာ ပြုကြ ပြောကြ ကြံကြ၍ ကောင်းကျိုး ခံစားရပုံ၊ မကောင်းတာ ပြုကြ ပြောကြ, ကြံကြ၍ မကောင်းကျိုး ခံစားရပုံ စသည်ဖြင့် တွေ့သမျှ၊ ကြုံသမျှတို့ကို မှတ်သားတော်မူရာ မှတ်ထားလိုက်၊ မေ့သွားလိုက် ဖြစ်နေသဖြင့် ကပ္ပါပေါင်း လေးအသင်္ချေနှင့် တသိန်းတိုင်တိုင် ကြိုးစား၍ မှတ်သားတော်မူရပေသည်။

(ဤကဲ့သို့ မှတ်သားလေ့လာတော်မူမှုကို တဘဝမက ဘဝတိုင်း ဆက်ကာဆက်ကာ လေ့လာရတာမို့ ပါဠိဘာသာအားဖြင့် ပါရမီဟု ဆိုရိုးပြုကြ၏)

ဤသို့ ပါရမီပြည့်စုံ၍ အကုန်သိပြီဟု ဝန်ခံတော်မူနိုင်သည့်အခါ ဘုရားဟု ပြောစမှတ်ပြုကြပေသည်။ဘုရားဖြစ်လျှင်ဖြစ်ခြင်း အကုန်လုံးကို သိနိုင်စွမ်းရှိတဲ့ သဗ္ဗညုတဉာဏ်တော်ဖြင့် လောကကြီးတခုလုံးကို ဆင်ခြင်တော်မူသော အခါ–

ကိုယ်တော်တိုင် အပါအဝင် သတ္တဝါအားလုံးတို့၏ အချို့ဘဝမှာ လူ၊ အချို့ဘဝမှာ နတ်၊အချို့ဘဝမှာ တိရစ္ဆာန် စသည်ဖြင့်လည်းကောင်း၊ အချို့ဘဝမှာ ပစ္စည်းပေါ၊ အချို့ဘဝမှာ ပစ္စည်းရှား၊ အချို့ဘဝမှာ ရုပ်လှ၊ အချို့ဘဝမှာ အကျည်းတန်အရုပ်ဆိုး စသည်ဖြင့်လည်းကောင်း အမျိုးမျိုး အဖုံဖုံ ဖြစ်ကြပုံကို သိမြင်တော်မူ၏။

.ဘယ်အကြောင်းကြောင့် သံသရာထဲမှာ ဖြစ်ကြပါသနည်းဟု ဆက်လက်၍ ဆင်ခြင်တော်မူပြန်ရာ အမှန်မသိခြင်းဟူသော အဝိဇ္ဇာကိုလည်းကောင်း, အမှန်မသိမှုကို အကြောင်းပြု၍ လိုချင်ရမှာကို မလိုချင်၊ မလိုချင်ရမှာကို လိုချင်ခြင်းဟူသော တဏှာကိုလည်းကောင်း သိမြင်တော်မူ၍ ၎င်း ၂ ပါး တို့ကြောင့် ရောက်သင့်တဲ့နေရာ မရောက်၊ မရောက်သင့်တဲ့နေရာ ရောက်ကြပါကလားဟု အကြောင်းမှန်ကို မြင်တော်မူသည့်အလျောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ၍ 'ဟယ်အဝိဇ္ဇာနှင့်တဏှာ' သင်တို့အကြောင်း ကောင်းကောင်းမသိခင်က သင်တို့၏ ချယ်လှယ်မှု, လှည့်ပတ်မှု, နှိပ်စက်မှုတို့ကို ငါကိုယ်တိုင် အကြိမ်ကြိမ် ခံစားခဲ့ရပြီ၊ ယခု သင်တို့၏ အကြောင်းကို သိပြီမို့ သင်တို့သည် ငါ့အား မနှိပ်စက်နိုင်တော့ပြီ၊ သင်တို့ကို ပယ်နိုင်ပြီ၊ သတ်နိုင်ပြီ,ဟု လူသာမန်, နတ်သာမန်,ဗြဟ္မာသာမန်တို့ သိနိုင်ခဲ၊မြင်နိုင်ခဲတဲ့ သံသရာရဲ့ လက်သည်တရားခံဖြစ်တဲ့ အဝိဇ္ဇာနှင့်တဏှာတို့ကို 'အနေကဇာတိသံသာရံ' အစချီ၍ စိတ်ဖြင့် ကြိမ်းမောင်းတော်မူသည့် အလုပ်ကို ရှေဦးစွာ လုပ်တော်မူ

သည်။ (ဘုရားဖြစ်လျှင်ဖြစ်ခြင်း ၎င်းဂုဏ်ထူးကြီးရှိကြောင်းသိစေရန် အနေကဇာ တင်သည့်အခါ ရှေးဦးစွာ ရွတ်ဆိုလေ့ရှိကြသည်။)

၎င်းနောက် ဆက်လက်၍ ဆင်ခြင်တော်မူပြန်ရာ လူဖြစ်စေတတ်တဲ့ အကြောင်းကြောင့် လူဖြစ်ပုံ၊ နတ်ဖြစ်စေတတ်တဲ့ အကြောင်းကြောင့် နတ်ဖြစ်ပုံ၊ တိရစ္ဆာန်ဖြစ်စေတတ်တဲ့ အကြောင်းကြောင့် တိရစ္ဆာန်ဖြစ်ပုံ, ပစ္စည်းပေါစေတတ်တဲ့ အကြောင်းကြောင့် ပစ္စည်းပေါပုံ၊ ပစ္စည်းရှားစေတတ်တဲ့ အကြောင်းကြောင့် ပစ္စည်းရှားပုံ၊ ရုပ်လှစေတတ်တဲ့ အကြောင်းကြောင့် ရုပ်လှပုံ၊ အကျည်းတန်အရုပ်ဆိုးစေတတ်တဲ့ အကြောင်းကြောင့် အကျည်းတန် အရုပ်ဆိုးပုံ စသည်တို့ကို သိမြင်တော်မူသည့်အခါ-

"အော်...."တလောကလုံး အကြောင်းကြောင့် အကျိုး ဖြစ်တာချည်းပါ ကလားဟု သိမြင်တော်မူလို့ 'ယဒါ ဟဝေပါတုဘဝန္တိဓမ္မာ'အစဖြာ၍ နှုတ်တော်က 'အဦးဆုံး စကားတော်'အဖြစ်ဖြင့် ရွတ်ဆိုတော်မူသည်။

(ဘုရားဖြစ်လျှင်ဖြစ်ခြင်း 'အကြောင်းကြောင့်, အကျိုးဖြစ်'ဟု စကားလုံးကလေး နည်းနည်းဖြင့် တလောကလုံးနှင့် ဆက်စပ်အောင် ပြောတတ်တဲ့ ဂုဏ်တော်ကို သိစေရန် အနေကဇာတင်ရာ၌ ဒုတိယမြောက် ရွက်ဆိုလေ့ ရှိကြ၏။)

၎င်းနောက် မည်သည့်အကြောင်းကြောင့် မည်သည့်အကျိုး ဖြစ်သည် စသည်တို့ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ဝေဖန်သုံးသပ်တော်မူလျက် 'အဝိဇ္ဇာပစ္စယာသင်္ခါရာ စသည်ဖြင့် အကြောင်းအကျိုး ဆက်စပ်ပုံ ဆက်စပ်နည်းတို့ကို ရွတ်ဆိုတော်မူပြန်သည်။ (၎င်းဂုဏ်တော်ကို သိစေရန် အနေကဇာတင်ရာ၌ ပဋိစ္စသမုပ္ပါဒ်ကို ရွတ်ဆိုလေ့ရှိကြ၏။)

၎င်းနောက် ၂၂ ရက်မြောက် ရတနာဃရသတ္တာဟ ဆောင်တဲ့အချိန်မှာ အကြောင်းပေါင်း မည်မျှ၊ အကျိုးပေါင်း မည်မျှ၊ အကြောင်းတို့တွင်လည်း ဤမည် ဤမည်သော တရားတို့သည် ပူးတွဲ၍ ဖြစ်ကြ၏၊ အကျိုးတို့တွင်လည်း ဤမည် ဤမည်သော တရားတို့သည် ပူးတွဲ၍ ဖြစ်ကြ၏ စသည်ဖြင့် ဓမ္မသင်္ဂဏီနည်း, ဝိဘင်းနည်း, ဓာတုကထာနည်း, ပုဂ္ဂလပညတ်နည်း, ကထာဝတ္ထုနည်း, ယမိုက်နည်း, ပဋ္ဌာန်းနည်းတို့ဖြင့် သုံးသပ်ဝေဖန်တော်မူတဲ့အခါ။

သက်မဲ့ အရာဝတ္ထုများမှာ အကြောင်းရုပ်က မည်ရွေ့ အကျိုးရုပ်က မည်မျှ၊ သက်ရှိသတ္တဝါတို့တွင်လည်း မည်သည့် အမျိုးအစားမှာ အကြောင်းရုပ်က မည်ရွေ့၊ အကျိုးရုပ်က မည်မျှ၊ အကြောင်းနာမ်က မည်ရွေ့၊ အကျိုးနာမ်က မည်မျှ စသည်ဖြင့် သိမြင်တော်မူ၏။

နိဒါန်း

ဤလို လောကမှာရှိတဲ့ ဟာတွေကို သိချင်၍ ဘုရားဖြစ်အောင် အား ထုတ်တော်မူခဲ့ရာ နောက်ဆုံး ပဋ္ဌာန်းနည်းအထိ သုံးသပ်ပြီးသည့်နောက် လောကအကြောင်းကို အသေးစိတ် သိမြင်တော်မူသဖြင့် ဝမ်းမြောက် ဝမ်း သာ ဖြစ်တော်မူသောကြောင့် ခန္ဓာကိုယ် ကြည်လင်တောက်ပြောင်တော်မူ၍ ဆံပင်,မွေးညင်းစတဲ့ ညိုမဲသော နေရာမှ အညိုရောင်များသည် မဟူရာ ကျောက်များ အရောင်တောက်သလို၊သွားတော်,နဖူးသင်းကျစ်တော် စသော ဖြူဖွေးတဲ့ နေရာမှ အဖြူရောင်များသည် စိန်များ အရောင်တောက်သလို၊ လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်းတော် စသော နီမြန်းတဲ့ နေရာမှ အရောင် များသည် ပတ္တမြားများ အရောင်တောက်သလို၊ ဝါဝင်းတဲ့ အသားတော်မှ အဝါရောင်များသည် အရောင်တင်ထားတဲ့ ရွှေများ အရောင်တောက်သလို အရောင်မျိုးစုံ ထွက်တော်မူ၍ လူမတူ၊ နတ်မမျှ၊ ဗြဟ္မာမက ရှုချင်စဖွယ် အလွန်တင့်တယ်တော်မူပေသည်။ (၎င်းအရောင်တော်များကို ရောင်ခြည်တော် ဟု ပြောရိုးပြုကြ၏။)

၎င်းအချိန်မှစ၍ ခန္ဓာကိုယ် အနေအထား၊ အသွေးအရောင် အခြေအနေ အရ မည်သူတို့နှင့် ရောပြွမ်း၍ နေစေကာမူ ဘုရားကို ဘုရားဟု ခွဲခြား၍ သိနိုင်လောက်အောင် ထူးထူးခြားခြား ဖြစ်တော်မူပေသည်။(ဤ ခန္ဓာကိုယ်မှ အရောင် အလင်း ထွက်စေတတ်တဲ့ ပဋ္ဌာန်းဒေသနာတော်ကို သုံးသပ်တော် မူနိုင်တဲ့ ဂုဏ်မျိုးကို သိစေရန် အနေကဇာတင်ရာ၌ 'ဟေတုပစ္စယော' စသည် ဖြင့် ပဋ္ဌာန်း ပစ္စယုဒ္ဒေသကို ရွတ်ဆိုလေ့ရှိကြ၏။)

သင်္ဂြိုဟ်ကျမ်း။ ။ဤကျမ်းငယ်သည် ရှင်တော်ဘုရား သုံးသပ်တော်မူသည့် ဓမ္မသင်္ဂဏီအစ၊ ပဋ္ဌာန်းအဆုံးရှိတဲ့ အဘိဓမ္မာ ၇-ကျမ်းကို လေ့လာနိုင်ရန် မှတ်စုလုပ်၍ (နှုတ်)ထုတ်ထားတဲ့ ကျမ်းဖြစ်၍ တိုတိုကျဉ်း ကျဉ်းနှင့် လိုရင်းပြည့်စုံလှသဖြင့် အဘိဓမ္မာ လေ့လာသူတိုင်း လက်လွှတ်၍ မရနိုင်အောင် အလွန်ကောင်းသည့် ကျမ်းငယ်တကျမ်း ဖြစ်ကြောင်း စာပေ လေ့လာသူတိုင်း သိကြပြီး ဖြစ်ကြ၏။

အဖွင့်ကျမ်းများ။ ။၎င်းသင်္ဂြိုဟ်ကျမ်းငယ်၌ သိဖွယ်တို့ကို သိကြစေရန် ဘာသာအမျိုးမျိုး၊ အမည်အမျိုးမျိုးတို့ဖြင့် ဖွင့်ဆို ရေးသားကြတဲ့ အဖွင့်ကျမ်းများလည်း မြောက်မြားစွာပင် ရှိကြပါ၏။

သို့ပင်ရှိငြားသော်လည်း ၎င်းကျမ်းများသည် ရှေးကျတဲ့ စကားလုံး၊ ခေတ်နှင့်မလျော်တဲ့ အသုံးအနှုန်း အထားအသိုတို့ကြောင့် ဤခေတ် ဤအခါ၌ လေ့လာကြတဲ့ ပုဂ္ဂိုလ်များအတွက် အကျိုးများ သင့်သလောက် မများဟု

ယူဆမိသည်က တကြောင်း၊ ကျောင်းတိုက်၏ အခြေအနေအရ သံဃာ (၂၅၀)မျှသာ လက်ခံနိုင်၍ လာရောက် နေထိုင်ကာ ပညာဆည်းပူးလိုသူများအား လာသလောက် လက်မခံနိုင်သဖြင့်၊ မိမိ လေ့လာဆည်းပူးခဲ့သမျှ အသိပညာများကို စာအုပ်ထုတ်၍ ဖြန့်ချီအသိပေးရလျှင် ပညာပါရမီ အကူအညီ အထောက်အပံ့ရလိမ့်မည်ဟု တွေးမိသည်က တကြောင်း၊ ဤအကြောင်းများကြောင့် စာအုပ်ရေးသား၍ ဖြန့်ချီရန် ဆုံးဖြတ်ခဲ့ပါသည်။

သဂြိုဟ်ချနည်းကျမ်း။ ။စာမေးပွဲများတွင် သဂြိုဟ်နှင့် ဋီကာကျော်ကိုသာ ပြဋ္ဌာန်းထားသည်က တကြောင်း သဂြိုဟ်နှင့် ဋီကာကျော် အဓိပ္ပာယ်ကို နားလည်လျှင် ထိုထိုပိဋကတော်များ လေ့လာရန် လွယ်ကူတဲ့ အထောက်အကူ ဖြစ်နိုင်သည်က တကြောင်း၊ သဒ္ဒါတတ်မှ သဂြိုဟ်တတ်၊ သဂြိုဟ်တတ်မှ စာတတ်၏ဟူသော ရှေးဆောင်ပုဒ်များအရ တကယ် မှန်ကန်သည်က တကြောင်း၊ ဤအကြောင်းများကြောင့် သဂြိုဟ်နှင့် ဋီကာကျော် အဓိပ္ပာယ် သက်သက်ကိုသာ ပေါလွင်ထင်ရှားတဲ့ ခေတ်သုံး စကားလုံးများဖြင့်လည်းကောင်း၊ အမှတ်ရလွယ်ကူတဲ့ အထားအသိုအသုံးအနှုန်းများဖြင့်လည်းကောင်း၊ ကျဉ်းနိုင်သမျှ ကျဉ်း၍၊ ရှင်းနိုင်သမျှ ရှင်းအောင် အားထုတ် ရေးသားထားပါသည်။

တောင်းပန်ခြင်း။ ။စာကြည့်ရာတွင် ဟိုညွှန်း ဒီညွှန်း ညွှန်းပါက လိုက်လံ၍ ရှာဖွေရလို့ အချိန်ကုန်ခြင်း၊ ရှာရမှာ ဝန်လေး၍ ငြီးငွေ့တတ်ခြင်းများ ဖြစ်တတ်ကြသဖြင့် အချို့အချို့ အလေးထား၍ မှတ်သားသင့်တဲ့ သရုပ်အဓိပ္ပာယ်များကို ပြန်လည်၍ မညွှန်ကြားပဲ ရောက်ရာနေရာမှာပင် ထပ်ထပ် ရေးထည့်ထားပါသဖြင့် ၂ ခါထပ်၊ ၃ ခါထပ် ထပ်တလဲလဲ တွေ့သည့်အခါ ပုနရုတ္တိဒေါသမှ ကင်းလွတ်ခွင့် ပြုပါရန် ပန်ကြားတောင်းပန်အပ်ပါသည်။

အမှာ။ ။သဒ္ဒါချနည်းကျမ်း (သဒ္ဒါနှင့်ရူပသိဒ္ဓိရုပ် အဓိပ္ပာယ်သက်သက်)
သဂြိုဟ်ချနည်းကျမ်း(ဤကျမ်း)
ယမိုက်ချနည်းကျမ်း
ပဋ္ဌာန်းချနည်းကျမ်း။

၎င်း ၄ ကျမ်းကို ဖြန့်ချီရန် ရည်ရွယ်ထားရာတွင် ပိဋကကို အထောက်အကူ အပြုဆုံးသည် သဂြိုဟ်ကျမ်း ဖြစ်ပါသဖြင့်ဤ ‘သဂြိုဟ်ချနည်းကျမ်း’ ကို ရှေးဦးစွာ ဖြန့်ချီလိုက်ပါကြောင်း။

ဦးတေဇိန္ဒာဘိဝံသ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့်ပဋိညာဉ်

၁။ သမ္မာသမ္ဗုဒ္ဓ မတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။

ဤဂါထာဖြင့် အောက်ပါ ၅ မျိုးကို ပြသည်။

၁။ ။**ရတနတ္တယ ပဏာမ**=ရတနာသုံးပါးအားရှိခိုးသော ပထမစေ့စေတနာ။
(၎င်းသည် အန္တရာယ်ကင်းခြင်း၊ ကျမ်းပြီးခြင်း အကျိုးကိုပေးသည်။)

၂။ ။**အဘိဓေယျ**=ဤကျမ်း၌ဆိုမည့် ပရမတ္ထတရားများ။

၃။ ။**ကရဏပ္ပကာရ** = ကျမ်းပြုပုံအခြင်းအရာ (ပြုပုံပြုနည်း)
(အဘိဓမ္မာကျမ်း၌ ဟောသောတရားများကို အကျဉ်းချုံး၍ ရေးခြင်း။)

၄။ ။**ပကရဏာဘိဓာန** = ကျမ်း၏အမည်။ (အခေါ်အဝေါ်လွယ်စေရန်)

၅။ ။**ပယောဇဉ်** = အကျိုး (သင်ယူလိုသည့်ဆန္ဒကို ဖြစ်စေရန်)

သမ္မာသမ္ဗုဒ္ဓ ။လ။ အဘိဝါဒိယဖြင့် = ရတနတ္တယပဏာမကို ပြသည်။

အဘိဓမ္မတ္ထသင်္ဂဟံဖြင့် = အဘိဓေယျ ကရဏပ္ပကာရ ပကရဏာဘိဓာန သုံးမျိုးကို ပြသည်။

သင်္ဂဟံဖြင့် = ပယောဇဉ်ကိုပြသည်။ (အကျဉ်းချုံးသည်ဆိုသဖြင့် သင်ယူလိုခြင်း အကျိုးကို ဖော်ပြရာရောက်သည်။)

သမ္မာသမ္ဗုဒ္ဓံ = မြတ်စွာဘုရား။

ရှင်း=**သမ္မာ** = မဖောက်မပြန်၊(ဝါ) ပိုင်ပိုင် နိုင်နိုင်။

သံ = ကိုယ်တော်တိုင် (သူများပြော၍သိသည်မဟုတ်)

ဗုဒ္ဓံ = သိတတ်သော ပုဂ္ဂိုလ်အားလုံး။

သမ္မာဗုဒ္ဓ = ဘုရားနှင့်ရဟန္တာ။ (အသိပိုင်သောပုဂ္ဂိုလ်များ)

သံဗုဒ္ဓ = ဘုရားနှင့်ပစ္စေကဗုဒ္ဓါ။ (ကိုယ်တိုင်သိပုဂ္ဂိုလ်များ)

သမ္မာသမ္ဗုဒ္ဓ=မြတ်စွာဘုရားသာ။

မှတ်ချက်=ပစ္စေကဗုဒ္ဓါသည် အသိမပိုင်၍ ပြန်မဟောတတ်။
ရဟန္တာသည် ဘုရား ဟောပြမှသာ သိသည်။

သမ္မာသမ္ဗုဒ္ဓ = ဘုရား၏ အမည်။

အတုလံ = ဘုရား၏ ဂုဏ်တော်။

ရှင်း=သီလချင်း ပြိုင်ပြိုင်၊ သမာဓိချင်း ပြိုင်ပြိုင်၊ မည်သူနှင့်မျှ မတူသော ဂုဏ်။

အဗ္ဘ -အခြား ဂုဏ်ပေါင်းများစွာရှိ၍၊ ထို့အတူပင်။

သသဒ္ဓမ္မဂဏုတ္တမံ=တရားသံဃာကိုပါ ရှိခိုးကြောင်းပြ၏။

ရှင်း= ပထမ(သ) အတူတကွအနက်ဟော၏၊(သဟကို သ,ပြု)
ဒုတိယ(သ)သူတော်ကောင်းအနက်ဟော၏။(သန္တကို သ,ပြု)
ဓမ္မ=တရား(မဂ် ဖိုလ် နိဗ္ဗာန် ပရိယတ်)

ရှင်း= ဓမ္မ=အပါယ် လားစေတတ်သော ကိလေသာကို သတ်သည့် သဘော(ရှိ)။
(က) မဂ်သည် ကိလေသာကို အကြွင်းမဲ့သတ်လို့ ဓမ္မ(မှုချ)။
(ခ) ဖိုလ်သည် မဂ်သတ်ပြီး ကိလေသာကို ငြိမ်းစေလို့ ဓမ္မ (ကာရဏ)
(ဂ) နိဗ္ဗာန်သည် မဂ်၏ အာရုံဖြစ်လို့ ဓမ္မ (မှုချပင်)

(နိဗ္ဗာန်ကို အာရုံမပြုလျှင် မဂ်မဖြစ်၊ ထို့ကြောင့် မဂ်ကဲ့သို့ အရေးကြီးသည်ပင်။)

(ဃ) ပရိယတ်သည် မဂ် ရကြောင်း လမ်းစဉ်ကို ပြလို့ ဓမ္မ(ဖလူပစာ)

ဂဏ =ဂိုဏ်း(သံဃာ)။

ဥတ္တမ =မြတ်သောဂိုဏ်။

သသဒ္ဓမ္မဂဏုတ္တမံ=သူတော်ကောင်းတို့၏တရား, မြတ်သော ဂိုဏ်းသံဃာ နှင့်တကွ ဖြစ်တော်မူသော။

အဘိဓမ္မတ္ထသင်္ဂဟံ=အဘိဓမ္မာ (၇) ကျမ်း၌ ဟောအပ်သော တရားတို့ကို အကျဉ်းအားဖြင့် ယူထားသော သင်္ဂြိုဟ်ကျမ်း။

ရှင်း = အဘိဓမ္မအရ=ဓမ္မသင်္ဂဏီ(ပ)ပဋ္ဌာန်း(၇)ကျမ်း။

အဘိဓမ္မတ္ထအရ=စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ်။

အဘိဓမ္မတ္ထသင်္ဂဟအရ = သင်္ဂြိုဟ်ကျမ်း (စိတ် စသော ၄ ပါး တို့၏ တည်ရာကျမ်း)

ပရမတ္ထတရား ၄ ပါး

၂။ တတ္ထဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံစေတသိကံ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ။

ဤဂါထာဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟု ပရမတ္ထကို ရေတွက်ပြသည်။

ရှင်း=တတ္ထ=ထိုအဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၌ (နောက်ဝါကျ၌ တတ္ထချိလျက် စကားတက်မူ မှတ်ယူဝိတ္ထာရ နှင့်ညီသည်။)

တနည်း=တတ္ထ=ထိုအဘိဓမ္မာ ပိဋကတ်၌(ရှိ)

အမှာ=ဝါကျ အစမှာ တတ္ထပါတိုင်း ဆိုပြီးကို ချဲ့တော့မည်ဟုအမြဲမှတ်။

ပရမတ္ထ=မဖောက်မပြန် မြတ်သောတရား။

တနည်း = မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံ ဖြစ်သောတရား။

ရှင်း=ရွှံလုံးလေး တလုံးကို ကြည့်လျှင် အဆင်းကို မြင်ရ၏။ ၎င်း အဆင်းခေါ် ရူပါရုံသည် မြင်ရသော သဘောဖြစ်၏။
ရွှံလုံးကို လူရုပ် လုပ်ကြည့်လျှင်လည်း အဆင်းကိုမြင်ရပြန်၏။ ၎င်းအဆင်းခေါ် ရူပါရုံသည်လည်း မြင်ရသော သဘောပင်။ ဤသို့ အဆင်းခေါ် ရူပါရုံသည် မြင်ရသော သဘောမှ မပြောင်းလွဲ။ ထို့ကြောင့် ရူပါရုံစသော ပရမတ္ထတရားကို မဖောက်ပြန်သောတရား။ ရွှံလုံးဟူ၍လည်းကောင်း၊ လူရုပ်ဟူ၍လည်းကောင်း အခေါ်အဝေါ် ပညတ်ကား ပြောင်းလွဲ၏။ ထို့ကြောင့်ပညတ်ကို ဖောက်ပြန်သော တရားဟု ဆိုရိုးပြုကြ၏။

တနည်း=မြတ်သော သမ္မာသမ္ဗုဒ္ဓဉာဏ်၏ အာရုံဖြစ်သော တရား။
ရှင်း=၎င်းတရားကို မြတ်စွာဘုရား၏ ဉာဏ်တော်မျိုးကမှသာသိနိုင်သည်။
စိတ္တံ = အာရုံကို သိတတ်သော သဘော။ (ကတ္တုသာဓန)
တနည်း=အာရုံကိုသိကြောင်းဖြစ်သော သဘော။ (ကရဏသာဓန)
တနည်း=အာရုံကို သိခြင်း သဘော (ဘာဝသာဓန)(အာရုံ မရှိလျှင် စိတ်မဖြစ်။)

စေတသိကံ =စိတ်၌ ဖြစ်တတ်သော သဘော။
ရှင်း=စိတ်ဖြစ်သည့်အခါ စိတ်နှင့် အာရုံတွေ့ဆုံမှု သဘော (ဖဿ) သည် ဖြစ်ပေါ်လာ၏။ ဤသည်ကို ရည်ညွှန်း၍ စိတ်၌ ဖြစ်တတ်သော သဘောဟု ဆိုသည်။ (ကျန် စေတသိက်များ ၎င်းနည်းပင်)
မှတ်ချက်=ဤသို့ စိတ်၌ ဖြစ်တတ်သောကြောင့် စေတသိက်သည် စိတ်နှင့် ကင်း၍ မဖြစ်နိုင်ကြောင်း ထင်ရှား၏။ စိတ်သည်ကား အချို့ စေတသိက်များနှင့် ကင်း၍ ဖြစ်နိုင်သည်။
အမှာ=ဆိုခဲ့ပြီးသော အကြောင်းများကြောင့် စေတသိက်၏ မှီခိုရာဖြစ်လို့ စိတ်ကို အရင်ဆိုသည်။
ရူပံ= ဖောက်ပြန်တတ်သော သဘော။

ရှင်း=သိတ,ဥဏှ စသည်တို့ကြောင့် ရှေ့ရုပ်နှင့် နောက်ရုပ် မတူတာလောက်ကို ရည်ရွယ်ပြီး ဖောက်ပြန်သည်ဟုဆိုသည်။

ရုပ်ဖြစ်ကြောင်း-၄-ပါး=ကံ,စိတ်,ဥတု,အာဟာရ။

ရူပဘုံ၌ ရုပ်ဖောက်ပြန်ခြင်း = နှိပ်စက်တတ်သော သီတ, ဥဏှ စသည် မရှိ။ သို့သော် ချီးမြှောက်တတ်သော သီတ, ဥဏှ စသည်ရှိသောကြောင့် ရုပ်ဖောက်ပြန်မှု ဖြစ်နိုင်သည်။

နိဗ္ဗာန်=ဝါနခေါ် တဏှာမှလွတ်မြောက်သော သဘော။

ရှင်း =တဏှာကြိုက် တရားများ မရှိ၍၊ တဏှာက အာရုံမပြုတာကို လွတ်မြောက်သည်ဟု ဆိုသည်။

ခွဲ=သစ္စာလေးပါးခန်း၌ နိဗ္ဗာန်ကို နိရောဓဟု ဆို၏။

နိရောဓဟူသည် သခ်ါရခေါ်- စိတ်,စေတသိက်, ရုပ်,ချုပ်မှု။ (မရှိမှုပင်)

၎င်းချုပ်သော တရားထဲတွင် တဏှာကြိုက်သောလောကီစိတ် စေတသိက်,ရုပ်,လည်းပါ၏။

၎င်းတို့ မရှိမှုကြောင့် တဏှာမကြိုက်တော့ပေ၊ ထို့ကြောင့် တဏှာက—၎င်းနိဗ္ဗာန်ကို အာရုံမပြု။

ဘုံစိတ် အပြား ၄ ပါး

၃။ တတ္ထစိတ္တံ တာဝစတုဗ္ဗိဓံ ဟောတိ ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရဉ္စေတိ။

သရုပ် =စိတ်ကို ဘုံအားဖြင့် ၄ မျိုးခွဲပြသည်။

တတ္ထ =ထိုပရမတ္ထတရား ၄ ပါးတို့တွင်။

ကာမာဝစရံ= ကာမအရ=ကာမတဏှာကိုယူလျှင် ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရ။

ကာမအရ=ကာမဘုံကိုယူလျှင် ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် ကာမာဝစရ။

ရူပါဝစရံ = ရူပတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ရူပါဝစရ။

တနည်း= ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့် ရူပါဝစရ။

အရူပါဝစရံ= အရူပ တဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် အရူပါဝစရ။

တနည်း= အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့် အရူပါဝစရ။

လောကုတ္တရံ၌လောက=အရ=ဥပါဒါနက္ခန္ဓာဟူသော သင်္ခါရ လောကကိုယူ။

လောကုတ္တရံ= မဂ်သည် ၎င်းသင်္ခါရ လောကမှ လွန်မြောက်ဆဲ ဖြစ်သောကြောင့် လောကုတ္တရာမည်၏။

ဖိုလ်သည် ၎င်းသင်္ခါရလောကမှ လွန်မြောက်ပြီး ဖြစ်သောကြောင့် လောကုတ္တရာမည်၏။

နိဗ္ဗာန်သည် ၎င်းသင်္ခါရ လောကမှ လွန်မြောက်ကြောင်း ဖြစ်သောကြောင့် လောကုတ္တရာမည်၏။

တနည်း= ထိုသင်္ခါရ လောကထက် လွန်မြတ်သောကြောင့် လောကုတ္တရာမည်၏။

အမှာ=ဤတတ္တ စိတ္တံစသော ဝါကျ၌ စိတ်အပြားကိုသာ ပြသောအရာ ဖြစ်သောကြောင့် နိဗ္ဗာန်ကို မယူရ။

စိတ်လေးပါးစဉ်ပုံ=ဘုံ ၄ ပါး၌ဖြစ်သောစိတ်တို့သည် အစဉ်အတိုင်းမြတ်ကုန်၏။ ထို့ကြောင့် ဟီန, ဥက္ကဋ္ဌ, ဥက္ကဋ္ဌတရ, ဥက္ကဋ္ဌတမ အစဉ်အားဖြင့် ကာမာဝစရစိတ်ကို၊ထို့နောက်ရူပါဝစရစိတ်ကို၊ထို့နောက်အရူပါဝစရစိတ်ကို၊ ထို့နောက် လောကုတ္တရာစိတ်ကို အရှင်အနုရုဒ္ဓါ ဆိုတော်မူသည်။

အကုသိုလ်စိတ် ၁၂ ပါး

လောဘမူစိတ် ၈ ပါး

၄။ တတ္ထ ကတမံ ကာမာဝစရံ

သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံအသင်္ခါရိကမေကံ သသင်္ခါရိကမေကံ
သောမနဿသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံသသင်္ခါရိကမေကံ
ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ သသင်္ခါရိကမေကံ
ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ သသင်္ခါရိကမေကန္တိ
ဣမာနိအဋ္ဌပိလောဘသဟဂတစိတ္တာနိနာမ။

သရုပ် =၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်-၁ ခု
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်-၁ ခု
၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်-၁ ခု
၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်-၁ ခု
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်-၁ ခု
၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်-၁ ခု
၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်-၁ ခု
၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်-၁ ခု

အမှာ=ဤသို့ဝေဒနာ,ဒိဋ္ဌိ,သင်္ခါရ အားဖြင့် လောဘမူ (၈)ခု ပြား၏။

အကုသိုလ်စိတ်,အဟိတ်စိတ်တို့ကိုအရင်ဆိုခြင်း= ပါပါဟေတုက ဂါထာဖြင့် ပြောင်းပြန် ပြန်၍ အသောဘဏ အမည်ထူးကို ယူလွယ်စေခြင်းငှာ အကုသိုလ်စိတ်,အဟိတ်စိတ်တို့ကို အရင်ဆိုသည်။

ရှင်း=ပါပါဟေတုက ဂါထာက အကုသိုလ်, အဟိတ်ချန် ကျန်သော စိတ်များကို သောဘဏ အမည်ပေးသည်။

ၑင်းသောဘဏာတို့မှ ကြွင်းသော အကုသိုလ်စိတ် အဟိတ်စိတ်တို့သည် ပြောင်းပြန်အားဖြင့် အသောဘဏ အမည်ရကြ၏။ ဤသို့ အသောဘဏ အမည်ကို အလွယ်တကူ သိစေရန် အကုသိုလ်စိတ်၊ အဟိတ်စိတ်တို့ကို အရင်ဆိုသည်။

အကုသိုလ်ကိုအရင်ဆို= အဗျာကတဖြစ်သော အဟိတ်တို့၏ ရှေ့သွားဖြစ်သောကြောင့် ၎င်းအကုသိုလ်ကိုအရင်ဆိုသည်။

အကုသလံ = အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးတတ်သော သဘော။

တနည်း=ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော သဘော။

ရှင်း =ကုသိုလ်သည် ပဟာယက။

အကုသိုလ်သည် ပဟာတဗ္ဗ ဤလိုအားဖြင့် ဆန့်ကျင်၏။

အသောဘဏ= တင့်တယ်သော သောဘဏ စေတသိက်တို့နှင့် မယှဉ်သောစိတ် (အကုသိုလ်စိတ်နှင့် အဟိတ်စိတ်)

လောဘမူစိတ်ကိုအရင်ဆိုရခြင်း ဝီထိစိတ်တို့တွင် ဘဝနိကန္တိကလောဘဇော အမည်ဖြင့် သတ္တဝါတို့ သန္တာန်မှာအဦးဆုံးဖြစ်သောကြောင့်လောဘမူစိတ်ကို အရင်ဆိုသည်။ ထို့နောက် ဒွိဟိတ်ချင်းတူသောကြောင့် ဒေါသမူစိတ်ကို ဆိုသည်။ ထို့နောက် မောဟမူစိတ်ကို ဆိုသည်။

လောဘမူစိတ်=လောဘသည် လောဘမူစိတ်မှာသာ ယှဉ်သောကြောင့် အသာဓာရဏနည်းအားဖြင့် ၎င်းစိတ်ကို လောဘမူစိတ်ဟု အမည်ပေးသည်။

ရှင်း= မောဟစသော စေတသိက်များသည် လောဘမူစိတ်နှင့်လည်းယှဉ်၊ အခြားသော စိတ်နှင့်လည်း ယှဉ်၏။ ထို့ကြောင့် ၎င်းမောဟစသည်တို့ဖြင့် အမည်ပေး၍ မဖြစ်။

ဒိဋ္ဌိ စသည်တို့ကား လောဘမူကို အကုန်မယှဉ်။ ထို့ကြောင့် ၎င်းစေတသိက်တို့ဖြင့် အမည်ပေး၍ မဖြစ်။

တတ္ထ = ထိုဘုံဖြင့်ပြားသော လေးပါးသောစိတ်တို့တွင်။

သောမနဿ= သောမနဿဝေဒနာ။ (ကောင်းသောစိတ် ဖြစ်ကြောင်း ဖြစ်သောဝေဒနာ)

သောမနဿသဟဂတံ= သောမနဿ ဝေဒနာနှင့် အတူတကွဖြစ်သောစိတ် (ရေပွါဒစသော လက္ခဏာနှင့်အညီ ဖြစ်ခြင်းကို အတူတကွ ဖြစ်ဟု ဆိုသည်။)

ဒိဋ္ဌိဂတ= ဒိဋ္ဌိစေတသိက်။ (ဂတ=သီးခြားအနက်မရှိ၊ တွဲဖက်ဒိဋ္ဌိသဒ္ဒါ၏ အနက်အတိုင်းပင်) (တဗ္ဘောဟုဆိုရိုးပြု၏)

ဒိဋ္ဌိဂတသမ္ပယုတ္တ= ဒိဋ္ဌိနှင့်ယှဉ်သောစိတ်။ (ရေပွါဒ စသောလက္ခဏာနှင့် အညီ ဖြစ်ခြင်းကို''ယှဉ်''ဟု ဆိုသည်။)

သောမနဿ= ဝမ်းမြောက်ကြောင်း ဝေဒနာ။ (ဣဋ္ဌာရုံအာရုံပြုလို့)

ဥပေက္ခာ =လျစ်လျူရှုကြောင်း ဝေဒနာ။(မဇ္ဈတ္တာရုံအာရုံ ပြုလို့)

ဒေါမနဿ= နှလုံးမသာယာကြောင်း ဝေဒနာ။ (အနိဋ္ဌာရုံအာရုံပြုလို့)

သုခ =ကိုယ်ချမ်းသာကြောင်း ဝေဒနာ။(ဣဋ္ဌဖောဋ္ဌဗ္ဗာရုံ အာရုံပြုလို့)

ဒုက္ခ =ကိုယ်ဆင်းရဲကြောင်း ဝေဒနာ။(အနိဋ္ဌဖောဋ္ဌဗ္ဗာရုံ အာရုံပြုလို့)

ဒိဋ္ဌိ =မှားသောအယူ။ (အကုသိုလ်အရာဖြစ်၍ မိစ္ဆာဒိဋ္ဌိကိုယူ)

သမ္ပယုတ်အရင်ဆိုခြင်း = ယှဉ်တာကို သိမှ မယှဉ်တာကို သိနိုင်သောကြောင့် ဒိဋ္ဌိဂတသမ္ပယုတ်ကို အရင်ဆိုသည်။ ၎င်းနောက် ဒိဋ္ဌိဂတဝိပ္ပယုတ်ကို ဆိုသည်။

သင်္ခါရ = ပုဗ္ဗပယောဂနှစ်မျိုးကြောင့် စိတ်၏ ထက်မြက်တဲ့သဘော။

အသင်္ခါရိက = ပုဗ္ဗပယောဂကြောင့် ဖြစ်သော ထက်မြက်ခြင်းသဘော မရှိသောစိတ်။

(အလိုလို ထက်မြက်သောစိတ်ဟု ဆိုလိုသည်။ ဥတုဘောဇဉ် စသည် လျော်ပတ်သဖြင့် အကူအညီမပါပဲ ထက်မြက်သည်ဟု ဆိုလိုသည်။)

သသင်္ခါရိက = ပုဗ္ဗပယောဂကြောင့်ဖြစ်သော ထက်မြက်ခြင်းသဘောရှိသော စိတ်။ (အကူအညီပါမှ ဖြစ်လာသောစိတ်ဟူလို)

ရှင်း = ၁ ။ မိမိပုဗ္ဗပယောဂ = ဘယ်အချိန် ဘာလုပ်မည်ဟု ကိုယ်တိုင် အခိဋ္ဌာန်ပြုထားခြင်း။

၂။ သူတပါး၏ ပုဗ္ဗပယောဂ = စေခိုင်းခြင်း။

၎င်းနှစ်မျိုးကို စိတ်ထက်မြက်ခြင်း၏ အကြောင်းတွေချည်းဖြစ်လို့ ပုဗ္ဗပယောဂဟု ခေါ်သည်။

မှတ်ချက်=ကြိုတင်ပြင်ဆင်မှု မရှိပဲ ဖြစ်သောစိတ်သည် အသင်္ခါရိက။ ကြိုတင်ပြင်ဆင်မှု ရှိမှ ဖြစ်သောစိတ်သည် သသင်္ခါရိက။

ပရမ္မရူပစေါ =ပုဗ္ဗပယောဂကို သင်္ခါရခေါ်ခြင်းသည် ဥပစာသာ။

ရှင်း=ဥပေက္ခာသည် သုခ, ဒုက္ခတို့နှင့် မဆန့်ကျင် (သုခ, ဒုက္ခတို့နောက် ဥပေက္ခာ ဖြစ်နိုင်သည်ကိုထောက်)

အထူး=(က)ဥပေက္ခာ-အာရုံ၌ လျစ်လျူရှုခြင်း

(ခ)တတြမဇ္ဈတ္တတာ-သမ္ပယုတ်တရားတို့၌ လျစ်လျူရှုခြင်း ၎င်းနှစ်ပါး ဤသို့ထူး၏။

သောမနဿသဟဂုတ် = အသာဓာရဏ နည်းအားဖြင့် သောမနဿဝေဒနာ ဖြင့် အမည်ပေးသည်။

သောမနဿအင်္ဂါ = သောမနသ်သန္ဓေ၊ ဣဋ္ဌာရုံ၊ အပ္ပေဥာဏ်ပညာ။

ရှင်း= ၁။ သောမနဿပဋိသန္ဓေနေခြင်း

၂။ ဣဋ္ဌာရုံကို အာရုံပြုခြင်း

၃။ ဉာဏ်ပညာနည်းပါးခြင်း = ၎င်း (၃)ပါးသည် သောမနဿ၏ အင်္ဂါ။

ဥပေက္ခာအင်္ဂါ=ဥပေက်-သန္ဓေ၊ မဇ္ဈတ္တေ၊ မဟောဉာဏ်ပညာ။

ရှင်း= ၁။ ဥပေက္ခာပဋိသန္ဓေနေခြင်း။

၂။ မဇ္ဈတ္တာရုံကို အာရုံပြုခြင်း(ဣဋ္ဌမဇ္ဈတ္တာရုံ-ဟုလည်းဆိုရိုးပြုသေး၏။)

၃ ။ဉာဏ်ပညာကြီးမားခြင်း = ၎င်း (၃)ပါးသည် ဥပေက္ခာအင်္ဂါ။
အမှာ=သောမနဿ ပဋိသန္ဓေ နေသူများမှာ အခြား ဝေဒနာ ဖြစ်သည်။
(သောမနဿပဋိသန္ဓေနေသူများမှာ ဒေါသဇောစောလျှင် ဥပေက္ခာ သန္တီရဏအာဂန္တုက ဘဝင်ဖြစ်မှုကို ထောက်)
ဣဋ္ဌာရုံ=၁။ သဘာဝ ဣဋ္ဌာရုံ။ (ပင်ကိုယ်ကောင်းသော မုန့်ပဲသွားရေစာ စသည်)
၂။ ပရိကပ္ပဣဋ္ဌာရုံ (ကြံဆအပ်သောအားဖြင့် ဖြစ်သောမကောင်း ကိုအကောင်းဟု ယူဆသော အာရုံ၊ ငါးပိ- ငံပြာရည် စသည်)
ဒိဋ္ဌိအင်္ဂါ= ၁။ မိစ္ဆာအယူရှိသူနှင့် ပေါင်းမိခြင်း။
၂။ ကိုယ်တိုင် မိစ္ဆာအယူရှိခြင်း = ဤအင်္ဂါ(၂)ပါးနှင့် ပြည့်စုံလျှင် ဒိဋ္ဌိဖြစ်၏။
မှတ်ချက်=သဿတအယူနှင့် ဥစ္ဆေဒအယူကို မိစ္ဆာအယူဟုခေါ်သည်။
အသင်္ခါရိကအင်္ဂါ=လျော်ကပ်သော ဥတုဘောဇဉ် စသည်။

လောဘမူ ပထမစိတ် ဖြစ်ပုံ

၁။ ဝမ်းမြောက်ဝမ်းသာ (သောမနဿသဟဂုတ်)
၂။ ကာမဂုဏ်ခံစားခြင်း၌ အပြစ်မရှိဟုယူ (ဒိဋ္ဌိဂတသမ္ပယုတ်)
၃။ သဘာဝအားဖြင့် ထက်သောစိတ် (အသင်္ခါရိက)
ဤသို့ ကာမဂုဏ်ခံစားလျှင် လောဘမူ ပထမစိတ်ဖြစ်သည်။
လောဘမူဒုတိယစိတ်=နံပါတ်(၃)၌ မထက်သောစိတ်ပြောင်း (သသင်္ခါရိက ဖြစ်လို့)
လောဘမူတတိယစိတ်=နံပါတ်(၂)၌ အပြစ်ရှိမှန်းသိပြောင်း (ဒိဋ္ဌိဝိပ္ပယုတ် ဖြစ်လို့)
လောဘမူစတုတ္ထစိတ်=နံပါတ်(၂)၌ အပြစ်ရှိမှန်းသိပြောင်း (ဝိပ္ပယုတ်ပင်) နံပါတ်(၃)၌ မထက်သောစိတ်ပြောင်း (သသင်္ခါရိက)
အမှာ=ကျန်လောဘမူစိတ်၄ပါးဖြစ်ပုံ=ဥပေက္ခာဖြစ်ကြလို့။
နံပါတ် (၁)၌ ဝမ်းမမြောက် ဝမ်းမသာ ပြောင်း။
နံပါတ် (၂)၌ အပြစ်မရှိနှင့် အပြစ်ရှိမှန်းသိ ပြောင်း။
နံပါတ် (၃)၌ ထက်နှင့်မထက်ပြောင်းလဲပုံတို့ကိုသာ သတိပြု။
(အဘိဓာန်ဒါန် စသည်ကို နည်းမှီး၍ သိ)

အင်္ဂပိဏ္ဍ အင်္ဂ=လောဘမူစိတ် (၈) ခု။
အင်္ဂပိဏ္ဍ အပိ=လောဘခေါ် တဏှာပေါင်း (၁၀၈) ပါးတို့နှင့် ယှဉ်သော စိတ်များကိုလည်း လောဘမူ စိတ်ဟူ၍ပင် ခေါ်ကြောင်းပြ၏။
ရှင်း= တဏှာသုံးတန်၊ တည်ထားခံ၊ အဇ္ဈ-ဗဟိ-သန်နှင့် မြှောက်။ တဏှာ အစစ်၊ တရာ့ရှစ်၊ ဖြစ်၏ ကိုယ်မှာရောက်။ ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာ၊ ၃-တည် × အာရုံ ၆ ပါးနှင့်မြှောက် =၁၈၊ ၎င်းကို ကာလ-၃-ပါး နှင့် မြှောက်=၅၄၊၎င်းကို သန္တာန် ၂ပါးနှင့်မြှောက်= ၁၀၈။(၃×၆×၃×၂=၁၀၈)

လေ့ကျင့်

သောမနဿ ဥပေက္ခာ	၄	ပါးစီ
သမ္ပယုတ် ဝိပ္ပယုတ်	၄	ပါးစီ
အသင်္ခါရိက သသင်္ခါရိက	၄	ပါးစီ
သောမနဿသမ္ပယုတ် သောမနဿဝိပ္ပယုတ်	၂	ပါးစီ
ဥပေက္ခာသမ္ပယုတ် ဥပေက္ခာဝိပ္ပယုတ်	၂	ပါးစီ
သောမနဿအသင်္ခါရိက သောမနဿသသင်္ခါရိက	၂	ပါးစီ
ဥပေက္ခာအသင်္ခါရိက ဥပေက္ခာသသင်္ခါရိက	၂	ပါးစီ
သမ္ပယုတ်အသင်္ခါရိက သမ္ပယုတ်သသင်္ခါရိက	၂	ပါးစီ
ဝိပ္ပယုတ်အသင်္ခါရိက ဝိပ္ပယုတ်သသင်္ခါရိက	၂	ပါးစီ

ဒေါသမူစိတ် ၂ ပါး

၅။ ။ဒေါမနဿ သဟဂတံ ပဋိဃံသမ္ပယုတ္တံ အသင်္ခါရိက မေကံ သသင်္ခါရိက မေကန္တိ ဣမာနိ ဒွေပိ ပဋိဃသမ္ပယုတ္တစိတ္တာနိ နာမ။

သရုပ်=ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁ ခု။
ဒေါနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁ ခု။
အမှာ=ဤသို့ ဒေါသမူသည် သင်္ခါရအားဖြင့်-၂-ပါး အပြားရှိ၏။
ဒေါမနဿသဟဂတံ=ဝေဒနာအားဖြင့် မပြားသော်လည်း တခြားသောစိတ်တို့နှင့်ခွဲခြား၍ ခေါ်ဝေါ် သုံးစွဲနိုင်ရန် ၎င်းနှင့်သာ ယှဉ်သော ဒေါမနဿဝေဒနာဖြင့် အမည်ပေးသည်။

ပဋိဃသမ္ပယုတ္တံ=ဒေါမနဿဝေဒနာနှင့် ဒေါသ အမြဲတမ်း အတူဖြစ်၏ဟု သိစေလို၍ ဆိုသည်။

ရှင်း=ဒေါမနဿ ဝေဒနာသည် အနိဋ္ဌာရုံကိုခံစား၏။

ပဋိဃခေါ် ဒေါသသည် အနိဋ္ဌာရုံကိုညှဉ်းဆဲ၏။ ထို့ကြောင့် ၎င်းတို့ ၂-ပါး အတူဖြစ်၏။

ဒေါမနဿ ပဋိဃအထူး=ဒေါမနဿ=ဒေါမနဿဝေဒနာ။

ပဋိဃ=ဒေါသ စေတသိက်=ဤသို့ထူး၏။

ဒေါမနဿအင်္ဂါ=အာဃာတဝတ္ထု-၉-ပါးနှင့်အနိဋ္ဌာရုံ။

အာဃာတဝတ္ထု=ဤသူသည်ငါ၏ အကျိုးမဲ့ကို ရှေးကလည်းပြု၊ယခုလည်းပြု၊ နောင်လည်းပြုမည်။ ၃-ပါး။

ဤသူသည် ငါချစ်သူ၏ အကျိုးမဲ့ကို ရှေးကလည်းပြု၊ ယခုလည်းပြု၊ နောင်လည်းပြုမည်။ ၃-ပါး။

ဤ သူ သည် ငါမုန်းသူ၏ အကျိုးရှိမှုကို ရှေးကလည်းပြု ယခုလည်းပြု၊ နောင်လည်းပြုမည်။ ၃-ပါး

အမှာ=ဒေါသ၏အကြောင်းလည်း ၎င်းအာဃာတ ဝတ္ထု-၉-ပါးနှင့် အနိဋ္ဌာရုံပင်။

ဒွေပိဉ္ဒွေ=ဒေါသမူစိတ်.... ၂-ခု။

ဒွေပိဉ္ဒအပိ=၎င်း-၂- တည်×အာရုံ × ကာလ×သန္တာန်နှင့် မြောက် ရသမျှ အားလုံး ဒေါသမူပင် မည်ကြောင်းပြ၏။

ဒေါသမူစိတ် =ဒေါသမူလနှင့်ယှဉ်သောစိတ်။ (အသာဓာရဏနည်း)

မောဟမူစိတ် ၂ ပါး

၆။ ။ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာသမ္ပယုတ္တမေကံ
ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တမေကန္တိ
ဣမာနိ ဒွေပိ မောမူဟစိတ္တာနိနာမ။

သရုပ်=၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁ ခု
၂။ ဥပေက္ခာ သဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁ ခု

အမှာ=ဤသို့ဝိစိကိစ္ဆာ ဥဒ္ဓစ္စတို့နှင့် ယှဉ်သောအားဖြင့် မောဟမူ-၂-ပါး ပြားသည်။

ဝိစိကိစ္ဆာ=သို့လော သို့လော တွေးတောမှု။ (၎င်းကိုပင် တွေဝေခြင်း၊ မဆုံးဖြတ်နိုင်ခြင်းဟုပြောဆိုကြ၏။)

ဥဒ္ဒစ္စ=ပျံ့လွင့်ခြင်း။ (၎င်းကိုပင် တုန်လှုပ်ခြင်းဟု ပြောကြ၏။)
ဥပေက္ခာ=ဣဋ္ဌ-အနိဋ္ဌ- မဇ္ဈတ္တ-အာရုံ (၃) မျိုးတို့၌တပ်ခြင်း ပြစ်မှားခြင်း မရှိသောကြောင့် ဥပေက္ခာဝေဒနာ တမျိုးသာ ဖြစ်သည်။
ရှင်း =ပထမ စိတ်သည် တွေဝေခြင်း မဆုံးဖြတ်နိုင်ခြင်း (ဝိစိကိစ္ဆာ)သဘော အားကောင်း၏။

ဒုတိယစိတ်သည် ပျံ့လွင့်ခြင်း တုန်လှုပ်ခြင်း (ဥဒ္ဒစ္စ) သဘောအား ကောင်း၏။

ဤသို့ မဆုံးဖြတ်နိုင်ခြင်း၊ ပျံ့လွင့်ခြင်း အားကောင်းသောကြောင့် အာရုံ၌ တပ်ခြင်း ပြစ်မှားခြင်းမရှိကြ။

အမှာ=ဝိစိကိစ္ဆာ ဥဒ္ဒစ္စ တို့ကြောင့် တပ်ခြင်း ပြစ်မှားခြင်းမရှိကြဟု ဆိုလို သည်။
သင်္ခါရမရှိခြင်း=ယခင်ပြခဲ့သည့်အတိုင်း အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊ ပျံ့လွင့် ခြင်းတို့ကြောင့် အာရုံပြုရာတွင် ထက်မြက်မှုဆိုသည့် သင်္ခါရသဘော မရှိ၊ ထို့ကြောင့် သင်္ခါရဖြင့် သတ်မှတ် သုံးစွဲခြင်းမပြု။
မောဟ=သစ္စာ ၄-ပါး၊ ရှေ့အစွန်း၊ နောက်အစွန်း၊ ရှေ့နောက်အစွန်း၊ ပဋိစ္စ သမုပ္ပါဒ်=ပေါင်း ၈-ပါးတို့ကို မသိခြင်း။
မောဟမူ=အကုသိုလ်မူလ ၃ပါးရှိသည်တွင် မောဟမူလ ၁-ပါးသာ ယှဉ် သောကြောင့် မောဟမူဟု အမည်ပေး၏။
ရှင်း=မောဟ မူလ ၁-ပါးသာ ယှဉ်၍၊ ၎င်းသာ ဦးဆောင်နေသောကြောင့် မောဟမူစိတ်များသည် အခြားစိတ်များထက် ပို၍ တွေဝေသည်။
ဥဒ္ဒစ္စသမ္ပယုတ်=၎င်းစိတ်၌သာ ဥဒ္ဒစ္စပြဋ္ဌာန်းသောကြောင့် ၎င်းစိတ်ကို ဥဒ္ဒစ္စ ဖြင့် ဥဒ္ဒစ္စသမ္ပယုတ်ဟု အမည်ပေးသည်။

နိဂုံး

၇။ ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။
သဗ္ဗထာ=၁၂ ပါးလုံးကို အကုသိုလ်ခေါ်ကြောင်းပြ၏။
ရှင်း=သောမနဿ ဥပေက္ခာ ဒိဋ္ဌိ ပဋိဃ ဝိစိကိစ္ဆာ ဥဒ္ဒစ္စ တို့နှင့်ယှဉ်သော အားဖြင့် အကုသိုလ်သည် ၁၂-ပါး ဖြစ်၏။
သဗ္ဗထာပိ၌အပိ=၁-ပါးစီ၊ ၁-ပါးစီကိုလည်း အကုသိုလ်ခေါ်ကြောင်း ပြ၏။
(အပေါင်းနောက် ထိုင်လျှင် အစိတ်ကိုဆည်း)

သင်္ဂဟဂါထာ

၈။ အဋ္ဌဓာ လောဘမူလာနိ၊ ဒေါသမူလာနိ စ ဒွိဓာ။
မောဟမူလာနိ စ ဒွေတိ၊ ဒွါဒသာကုသလာသိယုံ။ ။

မူလ= တည်ရာဖြစ်၍ သစ်မြစ်နှင့် တူသောကြောင့် လောဘ ဒေါသ မောဟ တို့ကို မူလခေါ်သည်။

အဟိတ်စိတ် ၁၈ ပါး

အကုသလဝိပါက်စိတ် ၇ ပါး

၉။ ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ
တထာ သောတဝိညာဏံ
ဃာန ဝိညာဏံ
ဇိဝှာ ဝိညာဏံ
ဒုက္ခသဟဂတံ ကာယဝိညာဏံ
ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ
ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ
ဣမာနိ သတ္တပိ အကုသလဝိပါက စိတ္တာနိနာမ။

သရုပ်= ၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁ ခု
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် ၁ ခု
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် ၁ ခု
၄။ ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် ၁ ခု
၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ၁ ခု
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် ၁ ခု
၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ ခု

စက္ခု=ပြောင်ကြား သကဲ့သို့ ဖြစ်တတ်သော အကြည်ဓာတ်။ ဥပရိက္ခ၂၁ (၎င်းသည် မျက်လုံးတွင် အရိပ်ထင်သောနေရာ၌ တည်သည်။ သန်းဦး ခေါင်း ပမာဏ ရှိသည်။)

သောတ=နားထောင်သကဲ့သို့ဖြစ်တတ်သော အကြည်ဓာတ်။
(နားတွင်း၌ ကြေးနီလက်စွပ်ကွင်းသဏ္ဍာန်တည်သည်။)

ဃာန=ဂန္ဓာရုံကို နမ်းရှူသကဲ့သို့ ဖြစ်တတ်သော အကြည်ဓာတ်။
(နှာခေါင်းတွင် ဆိတ်ခွာသဏ္ဍာန်တည်သည်။)
ဇိဝှာ=အသက်ကိုခေါ်သကဲ့သို့ ဖြစ်တတ်သော အကြည်ဓာတ်။
(လျှာလယ်တွင် ကြာရွက်ဖျားသဏ္ဍာန် တည်သည်။)
ကာယ=စက်ဆုပ်အပ်သော အကုသိုလ်တို့၏ တည်ရာ အကြည်ဓာတ်။(တကိုယ်လုံး၌ တည်သည်။)
ဟဒယဝတ္ထု ကာယမမည်=အကုသိုလ်၏တည်ရာဖြစ်သော်လည်း ဟဒယဝတ္ထုကို ကာယမခေါ်ရ။
ဤ၌ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော အကုသိုလ်ကိုသာ ရည်၍ဆိုသည်။ (ရှင်)
အမှာ=ပသာဒတို့၏ အရှယ်ပမာဏကို သတ္တဝါအလိုက်ယူ။
"ကဲ့သို့" သတ္တဝါ မဟုတ်၍ ဥပရိက္ခာသုံးသည်။
ဝတ္ထု=ပသာဒများသည် မှီရာ ဖြစ်ကြ၍ စက္ခုဝတ္ထု စသည်မည်သေး၏။
စက္ခုဝိညာဏ်= စက္ခုဝတ္ထု၌ မှီသောစိတ်။
သောတဝိညာဏ်=သောတဝတ္ထု၌ မှီသောစိတ်။
ဃာနဝိညာဏ်=ဃာန ဝတ္ထု၌ မှီသောစိတ်။
ဇိဝှာဝိညာဏ်=ဇိဝှာ ဝတ္ထု၌ မှီသောစိတ်။
ကာယဝိညာဏ်=ကာယ ဝတ္ထု၌ မှီသောစိတ်။

၎င်းဝိညာဏ် ၅ ပါး၏ အင်္ဂါ

စက္ခုဝိညာဏ်=စက္ခု ေလာက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖို့။
ရှင်း= ၁။ စက္ခု=စက္ခုပသာဒ ရှိခြင်း။
၂။ အာလောက=အလင်းရောင် ရှိခြင်း။
၃။ ရူပ=ရူပါရုံ ရှိခြင်း။
၄။ မနသိ=မနသိကာရ နှလုံးသွင်းရှိခြင်း ဤအင်္ဂါ၄ပါးနှင့်ညီလျှင် စက္ခုဝိညာဏ် ဖြစ်၏။
သောတဝိညာဏ်=သောတာ ကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီသောတဖို့။
ရှင်း= ၁။ သောတ=သောတပသာဒ ရှိခြင်း။
၂။ အာကာသ=အပေါက်အကြားရှိခြင်း။
၃။ သဒ္ဒ=သဒ္ဒါရုံရှိခြင်း။

၄။ မနသိ=မနသိကာရ နှလုံးသွင်း ရှိခြင်း (သောတဝိညာဏ် အင်္ဂါ)

ဃာနဝိညာဏ်=ဃာန ဝါတ၊ ဂန္ဓထင်ပြီ မနသိ၊လေးလီ ဃာနဖို့။

ရှင်း= ၁။ဃာန=ဃာနပသာဒ ရှိခြင်း။

၂။ဝါတ=လေ ရှိခြင်း။

၃။ဂန္ဓ=ဂန္ဓာရုံ(အနံ့)ရှိခြင်း။

၄။မနသိ=မနသိကာရ နှလုံးသွင်း ရှိခြင်း (ဃာနဝိညာဏ်၏အင်္ဂါ)

ဇိဝှာဝိညာဏ်=ဇိဝှာ အာပ ရသထင်ပြီ မနသိ၊ လေးလီ ဇိဝှာဖို့။

ရှင်း= ၁။ဇိဝှာ=ဇိဝှာပသာဒ ရှိခြင်း။

၂။အာပ=အရည်ရှိခြင်း။

၃။ရသ=ရသာရုံရှိခြင်း။

၄။မနသိ=မနသိကာရ နှလုံးသွင်း ရှိခြင်း(ဇိဝှာ ဝိညာဏ်၏အင်္ဂါ။

ကာယဝိညာဏ်=ကာယ ထဒ္ဓ၊ ဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီ ကာယဖို့။

ရှင်း=၁။ကာယ=ကာယ ပသာဒရှိခြင်း။

၂။ထဒ္ဓ=မာသော အတွေ့ ရှိခြင်း။

၃။ဖောဋ္ဌ=ဖောဋ္ဌဗ္ဗာရုံ ရှိခြင်း။

၄။မနသိ=မနသိကာရ နှလုံးသွင်း ရှိခြင်း (ကာယဝိညာဏ်၏အင်္ဂါ)

ဥပေက္ခာ=စက္ခု,သောတ,ဃာန,ဇိဝှာ, ပသာဒတို့သည်ဥပါဒါရုပ် ဖြစ်ကြ၏။ ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံတို့လည်းဥပါဒါရုပ်များပင်။၎င်းပသာဒ ဥပါဒါရုပ်နှင့်အာရုံဥပါဒါရုပ်တို့ ထိခိုက်တွေ့ဆုံရာတွင် စက္ခုဝိညာဏ် (လ)ဇိဝှာဝိညာဏ်တို့ ဖြစ်ကြသည်။ ဤသို့ဥပါဒါရုပ်ချင်း ထိခိုက်မှုသည် အားနည်းသောကြောင့် ၎င်းဝိညာဏ်-၄-ခုတို့သည်ဥပေက္ခာများဖြစ်ကြ၏။

ဒုက္ခ,သုခ=ကာယပသာဒသည် ဥပါဒါရုပ်။

ဖောဋ္ဌဗ္ဗာရုံသည် မဟာဘုတ်(ပထဝီ တေဇော ဝါယော)

ဤသို့ ကာယ ပသာဒဥပါဒါရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံမဟာဘုတ်တို့ထိခိုက်သည့်အခါ ကာယ ပသာဒဥပါဒါရုပ်သည် ထိခိုက်မှုအားကိုမခံနိုင်။ ထို့ကြောင့် ၎င်းကာယပသာဒကို ကျော်လွန်ကာ ၎င်း၏မှီရာ မဟာဘုတ်နှင့်ဖောဋ္ဌဗ္ဗ မဟာဘုတ်တို့ ထိခိုက်မိကြတော့သည်။

ဤသို့မဟာဘုတ်ချင်း ထိခိုက်မှုအားကြီးသောကြောင့်ကာယဝိညာဏ်တို့သည် ဒုက္ခဝေဒနာ-သုခဝေဒနာတို့နှင့် အတူတကွ ဖြစ်ကြသည်။

ဥပမာ=ဝါဂွမ်းကို ပေပေါ်တင်ထုသည့်အခါ ဝါဂွမ်းကို ကျော်လွန်၍ တူနှင့်
ပေတို့ ထိခိုက်ကြသလို။
ထို့ကြောင့် ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်။
သုခသဟဂုတ် ကာယ ဝိညာဏ်ဟု အမည်ပေးကြ၏။
မျက်လုံး=မျက်လုံးကို စက္ခုခေါ်ခြင်းသည်(ဌာန်ရုပစာ)
နားရွက်=နားရွက်ကို သောတခေါ်ခြင်းသည် (ဌာန်ရုပစာ)
နှာခေါင်း=နှာခေါင်းကို ဃာနခေါ်ခြင်းသည်(ဌာန်ရုပစာ)
လျှာ=လျှာကို ဇိဝှာခေါ်ခြင်းသည်(ဌာန်ရုပစာ)
ကိုယ်ခန္ဓာ=ကိုယ်ကို ကာယခေါ်ခြင်းသည်(ဌာန်ရုပစာ)
သမ္ပဋိစ္ဆိုင်း=အာရုံကို လက်ခံသကဲ့သို့ ဖြစ်သော စိတ်။
သမ္ပဋိစ္ဆိုင်းနှင့်ဥပေက္ခာ= သဘောတူ (ဝါ)မိုရာတူ စိတ်မှအနန္တရပစ္စည်းကို
မရလို့ အားနည်းသောကြောင့် သမ္ပဋိစ္ဆိုင်းသည် ဥပေက္ခာဖြစ်သည်။
သန္တီရဏ=အာရုံကို စုံစမ်းသကဲ့သို့ ဖြစ်သော စိတ်။
အကုသလဝိပါက်သန္တီရဏနှင့်ဥပေက္ခာ= အနိဋ္ဌာရုံကို အာရုံပြုသော်လည်း
အားနည်းလို့ ဒေါမနဿဝေဒနာ မဖြစ်။ (အကုသလ ဝိပါက်သည်
အနိဋ္ဌာရုံကိုသာ)
အနိဋ္ဌာရုံ ဖြစ်သောကြောင့်လည်း သောမနဿ မဖြစ်၊ ထို့ကြောင့်
ဥပေက္ခာဝေဒနာသာ ဖြစ်၍ ဥပေက္ခာသဟဂုတ် သန္တီရဏမည်သည်။
ကုသလဝိပါက်သန္တီရဏ= ၂ခု။ အတိဣဋ္ဌာရုံကိုအာရုံပြုသောအခါ သောမ
နဿ ဝေဒနာ ဖြစ်သည်။ ထို့ကြောင့် ၁-ခုကို သောမနဿသန္တီရဏ
ခေါ်သည်။
ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြုသောအခါ ဥပေက္ခာဝေဒနာ ဖြစ်သည်။
ထို့ကြောင့် ၁-ခုကို ဥပေက္ခာ သန္တီရဏ ခေါ်သည်။
ဋီ= အကုသလဝိပါက်တွင်အနိဋ္ဌာရုံ၌ဒေါမနဿ-အနိဋ္ဌမဇ္ဈတ္တာရုံ၌ဥပေက္ခာ
ဟုကြံ၍ ဝေဒနာ-၂-မျိုးဟု ဆိုသင့်သော်လည်း အနိဋ္ဌာရုံဒေါမနဿ
ဖြစ်အံ့- ၎င်းသည် ဒေါသနှင့် မကင်းကောင်းရကား- ဒေါသပါ ယှဉ်
လိမ့်မည်။ ၎င်းဒေါသသည် အကုသိုလ်အစစ်သာ ဖြစ်သည်။ ယင်း
ဒေါသသည် အကုသလဝိပါက် သန္တီရဏအဗျာကတ၌ လုံးဝဖြစ်ခွင့်
မရှိ။ ထို့ကြောင့် အကုသလဝိပါက်သန္တီရဏသည် ဥပေက္ခာဝေဒနာ
၁-မျိုးသာ။

တနည်း=အကုသလဝိပါက်သည် အားနည်းလို့ အနိဋ္ဌာရုံ၌ ဖြစ်သော်လည်း ဥပေက္ခာသာ၊ဒေါမနဿ မဖြစ်။
ကုသိုလ်နှင့်အကုသိုလ်= အပြစ် မရှိခြင်း၊အပြစ် ရှိခြင်းအားဖြင့် ထူး၏။
အကျိုးပေးခြင်း သဘောအားဖြင့် တူညီ၏။
အကုသလဝိပါက်= အကုသိုလ်၏ အကျိုး (ဝိပါက=အကျိုး)
ကုသလဝိပါက်=ကုသိုလ်၏အကျိုး။
အကုသလဝိပါက်ကို အရင်ဆိုခြင်း= အကုသိုလ်နောက်ဖြစ်၍ အကုသလဝိပါက်ကို အရင်ဆိုသည်။
သတ္တနှင့်အပိ= အကုသိုလ် နိဂုံးအတိုင်းပင်။

အဟိတ် ကုသလဝိပါက်စိတ် ၈ ပါး

၁၀။ ဥပေက္ခာသဟဂတံ ကုသလဝိပါကံ စက္ခုဝိညာဏံ
တထာ သောတဝိညာဏံ
ဃာနဝိညာဏံ
ဇိဝှာဝိညာဏံ
သုခသဟဂတံ ကာယဝိညာဏံ
ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ
သောမနဿသဟဂတံ သန္တီရဏစိတ္တံ
ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ
ဣမာနိ အဋ္ဌပိ ကုသလဝိပါကာ ဟေတုကစိတ္တာနိနာမ။

သရုပ်=သောမနဿသဟဂုတ် သန္တီရဏစိတ် ၁ ခု (၎င်း သာပိုသည်)
ကျန်အားလုံးဝိပါက်အတိုင်းပင်=ပေါင်း(၈)ပါး။
ကုသလ=အကုသလဝိပါက်နှင့် တဆက်တည်း ဖြစ်၍ အကုသလဝိပါက် ဟု ထင်မည် စိုးသောကြောင့်လည်းကောင်း။
ကုသိုလ်နှင့် ဝေးသောကြောင့် ကုသလဝိပါက်ဟု မထင်မည်စိုးသော ကြောင့်လည်းကောင်း ကုသလသဒ္ဒါထည့်၍ ကုသလဝိပါက်ဟုအမည် ပေးသည်။
အဟေတုက=(က) အကုသလဝိပါက်သည် အဟိတ်မှာသာ ရှိ၍ အဟိတ် လေလော သဟိတ် လေလောဟု သံသယဖြစ်ဖွယ် မရှိသောကြောင့် အကုသလဝိပါက်၏ နိဂုံး၌အဟေတုကသဒ္ဒါကို မထည့်ပါ။

(ခ) ကုသလဝိပါက်သည် အဟိတ်, သဟိတ် နှစ်မျိုးမှာရှိ၍ သံသယ ဖြစ်ဖွယ် ရှိသောကြောင့် အဟေတုက သဒ္ဒါကို ထည့်သည်။
အဌနှင့်အပိ =အကုသိုလ်နိဂုံးငယ် လောဘမူ အဆုံးနိဂုံးအတိုင်းပင်။
ရုပ်ကိုဝိပါက်မခေါ်=ဝိပါက်အမည်သည် ရှင်ဖြစ်လို့။
ရှင်း=ရုပ်တို့သည် ကုသိုလ် အကုသိုလ် ကြောင့် ဖြစ် သော် လည်း နာမ်ကိုသာ ရည်ရွယ်၍ ဝိပါကခေါ်သည်။

အဟိတ်ကြိယာစိတ် ၃ ပါး

၁၀။ ဥပေက္ခာသဟဂတံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ
တထာ မနောဒွါရာဝဇ္ဇနစိတ္တံ
သောမနဿသဟဂတံ ဟသိတုပ္ပါဒစိတ္တဉ္စေတိ။
ဣမာနိ တီဏိပိ အဟေတုကကြိယ စိတ္တာနိနာမ။

သရုပ်=၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ခု
၂။ ဥပေက္ခာသဟဂုတ် မနောဒွါရာ ဝဇ္ဇန်းစိတ် ၁-ခု
၃။ သောမနဿသဟဂုတ်ဟသိတုပ္ပါဒ်စိတ် ၁-ခု

အမှာ—ကိစ္စအားဖြင့် ၃ ပါး ပြား၏။
ဟသိတုပ္ပါဒ–ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သောစိတ်။
ကြိယာ=ပြုကာမျှသာ(ၚင်းနှင့်ပတ်သက်၍ နောင်မည်သည့် ဆက်စပ်မှုမျှမရှိ)
အဟေတုက=သဟိတ်ကြိယာတွေနှင့် သံသယဖြစ်ဖွယ်ရှိ၍ အဟေတုက သဒ္ဒါဖြင့် အဟိတ်ကြိယာဟု အမည်ပေး၏။
အဟေတုက=ဟိတ်နှင့် မယှဉ်သော စိတ်။
ပဉ္စဒွါရာဝဇ္ဇန်း=၅ ဒွါရ၌အာရုံကို ဆင်ခြင်တတ်သောစိတ်။
ဥပေက္ခာ =၁။ရှေးဦးစွာ အာရုံကို ယူသောကြောင့်လည်းကောင်း။
၂။ တကြိမ်သာ ဖြစ်သောကြောင့်လည်းကောင်း အားနည်းလို့ ဥပေက္ခာ ဖြစ်သည်။
မနောဒွါရာဝဇ္ဇန်း=မနောဒွါရ၌ အာရုံကို ဆင်ခြင်တတ်သောစိတ်။
မနောဒွါရာဝဇ္ဇန်းနှင့်ဥပေက္ခာ=မတူသော ဇောဘဝင်တို့ကို အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေးရလို့ အားနည်းသောကြောင့် ဥပေက္ခာ ဖြစ်သည်။
(မနောဒွါရာဝဇ္ဇန်းသည် ကြိယာ၊ ဇောသည် ကုသိုလ်၊ ဘဝင်သည် ဝိပါက် ဤကဲ့သို့မတူကြပါ။)

အာဝဇ္ဇန်းဒွေး=ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့အား ကိစ္စဖြင့်ပေး ထားသောအမည်။

မနောဓာတ်= ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးတို့အား ဓာတ်အားဖြင့် ပေးထားသောအမည်။

လေ့ကျင့်

အဟိတ်စိတ်တို့တွင်-

ဥပေက္ခာ.... ၁၄-ခု
သောမနဿ.... ၂-ခု
သုခ.... ၁-ခု
ဒုက္ခ.... ၁-ခု
သမ္ပယုတ် အမည် မသုံး
ဝိပ္ပယုတ် အမည် မသုံး
အသင်္ခါရိက အမည် မသုံး
သသင်္ခါရိက အမည် မသုံး
အကုသိုလ် ၁၂ အဟိတ် ၁၈=ပေါင်း ၃၀ အသောဘဏခေါ်။

အသောဘဏစိတ် ၃၀ တို့တွင်

၁။သောမနဿပေါင်း ၆
၂။ဥပေက္ခာပေါင်း ၂၀
၃။ဒေါမနဿပေါင်း ၂
၄။ဒုက္ခပေါင်း ၁
၅။သုခပေါင်း ၁
၆။သမ္ပယုတ်ပေါင်း ၈
၇။ဝိပ္ပယုတ်ပေါင်း ၄
၈။သမ္ပယုတ် ဝိပ္ပယုတ် ၂ မျိုးမဟုတ် ၁၈
၉။အသင်္ခါရိကပေါင်း ၅
၁၀။သသင်္ခါရိကပေါင်း ၅
၁၁။အသင်္ခါရိက သသင်္ခါရိက ၂ မျိုးမဟုတ် ၂၀

အမှာ=သောမနဿသမ္ပယုတ်စသောအားဖြင့်လောဘမူစိတ်၌ပြခဲ့သည့်အတိုင်း လေ့ကျင့်လျှင်ပို၍ ကျွမ်းကျင်ပါလိမ့်မည်။

နိဂုံး

၁၂။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌာရသာ ဟေတုကာ စိတ္တာနိသမတ္တာနိ။
သရုပ်=အဟိတ်စိတ် ၁၈ ပြီးဆုံးကြောင်းပြ၏။
သဗ္ဗထာ=၁၈ ခုလုံးကို အဟိတ်စိတ် ခေါ်ကြောင်းပြ၏။
အပိ=အကုန်လုံးကိုမှ အဟိတ် ခေါ်သည် မဟုတ် ၁ခုစီ၊ ၂ ခုစီစသည်ကိုလည်း
အဟိတ်ခေါ်ကြောင်းပြ၏။

သင်္ဂဟဂါထာ

၁၃။ သတ္တာကုသလပါကာနိ၊ ပုည,ပါကာနိ အဋ္ဌဓာ။
ကြိယစိတ္တာနိတီဏီတိ၊ အဋ္ဌာရသအဟေတုကာ။

သရုပ်=အကုသလဝိပါက်စိတ်	၇-ခု		
အဟိတ်ကုသလဝိပါက်စိတ်	၈-ခု		
အဟိတ်ကြိယာစိတ်	၃-ခု	=	အဟိတ်စိတ်၁၈-ခု

သောဘဏစိတ်

၁၄။ ပါပါ,ဟေတုကမုတ္တာနိ၊ သောဘဏာနီတိဝုစ္စရေ။
ကေူနသဋ္ဌိ စိတ္တာနိ၊ အထေကနဝုတီပိ ဝါ။ ။
သရုပ်=နောင်ဆိုမည့် အကျဉ်းတခုယုတ် ၆၀၊ အကျယ်၉၁ တို့ကိုသောဘဏ
အမည်ပေး၏။
ပြောင်းပြန် ပြန်သောအားဖြင့်ဆိုပြီး(၃၀)တို့ကိုလည်း အသောဘဏ
အမည်ပေး၏။
ပါပါဟေတုကမုတ္တာနိ=ဆိုပြီး အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်သော
(စိတ်များ) (ပါပ=အပါယ်ရောက်စေတတ်လို့ အကုသိုလ်ကို ပါပ
ခေါ်သည်)
ကေူနသဋ္ဌိစိတ္တာနိ= ၎င်းစိတ်များသည် အကျဉ်းအားဖြင့် တခုယုတ်(၆၀)
(ဝါ)-၅၉။
အထဝါ = တနည်း(အကျယ်ချဲ့သော နည်းတနည်း)
ဧကနဝုတိ = အကျယ်ချဲ့သောနည်းအားဖြင့်(၉၁)
သောဘဏာနိ = အကျဉ်း တခုယုတ်(၆၀)
အကျယ်-၉၁-တို့ကို သောဘဏအမည်ပေး၏။

ရှင်း =တင့်တယ်သော ဂုဏ်ကို ဆောင်တတ်သောကြောင့် လည်းကောင်း။ အလောဘ စသော အပြစ်မရှိသော ဟိတ်တို့နှင့် ယှဉ်သောကြောင့် လည်းကောင်း "သောဘဏ"ခေါ်သည်။

အပိ=တခုယုတ် ၆၀ ကိုသောဘဏ ခေါ်သလို၉ ၁ပါးကိုလည်း"သောဘဏ" ခေါ်ပါဟု ပြ၏။

ဝုစ္စရေ=သောဘဏ စေတသိက်တို့နှင့် ယှဉ်သောကြောင့် သောဘဏခေါ်သည်။ (ဥပစာ)

ရှင်း =သောဘဏ ဟူသည် စေတသိက်ပိုင်းလာ ၂၅ ပါးသော သောဘဏ စေတသိက်တို့၏ အမည်။ ၎င်းတို့နှင့် ယှဉ်သောကြောင့် စိတ်ကို သောဘဏခေါ်သည်။(ဥပစာ) (ဝုစ္စတိဝုတ္တိ၊ နာမံရှိရာ၊ ဥပစာ၊ နိယံ)

ကာမာဝစရသောဘဏစိတ် ၂၄ ပါး

မဟာကုသိုလ်စိတ် ၈ ပါး

၁၅။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိက
မေကံ သသင်္ခါရိက မေကံ
သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိက
မေကံ သသင်္ခါရိကမေကံ
ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ
သသင်္ခါရိကမေကံ
ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ
သသင်္ခါရိကမေကန္တိ
ဣမာနိ အဋ္ဌပိ ကာမာဝစရကုသလစိတ္တာနိနာမ။

သရုပ်=၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁ ခု
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁ ခု
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁ ခု
၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁ ခု
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁ ခု

၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁ ခု
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁ ခု
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁ ခု

အမှာ=ဤသို့ဝေဒနာ, ဉာဏ်,သင်္ခါရအားဖြင့်(၈)ပါး။

သဟေတုကမပါ= သဟိတ်သင်ရှားလို့ သဟေတုကမထည့်ပါ။

ရှင်း=အဟိတ်တို့တွင် ကုသိုလ်မပါ၍ အဟိတ်လော, သဟိတ်လော တွေးတော ဖွယ်မရှိ၊ သဟိတ်အဖြစ်သာ ထင်ရှားသည်။ ထို့ကြောင့် သဟေတုက သဒ္ဒါကို မထည့်ပါ။

ကုသလ=အဗျာကတ တို့၏ ရှေ့သွားဖြစ်၍ ကုသိုလ်ကို ရှေးဦးစွာဆို။

ဝိပါက=ကုသိုလ်၏ အကျိုး ဖြစ်၍ ကုသိုလ်၏ နောက်မှာ ဝိပါက်ကိုဆို၏။

ကြိယာ=၎င်းနောက် ဘုံတူဖြစ်သော ကြိယာကို ဆို၏။ (ဘုံတူသောကြောင့်)

ဉာဏ်=ဟုတ်မှန်သည့်အတိုင်း သိတတ်သော သဘော။

သောမနဿ၏အင်္ဂါ=၁။ သဒ္ဒါတရား အားကောင်းခြင်း။
၂။ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း။
၃။ ပစ္စည်းနှင့် အလှူခံ ပြည့်စုံခြင်းအားဖြင့်(၃)ပါး။

ဥပေက္ခာ၏အင်္ဂါ ၁။ သဒ္ဒါ အားမကောင်းခြင်း။
၂။ ဉာဏ်အမြင်နှင့် မပြည့်စုံခြင်း။
၃။ ပစ္စည်းနှင့် အလှူခံ မပြည့်စုံခြင်း စသည်=၃ ပါး။

ဉာဏ်၏အင်္ဂါ ၁။ ပညာကိုဖြစ်စေတတ်သော ကံရှိခြင်း။
၂။ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်း။
၃။ ဣန္ဒြေရင့်ကျက်ခြင်း။
၄။ ကိလေသာတို့မှ ဝေးခြင်းအားဖြင့် ၄ ပါး။

ဉာဏဝိပ္ပယုတ်အင်္ဂါ ၁။ ပညာကို ဖြစ်စေတတ်သော ကံ မရှိခြင်း။
၂။ ဉာဏ်အမြင်နှင့် မပြည့်စုံခြင်း။
၃။ ဣန္ဒြေ မရင့်ကျက်ခြင်း။
၄။ ကိလေသာတို့မှ မဝေးခြင်း ၄-ပါး။

အသင်္ခါရိကအင်္ဂါ ဒါန စသည်တို့၌ အလေ့အကျင့်ရှိခြင်း စသည်။

အမှာ=အာဝါသ-သပ္ပါယ စသည်တို့ကြောင့် ကိုယ်,စိတ် တောင့်တင်းခိုင်မာ သဖြင့် ဒါန စသည်တို့၌ အလေ့အကျင့် ရှိလာခြင်း။
(အာဝါသ သပ္ပါယ၊ ဘောဇနသပ္ပါယ၊ ဥတုသပ္ပါယ၊ ပုဂ္ဂလသပ္ပါယ)။

ပထမကုသိုလ်စိတ်=ဝမ်းမြောက်ဝမ်းသာ (သောမနဿ)၊ အကျိုး ရှိမှန်းသိ (ဉာဏသမ္ပယုတ်)သူတပါးမတိုက်တွန်းပဲ(အသင်္ခါရိက)ဒါနစသည်ပြု။

ဒုတိယကုသိုလ်စိတ်=ဝမ်းမြောက် ဝမ်းသာ (သောမနဿ) အကျိုး ရှိမှန်းသိ (ဉာဏသမ္ပယုတ်)သူတပါးတိုက်တွန်း၍(သသင်္ခါရိက) ဒါနစသည်ပြု။

တတိယကုသိုလ်စိတ်=ဝမ်းမြောက်ဝမ်းသာ (သောမနဿ)အကျိုး ရှိမှန်း မသိ (ဉာဏဝိပ္ပယုတ်) သူတပါးမတိုက်တွန်းပဲ(အသင်္ခါရိက)ဒါန စသည်ပြုခြင်း။ (ကလေးအလှူမျိုး)

စတုတ္ထကုသိုလ်စိတ်=ဝမ်းမြောက်ဝမ်းသာ (သောမနဿ) အကျိုးရှိမှန်း မသိ (ဉာဏဝိပ္ပယုတ်)သူတပါးတိုက်တွန်း၍(သသင်္ခါရိက)ဒါန စသည်ပြု။

အမှာ=ဆိုပြီး ၄ ပါးတို့တွင် ဝမ်းမြောက် ဝမ်းသာအစား ဝမ်းမမြောက် ဝမ်းမသာ ပြောင်းထည့်လိုက်လျှင် နောက်စိတ် ၄ ပါး ဖြစ်ပုံဖြစ်၏။

အဌ =ကာမာဝစရကုသိုလ်-၈-ခု။

အပိ =၁၅၁၂၀-သော ကုသိုလ်တွေကို ကုသိုလ်ခေါ်နိုင်ကြောင်းပြ၏။

ရှင်း =၈×၁၀ ပုညကြိယာ မြောက်=၈၀× ၆ ပါးအာရုံမြောက် = ၄၈၀ ၎င်း၏တဝက်သမ္ပယုတ်=၂၄၀×၄ အဓိပတိမြောက်=၉၆၀။ ကျန်တဝက် ဝိပ္ပယုတ်=၂၄၀×၃ အဓိပတိ (ဝီမံသကြဉ်) မြောက်=၇၂၀။ ၎င်း ၂ မျိုး = ၉၆၀+၇၂၀=ပေါင်း=၁၆၈၀×ကံ ၃ ပါးမြောက်=၅၀၄၀×၃ ဟီနစသည် မြောက်=၁၅၁၂၀=၎င်းကို ကာလ, ဒေသ စသည် မြောက် မရေတွက်နိုင်။

ဗုဒ္ဓဒတ္တမထေရ်အလို ၁၇၂၈၀ (ဝိပ္ပယုတ်၌ ဝီမံသ မကြဉ်)

မှတ်ချက်=၎င်းတို့ကိုလည်း ကုသိုလ် ခေါ်နိုင်၏ဟု အပိသဒ္ဒါက ပြ၏။

ကမေန ပုညဝတ္ထုဟိ၊ ဂေါစရာ,ဓိပတီဟိစ။
ကမ္မဟိနာဒိတော စေဝ၊ ဂဏေယျနယကောဝိဒေါ။ ။

ကုသလ=အကုသိုလ်တို့ကို ပယ်တတ်သောကြောင့် ကုသိုလ်။

တနည်း=အကုသိုလ်တို့ကို ဖြတ်တတ်သောကြောင့် ကုသိုလ်။

ကာမာဝစရ=၎င်းတို့သည် ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရ (ပြပြီးသော်လည်း မှတ်မိရန် ထပ်ပြသည်)။

တနည်း=ကာမဘုံ၌ အဖြစ် များသောကြောင့် ကာမာဝစရ။

မဟာဝိပါက်စိတ် ၈ ပါး

၁၆။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိက မေကံ, သသင်္ခါ ရိကမေကံ၊
သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ, သသင်္ခါ ရိကမေကံ
ဥပေက္ခာ သဟဂတံ ဉာဏသမ္ပယုတ္တံအသင်္ခါရိက မေကံ သသင်္ခါရိက မေကံ၊
ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ သသင်္ခါရိက မေကန္တိ ၊
ဣမာနိ အဋ္ဌပိ သဟေတုက ကာမာဝစရ ဝိပါက စိတ္တာနိနာမ။

ဝိပါက်**သောမနဿ**=ဣဋ္ဌာရုံကို အာရုံပြုလျှင် သောမနဿ ဖြစ်သည်။ (အတိဣဋ္ဌာရုံ ၎င်းအတိုင်း သောမနဿပင်)

ဝိပါက်ဥပေက္ခာ=အနိဋ္ဌာရုံကို အာရုံပြုလျှင် ဥပေက္ခာ ဖြစ်သည် (မဇ္ဈတ္တာရုံလည်း ၎င်းနည်း ဥပေက္ခာပင်)

အမှာ-လောဘမူ ကုသိုလ် ဝိပါက် ကြိယာတို့မှာ သောမနဿ စသည်, သမ္ပယုတ် စသည်, အသင်္ခါရိက စသည်ချင်း မတူကြသည်ကိုသတိပြု။

မှတ်ချက်-ကုသိုလ်နှင့် ကြိယာတို့သာ သောမနဿ စသည်, ဉာဏသမ္ပယုတ် စသည်, အသင်္ခါရိက စသည် ဖြစ်ပုံချင်း တူကြသည်။

ဝိပါက်-ပဋိသန္ဓေ ဝိပါက်သည် ကံအားကောင်းလျှင် ဉာဏသမ္ပယုတ် ဖြစ်၏။ တဒါရုံ ဝိပါက်သည် အများအားဖြင့် ဇောအား လျော်စွာ တခါတရံ ကံအား လျော်စွာ သမ္ပယုတ် ဝိပ္ပယုတ် ဖြစ်ကြ၏။

ဝိပါက်-ဥတု,ဘောဇဉ် စသည်တို့ လျော်ပတ်လျှင် အသင်္ခါရိက၊ ဥတုဘောဇဉ် စသည်တို့ မလျော်ပတ်လျှင် သသင်္ခါရိက၊ ဉာဏ် အားမကောင်းလျှင် ဉာဏဝိပ္ပယုတ် ဖြစ်၏။

အမှာ-အဋ္ဌပိဠ- အပိအရ- ဖော်ပြလိုသော်-
ဝိပါက်သည် ဒါန စသည်ကို မပြုတတ်လို့ ပုညကြိယာ မမြောက်ရ၊
ဝိညတ်ကိုမဖြစ်စေတတ်သောကြောင့် လည်းကောင်း၊
အကျိုးမပေးသောကြောင့်လည်းကောင်း ကံ ၃ နှင့် မမြောက်ရ၊
အဓိပတိတို့နှင့်အတူမဖြစ်လို့ အဓိပတိမမြောက်ရ။
ကျန်သော အာရုံ, ကာလ, ဒေသ စသည်မြောက် များစွာပင်။

နိဂုံး

၁၈။ ဣစ္စေဝံ သဗ္ဗထာပိ စတုဝီသတိ သဟေတုက ကာမာဝစရ
ကုသလ ဝိပါက ကြိယစိတ္တာနိ သမတ္တာနိ။

သဟေတုက=ဝိပါက် ကြိယာတို့နှင့် တွဲ၊ ကုသိုလ်နှင့်မတွဲရ၊ ထို့ကြောင့်
သဟေတုက ကာမာဝစရ ကုသလဝိပါက ကြိယစိတ္တာနိ=ကာမာဝစရ
ကုသိုလ်၊ သဟိတ် ကာမာဝစရ ဝိပါက်၊ သဟိတ်ကာဝစရကြိယာစိတ်
တို့သည်ဟု အနက်ပေး။

အမှာ=ကုသိုလ်သည် သဟိတ်သေချာသောကြောင့် သဟိတ်ထည့်ရန် မလို။
(သဟိတ်မှာ အကုသိုလ်မရှိ၊ ကုသိုလ်သာရှိ၏)

တနည်း=(သဟိတ် ကာမာဝစရ ကုသိုလ်)ဟု အနက်ပေးမိသော်အမှားဟု
မဆိုနိုင် (ပဋ္ဋုန္နဂတိကနည်း) ဖြစ်၍ မှန်သည်ပင်။
(မိုးသည်ရွာပြီး နေရာမှာ ထပ်ရွာသလို)

သင်္ဂဟဂါထာ

၁၉။ ဝေဒနာ ဉာဏသင်္ခါရ၊ ဘေဒေန စတုဝီသတိ။
သဟေတုကာမာဝစရ ပုညပါက ကြိယာမတာ။

ဝေဒနာဘေဒ=၁။သောမနဿ။
၂။ဥပေက္ခာ=ပေါင်း (၂)(ကုသိုလ်+ဝိပါက်+ကြိယာ)=(၆)

ဉာဏဘေဒ= ၁။သောမနဿ ဉာဏသမ္ပယုတ်။
၂။သောမနဿ ဉာဏဝိပ္ပယုတ်။
၃။ဥပေက္ခာ ဉာဏသမ္ပယုတ်။
၄။ဥပေက္ခာ ဉာဏဝိပ္ပယုတ် ၄ (ကု+ဝိ+ကြိ ၁၂)

သင်္ခါရဘေဒ=၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက။
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက။
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက။
၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက။
၅။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက။
၆။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက။
၇။ ဥပေက္ခာ သဟဂုတ် ဉာဏ ဝိပ္ပယုတ် အသင်္ခါရိက။
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက=ပေါင်း
၈ ပါး (ကုသိုလ် ၈+ဝိပါက် ၈+ကြိယာ ၈=ပေါင်း ၂၄ ပါး)

ဉာဏ်,သင်္ခါရပြားခြင်း = ဝေဒနာကဲ့သို့ အပြား မရှိသော်လည်း ဉာဏ်, သင်္ခါရ ရှိသော စိတ်၊ ဉာဏ်,သင်္ခါရ မရှိသောစိတ်ဟု ဉာဏ်သင်္ခါရက ပင်ကွဲပြားအောင် ပြုသည်။

(ဝပြောခြင်း ငတ်မှတ်ခြင်းကို မိုး(၁)ခု တည်းက ပြုသလို)

၂၀ ။ကာမေ တေဝီသပါကာနိ၊ ပုညာပုညာနိ ဝီသတိ။
ကောဒသ ကြိယာစေတိ၊ စတုပညာသ သဗ္ဗထာ။ ။

တေဝီသ ပါကာနိ	အကုသလဝိပါက်	၇ခု
	အဟိတ်ကုသလဝိပါက်	၈ခု
	မဟာဝိပါက်	၈ခု=ပေါင်း ၂၃ ခု။
ပုညာပုညာနိဝီသတိ	မဟာကုသိုလ်	၈ခု
	အကုသိုလ်	၁၂ခု=ပေါင်း၂၀။
ကောဒသကြိယာ	အဟိတ်ကြိယာ	၃ခု
	မဟာကြိယာ	၈ခု=ပေါင်း ၁၁။

စတုပညာသ = အားလုံးပေါင်း ၅၄ ပါး (ကာမစိတ် ၅၄)

အမှာ—ကာလ,ဒေသ, သန္တာန် စသည်တို့ဖြင့် မြောက်မြားလျှင် အများကြီး ဖြစ်နိုင်သည်။

ဤဂါထာသည် ဇာတ်အားဖြင့် ကာမစိတ် ၅၄ ပါးကိုခွဲ ပြသည်။

ဇာတ် အကျိုးပေးခြင်း အမျိုးတူ(ကုသိုလ်, အကုသိုလ်) (ဇာတ်=အမျိုး)။
အကျိုးခြင်း အမျိုးတူ (ဝိပါက်)
အကျိုးလည်းမပေး၊ အကျိုးလည်း မဟုတ် အမျိုးတူ(ကြိယာ)

လေ့ကျင့်

ကာမစိတ် ၅၄ တွင်

၁။	သောမနဿပေါင်း	၁၈
၂။	ဥပေက္ခာပေါင်း	၃၂
၃။	ဒေါမနဿပေါင်း	၂
၄။	ဒုက္ခပေါင်း	၁
၅။	သုခပေါင်း	၁
၆။	သမ္ပယုတ်ပေါင်း	၂၀
၇။	ဝိပ္ပယုတ်ပေါင်း	၁၆
၈။	သမ္ပယုတ် ဝိပ္ပယုတ် မဟုတ်	၁၈

၉။ အသင်္ခါရိကပေါင်း ၁၇
၁၀။ သသင်္ခါရိကပေါင်း ၁၇
၁၁။ အသင်္ခါရိက သသင်္ခါရိက မဟုတ် ၂၀

အမှာ=ကုသိုလ်သောမနဿစသည်။

အကုသိုလ် သောမနဿစသည်။ ဝိပါက်သောမနဿစသည်။ ကြိယာ သောမနဿစသည် အမျိုးမျိုး လှည့်လည် ခွဲနိုင်လျှင် ပို၍ ကျွမ်းကျင်မည်။

ရူပါဝစရစိတ် ၁၅ ပါး

ရူပကုသိုလ် ၅ ပါး

၂၁။ဝိတက္က ဝိစာရ ပီတိသုခေကဂ္ဂတာ သဟိတံ ပဌမဇ္ဈာနကုသလစိတ္တံ
ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ ဒုတိယဇ္ဈာနကုသလစိတ္တံ
ပီတိ သုခေကဂ္ဂတာ သဟိတံတတိယဇ္ဈာန ကုသလစိတ္တံ
သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာန ကုသလစိတ္တံ
ဥပေက္ခေကဂ္ဂတာ သဟိတံ ပဉ္စမဇ္ဈာနကုသလစိတ္တဉ္စေတိ
ဣမာနိ ပဉ္စပိ ရူပါဝစရ ကုသလစိတ္တာနိ နာမ။

သရုပ်=၁။ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့်တကွ ဖြစ်သော ပဌမဈာန် ကုသိုလ်စိတ် ၁-ခု
၂။ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၄ပါး နှင့်တကွ ဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် ၁ ခု
၃။ ပီတိ သုခ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၃ ပါးနှင့် တကွ ဖြစ်သော တတိယဈာန် ကုသိုလ်စိတ် ၁ ခု
၄။ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် ၁ ခု
၅။ ဥပေက္ခာ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၂ ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် ၁ ခု=ပေါင်း ၅။

ဝိတက် သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးတတ်သော သဘော (၎င်းဝိတက်ကိုယ်တိုင်လည်း ဦးဆောင်၍ အာရုံပြုသည်။)

ဝိစာရ=ဝိတက်တင်ပေးသော အာရုံလို သုံးသပ်ဆင်ခြင်တတ်သောသဘော။

ပီတိ=အာရုံကို နှစ်သက်တတ်သော သဘော (ကိုယ်,စိတ်ကို ဝိုးပွားစေတတ်သော သဘော-ဠီ)

သုခ=အာရုံကို ချမ်းချမ်းသာသာ ခံစားတတ်သောသဘော (သမ္ပယုတ်တရား
များကို ချမ်းသာစေတတ်သော သဘော-ဋီ)
ကေဂုတာ=စူးစူးစိုက်စိုက် အာရုံပြုတတ်သောသဘော။
ဝိတက်နှင့်ဝိစာရအထူး=ဝိတက်သည် ကြမ်းတမ်းစွာ အာရုံပြုသည်။
ဝိစာရသည် သိမ်မွေ့စွာ အာရုံပြုသည်။ ၎င်း ၂ ပါး ဤသို့တူး။
တနည်း=ဝိတက် ရှေးဦးစွာ အာရုံပြုရာ၌ ကျရောက်သည်။
ဝိစာရ အဖန်တလဲလဲ အာရုံကို သုံးသပ်သည်။
ဥပမာ=ပိတုန်းသည် ကောင်းကင်မှ ပန်းခြုံသို့ တအားထိုးဆင်းသည်နှင့်
ဝိတက်တူ၏။
ပန်းခြုံ အနီး ရန်သူ ရှိ,မရှိ ပျံ၍ ကြည့်သည်နှင့် ဝိစာရ တူ၏။
တနည်း=ခေါင်းလောင်းသံနှင့် ဝိတက်
ကြေးညည်းသံနှင့် ဝိစာရ တူကြ၏။
အဝိတက္ကစျာန်=ဝိတက်အကူအညီဖြင့် အာရုံသို့ ရောက်ဘူးပြီး ဖြစ်၍ ဝိတက်
မယှဉ်(မပါ)သော်လည်း အာရုံပြုနိုင်သည်၊
ရှင်း= စိတ်ကိုပင် ဖြစ်ဖော် ဖြစ်ဖက် အခြေအနေအရ၊ ဘယ်စေတသိက်နှင့်
ယှဉ်လျှင် ဘယ်ဈာန်ကို ပုဂ္ဂိုလ်ခေါ်သုံးစွဲကြသည်။
သို့သော်လည်း စိတ်ဟာ စိတ်ပါပဲ။
ပဌမဈာန် အမည်တပ်ခံရသောစိတ်သည် ဝိတက်နှင့် အတူ ဖြစ်စဉ်က
ဝိတက် ပို့ပေးသောကြောင့် အာရုံပြုဘူး၏။
၎င်းစိတ်သည်ပင် ဝိတက်နှင့်မယှဉ်သောအခါ ဒုတိယဈာန် စသော
အမည်ကို ရပြန်၏။
ဤသို့ ဒုတိယဈာန်စသည် အခေါ်ခံရသော အချိန်မှာလည်း ယျှဉ်း
ကျင့်ပြီးဖြစ်၍ အာရုံပြုနိုင်ကြသည်သာတည်း။
ပိတိ သုခအထူး=အာရုံကို ရခြင်းမျှသည် ပီတိ၊
အာရုံကိုခံစားခြင်းသည် သုခ၎င်း ၂ ပါး ဤသို့ ထူး၏။
ဥပမာ=ရေဆာသူ ရေကိုမြင်ခြင်းနှင့် ပီတိတူသည်။
ရေဆာသူ ရေကို သောက်ရခြင်းနှင့် သုခ တူသည် ၂ ပါး ဤသို့ထူး၊
သဟိတ်=ကောဋ္ဌာသ စသော လက္ခဏာ ၄ ပါးနှင့် အညီ ဖြစ်ခြင်း။
ပထမ=ဒေသနာက္ကမ(ဟောစဉ်)အားဖြင့် ၎င်း
ပဟာနက္ကမ(ဖြစ်စဉ်) အားဖြင့်၎င်း ၂ မျိုးလုံး ရှင် ဦးစွာဖြစ်သော
ကြောင့် ပထမ စသည်မည်၏။

ဈာန အာရုံကို ကပ်၍ ရှုတတ်သော သဘော။
ဆန့်ကျင်ဘက် နီဝရဏတို့ကို ရှို့မြိုက်တတ်သောသဘော။

အမှာ=ဝိတက်စသော ဈာန်အင်္ဂါ အပေါင်းကို ဈာန် ခေါ်သည်။
အစိတ်အစိတ်ကို ဈာန်အင်္ဂါ ခေါ်သည်။

ဋီ-ဂါထာ=ဥပနိဇ္ဈာနကိစ္စတ္တာ၊ ကာမာဒိပဋိပက္ခတော။
သန္တေသုပိ စ အညေသု၊ ပဉ္စေဝ ဈာနသညိတာ။

ကပ်၍ ရှု=ကာမစိတ်များကဲ့သို့ ဟိုအာရုံပြု၊ ဒီအာရုံ ပြုမဟုတ်ပဲ ၎င်းဈာန်တို့သည် သက်ဆိုင်သည့် အားလျော်စွာ
ပထမဈာန်သည် ပညတ် ၂၅ ပါးတို့ကို အာရုံပြုသည်။
ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်တို့သည် ပညတ် ၁၄ ပါးတို့ကိုအာရုံပြုသည်။
ပဉ္စမဈာန်သည် ပညတ် ၁၂ ပါး တို့ကိုသာ အာရုံပြုသည်။
ဤသို့ အခြားအာရုံကို အာရုံမပြု၊သက်ဆိုင်သည့် အာရုံကိုသာ စွဲစွဲမြဲမြဲ အာရုံပြုမှုကိုပင် ကပ်၍ ရှုဟု ဆို၏။

နီဝရဏရှို့=ဝိတက်သည် ထိနမိဒ္ဓကို ရှို့မြိုက်၏(ဝါ) ဆန့်ကျင်၏(သဘောချင်း မတိုက်ဆိုင်လို့)။ (ဝိတက်=ဖျပ်လတ်၊ ထိနမိဒ္ဓ=ထိုင်းမှိုင်း)

ရှင်း–ဝိစာရသည် ဝိစိကိစ္ဆာကို ရှို့မြိုက်၏(ဝါ) ဆန့်ကျင်၏(သဘောချင်း မတိုက်ဆိုင်လို့)(ဝိစိကိစ္ဆာ=မဆုံးဖြတ်၊ဝိစာရ=ပညာကဲ့သို့=သုံးသပ်)
ပီတိသည် ဗျာပါဒကိုရှို့မြိုက်၏ (ဝါ) ဆန့်ကျင်၏ (သဘောချင်း မတိုက်ဆိုင်လို့)
ပီတိ=ဝမ်းမြောက်တတ်၊ ဒေါသ=ဖျက်ဆီးတတ်။)
သုခနှင့် ဥပေက္ခာသည် ဥဒ္ဓစ္စ, ကုက္ကုစ္စကို ရှို့မြိုက်၏(ဝါ) ဆန့်ကျင်၏ (သဘောချင်းမတိုက်ဆိုင်လို့)(သုခဥပေက္ခာငြိမ်း၊ဥဒ္ဓစ္စကုက္ကုစ္စပူပန်)

မှတ်ချက်=ငြိမ်းသောသဘောရှိ၍ ဥပေက္ခာကို သုခနှင့် ပေါင်းပြသည်။

ဧကဂ္ဂတာ=ကာမစ္ဆန္ဒကို ရှို့မြိုက်၏ (ဝါ) ဆန့်ကျင်၏ (သဘောချင်းမတိုက်ဆိုင်လို့) (ဧကဂ္ဂတာသည် ပညတ်အာရုံကို စူးစိုက်၏။(ဝါ)ကြိုက်၏ ကာမစ္ဆန္ဒသည် ပညတ် အာရုံကို မကြိုက်)

တနည်း=ဧကဂ္ဂတာခေါ် သမာဓိသည်ကာမတောင်းတမှုကိုမကြိုက်၊ ကာမစ္ဆန္ဒသည် ကာမ တောင်းတမှုကို ကြိုက် ဤသို့ ဆန့်ကျင်။

မှတ်ချက်=ဝိတက်စသည် ဖြစ်တဲ့အခါ ပြခဲ့ပြီးတဲ့ ထိနမိဒ္ဓစသည် မဖြစ်(၎င်းကို ပင်ရှိုမြိုက်ဟု ဗမာလိုသုံးသည်။) (ဤသို့ ၁ ခု ဖြစ်၍ ၁ ခု မဖြစ်တာ ကိုပင် ဆန့်ကျင်ဘက်ဟု သုံးနှုန်းကြသေး၏။)

ဋီ-ဂါထာ = ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိစာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စ ကုက္ကုစ္စံ ။
သမာဓိ ကာမစ္ဆန္ဒဿ၊ ပဋိပက္ခာတိ ပေဋကေ။ ။

ဈာန်အင်္ဂါ = ဝိတက်စသော အစိတ်အစိတ်။
ဈာန် = ၎င်းအင်္ဂါများ၏ အပေါင်း (ဝါ) အစုလိုက် အပြုံလိုက်။
ရှင်း = ၁စုလုံးသည် အာရုံကို ကပ်၍ရှုခြင်း၊ နီဝရဏတို့ကို ရှို့မြိုက်ခြင်း(ဝါ) ဆန့်ကျင်ခြင်းသဘော ရှိကြသည်ချည်း ဖြစ်၍ ဈာန်မည်သည်။

ဈာန်	ပဟာနင်္ဂ	သမ္ပယောဂင်္ဂ
ပဌမဈာန်	နီဝရဏ	ဝိတက္ကာဒိပဉ္စင်္ဂ
ဒုတိယဈာန်	ဝိတက်	ဝိစာရာဒိစတုရင်္ဂ
တတိယဈာန်	ဝိစာရ	ပီတာဒိတိဝင်္ဂ
စတုတ္ထဈာန်	ပီတိ	သုခါဒိဒုဝင်္ဂ
ပဉ္စမဈာန်	သုခ	ဥပေက္ခာဒိဒုဝင်္ဂ

သင်္ဂါဂ = ပဌမနည်း။ ဈာန်ကို အသင်္ခါရိက သသင်္ခါရိက ၂မျိုးလုံးခေါ်သင့်။ ဒုတိယနည်း။ သသင်္ခါရိကသာ ခေါ်သင့်။ (ဋီ)
ပဌမနည်းရှင်း = ဆုတောင်းပြည့်သူများသည် မဂ်ရလျှင် အထူးအားမထုတ်ရပဲ ဈာန်ကိုရသည်၊ ၎င်းဈာန်သည် အသင်္ခါရိက မည်သင့်၏။ အခြားပုဂ္ဂိုလ်များသည် သမထအားထုတ်မှ ဈာန်ကိုရ ၎င်းဈာန်သည် သသင်္ခါရိက မည်သင့်၏။(ကြိုတင် ပြင်ဆင်မှုကြောင့် ဟူ၏။)
ဒုတိယနည်းရှင်း=ဆုတောင်းပြည့်သူသည် မဂ်ရလျှင် ဈာန်ကိုပါရတယ် ဆိုရ စေကာမူ ရှေးရှေးအချိန်က ဆုတောင်းခြင်း, သမထ အားလုပ်ဘူးခြင်း

ရှိခဲ့ရပါမည်။ ဤသို့ ဆုတောင်းခြင်းနှင့်အားထုတ်ခြင်းတို့ကို ကင်း၍ စျာန်ကို မရနိုင်ရကား သသင်္ခါရိကချည်း ခေါ်သင့်၏တဲ့။ (ကြိုတင်ပြင်ဆင်မှု ရှိသောကြောင့် ဟူလို)

အာရုံအားဖြင့်မပြား=အာရုံတူကြသောကြောင့် အာရုံအားဖြင့် မပြားပါ။ (မတူတာကိုမှ ပြားတယ်ဟု ဆိုသည်။) (ပညတ်အာရုံချည်း)

ပဥ္စ=စျာန် (၅)ပါး (ပဥ္စကနည်း)

ပဥ္စပိဋ္ဌအပိ=၅ပါးမက များစွာသော စျာန်ကိုလည်း စျာန် ခေါ်နိုင်သည်။

ရှင်း= ၁။သာမည အမည်အားဖြင့် စျာန်။

၂။ဆင်းရဲစွာကျင့် နှေးကွေးစွာရတဲ့စျာန် (ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ)

၃။ဆင်းရဲစွာကျင့် မြန်မြန်ရတဲ့ စျာန် (ဒုက္ခပဋိပဒါ ခိပ္ပာဘိညာ)

၄။ချမ်းသာစွာကျင့် နှေးကွေးစွာရတဲ့စျာန် (သုခပဋိပဒါ ဒန္ဓာဘိညာ)

၅။ချမ်းသာစွာကျင့် မြန်မြန်ရတဲ့စျာန် (သုခပဋိပဒါ ခိပ္ပါဘိညာ)

၆။နည်းသော အာရုံကို နည်းနည်းအာရုံပြု၍ ရတဲ့စျာန် (ပရိတ္တံ ပရိတ္တာရမ္မဏံ)

၇။နည်းသောအာရုံကို များများ အာရုံပြု၍ ရတဲ့စျာန် (ပရိတ္တံ အပ္ပမာဏာရမ္မဏံ)

၈။များသော အာရုံကို များများ အာရုံပြု၍ ရတဲ့စျာန် (အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ)

၉။များသော အာရုံကို နည်းနည်းအာရုံပြု၍ ရတဲ့စျာန် (အပ္ပမာဏံ ပရိတ္တာရမ္မဏံ)

ဤတွင်- အကျင့်နှင့် ပတ်သက်သည့် (၄)ပါး၊ အာရုံနှင့်ပတ်သက်သည့် (၄)ပါးရောလျှင် (၀၁) မြှောက်လျှင် ၁၆+ယခင်၉=၂၅ပါး။

ပဌမစျာန်သည် ပညတ် ၂၅ပါးကို အာရုံပြုခြင်းကြောင့် ပဌမစျာန် (၂၅)ဆိုနိုင်သည်။ ဤလိုအာရုံ ကာလ သန္တာန် စသည် မြှောက်များစွာရှိ၏။ ၎င်းတို့ကိုပါ စျာန်ခေါ်နိုင်ကြောင်း အဝိသဒ္ဒါက ပြ၏။

ဝိပါက် ၅ ပါး

၂၂။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဈာနဝိပါကစိတ္တံ

ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဈာနဝိပါက စိတ္တံ

ပီတိ သုခေကဂ္ဂတာ သဟိတံ တတိယဈာန ဝိပါကစိတ္တံ

သုခေကဂ္ဂတာ သဟိတံ စတုတ္ထဈာနဝိပါက စိတ္တံ

ဥပေက္ခေကဂ္ဂတာသဟိတံ ပဥ္စမဇ္ဈာန ဝိပါက စိတ္တဥ္စေတိ
ဣမာနိ ပဥ္စပိ ရူပါဝစရဝိပါက စိတ္တာနိ နာမ။ ။

သရုပ်=ကုသိုလ်အတိုင်းပင်
ကုသိုလ်နှင့် တူခြင်း=ဈာန်ကြောင့် ဖြစ်သော ဝိပါက်များသည် ၎င်း၏ ကုသိုလ်နှင့် တူကြသည်။ ကြိယာလည်း တူသည်ပင်။

ကြိယာစိတ် ၅ ပါး

၂၃။ ဝိတက္က ဝိစာရ ပီတိသုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာနကြိယစိတ္တံ
ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနကြိယစိတ္တံ
ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာန ကြိယစိတ္တံ
သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာန ကြိယစိတ္တံ
ဥပေက္ခေကဂ္ဂတာ သဟိတံ ပဥ္စမဇ္ဈာန ကြိယစိတ္တဥ္စေတိ
ဣမာနိ ပဥ္စပိ ရူပါဝစရကြိယစိတ္တာနိ နာမ။ ။

ဝေဒနာ=ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့သည် သောမနဿ ဝေဒနာ(အထောက်=ဈာန်အင်္ဂါတွင် သုခပါခြင်း။) ပဥ္စမဈာန်သည် ဥပေက္ခာဝေဒနာ (အထောက်=ဈာန်အင်္ဂါတွင် ဥပေက္ခာပါခြင်း။)
သောမနဿ ၁၂=ပ ဈာန် ၃+ဒု ဈာန်၃ +တ ဈာန်၃+ စ ဈာန်၃=၁၂။
ဥပေက္ခာ ၃=ပဥ္စမ ဈာန်(ကု+ဝိ+ကြိ ပေါင်း ၃။)

နိဂုံး

၂၄။ ဣစ္စေဝံ သဗ္ဗထာပိ ပန္နရသ ရူပါဝစရ ကုသလ ဝိပါကကြိယ စိတ္တာနိ သမတ္တာနိ။ ။

သဗ္ဗထာ=အကုန်ရူပါဝစရ။
ပိ,အပိ=၁ ခုစီ, ၂ ခုစီ စသည် ရူပါဝစရပင်။

သင်္ဂဟဂါထာ

၂၅။ ပဉ္စဓာ ဈာနဘေဒေန၊ ရူပါဝစရမာနသံ။
ပုညပါကကြိယာဘေဒါ၊ တံ ပဥ္စဒသဓာ ဘဝေ။ ။

သရုပ်=ရူပါဝစရစိတ်သည် ဈာန်အပြားအားဖြင့် ၅ ပါး၊ ၎င်းသည်ကုသိုလ် ဝိပါက်, ကြိယာအားဖြင့် ပြားခြင်းကြောင့် ၁၅ ပါးဖြစ်သည်။

ရှင်း= အပြားဟူသည် အမျိုးအစား မတူတာကိုဆိုသည်။
စျာန်အင်္ဂါ ၅ ပါး၊ ၄ ပါး, ၃ ပါး, ၂ ပါး, ၂ ပါး ဤသို့အားဖြင့်
အမျိုးအစားချင်း မတူကြ၍(၅)မျိုးဖြစ်ရသည်။
ပထမစျာန် စသည်အမည်တူသော်လည်း ကုသိုလ်ဝိပါက်ကြိယာတို့၏
သဘာဝချင်းမတူကြသောကြောင့်(၁၅)မျိုးဖြစ်ကြသည်။

အရူပါဝစရစိတ် ၁၂ ပါး

ကုသိုလ်စိတ် ၄ ပါး

၂၆။ အာကာသာနဉ္စာယတနကုသလစိတ္တံ
ဝိညာဏဉ္စာယတနကုသလစိတ္တံ
အာကိဉ္စညာယတနကုသလစိတ္တံ
နေဝသညာနာသညာယတနကုသလစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရကုသလစိတ္တာနိ နာမ။ ။

ဝိပါက်စိတ် ၄ ပါး

၂၇။ အာကာသာနဉ္စာယတနဝိပါကစိတ္တံ
ဝိညာဏဉ္စာယတနဝိပါကစိတ္တံ
အာကိဉ္စညာယတနဝိပါကစိတ္တံ
နေဝသညာနာသညာယတနဝိပါကစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရဝိပါကစိတ္တာနိ နာမ။ ။

ကြိယာစိတ် ၄ ပါး

၂၈။ အာကာသာနဉ္စာယတနကြိယစိတ္တံ
ဝိညာဏဉ္စာယတနကြိယစိတ္တံ
အာကိဉ္စညာယတနကြိယစိတ္တံ
နေဝသညာနာသညာယတနကြိယစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ အရူပါဝစရကြိယစိတ္တာနိ နာမ။ ။

သချုပ်= အာကာသာနဉ္စာယတန ကုသိုလ်စိတ် ၁ ခု
ဝိညာနဉ္စာယတန ကုသိုလ်စိတ် ၁ ခု
အာကိဉ္စညာယတန ကုသိုလ်စိတ် ၁ ခု
နေဝသညာနာသညာယတနကုသိုလ်စိတ် ၁ ခု(ဝိပါက်,ကြိယာတူ)
အာကာသ=ကသိဏုဂ္ဃါဋိမာကာသ (အာကာသကြဉ်သောကသိုဏ်း(၉)ပါး (၁)ပါး,ပါးကိုပယ်ခွါ၍ ရအပ်သော ကောင်းကင်ပညတ်)
အာကာသ အပြား=၁။ အဇဋာကာသ=ကောင်းကင်။
၂။ ပရိစ္ဆိန္နာကာသ=လူလုပ်အပေါက်
၃။ ပရိစ္ဆေဒါကာသ=ကလာပ်စည်းတို့၏ အကြား
၄။ ကသိဏုဂ္ဃါဋိမာကာသ (ဤအာကာသကိုယူ)
ရှင်း=အရူပစျာန်ကို အလိုရှိအံ့ရပြီး ပဉ္စမစျာန်၏ အပြစ်ကိုရှု၍၊ အာကာသကြဉ်သော ကသိုဏ်း (၉) ပါး ပဋိဘာဂနိမိတ်ကို အာရုံပြုလျက် "အာကာသော အနန္တော" ဟု စီးဖြန်းလျှင် ကသိုဏ်း နိမိတ်တွေ ပျောက်သွား၏။
၎င်းပျောက်သောနေရာတွင် ဟင်းလင်းဖြစ်နေ၏၊ ၎င်းဟင်းလင်းကို "အာကာသောအနန္တော" ဟု ဆက်စီးဖြန်းလျှင် အာကာသာနဉ္စာယတနစိတ်ကိုရသည်။
အာကာသကြဉ်=အာကာသဟူသည် ဟင်းလင်းပြင်ကိုခေါ်၏။ ထို့ကြောင့် ဟင်းလင်းပြင်ပျောက်၍၊ ဟင်းလင်းပြင်ရောက် ဆိုတာမျိုး မရှိနိုင်၍ အာကာသကသိုဏ်းကို ကြဉ်သည်။
အနန္တ,အာနဉ္စ=ဥပါဒ်, ဋ္ဌီ, ဘင်အကန့်အသတ်မရှိ။ (အနန္တကိုအာနဉ္စပြု)
ရှင်း=ကသိဏုဂ္ဃါဋိမာကာသခေါ် ဟင်းလင်းပြင်သည် ဥပါဒ်, ဋ္ဌီ, ဘင်ဖြင့် မှတ်၍ ၁ ခု၊ ၂ ခုစသည် ရေတွက်မရသောကြောင့်(အနန္တ) အဆုံး မရှိဟု ဆိုရိုးပြု၏။
အာယတန=နေရာ(စိတ်၏ အာရုံပြုရာနေရာ)
အာကာသာနဉ္စာယတနကုသလစိတ္တ=အာကာသကြဉ်သော ကသိုဏ်း ၉ ပါး တို့တွင် ၁ ပါး,ပါးကို ပယ်ခွါ၍ရသော ကောင်းကင် (ကသိဏုဂ္ဃါဋိမာကာသ) ပညတ်ကို အာရုံပြုသော ကုသိုလ်စိတ်။
မှတ်ချက်=၎င်း၏အာရုံဖြစ်သော ကသိဏုဂ္ဃါဋိမာကာသပညတ်ဖြင့် အာကာသာနဉ္စာယတနဟု အမည်ပေးသောကြောင့် အာရုံအားဖြင့်ပြားသော စိတ်(အာရုံဖြင့် အမည်တပ်သောစိတ်ဟူလို)

ဝိညာဏ=အာကာသာနဉ္စာယာတနစိတ်။
ရှင်း= ရပြီးအာကာသာနဉ္စာယတနစျာန်၏ အပြစ်ကိုရှု၍ ၎င်းကိုပင်အာရုံပြုကာ "ဝိညာဏံအနန္တံ"ဟု စီးဖြန်းလျှင် ဝိညာဏဉ္စာယတနစျာန်ကိုရသည်။ ၎င်းဝိညာဏဉ္စာယတနသည် အာကာသာနဉ္စာယတနကို အာရုံပြုသည်။ထို့ကြောင့် ၎င်းစျာန်လည်း ၎င်း၏အာရုံဖြင့်ပင်အမည်ရ၏။
အနန္တ,အာနဉ္စ=ဉပါဒ်, ဌီ, ဘင်ကန့်သတ်ချက်မရှိသော ကသိဏုဂ္ဃါဋိမာကာသကို အာရုံပြုတဲ့ အာကာသာနဉ္စာယတနပဲဟု ၎င်း၏အာရုံကိုအပြစ်မြင်ခြင်း (ဥာနူပစာ-အာရုံ၏အပြစ်ကို ဝိညာဏ်၌တင်စား။)
အနန္တ=၁။ အာကာသာနဉ္စာ၌-အနန္တ=ကသိဏုဂ္ဃာဋိမာကာသ။
၂။ ဝိညာဏဉ္စာ၌-အနန္တ=ပထမာရုပ္ပဝိညာဏ်(ဤသို့အနန္တချင်းတူး)
အာကိဉ္စည=နတ္ထိဘောပညတ် (ဘာမျှမရှိ) (အကိဉ္စနကို အာကိဉ္စညပြု)
ရှင်း=ရပြီးဝိညာဏဉ္စာယတန၏ အပြစ်ကိုရှု၍ ၎င်းမရှိလျှင်ကောင်းမည်ဟု နှလုံးသွင်းကာ နတ္ထိဘောပညတ်ကို အာရုံပြုလျက် "နတ္ထိကိဉ္စိ"ဟု စီးဖြန်းလျှင် အာကိဉ္စညာယတနကို ရသည်။
၎င်းအာကိဉ္စညာယတနသည် နတ္ထိဘောပညတ်ကို အာရုံပြုသည်။
ထို့ကြောင့် ၎င်းအာရုံဖြင့်ပင် 'အာကိဉ္စညာယတနစိတ်'ဟု အမည်ပေးသည်။
နေ ၁သညာ=ကြမ်းတမ်းသော သညာစေတသိက်မရှိ၊
နအသညာ=သိမ်မွေ့သော သညာမရှိသည်မဟုတ် (သိမ်မွေ့သော သညာရှိသည်ဟုဆိုလို)
ရှင်း=ရပြီးအာကိဉ္စညာယတနသည် နတ္ထိဘောပညတ်ကိုအာရုံပြုနိုင်၍သိမ်မွေ့ပေသည်ဟု သဘောကျ၊ ၎င်းထက် ပိုသိမ်မွေ့လျှင် ပိုကောင်းမည်ဟု စဉ်းစား၊ ၎င်းနောက် အာကိဉ္စညာယတနကိုပင် အာရုံပြုကာ "ဝိညာဏံအနန္တံ"ဟု စီးဖြန်း နေဝသညာနာသညာယတန စျာန်ကို ရ၏။ ၎င်းနေဝသညာနာသညာယတနသည် အာကိဉ္စညာယတနကို အာရုံပြုသည်။
ထို့ကြောင့်၎င်း၏ အာရုံဖြစ်သော အာကိဉ္စညာယတန၌ ယှဉ်သော သိမ်မွေ့သောသညာ စေတသိက်ဖြင့် အမည်ပေးသည်။ (နက်နဲ၏)
မှတ်ချက်=ဝေဒနာ စသည်ဖြင့် နေဝဝေဒနာ နာဝေဒနာ၊ နေဝဖဿာ နာဖဿာယတနစသည် အမည်ပေးနိုင်သည်။

အမှာ=စျာန်တက်ပုံ အကျယ်ကို ကမ္မဋ္ဌာန်းပိုင်း၌ရှု။
စတ္တာရိပိဉ္စ-ပိ=ရူပစျာန်တန်းက ဆိုခဲ့သည့် အကျင့်နှင့် ပတ်သက်သော ၄ ပါး (ဒုက္ခာပဋိပဒါစသည်။)
အာရုံနှင့်ပတ်သက်သော ၄ ပါး (ပရိတ္တံ ပရိတ္တာရမ္မဏံစသည်။)
၎င်း ၂ မျိုးတို့ကို ရောလျှင်(ဝါ) မြှောက်လျှင် အရူပစျာန် ၁၆ မျိုး ဖြစ်နိုင်သည်။
၎င်း ၁၆ မျိုးတို့ကိုလည်းကောင်း၊ အခြားများစွာသော စျာန်တို့ကို လည်းကောင်းအရူပစျာန်ခေါ်နိုင်ကြောင်းအပိသဒ္ဒါကပြ၏။

နိဂုံး

၂၉။ **ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသ အရူပါဝစရကုသလဝိပါကကြိယ စိတ္တာနိ သမတ္တာနိ။**
သဗ္ဗထာ=အကုန်လုံး အရူပါဝစရမည်။
ပိ-အပိ = ၁ ခုစီ, ၂ စီစသည်လည်း အရူပါဝစရပင်။

သင်္ဂဟဂါထာ

၃၀။ အာလမ္ဗဏပ္ပဘေဒေန၊ စတုဓာရုပ္ပမာနသံ။
ပုညပါကကြိယာ ဘေဒါ၊ ပုနဒွါဒသဓာဋ္ဌိတံ။

အာလမ္ဗဏပ္ပဘေဒေန=၁။ ကသိဏုဂ္ဃာဋိမာကာသအာရုံ
၂။ အာကာသာနဉ္စာယတန စျာန်စိတ်ဟူသောအာရုံ
၃။ နတ္ထိဘောပညတ်အာရုံ
၄။ အာကိဉ္စညာယတနစျာန်စိတ်ဟူသောအာရုံ
စတုဓာ=အစဉ်အတိုင်း ၎င်းအာရုံတို့ဖြင့် အမည်ပေးထားသောစျာန် ၄ ပါး။
ရှင်း=စျာန်အင်္ဂါတူလို့ စျာန်အင်္ဂါကို လွန်မဖြစ်၊ အာရုံကိုသာလွန်၍ ဖြစ်သည်။ ထို့ကြောင့် အာရုံအားဖြင့် ပြား၏ဟုဆိုသည်။ (စျာန်အင်္ဂါ အားဖြင့်မပြားဟူလို)
ဒွါဒသဓာ=၎င်း၄ပါးလုံးတို့သည် ကုသိုလ် ဝိပါက် ကြိယာ ၃ မျိုးလုံးတို့မှာ ဖြစ်ကြသောကြောင့် ၄ × ၃ = ၁၂ ပါး။
ဥပေက္ခာ=အာရုံ၄ပါးတို့တွင် ကသိဏုဂ္ဃာဋိမာကာသနှင့် နတ္ထိဘောပညတ် တို့သည် အထည်ကိုယ်မရှိ၍ အားရစရာ အာရုံများမဟုတ်။

အာကာသာနဉ္စာယတန စျာန်ဟူသော အာရုံနှင့် အာကိဉ္စညာယတန စျာန်ဟူသော အာရုံတို့သည် အောက်အဆင့်က ရဘူးပြီးသားဖြစ်ကြ၍အားရစရာအာရုံများမဟုတ်။ထို့ကြောင့် ဥပေက္ခာ ဝေဒနာသာ။

ပဉ္စမစျာန်=ဍင်းဥပေက္ခာသည် ပဉ္စမစျာန်၌သာယှဉ်၏၊ ကျန်စျာန်တို့၌ မယှဉ်။ ဤဥပေက္ခာ ယှဉ်သော ရူပ ပဉ္စမစျာန်နှင့် အရူပ စျာန်တို့သည် ဥပေက္ခာဧကဂ္ဂတာ စျာန်အင်္ဂါချင်းတူညီသောကြောင့် အရူပစျာန်ကို ပဉ္စမစျာန်ဟု ခေါ်သည်။ (အထောက်=အာရုပ္ပဉ္စာပိပဉ္စမေ)

အရူပါဝစရစိတ်	အတိက္ကမိတဗ္ဗအာရုံ	အာလမ္ဗိတဗ္ဗအာရုံ
၁။ ပထမစိတ်	ကသိုဏ်းနိမိတ်	ကသိဏုဂ္ဃာဋိမာကာသ
၂။ ဒုတိယစိတ်	ကသိဏုဂ္ဃာဋိမာကာသ	ပဌမာရုပ္ပဝိညာဏ်
၃။ တတိယစိတ်	ပဌမာရုပ္ပဝိညာဏ်	နတ္ထိဘာဝပညတ်
၄။ စတုတ္ထစိတ်	နတ္ထိဘာဝပညတ်	တတိယာရုပ္ပဝိညာဏ်

လော**ကုတ္တ**ရာစိတ်အကျဉ်း ၈ ပါး

မဂ်စိတ် ၄ ပါး

၃၁။ သောတာပတ္တိမဂ္ဂစိတ္တံ
သကဒါဂါမိမဂ္ဂစိတ္တံ
အနာဂါမိမဂ္ဂစိတ္တံ
အရဟတ္တမဂ္ဂစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရကုသလစိတ္တာနိနာမ။

သရုပ်=၁။ သောတာပတ္တိမဂ်စိတ် ၁ ခု
၂။ သကဒါဂါမိမဂ်စိတ် ၁ ခု
၃။ အနာဂါမိမဂ်စိတ် ၁ ခု
၄။ အရဟတ္တမဂ်စိတ် ၁ ခု=ပေါင်း၄ပါး

သောတ,မဂ္ဂ,သောတာပတ္တိမဂ္ဂ=ဥပုဒ်လုံး မဂ်ကိုကောက်။ (အဋ္ဌင်္ဂိကမဂ်နှင့်သတ္တင်္ဂိကမဂ်ကို မဂ် ခေါ်။

သောတာပတ္တိ=အာရုံပြုသော အား ဖြင့် နိဗ္ဗာန်သို့ အရင်ဆုံး ရောက် ခြင်း (သောတာ ပတ္တိမဂ် အရကောက်) (အာပတ္တိ၌ 'အာ' အရင်ဆုံး)

တနည်း=အရင်ဆုံးမဂ်ကို ရသောပုဂ္ဂိုလ် (၎င်းပုဂ္ဂိုလ်၏မဂ်ကို သောတာပတ္တိမဂ်ခေါ်သည်။)

ရှင်း=**သောတ**=နိဗ္ဗာန်သို့ ကပ်ရောက်တတ်လို့ သောတ။
ရေအလျင်ကဲ့သို့ နိဗ္ဗာန်သို့ စီးဝင်တတ်လို့သောတ။
မဂ္ဂ= နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်လည်းကောင်း
နိဗ္ဗာန်ကိုအလိုရှိသူတို့ ရှာမှီးအပ်သောကြောင့် လည်းကောင်း၊
ကိလေသာကိုသတ်လျက် နိဗ္ဗာန်သို့ သွားတတ်သောကြောင့် လည်းကောင်း မဂ္ဂ။

မဂ်= သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ၎င်း ၈ ပါးလုံး၏ အမည် (အဋ္ဌင်္ဂိကမဂ်ဟူသည် ၎င်းပင်။)

တနည်း=သမ္မာသင်္ကပ္ပကြဉ် ၇-ပါးလုံး၏အမည်၊ (သတ္တင်္ဂိကမဂ်လည်းခေါ်) (အကျယ် ဒုတိယဈာန် စသည်၌ မယှဉ်၍ကြဉ်သည်။)

မဂ္ဂင်= ၎င်း ၇ ပါး၊ ၈ ပါးတွင် ၁ ပါးစီ ၁ ပါးစီ၏ အမည်။

သောတာပတ္တိမဂ္ဂစိတ္တ=အရင်ဆုံးရသော မဂ်(၈)ပါး (၇)ပါးနှင့် ယှဉ်သော စိတ် (ပထမ မဂ်စိတ်ဟူလို။)

တနည်း=အရင်ဆုံးမဂ်ရသော ပုဂ္ဂိုလ်၏ မဂ် ၈-ပါး, ၇ ပါးနှင့်ယှဉ်သောစိတ် (ပထမ မဂ်စိတ်ပင်။)

သကိံ= ၁ ကြိမ် ပဋိသန္ဓေနေ။

အာဂါမီ=ပြန်လာ(လူ့ဘုံသို့ သကဒါဂါမ်ဘဝနဲ့ပြန်လာတာကိုယူ။)

သကိံအာဂါမီ=သကဒါဂါမီ=၁ကြိမ် လူ့ပြည်သို့ ပြန်လာသူ (သကဒါဂါမ် ဘဝနှင့်ပင်ပြန်လာပြီး ၁ ကြိမ် ပဋိသန္ဓေနေသူ။)

သကဒါဂါမ် ၅–၁။ လူ့ပြည်မှာ သကဒါဂါမ်ဖြစ်၊လူ့ပြည်မှာပင် ပရိနိဗ္ဗာန် ပြုသူ(ဣဓပတွာ ဣဓပရိနိဗ္ဗာယီ။)

၂။ နတ်ပြည်မှာ သကဒါဂါမ် ဖြစ်၊ နတ်ပြည်မှာပင် ပရိနိဗ္ဗာန်ပြုသူ (တတ္ထပတွာ တတ္ထပရိနိဗ္ဗာယီ။)

၃။ လူ့ပြည်မှာ သကဒါဂါမ် ဖြစ်၊ နတ်ပြည်မှာ ပရိနိဗ္ဗာန် ပြုသူ (ဣဓ ပတွာ တတ္ထ ပရိနိဗ္ဗာယီ။)
၄။ နတ်ပြည်မှာ သကဒါဂါမ် ဖြစ်၊လူ့ပြည်မှာပရိနိဗ္ဗာန်ပြုသူ (တတ္ထ ပတွာ ဣဓပရိနိဗ္ဗာယီ။)
၅။ လူ့ပြည်မှာ သကဒါဂါမ် ဖြစ်၊ နတ်ပြည်မှာ နေနိုင်သလောက် နေ၊ လူ့ပြည်သို့ သကဒါဂါမ်အဖြစ်နှင့် ပြန်လာပြီး ပဋိသန္ဓေနေသူ (ဣဓ ပတွာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ။)

မှတ်ချက်=သကဒါဂါမီအရ နောက်ဆုံးပုဂ္ဂိုလ်ကို မှချယူ၊ကျန်ပုဂ္ဂိုလ်များကို (သဒ္ဒိသူပစာ)

သကဒါဂါမိ မဂ္ဂစိတ္တ=သကဒါဂါမ် ပုဂ္ဂိုလ်တို့၏ မဂ် ၈ ပါး၊ ၇ ပါး နှင့် ယှဉ်သောစိတ်။

မှတ်ချက်=မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် လာမှု မဖြစ်နိုင်သောကြောင့် ဖလဋ္ဌာန်ဖြင့် အမည်ပေးသည်(ဖလူပစာ။)

အနာဂါမိ=ပဋိသန္ဓေအားဖြင့် ကာမဘုံသို့ မလာသော ပုဂ္ဂိုလ်။

အနာဂါမိမဂ္ဂစိတ္တ=အနာဂါမ် ပုဂ္ဂိုလ်တို့၏ မဂ် ၈ ပါး၊၇ ပါးနှင့်ယှဉ်သော စိတ်။

အရဟာ=ပူဇော် အထူးကို ခံထိုက်သော ရဟန္တာ။

တနည်း=အရိ(ဝါ) အရခေါ် ကိလေသာတို့ကို သတ်တတ်သောရဟန္တာ။

တနည်း=ဆိတ်ကွယ်ရာ၌သော်မှ မကောင်းမှုကိုမပြုသော ရဟန္တာ။

အရဟတ္တ=ရဟန္တာ ဖြစ်ကြောင်း ဖိုလ်(အရဟတ္တဖိုလ်)

အရဟတ္တမဂ္ဂစိတ္တ=အရဟတ္တဖိုလ် ရကြောင်းဖြစ်သော မဂ် (၈)ပါး (၇)ပါး နှင့်ယှဉ်သောစိတ်။

စတ္တာရိ=ယှဉ်ဘက် မဂ် ၄ မျိုး ရှိသောကြောင့် စိတ် ၄ မျိုး ဖြစ်သည်။ (အကျယ် စတုမဂ္ဂပ္ပဘေဒေန ဂါထာ၌ကြည့်)

ပိ,အပိ=မဂ် ၄ဝဝဝ တို့ကိုလည်း မဂ်ခေါ်။

မဂ်၁၀၀၀=သုညတမဂ် ၁+အပ္ပဏိဟိတမဂ် ၁=ပေါင်း မဂ် ၂ ခု

သုညတမဂ်သည် ဆင်းရဲစွာကျင့် နှေးကွေးစွာရ စသည် ၄ ခု

အပ္ပဏိဟိတမဂ်သည် ဆင်းရဲစွာကျင့် နှေးကွေးစွာရ စသည် ၄ ခု= ပေါင်း ၁၀ ခု။

မဂ်, သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ,ဗိုလ်, ဗောဇ္ဈင်,ဿစ္စာ သမထ, ဝိပဿနာ, ခန္ဓာ, အာယတန, ဓာတ်, အာဟာရ, ဖဿ,

ဝေဒနာ, သညာ, စေတနာ, စိတ်, ၎င်း ၁၉တည်×ယခင် ၁၀ မြှောက်=၁၉၀+ယခင် ၁၀ ပေါင်း၂၀၀။ ၎င်း ၂၀၀တည်×အဓိပတိ ၄ မြှောက်=၈၀၀+ယခင် ၂၀၀ ပေါင်း မဂ်၏အမည်ပေါင်း= ၁၀၀၀× မဂ်စိတ် ၄ မြှောက်=၄၀၀၀။ (၁၉×၁၀=၁၉၀+၁၀ =၂၀၀×၄=၈၀၀+၂၀၀=၁၀၀၀×၄=၄၀၀၀)

ဖိုလ်စိတ် ၄ ပါး

၃၂။ သောတာပတ္တိဖလစိတ္တံ
သကဒါဂါမိဖလစိတ္တံ
အနာဂါမိဖလစိတ္တံ
အရဟတ္တဖလစိတ္တဉ္စေတိ
ဣမာနိ စတ္တာရိပိ လောကုတ္တရဝိပါကစိတ္တာနိ နာမ။

သရုပ်=၁။ သောတာပတ္တိဖိုလ်စိတ် ၁ ခု
၂။ သကဒါဂါမိ ဖိုလ်စိတ် ၁ ခု
၃။ အနာဂါမိဖိုလ်စိတ် ၁ ခု
၄။ အရဟတ္တဖိုလ်စိတ် ၁ ခု=ပေါင်း ၄ ခု။

သောတာပတ္တိဖလစိတ္တ=မဂ်သို့ ရှေ့ဦးစွာ ရောက်သဖြင့် ရအပ်သော အကျိုး ဖြစ်သောစိတ်။
တနည်း=မဂ်သို့ ရှေ့ဦးစွာ ရောက်သော ပုဂ္ဂိုလ်၏ အကျိုး ဖြစ်သော စိတ်။
သကဒါဂါမိဖလစိတ္တ=သကဒါဂါမ် ပုဂ္ဂိုလ်၏ အကျိုး ဖြစ်သော စိတ်။
အနာဂါမိဖလစိတ္တ=အနာဂါမ် ပုဂ္ဂိုလ်၏ အကျိုး ဖြစ်သော စိတ်။
အရဟတ္တဖလစိတ္တ="အရဟတ္တ"မည်သော ဖိုလ်စိတ်။

နိဂုံး

၃၃။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌ လောကုတ္တရကုသလ ဝိပါက စိတ္တာနိ သမတ္တာနိ။

သဗ္ဗထာ=အကုန်လုံး လောကုတ္တရာ။
ပိ=အပိ=၁ ခုစီ, ၂ ခုစီလည်း လောကုတ္တရာပင်။
လောကုတ္တရကုသလစိတ္တ=မဂ်စိတ် (လောကုတ္တရာ ကုသိုလ်စိတ်လည်းခေါ်။)
လောကုတ္တရဝိပါကစိတ္တ=ဖိုလ်စိတ် (လောကုတ္တရာ ဝိပါက်စိတ်လည်းခေါ်။)

သင်္ဂဟဂါထာ

၃၄။ စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလံတထာ။
ပါကံတဿ ဖလတ္တာတိ၊ အဋ္ဌဓာနုတ္တရံ မတံ။ ။

သရုပ်=၄ ပါးသော မဂ်တို့နှင့် ယှဉ်သော အပြားအားဖြင့် ကုသိုလ်သည်(၄) မျိုး ပြား၏။
ဝိပါက်သည် ကုသိုလ်၏ အကျိုးဖြစ်သောကြောင့် (၄) ပါးပင်။ ထို့ကြောင့် လောကုတ္တရာ (၈)ပါး။

စတုမဂ္ဂ=၁။ ဣန္ဒြေမထက်သောမဂ်(ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် အပါယဂမနီယပယ်)
၂။ ဣန္ဒြေထက်သောမဂ် (ကြမ်းတမ်းသော ကာမရာဂ,ဗျာပါဒကို ပါးအောင်ပယ်)
၃။ ဣန္ဒြေ အလွန်ထက်သောမဂ် (ကာမရာဂ,ဗျာပါဒအကုန်ပယ်)
၄။ ဣန္ဒြေ အထူးသဖြင့် အလွန်ထက်သောမဂ် (ရူပရာဂ,အရူပရာဂ မာန, ဥဒ္ဓစ္စ အဝိဇ္ဇာတို့ကို အကုန်ပယ်) ဤသို့သော သဘောသတ္တိ ကွာခြား၍ ၄ ပါး ပြားသည်။

ကြိယာမရှိ=မဂ်(၁)ကြိမ်သာ ဖြစ်သောကြောင့် ကြိယာ မရှိ။
မဂ်(၁)ကြိမ်=နောက်ဆပ် ပြုဖွယ်ကိစ္စ မရှိသောကြောင့် (၁) ကြိမ်သာ ဖြစ်သည်။

ရှင်း= ပုထုဇဉ်,သေက္ခ အချိန်က ဘုရားရှိခိုးသော စိတ်ကို ကုသိုလ်စိတ် (အကျိုးပေးသောကြောင့် ဤအမည်တပ်သည်။)
ရဟန္တာ ဘုရားရှိခိုးသော စိတ်ကို ကြိယာစိတ် (အကျိုးမပေးသော ကြောင့် ဤအမည်တပ်သည်။)
ဘုရား အာရုံပြု ဖြစ်သော စိတ်ချင်း အတူတူပင်၊ပုထုဇဉ် သေက္ခ အချိန်မှာ ဖြစ်သော စိတ်မျိုးသည် ရဟန္တာ အချိန်မှာလည်း ဖြစ်ပြန်၏၊ မဂ်သည်ကား ဤလို နောက်ထပ် မဖြစ် ဟူလို။

စိတ်အကျဉ်း ၈၉ ပါး

ဇာတ်အားဖြင့်ရေတွက်ခြင်း

၃၅။ ဒွါဒသာ ကုသလာနေဝံ၊ ကုသလာနေကဝီသတိ။
ဆတ္တိံသေဝ ဝိပါကာနိ၊ ကြိယစိတ္တာနိ ဝီသတိ။ ။

ဘုံအားဖြင့်ရေတွက်ခြင်း

၃၆။ စတုပညာသခေ ကာမေရူပေ ပန္နရသိရယေ။
စိတ္တာနိ ဒွါဒသာရုပ္ပေ၊အဋ္ဌဓာ နုတ္တရေ တထာ။ ။

ရူပေ= အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ (အသညသတ်ဘုံ၌ စိတ်မရှိလို့ကြဉ်သည်။)
အနုတ္တရေ=လောကုတ္တရာတရား (၉)ပါး အပေါင်း၌၊ စိတ္တာနိ=စိတ်တို့ကို၊ တနည်း=အနုတ္တရေ=အဝတ္ထာဘုံ၌အဋ္ဌဓာ=၈ ပါးအပြား ရှိကုန်၏ ဟူ၍။
အမှာ=ရှကွေ့သာခါ=သင်ပင်၌ သစ်ကိုင်း ဆိုသလို လောကုတ္တရာ တရား (၉)ပါး အပေါင်းမှ လောကုတ္တရာစိတ်(၈)ခုကို ယူဟု ဆိုသည်။
မှတ်ချက်=အနုတ္တရေ=အဝတ္ထာဘုံ၌ဟု ဆိုသေးသည်။
ရှင်း=လောကုတ္တရာ၏ ဖြစ်ရာဘုံ သီးသန့် မရှိ၊ ၎င်းတရားများ ဖြစ်ခိုက်၊ ၎င်း၏ ဘုံဟုယူဆကာ အဝတ္ထာဘုံ (အခိုက်အတန့်ဘုံ)ဟု ဆိုကြ၏။

၃၇။ ဣတ္ထမေကူနနဝုတိ၊ ပဘေဒံ ပန မာနသံ
ကေဝီသသတံ ဝါထ၊ဝိဘဇန္တိ ဝိစက္ခဏာ။

သရုပ်=ပြခဲ့ပြီးသောစိတ် ၁ ခု ယုတ်(၉၀) (၀၁) (၈၉)တို့ကို (၁၂၁) ပါး ဖြစ်အောင် ခွဲဝေကြသည်။

စိတ်အကျယ် ၁၂၁ ပါး

၃၈။ ကထမေကူနနဝုတိဝိဓံ စိတ္တံ ကေဝီသသတံ ဟောတိ။

လောကုတ္တရာစိတ် အကျယ် ၄၀
သောတာပတ္တိမဂ်စိတ်၅ ပါး

ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ
ပဌမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ
ဝိစာရ ပီတိသုခေကဂ္ဂတာ သဟိတံ
ဒုတိယဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ
ပီတိ သုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာန
သောတာပတ္တိမဂ္ဂစိတ္တံ
သုခေ ကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာန
သောတာပတ္တိမဂ္ဂစိတ္တံ

ဥပေက္ခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာန
သောတာပတ္တိမဂ္ဂစိတ္တဉ္စေတိ
ဣမာနိ ပဉ္စပိ သောတာပတ္တိမဂ္ဂစိတ္တာနိ နာမ။

သရုပ်=၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်း ဟူသော ဈာန်အင်္ဂါ (၅)ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သောတာပတ္တိမဂ်စိတ်(၁)ခု

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်း ဟူသော ဈာန် အင်္ဂါ ၄ ပါးနှင့်တကွ ဖြစ်သော ဒုတိယဈာန် သောတာ ပတ္တိမဂ်စိတ် ၁ခု

၃။ ပီတိ, သုခ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ(၃)ပါး နှင့် တကွဖြစ်သော တတိယဈာန်သောတာပတ္တိမဂ်စိတ်(၁)ခု

၄။ သုခ, ဧကဂ္ဂတာ တည်းဟူသောဈာန်အင်္ဂါ (၂) ပါး နှင့် တကွ ဖြစ်သော စတုတ္ထဈာန် သောတာပတ္တိမဂ်စိတ်(၁)ခု

၅။ ဥပေက္ခာ, ဧကဂ္ဂတာတည်း ဟူသော ဈာန်အင်္ဂါ(၂)ပါးနှင့်တကွ ဖြစ်သော ပဉ္စမဈာန် သောတာပတ္တိမဂ်စိတ်(၁)ခု=ပေါင်း ၅ခု

အထက်မဂ်စိတ် ၃ အကျယ် ၁၅

၃၉။ တထာ သကဒါဂါမိမဂ္ဂ,အနာဂါမိမဂ္ဂ,
အရဟတ္တမဂ္ဂစိတ္တဉ္စေတိ သမဝီသတိ မဂ္ဂစိတ္တာနိ

တထာ=သကဒါဂါမိမဂ်စိတ် ၅
အနာဂါမိမဂ်စိတ် ၅
အရဟတ္တမဂ်စိတ် ၅ =ပေါင်း ၁၅

အမှာ=ယခင်သောတာ ပတ္တိမဂ်စိတ်(၅)=ပေါင်း ၂၀။

သတိ=ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၅ ပါးနှင့် တကွ ဖြစ်သော ပထမဈာန် သကဒါဂါမိမဂ်စိတ် စသဖြင့် သောတာပတ္တိမဂ်စိတ်ကို နည်းမှီ၍ မဂ်တိုင်းမဂ်တိုင်းကို ပထမ ဈာန်,ဒုတိယဈာန်,တတိယဈာန်,စတုတ္ထဈာန်,ပဉ္စမဈာန်တို့ကို ဆိုရိုး ကျ လေ့လာပါ။

လွယ်တယ်ဟု ယူဆကာ လေ့လာမှုနည်းလျှင် အသေးစိတ် ခွဲဝေတဲ့ အခါ အခက်အခဲ တွေ့တတ်သည်။

ပညာတို့မည်သည် ခက်တယ်ဆိုတာလဲမရှိ၊ လွယ်တယ် ဆိုတာလဲမရှိ သိလျှင် လွယ်သည်၊ မသိလျှင် ခက်သည်။
(သတိပြုစေချင်၍ တပည့်များအား ဩဝါဒပေးသည့်အတိုင်း ထည့်ရေးလိုက်သည်။)

၄၀။ **တထာ ဖလစိတ္တာနိစေတိ သမစတ္တာလီသ**
လောကုတ္တရစိတ္တာနိ ဘဝန္တီတိ

တထာ=သောတာပတ္တိဖိုလ်စိတ် ၅
သကဒါဂါမိဖိုလ်စိတ် ၅
အနာဂါမိဖိုလ်စိတ် ၅
အရဟတ္တဖိုလ်စိတ် ၅=ပေါင်း ၂၀။

သတိ=ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာတည်း ဟူသော စျာန်အင်္ဂါ (၅)ပါးနှင့် တကွ ဖြစ်သော ပထမစျာန် သောတာပတ္တိ ဖိုလ်စိတ် (၁)ခု စသဖြင့် (၄၀)ပြည့်အောင် လေ့လာပါ။

သမစတ္တာလီသ=မဂ်စိတ် ၂၀
ဖိုလ်စိတ် ၂၀=ပေါင်း ၄၀။

လောကုတ္တရာစိတ် ၄၀ ဖြစ်ခြင်း အကြောင်း

၄၁။ စျာနင်္ဂယောဂဘေဒေန ကတွေကေကံ တု ပဉ္စဓာ
ဝုစ္စတာနုတ္တရံ စိတ္တံ စတ္တာလီသဝိဓန္တိစ

သရုပ်· ပါဒကစျာန်, သမ္မသိတစျာန်, ပုဂ္ဂလဇ္ဈာသယစျာန် အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် (၁)ခု (၁)ခုသော လောကုတ္တရာစိတ်ကို (၅)ပါးစီပွား၍ (၄၀)အပြားရှိ၏ ဟုဆိုထိုက်၏။

ပါဒကစျာန်=ဝိပဿနာရှုရန် အခြေခံသဘောဖြင့် ဝင်စားသောစျာန်။

သမ္မသိတစျာန်=အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာရှုအပ်သောစျာန်၊

ပုဂ္ဂလဇ္ဈာသယစျာန်=ပုဂ္ဂိုလ်၏ အလိုအတိုင်း ရသောစျာန်။

ပါဒကပြု=ဝိပဿနာ ရှုခါနီး စျာန်ဝင်စားခြင်းကို ဆိုပါသည်။

သမ္မသိတပြု=သင်္ခါရ တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, ဟု ရှုခြင်းကို သမ္မသိတ ပြုသည်ဟု ဆိုသည်(ဝိပဿနာ ရှုသည်ဟုလည်း ဆိုရိုးပြု၏။)

ပုဂ္ဂိုလ် ၂ မျိုး=၁။ စျာန်မရပဲ မဂ်ဖိုလ် ရသောပုဂ္ဂိုလ်။
၂။ စျာန်ရပြီးမှ မဂ်ဖိုလ် ရသောပုဂ္ဂိုလ်။

ရှင်း= (က) စျာန်မရပဲ မဂ်ဖိုလ်ရသော ပုဂ္ဂိုလ်သည် ကာမစိတ်, စေတသိက်, ရုပ်, ၎င်းသခ်ါရ တရားများကို အနိစ္စ, ဒုက္ခ, အနတ္တ,ဟု ဝိပဿနာရှုရသည်။ ဤသို့ရှု၍ ရသောမဂ်နှင့် ၎င်းနောက်က ဖိုလ်ကို မဂ်စိတ် ဖိုလ်စိတ်ဟု သာမညအမည်ပေးရသည်။

(ခ) စျာန်ရ ပုဂ္ဂိုလ် ဖြစ်စေကာမူ စျာန်ကို ပါဒက မပြုပဲ ယခင် နည်းအတိုင်း ကာမစိတ်, စေတသိက်, ရုပ်, ကိုပင် ဝိပဿနာ ရှု၍ရသော မဂ်ဖိုလ်ကို မဂ်စိတ် ဖိုလ်စိတ်ဟုပင် သာမည အမည်ပေးရသည်။ ။ဤအမည် ပေးနည်းအရ အကျဉ်းနည်းအားဖြင့် လောကုတ္တရာစိတ် (၈)ခုဟု ဆိုရိုးဖြစ်လာသည်။

(၁) စျာန်ရပုဂ္ဂိုလ်ပင် စျာန်ကို ပါဒကပြု၍ ကာမစိတ်,စေတသိက် ရုပ်(သခ်ါရ)ကို သမ္မသိတပြုလျက်ရသော မဂ်ဖိုလ်ကို ပါဒက စျာန်နှင့် အလားတူ ပထမစျာန် သောတာပတ္တိ မဂ်ဖိုလ် စသည် အမည်ပေး (ပါဒကစျာန်ဖြင့် အမည်ပေးနည်း)

(၂) ၁,ခုခုသော စျာန်ကို ပါဒကပြုလျက် ၁,ခုခုသောစျာန်ကို သမ္မသိတပြုကာရသော မဂ်ဖိုလ်ကို။

(က) ပါဒကပြုသော စျာန်က အဆင့်မြင့်လျှင် ပါဒကစျာန်နှင့် အလားတူ အမည်ပေး။

(ခ) သမ္မသိတစျာန်က အဆင့်မြင့်လျှင် သမ္မသိတစျာန်နှင့် အလားတူ အမည်ပေး။

(ဂ) အဆင့်ညီလျှင် သမ္မသိတဖြင့် အမည်ပေး။

ဥပမာ=(က) တဘိယစျာန်ကိုပါဒကပြု,ဒုတိယစျာန်ကို သမ္မသိတပြု,ရသော မဂ်ဖိုလ်ကို တတိယစျာန် မဂ်ဖိုလ်ဟု အမည်ပေး။ (ပါဒကဖြင့် အမည်ပေးနည်း) (ပါဒကက အဆင့်မြင့်လို့)

(ခ) ဒုတိယစျာန်ကို ပါဒကပြု,တတိယစျာန်ကို သမ္မသိတပြုရသော မဂ်ဖိုလ်ကို တတိယစျာန်မဂ်ဖိုလ်ဟု အမည်ပေး(သမ္မသိတဖြင့် အမည်ပေးနည်း)

(၈) တတိယဈာန်ကို ပါဒကပြု၊ တတိယဈာန်ကိုပင် သမ္မသိတပြု၊ ရသောမဂ်ဖိုလ်ကို တတိယဈာန်မဂ်ဖိုလ်ဟု အမည်ပေး (သမ္မသိတဖြင့် အမည်ပေးနည်း)

(၃) ရရိုးရစဉ် ဟုဘ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ပါဒကပြုချင်ရာပြု၊ သမ္မသိတ ပြုချင်ရာပြု၊ ပုဂ္ဂိုလ်၏ဆန္ဒအရ လိုချင်ရာကို ရသည်။ ၎င်းရသော မဂ်ဖိုလ်ကို ပုဂ္ဂိုလ်၏ ဆန္ဒအရဖြစ်သော ဈာန်ဖြင့် အမည်ပေး(ပုဂ္ဂလဇ္ဈာသယဖြင့် အမည်ပေးနည်း)

ဤကဲ့သို့ ပါဒက သမ္မသိတ ပုဂ္ဂလဇ္ဈာသယအားဖြင့် အမည်အမျိုးမျိုး ရသင့်သောကြောင့် အကျယ်နည်းအားဖြင့် လောကုတ္တရာစိတ်(၄၀) ဖြစ်လာသည်။

ဈာနင်္ဂယောဂဘေဒေန=ဆိုခဲ့ပြီးသော ပါဒက၊ သမ္မသိတ၊ ပုဂ္ဂလဇ္ဈာသယ ဈာန်အင်္ဂါမျိုးနှင့် ယှဉ်သော အပြားအားဖြင့်။

ဧကေကံ သောတာပတ္တိမဂ် စသော လောကုတ္တရာစိတ် (၁) ခုစီ (၁) ခုစီ။

ပဉ္စဓာ လောကုတ္တရာ ၁-ခုစီကို ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဟု ၅-ပါးစီ (ပါဒကဈာန် စသည်ကဲ့သို့)

စတ္တာလီသဝိဓံ ဆိုခဲ့ပြီးအတိုင်း ပြုလုပ်၍ ဖြစ်လာသော (၄၀)။

အဗ္ဘာ=ဈာန်မရ ပုဂ္ဂိုလ်၏ လောကုတ္တရာသည် ၄၀-မဖြစ်ပါ၊ ၄၀ သည် ပါဒက စသော ဈာန်နှင့်တူ၍ ခေါ်သောအတူ အမည်။(သဒိသူပစာ) ထို့ကြောင့် "ပုစ္ဆတိ" ကို သုံးသည်။

လောကီ လောကုတ္တရာ စိတ်အပေါင်း

၄၂။ ယထာစ ရူပါဝစရံ၊ ဂယှတာနုတ္တရံ တထာ။
ပဌမာဒိဈာနဘေဒေ၊ အာရုပ္ပဉ္စာပိပဉ္စမေ။ ။

ဝါကျခွဲ=၁။ **ရူပါဝစရံ ပဌမာဒိဈာနဘေဒေ ဂယှတိ ယထာ။**
ရူပါဝစရံ ရူပါဝစရစိတ်ကို ပဌမာဒိဈာနဘေဒေ ပဌမာဒိ ဈာနဘေဒေန ပထမ စသော ဈာန်တို့၏ အပြားအားဖြင့်၊ ဂယှတိ ယထာ ယူအပ်သကဲ့သို့။

၂၊ **တထာ အနုတ္တရံ ပဌမာဒိဈာနဘေဒေ ဂယှတိ။**
တထာ=ထို့အတူ၊ အနုတ္တရံ=လောကုတ္တရာစိတ်ကို၊ ပဌမာဒိ ဈာနဘေဒေ=ပဌမာဒိဈာန ဘေဒေန ပဌမ စသော ဈာန် တို့၏ အပြားအားဖြင့် ဂယှတိ=ယူအပ်၏။

၃။ အာရုပ္ပဉ္စာပိပဉ္စမေ ဂယှတိ။

အာရုပ္ပဉ္စာပိ= အရူပါဝစရစိတ်ကိုလည်း၊ ပဉ္စမေ=ပဉ္စမဈာန ဘာဝေန=ပဉ္စမဈာန်၏အဖြစ်ဖြင့်၊ ဂယှတိ=ယူအပ်၏။

သရုပ်= ရူပါဝစရစိတ်ကို ပဌမဈာန် စသဖြင့်(၅)မျိုးခွဲ။
လောကုတ္တရာကိုလည်း ၎င်းအတိုင်း (၅)မျိုးခွဲ။
အရူပါဝစရစိတ်ကိုတော့ ပဉ္စမဈာန် (၁) မျိုးသာခွဲ။

တနည်း ဝါကျခွဲ = ၁။ ရူပါဝစရဉ္စ အနုတ္တရဉ္စ ပဌမာဒိဈာနဘေဒေ ဂယှတိယထာ။

ရူပါဝစရဉ္စ=ရူပါဝစရစိတ် ကိုလည်းကောင်း၊ အနုတ္တရဉ္စ= လောကုတ္တရာ စိတ်ကိုလည်းကောင်း ပဌမာဒိဈာနဘေဒေ- ပဌမာဒိဈာနဘေဒေန=ပဌမစသော ဈာန်တို့၏ အပြားအားဖြင့်၊ ဂယှတိယထာ=ယူအပ်သကဲ့သို့။

၂။ တထာ အာရုပ္ပဉ္စာပိ ပဉ္စမေ ဂယှတိ။

တထာ=ထို့အတူ၊ အာရုပ္ပဉ္စာပိ= အရူပါဝစရစိတ်ကိုလည်း၊ ပဉ္စမေ=ပဉ္စမဈာနဘာဝေန=ပဉ္စမဈာန်၏ အဖြစ်ဖြင့် ဂယှတိ ယူအပ်၏။

သရုပ်=ရူပါဝစရ, လောကုတ္တရာတို့ကို ဈာန်(၅)မျိုးခွဲ။
အရူပါဝစရကိုတော့ ပဉ္စမဈာန်(၁)မျိုးသာခွဲ။ (ဤနည်းကို အရှင်အနုရုဒ္ဓါကြိုက်သတဲ့)(ဋီ)

ဈာန်အားလုံးကိုရေတွက်ခြင်း

ကောဒသဝိဓံ တသ္မာ၊ပဌမာဒိကမီရိတံ။
ဈာနမေကေကမန္တေတု၊ တေဝီသတိဝိဓံ ဘဝေ။ ။

သရုပ်=ပဌမဈာန် ၁၁ (ရူပ ၃+လောကုတ္တရာ ၈)
ဒုတိယဈာန် ၁၁ (ရူပ ၃+လောကုတ္တရာ ၈)
တတိယဈာန် ၁၁ (ရူပ ၃+လောကုတ္တရာ ၈)
စတုတ္ထဈာန် ၁၁ (ရူပ ၃+လောကုတ္တရာ ၈)
ပဉ္စမဈာန် ၂၃(ရူပ ၃+အရူပ ၁၂+လောကုတ္တရာ ၈)
တသ္မာ=ထို့ကြောင့်(ယထာစရူပါဝစရံဂါထာပြသောအကြောင်း။)
ပဌမာဒိကံ=ပဌမ, ဒုတိယ,တတိယ, စတုတ္ထဈာန်တို့ကိုယူ (ပဉ္စမဈာန်ကို သီးခြားပြလို့ မယူရ)

ကောဒသဝိဓံ=ရူပမှ ၃+လောကုတ္တရာမှ ၈=ပေါင်း ၁၁။
ကေကံဈာန်=၁ ခုစီ ၁ ခုစီသောဈာန် (ရှေ့ဈာန် ၄ ပါးသာ။)
အန္တေတု,အန္တံပန=နောက်ဆုံး ပဉ္စမဈာန်သည်ကား။
တေဝီသတိဝိဓံ=၂၃(ပါး ရူပ ၃+အရူပ ၁၂+လောကုတ္တရာ ၈)။

ကုသိုလ် ဝိပါက်အကျယ်နှင့်စိတ်အကျယ်

၄၃။ သတ္တတိံသဝိဓံ ပုညံ၊ ဒွိပညာသဝိဓံ တထာ။
ပါကမိစ္စာဟု စိတ္တာနိ၊ ကေဝိသသတံဗုဓော။ ။

ကုသိုလ်၃၇= မဟာကုသိုလ် ၈
ရူပကုသိုလ် ၅
အရူပကုသိုလ် ၄
လောကုတ္တရာကုသိုလ် ၂၀ (မဂ် လည်း ဟူ)=၃၇။

ဝိပါက်၅၂ = အဟိတ်ဝိပါက် ၁၅
မဟာဝိပါက် ၈
ရူပဝိပါက် ၅
အရူပဝိပါက် ၄
လောကုတ္တရာဝိပါက် ၂၀ (ဖိုလ်လည်းဟူ)=၅၂။

ကေဝိသသတံ=ကုသိုလ်စိတ် ၃၇ ဝိပါက် ၅၂=၈၉။
အကုသိုလ်စိတ် ၁၂။
ကြိယာစိတ် ၂၀=၁၂၁။

အမှာ= အရေအတွက် တိုးပွားခြင်းကို ကုသိုလ်, ဝိပါက်တို့၌သာ ရအပ်သော ကြောင့် သတ္တတိံသဝိဓံ စသော ဂါထာ၌ အကုသိုလ်စိတ်နှင့်ကြိယာ စိတ်တို့ကို မဆိုပါ။

စေတသိက်များနှင့်အမည်ထူး

ဝေဒနာစေတသိက်=သောမနဿသဟဂုတ်စိတ်။
ဥပေက္ခာသဟဂုတ်စိတ်။
ဒေါမနဿသဟဂုတ်စိတ်။
ဒုက္ခသဟဂုတ်စိတ်။
သုခသဟဂုတ်စိတ်။

ဒိဋ္ဌိစေတသိက် = ဒိဋ္ဌိဂတသမ္ပယုတ်စိတ်။
ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်။
လောဘစေသိတက်=လောဘမူစိတ်။
ဒေါသစေတသိက်= ပဋိဃသမ္ပယုတ်စိတ်၊ဒေါသမူစိတ်(ဒေါသမူဒွေး)
ဝိစိကိစ္ဆာစေတသိက်=ဝိစိကိစ္ဆာသမ္ပယုတ်စိတ်။
ဥဒ္ဓစ္စစေတသိက်=ဥဒ္ဓစ္စသမ္ပယုတ်စိတ်။
မောဟစေတသိက်=မောဟမူစိတ်။ (မောဟမူဒွေး) (ကေဟိတ်စိတ်)
ပညာစေတသိက်=ဉာဏသမ္ပယုတ်စိတ်။
ဉာဏဝိပ္ပယုတ်စိတ်။
ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ,ဧကဂ္ဂတာ=ပထမစျာန်စိတ်။
ဝိစာရ,ပီတိ, ဝေဒနာ,ဧကဂ္ဂတာ=ဒုတိယစျာန်စိတ်(ဝေဒနာ=သုခ)
ပီတိ, ဝေဒနာ, ဧကဂ္ဂတာ=တတိယစျာန်စိတ် (ဝေဒနာ=သုခ)
ဝေဒနာ, ဧကဂ္ဂတာ=စတုတ္ထစျာန်စိတ် (ဝေဒနာ=သုခ)
ဝေဒနာ,ဧကဂ္ဂတာ=ပဉ္စမစျာန်စိတ် (ဝေဒနာ=ဥပေက္ခာ)
သောဘဏစေတသိက်=သောဘဏစိတ်။
အသောဘဏစိတ်။
ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, စေဘသိက်= မဂ်စိတ် (မဂ်နှင့်ယှဉ်သောစိတ်)။ဖိုလ်စိတ်(သဒိသူ)

ကိစ္စနှင့်အမည်ထူး အလုပ်နှင့်အမည်ထူး (စာရေးကြီးစသည်လို)

အာဝဇ္ဇန်းကိစ္စ=(က) ပဉ္စဒွါရာဝဇ္ဇန်းစိတ်။
(ခ) မနောဒွါရာဝဇ္ဇန်းစိတ်။
သမ္ပဋိစ္ဆိုင်းကိစ္စ=သမ္ပဋိစ္ဆိုင်းစိတ်။
သန္တီရဏကိစ္စ=သန္တီရဏစိတ်။

ဝတ္ထုဒွါရနှင့်အမည်ထူး

စက္ခုဝတ္ထု, စက္ခုဒွါရ=စက္ခုဝိညာဏ်စိတ်။
သောတဝတ္ထု, သောတဒွါရ=သောတဝိညာဏ်စိတ်။
ဃာနဝတ္ထု, ဃာနဒွါရ=ဃာနဝိညာဏ်စိတ်။

ဇိဝှာဝတ္ထု, ဇိဝှာဒွါရ=ဇိဝှာဝိညာဏ်စိတ်။
ကာယဝတ္ထု, ကာယဒွါရ=ကာယဝိညာဏ်စိတ်။

ဒွါရ,ကိစ္စနှင့် အမည်ထူး

ပဉ္စဒွါရ, အာဝဇ္ဇန်းကိစ္စ=ပဉ္စဒွါရာဝဇ္ဇန်းစိတ်။
မနောဒွါရ, အာဝဇ္ဇန်းကိစ္စ=မနောဒွါရာဝဇ္ဇန်းစိတ်။
အမှာ=ဝုဋ္ဌောကိစ္စ=ဝုဋ္ဌောစိတ် (၎င်းအမည်ကို ပဉ္စဒွါရဝီထိပိုင်း၌သုံးမည်။)

ဈာန်နှင့်အမည်ထူး

ဈာန်=ပထမဈာန်စိတ်(အင်္ဂါငါးပါး အပေါင်းပဌမဈာန် ၎င်းနှင့်ယှဉ်သော စိတ် ပဌမဈာန်စိတ်။
ဈာန်=ဒုတိယဈာန်စိတ် (အင်္ဂါလေးပါးအပေါင်း ဒုတိယဈာန်၊ ၎င်းနှင့်ယှဉ်သောစိတ် ဒုတိယဈာန်စိတ်။)
ဈာန်=တတိယဈာန်စိတ်(အင်္ဂါသုံးပါး အပေါင်း တတိယဈာန်၊ ၎င်းနှင့်ယှဉ်သောစိတ် တတိယဈာန်စိတ်။)
ဈာန်=စတုတ္ထဈာန်စိတ် (အင်္ဂါနှစ်ပါး အပေါင်း စတုတ္ထဈာန်၊ ၎င်းနှင့်ယှဉ်သောစိတ် စတုတ္ထဈာန်စိတ်။)
ဈာန်=ပဉ္စမဈာန်စိတ် (အင်္ဂါနှစ်ပါး အပေါင်းပဉ္စမဈာန်၊ ၎င်းနှင့်ယှဉ်သောစိတ် ပဉ္စမဈာန်စိတ်။)

အာရုံနှင့်အမည်

ကသိဏုဂ္ဃာဋိမာကာသအာရုံ=အာကာသာနဉ္စာယတနစိတ်။
အာကာသာနဉ္စာယတနစိတ်အာရုံ=ဝိညာဏဉ္စာယတနစိတ်။
နတ္ထိဘာဝပညတ်အာရုံ=အာကိဉ္စညာယတနစိတ်။
အာကိဉ္စညာယတနစိတ်အာရုံ=နေဝသညာနာသညာယတနစိတ်။

အမည်ထူးများ

အကုသိုလ်နှင့် အဟိတ်=အသောဘဏစိတ် ၃၀။
ကျန် ၁ ခု ယုတ် ၆၀ (၅၉)=သောဘဏစိတ် ၁ ခုယုတ် ၆၀ (၅၉)။
အကုသိုလ်+အဟိတ်+ကာမာဝစရသောဘဏ=ကာမစိတ် ၅၄။
ရူပနှင့်အရူပ=မဟဂ္ဂုတ်စိတ် ၂၇။ (သတ္တဝီသ)

ရူပ+အရူပ+လောကုတ္တရာ=အပ္ပနာ ၃၅။
ကာမ+ရူပ+အရူပ=လောကီစိတ်ကောသိတိ (၈၁) (ကောသီတိ)။
ပထမစျာန်စိတ်=သောမနဿသဟဂုတ်စိတ်။
ဒုတိယစျာန်စိတ်=သောမနဿသဟဂုတ်စိတ်။
တတိယစျာန်စိတ်=သောမနဿသဟဂုတ်စိတ်။
စတုတ္ထစျာန်စိတ်=သောမနဿသဟဂုတ်စိတ်။
ပဥ္စမစျာန်စိတ်=ဥပေက္ခာသဟဂုတ်။ (စျာန်အင်္ဂါ ဥပေက္ခာထောက်)

ဘုံနှင့်အမည်

ကာမဘုံ=ကာမစိတ်=ကာမာဝစရစိတ်။
ရူပဘုံ=ရူပစိတ်=ရူပါဝစရစိတ်။
အရူပဘုံ=အရူပစိတ်=အရူပါဝစရစိတ်။
အဝတ္ထာဘုံ=လောကုတ္တရာစိတ်။

ဇာတ်နှင့်အမည်

တနည်းအမျိုးနှင့်အမည်

အကုသိုလ်+ကုသိုလ်= အကျိုးပေးတတ်သော အမျိုး။
ဝိပါက်=အကျိုးမျိုး=ဝိပါက်စိတ်။
ကြိယာ=အကြောင်းမဟုတ် အကျိုးမဟုတ် အမျိုး။

အမှာ=ယှဉ်ဘက် စသည်ဖြင့်ပြခဲ့သော အကြောင်း အမျိုးမျိုးအားဖြင့် တခုတည်းသော စိတ်ကို အမည် အမျိုးမျိုး တပ်၍ ထားသည်။ အဘိဓမ္မာပိဋကတခုလုံး ပရမတ္ထ လေးပါး၏ အမည်တွေချည်း ဖြစ်သည်။ ၎င်းတို့ကို ကျွမ်းကျင်လျှင် ဘယ်ဘုံ ဘယ်ဘဝ ဘယ်အမျိုး ရောက်ရောက် ပရမတ္ထတို့၏ အကြောင်းကို နားလည်မည်။

ဤသို့ မှန်မှန်ကန်ကန် နားလည်မှုကို သစ္စာသိဟု ဆိုသည်။ ထို့ကြောင့် ပရမတ္ထ တရားတို့၏ အမည်များကို တတ်ကျွမ်းအောင် ကြိုးစား၍ လေ့လာသင့်ပေသတည်း။

စိတ်ပိုင်းပြီး၏။

စာမေးပွဲဖြေသူများအတွက်

လေ့ကျင့်ခန်း

မေး။ သမ္မာသဒ္ဒါဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ မဖောက် မပြန်(ဝါ)ပိုင်ပိုင် နိုင်နိုင်။

မေး။ သံသဒ္ဒါဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ကိုယ်တော်တိုင် (သူများပြော၍ သိသည် မဟုတ်)။

မေး။ သမ္မာဗုဒ္ဓသဒ္ဒါဖြင့် အဘယ်ကိုပြပါသနည်း။

ဖြေ။ ဘုရားနှင့် ရဟန္တာ (အသိပိုင်၍ သူများကို ဟောနိုင်လို့)။

မေး။ သမ္ဗုဒ္ဓသဒ္ဒါဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ဘုရားနှင့် ပစ္စေကဗုဒ္ဓါ။ (ကိုယ်တိုင်သိကြလို့)

မေး။ သမ္မာသမ္ဗုဒ္ဓသဒ္ဒါဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ဘုရား၏အမည်ကို ပြပါသည် (ဝါ) ဘုရား။

မေး။ အတုလံဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ဘုရား၏ ဂုဏ်ကို ပြပါသည်။

မေး။ သသဒ္ဓမ္မဂဏုတ္တမံဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ တရား, သံဃာကို ပြပါသည်။

မေး။ အဘိဓမ္မအရ အဘယ်ပါနည်း။

ဖြေ။ ဓမ္မသင်္ဂဏီ (ပ) ပဋ္ဌာန်း အဘိဓမ္မာ ၇ ကျမ်း။

မေး။ အဘိဓမ္မတ္ထအရ အဘယ်ပါနည်း။

ဖြေ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် (ပညတ်) ငါးပါးကို ပြသည်။

မေး။ အဘိဓမ္မတ္ထသင်္ဂဟအရ အဘယ်ပါနည်း။

ဖြေ။ သင်္ဂြိုဟ်ကျမ်း။

မေး။ ပရမတ္ထတရားကို သာဓက ပြ၍ ရေတွက်ပါ။

ဖြေ။ တတ္ထဝုတ္တာ(ပ) သဗ္ဗထာ (စိတ်, စေ, ရုပ်, နိဗ္ဗာန် ၄ ပါး)။

မေး။ အဘယ့်ကြောင့် ပရမတ္ထ ခေါ်သနည်း။

ဖြေ။ မဖောက်ပြန်၍ မြတ်သောကြောင့် ပရမတ္ထ ခေါ်။

တနည်း=မြတ်သော သဗ္ဗညုတဉာဏ်တော်၏ အာရုံ ဖြစ်သောကြောင့်။

မေး။ အဘယ်ကို စိတ် ခေါ်သနည်း။

ဖြေ။ အာရုံကို သိတတ်သော သဘောကို စိတ် ခေါ်။

မေး။ အဘယ့်ကြောင့် အဘယ်ကို စေတသိက် ခေါ်သနည်း။
ဖြေ ။ စိတ် ၌ ဖြစ် တတ် သော ကြောင့် စိတ် ၌ ဖြစ် သော သဘော ကို စေတသိက် ခေါ်။

မေး။ စိတ်၌ ဖြစ် ဟူသည် အဘယ်ကို ဆိုလိုသနည်း။
ဖြေ ။ စိတ်နှင့် မကင်းသည်ကို ဆိုလိုသည်။ (စိတ်မရှိ မဖြစ်)
မေး။ စေတသိက်သည် စိတ်နှင့် ကင်း၍ ဖြစ်နိုင် မဖြစ်နိုင်။
ဖြေ ။ မဖြစ်နိုင် (စိတ်၌ မှီဖြစ်သော သဘောမို့)
မေး။ စိတ်သည် စေတသိက်နှင့် ကင်း၍ ဖြစ်နိုင် မဖြစ်နိုင်။
ဖြေ ။ အချို့သော စေတသိက်နှင့် ကင်း၍ ဖြစ်နိုင်သည်။
မေး။ စိတ်ကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုသနည်း။
ဖြေ ။ မှီရာ ဖြစ်သောကြောင့် ရှေးဦးစွာ ဆိုသည်။
မေး။ အဘယ်ကို ရုပ်ခေါ်သနည်း။
ဖြေ ။ ဖောက်ပြန်သော သဘောကို ရုပ် ခေါ်သည်။
မေး။ အဘယ့်ကြောင့် ရုပ် ခေါ်သနည်း။
ဖြေ ။ ဖောက်ပြန်တတ်သောကြောင့် ရုပ် ခေါ်သည်။
မေး။ ဖောက်ပြန် အဓိပ္ပါယ် ရှင်းပါ။
ဖြေ ။ သီတ, ဥဏှ စသည်တို့ကြောင့် ရှေ့ရုပ်နှင့် နောက်ရုပ် မတူမှု။
မေး။ အာရုံ မရှိလျှင် စိတ် ဖြစ် မဖြစ်။
ဖြေ ။ မဖြစ်နိုင်(အာရုံကို သိခြင်းသဘောကိုသာ စိတ်ခေါ်လို့)
မေး။ ရုပ်သည် အဘယ်တရားတို့ကြောင့် ဖြစ်သနည်း။
ဖြေ ။ ကံ,စိတ်,ဥတု, အဟာရ (၄)ပါးတို့ကြောင့် ဖြစ်သည်။
မေး။ နိုပ်စက်တတ်သော သီတ,ဥဏှ စသည် မရှိသည့် ရူပဘုံ၌ ဘယ်ကဲ့သို့ ဖောက်ပြန်နိုင်အံ့နည်း။
ဖြေ။ နှိပ်စက်တတ်သော သီတ, ဥဏှ မရှိသော်လည်း ချီးမြှောက်တတ်သော သီတ, ဥဏှ စသည် ရှိ၍ ရူပဘုံ၌ ဖောက်ပြန်သည်။
မေး။ အဘယ်ကို နိဗ္ဗာန် ခေါ်သနည်း။
ဖြေ ။ တဏှာမှ လွတ်သော သဘောကို နိဗ္ဗာန်ခေါ်။
မေး။ တဏှာမှ လွတ်ဆိုတာ ဘယ်လိုပါလဲ။
ဖြေ ။ တဏှာကြိုက် ပစ္စည်း မရှိ၍ တဏှာက အာရုံမပြုတာကို ဆိုသည်။
မေး။ အဘယ့်ကြောင့် ကာမာဝစရ (၁) လောကုတ္တရာလို့ စဉ်သနည်း။

ဖြေ။ အယုတ်, အမြတ်, အလွန်မြတ်, အထူးသဖြင့် အလွန် မြတ်အား ဖြင့်စဉ်သည်။ (ဟီန, ဥက္ကဋ္ဌ, ဥက္ကဋ္ဌတရ, ဥက္ကဋ္ဌတမ)

မေး။ ကာမစိတ်, ရူပ, အရူပ, လောကုတ္တရာစိတ် (၄) မျိုး ဘယ်လိုအား ဖြင့် ပြားသနည်း။

ဖြေ။ ဘုံအားဖြင့် ပြားပါသည်။ (ကာမဘုံ အဖြစ်များလို့ ကာမစိတ် စသည်။)

မေး။ ကာမာဝစရ၌ ကာမအရ ၂ မျိုး ကောက်ပြပါ။

ဖြေ။ ကာမတဏှာကို ကာမ ခေါ်သည်။

တနည်း=ကာမဘုံကို ကာမ ခေါ်။

မေး။ အဘယ့်ကြောင့် ကာမာဝစရ စသည် ခေါ်သနည်း။

ဖြေ။ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမာဝစရ။

တနည်း=ကာမဘုံ၌ ကျင်လည်တတ်သောကြောင့် ကာမာဝစရ။

ရူပတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ရူပါဝစရ။

တနည်း=ရူပဘုံ၌ ကျင်လည်တတ်သောကြောင့် ရူပါဝစရ။

အရူပ တဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် အရူပါဝစရ။

တနည်း=အရူပဘုံ၌ ကျင်လည်တတ်သောကြောင့် အရူပါဝစရ။

မေး။ မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ဘာဖြစ်လို့ လောကုတ္တရာ ခေါ်သနည်း။

ဖြေ။ ဥပါဒါနက္ခန္ဓာဟူသော သံသရာလောကမှ လွတ်စေတတ်လို့ မဂ်ကို လောကုတ္တရ၊

ဥပါဒါ (ပ) လောကမှ လွတ်စေပြီးဖြစ်လို့ ဖိုလ်ကိုလောကုတ္တရ၊

ဥပါဒါ (ပ) လောကမှ လွတ်စေကြောင်းဖြစ်လို့ နိဗ္ဗာန်ကို လောကုတ္တရ။

မေး။ လောကုတ္တရာ၌-လောကအရ အဘယ်နည်း။

ဖြေ။ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သံသရာလောက။

မေး။ ကုသလာကုသလ ကာဝ ဂါထာ၌ လောကုတ္တရအရ နိဗ္ဗာန်ကို ယူမယူ။

ဖြေ။ နိဗ္ဗာန်ကို မယူရ(စိတ်အပြားကိုသာ ပြသောအရာဌာန ဖြစ်လို့။)

မေး။ ဓမ္မသင်္ဂဏီ၌ ကုသိုလ်ကို အရင်ဆိုပါလျက်၊ သင်္ဂြိုဟ်၌ အဘယ့်ကြောင့် အကုသိုလ်ကို အရင် ဆိုသနည်း။

ဖြေ။ ပါပါ ဟေတုက ဂါထာဖြင့် တခုယုတ် ၉၀-ကို သောဘဏ၊ ပြောင်းပြန်အားဖြင့် အကုသိုလ် + အဟိတ်ကို အသောဘဏ ဤသို့ လွယ်ကူစွာ အမည်မှည့်ရန် ရှေ့ဦးစွာဆိုသည်။

မေး။ အဘယ့်ကြောင့် အကုသိုလ် ခေါ်သနည်း။
ဖြေ ။ ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အကုသိုလ်ခေါ်သည်။
တနည်း=အပြစ်နှင့် တကွ မကောင်းကျိုးကို ပေးသောကြောင့်။
မေး။ ကုသိုလ်နှင့် ဆန့်ကျင်ပုံ ဖြေပါ။
ဖြေ ။ ကုသိုလ်က ပဟာယက၊ အကုသိုလ်က ပဟာတဗ္ဗ။
မေး။ အဘယ့်ကြောင့် အသောဘဏ ခေါ်သနည်း။
ဖြေ ။ တင့်တယ်သော သောဘဏ စေတသိက်တို့နှင့် မယှဉ်သောကြောင့်။
မေး။ လောဘမူကို အဘယ့်ကြောင့် ရှေးဦးစွာဆိုသနည်း။
ဖြေ ။ ဘဝနိကန္တိက လောဘဇော အနေနဲ့ သတ္တဝါတို့မှာ အဦးဆုံး ဖြစ်သောကြောင့် ရှေးဦးစွာဆိုသည်။
မေး။ လောဘမူ နောက် ဘာကြောင့် ဒေါသမူကိုဆိုသနည်း။
ဖြေ ။ ဒိဋ္ဌိဟိတ်ချင်းတူသောကြောင့် ဆိုသည်။
မေး။ ယှဉ်ဖက်လောဘနှင့် လောဘမူအမည်ပေးသလို ဘာ့ကြောင့် မောဟနှင့် အမည်မပေးသနည်း။
ဖြေ ။ အခြားစိတ်နှင့် မယှဉ်သောကြောင့် လောဘနှင့် အမည်ပေး၏။
မေး။ သောမနဿ စသည်ကို ရှင်းပါ။
ဖြေ ။ သောမနဿ=ဝမ်းမြောက်ကြောင်း ဝေဒနာ။
ဥပေက္ခာ=လျစ်လျူရှုကြောင်း ဝေဒနာ။
ဒေါမနဿ=နှလုံး မသာယာကြောင်း ဝေဒနာ။
သုခ=ကိုယ်စိတ် ချမ်းသာကြောင်း ဝေဒနာ။
ဒုက္ခ=ကိုယ်စိတ် ဆင်းရဲကြောင်း ဝေဒနာ။
ဒိဋ္ဌိ=ဒိဋ္ဌိစေတသိက် (အကုသိုလ်အရာဖြစ်လို့) (မိစ္ဆာဒိဋ္ဌိ=မိစ္ဆာအယူ)
သဟဂုတ်=အတူတကွ ဖြစ်တဲ့ဟာ (ကေဝ္ပါဒ စသည်နှင့် အညီဖြစ်)
သမ္ပယုတ်=သဟဂတနှင့်တူ(ဖြစ်နှင့် ယှဉ် ပရိယာယ်သာ)
သောမနဿသဟဂုတ်=၆၂ (ကျန်သိသာပြီ)
ဒိဋ္ဌိဂတသမ္ပယုတ်=၄ (ကျန်သိသာပြီ)
မေး။ ဘာဖြစ်လို့ သမ္ပယုတ်ကို အရင်ဆိုသနည်း။
ယှဉ်တာကို သိမှ၊ မယှဉ်တာကို သိရလို့ အရင်ဆို။
မေး။ သင်္ခါရဟူသည် အဘယ်နည်း။
ဖြေ ။ ပုဗ္ဗပယောဂကြောင့် စိတ်၏ ထက်တဲ့ သဘောသည် သင်္ခါရ။
မေး။ အဘယ်ကို အသင်္ခါရိက ခေါ်ပါသနည်း။

ဖြေ။ ပုဗ္ဗပယောဂကြောင့် ထက်တဲ့သဘော မရှိတဲ့စိတ်။ (ပင်ကိုထက်)
မေး။ အဘယ်ကို သသင်္ခါရိက ခေါ်ပါသနည်း။
ဖြေ။ ပုဗ္ဗပယောဂကြောင့် ထက်တဲ့သဘော ရှိတဲ့စိတ် (ပင်ကိုမထက်)
မေး။ အသင်္ခါရိကကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုသနည်း။
ဖြေ။ ထက်မြက်တဲ့ သဘော ရှိသောကြောင့် ဦးစွာဆို။
မေး။ မိမိပုဗ္ဗပယောဂဟူသည် အဘယ်နည်း။
ဖြေ။ ဘယ်အချိန် ဘာလုပ်မည်ဟု ကိုယ်တိုင် ဓိဋ္ဌာန်ခြင်း။
မေး။ သူတပါး၏ ပုဗ္ဗပယောဂဟူသည် အဘယ်နည်း။
ဖြေ။ သူတပါးက စေခိုင်းမှု။
မေး။ ပုဗ္ဗပယောဂသည် သင်္ခါရအစစ် ဟုတ် မဟုတ်ဖြေပါ။
ဖြေ။ အစစ် မဟုတ်ပါ (ထက်တဲ့သဘောသာ သင်္ခါရအစစ်။)
မေး။ အစစ် မဟုတ်ပဲ ပုဗ္ဗပယောဂကို ဘာကြောင့် သင်္ခါရ ခေါ်သလဲ။
ဖြေ။ ပရမ္မရူပစာကြောင့် ခေါ် (စိတ်ထက်ခြင်း၏အကြောင်းဖြစ်လို့)
မေး။ ဥပေက္ခာသည် သုခဒုက္ခတို့နှင့် ဆန့်ကျင်မဆန့်ကျင်ဖြေပါ။
ဖြေ။ မဆန့်ကျင် (သုခ ဒုက္ခ ၂မျိုးနှောင် ဥပေက္ခာဖြစ်နိုင်လို့)
(ဝီထိပိုင်း ၂ဂထောက်)
မေး။ တတြမဇ္ဈတ္တတာနှင့် ဥပေက္ခာတို့ လျစ်လျူရှုပုံ အထူးဖြေပါ။
ဖြေ။ တတြမဇ္ဈတ္တတာ=သမ္ပယုတ် တရားတို့၌ လျစ်လျူရှု။
ဥပေက္ခာ=အာရုံတို့၌ လျစ်လျူရှု၊ ဤသို့ထူး၏။
မေး။ ဖဿစသည် ယှဉ်လျက် ဘယ်နည်းဖြင့် သောမနဿစသည် အမည်ပေးသနည်း။
ဖြေ။ အသာဓာရဏနည်းဖြင့် အမည်ပေး (ဖဿအကုန်ယှဉ်၊ သောမနဿ အကုန်မယှဉ်။)
မေး။ သောမနဿဖြစ်ကြောင်း အင်္ဂါကို ဖြေပါ။
ဖြေ။ သောမနဿသန္ဓေ၊ ဣဋ္ဌာရေ၊ အပ္ပေဉာဏ်ပညာ။
သောမနဿပဋိသန္ဓေနေခြင်း, ဣဋ္ဌာရုံတွေ့ခြင်း, ဉာဏ်နည်းခြင်း။
မေး။ ဥပေက္ခာ ဖြစ်ကြောင်း အင်္ဂါကို ဖြေပါ။
ဖြေ။ ဥပေက်သန္ဓေ၊ မဇ္ဈတ္တေ၊ မဟေဉာဏ်ပညာ။
ဥပေက္ခာပဋိသန္ဓေနေခြင်း, မဇ္ဈတ္တာရုံတွေ့ခြင်း, ဉာဏ်ကြီးခြင်း။
မေး။ သောမနဿပဋိသန္ဓေနေသူမှာ အခြားဝေဒနာဖြစ် မဖြစ်။

ဖြေ။ အခြားဝေဒနာ ဖြစ် (ဝိထိပိုင်း ၂၈) (သောမနဿပဋိသန္ဓေနေသူမှာ
ဒေါသဇောနောင် ဥပေက္ခာ သန္တီရဏဖြစ်သတဲ့)
မေး။ သဘာဝကုဋ္ဌာရုံ၊ ပရိကပ္ပကုဋ္ဌာရုံတို့ကို ရှင်းပါ။
ဖြေ။ သဘာဝကုဋ္ဌာရုံ= သဘောအားဖြင့်ကောင်းသော (မုံ့စသည်)
ပရိကပ္ပကုဋ္ဌာရုံ=ကြံဆသောအားဖြင့် ကောင်းသော ငါးပိစသည်။
မေး။ (မိစ္ဆာ) ဒိဋ္ဌိ ဖြစ်ကြောင်း အင်္ဂါ ၂ ပါးကား အဘယ်နည်း။
ဖြေ။ မိစ္ဆာအယူရှိသူနှင့် ပေါင်းခြင်း၊ ကိုယ်တိုင် မိစ္ဆာအယူကိုယူခြင်း။
(မှားသူကပ်မိ၊ မှားယူရှိ၊ ဒိဋ္ဌိဖြစ်ကြောင်းမှတ်)

မှတ်ချက်။ ။သဿတ အယူနှင့် ဥစ္ဆေဒ အယူကို မိစ္ဆာ အယူခေါ်။

မေး။ အဘယ်ကြောင့် လောဘမူ ခေါ်သနည်း။
ဖြေ။ လောဘမူလနှင့် ယှဉ်သောကြောင့် (အသာဓာရဏ)
မေး။ ဘယ်နည်းဖြင့် လောဘမူ ၈ ပါး ဖြစ်သနည်း။
ဖြေ။ ဝေဒနာ, သမ္ပယောဂ, သင်္ခါရအားဖြင့် ၈ ပါး၊ (ဝေဒနာ, ဉာဏ,
သင်္ခါရပါဌ် နည်းမှီး)။
မေး၊ ဒေါသ, ပဋိဃနှင့် ဒေါမနဿ အထူး ဖြေပါ။
ဖြေ။ ဒေါသနှင့် ပဋိဃ=ဒေါသစေတသိက်ချည်း။
ဒေါမနဿ=ဒေါမနဿဝေဒနာ (ဤသို့ထူး)
မေး။ ဝေဒနာတမျိုးတည်းရှိလျက် ဘာကြောင့် ဒေါမနဿသဟဂတံနည်း။
ဖြေ။ အခြား စိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿ ဝေဒနာဖြင့် အမည်
မှည့်ခြင်းငှာ ဒေါမနဿ သဟဂတံ ဆိုသည်။ (အ ခေါ် လွယ် ရန်)
(အသာဓာရဏ)
မေး။ ဒေါမနဿသဟဂတံဖြင့် ပြည့်စုံပါလျက်၊ ဘာ့ကြောင့် ပဋိဃသမ္ပယုတ္တံ
ဆိုသနည်း။
ဖြေ။ ဒေါမနဿဝေဒနာနှင့် ပဋိဃ ခေါ် ဒေါသ စေတသိက်တို့ အမြဲယှဉ်
ခြင်းကို သိစေလို၍ ပဋိဃသမ္ပယုတ္တံ ထပ်ဆိုသည်။
မေး။ ပဋိဃ၏ အဓိပ္ပာယ်ကို ဖြေပါ၊
ဖြေ။ ကြမ်းတမ်းသဖြင့် ထိခိုက်သကဲ့သို့ ဖြစ်၍ "ထိခိုက်"ဟု ဆိုပါသည်။
မေး။ အဘယ်ကြောင့် ဒေါသမူ ခေါ်သနည်း။
ဖြေ။ ဒေါသမူလနှင့် ယှဉ်သောကြောင့် ဒေါသမူ ခေါ်။
မေး။ ဘယ်နည်းဖြင့် ဒေါသမူစိတ် ၂ ပါး ပြားသနည်း။

ဖြေ ။ သင်္ခါရအားဖြင့် ၂ ပါး ပြားသည်။ (သင်္ခါရ ရှိ၊ မရှိ)
မေး။ မောဟ ဟူသည် အဘယ်နည်း။
ဖြေ ။ အမှန်မသိခြင်းသဘော။ (သစ္စာ ၄ ပါး, ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက်အစွန်း, ပဋိစ္စသမုပ္ပါဒ် ပေါင်း ၈ ပါးကို အမှန်မသိခြင်း။)
မေး။ ဝိစိကိစ္ဆာ ဟူသည် အဘယ်နည်း။
ဖြေ ။ မဆုံးဖြတ်နိုင်သောသဘော (တွေဝေလည်းဟူ)
မေး။ ဥဒ္ဓစ္စ ဟူသည် အဘယ်နည်း။
ဖြေ ။ ပျံ့လွင့်သော သဘော (တုန်လှုပ်လည်းဟူ)
မေး။ မောဟ မူဒွေးသည် အဘယ့်ကြောင့် ဥပေက္ခာတမျိုးသာ ဖြစ်သနည်း။
ဖြေ ။ ဣဋ္ဌ စသော အာရုံ ၃ မျိုးလုံး၌ တပ်ခြင်း၊ ပြစ်မှားခြင်း မရှိလို့။
မေး။ မောဟမူသည် အဘယ့်ကြောင့် တပ်ခြင်း ပြစ်မှားခြင်း မရှိသနည်း။
ဖြေ ။ (ဝိစိကိစ္ဆာ) အလွန်တွေဝေခြင်း။
(ဥဒ္ဓစ္စ) အလွန်တုန်လှုပ်ခြင်း၊ ၎င်း ၂ ပါးတို့ကြောင့် တပ်ခြင်း၊ ပြစ်မှားခြင်း မရှိ။
မေး။ မောဟမူသည် ဘာဖြစ်လို့ အလွန်တွေဝေသနည်း။
ဖြေ ။ မောဟမူလတပါးသာယှဉ်လို့ (လောဘ, ဒေါသ မူလမယှဉ်)
မေး။ မောဟမူ၌ အဘယ့်ကြောင့် သင်္ခါရ မပြားသနည်း။
ဖြေ ။ ထက်သည်၏အဖြစ်၊ အားထုတ်အပ်သည်၏အဖြစ် မရှိလို့။
မေး။ မောဟမူသည် အဘယ့်ကြောင့် မထက်ပါသနည်း။
ဖြေ ။ အာရုံ၌မဆုံးဖြတ်နိုင်ခြင်း,ပျံ့လွင့်ခြင်းတို့ကြောင့် မထက်(ဝိစိ ဥဒ္ဓရည်။)
မေး။ ဘာဖြစ်လို့ နောက်ဆုံးစိတ်ကို ဥဒ္ဓစ္စဖြင့် အမည်တပ်သနည်း။
ဖြေ ။ ၎င်း မှာ သာ (ဥဒ္ဓစ္စ စေတသိက် ပြဋ္ဌာန်းလို့) ဥဒ္ဓစ္စ သမ္ပယုတ်ဟု အမည်းပေး။
မေး။ အဘယ့်ကြောင့် မောဟမူ ခေါ်သနည်း။
ဖြေ ။ မောဟမူလနှင့် ယှဉ်သောကြောင့်။
မေး။ အဘယ့်ကြောင့် မောဟမူစိတ် ၂ ပါး ပြားသနည်း။
ဖြေ ။ ဝိစိကိစ္ဆာ ဥဒ္ဓစ္စတို့နှင့် ယှဉ်သောကြောင့်။

အဟိတ်

မေး။ အဘယ့်ကြောင့် အဘယ်ကို စက္ခု ခေါ်သနည်း။
ဖြေ ။ ရူပါရုံကို ပြောကြားသကဲ့သို့ ဖြစ်လို့၊ စက္ခုပသာဒကို စက္ခုခေါ်။

မေး။ အဘယ့်ကြောင့် စက္ခုဝိညာဏ် ခေါ်သနည်း။

ဖြေ။ စက္ခုပသာဒ၌ မှီသောကြောင့် "စက္ခုဝိညာဏ်" ခေါ်(ကျန်သိသာပြီ)

မေး။ စက္ခု စသည်တို့၏ အဓိပ္ပာယ် ဖြေပါ။

ဖြေ။ စက္ခု=ရူပါရုံကို ခေါ်သကဲ့သို့ ဖြစ်တတ်သော အကြည်ဓာတ်။
သောတ=သဒ္ဒါရုံကိုနားထောင်သကဲ့သို့ဖြစ်တတ်သော အကြည်ဓာတ်။
ဃာန=ဂန္ဓာရုံကို နမ်းရှုသကဲ့သို့ ဖြစ်တတ်သော အကြည်ဓာတ်။
ဇိဝှာ=အသက်ကို ခေါ်သကဲ့သို့ ဖြစ်တတ်သော အကြည်ဓာတ်။
ကာယ=စက်ဆုပ်အပ်သော အကုသိုလ်တို့၏ ဖြစ်ရာကဲ့သို့ ဖြစ်သော အကြည်။ (တတ်) ဆိုတဲ့ အသုံးသည် ပုဂ္ဂိုလ် သတ္တဝါ၏ အသုံးသာ ဖြစ်သည်။ ထို့ကြောင့် သဘာဝဓမ္မမှာကဲ့သို့သုံးရသည်။ (ဥပရိက္ခာ)

မေး။ မျက်လုံး စသည်ကို၊ စက္ခု စသည် ခေါ်နိုင် မခေါ်နိုင် ရှင်းပါ။

ဖြေ။ ဌာန်ျူပစာအားဖြင့် ခေါ်နိုင်သည်။ (ဌာနီဖြစ်သော ပသာဒတို့၏ စက္ခု (ပ):ကာယ ဟူသော အမည်ကို ဌာန ဖြစ်သော မျက်လုံး (ပ) ကိုယ်ပေါ်၌ တင်စား၍ ခေါ်သည်။)

မေး။ အကုသိုလ်၏ တည်ရာကို ကာယ ခေါ်လျှင်၊ ဟဒယဝတ္ထုကိုလည်း ကာယ ခေါ်သင့် မခေါ်သင့် ဖြေပါ။

ဖြေ။ မခေါ်သင့်=ဖောဋ္ဌဗ္ဗာရုံ၌ သာယာသော အကုသိုလ်ကိုသာ ရည်ရွယ်၍ အကုသိုလ်တို့၏ ဖြစ်ရာကဲ့သို့ ဟုဆိုသည်။ (သန္ဓာယဘာသိတ)

မေး။ စက္ခုဝိညာဏ် စသည်တို့၏ အင်္ဂါကို ဖြေပါ။

ဖြေ။ စက္ခာလောက၊ ရူပထင်ပြီ၊ မနသိ၊ လေးလီစက္ခုဖို့ (စက္ခုဝိညာဏ်အင်္ဂါ)

(က) ၁။စက္ခုပသာဒ။ ၂။ အာလောက (အလင်းရောင်)။ ၃။ရူပါရုံ။ ၄-မနသိကာရ (နှလုံးသွင်း)

(ခ) သောတာကာသ၊ သဒ္ဒထင်ပြီ၊ မနသိ၊ လေးလီသောတဖို့ (သောတဝိညာဏ်အင်္ဂါ)

၁။သောတပသာဒ။ ၂။အာကာသ (အပေါက် အကြား)။ ၃။သဒ္ဒါရုံ။ ၄။မနသိကာရ။

(ဂ) ဃာနဝါတ၊ ဂန္ဓထင်ပြီ၊မနသိလေးလီဃာနဖို့(ဃာန ဝိညာဏ်အင်္ဂါ)

၁-ဃာနပသာဒ။ ၂။ဝါတ(လေ)။ ၃။ဂန္ဓာရုံ။၄။မနသိကာရ။

(ဃ) ဇိဝှာအာပ၊ ရသထင်ပြီ၊ မနသိ၊ လေးလီ ဇိဝှာဖို (ဇိဝှာဝိညာဏ် အင်္ဂါ)။
၁။ဇိဝှာပသာဒ။ ၂။အာပ(အရည်)။ ၃။ ရသာရုံ။ ၄။မနသိကာရ။
(င) ကာယထဒ္ဓါဖောဋ္ဌထင်ပြီ၊ မနသိ၊ လေးလီကာယဖို။
၁။ကာဒယပသာဒ။ ၂။ထဒ္ဓ (မာသောအတွေ့)။ ၃။ ဖောဋ္ဌဗ္ဗာရုံ။ ၄။မနသိကာရ။

မေး။ ဝိပါက်၏ အဓိပ္ပာယ်ကို ဖြေပါ။
ဖြေ ။ အကျိုးကို ဝိပါက် ခေါ်သည်။
မေး။ ကုသိုလ် အကုသိုလ် ထူးခြားပုံ၊ တူညီပုံကို ဖြေပါ။
ဖြေ ။ အပြစ် ရှိမရှိအားဖြင့်ထူး၊ အကျိုးပေးခြင်း တူညီ။
မေး။ (က)အကုသလဝိပါက် (ခ)ကုသလဝိပါက်ဖြေပါ (အဓိပ္ပာယ်)
ဖြေ ။ (က) အကုသိုလ်၏အကျိုး(ခ)ကုသိုလ်၏အကျိုး။
မေး။ အဘယ့်ကြောင့် အကုသလဝိပါက်ကို ဦးစွာဆိုသနည်း။
ဖြေ ။ အကုသိုလ်နောက်မှာဖြစ်လို့ အကုသလဝိပါက်ကို ဦးစွာဆိုသည်။
မေး။ အကုသလ ဝိပါက်ကို ဆိုပြီးသဖြင့် အကျန်ကို ကုသလဝိပါက်ဟု သိလောက်ပါလျက်၊ အဘယ့်ကြောင့် ကုသလဟု ထပ်ဆိုသနည်း။
ဖြေ ။ အကုသလဝိပါက်နှင့် တဆက်တည်းဖြစ်၍ အကုသလဝိပါက် ထင်မည်စိုးသောကြောင့်ရင်း၊ ကုသိုလ်နှင့်ဝေး၍ ကုသလဝိပါက်ဟု မထင်မည်စိုးသောကြောင့်ရင်း "ကုသလ" ကိုဆိုသည်။
မေး။ အဟိတ်ကုသလဝိပါက်၌ အဟေတုက ထည့်သလို ဘာ့ကြောင့် အကုသလဝိပါက်၌ မထည့်သနည်း။
ဖြေ ။ အဟိတ်ကေန်ဖြစ်၍ သံသယဖြစ်ဖွယ်မရှိသောကြောင့် မထည့်။
မေး။ အဟိတ်စိတ်မှာ သင်္ခါရအပြားမရှိကြောင်း အထောက်ပြပါ။
ဖြေ ။ ဝီထိမုတ်(၇၄)အသင်္ခါရံ(ပ)မုဒ္ဒိသေ(သင်္ခါရအပြားမရှိ)
မေး။ ကုသလဝိပါက်၌ သန္တီရဏ ၂မျိုး ဖြစ်ရကြောင်း ဖြေပါ။
ဖြေ ။ အတိဣဋ္ဌာရုံ အာရုံပြုသောအခါ သောမနဿ (ဝီထိပိုင်း၂၇) ဣဋ္ဌမဇ္ဈတ္တာရုံ အာရုံပြုသောအခါ ဥပေက္ခာ (ဝီထိပိုင်း၂၆)
မေး။ ဘာဖြစ်လို့ အကုသိုလ်ဝိပါက်၌ သန္တီရဏ ၂ ပါး မဖြစ်သနည်း။
ဖြေ ။ အနိဋ္ဌာရုံကို ကေန်အာရုံပြု၍ သောမနဿမဖြစ်သင့်လို့။
မှတ်ချက်—အနိဋ္ဌာရုံ အာရုံပြုသော်လည်း အားနည်း၍ ဒေါမနဿမဖြစ်။

မေး။ သမ္ပဋိစ္ဆိုင်းသည် ဘာဖြစ်လို့ ဥပေက္ခာ ဖြစ်သနည်း။
ဖြေ ။ သဘောတူ(မှီရာတူ) စိတ်မှ အနန္တရပစ္စည်းမရ၍ အားနည်းလို့။
မေး။ ဘာဖြစ်လို့ ပဉ္စဒွါရာဝဇ္ဇန်းသည် ဥပေက္ခာ ဖြစ်သနည်း။
ဖြေ ။ ရှေးဦးစွာ အာရုံကို ယူရသောကြောင့်လည်းကောင်း။
တကြိမ်သာ ဖြစ်ရသောကြောင့်လည်းကောင်း အားနည်းလို့။
မေး။ ဘာဖြစ်လို့ မနောဒွါရာဝဇ္ဇန်းသည် ဥပေက္ခာ ဖြစ်သနည်း။
ဖြေ ။ မတူတဲ့ ဇောဘဝင်ကို အနန္တရဖြင့် ကျေးဇူးပြုရ၍ အားနည်းလို့။
မေး။ ဘယ်သို့သော စိတ်ကို ဟသိတုပ္ပါဒ် ခေါ်သနည်း။
ဖြေ ၊ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်ကို ခေါ်သည်။
မေး။ ဘာဖြစ်လို့ အဟိတ် ခေါ်သနည်း။
ဖြေ ။ ဟိတ်၆ပါးနှင့် မယှဉ်လို့ အဟိတ်ခေါ်(လောဘ(ပ) အမောဟ=၆)
မေး။ (၁၄)ပါပါ....လ....နစုတိပိ ဝါ ဂါထာ၏ အဓိပ္ပာယ်ဖြေပါ။
ဖြေ ။ အကုသိုလ်အဟိတ်ချန် ကျန်(၅၉)သောဘဏာခေါ်ဟု တိုက်ရိုက်ပြ။
အကုသိုလ်နှင့် အဟိတ်ကို အသောဘဏာဟု သွယ်ဝိုက်၍ပြ(ပြောင်းပြန်)

ကာမာဝစရသောဘဏာစိတ်

မေး။ မဟာကုသိုလ်၌ သဟေတုကမပါ၊ မဟာဝိ,ကြိ၌ ပါကြောင်း ဖြေပါ။
ဖြေ ။ ကုသိုလ်၌ သဟိတ် ဇောန် ဖြစ်၍ ထည့်ရန်မလိုလို့ မပါ။
ဝိ,ကြိ ၌ အဟိတ်ဝိပါက် အဟိတ်ကြိယာနှင့် ကွဲပြားစေရန် ပါရသည်။
မေး။ ကာမာဝစရသောဘဏာ (၂၄) ပြားပုံကို အထောက်ပြ ဖြေပါ။
ဖြေ ။ ဝေဒနာ၆၊ ဉာဏ်၁၂၊ သခါ်ရ ၂၄၊ ပြား၏ (၁၉-ဝေဒနာဉာ)
မေး။ (၂၀)ကာမေ(ပ)သဗ္ဗထာဖြင့် ဘာကို ပြသနည်း။
ဖြေ ။ ကာမစိတ်၅၄ ကို ဇာတ်ဖြင့်ရေတွက်ပြ (ဝိ,ကု,အကု,ကြိ)

ရူပစိတ်

မေး။ ဈာန်မည်ခြင်း အကြောင်းကို ၂နည်းလုံး ဖြေပါ။
ဖြေ ။ (ပနည်း)ကသိုဏ်းစသော အာရုံကို ကပ်၍ ရှုလို့ဈာန်။
(ဒုနည်း)နီဝရဏတို့ကို ရှို့မြိုက်လို့ဈာန် (ဆန့်ကျင်ဘက်ကို ရှို့ဆို)
မေး။ ဈာန်အင်္ဂါနှင့် နီဝရဏ ဆန့်ကျင်ပုံဖြေပါ။
ဖြေ ။ ဝိတက်သည် ထိနမိဒ္ဓကို ရှို့မြိုက်(စသည်)

ဝိတက္ကော ထိနမိဒ္ဓသ္မာ, ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိ စာပိ ဗျာပါဒသ္မာ, သုခံ ဥဒ္ဓစ္စကုက္ကုစ္စာ။
သမာဓိ ကာမစ္ဆန္ဒသ္မာ ပဋိပက္ခာတိ ပေဋကေ။

မေး။ ဝိတက်၏ သဘောကို ပြောပါ။ (အဓိပ္ပာယ်)
ဖြေ ။ သမ္ပယုတ်တရားတို့ကို အာရုံသို့ တင်ပေးတတ်သည်။
မေး။ ဝိတက် မယှဉ်သော စိတ်သည် အဘယ်သို့ အာရုံ ပြုသနည်း။
ဖြေ ။ ဝိတက် အကူအညီဖြင့် အာရုံသို့ ရောက်ဘူးပြီးဖြစ်လို့ အာရုံပြုနိုင်။
မေး။ ရူပစိတ်ကို အသင်္ခါရိက သသင်္ခါရိကတို့တွင် ဘယ်၌ သွင်းမည်နည်း။
ဖြေ ။ သမထအားထုတ်မှုရလို့ သသင်္ခါရိက၌ သွင်းသင့်သည်။
မေး။ ၃၅ တို့တွင်ဘာပြုလို့ ဝိတက် စသည်ကိုသာ ဈာန်အင်္ဂါ ခေါ်သနည်း။
ဖြေ ။ ၎င်းတို့သာ အာရုံကို ကပ်၍ရှုတတ် နီဝရဏတို့နှင့် ဆန့်ကျင်တတ်လို့၊
မေး။ ဈာန်, ဈာန်အင်္ဂါ, (သို့) ဈာနင် အထူးပြောပါ။
ဖြေ ။ ဈာန်= ဝိတက် စသည်တို့၏ အပေါင်းကို ဈာန်ခေါ်၊
ဈာန်အင်္ဂါ=ဝိတက် စသော ၁ခုစီ(အစိတ်စိတ်=ဈာန်နင်လည်းခေါ်)
မေး။ ဈာန်သည် ဘာဖြစ်လို့ အာရုံအားဖြင့် မပြားသနည်း။
ဖြေ ။ အာရုံတူလို့ မပြားပါ။ (ပြားတယ် ဆိုတာ မတူတာကို ဆိုသည်။)
မေး။ ရူပဈာန် ၁၅ပါး ပြားကြောင်း အထောက်ပြဖြေပါ။
ဖြေ ။ ပဉ္စမာ (ပ) ဘဝေ၊ ဈာန်တို့၏ အပြားအားဖြင့် ၅ပါး။
ကုသိုလ်, ဝိပါက် ကြိယာ ပြားခြင်းကြောင့် ၁၅ ပါး ဖြစ်သည်။
မေး။ ရူပစိတ်ကို သောမနဿ ဥပေက္ခာ ခွဲပြပါ၊
ဖြေ ။ ပ, ဒု, တ, စ ဈာန်တို့သည် သောမနဿ၊ ပဉ္စမဈာန်= ဥပေက္ခာ။
မေး။ ဝိတက် စသော ဈာန်အင်္ဂါတို့၏ သဘောကို အသီးသီး ပြောပါ။
ဖြေ ။ ဝိတက်= သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်း။
ဝိစာရ= အာရုံကို သုံးသပ် ဆင်ခြင်ခြင်း။
ပီတိ= အာရုံကို နှစ်သက်ခြင်း။
သုခ= အာရုံကို ချမ်းချမ်းသာသာ ခံစားခြင်း။
ဥပေက္ခာ=အာရုံ၌ လျစ်လျူရှုခြင်း (အလယ်အလတ်ခံစား)
ဧကဂ္ဂတာ= အာရုံ၌ စူးစူးစိုက်စိုက် ပြုခြင်း။
မေး။ ပဉ္စမဈာန် ဥပေက္ခာ ဖြစ်ကြောင်း အာဂမယုတ္တိ ပြပါ။
ဖြေ ။ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာနကုသလစိတ္တံ။

အရူပစိတ်

မေး။ အာကာသ အပြားကို ဖြေပါ။
ဖြေ ။ ၁။ အဇဋာကာသ= ကောင်းကင်။
၂။ ပရိစ္ဆိန္နာကာသ= လှုလုပ်အပေါက်။ (ပြူတင် ပေါက် စသည်)
၃။ ပရိစ္ဆေဒါကာသ= ကလာပ်စည်းတို့၏ အကြား။
၄။ ကသိဏုဂ္ဃာဋိမာကာသ=ကသိုဏ်း ၉ ပါး တပါးပါး ခွါ၍ရသော ကောင်းကင်ပညတ်။
မေး။ အာကာသာနဉ္စာယတန၌ အဘယ် အာကာသကို ယူသနည်း။
ဖြေ ။ ကသိဏုဂ္ဃာဋိမာကာသကို ယူ။
မေး။ ဝိညာဏဉ္စာယတန၌ ဝိညာဏအရ ကောက်ပြပါ။
ဖြေ ။ အာကာသာနဉ္စာယတနဝိညာဏ်ကို ကောက်ပါ။
မေး။ အာကိဉ္စညာယတန၌ အာကိဉ္စညအရ ကောက်ပြပါ။
ဖြေ ။ နတ္ထိဘာဝပညတ်၊ (အာကိဉ္စနကို အာကိဉ္စညပြုလို့)။
မေး။ နေဝသညာနှင့် နအသညာတို့ကို ရှင်းပါ။
ဖြေ ။ နေဝသညာ=ကြမ်းတမ်းသော သညာ စေတသိက် မရှိ။
နအသညာ = သိမ်မွေ့သော သညာ မရှိသည် မဟုတ်(ရှိသည်ဟူ)။
မှတ်ချက်။ ။တတိယာရုပ္ပ၌ ယှဥ်သော သညာ(နက်နဲ၏)
မေး။ နေဝဖဿ နာဖဿာယတန မည်သင့်၊ မမည်သင့်။
ဖြေ ။ မည်သင့်သည်၊ (ဥပလက္ခဏနည်းမို့)။
မေး။ အရူပစိတ်သည် ပဉ္စမဈာန် ဖြစ်ကြောင်း အာဂမယုတ္တိ ပြပါ။
ဖြေ ။ အာရုပ္ပဉ္စာပိပဉ္စမေ (ဥပေက္ခာ-ဧကဂ္ဂတာယှဥ်လို့)။
မေး။ အရူပစိတ်ကို အဘယ်ဝေဒနာဟု မှတ်ရမည်နည်း။
ဖြေ ။ ပဉ္စမဈာန်ဖြစ်၍ ဥပေက္ခာဝေဒနာဟု မှတ်ပါ။
မေး။ အရူပစိတ် ၁၂ ပါး ပြားကြောင်း ဖြေပါ။
ဖြေ ။ အာလမ္ဗဏ(ပ) ဌိတံ=အာရုံအားဖြင့် ၄ ပါး၊ ကု, ဝိ, ကြိ, ပြား၁၂။

လောကုတ္တရာစိတ်

မေး။ ၁။ သောတ၊ ၂။ မဂ္ဂ၊ ၃။ သောတာပတ္တိမဂ္ဂ၊ ၄။ သောတာပတ္တိ တို့ကို ရှင်းပါ။
ဖြေ ။ ၄ မျိုးလုံး မဂ်ချည်း။ (တနည်း သောတာပတ္တိကို ပုဂ္ဂိုလ်ကောက်)။
မေး။ (၃၄) စတုမဂ္ဂ(လ)မတံ=ဂါထာဖြင့် ဘာကို ပြသနည်း။

ဖြေ။ မဂ် ၄ ပါးပြားလို့ မဂ်စိတ် ၄၊ မဂ်၏ အကျိုးဖြစ်လို့ ဖိုလ်လည်း ၄၊ ပေါင်း ၈ ဟုပြသည်။

မေး။ စိတ် တခုယုတ် ၉၀ ကို (က) ဇာတ်အားဖြင့် (ခ) ဘုံအားဖြင့် ခွဲပြပါ။

ဖြေ။ (က) ဒွါဒသာ (ပ) ဝီသတိ။ ဇာတ်ဖြင့်ခွဲ။ (ခ) စတုပညာ (ပ)တထာ ဘုံဖြင့်ခွဲ။ (၎င်းဂါထာများအတိုင်းခွဲဟုလို)

မေး။ ဈာနင်္ဂယောဂ (ပ) ဝိဓန္တိစ ဂါထာဖြင့် ဘာကိုပြပါသနည်း။

ဖြေ။ ပါဒက စသည်တို့၏ ဈာန် အင်္ဂါတို့နှင့် ယှဉ်သောအားဖြင့် တခုတခုကို ၅ ပါး ပြု၍ လောကုတ် ၄၀ ဟုပြ။

မေး။ ဈာနင်္ဂယောဂအရ (က) ပါဒကဈာန် (ခ) သမ္မသိတဈာန် (ဂ) ပုဂ္ဂလဇ္ဈာသယဈာန် ရှင်းပါ။

ဖြေ။ ပါဒကဈာန်=ဝိပဿနာ ရှုလိုသူအား အခြေခံအနေဖြင့် ဝင်စားသော ဈာန်။ (ဈာန်ရပုဂ္ဂိုလ်များသာ)

သမ္မသိတဈာန်=အနိစ္စ စသည်ဖြင့် ဝိပဿနာ ရှုအပ်သော ဈာန်။

ပုဂ္ဂလဇ္ဈာသယဈာန်=ပုဂ္ဂိုလ်၏ အလိုဆန္ဒအတိုင်း ရလာသော ဈာန်။

မေး။ ယထာစ (ပ) ဈာနဘေဒေ=ဖြင့် အဘယ်အဓိပ္ပာယ်ကို ပြပါသနည်း။

ဖြေ။ ရူပစိတ်နှင့် ဖြစ်ပုံတူလို့ လောကုတ် ၄၀ ဟု ပြ၏။

မေး။ ကောဒသ (ပ) ဘဝေ=ဖြင့် အဘယ်ကို ပြပါသနည်း။

ဖြေ။ ပ,ဒု,တ,စ,ဈာန်များ ၁၁ စီနှင့်၊ ပဥ္စမဈာန် ၂၃ ဟု ပြ၏။

မေး။ ဘယ် စိတ်တွေကို အကြောင်းပြု၍ စိတ်အကျယ် ဖြစ်သနည်း။

ဖြေ။ ကုသိုလ်နှင့် ဝိပါက်ကို အကြောင်းပြု၍ အကျယ်ဖြစ်ပါသည်။

အကျဉ်း		အကျယ်	
အကုသိုလ်	၁၂	အကုသိုလ်	၁၂
ကုသိုလ်	၂၁	ကုသိုလ်	၃၇
ဝိပါက်	၃၆	ဝိပါက်	၅၂
ကြိယာ	၂၀	ကြိယာ	၂၀

အမှာ=ဤစိတ်ပိုင်းကို မနိုင်လျှင် နောက်နောက် အပိုင်းတွေ ရောက်တိုင်း ရောက်တိုင်း အခက်အခဲတွေ တွေ့ကြလိမ့်မည်။သို့ဖြစ်ပါ၍ အပိုင်းတိုင်း အပိုင်းတိုင်း လေ့ကျင့်ဖွယ်များကို လေ့ကျင့်ကြပါလေ။

စိတ်ပိုင်းပြီး၏။

စေတသိက်ပိုင်း

၁။ ဧကုပ္ပါဒ နိရောဓာ စ၊ ဧကာလမ္ဗဏ ဝတ္ထုကာ။
စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ။

သရုပ်=ဤလက္ခဏာ ၄ ပါးနှင့် ညီညွတ်လျှင် စေတသိက် ခေါ်သည်။
ဧကုပ္ပါဒ=စိတ်နှင့် အတူဖြစ်ခြင်း (ဖြစ်ချိန်တူ)။
ဧကနိရောဓ=စိတ်နှင့်အတူ ချုပ်ခြင်း။
(အတူမချုပ်သောစိတ္တဇရုပ်တို့ကို ပယ်။ (စေတသိက်မခေါ်ရဟူလို)
ဧကာလမ္ဗဏ=စိတ်နှင့်အတူ အာရုံပြုခြင်း။
(စိတ်နှင့် အတူဖြစ်၊ အတူ ချုပ်သော ဝိညတ်ဒွေးကို ပယ် သည်။)
(အာရုံမပြုတတ်လို့။)
အမှာ=အခြားစိတ် တခုခုနှင့် အတူဖြစ်၍၊ အခြားစိတ် တခုခုနှင့် အတူ ချုပ်
ဤသို့ ဖြစ် ချုပ်၊ ဆိုမိသော ရုပ်များကိုလည်း ပယ်သည်။
ဧကဝတ္ထုက=စိတ်နှင့်အတူ မှီခြင်း။
(ရှေ့လက္ခဏာ ၃ ပါးနှင့် ညီလျှင် မှီရာဝတ္ထုချင်း တူကြသည်။)
မှတ်ချက်=ဧကဝတ္ထုက လက္ခဏာ အရူပဘုံ၌ မရှိ (ဝတ္ထုရုပ်မရှိလို့)။

အညသမာန်း စေတသိက် ၁၃ ပါး

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး

၂။ ကထံ-

ဖဿော ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယံ မနသိကာ
ရောစေတိ သတ္တိမေ စေတသိကာ သဗ္ဗစိတ္တသာဓာရဏာနာမ။ ။

သရုပ်=သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး။
ဖဿော=စိတ်နှင့် အာရုံ တွေ့ဆုံတဲ့ သဘော (နာမ် ဖြစ်သော်လည်း တွေ့ထိ
သော အချင်းအရာအားဖြင့် ဖြစ်သည်။) (ရုပ်ထိတာမျိုးမဟုတ်)
(သွားရည်နှင့်တူ၊ ချဉ်သီးစားသည့်အခါ သွားရည်ဖြစ်သလို)
ဝေဒနာ=အာရုံ၏ အရသာကို ခံစားတဲ့သဘော။
(ဝေဒနာသာ မင်းကဲ့သို့ ပိုင်စိုး ပိုင်နင်း ခံစားသည်။ အခြား စိတ်
စေတသိက်များသည် စားတော်ကဲလို မစို့မပို ခံစားကြသည်။)

သညာ=အညိုရောင်စသည်ကို မှတ်သားတဲ့ သဘော။
ရှင်း=နောင်တချိန်ကျလျှင် သိဖို့ရန် တွေ့စက မှတ်ထားသော အမှတ်အသား။
(လက်သမားများ အသုံးပြုသော မျဉ်းကြောင်းမျိုး)
စေတနာ=သမ္ပယုတ်တရားတို့ကို အာရုံပြုဖို့ စေ့ဆော်ပေးတဲ့သဘော။
တနည်း=အမှုကိစ္စ ပြီးဖြစ်အောင် စေ့ဆော်ပေးတဲ့သဘော။
ကေဂ္ဂတာ=အာရုံ တခုတည်း၌ ဖြစ်တဲ့သဘော (ဒီအာရုံမှ ဒီအာရုံ)။
ဇီဝိတိန္ဒြိယံ=သမ္ပယုတ်တရားတို့ကို သက်တမ်းကုန် နေနိုင်အောင် အုပ်ချုပ်ပေးတဲ့ သဘော။
မှတ်ချက်။ ။ကူးတို့ ပို့သူသည် ရေးသည်ကို တဘက်ကမ်းပို့ယင်း မိမိပါ တဘက်ကမ်းရောက်သလို သမ္ပယုတ်တရားတို့ကို သက်တမ်းကုန်နေနိုင်အောင် စောင့်ရှောက်ယင်း ၎င်းလည်း သက်တမ်းကုန် နေနိုင်သည်။
မနသိကာရ=စိတ်ကို အာရုံပြုအောင် လုပ်ပေးခြင်း။
ရှင်း=အာဇာနည်မြင်းနှင့် တူသော စိတ်ကို သခင်နှင့်တူသော မနသိကာရက လိုရာ အာရုံကို အာရုံပြုဖြစ်အောင် ပြုလုပ်ပေးခြင်း။
၃ မျိုး ႏအထူး=ဝိတက်=သမ္ပယုတ်တရားတို့ကို အာရုံဆီသို့ ပို့ပေးခြင်း။
စေတနာ=သမ္ပယုတ် တရားများကို ကိုယ့်အလုပ် ကိုယ်လုပ်အောင် နှိုးဆော်ပေးခြင်း။ (ဗိုလ်မှူးနှင့်တူ)။
မနသိကာရ=အာရုံကို စူးစူးစိုက်စိုက် အာရုံပြုခြင်း။
(ရထားထိန်းကဲ့သို့ သမ္ပယုတ်တရားများကိုလည်း အာရုံ ပြုစေသည်။)
သဗ္ဗစိတ္တသာဓာရဏ=စိတ်အားလုံးနှင့် အမြဲ ယှဉ်သောကြောင့် ၎င်းအမည်ပေးသည်။

ပကိဏ်ဏက စေတသိက် ၆ ပါး

၃။ ဝိတက္ကော ဝိစာရော အဓိမောက္ခော ဝီရိယံ ပီတိ ဆန္ဒော စာတိ ဆ ဣမေ စေတသိကာ ပကိဏ္ဏကာ နာမ။

သရုပ်=ပကိဏ်ဏစေတသိက် ၆ ပါး။
ဝိတက္ကော=ကြံစည်ခြင်း(အာရုံဆီသို့ ၎င်းလည်းရောက်၊ သမ္ပယုတ် တရားများကိုလည်း ပို့ပေးခြင်း)။
ဝိစာရော=ဝိတက် ပို့ပေးသဖြင့် တွေ့ရသောအာရုံကို ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း။)

အထူး=ဝိတက်=ပန်းချုံသို့ ထိုးဆင်းလာသော ပိတုန်းနှင့်တူ။(ကြမ်းတမ်းလို့)
ဝိစာရ=ပိတုန်းသည် ပန်းချုံ ပတ်ဝန်းကျင်မှာ ရန်သူ ရှိ မရှိ ပျံဝဲပြီး ကြည့်သည်နှင့် တူ။ (သိမ်မွေ့လို့)

အဓိမောက္ခ=အာရုံကို ဆုံးဖြတ်တဲ့ သဘော (အာရုံ၌ တုန်လှုပ်မှု မရှိလို့ မြဲစွာ စိုက်ထားသော ကျောက်တိုင်နှင့် တူသတဲ့)။

ဝီရိယံ=အမှုကိစ္စပြုလုပ်ရာ၌ ရဲရင့်တဲ့သဘော၊ (ဝါ) သဟဇာတ်တရားတို့ကိုပါ ရဲရင့်စေသည် (အထောက်အကူ ပြုသည်ဟု ဆိုလိုသည်)။

ပီတိ=အာရုံကို နှစ်သက်ခြင်း။

မှတ်ချက်။ ။ကာယခေါ် စေတသိက်နှင့် စိတ္တခေါ် စိတ်တို့ကို ကြီးပွား စေခြင်းပင်။

ဆန္ဒ=အာရုံကို အလိုရှိကာမျှသဘော (စွဲစွဲလမ်းလမ်း မဟုတ်ဟု ဆိုလိုသည်။) (ပစ္စည်းယူရန် လက်ကို ဆန့်သည်နှင့် တူ)

တနည်း=ပစ်လိုက်မည့် မြှားကို ကောက်ယူသော လေးသမားနှင့်တူ၊

ပကိဏ်း=သောဘဏ အသောဘဏ ၂မျိုးလုံးရော၍ ယှဉ်သော စေတသိက်။

အမှာ=အကုသိုလ် စေတသိက်သည် အသောဘဏစိတ် သက်သက်မှာ ယှဉ်။ ဤပကိဏ်း စေတသိက်များသည် ၂မျိုးလုံးမှာ ယှဉ်ကြသည်။

၄။ ဧဝမေတေ တေရသစေတသိကာ အညသမာနာတိ ဝေဒိတဗ္ဗာ။

သရုပ်=ဆိုပြီး စေတသိက် ၁၃ခုကို အညသမာန်း အမည်ပေးသည်။

အည=အသောဘဏစိတ်၊ သောဘဏစိတ် ၂မျိုးလုံး အညချည်း ဖြစ်သည်။

ရှင်း=အည အခြားတပါး။
စေတသိက်များသည် သောဘဏစိတ်နှင့်ယှဉ်သည့်အခါ အသောဘဏ သည် အည မည်၏။ (တခြားစိတ်ဟူလို)
အသောဘဏစိတ်နှင့် ယှဉ်သည့်အခါ သောဘဏ စိတ်သည် အည မည်၏။

အညသမာန=အညမည်သော အသောဘဏစိတ်နှင့်လည်း အတူ ဖြစ်သည်။ အညမည်သော သောဘဏစိတ်နှင့်လည်း အတူဖြစ်သည်။

မှတ်ချက်=ဆိုလတ္တံ့သော အကုသိုလ်စေတသိက်နှင့်သောဘဏ စေတသိက်များ ကဲ့သို့ တမျိုးတည်းဖြင့် ကန့်သတ်လို့ မရသောကြောင့် ၂မျိုး သုံး နိုင်သော "အည"ဖြင့် အမည်ပေး၏။

ပြောရိုးပြောစဉ်=အသောဘဏစိတ်နှင့် ယှဉ်ခိုက် သောဘဏစိတ်မှ တပါး အသောဘဏစိတ်နှင့် ယှဉ်သည်။ သောဘဏစိတ်နှင့်ယှဉ်ခိုက် အသောဘဏစိတ်မှတပါး သောဘဏစိတ်နှင့် ယှဉ်သည် ဟူ၏။
အဟိတ်စေတသိက်မရှိ=အဟိတ်စိတ် သက်သက် ယှဉ်သော စေတသိက်မရှိလို့။
ရာသီ=ရာသီဟူသည် အစုကို ခေါ်သည်။
အညသမာန်းရာသီ (အညသမာန်း အစု)
အကုသလရာသီ (အကုသိုလ်မှာ ယှဉ်တဲ့ အကုသိုလ်စေတသိက် အစု)
သောဘဏရာသီ (သောဘဏမှာယှဉ်တဲ့ သောဘဏစေတသိက် အစု)

အကုသိုလ်စေတသိက် ၁၄ပါး

၅။ မောဟော အဟိရိကံ အနောတ္တပ္ပံ ဥဒ္ဓစ္စံ လောဘော ဒိဋ္ဌိ မာနော ဒေါသော ဣဿာ မစ္ဆရိယံ ကုက္ကုစ္စံ ထိနံ မိဒ္ဓံ ဝိစိကိစ္ဆာ စေတိ စုဒ္ဒသိမေ စေတသိကာ အကုသလာ နာမ။ ။

သရုပ်=အကုသိုလ် စေတသိက် ၁၄ပါး။
မောဟ=အာရုံ၌ တွေဝေတဲ့ သဘော။
ရှင်း=တွေဝေသဖြင့် အာရုံ၏အဖြစ်မှန်ကို မသိ အမှားကိုသာ သိသည်။ ၎င်းကိုပင် မသိဟု သုံးနှုန်းကြ၏။
ဥပမာ=အနိစ္စဟု အမှန်သိရမည်ကို နိစ္စဟု မှားပြီးသိတဲ့ သဘောမျိုး
အဟိရိက=ဒုစရိုက် ပြုရမှာ မရှက်တဲ့သဘော (ဝက်သည် ပတ်ဝန်းကျင်ကို မရှက်ပဲ မစင်စားသလို)
အနောတ္တပ္ပ=ဒုစရိုက် ပြုရမှာကို မကြောက်လန့်တဲ့ သဘော။ (ပိုးကောင်ကလေးများ မီးကို တိုးရမှာ မကြောက်သလို)
ဥဒ္ဓစ္စ=ပျံ့လွင့်တဲ့သဘော (လေလွင့်သောပြာနှင့် တူ)
လောဘ=လိုချင်တဲ့ သဘော(မျောက်နဲ့စေးလို ကပ်ငြိတွယ်တာသောလိုချင်)
လောဘ,ဆန္ဒအထူး=အာရုံကို လိုချင်ကာမျှသည် ဆန္ဒ၊
အာရုံကို တွယ်တွယ်တာတာ လိုချင်ခြင်းသည် လောဘ။ ဤသို့ထူး၏။
ဒိဋ္ဌိ=မှားသောအားဖြင့် ထင်မြင်စွဲလမ်းခြင်း။
ရှင်း=ဟုတ်လည်း မဟုတ်ပဲနှင့် ငါပြောတာမှ မှန်တယ်၊ အခြားဟာတွေ မဟုတ်ဟု အယူသည်းမှု (အကုသိုလ်အရာဖြစ်၍ မိစ္ဆာဒိဋ္ဌိယူ)
ဉာဏ်၊ ဒိဋ္ဌိအထူး=ဉာဏ်သည် အမှန်သိ၊ ဒိဋ္ဌိသည် အမှားသိ၊ ဤသို့ထူး၏။
မာန=ငါသာ မြတ်သည် စသည်ဖြင့် ထောင်လွှားခြင်း။

ဒေါသ=ဖျက်ဆီးတဲ့ သဘော။
ဣဿာ=သူများစည်းစိမ်ကို မနာလိုခြင်း။ (ဗဟိဒ္ဓအာရုံပြု)
မစ္ဆရိယ=မိမိစည်းစိမ်ကို ဝန်တိုခြင်း။ (အဇ္ဈတ္တအာရုံပြု)
ကုက္ကုစ္စ=ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တို့ အတွက် ပူပန်ခြင်း။
ထိန=စိတ်၏အမှု၌ မခံ့တဲ့ သဘော။
ရှင်း=အမှုကိစ္စ ပြုလုပ်ဖို့ရန် စိတ်၏ပျော့ညံ့တဲ့သဘော (ထိုင်းမှိုင်းခြင်း။)
မိဒ္ဓ=စေတသိက်၏အမှု၌ မခံ့တဲ့ သဘော။ (စေတသိက်ကို ဝေဒနာဒိက္ခန္ဓတ္တယ လည်းခေါ်)
ရှင်း=အမှုကိစ္စ ပြုလုပ်ဖို့ရန် စေတသိက်များ၏ ပျော့ညံ့တဲ့ သဘော။ (ထိုင်းမှိုင်းခြင်း။)
ထိန,မိဒ္ဓ-အထူး=ထိနသည် ကိလေသာတွင် ပါသည်။
မိဒ္ဓသည် ကိလေသာတွင် မပါ။ ဤသို့ ထူး၏။
ရှင်း=စိတ်ကို ညစ်နွမ်းစေတတ်သောကြောင့် (ဝါ) စိတ်၏ ညစ်နွမ်းသော သဘော ဖြစ်သောကြောင့် ကိလေသာ၌ ထိနကို ထည့်သွင်း ဟော သည်။ မိဒ္ဓကို မဟော။
အမှာ=တချိန်က ရုပ်၏အမှု၌ မခံ့သည့် သဘောကို မိဒ္ဓဟု ယူဆပြီး ရုပ်မိဒ္ဓ၊ နာမ်မိဒ္ဓ ရှိ,မရှိ အာတော် အငြင်းပွားပုံ ရသည်၊ ၎င်းနှင့်ပတ်သက်၍ အဋ္ဌကထာ ဋီကာတို့၌ အကျယ်ကြီး ရေးကြ၏။
မှတ်ချက်=ရုပ်မိဒ္ဓ မရှိ၊ ထို့ကြောင့် အပဟာတဗ္ဗတရားတို့၌ ထည့်သွင်း ဟော ကြားထားသည်၊ အကယ်၍ ရုပ်မိဒ္ဓရှိအံ့၊ အပဟာတဗ္ဗတွင် မဟော တန်ရာ (ရုပ်သည် အပဟာတဗ္ဗ မဟုတ်လို့)
ဘုရားရဟန္တာ အိပ်ခြင်းသည် ထိနမိဒ္ဓ မဟုတ် ကိုယ် အပင်ပန်းပြေ ခြင်းသာ။

သောဘဏသာဓာရဏစေတသိက် ၁၉ ပါး

၆။ သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပံ အလောဘော အဒေါသော
တတြမဇ္ဈတ္တတာ ကာယပ္ပဿဒ္ဓိ စိတ္တပ္ပဿဒ္ဓိ
ကာယလဟုတာ စိတ္တလဟုတာ ကာယမုဒုတာ

စိတ္တမုဒုတာ ကာယပါဂုညတာ စိတ္တပါဂုညတာ
ကာယုဇုကတာ စိတ္တုဇုကတာ စေတိ ဧကူနဝီသတိ
မေစေတသိကာ သောဘဏ သာဓာရဏာနာမ။

သရုပ်=သောဘဏ သာဓာရဏ စေတသိက် ၁၉ ပါး။

သဒ္ဓါ=ရတနာသုံးပါး,ကံ,ကံ၏ အကျိုးတို့၌ ကြည်ညိုခြင်း၊ (ယုံကြည်ခြင်း။)
(သမ္ပယုတ်တရားတို့ကို ကြည်လင်စေခြင်း လက္ခဏာရှိ၏)
(ရေကိုကြည်စေတတ်တဲ့ ပတ္တမြားရတနာနှင့်တူ၏။)

သတိ=ရတနာသုံးပါးနှင့် ကောင်းမှုတို့ကို အမှတ်ရခြင်း။

အထူး=(က) သညာ=ရှေးက မှတ်ထားသော အမှတ်အသား။
(ခ) **သတိ**=ကောင်းတဲ့ အရာတို့၌ မှတ်ထားသည် များကို သတိ ရလာခြင်း။
(ဂ) **ပညာ**=သဘာဝကိုအသေအချာသိခြင်း ၃ပါးကွဲသို့ထူး၏။

ဟိရီ=ဒုစရိုက်ပြုရန်ရှက်ခြင်း။ (ကိုယ့်ဂုဏ်ကို ကိုယ်ငဲ့သည့် အမျိုးကောင်းသမီး များ၏ ရှက်နည်းမျိုး)

ဩတ္တပ္ပ=ဒုစရိုက်ပြုရန် ကြောက်လန့်ခြင်း။ (အခြားသူများ စက်ဆုပ်မှာကို ကြောက်သော ပြည့်တန်ဆာမများ၏ ကြောက်နည်းမျိုး)

အလောဘ=မလိုချင်။ (ကိလေသာမှ လွတ်ပြီးသော ရဟန်းနှင့်တူ)

အဒေါသ=မဖျက်ဆီးခြင်း။ (အဆွေခင်ပွန်းကောင်းနှင့်တူ)

တတြမဇ္ဈတ္တတာ=ဖြစ်ဖော် ဖြစ်ဖက်စေတသိက်တို့၌အလယ်အလတ်ဖြစ်ခြင်း။

ရှင်း=သဟဇာတ် တရားများနှင့်ပတ်သက်၍ သူ့သဘောအတိုင်းသူ ဖြစ်ပစေ ဆိုတဲ့ သဘောမျိုး (လျစ်လျူရှုခြင်းဟူလို) (ရထားထိန်းနှင့်တူ)

ကာယပဿဒ္ဓိ=စေတသိက်တို့၏ ငြိမ်းတဲ့သဘော။

စိတ္တပဿဒ္ဓိ=စိတ်တို့၏ ငြိမ်းတဲ့သဘော။

မှတ်ချက်=၎င်း ၂ ပါးသည် ဥဒ္ဓစ္စနှင့်ဆန့်ကျင်။

ကာယလဟုတာ=စေတသိက်တို့၏ မိမိကိစ္စကို မိမိပြုလုပ်ရာ၌ ပေါ့ပါးခြင်း။

စိတ္တလဟုတာ=စိတ်တို့၏ မိမိကိစ္စကို မိမိပြုလုပ်ရာ၌ ပေါ့ပါးတဲ့သဘော။

မှတ်ချက်=၎င်း ၂ ပါးသည် ထိန မိဒ္ဓနှင့်ဆန့်ကျင်။

ကာယကမ္မညတာ=စေတသိတ်တို့၏ မိမိကိစ္စကို မိမိပြုလုပ်တဲ့သဘော။

စိတ္တကမ္မညတာ=စိတ်တို့၏ မိမိကိစ္စကို မိမိပြုလုပ်တဲ့သဘော။

မှတ်ချက်=ကြွင်းကိလေသာ ၆ ပါးနှင့်ဆန့်ကျင်၏။

ကာယပါဂုညတာ=စေတသိက် တို့၏ အမှုကိစ္စ ပြုလုပ်ရာ၌ ကျွမ်းကျင်ခြင်း။
စိတ္တပါဂုညတာ=စိတ်တို့၏ အမှုကိစ္စ ပြုလုပ်ရာ၌ ကျွမ်းကျင်တဲ့သဘော။
မှတ်ချက်=၎င်း ၂ ပါး သည် အသဒ္ဓိယစသည်နှင့်ဆန့်ကျင်။။
ကာယုဇုကတာ=စေတသိက်တို့သည်အမှုကိစ္စပြုလုပ်ရာ၌ဖြောင့်ဖြောင့်မတ်မတ် ဖြစ်တဲ့သဘော။
စိတ္တုဇုကတာ=စိတ်တို့၏ အမှုကိစ္စပြုလုပ်ရာ၌ ဖြောင့်ဖြောင့်မတ်မတ်ဖြစ်ခြင်း။
မှတ်ချက်=၎င်း ၂ ပါးသည် မာယာ သာဌေယျ စသည်နှင့်ဆန့်ကျင်။
စုံတွဲ=သဒ္ဓါစသော စေတသိက်များသည် တခုချင်းအားဖြင့် ဆန့်ကျင်ဘက် အကုသိုလ်ကိုပယ်နိုင်သည်။

ကာယပဿဒ္ဓိစသည်တို့ကတော့စေတသိက်နှင့်စိတ်တွဲမိမှ ပယ် နိုင် လို့ အစုံအစုံဟောသည်။

တနည်း=စိတ်၏ငြိမ်းခြင်းစသည်ကို လည်းကောင်း။

ရူပကာယ၏ ငြိမ်းခြင်းစသည်ကို လည်း ကောင်း ဤ၂မျိုးဖြစ်စေ တတ်လို့အစုံအစုံဟောသည်။

သောဘဏသာဓာရဏ=သောဘဏစိတ် အား လုံး နှင့် ယှဉ် သော ကြောင့် သောဘဏသာဓာရဏခေါ်သည်။ (ယှဉ်နှင့်ဆက်ဆံတူသည်)

ဝိရတီစေတသိက် ၃ ပါး

၇။ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါစေတိ တိဿော ဝိရတိ ယောနာမ။

သမ္မာဝါစာ=ဝစီဒုစရိုက် ၄ ပါးမှရှောင်ကြဉ်ခြင်း။

ဝစီဒုစရိုက် ၄ =မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ။

သမ္မာကမ္မန္တ=ကာယဒုစရိုက် ၃ ပါးမှရှောင်ကြဉ်ခြင်း။

ကာယဒုစရိုက် ၃=ပါဏာတိပါတ အဒိန္နာဒါန ကာမေသု မိစ္ဆာစာရ။

သမ္မာအာဇီဝ=အသက်မွေးဝမ်းကျောင်းအတွက် ၎င်းဒုစရိုက်၇မျိုးမှ ရှောင်ကြဉ်ခြင်း။

မှတ်ချက်=အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက် မပတ်သက်အားဖြင့် သမ္မာအာဇီဝနှင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ ၂ ပါးထူး၏။
သမ္ပတ္တဝိရတီ=အရေးပေါ်တွေ့ကြုံသော ဒုစရိုက်ကို ရှောင်ခြင်း။
သမာဒါနဝိရတီ=ကြိုတင်အဓိဋ္ဌာန်ပြုပြီး ဒုစရိုက်ကိုရှောင်ခြင်း။
သမုစ္ဆေဒဝိရတီ=ပြတ်ပြတ်သားသား ဒုစရိုက်ကို ရှောင်ခြင်း။

ရှင်း=မည်သည့်အခါမဆို ဒုစရိုက်ပြုမှုမှ ရှောင်ခြင်း ဟူ၏။
ဝိရတီ=ပစ္စုပ္ပန်တွေ့ကြုံတဲ့ ဒုစရိုက်နှင့်အနာဂတ်တွေ့ကြုံမည့်ဒုစရိုက်ကို ရှောင်သည်။ ထို့ကြောင့် ပစ္စုပ္ပန်အနာဂတ်ကို အာရုံပြုသည်။

အပ္ပမညာစေတသိက် ၂ ပါး

၈။ ကရုဏာ မုဒိတာ အပ္ပမညာယောနာမ။

သရုပ်=အပ္ပမညာ စေတသိက် ၂ ပါး (ကရုဏာနှင့်မုဒိတာ)
ကရုဏာ=ဒုက္ခိတသတ္တဝါကို သနားခြင်း။
(ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြု)
မုဒိတာ=သုခိတသတ္တဝါကို ဝမ်းမြောက်ခြင်း။
(သုခိတ သတ္တဝါပညတ်ကို အာရုံပြု)
အပ္ပမညာ=အတိုင်းအရှည် အပိုင်းအခြားမရှိသော သတ္တဝါပညတ်ကို အာရုံပြုသော စေတသိက်များ။ (ဘယ်နှစ်ယောက်ဟုကန့်သတ်မရ)

အပ္ပမညာ ၄=

ကမ္မဋ္ဌာန်းပိုင်း	စေတသိက်ပိုင်း
၁။ ကရုဏာ	ကရုဏာ
၂။ မုဒိတာ	မုဒိတာ
၃။ မေတ္တာ	အဒေါသ
၄။ ဥပေက္ခာ	တတြမဇ္ဈတ္တတာ

ထို့ကြောင့် ၂ ပိုင်းလုံး အပ္ပမညာ ၄ ပါးချည်းပင်။

မှတ်ချက်။ စေတသိက်ပိုင်း၌ စိတ်ယှဉ်ကို ဦးစားပေးလို့ အပ္ပမညာချင်း ဝေးနေသည်။

အပ္ပမညာစေတသိက် ၂ ပါးနှင့် ပညိန္ဒြေစေတသိက်

၈။ ကရုဏာ မုဒိတာ အပ္ပမညာ ယောနာမာတိ
သဗ္ဗထာပိ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝီသတိ မေ
စေတသိကာ သောဘဏာတိ ဝေဒိတဗ္ဗာ။

သရုပ်=အပ္ပမညာခေါ် ကရုဏာ မုဒိတာ ပညိန္ဒြေတို့နှင့် တကွ သောဘဏ စေတသိက် ၂၅ ပါး။

သဗ္ဗထာ=၂၅ ပါးလုံး သောဘဏ။

ပိ-အပိ=တခုစီ တခုစီကိုလည်း သောဘဏခေါ်။

ပညာ=အသေးစိတ်သိ။

ပညိန္ဒြိယေန=သိမှုကိစ္စ အစိုးရသောကြောင့် ပညာကိုပင် ပညိန္ဒြေခေါ်။

အထူး=**သညာ**=အနီရောင် စသည်ကို သိကာမျှသည် သညာ (အနိစ္စ စသော လက္ခဏာကို မသိ)

ဝိညာဏ်=အနီရောင် စသည်ကိုလည်း သိ၊ အနိစ္စ စသော လက္ခဏာကိုလည်းသိ ဝိညာဏ် (နိဗ္ဗာန်ရောက်ကြောင်း မသိ)

ပညာ=သုံးမျိုးလုံးသိ ပညာ (ဤသို့ သညာ,ဝိညာဏ်,ပညာ, ၃ ပါး ထူး၏။)

ဥပမာ=ကလေး မိဘ ပန်းထိမ်ဆရာတို့ ရွှေကိုသိနည်းမျိုး (ကလေး-အရောင်သိ၊ မိဘ-ရွှေမှန်းသိ၊ ပန်းထိမ်ဆရာ တန်ဖိုးသိ။)

မှတ်ချက်=(က) ဉာဏဝိပ္ပယုတ်စိတ် ဖြစ်တဲ့အခါ အမှတ်သင်္ကေတကို ဦးစားပေး၍ဖြစ်သော် သညာက ဦးဆောင်သည်။ ဝိညာဉ်က နောက်လိုက်။

(ခ) အခြားနည်းအားဖြင့် ဖြစ်သော် ဝိညာဏ်က ဦး ဆောင်သည်၊ သညာက နောက်လိုက်။

(ဂ) ဉာဏသမ္ပယုတ်ဖြစ်သော် ၂ ပါးလုံး နောက်လိုက်၊ ပညာက ဦးဆောင်သည်။

သင်္ဂဟဂါထာ

၆။ တေ္တာဝတာ စ-

တေရသညသမာနာ စ၊ စုဒ္ဒသာကုသလာတထာ။
သောဘဏာ ပဉ္စဝီသာတိ၊ ဒွိပညာသ ပဝုစ္စရေ။

သရုပ်=အညသမာန်းအုပ်စု ၁၃ (အညသမာန်းရာသီ)။
အကုသိုလ်အုပ်စု ၁၄ (အကုသလရာသီ)။
သောဘဏအုပ်စု ၂၅ (သောဘဏရာသီ)။

ဤသို့ စေတသိက် ၅၂ ကို အုပ်စုဖြင့် ရေတွက်သည်။

သမ္ပယောဂနည်း ၁၆ ပါး

၁၀။ ဧကုပ္ပါဒနိရောဓာ၊ ဧကာလမ္ဗဏဝတ္ထုကာ။
စေတောယုတ္တာ ဒွိပဉ္စာသ၊ ဓမ္မာ စေတသိကာ မတာ။

သရုပ်=သမ္ပယောဂနည်း၏ လက္ခဏာကိုပြသည်။
စိတ္တာဝိယုတ္တာနံ=စေတသိက် (စိတ်နှင့် အမြဲယှဉ်လို့)။
စိတ္တုပ္ပါဒေသု=စိတ် (စိတ္တ=စိတ်၊ ဥပ္ပါဒ ဖြစ်ခြင်း။)
အမှာ=ပကိဏ်းပိုင်းအစ စိတ္တုပ္ပါဒဝသေန စိတ် စေတသိက်တို့ကို ယူသည်။
ယထာယောဂံ=ယှဉ်သင့်သည် အားလျော်စွာ။
ရှင်း=ဝိတက်သည် စိတ် ၅၅ တို့၌ယှဉ်။
အဓိမောက္ခသည် စိတ် ၇၈ တို့၌ယှဉ် စသည်ဖြင့် သင့်သလိုယူ။

သမ္ပယောဂနည်း=စေတသိက်တို့၏ စိတ်တို့၌ ယှဉ်ပုံ ယှဉ်နည်း။
သင်္ဂဟနည်း=စိတ်တို့၏ စေတသိက်တို့၌ ယှဉ်ပုံ ယှဉ်နည်း။
တနည်း=စိတ်တို့၌ ယှဉ်တဲ့ စေတသိက်ကို စုပြသော နည်းလည်းဟူ။

သမ္ပယောဂနည်း သင်္ဂဟဂါထာ

သမ္ပယောဂအုပ်စု မာတိကာ

၁၁။ သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ။ ယထာယောဂံ ပကိဏ္ဏကာ။
စုဒ္ဒသာကုသလေသွေဝ၊ သောဘဏေသွေဝ သောဘဏာ။

သရုပ်=၁။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် သမ္ပယောဂနည်း။
၂။ ပကိဏ်းစေတသိက် သမ္ပယောဂနည်း။
၃။ အကုသိုလ်စေတသိက် သမ္ပယောဂနည်း။
၄။ သောဘဏစေတသိက် သမ္ပယောဂနည်း။
သတ္တ=သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇။
သဗ္ဗတ္ထ=စိတ်အကုန် (၈၉၊ တနည်း ၁၂၁)
ပကိဏ္ဏကာ=ဝိတက် စသော စေတသိက် ၆ ခု။
ယထာယောဂံ=ဝိတက်သည် စိတ် ၅၅ တို့၌ယှဉ်
ဝီရိယသည် စိတ် ၇၃ တို့၌ ယှဉ် စသည်ဖြင့် သင့်သလိုယူ။ (တခုနှင့် တခု အယှဉ်ချင်း မတူ။)

အမှ၌=သဗ္ဗတ္ထသည် သတ္တနှင့်လည်းဆိုင်၊ ပကိဏ္ဏကနှင့်လည်း ဆိုင်သည်။
စုဒ္ဒသ=အကုသိုလ် စေတသိက် ၁၄
အကုသလေသု=အကုသိုလ်စိတ် ၁၂
အကုသလေသွေဝ၌-ဧဝ=အကုသိုလ် မဟုတ်ဖသော စိတ်တို့၌ မယှဉ်။
သောဘဏာ=သောဘဏ စေတသိက် ၂၅
သောဘဏေသု=သောဘဏစိတ် တခုယုတ် ၆၀ (ဝါ) ၅၉၊ တနည်း ၉၁။
သောဘဏေသွေဝ၌-ဧဝ=အသောဘဏတို့၌ မယှဉ်။

အညသမာန်းသမ္ပယောဂနည်း ၇ ပါး

၁၂။ ကထံ-

သဗ္ဗစိတ္တသာဓာရဏာ တာဝ သတ္တိမေ စေတသိကာ သဗ္ဗေသုပိ ဧကူန နဝုတိ စိတ္တုပ္ပါဒေသု လဗ္ဘန္တိ။

သရုပ်=သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့သည် စိတ်တခုယုတ် ၉၀ တို့၌ ယှဉ်
(၁၂၁ တို့၌လည်း ယှဉ်သည်ပင်။)
သဗ္ဗေသု=စိတ်အကုန်လုံး (တခုယုတ် ၉၀၊ အကျယ် ၁၂၁)
ပိ,အပိ=တခုစီ ၂ ခုစီ စသည်မှာလည်း ယှဉ်။

၁၃။ ပကိဏ္ဏကေသု ပန ဝိတက္ကော တာဝ ဒွိပဉ္စဝိညာဏဝဇ္ဇိတ **ကာမာဝစရ စိတ္တေသုစေဝ ဧကာဒသသု ပဌမဇ္ဈာန စိတ္တေသု စာတိ ပဉ္စပညာသ စိတ္တေသု ဥပ္ပဇ္ဇတိ။**

သရုပ်=ဝိတက်သည် ဒွေးပဉ္စဝိညာဏ် ၁၀ ကြဉ် ကာမစိတ် ၄၄+ပဌမစျာန်။
၁၁=ပေါင်း ၅၅ တို့၌ ယှဉ်။

ပြောင်းပြန်=ဒွေးပဉ္စဝိညာဏ် ၁၀
ဒုတိယစျာန် ၁၁
တတိယစျာန် ၁၁
စတုတ္ထစျာန် ၁၁
ပဉ္စမစျာန် ၂၃=၆၆တို့၌ မယှဉ်။

ပဉ္စဝိညာဏ်ကြဉ်=သဘောချင်း မတိုက်ဆိုင်လို့။
ရှင်း=ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံသို့ ပို့ဆောင်သည်။
ဒွေးပဉ္စဝိညာဏ်သည် အာရုံသို့ မပို့ဆောင်နိုင်။
အထက်စျာန်များမယှဉ်=ဘာဝနာကြောင့်။

ရှင်း=ဝိတက်ကို အပြစ်မြင်ပြီး ဘာဝနာပွားလို့ အထက်ဈာန်ကို ရသည်။
(ထို့ကြောင့် အထက်ဈာန်တို့၌ ဝိတက် မယှဉ်)

၁၄။ ဝိစာရော ပန တေသုစေဝ ကောဒသသု ဒုတိယဈာနစိတ္တေသု စာတိ ဆသဋ္ဌိ စိတ္တေသု။

သရုပ်=ဝိစာရသည် ဝိတက်ယှဉ်သော ၅၅
ဒုတိယဈာန် ၁၁=ပေါင်း ၆၆ တို့နှင့်ယှဉ်။

ပြောင်းပြန်=ဒွေးပဉ္စဝိညာဏ် ၁၀ (ဝိစာရသဘော မရှိလို့ မယှဉ်)
တတိယဈာန် ၁၁ (ဘာဝနာကြောင့် မယှဉ်)
စတုတ္ထဈာန် ၁၁ (ဘာဝနာကြောင့် မယှဉ်)
ပဉ္စမဈာန် ၂၃=ပေါင်း ၅၅ တို့၌ မယှဉ်။

၁၅။ အဓိမောက္ခော ဒွိပဉ္စဝိညာဏ ဝိစိကိစ္ဆာ သဟဂတဝဇ္ဇိတ စိတ္တေသု။

သရုပ်=အဓိမောက္ခသည် ဒွေးပဉ္စဝိညာဏ် ၁၀+ဝိစိကိစ္ဆာ ကြဉ်သော စိတ် ၇၈ တို့၌ ယှဉ်။

ပြောင်းပြန်=ဒွေးပဉ္စဝိညာဏ် ၁၀
ဝိစိကိစ္ဆာ ၁=ပေါင်း ၁၁ တို့၌ မယှဉ် (ဆုံးဖြတ်ခြင်း သဘော မရှိလို့)

၁၆။ ဝီရိယံ ပဉ္စဒွါရာဝဇ္ဇန,ဒွိပဉ္စဝိညာဏ,သမ္ပဋိစ္ဆန,သန္တီရဏဝဇ္ဇိတ စိတ္တေသု။

သရုပ်=ဝီရိယသည် ပဉ္စဒွါရာဝဇ္ဇန်း၊ဒွေးပဉ္စဝိညာဏ် ၁၀၊သမ္ပဋိစ္ဆိုင်း သန္တီရဏ ကြဉ် ၇၃ တို့၌ယှဉ်။

ပြောင်းပြန်=ပဉ္စဒွါရာဝဇ္ဇန်း ၁
ဒွေးပဉ္စဝိညာဏ် ၁၀
သမ္ပဋိစ္ဆိုင်း ၂
သန္တီရဏ ၃ =၁၆ တို့၌ မယှဉ်။ (ဝီရိယသဘောမရှိလို့)

မှတ်ချက်=အဟိတ်စိတ်တွင် မနောဒွါရာဝဇ္ဇန်း ၁
ဟသိတုပ္ပါဒ် ၁
အဟိတ်မှကြွင်းသောစိတ်အားလုံး၇၁=ရင်း ၇၃ တို့၌ယှဉ်(သတိ)

၁၇။ ပီတိဒေါမနဿုပေက္ခာ သဟဂတ ကာယဝိညာဏ စတုတ္ထဈာနဝဇ္ဇိတ စိတ္တေသု။

သရုပ်=ပီတိသည် စတုတ္ထဈာန်ကြဉ်သော သောမနဿ ၅၁ တို့၌ယှဉ်၏။

ရှင်း=အကုသိုလ် သော၃မနဿ ၄

အဟိတ် သောမနဿ ၂

ကာမာဝစရသောမနဿ ၁၂

ပဌမစျာန်(သော၃မနဿ) ၁၁

ဒုတိယစျာန်(သောမနဿ) ၁၁

တတိယစျာန်(သောမနဿ) ၁၁=ပေါင်း ၅၁။

ပြောင်းပြန်=ပီတိမယှဉ် ဒေါမနဿ ၂

ဥပေက္ခာ ၅၅

ကာယဝိညာဏ် (ဒုက္ခ၊သုခ) ၂

စတုတ္ထစျာန်(သောမနဿ) ၁၁=ပေါင်း၇၀တို့၌ မယှဉ်။

သတိ=စက္ခုဝိညာဏ်(ဥပေက္ခာတွင်ပါ၍ မယှဉ်)

သောတဝိညာဏ်(ဥပေက္ခာတွင်ပါ၍ မယှဉ်)

ဃာနဝိညာဏ်(ဥပေက္ခာတွင် ပါ၍ မယှဉ်)

ဇိဝှာဝိညာဏ် (ဥပေက္ခာတွင် ပါ၍မယှဉ်)

စတုတ္ထစျာန်(သောမနဿဖြစ်သော်လည်း စျာန်အင်္ဂါတွင် ပီတိမပါ၍ မယှဉ်) (သုခ၊ကေဂ္ဂတာသာ)

အမှာ=ပီတိ ယှဉ် မယှဉ်ကို အလွန်သဘောကျခဲသည်။ ထို့ကြောင့် အပြန်ပြန် အလှန်လှန် ရှင်းလိုက်ပါသည်။

၁၈။ ဆန္ဒောအဟေတုက မောမူဟဝဇ္ဇိတစိတ္တေသုတိ။

သရုပ်=ဆန္ဒသည် အဟိတ်စိတ် ၁၈

မောဟမူစိတ် ၂=ပေါင်း ၂၀ ကြဉ် စိတ်တခုယုတ် ၇၀။

တနည်း=၆၉တို့၌ ယှဉ်သည်။

ပကိဏ်း ၆ မယှဉ်ခြင်း အကြောင်း=ပကိဏ်းစေတသိက် မယှဉ်သော စိတ်များကို-

(က) စျာန်မဟုတ်သော စိတ်များ။

(ခ) စျာန်စိတ်များဟု ၂ မျိုးခွဲ၍ အောက်ပါ ညွှန်ကြားမှုကို သတိပြုပါ။

(က) ဝိတက်စသည်တို့၏ သဘောများမရှိလို့ (စျာန်မဟုတ်သော) ဒွေပဥ္စဝိညာဏ်စသော စိတ်များ၌ ဝိတက်စသည်တို့ မယှဉ် (သဘောချင်းမတိုက်ဆိုင်လို့ အတူမဖြစ်ဟု ဆိုလိုသည်။)

ဥပမာ=ဝိတက်ကြံစည်ခြင်းသဘောရှိ၏။
ဒွေပဥ္စဝိညာဏ်တို့၌ ၎င်းသဘောမျိုးမရှိ။ ထို့ကြောင့်မယှဉ်ကြ(ကျန်အားလုံး ၎င်းအတိုင်းပင်)
(ခ) ဘာဝနာအားဖြင့် ဝိတက်စသည်မရှိသင့်လို့ ဒုတိယစသောဈာန်များ၌ ဝိတက် စသည်မယှဉ်။
ရှင်း=ဝိတက်ကို အပြစ်မြင်ပြီး သမထဘာဝနာပွားရှ် ဒုတိယဈာန်ကိုရသည်။
ဝိစာရကိုအပြစ်မြင်ပြီး သမထဘာဝနာပွားရှ် တတိယဈာန်ကိုရသည်။
ပီတိကိုအပြစ်မြင်ပြီး သမထ ဘာဝနာပွားရှ် စတုတ္ထ ဈာန်ကိုရသည်။
ဤဘာဝနာမျိုး အခြေခံသောဈာန်သည် ဝိတက် ဝိစာရပီတိတို့ကို ပယ်ပြီးဖြစ်ရှ် (အသီးသီး)မယှဉ်ကြပါ။

စက်လှည့်=(က)ဝိတက်နှင့်သာယှဉ်ရှ် ဝိစာရမယှဉ်သောစိတ် မရှိ။
(ခ) ဝိစာရသာယှဉ်ရှ် ဝိတက်မယှဉ်သောစိတ်။
ဒုတိယဈာန် ၁၁
(ဂ) ဝိတက်ဝိစာရ ၂ပါးစုံယှဉ်သောစိတ်။
ဒွေပဥ္စ ဝိညာဏ်ကြဉ်သော ကာမစိတ် ၄၄
ပဌမဈာန်စိတ် ၁၁= ၅၅။
(ဃ) ဝိတက် ဝိစာရ ၂ပါးစုံ မယှဉ်သောစိတ်။
ဒွေပဥ္စဝိညာဏ် ၁၀
တတိယဈာန် ၁၁
စတုတ္ထဈာန် ၁၁
ပဥ္စမဈာန် ၂၃=ပေါင်း ၅၅။

ဝိတက်,ပီတိ=(က) ဝိတက်သာယှဉ်ရှ် ပီတိမယှဉ်သောစိတ်။
ကာမဥပေက္ခာ ၂၄ (ပဥ္စဝိညာဏ်ဥပေက္ခာကြဉ်
ကာမဒေါမနဿ ၂=ပေါင်း ၂၆။
(ခ) ပီတိသာယှဉ်ရှ် ဝိတက်မယှဉ်သောစိတ်။
ဒုတိယဈာန် ၁၁
တတိယဈာန် ၁၁=ပေါင်း ၂၂။
(ဂ) ဝိတက် ပီတိ ၂ပါးစုံ ယှဉ်သောစိတ်။
ကာမသောမနဿ ၁၈
ပဌမဈာန် ၁၁=ပေါင်း ၂၉။

(ဃ) ဝိတက် ပီတိ ၂ ပါးစုံ မယှဉ်သောစိတ်။
ဒွေးပဥ္စဝိညာဏ် ၁၀
စတုတ္ထစျာန် ၁၁
ပဥ္စမစျာန် ၂၃=ပေါင်း၄၄။

ဝိစာရ ပီတိ=(က) ဝိစာရသာယှဉ်၍ ပီတိမယှဉ်သောစိတ်။
ကာမဥပေက္ခာ ၂၄
ကာမဒေါမနဿ ၂=ပေါင်း၂၆။
(ခ) ပီတိသာယှဉ်၍ ဝိစာရမယှဉ်သောစိတ်။
တတိယစျာန် ၁၁
(ဂ) ဝိစာရ ပီတိ ၂ ပါးစုံယှဉ်သော စိတ်။
ကာမ သောမနဿ ၁၈
ပဌမစျာန် ၁၁
ဒုတိယစျာန် ၁၁= ပေါင်း ၄၀။
(ဃ) ဝိစာရပီတိ ၂ ပါးစုံ မယှဉ်သောစိတ်။
ဒွေးပဥ္စဝိညာဏ် ၁၀
စတုတ္ထစျာန် ၁၁
ပဥ္စမစျာန် ၂၃= ပေါင်း ၄၄။

အဓိမောက္ခ ဝီရိယ=(က) အဓိမောက္ခသာ ယှဉ်၍ ဝီရိယ မယှဉ်သော စိတ်။
ပဥ္စဒွါရာဝဇ္ဇန်း ၁
သမ္ပဋိစ္ဆိုင်း ၂
သန္တီရဏ ၃=ပေါင်း၆။
(ခ) ဝီရိယသာယှဉ်၍ အဓိမောက္ခ မယှဉ်သောစိတ်။
ဝိစိကိစ္ဆာစိတ် ၁
(ဂ) အဓိမောက္ခ ဝီရိယ ၂ ပါးစုံ ယှဉ်သောစိတ်။
ဝိစိကိစ္ဆာကြဉ် အကုသိုလ် ၁၁
မနောဒွါရာ ဝဇ္ဇန်း ၁
ဟသိတုပ္ပါဒ် ၁
ကာမာဝစရ သောဘဏ ၂၄
မဟဂ္ဂုတ်စိတ် ၂၇
လောကုတ္တရာစိတ် ၈= ပေါင်း ၇၂။

(ဃ) အဓိမောက္ခ ဝီရိယ ၂ ပါးစုံ မယှဉ်သော စိတ်။
ဒွေးပဉ္စဝိညာဏ် ၁၀

အဓိမောက္ခဆန္ဒ =(က) အဓိမောက္ခသာယှဉ်၍ ဆန္ဒမယှဉ်သော စိတ်။
ဒွေးပဉ္စဝိညာဏ်ကြဉ်အဟိတ် ၈
ဥဒ္ဒစ္စသမ္ပယုတ်စိတ် ၁= ပေါင်း ၉။
(ခ) ဆန္ဒသာယှဉ်၍ အဓိမောက္ခ မယှဉ်သောစိတ် မရှိ။
(ဂ) အဓိမောက္ခဆန္ဒ ၂ ပါး စုံယှဉ်သော စိတ်။
အဟိတ် မောဟမူကြဉ် စိတ် ၆၉။(၁ ခုယုတ် ၇၀)
(ဃ) အဓိမောက္ခ ဆန္ဒ ၂ ပါးစုံ မယှဉ်သော စိတ်။
ဒွေးပဉ္စဝိညာဏ် ၁၀
ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ၁= ပေါင်း ၁၁။

ဝီရိယ ဆန္ဒ=(က)ဝီရိယသာ ယှဉ်၍ ဆန္ဒမယှဉ်သော စိတ်။
မနောဒွါရာ ဝဇ္ဇန်း ၁
ဟသိတုပ္ပါဒ် ၁
မောဟမူ ၂= ပေါင်း ၄။
(ခ) ဆန္ဒသာယှဉ်၍ ဝီရိယ မယှဉ်သောစိတ် မရှိ။
(ဂ) ဝီရိယ ဆန္ဒ ၂ ပါးစုံယှဉ်သော စိတ်။
အဟိတ် မောဟမူကြဉ်စိတ် ၆၉။ (၁ ခုယုတ် ၇၀)
(ဃ) ဝီရိယ ဆန္ဒ ၂ ပါးစုံ မယှဉ်သော စိတ်။
ပဉ္စဒွါရာ ဝဇ္ဇန်း ၁
ဒွေးပဉ္စ ဝိညာဏ် ၁၀
သမ္ပဋိစ္ဆိုင်း ၂
သန္တီရဏ ၃= ပေါင်း ၁၆။

မှတ်ချက်=ဝိတက် ဝိစာရ ပီတိတို့၏ အယှဉ်ကို စိတ်အကျယ်တွင် ရှာရမည်။
အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒတို့၏ အယှဉ်ကို စိတ်အကျဉ်းမှာ ရှာရမည်။

သင်္ဂဟဂါထာ

၁၉။ တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံ
(မယှဉ်) ဆသဋ္ဌိပဉ္စပညာသ၊ ကောဒသ စသောဠသ။
သတ္တတိ ဝီသတိ စေဝ၊ ပကိဏ္ဏကာ ဝိဝဇ္ဇိတာ။

(ယှဉ်) ပဥ္စပညာသ ဆသဋ္ဌိ၊ ဋ္ဌသတ္တတိ တိသတ္တတိ။
ဧကပညာသ စေကူန၊ သတ္တတိ သပကိဏ္ဏကာ။
တေပန စိတ္တုပ္ပါဒါ= ထိုပကိဏ်း စေတသိက် ယှဉ်သောစိတ် မယှဉ်သော
စိတ်တို့သည်။
ယထာက္ကမံ= အစဉ်အတိုင်း—

ရှင်း= ဝိတက်မယှဉ်-	ဆသဋ္ဌိ။	ဝိတက်ယှဉ်-	ပဥ္စပညာသ။
ဝိစာရမယှဉ်-	ပဥ္စပညာသ။	ဝိစာရယှဉ်-	ဆသဋ္ဌိ။
အဓိမောက္ခမယှဉ်-ဧကာဒသ။		အဓိမောက္ခယှဉ်-	ဋ္ဌသတ္တတိ။
ဝီရိယမယှဉ်-	သောဠသ-။	ဝီရိယယှဉ်-	တိသတ္တတိ။
ပီတိမယှဉ်-	သတ္တတိ။	ပီတိယှဉ်-	ဧကပညာသ။
ဆန္ဒမယှဉ်-	ဝီသတိ။	ဆန္ဒယှဉ်-	ဧကူနသတ္တတိ။

အကုသိုလ် စေတသိက် သမ္ပယောဂနည်း ၅ ပါး

၂၀။ အကုသလေသု ပန မောဟော အဟိရိကံ အနောတ္တပ္ပံ ဥဒ္ဓစ္စဉ္စာတိ
စတ္တာရောမေ စေတသိကာ သဗ္ဗာကုသလသာဓာရဏာ နာမ။
သရုပ်=မောစတုတ် ၄ တို့သည် အကုသိုလ်စိတ် ၁၂ တို့၌ ယှဉ်။
သဗ္ဗာကုသလသာဓာရဏ=မောစတုတ် ၄ တို့၏ အမည်။
(အကုသိုလ်စိတ် အကုန်လုံးမှာယှဉ်လို့ ၎င်းအမည်ရသည်။)
သဗ္ဗေသုပိဒ္ဓ-ပိ,အပိ=တခုစီ၊ ၂ခုစီ စသည်မှာလည်း ယှဉ်။
ပုတ်ချက် ၁။ မောဟ=အပြစ်မသိခြင်း။
၂။ အဟိရိက=ဒုစရိုက်ပြုရမှာ မရှက်ခြင်း။
၃။ အနောတ္တပ္ပ=ဒုစရိုက်ပြုရမှာ မကြောက်ခြင်း။
၄။ ဥဒ္ဓစ္စ=ပျံ့လွင့်ခြင်း။
၎င်းသဘော ၄ မျိုးတို့သည် အကုသိုလ်မှု ပြုတိုင်း ပါကြသည်ချည်း
ဖြစ်၍ အကုသိုလ်စိတ်တိုင်းမှာ ယှဉ်သည်။

၂၁။ လောဘော အဋ္ဌသု လောဘသဟဂတစိတ္တေသွေဝ လဗ္ဘတိ။
သရုပ်-လောဘသည် လောဘမူစိတ်တို့၌သာ ယှဉ်။

၂၂။ ဒိဋ္ဌိ စတူသု ဒိဋ္ဌိဂတသမ္ပယုတ္တေသု။
သရုပ်=ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ တို့၌ ယှဉ်။

၂၃။ မာနော စတူသု ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု။
သရုပ်=မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ တို့၌ ယှဉ်။

ရှင်း=ဒိဋ္ဌိသည် ငါ့ကိုယ်ဟုအယူရှိခြင်း။(ငါ့ကိုယ်ငါ့ဟာ စသည်ဖြင့် စွဲလမ်းမှု)
မာနသည် ငါသာမြတ်သည် စသည်ဖြင့် ထောင်လွှားခြင်း(ကြွားခြင်း)
ဒိဋ္ဌိ မာန ၂ မျိုးလုံး မိမိကိုယ်ကို မိမိ ချစ်ခင်ကြသည်ချည်းဖြစ်၏။ ထိုသို့
ချစ်ခင်ကြသောကြောင့် လောဘဦးဆောင်သော လောဘမူ စိတ်မှာ
ယှဉ်ကြသည်။ (လောဘလည်း ချစ်ခင်သော သဘောပင်)
(ဤသို့ လောဘလျှင် နီးသော အကြောင်းရှိ၍၊ မာနသည် ဒေါသမူ
မောဟမူတို့၌ မယှဉ်။)

ဒိဋ္ဌိ မာန=ဒိဋ္ဌိမာန ၂ ပါးလုံး ထက်ကြသည်ချည်း ဖြစ်၍ သတ္တိပြိုင်ကြသော
ကြောင့် စိတ်တခုတည်း၌ အတူတူ မယှဉ်ကြ။
(ခြင်္သေ့ ၂ ကောင် ၁ ဂူထဲ အောင်း မဖြစ်သလို)
ထို့ကြောင့် ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်မှာ ယှဉ်၊
မာနသည် ဒိဋ္ဌိဂတ ဝိပ္ပယုတ်မှာ ယှဉ်။
သူများထက် သာချင်စိတ်နှင့် မာန်မာန မရှိလျှင် (မကြွားလျှင်)မာန
မဖြစ်၊ ထို့ကြောင့်“ကဒါစိ”စေတသိက်ဟု ခေါ်၏။

၂၄။ ဒေါသော ဣဿာ မစ္ဆရိယံ ကုက္ကုစ္စဉ္စာတိ ဒွီသု ပဋိဃ
သမ္ပယုတ္တစိတ္တေသု။

သရုပ်=ဒေါစတုက် ၄ တို့သည် ပဋိဃသမ္ပယုတ်စိတ်တို့၌ ယှဉ်။
ရှင်း=ဒေါသ–ပဋိဃ=ညှဉ်းဆဲခြင်း။ (ဖျက်ဆီးခြင်း။)
ဣဿာ=သူတပါး စည်းစိမ်ကို မနာလိုခြင်း။
မစ္ဆရိယ=မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း။ (နှမြောခြင်း။)
ကုက္ကုစ္စ=ပြုပြီးသော ဒုစရိုက်၊ မပြုလိုက်မိသောသုစရိုက်တို့ကိုပူပန်ခြင်း။
၎င်း ၄ မျိုးလုံးသည် ညှဉ်းဆဲသည့် သဘောချည်း ဖြစ်ကြ၍ ဒေါသ
ဦးဆောင်သော ဒေါသမူ၌ ယှဉ်ကြသည်။

မှတ်ချက်=ဣဿာ=သူတပါးကို အာရုံပြုသည်။ (ဗဟိဒ္ဓအာရုံပြု)
မစ္ဆရိယ=မိမိကိုယ်ကို အာရုံပြုသည်။ (အဇ္ဈတ္တ အာရုံပြု)
ကုက္ကုစ္စ = ဒုစရိုက် သုစရိုက်တို့ကို အာရုံပြုသည်။
ဤသို့ အာရုံ မတူကြသောကြောင့် အတူ မဖြစ်ကြလို့၊ ၎င်း ၃ ပါး
ကို (နာနာစေတသိက်ခေါ်)
၎င်းကိစ္စ ၃ မျိုးကို မပြုလျှင် ၃ မျိုးလုံး မဖြစ်လို့၊ ရံခါသာ ဖြစ်၏
ဟုမှတ် (ကဒါစိ)

ထိုသို့ အတူမဖြစ်ခြင်း၊အမြဲမဖြစ်ခြင်းတို့ကို''နာနာကဒါစိ''ခေါ်။

၂၅။ **ထိနမိဒ္ဓံ ပဉ္စသုသသင်္ခါရိကစိတ္တေသု။**

သရုပ်=ထိန မိဒ္ဓသည် သသင်္ခါရိကစိတ် ၅ တို့၌ ယှဉ်။

ရှင်း=ထိန မိဒ္ဓတို့သည် ထိုင်းမှိုင်းကြ၏။

အသင်္ခါရိကစိတ်တို့သည် ထက်မြက်ကြ၏။

ဤသို့ သဘောချင်း မတိုက်ဆိုင်၍ မယှဉ်၊

ထိုင်းထိုင်းမှိုင်းမှိုင်းချင်း တူလို့ သသင်္ခါရိကစိတ်တို့၌သာ ယှဉ်ကြသည်။

မှတ်ချက်=ထိန=စိတ်၏ ထိုင်းမှိုင်းခြင်း။

မိဒ္ဓ =စေတသိက်၏ ထိုင်းမှိုင်းခြင်း။

သို့ဖြစ်၍ စိတ်နှင့် စေတသိက် ခွဲမရသလို၊ ၎င်းတို့ ၂ ပါး လည်း ခွဲမရ။ ထို့ကြောင့် (သဟစေတသိက်ဟု ခေါ်)

မထိုင်းမှိုင်းသည့်အခါ ၂ မျိုးလုံး မဖြစ်ကြလို့။ ရံခါသာ ဖြစ်ဟုဆို၊

ထိုသို့ ရံခါဖြစ်ခြင်း၊အတူတကွ ဖြစ်ခြင်းတို့ကြောင့်''ကဒါစိသဟ''

၂၆။ **ဝိစိကိစ္ဆာ ဝိစိကိစ္ဆာသဟဂတစိတ္တေ ယေဝ ါတိ။**

သရုပ်=ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ယှဉ်၏။

အကုသိုလ်သမ္ပယောဂနည်း ၅ ပါး

သင်္ဂဟဂါထာ

၂၇။ သဗ္ဗာပုညေသု စတ္တာရော၊ လောဘမူလေ တယော ဂတာ။
ဒေါသမူလေသု စတ္တာရော၊ သသင်္ခါရေ ဒွယံ တထာ။
ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ၊ စိတ္တေစာတိ စတုဒ္ဒသ။
ဒွါဒသာ ကုသလေသွေဝ၊ သမ္ပယုဇ္ဇန္တိ ပဉ္စဓာ။

သရုပ်=အကုသိုလ်သမ္ပယောဂ ၅ နည်းကို ပြ၏။

သဗ္ဗာပုညေသုစတ္တာရော=အကုသိုလ် အကုန်လုံးတို့၌ ယှဉ်သော မောစတုက်
သမ္ပယောဂနည်း ၁။

လောဘမူလေ တယောဂတာ=လောဘမူ ၈ တို့၌ ယှဉ်သော လောဘ ဒိဋ္ဌိ
မာန သမ္ပယောဂ နည်း ၁။

ဒေါသမူလေသုစတ္တာရော=ဒေါသမူ ၂ ခု တို့ ၌ ယှဉ်သော ဒေါစတုက်
သမ္ပယောနည်း ၁။

သသင်္ခါရေဒွယံတထာ=သသင်္ခါရိက ၅ တို့၌ယှဉ်သော ထိန မိဒ္ဓ သမ္ပယောဂ
နည်း ၁။
ဝိစိကိစ္ဆာ ဝိစိကိစ္ဆာစိတ္တေစ=ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၌ ယှဉ်သော ဝိစိကိစ္ဆာ
သမ္ပယောဂနည်း ၁။
ပဉ္စဓာ=ပေါင်း အကုသိုလ်-သမ္ပယောဂ နည်း ၅။
ဒွါဒသာကုသလေသု=အကုသိုလ်စိတ် ၁၂ တို့မှာသာ (စေတသိက်မဟုတ်။)
ဝ=အကုသိုလ်မဟုတ်သော စိတ်များ၌ မယှဉ်။

သောဘဏစေတသိက် သမ္ပယောဂနည်း ၄ ပါး

၂၀။ သောဘဏေသု ပန သောဘဏသာဓာရဏာ တာဝ ဧကူ
နဝိသတိ မေ စေတသိကာ သဗ္ဗေသုပိ ဧကူနသဋ္ဌိ သောဘဏ
စိတ္တေသု သံဝိဇ္ဇန္တိ။

သရုပ်=သောဘဏသာဓာရဏစေတသိက် ၁၉၊ သောဘဏစိတ် ၅၉ တို့၌ ယှဉ်။
သောဘဏေသု=သောဘဏစေတသိက် ၂၅ (သောဘဏ မည်သမျှ)
သောဘဏသာဓာရဏာ=သဒ္ဒါ စသော ၁၉ (သောဘဏစိတ်အကုန်ယှဉ်)
သောဘဏစိတ္တေသု=သောဘဏစိတ် ၅၉ (သောဘဏမည်တဲ့စိတ်အကုန်)
အမှာ=ဤကား- သောဘဏ သဒ္ဒါ ၃ မျိုး ကွာခြားချက်။
ပိ, အပိ=၁, ခုစိ၊ ၂, ခုစိ စသည်၌လည်း ယှဉ်။

၂၉။ ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ
နိယတာ ဧကတောဝ လဗ္ဘန္တိ။
လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ
သန္ဒိဿန္တိ ဝိသုံ ဝိသုံ။

သရုပ်=ဝိရတိ စေတသိက်တို့သည် လောကုတ္တရာစိတ် ၈ တို့၌ အမြဲတပေါင်း
တည်း ယှဉ်။ (အခိုက်အတန့် နိယတ=သဟ=ဧကတော)
ယင်း ဝိရတိတို့သည် မဟာကုသိုလ် ၈ တို့၌ ရံခါ အသီးသီးယှဉ်
(ကဒါစိ ဝိသုံ) (ကဒါစိ နာနာ) (အနိယတ) (အခိုက်အတန့်ပင်)
ဝိရတိယော=ဝစီဒုစရိုက် ၄၊ ကာယဒုစရိုက် ၃ တို့နှင့် ဒုရာဇီဝ တို့မှ ရှောင်
ကြဉ်တဲ့သဘော(ရှောင်ကြဉ်ဟူသည် မလွန်ကျူးခြင်းပင်)
တိဿော=သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ၃။
တိဿောပိ၌-ပိ=အပိ=၁, ခုစိ၊ ၂, ခုစိလည်း ယှဉ်။

လောကုတ္တရစိတ္တေသု=လောကုတ္တရာစိတ်တို့၌။
သဗ္ဗထာ=ဝစီဒုစရိုက်၊ ကာယဒုစရိုက် ၂ ပါးလုံးနှင့် ဒုရာဇီဝ ၇ တို့မှ ရှောင်။
သဗ္ဗထာပိဥ္စပိ,အပိ=ဒုစရိုက် ၇ မျိုး ထဲ မှ ၁ ခုပဲ ရှောင် ရှောင်၊ ၂,ခု ပဲ ရှောင်ရှောင် (ယှဉ်သည်သာ)
နိယတာ=အမြဲရှောင် (အမြဲယှဉ်)
ဧကတော=တပေါင်းတည်းရှောင် (တပေါင်းတည်းယှဉ်)
ဧကတောဝဥ္စေဝ=၁ ခုစီ ရှောင်တာမျိုး၊ လုံးဝမရှိ။
ရှင်း=(က) ဝစီဒုစရိုက် ၄ ပါးမှ ရှောင် သမ္မာဝါစာ။
(ခ) ကာယဒုစရိုက် ၃ ပါးမှ ရှောင် သမ္မာကမ္မန္တ။
(သက်မွေးမှု ဝမ်းကျောင်းနှင့် မပတ်သက်)
(ဂ) (ဒုရာဇီဝ) သက်မွေး ဝမ်းကျောင်းနှင့် ပတ်သက်သော ဒုစရိုက် ၇ မျိုးလုံးကို ရှောင် သမ္မာအာဇီဝ။
အမှာ=လောကုတ္တရာသည် ဒုစရိုက်တို့ကို အကုန်ရှောင်လို့ သဗ္ဗထာပိ မည်။
အမြဲရှောင်လို့ နိယတ မည်။
အကုန်လုံးကို ရှောင်သဖြင့် တပေါင်းတည်း ဖြစ်သွားလို့ ဧကတော ဟု ဆိုရိုးပြု။
လောကိယေသု=လောကီစိတ်ထဲမှာလည်း ယှဉ်တာရှိသေးသည်။
ကာမာဝစရကုသလေသု=လောကီတွင် မဟာကုသိုလ်တို့မှာ။
ကုသလေသွေဝဥ္စေဝ=မဟာဝိပါက် မဟာကြိယာ မဟဂ္ဂုတ်တို့၌ မယှဉ်။
ရှင်း=လောကီဝိရတီသည် ကေန်ကုသိုလ် သဘောရှိလို့ ဝိပါက်ကြိယာ တို့၌ မယှဉ်။
အာရုံပြားလို့ မဟဂ္ဂုတ်၌ မယှဉ်။
(မဟဂ္ဂုတ်က မဟဂ္ဂုတ်ပညတ်ကို အာရုံပြု၊ ဝိရတီက ဝီတိက္ကမိတဗ္ဗကို အာရုံပြု)။
ကဒါစိ=ရံခါ (တခါတရံ)
ရှင်း=ကုသိုလ်စိတ်ဖြင့် ဒုစရိုက်ရှောင်လျှင် ယှဉ်သည်။
ကုသိုလ်စိတ်ဖြင့် ဒါန စသည်ကိုပြုလျှင် မယှဉ်။ (ဝိရတီနှင့်မဆိုင်ဟူလို)
ဝိသုံဝိသုံ=အသီးသီး (တခြားစီ တခြားစီ)
ရှင်း=၁။ သက်မွေး ဝမ်း ကျောင်း မဟုတ်သော ဝစီ ဒုစရိုက်မှ ရှောင် သမ္မာဝါစာ။

၂။ သက်မွေး ဝမ်းကျောင်း မဟုတ်သော ကာယ ဒုစရိုက်မှ ရှောင်သမ္မာကမ္မန္တ။

၃။ သက်မွေးဝမ်းကျောင်း ဖြစ်သော (ဒုရာဇီဝ) ၇ မျိုးမှ ရှောင်သမ္မာအာဇီဝ။

ဤသို့ ရှောင်ပုံချင်း မတူလို့ ပုံးပေါင်းမဖြစ်။
(၎င်းအဓိပ္ပာယ်ကိုပင် ဝိတိက္ကမိတဗ္ဗဝတ္ထု ဟု ဆိုအပ်သော အာရုံချင်း မတူလို့ အသီးအသီး ယှဉ်၏ဟု ဆိုရိုးပြု)။

ဝိရတီ ၂ မတူ=(က) မဂ်သည် ဒုစရိုက် ဒုရာဇီဝကို လွန်ကျူးစေတတ်သော ကိလေသာကို အကြွင်းမဲ့ သတ်သည်။
ဖိုလ်သည် မဂ် သတ်ပြီးသား ကိလေသာကို ထပ် ငြိမ်းသည်။
ဤသို့ ကိလေသာမျိုး ပြုတ် သဖြင့် ဒုစရိုက် ဒုရာဇီဝ တို့ကို ဘယ်တော့မှ မပြုလုပ်လို့ အမြဲ ရှောင်ကြဉ်ရာရောက်သဖြင့် လောကုတ္တရာ ဝိရတီသည် အမြဲ ယှဉ်၏။

(ခ) မဟာကုသိုလ်သည် (တဒင်္ဂ) တခဏသာ ကိလေသာကို မဖြစ်အောင် တတ်နိုင်လို့၊ အမြဲ မရှောင်နိုင်။
ထို့ကြောင့် ရှောင်တဲ့အခါသာ ဝိရတီ ယှဉ်သည်။
မရှောင်တဲ့အခါ ဝိရတီ မယှဉ်။ ဤကိုရည်၍ (လောကီဝိရတီကို ကဒါစိ ဆိုသည်။

၃၀။ အပ္ပမညာယော ပန နာနာ ဒုက္ခသသု ပဥ္စမဇ္ဈာန ဝဇ္ဇိတမဟဂ္ဂတ စိတ္တေသုစေဝ ကာမာဝစရ ကုသလေသုစ။
သဟေတုက ကာမာဝစရကြိယ စိတ္တေသုစာတိ အဋ္ဌဝီသတိ စိတ္တေ သွေဝ ကဒါစိ နာနာဟုတွာဇာယန္တိ။
ဥပေက္ခာသဟဂတေသု ပနေတ္ထ ကရုဏာ မုဒိတာ န သန္တီတိ ကေစိ ဝဒန္တိ။

သရုပ်=အပ္ပမညာတို့သည်-

ပဌမစျာန်	၃
ဒုတိယစျာန်	၃
တတိယစျာန်	၃
စတုတ္ထစျာန်	၃

မဟာကုသိုလ် ၈

မဟာကြိယာ ၈=ပေါင်း ၂၀ တို့၌ယှဉ်။

အပ္ပမညာယော=ကရုဏာ မုဒိတာ။

ပဥ္စမဇ္ဈာန်ကြဉ်=အပ္ပနာအဆင့် ရောက်သော အပ္ပမညာသည် သောမနဿ ကေန် ဖြစ်၏။

ထို့ကြောင့် ဥပေက္ခာ သေချာသော ပဥ္စမဈာန်၌ မယှဉ်။

(ဇာတ်တူ ဝေဒနာတူချင်းသာ အာသေဝန သတ္တိဖြင့် ကျေးဇူး ပြုလို့)။

မဟဂ္ဂတစိတ္တ=မြတ်သောစိတ် (နီဝရဏ ကင်းသောကြောင့်)

တနည်း=မြတ်သော ဈာနလာဘီတို့ ရအပ် ရောက်အပ်သော စိတ်။

ကဒါစိ=မဟာကုသိုလ် မဟာကြိယာ တို့သည် ဒုက္ခိတ သတ္တဝါကို အာရုံပြု သည့်အခါ ကရုဏာဖြစ်၊ မပြုသည့်အခါ မဖြစ်။

သုခိတသတ္တဝါပညတ်ကို အာရုံပြုသည့်အခါ မုဒိတာဖြစ်၊ မပြုသည့် အခါ မဖြစ်။

အခြား ပညတ်အာရုံများကို အာရုံပြုသည့် အခါနှင့် ဒါန ဝတ္ထု စသည်ကို အာရုံပြုသောအခါတို့၌ မဖြစ်။

ဤသို့ ကုသိုလ် ကြိယာတို့ဖြစ်တိုင်း မယှဉ်ကြသောကြောင့် ကဒါစိ ဟု ဆိုရိုးပြုသည်။

နာနာ=ကရုဏာ၏ အာရုံသည် ဒုက္ခိတ သတ္တဝါပညတ်၊ မုဒိတာ၏ အာရုံ သည် သုခိတသတ္တဝါပညတ်။

ဤသို့ အာရုံပြားလို့ အတူတကွမဖြစ်၊ ထို့ကြောင့် နာနာဟု ဆိုရိုးပြု၊ (ကိုယ့်အာရုံနှင့်ကိုယ် ဖြစ်ကြသည်ဟုလို)

တွေ=ဤကာမာဝစရစိတ်တို့တွင်

ကေစိ=ကရုဏာ မုဒိတာတို့မှာ လျစ်လျူရှုခြင်း (ဥပေက္ခာ) သဘော မရှိဟု ယူဆ၍ ဥပေက္ခာတို့၌ မယှဉ်ဟု ဆို၏။

ရှင်း=ဒုက္ခာပဋိပဒ္ဓိ=(ကရုဏာကမ္မဋ္ဌာန်း ပွားများနည်း)

ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု (မုဒိတာကမ္မဋ္ဌာန်းပွားနည်း)

၎င်း ၂ မျိုး တမျိုးမျိုး အားထုတ်၍ အောင်မြင်လျှင် ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်တို့ကို ရမည် (၎င်းဈာန်များသည် သောမနဿ)။

၎င်းကမ္မဋ္ဌာန်းကို အာရုံပြုသော ဈာန်များ သောမနဿ ဖြစ်သလို၊

၎င်းကမ္မဋ္ဌာန်းကို အာရုံပြုစီးဖြန်းသော ပုထုဇဉ်သေက္ခ၌ မဟာကုသိုလ်၊ ရဟန္တာ၌ မဟာကြိယာတို့သည် သောမနဿသာ ဖြစ်ကြသည် ဟူလို။

သမာနပါဒ=ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ အချိန်မှာ ကေစိ ပြောသလို ဖြစ်၏။

(ဝေဒနာတူမှ အာသေဝနသတ္တိဖြင့် ကျေးဇူး ပြုနိုင်လို့)

သို့သော် စောစောပိုင်း သမထ အားထုတ်စဉ်မှာ သောမနဿဖြင့် အားရပါးရ အားထုတ်မှု အလေ့ အလာ များမှုကြောင့် နောက်ပိုင်းမှာ ဆက်လက်၍ ဥပေက္ခာဖြင့် ပေါ့ပေါ့ဆဆ အားထုတ်မှုဖြစ်နိုင်၍ သောမနဿ၊ ဥပေက္ခာ ၂ မျိုးလုံးမှာ ယှဉ်နိုင်သည်။

ထို့ကြောင့် ဥပေက္ခာ၌ ကရုဏာ မုဒိတာ မယှဉ်ဟူသော ဝါဒကို ကေစိ ဝါဒဟု ဆိုကြသတဲ့။

ဥပမာ=ဈာနသမ္ပယုတ်ဖြင့် သမထ အားထုတ်သူသည် အလေ့အလာ များလာတဲ့အခါ ဈာန်ကို အသုံး မပြုတော့ပဲ ဈာနဝိပ္ပယုတ်ဖြင့် အားထုတ်သလို။

ဥပမာ ၁ မျိုး=(ပဌမ စာကျက်သော သူသည် ဉာဏ်ကို အသုံးပြု၍ ကျက်၏။ အလေ့အလာများ၍ နှုတ်တက်သောအခါ ဉာဏ်ကို အသုံး မပြုပဲ (ဥပေက္ခာ)လျစ်လျူရှုခါ စာပြန်သလို)

ကေစိအလို=ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ် ၁၂
မဟာကုသိုလ် သောမနဿ ၄
မဟာကြိယာ သောမနဿ ၄ ပေါင်း ၂၀ မှာသာ
ယှဉ်သည်။

၃၁။ ပညာ ပန ဒွါဒသသု ဉာဏသမ္ပယုတ္တ ကာမာဝစရ စိတ္တေသု
စေဝ သဗ္ဗေသုပိ ပဉ္စတိံသမဟဂ္ဂတ လောကုတ္တရ စိတ္တေသု
စာတိ သတ္တစတ္တာလီသ စိတ္တေသု သမ္ပယောဂံ ဂစ္ဆတီတိ။

သရုပ်=ပညာသည် ဉာဏသမ္ပယုတ် ကာမာဝစရစိတ် ၁၂
မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅ ပေါင်း ၄၇
တို့၌ယှဉ်။
(၎င်း ၄၇ ကို တိဟိတ်စိတ် ဟူ၍သည်း ဆိုရိုးပြုသည်)

၃၂။ ကေ့နဝိသတိ ဓမ္မာ၊ ဇာယန္တေ့ကုနသင္ဂသု။
တယော သောဠသ စိတ္တေသု၊အဋ္ဌဝိသတိယံ ဒွယံ။
ပညာ ပကာသိတာ သတ္တ၊ စတ္တာလီသဝိဓေသုပိ။
သမ္ပယုတ္တာ စတုဓေဝံ၊ သောဘနေသွေဝ သောဘနာ။

ရှင်း=သောဘဏာသမ္ပယောဂနည်း ၄ နည်း အတိုချုပ်။

၁။ ကေ့နဝီသတိဓမ္မာ ဇာယန္တေကုနသင္ဂသု= သောဘဏာသာဓာရဏ စေတသိက် ၁၉ တို့သည် သောဘဏစိတ် ၁ခုယုတ် ၆၀(ဝါ) ၅၉ တို့၌ ယှဉ်ပုံပြသော သမ္ပယောဂ,နည်း ၁,နည်း။

၂။ တယော သောဠသစိတ္တေသု= ဝိရတီ စေတသိက် ၃ တို့သည် လောကုတ္တရာစိတ် ၈+မဟာကုသိုလ်စိတ် ၈=ပေါင်း ၁၆တို့၌ ယှဉ်ပုံ ပြသော သမ္ပယောဂနည်း ၁,နည်း။

၃။ အဋ္ဌဝိသတိယံဒွယံ=ကရုဏာ, မုဒိတာ (အပ္ပမညာ) ၂ ခု အပေါင်းသည် ပဥ္စမစျာန် ကြဉ်သော မဟဂ္ဂုတ် ၁၂+ မဟာကုသိုလ်+မဟာကြိယာ ၁၆= ပေါင်း ၂၈ တို့၌ ယှဉ်ပုံပြသော သမ္ပယောဂနည်း ၁,နည်း။

၄။ ပညာ ပကာသိတာ သတ္တစတ္တာလီသဝိဓေသုပိ= ပညာ စေတသိက်သည် ဉာဏ သမ္ပယုတ် ကာမစိတ် ၁၂+ မဟဂ္ဂုတ်+လောကုတ္တရာစိတ် ၃၅= ပေါင်း ၄၇တို့၌ ယှဉ်ပုံပြသော သမ္ပယောဂနည်း ၁,နည်း။

ဝိရတီ, အပ္ပမညာ (စက်လှည့်)

၁။ ဝိရတီသာ ယှဉ်၍ အပ္ပမညာ မယှဉ်သောစိတ်၊
လောကုတ္တရာစိတ် ၈ ခု။

၂။ အပ္ပမညာသာ ယှဉ်၍ ဝိရတီ မယှဉ်သော စိတ်၊
ပဥ္စမစျာန်ကြဉ်သော မဟဂ္ဂုတ် ၁၂
မဟာကြိယာစိတ် ၈=ပေါင်း ၂၀။

၃။ ဝိရတီ, အပ္ပမညာ ၂ပါးစုံ ယှဉ်သောစိတ်၊
မဟာကုသိုလ်စိတ် ၈ခု။

၄။ ဝိရတီ, အပ္ပမညာ ၂ပါးစုံ မယှဉ်သော စိတ်၊
အသောဘဏ ၃၀
မဟာဝိပါက် ၈
မဟဂ္ဂုတ်ပဥ္စမစျာန် ၁၅=ပေါင်း ၅၃။

ဝိရတီ,ပညာ

၁။ ဝိရတီသာ ယှဉ်၍ ပညာမယှဉ်သော စိတ်
မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ခု။
၂။ ပညာသာ ယှဉ်၍ ဝိရတီမယှဉ်သောစိတ်
မဟာဝိပါက် ဉာဏသမ္ပယုတ် ၄
မဟာကြိယာ ဉာဏသမ္ပယုတ် ၄
မဟဂ္ဂုတ်စိတ် ၂၇=ပေါင်း၃၅။
၃။ ဝိရတီ,ပညာ ၂ပါးစုံ ယှဉ်သောစိတ်၊
လောကုတ္တရာစိတ် ၈
မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄=ပေါင်း၁၂။
၄။ ဝိရတီ,ပညာ ၂ပါးစုံ မယှဉ်သောစိတ်၊
အသောဘဏစိတ် ၃၀
မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄
မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄=ပေါင်း၃၈။

အပ္ပမညာ,ပညာ

၁။ အပ္ပမညာသာ ယှဉ်၍ ပညာမယှဉ်သောစိတ်၊
မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄
မဟာ ကြိယာ ဉာဏဝိပ္ပယုတ် ၄=ပေါင်း ၈။
၂။ ပညာသာယှဉ်၍ အပ္ပမညာ မယှဉ်သောစိတ်၊
လောကုတ္တရာစိတ် ၈
မဟဂ္ဂုတ်ပဥ္စမဈာန် ၁၅
မဟာဝိပါက် ဉာဏသမ္ပယုတ် ၄=ပေါင်း၂၇။
၃။ အပ္ပမညာ,ပညာ ၂ပါးစုံ ယှဉ်သော စိတ်၊
ပဥ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂
မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
မဟာကြိယာ ဉာဏသမ္ပယုတ် ၄=ပေါင်း၂၀။
၄။ အပ္ပမညာ,ပညာ ၂ပါးစုံ မယှဉ်သောစိတ်၊
အသောဘဏစိတ် ၃၀
မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄ ပေါင်း၃၄။

အချဉ်ပို

စက်လှည့်ဇယား

(က) ဝိတက်ယှဉ်သောစိတ်	**(ဃ) ဝိတက်မယှဉ်သော စိတ်**
ကာမစိတ် ၄၄ (ဒွေးပဉ္စဝိညာဏ်ကြဉ်)	ဒွေးပဉ္စဝိညာဏ် ၁၀
ပဌမစျာန် ၁၁	ဒုတိယစျာန် ၁၁
	တတိယစျာန် ၁၁
	စတုတ္ထစျာန် ၁၁
	ပဉ္စမစျာန် ၂၃
(ခ) ဝိစာရယှဉ်သောစိတ်	**(င) ဝိစာရမယှဉ်သောစိတ်**
ကာမစိတ် ၄၄ (ဒွေးပဉ္စဝိညာဏ်ကြဉ်)	ဒွေးပဉ္စဝိညာဏ် ၁၀
ပဌမစျာန် ၁၁	တတိယစျာန် ၁၁
ဒုတိယစျာန် ၁၁	စတုတ္ထစျာန် ၁၁
	ပဉ္စမစျာန် ၂၃
(ဂ) ပီတိယှဉ်သောစိတ်	**(စ) ပီတိမယှဉ်သောစိတ်**
ကာမသောမနဿ ၁၈	ကာမဒေါမနဿ ၂
ပဌမစျာန်သောမနဿ ၁၁	ကာမဥပေက္ခာ ၃၂၄ (စသော သဘောပါ၏)
ဒုတိယစျာန်ရသောမနဿ ၁၁	ကာယဝိညာဏ် ၂
တတိယစျာန်သောမနဿ ၁၁	စတုတ္ထစျာန် ၁၁
	ပဉ္စမစျာန် ၂၃

၁။ ဝိတက်သာယှဉ်ဝိစာရမယှဉ်(က)နှင့်(င)၂ကွက်လုံးတွင်ပါသည့်စိတ်။မရှိ

၂။ ဝိစာရသာယှဉ်၍ဝိတက်မယှဉ် (ခ)နှင့်(ဃ) ။ ။

၃။ ဝိတက်ဝိစာရ၂ပါးစုံယှဉ် (က)နှင့်(ခ) ။ ။

၄။ ဝိတက်ဝိစာရ၂ပါးစုံမယှဉ် (ဃ)နှင့်(င) ။ ။

အချပ်ပို

စက်လှည့်ဇယား

၁။ ဝိတက်သာယှဉ်၍ပီတိမယှဉ်	(က)နှင့်(စ)	၂ကွက်လုံးတွင်	ပါသည့် စိတ်
၂။ ပီတိသာယှဉ်၍ဝိတက်မယှဉ်	(ဂ)နှင့်(ဃ)	။	။
၃။ ဝိတက်ပီတိ ၂ပါးစုံယှဉ်	(က)နှင့်(ဂ)	။	။
၄။ ဝိတက်ပီတိ ၂ပါးစုံမယှဉ်	(ဃ)နှင့်(စ)	။	။

၁။ ဝိစာရသာယှဉ် ပီတိမယှဉ်	(ခ)နှင့်(စ)	၂ကွက်လုံးတွင်	ပါသည့် စိတ်
၂။ ပီတိသာယှဉ်၍ဝိစာရမယှဉ်	(ဂ)နှင့်(င)	။	။
၃။ ဝိစာရ ပီတိ ၂ပါးစုံယှဉ်	(ခ)နှင့်(ဂ)	။	။
၄။ ဝိစာရပီတိ ၂ပါးစုံမယှဉ်	(င)နှင့်(စ)	။	။

(က) အဓိမောက္ခယှဉ်သောစိတ်

စိတ် ၇၈ (ဒွေပဉ္စဝိညာဏ် ဝိစိကိစ္ဆာကြဉ်)

(ဃ) အဓိမောက္ခမယှဉ်သောစိတ်

ဒွေပဉ္စဝိညာဏ်	၁၀
ဝိစိကိစ္ဆာ	၁

(ခ) ဝီရိယယှဉ်သောစိတ်

စိတ် ၇၃ ပဉ္စဒွါရာဝဇ္ဇန်း (ဒွေပဉ္စဝိညာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ပေါင်း ၁၆ ကြဉ်)

(င) ဝီရိယမယှဉ်သောစိတ်

ပဉ္စဒွါရာဝဇ္ဇန်း	၁
ဒွေပဉ္စဝိညာဏ်	၁၀
သမ္ပဋိစ္ဆိုင်း	၂
သန္တီရဏ	၃

(ဂ) ဆန္ဒယှဉ်သောစိတ်

စိတ် ၆၉ (အဟိတ် ၁၈ မောဟမူ ၂ ပေါင်း ၂၀ ကြဉ်)

(စ) ဆန္ဒမယှဉ်သောစိတ်

အဟိတ်	၁၈
မောဟမူ	၂

၁။ အဓိမောက္ခယှဉ်၍ ဝီရိယမယှဉ်	(က)နှင့်(င)	၂ကွက်လုံးတွင်	ပါသည့် စိတ်
၂။ ဝီရိယသာယှဉ်၍ အဓိမောက္ခမယှဉ်	(ခ)နှင့်(ဃ)	။	။
၃။ အဓိမောက္ခဝီရိယ ၂ပါးစုံယှဉ်	(က)နှင့်(ခ)	။	။
၄။ အဓိမောက္ခဝီရိယ ၂ပါးစုံမယှဉ်	(ဃ)နှင့်(င)	။	။

အချဉ်ပို

စက်လှည့်ဇယား

၁။ အဓိမောက္ခသာယှဉ်၍ဆန္ဒမယှဉ်(က)နှင့်(စ) ၂ကွက်လုံးတွင်ပါသည့်စိတ်
၂။ ဆန္ဒသာယှဉ်၍အဓိမောက္ခမယှဉ်(ဂ)နှင့်(ဃ) ။ ။
၃။ အဓိမောက္ခဆန္ဒ ၂ပါးစုံယှဉ် (က)နှင့်(ဂ) ။ ။
၄။ အဓိမောက္ခဆန္ဒ ၂ပါးစုံမယှဉ် (ဃ)နှင့်(စ) ။ ။

၁။ ဝီရိယသာယှဉ်၍ ဆန္ဒမယှဉ် (ခ)နှင့်(စ) ၂ကွက်လုံးတွင်ပါသည့်စိတ်
၂။ ဆန္ဒသာယှဉ်၍ဝီရိယမယှဉ် (ဂ)နှင့်(င) ။ ။
၃။ ဝီရိယဆန္ဒ ၂ပါးစုံယှဉ် (ခ)နှင့်(ဂ) ။ ။
၄။ ဝီရိယဆန္ဒ ၂ပါးစုံမယှဉ် (င)နှင့်(စ) ။ ။

(က) ဝိရတီယှဉ်သောစိတ်

လောကုတ္တရာ ၈
မဟာကုသိုလ် ၈

(ဃ) ဝိရတီမယှဉ်သောစိတ်

အသောဘနစိတ် ၃၀
မဟာပါက် ၈
မဟာကြိယာ ၈
မဟဂ္ဂုတ် ၂၇

(ခ) အပ္ပမညာယှဉ်သောစိတ်

မဟာကုသိုလ် ၈
မဟာကြိယာ ၈
မဟဂ္ဂုတ် ၁၂ (ပဥ္စမဈာန်ကြဉ်)

(င) အပ္ပမညာမယှဉ်သောစိတ်

အသောဘဏစိတ် ၃၀
မဟဂ္ဂုတ်ပဥ္စမဈာန် ၁၅
လောကုတ္တရာ ၈
မဟာဝိပါက် ၈

(ဂ) ပညာယှဉ်သောစိတ်

ကာမဝစရဉာဏသမ္ပယုတ် ၁၂
မဟဂ္ဂုတ် ၂၇
လောကုတ္တရာ ၈

(စ) ပညာမယှဉ်သောစိတ်

အသောဘဏစိတ် ၃၀
ကာမဝစရဉာဏဝိပ္ပယုတ် ၁၂

အချ၆ပို

စက်လှည့်ဇယား

၁။	ဝိရတီသာယှဉ်၍အပ္ပမညာမယှဉ်	(က)နှင့်(င)	၂ကွက်လုံးတွင်	ပါသည့်စိတ်
၂။	အပ္ပမညာသာယှဉ်၍ ဝိရတီမယှဉ်	(ခ)နှင့်(ဃ)	။	။
၃။	ဝိရတီအပ္ပမညာ၂ပါးစုံယှဉ်	(က)နှင့်(ခ)	။	။
၄။	ဝိရတီအပ္ပမညာ၂ပါးစုံမယှဉ်	(ဃ)နှင့်(င)	။	။

၁။	ဝိရတီသာယှဉ်၍ ပညာမယှဉ်	(က)နှင့်(စ)	၂ကွက်လုံးတွင်	ပါသည့်စိတ်
၂။	ပညာသာယှဉ်၍ ဝိရတီမယှဉ်	(ဂ)နှင့်(ဃ)	။	။
၃။	ဝိရတီပညာ၂ပါးစုံယှဉ်	(က)နှင့်(ဂ)	။	။
၄။	ဝိရတီပညာ၂ပါးစုံမယှဉ်	(ဃ)နှင့်(စ)	။	။

၁။	အပ္ပမညာသာယှဉ်၍ ပညာမယှဉ်	(ခ)နှင့်(စ)	၂ကွက်လုံးတွင်	ပါသည့်စိတ်
၂။	ပညာသာယှဉ်၍အပ္ပမညာမယှဉ်	(ဂ)နှင့်(င)	။	။
၃။	အပ္ပမညာပညာ၂ပါးစုံယှဉ်	(ခ)နှင့်(ဂ)	။	။
၄။	အပ္ပမညာပညာ၂ပါးစုံမယှဉ်	(င)နှင့်(စ)	။	။

မှတ်ချက်=သောဘဏ စေတသိက်တွေ ဖြစ်၍ ၂ပါး မယှဉ်မှာ အသောဘဏ စိတ်ပုံသေ ရ၏။

နိယတ အနိယတယောဂီ စေတသိက်များ

အနိယတ=၃၃။ ဣဿာ,မစ္ဆေရ,ကုက္ကုစ္စ၊ ဝိရတီ,ကရုဏာဒယော။
နာနာ ကဒါစိ မာနော စ၊ ထိန, မိဒ္ဓံ တထာ သဟ။

သရုပ်=ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ,မုဒိတာ-တို့သည် နာနာ ကဒါစိ စေတသိက်များ ဖြစ်ကြ၏။

မာနသည် "ကဒါစိ"စေတသိက် ဖြစ်၏။

ထိန, မိဒ္ဓသည် ကဒါစိ သဟ စေတသိက်မည်။

နာနာ=အသီးသီး (တပါးစီ၊ တပါးစီ)

ကဒါစိ=ရံခါ (တခါတရံ)

သဟ=တကွ(တပေါင်းတစည်း)=(အတူတကွ)

ဣဿာ=သူများကို အာရုံပြု၏၊ မနာလိုတဲ့အခါမှာသာဖြစ်၊ သတ်ဖြတ်ခြင်း စတဲ့ အချိန်မှာ မဖြစ်။

မစ္ဆရိယ=မိမိကိုယ်ကို အာရုံပြု၏၊ နှမြောသည့်အခါမှာသာ ဖြစ်၊ သတ်ဖြတ်ခြင်း စသည့် အချိန်မှာ မဖြစ်။

ကုက္ကုစ္စ=ပြုပြီးဒုစရိုက်၊ မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၏။ စိုးရိမ်တဲ့အခါမှာသာ ဖြစ်၊ သတ်ဖြတ်ခြင်း စသည့် အချိန်မှာ မဖြစ်။

ဤသို့ အာရုံမတူကြ၍ တပါးစီဖြစ်ကြလို့ "နာနာ"ဟု အမည်ပေး၏။
ဒေါသမူစိတ်ဖြစ်တိုင်း မပါကြလို့ "ကဒါစိ" အမည်ပေး၏။

ဒုရာဇီဝ=မိစ္ဆာဇီဝ=သက်မွေးဝမ်းကျောင်းအတွက် ဒုစရိုက် ၇မျိုးကိုပြုခြင်း၊ (ဒုစရိုက်ဖြင့် အသက်မွေးခြင်း ဟူလို)

သမ္မာဝါစာ=ဝစီဒုစရိုက်မှ ရှောင်သည့်အခါ ဖြစ်၊ ဒါန စသည် ပြုသော အခါ မဖြစ်(ဝစီဒုစရိုက်ကို အာရုံပြု၏ ဟူလို)

သမ္မာကမ္မန္တ=ကာယဒုစရိုက်မှ ရှောင်သည့်အခါ ဖြစ်၊ ဒါန စသည် ပြုသော အခါ မဖြစ် (ကာယ ဒုစရိုက်ကို အာရုံပြု၏ ဟူလို)

သမ္မာအာဇီဝ=ဒုရာဇီဝမှ ရှောင်သည့်အခါ ဖြစ်၊ (အသက်မွေးဝမ်းကျောင်းပြုရာတွင် ဒုစရိုက် ၇ ကို ရှောင်၏ ဟူလို) (ဒုစရိုက် ၇ပါးကို အာရုံပြု၏လည်းဟူ) ဒါနစသည် ပြုသောအခါ မဖြစ်။

ဤသို့ အာရုံချင်း ကွဲပြား၍ တခြားစီ ဖြစ်သောကြောင့် ၎င်း ၃ပါးကို "နာနာ" ခေါ်သည်။

မဟာကုသိုလ် ဖြစ်တိုင်းမပါ၍ "ကဒါစိ" ခေါ်သည်။

ကရုဏာ=ဒုက္ခိတ သတ္တဝါကို အာရုံပြု၍ သနားသည့်အခါ ဖြစ်သည်။ ဒါန စသည်ကို ပြုသည့်အခါ မဖြစ်။

မုဒိတာ=သုခိတ သတ္တဝါကို အာရုံပြု၍ ဝမ်းမြောက်သည့်အခါ ဖြစ်သည်၊ ဒါန စသည်ကို ပြုသည့်အခါ မဖြစ်။ ဤသို့ အာရုံပြား၍ တခြားစီ ဖြစ်လို့၊ ၎င်း ၂ပါးကို "နာနာ" ခေါ်သည်။

မဟာ ကုသိုလ်, မဟာ ကြိယာ ဖြစ်တိုင်း မပါလို့ "ကဒါစိ" ခေါ်။

မာန=ငါ ဟူသော မာန်ဖြစ်သည့်အခါ (ကြွားသည့်အခါ) ဖြစ်၊ ခိုးခြင်း စသည် ပြုသောအခါ မဖြစ်လို့ "ကဒါစိ ခေါ်"(တခုတည်း ဖြစ်၍ နာနာ ခေါ်ဖွယ်မလို)

ထိန=စိတ်၏ ထိုင်းမှိုင်းခြင်း သဘော။

မိဒ္ဓ=စေတသိက်၏ ထိုင်းမှိုင်းခြင်း သဘော (၎င်း ၂ ခု သဟမည်။)

• (စိတ် နှင့် စေတသိက် တပေါင်းတည်း ဖြစ်သလို။ ထိန မိဒ္ဓ တို့လည်း တပေါင်းတည်း ဖြစ်ကြ၏)

နိယတ=၃၄။ ယထာဝုတ္တာနုသာရေန၊ သေသာ နိယတယောဂိနော။
သင်္ဂဟဉ္စ ပဝက္ခာမိ၊ တေသံ ဒါနိ ယထာရဟံ။

သရုပ်=ဆိုပြီး စေတသိက် ၁၁, အနိယတ ယောဂီမည်၏။
ကျန် စေတသိက် ၄၁, နိယတ ယောဂီ မည်၏။

နိယတ=၄၁။

အညသမာန်း	၁၃
မောစတုက်	၄
လောဘ	၁
ဒိဋ္ဌိ	၁
ဒေါသ	၁
ဝိစိကိစ္ဆာ	၁
သောဘဏသာဓာရဏ	၁၉
ပညာ	၁=ပေါင်း ၄၁။

စိတ်အများဆုံးယှဉ်=သဗ္ဗစိတ္တသာဓာရဏ။

စိတ်အနည်းဆုံးယှဉ်=ဝိစိကိစ္ဆာ။

အမြဲစေတသိက်အများဆုံးယှဉ်သောစိတ်=လောကုတ္တရာပဌမစျာန်။

သာမန် စေတသိက်အများဆုံးယှဉ်သောစိတ်=မဟာကုသိုလ် ပဌမဒွေး။
စေတသိက်အနည်းဆုံးယှဉ်သောစိတ်=ဒွေးပဉ္စဝိညာဏ်။
အမှာ=မဟာကုသိုလ် ပဌမဒွေး၌ ၃၈ ယှဉ်သော်လည်း မမြဲသော ဝိရတီ အပ္ပမညာကြဉ်လျှင် ၃၃ သာ။
စေတသိက်နှင့်ဘုံ=ဒေါစတုက် သည် ကာမဘုံ။
ကရုဏာ မုဒိတာ တို့သည် ကာမ ရူပ ၂ ဘုံ။
ကျန် ၄၆ တို့သည် ကာမ ရူပ အရူပ ၃ ဘုံ။

သင်္ဂဟနည်း ၃၃ ပါး

သင်္ဂဟ(ပါဠိကာ)ဂါထာ

၃၉။ (၁) ဆတ္တိံသာနုတ္တရေ ဓမ္မာ၊
(၂) ပဉ္စတိံသ မဟဂ္ဂတေ။
(၃) အဋ္ဌတိံသာပိ လဗ္ဘန္တိ၊ ကာမာဝစရသောဘဏေ။
(၄) သတ္တဝီသတိ ပုညမှိ၊
(၅) ဒွါဒသာ ဟေတုကေတိ စ။
ယထာသမ္ဘဝယောဂေန၊ ပဉ္စဓာ တတ္ထ သင်္ဂဟော။

သရုပ်=ဆိုလတ္တံ့သော သင်္ဂဟနည်း အခန်း ၅ ခန်း၏ ခေါင်းစဉ်ကို ပြ၏။
ရှင်း=(၁) စေတသိက် ၃၆ ယှဉ် လောကုတ္တရာ သင်္ဂဟ၅နည်း ၁ ခဏ်း။
(၂) စေတသိက် ၃၅ယှဉ် မဟဂ္ဂုတ်စိတ်သင်္ဂဟ၅နည်း ၁ ခဏ်း။
(၃) စေတသိက် ၄၈ ယှဉ် ကာမာဝစရသောဘဏစိတ် သင်္ဂဟ ၁၂နည်း ၁ ခဏ်း။
(၄) စေတသိက် ၂၇ ယှဉ် အကုသိုလ်စိတ်သင်္ဂဟ၇နည်း ၁ ခဏ်း
(၅) စေတသိက် ၁၂ ယှဉ် အဟိတ်စိတ် သင်္ဂဟ၄နည်း ၁ ခဏ်း

ယထာသမ္ဘဝယောဂေန=ဖြစ်သင့်သလိုယှဉ် (အကုန်သိမ်းကျုံးမယှဉ်)
ဥပမာ=လောကုတ္တရာပဌမစျာန်၌ စေတသိက် ၃၆ ယှဉ်။
လောကုတ္တရာ ဒုတိယစျာန်၌ ဝိတက်ကြဉ် ၃၅ သာ ယှဉ်။
စသဖြင့်၊ယှဉ်လျှင် ယှဉ်သလို၊ မယှဉ်လျှင် မယှဉ်သလို ယူ။
ပဉ္စဓာ=သင်္ဂဟနည်းကိုပြသော အခဏ်းပေါင်း ၅။
သမ္ပယောဂနည်း=စေတသိက်တို့၏ စိတ်တို့၌ ယှဉ်နည်း (ပြပြီး)

သင်္ဂဟနည်း=စိတ်တို့၏စေတသိက်တို့၌ယှဥ်နည်း ပြလတ္တံ့ (၂နည်း ဤသို့တူး)
တနည်း=စေတသိက်တို့နှင့် ယှဥ်သောစိတ်တို့ကို အကျဥ်းချုပ်စုပြသောနည်း။

လောကုတ္တရာစိတ်သင်္ဂဟနည်း ၅ ပါး

၃၆။ ကထံ-လောကုတ္တရေသု တာဝ အဋ္ဌသု ပဌမဈာနိကစိတ္တေသု
အညသမာနာ တေရသ စေတသိကာ အပ္ပမညာဝဇ္ဇိတာ တေဝီသတိ
သောဘဏ စေတသိကာ စေတိ ဆတ္တိံသမေ္မာ သင်္ဂဟံ ဂစ္ဆန္တိ။

၃၇။ တထာ ဒုတိယဈာနိကစိတ္တေသု ဝိတက္ကဝဇ္ဇာ။
၃၈။ တတိယဈာနိကစိတ္တေသု ဝိတက္က ဝိစာရဝဇ္ဇာ။
၃၉။ စတုတ္ထဈာနိက စိတ္တေသု ဝိတက္က ဝိစာရပီတိဝဇ္ဇာ။
၄၀။ ပဉ္စမဈာနိကစိတ္တေသုပိ ဥပေက္ခာသဟဂတာ တေဝေသင်္ဂယှန္တိ။
သဗ္ဗထာပိ အဋ္ဌသု လောကုတ္တရ စိတ္တေသု ပဉ္စကဈာနဝသေန
ပဉ္စဓာဝ သင်္ဂဟော ဟောတီတိ။ ။

သရုပ်=လောကုတ္တရာ ၄၀ ထဲက ပဌမဈာန်စိတ် ၈ခုတို့၌
အညသမာန်း စေတသိက် ၁၃
အပ္ပမညာကြဉ် သောဘဏစေတသိက် ၂၃=၃၆ယှဥ်သင်္ဂဟာ ၁နည်း။

သတိ=၎င်း၃၆ပါးကို အသေအချာမှတ်ပါ၊ ၎င်း၃၆ပါး၌ အလျော့အတိုး
လုပ်၍၊ ဒုတိယဈာန်စသည်၌ စေတသိက်အယှဥ်ကို ရှာပါလိမ့်မည်။)
အပ္ပမညာဝဇ္ဇိတာတေဝီသတိ=သောဘဏသာဓာရဏ ၁၉
ဝိရတီစေတသိက် ၃
ပညာစေတသိက် ၁=ပေါင်း ၂၃။

မှတ်ချက်=လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြု။
အပ္ပမညာသည် ပညတ်ကိုအာရုံပြု။
ဤသို့ အာရုံမတူ၍ အတူတကွ မဖြစ်သောကြောင့် အပ္ပမညာကို
ကြဉ်သည်(သဘောချင်းမတိုက်ဆိုင်လို)
သရုပ်=(၃၇)နံပါတ် လောကုတ္တရာ ဒုတိယဈာန်စိတ် ၈တို့၌ ယခင် ၃၆
တို့တွင် ဝိတက်ကြဉ် ၃၅ယှဥ်သောသင်္ဂဟ ၁,နည်း။
မှတ်ချက်=ပါဒက, သမ္မသိတ,ပုဂ္ဂလဈာသယဈာန်နှင့် ယှဥ်သောဘာဝနာဖြင့်
ဝိတက်ကိုကြဉ်သည်။

သရုပ်=(၃၈) နံပါတ် လောကုတ္တရာ တတိယစျာန်စိတ် ၈ တို့၌ ယခင် ၃၆ တို့တွင် ဝိတက် ဝိစာရကြဉ်၍၃၄ယှဉ်သောသင်္ဂဟ ၁ နည်း။

မှတ်ချက်=ပါဒက စသည်တို့နှင့် ယှဉ်သော ဘာဝနာဖြင့် ဝိတက်ဝိစာရကို ကြဉ်။

သရုပ်=(၃၉) နံပါတ် လောကုတ္တရာ စတုတ္ထ စျာန်စိတ် ၈ တို့၌ ယခင် ၃၆တို့တွင် ဝိတက်ဝိစာရပီတိကြဉ် ၃၃ယှဉ်သော သင်္ဂဟ ၁ နည်း။

မှတ်ချက်=ပါဒက စသည်တို့နှင့် ယှဉ်သော ဘာဝနာဖြင့် ဝိတက်ဝိစာရ ပီတိတို့ကိုကြဉ်။

သရုပ်=(၄၀) နံပါတ် လောကုတ္တရာ ပဥ္စမစျာန်စိတ် ၈ တို့၌ ယင်း ၃၃ ပင်ယှဉ်သော သင်္ဂဟ ၁ နည်း။

အမှာ=စတုတ္ထစျာန်၌ သုခ၊ ပဥ္စမစျာန်၌ ဥပေက္ခာပြောင်းလဲသော်လည်း ၂မျိုးလုံး ဝေဒနာ စေတသိက်ချည်းဖြစ်၍ အတိုးအလျော့မရှိ။

ပိ=အပိ=စတုတ္ထစျာန်၌သာ ၃၃ မဟုတ် ပဥ္စမစျာန်၌လည်း ၃၃ ပင်။

တေဝ=ပဥ္စမစျာန်မှာလည်း စတုတ္ထစျာန်မှာယှဉ်သော စေတသိက် ၃၃ ပင်။

ပဥ္စကဈ္ဈာနဝသေနပဥ္စဓာ=ပဌမစျာန် သင်္ဂဟ ၁ နည်း
ဒုတိယစျာန်သင်္ဂဟ ၁ ။
တတိယစျာန်သင်္ဂဟ ၁ ။
စတုတ္ထစျာန်သင်္ဂဟ ၁ ။
ပဥ္စမစျာန် သင်္ဂဟ ၁ ။ပေါင်း ၅။

မှတ်ချက်=စတုက္ကနည်းထင်မည်စိုး၍ ပဥ္စကဈ္ဈာနဝသေနဆို။

စတုက္က=ပဌမစျာန်၌ (၃၆)ယှဉ် သင်္ဂဟ ၁ နည်း
ဒုတိယစျာန်၌(၃၄)ယှဉ် သင်္ဂဟ ၁ ။
တတိယစျာန်၌(၃၃)ယှဉ် သင်္ဂဟ ၁ ။
စတုတ္ထစျာန်၌ (၃၃)ယှဉ် သင်္ဂဟ ၁ =ပေါင်း ၄ နည်း။

ရှင်း=ဉာဏ်ထက်သူများသည် ဝိတက် ဝိစာရ ၂ ပါးကို တပြိုင်နက် ပယ်နိုင်လို့ ဒုတိယစျာန်၌ ရှင်း ၂ ပါးမပါ။
ရှင်း ၂ ပါးကို မုန်းလျက် ဘာဝနာကိုပွားနိုင်ခြင်းကြောင့်။

သင်္ဂဟဂါထာ (အခန်း နိဂုံး)

၄၁။ ဆတ္တိံသ ပဥ္စတိံသ စ၊စတုတ္တိံသ ယထာက္ကမံ။
တေတ္တိံသဒွယမိစ္စေဝံ၊ ပဥ္စဓာ နုတ္တရေ ဌိတာ။

သရုပ်=လောကုတ္တရာ၌သင်္ဂဟ ၅ နည်း၊ အကျဉ်းချုပ်နိဂုံး။
တေတ္တိံသဒွယံ=စတုတ္ထစျာန်စိတ်၌ ၃၃ ယှဉ် ၁ နည်း
ပဉ္စမစျာန်စိတ်၌၃၃ပင်ယှဉ် ၁ နည်း=ပေါင်း ၂=(အားလုံး ပေါင်း ၅ နည်း)

မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း ၅ ပါး

၄၂။ မဟဂ္ဂတေသု ပန တီသု ပဌမဇ္ဈာနိကစိတ္တေသု တာဝ အညသမာနာ တေရသစေတသိကာ ဝိရတိတ္တယဝဇ္ဇိတာ ဒွါဝီသတိ သောဘဏစေတသိကာ စေတိ ပဉ္စတိံသဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။
၄၃။ ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေ ဝ ယောဇေတဗ္ဗာ။
၄၄။ တထာ ဒုတိယဇ္ဈာနိက စိတ္တေသု ဝိတက္ကဝဇ္ဇာ။
၄၅။ တတိယဇ္ဈာနိကစိတ္တေသု ဝိတက္က ဝိစာရဝဇ္ဇာ။
၄၆။ စတုတ္ထဇ္ဈာနိကစိတ္တေသု ဝိတက္က ဝိစာရ ပီတိဝဇ္ဇာ။
၄၇။ ပဉ္စမဇ္ဈာနိကစိတ္တေသု ပန ပန္နရသသု အပ္ပမညာယောနလဗ္ဘန္တီတိ။ သဗ္ဗထာပိ သတ္တဝီသတိ မဟဂ္ဂတစိတ္တေသု ပဉ္စကဇ္ဈာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတီတိ။

သရုပ်=(၄၂) နံပါတ် မဟဂ္ဂုတ်စိတ် ၂၇ ထဲက ပဌမစျာန်စိတ် ၃ တို့၌
အညသမာန်း စေတသိက် ၁၃
ဝိရတီ ၃ ကြဉ် သောဘဏ ၂၂=၃၅ ယှဉ်သော သင်္ဂဟ ၁ နည်း။
သတိ= ၎င်း ၃၅ ကို အသေအချာမှတ်ပါ။ (၎င်း ၃၅ ၌ အလျော့အတိုး လုပ်၍၊ ဒုတိယစျာန် စသည်၌ စေတသိက် အယှဉ်ကို ရှာလိမ့်မည်။)
ဝိရတိတ္တယဝဇ္ဇိတာဒွါဝီသတိ=သောဘဏသာဓာရဏ ၁၉
အပ္ပမညာစေတသိက် ၂
ပညာစေတသိက် ၁=၂၂(ဝိရတီကြဉ်)
မှတ်ချက်=မဟဂ္ဂုတ်စိတ်သည် ပညတ်ကို အာရုံပြု။
ဝိရတီသည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု။
(ဒုစရိုက် ၇ (ဝါ)ဒုရာဇီဝ ၇ တို့ ကို ဝီတိက္ကမိတဗ္ဗဝတ္ထု ခေါ်)
ဤသို့ အာရုံပြား၍ အတူတကွ မဖြစ်လို့၊ ဝိရတီကိုကြဉ် (သဘော ချင်း မတိုက်ဆိုင်လို့။)
သရုပ်=(၄၃) နံပါတ် ကရုဏာ (သို့) မုဒိတာ တခုခုကိုသာယူ (နာနာ)
(၃၅ ဆိုသော်လည်း တကယ်တမ်းကျတော့ ၃၄ သာဟူလို)

ကာဒါစိ ဖြစ်လို့ တခါတရံ ၂ပါးလုံး ကြဉ် ၃၃ သာ။

ရှင်း=ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်တို့သည်၊ ဒုက္ခိတသတ္တဝါ ပညတ်ကို အာရုံပြုသောအခါ ကရုဏာယှဉ်။

သုခိတသတ္တဝါပညတ်ကို အာရုံပြုသောအခါ မုဒိတာယှဉ်။

ကြွင်း-ပညတ်များကို အာရုံပြုသောအခါ ၂ မျိုးလုံး မယှဉ်။

သရုပ်=(၄၄) နံပါတ် မဟဂ္ဂုတ် ဒုတိယစျာန်စိတ် ၃တို့၌ ယခင် ၃၅ တို့တွင် ဝိတက်ကြဉ် ၃၄ ယှဉ်သော သင်္ဂဟ ၁ နည်း။

မှတ်ချက်=ဝိတက်ကို မုန်းခြင်း အရင်းခံသော ဘာဝနာကြောင့် ဝိတက်ကို ကြဉ်သည်။

သရုပ်=(၄၅) နံပါတ် မဟဂ္ဂုတ် တတိယစျာန်စိတ် ၃တို့၌ ယခင် ၃၅တို့တွင် ဝိတက်ဝိစာရကြဉ် ၃၃ ယှဉ်သော သင်္ဂဟ ၁ နည်း။

မှတ်ချက်=ဝိစာရမုန်းခြင်း အရင်းခံ ဘာဝနာကြောင့် ဝိတက် ဝိစာရကြဉ်။

သရုပ်=(၄၆)နံပါတ် မဟဂ္ဂုတ်စတုတ္ထစျာန်စိတ် ၃တို့၌ ယခင် ၃၅တို့တွင် ဝိတက် ဝိစာရ ပီတိကြဉ်၊ ၃၂ ယှဉ်သော သင်္ဂဟ ၁ နည်း။

မှတ်ချက်=ပီတိကို မုန်းခြင်း အရင်းခံ ဘာဝနာကြောင့် ဝိတက် ဝိစာရ ပီတိကြဉ်။

ပန္နရသသုံ=ရူပ ပဉ္စမစျာန် ၃+အရူပ ပဉ္စမစျာန် ၁၂=ပေါင်း ၁၅။

သရုပ်=(၄၇)နံပါတ်မဟဂ္ဂုတ် ပဉ္စမစျာန်စိတ် ၁၅တို့၌ ယခင် ၃၅ တို့တွင် ဝိတက် ဝိစာရ ပီတိနှင့်အပ္ပမညာကြဉ် ၃၀ယှဉ်သောသင်္ဂဟ ၁ နည်း။

မှတ်ချက်=သုခကို မုန်းခြင်း အရင်းခံ ဘာဝနာကြောင့် ဝိတက် ဝိစာရ ပီတိ ကြဉ်။ မဟဂ္ဂုတ်အပ္ပမညာသည် သောမနဿ သဘော ရှိသော ကြောင့် အပ္ပမညာကိုလည်းကြဉ်။

အမှာ=စတုတ္ထစျာန်၌ သုခ၊ ပဉ္စမစျာန်၌ ဥပေက္ခာ ပြောင်းလဲကြသော်လည်း ဝေဒနာချည်းဖြစ်၍ အတိုးအလျော့ မရှိ။

ပဉ္စကဇ္ဈာနဝသေနပဉ္စဓာ=စတုက္ကစျာန် ထင်မည် စိုးသောကြောင့် ဆိုသည်။

စတုက္ကနည်း=လောကုတ္တရာအတိုင်းပင်။

သင်္ဂဟဂါထာ (အခန်းနိဂုံး)

၄၈။ ပဉ္စတိံသ စတုတ္တိံသ၊ တေတ္တိံသ ယထာက္ကမံ။
ဗာတ္တိံသ စေဝ တိံသေတိ၊ ပဉ္စဓာဝ မဟဂ္ဂတေ။ ။

သရုပ်=မဟဂ္ဂုတ်စိတ်၌ သင်္ဂဟ ၅ နည်း နိဂုံးချုပ်။

ကာမသောဘဏစိတ်

သင်္ဂဟနည်း ၁၂ ပါး

၄၉။ ကာမာဝစရ သောဘဏေသု ပန ကုသလေသု တာဝ ပဌမဒွယေ
အညသမာနာ တေရသစေတသိကာ ပဥ္စဝီသတိ သောဘဏ စေတသိ
ကာ စေတိ အဋ္ဌတိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။
၅၀။ အပ္ပမညာဝိရတိယော ပနေတ္ထ ပဉ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ။
၅၁။ တထာ ဒုတိယဒွယေ ဉာဏဝဇ္ဇိတာ။
၅၂။ တတိယဒွယေ ဉာဏသမ္ပယုတ္တာ ပီတိဝဇ္ဇိတာ။
၅၃။ စတုတ္ထဒွယေ ဉာဏ ပီတိဝဇ္ဇိတာ တေ စ သင်္ဂယှန္တိ။
၅၄။ ကြိယစိတ္တေသုပိ ဝိရတိဝဇ္ဇိတာ တထေဝ စတူသုပိ ဒုကေသု
စတုဓာဝ သင်္ဂယှန္တိ။
၅၅။ တထာ ဝိပါကေ သု စ အပ္ပမညာဝိရတိဝဇ္ဇိတာတေဝေသင်္ဂယှန္တီတိ။
သဗ္ဗထာပိ စတုဝီသတိ ကာမာဝစရ သောဘဏ စိတ္တေသု
ဒုကဝသေန ဒွါဒသဓာဝ သင်္ဂဟော ဟောတီတိ။

သရုပ်=မဟာကုသိုလ် ပဌမဒွေး၌
အညသမာန်း ၁၃
သောဘဏစေတသိက် ၂၅=၃၈ ယှဉ်သော သင်္ဂဟ ၁,နည်း။

သတိ=ငင်း ၃၈ ကို အသေအချာမှတ်ပါ။
ငင်း ၃၈ ၌ အလျော့ အတိုး လုပ်၍၊ ပဌမဒွေး စသည်၌ စေတသိက်
အယှဉ်ကို ခွဲပါလိမ့်မည်။

ပဌမဒွယေ=၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ၁
၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ၁=၂။
၅ဝ။ ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ,
ငင်း ၅ပါး၊ ၃၈ တွင် ပါနေသော်လည်း တကယ် ဖြစ်တဲ့ အခါ
၁ ပါးသာ။နာနာ ဖြစ်လို့ (ဝါ) အာရုံ ပြားလို့။
သို့ဖြစ်၍ အများဆုံး ပဌမဒွေးမှာ စေတသိက် ၃၄ သာ ယှဉ်။
ကဒါစိ စေတသိက်များဖြစ်ကြလို့ ၅ ပါးလုံးမပါပဲ ၃၃ ချည်း
လဲယှဉ်ကြ၏။

(ငှင်း ၅ မျိုးနှင့် မသက်ဆိုင်သော ကုသိုလ်လုပ်ငန်း လုပ်ရာတွင် ၅မျိုးလုံး မပါဝင် ဟူလို။)

မှတ်ချက်=အမြဲတမ်းယှဉ်သော စေတသိက်ဟု မေးသော် ၃၃ သာ။
ယှဉ်နိုင်သော အရည်အချင်း ရှိသမျှကို ရည်ရွယ်ပြီး ၃၈ ဟု ဆိုသည်။
(တကယ် ဖြစ်ခိုက် မရည်ရွယ်) ကျန် ဒွေးများ၌လည်း ဤနည်းပင်)

၅၁= သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ်အသင်္ခါရိက
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက
ငှင်းဒုတိယဒွေး၌ ယခင် ၃၈ တွင်ပညာကြဉ် ၃၇ ယှဉ်သော
သင်္ဂဟ ၁နည်း။ (ဉာဏဝိပ္ပယုတ် သတိပြု)

၅၂= ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက
ငှင်းတတိယဒွေး၌ ယခင် ၃၈ တွင်ပညာယှဉ်၍ ပီတိကြဉ် ၃၇
ယှဉ်သောသင်္ဂဟ ၁ နည်း။

၅၃= ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက
ငှင်းစတုတ္ထဒွေး၌ ယခင် ၃၈ တွင်ပညာ, ပီတိကြဉ် ၃၆ ယှဉ်သော
သင်္ဂဟ ၁ နည်း။

ကြိယစိတ္တေသုပိဝိရတ်ဝဇ္ဇိတာ=ကြိယာစိတ်တို့၌ ယခင် ၃၈ တွင် ဝိရတီကြဉ်
၃၅ မှတည်ထား။

တထေဝ=(က)ပညာကြဉ် (ခ)ပီတိကြဉ် (ဂ)ပညာ, ပီတိကြဉ်ပုံတူ။

စတုသုပိဒုကေသု= ဒွေး ၄ ခု (၂ခုတွဲ ၄ခု)

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက
ငှင်းကြိယာပဌမဒွေး၌ဝိရတီကြဉ် ၃၅ ယှဉ်သောသင်္ဂဟ ၁ နည်း။

ယှဉ်နိုင်သမျှ=၃၅ (အညသမာန်း ၁၃+ဝိရတီကြဉ်သောဘဏ ၂၂)

တကယ်ယှဉ်=၃၄ (ကရုဏာ မုဒိတာ ၁,ခုစီသာဖြစ်လို့)

အမြဲယှဉ်=၃၃ သာ(အပ္ပမညာ ၂ ပါး၊ မယှဉ်ပဲလည်းဖြစ်လို့)

၂။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက
= ငှင်း ကြိယာ ဒုတိယ ဒွေး၌ယခင် ၃၅တွင် ပညာကြဉ် ၃၄ ယှဉ်သော
သင်္ဂဟ ၁ နည်း။

၃။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက=
ဝင်းကြိယာ တတိယ ဒွေး၌ ယခင် ၃၅ တွင် ပညာယှဉ် ပီတိကြဉ် ၃၄ ယှဉ်သော သင်္ဂဟ ၁ နည်း။
၄။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက=
ဝင်းကြိယာ စတုတ္ထဒွေး၌ ယခင် ၃၅ တွင် ပညာ၊ ပီတိကြဉ် ၃၃ ယှဉ်သော သင်္ဂဟ ၁ နည်း(ပေါင်းကြိယာ၌ သင်္ဂဟ ၄ နည်း)
၁၅။တထာ= (က) ပညာကြဉ်၊ (ခ) ပီတိကြဉ် (ဂ) ပညာ၊ပီတိကြဉ်ပုံ တူ။
အပ္ပမညာဝဇ္ဇိတာတေဝ= ယခင် ၃၈ တွင် အပ္ပမညာ၊ ဝိရတီကြဉ် ၃၃ ကို မှတ်ထား။
၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက
ဝင်း မဟာဝိပါက် ပဌမဒွေး၌ အပ္ပမညာ၊ ဝိရတီကြဉ် ၃၃ ယှဉ်သောသင်္ဂဟ ၁ နည်း။
၂။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် သသင်္ခါရိက
ဝင်း မဟာ ဝိပါက် ဒုတိယ ဒွေး၌ ယခင် ၃၃ တွင် ပညာကြဉ် ၃၂ ယှဉ်သော သင်္ဂဟ ၁ နည်း။
၃။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက
ဝင်းမဟာဝိပါက် တတိယ ဒွေး၌ ယခင် ၃၃ တွင်ပညာ ယှဉ်မြဲယှဉ် ပီတိကြဉ် ၃၂ ယှဉ်သော သင်္ဂဟ ၁ နည်း။
၄။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက
ဝင်းမဟာဝိပါက် စတုတ္ထဒွေး၌ ယခင် ၃၃ တွင် ပညာ၊ပီတိကြဉ် ၃၁ ယှဉ်သော သင်္ဂဟ ၁ နည်း။
ပေါင်း မဟာဝိပါက်၌ သင်္ဂဟ ၄ နည်း။
စတုဝီသတိ=ကာမာဝစရသောဘဏစိတ် ၂၄ ပါး။
ဒွါဒသဓာ=ဒွေး(ဝါ)ဒုက်(၂ခုတစုံ)အားဖြင့် သင်္ဂဟ ၁၂နည်း။

သင်္ဂဟဂါထာ (အခန်းနိဂုံး)

၃၆။ အဋ္ဌတ္တိံသ သတ္တတ္တိံသ၊ ဒွယံ ဆတ္တိံသကံ သုဘေ။
ပဉ္စတ္တိံသ စတုတ္တိံသ ဒွယံ၊ တေတ္တိံသကံကြိယေ။
တေတ္တိံသ ပါကေ ဗာတ္တိံသ၊ ဒွယေကတိံသကံ ဘဝေ။
သဟေတုကာမာဝစရ၊ ပုည ပါက ကြိယာမနေ။

သရုပ်=ကာမာဝစရသောဘဏစိတ်၌ သင်္ဂဟ ၁၂ နည်း နိဂုံးချုပ်။
သုဘေ=မဟာကုသိုလ်စိတ် (တင့်တယ်လို့ သုဘခေါ်)
သတ္တတ္တိံသဒွယံ=၁။ မဟာကုသိုလ် ဒုတိယဒွေး သင်္ဂဟနည်း(ပညာကြဉ်)
၂။ မဟာ ကုသိုလ် တတိယဒွေး သင်္ဂဟနည်း (ပီတိကြဉ်) (ပညာယှဉ်)
ကြိယေ=မဟာကြိယာစိတ် (ပြုကာမျှဖြစ်လို့)
စတုတ္တိံသဒွယံ=၁။ မဟာကြိယာ ဒုတိယဒွေးသင်္ဂဟနည်း (ပညာကြဉ်)
၂။ မဟာ ကြိယာ တတိယဒွေး သင်္ဂဟနည်း (ပီတိကြဉ်) (ပညာယှဉ်)။
ပါကေ=မဟာဝိပါက်စိတ် (အကျိုးဖြစ်လို့)
ဗာတ္တိံသဒွယံ= ၁။ မဟာဝိပါက် ဒုတိယဒွေး သင်္ဂဟနည်း(ပညာကြဉ်)
၂။ မဟာဝိပါက် တတိယဒွေး သင်္ဂဟနည်း (ပီတိကြဉ်)

ထိုထိုစိတ်၌မယှဉ်သောစေတသိက်များ

၃၇။ န ဝိဇ္ဇန္တေတ္ထဝိရတီ၊ ကြိယာသု စ မဟဂ္ဂတေ။
အနုတ္တရေ အပ္ပမညာ၊ ကာမပါကေ ဒွယံ တထာ။

သရုပ်=ဝိရတီတို့သည် ကြိယာတို့၌ မယှဉ်ကြ။ (မရှိကြ)
ရှင်း=လောကီဝိရတီတို့သည် ကေန်ကုသိုလ်သဘောရှိလို့ ကြိယာတို့၌ မယှဉ်။
သရုပ်=ဝိရတီတို့သည် မဟဂ္ဂုတ်တို့၌ (မယှဉ်ကြ) (မရှိကြ)။
ရှင်း=ဝိရတီတို့သည် ဝီတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု
မဟဂ္ဂုတ်စိတ်သည် မဟဂ္ဂုတ်ပညတ်ကို အာရုံပြု
(ဤသို့ အာရုံပြားလို့ မယှဉ် (သဘောချင်း မတိုက်ဆိုင်)
သရုပ်=အပ္ပမညာတို့သည် လောကုတ္တရာစိတ်တို့၌ မယှဉ်ကြ။ (မရှိကြ)
ရှင်း=အပ္ပမညာသည် ပညတ်ကို အာရုံပြု။

လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အာရုံပြု။
ဤသို့ အာရုံပြုသောကြောင့် မယှဉ် (သဘောချင်းမတိုက်ဆိုင်)။
သရုပ်=ဝိရတီ၊ အပ္ပမညာတို့သည် မဟာဝိပါက်၌ မယှဉ်ကြ (မရှိကြ)။
ရှင်း=လောကီဝိရတီသည် ကေန် ကုသိုလ်ဖြစ်လို့ မဟာဝိပါက်၌ မယှဉ်။
အပ္ပမညာသည် ပညတ်ကို အာရုံပြုသည်။
မဟာဝိပါက်သည် ကာမကို အာရုံပြုသည်။ (ပညတ်ကို အာရုံမပြု)။
ဤသို့ အာရုံပြုသောကြောင့် မဟာဝိပါက်၌ အပ္ပမညာ မယှဉ်။
အမှာ=မဟဂ္ဂုတ်၊ လောကုတ္တရာတို့သည် ကုသိုလ်နှင့် ဝိပါက် အာရုံ တူကြသော်လည်း မဟာကုသိုလ်နှင့် မဟာဝိပါက် အာရုံ မတူ။
ရှင်း=မဟာဝိပါက်သည် ကာမတဏှာနှင့် စပ်သော ကုသိုလ်၏ အကျိုးသာဖြစ်၏။
ထို့ကြောင့် ကာမတဏှာနှင့် စပ်သော ကုသိုလ်၏ အာရုံကိုသာ အာရုံပြု၏။ (ကာမအာရုံကိုသာ)
ကာမတဏှာနှင့် မစပ်သော ကုသိုလ်၏အာရုံဖြစ်သော ပညတ်ကို အာရုံမပြုပါ။
ရှင်း=ကာမာဝစရ ကုသိုလ်သည် ကျွန်မနှင့် တူ၏။ (ကာမတဏှာနှင့်စပ်လို့)
မဟာဝိပါက်သည် ကျွန်မသားနှင့်တူ၏။
ကျွန်မသားဖြစ်သော မဟာဝိပါက်သည် အမိ ဖြစ်သော ကာမာဝစရ ကုသိုလ်၏ အာရုံ ပြုခြင်း ကိစ္စ မျိုးကို မသောင်းကျန်နိုင်၊ (အရှင်မဟုတ်လို့)(ဋီ)။

စိတ်ချင်းထူးအောင်ပြုသော စေတသိက်များ

၃၀။ အနုတ္တရေ ဈာနဓမ္မာ၊ အပ္ပမညာ စ မဇ္ဈိမေ။
ဝိရတိဉာဏပီတိ စ၊ ပရိတ္တေသု ဝိသေသကာ။

သရုပ် လောကုတ္တရာ၌ ဈာန်တရားတို့သည် အထူးပြုကုန်၏။
မဟဂ္ဂုတ်၌ ဈာန်နှင့် အပ္ပမညာတို့သည် အထူးပြုကုန်၏။
ကာမာဝစရ သောဘဏစိတ်တို့၌ အပ္ပမညာ၊ ဝိရတီ၊ ဉာဏ်၊ ပီတိတို့သည် အထူးပြုကုန်၏။
မဟာကုသိုလ်နှင့် မဟာဝိပါက်၊ မဟာကြိယာ၊ မတူအောင် ဝိရတီက အထူးပြုသည်။

မဟာကုသိုလ် မဟာကြိယာနှင့် မဟာဝိပါက် မတူအောင် အပ္ပမညာက အထူးပြုသည်။

ပဌမဒွေး စသည်၌ စေတသိက် အရေအတွက် မတူအောင် ဉာဏ် ပီတိက အထူးပြုသည်။

အနုတ္တရေ ဈာနဓမ္မာ ဝိသေသကာ လောကုတ္တရာ စိတ်၌ သင်္ဂဟ ၅ နည်း ကွဲလာအောင် (ထူးလာအောင်) ဈာန်တရားများက ပြုလုပ်သည်။

ရှင်း=ဈာန်အင်္ဂါအပေါင်းကို ဈာန် ခေါ်သည်။

ဈာန်အင်္ဂါ ၅ ပါး အပေါင်းကို ပဌမ ဈာန်ခေါ်၊ ၎င်းနှင့် ယှဉ်တဲ့ စိတ်ကို ပဌမဈာန် စိတ်။

ဈာန်အင်္ဂါ ၄ ပါး အပေါင်းကို ဒုတိယဈာန်ခေါ်၊ ၎င်းနှင့် ယှဉ်တဲ့ စိတ်ကို ဒုတိယဈာန်စိတ်။

ဈာန်အင်္ဂါ ၃ ပါး အပေါင်းကို တတိယဈာန်ခေါ်၊ ၎င်းနှင့် ယှဉ်တဲ့ စိတ်ကို တတိယဈာန်စိတ်။

ဈာန်အင်္ဂါ ၂ ပါးအ ပေါင်းကို စတုတ္ထဈာန်ခေါ်၊ ၎င်းနှင့် ယှဉ်တဲ့ စိတ်ကို စတုတ္ထဈာန်စိတ်။

ဈာန်အင်္ဂါ ၂ ပါး အပေါင်းကို ပဉ္စမဈာန်ခေါ်၊ ၎င်းနှင့် ယှဉ်တဲ့ စိတ်ကို ပဉ္စမဈာန်စိတ်။

ဤသို့ ၁,ဈာန်နှင့် ၁,ဈာန် စေတသိက် အရေအတွက် မတူကြပါ။ ထို့ကြောင့် ၎င်းဈာန် တို့နှင့် ယှဉ် သော စိတ် များ လည်း ယှဉ်ဖက် စေတသိက် အရေအတွက် မတူကြလို့။

တပေါင်းတည်း ပြလို့မဖြစ်သောကြောင့် ၅,နည်းခွဲ ပြတာကိုပင် ဈာန်များက အထူးပြုသည်ဟု ဆိုရိုးပြုကြသည်။

ဈာနဓမ္မာ အပ္ပမညာစ မဇ္ဈိမေ ဝိသေသကာ = မဟဂ္ဂုတ် စိတ်၌ သင်္ဂဟ ၅,နည်း ကွဲပြားလာအောင် ဈာန်နှင့် အပ္ပမညာတို့က ပြုလုပ်သည်။

ရှင်း= လောကုတ္တရာ၌ ပြခဲ့သည့်အတိုင်း ဈာန်များကလည်း ထူးအောင် လုပ်သည်။

အပ္ပမညာကလည်း ပဉ္စမဈာန်စိတ်နှင့် ကြွင်းသော ဈာန်စိတ်များကို ထူးအောင်လုပ်သည်။ (အထူးပြုသည်ဟုလို)

(ပဉ္စမဈာန်မှာ အပ္ပမညာမယှဉ် ကြွင်းဈာန်စိတ်များမှာယှဉ်)

အပ္ပမညာ၊ ဝိရတီ၊ ဉာဏ၊ ပီတိ၊ စပရိတ္တေသုဝိသေသကာ= ကာမာဝစရ သောဘဏစိတ်၌ သင်္ဂဟ ၁၂ နည်း ကွဲပြားလာအောင် အပ္ပမညာ၊ ဝိရတီ၊ ဉာဏ်၊ ပီတိတို့က အထူးပြုသည်။ ။

ရှင်း= မဟာကုသိုလ်နှင့် မဟာကြိယာမှာ အပ္ပမညာယှဉ်၊ မဟာဝိပါက်မှာ မယှဉ်၊ ဤသို့အပ္ပမညာသည် အထူးပြု၏။
မဟာကုသိုလ်မှာ ဝိရတီယှဉ်၊ ကြွင်းမဟာဝိပါက် မဟာကြိယာမှာ မယှဉ်။ ဤသို့ ဝိရတီသည် အထူးပြု၏။
ပထမဒွေး၊ တတိယဒွေးတို့မှာ ဉာဏသမ္ပယုတ် ဖြစ်ကြလို့ ဉာဏ်(ပညာ) ယှဉ်၊ ဒုတိယဒွေးစတုတ္ထဒွေးတို့မှာမယှဉ်။ ဤသို့ပညာသည် အထူးပြု၏။
ပဌမဒွေး၊ ဒုတိယဒွေးတို့မှာ ပီတိယှဉ်၊ တတိယဒွေး စတုတ္ထဒွေးတို့မှာ မယှဉ်။ (ဥပေက္ခာဖြစ်လို့) ဤသို့ပီတိသည် အထူးပြု၏။
ဤသို့သင်္ဂဟနည်းအမျိုးမျိုးထူးအောင်လုပ်လို့ ၎င်းအပ္ပမညာ၊ ဝိရတီ၊ ဉာဏ်၊ ပီတိတို့ကို ဝိသေသက (ဝါ) အထူးပြုသော စေတသိက်များဟု ခေါ်သည်။

အကုသိုလ်စိတ် သင်္ဂဟနည်း ၇ ပါး

၃၉။ **အကုသလေသု ပန လောဘမူလေသု တာဝ ပဌမေအသင်္ခါရိကေ** အညသမာနာတေရသ စေတသိကာ အကုသလသာဓာရဏာ စတ္တာရောစာတိ သတ္တရသ လောဘဒိဋ္ဌီဟိသဒ္ဓိံ ဧကူနဝီသတိ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ ။

သရုပ်= ပဌမ အသင်္ခါရိက၌ အညသမာန်း ...၁၃
အကုသလသာဓာရဏ ၄
လောဘ၊ ဒိဋ္ဌိ ....၂=၁၉ ယှဉ်။

ပဌမေအသင်္ခါရိကေ= သောမနဿ သဟဂုတ်ဒိဋ္ဌိ ဂတသမ္ပယုတ်အသင်္ခါရိက၌
အကုသလ သာဓာရဏ= အကုသိုလ် အကုန်လုံးနှင့် ဆက်ဆံတဲ့ စေတသိက် (သဗ္ဗာကုသလသာဓာရဏလည်းခေါ်)
(သဗ္ဗာကုသလယောဂီလည်းမည်) (မောစတုက်)

၄၀= **တထေဝ ဒုတိယေ အသင်္ခါရိကေ လောဘမာနေန**။

သရုပ်= ဒုတိယ အသင်္ခါရိက၌ အညသမာန်း....၁၃
အကုသလသာဓာရဏ ၄
လောဘ၊ မာန= ....၂=၁၉ ယှဉ်

ဒုတိယေအသင်္ခါရိကေ= သောမနဿသဟဂုတ်ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက။
တဒေဝ= မာနနှင့် ဒိဋ္ဌိပြောင်းလဲသည်။ ကျန်အားလုံးတူ(၁၉,ပင်)

၆၁။ **တတိယေတဒေဝ ပီတိဝဇ္ဇိတာ လောဘဒိဋ္ဌိဟိသဟအဋ္ဌာရသ။**

သရုပ်=တတိယ အသင်္ခါရိကဌ် ပီတိကြဉ် အညသမာန်း ၁၂
အကုသလ သာဓာရဏ ၄
လောဘ, ဒိဋ္ဌိ ၂=၁၈ ယှဉ်။
တတိယေအသင်္ခါရိကေ=ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက။

၆၂။ **စတုတ္ထေ တဒေဝ လောဘ မာနေန။**

သရုပ်=စတုတ္ထအသင်္ခါရိကဌ် ပီတိကြဉ် အညသမာန်း ၁၂
အကုသလသာဓာရဏ ၄
လောဘ,မာန ၂=၁၈ ယှဉ်။
သတိ=ဒိဋ္ဌိဂတ သမ္ပယုတ် ဖြစ်အံ့ ဒိဋ္ဌိယှဉ်။
ဒိဋ္ဌိဂတ ဝိပ္ပယုတ် ဖြစ်အံ့ မာနယှဉ်။
ဥပေက္ခာဖြစ်အံ့ ပီတိကြဉ်။

၆၃။ **ပဉ္စမေ ပန ပဋိဃသမ္ပယုတ္တေ အသင်္ခါရိကေ ဒေါသော, ဣဿာ, မစ္ဆရိယံ, ကုက္ကုစ္စဉ္စာတိ။**
စတူဟိ သဒ္ဓိံ ပီတိဝဇ္ဇိတာ တေဧဝဝီသတိ ဓမ္မာ သင်္ဂယှန္တိ။

သရုပ်=ပဉ္စမဒေါသမူ အသင်္ခါရိကဌ် ဒေါစတုတ် ၄
ပီတိကြဉ် အညသမာန်း ၁၂
အကုသလသာဓာရဏ ၄=၂၀ ယှဉ်။

၆၄။ **ဣဿာ မစ္ဆရိယ ကုက္ကုစ္စာနိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာနိ။**

သရုပ်=ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ တို့သည် ၁ ပါးစီသာယှဉ်။
(နာနာဖြစ်လို့) (ပစ္စေကဖြစ်လို့) (အာရုံပြားလို့)။
ပဉ္စမ အသင်္ခါရိကဌ် အဖြစ်နိုင်ဆုံး ၁၈ သာ (၎င်း ၃ ခုမှ ၂ လျော့)
အမှာ=ကဒါစိ သဘောအရ၊ ရုံခါ ၁၇ သာ (၃ ပါးလုံး လျော့လို့)
(မနာလို ဝန်တို, ပူပန်မှုတပါး အခြား အကုသိုလ်မှု ပြုရာ၌ ၃ ပါးလုံး မဖြစ်)၊

မှတ်ချက်=အမြဲတမ်းယှဉ်သော စေတသိက်ဟု မေးသော် ၁၇ သာ။
ယှဉ်နိုင်သည့် အရည်အချင်း ရှိသမျှကို ရည်ရွယ်ပြီး ၂၀ ဟု ဆိုသည်။ (တကယ်ဖြစ်ခိုက်ကို မရည်ရွယ်)
ကျန် သင်္ဂဟနည်းတို့၌လည်း ဤနည်းပင်။

၆၅။ **အသင်္ခါရိက ပဉ္စကေပိ တထေဝ ထိန မိဒ္ဓေန ဝိသေသေတွာ ယောဇေတဗ္ဗာ။**

သရုပ်=သသင်္ခါရိက ၅ မျိုးမှာ အသင်္ခါရိက၌ ပြခဲ့ပြီးတွင် ထိန, မိဒ္ဓ ပေါင်းထည့်။

ပဉ္စကေ ၁။ ပဌမသသင်္ခါရိက၌ ၂၁ (ပဌမအသင်္ခါရိက၌ ယှဉ် ၁၉ ထိန, မိဒ္ဓ ၂=၂၁)
၂။ ဒုတိယ သသင်္ခါရိက၌ ၂၁ ပင် (ဒိဋ္ဌိနှင့် မာန ပြောင်း)
၃။ တတိယသသင်္ခါရိက၌ ၂၀ (ပီတိကြဉ်၊ ဥပေက္ခာဖြစ်လို့)
၄။ စတုတ္ထ သသင်္ခါရိက၌ ၂၀ ပင် (ဒိဋ္ဌိနှင့် မာန ပြောင်း)။

သတိ=လောဘမူ သင်္ဂဟနည်း၌-
ပီတိ(ဥပေက္ခာဟုတ် မဟုတ် သတိပြု)
ဒိဋ္ဌိ(သမ္ပယုတ် ဟုတ် မဟုတ် သတိပြု)
မာန (ဝိပ္ပယုတ် ဟုတ် မဟုတ် သတိပြု)
ထိန, မိဒ္ဓ (သသင်္ခါရိက ဟုတ် မဟုတ် သတိပြု)။
၅။ ပဥ္စမ သသင်္ခါရိက ၌ ၂၂ (ပဥ္စမ အသင်္ခါရိကယှဉ်) ၂၀ ထိန, မိဒ္ဓ ၂=၂၂

၆၆။ **ဆန္ဒပီတိ ဝဇ္ဇိတာ ပန အညသမာနာ ကောဒသ အကုသလ သာဓာရဏာ စတ္တာရောစာတိ ပန္နရသ ဓမ္မာ ဥဒ္ဓစ္စ သဟဂတေ သမ္ပယုဇ္ဇန္တိ။**

သရုပ်=ဆန္ဒ, ပီတိကြဉ် အညသမာန်း ၁၁
အကုသလသာဓာရဏ ၄=၁၅ (ဥဒ္ဓစ္စသမ္ပယုတ်စိတ်၌ယှဉ်။)

၆၇။ **ဝိစိကိစ္ဆာသဟဂတစိတ္တေစ အဓိမောက္ခ ဝိရဟိတာ ဝိစိကိစ္ဆာ သဟဂတာ တထေဝ ပန္နရသ ဓမ္မာ သမုပလဗ္ဘန္တီတိ။ သဗ္ဗထာပိ ဒွါဒသာ ကုသလစိတ္တုပ္ပါဒေသု ပစ္စေကံ ယောဇိယမာနာပိ ဂဏနဝသေန သတ္တဓာဝ သင်္ဂဟိတာ ဘဝန္တီတိ။**

သံရုပ်=ဆန္ဒ,ပီတိ,အဓိမောက္ခကြဉ်၊ အညသမာန်း ၁၀
အကုသလသာဓာရဏ စေတသိက် ၄
ဝိစိကိစ္ဆာ စေတသိက် ၁=၁၅
သတိ=ဝိစိကိစ္ဆာသမ္ပယုတ်၌ အဓိမောက္ခ မယှဉ်၊ ဝိစိကိစ္ဆာယှဉ်။
(အဓိမောက္ခ=ဆုံးဖြတ်၊ ဝိစိကိစ္ဆာ=မဆုံးဖြတ်၊ ဤသို့ ဆန့်ကျင်လို့)
ဥဒ္ဓစ္စသမ္ပယုတ်၌ အဓိမောက္ခယှဉ်၊ ဝိစိကိစ္ဆာ မယှဉ်။

သင်္ဂဟဂါထာ

၆၈။ ကျေနဝီသာဋ္ဌာရသ၊ ဝီသေကဝီသ ဝီသတိ။
ဒွါဝီသပန္နရသေတိ၊သတ္တဓာ ကုသလေ ဋ္ဌိတာ။ ။

ကျေနဝီသ=ပဌမအသင်္ခါရိက
ဒုတိယ အသင်္ခါရိက ၂ခုပေါင်း သင်္ဂဟ ၁,နည်း
အဋ္ဌာရသ=တတိယအသင်္ခါရိက
စတုတ္ထအသင်္ခါရိက ၂ခုပေါင်း သင်္ဂဟ ၁,နည်း
ဝီသ= ပဥ္စမအသင်္ခါရိက သင်္ဂဟ ၁,နည်း
ကေဝီသ= ပဌမသသင်္ခါရိက
ဒုတိယသသင်္ခါရိက ၂ ခု ပေါင်း သင်္ဂဟ ၁,နည်း
ဝီသတိ= တတိယသသင်္ခါရိက
စတုတ္ထသသင်္ခါရိက ၂ ခုပေါင်း သင်္ဂဟ ၁,နည်း
ဒွါဝီသ= ပဥ္စမသသင်္ခါရိက သင်္ဂဟ ၁,နည်း
ပန္နရသ= ဥဒ္ဓစ္စသမ္ပယုတ်
ဝိစိကိစ္ဆာသမ္ပယုတ် ၂ ခု ပေါင်း သင်္ဂဟ ၁,နည်း
(ပေါင်းအကုသိုလ် သင်္ဂဟ ၇ နည်း)

အကုသလယောဂိစေတသိက်

၆၉။ သာဓာရဏာစ စတ္တာရော၊ သမာနာ စဒသာပရေ။
စုဒ္ဒသေတေ ပဝုစ္စန္တိ၊ သဗ္ဗာကုသလ ယောဂိနော။ ။

သရုပ်=အကုသလသာဓာရဏစေတသိက် ၄
ဆန္ဒ, ပီတိ,အဓိမောက္ခကြဉ် အညသမာန်း ၁၀=၁၄ တို့ သည်
အကုသိုလ်အကုန်လုံးမှာ ယှဉ်ကြ၏။
ထို့ကြောင့် သဗ္ဗာကုသလ ယောဂီဟု ပါဠိလို အမည်ပေးသည်။

အဟိတ်စိတ်သင်္ဂဟနည်း ၄ ပါး

၇၀။ အဟေတုကေသု ပန ဟသနစိတ္တေ တာဝ ဆန္ဒဝဇ္ဇိတာ
အညသမာနာ ဒွါဒသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ။ ။

သရုပ်=ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်အညသမာန်း ၁၂ ယှဉ်သင်္ဂဟ ၁,နည်း။

၇၁။ တထာ ဝေါဋ္ဌဗ္ဗနေ ဆန္ဒ ပီတိဝဇ္ဇိတာ။

သရုပ်=ဝုဋ္ဌောစိတ်၌ ဆန္ဒ,ပီတိကြဉ်အညသမာန်း ၁၁,ယှဉ်။

ဝေါဋ္ဌဗ္ဗနေ=မနောဒွါရာဝဇ္ဇန်း (ပဉ္စဒွါရဝီထိ၌ မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌောဟု အမည်တပ် သုံးသည်)

၇၂။ သုခသန္တီရဏေ ဆန္ဒ ဝီရိယဝဇ္ဇိတာ။

သရုပ်=သောမနဿသန္တီရဏ၌ ဆန္ဒဝီရိယကြဉ် အညသမာန်း ၁၁,ယှဉ်။

မှတ်ချက်=၁၁ ချင်းတူ၍ ၁။ မနောဒွါရာဝဇ္ဇန်း
၂။ သောမနဿသန္တီရဏ-ဤစိတ်-၂ ခု တို့ကို
သင်္ဂဟ၁ နည်းယူ။

သုခသန္တီရဏေ၌- သုခ= သောမနဿကိုယူ။

၇၃။ မနောဓာတုတ္တိကာဟေတုက,ပဋိသန္ဓိယုဂဠေ ဆန္ဒပီတိဝီရိယဝဇ္ဇိတာ။

သရုပ်= မနောဓာတ် ၃- (ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုင်း ၂) အဟိတ်ပဋိသန္ဓေ၂ (ဥပေက္ခာ သန္တီရဏ ၂) ဤ ၅ ပါးတို့၌ ဆန္ဒ,ပီတိ,ဝီရိယကြဉ် အညသမာန်း ၁၀ ယှဉ် သင်္ဂဟ ၁, နည်း။

မနောဓာတ် သိကာမျှ (မနော ဝိညာဏ - လူးလူးလဲလဲသိ) (မနော= သိ၊ ဝိညာဏ = သိ၊သဒ္ဒါတူ ၂, ချက်ဆင့်ကအတိဿယအနက်ထွက်မြဲ။

အဟေတုက ပဋိသန္ဓိယုဂဠေ= ဥပေက္ခာ သဟဂုတ် သန္တီရဏ ၂ခု၌

၇၄။ ဒွိပဉ္စဝိညာဏေ ပကိဏ္ဏကဝဇ္ဇိတာ တေယေဝ သင်္ဂယှန္တီတိ
သဗ္ဗထာပိ အဋ္ဌာရသသု အဟေတုကေသု ဂဏနဝသေန
စတုဓာဝ သင်္ဂဟော ဟောတိ။

ငင်းမဟာဝိပါက်သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတို့ တပ်သည့်အခါ "ဝီထိမုတ်" "ဒွါရဝိမုတ်"

မဟဂ္ဂုတ် ဝိပါက်တို့သည် အခြား ကိစ္စ မတပ်လို့ (အမြဲ ဝီထိမုတ်ဖြစ်)
(ပဋိ, ဘဝင်, စုတိကိစ္စသာ)

ယထာသမ္ဘဝံ=အမျိုးအစားအလိုက် အာရုံပြုကြ။

ရှင်း= ရူပ ပဋိသန္ဓေသည် ပညတ် ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြု။
ဝိညာနဉ္စာယတနသည် အာကာသာနဉ္စာယတနစိတ် မဟဂ္ဂုတ်
ဓမ္မာရုံကို အာရုံပြု စသည်။

ယေဘုယျေန=အများအားဖြင့် ဖြစ်၊ အနည်းငယ် ဤလိုမဖြစ်ထာရှိ။

ရှင်း= အသညသတ် စုတေလျှင် ဤလိုမဖြစ် (စိတ်မရှိလို့)

အမှာ= အသညသတ်ဘုံမှ စုတေ၍ ကာမဘုံမှာ ပဋိသန္ဓေနေလျှင်-
ငင်းပဋိသန္ဓေသည် အသညသတ်ဘုံ မရောက်မီက အပရာပရိယကံ
ယူပေးသော အာရုံကို အာရုံပြုသည်။

ဘဝန္တရေသဒ္ဓါရဂ္ဂဟိတံ=ဘဝဟောင်းက ဆဒွါရိကမရဏာသန္နဇော ယူပေး
သောအာရုံဖြပါ။(ဋ္ဌာနူပစာ) ဇော၏ဖြစ်ရာ (ဒွါရ၏ အမည်ကို
ဇော၌သုံးလို့) (ဤကျောင်းစာအံသည် ဆိုတာမျိုး)

ပစ္စုပ္ပန္နမတီတံ=ပစ္စုပ္ပန်,အတိတ်သာ (အနာဂတ်မဟုတ်)

အနာဂတ်ပပြု= မခံစားဘူးသောကြောင့်လည်းကောင်း
ခံစားဆဲ မဟုတ်သောကြောင့် လည်းကောင်း ဘဝသစ်
ပဋိသန္ဓေသည် အနာဂတ် အာရုံများကို အာရုံမပြု။
ပဋိသန္ဓေက အာရုံမပြုသဖြင့် ငင်း၏ နောက်ရောင်ခံဘဝင်,
စုတိတို့လည်း အာရုံမပြုကြတော့ပေ။

ပညတ္တိဘူတံဝါ=ရူပနှင့် အာကာ, အာကိဥ် ပဋိသန္ဓေ, ဘဝင်, စုတိ တို့သည်
ပညတ်ကို အာရုံပြုကြ၏။

သမ္မတံ= အာရုံဖြပါးကို ကံ၊ကမ္မနိမိတ်, ဂတိနိမိတ် အမည်မှည့်။
(ဓမ္မာရုံဟု ဆိုအပ်သော ကံ ရူပါရုံဟု ဆိုအပ်သော ကမ္မနိမိတ်။
(ရူပါရုံ စသော အမည်ရင်း အတိုင်း မသုံး)

စာမျက်နှာ ၁၅၂ ကြောင်းရေ ၁၁ ၌ (ပဋိ, ဘ, စု, ဇော, ရုံ) အစား (ဇော)ဟု
ပြင်ဆင်ဖတ်ရှုပါ။

မှတ်ချက်= ဆိုပြီးအားလုံးသည် အာရုံဖြစ်သင့်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်,ပညတ်တို့ကို အာရုံ၆ပါး နည်းဖြင့်ခွဲ၍ ၎င်းအာရုံ၆ပါး နှင့် စိတ်စေတသိက်တို့ကို ဝေဘန်ခြင်းတည်း။

အာရုံ ၄ မျိုးခွဲဝေ၍ တနည်းဝေဘန်ပုံ

ကာမအာရုံ= ကာမစိတ် ၅၄
၎င်းစေတသိက် ၅၂
ရုပ် ၂၈=၎င်း ၃မျိုး ကာမအာရုံမည်။

မဟဂ္ဂုတ်အာရုံ= မဟဂ္ဂုတ်စိတ် ၂၇
၎င်းစေတသိက် ၃၅=၎င်း ၂ မျိုး မဟဂ္ဂုတ်အာရုံမည်။

လောကုတ္တရာအာရုံ= လောကုတ္တရာစိတ် ၈
၎င်း စေတသိက် ၃၆
နိဗ္ဗာန် ၁=၎င်း ၃မျိုး လောကုတ္တရာအာရုံ။

ပညတ်အာရုံ= ပညတ် ၁ မျိုး

အကိုကောက်= ကာမ, မဟဂ္ဂုတ်, လောကုတ်, ပညတ်။

၅၅။ တေသုံ စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိဧကေကာရမ္မဏာနေဝ။

စက္ခုဝိညာဏ်= ရူပါရုံကို အာရုံပြု (ကာမအာရုံထဲက)

သောတဝိညာဏ်= သဒ္ဒါရုံကို အာရုံပြု(ကာမအာရုံထဲက)

ဃာနဝိညာဏ်= ဂန္ဓာရုံကို အာရုံပြု (ကာမအာရုံထဲက)

ဇိဝှာဝိညာဏ်= ရသာရုံကို အာရုံပြု (ကာမအာရုံထဲက)

ကာယဝိညာဏ်= ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု (ကာမအာရုံထဲက)

၅၆။ ပနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ။

သံရုပ်= မနောဓာတ်၃ပါးသည်ရူပါရုံစသော ၅ပါးကို အာရုံပြု(ကာပအာရုံ ထဲကပင်)

အမှာ= ပဉ္စာရုံကို အာရုံပြုစဉ် ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း မည်၏။

၅၇။ သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ။ ။

သေသအပါဒါန်= ဒွေးပဉ္စဝိညာဏ် ၁၀

သေသ= သန္တီရဏ ၃

မဟာဝိပါက် ၈=၁၁=(၎င်းသည် ကာမဝိပါက်မှ (၁၃) နုတ်ပြီး ဟသိတုပ္ပါဒ် ၁=ပေါင်း ၁၂ (သေသအရလည်းဟူ)

အမှာ= အတိုနည်း တဒါရုံကောဒသ၊ ဟသိတုပ္ပါဒ်ဟုလည်း သုံး၏။(ည၀၁)

ကာမာဝစရာရမ္မဏာနေဝ= ၎င်း ၁၂ သည် ကာမအာရုံကို အာရုံပြု၏။

အမှာ= တဒါရုံသည် မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်အာရုံတို့ကိုမလေ့ကျက်ဘူးလို့ အာရုံမပြုနိုင်။ ။

ဟသိတုပ္ပါဒ်= ကမ္မဋ္ဌာန်းအား လျောက်ပတ်သော နေရာကို မြင်၍နှစ်သက်သောအခါ ရူပါရုံ၊

ပစ္စည်းခဲ့ဝေသံကြား၍ ငါ့မှာ လောလုပ္ပတဏှာ ကင်းပြီဟု နှစ်သက်သောအခါ သဒ္ဒါရုံ၊

နံ့သာ စသည်တို့ဖြင့် ပူဇော်၍နှစ်သက်သောအခါ ဂန္ဓာရုံ၊ ဆွမ်းစသည်တို့ကို သတင်းသုံးဘော်တို့နှင့် ခွဲဝေဘုဉ်းပေးရ၍ နှစ်သက်သောအခါ ရသာရုံ၊

ဝတ်ကြီးဝတ်ငယ်ပြု၍ နှစ်သက် သောအခါ ဖေါဋ္ဌဗ္ဗာရုံ= ထို့ကြောင့် ကာမအာရုံ အာရုံပြု ဟုဆိုသည်။

၁၈။ အကုသလာနိစေဝ ဉာဏဝိပ္ပယုတ္တာ ကာမာဝစရ ဇဝနာနိစေတိ လောကုတ္တရ ဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။ ။

သရုပ်= အကုသိုလ် ၁၂
ဉာဏဝိပ္ပယုတ်ကုသိုလ် ၄
ဉာဏဝိပ္ပယုတ်ကြိယာ ၄=၂၀ (ကာမ, မဟဂ္ဂုတ် ပညတ်၃မျိုးကိုအာရုံပြု လောကုတ်ကြဉ်လို့)

သတိ= ဇောဆိုသဖြင့် ဉာဏဝိပ္ပယုတ်ဝိပါက်ကို မယူရ။

လောကုတ်ကြဉ်= ၎င်း ၂၀ တို့သည် ရုပ်ထွေးကြ၏။
လောကုတ္တရာသည် ရှင်း၏=ထို့ကြောင့်လောကုတ်ကို အာရုံမပြု။

၅၉။ ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိစေဝပဉ္စမဇ္ဈာနသင်္ခါတံ
အဘိညာကုသလဉ္စေတိအရဟတ္တမဂ္ဂ,ဖလဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

သရုပ်= မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
ပဉ္စမဈာန် ကုသိုလ်အဘိညာဉ် ၁=၅။ ၎င်း၅ပါးတို့သည်
အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် စိတ် ၈၈
စေတသိက် ၅၂
ရုပ် ၂၈
နိဗ္ဗာန် ၁
ပညတ် အာရုံပြု။

အတိုနည်း= ၎င်း ၅ပါးသည် ကာမ, မဟဂ္ဂုတ်, လောကုတ်တချို့, ပညတ်
အာရုံပြု။
မဟဂ္ဂုတ်အာရုံ

အမှာ=အရဟတ္တမဂ်,အရဟတ္တဖိုလ်ကို မရဘူးလို့ အာရုံ မပြုနိုင်။
(ကုသိုလ်သည် ပုထုဇဉ် သေက္ခမှာသာ ဖြစ်သည်။)

ပဉ္စမဇ္ဈာနသင်္ခါတံ,၌—သင်္ခါတံ= ပဉ္စမဈာန် ဟု ခေါ် သော အဘိညာဏ်၊
(သတ္တိထူးသော ပဉ္စမဈာန်ကို အဘိညာဏ် ခေါ်)

၆၀။ ဉာဏသမ္ပယုတ္တ ကာမာဝစရ ကြိယာနိ စေဝ ကြိယာဘိညာ,
ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

သရုပ်=မဟာကြိယာဉာဏသမ္ပယုတ် ၄
ကြိယာအဘိညာဉ် ၁
မနောဒွါရာဝဇ္ဇန်း ၁=၎င်း၆ခုတို့သည် စိတ်,စေတသိက်,
ရုပ်, နိဗ္ဗာန်, ပညတ်, အကုန်လုံးကို အာရုံပြုကြ၏။

အတိုနည်း=ကာမ, မဟဂ္ဂုတ်, လောကုတ်, ပညတ်, ၄ မျိုးလုံး။

အမှာ= မဟာကြိယာ ဉာဏသမ္ပယုတ်သည် သဗ္ဗညုတ ဉာဏ်၏ ရှေ့မှာ
ဖြစ်ခိုက် အကုန် အာရုံပြု။

၆၁။ အာရုပ္ပေသု ဒုတိယ,စတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ။

ဒုတိယ=ဝိညာနဉ္စာယတနစိတ်သည် အာကာသာနဉ္စာယတနစိတ်ကို အာရုံပြု။
(သတိ=စိတ်,စိတ်ချင်း အာရုံပြု)

စတုတ္ထ=နေ၀သညာ နာသညာယတနစိတ်သည် အာကိဉ္စညာယတန စိတ်ကို အာရုံပြု (သတိ=စိတ်,စိတ်ချင်း အာရုံပြု။)

ပုတ်ချက်= အာရုံဖြစ်သော ၎င်းအာကာ,အာကိဉ်တို့သည် မဟဂ္ဂုတ် ဖြစ်ကြလို့၊ မဟဂ္ဂုတ်ကို အာရုံပြုဟု ဆိုရိုးပြု (မဟဂ္ဂုတ်ချင်းလည်း ဟူ)

ရှင်း=(က) ဝိညာနဉ္စာယတနကုသိုလ်သည်
ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု။

(ဝိ) ဝိညာနဉ္စာယတနဝိပါက်သည်
ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်ကို အာရုံပြု၊ (မဟဂ္ဂုတ် ကမ္မနိမိတ် ဓမ္မာရုံ အမည်ပေး။)

(ကြိ) ဝိညာနဉ္စာယတန ကြိယာစိတ်သည်
ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်။
ဤဘဝတွင်သာ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတနကြိယာကို အာရုံပြု။

(က) နေ၀သညာနာသညာယတနကုသိုလ်သည်
ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်ကို အာရုံပြု။

(ဝိ) နေ၀သညာ နာသညာယတန ဝိပါက်စိတ်သည်
ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်ကို အာရုံပြု၊ (မဟဂ္ဂုတ် ကမ္မနိမိတ် ဓမ္မာရုံ အမည်သုံး)

(ကြိ) နေ၀သညာ နာသညာယတနကြိယာစိတ်သည်
ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်။
ဤဘဝတွင်သာ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကြိယာကို အာရုံပြု။

အမှာ=(က) ကုသိုလ်သည် ဤဘဝ ရပြီးကုသိုလ်
ရှေးဘဝ ရဘူးကုသိုလ်တို့ကို အာရုံပြု။

(ဝိ) ဝိပါက်သည် ရှေးဘဝက ရဘူးသော ကုသိုလ်ကိုသာ အာရုံပြု။

(ကြိ) ကြိယာသည် ဤဘ၀ ရှေးဘ၀ ရဖူးကုသိုလ်။
ဤဘ၀ ရဖူးကြိယာတို့ကို အာရုံပြု။

၆၂။ သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

သေသအပါဒါန်=ဒွေးပဥ္စဝိညာဏ် ၁၀ အဘိညာဏ်ဒွေး=၁၂

သေသ=အဘိညာဉ်မှ ကြွင်း ရူပါ၀စရစိတ် ၁၅

အာကာသာနဉ္စာယတနစိတ် ၃

အာကိဉ္စညာယတနစိတ် ၃= ၂၁ =ပညတ်ကိုအာရုံပြု။

ပဌမစျာန်သည် အောက်ပါပညတ် ၂၅ ကို အာရုံပြု

ကသိုဏ်းပညတ်	၁၀	
အာနာပါနဿတိ	၁	(ဆိုရိုးအာနာပါနဿတိ၏ အာရုံ ဖြစ်သော ထွက်သက် ဝင်သက်ပညတ်)
အသုဘပညတ်	၁၀	
ကာယဂတာသတိ	၁	(ကာယဂတာသတိ၏ အာရုံ ဖြစ်သော ဆံအစရှိသော ကောဋ္ဌာသ ပညတ်)
သတ္တ၀ါပညတ်	၁	(မေတ္တာ၏ အာရုံ ဖြစ်သော အတိုင်းမသိသော သတ္တ၀ါပညတ်)
ဒုက္ခိတသတ္တ၀ါပညတ်	၁	(ကရုဏာ၏ အာရုံ ဖြစ်သော အတိုင်းမသိသော ဒုက္ခိတ သတ္တ၀ါပညတ်)
သုခိတသတ္တ၀ါပညတ်	၁	(မုဒိတာ၏ အာရုံ ဖြစ်သော အတိုင်းမသိသော သုခိတသတ္တ၀ါပညတ်)

ဒုတိယ, တတိယ, စတုတ္ထစျာန်တို့သည်

ကသိုဏ်းပညတ်	၁၀	
အာနာပါန	၁	
မေတ္တာ၏(ပ)ပညတ်	၁	
ကရုဏာ၏(ပ)ပညတ်	၂	
မုဒိတာ၏(ပ)ပညတ်	၁=၁၄ ကို အာရုံပြု။	

ပဥ္စမဈျာန်သည်
ကသိုဏ်းပညတ် ၁၀
အာနာပါန ၁
သတ္တဝါ ပညတ် ၁=၁၂ ကို အာရုံပြု။
(ဥပေက္ခာ၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါကိုယူ)

အာကာသာနဉ္စာယတနတို့သည်
အာကာသကြဉ် ကသိုဏ်း ၉ ပါးတို့တွင် တပါး ပါးကို ပယ်ခွာ၍ ရအပ်သော ကောင်းကင် ပညတ်ကိုအာရုံပြု၊
(ကသိဏုဂ္ဃါဋိမာကာသ ဟုလည်းဆို) (ဝိပါက်ဖြစ်အံ့ ကမ္မနိမိတ်ဆို။)

အာကိဉ္စညာယတနတို့သည်
ဝိညာနဉ္စာယတနဈျာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော ပညတ်ကို အာရုံပြု(ဝိပါက် ဖြစ်အံ့ ကမ္မနိမိတ်ဆို)

၆၃။ လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။
သရုပ်=လောကုတ္တရာစိတ် ၈ တို့သည် နိဗ္ဗာန်ကို အာရုံပြု။

သင်္ဂဟဂါထာ

၆၄။ ပဥ္စဝီသ ပရိတ္တမှိ၊ ဆ စိတ္တာနိ မဟဂ္ဂတေ။
ဧကဝီသတိ ဝေါဟာရေ၊ အဋ္ဌ နိဗ္ဗာနဂေါစရေ။ ။

၆၅။ ဝီသာ,နုတ္တရမုတ္တမှိ၊ အဂ္ဂမဂ္ဂဖလုဇ္ဈိတေ။
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ၊ သတ္တဓာ တတ္ထ သင်္ဂဟော။ ။

ပရိတ္တမှိ=ကာမအာရုံ၌ ပဥ္စဝီသ=ဒွေးပဥ္စဝိညာဏ် ၁၀
မနောဓာတ် ၃
တဒါရုံ ၁၁
ဟသိတုပ္ပါဒ် ၁=၂၅
အပုာ=၅၅+၅၆+၅၇ နံပါတ်ပေါင်းသည်။
တနည်း=ပဥ္စဒွါရာဝဇ္ဇန်း
ကာမဝိပါက် တေဝီသ
ဟသိတုပ္ပါဒ်(ဤသို့လည်း ဆိုနိုင်၏)
ပရိဘ္ဘ=မဟဂ္ဂုတ်စသည်ကို ထောက်လျှင် အာနုဘော်နည်းလို့ ကာမကိုပရိတ္တ ခေါ်သည်။

မဟဂ္ဂတေ=မဟဂ္ဂုတ်အာရုံ၌ ဆ=ဝိညာ ၃+နေဝ ၃=၆။

ဝေါဟာရေ=ပညတ်အာရုံ၌ ကေဝီသတိ=အဘိညာဥ်ကြဉ် ရူပ ၁၅
အာကာ+အာကိဉ် ၆=၂၁
နိဗ္ဗာနဂေါစရေ=နိဗ္ဗာန်အာရုံ၌ အဋ္ဌ=လောကုတ္တရာ ၈
အနုတ္တရမုတ္တမှိ လောကုတ္တရာကြဉ်တဲ့အာရုံ၌ ဝီသ=အကုသိုလ် ၁၂
ဉာဏဝိပ္ပယုတ်ဇော ၈=၂၀

အဂ္ဂမဂ္ဂဖလုဇ္ဈိတေ=အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သောအာရုံ၌
ပဉ္စ= မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄
ကုသိုလ်အဘိညာဉ်(ပဉ္စမဈာန်) ၁=၅
သဗ္ဗတ္ထ=အလုံးစုံသော အာရုံ၌=မဟာကြိယာဉာဏသမ္ပယုတ် ၄
ကြိယာအဘိညာဉ် ၁
ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်း) ၁=၆

ကောန်လက်ာ=ပဉ္စဝီ ကာမ၊ ဆ မဟဂ္ဂါ၊ ရှစ်ဖြာ နိဗ္ဗာန်၊ နှာပ် တဆဲ့လေး၊
တေရသ ရုပ်၊ ပစ္စုပ် ထို့တူ၊ တိတ်မူ သမှတ်၊ နှာဂတ်
မရှိ၊ ဝိပုတ် နှစ်ဆဲ့ကိုး၊ (ရှေးရိုးကျမ်းညီ)၊ ကေဝီ ပညတ်၊
ပရပတ္ထ နဝတီသာ၊ သဝါအဋ္ဌုတ်၊ဗာဟု၂တ်သဗ္ဗိ၊ နှစ်ဝီပဥ္စ၊
ဝပ္ပ သုံးဆယ့်ငါး၊ တပါး ဌဝီ၊ ဒွေးနှစ်လီတည်း၊ ငါးလီမှာ
သုံး၊ဆယ့်နှစ်သုံးပင်၊(သီးကုံးချိုအား)၊ဆဲ့လေးကိုးလီ၊ပဉ္စဝီ
သုံးတန်၊ ကောန် ရှေးရှု၊ အာရုံပြုသည်၊ သောတု၊ နောင်လာ
မခဲတည်း။ ။

ပဉ္စဝီ ကာမ ပဉ္စဝီသပရိတ္တမှိအတိုင်း၊
ဆမဟဂ္ဂါ=ဆစိတ္တာနိမဟဂ္ဂတေအတိုင်း၊
ရှစ်ဖြာနိဗ္ဗာန်=အဋ္ဌနိဗ္ဗာန ဂေါစရေအတိုင်း၊
နှာပ် ၁၄=ဝိညာနှစ္စာယတန ၃
နေဝသညာ နာသညာယတန ၃
လောကုတ္တရာစိတ် ၈=၁၄=နှာမ်ကို အာရုံပြု။
တေရသ ရုပ် ဒွေးပဉ္စဝိညာဏ် ၁၀
မနောဓာတ် ၃ ရုပ်ကိုရုပ်အာရုံပြု။
(ဂါထာ ၇၇+၇၆)

ပစ္စုပ်ထို့တူ=ပစ္စုပ္ပန်အာရုံပြု ယခင်ရုပ်အာရုံပြုသည့် ၁၃ ပင်။
တိတ်မှုဆမှတ်=ဝိညာနဉ္စာယတန ၃
နေဝသညာနာသညာယတန ၃=၆ အတိတ်အာရုံပြု (၆၁)

နာဂတ်မရှိ=အနာဂတ် ကေန်ပြု မရှိ။

ဝိမုတ် ၂၉=အဘိညာဏ်ကြဉ် ရူပ ၁၅
အာကာသာနဉ္စာယတန ၃
အာကိဉ္စညာယတနစိတ် ၃
လောကုတ္တရာစိတ် ၈=၂၉ ပညတ် နိဗ္ဗာန်အာရုံပြု။

ကေဝိပညတ်=အဘိညာဏ်ကြဉ် ရူပ ၁၅
အာကာသာနဉ္စာယတန ၃
အာကိဉ္စညာယတနစိတ် ၃=၂၁ ပညတ်၊အာရုံပြု။

ပရမတ္ထနဝတိံသ=ကာမဝိပါက် ၂၃
ပဉ္စဒွါရာဝဇ္ဇန်း ၁
ဟသိတုပ္ပါဒ် ၁
ဝိညာနဉ္စာယတန ၃
နေဝသညာ နာသညာယတန ၃
လောကုတ္တရာ ၈=၃၉ ပရမတ်အာရုံပြု။

သဓာအဇ္ဈတ်=ဝိညာနဉ္စာယတန ၃
နေဝသညာနာသညာယတန ၃=၆ အဇ္ဈတ္တ အာရုံပြု။

ဗာဟုရတ်ဆဗ္ဗိ=အဘိညာဉ်ကြဉ် ရူပ ၁၅
အာကာသာနဉ္စာယတန ၃
လောကုတ္တရာစိတ် ၈=၂၆ ပညတ် အာရုံပြု။

၂ စိပဉ္စ=စက္ခုဝိညာဏ် ၂ ရူပါရုံ အာရုံပြု။
သောတဝိညာဏ် ၂ သဒ္ဒါရုံ အာရုံပြု။
ဃာနဝိညာဏ် ၂ ဂန္ဓာရုံ အာရုံပြု။
ဇိဝှာဝိညာဏ် ၂ ရသာရုံ အာရုံပြု။
ကာယဝိညာဏ် ၂ ဖောဋ္ဌဗ္ဗာရုံအာရုံပြု။

ဓမ္မ ၃၅=ဝိညာဏဉ္စာယတနစိတ် ၃
နေဝသညာနာသညာယတန ၃
အဘိညာဉ်ကြွင်း ရုပ ၁၅
အာကာသာနဉ္စာယတန ၃
အာကိဉ္စ ညာယတန ၃
လောကုတ္တရာစိတ် ၈=၃၅ ဓမ္မာရုံအာရုံပြု။

ခပါးငှဝိ=ဒွေးပဉ္စဝိညာဏ် ၁၀ (ရုပါရုံစသည် ၁စီ)
ဝိညာဏကု+ဝိညာဏဝိ= ၂(အာကာသကု ၁ကို အာရုံပြု)
နေဝကု+နေဝဝိ= ၂ (အာကိဉ်ကု ၁ကို အာရုံပြု)
အာကာ ၃ (ကသိဏုဂ္ဃာဋိမာကာသ ၁ အာရုံပြု)
အာကိဉ် ၃ (နတ္ထိဘာဝပညတ် ၁ ကို အာရုံပြု)
လောကုတ္တရာ ၈ (နိဗ္ဗာန် ၁ ကို အာရုံပြု)=၂၈။

ဒွေး ၂ လီ=ဝိညာကြိ ၁ (အာကာသကု+ကြိ=၂ကို အာရုံပြု)
နေဝကြိ ၁ (အာကိဉ်+ကြိ=၂ ကို အာရုံပြု)

ငါးလီမှာသုံး=မနောဓာတ် ၃ (ပဉ္စာရုံ အာရုံပြု)
ဆယ့်နှစ်သုံး=ရူပပဉ္စမဈာန် ၃(ကသိုဏ်း၁၀+အာနာ+ဥပေက္ခာ=၁၂)

ဆယ့်လေးကိုး=ဒုတိယဈာန် ၃
တတိယဈာန် ၃
စတုတ္ထဈာန် ၃=၉။ ကသိုဏ်း ၁၀ + အာနာ ၁+
မေတ္တာဒိ၃=၁၄၊

ပဉ္စဝိ၃တန်=ပဌမဈာန် ၃ (ကသိုဏ်း ၁၀+ အာနာ ၁+အသုဘ ၁၀+
ကာယ ၁+မေတ္တာ+ကရုဏာ+မုဒိတာ ၃=၂၅ကိုအာရုံပြု

အနေကန်လကာ=မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆိုအံ့၊ ပိုယိုကင်းပ၊
ကာမမဟဂ္ဂုတ်၊ ဝိမုတ်ပညတ်၊ ပရမတ်ဟု၊ ငါးရပ်တုလစ်၊
သုံးဆယ့်တစ်စီ၊ ပစ္စုပ်တိတ၊ နာဂတနှင့်၊ ဓမ္မရုပ်နာမ်၊
ခြောက်တန်ပေါင်းရုံး၊ လေးဆဲ့သုံးစီ၊ သုံးလီအဇ္ဈတ်၊
စွဲလပ်မှီရောက်၊ ငါးဆဲ့ခြောက်မှန်၊ နိဗ္ဗာန်ကော်ဒယ်၊ ပဉ္စ

ပဥ္စဝယ်၊ လေးဆယ်နှင့်ခြောက်၊ ရွေးကောက်စေမူ၊ ဥဒါန်း
ပြုသည်၊စေ့ငုဖန်ခါထပ်လဲတည်း။ ။

ကာမ, မဟဂ္ဂုတ်, ဝိမုတ်, ပညတ်, ပရမတ် တို့ကို အနေကန် အာရုံပြု

မနောဒွါရာဝဇ္ဇန်း(ဝုဋ္ဌော) ၁
ဟသိတုပ္ပါဒ်ကြဉ် ကာမဇော ၂၈
အဘိညာဉ် ၂=၃၁ (၅၈+၅၉+၆၀ =စာကိုယ် နံပါတ်)

ပစ္စုပ် တီတ နာဂတနှင့် ဓမ္မ (ဓမ္မာရုံ) ရုပ် (ရုပ်အာရုံ)နာမ်(နာမ်အာရုံ)

၆ တန်ပေါင်းရုံး=တဒါရုံ ၁၁
ဟသိတုပ္ပါဒ် ၁
အကုသိုလ် ၁၂
မဟာကုသိုလ် ၈
မဟာကြိယာ ၈
အဘိညာဉ် ၂
ဝုဋ္ဌော ၁=၄၃

၃ လိအဇ္ဈတ်=အဇ္ဈတ္တ, ဗဟိဒ္ဓ, အဇ္ဈတ္တဗဟိဒ္ဓ ၃ မျိုးကို အာရုံပြု
ကာမစိတ် ၅၄
အဘိညာဉ် ၂=၅၆။

နိဗ္ဗာန်ကော်ဒသ် –မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
မဟာကြိယာဉာဏသမ္ပယုတ် ၄
အဘိညာဏ် ၂
ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁=၁၁။ နိဗ္ဗာန် အာရုံပြု။

ပဥ္စဝယ် လေးဆယ်နှင့်ခြောက် –မနောဓာတ် ၃
တဒါရုံ ၁၁
ကာမဇော ၂၉
ဝုဋ္ဌော ၁
အဘိညာဉ် ၂=၄၆၊ ပဥ္စာရုံကိုအာရုံပြု။
(၅၆+၅၇+၅၈+၅၉+၆၀ စာကိုယ်နံပါတ်)

ဝတ္ထု ၆ ပါး

၆၆။ ဝတ္ထုသင်္ဂဟေ ဝတ္ထူနိ နာမ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဟဒယဝတ္ထု စေတိ ဆဗ္ဗိဓာနိ ဘဝန္တိ။

စက္ခုဝတ္ထု=စက္ခုပသာဒ (စက္ခုဝိညာဏ်၏ မှီရာ)
သောတဝတ္ထု=သောတပသာဒ (သောတဝိညာဏ်၏မှီရာ)
ဃာနဝတ္ထု=ဃာနပသာဒ (ဃာနဝိညာဏ်၏ မှီရာ)
ဇိဝှာဝတ္ထု=ဇိဝှာပသာဒ (ဇိဝှာဝိညာဏ်၏ မှီရာ)
ကာယဝတ္ထု=ကာယပသာဒ (ကာယဝိညာဏ်၏မှီရာ)
ဟဒယဝတ္ထု=ဟဒယရုပ် (ကျန် မနောဓာတ်, မနောဝိညာဏဓာတ်)

အမှာ=ဟဒယဝတ္ထုသည် နှလုံးအိမ်တွင် ပုန်းညက်စေ့အရွယ် တွင်းခလောင်းထဲ၌ တလက်ဆွမ်းခန့် ရှိသော သွေးထဲ၌ တည်ရှိသည်။ အဟိတ်စိတ်၌ (သတ္တဝါအား လျော်စွာ) (ကြွင်း ဝတ္ထု ၅ ၏ တည်ရာနှင့် အရွယ်သဏ္ဌာန် ပြပြီး)

ဝတ္ထုသင်္ဂဟေ=ဝတ္ထု ၆ ပါး တို့ကိုလည်းကောင်း၊
ဝတ္ထု ၆ ပါးကို မှီသော စိတ်စေတသိက်တို့ကိုလည်းကောင်း၊
အကျဉ်းချုပ် စုပြသော အခန်း။

ဝတ္ထု=စိတ်,စေတသိက်တို့၏ နေရာဖြစ်သော ရုပ် (မှီရာလည်းဟူ)

၆၇။ တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ။

သဗ္ဗာနိ=ကာမဘုံ၌ ဝတ္ထု ၆ ပါးလုံး ရ၊ ကာမဘုံသားများသည် ဣန္ဒြေ အပြည့်အစုံ ရသင့်လို့။

ပိ,အပိ=ဝတ္ထု ၅,၄,၃, သာ ရသူ ရှိကောင်းသတဲ့။
(ကာမဘုံ၌မျက်စေ့ကန်း, နားပင်း, နှာကျိုးတို့ ရှိကောင်း၏ ဟူလို)

၆၈။ ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။

နတ္ထိ=ရူပဘုံ၌ ဃာနဝတ္ထု, ဇိဝှာဝတ္ထု, ကာယဝတ္ထု မရှိ၊
(ရူပ ဗြဟ္မာများသည် တပ်ခြင်းကင်းမှု အခြေခံ ဘာဝနာကြောင့် ၎င်း ၃ ပါးလုံးတို့၌ တပ်ခြင်းကင်းလို့တဲ့)

ပြောင်းပြန်=စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု ရှိ (၎င်း ၃ ပါး တို့၌ တပ်ခြင်း မကင်းလို့)

ဝါဒ= ဈာနာဒိတ္တယ မရှိ၍ ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့လည်းမရှိတဲ့။ (ရုပ်ပိုင်း၌ အာဟာရဇရုပ် မရှိ ဆို၍ ဩဇာလည်း မရှိတဲ့)

မှတ်ချက်=၎င်း၏အလို ရူပဘုံ၌ အဝိနိဗ္ဘောဂ (၈)မပြည့်၊ ဘုတ် ၄ သာ။
အချို့=အဋ္ဌကထာက ဩဇာရှိလို့ ဘုတ် ၄ + ဩဇာ ၁=ပေါင်း ၅ ရှိသတဲ့၊
အချို့=ဈာနာဒိ မရှိသော်လည်း အဝိနိဗ္ဘောဂ ဆိုသဖြင့် ၈ လုံးရှိတဲ့။
ရှင်း=ဃာန, ဇိဝှာ, ကာယသည် ကာမဂုဏ်အတွက် သက်သက်သာဟု စဉ်းစား။
၎င်း ကာမဂုဏ်တို့၌ အပြစ်မြင်။ (ရှာရ ဖွေရ စောင့်ရှောက်ရ စသည်)
၎င်းနောက် သမထ အားထုတ် အောင်မြင်လျှင် ဈာန်ရ။
သေလျှင် ရူပဘုံရောက်၊ ဈာနာဒိကို ရွံရှာမှု အခြေခံ၍ ပွားများသော ဘာဝနာ တန်ခိုးကြောင့် ရူပဗြဟ္မာကြီးတွေမှာ ဃာန, ဇိဝှာ, ကာယတို့ မဖြစ်ကြတော့ပေ။
(ဈာနာဒိကို နှစ်သက်သော နိဝရဏကို ဘာဝနာ ကာမ ကုသိုလ်က တဒင်္ဂပဟာန်ဖြင့် ခွာစေသည်။)
၎င်းဘာဝနာ ကာမကုသိုလ် အခြေခံကြောင့် ရလာသောဈာန်ကလည်း ဆက်လက်၍ ဝိက္ခမ္ဘနပဟာန်ဖြင့် ခွာစေသည်။

စက္ခု, သောတ, ဟဒယ -၎င်း ၃ ပါးတို့ကတော့ ဘုရားဖူး တရားနာ ဘာဝနာ အားထုတ် စသည်ဖြင့် ကုသိုလ်, ကြိယာ စသည်ဖြစ်ဖို့ရန် အထောက် အကူ ဖြစ်ကြ၍ ၎င်းတို့ကို မရွံမုန်း။ ထို့ကြောင့် စက္ခု, သောတ, ဟဒယဝတ္ထုများ ဖြစ်ကြသည်။

၆၉။ အရူပလောကေ ပန သဗ္ဗာနိပိ န သဝိဇ္ဇန္တိ။

သဗ္ဗာနိ-အရူပဘုံ၌ ဝတ္ထု ၆ ပါးလုံး မရ။

အပိ ပိ -ဝတ္ထု ၁,ခု ၁,လေတောင် မရ။

အဖွာ=ရူပ ဝိရာဂဘာဝနာ(ရုပ်၌နှစ်သက်ခြင်းကင်းမှုအခြေခံသော ဘာဝနာ) ကြောင့် ရုပ် မှန်သမျှ အရူပဘုံ၌ ၁ ခုမျှ မဖြစ်။
သို့ဖြစ်၍ ရူပ ဝိရာဂ ဘာဝနာကြောင့် ဝတ္ထုရုပ် ၆ ပါး မဖြစ်ဟု ဆိုရိုးပြု)

ရှင်း= မျက်စိနှ, နားပြည့်ယို စသည်ဖြင့် ရုပ်နှင့် ပတ်သက်သည့် ဒုက္ခ စဉ်းစား၊ "မိရုပ်" ဟု အပြစ်မြင်၊ သမထ အားထုတ် အောင်မြင်၊ အရူပစျာန်ရ၊ အရူပဗြဟ္မာ ဖြစ်။
ဤ ရူပဝိရာဂ ဘာဝနာ အခြေခံ ကာမကုသိုလ်က ရုပ်ဖြစ်ကြောင်း အခြေခံ နိဝရဏကို ခွာ။
အရူပစျာန်ကလည်း ဆက်၍ ဝိက္ခမ္ဘနပဟာန်ဖြင့် ကွာစေသည်။
ထို့ကြောင့် အရူပဗြဟ္မာကြီးတွေမှာ ရုပ် မဖြစ်ကြ။

၇၀။ တတ္ထ ပဉ္စဝိညာဏဓာတုယော ယထာက္ကမံ ကေဝလံ ပဉ္စ ပသာဒဝတ္ထူနိ နိဿာယေဝ ပဝတ္တန္တိ။

စက္ခုဝိညာဏဓာတ်=စက္ခုဝတ္ထုကို မှီ၍ သိခြင်း သဘော (ဓာတ်သတ်ပုံ)
သောတဝိညာဏဓာတ်=သောတဝတ္ထုကိုမှီ၍ သိခြင်းသဘော (ဓာတ်သတ်ပုံ)
ဃာနဝိညာဏဓာတ်=ဃာနဝတ္ထုကို မှီ၍ သိခြင်း သဘော (ဓာတ်သတ်ပုံ)
ဇိဝှာဝိညာဏဓာတ်=ဇိဝှာဝတ္ထုကို မှီ၍ သိခြင်းသဘော (ဓာတ်သတ်ပုံ)
ကာယဝိညာဏဓာတ်=ကာယဝတ္ထုကို မှီ၍ သိခြင်းသဘော (ဓာတ်သတ်ပုံ)
အမှာ= ၎င်းဒွေးပဉ္စဝိညာဏ်တို့သည် ပသာဒဝတ္ထု ၅ တို့ကို အသီးအသီးမှီ၏။
ကေဝလံ=တကယ့်ကိုမှီ (မှီကို မှီရမှုဖြစ်) ပသာဒဝတ္ထု ၅ ကို ဆိုလို၏။
နိဿာယေဝ၌-ဧဝ= မမှီရလျှင် မဖြစ်။

၇၁။ ပဉ္စဒွါရာဝဇ္ဇန, သမ္ပဋိစ္ဆနသင်္ခါတာ ပန မနောဓာတု စ ဟဒယံ နိဿိတာယေဝ ပဝတ္တန္တိ။

သင်္ခါတာ=ပဉ္စဒွါရာဝဇ္ဇန်း
သမ္ပဋိစ္ဆိုင်းဟု=၂ နာမည် ခွဲခေါ်သော မနောဓာတ် ၃။
မနောဓာတ်=သိကာမျှ သဘော၊ မနောဝိညာဏဓာတ်၏ အသိကို မမှီ။
နိဿိတာယေဝ၌-ဧဝ=၎င်းမနောဓာတ်သည် မမှီရ မဖြစ်။

၇၂။ အဝသေသာ ပန မနောဝိညာဏဓာတုသင်္ခါတာ စ သန္တိရဏ, မဟာဝိပါက, ပဋိဃဒွယ, ပဌမမဂ္ဂ, ဟသန, ရူပါဝစရဝသေန ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။

အပါဒါန်=ဒွေးပဉ္စဝိညာဏ် ၁၀
မနောဓာတ် ၃=၁၃(အဝသေသာ၏ အပါဒါန်)

အဝသေသအရ=သန္တိရဏ ၃
မဟာဝိပါက် ၈
ဒေါသမူ ၂
သောတာပတ္တိမဂ် ၁
ဟသိတုပ္ပါဒ် ၁
ရူပါဝစရ ၁၅=၃၀(ဟဒယဝတ္ထုကိုအမြဲမှီ)

အမှာ=ယခင် ၁၃ + ယခု ၃၀ = ပေါင်း ၄၃ တို့သည် အရူပဘုံ၌ ဘယ်တော့မှ မဖြစ်လို့ ဝတ္ထုကို အမြဲမှီဟု ဆိုသည်။

မနော=သိခြင်းသဘော။
ဝိညာဏ=သိခြင်းသဘော။
မနောဝိညာဏ=အလွန့် အလွန် သိခြင်း။
ရှင်း=ဒွေးပဉ္စဝိညာဏ်+မနောဓာတ် ၃ တို့ထက် အသိပို (သဒ္ဒါတူ နှစ်ချက်ဆင့်က အတိသယ အနက်ထွက်မြဲ) (နိယံ)

အမှာ= သတ္တဝါများသည် အစစ အရာရာကို ၎င်းမနောဝိညာဏဓာတ် စိတ်များဖြင့် သိကြ၏ ဟူလို။

သင်္ခါတာ= ယင်း ၃၀ တို့ကို မနောဝိညာဏဓာတ် အမည်မှည့်။
သန္တိရဏမဟာဝိပါက်=ဒွါရ မရှိသောကြောင့်လည်းကောင်း၊
ပြုဖွယ်ကိစ္စ မရှိသောကြောင့်လည်းကောင်း၊
ဤ တဒါရုံ ၁၁ အရူပဘုံ၌ မဖြစ် (ထို့ကြောင့်အမြဲမှီ)
ပဋိဃ-ဒေါသ= အမြဲ နိဝရဏ ဖြစ်လို့(ရူပ)(အရူပ)ဘုံတို့၌ မဖြစ်။(ဒေါသမူ)
ကြွင်း-နိဝရဏတရားကိုယ် ၇=နိဝရဏကိစ္စ တပ်သည့်အခါ တပ်သည်။
နိဝရဏကိစ္စ မတပ်သည့်အခါ မတပ်။

မှတ်ချက်=နိဝရဏဖြစ်လျှင် စျာန်မရ။
စျာန် ရပြီးစေကာမူ နိဝရဏ ဖြစ်လာလျှင် ရပြီးစျာန် ပျောက်သည်။ (ဋ္ဋသိသိဂ်)

ပဌမမဂ္ဂ= ပရတောဃောသပစ္စည်း မရလို့ အရူပဘုံ၌ မဖြစ်။

အမှာ= ပရတောဃောသ=ဝိပဿနာ အားထုတ်နည်းကိုဟောမှု အပါအဝင် သူတပါး၏ ဟောသံပြောသံ။

ရှင်း= တိဟိတ် ပုထုဇဉ် ဝိပဿနာအားထုတ် သောတာပတ္တိမဂ်ရမည်။
ဝိပဿနာအားထုတ်ဖို့ နည်းမှန်လမ်းမှန် သိရန် ဘုရားစသည်တို့
ဟောသံ ပြောသံ ကြားဘို့ လိုသည်။
အရူပဘုံ၌ သောတဒွါရ(နား)မရှိ၍ မကြား (၎င်းကိုပင် ပဋတော
ဃောသပစ္စည်း မရ ဟုဆိုသည်)
မကြားတော့ မသိ၊ မသိတော့ အားမထုတ်တတ်၊ အားမထုတ်တတ်
တော့ သောတာပတ္တိမဂ် မရ၊
ထို့ကြောင့် အရူပဘုံ၌ သောတာပတ္တိမဂ် မရဟုဆိုရိုးပြု။

အထက်မဂ်အရူပဘုံ၌ဖြစ်= သောတာပန် ဝိပဿနာအားထုတ်၊ အထက်မဂ် ရ
နိုင်၏၊ ၎င်းသောတာပန်သည် သောတာပတ္တိမဂ် ရစဉ်ကပင်ဝိပဿနာ
အားထုတ်နည်းကို သိပြီးဖြစ်လို့
ဟောသံ ပြောသံကို မကြားသော်လည်း အထက် မဂ်ရရန် အား
ထုတ်တတ်ပြီ။ ထို့ကြောင့်အရူပဘုံ၌အထက်မဂ် ၃ခုနှင့်ဖိုလ်၄ခု ရခွင့်
ရှိသည်။

ဟသနမဖြစ်= ကိုယ် မရှိ၍ အရူပဘုံ၌ ဟသိတုပ္ပါဒ် မဖြစ်လို့ (အမြဲမှိုဟူလို)

ရူပမဖြစ်= ရူပဝိရာဂအခြေခံဘာဝနာကြောင့် အရူပဘုံ၌ ရူပစိတ် မဖြစ်။

ရှင်း= "မိရူပံ"ဟု စဉ်းစားမှု အခြေခံပြီး သမထအားထုတ်၊ ၎င်းသမထကို
ရူပဝိရာဂဘာဝနာခေါ်၊ (ဖလူပစာ)

ရုပ်= ရုပ်သည်၊ ဆက်ဆုတ်ဖွယ်၊ ဤသို့စဉ်းစားမှုသည် သမထအားမထုတ်
မှီကဖြစ်သည်။ ၎င်းနောက်မှ ထုံးစံအတိုင်းသမထဘာဝနာကိုအားထုတ်
သည်။ (မိရူပံကို ဘာဝနာ ထင်တတ်သည်။)

အမှာ=ရူပတဏှာကို အခြေခံသည့် ဘာဝနာကြောင့် ရသော ရူပါဝစရစျာန်
ကို ရူပဝိရာဂ အခြေခံသော ဘာဝနာ ကုသိုလ် ကြောင့် ရသော
အရူပစျာန်က လက်မခံဟူလို။ (ရုပ်ကိုချစ်နှင့်မုန်း) (သတိ)

နိဿယဝဇ္ဇ-ဧဝ=မမှီရ မဖြစ် (မှီစရာ ရှိတဲ့ ဘုံမှာသာ ဖြစ်၏ဟူလို)

၇၃။ **အဝသေသာ ကုသလာ, ကုသလကြိယာ, နုတ္တရဝသေန နိဿယ
ဝါ အနိဿယဝါ။ ။**

အဝသေသာ= လောကီကုသိုလ် ၁၂(မဟာကုသိုလ်၈+အရူပ ကုသိုလ်၄)
အကုသိုလ် ၁၀(ဒေါသမူကြဉ်)
ကြိယာစိတ် ၁၃(ပဉ္စဒွါရာဝဇ္ဇန်း,ဟသိ,အရူပကြိကြဉ်)
လောကုတ္တရာ ၇ = သောတာပတ္တိမဂ်ကြဉ်=၄၂

အလွယ်နည်း=လောဘမူ ၈
မောဟမူ ၂
မနောဒွါရာဝဇ္ဇန်း ၁
မဟာကုသိုလ် ၈
မဟာကြိယာ ၈
အရူပကုသိုလ် ၄
အရူပကြိယာ ၄
လောကုတ္တရာ ၇=သောတာပတ္တိမဂ်ကြဉ်
မှတ်ချက်= စာအတိုင်းခက်၍ စိတ်ပိုင်းအတိုင်း စီစဉ်လိုက်သည်။
အမှာ= မှီတဲ့အခါ မှီ၊ မမှီတဲ့အခါ မမှီကို ပြလို့ အရူပဝိပါက်မပါ။
နိဿာယဝါ= ပဉ္စဝေါကာရဘုံ၌ ဖြစ်တဲ့အခါ မှီ။
အနိဿာယဝါ= အရူပဘုံ၌ ဖြစ်တဲ့အခါ မမှီ (အရူပဘုံ စိတ်ရ ၄၆ပင်)
၇၄။ အာရုပ္ပဝိပါကဝသေန ဟဒယံ အနိဿာယေဝ။ ။
သရုပ်= အရူပဝိပါက်သည်၊ ဘယ်တော့မှမမှီ (အရူပဘုံ၌သာဖြစ်လို့)

ဘုံ, ဝတ္ထု ဓာတ်ခွဲဝေခြင်း

သင်္ဂဟဂါထာ

၇၅။ ဆဝတ္ထုံ နိဿိတာ ကာမေ၊ သတ္တ ရူပေ စတုဗ္ဗိဓာ။
တိဝတ္ထုံ နိဿိတာ,ရူပေ၊ ဓာတွေကာ နိဿိတာ မတာ။

ကာမေ	ဆဝတ္ထု	သတ္တ
ကာမ ၁၁ ဘုံ	ဝတ္ထု ၆ ပါးလုံး	ဝိညာဏဓာတ် ၇(မှီ)
ရူပေ	တိဝတ္ထု	စတုဗ္ဗိဓာ
ရူပ ၁၅ ဘုံ (အသညသတ်ကြဉ်)	(၁)စက္ခုဝတ္ထု (၂)သောတဝတ္ထု (၃)ဟဒယဝတ္ထု	(၁)စက္ခုဝိညာဏဓာတ် (၂)သောတဝိညာဏဓာတ် (၃)မနောဓာတ် (၄)မနောဝိညာဏဓာတ်
အရူပေ	ဝတ္ထုမရှိ	ဧကာ
အရူပ ၄ ဘုံ		မနောဝိညာဏဓာတ်

၇၆။ တေစတ္တာလီသ နိဿာယ၊ ဒွေစတ္တာ လီသ ဇာယရေ။
နိဿာယ စ အနိဿာယ၊ ပါကာရုပ္ပါ အနိဿိတာ။ ။

တေစတ္တာလီသ= နံပါတ်=၇၀ ၇၁ ၇၂=ပေါင်း ၄၃ ။
ဒွေစတ္တာလီသ= နံပါတ်=၇၃ အရ=၄၂ (မှီ=မမှီ)
ပါကာရုပ္ပါ= အရူပဝိပါက်၄=လုံးဝမမှီ (အရူပဘုံ၌သာ ဖြစ်လို့)

စာမေးပွဲ ဖြေသူများအတွက် လေ့ကျင့်ခန်း

မေး။ ပကိဏ်းပိုင်း အစဂါထာ၌ တပုဒ်စီကို ရှင်းပြပါ။

ဖြေ ။ (က) သမ္ပယုတ္တာဖြင့်=ကေပ္ပါဒစသည့် လက္ခဏာ ၄ ပါးနှင့် ညီသော စိတ်,စေတသိက်တို့ကို ပကိဏ်းပိုင်း၌ ဆိုမည်ဟု ပြ။
(ခ) ယထာယောဂံဖြင့်=သမ္ပယောဂနည်း, သင်္ဂဟနည်းအား လျော်စွာ ယှဉ်လျှင် ယှဉ်သလို၊ မယှဉ်လျှင် မယှဉ်သလိုဟု ပြ။
(ဂ) တေပညာသဖြင့်=ပကိဏ်းပိုင်း၌ ၅၃ ကို ဆိုမည်ဟု ပြ။
(ဃ) သဘာဝတောဖြင့်=၅၃ ဆိုတာ သဘောကို ပြောတာဟု ပြ။ (သရုပ် မဟုတ်၊ သရုပ် ဆိုလျှင် စိတ် ၈၉၊ စေတသိက် ၅၂)
(င) စိတ္တစေတသိကာ= သဘော ၅၃ ဆိုတာ စိတ်နှင့် စေတသိက်။
(စ) ယထာရဟံ=ဝေဒနာ ဟိတ် စသည့် ၆ ခန်းအား လျော်ပါစေ။

မေး။ စေတသိက်ပိုင်း ၁၀ ၌ စိတ္တုပ္ပါဒေသု၊ ပကိဏ်းပိုင်း ၂ ၌ စိတ္တုပ္ပါဒဝသေန အထူးဖြေပါ။

ဖြေ ။ စိတ္တုပ္ပါဒေသုအရ=စိတ်သက်သက်(၄င်းနှင့် စေတသိက် ယှဉ်ပုံ ပြလို့) စိတ္တုပ္ပါဒဝသေနအရ=စိတ်,စေတသိက် (ထို့ကြောင့် ဝေဒနာတစ် ၆ ပါးဖြစ်၏ စသည်ဖြင့် ဆရာများ စေတသိက်ကို ခွဲရိုးပြု) (ဝီထိပိုင်း စိတ္တုပ္ပါဒ=စိတ်,စေတသိက်ပင်)

မေး။ စေတသိက်ပိုင်း"ပကိဏ်း"၊ ပကိဏ်းပိုင်း "ပကိဏ်း" ၂မျိုးကို ရှင်းပါ။

ဖြေ ။ စေတသိက်ပိုင်းပကိဏ်း=အသောဘဏစိတ်နှင့် ယှဉ်သော စေတသိက်
သောဘဏစိတ်နှင့် ယှဉ်သော စေတသိက်၊
၄င်း ၂ မျိုး ရောတာကို ပကိဏ်းခေါ်။

ပကိဏ်းပိုင်းပကိဏ်း=စိတ်, စေတသိက်တို့နှင့် ဝေဒနာစသည် ရောတာကို ပကိဏ်းခေါ်။

မေး။ ဝေဒနာ သင်္ဂဟ အဓိပ္ပာယ်ကို ပြောပါ။

ဖြေ။ ဝေဒနာတို့ကို လည်းကောင်း၊
ဝေဒနာနှင့် ယှဉ်သော စိတ် စေတသိက်တို့ကိုလည်းကောင်း ပေါင်း၍ အကျဉ်းချုပ် စုပြသော အခန်း။

မေး။ ဝေဒနာအကြောင်း အသေးစိတ် ရှင်းပြပါ။

ဖြေ။ (က) ဣန္ဒြိယဘေဒနည်းအားဖြင့် ၅ မျိုး ဟောသည်။

၁။ သုခဝေဒနာ=ကာယိကသာတ=ကိုယ်ဖြင့် ဣဋ္ဌဖောဋ္ဌဗ္ဗအာရုံကို အစိုးတရ သာသာယာယာ ခံစား (ဟောနည်း သုခိန္ဒြေ) (ဂုဏ်းနှင့် ရောသော စိတ် ၁)

၂။ သောမနဿဝေဒနာ စေတသိကသာတ=စိတ်ဖြင့် အတိဣဋ္ဌ အာရုံ ၆ ပါးကို အစိုးတရ သာယာ၍ ခံစား၊ (ဟောနည်း သောမနဿိန္ဒြေ) (ဂုဏ်းနှင့် ရောသောစိတ် ၆၂)။

၃။ ဒုက္ခဝေဒနာ=ကာယိကအသာတ=ကိုယ်ဖြင့် အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကို အစိုးတရ မသာမယာ ခံစား(ဟောနည်း ဒုက္ခိန္ဒြေ)(ဂုဏ်းနှင့် ရောသော စိတ် ၁)

၄။ ဒေါမနဿဝေဒနာ=စေတသိကအသာတ= စိတ်ဖြင့် အနိဋ္ဌ အာရုံ ၆ ပါးကို အစိုး တရ မသာ မယာ ခံစား၊ (ဟော နည်း ဒေါမနဿိန္ဒြေ) (ဂုဏ်းနှင့် ရောသော စိတ် ၂)

၅။ ဥပေက္ခာဝေဒနာ= ဣဋ္ဌ မဇ္ဈတ္တာရုံကို အစိုး ပာရ အလယ် အလတ် ခံစား။ (ဟောနည်း ဥပေက္ခိန္ဒြေ) (ဂုဏ်းနှင့်ရောသော စိတ် ၅၅) ပေါင်း ၅ မျိုး။

(ခ) အနုဘဝန နည်းအားဖြင့် တိက မာတိကာ စသည်၌ ၃ မျိုး ဟောသည်။

၁။ သုခဝေဒနာ ကာယိကသာတ သုခဝေဒနာ၊
စေတသိကသာတ သောမနဿဝေဒနာ= ၂ ခု
ပေါင်း ၁ မျိုး။

၂။ ဒုက္ခဝေဒနာ-ကာယိကအသာတ ဒုက္ခဝေဒနာ၊
စေတသိကအသာတ ဒေါမနဿဝေဒနာ= ၂ ခု
ပေါင်း ၁ မျိုး။

၃။ အဒုက္ခမသုခါဝေဒနာ=ဥပေက္ခာ ဝေဒနာ ၁ မျိုး = ၃ မျိုး။

(ဂ) အချို့သုတ္တန်၌ ဝေဒနာ ၂ မျိုး ဟောသည်။

၁။ သုခဝေဒနာ=အနုဘဝနနည်း၌ သုခဝေဒနာ၊
ငြင်းနည်း၌ အပြစ် မရှိသော ဥပေက္ခာ ဝေဒနာ ယာမြမ်း၊
ငြင်း ၁ ခု ခွဲကို သုခ၌ သွင်း၍ ၁ မျိုး။

၂။ ဒုက္ခဝေဒနာ=အနုဘဝန၌ပင် ဒုက္ခဝေဒနာ။
ငြင်းနည်း၌ပင် အပြစ် ရှိသော ဥပေက္ခာ ဝေဒနာ ယာမြမ်း၊
ငြင်း ၁ ခု ခွဲ ကို ဒုက္ခ ၌ သွင်း၍ ၁ မျိုး=ပေါင်း ၂ မျိုး။

(ဃ) အချို့သုတ္တန်၌ သင်္ခါရဒုက္ခချည်းဖြစ်၍ ဒုက္ခဝေဒနာ ၁ မျိုးဟဲ့။

မေး။ ဝေဒနာအပြားပြပါဠိကို စုဏ္ဏိယ—ဂါထာ ၂ မျိုးလုံးကို ညွှန်ပြပါ။

ဖြေ။ စုဏ္ဏိယ-(၃)တွဲ ဝေဒနာ သင်္ဂဟေ တာဝ ဟိဝိတ စသည်။
ဂါထာ=(၉) သုခံ ဒုက္ခ မုပေက္ခာတိ စသည်။

မေး။ ဝေဒနာနှင့် ယှဉ်သော စိတ် ပြပါဠိကို စုဏ္ဏိယ, ဂါထာ=၂မျိုးလုံး ညွှန်ပြပါ။

ဖြေ။ စုဏ္ဏိယ=၄+၅+၆+၇+၈ (ဝေဒနာ ၅မျိုး) (တန်ပါတ် ၈)
ဂါထာ=(၁၀ နံပါတ်) သုခမေကတ္ထ စသည်။

ဟေတုသင်္ဂဟ

မေး။ ဟေတုသင်္ဂဟ အဓိပ္ပါယ်ကို ရှင်းပါ။

ဖြေ။ ဟိတ် ၆ ပါးတို့ကိုလည်းကောင်း၊
ဟိတ်နှင့် ယှဉ်သော စိတ်တို့ကိုလည်းကောင်း ရေ၍ အကျဉ်းချုပ်
စုပြသောအခန်း။

မေး။ ဟေတုအဓိပ္ပါယ် ရှင်းပါ။

ဖြေ။ **သမာနဝါဒ** သမ္ပယုတ် တရားတို့၏ တည်ရာအဖြစ် ပြီးစေတတ်လို့
ဟေတု (မူလ)
အပရေဝါဒ=ကုသိုလ် စသည်တို့၌ အလောဘစသည်သည် ကုသိုလ်
စသည်တို့၏အဖြစ် ပြီးစေတတ်လို့ ဟိတ်ဟဲ့၊ ၎င်းကို (ဋီ)မကြိုက်။

မေး။ ဟိတ်ကို ဇာတ်ဖြင့် ခွဲပြပါ။

ဖြေ။ လောဘ,ဒေါသ,မောဟ ၃ပါး အကုသိုလ်ဟိတ်
အလောဘ, အဒေါသ, အမောဟ ၃ပါး ကုသိုလ်, အဗျာကတဟိတ်၊
(၁၇။လောဘော,ဒေါသော,စ မောဟော စ စသည်)

မေး။ အဟိတ်စိတ်၊ ဧကဟိတ်စိတ်၊ ဒွိဟိတ်စိတ်၊ တိဟိတ်စိတ် တို့ကိုဝေဘန်ပါ။
ဖြေ။ အဟိတ်စိတ် ၁၈=(အဟေတုကာဋ္ဌာရသ) (စိတ်ပိုင်းက အတိုင်း)
ဧကဟိတ်စိတ် ၂=(ဧကဟေတုကာ ဒွေ) (မောဟမူဒွေး)
ဒွိဟိတ်စိတ် ၂၂=(ဒွါဝီသတိ ဒွိဟေတုကာ) (လောဘမူ၊ ဒေါသမူ၊ ဉာဏဝိပ္ပ)
တိဟိတ်စိတ် ၄၇=(သတ္တစတ္တာလီသ တိဟေတုကာ)
(ဉာဏသမ္ပယုတ် ၁၂+ အပ္ပနာ ၃၅) (၁၈နံပါတ်)

ကိစ္စသင်္ဂဟ

မေး။ ကိစ္စသင်္ဂဟ အဓိပ္ပာယ်ကို ဖြေပါ။
ဖြေ။ ကိစ္စ ၁၄ မျိုးနှင့် ၎င်းကိစ္စပြုရာ ဌာန ၁၀ မျိုး တို့ကိုလည်းကောင်း။ ၎င်းကိစ္စဌာနရှိသော စိတ် စေတသိက်တို့ကို လည်းကောင်း အကျဉ်းချုပ်စု ပြသောအခန်း။

မေး။ ကိစ္စအဓိပ္ပာယ်ကို ရှင်းပါ။
ဖြေ။ စိတ်၊ စေတသိက်တို့၏ အလုပ်ကို "ကိစ္စ" ခေါ်သည်။

(က) ပဋိသန္ဓေကိစ္စ ဘဝတခုနှင့် တခု ဆက်ပေးတဲ့ အလုပ်။

(ခ) ဘဝင်ကိစ္စ =ဘဝမပြတ်အောင် လုပ်ပေးတဲ့ အလုပ်။

(ဂ) အာဝဇ္ဇန်းကိစ္စ ၅ဒွါရ၌ ဖြစ်တဲ့ ၅အာရုံကို ဆင်ခြင်တဲ့အလုပ် (ပဉ္စဒွါရာဝဇ္ဇန်းရည်)
မနောဒွါရ၌ဖြစ်တဲ့ ၆အာရုံကို ဆင်ခြင်တဲ့ အလုပ်(မနောဒွါရာဝဇ္ဇန်းရည်)

(ဃ) ဒဿနကိစ္စ = မြင်တဲ့ အလုပ်။
သဝနကိစ္စ = ကြားတဲ့ အလုပ်။
ဃာယနကိစ္စ =နမ်းတဲ့ အလုပ်။
သာယနကိစ္စ =လျက်တဲ့ အလုပ်။
ဖုသနကိစ္စ= ဖေါဋ္ဌဗ္ဗာရုံနှင့် တွေ့ထိတဲ့ အလုပ်။
သမ္ပဋိစ္ဆိုင်းကိစ္စ =အာရုံကို လက်ခံတဲ့ အလုပ်။
သန္တီရဏကိစ္စ =အာရုံကို စုံစမ်းတဲ့ အလုပ်။
ဝေါဋ္ဌဗ္ဗနကိစ္စ =အာရုံကို ဆုံးဖြတ်တဲ့ အလုပ်။

ဇောကိစ္စ=အရှိန်အဟုန် ပြင်းတဲ့ အလုပ်။
တဒါရုံကိစ္စ=ဇော ပြုပြီး အာရုံကို ထပ်ပြီး အာရုံပြုတဲ့အလုပ်။
စုတိကိစ္စ—သေတဲ့အလုပ်။

မေး။ ဌာနဟူသည် အဘယ်နည်း။
ဖြေ။ စိတ်, စေတသိက်တို့ အလုပ် လုပ်တဲ့ နေရာ။
ပဋိသန္ဓေ အလုပ် လုပ်တဲ့နေရာကို ပဋိသန္ဓေဌာန ခေါ် စသည်။
(ပဉ္စဝိညာဏ် အလုပ် လုပ်တဲ့ နေရာသည် တနေရာတည်းသာ ဖြစ်၍ ၎င်းပဉ္စဝိညာဏ်ဌာန(၁)+ ကျန် စိတ်များ၏ ဌာန(၉) ပေါင်း ဌာန ၁၀သာ။ (အသေးစိတ်လျှင် ၂၅ ရှိ၏)

မေး။ ကိစ္စသရုပ် ပြ စုတ္တိယာနှင့် ဂါထာကို ညွှန်းပြပါ။
ဖြေ။ စုတ္တိယာ=၁၉။ ကိစ္စသင်္ဂဟေ ကိစ္စာနိ နာမ ပဋိသန္ဓိ စသည်။
ဂါထာ ၊၃၄။ပဋိသန္ဓာဒယော နာမ စသည်။

မေး။ ဌာနသရုပ်ပြ စုတ္တိယာနှင့် ဂါထာကို ညွှန်းပြပါ။
ဖြေ။ စုတ္တိယာ—ပဋိသန္ဓိ,ဘဝင်္ဂ,ဝဇ္ဇန စသည်။ (၂၀နံပါတ်)
ဂါထာ =၃၄။ဒသဓာ ဌာနဘေဒေန စသည်။(ဒု,ဂါထာဂက်)

မေး။ ၁ကိစ္စ,၂ကိစ္စ,၃ကိစ္စ,၄ကိစ္စ,၅ကိစ္စ စိတ်,စေတသိက်များကို ပြပါ။
ဖြေ။ ၁ကိစ္စ=အဋ္ဌသဋ္ဌိ ၆၈ (သေသာနိပနသဗ္ဗာနိအရ)
၂ကိစ္စ စိတ် ဒွေ=၂ (၃၁။ သောမနဿ၊ ၃၂။ တထာဝေါဋ္ဌဗ္ဗနံ)
၃ကိစ္စ စိတ် နဝ ၉ (၄၁။ ပဟဂ္ဂတဝိပါကာနိ စသည်)
၄ကိစ္စ စိတ် အဋ္ဌ ၈ (၂၉။ မဟာဝိပါကာနိ စသည်)
၅ကိစ္စ စိတ် ဒွေ= ၂ (၂၀။ ဥပေက္ခာ ပန ဒွေ့ဝေဟာ စသည်)

မေး။ သန္တီရဏချင်းတူပါလျက် သောမနဿသန္တီရဏကိုဘာဖြစ်လို့ပဋိသန္ဓေ, ဘဝင်,စုတိ ကိစ္စတွင် မထည့်သနည်း။
ဖြေ။ ကုသိုလ်အားမကောင်းလို့ မထည့်ပါ။ (မှတ်) (၎င်းကို ဖြစ်စေသည့် မှတ်သိ ဩမက ကံအားနည်းလို့ လယ်တီ)

မေး။ အာဝဇ္ဇန်းဒွေးသည် ဘာဖြစ်လို့ ဇောကိစ္စ မတပ်သနည်း။
ဖြေ။ အာရုံ၏အရသာကို အရှိန်ပြင်းစွာ (ဝါ) အားပါး တရ မခံစားနိုင်လို့။
(ဇောကိစ္စ တပ်သော စိတ်များသည် အရှိန်ပြင်းစွာ ခံစားကြသည်)

ဒွါရသင်္ဂဟ

မေး။ ဒွါရသင်္ဂဟ အဓိပ္ပာယ်ကို ဖြေပါ၊

ဖြေ ။ ဒွါရ ၆ပါးတို့ကိုလည်းကောင်း၊
ဒွါရ၆ပါး၌ ဖြစ်သော စိတ်, စေတသိက်တို့ကို လည်းကောင်း အကျဉ်းချုပ် စုပြသော အခန်း။

မေး။ ဒွါရဟူသည် အဘယ်နည်း။

ဖြေ ။ အာဝဇ္ဇန်း စသော နာမ်တရားတို့၏ ဖြစ်ကြောင်းဖြစ်လို့ ဒွါရ။

တနည်း—နာမ်တရားတို့၏ ဝင်ရာ ထွက်ရာ ဖြစ်၍ တံခါးနှင့် တူလို့ ဒွါရ။

မေး။ ၆ဒွါရ၌ဖြစ်သော စိတ်များကို အသီးသီး ဖြေပါ။

ဖြေ ။ စက္ခုဒွါရ၌— ပဉ္စဒွါရာဝဇ္ဇန်း+ စက္ခုဝိညာဏ် ၂+ သမ္ပဋိစ္ဆိုင်း ၂+ သန္တီရဏ ၃ +ဝုဋ္ဌော+ကာမဇော ၂၉ + တဒါရုံ ၈ (သန္တီရဏ ယူပြီး)ပေါင်း၄၆ ပါး။
သောတဒွါရ စသည်၌ သောတဝိညာဏ် စသည် ပြောင်းရုံသာ ထူး၏။
မနောဒွါရ၌— မနောဒွါရာဝဇ္ဇန်း+ဇော ၅၅+တဒါရုံ ၁၁—၆၇။

မေး။ ဒွါရဝိမုတ် စိတ်များကို အကြောင်းနှင့် တကွဖြေပါ။

ဖြေ ။ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စ တပ်သော စိတ် ၁၉ သည် ၎င်းကိစ္စ တပ်ခိုက် မည်သည့် ဒွါရမှာမှ မဖြစ်လို့ ဒွါရဝိမုတ်။

မေး။ ဥပေက္ခာသန္တီရဏ မဟာဝိပါက်တို့သည် ၆ဒွါရ၌ ဖြစ်ပုံကို ဖြေပါ။

ဖြေ ။ သန္တီရဏသည် သန္တီရဏကိစ္စ တပ်ခိုက် ပဉ္စဒွါရမှာ ဖြစ်။
ဥပေက္ခာသန္တီရဏ+မဟာဝိပါက်တို့ကို တဒါရုံကိစ္စ တပ်ခိုက် ၆ဒွါရမှာ ဖြစ်လို့ (ဆဒွါရိကခေါ်) (၆ဒွါရ၌ ဖြစ်၏ဟူ)
၎င်း၁၀ခုလုံး ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက် ၆ဒွါရမှာ မဖြစ်လို့ ဒွါရ ဝိမုတ်လည်းခေါ် (၆ဒွါရမှ လွတ်သောစိတ်ဟူ၏)

မေး။ ဒွါရ ၆ပါး တရားကိုယ်ကို ကောက်ပြပါ။

ဖြေ။ စက္ခုပသာဒကို စက္ခုဒွါရ (လ) ကာယပသာဒကို ကာယဒွါရ။
မနောဒွါရာဝဇ္ဇန်း ရှေ့ ဘဝင်ပစ္ဆေဒကို မနောဒွါရ ခေါ် (ဝီထိစိတ် ဖြစ်ကြောင်းဖြစ်လို့)

မေး။ ပကိဏ်းပိုင်း ကာယဒွါရနှင့် ဝီထိမုတ်ပိုင်း ကာယဒွါရ တူ မတူ။

ဖြေ ။ မတူ=ပကိဏ်းပိုင်း ကာယဒွါရ= ကာယပသာဒကို ယူ (ဝီထိစိတ် ဖြစ်ကြောင်းဖြစ်လို့)

ဝိထိမုတ်ပိုင်း ကာယဒွါရ=ကာယဝိညတ်ကို ယူ (ကုသိုလ်,အကုသိုလ်ကံ ဖြစ်ကြောင်းဖြစ်လို့)

မေး။ ပကိဏ်းပိုင်း မနောဒွါရနှင့် ဝိထိမုတ်ပိုင်း မနောဒွါရ တူမတူ။

ဖြေ။ မတူ=ပကိဏ်းပိုင်း မနောဒွါရ=ဘဝင်္ဂုပစ္ဆေဒကို ယူ။
ဝိထိမုတ်ပိုင်း မနောဒွါရ=လောကီကုသိုလ်, အကုသိုလ်တို့ကို ယူ။

မေး။ (က) ၃၀။ တတ္ထ ပဉ္စဒွါရေ၌ တဒါရမ္မဏဝသေန
(ခ) ၄၀။ မနောဒွါရေ ပန၌ တဒါရမ္မဏဝသေန=ဝင်း၂ခုတူမတူ။

ဖြေ။ သဘောအားဖြင့် တူ၏၊ တဒါရုံ တပ်ခိုက် ဒွါရမှာ ဖြစ်ကြသည်ချည်း။
သရုပ်အားဖြင့် မတူ(က) မဟာဝိပါက်ကိုသာယူ (သန္တီရဏ မယူဖူး)
သဘောအားဖြင့်တူ(ခ) ၁၁ လုံး ယူ ဤကို မေးပါ။

သတိ။ ပဉ္စဒွါရ၌ "သန္တီရဏ" နာမည်၊
မနောဒွါရ၌ "တဒါရုံ" နာမည်အသုံးပြုသည် (ဝိထိကိုပြရာ၌ကိစ္စဖြင့် အမည် တပ်လို့)

မေး။ မဟဂ္ဂုတ်,လောကုတ္တရာ ဘာဖြစ်လို့ ပဉ္စဒွါရ၌ မဖြစ်သနည်း။

ဖြေ။ မမှာရုံကို အာရုံပြုကြလို့ ပဉ္စဒွါရ၌ မဖြစ်ကြ။ (ပညတ်၊နိဗ္ဗာန်)

မေး။ ပဉ္စဒွါရ၌ မဖြစ်သော စိတ်နှင့် မနောဒွါရ၌ မဖြစ်သော စိတ်ကို ဖြေပါ။

ဖြေ။ ပဉ္စဒွါရ၌ မဖြစ်သောစိတ် အပ္ပနာဇောဆယ့်ပြ္ပသ။
မနောဒွါရ၌ မဖြစ်သောစိတ် ဒွေးပဉ္စဝိညာဏ် ၁၀+မနောဓာတ် ၃ (ဝိထိစိတ်ကိုရည်)

မေး။ စေတသိက်ကို ဒွါရဖြင့် ဝေဘန်ပါ။

ဖြေ။ ဝိရတီ+အပ္ပမညာ စေတသိက်များ မနောဒွါရ၌သာ ဖြစ်။
ကျန် ၄၇ ဒွါရ ၆ ပါး၌ သင့်တော်သလို ဖြစ်။

အာရမ္မဏ သင်္ဂဟ

မေး။ အာရမ္မဏသင်္ဂဟ ဟူသည် အဘယ်နည်း။

ဖြေ။ အာရုံ ၆ ပါး တို့ကိုလည်းကောင်း၊
၎င်း ၆ ပါးတို့ကို အာရုံပြုသော စိတ်, စေတသိက်တို့ ကို လည်းကောင်း အကျဉ်းချုပ် စုပြသော အခန်း။

မေး။ အာရမ္မဏ, အာလမ္ဗဏ တို့ကို ရှင်းပြပါ။

ဖြေ။ စိတ်, စေတသိက်တို့၏ မွေ့လျော်ရာ ဖြစ်လို့ "အာရမ္မဏ" အာရုံ။
စိတ်, စေတသိက်တို့သည် စွဲကိုင်အပ်လို့ "အာလမ္ဗဏ" အာရုံပင်။

ပေး။ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့ကို ရှင်းပါ။

ဖြေ။ ရူပ=အဆင်း=နှလုံးအိမ်၌ ဖြစ်တဲ့ စိတ်, စေတသိက်တို့ကို ပြကတ်တဲ့ ရူပါရုံ။
သဒ္ဒ=အသံ=ရွတ်ဆိုအပ်တဲ့ သဒ္ဒါရုံ။
ဂန္ဓာရုံ=အနံ့=မိမိ၏ တည်ရာ ပစ္စည်းဝတ္ထုကို ပြတတ်တဲ့ ဂန္ဓာရုံ။
ရသ=အရသာ=သာယာအပ်တဲ့ (ဝါ) လျက်အပ်တဲ့ ရသာရုံ။
ဖောဋ္ဌဗ္ဗ=ထိစရာ=တွေ့ထိအပ်တဲ့ ဖောဋ္ဌဗ္ဗာရုံ။

ပေး။ ဖောဋ္ဌဗ္ဗ၏ တရားကိုယ်နှင့် အာပေါဓာတ် ကြဉ်ကြောင်းဖြေပါ။
ဖြေ။ ပထဝီ+တေဇော+ဝါယောသည် ဖောဋ္ဌဗ္ဗာရုံ မည်၏။
သိမ်မွေ့၍ ထိမရကောင်းလို့ အာပေါကို ကြဉ်သည်။

ပေး။ ဓမ္မာရုံ၌ ဓမ္မအရ တရားအားလုံး ကောက်ရမည်လော။
ဖြေ။ ရူပ အစ ဖောဋ္ဌဗ္ဗ အဆုံး တို့ကို ကောက်ပြီး ဖြစ်၍ ပသာဒရုပ်+သုခုမရုပ်+စိတ်+စေတသိက်+နိဗ္ဗာန်+ပညတ်ကိုသာ ကောက်။
ပေး။ ပဉ္စဒွါရိက စိတ်တို့၏ အာရုံ အသီးသီးကို ဖြေပါ။
ဖြေ။ စက္ခုဒွါရိက စိတ်သည် ပစ္စုပ္ပန် ရူပါရုံ (ကာယဒွါရိက အထိ သိသာပြီ)
ပေး။ မနောဒွါရိက စိတ်၏ အာရုံကို ပြပါ။
ဖြေ။ ကာလ ၃ ပါး, ကာလဝိမုတ်ဖြစ်သော အာရုံ ၆ ပါးကို အာရုံပြုသည်။
ပေး။ မနောဒွါရိက စိတ်ကို ကာလ ၃ ပါး, ကာလဝိမုတ် အာရုံ ၆ ပါးဖြင့် ခွဲပြပါ။

ဖြေ။ (က) ဟသိတုပ္ပါဒ် ၁
တဒါရုံ ၁၁ = ၁၂ တို့သည် အာရုံ ၆ ပါး၊
၎င်းတို့ကာလ ၃။

(ခ) ကြွင်း ကာမဇော ၂၈
အဘိညာဏ် ၂ = ၃၀ တို့သည် အာရုံ ၆ ပါး၊
၎င်းသည် ၃ ကာလနှင့် ကာလဝိမုတ် (နိဗ္ဗာန်, ပညတ်) အာရုံ ပြုနိုင်ကြ)

(ဂ) ရူပါဝစရ ကု,ကြိ ဇော ၁၀
အာကာ ကု,ကြိ ဇော ၂
အာကိဉ် ကု,ကြိ ဇော ၂=၁၄ တို့သည် ပညတ် ဓမ္မာရုံ
ကာလဝိမုတ်။

(ဃ) ဝိညာ ကု, ကြိ ဇော ၂
နေဝ ကု, ကြိ ဇော ၂= ၄ တို့သည် မဟဂ္ဂုတ် ဓမ္မာရုံ
အတိတ် (ရပြီးမို့)

(င) လောကုတ္တရာ ၈ သည် နိဗ္ဗာန် ဓမ္မာရုံ ကာလဝိမုတ်။

မေး။ ပဉ္စာရုံ ၂ မျိုး အထူးကို ဖြေပါ။
ဖြေ။ ပဉ္စဒွါရိကစိတ်၏ အာရုံ ဖြစ်တဲ့ ပဉ္စာရုံသည် ပသာဒနှင့် ထိခိုက်၏။ မနောဒွါရိကစိတ်၏ အာရုံဖြစ်တဲ့ ပဉ္စာရုံသည် ပသာဒနှင့် မထိခိုက်၊ (ဒူရ ပစ္စုပ္ပန် ဖြစ်လို့)
မေး။ ဒွါရသင်္ဂဟ၌ ဆဒွါရိကစိတ်နှင့် အာရမ္မဏသင်္ဂဟ၌ ဆဒွါရိကစိတ် တူ မတူ။
ဖြေ။ တူ၏ (အာရမ္မဏသင်္ဂဟ၌ အသုံးပြုရန် ဒွါရသင်္ဂဟ၌သာ ပြဆိုသည်။
မေး။ ၃၄ နှစ်ပါတ် ဒွါရဝိမုတ္တာနုပုဗ္ဗပါဠိ၌ သင်္ခါတာနံ, ယထာသမ္ဘဝံ, ယေဘုယျေန, သဗ္ဗထာပိ ဆဒွါရဂ္ဂဟိတံ, ပစ္စုပ္ပန္နမတီတံ, ပဏ္ဏတ္တိဘူတံ, သမ္မတံ တို့ကို ရှင်းပါ။
ဖြေ။ သင်္ခါတာနံဖြင့်=ဝိထိမုတ်စိတ်ကို ပဋိသန္ဓေ,ဘဝင်,စုတိ အမည်ပေး။
ယထာသမ္ဘဝံ=အမျိုးအစားအလိုက် အာရုံပြု။

ဥပမာ=ရူပ ပဋိသန္ဓေသည် ပညတ် ကမ္မနိမိတ် ဓမ္မာရုံ။
ဝိညာ, နေဝပဋိသန္ဓေသည် မဟဂ္ဂုတ် ကမ္မနိမိတ် ဓမ္မာရုံ စသည်။
ယေဘုယျေန=အသညသတ်လို ကံ,ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံ မပြုတာ အနည်းငယ် ရှိကြောင်း ပြ (ရုပ်ပဋိသန္ဓေဖြစ်လို့)
ဆဒွါရဂ္ဂဟိတံ=ပဋိသန္ဓေ စသည်သည် ဘဝဟောင်း ဆဒွါရိကမရဏာသန္နဇော ယူပေးတဲ့ အာရုံကို အာရုံပြုကြောင်းပြ။
ပစ္စုပ္ပန္နမတီတံ=ပဋိသန္ဓေ စသည်သည် ပစ္စုပ္ပန်, အတိတ်ကိုသာ အာရုံ ပြု (အနာဂတ်ကို မပြု၊ ခံစားဘူး, ခံစားဆဲ မဟုတ်လို့)
ပဏ္ဏတ္တိဘူတံ=ရူပနှင့် အာကာ,အာကိဉ် ဖြစ်အံ့၊ ပညတ် အာရုံဟု ပြ။

သမ္ပတံ=ပဋိသန္ဓေ စသည်တို့၏ အာရုံကို ရုပါရုံ စသည်ပင် ဖြစ်သော်လည်း ကံ,ကမ္မနိမိတ်, ဂတိနိမိတ် အမည်တပ်ဟု ပြ။

ပေး။ စိတ် စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ်ကို အာရုံ ၄မျိုး ခွဲပြပါ။

ဖြေ။ ၁။ ကာမစိတ် ၅၄
စေတသိက် ၅၂
ရုပ် ၂၈ ၎င်း၃မျိုးကို ကာမ အာရုံခေါ်။

၂။ မဟဂ္ဂုတ်စိတ် ၂၇
စေတသိက် ၃၅ ၎င်း၂မျိုကို မဟဂ္ဂုတ်အာရုံခေါ်။

၃။ လောကုတ္တရာစိတ် ၈
စေတသိက် ၃၆
နိဗ္ဗာန် ၁၎င်း၃မျိုးကိုလောကုတ္တရာအာရုံခေါ်။

၄။ ပညတ်အာရုံ=ပကဏ်ဏကဂိုဏ်း စသည် အပါအဝင် ပညတ်များ။

ပေး။ အာရုံ၄မျိုးနှင့် စိတ်တို့ကို ဝေဘန်ပြပါ။

ဖြေ။ (က) ကာမဝိပါက် ၂၃
ပဉ္စဒွါရာဝဇ္ဇန်း ၁
ဟသိတုပ္ပါဒ် ၁ =၂၅၊ ကာမအာရုံကို အာရုံပြု။

ရှင်း ဒွေးပဉ္စဝိညာဏ်၁၀+မနောဓာတ် ၃ ပဉ္စာရုံ အာရုံပြု (၎င်းအာရုံလဲက) ကာဒါရုံနှင့် ဟသိတုပ္ပါဒ် ကာမအာရုံ အကုန် အာရုံပြု။

(ခ) အကုသိုလ် ၁၂
ဉာဏဝိပ္ပယုတ် ကုသိုလ် ၄
ဉာဏဝိပ္ပယုတ် ကြိယာ ၄=၂၀၊ ကာမ, မဟဂ္ဂုတ်, ပညတ်ကို အာရုံပြု။

သတိပြု=ကာမကုသိုလ် စေတသိုလ် ဝိပါက်များကို မယူရ။
၎င်း ၂၀ သည် ရုပ်တွေး၏။
လောကုတ္တရာသည် ရှင်း၏။ ထို့ကြောင့် လောကုတ်ကို အာရုံမပြု။

(ဂ) မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
ပဉ္စမဈာန် ကုသိုလ် အဘိညာဏ် ၁=၅၊ ကာမ,မဟဂ္ဂုတ်, လောကုတ်အချို့ ပညတ်ကို အာရုံပြု။

အမှာ=မရဘူးလို့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို အာရုံမပြု (ပုထုဇဉ်၊ သေက္ခမှာသာ ဖြစ်ကြလို့)

(ဃ) မဟာကြိယာ ဉာဏသမ္ပယုတ် ၄
ပဉ္စမဈာန် ကြိယာ အဘိညာဉ် ၁
မနောဒွါရာဝဇ္ဇန်း ၁-၆ အကုန်အာရုံပြု။

အမှာ=ကြိယာ ဉာဏသမ္ပယုတ်သည် သဗ္ဗညုတဉာဏ် ဖြစ်ခိုက် အကုန်အာရုံပြု။
မနောဒွါရာဝဇ္ဇန်း သဗ္ဗညုတဉာဏ်၏ ရှေ့မှာ ဖြစ်ခိုက် အကုန်အာရုံပြု။

(င) ဝိညာကုသိုလ်သည် ဤဘဝ ရဘူး အာကာ ကုသိုလ်၊ ရှေးဘဝ ရဘူး အာကာကုသိုလ်တို့ကို အာရုံပြု။
(စ) ဝိညာ ဝိပါက်သည် ရှေးဘဝ ရဘူး အာကာ ကုသိုလ်ကို အာရုံပြု။
(ဆ) ဝိညာ ကြိယာသည် ဤဘဝ ရှေးဘဝ ရဘူး ကုသိုလ်၊ ဤဘဝရဘူး ကြိယာတို့ကို အာရုံပြု။
(ဇ) နေဝ ကုသိုလ်သည် ဤဘဝ ရဘူး အာကိ ကုသိုလ်၊ ရှေးဘဝ ရဘူး အာကိဉ် ကုသိုလ်တို့ကို အာရုံပြု။
(ဈ) နေဝ ဝိပါက်သည် ရှေးဘဝ ရဘူး အာကိဉ် ကုသိုလ် အာရုံပြု။
(ည) နေဝ ကြိယာသည် ဤဘဝ ရှေးဘဝ ရဘူး ကုသိုလ်၊ ဤဘဝ ရဘူး ကြိယာတို့ကို အာရုံပြု။
(ဋ) ရူပပထမဈာန် ၃=ပညတ် ၂၅ ကို အာရုံပြု။
ရူပ-ဒု၊တ၊ စတုတ္ထဈာန်များသည် ပညတ် ၁၄ ကို အာရုံပြု။
ရူပ ပဉ္စမဈာန်သည် ပညတ် ၁၂ အာရုံပြု (အဘိညာဉ်ကြဉ်)
(ဌ) အာကာ ဈာန် ကသိဏုဂ္ဃာဋိမာကာသကို အာရုံပြု။
အာကိဉ် ဈာန် နတ္ထိဘာဝပညတ်ကို အာရုံပြု။
(ဍ) လောကုတ္တရာ ဈာန်သည် နိဗ္ဗာန်ကို အာရုံပြု။

ဝတ္ထုသင်္ဂဟ

မေး။ အဘယ်ကို ဝတ္ထုသင်္ဂဟ ခေါ်သနည်း။
ဖြေ။ ဝတ္ထု ဖိပါးတို့ကိုလည်းကောင်း၊

ဝတ္ထု ၆ပါးကို မှီသော စိတ်, စေတသိက်တို့ကိုလည်းကောင်း အကျဉ်းချုပ် စုပြသော အခန်း။

မေး။ ဝတ္ထုဟူသည် အဘယ်နည်း။

ဖြေ။ စိတ်, စေတသိက်တို့၏ မှီရာ။

မေး။ ဘုံနှင့်ဝတ္ထုရုပ်ကို ဝေဘန်ပြပါ။

ဖြေ။ (က) ကာမဘုံ၌ ဝတ္ထု ၆ပါးဖြစ် (ကာမဘုံသားများ၌ ပြည့်ပြည့်စုံစုံ ရသင့်လို့)
စက္ခု, သောတ, ဃာန, ဇိဝှါ ကောင်း (အကန်း, အပင်း, နှာကျိုး, ရှိကောင်းပူ၏၊)

(ခ) ရူပဘုံ၌ ဃာန, ဇိဝှာ, ကာယဝတ္ထုမရှိ (ဂုဏ်ယုတ်၌ တပ်ခြင်းကင်းမှု အခြေခံသော ဘာဝနာဖြင့် ယပ်ခြင်း မရှိလို့)
ကျန် စက္ခု, သောတ, ဟဒယဝတ္ထု ရှိ (တပ်ခြင်းမကင်းလို့)

(ဂ) အရူပဘုံ၌ ဝတ္ထု ၆ပါးလုံးမရှိ (တပ်ခြင်း ကင်းမှု အခြေခံ ဘာဝနာကြောင့်ပင်)

မေး။ သမ္ပဋိစ္ဆိန်ပိ ၂လုံး၌ အပိသဒ္ဒါ ၂ခု အယူး ပြောပါ။

ဖြေ။ ကာမလောကေ သမ္ပဋိစ္ဆိန်ပိ၌ အပိ- ဝတ္ထု ၃,၄,၅ သာ ရသည့်ဖြစ်ကြောင်း။
အရူပလောကေ သမ္ပဋိစ္ဆိန်ပိ၌ အပိ ဝတ္ထု တစ်ခုတလေလောင်မရှိပေ။

မေး။ မနောဓာတ်, မနောဝိညာဏဓာတ် အယူး ပြောပါ။

ဖြေ။ မနောဓာတ် -- သိကာမျှသာ။
မနောဝိညာဏဓာတ် အလွန်သိ (မနော ဝိညာဏ အသိ ၂ခုပေါင်းလို့)

မေး။ အမြဲ မှီသော စိတ်များကို ပြောပါ။

ဖြေ။ ဒွေး ပဉ္စဝိညာဏ် ၁၀ (ပဉ္စဝတ္ထု အသီးသီးမှီ) (အရူပဘုံ မဖြစ်လို့)
မနောဓာတ် ၃၊ (ဟဒယဝတ္ထုအမြဲမှီ) (အရူပဘုံမဖြစ်လို့ အမြဲမှီ)
သန္တီရဏ ၃ ဒွါရမရှိသောကြောင့်လည်းကောင်း၊
ပြုဘွယ်ကိစ္စ မရှိသောကြောင့် လည်းကောင်း အရူပဘုံ မဖြစ်လို့ အမြဲမှီ)
မဟာဝိပါက် ၈ (ယခင် ၂မျိုးအတိုင်းပင်၊အမြဲမှီ)
ဒေါသမူ ၂(အမြဲ နီဝရဏဖြစ်၍ ရုပ, အရူပဘုံ မဖြစ်လို့ အမြဲမှီ)
သောတာပတ္တိမဂ် ၁ (ပရတော ဃောသ ပစ္စည်း မရှိတဲ့ အရူပဘုံ မဖြစ်လို့ အမြဲမှီ)

ဟသိတုပ္ပါဒ် ၁ (ကိုယ် မရှိသော အရူပဘုံ၌ မဖြစ်လို့ အမြဲမှိ။)
ရူပါဝစရ ၁၅ (ရူပဝိရာဂ ဘာဝနာ အခြေခံကြောင့် အရူပဘုံ၌ မဖြစ်လို့ အမြဲမှိ)

မေး။ မှိရလဲ ဖြစ်၊ မမှိရလဲ ဖြစ်သော စိတ်များကို ပြပါ။

ဖြေ။ လောဘမူ ၈
မောဟမူ ၂
မနောဒွါရာဝဇ္ဇန်း ၁
မဟာကုသိုလ် ၈
မဟာကြိယာ ၈
အရူပကုသိုလ် ၄
အရူပကြိယာ ၄
လောကုတ္တရာ ၇ =(သောတာပတ္တိမဂ်ကြဉ်) = ၄၂
(အရူပဘုံ ဖြစ်နိုင်သော စိတ်လည်း ၄၂ ပင်)

မေး။ ဘုံ၊ ဝတ္ထု၊ ဓာတ် ၃ မျိုး ပေါင်းပြပါ။

ကာမဘုံ	ဝတ္ထု ၆ ပါး	ဝိညာဏဓာတ် ၇ ပါး
ရူပ ၁၅ ဘုံ အသညသတ်ကြဉ်	စက္ခုဝတ္ထု သောတဝတ္ထု ဟဒယဝတ္ထု	စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ်
အရူပ ၄ ဘုံ	မရှိ	မနောဝိညာဏဓာတ်

စိတ်ကို ဝေဒနာဒိဆက္ကဖြင့် ပေါင်းနည်း

၁။ **ဒေါသမူဒွေး**=ဒေါမနဿဝေဒနာ၊ ဒွိဟိတ်၊ ဇောကိစ္စ၊ ဆဒွါရ၊ ကာမ,မဟဂ္ဂုတ်,ပညတ်အာရုံ၊ ဟဒယဝတ္ထု (ကေန်)

၂။ **ဝိစိကိစ္ဆာသဟဂုတ်**=ဥပေက္ခာဝေဒနာ၊ ဧကဟိတ်၊ ဇောကိစ္စ၊ ဆဒွါရ၊ ကာမ + မဟဂ္ဂုတ် + ပညတ်အာရုံ၊ ဟဒယဝတ္ထု (အနေကန်)

၃။ ဥဒ္ဓစ္စသဟဂုတ်စိတ်=ဥပေက္ခာဝေဒနာ၊ ဧကဟိတ်စိတ်၊ ဇောကိစ္စ ဆဒွါရ၊ ကာမ,မဟဂ္ဂုတ်,ပညတ်အာရုံ၊ ဟဒယဝတ္ထု(အနေကန်)

၄။ မောဟမူဒွေး= ဥပေက္ခာ ဝေဒနာ၊ ဧကဟိတ်စိတ်၊ ဇောကိစ္စ၊ ဆဒွါရ၊ကာမ,မဟဂ္ဂုတ်,ပညတ်အာရုံ၊ဟဒယဝတ္ထု(အနေကန်)

၅။ စက္ခုဝိညာဏ်ဒွေး=ဥပေက္ခာ ဝေဒနာ၊ အဟိတ်၊ ဒဿနကိစ္စ၊ စက္ခုဒွါရ၊ ပစ္စုပ္ပန် ရူပါရုံ၊ စက္ခုဝတ္ထု (ကျန် ဝိညာဏ်ဒွေးများ နည်းမှီးပါ)

ကာယဝိညာဏ်ဒွေး=သုခ+ဒုက္ခဝေဒနာ၊ အဟိတ်၊ ဖုသနကိစ္စ၊ ကာယဒွါရ၊ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ၊ ကာယဝတ္ထု။

၇။ သမ္ပဋိစ္ဆိုင်းဒွေး=ဥပေက္ခာဝေဒနာ၊ အဟိတ်၊ သမ္ပဋိစ္ဆိုင်းကိစ္စ၊ ပဉ္စဒွါရ၊ ပဉ္စာရုံ၊ ဟဒယဝတ္ထု (ဧကန်)

၈။ ဥပေက္ခာသန္တီရဏ ၂=ဥပေက္ခာဝေဒနာ၊ အဟိတ်၊ ၅ကိစ္စ၊ ရံခါ ၆ ဒွါရ, ရံခါဒွါရဝိမုတ်၊ ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စတပ်ခိုက်=ကံ,ကမ္မနိမိတ်, ဂတိနိမိတ်အာရုံ၊ သန္တီရဏ, တဒါရုံကိစ္စတပ်ခိုက် ကာမဧကန်၊ ဟဒယဝတ္ထု (ဧကန်)

၉။ သောမနဿသန္တီရဏ=သောမနဿဝေဒနာ၊ အဟိတ်၊သန္တီရဏ, တဒါရုံကိစ္စ၊ ဆဒွါရ၊ ကာမအာရုံဧကန်၊ ဟဒယဝတ္ထု (ဧကန်)၊

၁၀။ ပဉ္စဒွါရာဝဇ္ဇန်း=ဥပေက္ခာ၊ အဟိတ်၊ အာဝဇ္ဇန်းကိစ္စ၊ ၅ဒွါရ၊ ပဉ္စာရုံ၊ ဟဒယဝတ္ထု(ဧကန်)

၁၁။ မနောဒွါရာဝဇ္ဇန်း=ဥပေက္ခာ၊ အဟိတ်၊ ဝုဋ္ဌော, အာဝဇ္ဇန်းကိစ္စ၊ ဆဒွါရ၊ သဗ္ဗာရမ္မဏ၊ ဟဒယဝတ္ထု (အနေကန်)

၁၂။ ဟသိတုပ္ပါဒ်စိတ်= သောမနဿ၊ အဟိတ်၊ ဇောကိစ္စ၊ ဆဒွါရ၊ ကာမအာရုံဧကန်၊ ဟဒယဝတ္ထု(ဧကန်)

၁၃။ မဟာဝိပါက်စိတ် ၈ ခု= သောမနဿ+ဥပေက္ခာ၊ အလောဘ, အဒေါသ, အမောဟဟိတ်၊ ၄ ကိစ္စ၊ ရံခါ ၆ ဒွါရ, ရံခါဒွါရဝိမုတ်၊ ပဋိသန္ဓေ, ဘဝင်,စုတိကိစ္စတပ်ခိုက်= ကံ, ကမ္မနိမိတ် ဂတိနိမိတ်အာရုံ၊ တဒါရုံကိစ္စ တပ်ခိုက် ကာမ ဧကန်၊ ဟဒယဝတ္ထု(ဧကန်)

၁၄။ ရူပါဝစရကုသိုလ် ပဥ္စမဈာန် = သောမနဿ၊ တိဟိတ်၊ ဇော ကိစ္စ၊ မနောဒွါရ၊ ပညတ်အာရုံ၊ ဟဒယဝတ္ထု (ကေန်)

၁၅။ ရူပဝိပါက် ၅ ခု = သောမနဿ + ဥပေက္ခာ၊ တိဟိတ်၊ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ၊ ဒွါရဝိမုတ်၊ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံ၊ ဟဒယဝတ္ထု (ကေန်)

၁၆။ အရူပဝိပါက် ၄ ခု = ဥပေက္ခာ၊ တိဟိတ်၊ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ၊ ဒွါရဝိမုတ်၊ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံ၊ ဝတ္ထု အနိဿိတ။

၁၇။ သောတာပတ္တိမဂ်စိတ် = သောမနဿ + ဥပေက္ခာ၊ တိဟိတ်၊ ဇောကိစ္စ၊ မနောဒွါရ၊ နိဗ္ဗာန်အာရုံ၊ ဟဒယဝတ္ထု (ကေန်)

၁၈။ သောတာပတ္တိဖိုလ်စိတ် = သောမနဿ + ဥပေက္ခာ၊ တိဟိတ်၊ ဇောကိစ္စ၊ မနောဒွါရ၊ နိဗ္ဗာန်အာရုံ၊ ဟဒယဝတ္ထု (အနေကန်)

ပကိဏ်းပိုင်းပြီးပြီ။

ဝီထိပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

၁။ စိတ္တုပ္ပါဒါန မိစ္စေဝံ၊ ကတွာ သင်္ဂဟမုတ္တရံ။
ဘူမိပုဂ္ဂလဘေဒေန၊ ပုဗ္ဗာပရနိယာမိတံ။ ။

ပဝတ္တိသင်္ဂဟံ နာမ၊ ပဋိသန္ဓိပ္ပဝတ္တိယံ။
ပဝက္ခာမိ သမာသေန၊ ယထာသမ္ဘဝတော ကထံ။ ။

စိတ္တုပ္ပါဒါနံ=စိတ်စေတသိက် တို့၏ (ပကိဏ်းပိုင်း စိတ္တုပ္ပါဒဝသေန= ၎င်း ၂မျိုးပင်) (စေတသိက်ပိုင်း စိတ္တုပ္ပါဒေသု စိတ်တမျိုး)

သင်္ဂဟံ=ပကိဏ်းပိုင်း။

ဥတ္တရံ=မြတ်။ စိတ်, စေတသိက်တို့ကို ရောလျက် ဝေဒနာ စသော အခဏ်း ၆ခဏ်းတို့ဖြင့် အသေးစိတ် ဝေဘန်ပြလို့ မြတ် (ကောင်းဟူလို)

ဘူမိ ဘေဒေန=ဆိုလတ္တံ့သော ဘူမိဝိဘာဂအခဏ်းကိုရည်ညွှန်း (၎င်းအခဏ်း၌ ဘုံဖြင့် စိတ်,စေတသိက်တို့ကို ခွဲဝေပြသည်)

ပုဂ္ဂလ ဘေဒေန=ဆိုလတ္တံ့သော ပုဂ္ဂလဘေဒအခဏ်းကိုရည်ညွှန်း (၎င်းအခဏ်း၌ ပုဂ္ဂိုလ်ဖြင့် စိတ်စေတသိက် တို့ကို ခွဲဝေပြသည်)

ပုဗ္ဗာပရ နိယာမိတံ=ရှေ့စိတ်,နောက်စိတ်တို့ဖြင့် မှတ်ပြသော။

ရှင်း= ဆိုလတ္တံ့ ပဉ္စဒွါရဝီထိမှ ဇဝနနိယမ အခဏ်းအထိ ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်ပြီးနောက် စက္ခုဝိညာဏ် ဖြစ်သည်။ ၎င်းနောက် သမ္ပဋိစ္ဆိုင်းဖြစ် စသည်ဖြင့် ရှေ့စိတ်နှင့် နောက်စိတ်ကို သတ်မှတ် ပြမည်ဟူလို။ ။

တနည်း စက္ခုဝိညာဏ်သည် ပဉ္စဒွါရာဝဇ္ဇန်းနောက်ဖြစ်၊ စက္ခုဝိညာဏ်သည် သမ္ပဋိစ္ဆိုင်း ရှေ့ဖြစ် စသည်၊ ဤသို့လည်း ပြောရိုး ပြုကြ၏။

ပဝတ္တိသင်္ဂဟံ=၁။ ပဋိသန္ဓေအခါ ဖြစ်သောစိတ်
၂။ ပဝတ္တိအခါ ဖြစ်သော စိတ်=၎င်း ၂မျိုး တို့ကိုအကျဉ်း ချုပ် စုပြသော အပိုင်း(ပဋိသန္ဓိပဝတ္တိယံထောက်)

မှတ်ချက်=၁၊ ဝီထိပိုင်း(ပဝတ္တိအခါ ဖြစ်သောစိတ်များကို တန်းစီပြ)
၂။ ဝီထိမုတ်ပိုင်း (ပဋိသန္ဓေအခါ ဖြစ်သော စိတ်များကို တန်းစီပြ) စိတ်များကို တန်းစီပြတာချည်း ဖြစ်လို့ ၂ ပိုင်းလုံးကို ပဝတ္တိသင်္ဂဟခေါ် (ရှင်အနုရုဒ္ဓါအလို သင်္ဂြိုဟ် ၈ပိုင်းသာ)
၁။ ပဝတ္တိ ပဝတ္တိအခန်းကို ဝီထိပိုင်း
၂။ ပဋိသန္ဓိပဝတ္တိအခန်းကို ဝီထိမုတ်ပိုင်း (ဤသို့ ၂ခန်းအစား ၂ပိုင်းခွဲပြီး ရေတွက်လို့ သင်္ဂြိုဟ် ၉ပိုင်း ဖြစ်နေသည်)

ဆက္က ၆ မာတိကာ

၂။ ဆဝတ္ထုနိ ဆဒွါရာနိ ဆအာရမ္မဏာနိ ဆဝိညာဏာနိ ဆဝီထိယော။
ဆဓာဝိသယပ္ပဝတ္တိ စေတိ ဝီထိသင်္ဂဟေ ဆ ဆက္ကာနိ ဝေဒိတဗ္ဗာနိ။

ဆဝတ္ထုနိ=စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ,ဟဒယဝတ္ထု=၆။

ဆဒွါရာနိ=စက္ခု, သောတ,ဃာန,ဇိဝှာ,ကာယ,မနောဒွါရ=၆။

ဆအာရမ္မဏာနိ=ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ=၆။

အမှာ=၎င်း ၃ မျိုးကို ဆက္ကပြည့်စေရန် ထပ်၍ ဆိုသည်။

ဆဝိညာဏာနိ=စက္ခု, သောတ, ဃာန,ဇိဝှာ, ကာယ,မနောဝိညာဏ်=၆။

ဆဝီထိယော=စက္ခု,သောတ, ဃာန, ဇိဝှာ, ကာယ မနောဒွါရဝီထိ=၆။

တနည်း=စက္ခုဝိညာဏ,သောတ,ဃာန,ဇိဝှာ,ကာယ,မနောဝိညာဏဝီထိ=၆။

ဆဓာဝိသယပ္ပဝတ္တိ=ပဉ္စဒွါရ၌ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံ=၄မျိုး။
မနောဒွါရ၌ ဝိဘူတာရုံ, အဝိဘူတာရုံ=၂ ပေါင်း ၆။

ဝီထိသင်္ဂဟေ=စိတ်စေတသိက်တို့၏ ဖြစ်စဉ်ကို အကျဉ်းချုပ် စုပြသောအပိုင်း။ (တန်းစီပြသော အပိုင်းဟူလို)

ရှင်း= ၁။ ဘယ်ဝတ္ထုကိုမှီပြီး
၂။ ဘယ်ဒွါရမှာ
၃။ ဘယ်အာရုံကိုအာရုံပြုလျက်
၄။ ဘယ်ဝိညာဏ်ကိုအဦးထားကာ

၅။ ဘယ်လို ဘယ်လို တန်းစီ၍
၆။ ဘယ်အာရုံ၌ ဘယ်လောက် များများ တန်းစီ ဖြစ်ကြသည်ကို ပြသော အပိုင်း။
ဤ၆မျိုးဖြင့် သတ်မှတ် ပြမည်ဖြစ်လို့ အခြေခံအနေဖြင့်သိစေ ချင် ၆ခု ၆မျိုးကို ဆိုသည်။

အမှာစကား

၃။ ဝီထိမုတ္တာနံ ပန ကမ္မ,ကမ္မနိမိတ္တ,ဂတိနိမိတ္တဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။ ။

အမှာ= စိတ်တို့ကိုတန်းစီပြရာတွင် ဝီထိမုတ်စိတ်များ ပါလာခဲ့သော် ကံ,ကမ္မနိမိတ်, ဂတိနိမိတ် တို့ကိုသာ အာရုံပြုသည်ဟု ပုံသေမှတ်ထားရန် မှာသည်။

၄။ တတ္ထ ဝတ္ထုဒွါရာ,ရမ္မဏာနိ ပုဗ္ဗေ ဝုတ္တနယာနေဝ။ ။

အမှာ=တန်းစီ ပြရာတွင် အသုံးပြုမည့် ဝတ္ထု ဒွါရ, အာရုံတို့ကို ပြန်လည် လေ့လာရန် သတိပေးသည်။ (ပိုင်စေချင်လို့)

ဝိညာဏဆက္က

၅။ စက္ခုဝိညာဏံ သောတဝိညာဏံ ဃာနဝိညာဏံ ဇိဝှာဝိညာဏံ ကာယဝိညာဏံ မနောဝိညာဏဉ္စေတိ ဆ ဝိညာဏာနိ။ ။

ဆဝိညာဏာနိ=တန်းစီပြရာတွင် အုပ်စုအလိုက် ပြမည်ဖြစ်လို့ လွယ်ကူအောင် စိတ်ကို ၆အုပ်စု ခွဲပြထားသည်။ (ခေါင်းဆောင်စိတ်ဖြင့်အမည်မှည့်)

၆။ ဆ ဝီထိယော ပန စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ,ဃာနဒွါရဝီထိ, ဇိဝှာဒွါရဝီထိ,ကာယဒွါရဝီထိ,မနောဒွါရဝီထိစေတိ ဒွါရဝသေန ဝါ။ စက္ခုဝိညာဏဝီထိ, သောတဝိညာဏဝီထိ, ဃာနဝိညာဏဝီထိ, ဇိဝှာဝိညာဏဝီထိ, ကာယဝိညာဏဝီထိ, မနောဝိညာဏဝီထိစေတိ ဝိညာဏဝသေန ဝါ။ ။

ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော ယောဇေတဗ္ဗာ။ ။

ဝီထိ= စိတ်ဖြစ်စဉ် (စိတ်များကို အုပ်စု အလိုက် တန်းစီပြခြင်း)

ဆ= စိတ်သွားသောအတန်းများ၏ အမည်၆မျိုး။

စက္ခုဒွါရဝီထိ=စက္ခုဒွါရ၌ ဖြစ်သော စိတ်အစဉ် (စက္ခုဒွါရ၌ ဖြစ်သော စိတ် အတန်းကို ၁တန်းယူ)

သောတဒွါရဝီထိ=သောတဒွါရ၌ဖြစ်သောစိတ်အစဉ် (အတန်း)

ဃာနဒွါရဝီထိ=ဃာနဒွါရ၌ ဖြစ်သော စိတ်အစဉ် (အတန်း)

ဇိဝှာဒွါရဝီထိ=ဇိဝှာဒွါရ၌ ဖြစ်သော စိတ်အစဉ် (အတန်း)

ကာယဒွါရဝီထိ=ကာယဒွါရ၌ဖြစ်သော စိတ်အစဉ် (အတန်း)

မနောဒွါရဝီထိ=မနောဒွါရ၌ဖြစ်သော စိတ်အစဉ် (အတန်း)

(ဤကား ဒွါရတို့၌ ဖြစ်သောစိတ်များကို တန်းစီပြလျက် ၎င်းအတန်းများ ကို ဒွါရဖြင့်ပင် အမည်ပေးပုံ)။ ။

စက္ခုဝိညာဏဝီထိ=စက္ခုဝိညာဏ်နှင့် စပ်သော စိတ်အစဉ် (အတန်း)

သောတဝိညာဏဝီထိ=သောတဝိညာဏ်နှင့် စပ်သော စိတ်အစဉ် (အတန်း)

ဃာနဝိညာဏဝီထိ=ဃာနဝိညာဏ်နှင့် စပ်သော စိတ်အစဉ် (အတန်း)

ဇိဝှာဝိညာဏဝီထိ=ဇိဝှာဝိညာဏ်နှင့်စပ်သော စိတ်အစဉ် (အတန်း)

ကာယဝိညာဏဝီထိ=ကာယဝိညာဏ်နှင့် စပ်သော စိတ်အစဉ် (အတန်း)

မနောဝိညာဏဝီထိ=မနောဝိညာဏ်နှင့် စပ်သော စိတ်အစဉ် (အတန်း)

(ဤကား စိတ်အစဉ် (အတန်း)ကို ဒွါရသီးခြား ဖြစ်သော စိတ်များဖြင့် အမည်ပေးပုံ (အသာမာရဏနည်း)

အမှာ= အတန်း၁ခုလုံးကို စိတ်၁ခုဖြင့် သတ်မှတ်ခေါ်လို့ "ဥပလက္ခဏ" နည်း။ အာရုံတူ ဒွါရတူတို့ကိုသာ တန်းစီပြလို့ "သဟာစရဏ" နည်း။

ဒွါရပ္ပဝတ္တာစိတ္တပ္ပဝတ္တိယော=ဝီထိအဓိပ္ပာယ်ကို ပြသည်။

ရှင်း= ဒွါရပ္ပဝတ္တာစိတ္တ=ဒွါရ၌ဖြစ်သော စိတ်များ။
ပဝတ္တိ(အာရုံတို့၌)ဖြစ်ပုံဖြစ်နည်း။
ဒွါရ၌ဖြစ်သောစိတ်များအာရုံတို့၌ ဖြစ်ပုံ ဖြစ်နည်း "ဝီထိခေါ်"

ဝိသယပ္ပဝတ္တိ ဆက္က

၇။ အတိမဟန္တံ မဟန္တံ ပရိတ္တံ အတိပရိတ္တ ဥေတိ ပဉ္စဒွါရေ၊ မနောဒွါရေ ပန ဝိဘူတ မဝိဘူတဥေတိ ဆဓာ ဝိသယပ္ပဝတ္တိ ဝေဒိတဗ္ဗာ။ ။

သရုပ်= ယခင်အာရုံဖ္ပ ါးတို့ကို အမည်တမျိုး ထပ်မှည့်ခြင်း။

အတိမဟန္တံ=ဝီထိစိတ်အများဆုံး အာရုံပြုရသော ပဥ္စာရုံကို "အတိမဟန္တာရုံ" ဟုအမည်ပေးသည်။

မဟန္တံ=ဝီထိစိတ် များများ အာရုံပြုရသော ပဥ္စာရုံကို "မဟန္တာရုံ"ဟုအမည် ပေးသည်။

ပရိတ္တံ=ဝီထိစိတ် နည်းနည်း အာရုံပြုရသော ပဥ္စာရုံကို "ပရိတ္တာရုံ"ဟု အမည် ပေးသည်။

အတိပရိတ္တံ=ဝီထိစိတ်တောင် အာရုံမပြုလိုက်ရသော ပဥ္စာရုံကို "အတိပရိတ္တာ ရုံ"ဟု အမည်ပေးသည်။

အမှာ=ပေါ်လွင်ထင်ရှားမှု အခြေအနေအရ ဝီထိစိတ် အများ အနည်း အာရုံ ပြုပုံခြင်းကွာကြသည်။
အာရုံများသည် ချုပ်ချိန်နှင့်ဝေးနေသောအချိန်မှာ ထင်ရှားလာလျှင် ဝီထိစိတ် များများ အာရုံပြုလိုက်ကြရသည်။
ချုပ်ချိန်နီးလျှင်နီးသလို ဝီထိစိတ် အရေအတွက် နည်းနည်း အာရုံပြု ကြရသည်။ ။

ရှင်း— ပဥ္စာရုံသည် ပဥ္စဒွါရနှင့် ထိလျှင်ထိချင်း မထင်ရှားသေး၊
(စိတ်အာရုံပြုချင်လောက်အောင် မဖြစ်သေးဟုလို)
၎င်းသည်စိတ်၁ကြိမ် ဖြစ်လောက် ကြာပြီးမှ ထင်ရှားသည်ဆိုပါတော့
သို့ထင်ရှားသော်လည်း၊ ၎င်းကိုအာရုံမပြုသေးဘဲ၊
စိတ်သည် ပြုနေကြ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်တခုခုကို အာရုံပြုလျက်
၂ ကြိမ်လောက် ဖြစ်နေသေး၏။
မထင်ရှားသေးခင်က ၁ကြိမ် (၎င်းကို "အတီတဘဝင်"ခေါ်)
ထင်ရှားပြီးမှ ၂ကြိမ်(၎င်းတို့ကို "ဘဝင်စလန"ခေါ်)
ဤသို့စိတ် ၃ကြိမ် ဖြစ်သလောက် ကြာပြီးမှ
၎င်းကိုအာရုံပြုတဲ့ စိတ်များ ဖြစ်လာသည်။
သက်တမ်းအရ ၎င်းကို ဝီထိစိတ် ၁၄ ကြိမ်လောက်အာရုံပြုခွင့်ရသည်။
၁၄ကြိမ် ပြုခွင့်ရသော အာရုံကိုပင် စိတ်အများဆုံး၏ အာရုံဖြစ်လို့
"အတိမဟန္တာရုံ"ခေါ်သည်။

အမှာ=ထင်ရှားမှု နောက်ကျလျှင် နောက်ကျသလို ချုပ်ချိန် နီးနီးသွားလို့ အာရုံပြုသော စိတ်အရေအတွက် နည်းနည်းသွားသည်၊ ၎င်းအခြေအနေအရ "မဟန္တာရုံ"စသည် အမည်ပေး။

တနည်း။ဘဝင်စိတ်ဖြင့် မှတ်၍ အမည်ပေးသည်။
ဘဝင် ၁ကြိမ်လွန်ပြီး ထင်ရှားသော အာရုံကို အတိမဟန္တာရုံ။
ဘဝင်၂ကြိမ် ၃ကြိမ်လွန်ပြီး ထင်ရှားသော အာရုံကို မဟန္တာရုံ။
၄-၅-၆-၇-၈-၉-ကြိမ်လွန်ပြီးမှထင်ရှားသော အာရုံကို ပရိတ္တာရုံ။
၁၀,၁၁,၁၂,၁၃,၁၄,၁၅ ကြိမ်လွန်ပြီးမှ ထင်ရှားသော အာရုံကို အတိပရိတ္တာရုံ။

အမှာ=ထင်ရှားသလိုလို ရှိသော်လည်း ချုပ်ချိန်နီးလို့ ၎င်းအတိပရိတ္တာရုံကို မည်သည့်စိတ်မျှ အာရုံမပြုလိုက်ရတော့ပေ။

ဝိဘူတ=ယခင်အတိုင်း မနောဒွါရမှာ ထင်သောအာရုံ ၆ပါးကို "ဝိဘူတာရုံ"
အဝိဘူတ=မနောဒွါရမှာ ထင်ရှားမှုနည်းတဲ့အာရုံ၆ ပါးကို "အဝိဘူတာရုံ"
အထူး=ပဉ္စဒွါရ၌ ထင်သော ပဉ္စာရုံကို "အတိမဟန္တာရုံ" စသည်ခေါ်။
မနောဒွါရ၌ ထင်သော ၆ အာရုံကို ဝိဘူတာရုံ, အဝိဘူတာရုံ ခေါ်။

စိတ်သက်

၈။ ကထံ=ဥပ္ပါဒ,ဋ္ဌိတိ,ဘင်္ဂ ဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံ နာမ။
စိတ်သက်=ဥပါဒ် ဋ္ဌီ ဘင် (ဖြစ်,တည်,ပျက်) ၎င်းသည် စိတ် ၁ ခု။
တနည်း=ဖြစ်ခြင်းသည် ဥပါဒ်၊ ပျက်ခြင်းသည် ဘင်၊ ၎င်း ၂ ပါး အလယ် ဘင်သို့ ရှေ့ရှုလျက် တည်ခြင်းသည် ဋ္ဌီ။
အမှာ=မျက်စိ တမှိတ် အချိန်ကို ကုဋေ ၁ သိန်း ပုံ၊ ၁ ပုံသည် စိတ်သက်။

ရုပ်သက်တမ်း

၉။ တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာန မာယု။
ရုပ်သက်=စိတ် ၁၇ ကြိမ် ဖြစ်သလောက် ကြာ၏။
အမှာ=စိတ်,စေတသိက်သည် ပေါ့ပါးလို့ သက်တမ်း တို၏။
ရုပ်သည် လေးလန်လို့ သက်တမ်း ရှည်၏။

ရှေးသုံး=ယူတတ်သော အဖြစ်၏ ထို ထို စိတ္တက္ခဏ၏ အစွမ်းဖြင့် ပြီးသော ကြောင့် နာမ်သည် သက်တမ်းတို၏။
ယူအပ်သော အဖြစ်၏ ထိုထို စိတ္တက္ခဏ ၁၇ ချက်၏ အစွမ်းဖြင့် ပြီး သောကြောင့် ရုပ်သည် သက်တမ်းရှည်၏။
စိတ်လည်း ဥပါဒ်,ဌီ,ဘင်။
ရုပ်လည်း ဥပါဒ်, ဌီ, ဘင်, သို့သော် ရုပ်၏ ဌီလို့ ခေါ်တဲ့ တည်ဆဲ အချိန်ကလေးသည် စိတ် ၁၆ ခု နှင့် ၃ ပုံ့ ၁ ပုံ လောက် ကြာ သည်။ (၁၆ ခုဟူ) (ခဏငယ်အားဖြင့် ၄၉ ခန့်)
နာမ်နှင့် ရုပ် ဥပါဒ်ချင်း ဖြစ်ချိန်တူ၏။
နာမ်နှင့်ရုပ်ဘင်ချင်းလည်း ဖြစ်ချိန်တူ၏။(ဌီ အချိန်သာထူး၏။)

ရူပဓမ္မာနံ=ဝိညတ်ဒွေး၊
လက္ခဏရုပ် ၄ ကြဉ် ၂၂ သာ။

ရှင်း=ဝိညတ်ဒွေးသည်=စိတ်နှင့် သက်တမ်းတူ၏။ (စိတ် ဖြစ်လျှင် ဖြစ်၊ စိတ် ပျက်လျှင် ပျက်)

ဥပစယ=ဖြစ်စ ရုပ်၏ ဥပါဒ်။
သန္တတိ=ဖြစ်စ ရုပ်၏ နေရာ၌ နောက် ဆက်ဖြစ်သော ရုပ်၏ ဥပါဒ်။
ဇရတာ=ဌီ (စိတ်၏ ခဏငယ် ၄၉ ခန့်။)
အနိစ္စတာ=ဘင် (စိတ်၏ ဘင် နှင့် အချိန်တူပင်)

၁၀။ ကေစိတ္တက္ခဏာတိတာနိ ဝါ ဗဟုစိတ္တက္ခဏာတိတာနိ ဝါ ဌိတိပ္ပတ္တာနေဝ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထမာဂစ္ဆန္တိ၊ တသ္မာ ယဒိ ကေစိတ္တက္ခဏာတိတကံ ရူပါရမ္မဏံ စက္ခုဿ အာပါထမာဂစ္ဆတိ။

တတော ဒွိက္ခတ္တုံ ဘဝင်ေ စလိတေ ဘဝင်္ဂသောတံ ဝေါစ္ဆိန္ဒိတွာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

တတော တဿာနန္တရံ တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ သမ္ပဋိစ္ဆန္တံ သမ္ပဋိစ္ဆနစိတ္တံ
သန္တီရယမာနံ သန္တီရဏစိတ္တံ

ဝဝတ္တပေန္တိ ဝေါဋ္ဌဗ္ဗနစိတ္တဓဇ္ဇတိ ယထာကမ္မံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ
တတော ပရံ ဧကူနတ္တိံသ ကာမာဝစရဇဝနေသု ယံကိဉ္စိ
လဒ္ဓပစ္စယံ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ။
ဇဝနာနုဗန္ဓာနိ စ ဒွေ တဒါရမ္မဏပါကာနိ ယထာရဟံ
ပဝတ္တန္တိ၊
တတော ပရံ ဘဝင်္ဂပါတော။

သတိ=၁။ ပဋ္ဌာရုံသည် ဓမ္မတာအတိုင်း ဖြစ်နေ၏။ (ဗဟိဒ္ဓမှာ)
၂။ ပဋ္ဌဒ္ဒါရသည် ဓမ္မတာအတိုင်း ဖြစ်နေ၏။ (အဇ္ဈတ္တမှာ)
၃။ ဘဝင်သည် ဓမ္မတာအတိုင်း တခုပြီး တခု ဖြစ်နေ၏။(အဇ္ဈတ္တမှာ)
ဎင်း ၃ မျိုး အဖြစ်ခြင်း ဆုံမိတတ်သည်။
အဖြစ် ဆုံသည့်အခါ ဒွါရနှင့် အာရုံတို့သည် ရုပ် ဖြစ်ကြလို့
ထိခိုက်မိကြ၏။ (ဘဝင်ကတော့ နာမ် ဖြစ်လို့မထိခိုက်)။
ဒွါရနှင့် အာရုံ တို့သည် ထိခိုက်ခါစမှာ မထင်ရှားကြသေး၊ (စိတ်
က အာရုံပြုချင်စရာ မဖြစ်သေး ဟူလို)
စိတ် ၁ ကြိမ် ဖြစ်သလောက် ကြာတော့မှ ထိခိုက်တဲ့ သဘော
ထင်ရှားလာတော့၏။ (အချို့အာရုံ)ထို့ကြောင့် "ဧကစိတ္တက္ခဏာ
တီတာနိ ဝါ" ဆို၏။

ဧကစိတ္တက္ခဏာတီတာနိ=တခုသော စိတ်၏ ဖြစ်ချိန်ကို လွန်ခြင်း ရှိကုန်သော၊
ရှင်း=စိတ် ၁ ကြိမ် ဖြစ်သလောက် ကြာလာတဲ့ အာရုံ။
ဠီတိပ္ပတ္တာနေဝ= ဠီ သို့ ရောက်သည် သာ လျှင် ဖြစ်ကုန်သော။
ရှင်း=ဖြစ်စမှစ၍ စိတ် ၁ ကြိမ် ဖြစ်သလောက် ကြာလာသော အာရုံသည်
ရုပ်သက်တမ်းအရ ဠီကာလသို့ ရောက်နေပြီ။
ပဋ္ဌဒ္ဒါရေအာပါထံ=ဠီကာလ ရောက်နေသော ပဋ္ဌာရုံသည် ဎင်းနှင့်အတူဖြစ်၍
ဠီကာလ ရောက်နေသော ပဋ္ဌဒ္ဒါရ၌ ထိခိုက်ခြင်းသည် ထင် ရှား
လာတော့၏။ (ပဋ္ဌဒ္ဒါရ၌ ဖြစ်သော စိတ်များ အာရုံ ပြုချင်စရာ ဖြစ်
လာတော့၏ ဟူလို)

ဗဟုစိတ္တက္ခဏာတီတာနိ= များစွာသော စိတ်၏ ဖြစ်ချိန်ကို လွန် ခြင်း ရှိ၊
အမှာ=အချို့ပဋ္ဌာရုံများ စိတ် ၂ ကြိမ်မှ ၁၅ ကြိမ် ဖြစ်သလောက်အချိန်ကြာ
တော့မှ ထင်ရှားလာတတ်သည်။

ရှင်း=၃ မျိုး ဆုံဖြစ်တဲ့အထဲက ဘဝင် ၁ ခု သည် သက်တမ်းကုန်လို့ ချုပ်ပြီး သော်လည်း၊ အာရုံနှင့် ဒွါရကား ထိခိုက်မြဲ ထိခိုက်နေ၏။ ဤမျှ အချိန် ကြာကြာထိခိုက်နေသဖြင့် ထိခိုက်မှု သဘောသည် ပို၍ ထင်ရှားလာ တော့၏။ ၎င်းအချိန်မှာ နောက်ဖြစ်သော ဘဝင်သည် လက်ရှိအာရုံပြု နေကျ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်ကို ဆက်ပြီး အာရုံပြုရတော့ မလိုလို၊ ဆုံမိနေတဲ့ ပဉ္စဒွါရမှာ ဖြစ်ပြီး ပဉ္စာရုံကို အာရုံပြုရတော့ မလိုလို ဖြစ် တတ်၏။ ဤလိုဖြစ်တဲ့စိတ်ကို ဘဝင်္ဂစလန ခေါ်သည်။ သို့သော်လည်း လက်ရှိ ကံ,ကမ္မနိမိတ်ဂတိနိမိတ်ကို အာရုံပြုလျက်ပင်။

စောစောက ချုပ်ပြီးဘဝင်ကိုတော့ အတီတဘဝင်ဟု ခေါ်သည်။
ဘဝင်္ဂစလနအမည်ခံ ဘဝင်သည် အရှိန် သင့်မရ၍ ၂ ကြိမ် ဖြစ်သည်။
(တအား ပြေးလာသောသူ ရုတ်တရက် ရပ်မရသလို ဟူ၏။) (ဋီ)

တသ္မာယဒိ= ယင်း ဆိုခဲ့ကဲ့အတိုင်း အတီတဘဝင် ၁ ကြိမ် လွန်ပြီးမှ ထင်ရှား လာတဲ့ ရူပါရုံကို နမူနာပြအံ့။

ဧကစိတ္တက္ခဏာတီတကံ=အတီတ ဘဝင် ၁
ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ=ဘဝင်္ဂစလန ၂၊

အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ=ပဉ္စဒွါရာဝဇ္ဇန်း ၁ (အာရုံကို ဆင်ခြင်စိတ်)၊
ပဿန္တံ စက္ခုဝိညာဏံ=စက္ခုဝိညာဏ်စိတ် ၁ (အာရုံကိုမြင်စိတ်)။
သမ္ပဋိစ္ဆန္တံ သမ္ပဋိစ္ဆနစိတ္တံ=သမ္ပဋိစ္ဆိုင်းစိတ် ၁ (အာရုံကို လက်ခံစိတ်)
သန္တီရယမာနံ သန္တီရဏစိတ္တံ=သန္တီရဏစိတ် ၁ (အာရုံကို စုံစမ်းစိတ်)
ဝဝတ္ထပေန္တံ ဝေါဋ္ဌဗ္ဗနစိတ္တံ=ဝုဋ္ဌောစိတ် ၁ (အာရုံကို ဆုံးဖြတ်စိတ်)
သတ္တက္ခတ္တုံ ဇဝတိ= ဇော (၂၉မှ ၁ ခုခု) ၇ (အဟုန်ပြင်းစိတ်)
ဒွေ တဒါရမ္မဏာနိ=တဒါရုံ (၁၁မှ ၁ ခုခု) ၂ (ဇော၏အာရုံကို အာရုံပြု သောစိတ်)

အမှာ=ဤဖြစ်ရပ်၌ အတီတ ဘဝင်၏ ဥပါဒ်
အာရုံ၏ ဥပါဒ်
ဒွါရ၏ ဥပါဒ်=၃ ခု ပြိုင်တူဖြစ်ကြ၏။
ဒုတိယတဒါရုံ၏ ဘင်
အာရုံ၏ ဘင်
ဒွါရ၏ ဘင်=၃ ခု ပြိုင်တူချုပ်ကြ၏။

သတိ=အတီတ ဘဝင် ၂ မှ ၁၅ အထိ နည်းမိုး၍ သိလောက်ပြီ။

ဘဝင်္ဂုပစ္ဆေဒ=ဒုတိယဘဝင်္ဂစလနကို အမည်ပြောင်းခေါ်သည်။ (၎င်းနောက်
ဘဝင်ဆက်မဖြစ်ပဲ ဖြစ်လို့)

ဘဝင်လှုပ်= ဘဝင်သည် ဟဒယဝတ္ထုကို မှီ၏။ ဟဒယဝတ္ထုသည် မဟာဘုတ်
ကို မှီ၏။
ပဉ္စဒွါရလည်း မဟာဘုတ်ကိုပင် မှီ၏။
မဟာဘုတ်မှာ ဆုံမိကြသဖြင့် ဒွါရ နှင့် အာရုံကို ထိခိုက်ကြ
သောအခါ ဟဒယဝတ္ထုကို မှီသော ဘဝင် လှုပ်ရှားလာရသည်။

စည်ဥပမာ=တဘက်မှာ နားသော ယင်သည် အခြား တဘက်ကို တီးသော
အခါ ပျံသလို (ဋီ)

ယံကိဥ္စိ=ကာမဇော ၂၉ ထဲက ၁ခုခု။ (တခုယုတ်၃၀လည်းဟူ)

လဒ္ဓပစ္စယံ=ယောနိသောမနသိကာရ စသော ရအပ်သော အကြောင်း
အားလျော်စွာ။

ရှင်း= ယောနိသောမနသိကာရရှိအံ့ ကုသိုလ်ဇော (နှလုံးသွင်းအဆင်ပြေ)
အယောနိသောမနသိကာရရှိအံ့ အကုသိုလ်ဇော (အဆင်မပြေ)
နိရာနုသယသန္တာန် ဖြစ်အံ့ ကြိယာဇော ဖြစ်၏ဟူလို။

ယေဘုယျနသတ္တက္ခတ္တုံ=အများဆုံးအားဖြင့် ၇ကြိမ်။ ။

ပြောင်းပြန်=အနည်းဆုံးအားဖြင့်=မုစ္ဆာကာလ ၆ ကြိမ်
မရဏာသန္န ၅ ကြိမ်
အလျင်မြန် တန်ခိုးပြ ၄၊၅ ကြိမ်
ဈာန်မဂ်ဖိုလ်တို့၏ရှေ့ ၃၊၄ ကြိမ်

အာရုံတည်ပုံ=ကလာပ်အများမှ ရူပါရုံအများသည် စုပေါင်း၍ အာရုံအဖြစ်
ရပ်တည်သည်။ သဒ္ဒါရုံ ၎င်းနည်းပင် (၎င်း၂ပါး ဒွါရဆီသို့မသွား)
ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့သည် ကလာပ် ၁ခု တည်းမှာ တည်
၍ ၁ခုတည်းပင်အာရုံအဖြစ်ရပ်တည်သည်။(၎င်း၃ပါးဒွါရဆီသွား၏)

၁၁။ ဧတ္တာဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ ဒွေ ဘဝင်္ဂစလနာနိ။
ပုဗ္ဗေဝါတီတကမေကစိတ္တက္ခဏန္တိ ကတွာ သတ္တရသ စိတ္တက္ခဏာနိ
ပရိပူရေန္တိ၊ တတော ပရံ နိရုဇ္ဈတိ။

သတ္တရသစိတ္တက္ခဏာနိ

ပုဗ္ဗေဝါတီတကမေကစိတ္တက္ခဏံ=၁။ အတီတဘဝင် (အာရုံမထင်ရှားသေး)

ဒွေဘဝင်္ဂစလနာနိ= ၂။ ဘဝင်္ဂစလန (အာရုံမထင်ရှားမိ)

၃။ ဘဝင်္ဂစလန (ဘဝင်္ဂုပစ္ဆေဒ) (မထင်)

စုဒ္ဒသဝီထိစိတ္တုပ္ပါဒါ= ၁။ ၄။ ပဉ္စဒွါရာဝဇ္ဇန်း (အာရုံပြုပြီ)

၂။ ၅။ စက္ခုဝိညာဏ်(ပဉ္စဝိညာဏ်လဲလှယ်)

၃။ ၆။ သမ္ပဋိစ္ဆိုင်း (၂ခုမှ ၁ခုခု)

၄။ ၇။ သန္တီရဏ(၃မှ ၁ခုခု)

၅။ ၈။ ဝုဋ္ဌော

၆။ ၉။ ဇော ၂၉မှ ၁ခုခု

၇။ ၁၀။ ဇော ။ ။ ။

၅၃။ အသီတိ ဝီထိစိတ္တာနိ၊ ကာမေ ရူပေ ယထာရဟံ။
စတုသဋ္ဌိ တထာ ရူပေ ဒွေစတ္တာလီသ လဗ္ဘရေ။
အယမေတ္ထ ဘူမိဝိဘာဂေါ။ ။

ရူပေ= အသညသတ်ကြဉ်သော ရူပ ၁၅ ဘုံ၌-

နိဂုံး

၁၄။ ဣစ္စေဝံ ဆဒ္ဒါရိကစိတ္တပ္ပဝတ္တိ ယထာသမ္ဘဝံ ဘဝင်္ဂန္တရိတာ ယာဝတာယုကံ, မဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။

ယထာသမ္ဘဝံ=ထိုထိုဒွါရ၊ (ဝါ) ထိုထိုဘဝအားလျော်စွာ။

အဗ္ဗောစ္ဆိန္နာ=ယေဘုယျ (နိရောဓသမာပတ် ဝင်စားသူမှာ ဝီထိစိတ်မဖြစ်လို့)။

ဘုံ ပုဂ္ဂိုလ် စိတ် ၃ မျိုး ခွဲပုံ

ပုဂ္ဂိုလ်	ရူပဘုံစိတ်ရ	အရူပဘုံစိတ်ရ
တိဟိတ်ပုထုဇဉ်	အကု ၁၀ (ဒေါမူကြည်)	ဒေါမူကြည်အကု ၁၀
	အဟိတ် ၁၁ (ဃာနဒွိ ဟသိကြည်)	မနောဒွါရာဝဇ္ဇန်း ၁
	မဟာကု ၈	မဟာကုသိုလ် ၈
	မဟဂ္ဂုတ်ကု ၉ = ၃၈	အရူပကုသိုလ် ၄ ၂၃
သောတာပန်	ဒိဋ္ဌိဝိပ္ပယုတ် ၄	ဒိဋ္ဌိဂတဝိပ္ပယုတ် ၄
သကဒါဂါမိ	ဥဒ္ဓစ္စသမ္ပယုတ် ၁	ဥဒ္ဓစ္စသမ္ပယုတ် ၁
အနာဂါမိ	အဟိတ် ၁၁ (ဃာနဒွိ ဟသိကြည်)	မနောဒွါရာဝဇ္ဇန်း ၁
(၃ယောက်ကျင်)	မဟာကု ၈	မဟာကုသိုလ် ၈
	မဟဂ္ဂုတ်ကု ၉	အရူပကုသိုလ် ၄
	သောဖိုလ် ၁ = ၃၄	သောဖိုလ် ၁ = ၁၉
ရဟန္တာ	ဃာနဒွိကြည်အဟိတ် ၁၂	မနောဒွါရာဝဇ္ဇန်း ၁
	မဟာကြိယာ ၈	မဟာကြိယာ ၈
	မဟဂ္ဂုတ်ကြိယာ ၉	အရူပကြိယာ ၄
	အရဟတ္တဖိုလ် ၁ = ၃၀	အရဟတ္တဖိုလ် ၁ = ၁၄

ဝိထိပိုင်းပြီး၏။

စာမေးပွဲဖြေသူများအတွက်

လေ့ကျင့်ခန်း

မေး။ စိတ္တုပ္ပါဒ ၃ မျိုး အထူးကို ဖြေပါ။
ဖြေ ။ ဝီထိပိုင်း စိတ္တုပ္ပါဒ်=ပကိဏ်းပိုင်း စိတ္တုပ္ပါဒဝသေန=စိတ်,စေတသိက် စေတသိက်ပိုင်း စိတ္တုပ္ပါဒေသု=စိတ်သက်သက်။

မေး။ သင်္ဂဟမုတ္တရံအရ အဘယ်သင်္ဂဟနည်း။
ဖြေ ။ ပကိဏ်းပိုင်း(စိတ်,စေတသိက်တို့ကို ဝေဒနာ စသည်တို့နှင့် ဝေဖန်၍ မြွတ်လျှံ)

မေး။ ဘူမိဘေဒ၊ ပုဂ္ဂလဘေဒ၊ ပုဗ္ဗာပရနိယာမိတ ဟူသည် အဘယ်နည်း။
ဖြေ ။ ဘူမိဘေဒ=ဘူမိဝိဘာဂအခန်းကို ရည်ညွှန်း။
ပုဂ္ဂလဘေဒ=ပုဂ္ဂလဝိဘာဂအခန်းကို ရည်ညွှန်း။
ပုဗ္ဗာပရနိယာမိတ=ပဥ္စဒ္ဝါရာဝဇ္ဇန်း နောင်၊စက္ခုဝိညာဏ်၊ ၎င်းနောက် သမ္ပဋိစ္ဆိုင်း စသည်ဖြင့် ရှေ့စိတ် နောက်စိတ်ကို သတ်မှတ်ခြင်း။

တနည်း=စက္ခုဝိညာဏ်သည် ပဥ္စဒ္ဝါရာဝဇ္ဇန်းနောင်ဖြစ်၊ စက္ခုဝိညာဏ်သည် သမ္ပဋိစ္ဆိုင်း ရှေ့ဖြစ် စသည်ဖြင့် ရှေ့စိတ် နောက်စိတ်ကို မှတ်ပြ။

မေး။ ပဝတ္တိသင်္ဂဟ ဟူသည် အဘယ်နည်း။(ပဋိသန္ဓိ ပဝတ္တိယံထောက်။)
ဖြေ ။ ပဋိသန္ဓေအခါ ဖြစ်သောစိတ်ကို ပြတဲ့ "ဝီထိမုတ်ပိုင်း"။
ပဝတ္တိအခါ ဖြစ်သောစိတ်ကို ပြတဲ့ "ဝီထိပိုင်း" ၎င်း ၂ ပိုင်းကို ယူ။
မေး။ ဝတ္ထု၊ ဒွါရ၊ အာရုံတို့ကို အဘယ့်ကြောင့် ထပ်ဆိုသနည်း။
ဖြေ ။ ဆက္က ပြည့်စေရန် ဆိုသည်။
မေး။ ဝီထိသင်္ဂဟေအရ အဘယ်နည်း။
ဖြေ ။ စိတ် စေတသိက်တို့၏ ဖြစ်စဉ်ကို အကျဉ်းချုပ် စုပြသော အပိုင်း။
မေး။ ဝီထိ နာမည်တပ်ပုံ ဖြေပါ။
ဖြေ ။ စက္ခုဒွါရဝီထိ စသည် =စိတ်တို့၏ ဖြစ်ရာ ဒွါရဖြင့် နာမည်တပ်ပုံ။
စက္ခုဝိညာဏဝီထိ=ဒွါရသီးခြားဖြစ်သော စိတ်ဖြင့် နာမည်တပ်ပုံ။
မေး။ ဝိသယပ္ပဝတ္တိ အဓိပ္ပာယ်ကို ဖြေပါ။
ဖြေ ။ (ဒွါရတို့၌)အာရုံဖြစ်ခြင်း၊အာရမ္မဏာဘူတာဝိသယပ္ပဝတ္တိ၊စာကိုယ်၁၅၊

မေး။ နာမ်နှင့်ရုပ် အဘယ့်ကြောင့် သက်တမ်း မတူသနည်း။
ဖြေ ။ နာမ်သည် ပေါ့ပါး၍ သက်တမ်းတို၏။
ရုပ်သည် လေးလန်၍ သက်တမ်းရှည်၏။

တန်ည်း။ ယူတတ်သောအားဖြင့် ဖြစ်လို့ နာမ်သက်တမ်းတို။
ယူအပ်သောအားဖြင့် ဖြစ်လို့ ရုပ်သက်တမ်း ရှည်သတဲ့။

မေး။ ရူပမ္မာနမာယူဌ ရူပ=အဘယ်ရုပ်များကို ယူရမည်နည်း။
ဖြေ။ ဝိညတ်ဒွေး, လက္ခဏရုပ်၄ ကြဉ်တဲ့ ရုပ် ၂၂သာယူ။
ဝိညတ်ဒွေးသည် နာမ်နှင့်သက်တမ်းတူ၏။
ဥပစယသည် စဖြစ်သော ရုပ်၏ ဥပါဒ်ဖြစ်လို့ နာမ် "ဥပါဒ်"နှင့်တူ။
သန္တတိသည် နောက်ဆက် ဖြစ်သော ရုပ်၏ "ဥပါဒ်" ဖြစ်လို့ နာမ်
ဥပါဒ်နှင့်တူ။
အနိစ္စတာသည် ရုပ်၏ "ဘင်"ဖြစ်လို့ နာမ်၏"ဘင်"နှင့်တူ။
ဇရတာသည် ရုပ်၏"ဌီ"ဖြစ်လို့ နာမ်၏ ၁၆ ၊ ၁ပုံ၁ပုံနှင့် သက်တမ်း
တူလို့ကြဉ်။

မေး။ ဒွါရအာရုံဆုံလျှင်ဆုံချင်း စိတ် အာရုံ ပြုလောက်အောင် အာရုံထင်ရှား
ပါသလား။
ဖြေ ။ အနည်းဆုံးစိတ်တကြိမ်၊ အများဆုံး ၂ကြိမ်မှ ၁၅ကြိမ်ဖြစ်သလောက်
ကြာမှ ပဋ္ဌာရုံသည် ထင်ရှားလာပါသည်။
မေး။ ဘယ်ဂဏလောက်မှာ ပဋ္ဌာရုံသည် ထင်ရှားပါသနည်း။
ဖြေ ။ ပဋ္ဌာရုံသည် ဌီကာလမှာ ထင်ရှားပါသည်။ (အနည်းဆုံး စိတ်၁ကြိမ်
ဖြစ်သလောက် ကြာပြီးမှဆိုလို့)
မေး။ ယံကိဉ္စိ၊ လဒ္ဓပစ္စယံ၊ ယေဘုယျေန သတ္တက္ခတ္တုံတို့ကိုရှင်းပါ။
ဖြေ။ ယံကိဉ္စိ ကာမဇော ၂၉ထဲက ၁ခုခု။

လဒ္ဓပစ္စယံ=ယောနိသောမနသိကာရဖြစ်အံ့ ကုသိုလ်ဇော။
အယောနိသောမနသိကာရဖြစ်အံ့ အကုသိုလ်ဇော။
နိရာနုသယသန္တာနဖြစ်အံ့ ကြိယာဇော။

ယေဘုယျေနသတ္တက္ခတ္တုံ=အများဆုံး ၇ကြိမ်၊(မုစ္ဆာကာလ ၆ကြိမ်
စသည်ဖြစ်လို့။)

မေး။ ပဉ္စဒွါရဝီထိစိတ် တန်းစီပြ ပါဠိကိုရေးပါ။
ဖြေ။ အာဝဇ္ဇနဉ္စ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ (လ) ဒွေတဒါရမ္မဏာနိ။

မေး။ အာရုံ တည်နေပုံ ဖြေပါ။
ဖြေ။ ရူပါရုံနှင့်သဒ္ဒါတို့သည်ရုပ်ကလာပ်အများစုမှ ရုပ်အများစုလျက် အာရုံ အဖြစ်တည်၏။
ဂန္ဓာရုံ,ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ ကလာပ်တခုထဲက ရုပ်တခုချင်း အာရုံ အဖြစ်တည်၏။
(ရူပါရုံ, သဒ္ဒါရုံတို့သည် ဒွါရဆီသို့ မသွား၊ ကျန်၃ပါး သွား၏။)
မေး။ အတိမဟန္တာရုံ စသည် အမည်တပ်ပုံ ဖြေပါ။
ဖြေ။ အာရုံပြုသော ဝီထိစိတ် အနည်း အများလိုက်၍ အမည်တပ်ပါသည်။
မေး။ အာရုံပြုသော ဝီထိစိတ် အနည်းအများလိုက်၍ ကွာခြားပုံ ဖြေပါ။
ဖြေ။ စက္ခာလောက စသော အင်္ဂါအားရှိမရှိ အရ ကွာခြားပါသည်။
မေး။ မဟန္တာရုံဝီထိ၌ တဒါရုံချလျှင် အပြစ်ဘယ်လိုရှိမည်နည်း။
ဖြေ။ ပ-တဒါရုံ ပစ္စုပ္ပန်ကို အာရုံပြု (အာရုံမချုပ်မှီ မှီလိုက်လို့)
ဒု-တဒါရုံ အတိတ်အာရုံပြု (မမှီလိုက်လို့) ဤလို အာရုံ ကွဲပြား သော်လည်း ၁ ဝီထိထဲ ဖြစ်နိုင်တယ်လို့ "အထင်မှား အပြစ်" ရောက်နိုင်။
မေး။ အတိပရိတ္တာရုံ၌ အဘယ့်ကြောင့် ဝီထိစိတ်များ မဖြစ်သနည်း။
ဖြေ။ နောက်ဆုံး၌ ၂ကြိမ် မဖြစ်ရတော့ ဝုဋ္ဌော ၁ လုံးဝမဖြစ်၊ ဝုဋ္ဌောမဖြစ် တော့၊ ဝုဋ္ဌောအား ကျေးဇူးပြုမည့်သန္တီရဏ စသော စိတ်များလည်း ဖြစ်ဖွယ် မလိုတော့လို့ ဝီထိစိတ်များ မဖြစ်ကြတော့ပါ။
မေး။ ပဉ္စဒွါရ ဝီထိပေါင်း ရေတွက်ပြပါ။
ဖြေ။ အတိမဟန္တာရုံ ၅(၁ ဒွါရမှာ ၁ဝီထိ=၅ဒွါရရှိလို့ ၅ဝီထိ)
မဟန္တာဖိရုံ ၁၀ (၁ဒွါရမှာ ၂ဝီထိ=၅ဒွါရ× ၂=၁၀ ဝီထိ)
ပရိတ္တာရုံ ၃၀ (၁ဒွါရမှာ ၆ဝီထိ=၅ဒွါရ×၆ ၃၀ ဝီထိ)
အတိပရိတ္တာရုံ ၃၀ (၁ဒွါရမှာ ၆ဝီထိ =၅ဒွါရ×၆=၃၀ ဝီထိ)
မေး။ ဝီထိမဖြစ်လို့ "အတိပရိတ္တာရုံဝီထိခေါ်သင့် မခေါ်သင့်။
ဖြေ။ ခေါ်သင့်၊(ဒွါရအာရုံ ဆုံမိသည့်အတောအတွင်း ဖြစ်တဲ့ စိတ်အစဉ်မို့)
မေး။ တဒါရမ္မဏဝါရစသည်၌ ဝါရဟူသည် အဘယ်နည်း။
ဖြေ။ အလှည့်အကြိမ်ကိုခေါ်သည် (တဒါရုံ ဆုံးသော ဝီထိတလှည့်စသည်)
မေး။ ဝီထိစိတ္တာနိသတ္တေဝဂါထာ၌ သတ္တ၊ စတုဒ္ဒသ၊ စတုပညာသအရ ဖြေပါ။

ဖြေ။ သတ္တ=ပ ပဉ္စ သံ န္တိ ဝု ဇော ရုံ=၇
စတုဒ္ဒသ=ပ ပဉ္စ သံ န္တိ ဝု (ဇော၇) ရုံ၂=၁၄
စတုပညာသ=ပ+ပဉ္စ၁၀+သံ ၂+န္တိ၃+ဝုံ=ဇော ၂၉+ရုံ ၈ (သန္တိ ရဏပါပြီးလို့)=၅၄

မေး။ ပဉ္စဒွါရဝီထိ မနောဒွါရဝီထိ အထူးကို ပြပါ။
ဖြေ။ ပဉ္စဒွါရဝီထိ=ဒွါရ,အာရုံဆုံမိရာက စဖြစ်သောစိတ်ကို စဉ်သည်။
မနောဒွါရဝီထိ=အာရုံနှင့်မနောဒွါရ (ဘဝင်္ဂုပစ္ဆေဒ) ဆုံမိရာကစဖြစ်သောစိတ်ကိုစဉ်သည်။

မေး။ ဝိဘူတာရုံ အဝိဘူတာရုံ အဓိပ္ပါယ်ရှင်းပါ။
ဖြေ။ ဝိဘူတာရုံ=မနောဒွါရ၌ ဘဝင်္ဂုပစ္ဆေဒ၌ အထင်ရှားဆုံး အာရုံ။
အဝိဘူတာရုံ=မနောဒွါရ၌ ဘဝင်္ဂုပစ္ဆေဒ၌ မထင်ရှားတဲ့အာရုံ။
မေး။ ဝီထိစိတ္တာနိ တိဏေဝ ဂါထာ၌-တိဏိ၊ဒသ၊ကေစတ္တာလီသအရပြေပါ၊
ဖြေ။ တိဏိ=မ+ဇော+ရုံ=၃ ပါး။
ဒသ=မ+(ဇော၇)+ရုံ ၂=၁၀
ကေစတ္တာလီသ=မ+(ဇော ၂၉)+(ရုံ ၁၁)=၄၁။

မေး။ ပရိတ္တဇဝနဝါရ မည်ပုံ ပြေပါ။
ဖြေ။ ကာမဇော ဖြစ်သော ဝီထိကို အလှည့်ကျပြ (အပ္ပနာဇော မဟုတ်။)
မေး။ အပ္ပနာ မည်ပုံ ပြေပါ။
ဖြေ။ အာရုံ၌ ငူးငူး စိုက်စိုက် သက်ဝင်တတ်လို့ (သူ့အာရုံမှ သူ့အာရုံ။)
မေး။ ဝိဘူတာ ဝိဘူတဘာဝေ ဆိုသဖြင့် ၂ မျိုးလုံး မရှိဟု မှတ်ရမည်လော။
ဖြေ။ မမှတ်ရပါ၊ အာရုံ ထင်ရှားမှ ဖြစ်လို့ ဝိဘူတာရုံ ၁ မျိုးရှိသည်။
မေး။ အပ္ပနာဝီထိများ၌ တဒါရုံ မဖြစ်ခြင်းအကြောင်း ပြေပါ။
ဖြေ။ အပ္ပနာဇောနှင့် တဒါရုံ အာရုံပြားလို့ မဖြစ်ပါ။
တနည်း—အပ္ပနာဇောသည် တဒါရုံ မဖြစ်စေတတ်သောကြောင့်လည်းကောင်း တဒါရုံကို ဖြစ်စေတတ်သော ကံနှင့် မတူသောကြောင့် လည်းကောင်း မဖြစ်ပါ။

မေး။ အပ္ပနာဝီထိ၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူတို့၏ သဘောနှင့် တရားကိုယ်(သရုပ်)တို့ကို ဖော်ပြပါ။
ဖြေ။ ပရိကံ=အပ္ပနာကို ပြုပြင်ခြင်း (ဉာဏသမ္ပယုတ်ဇော၈) (ဇောဆိုလို့ ဝိပါက် မပါ။)

ဥပစာ=အပ္ပနာ၏ အနီး၌ဖြစ်ခြင်း (ဉာဏသမ္ပယုတ်ဇော ၈,)
အနုလုံ=ရှေ့ကပရိကံ၊နောက်ကဂေါတြဘူအားလျော်ခြင်း(၎င်းဂပင်)
ဈာန်ရှေ့ ဂေါတြဘူ=ကာမအနွယ်ကို နှိပ်စက်ခြင်း။
မဟဂ္ဂုတ်အနွယ်ကို ဖြစ်ပွားစေခြင်း (ဉာဏသမ္ပယုတ်ဇော ၈,)
မဂ်ရှေ့ဂေါတြဘူ=ပုထုဇဥ်အနွယ်ကို နှိပ်စက်ခြင်း။
အရိယာအနွယ်ကို ဖြစ်ပွားစေခြင်း (၎င်းဇော ၈ပင်၊)
ဝေါဒါန်=တဆင့်ထက် တဆင့် ဖြူစင်ခြင်း (အထက်မဂ္ဂ ဝီထိ ၃ ၌ ဂေါတြဘူကို နာမည်ပြောင်းသည်) (၎င်းဇော ၈,ပင်။)
အနုလုံ=ဖိုလ်နှင့် လျော်ခြင်း (ဖလသမာပတ္တိ ဝီထိ၌ စတုတ္ထအနုလုံ) (၎င်းဇော၈)

မေး။ အပ္ပနာ ဝီထိစိတ်များ၏ အာရုံကို ပြောပါ။

ဖြေ ။ ဈာန်အပ္ပနာဝီထိ၌ မ ပ ဥ နု ဂေါ ဈာန်တို့သည် သက်ဆိုင်ရာ ပညတ်ကို အာရုံပြု၊ (ပဥ္စမဈာန်သည် ပညတ် ၂၅ ကို အာရုံပြုစသည်)
မဂ္ဂအပ္ပနာဝီထိ၌ မ ပ ဥ နု တို့သည် တေဘူမက သင်္ခါရကို အာရုံပြု။ ၎င်း ဝီထိ၌ ဂေါတြဘူ(သို့)ဝေါဒါန်,မဂ်,ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုသည်။
ဖလသမာပတ္တိဝီထိ၌ မ နု နု နု တို့သည် တေဘူမကသင်္ခါရကို အာရုံပြု။ ၎င်းဝီထိ၌ စတုတ္ထနု, ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုသည်၊(တိက္ခဖြစ်အံ့ တတိယနု)

မေး။ တတ္တယာ်ဝါကျ၌ နာမေန၊ စတုက္ခတ္တုံ၊ တိက္ခတ္တုံ၊ ပဉ္စမံ၊ စတုတ္ထံ၊ ယထာရဟံတို့၏ အဓိပ္ပာယ်ကို ပြောပါ။

ဖြေ ။ နာမေန=ဉာဏသမ္ပယုတ်ဇောဂကို ပ, ဥ, နု, ဂေါ, အမည်ပေး၏။
စတုက္ခတ္တုံ=ပ ဥ နု ဂေါ ဟု မန္ဒ၌ ၄ ကြိမ်။
တိက္ခတ္တုံ=ဥ နု ဂေါ ဟု တိက္ခ၌ ၃ ကြိမ်။
ပဉ္စမံ=ပ, ဥ, နု, ဂေါ ၎င်း ၄ ကြိမ် နောက်၊ ၅ ကြိမ် မြောက်မှာ အပ္ပနာဟုပြ၊ (မန္ဒအတွက်)
စတုတ္ထံ=ဥ နု ဂေါ ၎င်း ၃ ကြိမ်နောက်၊ ၄ ကြိမ်မြောက်မှာအပ္ပနာ ဟုပြ (တိက္ခအတွက်)

ယထာရဟံ=စတုက္ကတ္တိုက်= ၄ ကြိမ်နောက်၊ ပဉ္စမံ=၅ ကြိမ်မြောက်မှာ အပ္ပနာ ။

တိကတ္တိုက်= ၃ ကြိမ်နောက်၊ စတုတ္ထံ= ၄ ကြိမ်မြောက်မှာ အပ္ပနာ။

မေး။ ယထာဘိနီဟာရဝသေန အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ သမထအားထုတ်သူ၏ အပ္ပနာဝီထိ၌ ဂေါတြဘုနောင် ဈာန်။
ဝိပဿနာအားထုတ်သူ၏ အပ္ပနာဝီထိ၌ ဂေါတြဘုနောင် မဂ်, ဖိုလ်။

မေး။ စတုက္ကတ္တိုက်နှင့် ပဉ္စမံ=၁ တွဲ၊
တိကတ္တိုက်နှင့် စတုတ္ထံ ၁ တွဲ၊ ၎င်း ၂ တွဲ အထူးကို ဖြေပါ။

ဖြေ ။ ပဌမတွဲ "မန္ဒ" ဉာဏ်နှံ့၍ နှေးနှေးနှင့် နည်းနည်းရ (နဲနဲ)
ဒုတိယအတွဲ "တိက္ခ" ဉာဏ်ထက်၍ မြန်မြန်နှင့် များများရ။

မေး။ ပ ဉ န ဂေါ သည် သောမနဿ ဖြစ်အံ့၊ ၎င်းနောက် အဘယ် အပ္ပနာနည်း။

ဖြေ ။ မဟဂ္ဂုတ် သောမနဿဇော ၈ (ရူပ=ကု,ကြိ ပ,ဒု,တ,စ, ဈာန်)
၊ လောကုတ္တရာ သောမနဿဇော ၃၂(လောကုတ္တရာပ,ဒု,တ, စဈာန်)၄၀

မေး။ ပ ဉ နှ ဂေါ သည် ဥပေက္ခာဖြစ်အံ့၊ ၎င်းနောက် ဘယ်အပ္ပနာနည်း။

ဖြေ ။ မဟဂ္ဂုတ်ဥပေက္ခာဇော ၁၀ (ရူပ,အရူပ,ကု,ကြိ,ပဉ္စမဈာန်)
လောကုတ္တရာဥပေက္ခာဇော ၈(လောကုတ္တရာ ပဉ္စမဈာန်) =၁၈ ဖြစ်။

မေး။ ပ ဉ နှ ဂေါ သည် ကုသိုလ်ဖြစ်အံ့၊ ၎င်းနောက် ဘယ်အပ္ပနာနည်း။

ဖြေ ။ မဟဂ္ဂုတ်ကုသိုလ်ဇော ၉ (ရူပ ၅ + အရူပ ၄)
မဂ်ကုသိုလ်ဇော ၂၀
အောက်ဖိုလ် ၃ ဇော ၁၅(သော၅ ၊ သာ၅ ၊ နာ၅) ၄၄ ဖြစ်။

မေး။ ပ ဉ နှ ဂေါ သည် ကြိယာဖြစ်အံ့၊ ၎င်းနောက် ဘယ်အပ္ပနာနည်း။

ဖြေ ။ မဟဂ္ဂုတ်ကြိယာဇော ၉ (ရူပ ၅ + အရူပ ၄)
အရဟတ္တဖိုလ်ဇော ၅ = ၁၄

မေး။ ဘာဖြစ်လို့ သောမနဿချင်း၊ ဥပေက္ခာချင်း၊ ကုသိုလ်ချင်း၊ ကြိယာ ချင်းသာ နှောင်းရသနည်း (ရှေ့နောက်ဖြစ်သနည်းဟူ)

ဖြေ ။ ဝေဒနာချင်း၊ ဇာတ်ချင်းတူမှသာ အာသေဝနပစ္စည်းတပ်လို့။

မေး။ ဟေဋ္ဌိမဉ္စဖလတ္တယံ နှင့် အရဟတ္တဖလတ္တယံ တို့ကို ရှင်းပါ။

ဖြေ။ ဖလသမာပတ္တိဝီထိကို ရည်ညွှန်းပါသည်၊ (၎င်းဝီထိမှာသာ ဂေါတြဘူ အမည်ပြောင်း၊ အနုလုံနှင့် ရှေ့နောက်ဖြစ်ကြလို့)

မေး။ ဒွတ္တိံသ သုခပုည မှာ ဂါထာကို ရှင်းပါ။

ဖြေ။ သုခပုညမှာ=ဉာဏသမ္ပယုတ်ကုသိုလ်ဇော ၂ ခု နောက်-

ဒွတ္တိံသ=ကုသိုလ်မဟဂ္ဂုတ်သောမနဿဇော၄ (ရူပကုပ,ဒု,တ,စများနှ်)
မဂ်သောမနဿဇော ၁၆ (မဂ် ပ,ဒု,တ,စများနှ်)
အောက်ဖိုလ် ၃ သောမနဿဇော ၁၂(ပ,ဒု,တ,စ)=၃၂။

ဥပေက္ခာ(ပုည)=ကုသိုလ်ဥပေက္ခာဇော ၂ ခုနောက်-

ဒွါဒသ=ကုသိုလ်မဟဂ္ဂုတ်ဥပေက္ခာဇော ၅ (ရူပ,အရူပ,ပဉ္စမများနှ်)
မဂ် ဥပေက္ခာဇော ၄ (ပဉ္စမများနှ်သာ)
အောက်ဖိုလ် ၃ ဥပေက္ခာဇော ၃ (ပဉ္စမများနှ်)=၁၂

သုဝိတကြိယတော=ဉာဏသမ္ပယုတ်ကြိယာဇော ၂ ခု နောက်-

အဋ္ဌ=ကြိယာမဟဂ္ဂုတ်သောမနဿ ဇော ၄ (ရူပကြိ ပ, ဒု, တ, စ များနှ်)
အရဟတ္တဖိုလ် သောမနဿဇော ၄ (ပ,ဒု,တ,စ များနှ်=၈။

ဥပေက္ခာကြိယတော ဉာဏသမ္ပယုတ် ဥပေက္ခာ ကြိယာဇော ၂ ခု နောက်။

ဆ=ကြိယာ မဟဂ္ဂုတ် ဥပေက္ခာဇော ၅ (ရူပ, အရူပ ပဉ္စမ များနှ်)
အရဟတ္တဖိုလ် ဥပေက္ခာဇော ၁ (ပဉ္စမများနှ်သာ)=၆။

မေး။ ပုထုဇ္ဇနာနသေက္ခာနံကာမပုည ဂါထာကို ရှင်းပါ။ (ဝါကျခွဲပါ)

ဖြေ။ ၁။ ကာမပုညတိဟေတုတော=တိဟိတ်ပုထုဇဉ်အား

ကုသိုလ်ဉာဏသမ္ပယုတ်ဂေါတြဘူဇော ၄နောင်(တိဟိတ်လည်းခေါ်)
အပ္ပနာ=မဟဂ္ဂုတ်ကုသိုလ် အပ္ပနာဇော ၉
သောတာပတ္တိမဂ်အပ္ပနာဇော ၁=၁၀

၂။ **သေက္ခါနံကာမပုညတိဟေတုတော=အောက်ဖလဋ္ဌာန်** ၃ယောက်တို့အား ကုသိုလ်ဉာဏသမ္ပယုတ် တိဟိတ်ဇော ၄ခုနှောင်။

အပ္ပနာ=မဟဂ္ဂုတ်ကုသိုလ်အပ္ပနာဇော ၉
အထက်မဂ် ၃ အပ္ပနာဇော ၁၅
အောက်ဖိုလ် ၃ အပ္ပနာဇော ၁၅-၃၉ ဖြစ်နိုင်။

၃။ **ဝိတရာဂါနံ တိဟေတုကာမကြိယတော=ရဟန္တာအား** ကြိယာ ဉာဏသမ္ပယုတ် တိဟိတ်ဇော ၄ခုနှောင်။
အပ္ပနာ=မဟဂ္ဂုတ်ကြိယာ အပ္ပနာဇော ၉
အရဟတ္တဖိုလ် အပ္ပနာဇော ၅ ၁၄(ဖလသမာ ပတ္တိဖိုလ်သာ)

မေး။ အာရုံနှင့်ဝိထိစိတ်များကို ဝေဘန်ပြပါ။

ဖြေ။

အနိဋ္ဌာရုံ	ဣဋ္ဌာရုံ(ဣဋ္ဌာမဇ္ဈတ္တာရုံ)	အတိဣဋ္ဌာရုံ
ပဉ္စဝိညာဏ်(အကု,ဝိ)	ပဉ္စဝိညာဏ်(ကု,ဝိ)	ပဉ္စဝိညာဏ်(ကု,ဝိ)
သမ္ပဋိစ္ဆိုင်း(အကု,ဝိ)	သမ္ပဋိစ္ဆိုင်း(ကု,ဝိ)	သမ္ပဋိစ္ဆိုင်း(ကု,ဝိ)
သန္တီရဏ(အကု,ဝိ)	သန္တီရဏ(ကု,ဝိ)	သန္တီရဏ(ကု,ဝိ)
တဒါရုံ(အကု,ဝိ,ဥ,န္တာ)	တဒါရုံ(ကု,ဝိ,ဥ=၅)	တဒါရုံကု,ဝိ,သော၅

အမှာ။ ပဉ္စဒွါရပေါက်နှင့်၊ မနောဒွါရပေါက်နှင့်တို့သည် ဝိထိစိတ်တွင်ပါဝင်သော်လည်း၊ ခရုက်သာဖြစ်၍ ဝေဘန်ခြင်းမပြုလို၊ ဘယ်အခါမျှကွေ့ကွေ့ ဖြစ်ကြသည်သာ။

မေး။ ကုသိုလ်,အကုသိုလ်ဇော မပြုပါပဲ ဘာဖြစ်လို့ တဒါရုံမြဲသနည်း။

ဖြေ။ ကံ၏အကျိုးမျှသာဖြစ်၍ အာရုံကို ခွဲခြားမယူတတ်လို့ (ဘလောင်း ဘလဲမလုပ်တတ်လို့) အရှိ အရှိ အတိုင်းသာယူသဖြင့် မြဲသည်။

မေး။ ဘယ်ဇောနှောင် ဘယ်တဒါရုံ ဖြစ်ပါသနည်း။

ဖြေ။ သောမနဿကြိယာဇောနှောင် ဥပေက္ခာတဒါရုံ (ဝိပ္ပလ္လာသကင်းသည့် ရဟန္တာဖြစ်လို့)

အမှာ=ကုသိုလ်,အကုသိုလ်ဇော မှတ်လို့မရ (ဝိပ္ပလ္လာသမကင်းသော ပုထုဇဉ်, သေက္ခသန္တာန် ဖြစ်၍ မနသိကာရ မမှန်လို့)

သဒ္ဓါမရှိသူ ဘုရားတွေ့ ဥပေက္ခာ။
သဒ္ဓါရှိသူ ဘုရားတွေ့ သောမနဿ။
တိတ္ထိများ ဘုရားတွေ့ ဒေါမနဿဖြစ်ကြသလို။

မှတ်ချက်။ ဝိပါက်အမှန် ဇောအပြန် ရှေးစကားသည် ကြိယာဇောနှင့် မဆိုင်။

မေး။ ဒေါသဇောနောင် ဘယ်တဒါရုံ ဘယ်ဘဝင် ဖြစ်သနည်း။

ဖြေ။ ဥပေက္ခာတဒါရုံ ၆
ဥပေက္ခာဘဝင် ၆သာ (ဆန့်ကျင်ဘက်ဖြစ်လို့ သောမနဿမဖြစ်)

မေး။ သောမနဿ ပဋိသန္ဓေနေသူအား ဒေါသဇောစောလျှင် အဘယ်ဘဝင် နည်း။

ဖြေ။ ဥပေက္ခာသန္တီရဏ အာဂန္တုကဘဝင် (စာကိုယ်အလို ဥပေက္ခာသန္တီ ရဏစိတ်)

မေး။ အာဂန္တုကဘဝင်၏ အာရုံကား အဘယ်နည်း။

ဖြေ။ လေ့ကျင့်ဘူးသော ကာမအာရုံ (ကာမ စိတ်စေတသိက်ချုပ်)

မေး။ သောမနဿ ပဋိသန္ဓေ နေသူအား ဒေါသဇောနောင် ဘာဖြစ်လို့ သောမနဿ ဘဝင် မဖြစ်သနည်း။

ဖြေ။ ပဋိသန္ဓေနှင့်တူတဲ့သောမနဿဘဝင်ဖြစ်အံ့ ဒေါသဇောနှင့်ဆန့်ကျင်၏။ ဥပေက္ခာ ဘဝင်ဖြစ်အံ့ ပဋိသန္ဓေနှင့် တူရမည်ဆိုတဲ့ စည်းကမ်းနှင့် မညီပြန်။

မေး။ အာဝဇ္ဇန်း ကင်းဖြစ်တဲ့ စိတ်များကို ရေတွက်ပြပါ။

ဖြေ။ ဥပေက္ခာသန္တီရဏအာဂန္တုကစိတ်။
နိရောဓသမာပတ်မှ ထသူ၏ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်။
ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်း=ပေါင်း၅ပါး။

မေး။ တဒါရုံဖြစ်ခြင်း၏ အင်္ဂါကို အကြောင်းပြ၍ ဖြေပါ။

ဖြေ။ ကာမဇောနောင်တဒါရုံဖြစ် (ကာမတဏှာ အခြေခံတဲ့ ကံကြောင့် ဖြစ်လို့။)
ကာမသတ္တဝါဖြစ်ခြင်း(ကာမပဋိသန္ဓေ မျိုးစေ့ရှိလို့)
ကာမအာရုံဖြစ်ခြင်း(လေ့ကျက်ဘူးလို့)

မေး॥ ကာမဇောများ၏ အကြိမ်ကို ဝေဖန်ပြပါ။

ဖြေ॥ ရိုးရိုးအချိန်မှာ ၇
မုစ္ဆာကာလ(သတိမလစ်တလစ်) ၆
မရဏာသန္နအချိန်(အားနည်းလို့) ၅
မုစ္ဆာကာလ (သတိလစ်) (အားနည်းလို့) ၅
အလျင်အမြန် အလိုရှိ ပစ္စဝေက္ခဏာ(ဘုရား) ၄ (ယမက တန်ခိုးပြ)
အလျင်အမြန်အလိုရှိ ပစ္စဝေက္ခဏာ(ရဟန္တာ) ၅

မေး॥ အပ္ပနာဇောများ၏ အကြိမ်ကို ဝေဖန်ပြပါ။

ဖြေ॥ အာဒိကမ္မိက(စျာန်ရစ)စျာန်ဇော ၁ ကြိမ်။
အဘိညာဉ်ဇော ၁ ကြိမ် (၁ကြိမ်ဖြင့် တန်ခိုးဖန်ဆင်းခြင်းကိစ္စ ပြီးလို့)
စျာနသမာပဇ္ဇနာ၌ စျာန်ဇောများစွာ(နေ့ညဉ့်ဖြစ်လို့)
နေဝသညာ နာသညာယတနဇော ၂ကြိမ် (နိရောဓသမာပတ်အခိုက်)
မဂ်ဇော ၁ ကြိမ် (၁ကြိမ်ဖြင့် ကိလေသာပယ်ခြင်းကိစ္စ ပြီးလို့)
မဂ္ဂါနန္တရဖိုလ်ဇော ၂-၃ကြိမ်။
ဖလသမာပတ် ဖိုလ်ဇောများစွာ (နေ့ညဉ့်ပတ်လုံးဖြစ်လို့)
အနာဂါမိဖိုလ်,အရဟတ္တဖိုလ် ၁ ကြိမ် (နိရောဓသမာပတ်အခိုက်)

မေး॥ နိရောဓသမာပတ်မှထကြ၌ ဘာကြောင့် အနာဂါမိဖိုလ်,အရဟတ္တဖိုလ်သာ ဖြစ်သနည်း။

ဖြေ॥ အနာဂါမ်,ရဟန္တာသာ နိရောဓသမာပတ် ဝင်စားနိုင်လို့။

မေး॥ အနာဂါမ်,ရဟန္တာတိုင်း နိရောဓသမာပတ်ကို ဝင်စားနိုင်ပါသလား။

ဖြေ॥ သမာပတ် ၈ ပါး(သို့)၉ပါး ရသော ပုဂ္ဂိုလ်မှသာ ဝင်စားနိုင်သည်။

မေး॥ ပုဂ္ဂိုလ်တို့၏ အမည်ရခြင်းအကြောင်း ပြပါ။

ဖြေ॥ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ဒုဂ္ဂတိအပါယ်၌ အဟိတ်အကုသလဝိပါက်, ဥပေက္ခာသန္တီရဏဖြင့် ပဋိသန္ဓေနေလို့။
သုဂတိအဟိတ်ပုဂ္ဂိုလ် သုဂတိဘုံ၌ အဟိတ်ကုသလဝိပါက်, ဥပေက္ခာ သန္တီရဏဖြင့် ပဋိသန္ဓေနေလို့။
ဒွိဟိတ်ပုဂ္ဂိုလ် မဟာဝိပါက်, ဉာဏဝိပ္ပယုတ်, ဒွိဟိတ်ပဋိသန္ဓေ နေလို့။
တိဟိတ်ပုဂ္ဂိုလ်–တိဟိတ်ပဋိသန္ဓေ ၁၃ ဖြင့် ပဋိသန္ဓေ နေလို့ (မဟာ ဝိပါက် ဉာဏသမ္ပယုတ် ၄ + မဟဂ္ဂုတ် ဝိပါက် ၉)
၎င်းတိဟိတ် ၉ ယောက်ထဲက မဂ်ရသူကို မဂ္ဂဋ္ဌာန်–မဂ်ဖြင့်အမည်ပေး။
ဖိုလ်ရသူကို ဖလဋ္ဌာန်=ဖိုလ်ဖြင့် အမည်ပေး။

မဂ်ဖိုလ်မရသူကို ပုထုဇဉ်ခေါ်။

မေး။ ပဋိသန္ဓေနှင့် စိတ်ကို ဝေဖန်ပြပါ။

ဖြေ။ ဒုဂ္ဂတိအဟိတ်မှာ အကုသိုလ် ၁၂
အဟိတ် ၁၇(ဟသိတြဉ်)
မဟာကုသိုလ် ၈=၃၇

သုဂတိအဟိတ်မှာ ၎င်း ၃၇
မဟာဝိပါက်ဝိပ္ပယုတ် ၄=၄၁ ရ၏။

ဒွိဟိတ်မှာ၎င်း ၄၁ ပင်။

တိဟိတ်မှာပုထုဇဉ်မှာ၎င်း ၄၁
မဟာဝိပါက်ဉာဏသမ္ပယုတ် ၄
မဟဂ္ဂုတ်ကုသိုလ် ၉=၅၄ ရ၏။

သောတာပန်မှာ ၎င်း ၅၄ထဲက၄ ၉ (ဒိဋ္ဌိသမ္ပယုတ်၄ +ဝိစိကိစ္ဆာကြဉ်)

သောတာပတ္တိဖိုလ် ၁=၅၀ ရ၏။

သကဒါဂါမ်မှာ ၎င်း ၅၀ ပင် (ဖိုလ်ချင်းပြောင်း)

အနာဂါမ်မှာ ၎င်း ၅၀ တွင် ဒေါသမူကြဉ် ဖိုလ်ချင်းပြောင်း ၄၈ ရ။

ရဟန္တာမှာ အဟိတ်စိတ် ၁၈
မဟာဝိပါက်စိတ် ၈
မဟာကြိယာစိတ် ၈
မဟဂ္ဂုတ်ကြိယာစိတ် ၉
အရဟတ္တဖိုလ် ၁=၄၄ ရ၏။

မဂ္ဂဇောသန် ၄ ယောက်မှာ ဘူမ ၁ ခုစီသာ(မဂ်ရခိုက်သာ မဂ်ပဋိသန္ဓေ ခေါ်လို့)

မေး၊ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်,ဒွိဟိတ်တို့မှာ ဘာ့ကြောင့် အပ္ပနာဇော မရသနည်း၊

ဖြေ။ ဝိပါကန္တရာယ်ကြောင့် မရပါ၊ (ပဋိသန္ဓေဝိပါက်ညံ့လို့)

မေး။ ဒုဂ္ဂတိ,သုဂတိ အမည်တပ်ခြင်းအကြောင်း ဖြေပါ။

ဖြေ။ အပါယ်ဆိုတဲ့ ဒုဂ္ဂတိဘုံဖြစ်လို့ ဒုဂ္ဂတိ (မကောင်းမှုပြုသူတို့၏လားရာ) ကာမသုဂတိဘုံဖြစ်လို့ သုဂတိခေါ် (ကောင်းမှုပြုသူတို့၏လားရာ)

မေး။ ဒုဂ္ဂတိ, သုဂတိအဟိတ်, ဒွိဟိတ် တို့မှာ ဘာဖြစ်လို့ ဉာဏသမ္ပယုတ် ဝိပါက် မရသနည်း။ ဉာဏဝိပ္ပယုတ်ဝိပါက်ရသနည်း။

ဖြေ။ မူလပဋိသန္ဓေ ရုပ်ထွေးလို့ (ဉာဏ်ကင်း၍ မိုက်လို့) ဉာဏသမ္ပယုတ်ဝိပါက်မရပါ။
ပဝတ္တိအခါ အထူးထူးသောကံကြောင့် ဖြစ်တဲ့ ဘဒါရုံ ဖြစ်ခွင့်ရှိလို့ ဉာဏဝိပ္ပယုတ်ရ၏။

မေး။ ရဟန္တာမှာ ဘာဖြစ်လို့ ကုသိုလ် အကုသိုလ်ဇော မဖြစ်သနည်း။

ဖြေ။ ဝဋ်မြစ်ပြတ်ပြီးလို့ မဖြစ်တော့ပါ။

မေး။ ကာမဘုံ၌ ဘာဖြစ်လို့ ဝိထိစိတ် ၈၀ လုံး ရသနည်း။

ဖြေ။ ဒွါရ ၆ပါး ပုဂ္ဂိုလ် ၁၂ယောက် အပြည့်အစုံရလို့ ၈၀ဖြစ်သည်။

မေး။ ရူပဘုံ စိတ်ရကို အကြောင်းနှင့်တကွဖြေပါ။

ဖြေ။ ဒေါသမူ ၂ကြည် (အမြဲနိဝရဏ ဖြစ်လို့ပယ်) (အရူပဘုံ၌လည်း ငင်းနည်းပင်)
မဟာဝိပါက်၈ကြည် (တဒါရုံ၏ ဥပနိဿယ ပဋိသန္ဓေမျိုးစေ့မရှိလို့ ပယ်)အရူပဘုံ၌လည်း ငင်းအတိုင်းပင်)
ဃာနာဒိဝိညာဏ် ၆ကြည်=ပေါင်း ၁၆ကြည် "၆၄" ရူပဘုံဖြစ်။

အပှာ။ ကာမဝိရာဂအခြေခံဘာဝနာဖြင့် ဃာနဒိဝိညာဏ်ကို ပယ်သည်။

မေး။ ရူပဘုံ၌ စက္ခုဝိညာဏ်,သောတဝိညာဏ်ဖြစ်ခြင်းအကြောင်းကို ဖြေပါ။

ဖြေ ရူပဗြဟ္မာများ စက္ခုန္ဒြေ, သောတိန္ဒြေဖြစ်ရန် အာနုဘော်ကြီးလို့။

မေး။ ရူပဘုံ၌ သမ္ပဋိစ္ဆိုင်းစသည် ဘာဖြစ်လို့ ဖြစ်သနည်း။

ဖြေ ။ စက္ခုဒွါရဝိထိ,သောတဒွါရဝိထိတို့၌သမ္ပဋိစ္ဆိုင်းစသော ဝိထိစိတ်များ အဖြစ်မြဲလို့ သမ္ပဋိစ္ဆိုင်းစသည် ဖြစ်ပါသည်။

မေး။ အရူပဘုံ၌ ဖြစ်သော စိတ်ကို ဖြေပါ။

ဖြေ။ လောဘမူ ၈
ဓောဟမူ ၂
မနောဒွါရာဝဇ္ဇန်း ၁
မဟာကုသိုလ် ၈
မဟာကြိယာ ၈
အရူပကုသိုလ် ၄
အရူပကြိယာ ၄
လောကုတ္တရာ ၇ (သောတာပတ္တိမဂ်ကြည်)=၄၂(မှိမမှိ ငင်းပင်)

မေး။ အရူပဘုံ၌ ပယ်သောစိတ်များကို အကြောင်းနှင့်တကွ ဖြေပါ။

ဖြေ။ သောတာပတ္တိမဂ်ကြည့် (ပရတောဃောသပစ္စည်းကို မရလို့။)
ရူပါဝစရကိုကြည့် (ရူပဝိရာဂ အခြေခံ ဘာဝနာဖြင့်ပယ်လို့။)
ဟသိတုပ္ပါဒ်ကိုကြည့် (ကိုယ်မရှိလို့)
အောက် အောက်သော အရူပကြည့် (အထက်၊ အထက် ဘာဝနာဖြင့် ပယ်လို့။)

မေး။ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ=အောက် အောက် အရူပ ပယ်ပုံကိုဖြေပါ။

ဖြေ။ ဒုတိယအရူပဘုံ၌ ပဌမ အရူပစိတ်ကို ပယ်။
တတိယ အရူပဘုံ၌ ပဌမအရူပ, ဒုတိယအရူပစိတ်ကို ပယ်။
စတုတ္ထအရူပဘုံ၌ ပဌမ, ဒုတိယ, တတိယအရူပစိတ်ကို ပယ်။

မေး။ ပသာဒနှင့် ဒွါရ တူမတူ ဖြေပါ။

ဖြေ။ တူပါသည်၊ (ထို့ကြောင့် ပသာဒ မရှိလျှင် ၎င်းနှင့် ပတ်သက်သည့် ဒွါရိကစိတ်များလည်း မရှိပါ)

မေး။ အသညသတ္တာနံ၌ သတ္တထည့်ခြင်းအကြောင်း ဖြေပါ။

ဖြေ။ စိတ်မရှိ၍ သတ္တဝါဟု မထင်မည်စိုးလို့ သတ္တကိုထည့်သည်။

မေး။ အသညသတ်ဘုံ၌ စိတ်မရှိခြင်း အကြောင်းကို ဖြေပါ။

ဖြေ။ သညာဝိရာဂအခြေခံ ဘာဝနာဖြင့်ပယ်လို့မဖြစ်ပါ(မိ စိတ္တံ=အခြေခံ)

မေး။ ယာဝတာယုကံ အဗ္ဗောစ္ဆိန္နာသည် မုချ ဟုတ် မဟုတ်။

ဖြေ။ မုချ မဟုတ်ပါ၊ (ယေဘုယျ) နိရောဓ သမာပတ် ဝင်စားသူမှာ စိတ် မဖြစ်လို့။

မေး။ ဘုံ ပုဂ္ဂိုလ် စိတ်ရကို ဖြေပါ။

ဖြေ။ ဘုံ ပုဂ္ဂိုလ် စိတ်ရ ဇယားကို ဝီထိပိုင်းအဆုံး ပြန်ကြည့်ပါ။

ဝီထိပိုင်းပြီးပြီ။

ဝီထိမုတ်ပိုင်း

အနုသန္ဓေနှင့်ပဋိညာဉ်

၁။ ဝီထိစိတ္တဝသေနေဝံ၊ ပဝတ္တိယံ မုဒီရိတော။
ပဝတ္တိသင်္ဂဟော နာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။ ။

ဝီထိစိတ္တာသေန=ဆိုပြီး ဝီထိပိုင်းကို ဝီထိစိတ်ဖြင့်သာ ပြခဲ့။
ပဝတ္တိယံ=၁ ဘဝတွင် ပဋိသန္ဓေအချိန်နှင့် စုတိအချိန်ချန်၊ ကျန်တဲ့ အချိန်
သည် "ပဝတ္တိ"
ပဝတ္တိသင်္ဂဟော=ဆိုပြီးအပိုင်း၏အမည် (ပဝတ္တိ၊ ပဝတ္တိသင်္ဂဟ)
သန္ဓိယံ=စုတိအချိန် ပဋိသန္ဓေအချိန် ၂ချိန်လုံးကိုယူ စုတိပြီး ပဋိသန္ဓေ ဖြစ်လို့
(၎င်း ၂ချိန်လုံးဟူလို)
အမှာ=၎င်းသန္ဓိယံဖြင့်ပင် ဤအပိုင်းကို "ပဋိသန္ဓိ ပဝတ္တိသင်္ဂဟ" အမည်ပေး။
မှတ်ချက်=၁။ ပဝတ္တိ ပဝတ္တိသင်္ဂဟ-ပဝတ္တိအခါ ဖြစ်တဲ့စိတ် များကို စုပြ။
၂။ ပဋိသန္ဓိပဝတ္တိသင်္ဂဟ=စုတိအချိန် ပဋိသန္ဓေအချိန်မှာ ဖြစ်သော ဝီထိမုတ်စိတ်များကိုစုပြ။

စတုက္က ၄ ပါး မာတိကာ (ခေါင်းစဉ်)

၂။ စတဿော ဘူမိယော၊
စတုဗ္ဗိဓာ ပဋိသန္ဓိ၊
စတ္တာရိ ကမ္မာနိ၊
စတုဓာ မရဏုပ္ပတ္တိ စေတိ ဝီထိမုတ္တသင်္ဂဟေ စတ္တာရိ စတုက္ကာနိ ဝေဒိတဗ္ဗာနိ။

ဘူမိ သတ္တဝါတို့၏ ဖြစ်ရာဌာန (နေရာလည်းဟူ)
ပဋိသန္ဓိ ဘဝဟောင်းနှင့် ဘဝသစ် စပ်ပေးခြင်း။
ကမ္မာနိ=ပြုပြင်တတ်သောကံ (ကု၊ အကု၊ စေတနာ)
မရဏုပ္ပတ္တိ=သေပုံ သေနည်း (သေချိန်မှာ စိတ် စေတသိက် ဖြစ်ပုံ)
ဝီထိမုတ္တသင်္ဂဟေ=ပဋိသန္ဓေအချိန် ပဝတ္တိအချိန် ဖြစ်တဲ့ ဝီထိမုတ်စိတ်များကို
စုပြတဲ့ "ဤဝီထိမုတ်ပိုင်း"
(ဝီထိမုတ်စိတ်=ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ်)

မုချဝိထိမုတ်ပိုင်း=ပဋိသန္ဓိစတုက္ကနှင့် မရဏုပ္ပတ္တိစတုက္က ၂ မျိုးသာ။
ဥဒ္ဒေသနူပစာ ဝီထိမုတ်ပိုင်း=ဘူမိစတုက္ကသာ။ (နေရာ၏ ဘူမိအမည်ကို စိတ်၌မှည့်
ခေါ်လို့)
ကာရဏူပစာ ဝီထိမုတ်ပိုင်း=ကမ္မစတုက္က အကြောင်း၏ကမ္မအမည်ဖြင့် မှည့်လို့။

ဘူမိစတုက္က(ဘုံ ၄မျိုး)

၃။ တတ္ထ အပါယဘူမိ, ကာမသုဂတိဘူမိ, ရူပါဝစရဘူမိ, အရူပါဝစရဘူမိ, စေတိ စတဿော ဘူမိယော နာမ။

အပါယဘူမိ=ချမ်းသာကြောင်း ကောင်းမှု မပြုသူတို့၏ နေရာ (ယေဘုယျ မကျွတ်ကနတ်သား စသည်ကိုထောက်)
ကာမသုဂတိဘူမိ=ကာမတဏှာ၏ နှစ်သက်ရာ တင့်တယ်သော ဘုံ။
ရှင်း= စည်းစိမ်များစွာတို့၏ တည်ရှိရာ ဖြစ်လို့ တင့်တယ်။
ရူပါဝစရဘူမိ=ရူပတဏှာ၏ နှစ်သက်ရာ ဘုံ။
အရူပါဝစရဘူမိ=အရူပတဏှာ၏ နှစ်သက်ရာဘုံ။

၄။ တာသု နိရယော, တိရစ္ဆာနယောနိ, ပေတ္တိဝိသယော, အသုရကာယော စေတိ အပါယဘူမိ စတုဗ္ဗိဓာဟောတိ။

နိရယော=ချမ်းသာမှလွတ်တဲ့ ဘုံ၊ချမ်းသာ လုံးဝမရှိတဲ့ဘုံ(အချိန်ပြည့်ဆင်းရဲ)
တိရစ္ဆာနယောနိ=မင်္ဂဖိုလ်မှ ဖီလာကန့်လန့်သွားတို့ ဘုံ။
ယောနိ=ခန္ဓာကိုယ်။ (ဘုံသီးခြားမရှိ။ ၎င်းတို့၏ ကိုယ်ခန္ဓာသည်ပင် ၎င်းတို့၏ ဘုံဟု အမည်ပေး)
အမှာ=မရောယှက်သော်လည်း ဇာတ်တူသည်၏ အဖြစ်ဖြင့် ရောယှက်သကဲ့သို့ ဖြစ်လို့ "ခန္ဓာကိုယ်"ကိုယောနိခေါ်။
ပေတ္တိဝိသယ=ချမ်းသာမှ ဝေးသူတို့၏ ဘုံ။ (ဘုံသီးခြားမရှိ၍ ဘုံမရှိဟု ထင်မည်စိုးလို့ "ဝိသယ" ဖြင့် အမည်ပေး၊ (ခန္ဓာ၏ ဖြစ်ရာသည်ပင် ဘုံဟူလို)
ဝါဒ=တိရစ္ဆာန်, ပြိတ္တာတို့၏ အမြဲနေရာ ဖြစ်သော တော, တောင်ခြေရင်း စသောအရပ်ဒေသကို တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ ဟု ခေါ်ကြသေး၏။
အသုရကာယော=မဘောက်ပြသူတို့၏ ဘုံ (အစိုးရခြင်း, မြူးတူးခြင်း မရှိလို့)
အသုရာ ၂မျိုး=၁။ ပြိတ္တာအသုရာ။
၂။ နတ်အသုရာ၊ ဤ၌ပြိတ္တာအသုရာကိုယူ။

နတ်အသုရာ=သုရာခေါ် တာဝတိံသာ နတ်တို့၏ ဆန့်ကျင်ဘက် နတ်များ (၎င်းတို့ကို တာဝတိံသာ၌သွင်း)

ကာယော=ကိုယ်ခန္ဓာသည်ပင် ၎င်းတို့၏ ဘုံဟု သိစေလို၍ ကာယဖြင့် အမည်ပေး)

၅။ **မနုဿာ, စာတုမဟာရာဇိကာ, တာဝတိံသာ, ယာမာ, တုသိတာ နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ စေတိ ကာမသုဂတိဘူမိ သတ္တဝိဓာ ဟောတိ။**

မနုဿဘူမိ=မြင့်မြတ်သောစိတ် ရှိသူတို့၏ နေရာ။ (လူ့ဘုံဟူ၏)

အမှာ=ဇမ္ဗူဒိပ်ကျွန်းက လူများသည် "မုချ" အားဖြင့် "မနုဿ" (လူ) မြင့်မြတ်သော စိတ်ဓာတ် မရှိသူနှင့် အခြားကျွန်းက လူများသည် "သဒိသူပစာ" အားဖြင့် "မနုဿ" မည်။ အဆင်းသဏ္ဌာန် စသည်တူလို့။

သဒ္ဒါသရာ ကမ္ဘာဦး မနုမင်း၏သား ဖြစ်လို့ မနုဿ (၎င်း၏နေရာမနုဿဘုံ)

စာတုမဟာရာဇိကာဘူမိ - နတ်မင်းကြီး လေးယောက်တို့၏ အစေ အပါး နတ်တို့၏ နေရာ။

တနည်း=နတ်မင်းကြီး လေးယောက်ပိုင် နေရာမှာ နေသော နတ်တို့၏နေရာ။

တာဝတိံသာဘူမိ=မာဃအမျိုး၌ နတ် ၃၃ ယောက်တို့ အဦးဆုံးနေတဲ့နေရာ။

အမှာ=အခြားစကြာဝဠာက တာဝတိံသာ နတ်ဘုံများသည် "သဒိသူပစာ" (တာဝ, တေတ္တိံသ=ကာလ ရွှေ့လျော့လို့ တာဝတိံသာ ဖြစ်)

ယာမာဘူမိ -ဆင်းရဲကင်းသော နတ်တို့၏နေရာ။

တုသိတာဘူမိ=မိမိ၏ ကြက်သရေပြည့်စုံမှုကို အားရနှစ်သက်သော နတ်တို့၏ နေရာ။

နိမ္မာနရတိဘူမိ=အာရုံကို ကိုယ်တိုင် ဖန်ဆင်းပြီး မွေ့လျော်ပျော်ပါးတဲ့ နတ်တို့၏နေရာ။

ပရနိမ္မိတဝသဝတ္တိဘူမိ=သူများ ဖန်ဆင်းပေးသော အာရုံ၌ မွေ့လျော်ပျော်ပါးတဲ့ နတ်တို့၏ နေရာ။

၆။ **သာ ပနာယ, မေကာဒသဝိဓာပိ ကာမာဝစရဘူမိစ္စေဝ သခ်ံ ဂစ္ဆတိ။**

ကောဒသ= အပါယ် ၄ဘုံ
ကာမသုဂတိ= ၇ ဘုံ=ပေါင်းကာမ=၁၁ဘုံ။

သတိ=သုဂတိနှင့်တွဲ ကာမသုဂတိ=၇ဘုံသာ။
သုဂတိနှင့် မတွဲကာမ=၁၁ဘုံ(မှားတတ်လို့ ၂ ထပ်ပြ)

ရူပ ၁၆ ဘုံ

၇။ **ပြဟ္မပါရိသဇ္ဇာ, ပြဟ္မပုရောဟိတာ မဟာပြဟ္မာ စေတိ ပဌမဇ္ဈာနဘူမိ။**

ပြဟ္မာ=ဈာန်စသော ဂုဏ်တို့ဖြင့် ကြီးကျယ်တဲ့ ပုဂ္ဂိုလ် (ကာမဘုံသားထက် ကြီးကျယ်)

ပြဟ္မပါရိသဇ္ဇာဒဲ့=ပြဟ္မ=ပဌမဈာန် ၃ ဘုံကို အုပ်ချုပ်တဲ့ ပြဟ္မာကြီးများ။

ပါရိသဇ္ဇာဘူမိ=အုပ်ချုပ်ခံ ပြဟ္မာများ၏ နေရာ (ပါရိသဇ္ဇာ=အုပ်ချုပ်ခံ ပရိသတ်)

ပြဟ္မပါရိသဇ္ဇာဘူမိ= အုပ်ချုပ်သူ ပြဟ္မာကြီး တို့၏ လက်အောက်ခံ ဖြစ်တဲ့ အုပ်ချုပ်ခံပြဟ္မာတို့၏နေရာ (ဆင်းရဲသားရပ်ကွက်ဟူလို)

ပြဟ္မပုရောဟိတာဘူမိ=အုပ်ချုပ်တဲ့ ပြဟ္မာကြီးတို့၏ အတိုင်ပင်ခံ ပုရောဟိတ် ပြဟ္မာတို့၏ နေရာ။ (အမှုထမ်းရပ်ကွက်)

မဟာပြဟ္မာဘူမိ=အုပ်ချုပ်သူမဟာပြဟ္မာကြီးတို့၏နေရာ (အစိုးရရပ်ကွက်)

အမှာ=အဆင်း သက်တမ်းစသည်တို့ဖြင့် ယခင် ပြဟ္မာ ၂မျိုးထက် သာသည်။ (၃ဘုံ တပြေးတည်းတည်၊ နိမ့်မြင့် မဟုတ်)

၈။ **ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ စေတိ ဒုတိယဇ္ဈာနဘူမိ။**

ပရိတ္တာဘာ=အထက် ပြဟ္မာတို့အောက် နည်းသော အရောင် ရှိသော ပြဟ္မာ။

အပ္ပမာဏာဘာ=မနိုင်းယှဉ်အပ်သော အရောင်ရှိသော ပြဟ္မာ။

အာဘဿရာ=ပြိုးပြိုးပြက် အရောင်ထွက်သော ပြဟ္မာ။

အမှာ=သပ္ပီတိက ဈာန်ကြောင့် ဖြစ်သော ခန္ဓာကိုယ်ဖြစ်၍ အရောင်ပိုထွက်။ (၃ ဘုံ တပြင်တည်း တည် နိမ့်မြင့် မဟုတ်)

၉။ ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာစေတိ တတိယဈာနဘူမိ။

ပရိတ္တသုဘာ=အထက်ပြဟ္မာတို့အောက် နည်းသော တခဲနက် အရောင်ရှိသော ပြဟ္မာ။
အပ္ပမာဏသုဘာ=မနိုင်းယှဉ်အပ်သော တခဲနက် အရောင်ရှိသော ပြဟ္မာ။
သုဘကိဏှာ=တခဲနက်သော အရောင် အမျိုးမျိုး ရောနေသော ပြဟ္မာ။
အဗှာ=သုဘကိဏ္ဏာ=ကာလခွဲ့ ေလျာလို့ သုဘကိဏှာဖြစ်။ (ကိဏ္ဏ=ရော)
(၃ ဘုံ တပြေးညီဘည် နိမ့်မြင့် မဟုတ်)

၁၀။ ဝေဟပ္ဖလာ, အသညသတ္တာ, သုဒ္ဓါဝါသာ စေတိ စတုတ္ထဈာနဘူမိတိ ရူပါဝစရဘူမိ သောဠသဝိဓာ ဟောတိ။

ဝေဟပ္ဖလာ ဈာန်၏ အာနုဘော်ကြောင့် များပြားသော အကျိုးရှိသော ပြဟ္မာများ။
အသညသတ္တာ=သညာ စေတသိက် မရှိသော ပြဟ္မာများ (ဥပလက္ခဏာ)
ရှင်း=စိတ် အကုန်မှာ ကျဉ်သော သညာ မရှိသဖြင့် အပေါင်းပါ စိတ်, စေတသိက် အားလုံးလည်း မရှိ၊ သို့ဖြစ်လျက် သညာတခုဖြင့် အမည်ပေးလို့ "ဥပလက္ခဏာ"
(သညာ ဝိရာဂ အခြေခံ ဘာဝနာကြောင့် နာမ် မရှိ) (သတ္တဝါ မယင်မည်စိုး၍ 'သတ္တ' အမည်ပေး)
(ဝေဟပ္ဖိုလ်,အသညသတ်=၂ ဘုံ တပြင်တည်းတည် နိမ့်မြင့်မဟုတ်)

သုဒ္ဓါဝါသ ၅ ဘုံ

၁၁။ အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာ စေတိ သုဒ္ဓါဝါသဘူမိ ပဉ္စဝိဓာ ဟောတိ။

အဝိဟာ ဘာဝနာမျှ မိမိနေရာကို မစွန့်သော ပြဟ္မာများ။
အတပ္ပါ မရောင့်ရဲနိုင်သော စည်းစိမ်ကို ခံစားရသော ပြဟ္မာများ။
တနည်း တစုံတခုသောအကြောင်းဖြင့်ပူလောင်ခြင်းမရှိလို့ အတပ္ပါ။
သုဒဿာ=အဆင်းလှသော ပြဟ္မာ များကိုသာ ချမ်းသာစွာ မြင်နေရသော ပြဟ္မာများ။

သုဒဿီ=အလွန် စင်ကြယ်သော ဖြဟ္မာများကို ကြည့်နေရသော ဗြဟ္မာများ။
အမှာ=သုဒဿာဘုံက ဗြဟ္မာများထက် ပို၍လှတဲ့ ဗြဟ္မာများကို ဆိုလို။
အကနိဋ္ဌာ=အတန်းအစား မငယ်သောဗြဟ္မာများ။
ရှင်း=လွန်ကဲသော စည်းစိမ်ရှိ၍ မည်သူ နှင့် ယှဉ်ယှဉ် အဆင့် နိမ့်သော ဗြဟ္မာများဟူလို။
သုဒ္ဓါဝါသ=စင်ကြယ်သော အနာဂါမ်, အရဟတ္တမဂ္ဂဋ္ဌာန်, ရဟန္တာတို့၏ နေရာ။
အမှာ=ဒေါသ ကင်းလို့ ၎င်း ၃ ယောက်ကို သုဒ္ဓ ခေါ်သည်၊ (၃ ဦးလုံး စင်ကြယ်၏ ဟူလို)
(သုဒ္ဓါဝါသ ၅ ဘုံ နိမ့် မြင့် တည်သည်၊ တပြင်တည်း မဟုတ်)

အရူပ ၄ ဘုံ

၁၂။ **အာကာသာနဉ္စာယတနဘူမိ, ဝိညာဏဉ္စာယတနဘူမိ, အာကိဉ္စညာယတနဘူမိ, နေဝသညာနာသညာယတနဘူမိ စေတိ အရူပဘူမိ စတုဗ္ဗိဓာ ဟောတိ။**

၁။ အာကာသာနဉ္စာယတနဝိပါက်ဖြင့် ပဋိသန္ဓေ နေသော ဗြဟ္မာများ၏ နေရာ။
၂။ ဝိညာနဉ္စာယတနဝိပါက်ဖြင့် ပဋိသန္ဓေ နေသော ဗြဟ္မာများ၏ နေရာ။
၃။ အာကိဉ္စညာယတန ဝိပါက်ဖြင့် ပဋိသန္ဓေ နေသော ဗြဟ္မာများ၏နေရာ၊
၄။ နေဝသညာနာသညာယတန ဝိပါက်ဖြင့် ပဋိသန္ဓေ နေသော ဗြဟ္မာများ၏ နေရာ။
အမှာ=အထည်ကိုယ်မရှိ ပဋိသန္ဓေစိတ် တည်သည့် နေရာပင် "ဘုံ" ဖြစ်၏။

ဘုံနှင့် ပုဂ္ဂိုလ် ခွဲဝေခြင်း (သင်္ဂဟဂါထာ)

၁၃။ ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။
သောတာပန္နာ စ သကဒါ၊ ဂါမိနော စာပိ ပုဂ္ဂလာ။

၁၄။ အရိယာ နော, ပ လဗ္ဘန္တိ၊ အသညာ, ပါယဘူမိသု။
သေသဋ္ဌာနေသု လဗ္ဘန္တိ၊ အရိယာ, နရိယာပိ စ။
ဣဒမေတ္ထ ဘူမိ စတုက္ကံ။

ပုထုဇ္ဇနာဒနလဗ္ဘန္တိ=သုဒ္ဓါဝါသ ၅ ဘုံ၌ ပုထုဇဉ်မရ။
တဆင့်တက်=သုဒ္ဓါဝါသ ၅ ဘုံ၌ သောတာပတ္တိ မဂ္ဂဋ္ဌာန်လည်းမရ။
သောတာပန္နာဒ=သုဒ္ဓါဝါသ ၅ ဘုံ၌ သောတာပတ္တိဖ လဋ္ဌာန်လည်းမရ။
တဆင့်တက်=သုဒ္ဓါဝါသ ၅ ဘုံ၌ သကဒါဂါမိ မဂ္ဂဋ္ဌာန်လည်း မရ။
သကဒါဂါမိနော၀=သုဒ္ဓါဝါသ ၅ ဘုံ၌ သကဒါဂါမိဖလဋ္ဌာန်လည်း မရ။
တဆင့်တက်=သုဒ္ဓါဝါသ ၅ ဘုံ၌ အနာဂါမိ မဂ္ဂဋ္ဌာန်လည်းမရ။

အပှာ=တခြားဘုံက အနာဂါမိများသာ လာနိုင်သည်။ ၎င်းမှ တဆင့်တက် အရဟတ္တမဂ္ဂဋ္ဌာန်ဖြစ်နိုင်သည်။ ၎င်းမှတဆင့်တက်ရဟန္တာဖြစ်နိုင်သည်။

ပုတ်ချက်=သုဒ္ဓါဝါသဘုံ၌ ၎င်း ၃ ယောက်သာ။
အရိယာနောပ လဗ္ဘန္တိ=အသညသတ်ဘုံ အပါယ် ၄ ဘုံ=၎င်း ဘုံ၂မျိုးတို့၌ အရိယာ ၈ ယောက် မဖြစ်။

သေသဋ္ဌာနေသု=သုဒ္ဓါဝါသ ၅
အသညသတ် ၁
အပါယ် ၄=ရှင်း ၁၀ ဘုံကြဉ် ၂၁ ဘုံ။
ရှင်း=ကာမသုဂတိ ၇ ဘုံ
ပဌမဈာန် ၃ ဘုံ
ဒုတိယဈာန် ၃ ဘုံ
တတိယဈာန် ၃ ဘုံ
ဝေဟပ္ဖိုလ် ၁ ဘုံ
အရူပ ၄ ဘုံ=ပေါင်း ၂၁။
အပှာ ကာမသုဂတိ ၇ ဘုံ
ဝေဟပ္ဖိုလ်တိုင်ရူပါဝစရ ၁၀ ဘုံ
အရူပ ၄ ဘုံ ဟု ဆိုမြဲပြုသည်(ညဝါ၌)
လဗ္ဘန္တိ ယင်း ၂၁ ဘုံ၌ အရိယာ
ပုထုဇဉ် ၎င်း ၂မျိုးလုံး ဖြစ်နိုင်သည်။
အပှာ သုဒ္ဓါဝါသ ၅ ဘုံ အရိယာ သက်သက်ဖြစ်။
အသညသတ် ၁
အပါယ် ၄=ပေါင်း ၅ ဘုံ ပုထုဇဉ် သက်သက်ဖြစ်။
ကြွင်း ၂၁ ဘုံ ပုထုဇဉ်+ အရိယာ ၂မျိုးလုံး ဖြစ်။

ရှင်း=၁။ အပါယ် ဘုမ္မိ၊ ဒုဂ္ဂတိ၊ ရဘိ၊ တယောက်သာ (ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်)
၂။ လူ+မဟာရာဇ်၊ ဘုံနှစ်ဆစ်၊ ကြဉ်ပစ် ဒုဂ္ဂတာ (ဒုကြဉ်=၁၁ယောက်)
၃။ ဒု+သု မဝင်၊ တကျိပ်လျှင် ထက်ခွင် နတ်ငါးရွာ (ဒု+သုပယ်=၁၀)
၄။ တိဟိတ်+ရိယံ၊ ကိုးယောက်စံ၊ ဆယ်တန်ပြဟ္မာ့ရွာ၊ ဝေဟပ္ဖိုလ်ထိ၁၀။
၅။ သုဂတိတစ်၊ ရတုံလစ်၊ ရပ်ပြစ်, အသညာ။
၆။ သုဒ္ဓါဘုံငါး၊ သုံးယောက်ထား၊ ထက်ဖျား အရိယာ (အထက်အရိယာ ၃)
၇။ သောတာမဂ်ဖျောက်၊ တိဟိတ်လျှောက်၊ ရှစ်ယောက်အရူပါ။
(သောတာပတ္တိ မဂ္ဂဋ္ဌာန် ကြဉ် အရိယာ ၇+ ဟိတိတ်ပု ၁=၈)

ပဋိသန္ဓိစတုက္က

ပဋိသန္ဓေ ၄ မျိုး

၁၅။ အပါယပဋိသန္ဓိ, ကာမသုဂတိပဋိသန္ဓိ, ရူပါဝစရပဋိသန္ဓိ, အရူပဝါစရပဋိသန္ဓိ စေတိ စတုဗ္ဗိဓာ ပဋိသန္ဓိ နာမ။

၁။ အပါယ်ပဋိသန္ဓေ ၁
၂။ ကာမသုဂတိပဋိသန္ဓေ ၉=ယင်း ၁၀ ကို "ကာမပဋိသန္ဓေ" ဟု ပေါင်းခေါ်သည်။
၃။ ရူပါဝစရပဋိသန္ဓေ ၆=(အသညသတ်ပဋိသန္ဓေဇီဝိတနဝက ကလာပ်ပါသည်။)
၄။ အရူပါဝစရပဋိသန္ဓေ ၄=

ကာမပဋိသန္ဓေ ၁၀ ပါး

အပါယ်ပဋိသန္ဓေ ၁ ပါး

၁၆။ တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတ,သန္တီရဏံ အပါယဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိ ဟုတွာ တတော ပရံ ဘဝင်္ဂံ၊ ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ။ ။ အယ,မေကာ,ပါယပဋိသန္ဓိ နာမ။

အပါယဘူမိယံ ပဋိသန္ဓိ=အကုသလဝိပါက် ဥပေက္ခာ သဟဂုတ်သန္တီရဏ။
ဘဝင်္ဂံ=ငင်းသည်ပင်(ဘဝင်)
စဝနံ=ငင်းသည်ပင်(စုတိ)

အပါယပဋိသန္ဓိနာမ=ၑင်းကို အပါယ်ပဋိသန္ဓေဟု အမည်ပေး။

၁၇။ ကုသလဝိပါကော, ပေက္ခာသဟဂတ, သန္တီရဏံ ပန ကာမ သုဂတိယံ မနုဿာနဉ္စေဝ ဇစ္စန္ဓာဒီနံ ဘုမ္မဿိတာနဉ္စဝိနိပါတိကာ, သုရာနံ ပဋိသန္ဓိ, ဘဝင်္ဂ,စုတိ ဝသေန ပဝတ္တတိ။

ကာမသုဂတိယံ=ဇစ္စန္ဓ စသော လူအချို့နှင့် (လူ့ဘုံသား အကုန်မဟုတ်) =ဘုမ္မဿိတဝိနိပါတိက အသုရာခေါ် စတုမဟာရာဇ်နတ်အချို့တို့၏ ဘုံ(စတုမဟာရာဇ် နတ်ဘုံအကုန်မဟုတ်)

သတိ= ကာမသုဂတိယံ=ကာမသုဂတိ ၇ ဘုံလုံး မဟုတ်။ လူ့ဘုံမှတချို့နှင့် စတုမဟာရာဇ်နတ်ဘုံမှ တချို့တဝက်သာ။

ဘုမ္မဿိတ=ဘုမ္မစိုးနတ်တို့နှင့်တူ၍ဘုမ္မစိုးနတ်တို့ကိုမှီဖြစ်လို့ "ဘုမ္မဿိတ" ခေါ်
ဝိနိပါတိက=ချမ်းသာအပေါင်းမှ ဖရိုဖရဲဖြစ်လို့။
ပဋိသန္ဓေ=ကုသလ ဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ (ဘဝင်, စုတိ ၑင်းပင်)

ဇစ္စန္ဓ=ပဋိသန္ဓေ နေ့စဉ် စက္ခုဖြစ်ချိန် ၇ သတ္တာဟမြောက်၌ စက္ခု မဖြစ်သူ။
အာဒိ-ဇစ္စဗဓိရ=ပဋိသန္ဓေ နေ့စဉ် သောတ ဖြစ်ချိန် ၈ သတ္တာဟ မြောက်၌ သောတ မဖြစ်သူ။

ဇစ္စမူဂ=ပဋိသန္ဓေ နေ့ချိန်မှစ၍ "အ" သူ(အ မည့်သူ)
ဇစ္စဇဠ ပဋိသန္ဓေ နေ့ချိန်မှစ၍ "သွန့်" သူ (သွန့်မည့်သူ)
ဇစ္စုမ္မတ္တက ပဋိသန္ဓေ နေ့ချိန်မှ စ၍ ရူးသူ (ရူးမည့်သူ)
ပဏ္ဍက ပဋိသန္ဓေ နေ့ချိန်မှ စ၍ ပဏ္ဍုက်ဖြစ်သူ (ပဏ္ဍုက်ဖြစ်မည့်သူ)
ဥဘတောဗျဉ္စနက ပဋိသန္ဓေ နေ့ချိန်မှစ၍ ဥဘတောဗျည်းဖြစ်သူ(အင်္ဂါ-၂)
နပုံသက=ပဋိသန္ဓေ နေ့ချိန်မှ စ၍ နပုံးဖြစ်သူ (နပုံးဖြစ်မည့်သူ)
မမ္မ=ပဋိသန္ဓေ နေ့ချိန်မှ စ၍ စကား ထစ်သူ (ထစ်မည့်သူ)
အမှာ= ဖြစ်ချိန်မှာ အပြည့်အစုံဖြစ်ပြီး၊ နောက်မှ အကြောင်းတခုခုကြောင့် ပျက်စီးသူများကို မယူရ(အမိဝမ်းမှ အပြင် ရောက် မရောက် ပဓာန မဟုတ်)
ၑင်း=ဆိုပြီး ၇၊၈ သတ္တာဟအသုံးသည် ဂဗ္ဘသေယျကဘ၌သာ။ သံသေဒဇ, ဥပပတ်၌ ဖြစ်ချိန်မှာ မဖြစ်ဆိုလျှင်ပြည့်စုံပြီ။

ဝါဒကွဲ= ၇ သတ္တဝါဟာမြောက်မှစပြီး စကွဲ့စသည်ဖြစ် (ဋီ)
၁၁ သတ္တဝါဟာမြောက်မှစပြီး စကွဲ့ စသည် ဖြစ် (မူလဋီ)
ဝိနိပါတိကာ=ချမ်းသာအပေါင်းမှ ဖရိုဖရဲ ကျဲသော အသူရာ (ချမ်းသာနည်း ၏ဟူလို) (နှံ)

၁၈။ မဟာဝိပါကာနိ ပန အဋ္ဌသဗ္ဗတ္ထာပိ ကာမသုဂတိယံ ပဋိသန္ဓိ, ဘဝင်္ဂ,စုတိဝသေန ပဝတ္တန္တိ။

ကာမသုဂတိယံ=ယခင်ဆိုပြီးသည်မှ ကြွင်းသော ကာမ သုဂတိ ၇ဘုံသား။
ပဋိသန္ဓေ=မဟာဝိပါက် ၈ (ဘဝင်,စုတိ ၎င်းပင်)

၁၉။ ဣမာ နဝ ကာမသုဂတိ, ပဋိသန္ဓိယော နာမ။
နဝ=နာမ=ကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ ၁
မဟာဝိပါက် ၈=၉
၎င်း ၉ ပါးကို "ကာမသုဂတိ,ပဋိသန္ဓေ" အမည်ပေး။

၂၀။ သာ ပနာယံ ဒသဝိဓာပိ ကာမဝစရ,ပဋိသန္ဓိစ္စေဝ သင်္ခ်ံ,ဂစ္ဆတိ။
ဒသဝိဓာပိ=အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁
ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁
မဟာဝိပါက် ၈=၁၀
၎င်း ၁၀ ကို "ကာမပဋိသန္ဓေ"ခေါ် (သုဂတိပါ မပါ သတိပြု)

ကာမပုဂ္ဂိုလ်၏ သက်တမ်း

၂၁။ တေသု စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကာသုရာနဥ္စ အာယုပ္ပမာဏ ဂဏနာယ နိယမော နတ္ထိ။

တေသု=ထိုပဋိသန္ဓေ ၁၀ တို့ဖြင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်တို့တွင်။
နံ=ထိုအပယ် အစရှိသော ပုဂ္ဂိုလ်တို့တွင်။
နိယမောနတ္ထိ=အပါယ် ၄ ဘုံသား။
လူ ဘုံသား၊
ဝိနိပါတိက အသူရာ ခေါ် စတုမဟာရာဇ် တစိတ် ဘုံ သား
၎င်း ၆ ဘုံသားတို့ သက်တမ်း သတ်မှတ်ချက်မရှိ။
အမှာ=၎င်းတို့၏အသက် တို ရှည် အည် ကံအရဖြစ်လို့။

၂၂။ စာတုမဟာရာဇိကာနံ ပန ဒေဝါနံ ဒိဗ္ဗာနိ ပဉ္စဝဿသတာနိ အာယုပ္ပမာဏံ မနုဿဂဏနာယ နဝုတိဝဿသတ သဟဿပ္ပမာဏံ ဟောတိ။
တတော စတုဂ္ဂုဏံ တာဝတိံသာနံ
တတော စတုဂ္ဂုဏံ ယာမာနံ
တတော စတုဂ္ဂုဏံ တုသိတာနံ
တတော စတုဂ္ဂုဏံ နိမ္မာနရတီနံ
တတော စတုဂ္ဂုဏံ ပရနိမ္မိတဝသဝတ္တီနံ။

ပဉ္စဝဿသတာနိ ၅၀၀=စတုမဟာရာဇ် သက်တမ်း။
နဝုတိဝဿသတသဟဿပ္ပမာဏံ=အနှစ် ၉ သန်း လူ့အရေအတွက်။
ရှင်း= ၁ နေ့ နှင့် ၁ ညကို= ၁ ရက် ခေါ်သည်၊
လူ့ဘုံ နေ့တာ ညတာ တိုသည်။
စတုမဟာရာဇ်ဘုံ နေ့တာ ညတာ ရှည်သည်၊
စတုမဟာရာဇ် ၁ ရက်= လူ အနှစ် ၅၀။
စတု ၁နှစ် ရက် ၃၆၀ ၅၀ လူနှစ် ၁၈၀၀၀(စတု ၁နှစ်နှင့်ညီတဲ့ လူ့နှစ်ပေါင်း။)
လူ့နှစ်ပေါင်း၁၈၀၀၀ ၅၀၀မြှောက် ၉၀၀၀၀၀၀ လူ့နှစ်။
စတုဂ္ဂုဏံ=စတုမဟာရာဇ်၏ ၄ ဆ သည် တာဝတိံသာ၏ သက်တမ်း။
ရှင်း= စတုသက်တမ်း ၅၀၀ ၄ဆ=၂၀၀၀ သည် တာဝတိံသာ၏ သက်တမ်း (တာဝတိံသာကို စတု၏ ရက်,လ, နှစ်မျိုးဖြင့် ရေတွက်လျှင် နှစ် ၂၀၀၀ ရှိ၏ ဟူ၏။
သတိ တာဝတိံသာသည် စတုမဟာရာဇ်ထက် နေ့တာ ညတာ ရှည်သည်။
တာဝတိံသာ ၁ ရက် စတု ၂ ရက်
တာဝတိံသာ ၁ နှစ် စတု ၂ နှစ်
တာဝတိံသာ ၁၀၀၀ စတု ၂၀၀၀
ဤသို့ တာဝတိံသာ ၁၀၀၀ သည် စတု ၂၀၀၀ နှင့် ညီမျှသည်။
စတု ၂၀၀၀ ÷ ၄ =၅၀၀ စတု သက်တမ်း ၁ ဆ ဖြစ်သည်။
စတုသက်တမ်း ၅၀၀ × ၄ဆ = စတု ၂၀၀၀။
ထို့ကြောင့် စတုသက်တမ်း ၄ ဆ = ၂၀၀၀သည် တာဝတိံသာ သက်တမ်း ၁၀၀၀ ဖြစ်သည်ကို ၄ ဆ တက်ဟု ဆိုသည်။
အမှာ= ပရနိမ္မိတဝသဝတ္တီ အထိ ဤအတိုင်း မှတ်ပါ။

ဘုံသက်တမ်း	အောက်ဘုံမှ ရေတွက်	အောက်ဘုံ၏ ၄ဆ ဖြစ်ပုံ	လူ ၄ ဆ ဖြစ်ပုံ
စတု- ၅၀၀			၉ သန်း
တာ- ၁၀၀၀	စတု- ၂၀၀၀	စတု ၅၀၀×၄= ၂၀၀၀	၉သန်း×၄= ၃ကု ၆သန်း
ယာ- ၂၀၀၀	တာ- ၄၀၀၀	တာ၁၀၀၀×၄= ၄၀၀၀	၎င်း×၄= ၁၄ကု၄သန်း
တု- ၄၀၀၀	ယာ- ၈၀၀၀	ယာ၂၀၀၀×၄= ၈၀၀၀	၎င်း ၄= ၅၇ကု၆သန်း
နိ- ၈၀၀၀	တု- ၁၆၀၀၀	တု ၄၀၀၀ ၄=၁၆၀၀၀	၎င်း×၄= ၂၃၀ကု၄သန်း
ပရ- ၁၆၀၀၀	နိ- ၃၂၀၀၀	နိ ၈၀၀၀ ၄=၃၂၀၀၀	၎င်း×၄= ၉၂၁ကု၆သန်း

ဝသဝတ္တီနတ်တို့၏ သက်တမ်း

လူ့အရေအတွက်

၃၃။ နဝ,သတ,ဥဒ္ဒေကဝိသ၊ ဝဿာနံ ကောဋိယော တထာ။
ဝဿသတ,သဟဿာနိ၊ သဋ္ဌိ စ ဝသဝတ္တိသု။

နဝ သတ=၉၀၀

ကောဋိသ - ၂၁ ကုဋေ

ဝဿသတသဟဿာနိသဋ္ဌိ=၆သန်း ပေါင်း ၉၂၁ကုဋေ ၆သန်း။

ရူပ ပဋိသန္ဓေ ၆

၂၄။ ပဉ္စမဇ္ဈာနဝိပါကံ ပဉ္စမဇ္ဈာနဘူမိယံ ပဋိသန္ဓိ,ဘဝင်္ဂ,စုတိဝသေန ပဝတ္တတိ။

၂၅။ တထာ ဒုတိယဇ္ဈာနဝိပါကံ တတိယဇ္ဈာနဝိပါကဉ္စ ဒုတိယဇ္ဈာန ဘူမိယံ။

၂၆။ စတုတ္ထဇ္ဈာနဝိပါကံ တတိယဇ္ဈာနဘူမိယံ။

၂၇။ ပဉ္စမဇ္ဈာနဝိပါကံ စတုတ္ထဇ္ဈာနဘူမိယံ။

ပဌမဈျာန်ဘုံ၌=ပဌမဈျာန်ဝိပါက်သည် (ပဋိသန္ဓေ,ဘဝင်,စုတိ)
ဒုတိယဈျာန်ဘုံ၌=ဒုတိယဈျာန်ဝိပါက်သည် (။)
တတိယဈျာန်ဝိပါက်သည် (။)
တတိယဈျာန်ဘုံ၌=စတုတ္ထဈျာန် ဝိပါက်သည်(။)
စတုတ္ထဈျာန်ဘုံ၌=ပဉ္စမဈျာန်ဝိပါက်သည် (။)

အမှာ=စတုတ္ထဈျာန်ဘုံ၌ အသညသတ်မပါ။
ဒုတိယဈျာန်ဘုံ၌ ဒုတိယ,တတိယဝိပါက် ၂ ခု သတိပြု။
ထို့ကြောင့် တတိယဈျာန်ဘုံ၌ စတုတ္ထဈျာန်ဝိပါက်။
စတုတ္ထဈျာန်ဘုံ၌ ပဉ္စမဈျာန်ဝိပါက်။
ကျိုဆို ဘုံစတုက္က ဖြစ်၍။
ဈျာန် [illegible] ၄ [illegible] နှင့် ၅ ဝိပါက် ဖြစ်သည်။ ၄ နှင့် ၅ ဟူလို။

၂၈။ အသညသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ။
တထာ တတော ပရံ ပဝတ္တိယံ စဝနကာလေ စ ရူပမေဝ ပဝတ္တိတွာ
နိရုဇ္ဈတိ။

ဂါထာ ဆ ရူပါဝစရပဋိသန္ဓိယော နာမ။

ပဋိသန္ဓိ အသညသတ်ပဋိသန္ဓေ ဇီဝိတနဝကကလာပ် ၁ သာ၊ ၎င်းသည်ကမ္မဇ၊
ပဝတ္တိယံ ၁။ ဇီဝိတနဝကကလာပ် (ကမ္မဇ)
၂။ သုဒ္ဓဋ္ဌကကလာပ် (ဥတုဇကလာပ်)
၃။ လဟုတာဒိဧကာဒသကကလာပ်(ဥတုဇကလာပ်)=၃ စည်း။

စဝနကာလေ= ၎င်း ၃ စည်းပင်။

ဆ=ရူပ ပဋိသန္ဓေစိတ် ၅

အသညသတ်ပဋိသန္ဓေ ၁ (ဇီဝိတနဝက)=ရူပ ပဋိသန္ဓေ ၆ ဟူလို။

၂၉။ တေသု ဗြဟ္မပါရိ သဇ္ဇာနံ ဒေဝါနံ ကပ္ပဿ တတိယော ဘာဂေါ အာယုပ္ပမာဏံ။

၃၀။ ဗြဟ္မပုရောဟိတာနံ ဥပဍ္ဎကပ္ပေါ။

၃၁။ မဟာဗြဟ္မာနံ ဧကော ကပ္ပေါ။

~~အာယု~~ကပ်=၁။ ၁၀နှစ်သက်တမ်းမှ အသင်္ချေယျတမ်း အထိ။

၂။ အသင်္ချေယျတမ်းမှ ၁၀နှစ်တမ်းအထိ=အပြန်အလှန်၂မျိုး ကို ~~အာယု~~ကပ် ၁ကပ် ခေါ်။

~~အန္တရ~~ကပ်=ယင်း~~အာယု~~ကပ် ၆၄ကပ်သည် ~~အန္တရ~~ကပ် ၁ကပ်။

မဟာကပ်=၎င်း~~အန္တရ~~ကပ် ၄ကပ်သည် မဟာကပ် ၁ကပ်။

၁။ သံဝဋ္ဋ~~အန္တရ~~ကပ်=ကပ္ပါပျက်တုန်း ပျက်ဆဲ အချိန် (~~အာယု~~ကပ်၆၄ကြာ)

၂။ သံဝဋ္ဋဋ္ဌာယီ~~အန္တရ~~ကပ်=အပျက်အတိုင်း တည်နေသော အချိန် (~~အာယု~~ ၆၄ပင်)

၃။ ဝိဝဋ္ဋ~~အန္တရ~~ကပ်=ကပ္ပါသစ်တည်ဆောက်နေချိန် (~~အာယု~~ကပ်၆၄ပင်)

၄။ ဝိဝဋ္ဋဋ္ဌာယီ~~အန္တရ~~ကပ်=နောက်တခါ မပျက်မီ တည်နေသော အချိန် ~~အာယု~~၆၄ပင်)

ပိးဖျက်=မီးစလောင်ချိန်မှ မကုန်မချင်း(သံဝဋ္ဋ)

ကုန်ပြီးနောက် မီးလောင်ပြင်အတိုင်း တည်နေချိန် (သံဝဋ္ဋဋ္ဌာယီ)
ကပ္ပာသစ် တည်ဆောက်နေချိန် စတည်ဆောက်သည်မှ မပြီးမီအချိန် (ဝိဝဋ္ဋ)

တည်ဆောက် ပြီးသည်မှ နောက်တကြိမ် မပျက်မချင်း တည်နေချိန် (ဝိဝဋ္ဋဋ္ဌာယီ) ဤသို့မီးဖြင့် ၇ကြိမ် ဆက်တိုက် ပျက်သည်။

အမှာ=၁ ခါပျက် မဟာကပ် ၁ ကပ် (ပျက်ဆဲ, ပျက်တည်, တည်ဆောက်, တည်နေ=တပတ်လည်ဟူလို)

ရေဖျက်=ကပ္ပာဖျက် မိုးသည်းစရွာသည်မှ အရည်ပျော်၍ မကုန်မချင်း (၁ချိန်)
အရည်ပျော်၍ ပျောက်ကွယ်ပြီးနောက် အသစ်မတည်မချင်း (၁ချိန်)
ကပ္ပါသစ်တည်ဆောက်နေချိန် (၁ချိန်)

တည်ဆောက်ပြီးသည်မှနောက်တကြိမ်မပျက်မချင်းတည်နေချိန်၁ချိန်။
ဤသို့ မီး ၇ကြိမ် ပျက်ပြီးနောက် ရေဖြင့် ၁ကြိမ်ပျက်။

လေပျက်=ကပ္ပါပျက် လေတိုက်၍ မှုန့်မှုန့်ညက်ညက် ကျေပျောက် ကုန်ခန်းသည် အထိ။ (၁ချိန်)
ကုန်ခန်းပြီးနောက် အသစ်မတည်မချင်း၊ (၁ချိန်)
ကပ္ပာသစ် တည်ဆောက်နေချိန်။
တည်ဆောက်ပြီးသည်မှ နောက်တကြိမ် မပျက်မချင်း တည်နေချိန်။ (၁ ချိန်)။
ဤသို့ မီး ၇ကြိမ် + ရေ ၁ကြိမ်=၈ကြိမ် ပျက်ပြီးနောက် လေဖြင့် ၁ ကြိမ် ပျက်သည်။

ပ, ဘုံ=မီးပျက်သည့် အခါ ပဌမစျာန် ၃ ဘုံပါသည်။
ထို့ကြောင့် ပဌမစျာန် ၃ဘုံ သက်တမ်းသည် (ဝိဝဋ္ဋဋ္ဌာယီ ~~အန္တရ~~ အသင်္ချေယျ ၁ ကပ်သာ)

ဒု, ဘုံ=ရေပျက်သည့်အခါ ဒုတိယစျာန် ၃ ဘုံ ပါသည်။
၈ ကြိမ်မြောက်မှ ပျက်သည် ဖြစ်၍ ~~အန္တရ~~ အသင်္ချေယျကပ် ၈ကပ် (မဟာကပ် ၂ကပ်)သက်တမ်းရှိသည်။

တ, ဘုံ=လေပျက်သည့်အခါ တတိယစျာန် ၃ဘုံ ပါသည်။
၈ ကြိမ် ၈ ခါ မြောက်မှာ ပျက်၍ ~~အန္တရ~~ အသင်္ချေယျကပ် ၆၄ကပ် (မဟာကပ် ၁၆ကပ်)သက်တမ်းရှိသည်)

အမှာ ပဌမစျာန်ဘုံ သက်တမ်း ဝိဝဋ္ဋဋ္ဌာယီ ~~အန္တရ~~ အသင်္ချေယျ ၁ ကပ်သာ။
ဒုတိယစျာန်ဘုံသက်တမ်း (~~အန္တရ~~ အသင်္ချေယျကပ် ၈ မဟာကပ် ၂)
(~~အန္တရ~~ အသင်္ချေယျ ၄ကပ်သည် မဟာကပ် ၁ကပ်နှင့် ညီမျှလို့)
တတိယစျာန်ဘုံသက်တမ်း (~~အန္တရ~~ အသင်္ချေယျကပ် ၆၄) မဟာကပ် ၁၆။

တတိယဝေဘာဂေါ=ဝိဝဋ္ဋဋ္ဌာယီ ~~အန္တရ~~ အသင်္ချေယျကပ် ၂ပုံ ၁ပုံ (ဗြဟ္မပါရိသက်တမ်း)
ဥပဍ္ဎကပ္ပေါ=ဝိဝဋ္ဋဋ္ဌာယီ ~~အန္တရ~~ အသင်္ချေယျကပ်၏ တဝက်=၂ပုံ ၁ပုံ (ဗြဟ္မ ပုရောဟိတ သက်တမ်း)
ကောကပ္ပေါ=ဝိဝဋ္ဋဋ္ဌာယီ ~~အန္တရ~~ အသင်္ချေယျကပ် (မဟာဗြဟ္မာ သက်တမ်း)

အမှာ=ပဌမစျာန် ၃ဘုံသားတို့သည် အဆင့်အတန်းချင်း မတူလို့၊ ဘုံအနေဖြင့် ~~အန္တရ~~ အသင်္ချေယျ ၁ကပ် သက်တမ်းရှိသော်လည်းဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာများသည် ~~အန္တရ~~ အသင်္ချေယျကပ် ၃ပုံ၁ပုံသာ။
ဗြဟ္မပုရောဟိတာ ဗြဟ္မာများသည် ~~အန္တရ~~ အသင်္ချေယျကပ် တဝက်။

မဟာဗြဟ္မာများသည်အန္တရကပ်ာကပ်သက်တမ်းရှိ(ဘုံသက်တမ်းကုန်)

၃၂။ ပရိတ္တာဘာနံ ဒွေ ကပ္ပါနိ။

၃၃။ အပ္ပမာဏာဘာနံ စတ္တာရိ ကပ္ပါနိ။

၃၄။ အာဘဿရာနံ အဋ္ဌ ကပ္ပါနိ။

ဒုတိယဈာန်ဘုံသား=မဟာကပ် ၈ ကပ် သက်တမ်းရှိ။

ရှင်း= ၎င်းဘုံသည် ၈ကြိမ်မြောက် ရေဖျက်တဲ့ အကြိမ်မှ ပျက်သည်။

ထို့ကြောင့်ဘုံသက်တမ်း မဟာကပ် ၈ သာ=အန္တရကပ်အားဖြင့် ၃၂

ဒုတိယဈာန်ဘုံသား ၃စား သက်တမ်း (အဆင့်အတန်း မတူကြ)

ဒွေ= ပရိတ္တာဘာ ဗြဟ္မာများ မဟာကပ် ၂ ကပ်။

စတ္တာရိ=အပ္ပမာဏာဘာ ဗြဟ္မာများ မဟာကပ် ၄ကပ်။

အဋ္ဌ=အာဘဿရာ ဗြဟ္မာများ မဟာကပ်၈ကပ်။ (ဘုံသက်တမ်းကုန်)

၃၅။ ပရိတ္တသုဘာနံ သောဠသ ကပ္ပါနိ။

၃၆။ အပ္ပမာဏသုဘာနံ ဒွတ္တိံသ ကပ္ပါနိ။

၃၇။ သုဘကိဏှာနံ စတုသဋ္ဌိ ကပ္ပါနိ။

တတိယဈာန်ဘုံသား မဟာကပ် ၆၄ကပ် သက်တမ်းရှိ။

ရှင်း=၎င်းဘုံသည် ၆၄ကြိမ်မြောက် လေဖျက်မှ ပျက်သည်။

ထို့ကြောင့် ဘုံသက်တမ်း မဟာကပ်၆၄သာ (အန္တရကပ် အားဖြင့်
၆၄×၄=၂၅၆) တတိယဈာန်ဘုံသား ၃ မျိုး သက်တမ်း မတူကြ
အဆင့်အတန်းမတူကြ။

သောဠသ =ပရိတ္တသုဘာ ဗြဟ္မာများ မဟာကပ် ၁၆ကပ်။

ဒွတ္တိံသ=အပ္ပမာဏသုဘာ ဗြဟ္မာများ မဟာကပ် ၃၂။

စတုသဋ္ဌိ=သုဘကိဏှာ ဗြဟ္မာများ မဟာကပ် ၆၄ (ဘုံသက်တမ်းကုန်)

၃၈။ ဝေဟပ္ဖလာနံ အသညသတ္တာနဉ္စ ပဉ္စကပ္ပသတာနိ။

ဝေဟပ္ဖိုလ်ဘုံသား=မဟာကပ် ၅၀၀ (၎င်းဘုံမပျက်စီးပါ၊ ပုဂ္ဂိုလ်မှာ ကျွန်
အာနုဘော် ရှိသလောက် အသက်ရှည်)။

အသညသတ်ဘုံသား =မဟာကပ် ၅၀၀ ပင် (၎င်း ၂ ဘုံမပျက်စီးပါ)

၃၉။ အဝိဟာနံ ကပ္ပသဟဿာနိ (မဟာကပ် ၁၀၀၀)

၄၀။ အတပ္ပါနံ ဒွေ ကပ္ပသဟဿာနိ (မဟာကပ် ၂၀၀၀)

၄၁။ သုဒဿာနံ စတ္တာရိ ကပ္ပသဟဿာနိ (မဟာကပ် ၄၀၀၀)

၄၂။ သုဒဿီနံ အဋ္ဌကပ္ပသဟဿာနိ (မဟာကပ် ၈၀၀၀)

၄၃။ အကနိဋ္ဌာနံ သောဠသ ကပ္ပသဟဿာနိ(မဟာကပ် ၁၆၀၀၀)

အာရုပ္ပပဋိသန္ဓေ ၄ ပါး

၄၄။ ပဌမာရုပ္ပါဒိ ဝိပါကာနိ ပဌမာရုပ္ပါဒိ ဘူမိသု ယထာက္ကမံ
ပဋိသန္ဓိ, ဘဝင်္ဂ,စုတိဝသေန ပဝတ္တန္တိ။
ဣမာ စတဿော အာရုပ္ပပဋိသန္ဓိယော နာမ။

	အာကာသာ	ဝိညာဏ်	အာကိဉ္စ	နေဝ
ပဋိသန္ဓေ=	၎င်းဝိပါက်	၎င်းဝိပါက်	၎င်းဝိပါက်	၎င်းဝိပါက်
ဘဝင် =	၎င်းပင်	၎င်းပင်	၎င်းပင်	၎င်းပင်
စုတိ =	၎င်းပင်	၎င်းပင်	၎င်းပင်	၎င်းပင်

နာမ=၎င်းပဋိသန္ဓေ ၄ မျိုးကို "အရူပ ပဋိသန္ဓေ"ဟု အမည်ပေး။

အရူပပုဂ္ဂိုလ်သက်တမ်း

၄၅။ တေသု ပန အာကာသာနဉ္စာယတနူပဂါနံ ဒေဝါနံ ဝီသတိ
ကပ္ပသဟဿာနိ အာယုပ္ပမာဏံ။

အာကာသာနဉ္စာယတနဗြဟ္မာ=မဟာကပ် ၂၀၀၀၀ သက်တမ်း။

၄၆။ ဝိညာဏဉ္စာယတနူပဂါနံ ဒေဝါနံ စတ္တာလီသကပ္ပသဟဿာနိ။

ဝိညာဏဉ္စာယတနဗြဟ္မာ= မဟာကပ် ၄၀၀၀၀ သက်တမ်း။

၄၇။ အာကိဉ္စညာယတနူပဂါနံ ဒေဝါနံ သဋ္ဌိကပ္ပသဟဿာနိ။

အာကိဉ္စညာယတနဗြဟ္မာ=မဟာကပ် ၆၀၀၀၀ သက်တမ်း။

၄၈။ နေဝသညာ နာသညာယတနူပဂါနံ ဒေဝါနံ စတုရာသီတိ
ကပ္ပသဟဿာနိ။

နေဝသညာနာသညာယတနဗြဟ္မာ=မဟာကပ် ၈၄၀၀၀ သက်တမ်း။

တဘဝ၌ တူမြဲတရား

၄၉။ ပဋိသန္ဓိ,ဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေက၊ ဝိသယဉ္စေကဇာတိယံ
ဣဒမေတ္ထ ပဋိသန္ဓိစတုက္ကံ။

ဧကမေဝ=ပဋိသန္ဓေ,ဘဝင်, စုတိ တရားကိုယ်ချင်းတူ။

ရှင်း= ပဋိသန္ဓေသည် သောမနဿဥာဏသမ္ပယုတ် ဝိပါက်ဖြစ်လျှင်
ဘဝင်သည် ၎င်းပင်
စုတိသည်လည်း ၎င်းပင်
ဤအဓိပ္ပာယ်ကိုပင်ရည်ရွယ်၍ ဘုံ,ဇာတ်,သမ္ပယောဂ,သင်္ခါရအားဖြင့်
တူ၏ဟု၊ (ဋီ)ဆို။
၎င်း ၄ ချက်တူလျှင် တရားတမျိုးတည်း ဖြစ်သည်ပင်။
ကေဝိသယံ=ပဋိသန္ဓေ,ဘဝင်,စုတိ အာရုံချင်းလည်းတူ။
ရှင်း= ပဋိသန္ဓေသည် ကံကို အာရုံပြုလျှင်
ဘဝင်သည် ၎င်းကံအာရုံကိုပင်
စုတိသည်လည်း ၎င်းကံအာရုံကိုပင်
ကမ္မနိမိတ်ကို အာရုံပြုလျှင်လည်း ၃ မျိုးလုံး ကမ္မနိမိတ်ချည်းပင်။
ဂတိနိမိတ် ၎င်းနည်း။
ကေဇာတိယံ=တဘဝတည်းမှာသာ ၎င်း ၃ မျိုး တူသည်။
ရှင်း= ဘဝဟောင်းက ပဋိသန္ဓေ ဘဝင်,စုတိနှင့် ဘဝသစ်က ဘဝင်, စုတိ
ပဋိသန္ဓေတို့ တူရိုးထုံးစံမရှိ။
ဘဝဟောင်း ဘဝသစ် ပဋိသန္ဓေချင်းလည်း မတူ စသည်။
အမှာ= ကေမေဝ=ယေဘုယျ (သောမနဿ ပဋိသန္ဓေ နေသူအား ဒေါသ
ဇောနောင် ဥပေက္ခာသန္တီရဏအာဂန္တုကထောက်) (အများသုံး)
ကေမေဝ=ပုဒ်ချ။
ရှင်း=အာဂန္တုက ဘဝင်ဟု သုံးခြင်းသည် စာကိုယ် အသုံးမဟုတ်။
စာကိုယ်၌ ဥပေက္ခာ သန္တီရဏ နာမည်ကိုသာ သုံး၏။ အာရုံ ကိုလည်း
ပရိစိတပုဗ္ဗံ ပရိတ္တာရမ္မဏံ ဟုသာ ဆို၏။ ကံ,ကမ္မနိမိတ်, ဂတိနိမိတ် မဆို
ထို့ကြောင့် ပုဒ်ချဟူ ဆိုသင့်။ (ဝေကိုလည်းထောက်) (ဤကျမ်း)

ကမ္မစတုက္က

ကံ ၄ ပါး ၄ လီ

၅၀။ ဇနကံ ဥပတ္ထမ္ဘကံ ဥပပီဠကံ ဥပဃာတကဉ္စေတိ ကိစ္စဝသေန
ဇနကံ=ဖြစ်စေတတ်သော ကုသိုလ်,အကုသိုလ် စေတနာ။
ရှင်း=၎င်းသည် ပဋိသန္ဓေအခါ၊ ပဋိသန္ဓေနာမက္ခန္ဓ၃နှင့် ပဋိသန္ဓေ ကမ္မဇရုပ်
ကို ဖြစ်စေသည်။

ပဝတ္တိအခါ၊ ပဝတ္တိနာမက္ခန္ဓာနှင့် ပဝတ္တိ ကမ္မဇရုပ်ကို ဖြစ်စေသည်။

ဥပတ္ထမ္ဘကကံ= အခြား ကံတပါး၏ အကျိုး ပေးမှုကို ထောက်ပံ့ တတ်သော ကုသိုလ်' အကုသိုလ် စေတနာ။

ရှင်း=၎င်းကံသည် အကျိုးသစ် တခု ဖြစ်အောင် ကိုယ်တိုင်ကား မစွမ်းဆောင်နိုင်၊ သို့သော်လည်း အခြားကံတခု ပြုပေးထားသော အကျိုးကို တောင့်တင်းအောင်တော့ အထောက်အပံ့ပေးနိုင်သည်။

အမှာ=ကုသိုလ်,ကုသိုလ်ချင်း၊အကုသိုလ်,အကုသိုလ်ချင်းသာ ကူညီထောက်ပံ့။

ဥပမာ=အကုသိုလ် ဇနကကံက ခွေးဘဝ တခုဖြစ်အောင် လုပ်ပေးအံ့။

အကုသိုလ် ဥပတ္ထမ္ဘကကံက ၎င်းခွေးဘဝ သက်တမ်းအတိုင်း နေနိုင်အောင် ထောက်ပံ့ပေးသည်။ (ဤလို အကူအညီပေးသော ကံဟူလို)

ဥပပီဠကကံ=အခြားကံ ၁ခုကို ညှဉ်းဆဲတတ်သော ကုသိုလ်,အကုသိုလ် ကံ။

ရှင်း=ကံတပါး ပြုပေးထားသော အကျိုးကို ပျက်စီးစေရန် ဆန့်ကျင်ဘက် အကျိုး ၁ မျိုး ဖြစ်အောင် လုပ်ပေးသော ကံ။

ဥပမာ=ကုသိုလ်ကံ ၁ ခုက ကျန်းမာရေး ကောင်းအောင် အကျိုးပေးထားအံ့၊ ၎င်းအကျိုး ပျက်စီးစေရန် အကုသိုလ်ကံ ၁ ခု က အနာရောဂါ ဖြစ်အောင် အကျိုးပေးနိုင်၏။

ဤလို ဆန့်ကျင်ဘက်ဖြစ်အောင် အကျိုးပေးသော အကုသိုလ် ကံမျိုးသည် ဥပပီဠကကံ(ကုသိုလ် ဥပပီဠကကံ စသည် ဤနည်းပင်)

သတို့ ကံ ကံချင်း သုံမိလို့ ညှဉ်းဆဲကြသည် မဟုတ်၊ ၁ ခု အကျိုးကို ရပ်သွားအောင် ၁ ခု က အကျိုးတမျိုး ပေးမှုကို ဥပပီဠက ကံ ဟု အမည်ပေးသည်။

ဥပဃာတကကံ=ကံ ၁ ပါး၏ အကျိုးပေးနိုင်ကဲ့ သတ္တိကို ဖျက်ဆီးပြီး မိမိက အကျိုး ၁ ခု ပြုပေးသောကံ။

အမှာ=ကုသိုလ်က အကုသိုလ်၏ အကျိုးပေးနိုင်သော သတ္တိကိုဖျက်ဆီး။

အကုသိုလ်က ကုသိုလ်၏ အကျိုးပေးနိုင်သော သတ္တိကို ဖျက်ဆီး။

ရှင်း=စျာန်ကုသိုလ်သည် အပါယ်ကျိုးကိုပေးမည့် အကုသိုလ်၏ အစွမ်းသတ္တိကို ဝိက္ခမ္ဘနပဟာန်ဖြင့် ဖျက်ဆီး၍၊ ရူပပဋိသန္ဓေကျိုးကို ပေးသည်။ မဂ်သည် သက်ဆိုင်ရာ အကုသိုလ်၏ အစွမ်းသတ္တိကို သမုစ္ဆေဒပဟာန်ဖြင့် ဖျက်ဆီး၍ ဖိုလ်ကျိုးကို ပေးသည်။

ပဋ္ဌာနန္တရိယ အကုသိုလ်ကံသည် သုဂတိ အကျိုး ပေးမည့် ကုသိုလ်၏ အစွမ်းသတ္တိကို ဖျက်ဆီးပြီး အပါယ်ကျိုးကို ပေးသည်။

နှိုင်းယှဉ်ခြင်း=ဥပပီဠကကံသည် ကံ၁ပါး၏အကျိုးကိုမဖျက်ဆီးပဲ အကျိုးပေး။
ဥပဃာတကကံသည် ကံ ၁ ပါး၏ အကျိုးကို လုံးဝဖျက်ဆီးပြီး အကျိုးပေး။

အပရေဝါဒ=ဥပပီဠကကံသည် အခြား ကံ ၁ ပါး၏ အကျိုးကို ဖြောက်ခြား ဖြောက်ခြားဖျက်ဆီးပြီး အကျိုးပေး။
ဥပဃာတက ကံသည် အခြား ကံ ၁ ပါး၏ အကျိုးကို လုံးဝ ဖျက်ဆီးပြီးအကျိုးပေး၏။

ကိစ္စဝသေန=ဇနကကိစ္စ, ဥပတ္ထမ္ဘကကိစ္စ, ဥပပီဠကကိစ္စ,ဥပဃာတက ကိစ္စအားဖြင့် ၄ ပါး၊ (အလုပ်အားဖြင့် ၄ မျိုး ဟူလို)

၅၁။ ဂရုကံ အာသန္နံ အာစိဏ္ဏံ ကဋတ္တာကမ္မမေဝတိ ပါကဒါနပရိယာယေန။

ဂရုကံ=လေးသောကံ (အားလုံး ကံကို လွှမ်းမိုးနိုင်သော ကံ။)
အမှာ=အကုသိုလ်အရာမှာ ပဋ္ဌာနန္တရိယကံ(တခြားကံက မဘားနိုင်)
ကုသိုလ် အရာမှာ မဟဂ္ဂုတ်ကံ(တခြားကံက မတားနိုင်)
ပဋိသန္ဓေ အကျိုး မပေးသောကြောင့် လောကုတ္တရာကို မယူ။

အာသန္နံ=သေခါနီး သတိရသော ကံ၊ (နှ)သေခါနီး ပြုသော ကံ။
အာစိဏ္ဏံ=အမြဲ ပြုသော ကံ၊ (နှ)တခါတရံ ပြုစေကာမူ အမြဲသတိရသောကံ။
ကဋတ္တာကံ=ပြုကာမျှ ဖြစ်သောကံ (အထက် ၃ မျိုးတွင် မပါဝင်သောကံ။)
ပါကဒါနပရိယာယေန=၄ပါးလုံး ရှိအံ့၊ ဂရုကကံအကျိုးပေးသည်။
ၡင်းမရှိ အာသန္နကံ အကျိုးပေးသည်။
ၡင်းမရှိ အာစိဏ္ဏကံ အကျိုးပေးသည်။
ၡင်းမရှိ ကဋတ္တာကံ အကျိုးပေးသည်။

ဤသို့ အကျိုးပေး အစဉ်အားဖြင့် ရှေ့နောက် စဉ် ဆိုသည်။
အမှာ=အာသန္နကံသည် အာစိဏ္ဏကံလောက် အားမကြီးသော်လည်း နောက်ဘဝ ရောက်အံ့ဆဲဆဲ အချိန်မှာ ဖြစ်လို့ နောက်ဘဝသစ် ပဋိသန္ဓေကျိုးကို ၎င်းအာသန္နကံက အကျိုးပေး၏။ (နွားအိုခြံတွက်သလို)
ဝါဒကွဲ=အာစိဏ္ဏကံက အာသန္နကံ၏ အရင် အကျိုးပေးသတဲ့။

၅၂။ ဒိဋ္ဌဓမ္မ ဝေဒနီယံ ဥပပဇ္ဇ ဝေဒနီယံ အပရာပရိယ ဝေဒနီယံ
အဟောသိကမ္မဉ္စေတိ ပါကကာလဝသေန စတ္တာရိ ကမ္မာနိ
နာမ။

ဒိဋ္ဌဓမ္မဝေဒနီယံ=မျက်မှောက် ဘဝတွင် အကျိုးပေးသော ကုသိုလ်,အကုသိုလ်
ပဌမဇော စေတနာ။

အမှာ=အာသေဝနပစ္စည်းကို မရလို့ ပဝတ္တိ အကျိုးကိုသာ ပေးသည်။

ရှင်း=ထပ်ထပ် မဖြစ်ရသေးပဲ၊ ပဌမ ၁ ကြိမ် သာ ဖြစ်ရ၍ အားမရှိလို့
ဘဝသစ် ပဋိသန္ဓေကျိုးကိုမဖြစ်စေနိုင်ဟူလို(ထပ်ထပ်ဖြစ်=အာသေဝန)

ဥပပဇ္ဇဝေဒနီယံ=ဒုတိယဘဝမှာ အကျိုးပေးသော ကုသိုလ်,အကုသိုလ် သတ္တမ
ဇော စေတနာ။

အမှာ=ပဋိသန္ဓေကျိုးကို ပေးပြီးမှ ပဝတ္တိကျိုးကို ပေးသည်။
ပဋိသန္ဓေကျိုးကို မပေးရသေးလျှင် ပဝတ္တိကျိုးကို မပေးပါ။
ပဋိသန္ဓေကျိုး ၁ကြိမ် ပေးပြီးလျှင် ပဝတ္တိကျိုးကို ဘဝ အရာ အထောင်
မက ပေးနိုင်ခွင့် ရှိသည်။

အပရာပရိယဝေဒနီယံ=တတိယဘဝမှ နိဗ္ဗာန်ရမည့် ဘဝအထိ ဘဝ အဆက်
ဆက် အကျိုးပေးသော ကုသိုလ်,အကုသိုလ် အလယ်
ဇော ၅ ချက် စေတနာ။

အဟောသိကံ=အလကား ဖြစ်သွားသော ကံ။

ရှင်း=ယခင် ကံ ၃ ပါး အကျိုးပေးချိန်မှာ အကျိုး မပေးလိုက်ရပဲ အချိန်
လွန်ပြီး အလကား ဖြစ်သွားသော ကံဟူလို။

ပါကကာလဝသေန=ဒိဋ္ဌဓမ္မဝေဒနီယကံ ပဌမဘဝမှာ အကျိုးပေး။
ဥပပဇ္ဇဝေဒနီယကံ ဒုတိယဘဝမှာ အကျိုးပေး။
အပရာပရိယဝေဒနီယကံ တတိယ ဘဝမှ နိဗ္ဗာန်ရမည့်
ဘဝ အထိ အကျိုးပေး။
အဟောသိကံ အချိန် လွန်သွား၍ အလကားဖြစ်၊ ဤလို
ကာလအားဖြင့် ဖြစ်စဉ်ဆို။

၅၃။ တထာ အကုသလံ ကာမာဝစရကုသလံ ရူပါဝစရကုသလံ
အရူပါဝစရကုသလဉ္စေတိ ပါကဋ္ဌာနဝသေန။

အကုသလံ=အကုသိုလ်စေတနာ (အပါယ်ဘုံ အကျိုးပေး) ပဋိသန္ဓေကျိုးကို
ဆိုလို။ (ပဝတ္တိကျိုးကို ကာမ,ရူပဘုံမှာ အကျိုးပေးလို့)

ကာမာဝစရကုသလံ=မဟာကုသိုလ် စေတနာ (ကာမသုဂတိဘုံ အကျိုးပေး)

ရူပါဝစရကုသလံ=ရူပကုသိုလ် စေတနာ (ရူပဘုံအကျိုးပေး)
အရူပါဝစရကုသလံ=အရူပကုသိုလ် စေတနာ (အရူပဘုံ အကျိုးပေး)
ပါကဋ္ဌာနဝသေန=အကျိုးပေးရာ ကံအားဖြင့် ကံကို စဉ်ပြီး ပြသည်။

ကာမကုသိုလ်ကံ အကုသိုလ်ကံ ၂၀

အကုသိုလ် ကံ သုံးပါး

၅၄။ တတ္ထ အကုသလံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန် တိဝိဓံ ဟောတိ။ ။

ကာယကမ္မ=ကာယဒွါယရ၌ ဖြစ်သော ကံ (ကိုယ်အမူအရာ၌ ဖြစ်သောကံ)
ဝစီကမ္မ=ဝစီဒွါရ၌ဖြစ်သောကံ (နှုတ်အမူအရာ၌ ဖြစ်သောကံ)
မနောကမ္မ=စိတ်၌ဖြစ်သော ကံ (စိတ်မှု၌ဖြစ်သောကံ)

ကာယကံ ၃ ပါး

၅၅။ ကထံ....ပါဏာတိပါတော အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရောစေတိ ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ။

ပါဏ=ဝေါဟာရအားဖြင့် သတ္တဝါ (လောကသုံး)
ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ (ရုပ်ဇီဝိတ, နာမ်ဇီဝိတ)
အတိပါတ=အသက် အန္တရာယ် ဖြစ်လောက်အောင် ရိုက်နှက် ထုထောင်း (တို့ကာ ပင့်ကာ မဟုတ်ဟူလို)
ပါဏာတိပါတော=သတ္တဝါကို သေလောက်အောင် ရိုက်ပုတ်ခြင်း။
အင်္ဂါ=၁။ သတ္တဝါ ဖြစ်ခြင်း။
၂။ သတ္တဝါဟု အမှတ်ရှိခြင်း (သတ္တဝါမှန်းသိခြင်း)
၃။ သတ်လိုသော စေတနာရှိခြင်း(ဝဓက စေတနာခေါ်)
၄။ လုလ္လပြုခြင်း(သတ်ခြင်း)
၅။သေခြင်း=၅ပါး။

အဒိန္န=ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသောပစ္စည်း။

အာဒါန=၂၅မျိုးသော မသမာနည်းတို့တွင် တနည်းနည်းဖြင့် ယူခြင်း။

အဒိန္နာဒါန=မပေးသော ပစ္စည်းကို မသမာနည်းဖြင့် ယူခြင်း။

အင်္ဂါ=၁။ မပေးသော ပစ္စည်းဖြစ်ခြင်း။
၂။ ၎င်းပစ္စည်းမျိုးမှန်းလည်းသိခြင်း။
၃။ ခိုးလိုသော စေတနာ ရှိခြင်း။
၄။ ခိုးနည်း ၂၅မျိုးတွင် တမျိုးမျိုးဖြင့် လုံ့လပြုခြင်း။
၅။ လုံ့လဖြင့်ဆောင်ယူခြင်း။ (ပစ္စည်းကိုရယူခြင်းကိုဆိုလို)။

ကာမေသု=၁။ ကာမကို ပိုင်ဆိုင်သော ဂမနိယ ကာမဝတ္ထု။
၃။ ကာမကို မပိုင်ဆိုင်သောအဂမနိယကာမဝတ္ထု=၎င်း၂မျိုးတွင် ဤ အဂမနိယကာမဝတ္ထုယူ(မိစ္ဆာစာရနှင့်တွဲလို့)

ကာမေသုမိစ္ဆာစာရ=ကာမကို မပိုင်ဆိုင်သော အဂမနိယ ကာမ ဝတ္ထု၌ မေထုန်မှီဝဲခြင်း(စေတနာအရကောက်)

၁။ အဂမနိယကာမ ဝတ္ထုဖြစ်ခြင်း။
၂။ ၎င်း၌ မှီဝဲလိုသော စိတ်ရှိခြင်း။
၃။ မှီဝဲခြင်း။
၄။ မဂ်ဖြင့် မဂ်၌ သွင်းခြင်းကို သာယာခြင်း။မသာယာကံမထိုက်=၄

ဗဟုသုတ= မာ,ပိ,မာ,ပိ,ဘာ, နှင့် ဘာ,ဉာ,ဂေါ,ဓမ်,သ,သာ,ဓ,ဆန်,ဘော,ပ, ဩ,ဩ,ခ,ကမ္မ,ဒါ,မု,ဟာ(မိန်းမ၂၀)

မာတုရက္ခိတာ=မိခင်အုပ်ထိန်းသောမိန်းမ။

ပိတုရက္ခိတာ=ဖခင်အုပ်ထိန်းသောမိန်းမ။

မာတာပိတုရက္ခိတာ=မိ,ဖ ၂ပါးအုပ်ထိန်းသောမိန်းမ။

ဘဂိနိရက္ခိတာ=အမ(သို့) ညီမ အုပ်ထိန်းသောမိန်းမ။

ဘာတုရက္ခိတာ=အကို(သို့)မောင်အုပ်ထိန်းသော မိန်းမ။

ဉာတိရက္ခိတာ=ဆွေမျိုး အုပ်ထိန်းသော မိန်းမ (မိကြီး၊ မိထွေး၊ ဘကြီး၊ ဘထွေးစသည်။)

ဂေါတ္တရက္ခိတာ=အနွယ် အုပ်ထိန်းသော မိန်းမ၊အိန္ဒိယ၌ ကုန်သည် ပုဏ္ဏား စသည်၊ ဗမာပြည်၌ ဗမာ, ကရင်, ကချင်စသည်)

ဓမ္မရက္ခိတာ=ဓမ္မမိတ်ဆွေချင်း အုပ်ထိန်းသော မိန်းမ။

အမှာ=မေထုန်လွန်ကျူးလျှင် ၎င်းမိန်းမ(၈)ယောက်၌ ကာမေသု မိစ္ဆာစာရ ကံ မဖြစ် (ကာမကို ပိုင်သူမရှိသေး၍ ခိုးရာမရောက်လို့) ၊ ယောကျ်ားများမှာတော့ ကာမေသု မိစ္ဆာစာရကံဖြစ်သည်သာ။

သပရိဒဏ္ဍာ=မင်းသိမ်းပိုက်ရန် သတ်မှတ်ထားသော မိန်းမ။

သာရက္ခာ=ပဋိသန္ဓေ(သို့) မွေးခါစမှ စ၍ မယားပြုရန် စောင့်ရှောက်ထား သောမိန်းမ။ (၎င်းအလေ့မျိုးအိန္ဒိယမှာရှိ၏။)

ဓနက္ကီတာ=ဥစ္စာဖြင့်ဝယ်၍ မယားပြုသောမိန်းမ။

ဆန္ဒဝါသိနီ=မိ,ဖ သဘောမတူပဲ ခိုးရာလိုက်သောမိန်းမမျိုး။

ဘောဂဝါသိနီ=ကြေးစားမိန်းမ(ရွှေ ငွေ အခပေးပြီး မပျော်ပါးသေးမှီ)

ပဋဝါသိနီ=အထည်အလိပ် အခပေး၍ ပျော်ပါးရသော မိန်းမ။

ဩဒပတ္တကိနီ=ရေခွက်၌လက်ချင်းဆုံ၍ ရေကဲ့သို့အေး၍ မကွဲမပြားဖြစ်ပါစေ ဟု ဘိသိက်ဆရာက ရွတ်ဆို၍ လက်ထပ်ပေးသော မိန်းမ။

ဩဘတစုမ္ဗဋာ=လင်ယူလိုက် သဖြင့် စျေးတောင်း ခေါင်းမရွက် ရသော သူဆင်းရဲမ။

ဓဇာဟဋာ=စစ်တိုက်ရာမှ ဖမ်းယူလာ၍ မယားပြုထားသော သို့ပန်းမ။

ကမ္မကာရီဘရိယာ=အပိုင်စီးထားသော အစေခံမယား။

ဒါသီဘရိယာ=ကျွန်မ မယား အိန္ဒိယမှာ ငွေဝယ်ကျွန် ထုံးစံရှိသည်။ (ကြေးဆပ်နိုင်မှ ကျွန်ဘဝက လွတ်၏)

မုဟုတ္တိကာ=ခေတ္တခဏ တွေ့ကြုံခိုက် အပျော်မယား ပြုထားသောမိန်းမ။

အမှာ=နောက် မိန်းမ ၁၂ ယောက်၌ မေထုန် လွန်ကျူးလျှင် မိန်းမယော ယောကျ်ားပါကာမေသုမိစ္ဆာစာရကံထိုက်၏။

သတိ=မှောင်ထဲ၌ ကိုယ့်မယား မဟုတ်ပဲ ကိုယ့်မယားထင် လွန်ကျူး ကံထိုက် သည်ပင်။

သမီးကို မယားပြု၊ မအော အုပ်ထိန်းသူ ရှိလျှင် ဖအောမှာ ကံထိုက်၏။ မအောမရှိလျှင်မထိုက်။

အမြဲလင်ရှိသော တိရစ္ဆာန်မ၌ လွန်ကျူးလျှင် ကံထိုက်သည်ပင်။

အမှာ=သူရာပါနကို ကာမေသုမိစ္ဆာစာရ၌ သွင်း (အရက်သောက်မှု) အရသာဟု ဆိုအပ်သောကာမတို့၌ မှားယွင်းစွာပြုကျင့်လို့။

သင်္ခါတေ=ကာယဝိညတ်ကို ဤ၌ ကာရဒွါရဟုခေါ်။ (ကာယကမ္မံ ကိုယ်အပြုအမူ၌ ဖြစ်သောကံ ဟူလို။

အမှာ=ဒွါရသင်္ဂဟ၌ ကာယပသာဒကို ကာယဒွါရ ခေါ်။ ဤ၌ ကာယဝိညတ်ကို ကာယဒွါရ ခေါ် (ကြေညက်ရန် ထပ်ပြ)

ဗာဟုလ္လဝုတ္တိတော=ကာယဒွါရ၌ အဖြစ် များလှ်သော ကာယ ကံ ခေါ်၊ အနည်းငယ်အခြားဒွါရ၌ဖြစ်သေး၏။

ရှင်း=ငှင်း၃မျိုးကို စေခိုင်းခြင်း, အကြံပေးခြင်း စသဖြင့် ဝစီဒွါရ၌ဖြစ်။ စဉ်းစားရုံစဉ်းစားလျှင် မနောဒွါရ၌ ဖြစ်။

ဝစီကံ ၄ ပါး

၅၆။ မုသာဝါဒေါ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပေါ စေတိ ဝစီဝိညတ္တိသင်္ခါတေ ဝစီဒွါရေ ဗာဟုလ္လဝုတ္တိတော ဝစီကမ္မံ နာမ။

မုသာဝါဒေါ--မဟုတ်မမှန် ပြောဆိုကြောင်း စေတနာ။

အမှာ=သူတပါးပျက်စီးမှု ကမ္မပထ၊မပျက်စီးလျှင် "ကံ" သာ။

အင်္ဂါ=၁။ မမှန်သော အကြောင်းအရာဖြစ်ခြင်း။

၂။ မမှန်တာကို ပြောလိုသော စိတ်ရှိခြင်း။

၃။ ၎င်းပြောဆိုမှုအားလျော်သော လုံ့လပြုခြင်း။

၄။ နားထောင်သူ သိခြင်း=၄ ။

ပိသုဏာဝါစာ ချစ်ခင်သူချင်း အချစ်ပျက်အောင် ပြောဆိုကြောင်း စေတနာ။

အမှာ=အချစ်ပျက်မှ ကမ္မပထ။

အချစ်မပျက်လျှင် ကံသာ (ဂုံးတိုက်တဲ့ စကားမျိုး)

ပိသုနာဝါစာ အင်္ဂါ=၁။ ခွဲအပ်သော ပုဂ္ဂိုလ်ရှိခြင်း။
၁။ ခွဲလိုမှု ရှေးရှုသောစိတ်ရှိခြင်း။
၂။ သူတို့ချင်းကွဲပြီး မိမိကိုချစ်စေလိုခြင်း။
၃။ ကွဲပြားမှုအား လျော်သောဂုံးစကားကို ပြောခြင်း။
၄။ ဂုံးစကားကို ကြားသူနားလည်ခြင်း။
(၁-၇ကာန်း၂ခုဖြင့် ၂နည်း ယူဆပုံပြသည်)=၄ချည်း။

ဖရုသဝါစာ=မုန်း၍ ကြမ်းကြမ်း တမ်းတမ်း ပြောဆိုကြောင်း စေတနာ။
အမှာ=မိဘက သားသမီး ကြိမ်ဆဲတာမျိုး ဖရုသဝါစာမဖြစ် (မမုန်းလို့)
တရားသူကြီးက ပြုံးရွှင်စွာသေစေ အမိန့်ပေး ဖရုသဝါစာ ဖြစ်။
အင်္ဂါ=၁။ ဆဲစရာသူရှိခြင်း။
၂။ ဆဲလိုသောစိတ်ရှိခြင်း။
၃။ ဆဲရေးခြင်း=၃ (ဆဲဟူသည်ကြမ်းတမ်းတဲ့စကားအားလုံး)

သမ္ဖပ္ပလာပေ=အတင်း အဖျင်း ပြောကြောင်း စေတနာ။
အမှာ=ပုဂ္ဂိုလ် ၁ယောက် အကြောင်း မကောင်းပြော အတင်း။
ကာတွန်း၊ ဘိုင်စကုတ် စသည်ပြော အဖျင်း (အကျိုးမဲ့လို့)
အင်္ဂါ=၁။ ဘိုင်စကုတ်စသော အကျိုးမရှိသောအကြောင်းအရာရှိခြင်း။
၂။ ၎င်းအကျိုးမရှိအား လျောက်ပတ်စွာ ပြောဆိုခြင်း=၂

သင်္ဂါဟေ=ဝစီဝိညတ်ကို ဝစီဒွါရခေါ်။
အမှာ=ဝစီ=ဝစီဒွါရအရ=ဝစီဝိညတ်ကိုယူ (ဝစီကမ္မ--နှုတ်အမှု၌ ဖြစ်တဲ့ ကံ)
ဗာဟုလ္လဝုတ္တိတော=ဝစီဒွါရ၌ အဖြစ်များလို့ ဝစီကံ ခေါ်။
အခြားကာယဒွါရ,မနောဒွါရ၌လည်း ဖြစ်သေး၏။
ရှင်း=၎င်း၄မျိုးကို စာရေးခြင်း စသည်ဖြင့် ပြုကာယဒွါရ၌ ဖြစ်။
၎င်း၄မျိုးကို စိတ်ဖြင့် စဉ်းစား မနောဒွါရ၌ဖြစ်။

မနောကံ ၃ပါး

၅၇။ အဘိဇ္ဈာ ဗျာပါဒေါ မိစ္ဆာဒိဋ္ဌိ စေတိ အညတြာပိ ဝိညတ္တိယာ
မနသ္မိံ ယေဝ ဗာဟုလ္လဝုတ္တိတော မနောကမ္မံ နာမ။
အဘိဇ္ဈာ=သူတပါး ပစ္စည်းကို မိမိပစ္စည်း ဖြစ်လိုသော စေတနာနှင့် တကွ
လောဘ။

အမှာ=မိမိသို့ညွှတ်မှ ကမ္မပထမြောက်သည်။
ဗျာပါဒေါ=ဤသူ ပျက်စီးလျှင် ကောင်းမည်ဟု ဖြစ်သော စေတနာနှင့်တကွ
ဒေါသ။
အမှာ=ပြုံးပြုံးကလေးနှင့် သူတပါး ပျက်စီးရန် စဉ်းစား ဗျာပါဒပင်။
အင်္ဂါ= ၁။ တပါးသော သတ္တဝါရှိခြင်း။
၂။ သတ္တဝါ ပျက်စီးစေရန် ကြံစီခြင်း=၂
မိစ္ဆာဒိဋ္ဌိ=လွှတာ အကျိုးမရှိ စသည်ဖြင့် ဖြစ်သော စေတနာနှင့် တကွ ဒိဋ္ဌိ။
အမှာ=၁။ နတ္ထိကဒိဋ္ဌိ=ဘာလုပ်လုပ် အကျိုးမရှိဟုယူ (အကျိုးကိုပယ်)
၂။ အဟေတုကဒိဋ္ဌိ=မည်သည့် အကြောင်းကြောင့်မျှ မဟုတ် သူ
ဖြစ်ချင်သလို ဖြစ်တာဟု ယူ။ (အကြောင်းကိုပယ်)
၃။ အကြိယဒိဋ္ဌိ=ဘာကိုမျှပြုမနေနဲ့ မထူးပါဘူးဟုယူ (ပြုမှုကိုပယ်)
၎င်းဒိဋ္ဌိကြီး ၃ မျိုးသာ မိစ္ဆာဒိဋ္ဌိအရ ယူ (ကမ္မပထဟုလို)
အင်္ဂါ=၁။ ဖောက်ပြန်သော မိစ္ဆာဒိဋ္ဌိ အယူကြီး ၃ မျိုးရှိခြင်း။
၂။ ၎င်းအယူကို အမှန်ဟု စွဲယူခြင်း=၂
အညတြာပိဝိညတ္တိယာ ကာယဒွါရ
ဝစီဒွါရ ၂ မျိုးလုံးတို့၌ လုံးဝ မဖြစ်။
အမှာ=၎င်းဒွါရများကို မဖြစ်စေနိုင်လို့ လုံးဝမဖြစ် (ကိုယ်, နှုတ် မလှုပ်ရှား၊
စိတ်သက်သက်သာဟုလို)
မနသိ ယေဝဌ-ငဝ မနောဒွါရမှာ ဖြစ်ကို ဖြစ်၊ အခြား ဒွါရမှာ မဖြစ်။

ကံ၏ဖြစ်ကြောင်းတရား

၅၈။ တေသု ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ
ဒေါသမူလေန ဇာယန္တိ။

ပါဏာတိပါတော ကာယကံ=ရိုက်ခြင်း သတ်ခြင်း စသည်။
ဖရုသဝါစာ ဝစီကံ=ဆဲသို ကြိမ်ဆဲ စသည်။
ဗျာပါဒေါ=မနောကံ=ပျက်စီးစေခြင်း။
အမှာ=၎င်း ၃ မျိုးကို ပြုံးပြုံးကလေး ပြုစေကာမူ ဒေါသကြောင့် ပင်။

၅၉။ **ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။**

ကာမေသုမိစ္ဆာစာရော=ကာယကံ=မေထုန်မှီဝဲခြင်း စသည်။

အဘိဇ္ဈာ=မနောကံ သူတပါး ပစ္စည်းကို ရရန် ကြံစည်ခြင်း စသည်။

မိစ္ဆာဒိဋ္ဌိ=မနောကံပင်=ဒိဋ္ဌိကြီး ၃ မျိုး ယူခြင်း။

အမှာ=၎င်း ၃ မျိုး ကို ကြမ်းတမ်းစွာ ပြုစေကာမူ လောဘကြောင့်ပင်။

၆၀။ **သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ။**

သေသာနိအပါဒါန်=ပါ, ဖ, ဗျာ, ကာ, ဘိဇ္ဇ, မိစ်။

သေသာနိ=အ=အဒိန္နဒါန် =ကာယကံ
မု= မုသာဝါဒ =ဝစီကံ
ပိ= ပိသုဏာဝါစာ =ဝစီကံ
သမ်=သမ္ဖပ္ပလာပ =ဝစီကံ

အတိုကောက်=လော, ဒေါ ဟိတ်၊ ၂ ခု ဖန်၊ အ, မု, ပိ, သမ်။

ဒွိဟိမူလေဟိ=၎င်း ၄ မျိုးကို ပြုတိုင်း လောဘ(သို့)ဒေါသ တခုခု အကြောင်း ရင်း ဖြစ်။

၆၁။ **စိတ္တုပ္ပါဒဝသေန ပနေတံ အကုသလံ သဗ္ဗထာပိ ဒွါဒသဝိဓံ ဟောတိ။**

ဒွါဒသဝိဓံ=အကုသိုလ်စိတ် ၁၂။

ရှင်း=ယင်းဒုစရိုက် ၁၀ ပါး ပြုရာတွင် အကြောင်းအနေဖြင့် မူလ ၂ ပါးသာဟူ ပြခြင်းသည် အသာဓာရဏဟု ကြံသင့်၏။
မောဟသည် အကုန်လုံးမှာ ပါ၍ သီးခြားမပြဟု ကြံသင့်၏။(ဤကျမ်း)

မောဟ= သက်ဆိုင်သူများ ခွင့်ပြုသည်ထင်၍ ယူမိခြင်းစသည်။
မိမိ ပစ္စည်း ထင်၍ ယူမိခြင်း စသည်။
ကံ, ကံ၏အကျိုးကို မယုံ၍ ယူမိခြင်း စ သည်-၎င်း ၃ မျိုး ကို ပြုသော အခါ မောဟမူလကြောင့်ဟု (ဋီ)ဆို၏။
၎င်း ၃ မျိုးကို မောဟမူဒွေးဖြင့် ပြုသည်ဟု ယူ၍ အကုသိုလ် ၁၂ ဖြစ်။

အမှာ=မူလ ၂ ပါးပင် ပြထားသော်လည်း အကုသိုလ်စိတ် ၁၂ ဟု ဆိုပြန်သဖြင့် လော, ဒေါ မပါပဲ ဖြစ်မှု ရှိရမည်သာ (ဤကျမ်း)

ကာမကုသိုလ်ကံ ၃ ပါး

၆၂။ ကာမာဝစရကုသလမ္ပိ
ကာယဒွါရေ ပဝတ္တံ ကာယကမ္မံ ဝစီဒွါရေ ပဝတ္တံ ဝစီကမ္မံ၊ မနောဒွါရေ ပဝတ္တံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ။

တိဝိဓံ=ကာမကုသိုလ်လဲပဲ=ကာယကံ=ကိုယ်အပြုအမူ၌ ဖြစ်သောကံ။
ဝစီကံ=နှုတ်အပြုအမူ၌ ဖြစ်သော ကံ။
မနောကံ=စိတ်၌ ဖြစ်သော ကံ ၃ ပါး။

အမ္ပိ=အကုသိုလ်လဲပဲ အကုသိုလ် အလျောက် ကာယကံ စသည် ရှိ။

၆၃။ တထာ ဒါန, သီလ,ဘာဝနာဝသေန။

ကာမကုသိုလ်=၁။ ဒါနကုသိုလ်
၂။ သီလကုသိုလ်
၃။ ဘာဝနာကုသိုလ်=အကျဉ်းချုပ်အားဖြင့် ၃ ပါး။

၆၄။ စိတ္တုပ္ပါဒဝသေန ပနေတံ အဋ္ဌဝိဓံ ဟောတိ။

အဋ္ဌဝိဓံ=မဟာကုသိုလ်စိတ် ၈ (၎င်း ဒါန စသော ကုသိုလ် ၃ မျိုး လုံး၏ တရားကိုယ်)

ပုညကြိယာ ဝတ္ထု ၁၀ ပါး

၆၅။ ဒါန,သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မဝသေန ဒသဝိဓံ ဟောတိ။

ဒါန=ပေးလှူကြောင်း စေတနာ (ပုဗ္ဗစေတနာ, အပရ စေတနာကိုလည်း ယူ)

သီလ=ကိုယ်,နှုတ် စောင့်စည်းကြောင်း စေတနာ။

၎င်း=၁။ သမာဒါန (သီလ)-- သီလ ခံယူသကဲ့သို့ ဆောက်တည် ထားပြီး ရှောင်ကြဉ်တဲ့အခါ ရှောင်ကြဉ်ကြောင်း စေတနာ(ကာယဒုစရိုက် ဝစီဒုစရိုက်မှ ရှောင်)

၂။ သမ္ပတ္တ(သီလ)=လတ်တလော တွေ့ကြုံသော ယင်း ဒုစရိုက် ၇ မှ ရှောင်ကြဉ်ကြောင်း စေတနာ။

အမှာ= ဤ၌ ၎င်း ၂ မျိုးကိုယူ (သမုစ္စေဒ မယူရ၊ လောကုတ္တရာ မဟုတ်လို့)
ဘာဝနာ=၁။ သမထ အားထုတ်သူများ ဝေါကြတ့ အဆုံးရှိသော ကာမ ကုသိုလ် စေတနာ။
၂။ ဝိပဿနာ အားထုတ်သူအား ဝေါကြတ့ အဆုံးရှိသော ကာမ ကုသိုလ် စေတနာ။
သတိ=၎င်း ၂ မျိုးကို ယူ၊ (ကုသိုလ်ကို ပွားစေတတ်လို့ ဘာဝနာ)
အပစာယန=အရွယ်(သို့)ဂုဏ်ကြီးသူများအား ခရီးဦးကြိုဆိုခြင်း, နေရာပေး ခြင်း, စသည်ဖြင့် ပူဇော်ကြောင်း စေတနာ။
ဝေယျာဝစ္စ=ဂိလာန စသည်တို့၏ အမှုကြီးငယ်ကို ပြုကြောင်း စေတနာ။
ပတ္တိဒါန=ကုသိုလ်ကို အမျှပေးကြောင်း စေတနာ။
ပတ္တာနုမောဒန=အမျှပေးပေး မပေးပေး သူတပါး ကုသိုလ်ကို သာဓုခေါ် ကြောင်း စေတနာ။
ဓမ္မဿဝန=တရား နာကြောင်း စေတနာ။
အမှာ= စာသင်ခြင်း စ သော အပြစ် ကင်း သော ပညာ သင်ယူခြင်းလည်း ("ဓမ္မဿဝန"ပင်)
ဓမ္မဒေသနာ=တရား ဟောကြောင်း စေတနာ။
အမှာ=စာသင်ခြင်း စသည့် အပြစ်ကင်းသော ပညာကို သင် ပေး ကြောင်း စေတနာလည်း "ဓမ္မဒေသနာ"ပင်။
ဒိဋ္ဌိဇုကမ္မ= အလှူ၏ အကျိုးသည် ရှိ၏ စသည်ဖြင့် အယူကို ဖြောင့် မှန် စွာ ယူကြောင်း စေတနာ။
သတိ=ကုသိုလ် ဉာဏသမ္ပယုတ်
ကုသိုလ် ဉာဏဝိပ္ပယုတ်=၂ မျိုးလုံးပင် ဒိဋ္ဌိဇုကမ္မ ဖြစ်။
၎င်း=ပုဗ္ဗ,မုဉ္စ,အပရ အချိန်မှာ ကုသိုလ်၏ အကျိုးကို သိပြီး ပြုသူမှာ ဉာဏ သမ္ပယုတ်။
လုပ်ရိုးလုပ်စဉ် အလုပ်မို့ လုပ်သည်။ ကုသိုလ်၏ အကျိုးကိုတော့ မသိ၊ ၎င်းအား ဉာဏဝိပ္ပယုတ် ဖြစ်သည်။
အမှာ=၎င်း ၂ မျိုးလုံး ဒိဋ္ဌိဇုကမ္မ ဖြစ်ကြသည်ချည်း။ ထို့ကြောင့် ဒိဋ္ဌိ အရ အယူအဆသာ (သိမှု မသိမှု မဟုတ်)မသိလဲ ဒိဋ္ဌိဇုကမ္မ ဖြစ်သည်ဟူလို။
သတိ=၎င်း ၁၀ ကို ပုညကြိယာဝတ္ထုဟု ခေါ်ကြသေးသည်။

ညို ၁= ပဋ္ဌိဒါန
ပဋ္ဌာနုမောဒန=၂ ပါးကို ဒါန၌ သွင်း (ပေါင်း) ဣဿာ မစ္ဆရိယ
တို့နှင့် ဆန့်ကျင်ဘက်ချင်းတူလို့။

ညို ၂= အပစာယန
ဝေယျာဝစ္စ=၂ ပါးကို သီလ၌ သွင်း (၎င်း ၂ ပါးသည် စာရိတ္တ
သီလ ဖြစ်လို့)

ရှင်း= ၅ပါး၊ ၈ပါးစသော သီလသည် ဝါရိတ္တသီလ။(ရှောင်ကြဉ်တဲ့အလေ့)
အပစာယနနှင့်ဝေယျာဝစ္စသည် စာရိတ္တသီလ(ပြုကျင့်တဲ့အလေ့)
ဤသို့ အလေ့ဆိုတဲ့ သဘောချင်းတူလို့ ပေါင်း၍ ဆိုသည်။
တခါတလေ ရှောင်တာမျိုး ပြုကျင့်တာမျိုးကို သီလ မခေါ်။

ညို ၃=ဓမ္မဿဝန (တရားနာ)
ဓမ္မဒေသနာ (တရားဟော)
ဒိဋ္ဌုဇုကမ္မ (အယူဖြောင့်) ၎င်း ၃မျိုးကို ဘာဝနာ၌သွင်း (ပေါင်း
ဟူလို)
(ကုသိုလ်ကို တိုးပွားစေတတ်တာခြင်း တူ၍ ပေါင်းသည်)

ဝါဒကွဲ=ဒိဋ္ဌုဇုကမ္မကို ၃မျိုးလုံး၌ သွင်းတဲ့။
ဓမ္မဒေသနာကို ဒါန၌သွင်းတဲ့၊
၆၆။ တံ ပနေတံ ဝီသတိဝိဓမ္ပိ ကာမာဝစရကမ္မမိစ္စေဝ သင်္ခံ ဂစ္ဆတိ။

သင်္ခံ= အကုသိုလ် ၁၂
မဟာကုသိုလ် ၈=၂၀တို့ကို ကာမာဝစရကံ ခေါ် (ကာမကံဟူလို)

ရူပကုသိုလ်ကံ ၅ ပါး

၆၇။ ရူပါဝစရကုသလံ ပန မနောကမ္မမေဝ
တဉ္စ ဘာဝနာမယံ အပ္ပနာပတ္တံ ဈာနင်္ဂဘေဒေန ပဉ္စဝိဓံ
ဟောတိ။

မနောကမ္မမေဝ-ဧဝ=ရူပ ကုသိုလ်သည် မနောကံသာ (ကာယကံ, ဝစီကံ
မဟုတ်၊ဒွါရခေါ်ဝိညတ်ကို မဖြစ်စေတတ်လို့)

အပ္ပနာပတ္တံ=ရူပကုသိုလ်ရမှ အပ္ပနာသို့ ရောက်သည်။
အမှာ=ဘာဝနာအားထုတ်သည်မှ ဂေါတြဘူအထိ ကာမကုသိုလ်သာ(အပ္ပနာ မဟုတ်သေး)။
ဈာနင်္ဂဘေဒေန=ရူပ ကုသိုလ်သည် ဈာန်အင်္ဂါ အတိုးအလျော့ အားဖြင့် ၅မျိုး ကွဲပြားသည်။
ဈာန်ဟောနည်း=ခိပ္ပါပဋိပဒါ ဒန္ဓာဘိညာစသဖြင့် ပဋိပဒါခေါ် အကျင့်ဖြင့် ဘယ်လို ကျင့်လို့ ဘယ်လိုရတဲ့ ဈာန်ကို ဘာဈာန်ခေါ်စသဖြင့် ဈာန်ကို နည်းအမျိုးမျိုး ဟောပြရာတွင်-
ဤနေရာ၌ ဈာန်အင်္ဂါဖြင့် ဈာန် အမျိုးအစားကို ဟော၏ဟူလို။

အရူပကုသိုလ်ကံ ၄ ပါး

၉၀။ **တထာ အရူပါဝစရကုသလဉ္စ မနောကမ္မံ**
တမ္ပိ ဘာဝနာမယံ အပ္ပနာပတ္တံ အာရမ္မဏဘေဒေန စတုဗ္ဗိဓံ ဟောတိ။

အရူပကုသိုလ်=မနောကံပင်။
ဘာဝနာအားထုတ်မှ ရသည်။
အပ္ပနာ အဆင့်ရောက်သည်(ဝင်း၃မျိုးအဓိပ္ပာယ် ရူပအတိုင်း)

စတုဗ္ဗိဓံ=၁။ ကသိဏုဂ္ဃာဋိမာကာသ ကို အာရုံ ပြု သော အာကာ သာနဉ္စာယတနစိတ်။

အမှာ=သူ့အာရုံကမ္မဋ္ဌာန်းနှင့်သူ့ကို အမည်ပေးသည်။
၂။ အာကာသာနဉ္စာယတန စိတ်ကို အာရုံ ပြုသော ဝိညာဏဉ္စာယတနစိတ်။
(သူ့အာရုံနှင့်သူ့အမည်ပင်၊ဝိညာဏ=ပဌမာရုပ္ပဝိညာဏ်)
၃။ နတ္ထိဘာဝပညတ်ကို အာရုံပြုသော အာကိဉ္စညာယတန စိတ်။
(သူ့အာရုံနှင့် သူ့အမည်၊ အာကိဉ္စည=နတ္ထိဘာဝပညတ်)
(မရှိတဲ့ အာရုံကို အာရုံပြုနိုင်လို့ သိမ်မွေ့နူးညံ့သည်)
၄။ အာကိဉ္စညာယတနကို အာရုံပြုသော နေဝသညာနာသညာ ယတနစိတ်။

သူ့အာရုံနှင့် သူ့အမည်ဘင်၊ အာကိဉ္စညာယတန စိတ်ကို အာရုံ ပြုရင်း နေဝသညာ နာသညာယတနစိတ်နှင့် အပေါင်းပါစေတသိက်များ ပို၍ သိမ်မွေ့လာသည်)

သတိ=ထိုသို့ အာရုံဖြင့် အမည်ပေးခြင်းကြောင့် "အာရမ္မဏပဘေဒေန" ဆိုသည်။

ကာမကံ၏ အကျိုးပေးရာဘုံ

၆၉။ စတ္တာကုသလကမ္မံ မုဒ္ဒစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။
ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ သတ္တာကုသလပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။

စတ္တာ=ဤပါကဋ္ဌာနအားဖြင့် ၄ ပါးသောကံတို့တွင်။
ဥဒ္ဒစ္စရဟိတံ=ဥဒ္ဒစ္စကြဉ်သော အကုသိုလ် ၁၁။
ရှင်း= ပဋိသန္ဓေကျိုးမပေးလို့ ဥဒ္ဒစ္စကြဉ် (ဒဿနေနပဟာတဗ္ဗတွင်မပါသည် ကိုထောက်)
အပါယဘူမိယံပဋိသန္ဓိံ=အကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တိရဏ။
ဒွါဒသဝိဓံ=အကုသိုလ် ၁၂။
သတ္တာကုသလပါကာနိ=ပဝတ္တိအခါ အကုသလဝိပါက် ၇။
ရှင်း=ဥဒ္ဒစ္စကြဉ် အကုသိုလ် ၁၁သည် ပဋိသန္ဓေအခါ အပါယ်ဘုံ၌အကုသလ ဝိပါက်ဥပေက္ခာ သဟဂုတ်သန္တိရဏကို ဖြစ်စေ၏။
အကုသိုလ် ၁၂ခုလုံးသည်ပဝတ္တိအခါ ကာမဘုံနှင့်ရူပဘုံ=ရင်း၂ဘုံ တို့၌ အကုသလဝိပါက်၇ကို ဖြစ်စေ၏။

ယထာရဟံ=ကာမဘုံ၌ ဝတ္ထု မချို့သူများမှာ အကုသလဝိပါက် ၇ပါးဖြစ်။

ရူပဘုံ၌ အကုသလဝိပါက် စက္ခုဝိညာဏ်		၁
	အကုသလဝိပါက် သောတဝိညာဏ်	၁
	အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း	၁
	အကုသလဝိပါက် သန္တိရဏ	၁ = ၄သာဖြစ်။

(၂ဘုံ၌သို့ ထိုက်သင့်)

၇၀။ ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိံ ဇနေတိ၊ တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ အဟေတုက ဝိပါကာနိ ပန အဋ္ဌပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။ ။

ကာမာဝစရကုသလမ္ပိ=မဟာကုသိုလ် ၈

ကာမသုဂတိယမေဝ =ကာမသုဂတိ ၇ ဘုံ၌ (လူ ၁ ဘုံ။ လ။ဝသဝတ္တိဘုံ)

ပဋိသန္ဓိံ=ကာမသုဂတိ ပဋိသန္ဓေ ၉ (ကု, ဝိ, ဥ, န္တိ, ၁ မဟာဝိပါက်စိတ် ၈=၉)

တထာ=မဟာကုသိုလ် ၈။
ပဝတ္တိယဉ္စ=ပဝတ္တိအချိန်။
အဋ္ဌ=အဟိတ်ကုသလဝိပါက် ၈
ပိ-အပိ=မဟာဝိပါက် ၈=၁၆။ (အဋ္ဌပိအရ ၁၆ ဟူလို)
ဝိပစ္စတိ=ကာမ ၁၁ ဘုံ
ရူပ ၁၅ ဘုံ=ငင်း၂၆ဘုံတို့၌အကျိုးပေး(အသညသတ်ကြဉ်)

ယထာရဟံ=ကာမ ၁၁ ဘုံ၌ ဝတ္ထုမချို့သူများ ၁၆ ပါးလုံး။
ရူပဘုံ၌ စက္ခုဝိညာဏ် ၂
သောတဝိညာဏ် ၂
သမ္ပဋိစ္ဆိုင်း ၂
သန္တီရဏ ၃=၉ သာ (ဃာနာဒိ ချို့လို့)

အမှာ=ရူပဘုံ၌ မဟာဝိပါက် လုံးဝ မဖြစ်။

ရှင်း=ကာမတဏှာ အခြေခံ ကာမကုသိုလ်သည် ဖြစ်စေအပ်သော‌ကြောင့် လည်းကောင်း၊
ရူပကုသိုလ်သည် ငင်းကာမ ကုသိုလ်နှင့် မတူသော‌ကြောင့် လည်းကောင်း၊ ငင်းအကြောင်း ၂ပါးကြောင့် မဟာဝိပါက် ရူပဘုံ၌ မဖြစ်။

ယထာရဟံ=ဒွါရ, အာရုံအား လျော်စွာ (အထက်ပါ အဓိပ္ပာယ် ရည်ရွယ်)

ရှင်း=ဃာနဒွါရ စသည် မရှိလို့၊ ဃာနဝိညာဏ် စသည်လည်းမရှိ(ဒွါရလျော်)
ငရဲသား ရှင်မောဂ္ဂလာန်မြင် အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ် ဖြစ်။ (ဤကား အာရုံအား လျော်ပုံ)

တိဟိတ် ဥက္ကဋ္ဌ စသည် ကွဲပြားခြင်း

၇၁။ တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသ ဝိပါကာနိ ဝိပစ္စတိ။

ဥက္ကဋ္ဌံ=ရှေ့နောက် ကုသိုလ် ခြံရံသော ကုသိုလ်။
တနည်း=ပြုပြီးနောက် အဖန်တလဲလဲ သတိရသော ကုသိုလ် ၎င်း ၂ မျိုး။

တိဟေတုကံကုသလံ=ဉာဏသမ္ပယုတ် မဟာကုသိုလ် ၄ (ပြုစဉ်ဉာဏ်ယှဉ်)
တိဟေတုကံပဋိသန္ဓိံ=ဉာဏသမ္ပယုတ် မဟာဝိပါက် ပဋိသန္ဓေ ၄။
ပဝတ္တေသောဠသ=ပဝတ္တိအချိန်မှာ ယခင် အဟိတ် ကုသလဝိပါက် ၈
မဟာဝိပါက်စိတ် ၈=၁၆

အမှာ=မဂ်, အဘိညာဏ် မပါဝင်(ပဋိသန္ဓေကျိုး,ပဝတ္တိကျိုး မပေးကြလို့)

၇၂။ တိဟေတုက, မောမက ဒွိဟေတုက, မုက္ကဋ္ဌဉ္စ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ တိဟေတုကရဟိတာနိ ဒွါဒသ ဝိပါကာနိ ဝိပစ္စတိ။

တိဟေတုကံသြမကံ=ရှေ့နောက် အကုသိုလ် ခြံရံသော ဉာဏသမ္ပယုတ်ကု ၄။
တနည်း=ပြုပြီးနောက် မှားလေခြင်းဟု မသာ မယာ တွေးမိသော ဉာဏသမ္ပယုတ်ကုသိုလ် ၄=၎င်း၂မျိုး(သြမက)

အမှာ=၎င်း ၂ မျိုးလုံး ပြုစဉ်မှာ အကြောင်း အကျိုး သိကြသည်ချည်း ဖြစ်၍ ဉာဏ် ယှဉ်ကြသည်။
မပြုမီ, ပြုပြီး အတွေးချော်လို့သာ သြမက ဖြစ်သည်။

ဒွိဟေတုကံ=အလောဘ
အဒေါသ=၎င်း ဟိတ် ၂ ပါး သာ ယှဉ်တဲ့ဉာဏဝိပ္ပယုတ် ကု ၄။

ဥက္ကဋ္ဌံ=ပြုစဉ်မှာ ဉာဏ် မယှဉ်သော်လည်း ရှေ့နောက်တော့ ကုသိုလ် ခြံရံ
(ရှေ့ အားရ ဝမ်းသာ၊ နောက် အားရ ဝမ်းသာ ဟူလို)
ပြုစဉ်မှာ ဉာဏ် မယှဉ်၊ ပြုပြီးနောက် အားရ ဝမ်းသာ၊ သတိ ရနေသော ဉာဏဝိပ္ပယုတ် ကုသိုလ်=၎င်း ၂ မျိုး။

ဒွိဟေတုကံပဋိသန္ဓိံ = ဉာဏဝိပ္ပယုတ် မဟာဝိပါက် ၄။

ပဝတ္တေဒွါဒသ=ပဝတ္တိမှာ ၁၂ သာ။ ၁၆ မဟုတ်တော့ (သမ္ပယုတ်ကြဉ်လို့)

တိဟေတုက ရဟိတာနိ=ဉာဏသမ္ပယုတ် မဟာဝိပါက် ၄ ကြဉ် ကြွင်း ၁၂။

ရှင်း=ယခင် အဟိတ် ကုသလ ဝိပါက် ၈

မဟာဝိပါက် ၈=ငင်း ၁၆ တွင် ဉာဏသမ္ပယုတ်

မဟာဝိပါက် ၄ ကြဉ် ၁၂ သာ ဟူလို။

အမှာ–တိဟိတ်ဩမက ဉာဏသမ္ပယုတ် ကုသိုလ်သည် အားနည်းသော်လည်း
ဒွိဟိတ် ပဋိသန္ဓေကို ဖြစ်စေသည်။
အဟိတ်ပဋိသန္ဓေကိုတော့ မဖြစ်စေပါ။

ရှင်း=ဩမကပင် ဖြစ်လင့်ကစား ငင်းကုသိုလ်၌ ဉာဏ်ယှဉ်သည်။
ငင်းဉာဏ်သည် အဟိတ် ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ မောဟ (သို့)
အကုသိုလ်နှင့် ဆန့်ကျင်လို့ အဟိတ်ပဋိသန္ဓေကို မဖြစ်စေ။

ဒွိဟေတုကမုက္ကဋ္ဌ=ဒွိဟိတ်ကုသိုလ်သည် မည်မျှအားကောင်းစေကာမူ တိဟိတ်
ပဋိသန္ဓေကို မဖြစ်စေနိုင်။

အမှာ=ဉာဏ် မယှဉ်တဲ့ ကုသိုလ်က ဉာဏ် ယှဉ်တဲ့ ပဋိသန္ဓေကို မဖြစ်စေနိုင်
(ဉာဏ်ကို မဖြစ်စေနိုင်ဟူလို။)

၇၄။ ဒွိဟေတုက, မောမက် ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ
ဒေတိ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ။

ဒွိဟေတုကံ=အလောဘ
အဒေါသ=ငင်းဟိတ် ၂ပါး ယှဉ်သော။

ဩမကံ=ပြုစဉ်မှာလည်း ဉာဏ်မယှဉ်၊ရှေ့နောက်လည်း အကုသိုလ် ခြံရံသော
ဉာဏဝိပ္ပယုတ် ကုသိုလ်။

တနည်း=ပြုစဉ်လည်း ဉာဏ် မယှဉ်၊ ပြုပြီးတော့ မှားလေခြင်းဟု နှလုံးမသာ
ယာသော ဉာဏဝိပ္ပယုတ်ကုသိုလ်၄=ငင်း၂မျိုး။

အကျိုးပေးသောကံ	ပဋိသန္ဓေကျိုး	ပဝတ္တိကျိုး
မဟာကုသိုလ် ၈	ကုံ,ဝိ,ဥပေ,န္တိ ၁ မဟာဝိပါက် ၈=၉	အဟိတ်ကုဝိ ၈ မဟာဝိပါက် ၈=၁၆
တိဟိတ်ဥက္ကဋ္ဌ,ကု ၄	ဉာဏသမ္ပယုတ် ဝိပါက် ၄	အဟိတ်ကုဝိ ၈ မဟာဝိပါက် ၈=၁၆
တိဟိတ်ဩမက ၄	ဉာဏဝိပ္ပယုတ် မဟာဝိပါက် ၄	အဟိတ်-ကု-ဝိ ၈ မဟာဝိ-ဝိပ္ပ- ၄=၁၂
ဒွိဟိတ်ဥက္ကဋ္ဌကု ၄	(။)	(။)
ဒွိဟိတ်ဩမက ၄	အဟိတ်ကု,ဝိ ဥပေ,န္တိ	အဟိတ်,ကု,ဝိ ၈ သာ

အပ္ပ=ကေစိဝါဒမေ(ြ)လျှင် မဟာဝိပါက်သင်္ခါ(ရ်)ပြ၊အဟိတ်ဝိပါက် အထူးမရှိ။
ကံက အသင်္ခါရိကဖြစ်လျှင် အကျိုးမဟာဝိပါက်၌ သသင်္ခါရိကကြဉ်။
ကံက သသင်္ခါရိကဖြစ်လျှင် အကျိုးမဟာဝိပါက်၌ အသင်္ခါရိကကြဉ်။

ကေစိဝါဒ၌ သင်္ဂဟဂါထာများ

၃၄။ အသင်္ခါရံ သသင်္ခါရ၊ ဝိပါကာနိ န ပစ္စတိ။
သသင်္ခါရ,မသင်္ခါရ၊ ဝိပါကာနီတိ ကေစန။
တေသံ ဒွါဒသ ပါကာနိ၊ ဒသာဋ္ဌ စ ယထာက္ကမံ။
ယထာဝုတ္တာနုသာရေန၊ ယထာသမ္ဘဝ,မုဒ္ဒိသေ။ ။

နပစ္စတိ အသင်္ခါရိက ကုသိုလ်သည် သသင်္ခါရိက ဝိပါက်ကို မဖြစ်စေ။
သသင်္ခါရိက ကုသိုလ်သည် အသင်္ခါရိက ဝိပါက်ကို မဖြစ်စေ။
တေသံ-ဝါဒအလိုရှိကုန်သော ဆရာတို့၏။
ဒွါဒသ=မဟာကုသိုလ် အသင်္ခါရိက ဖြစ်အံ့=အဟိတ်ကုဝိ ၈
မဟာဝိပါက်အသင်္ခါရိက ၄=၁၂
မဟာကုသိုလ် သသင်္ခါရိက ဖြစ်အံ့=အဟိတ်,ကု,ဝိ ၈
မဟာ,ဝိ,သသင်္ခါရိက ၄=၁၂

ဒသ= မဟာကု, သမ္ပယုတ်, အသင်္ခါရိက, ဖြစ်အံ့=အဟိတ်, ကု, ဝိ ၈
မဟာဝိ, သမ္ပ, အသင်္ခါ ၂=၁၀
မဟာကု, သမ္ပယုတ်, သသင်္ခါရိကဖြစ်အံ့=အဟိတ်, ကု, ဝိ ၈
မဟာဝိ, သမ္ပ, သသင်္ခါ ၂=၁၀။

အဋ္ဌ= မဟာကု, ဉာဏ, ဝိပ္ပ, အသင်္ခါ ၂
မဟာဝိ, ဉာဏ, ဝိပ္ပ, သသင်္ခါ ၂ ၎င်း ၂မျိုးဖြစ်အံ့=အဟိတ် ကု, ဝိ ၈။

အကျိုးပေးသောကံ	ပဋိသန္ဓေကျိုး	ပဝတ္တိကျိုး
မဟာကု, သမ္ပ, အသင်္ခါ ၂	မဟာဝိ, သမ္ပ, အသင်္ခါ ၂	အဟိတ်ကုဝိ ၈ မဟာဝိ, အသင်္ခါ ၄=၁၂
မဟာကု, သမ္ပ, သသင်္ခါ ၂	မဟာဝိ, သမ္ပ, သသင်္ခါ ၂	အဟိတ်, ကု, ဝိ ၈ မဟာဝိ, ဝိပ္ပ, အသင်္ခါ ၄=၁၂
မဟာကု, သမ္ပ, အသင်္ခါ ၂ မဟာကု, ဝိပ္ပ, အသင်္ခါ ၂	မဟာဝိ, ဝိပ္ပ, သသင်္ခါ ၂	အဟိတ်, ကု, ဝိ ၈ မဟာဝိ, ဝိပ္ပ, အသင်္ခါ ၂=၁၀
မဟာကု, သမ္ပ, သသင်္ခါ ၂ မဟာကု, ဝိပ္ပ, သသင်္ခါ ၂	မဟာဝိ, ဝိပ္ပ, သသင်္ခါ ၂	အဟိတ်, ကု, ဝိ ၈ မဟာဝိ, ဝိပ္ပ, သသင်္ခါ ၂=၁၀

အမှာ=ဒွိဟိတ် ဩမက အတွက် ယခင် ဇယား အတိုင်းပင် (ပဋိ, ပဝတ္တိ အဟိတ်ချည်း)

ကေစန=မဟာဓမ္မရက္ခိတမထေရ်။
ရှင်း= မျက်နှာနှင့် မှန်ထဲက အရိပ်တူသလို၊ ကံနှင့်အကျိုးတူသတဲ့။
သမာနဝါဒ=သင်္ခါရ ပြားခြင်းသည် ကံအားဖြင့် ပြားခြင်း မဟုတ်။
ပစ္စည်းအားဖြင့်သာပြားခြင်းဖြစ်လို့ကံနှင့်အကျိုး သင်္ခါရတူရန်မလိုတဲ့။

ရူပကံ၏ အကျိုးပေးရာဘုံ

၇၅။ ရူပါဝစရကုသလံ ပန ပဌမဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ဗြဟ္မပါရိသဇ္ဇေသု ဥပ္ပဇ္ဇတိ။ ။

၇၆။ တဒေဝ မဇ္ဈိမံ ဘာဝေတွာ ဗြဟ္မပုရောဟိတေသု။

၇၇။ ပဏီတံ ဘာဝေတွာ မဟာဗြဟ္မေသု။

ပရိတ္တံ=အာသေဝန ပစ္စည်းကို နည်းနည်း ရသော ပဌမစျာန် (နဲနဲ)

တနည်း=ညံ့သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့်ပွားများ၍ရသောပဌမစျာန်။

မဇ္ဈိမံ=အာသေဝန ပစ္စည်းကို အလယ်အလတ်ရသော ပဌမစျာန်။

တနည်း=အလယ်အလတ်ဖြစ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသ တို့ဖြင့် ပွားများ၍ ရသော ပဌမစျာန်။

ပဏီတံ=အာသေဝန ပစ္စည်းကို များများရသော ပဌမစျာန်။

တနည်း=ထက်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ဖြင့် ပွားများ၍ ရသော ပဌမစျာန်။

အမှာ= ထပ်တလဲလဲ ဖြစ်ရာတွင် ရှေ့ရှေ့ ဇောသည် အာသေဝနပစ္စည်း။ (ထပ်တလဲလဲအဖြစ် နည်း,လတ် များဟူလို)

သတိ=ပဌမစျာန်ဘုံ၌ ဗြဟ္မ ပါရိသဇ္ဇာ ရပ်ကွက် (အုပ်ချုပ်ခံ ဗြဟ္မာများ ရပ်ကွက်)

ဗြဟ္မပုရောဟိတာ ရပ်ကွက်(အမှုထမ်း ရပ်ကွက်)

မဟာဗြဟ္မာရပ်ကွက်(ဗြဟ္မာမင်းကြီးများရပ်ကွက်)(အစိုးရ ရပ်ကွက်)

(တဘုံတည်းပင်၊ အဆင့်အတန်းခြားနား၍ နေရာကို ခွဲခေါ်ခြင်းသာ)

၇၈။ တထာ ဒုတိယဇ္ဈာနံ တတိယဇ္ဈာနဉ္စ ပရိတ္တံ ဘာဝေတွာ ပရိတ္တာဘေသု။

၇၉။ မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏာဘေသု။

၈၀။ ပဏီတံ ဘာဝေတွာ အာဘဿရေသု။

အမှာ=ဘုံက=ဒုတိယစျာန်ဘုံ။

စျာန်က ဒုတိယစျာန်နှင့်

တတိယစျာန် ၂ ပါး၊ ဤမျှသာထူး၊ ကျန်တူ။

သတိ=ဘုံသည် စတုက္ကနည်းအားဖြင့် တည်ရှိသည်။
ဈာန်ကို စိတ်ပိုင်း၌ ပဉ္စကနည်းဖြင့် ဆိုထားသည်။
၈၁။ **စတုတ္ထဈ္ဈာနံ ပရိတ္တံ ဘာဝေတွာ ပရိတ္တာသုဘေသု။**
၈၂။ **မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏာသုဘေသု။**
၈၃။ ပဏီတံ ဘာဝေတွာ သုဘာကိဏှေသု။

အမှာ=ဘုံက တတိယဈာန်ဘုံ။
ဈာန်က စတုတ္ထဈာန် (ဤမျှသာထူး၊ ကျန်အားလုံး ပ,ဈာန်အတိုင်း)
၈၄။ **ပဉ္စမဇ္ဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု။**

ပဉ္စမဇ္ဈာနံ=အဘိညာဏ် မဟုတ်သော ပဉ္စမ ဈာန်။
ရှင်း=ဤကမ္မစတုက္က အခန်းကား အကြောင်း ကံနှင့် ပဋိသန္ဓေကျိုးကို စပ်ပြသော အခန်း။
အဘိညာဏ်သည် ပဋိသန္ဓေ ကျိုးကိုလည်း မဖြစ်စေ။
ပဝတ္တိ ကျိုးကိုလည်း မဖြစ်စေ။ (ထို့ကြောင့်ကြဉ်)
၈၅။ **တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။**

တဒေဝ=ပဉ္စမဈာန် (၎င်းဈာန်သည် အသညသတ်ဘုံ၌ ဖြစ်စေသည် ဟူလို)
သညာဝိရာဂံ=သညာစေတသိက်၌ တပ်ခြင်းကင်း။
တနည်း=သညာ အမှုးထား၍ အပေါင်းပါ စိတ်စေတသိက်၌ တပ်ခြင်းကင်း။
ရှင်း= ၁။ သညာရောဂေါ၊ သညာသည်နာကျင်စေတတ်တဲ့ရောဂါနှင့်တူ။
သညာဂဏ္ဍော၊ သညာသည် အိုင်းအမာနှင့် တူ။
(ချစ်စရာ ဆိုတဲ့ အမှတ် သညာကြောင့် ချစ်ဒုက္ခ ခံရသည်။
မုန်းစရာ ဆိုတဲ့ အမှတ် သညာကြောင့် မုန်းဒုက္ခ ခံရသည်)စသည်ဖြင့် လည်းကောင်း။ (သညာကို အပြစ်မြင်ပုံ)
၂။ မိ စိတ္တံ=ချစ်စရာဆိုတဲ့ အသိစိတ်မျိုးကြောင့် ချစ်ဒုက္ခ ခံရသည်။
မုန်းစရာ ဆိုတဲ့ အသိစိတ်မျိုးကြောင့် မုန်းဒုက္ခ ခံရသည် စသည်ဖြင့်လည်းကောင်း။(စိတ်ကို အပြစ်မြင်ပုံ)

ဤသို့ သမထ အားမထုတ်မီ နာမ်တရားများ၌ အပြစ်ကို ဆင်ခြင်ခြင်းသည် သညာဝိရာဂ။
၎င်းသည် ဘာဝနာ၏ အခြေခံသာ (ဘာဝနာမဟုတ်သေး)

ဤသို့ သညာဝိရာဂ အခြေခံ၍ ဝါယော ကသိုဏ်း စီးဖြန်းခြင်းကို သညာဝိရာဂ ဘာဝနာ ခေါ်သည်။

အမှာ=ဤသညာဝိရာဂ ဘာဝနာကြောင့် ရသော ပဋ္ဌမဈာန်ကို "တဒေဝ" အရယူ။

ဝါဒကွဲ=ပရိစ္ဆိန္နာကာသကို စီးဖြန်းရ မတဲ့။
ငင်းစီးဖြန်းနည်းကိုပင် သညာဝိရာဂ ခေါ်သတဲ့။

ဣရိယာပုထ်=အသညသတ်ဘုံ မရောက်မီ ဘဝက စုတေသည့် ဣရိယာပုထ် အတိုင်း အသညသတ်ဘုံမှာဖြစ်(ထိုင်လျက် သေလျှင် ထိုင်လျက်၊ အိပ်လျက် သေလျှင် အိမ်လျက် စသည်)

သတ္တ=နာမ်မရှိ၍ သတ္တဝါ မဟုတ် ထင်မည်စိုးလို့ "သတ္တ" ဖြင့် အမည်ပေး။

ရှင်း–ကမ္ဗဇရုပ်ရှိလျှင် သတ္တဝါ (အသညသတ်ပြဟ္မာများ)
နာမ်သက်သက်ရှိလျှင်လည်း သတ္တဝါ (အရူပပြဟ္မာများ)
၂ ပါးစုံ ရှိလျှင် သတ္တဝါ (ပဥ္စဝေါကာရပုဂ္ဂိုလ်များ)

တနည်း=အာယု=ဇီဝိတိန္ဒြေ၊(ကမ္ဗဇ ရုပ်ထဲက)
ဉသ္မာ -ကမ္မဇတေဇော၊
ဝိညာဏ်=စိတ်–ငင်း ၃ ပါးရှိလျှင် သတ္တဝါ။(မရှိလျှင်သေ)

ညှိ=အာယု ဉသ္မာ ငင်း ၂ မျိုးလုံး ကမ္ဗဇရုပ်ချည်း။
ဝိညာဏ်သည် နာမ်(ပရမတ်, ပညတ်သာ ကွာခြား၏၊သဘောချင်းတူ)

ဂ၆။ အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပတ္တိ။

အနာဂါမ်နော=ပဥ္စမဈာန်ရ အနာဂါမ်
(က) သုဒ္ဓါဝါသ ၅ ဘုံ၌ လည်းကောင်း၊
(ခ) ဝေဟပ္ဖိုလ်ဘုံ၌ လည်းကောင်း၊ဖြစ်ခွင့်ရှိ၊

ရှင်း ပဥ္စမဈာန် ရအောင် သမထ အားယုတ်စဉ်က
၁။ သဒ္ဓိန္ဒြေ လွန်ကဲလျှင် အဝိဟာဘုံရောက်
၂။ ဝီရိယိန္ဒြေ လွန်ကဲလျှင် အတပ္ပာဘုံရောက်
၃။ သတိန္ဒြေ လွန်ကဲလျှင် သုဒဿာဘုံရောက်
၄။ သမာဓိန္ဒြေ လွန်ကဲလျှင် သုဒဿီဘုံရောက်
၅။ ပညိန္ဒြေ လွန်ကဲလျှင် အကနိဋ္ဌာဘုံရောက်

အမှာ=ဣန္ဒြေ ၅ပါး မလွန်ကဲဘဲ မျှတရုံလောက်ရှိလျှင် ဝေဟပ္ဖိုလ်ဘုံရောက်။

ပဋ္ဌမစျာန်ရ အနာဂါမ်=ပဋ္ဌမစျာန်ဘုံရောက်။
ဒုတိယစျာန်ရ အနာဂါမ်။
တတိယစျာန်ရ အနာဂါမ်=၎င်း ၂ မျိုး ဒုတိယစျာန်ဘုံ ရောက်။
စတုတ္ထစျာန်ရ အနာဂါမ်=တတိယစျာန်ဘုံရောက်။

အမှာ=စျာန်မရ အနာဂါမ်=စုတေခါနီး စျာန်ကို ရကို ရသည်၊ မရဘဲ မစုတေရ။ စျာန်မရ အနာဂါမ်ကို "သုက္ခဝိပဿက" အနာဂါမ်ခေါ်။ စျာန်ရအောင် အားထုတ်မှုမြဲ၏ (သမာဓိဥ္ဓြည့်ခြင်းကို ပြုလေ့ရှိလို့)

သတိ= ကာမရာဂကို ပယ်ထားသဖြင့် ကာမဘုံ၌ နိကန္တိ မရှိလို့ ကာမဘုံ၌ ဖြစ်ခွင့်မရှိ။
ထို့ကြောင့် သုက္ခဝိပဿက ဖြစ်စေကာမူ ဓမ္မတာအားဖြင့် စျာန် ရပြီးမှ စုတေရသည်။

သုဒ္ဓါဝါသေသူ=၎င်းဘုံ၌ အနာဂါမ်တမျိုးသာ ပဋိသန္ဓေ နေခွင့်ရှိ၏။
ပဝတ္တိအခါမှာတော့ အရဟတ္တမဂ္ဂဋ္ဌာန်နှင့် ရဟန္တာဖြစ်ခွင့်ရှိ။

အခြားပုဂ္ဂိုလ်များ=တိဟိတ် ပုထုဇဉ်။
သောတာပန်။
သကဒါဂါမ်=၎င်း၃မျိုး စျာန်ရလျှင် ရသောစျာန်အား လျော်သောဘုံမှာဖြစ်။

အမှာ=သုဒ္ဓါဝါသ ၅ဘုံ၌ ဖြစ်ခွင့်မရှိ။
၎င်းပုဂ္ဂိုလ် ၃မျိုး စျာန်မရလျှင် ကာမသုဂတိဘုံမှာ ဖြစ်ကြရသည် (ကာမနိကန္တိကို ပယ်သည့် စျာန်မရရှိလို့)

ဘဝ= ၁။ ဝေဟပ္ဖိုလ်ဘုံ။
၂။ နေဝသညာ နာသညာယတနဘုံ =၎င်း ၂ ဘုံမှ အရိယာ များ အခြားဘုံမှာ မဖြစ်၊ သူ့ဘုံသာ သူဖြစ်နိုင်သည်။
ဝေဟပ္ဖိုလ်မှ ပုထုဇဉ် အခြားဘုံ၌လည်း ဖြစ်နိုင်သည်၊ သူ့ဘုံသူ လည်း ဖြစ်နိုင်သည်။
နေဝသညာနာသညာယတနဘုံမှ တိဟိတ် ပုထုဇဉ်၊ကာမသုဂတိ ဘုံ၌ ဖြစ်နိုင်သည်၊ သူ့ဘုံလည်း ဖြစ်နိုင် (အာရုပ္ပစုတိယာ ဂါထာသတိပြု)

၃။ အကနိဋ္ဌဘုံ=ငင်းဘုံက အရိယာများ၊ အခြားဘုံမှာလည်းမဖြစ်။
သူ့ဘုံ သူလည်းမဖြစ် (ပရိနိဗ္ဗာန်စံရသည်သာ) (ငင်း၃ဘုံကိုဘဝ
သီသလည်းခေါ်)

အမှာ=ဖြပ်မွှာ့ပြည်မှ အရိယာများ အောက်ဘုံတို့၌ ပြန်၍ပဋိသန္ဓေ မနေကြ၊
ပဝတ္တိအချိန် လာတာ သွားတာတော့ ရှိသည်။
အရိယာ မိန်းမများ။
အရိယာ မဟုတ်သော မိန်းမများ=ငင်း ၂မျိုးလုံး သမာပတ် ၈ ပါး
လုံး ရထားစေကာမူ ဖြပ်မွဲပါရိသဇ္ဇာဘုံ၌သာ ဖြစ်ခွင့် ရှိသည်။

အရူပကံ၏ အကျိုးပေးရာဘုံ

၈၇။ အရူပါဝစရကုသလဉ္စ ယထာက္ကမံ ဘာဝေတွာ အရူပေသု
ဉပ္ပဇ္ဇန္တိ။

ယထာက္ကမံ= ၁။ အာကာသာနဉ္စာယတန ကုသိုလ်သည် အာကာသာနဉ္စာ
ယတန ဘုံ၌ အာကာသာနဉ္စာယတနပဋိသန္ဓေကို ဖြစ်စေ၏။
၂။ ဝိညာနဉ္စာယတန ကုသိုလ်သည် ဝိညာနဉ္စာယတန ဘုံ၌
ဝိညာနဉ္စာယတန ပဋိသန္ဓေကို ဖြစ်စေ၏။
၃။ အာကိဉ္စညာယတန ကုသိုလ်သည် အာကိဉ္စညာယတနဘုံ၌
အာကိဉ္စညာယတန ပဋိသန္ဓေကို ဖြစ်စေ၏။
၄။ နေဝသညာ နာသညာယတန ကုသိုလ်သည် နေဝသညာ
နာသညာ ယတနဘုံ၌ နေဝသညာ နာသညာယတန ပဋိ
သန္ဓေကိုဖြစ်စေ၏။

နိဂုံး

၈၈။ ဣတ္ထံ မဟဂ္ဂတံ ပုညံ၊ ယထာဘူမိ ဝဝတ္ထိတံ။
ဇနေတိ သဒိသံ ပါကံ၊ပဋိသန္ဓိ ပဝတ္တိယံ။ ။
ဣဒမေတ္ထကမ္မစတုက္ကံ
သဒိသံ=မဟဂ္ဂုတ်ကုသိုလ်သည် တူသော အကျိုးကို ဖြစ်စေသည်။ (ဘုံတို့ဖြင့်
ပိုင်းခြားသတ်မှတ်ထားသည့်အတိုင်း)
ပဋိသန္ဓိပဝတ္တိယံ=ပဋိသန္ဓေအခါမှာလဲ တူသောအကျိုးကို ဖြစ်စေသည်။
ပဝတ္တိအခါမှာလဲ တူသောအကျိုးကိုပင် ဖြစ်စေသည်။

သေခြင်း ၄ ပါး

၈၉။ အာယုက္ခယေန။
ကမ္မက္ခယေန။
ဥဘယက္ခယေန။
ဥပစ္ဆေဒက ကမ္မုနာစေတိ စတုဓာ မရဏုပ္ပတ္တိ နာမ။

အာယုက္ခယေန=သက်တမ်းကုန်၍ သေခြင်း (စတုမဟာရာဇ် ၅၀၀ပြည့်၍ သေတာမျိုး)

ကမ္မက္ခယေန=ကံကုန်၍ သေခြင်း (သက်တမ်း မကုန်သော်လည်း နေနိုင်လောက်အောင် အကျိုးပေးနိုင်သည့် ကံ မရှိတော့၍ သေခြင်း)

ဥဘယက္ခယေန=သက်ဘမ်း+ကံ=၂ ပါးစုံ ကုန်၍ သေခြင်း။

ဥပစ္ဆေဒကကမ္မုနာ=ကြားဖြတ် ကံ နှိပ်စက်၍ သေခြင်း။

စတုဓါမရဏုပ္ပတ္တိ=သေနည်း ၄ မျိုး ဟူလို။

အမှာ=ငရဲ၊ မြောက်ကျွန်း၊ ဘုမ္မဇိုဝ်းမှ တပါးသော နတ်များ၊ ဗြဟ္မာများ၊ ဥပစ္ဆေဒက ကံဖြင့် မသေကြ။

စုတေခါနီး ကာလ အာရုံ နိမိတ် ထင်ပုံ

၉၀။ တထာ စ မရန္တာနံ ပန မရဏကာလေ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ။
တံ ကမ္မကရဏကာလေ ရူပါဒိက, မုပလဒ္ဓပုဗ္ဗ, မုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ ဝါ။
အနန္တရ, မုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗ, မုပဘောဂဘူတဉ္စ ဂတိနိမိတ္တံ ဝါ။
ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။

သေခါနီးကာလ စိတ် အစဉ် ဖြစ်ပုံ

တတော ပရံ တမေဝ တထောပဋ္ဌိတံ အာရမ္မဏံ အာရဗ္ဘ ဝိပစ္စမာနက ကမ္မာနုရူပံပရိသုဒ္ဓံ ဝါ ဥပက္ကိလိဋ္ဌံ ဝါ ဥပလဘိတဗ္ဗ ဘဝါနုရူပံ တတ္ထောဏတံဝ စိတ္တသန္တာနံ အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန။

တနည်းကံ အာရုံ ထင်ပုံ

တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပတ္တံ ဟောတိ။

တထာစမရန္တဿ=သေနည်း ၄ မျိုး တမျိုးမျိုးဖြင့် သေသူ(ဘယ်လိုသေသေ)
မရဏကာလေ=သေခါနီး တဝိထိစာသာ ကျန်သော အချိန်။
ယထာရဟံ=ပုဂ္ဂိုလ်အား လျော်စွာ။
ရှင်း=ဒုဂ္ဂတိဘုံသား ဖြစ်မည့်သူမှာ
ငင်းနှင့် လျော်သော အကုသိုလ် ကံ
အကုသိုလ် ကမ္မနိမိတ်
အကုသိုလ်ကျိုး ဂတိနိမိတ် ၃ ခုထဲက ၁ ခု။
သုဂတိဘုံသား ဖြစ်မည့်သူမှာ
ငင်းနှင့် လျော်သော ကုသိုလ် ကံ
ကုသိုလ် ကမ္မနိမိတ်
ကုသိုလ်ကျိုး ဂတိနိမိတ် ၃ ခု ထဲက ၁ ခု ခု။
ရဟန္တာမှာ နာမ် ရုပ် အာရုံသာ (ကံ,ကမ္မနိမိတ်, ဂတိနိမိတ် အမည်ကို မသုံးရ) ဤသို့ ပုဂ္ဂိုလ်အား လျော်စွာ။
အမှာ=ရဟန္တာသည် ဘုရားရှိခိုးခြင်း စသည်ပြုသော စေတနာကို ကုသိုလ်ကံ လို့ မခေါ်ရ (ဝဋ်မြစ် ပြတ်ပြီးသဖြင့် အကျိုးပေးစရာ မရှိတော့လို့။)
ထို့ကြောင့် ရဟန္တာမှာ အာရုံပြုစရာ ကံမရှိတော့ပြီ။ ကံ မရှိတော့လို့ ကမ္မနိမိတ်လည်း မရှိပြီ။
ဂတိနိမိတ်လည်း မရှိပြီ။
ထို့ကြောင့် အခြားအချိန်က စိတ်များကဲ့သို့
ဆဒွါရိကမရဏာသန္န ဇောများသည် ရုပ်,နာမ်,သင်္ခါရကို အာရုံပြု၍
ဟုသာ ဆိုရမည်။
ကမ္မံ=၁။ ဥပပဇ္ဇဝေဒနီယကံ ခေါ် သတ္တမဇော စေတနာ။
၂။ အပရာပရိယဝေဒနီယ ကံ ခေါ် အလယ်ဇော ၅ ခု စေတနာ— ငင်း ၂ မျိုး တမျိုးမျိုး။
အဘိမုခီဘူတံ=ဘဝသစ်ကို ရှေးရှုသည် ဖြစ်၍ ဖြစ်သော။
ရှင်း=ငင်းကံသည် ဘဝသစ်အတွက် ပဋိသန္ဓေကို လုပ်ပေးဘို့ ပြင်ဆင်နေသလို ဟူ၏။

ဘဝန္တရေပဋိသန္ဓိဇနကံ=ဘဝသစ်၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော။
ရှင်း=၎င်းကံသည် ဘဝသစ် ပဋိသန္ဓေကို ဖြစ်စေသည် ဟူလို။

ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်=ယင်းကံပြုစဉ်က တွေ့ကြုံခဲ့ဘူးသော ပစ္စည်းဝတ္ထုတို့၌ တည်သော အာရုံ ၆ ပါး (ရူပါဒိကံ)

ဥပကရဏဘူတကမ္မနိမိတ်=ယင်းကံပြုစဉ်က အသုံးပြုခဲ့သော ပစ္စည်း ဝတ္ထု။

သက်နှီးလှူအံ့=သင်္ကန်း၏ အရောင်အဆင်း ရူပါရုံသည် ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ်၊ သင်္ကန်းသည် ဥပကရဏဘူတ ကမ္မနိမိတ်။

ကြေးစည်လှူအံ့=ကြေးစည်သံ သဒ္ဒါရုံသည် ဥပလဒ္ဓပုဗ္ဗကမ္မနိမိတ်။ ကြေးစည်သည် ဥပကရဏဘူတကမ္မနိမိတ်။

ပန်းလှူအံ့=ဂန္ဓာရုံ=အနံ့သည် ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ်။

ပန်းပွင့်သည်=ဥပကရဏဘူတ ကမ္မနိမိတ်။

ဆွမ်းလှူအံ့=ရသာရုံ=အရသာသည် ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ်။ ဆွမ်းသည် ဥပကရဏဘူတ ကမ္မနိမိတ်။

အိပ်ရာလှူအံ့=ဖောဋ္ဌဗ္ဗာရုံ=တွေ့ထိမှုသည် ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ်။ အိပ်ရာခင်းသည် ဥပကရဏဘူတ ကမ္မနိမိတ် (၎င်းအားလုံး ပဋိသန္ဓေကျိုးပေးမည့် အလှူမျိုးသာ)

ဥပလဘိတဗ္ဗဂတိနိမိတ်=ဘဝသစ်မှာ ခံစားရမည့် နတ်သမီး၊ ဗိမာန်၊ ပဒေသာပင်၊ ငရဲမီး၊ ငရဲထိန်း၊ စသည်တို့၌ တည်သော "အာရုံ ၆ပါး"။

ဥပဘောဂဘူတ ဂတိနိမိတ်= ဘဝသစ်မှာ ခံစားရမည့် နတ်သမီး၊ ဗိမာန်၊ ပဒေသာပင်၊ ငရဲမီး၊ ငရဲထိန်း စသော "အထည်ကိုယ်ပစ္စည်း"

ကမ္မ ပထေန=အား အကောင်းဆုံး ကံ။
ဆန္ဒ ဒွါရာနံ=စက္ခုဒွါရ (လ) မနောဒွါရ= ၆ ပါး (မရဏာသန္နဇော ဖြစ်သော ဒွါရများ)

ပစ္စုပဋ္ဌာတိ=ယင်း ၆ ဒွါရတွင် တခုခုမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဘခုခု ထင်။

ရှင်း=သေခါနီး အသက်ရှူပေါက် ၌ ဘို့၍ အလွန် ပင်ပန်းလှ အားကိုးရာတဲ့ အနေဖြင့် ယခင်ယခင်က ကိစ္စအရပ်ရပ်တွေကို တွေးသည့်အခါ တဘဝလုံးတွင် ပြုခဲ့သမျှထဲက စိတ်အခင်စားဆုံး ကံ၊ ကမ္မနိမိတ်၊ ၎င်းတို့နှင့် လျော်သည့် ဂတိနိမိတ် တခုခုသည် မရဏာသန္နဇော၏ အာရုံ

ဖြစ်ဘို့ရန် ဒွါရ တခုခုမှာ ထင်လာသည်ဟု ဆိုလိုသည်။(ဒါကြောင့် သေခါနီး ထင်လွယ်စေရန် အာစိဏ္ဏကံ ကုသိုလ်မျိုး ပြုကြဖို့ရှင်တော် ဘုရား သင်ကြားတော်မူသည်)

ဤဖြစ်ရပ်များသည် ဘဝဟောင်းမှာပင် (ဘဝသစ် မရောက်သေး)

စိတ္တသန္တာနံ အဘိဏှံ ပဝတ္တတိ= ၎င်းနောက် ဘဝသစ် ပဋိသန္ဓေ စိတ်သည် တဆက်ထည်း ဖြစ်၏။ (အဘိဏှံ=မပြတ်=တဆက်ထည်း။)

ဗာဟုလ္လေန=အများအားဖြင့် တဆက်ထည်း ဖြစ်သည်။

ရှင်း=အသည်းသဘ် ရောက်သူမှာ ၎င်းအတိုင်း မဖြစ်။

တမေဝ(လ)အာရဗ္ဘ ၎င်းဘဝသစ် ပဋိသန္ဓေစိတ်သည်

ဘဝဟောင်း မရဏာသန္နဇော၏အာရုံကိုပင် အာရုံပြု။

ဝိပစ္စမာနကကမ္မာနုရူပံ=ဘဝသစ် ပဋိသန္ဓေသည် အကျိုးပေးသည့် ကံ နှင့် လျော်ညီစွာသာ (အကုသိုလ်ကံ အကျိုးပေးလျှင် အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ ပဋိသန္ဓေသာ စသည်)

ပရိသုဒ္ဓံ=ကုသလဝိပါက် ပဋိသန္ဓေ ဖြစ်လျှင် စင်ကြယ်။

ဥပက္ကိလိဋ္ဌံ=အကုသလ ဝိပါက် ပဋိသန္ဓေ ဖြစ်လျှင် ညစ်နွမ်း။

ဥပလဘိတဗ္ဗဘဝါနုရူပံ=ဘဝသစ် ပဋိသန္ဓေသည် ရရှိမည့် ဘဝနှင့် လျော်ညီစွာ (ပဉ္စမ...ဉ်...ကြာ ဖြစ်အံ့၊ ပဉ္စမဈာန် ပဋိသန္ဓေသာ စသည်)

တတ္ထောဏတံဝ...ဘ...သ...ပ...သန္ဓေ ဖြစ်သည်နှင့် တပြိုင်နက် ပညတ်သုံးအား ဖြင့် နောက်ဘဝသို့ ရောက်ပြီဟု သုံးကြတော့သည်။

ပရမတ် အသုံ ကတော့ စုတိချုပ်ပြီး၍ ပဋိသန္ဓေစိတ် ဖြစ်ပြီ၊ဤမျှသာ။ ထို့ကြောင့် ...ဝဟု ...ဝဖြင့် ဥပရိကျွာဆိုသည်။

အဘိနဝ ကရဏ ဝသေန ...သ...ဟ...တ...လာ ပြုလာကဲ့သို့ မနောဒွါရမှာ ထင်လာ...။

မရဏာသန္နဝီထိ

၉၁။ ပဉ္စာသန္နမရဏဿ တဿ ဝီထိစိတ္တာဝသာနေ ဘဝင်္ဂက္ခယေ ဝါ ဝသေန ပဉ္စုပ္ပန္နာဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။

တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ တထာဂဟိတံ အာရမ္မဏံ သဝတ္ထုကံ အဝတ္ထုကမေဝ ဝါ ယထာရဟံ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာနံ, မဓိဋ္ဌာန ဘာဝေန ပုဗ္ဗင်္ဂမ ဘူတံ ဘဝန္တရ, ပဋိသန္ဓာန ဝသေန ပဋိသန္ဓိ သင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

ပစ္စာသန္နမရဏကာလ=သေဝါနိုး တဝိထိစာလောက် ရှိသော အချိန်။
"နဲ"တဝီထိထက် အနည်းငယ် ပိုသော အချိန်။

ဝီထိစိတ္တာဝသာနေ=တဒါရုံနောက်
ဇောနောက်=ၚင်းဝီထိစိတ် ၂ မျိုးနောက် စုတိကျ။

ဘဝင်္ဂက္ခယေ=တဒါရုံနောက် ဘဝင်
ဇောနောက် ဘဝင်=ၚင်းဘဝင် ၂ မျိုးနောက် စုတိကျ။

အမှာ=အားလုံးစုတိကျတဲ့နေရာ ၄ မျိုး × ဒွါရနှင့် မြှောက် = မရဏာသန္န ဝီထိပေါင်း ၂၄ မျိုး။

ဝါဒထူး=ကာမဘုံမှ စုတေ၍ ကာမဘုံမှာ ပြန်ဖြစ်မည့်သူမှာ တဒါရုံ နောင် စုတိကျသတဲ့။

ယုတ္တိ=ရူပ,အရူပဘုံဖြစ်မည့်သူမှာ ၚင်းတို့၏ ပဋိသန္ဓေ စိတ်များ အာရုံပြုဖို့ မရဏာသန္နဇောက ပညတ်ကမ္မနိမိတ်အာရုံကိုယူပေးရမည်၊ ၚင်းပညတ် အာရုံကို တဒါရုံက အာရုံမပြုနိုင်။

စဝနဝသေန=ရွေ့လျောသောအားဖြင့် ဖြစ်တဲ့ စိတ်သည် စုတိ။

ပစ္စုပ္ပန္နဘဝ ပရိယောသာန ဘူတံ=စုတိဟူသည်ပစ္စုပ္ပန်ဘဝ၏နောက်ဆုံးစိတ်။

တဿာနန္တရမေဝ=စုတိပြီး တဆက်တည်း ပဋိသန္ဓေစိတ် ဖြစ်။

ဝါဒကွဲပယ်=ဇဝဖြင့် အမိ ဥတုလာပြီးချိန်။
မိဘ ၂ ပါး ပေါင်းသင်းချိန်တို့ကို စောင့်ဆိုင်း၍ ဘဝတမျိုးမှာ ယာယီနေပြီး ပဋိသန္ဓေ နေတယ်ဆိုတဲ့ ဝါဒကို ပယ်သတဲ့။

တထာဂဟိတံ=ပဋိသန္ဓေစိတ်သည် ဘဝဟောင်းက မရဏာသန္နဇော ယူပေး သော အာရုံကို အာရုံပြု။

သဝတ္ထုကံ=ပဥ္စဝေါကာရ ပဋိသန္ဓေဖြစ်လျှင် ဟဒယဝတ္ထုကိုမှီ။
အဝတ္ထုကမေဝ=အရူပ ပဋိသန္ဓေဖြစ်လျှင် ဟဒယဝတ္ထုကို မမှီ။
ယထာရဟံ=၁။ ဥပပဇ္ဇဝေဒနီယကံ
အပရာပရိယဝေဒနီယကံ=၎င်း ပါကကာလကံနှင့် လျော်ညီစွာ ဘဝသစ်ပဋိသန္ဓေ ဖြစ်၏။
၂။ ဂရုကကံ
အာသန္နကံ
အာစိဏ္ဏကံ
ကဋတ္တာကံ=၎င်းပါကဒါန ကံနှင့် လျော်ညီစွာ ဘဝသစ် ပဋိသန္ဓေဖြစ်။

တနည်း=၁။ အဝိဇ္ဇာ-တဏှာအခြေခံသော သင်္ခါရ။
၂။ ကုသိုလ် အကုသိုလ်စေတနာနှင့်တကွသောသင်္ခါရ။
၎င်းသင်္ခါရခေါ် ''စေတနာ'' က ထိုက်သင့်သလို ဘဝသစ် ပဋိသန္ဓေကို ဖြစ်စေသည်။
(၎င်းစေတနာကိုပင် အထက်ဖော်ပြပါ ကံ ၄မျိုး အမည်တပ်၍ တမျိုးပြခြင်းသာ)

ရှင်း= ၁။ အဝိဇ္ဇာနုသယက လူ့ဘဝအပြစ်ဖုံး၍ အကောင်းထင်စေ။
တဏှာနုသယက အကောင်းထင်သည့် အလျောက် လိုချင်စေ။
၎င်းအနုသယ ၂ မျိုးကို အခြေခံထားပြီး လူ့ဘဝ ရောက်စေတတ်တဲ့ အမှုကို ''သင်္ခါရ''ခေါ် စေတနာကပြုလုပ်။
၎င်းသင်္ခါရက လူ့ဘဝ ပဋိသန္ဓေ ဖြစ်စေ (နတ်ဘဝ စသည်တူ)
၂။ လူ့ဘုံရောက်စေတဲ့ ကုသိုလ်စေတနာနှင့် တကွ ဖြစ်သော စေတနာဟူသော သင်္ခါရသည် လူ့ဘဝ ပဋိသန္ဓေကို ဖြစ်စေသည်။
ခွေးဘဝ ရောက်စေတတ်တဲ့ အကုသိုလ်စေတနာနှင့်တကွ ဖြစ်သော စေတနာဟူသော သင်္ခါရသည် ခွေးဘဝပဋိသန္ဓေကို ဖြစ်စေသည်။

သင်္ခါရေန=ပဋိသန္ဓေသစ်ကို အနုသယ ၂ပါး အထောက်အကူရှိသောသင်္ခါရခေါ် စေတနာကသာ ဖြစ်အောင် လုပ်ပေးနိုင်သည်။
ပြောင်းပြန်=အနုသယ ၂ပါး အထောက်အကူမရှိသော ဘုရား၊ ရဟန္တာတို့၏ သင်္ခါရခေါ် စေတနာမျိုးက ပဋိသန္ဓေသစ်ကို ဖြစ်အောင် လုပ်မပေးနိုင်။ (အဝိဇ္ဇာနုသယ၊ တဏှာနုသယ ၂ ပါးကိုဆို)

ထို့ကြောင့် ဘုရား, ရဟန္တာတို့၏ တရားဟောတဲ့ စေတနာ သခ်ါရ၊
ဘုရားရှိခိုးတဲ့ စေတနာသခ်ါရက ပဋိသန္ဓေသစ် မဖြစ်စေနိုင်။
အနုသယ ၂ပါးကို ပယ်ထားကြလို့။

မူလကေနဥ္စအဝိဇ္ဇာမယူ=ပဋိသန္ဓေ ဖြစ်ရာတွင် ဘဝကို တပ်နှစ်သက်ခြင်းသည်
အရေးအပါဆုံးအကြောင်းရင်း "မူလ"ဖြစ်၏။
အဝိဇ္ဇာကား ဘဝကို တပ်နှစ်သက်တဲ့ သဘောမရှိ၍ မူလကေနဥ္စ
မယူရပါ။
ပဋိသန္ဓေ ဖြစ်မှုနှင့် မပတ်သက်သည့် ဒုစရိုက်ကိစ္စ အရပ်ရပ်တွေမှာ
တော့ မောဟခေါ် အဝိဇ္ဇာသည် "မူလ" ဖြစ်သည်ပင်။

သမ္ပယုတ္တေဟိပရိဂ္ဂယှမာနံ=ပဋိသန္ဓေ သစ်သည် သူ့ချည်း သက်သက်မဟုတ်
ယှဉ်ဖက် စေတသိက်များလည်း ပါဝင်။

အဓိဋ္ဌာနဘာဝေန=ပဋိသန္ဓေ စိတ်သစ်သည် ဖြစ်ဖက်တွေ၏ တည်ရာမှီရာ။
ပုဗ္ဗင်္ဂမ ဘူတံ=ဖြစ်ဖေါ်ဖြစ်ဖက်တို့၏ မှီခိုရာ ဖြစ်လို့ ပဋိသန္ဓေ စိတ်သစ်သည်
ခေါင်းဆောင်။

ဘဝန္တရ ပဋိသန္ဓာနဝသေန=ဘဝသစ် စိတ်သစ်သည် ဘဝပြတ်မသွားအောင်
စပ်ပေးတတ်သည် (ပဋိသန္ဓေခေါ် စိတ်သစ်၏ သဘောကို ပြသည်)
ပဋိသန္ဓိသခ်ါတံ-သခ်ါတ=ငင်းဘဝသစ် စိတ်သစ်ကို ပဋိသန္ဓေဟုအမည်တပ်။
အမှာ=ပဋိသန္ဓေစိတ်သည် ဘဝဟောင်းစိတ် မဟုတ်။
ဘဝဟောင်းက အကြောင်း မကင်းသော စိတ်သာ။
(ဥပမာ) ပဲ့တင်သံ,ဆီမီး,တံဆိပ်တုံးရိုက်၍ ထင်သော အမှတ်အသား
စသည်တို့ကဲ့သို့တည်း။

ကာမပဋိသန္ဓေစိတ် အာရုံ

၉၂။ မရဏာသန္နဝီထိယံ ပနေတ္ထ ပန္ဒုပ္ပဝတ္တာနိ ပဉ္စဝ ဇဝနာနိ
ပါဋိ ကာံ ဝတဗ္ဗာနိ။
တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏေသု အာပါထမာဂတေသု
ဓရန္တေသွေဝ မရဏံ ဟောတိ။
တဒါပဋိသန္ဓိ, ဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတီတိ
ကတွာ

ကာမာဝစရပဋိသန္ဓိယာ ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိ
မိတ္တဥ္စ ပစ္စုပ္ပန္နမတီတာရမ္မဏံ ဥပလဗ္ဘတိ၊
ကမ္မံ ပန အတီတမေဝ
တဥ္စ မနောဒွါရဂ္ဂဟိတံ
တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ။

မန္ဒပ္ပဝတ္တာနိ=မရဏာသန္နအချိန်မှာ ဝတ္ထုရုပ်များအားနည်းပြီ။
ပဥ္စဝ=အားနည်း၍ မရဏာသန္နဇော ၅ကြိမ်သာ။
ဝရန္တေသေ့ဝ=၅ကြိမ်သာဖြစ်လို့ မရဏာသန္နဇော၏ အာရုံ မချုပ်မီ စုတိစိတ်
ဖြစ်ထာ ရှိနိုင်သည်။
အမှာ=အာရုံ ရှိနေတုန်း စုတိစိတ် ဖြစ်သည်ဟုလို။
သတိ= ၎င်းအာရုံမျိုးသည် ဝိညတ်ဒွေး+လက္ခဏာရုပ် ကြဉ်သော ရုပ် ၂၂တို့ဥ
သာ ဖြစ်သင့်သည်(အသက် ၁၇ ရှိနိုင်လို့)
ဓမ္မတာ=စုတိနောင် ပဋိသန္ဓေ။
ပဋိသန္ဓေနောင်ဘဝင်၁၅ (သို့) ၁၆ (ယပုံက် အကောက် ၁၆ သုံး)
၎င်းနောက် မနောဒွါရာဝဇ္ဇန်း။
၎င်းနောက် ဘဝနိကန္တိကလောဘဇော(ပဋိဖြစ်မပြတ်သေးသူများ)
ဓမ္မတာ=၁။ မရဏာသန္နဝိထိ၏ အာရုံနှင့် စုတိ ပြိုင်ကာလည်း ချုပ်တတ်သည်။
၂။ အာရုံရှိနေတုန်း စုတိချုပ်သွားတာလဲ ဖြစ်တတ်သည်။
ပစ္စုပ္ပန္နာရမ္မဏတာ- အာရုံရှိနေတုန်း စုတိဖြစ်သွားလျှင် ပဋိသန္ဓေနှင့်အာရုံကို
မိုလိုက်သမျှ ဘဝင်များက ဆက်လက်ပြီး ၎င်းအာရုံကို အာရုံပြုသည်။
အမှာ -ထိုကြောင့်ပဋိသန္ဓေ့ဘဝင်တို့သည် ပစ္စုပ္ပန် ကမ္မနိမိတ်, ဂတိနိမိတ်ကို
အာရုံပြုဟု ဆိုသည်။
ပြောင်းပြန်=အာရုံနှင့် စုတိပြိုင်တူချုပ်လျှင် ပဋိသန္ဓေ့ ဘဝင်တို့သည် ချုပ်
ပျောက်ပြီး အတိတ်ကမ္မနိမိတ်ကိုသာ အာရုံပြုကြ ရတော့သည်
အမှာ=စေတနာဆိုတဲ့ "ကံ" အာရုံတို့သည်ရှေးတချိန် ဒုစရိုက်, သုစရိုက် ပြုစဉ်
က "ကံ"ကို တွေးမိပြီး မနောဒွါရ ဖြင့်သာ ယူရသော အာရုံ
ဖြစ်သည်။
ရှေးတုန်းက "ကံ" ဖြစ်၍ အမြဲ အတိတ်သာ။
မရဏာသန္နဇောသည် အတိတ် "ကံ" အာရုံပြုသလို ဘဝသစ် ပဋိသန္ဓေ
ဘဝင်လည်း အတိတ် "ကံ" ကိုပင် အာရုံပြုသည်။

ကာမာဝစရပဋိသန္ဓိယာ=ဆိုခဲ့ပြီး အကြောင်းကြောင်းတို့ကိုထောက်၍ ကာမပဋိသန္ဓေသည် ၆ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်,အတိတ် ဖြစ်သော ကမ္မနိမိတ်ကိုလည်းကောင်း၊

မနောဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန် ဂတိနိမိတ်ကို လည်းကောင်း၊

မနောဒွါရဖြင့်ယူအပ်သောအတိတ်ကံကိုလည်းကောင်း အာရုံပြု (ဋီ)

ဤကျမ်း=ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာရမ္မဏံ= ပါဠိအနေ အထားအရ ၆ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်,အတိတ် ကမ္မနိမိတ်ဂတိနိမိတ်ဟုယူသင့်။

ရှင်း= ဆဒွါရိက မရဏာသန္နဇောသည် ဂတိနိမိတ်ကို အာရုံပြုသင့်၏ (ကမ္မနိမိတ်လို)

ဂတိနိမိတ်သည် စုတိနှင့် ပြိုင်တူလည်း ချုပ်သင့်၏။

စုတိ ချုပ်ပြီးနောက် စိတ် ၃,၄ကြိမ် ဖြစ်သလောက် ကြာမှလည်း ချုပ်သင့်၏။ စုတိနှင့်ပြိုင်တူချုပ်သော ဂတိနိမိတ်ကို ပဋိသန္ဓေက အာရုံပြုလျှင် အတိတ်ဂတိနိမိတ်ကိုအာရုံပြုသည်ဟုယူဆသင့်သည်သာ။

(ပဋိသန္ဓေဖြစ်ချိန်မှာ ချုပ်ပြီး ဖြစ်နေလို့)

ပရိတ္တဓမ္မဘူတာဝနေဝ=ကာမပဋိသန္ဓေ များသော ဖြစ်၍ ကာမအာရုံ များသော (အာရမ္မဏ သင်္ဂဟအတိုင်း)

ရူပပဋိသန္ဓေ၏ အာရုံ

၆၃။ ရူပါဝစရပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါရမ္မဏံ ဟောတိ။

ပညတ္တိဘူတံ=ရူပပဌမဈာန်ပဋိသန္ဓေ ၂၅ပါးသော ပညတ်ကမ္မနိမိတ် ဓမ္မာရုံ။

ရူပ ဒု,တ, စတုတ္ထဈာန်ပဋိသန္ဓေ တို့သည် ၁၄ပါးသော ပညတ်ကမ္မနိမိတ် ဓမ္မာရုံ။

ရူပပဉ္စမဈာန် ပဋိသန္ဓေသည် ၁၂ပါးသော ပညတ်ကမ္မနိမိတ်ဓမ္မာရုံ။

အရူပပဋိသန္ဓေ၏ အာရုံ

၆၄။ တထာ အာရုပ္ပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ **ကမ္မနိမိတ္တမေဝ ယထာရဟ မာ,ရမ္မဏံ ဟောတိ။**

မဟဂ္ဂတဘုတ်=ဝိညာဏဉ္စာယတန ပဋိသန္ဓေသည် ရှေးဘဝအဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ် ဓမ္မာရုံ။(ပဋိသန္ဓေ နေစ ရှိသေး၍ ဤဘဝကုသိုလ်,ကြိယာမရှိသေး) နေဝသညာနာသညာယတန ပဋိသန္ဓေသည်ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ် မဟဂ္ဂုတ် ဓမ္မာရုံ (ပဋိသန္ဓေ နေစ ရှိသေး၍ ဤဘဝ ကုသိုလ်,ကြိယာ မရှိသေး)

ပညတ္တိဘုတ်=အာကာသာနဉ္စာယတန ပဋိသန္ဓေသည် ကသိဏုဂ္ဃာဋိမာကာသ ပညတ်ကမ္မနိမိတ် ဓမ္မာရုံ။
အာကိဉ္စညာယတန ပဋိသန္ဓေသည် နတ္ထိဘာဝပညတ်ကမ္မနိမိတ် ဓမ္မာရုံ (ယထာရဟံတောက်)

၆၅။ အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ ပဋိသန္ဓိဘာဝေန ပတိဋ္ဌာတိ တသ္မာ တေ ရူပပဋိသန္ဓိကာ နာမ။

ဇီဝိတ နဝကမေဝ=အသညသတ် ပဋိသန္ဓေသည် ဇီဝိတနဝက ကလာပ်သာ။
ရူပပဋိသန္ဓိကာ နာမ=အသညသတ် ဖြဟ္မာသည် ရုပ်သက်သက် ပဋိသန္ဓေ။

၆၆။ အာရုပ္ပာ အရူပ ပဋိသန္ဓိကာ။

အရူပ ပဋိသန္ဓိကာ=အရူပဗြဟ္မာသည် နာမ်သက်သက် ပဋိသန္ဓေနေသည်။

၆၇။ သေသာ ရူပါရူပပဋိသန္ဓိကာ။

ရူပါရူပ ပဋိသန္ဓိကာ=ကြွင်းသော ပဉ္စဝေါကာရ ၂၆ ဘုံသား တို့သည် ရုပ်နာမ် ၂ပါးစုံ ပဋိသန္ဓေနေသည်။

စုတိစိတ်နောင် ပဋိသန္ဓေဖြစ်ပုံ

၆၈။ အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာ ရုပ္ပဝဇ္ဇိတာ။
ပရမာရုပ္ပသန္ဓိစ၊ တထာ ကာမတိဟေတုကာ။
ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ။
သဗ္ဗာ ကာမတိဟေတုမှာ ကာမေသွေဝ ပနေတရာ။ ။

အာရုပ္ပစုတိယာ=အာကာ,ဝိညာ,အာကိဉ်,နေဝစုတိနောင်။

ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ=အောက်အရူပပဋိသန္ဓေကြဉ် (အာကာ,ဝိညာ,အာကိဉ် ပဋိသန္ဓေကြဉ်သင့်ကြဉ်) (အဆင့်တူ မကြဉ်ရ=အာကာစုတိနှောင် အာကာပဋိသန္ဓေကို မကြဉ်ရ။ ယူရမည်သာ)

ပရမာရုပ္ပသန္ဓိ=အထက်အရူပ ပဋိသန္ဓေ ၃ (ဝိညာ,အာကိဉ်,နေဝ, ပဋိသန္ဓေ ရသင့်သလောက်ယူ) (အဆင့်တူကိုလည်းယူရမည်)

ကာမတိဟေတုကာ=မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေ ၄

ရှင်း=၁။ အာကာ....စုတိနှောင် အရူပပဋိသန္ဓေ ၄
(တိဟိတ်) မဟာဝိပါက်ဉာဏသမ္ပယုတ်ပဋိသန္ဓေ ၄=၈

၂။ ဝိညာ....စုတိနှောင် အာကာကြဉ် အရူပ ပဋိသန္ဓေ ၃
(တိဟိတ်) မဟာဝိပါက်ဉာဏသမ္ပယုတ် ပဋိသန္ဓေ ၄=၇

၃။ အာကိဉ်....စုတိနှောင်အာကာ,ဝိညာကြဉ် အရူပဋိသန္ဓေ ၂
(တိဟိတ်) မဟာဝိပါက်ဉာဏသမ္ပယုတ်ပဋိသန္ဓေ ၄=၆

၄။နေဝ....စုတိနှောင် အာကာ,ဝိညာ,အာကိဉ်ကြဉ်အရူပပဋိ ၁
(တိဟိတ်)မဟာဝိပါက်ဉာဏသမ္ပယုတ် ပဋိသန္ဓေ ၄=၅

ရှင်း= ၁။ အာကာစုတိနှောင် အောက်အရူပ မရှိ၍ မကြဉ်ရ။
၂။ နေဝစုတိနှောင် အောက်၃ကြဉ် နေဝပဋိသန္ဓေ ၁ သာရ။

အမှာ= အထက် အရူပဗြဟ္မာများသည် အောက်အရူပကုသိုလ်ကို အားမထုတ်သောကြောင့် အောက် အရူပ ပဋိသန္ဓေ ဖြစ်ခွင့်မရှိ(ကုသိုလ်ကမှ ပဋိသန္ဓေကို ဖြစ်စေသည်)

ရူပါဝစရစုတိယာ=ရူပါဝစရစုတိ ၅ခုနှောင်-

အဟေတုရဟိတာ=အဟိတ်ကြဉ် ပဋိသန္ဓေ ၁၇။

ရှင်း= မဟာဝိပါက် ပဋိသန္ဓေ ၈
မဟဂ္ဂုတ်ဝိပါက် ပဋိသန္ဓေ ၉=ပေါင်း၁၇။

အမှာ= ဗြဟ္မာပြည် တဝင်းဝင်း ဝက်စားကျင်း တရှုပ်ရှုပ် မပုန်(အဟိတ်ပဋိသန္ဓေကြဉ်လို့)

ကာမတိဟေတုမှာ=မဟာဝိပါက်ဉာဏသမ္ပယုတ် စုတိနှောင်။

သဗ္ဗာ=နာမ်ပဋိသန္ဓေစိတ် ၁၉ (ရုပ်) ဇီဝိတနဝကကလာပ်=၎င်းပဋိသန္ဓေ အားလုံး (အသညတ် ပဋိသန္ဓေပါ)

ဣတရာ=ကြွင်းသောအဟိတ်စုတိ ၂
မဟာဝိပါက် ဉာဏဝိပ္ပယုတ်စုတိ ၄=ပေါင်း ၆နောင်

ကာမေသွေဝ=ဥပေက္ခာသန္တီရဏ ပဋိသန္ဓေ ၂
မဟာဝိပါက် ပဋိသန္ဓေ ၈=ပေါင်း၁၀။

ဘုံပြောင်း=၁။ အာကာသဘုံမှသေလျှင် အရူပ ၄ဘုံ
ကာမသုဂတိ ၇ဘုံမှာ ဖြစ်နိုင်သည်။

အမှာ=အရူပ ပဋိသန္ဓေ ၄
ကာမတိဟိတ်ပဋိသန္ဓေ ၄=၈ဖြစ်ခွင့်ရှိလို့။

၂။ ဝိညာဘုံကသေလျှင် အရူပ ၃ဘုံ (အာကာဘုံကြဉ်)
ကာမသုဂတိ ၇ဘုံ–၁၀ဘုံမှာဖြစ်နိုင်သည်။

အမှာ=အာကာကြဉ် ရူပပဋိသန္ဓေ ၃
ကာမတိဟိတ် ပဋိသန္ဓေ ၄=၇သာ ဖြစ်ခွင့်ရှိလို့။

၃။ အာကိဉ်ဘုံက သေလျှင် အရူပ ၂ ဘုံ(အာကာ,အာကိဉ် ကြဉ်)
ကာမသုဂတိ ၇ ဘုံ=၉ဘုံမှာ ဖြစ်နိုင်သည်။

အမှာ=အာကာ,အာကိဉ် ကြဉ် အရူပ ပဋိသန္ဓေ ၂
ကာမတိဟိတ် ပဋိသန္ဓေ ၄=၆သာ ဖြစ်ခွင့်ရှိလို့။

၄။ နေဝဘုံက သေလျှင် နေဝ ၁ ဘုံ
ကာမသုဂတိ ၇ ဘုံ=၈ဘုံမှာ ဖြစ်နိုင်သည်။

အမှာ=အောက် ၃ ခု ကြဉ်သော အရူပ ပဋိသန္ဓေ ၁
ကာမတိဟိတ် ပဋိသန္ဓေ ၄=၅သာဖြစ်ခွင့်ရှိလို့။

၅။ ရူပဘုံမှ သေလျှင် ၂၆ ဘုံ မှာ ဖြစ်နိုင်သည်။ (အပါယ် ၄ + အသညာသတ်ကြဉ်)

အမှာ=အဟိတ်ကြဉ်သော ပဋိသန္ဓေများ ဖြစ်ခွင့် ရှိလို့။

၆။ ကာမတိဟိတ် သေလျှင် ဘုံ ၃၁ မှာ ဖြစ်နိုင်သည်(ဘုံကုန်)

သတိ=နာမ်ပဋိသန္ဓေ ၁၉
ရုပ်ပဋိသန္ဓေ ၁=ငင်းပဋိသန္ဓေအားလုံး ဖြစ်ခွင့်ရှိလို့။

၇။ ဒုဂ္ဂတိအဟိတ်
သုဂတိအဟိတ် (အသညသတ်သုဂတိအဟိတ်မပါ)
ဒွိဟိတ်=၎င်း ၃ ယောက် သေလျှင် ကာမ ၁၁ ဘုံမှာသာ ဖြစ်နိုင်သည်။
အမှာ=ကာမပဋိသန္ဓေ ၁၀ သာ ဖြစ်ခွင့်ရှိလို့။
၈။ အသညသတ်ဘုံမှ သေလျှင် ကာမသုဂတိဘုံမှာသာ ဖြစ်ခွင့်ရှိ။

ဘဝင်ဖြစ်ပုံ

၉၉။ ဣစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ ပန ပဋိသန္ဓိနိရောဓာနန္တရတော ပဘုတိ တမေဝါ,ရမ္မဏ, မာရဗ္ဘ တဒေဝ စိတ္တံ ယာဝ စုတိ စိတ္တုပ္ပါဒါ အသတိ ဝိထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိသင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတောဝိယ ပဝတ္တတိ။

တမေဝါရမ္မဏမာရဗ္ဘ=ထိုပဋိသန္ဓေစိတ်၏ အာရုံကိုပင် ဘဝင်စိတ်ကအာရုံပြု။
တဒေဝ စိတ္တံ=ထိုပဋိသန္ဓေ စိတ်သည်ပင်။
ယာဝ စုတိစိတ္တုပ္ပါဒါ=စုတိစိတ် မဖြစ်မီ အတောအတွင်း။
အသတိဝိထိစိတ္တုပ္ပါဒေ=ဝိထိစိတ် ဂဝ မဖြစ်လျှင်။
ဘဝဿ အင်္ဂဘာဝေန=ဘဝ၏ အကြောင်း ဖြစ်သောကြောင့် "ဘဝင်" အမည်ပှည့်။
သင်္ခါတံ=ပဋိသန္ဓေစိတ်ကိုပင် "ဘဝင်"အမည် ပြောင်းပေါ်။
မာနသံ=ဘဝင် နာမည် ပြောင်းထားသော စိတ်။
အဗ္ဗောစ္ဆိန္နံ=ပဋိသန္ဓေစိတ်ကို အမည် ပြောင်းထားသော "ဘဝင်"စိတ်သည်၊
ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြုလျက်
စုတိ မဖြစ်မီ အတောအတွင်း
ဝိထိစိတ်ကလဲ မဖြစ်ပဲ နေမည်ဆိုလျှင်
(နိရောဓသမာပတ် ဝင်စားချိန် ချန်လှပ်၍)
ရေစီးသကဲ့သို့ အဆက်မပြတ် ဖြစ်သည်ဟုလို။
အဗ္ဗောစ္ဆိန္နံ=ယေဘုယျ=နိရောဓ သမာပတ် ဝင်စားခိုက် စိတ်မဖြစ်လို့။

စိတ်ဖြစ်ပုံ

၁၀၀။ ပရိယောသာနေ စ စဝနဝသေန စုတိစိတ္တံ ဟုတွာ နိရုဇ္ဈတိ။

စဝနဝသေန=ရွေ့လျော ပျက်စီးသော အနေဖြင့် ဖြစ်လို့ စုတိအမည်ပြောင်း။
စုတိစိတ္တံ=ပဋိသန္ဓေစိတ်ကိုပင် ဘဝ ၁ ခု၏ နောက်ဆုံးအနေနဲ့ ဖြစ်တဲ့အခါ
အမည်ပြောင်းပြီး စုတိစိတ်ဟု ခေါ်သည်။

သတိ=ဥပေက္ခာသန္တီရဏ ၂
မဟာဝိပါက်စိတ် ၈
မဟဂ္ဂုတ်ဝိပါက်စိတ် ၉=ပေါင်း ၁၉ တို့တွင် ၁ ခုခုသည် သတ္တဝါ
တယောက်၌။

အစမှာ "ပဋိသန္ဓေ" အမည်ဖြင့် ဖြစ်။
အဆုံးမှာ "စုတိ" အမည်ဖြင့် ဖြစ်။
ကြားကာလ အခြားဝိထိစိတ် မဖြစ်သော် "ဘဝင်" အမည်ဖြင့် ဖြစ်။
ထို့ကြောင့် ပဋိသန္ဓေ, ဘဝင်, စုတိတို့သည် ဘုံ, ဇာတ်, သမ္ပယောဂ,
သင်္ခါရ, ပုဂ္ဂိုလ်, အာရုံပါ တခုမျှ မကွဲပြားကြပေ။

သံသရာစက်လည်ပုံ

၁၀၁။ တတော ပရဥ္စ ပဋိသန္ဓာဒယော ရထစက္ကမိဝ ယထာက္ကမံ ဧဝ
ပရိဝတ္တန္တာ ပဝတ္တန္တိ။

ပဋိသန္ဓာဒယော ပဋိသန္ဓေ, ဘဝင်, စုတိ။
ယထာက္ကမံ=ပဋိသန္ဓေပြီး ဘဝင်၊ ဘဝင်ပြီး စုတိ အစဉ်အတိုင်း။
ပရိဝတ္တန္တာ=လည်နေသောကြောင့် "သံသရာ"လည်။

၁၀၂။ ပဋိသန္ဓိ ဘဝင်္ဂ ဝီထိယော စုတိ စေဟ တထာ ဘဝန္တရေ
ပုန သန္ဓိ ဘဝင်္ဂမိစ္စယံ၊ ပရိဝတ္တတိ စိတ္တသန္တတိ။

အမှာ=၁၀၁ နှင့် ဝိထိပါသည်သာ ထူးသည်။ ကျန်အတူတူပင်။
ဣစ္စယံ၌-ဣတိ=အာဒိ အနက်ဟော (ဝိထိ,စုတိကို ယူ)
အနက်=ဣဟ=ဤပစ္စုပ္ပန် ဘဝ၌၊ ပဋိသန္ဓိ ဘဝင်္ဂ ဝီထိယော= ပဋိသန္ဓေ၊
ဘဝင်,ဝိထိတို့သည်လည်းကောင်း၊ စုတိစ= စုတိသည် လည်းကောင်း

ပရိဝတ္တတိယထာ=လည်၍ဖြစ်သကဲ့သို့၊တထာ=ထို့အတူ၊ဘဝန္တရေ= ဘဝတပါး၌၊ ပုန=တဖန်၊ သန္ဓိ,ဘဝင်္ဂ ဠတိ=ပဋိသန္ဓေ,ဘဝင်,ဝီထိ, စုတိ ဟူသော၊ အယံ စိတ္တသန္တတိ= ဤစိတ်အစဉ်သည်၊ ပရိဝတ္တတိ= လည်၍ ဖြစ်၏။

သံသရာစက်ပြတ်ပုံ

ပဋိသင်္ခါယ ပနေ,တ,မဒ္ဓုဝံ၊ အဓိဂန္တွာ ပဒမ,စ္စုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ သမ,မေဿန္တိ စိရာယ သုဗ္ဗတာ။

အနက်=ပန=သံသရာစက် လည်ပုံမှတပါး သံသရာစက် ပြတ်ပုံကို ဆိုဦးအံ့၊ အဒ္ဓုဝံ=မမြဲသော၊ ဧတံ=ဤဝဋ္ဋတရားကို၊ ပဋိသင်္ခါယ= ပညာဖြင့် ဆင်ခြင်၍၊ ဗုဓာ=ပညာရှိတို့သည်၊ စိရာယ=စိရံကာလံ= ကြာမြင့် စွာသော ကာလပတ်လုံး၊ အစ္စုတံ=မရွေ့လျောသော၊ ဝါ၊ မြဲသော ပဒံ=နိဗ္ဗာန်ကို၊ အဓိဂန္တွာ= မျက်မှောက်ပြု၍၊ သုသမုစ္ဆိန္နသိနေ ဟဗန္ဓနာ=ကောင်းစွာ ဖြတ်အပ်သော ချစ်ခြင်း,နှောင်ဖွဲ့ခြင်းရှိသော ကြောင့်၊ သမံ=ခန္ဓာဉပဓိ မကင်းသော နိဗ္ဗာနဓာတ်သို့ ဧဿန္တိ= ရောက်ကုန်လတ္တံ့။

ဝိထိမုတ်ပိုင်းပြီးပြီ။

ဝီထိမုတ်ပိုင်း

စာမေးပွဲဖြေသူများအတွက်

လေ့ကျင့်ခန်း

မေး။ ဝီထိပိုင်း၌ ဝီထိ၊ ဝီထိမုတ်ပိုင်း၌ ဝီထိ=၂မျိုး အထူးဖြေပါ။
ဖြေ။ ဝီထိပိုင်း၌ "ဝီထိ" ပဝတ္တိအခါ စိတ်ဖြစ်ပုံကို တန်းစီပြခြင်း။
ဝီထိမုတ်ပိုင်း၌ "ဝီထိ" ပဋိသန္ဓေ အခါမှစ၍ ဝီထိမုတ် စိတ်ဖြစ်ပုံ တန်းစီပြခြင်း၊ ဤသို့ထူး။
မေး။ စတ္တာရီနှင့် စတုက္က အထူးဖြေပါ။
ဖြေ။ စတ္တာရီ=၄ ခု၊ စတုက္က=၄ ခု × ၄ လီ။
မေး။ ပဋိသန္ဓေ အချိန်နှင့် ပဝတ္တိအချိန် အထူးဖြေပါ။
ဖြေ။ ပဋိသန္ဓေအချိန်=ပဋိသန္ဓေစိတ်, စေတသိက်, ကမ္မဇရုပ်ဖြစ်ဆဲ အချိန်။
ပဝတ္တိအချိန်=ပဋိသန္ဓေနောက် ပထမ ဘဝင်ကစ၍နောက်အချိန်။
မေး။ ပထမဂါထာ၌ သန္ဓိယံအရ အဘယ်ကို ယူရမည်နည်း။
ဖြေ။ ပဋိသန္ဓေ+စုတိ ၂ ချိန်တို့ကိုယူ၊ စုတိနှင့် ပဋိသန္ဓေ နီးလို့။
မေး။ ဝီထိမုတ္တသင်္ဂဟအမိပ္ပာယ်ကို ဖြေပါ။
ဖြေ။ ပဋိသန္ဓေ၊ ပဝတ္တိ=၂ချိန်လုံးမှာဖြစ်တဲ့ ဝီထိမုတ်စိတ်တို့ကို စုပြထားတဲ့ အပိုင်း။
မေး။ စတုက္ကတို့တွင် အဘယ်ကို ဝီထိမုတ်ပိုင်း ခေါ်မည်နည်း။
ဖြေ။ မှချဝီထိမုတ်ပိုင်း=ပဋိသန္ဓိစတုက္ကနှင့် မရဏုပ္ပတ္တိစတုက္က။
ဌာနူပစာဝီထိမုတ်ပိုင်း=ဘူမိစတုက္က (နေရာဘုံ၏အမည်ဖြင့် ခေါ်လို့)
ကာရဏူပစာဝီထိမုတ်ပိုင်း=ကမ္မစတုက္က (အကြောင်းကမ္မ အမည်ဖြင့် ခေါ်လို့)
မေး။ အပါယ, နိရယ, တိရစ္ဆာန, ပေတ္တိ တို့ကို ရှင်းပါ။
ဖြေ။ အပါယ=ချမ်းသာကြောင်း ကောင်းမှု မပွါးသူများ။
နိရယ=ချမ်းသာ လုံးဝ မရှိတဲ့သူများ။
တိရစ္ဆာန=မဂ်ဖိုလ်မှ ဖီလာဖြစ်တဲ့သူများ။
ပေတ္တိ=ချမ်းသာမှ ဝေးသူများ (ချမ်းသာနည်းတာကို ဆိုလို)

မေး။ ယောနိ၊ ကာယ၊ ဝိညာဏအမိပ္ပာယ်နှင့်၊ ၎င်းတို့ဖြင့် ဘုံအမည်ပေးကြောင်း ဖြေပါ။

ဖြေ။ ယောနိ=ကာယ=၂မျိုးလုံးခန္ဓာကိုယ်ချည်းပဲ(ဝိညာဏ=နေရာ)သီးခြား မရှိ၍ ဘုံ မရှိ ထင်မည်စိုးလို့၊ ၎င်း ၃ ပုဒ်ဖြင့် အမည်မှည့် (၎င်းတို့၏ ခန္ဓာကိုယ်နှင့် နေရာသည်ပင် ဘုံဟူလို)

မေး။ အသုရာ အမျိုးအစားနှင့် ယူရမည့် အသုရာကို ပြပါ။

ဖြေ။ ပြိတ္တာ အသုရာ နတ်အသုရာ=၂ မျိုး (၎င်းတွင် ပြိတ္တာအသုရာကိုယူ)

မေး။ မနုဿအစ ပရနိမ္မိတဝသဝတ္တီ အဆုံးတို့၏ အမိပ္ပာယ် ဖြေပါ။

ဖြေ။ မနုဿ=မြင့်မြတ်သောစိတ်ရှိသူ(မနုမင်း၏ သားလည်းဟူ)
စတုမဟာရာဇိကာ=နတ်မင်းကြီး ၄ယောက်တို့၏ အစေအပါး နတ်။
စတုမဟာရာဇ=နတ်မင်းကြီး ၄ ယောက်။
တာဝတိံသာ=မာဃ အမျူးရှိသော ၃၃ယောက်။
ယာမာ=ဆင်းရဲကင်းသော နတ်များ။
တုသိတာ=မိမိ၏ကျက်သရေကို နှစ်သက်သော နတ်များ။
နိမ္မာနရတိ=ကိုယ်တိုင် ဖန်ဆင်းတဲ့ အာရုံဖြင့် မွေ့လျော်တဲ့နတ်များ။
ပရနိမ္မိတဝသဝတ္တီ=သူတပါး ဖန်ဆင်းပေးတဲ့ အာရုံ၌ မွေ့လျော်တဲ့ နတ်များ။

မေး။ ကာမသုဂတိဘုံနှင့်ကာမဘုံ အထူးဖြေပါ။

ဖြေ။ ကာမသုဂတိ=၇ ဘုံ၊ ကာမ=၁၁ ဘုံ ဤသို့ထူး။

မေး။ ဗြဟ္မာ၊ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာတို့ကို ရှင်းပါ။

ဖြေ။ ဗြဟ္မာ=ဈာန်စသော ဂုဏ်တို့ဖြင့် ကြီးကျယ်တဲ့ ဗြဟ္မာ။
ဗြဟ္မပါရိသဇ္ဇာ=မဟာ ဗြဟ္မာကြီးများ၏ အုပ်ချုပ်ခံ ဗြဟ္မာများ (၎င်းတို့၏နေရာသည် အုပ်ချုပ်ခံသူများ ရပ်ကွက်ဖြစ်) (ဆင်းရဲသား ရပ်ကွက်မျိုး)
ဗြဟ္မပုရောဟိတာ=မဟာဗြဟ္မာကြီးများ၏ အတိုင်ပင်ခံ ဗြဟ္မာများ။ (၎င်းတို့၏နေရာသည် အမှုထမ်းရပ်ကွက်)
မဟာဗြဟ္မာ=ပထမဈာန် ၃ ဘုံကို အုပ်ချုပ်တဲ့ ဗြဟ္မာများ (၎င်းတို့၏ နေရာသည် အစိုးရရပ်ကွက်)

မေး။ ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာတို့ကို ရှင်းပါ။
ဖြေ။ ပရိတ္တာဘာ=အထက်ပြဟ္မာတို့အောက် အရောင်နည်းတဲ့ ပြဟ္မာ။
အပ္ပမာဏာဘာ=မနှိုင်းယှဉ်အပ်သော အရောင်ရှိတဲ့ ပြဟ္မာ။
အာဘဿရာ=ပြိုးပြိုးပြက် အရောင်ထွက်သောပြဟ္မာ။

မေး။ အာဘာနှင့်သုဘာအထူးဖြေပါ။

ဖြေ။ အာဘာ=အရောင်ရိုးရိုး၊ သုဘာ=တခဲနက်အရောင်၊

မေး။ ဝေဟပ္ဖလာ, အသညသတ္တာတို့ကို ရှင်းပါ။

ဖြေ။ ဝေဟပ္ဖလာ=အကျိုးများများခံစားရတဲ့ပြဟ္မာ။
အသညသတ္တာ=သညာ အဦးထား၍ နာမ်အားလုံးမရှိတဲ့ ပြဟ္မာ။
မေး။ အခြားပုဂ္ဂိုလ်များမှာ သညာသဒ္ဒါမထည့်၊ ဘာ့ကြောင့် ဤ၌ သတ္တာ ထည့်သနည်း။

ဖြေ။ နာမ်မရှိလို့ သတ္တမဟုတ်ဟု ထင်မည်စိုး၍ ထည့်ပါသည်။
မေး။ အဝိဟာ စသည်တို့၏ အဓိပ္ပာယ်ရှင်းပါ။

ဖြေ။ အဝိဟာ = တခဏမျှ မိမိနေရာကို မစွန့်တဲ့ပြဟ္မာ။
အတပ္ပာ= မရောင့်ရဲတဲ့ပြဟ္မာ၊ နဲ၊ မပူပန်ရတဲ့ပြဟ္မာ။
သုဒဿာ=အဆင်း လှသူများကိုသာ မြင်နေရတဲ့ပြဟ္မာ၊
သုဒဿီ = အလွန် စင်ကြယ်သူများကို မြင်နေရတဲ့ပြဟ္မာ။
အကနိဋ္ဌ- အတန်းအစား မငယ်တဲ့ပြဟ္မာ။

မေး။ သုဒ္ဓါဝါသဟူသည် အဘယ်နည်း။
ဖြေ။ စင်ကြယ်သော အထက်အရိယာ ၇ ယောက်တို့၏နေရာ။
(ဒေါသကင်းလို့ စင်ကြယ်)

မေး။ ပုဂ္ဂိုလ်နှင့် ဘုံဝေဘန်ပြပါ။
ဖြေ။ အရိယာသာဖြစ်တဲ့ဘုံ = သုဒ္ဓါဝါသ ၅-ဘုံ။
ပုထုဇဉ်သာဖြစ်တဲ့ဘုံ = အပါယ် ၄ + အသညသတ်ဘုံ = ၆။
အရိယာ + ပုထုဇဉ် = ၂-မျိုးဖြစ်တဲ့ဘုံ = ကျန် ၂၆-ဘုံ။

မေး။ ရုပ်,နာမ်နှင့် ဘုံဝေဘန်ပါ။
ဖြေ။ ရုပ်ချည်းဖြစ်တဲ့ဘုံ = အသညသတ်ဘုံ။
နာမ်ချည်းဖြစ်တဲ့ဘုံ = အရူပ ၄-ဘုံ။
ရုပ်,နာမ် ၂-ပါး စုံဖြစ်တဲ့ဘုံ = ကျန် ၂၆-ဘုံ။

မေး။ အရိယာနော့ပလဗ္ဘန္တိဂါထာ၌ သေသဋ္ဌာနေသုအရ ဖော်ပြပါ။
ဖြေ။ ကာမသုဂတိ ၇၊ ပဌမဈာန်+ ဒုတိယဈာန်+တတိယဈာန် ၃-ဘုံစီ+
ဝေဟပ္ဖိုလ် ၁ + အရူပ ၄-ဘုံ = ပေါင်း ၂၁-ဘုံ (သုဒ္ဓါဝါသ
၅ + အသညသတ် + အပါယ် ၄-ကြဉ်)
မေး။ ပဋိသန္ဓေ ၄-မျိုး ကောက်ပြပါ။
ဖြေ။ အပါယ်ပဋိသန္ဓေ ၁ (အကု, ဝိ, ဥပေက္ခာ, န္တီ ပဋိသန္ဓေ)
ကာမသုဂတိပဋိသန္ဓေ ၉ (အဟိတ်ကု,ဝိ,ဥပေ,န္တီ နှင့် မဟာဝိပါက်)
ရူပပဋိသန္ဓေ ၆ (အသညသတ် ပဋိသန္ဓေနှင့် ရူပဝိပါက် ၅)
အရူပပဋိသန္ဓေ ၄ (အရူပဝိပါက် ၄)
မေး။ ကာမသုဂတိပဋိသန္ဓေနှင့် ကာမပဋိသန္ဓေ အထူးဖြေပါ။
ဖြေ။ ကာမသုဂတိပဋိသန္ဓေ=ကု,ဝိ,ဥပေ,န္တီနှင့် မဟာဝိပါက် ၉။
ကာမပဋိသန္ဓေ=၎င်း ၉ နှင့် အဟိတ်,ကု,ဝိ,ဥပေ,သန္တီ ၁=၁၀။
မေး။ ကုသလဝိပါကော ပေက္ခာ=ပါဠိ၌ ကာမသုဂတိယံအရ ဖြေပါ။
ဖြေ၊ ၇ ဘုံသုံး မဟုတ်၊ လူ ဘုံတချို့၊ စတုမဟာရာဇ်ဘုံ တချို့သာ။
မေး။ ဇစ္စန္ဓာဒိနံ၌ အာဒိအရ ဖြေပါ။
ဖြေ။ ဇစ္စဗဓိရ=နားပင်း၊ ဇစ္စမူဂ=အ,သူ၊ ဇစ္စဠေ=ဆွံ့သူ၊ ဇစ္စုမ္မတ္တက=
ရူးသူ၊ ပဏ္ဍက=ပဏ္ဍုက်၊ ဥဘတောဗျဉ္ဇနက=အင်္ဂါဇာတ် ၂ မျိုးရှိသူ၊
နပုံသက=နပုံးဖြစ်သူ(မိန်းမရှာ၊ ယောက်ျားရှာ) မမ္မ=စကားထစ်သူ။

အမှာ=၎င်းတို့သည် ပဋိသန္ဓေက စ,ပျက်သူများသာ (နောက်မှ ပျက်စီးသူ၊
ပြောင်းလွဲသူများကို မယူရ)

မေး။ ဘုမ္မဿိတနှင့် ဝိနိပါတိက အဓိပ္ပာယ်ဖြေပါ။
ဖြေ။ ဘုမ္မဿိတ=ဘုမ္မစိုးနတ်ကို မှီတဲ့ နတ်များ။
ဝိနိပါတိက=ချမ်းသာတို့မှ ဖရိုဖရဲကျတဲ့ နတ်များ။
မေး။ ကုသလဝိပါကောနှင့် အဋ္ဌမဟာဝိပါကာနိတို့၌ သုဂတိယံ ၂ခု တူမတူ။
ဖြေ။ ကုသလဝိပါကော၌ သုဂတိယံ=လူ ၁ စိတ်, စတုမဟာရာဇ် ၁ စိတ်။
အဋ္ဌမဟာဝိပါကာနိ၌ သုဂတိယံ=ကျန် ကာမ သုဂတိ ဘုံများ။
မေး။ သက်တမ်း အတိအကျမရှိတဲ့ ဘုံများကို ဖြေပါ။
ဖြေ။ အပါယ် ၄ ဘုံ, လူ့ဘုံ, ဝိနိပါတိက အသုရာခေါ် စတုဘုံ ၁ စိတ်=၆။
မေး။ လူ, စတုမဟာရာဇ်တို့၏ သက်တမ်း တို့ရှည်ကို ညှိပြပါ။
ဖြေ။ လူ့အနှစ် ၅၀= စတုမဟာရာဇ် ၁ ရက် (နေ့ည)

F, 33

မေး။ စတုဂ္ဂုဏ်=၄ ဆ တက်ကို ရှင်းပါ။

ဖြေ။ တာဝတိံသာ ၁ ရက် =စတုမဟာရာဇ် ၂ ရက်။
တာဝတိံသာ ၁ လ =စတုမဟာရာဇ် ၂ လ။
တာဝတိံသာ ၁ နှစ် =စတုမဟာရာဇ် ၂ နှစ်။
တာဝတိံသာ ၁ ထောင် =စတုမဟာရာဇ် ၂ ထောင်။

အမှာ=စတု ၅၀၀ ×၄ဆ=၂၀၀၀ ဤသို့ စတုမဟာရာဇ်၏ ၄ဆ။
တာဝတိံသာ အရေအတွက် ၁၀၀၀ ဖြစ်တာကို ၄ ဆ ဆို၏။
(နတ်ဘုံတိုင်း၏ သက်တမ်းကို လူ့အရေအတွက် သိလိုလျှင် ၉ သန်းကို ၄ နှင့် မြှောက်ပါ၊ အစဉ်အတိုင်း)

မေး။ စတုမဟာရာဇ်နှင့် ပရနိမ္မိတ ဝသဝတ္တိတို့ကို လူဖြင့် ရေတွက်ပါ။

ဖြေ။ စတုမဟာရာဇ် ၉ သန်း၊ ပရနိမ္မိတ ၉၂၁ ကုဋေ + ၆-သန်း (၄ နှင့် မြှောက်)

မေး။ ရူပဘုံနှင့် ပဋိသန္ဓေ ဝေဘန်ပြပါ။

ဖြေ။ ပထမစျာန် ၃ ဘုံ = ပထမစျာန် ဝိပါက် ပဋိသန္ဓေ ၁ (ယုတ်, လတ်, မြတ် ကွာခြား)
ဒုတိယစျာန် ၃ ဘုံ = ဒုတိယစျာန် ဝိပါက်, တတိယစျာန်ဝိပါက် ပဋိသန္ဓေ ၂။
တတိယစျာန် ၃-ဘုံ = စတုတ္ထစျာန်ဝိပါက် ပဋိသန္ဓေ ၁
အသညသတ်ဘုံ ဇီဝိတနဝကကလာပ်ရုပ် ပဋိသန္ဓေ ၁
ကျန်စတုတ္ထစျာန် ၆ ဘုံ=ပဉ္စမစျာန်ဝိပါက် ပဋိသန္ဓေ ၁=ပေါင်း ၆။

မေး။ ဘယ်စျာန်သည် စတုတ္ထစျာန် ၇ ဘုံ ရောက်စေသနည်း။

ဖြေ။ ပဉ္စမစျာန်သည် စတုတ္ထစျာန် ၇ ဘုံသို့ ရောက်စေသည်။
စိတ်, စေတသိက် ရှုမုန်းမှုအခြေခံသည့် ဝါယောကသိဏ ဘာဝနာဖြင့် ရတဲ့ ပဉ္စမစျာန်သည် အသညသတ်ဘုံသို့ ရောက်စေ၏။
အနာဂါမိ၏ ပဉ္စမစျာန်သည် သုဒ္ဓါဝါသ ၅ ဘုံသို့ ရောက်စေ၏၊ (ဣန္ဒြေ ၅ မျိုး အခြေအနေအရ ၅ ဘုံမှာဖြစ်သည်) (သဒ္ဓိန္ဒြေလွန်=အဝိဟာစသည်)
ရိုးရိုး အားထုတ်လို့ရတဲ့ ပဉ္စမစျာန်သည် ဝေဟပ္ဖုလ် ရောက်စေ၏။

မေး။ ဘုံနှင့်စျာန် ဘာဖြစ်လို့ ၄ နှင့် ၅ ဖြစ်သနည်း။

ဖြေ။ ဘုံသည် စတုက္ကနည်းဖြစ်၍ ၄၊ စျာန်သည် ပဉ္စကနည်း ဖြစ်၍ ၅ ဖြစ်၏။

မေး။ ဘာဖြစ်လို့ စတုက္က, ပဉ္စက = ၂ မျိုး ဖြစ်သနည်း။

ဖြေ။ ဉာဏ်ထက်သူ ဝိတက်+ဝိစာရ = ၂မျိုးလွန်လို့ စတုက္က (ဉာဏ်မထက်သူ တခုစီလွန်)

မေး။ ရူပ, အရူပ ဗြဟ္မာများ၏ သက်တမ်းကို ရှင်းပါ။

ဖြေ။ ဗြဟ္မပါရိသဇ္ဇာ = အန္တရကပ် ၃ ပုံ ၁ ပုံ = ($\frac{၁}{၃}$) (ဆင်းရဲသား ဗြဟ္မာများ)
ဗြဟ္မပုရောဟိတာ = အန္တရကပ် တဝက်=($\frac{၁}{၂}$)(အမှုထမ်းဗြဟ္မာများ)
မဟာဗြဟ္မာ = အန္တရ ၁ ကပ် (အစိုးရ ဗြဟ္မာကြီးများ)(ကျန်ဗြဟ္မာ များ မဟာကပ် ၂ ကပ် စသည်)

မေး။ အန္တရကပ် စသည်ကို အမည်ထူးနှင့်တကွ ရှင်းပါ။

ဖြေ။ ၁၀ နှစ်တမ်းမှ အသင်္ချေယျ၊အသင်္ချေယျမှ ၁၀ နှစ် (အာယုကပ်) အာယုကပ် ၆၄ = အန္တရ ၁ ကပ်၊ ၎င်း ၄ ကပ် = မဟာကပ် ၁ ကပ်နှင့် ညီ။
မီး ၇-ကြိမ် + ရေ ၁ ကြိမ် = ၈ကြိမ် ပျက်ပြီးနောက် လေ ၁ ကြိမ် ကပ္ပါပျက်၏။
ပျက်ဆဲ အန္တရ ၁ကပ်ကြာ = သံဝဋ္ဋကပ်ခေါ် (အန္တရကပ်ပင်)
အပျက်အတိုင်းတည်နေ အန္တရ ၁ ကပ်ကြာ = သံဝဋ္ဋဋ္ဌာယီကပ် ခေါ်၊
တည်ဆောက်ဆဲ အန္တရ ၁ ကပ်ကြာ = ဝိဝဋ္ဋကပ်ခေါ်။
နေလ့ရသည်မှ နောက် ၁ ကြိမ်မပျက်မီ အန္တရ ၁ ကပ်ကြာ=ဝိဝဋ္ဋဋ္ဌာယီခေါ်။

မေး။ ဖျက်သည့်အခါ ပျက်သည့် ဘုံများကို ဖြေပါ။

ဖြေ။ မီးဖျက်လျှင် ပဌမစျာန် ၃ ဘုံပျက် (ထို့ကြောင့် အန္တရ ၁ ကပ် သက်တမ်းရှိ)
ရေဖျက်လျှင် ဒုတိယစျာန် ၃ ဘုံပျက်(၈ ကြိမ်မြောက်မို့ အန္တရ ၃၂ ကပ် = မဟာကပ် ၈ ကပ်)
လေဖျက် တတိယစျာန် ၃ ဘုံပျက် (၆၄ ကြိမ်မြောက်မို့ မဟာကပ် ၆၄ ကပ်)

(ဘုံ သက်တမ်း ရှိသေးသော်လည်း စျာန် အာနုဘော်ကြောင့် ၃ ဘုံ သားချင်း သက်တမ်းမတူ။

မေး။ ဝေဟပ္ဖိုလ်၊အသညသတ်၊သုဒ္ဓါဝါသ၊အရူပဘုံသက်တမ်း အသို့နည်း။

ဖြေ။ ဘုံမပျက်သော်လည်း စျာန်အာနုဘော်အတိုင်း မဟာကပ် ၅၀၀ စသည်ရှိ။

မေး။ တူမြဲတရားများကို အသို့ မှတ်ယူရမည်နည်း။

ဖြေ။ တဘာဝမှာသာ ပဋိသန္ဓေ၊ဘဝင်၊စုတိ တူ၊ဘဝဟောင်း ဘဝသစ် မတူရ (ကေဇာဝတီထောက်)
(တရားကိုယ်ချင်း၊ အာရုံချင်း၊ တူ ကေမေဝနှင့် ကေဝိသယံထောက်)

မေး။ တရားကိုယ်ချင်း၊အာရုံချင်းတူဟူသည် ယေဘုယျ လော၊အပ္ပက လော။

ဖြေ။ ယေဘုယျ၊ သောမနဿပဋိသန္ဓေနေသူ ဒေါသဇောနောက် ဥပေက္ခာ သန္တီရဏဖြစ်လို့။

မေး။ ကမ္မစတုက္ကကို ရှင်းပြပါ (၄-မျိုး × ၄ လီဖြစ်ပုံ)

ဖြေ။ ဇနကကံ=ပဋိသန္ဓေနာမ်၊ရုပ်+ပဝတ္တိနာမ်ရုပ်ကိုဖြစ်စေတဲ့ ကံ။
ဥပထမ္ဘကကံ = သဘောတူ ကံချင်း ကူညီတဲ့ကံ (ကုသိုလ်ကံချင်း စသည်)
ဥပပီဠကကံ = ကံ ၁ ပါး အကျိုးပျက်ရန် အကျိုး ၁ မျိုးလုပ်၍ က၊ပျက် ယ၊ပျက် လုပ်တဲ့ကံ။
ဥပဃာတကကံ = ကံ ၁ ပါး၏ သတ္တိကို ဖျက်၍ အကျိုး ၁ မျိုး လုပ်ပေးတဲ့ကံ (ကိစ္စ = ၄ ကံ)

အထူး။ ဇနကကံ = ကံ ၁-ပါးကို မဖျက်ဆီး။
ဥပဃာတက ကံ = ကံ ၁ပါးကို ဖျက်ဆီး ဤသို့ထူး၏။
ဂရုကကံ = အကြီးလေးဆုံးကံ (မဟဂ္ဂုတ် + လောကုတ္တရာ + ပဉ္စာ နန္တရိယကံမျိုး)
အာသန္နကံ = သေခါနီး သတိရသောကံ၊သေခါနီးပြုသောကံ လည်းဟူ။
အာစိဏ္ဏကံ = အမြဲပြုတဲ့ ကံ (သို့) ၁-ခါ ပြုစေကာမူအမြဲသတိရတဲ့ကံ။
ကဋတ္တာကံ = ပြုကာမျှကံ (အထက် ၃-မျိုးတွင် မပါသောကံ) ပါက ဒါန = အကျိုးပေးစဉ် ၄)

ဝါဒကွဲ။ အာစိဏ္ဏကံက အာသန္နကံ၏အရင် အကျိုးပေးသတဲ့။
ဒိဋ္ဌဓမ္မဝေဒနီယကံ=မျက်မှောက်ဘဝ အကျိုးပေးတဲ့ ကုသိုလ်, အကုသိုလ်ပဋ္ဌမဇော။
(အာသေဝန ပစ္စည်း မရလို့ ပဝတ္တိကျိုးကိုသာ ပေး)
ဥပပဇ္ဇဝေဒနီယကံ=ဒုတိယဘဝအကျိုးပေးတဲ့ ကု,အကု သတ္တမဇော။
(ပဋိသန္ဓေကျိုး ပေးပြီးမှ ပဝတ္တိကျိုးကို ပေးသည်)
အပရာပရိယဝေဒနီယကံ=တတိယ ဘဝမှ နိဗ္ဗာန် ရမည့် ဘဝ အထိ အကျိုးပေးမည့် ကု,အကု အလယ်ဇော ၅။
အဟောသိကံ=အကျိုးမပေးရပဲ အချိန်လွန်သွားတဲ့ ယခင်ကံ ၃မျိုး (ပါကကာလ)
အကုသိုလ်ကံ,ကာမကုသိုလ်ကံ,ရူပကုသိုလ်ကံ, အရူပကုသိုလ်ကံ(ပါကဋ္ဌာန ၄)

မေး ။ ပါကဋ္ဌာနကံ၄ပါးကို ကမ္မဒွါရ(ဝါ)ကာယကံ စသည်ဖြင့်ဝေဘန်ပါ။

ဖြေ ။ အကုသိုလ်,ကုသိုလ်=ကာယကံ,ဝစီကံ,မနောကံ ၃ပါး (ဒုစရိုက်နှင့် သုစရိုက်အစဉ်)
ရူပကုသိုလ်=မနောကံ=ဘာဝနာ=ဈာန်အင်္ဂါဖြင့် ၅မျိုးပြား။
အရူပကုသိုလ်=မနောကံ=ဘာဝနာ=အာရုံအားဖြင့် ၄ပါး။

မေး ။ အကုသိုလ်ကံ အကျိုးပေးပုံ ဖြေပါ။

ဖြေ ။ ဥဒ္ဓစ္စကြဉ် အကုသိုလ်ကံ ၁၁ အပါယ်ဘုံ၌ အကုသလဝိပါက်ဥပေက္ခာ သန္တီရဏ,ပဋိသန္ဓေကျိုး ပေး။
(ဒဿနေနပဟာတဗ္ဗတွင် မပါမှုကို ထောက်၍ ဥဒ္ဓစ္စသည် ပဋိသန္ဓေကျိုး မပေးကြောင်း သိ)
အကုသိုလ် ၁၂ သည် ကာမ, ရူပဘုံ၌ အကုသလဝိပါက် ၇ ပဝတ္တိကျိုးပေး။

မေး ။ မည်သည့် အမှုမျိုးကိုပြုလျှင် အကုသိုလ်ကံ ဖြစ်သနည်း။

ဖြေ ။ ပါဏာတိပါတ=သူ့အသက်သတ်ခြင်း (သေလောက်အောင်သတ်)
အဒိန္နဒါန်=သူ့ဥစ္စာကို ခိုးခြင်း(၂၅မျိုး တမျိုးမျိုးနှင့်ခိုး)
ကာမေသုမိစ္ဆာစာရ=အဂမနီယ ကာမ ဝတ္ထုကိုမှီဝဲ (ကာယကံ၃ပါး)

သတိ= ခိုင်းစေ၍ လွန်ကျူးခြင်း စသည်ဖြစ်သင့်လို့ (ဗာဟုလ္လဝုတ္တိတော)ဆို၊ အနည်းငယ် အခြားဒွါရ၌ ဖြစ်ဟူလို။

မုသာဝါဒ=မမှန်တာပြော (သူတပါးပျက်စီးမှ ကံထိုက်)
ပိသုဏာဝါစာ=ဂုံးတိုက်ခြင်း (သူများကို အချစ်ပျက်ပြီးမိမိကိုချစ်၊ ကံထိုက်)
ဖရုသဝါစာ=ကြမ်းတမ်းစကားပြော၊ ဆဲဆိုကြိမ်း(ဒေါသအရင်းခံ) မိဘက သားသမီးကျိန်၊ ဖရုသဝါစာ မဖြစ် (မမုန်းလို့)
တရားသူကြီး ပြုံးပြုံးလေးနဲ့ ကြိုးမိန့်ပေး ဖရုသဝါစာဖြစ်။
သမ္ဖပ္ပလာပ=အတင်းအဖျင်းပြောခြင်း(ကာတွန်း ဘိုင်စကုတ်စသည်)

သတိ= ဓာအရေး၍ လွန်ကျူးခြင်းစသည်ဖြစ်သင့်လို့(ဗာဟုလ္လဝုတ္တိတောဆို) အနည်းငယ် အခြားဒွါရ၌ ဖြစ်သေး။
အဘိဇ္ဈာ=သူတပါးပစ္စည်းကို ရလိုခြင်း (မိမိသို့ညွတ်မှ ကံမြောက်)
ဗျာပါဒ သူတပါးကို ပျက်စီးစေခြင်း(ပျက်စီးမှ ကံမြောက်)
မိစ္ဆာဒိဋ္ဌိ=အလှူကျိုးမရှိ စသည် (နတ္ထိက, အဟေတုက, အကြိယ ဒိဋ္ဌိ ၃ မျိုးယူ)

သတိ= ၎င်း ၃မျိုး အခြားကံ၌ မဖြစ် (မနသို့ ယေဝ၌ဝေဆိုလို့) (ဝိညတ် ကို မဖြစ်စေနိုင်လည်းဟူ)

မေး ။ ဒုစရိုက် ၁၀ပါးနှင့် အကုသိုလ်အကြောင်းရင်းကို စပ်ပြပါ။

ဖြေ ။ ဒေါသကြောင့် ပါ, ဖ, ဗျာ၊ လောဘကြောင့် ကာ, ဘိဇ္ဈ, မိစ်၊ လော, ဒေါဟိတ် ၂ခုဖန်၊ အ, မု, ပိ, သံ။
ပါ, ဖ, ဗျာကို ပြုံးပြုံးကလေးလုပ်စေကာမူ ဒေါသ အရင်းခံ၏။
ကာ, ဘိဇ္ဈ, မိစ်ကို စိတ်ဆိုး, မာန်ဆိုး လုပ်စေကာမူ လောဘ အရင်းခံ၏

မေး ။ လောဘ+ဒေါသ=၂ ပါး အကြောင်းကင်းပြီး ဒုစရိုက် ပြုမပြု။

ဖြေ ။ ခွင့်ပြုသည်ထင်၍ ယူမိခြင်း။
မိမိပစ္စည်းထင်၍ ယူမိခြင်း။
ကံ+ကံ၏အကျိုးကို မယုံ၍ ယူမိခြင်းတို့ကြောင့် ကံသင့် (မှ) ဆိုလို့၊ လောဘ, ဒေါသ မပါပဲလည်း ပြု၏ဟုမှတ်။
သဗ္ဗထာပိဒ္ဒါဒသဝိဓံ စာကိုယ် တို့ကို ထောက်၍ ၎င်း၂ပါး ကင်း၍ ဖြစ်၏လည်းဟူ။

မေး ။ မဟာကုသိုလ် အကျိုးပေးပုံ ပြောပါ။

ဖြေ ။ ဇယား၂ခု ပြန်ကြည့်ပါ(စာမျက်နှာ (၂၉၆၊ ၂၉၇ ၌)

မေး ။ ဥက္ကဋ္ဌ, ဩမက အခ်ိပ္ပာယ်ကို ရှင်းပါ။
ဖြေ ။ ဥက္ကဋ္ဌကံ=ရှေ့နောက် ကုသိုလ်ခြံရံသော ကံ။
ပြုပြီးနောက် အဖန်တလဲလဲ သတိရသောကံ=၎င်း ၂မျိုး။
ဩမကကံ=ရှေ့နောက် အကုသိုလ်ခြံရံသောကံ၊
ပြုပြီးနောက် မှားလေခြင်းဟု မသာမယာတွေးမိသောကံ ၂ မျိုး။
(အဟိတ်ပဋိသန္ဓေကို ဖြစ်စေတဲ့ မောဟနှင့် ဆန့်ကျင်လို့ အဟိတ်ပဋိသန္ဓေကျိုးကို မပေးဘူးတဲ့)

မေး ။ မဟာကုသိုလ် ဖြစ်ရန် ဘယ်အမှုမျိုးကို ပြုရမည်နည်း။
ဖြေ ။ ဒါနအစ ဒိဋ္ဌိဇုကမ္မအဆုံး ၁၀မျိုးကို ပြုရပါသည်။

မေး။ မဟာကုသိုလ်သည် ကမ္မဒွါရအားဖြင့် ဘယ်နှစ်မျိုးလဲ။
ဖြေ ။ ကာယကံ+ဝစီကံ+မနောကံ ၃မျိုး (ကိုယ်+နှုတ်+စိတ်ဟူ၍)

မေး။ ပုညကြိယာ ၃မျိုးနှင့် ၁၀မျိုးကို ညှိပြပါ။
ဖြေ ။ အပစာယန+ဝေယျာဝစ္စကို သီလ၌ သွင်း။
ပတ္တိဒါန+ပတ္တာနုမောဒနကို ဒါန၌ သွင်း။
ဓမ္မဿဝန+ဓမ္မဒေသနာ+ဒိဋ္ဌိဇုကမ္မကို ဘာဝနာ၌ သွင်း။

မေး။ ရူပကုသိုလ် အကျိုးပေးပုံကို ပြောပါ။
ဖြေ ။ ပဌမဈာန် ကုသိုလ် ပဌမဈာန်ဘုံ၌ ပဌမဈာန် ပဋိသန္ဓေကိုဖြစ်စေ။
ဒုတိယဈာန်ကုသိုလ် ဒုတိယဈာန်ဘုံ၌ ဒုတိယဈာန်ပဋိသန္ဓေကိုဖြစ်စေ။
တတိယဈာန်ကုသိုလ် ဒုတိယဈာန်ဘုံ၌ တတိယဈာန်ပဋိသန္ဓေကို ဖြစ်စေ (သတိ=ဘုံ ၁ မျိုး) ကံ=ပဋိသန္ဓေ=၂ မျိုး။
စတုတ္ထဈာန်ကုသိုလ်တတိယဈာန်ဘုံ၌ စတုတ္ထဈာန်ပဋိသန္ဓေကိုဖြစ်စေ၊
ပဉ္စမဈာန်ကုသိုလ် စတုတ္ထဈာန်ဘုံ၌ ပဉ္စမဈာန် ပဋိသန္ဓေကို ဖြစ်စေ။

မေး။ ရူပကုသိုလ်ဖြစ်ရန် ဘယ်ဒွါရဖြင့် ဘာကို ပြုရမည်နည်း။
ဖြေ ။ မနောဒွါရဖြင့် ဘာဝနာကို ပွားများရပါမည် (ဝိညတ်ကို မဖြစ်စေလို့ ကာယနှင့် ဝစီ၌(မဖြစ်) (အရူပကုသိုလ် ၎င်းနည်း)

မေး။ တဘုံလျှင် ၃ မျိုး ဘယ်နည်းဖြစ်သနည်း။
ဖြေ ။ အာသေဝနပစ္စည်းကို နံနံရသော ဈာန်။
(တနည်း)ညံ့သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသဖြင့် ရသောဈာန်ကို ပရိတ္တဈာန် စသည်ခွဲ။

ဤသို့ ပရိတ္တ, မဇ္ဈိမ, ပဏီတ ဈာန်အား လျော်စွာ အဆင့်အတန်း ကွဲကြသည်။
(တနည်း) ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ, အယုတ်, အလတ်, အမြတ် အားလျော်စွာတဲ့။

မေး။ အဘိညာဏ်ကို ဘာဖြစ်လို့ ကံခန်း၌ မသုံးသနည်း။
ဖြေ။ ပဋိသန္ဓေကျိုးကို မပေးလို့ မသုံးပါ (ကံခန်းသည် ပဋိသန္ဓေကျိုး ပေးတာကိုသာ ပြ၏။)

မေး။ အရူပကုသိုလ် အကျိုးပေးပုံကို ဖြေပါ။
ဖြေ။ သူ့ဘုံနှင့်သူ အကျိုး ပေးပါသည် (အာကာသကုသည် အာကာ ဘုံ၌ အာကာပဋိသန္ဓေ ကျိုးပေး စသည်)

မေး။ အနာဂါမ် ဘဝကူးပုံကို ရှင်းပါ (ကာမဘုံက အနာဂါမ်)
ဖြေ။ ဈာန်ရလျှင် ရသောဈာန်အားလျော်တဲ့ဘုံ ရောက်သည် (ပဌမဈာန်ရ ပဌမ ဘုံစသည်) ဈာန်မရပုဂ္ဂိုလ်လဲ သေခါနီး ဈာန်ကို ရရပါသည်။ ကာမရာဂကို ပယ်ထား၍ ကာမဘုံ၌ နိကန္တိ မရှိလို့ ကာမဘုံ ပြန် မဖြစ်ကောင်း။

မေး။ ဝေဟပ္ဖိုလ်, နေဝသညာ, အကနိဋ္ဌ၊ ၎င်းဘဝဂ် ၃ ဘုံ ကို ရှင်းပြပါ။
ဖြေ။ ဝေဟပ္ဖိုလ် ၊ နေဂသညာ၌ အရိယာ မိမိဘုံပြန်ဖြစ်၊ အခြားတော့မဖြစ်၊ အကနိဋ္ဌ မိမိဘုံပြန်မဖြစ်၊ အခြားဘုံလဲ မဖြစ်၊ ပရိနိဗ္ဗာန် စံရသည်သာ။

မေး။ အရိယာပြဟ္မာများ အောက်ဘုံ ဖြစ် မဖြစ်။
ဖြေ။ အောက်ဘုံ မဖြစ်ကြပါ။

မေး။ သမာပတ် ၈ ပါး (သို့)၉ ပါးရတဲ့ မိန်းမများ ဘယ်ဘုံရောက်သနည်း။
ဖြေ။ ဗြဟ္မပါရိသဇ္ဇာဘုံ ရောက်သည် (အရိယာ ဟုတ်ဟုတ် မဟုတ်ဟုတ်)

စုတိပဋိသန္ဓေ

မေး။ သေခြင်း ၄ မျိုးနှင့် ဥပစ္ဆေဒကကံဖြင့် မသေသူများကို ပြပါ။
ဖြေ။ အာယုက္ခယ=သက်တမ်းကုန်၍သေ (စတုမဟာရာဇ် ၅၀၀ပြည့်လို့ သေတာမျိုး)
ကမ္မက္ခယ=ကံကုန်၍သေ (သက်တမ်း ကျန်သေးလျက် သေတာမျိုး)
ဥဘယက္ခယ=သက်တမ်း,ကံ ၂ပါးစုံ ကုန်၍ သေတာမျိုး။

ဥပစ္ဆေဒက=ကြားဖြတ်ကံဖြင့် သေ (အသက်ခံရခြင်း စသည်)
ဥပစ္ဆေဒကကံဖြင့် မသေသူများ ငရဲ, မြောက်ကျွန်း, ဘုမ္မစိုးချန် ကျန်
နတ်များ, ဗြဟ္မာများ။

မေး။ သေခါနီး အာရုံထင်ပုံ ဖြေပါ။

ဖြေ ။ ကံ=ဒုတိယ ဘဝသို့ ပို့ပေးမည့် ဥပပဇ္ဇ(သို့)အပရာပရိယကံ။
ကမ္မနိမိတ်=၎င်းကံ ပြုစဉ်က အသိုင်းအဝိုင်း။
ဂတိနိမိတ်=နောက်ဘဝ ခံစားရမည့် အာရုံများ။

မေး။ ဥပလဒ္ဓပုဗ္ဗ ကမ္မနိမိတ်, ဥပကရဏဘူတ ကမ္မနိမိတ်ရှင်းပါ။

ဖြေ ။ ကံပြုစဉ်က ပစ္စည်းများ၌ အာရုံ(ဥပလဒ္ဓ)သက်န်းရောင် ရုပါရုံ စသည်။
ကံပြုစဉ်က ပစ္စည်းများ (ဥပကရဏဘူတ) သက်န်း စသည်။

မေး။ ဥပလဘိတဗ္ဗဂတိနိမိတ်,ဥပဘောဂ ဂတိနိမိတ်ကို ရှင်းပါ။

ဖြေ ။ ဘဝသစ် ခံစားရမည့် စည်းစိမ်တို့၌ အာရုံ ၆ ပါး (ဥပလဘိတဗ္ဗ)
ဘဝသစ် ခံစားရမည့် ဇိမ်ခံပစ္စည်းများ (ဥပဘောဂ)

မေး။ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်များ ဘယ်လိုထင်သနည်း။

ဖြေ ။ ဒုဂ္ဂတိရောက်အံ့၊ အကုသိုလ်, ကံ,ကမ္မနိမိတ်,ဂတိနိမိတ် စသည်။
ရဟန္တာဖြစ်မူ တေဘူမက သင်္ခါရကိုသာ၊ ကံ စသည် အမည် မတပ်ရ။

မေး။ သေသူတိုင်း စုတိနောင် ပဋိသန္ဓေစိတ် ဆက်ဖြစ်သလား။

ဖြေ ။ အသညသတ် ရောက်မည့်သူမှာ မဖြစ်ပါ (ဒါကြောင့် ဗာဟုလ္လေနဆို)

မေး ။ စုတိ,ပဋိသန္ဓေ ဖြစ်ပုံပြပါ။

ဖြေ ။ တဒါရုံနောင် စုတိ, တဒါရုံ ဘဝင် နောင်စုတိ။
ဇောနောင် စုတိ, ဇောဘဝင်နောင် စုတိ=၎င်းစုတိ ၄ မျိုးနောင်
ပဋိသန္ဓေ။
၎င်းနောက်ဘဝင် ၁၆၊ ၎င်းနောက် မနောဒွါရာဝဇ္ဇန်း၊ ၎င်းနောက်
ဘဝနိကန္တိကလောဘဇော။

မေး ။ မရဏာသန္နဝီထိကို ရေတွက်ပြပါ။

ဖြေ ။ တဒါရုံနောင်စုတိစသည် ၄ × ၆ဒွါရမြောက်=၂၄ဝီထိ။

မေး ။ သေပြီးနောက် အမိလောင်း ဥတုလာပြီးချိန်, အဘနှင့် ပေါင်းသင်း
ချိန်စောင့်လျက်ဘဝတခုမှာ ယာယီနေပြီး ပဋိသန္ဓေနေတယ် ဆိုတာ
ဟုတ် မဟုတ်။

ဖြေ ။ မဟုတ်၊ တဿာနန္တရမေဝဆိုသဖြင့် တဆက်တည်းသာ။
ထို့ကြောင့် လောက်လန်းသဖွယ် ဝိညာဏ်တွယ်ဟု ဆိုရိုးပြုကြ၏။

မေး ။ ပဋ္ဌိသန္ဓေစိတ်၏ သဝတ္ထုက,အဝတ္ထုက ဖြစ်ပုံပြေပါ။
ဖြေ ။ ပဉ္စဝေါကာရပဋိသန္ဓေသည် သဝတ္ထုက၊အရူပပဋိသန္ဓေသည် အဝတ္ထုက(ဝတ္ထုကိုမှီ မမှီ)

မေး ။ ကံ၏အဝိဇ္ဇာနုသယပရိက္ခိတ္တ,တဏှာနုသယမူလကကို ရှင်းပါ။
ဖြေ ။ အဝိဇ္ဇာ+တဏှာ အခြေခံ သင်္ခါရကသာ ပဋိသန္ဓေကို ဖြစ်စေနိုင်၊ ၎င်း၂ပါးကင်းတဲ့ရဟန္တာ၏သင်္ခါရက ပဋိသန္ဓေကို မဖြစ်စေဟူလို။

မေး ။ တဏှာကို "မူလက"သုံးသလို ဘာဖြစ်လို့ အဝိဇ္ဇာကို "မူလက"မသုံးသနည်း။
ဖြေ ။ ပဋိသန္ဓေကို နှစ်သက်မှုသာ အကြောင်းရင်း (အဝိဇ္ဇာ ၎င်းသဘောမျိုးမရှိလို့ "မူလက"မသုံး)

မေး ။ ပဋိသန္ဓေ ပစ္စုပ္ပန်အာရုံပြုပုံကို ရှင်းပါ။
ဖြေ ။ မရဏာသန္န ၅ကြိမ်သာဖြစ်၍ မရဏာသန္နဝီထိ၏ အာရုံ မချုပ်မီ ပဋိသန္ဓေဖြစ်မှု ရှိသင့်လို့ (ဝိညတ်ဒွေး+လက္ခဏာရုပ် ၄ ကြဉ်=ရုပ် ၂၂ အာရုံကိုရည်ရွယ်)

မေး ။ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်တို့ကို ဒွါရ,ကာလဖြင့် ဝေဘန်ပါ။
ဖြေ ။ ကံ=မနောဒွါရဖြင့် ယူ၊ ကာလအားဖြင့် အတိတ်။
ကမ္မနိမိတ်=၆ဒွါရဖြင့် ယူ၊ ကာလအားဖြင့် ပစ္စုပ္ပန်, အတိတ်။
ဂတိနိမိတ်=မနောဒွါရဖြင့်ယူ၊ ကာလအားဖြင့် ပစ္စုပ္ပန် (ဋီ)
ဂတိနိမိတ်=၆ဒွါရဖြင့် ယူ၊ ကာလ အားဖြင့် ပစ္စုပ္ပန်, အတိတ် (အထောက် ဆဒွါရဂ္ဂဟိတံ....လ ...မတိတာရမ္မဏံ စာကိုယ်)

မေး ။ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်ကို ဘုံဖြင့် ဝေဘန်ပါ။
ဖြေ ။ ကာမဘုံ၌ ကာမပဋိသန္ဓေ ၃မျိုးလုံးကို အာရုံပြုနိုင်။
ရူပ,အရူပဘုံ၌ ရူပ,အရူပ ပဋိသန္ဓေများ ကမ္မနိမိတ်ကိုသာ။

မေး ။ ဘုံနှင့်ရုပ်,နာမ်ပဋိသန္ဓေကို ခွဲဝေပါ။
ဖြေ ။ အသညသတ်ဘုံ ရုပ်သက်သက် ပဋိသန္ဓေ (ဇီဝိတနဝက ကလာပ်)
အရူပဘုံ နာမ်သက်သက် ပဋိသန္ဓေ။
ပဉ္စဝေါကာရဘုံ ရုပ်,နာမ် ၂ပါးစုံ ပဋိသန္ဓေ (ပဝတ္တိ ၎င်းအတိုင်း)
(ရူပပဋိသန္ဓေဟု သာမန်မေးလျှင် ၆ခုဟုဖြေ၊ အသညသတ်ပဋိသန္ဓေ မေ့တတ်လို့)

မေး ။ စိတ်နှင့်ပဋိသန္ဓေစပ်ပြပါ။
ဖြေ ။ အာကာသစိတ်နောင် ပဋိ ၀ (ကာမတိဟိတ်၄-အရူပ ၄)
ဝိညာဏစိတ်နောင် ပဋိ ၇ (ယခင်ဂတွင်အာကာသကြဉ်)
အာကိဉ်စိတ်နောင် ပဋိ ၆ (ယခင်ဂတွင် အာကာ+ဝိညာကြဉ်)
နေဝစိတ်နောင် ပဋိ ၅ (ယခင် ဂ တွင် အာကာ+ဝိညာ+ အာကိဉ်ကြဉ်)
ရူပစိတ်နောင် ပဋိ ၁၇ (အဟိတ်ဥပေ၊ နွံ့ ပဋိ၂ကြဉ်)
(၎င်းထောက်=ပြဟ္မာ့ပြည်တဝင်းဝင်း၊ ဝက်စ၃ကျင်း တရှုပ်ရှုပ် ရေးစကားမမှန်)
ကာမတိဟိတ် စိတ်နောင် ပဋိ ၁၉ (အကုန်လုံး)
ဒွိဟိတ်+အဟိတ်စိတ်နောင် ပဋိ ၁၀ (အဟိတ်ဥပေက္ခာ၂+မဟာဝိဂ)
(၎င်းတို့ဖြင့် ဘယ်ဘုံက သေလျှင် ဘယ်ဘုံ ရောက်နိုင်၏ဟုပြ)
မေး ။ အရူပပြဟ္မာသည် ဘာဖြစ်လို့ အောက်အရူပကိုကြဉ်သနည်း။
ဖြေ ။ အောက် အရူပကုသိုလ်ကို အားမထုတ်တော့၍ အောက်ပဋိသန္ဓေကို ဖြစ်စေမည့် အောက်ကုသိုလ် မရှိလို့ကြဉ်သည်။
မေး ။ တူမြဲတရား၊ သံသရာစက်လည်ပုံ၊ ပြတ်ပုံတို့ကို ပါဠိ အနက်ဖြင့်ပြပါ။
ဖြေ ။ စာမေးပွဲ ခဏ ခဏ မေးတတ်လို့ ဤမေးခွန်း ထည့် သည်၊ နောက်ပြန်ကြည့်။

ဝီထိမုတ်ပိုင်းပြီးပြီ။

ရုပ်ပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

၁။ ဧတ္တာဝတာ ဝိဘတ္တာ ဟိ၊ သပ္ပဘေဒပ္ပဝတ္တိကာ။
စိတ္တစေတသိကာ ဓမ္မာ၊ ရူပံ ဒါနိ ပဝုစ္စတိ။ ။

ပဘေဒ=၁။ ဥဒ္ဒေသ=စိတ်ပိုင်း အစမှ စေတသိက်ပိုင်း ဒွိပဉ္စာသ ပဝုစ္စရေ အထိ (စိတ်စေတသိက်တို့၏ အမည်သက်သက်ပြလို့)

၂။ နိဒ္ဒေသ=တေသံစိတ္တာ ဝိယုတ္တာနံမှ စေတသိက်ပိုင်းအကုန်(သမ္ပယောဂ, သင်္ဂဟနည်းတို့ဖြင့် ချဲ့ပြလို့)

၃။ ပဋိနိဒ္ဒေသ=ပကိဏ်းပိုင်း (ထပ်ချဲ့လို့)=၎င်း၃မျိုးပဘေဒခေါ်။

ပဝတ္တိကာ=၁။ ပဝတ္တိ "ပဝတ္တိ"ခေါ် ဝီထိပိုင်း (ပဝတ္တိအခါ ဖြစ်ပုံပြလို့)

၂။ ပဋိသန္ဓိ ပဝတ္တိခေါ် "ဝီထိမုတ်ပိုင်း" (၎င်း၂မျိုး ပဋိသန္ဓေအခါဖြစ်ပုံပြလို့ ပဝတ္တိခေါ်)

မာတိကာ (၅ခန်း ခေါင်းစဉ်)

၂။ သမုဒ္ဒေသာ ဝိဘာဂါ စ၊ သမုဋ္ဌာနာ, ကလာပတော။
ပဝတ္တိက္ကမတော စေတိ၊ ပဉ္စဓာ တတ္ထ သင်္ဂဟော။ ။

ရူပသမုဒ္ဒေသ=ရုပ်တို့ကို အကျဉ်းဆုံးပြတဲ့ အခန်း (၂၈ခု အမည်မျှသာ)
ရူပဝိဘာဂ=အမည်အမျိုးမျိုးတို့ဖြင့် ခွဲဝေပြတဲ့ အခန်း။
ရူပသမုဋ္ဌာန=ရုပ်ကို ဖြစ်စေတဲ့ ကံ,စိတ်,ဥတု,အာဟာရတို့ကိုပြတဲ့ အခန်း။
ရူပကလာပ=သဘောတူ ရုပ်များ အစုလိုက်ဖြစ်ပုံတို့ကိုပြတဲ့အခန်း။

ရူပပဝတ္တိက္ကမ= ၁။ ဘဝ=ကာမဘုံမှာ ၂၈
အသညသတ်ဘုံမှာ ၁၇
ကြွင်းရူပဘုံမှာ ၂၃=ဤသို့ဘုံအားလျော်စွာ။

၂။ ကာလ=ပဋိသန္ဓေအခါ "ရုပ်"မည်မျှ
ပဝတ္တိအခါ "ရုပ်"မည်မျှ=ဤသို့ကာလအားလျော်စွာ။

၃။ သတ္တ=သံသေဒဇနှင့် ဥပပါတ်မှာ "ရုပ်"မည်မျှ
ဂဗ္ဘသေယျကမှာ"ရုပ်"မည်မျှ=ဤသို့ သတ္တဝါ အား
လျော်စွာရုပ်တို့၏ ဖြစ်ပုံဖြစ်နည်းကို ပြတဲ့ အခန်း။

ရူပသမုဒ္ဒေသ

မဟာဘုတ်နှင့် ဥပါဒါရုပ်

၃။ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ
ဒုဝိဓမ္ပေတံ ရူပံ ဧကာဒသဝိဓေန သင်္ဂဟံ ဂစ္ဆတိ။ ။

မဟာဘူတာနိ=ကြီးကျယ်၍ အထင်ရှားဆုံး ဖြစ်သောရုပ်။
နဲ= များစွာသော အံ့သြဖွယ်တို့ကို ပြတတ်တဲ့ရုပ်(မျက်လှည့်သမားနှင့်တူ)
နဲ=များစွာသော မဟုတ်ထာကို အဟုတ်ထင်အောင် ပြတတ်တဲ့ ရုပ်။
ရှင်း= အညိုစသည်မဟုတ်ပဲ အဟုတ်ထင်အောင် ပြတတ်လို့ ဘီလူး စသည်
တို့နှင့်တူ။
နဲ= ကြီးကျယ်၍ ဥပါဒါရုပ်တို့၏ ဖြစ်ရာဖြစ်တဲ့ ရုပ်လည်းဟူ။
ဥပါဒါယရူပံ=မဟာဘုတ်ကိုမှီ၍ ဖြစ်တဲ့ ရုပ်(ဥပါဒါရုပ်)
အမှာ=ဘုတ် ဘုတ်ချင်းကား အပြန်အလှန် မှီကြလို့ "ဥပါဒါရုပ်" မခေါ်။
မိမိကသာမှီ၍ သူများ၏အမှီ မခံတဲ့ ရုပ်ကိုသာ "ဥပါဒါရုပ်" ခေါ်။

မဟာဘုတ် ၄ပါး

၄။ ကထံ....ပထဝီဓာတု၊ အာပေါဓာတု၊ တေဇောဓာတု၊ ဝါယော
ဓာတု ဘူတရူပံ နာမ။ ။

ပထဝီ=ဖြစ်ဖော် ဖြစ်ဖက် ရုပ်တို့၏နေရာ (သဟဇာတ်ရုပ်တို့၏ တည်ရာဟူ
ဆိုရိုးပြု)
အာပေါ=ဖြစ်ဖော်ဖြစ်ဖက်ရုပ်တို့သို့ ပျံ့နှံ့တဲ့ အစေးဓာတ်။
နဲ= ဖြစ်ဖော်ဖြစ်ဖက် ရုပ်တို့ကို ပွားစေတတ်တဲ့ အစေးဓာတ်။

ရှင်း= အစေးသဖွယ် ဖြစ်ဖော် ဖြစ်ဖက် ရုပ်တွေကို ကပ်ပေး၍ အတုံးအခဲ ဖြစ်အောင် တိုးပွားလာစေတတ်သည်(အတုံးအခဲ ကြီးကြီးလာအောင် လုပ်ပေး၏ဟုလို)

တေဇော=ဖြစ်ဖော် ဖြစ်ဖက် ရုပ်တို့ကို ရင့်မာစေတတ်တဲ့ အငွေ့။

နဲ= ကြွင်းသော ဘုတ်၃ခုတို့ကို ကင်သကဲ့သို့ ပြုတတ်တဲ့အငွေ့။

အမှာ=တေဇောခေါ် အငွေ့က တောင့်တင်းအောင် ပြုလုပ်ပေး သဖြင့် ဖြစ်ဖော် ဖြစ်ဖက် ရုပ်တွေ ကိုယ့်ကိစ္စကိုယ် လုပ်ဆောင် နိုင်ကြသည်။

ဝါယော=အာပေါက ပူးကပ်ပေးထားတဲ့ ရုပ်အစု အပုံကို ပုံသဏ္ဍာန် အမျိုးမျိုးပေါ်လာအောင် တွန်းကန်ပေးတတ်တဲ့ သဘော (လေပူဖောင်းထဲက လေလို)

အမှာ=ဝါယောခေါ် တွန်းကန်အားကြောင့် ရုပ်တွေ အစုလိုက် နေရာရွေ့မှု အကြောင်းပြု၍ ရွေ့လျား စေတတ်တဲ့ သဘော (၎င်းဝါယော လည်းပါလို့ရွေ့လျားတဲ့ သဘောဟုဆိုကြသေး၏)

ဓာတု=သဘောသက်သက်သာ (သတ္တ+ဇီဝမဟုတ်) (အမျိုးမျိုး ဖြစ်မှုတွေဟာ အများထင်သလို ပုဂ္ဂိုလ်သတ္တဝါမဟုတ် သဘောတရားမျှသာ) (သန္တ=ထင်ထင်ရှားရှား၊ဘာဝေါ=ဖြစ်မှု။သဘော=ထင်ထင်ရှားရှား ဖြစ်မှု) (ဘိုင်စကုတ် စသည်တို့လို အတွေးအခေါ်ဖြင့် မဟုတ်ကို အဟုတ်လုပ် သုံးတာမျိုး မဟုတ်ဟုလို)

ဥပါဒါရုပ် ၂၄ ပါး

ပသာဒရုပ် ၅ ပါး

၅။ စက္ခု သောတ ဃာန် ဇိဝှာ ကာယော ပသာဒရုပ်ံ နာမ။

ပသာဒ=ကြည်လင်တဲ့သဘော၊စက္ခု(လ) ကာယတို့သည် မှန်ပြောင်း သဖွယ် ကြည်လင်လို့ပသာဒအမည်ပေး။

စက္ခုပသာဒ=ရုပါရုံကို ခေါ်သကဲ့သို့ ဖြစ်တတ်တဲ့အကြည်ဓာတ်။

အမှာ=မျက်လုံးအလည်အရိပ်ထင်တဲ့ နေရာ၌ သန်းခေါင်းပမာဏရှိသည်။ (သတ္တဝါ အရွယ်လိုက် ရှိသည်။ သန်း၏ မျက်လုံးထဲမှာ သန်းခေါင်း လောက် အကြည်ဓာတ် မရှိနိုင်ရာ၊ လူကိုရည်ရွယ်၍ သန်းခေါင်းဆို)

သောတပသာဒ=သဒ္ဒါရုံကို နား‌တောင်သကဲ့သို့ ဖြစ်တတ်တဲ့ အကြည်ဓာတ်။
နားခလောင်းထဲတွင် ကြေးနီလက်စွပ်ကွင်း သဏ္ဌာန်ရှိသည်။
ဃာနပသာဒ=အနံ့ကို နမ်းရှုသကဲ့သို့ ဖြစ်တတ်တဲ့ အကြည်ဓာတ်။
နှာခေါင်းထဲတွင် ဆိတ်ခွာသဏ္ဌာန် တည်သည်။
ဇိဝှာပသာဒ=အရသာကို လျက်သကဲ့သို့ ဖြစ်တတ်တဲ့ အကြည်ဓာတ်။
လျှာအလည်၌ ကြာရွက်ဖျားသဏ္ဌာန် တည်သည်။
ကာယပသာဒ=ဖောဋ္ဌဗ္ဗာရုံကို ထိသကဲ့သို့ ဖြစ်တတ်တဲ့ အကြည်ဓာတ်။
မနာတဲ့ နေရာချန် ကျန်တကိုယ်လုံးမှာ တည်သည်။
(ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း, အရေပါးစသည်တို့၌မတည်)
တည်နေပုံ=မှီရာ မတူ၍ မရောကြ၊ သပ်သပ်စီဖြစ်ကြ၏။
ကိုယ်လုံးနှံ့ **သဘာဝများ**=ဘော, ပသာဒ, လောဟိတ၊ ဇီဝ, သည်းခြေ,
သုက်။

ဂေါစရရုပ် ၇ ပါး

၆။ ရူပံ သဒ္ဒေါ ဂန္ဓော ရသော အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တ
ယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ။ ။

ရူပံ=အဇ္ဈတ္တသန္တာန်ရှိ သဘောတရားကို ထုတ်ဖော်ပြတဲ့ "အဆင်း"
အဆင်းမြင်တာနှင့် ဝမ်းသာ, ဝမ်းနည်း စသည်ကို သိနိုင်၏ ဟူလို။
သဒ္ဒေါ=ပြောကြားအပ်သကဲ့သို့ ဖြစ်တဲ့ "အသံ"
ဂန္ဓော=မိမိ၏တည်ရာ ပစ္စည်းကို ပြတတ်တဲ့ "အနံ့"
(အပုပ်နံ့ နံသဖြင့် ၎င်းအနံ့၏တည်ရာ အပုပ်ကောင်ရှိမှန်းသိရသည်)
ရသော=သာယာအပ်တဲ့ "အရသာ" (ရသာရုံလည်း ဟူ)
အာပေါဓာတုဝိဝဇ္ဇိတံ=သိမ်မွေ့သဖြင့် မထိကောင်းသောကြောင့် ကြဉ်။
အမှာ=ရေ၌အေးတဲ့သဘောကို အာပေါထင်တတ်၏(ဘောဇော=အငွေ့သာ)
ဖောဋ္ဌဗ္ဗ=တွေ့ထိစရာ။
ဂေါစရရူပံ=ပဉ္စဝိညာဏ်တို့၏ အာရုံဖြစ်လို့၊ ဤ ၇ပါးကို "ဂေါစရ" ခေါ်။

ဘာဝရုပ် ၂ ပါး

၇။ ဣတ္ထတ္တံ ပုရိသတ္တံ ဘာဝရူပံ နာမ။

ဣတ္ထိ=၁။ ဣတ္ထိလိင်=မိန်းမတို့၏ လက်ခြေ စသော သဏ္ဍာန်။
၂။ ဣတ္ထိနိမိတ္တ=မိန်းမတို့၏ ပြုံးရယ်ခြင်း စသော အမူအရာ။
၃။ ဣတ္ထိကုတ္တ=မိန်းမတို့၏ ဗန်း စကော စသည်ဖြင့် ကစားပုံ။
၄။ ဣတ္ထိအာကပ္ပ=မိန်းမတို့၏ သွားခြင်း စသောအမူအရာ (ဤ၄မျိုး ဣတ္ထိဘာဝခေါ်)

အမှာ=ပုရိသဘာဝ သိလောက်ပြီ (ဣတ္ထိနေရာ ပုရိသ ပြောင်းရုံသာ)
တည်ပုံ=ဘာဝရုပ် ၂ ခုလုံးသည် တကိုယ်လုံးမှာ တည်သည်။
အဆန်း=၎င်း ၂ခု ကပ္ပာဦးသူများမှာ ပဝတ္တိအခါ၌ ဖြစ်သည်။
ကျန်ပုဂ္ဂိုလ်များမှာ ပဋိသန္ဓေအခါက စ ဖြစ်သည်။

ဟဒယရုပ် ၁ ပါး

၈။ ဟဒယဝတ္ထု ဟဒယရူပံ နာမ။

ဟဒယဝတ္ထု=နှလုံးအိမ်တွင်း၌ တလက်ဆွမ်းမျှသော သွေး၌တည်(လူအတွက်)
အမှာ=ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ပဝတ္တန္တိ။ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော "ပဋ္ဌာန်းပါဠိတော်" ၎င်းပါဠိတော်ထောက်၍ ဟဒယဝတ္ထုကို မှီ၏ဟုယူဆကြ၏။

ဇီဝိတရုပ် ၁ ပါး

၉။ ဇီဝိတိန္ဒြိယံ ဇီဝိတရူပံ နာမ။

ဇီဝိတရူပံ=ကမ္မဇရုပ်များ သက်တမ်းကုန် နေနိုင်အောင် စောင့်ရှောက်ပေးတဲ့ သဘော။

ရှင်း=ကံသည် ကမ္မဇရုပ်ကို ပြုလုပ်ပေး၏။
သို့သော် ကမ္မဇရုပ် ဖြစ်ချိန်မှာ ၎င်းကံ မရှိတော့ပြီ။
ထို့ကြောင့် ကမ္မဇရုပ်များ သက်တမ်းကုန်နေနိုင်အောင် ဇီဝိတိန္ဒြေခေါ် ရုပ်ဇီဝိတက ဆက်လက်စောင့်ရှောက်ပေးရသည်။

အမှာ=နာမ်တရားများ သက်တမ်းကုန် နေနိုင်တာလဲ နာမ်ဇီဝိတက စောင့်ရှောက်ပေးလို့။

အာဟာရရုပ် ၁ ပါး

၁၀။ ကဗဠီကာရော အာဟာရော အာဟာရရူပံ နာမ။

အာဟာရရူပံ=စားသောက်ဖွယ်တို့၌ တည်သော ဩဇာဆိုတဲ့ အဆီဓာတ်။

အမှာ=အဆီသက်သက်ကို ကိုင်တွယ်၍ မရ၊ ထို့ကြောင့် အလုပ် အလွေးကို မပြုသော်လည်း ပြုသကဲ့သို့ ဖြစ်သောဟု (ကဗဠီကာရ)သဒ္ဒါဖြင့် သုံးသည်။
(အသုံး လိုတဲ့ အဆီကို ခွဲယူ၍ မရလို့ အား လုံး အကာတွေကိုပါ ရောနှော ကိုင်တွယ်ရသည် ဟူလို)

ရှင်း=ဩဇာတိုင်းကို အာဟာရရုပ် မခေါ်။
အာဟာရဇရုပ်ကလာပ်၌ ဩဇာကိုသာ အာဟာရရုပ် ခေါ်သည်။
ကံ လုပ်ပေးတဲ့ ကမ္မဇရုပ်ကို အာဟာရဇ ဩဇာက ထောက်ပံ့သည်။
(ကလာပ်ချင်း မတူ၍ ကလာပ်ပြားကို ထောက်ပံ့သည်ဟု ဆိုသည်။)
(ကမ္မဇကလာပ်နှင့် အာဟာရဇကလာပ် ဖြစ်နေတာကို ကလာပ်ချင်း မတူဟု ဆိုသည်)
စိတ် လုပ်ပေးတဲ့ စိတ္တဇရုပ်ကိုလည်း အာဟာရဇဩဇာကပင် ထောက်ပံ့ (ကလာပ်ပြားပင်)
ဥတုလုပ်ပေးတဲ့ ဥတုဇရုပ်ကိုလည်း အာဟာရဇ ဩဇာကပင်ထောက်ပံ့သည် (ကလာပ်ပြားပင်)
အာဟာရဇကလာပ် ၁ ခု၌ ဩဇာသည် မိမိချန် ကျန်တဲ့ ကလာပ်တူ ရုပ်များကို ဖြစ်စေသည် (မိမိကိုယ် မိမိ ဖြစ်စေ၏ဟု မဆိုသင့်)
ထို့ကြောင့် ကလာပ်တူ ဩဇာကြဉ်ဟု ဆိုရိုးပြု။
ကလာပ်ပြားဖြစ်တဲ့ ဩဇာနှင့်တကွ စတုသမုဋ္ဌာနိက ကလာပ်အားလုံးကိုတော့ ထောက်ပံ့သည်။

ဆိုရိုး=ကလာပ်တူ ဩဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်ကို ကျေးဇူးပြု၏ဟု ဆိုရိုးပြုကြ၏။

အမှာ=အာဟာရဇ ကလာပ် ၁ ခု၌ ဩဇာသည် မိမိကိုယ် မိမိ ဖြစ်လည်း မဖြစ်စေ၊ ထောက်လည်း မထောက်ပံ့။
မိမိချန် ကျန် ကလာပ်တူ ရုပ်များကိုကား ဖြစ်စေသည်(ဇနက သတ္တိ) အခြား ကလာပ် များကိုတော့ ဩဇာရော ဩဇာမဟုတ်တာရော အားလုံးကို ထောက်ပံ့သည်။ (၎င်းကိုယ်တိုင်ကား ကူးတို့ပို့သူလို သူများ ထောက်ပံ့ရင်း ရပ်တည်နိုင်သည်)

ဆိုပြီးရုပ် ၁၈ ကို အမည်ပေးပုံ

၁၁။ ဣတိ စ အဋ္ဌာရသဝိဓံ ပေတံ ရူပံ သဘာဝရူပံ သလက္ခဏရူပံ နိပ္ဖန္နရူပံ ရူပရူပံ သမ္မသနရူပန္တိ စ သင်္ဂဟံ ဂစ္ဆတိ။

သဘာဝရူပံ=ပထဝီဓာတ် စသော မိမိသဘောနှင့် မိမိ ဖြစ်တဲ့ ရုပ် ၁၈။
ပြောင်းပြန်=ကျန် ၁၀ မိမိသဘောနှင့် မိမိ မဖြစ်လို့ အသဘာဝရုပ်။
သလက္ခဏရုပ်=ဥပါဒ်စသော လက္ခဏာတို့နှင့် လည်းကောင်း၊
အနိစ္စ စသော လက္ခဏာတို့နှင့် လည်းကောင်း တကွ ဖြစ်တဲ့ ရုပ် ၁၈။
ပြောင်းပြန်=ကျန် ၁၀ ပါး ၎င်းလက္ခဏာ ၂ မျိုး နှင့် တကွ မဖြစ် လို့ အလက္ခဏာရုပ်။
နိပ္ဖန္နရုပ် ကံ စသော အကြောင်းတို့ကြောင့်ဖြစ်တဲ့ ရုပ်။
ရူပရူပရုပ် ရုပ်စစ်ရုပ်မှန် (ရုပ္ပနသဘောရှိလို့) ကျန် ၁၀ ရုပ်တို့နဲ့ပြည်တ်ရုပ်။
အမှာ=ရုပ္ပန သဘောမရှိတဲ့ ၁၀ကို ရူပသဒ္ဒါဖြင့် "ရုပ်" ခေါ်ခြင်းသည် "ရုဠှီ"
သမ္မသနရုပ်=အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာနည်းဖြင့် သုံးသပ်အပ်တဲ့ ရုပ် (ကျန် ၁၀ အသမ္မသနရုပ်)

ပရိစ္ဆေဒရုပ် ၁ ပါး

၁၂။ အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။

ပရိစ္ဆေဒရူပံ=အာကာသဓာတ် (ကလာပ် ၁ စည်း နှင့် ၁ စည်း ကြား ခြားပေးတဲ့ ပရိစ္ဆေဒ ါကာသကိုယူ) (အာကာသ=မရေးခြစ်အပ်)
သတိ=သီးသန့် ရုပ်ခု မဟုတ် ကလာပ် တို့၏ အကြားသာ၊ ထို့ကြောင့် အသဘာဝ စသည်ခေါ်။

မှာ= ၁။ အဇဋ္ဌာကာသ-ကောင်း ကင် (ဝေါဟာ ရ ခေါ် နေကြ တဲ့ ပြကတေ့ ကောင်းကင်)
၂။ ပရိစ္ဆိန္နဒြဒ္ဒသာကာသ=လှူထွင်းတဲ့အပေါက်။
၃။ ကသိဏုဂ္ဃာဋိမာကာသ=အာကာသကြဉ်သော ကသိုဏ်း ၉ ပါး တို့တွင် တပါးပါးကို ခွာ၍ ရအပ်သော ကောင်းကင် ပညတ်= ၎င်း၃မျိုး မယူရ။

ဝိညတ်ရုပ် ၂ ပါး

၁၃။ ကာယဝိညတ္တိ ဝစီဝိညတ္တိ ဝိညတ္တိရုပ် နာမ။

ကာယဝိညတ္တိ=အခြားသူများ သိလောက်သည့် ကိုယ်လှုပ်ရှားမှု။
ကိုယ်ဟူသည် စတုသမုဋ္ဌာနိကရုပ် ၎င်း၏အခြေအနေကိုပင် ကြည့်ပြီး လှုပ်ရှားမှုဟု သုံးကြသည်။
စတုသမုဋ္ဌာနိက ရုပ်များသည် အမှန်အားဖြင့် မလှုပ်ရှားပါ၊ တခုပြီး တခု ဖြစ်တဲ့သဘောသာ ရှိသည်။
ထို့ကြောင့် တခုပြီး တခုကိုသာ မြင်ကြသည်။
မြန်လွန်းတော့ တခုတည်းထင်ပြီး လှုပ်နေသည်ဟု ဆိုသည်။
ဥပမာ=လက်တကြိမ်မြှောက်လိုက်လျှင် ဘိုင်စကုတ်ဖလင်၌ အရုပ်ပေါင်း၁၀၀ မကပေ၊ အရုပ်တိုင်းသည် လုံး၀ မလှုပ်ပါ၊ တရုပ်နှင့် တရုပ် အခြေအနေခြင်းတော့ အနည်းငယ်စီ ကွာခြားသည်။
တရုပ်ပြီးတရုပ် ကြည့်ယင်း ကြည့်ယင်း နောက်ဆုံးအရုပ်ရောက်တော့ အရုပ်ကလေး တခုက လက်မြှောက်တဲ့ အလုပ် လုပ်သည်ဟု ထင်ကြတော့သည်။
မြန်လွန်းတော့ တခုပြီး တခုလို့ မထင်တတ်။
၎င်းကိုပင် အကြောင်းပြု၍ လက်မြှောက်တယ် ဆိုတဲ့ ကာယဝိညတ် စကားလုံးလေးဖြစ်လာတော့သည်။
ထို့အတူ ဒေါသဖြစ်၍ ရိုက်သည့်အခါ (မနောဒွါရ၌) မနောဒွါရ ဝဇ္ဇန်းခေါ် ဝုဋ္ဌောနှင့်တကွ ဇောစိတ်ပေါင်း များစွာဖြစ်၏။
စိတ်တိုင်းစိတ်တိုင်းသည် ဝါယောဓာတ်အပါအဝင် စိတ္တဇရုပ်ပေါင်း များစွာကို တခုစီ တခုစီ ဖြစ်စေ၏။
အခြေအနေ အနည်းငယ်စီ ကွာခြားကြ၏။

အခြား တိဇရုပ် များလည်း ဓမ္မတာ အတိုင်း တခုပြီးတခု ဆက်ခါ ဆက်ခါ ဖြစ်နေကြ၏။

ရိုက်လိုတဲ့အချိန်နှင့် ရိုက်လိုက်တဲ့ အချိန် အတွင်း စိတ်များ လုပ်ပေးသော စိတ္တဇရုပ် များတွင် အခြေအနေ ဖော်ပြတတ်လို့ ဝါယော ဓာတ်သည် ပို၍ထင်ရှား၏။

မြင်ကွင်းမှာ စတုသမုဋ္ဌာနိက အားလုံးပင်။

သို့သော် မြန်လွန်းတော့ တခုစီ မခွဲတတ်တော့ပဲ အစုထဲတွင်ထင်ရှားတဲ့ စိတ္တဇဝါယော ဓာတ်ကို အစွဲပြုပြီး ''ရိုက်နေသည်'' စိတ်ဆိုးတဲ့ အခြေအနေဖြစ်နေသည် ဆိုတဲ့ ကာယဝိညတ် စကားလုံး ဖြစ်တော့သည်သာ။

ရုပ်များကား မလှုပ်၊ အခြေအနေ အနည်းငယ်စီ ကွာခြားတဲ့ ရုပ်များကို တဆက်တည်း မြင်ရင်းက ရုပ်တခု၏ လှုပ်မှုဟုထင်ပြီး ပြောကြခြင်းသာ။

ကာယဝိညတ်ရုပ်ဆိုတာ တကယ်တော့မရှိပါ။

စတုသမုဋ္ဌာနိက ရုပ်များတွင် ထင်ရှားတဲ့ စိတ္တဇ ဝါယော ဓာတ်ကို အစွဲပြု၍ သုံးနှုန်းတဲ့အသုံးသာဖြစ်သည်။ ထို့ကြောင့်—

စိတ္တဇဝါယောဓာတ်၏ အမူအရာဟူ၍လည်းကောင်း၊

စိတ္တဇရုပ်ဟူ၍လည်းကောင်း ဆိုရိုးပြုကြ၏။

ဝစီဝိညတ္တိ=ယခင်နည်းအတိုင်း ပြောလိုတဲ့ အချိန်မှာ ပြောလိုတဲ့ စိတ်များက စိတ္တဇရုပ်များကို ဖြစ်စေ။

၎င်းတို့တွင် ပထဝီဓာတ်သည် ဖြစ်ပေါ် ဖြစ်ဖက်ရုပ်တို့၏ တည်နေရာ ဖြစ်လို့ ပို၍ ထင်ရှား၏။

ဟဒယဝတ္ထုပတ်ဝန်းကျင်မှ တခုပြီးတခု လည်ချောင်းတလျှောက်တွင် ဖြစ်လာတဲ့ စိတ္တဇပထဝီသည် လည်ချောင်းတွင် တခုပြီးတခု ဓမ္မတာ အတိုင်း ဖြစ်နေတဲ့ ကမ္မဇပထဝီနှင့် ထိခိုက်မိကြတော့၏။

ထိခိုက်သံကို အာရုံယူပြီး စိတ်နှင့် လျော်စွာ ဖြစ်ပေါ်လာတဲ့ စကားလုံးသံများဖြင့် မှတ်ဘူးဝဲ့ သင်္ကေတအတိုင်း ''စိတ်ဆိုးသည့် အမူအရာ''ဖြစ်နေသည်၊ ''ဝမ်းသာသည့် အမူအရာ'' ဖြစ်နေသည်စသော ဝစီဝိညတ် အသုံးအနှုန်းများ ဖြစ်လာတော့၏။

ထို့ကြောင့် အသံထွက်လောက်တဲ့ စိတ္တဇရုပ်တို့၏ နှုတ်အမူအရာ ကိုသာ ''ဝစီဝိညတ်''ဟု ခေါ်ဆိုကြသည်။

ၚင်းဝစီဝိညတ်ရုပ်ဆိုတာ တကယ်တော့ သီးခြား မရှိပါ။
ပြခဲ့သည့်အတိုင်း စိတ္တဇပထဝီနှင့် ကမ္မဇပထဝီတို့၏ ထိခိုက်သံကို အစွဲပြု၍ သုံးခြင်းသာ၊
ထို့ကြောင့် အကြောင်းရင်းဟု ထင်လောက်တဲ့ စိတ်ကို အစွဲပြု၍ ၎င်းဝစီဝိညတ်ကို စိတ္တဇရုပ်ဟူ၍ ခေါ်ဆိုကြ၏။
သိမှုကိစ္စကို ဖြစ်စေတတ်တယ် ဆိုပြီး ၎င်း ၂မျိုးကို "ဝိညတ်" လို့ ခေါ်ကြတယ်။

ဝိညတ်ကို ခြေခြေမြစ်မြစ် မသိလို့ အမြင်မှန် ပျောက်ပုံ။

သံသရာသားများသည် ရုပ်ချည်းရှိတဲ့ သစ်ပင်, တော, တောင်, စတဲ့ဟာတွေကို သက်မဲ့။
ရုပ် နာမ် ၂မျိုးရှိတဲ့ လူ, ခွေး စတဲ့ ဟာတွေကို သက်ရှိဟု မှည့်ခေါ်ကြတယ်။
၎င်းသက်ရှိကို ပုဂ္ဂိုလ်,သတ္တဝါလို့လဲ သတ်မှတ် သုံးစွဲကြပြန်တယ်။
၎င်း သက်ရှိ တို့မှာ ရှိ တဲ့ နိပ္ဖန္နရုပ်တို့ရဲ့ အမူ အရာ "ဝိညတ်" ကို ကြည့်ပြီး သွားတယ်, လာတယ်, ထိုင်တယ်, အိပ်တယ်, လှုပ်တယ်, ငြိမ်တယ် စသည်ဖြင့် အမျိုးမျိုး မှည့်ခေါ်၍ သုံးစွဲကြပြန်တယ်။
သံသရာထဲရောက်ကထဲက သံသရာသားတိုင်း ဤကဲ့သို့ချည်း သုံးစွဲလာကြလို့ အစွဲတွေ အင်မတန် သန်နေကြတယ်။ "ဥပါဒါန်"တွေ ဖြစ်နေကြတယ်။

ဘုရား=ဘုရားပေါ်တဲ့ ခေတ်ကျတော့မှ သင်တို့ အသုံးတွေ မှားနေတယ်လို့ ပြောတဲ့ ပုဂ္ဂိုလ်များကို တွေ့ကြရပါတယ်။ ၎င်းပုဂ္ဂိုလ်တို့ရဲ့ စကားများကို ကြားကြရပါတယ်။

ရှင်းပြပုံ=ခြေလှမ်းတာချင်း တူပါလျက် နီးနီး လာတာကို "လာတယ်" ဝေးဝေးသွားတာကို "သွားတယ်"လို့ ပြောကြတယ်။ ခြေလှမ်းဟာ ခြေလှမ်းပဲ မဟုတ်လား။ ဘာဖြစ်လို့ ၂ မျိုး ဖြစ်ရမှာလဲ။ ၎င်းအမှားများ ရှင်းရှင်းလင်းလင်း သိစေရန် ပြပြီး,ပြဆဲ,ပြလတ္တံ့သော နည်းအမျိုးမျိုး တို့ဖြင့် စိတ်, စေတသိက်, နိပ္ဖန္နရုပ်, တို့၏ အမူအရာ "ဝိညတ်"တို့၏ သဘာဝကို ခြေခြေ မြစ်မြစ် ထုတ်ဖော်ပြလိုက်တော့ ခြေ ဆိုတာ ရှိကြသေးရဲ့သလား၊ ခြေမရှိလျှင် ခြေလှမ်းဆိုတာရော ရှိဦးမည်လား၊ ခြေလှမ်းမရှိယင် သွားတယ်,လာတယ်, ဆိုတာရော ရှိဦး

မည်လား၊ မရှိတဲ့ သွားတယ် လာတယ် ဆိုတာတွေ လေ့လာလို့ ဘာတွေ သိမှာလဲ။ ဘာမှ မသိလျှင် ဘာအကျိုးရှိမှာလဲ၊ ဘာတွေ ဖြစ်မှာလဲ၊ ဘာတွေရမှာလဲ၊ ဒါတွေ လေ့လာပြီး စွဲလမ်း နေယင် ဒီအရှုပ်တော်ပုံကြီးထဲက တွက်နိုင်ကြပါ့မလား။ ယခင်ဘဝတွေတုန်းကလဲ ဒါတွေကို အစွဲသန်ခဲ့တယ်။ (ဥပါဒါန်) ဖြစ်ခဲ့ကြတယ်။ ဘုရားစကားတွေ ရှိနေသေးတဲ့ ဤခေတ်ထဲမှာလဲ ဒီအမှားစွဲကြီးတွေကို စွဲနေကြဦးမှာလား။ ဒီအစွဲသန်(ဥပါဒါန်)တွေကို ဘာကြောင့် ထပ်တလဲလဲ လုပ်နေချင်ကြသလဲ စသည်ဖြင့် ရှင်းပြတော် မူသည်။

တရားရှာ=သွားတယ် လာတယ် စတဲ့ အမှားသုံးတွေက ဖုံးထားလို့ ပျောက်နေတဲ့ အထက်ပါ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် တရားတွေကို တွေ့အောင်ရှာတာကိုပင် တရားရှာတယ်လို့ ဆိုကြတယ် မဟုတ်ပါလော။

တရားအားထုတ်=ရှာလို့ တွေ့တဲ့ တရားတွေရဲ့ အနိစ္စဖြစ်ပုံ, ဒုက္ခဖြစ်ပုံ, အနတ္တဖြစ်ပုံ၊ ဆိုးပုံ ကောင်းပုံ၊ ဘယ်တရားတွေ မရှိမှ ကောင်းမယ်။ ဘယ်တရားကိုရမှ ကောင်းမယ်လို့ သိပြီး၊ စွန့်သင့်တဲ့ တရားကိုစွန့်။ ရသင့်တဲ့ တရားကို ရအောင် အားထုတ်တာကို တရားအားထုတ်တယ်လို့ ခေါ်တယ် မဟုတ်ပါလော။

တိုက်တွန်း=ဒါကြောင့် အမှားသုံးတွေကို ကျော်လွန်နိုင်အောင် မှားနေကြတဲ့ သူများကိုလည်း အမှန်သို့ ပို့ဆောင် နိုင်အောင် အမှန် ဟောပြတဲ့ ဘုရားဟောတွေကို တတ်သိနားလည်ဖို့ ''ပရိယတ်''ကို ကြိုးစား၍ သင်ကြားကြပါကုန်လော့။

ဝိကာရ ရုပ် ၅ ပါး

၁၄။ ရူပဿ လဟုတာ မုဒုတာ ကမ္မညတာ ဝိညတ္တိဒွယံ ဝိကာရရူပံ နာမ။

လဟုတာ=ရုပ်တို့၏ ပေါ့ပါးခြင်း သဘော။

မုဒုတာ=ရုပ်တို့၏ နူးညံ့ခြင်း သဘော။

ကမ္မညတာ=ရုပ်တို့၏ ကိုယ့်အမူ ကိစ္စကို ကိုယ်ပြုတွမ်းနိုင်ခြင်း သဘော။

အမှာ=ဓာတ်သဘာဝ ညီညွတ်လျှင် ၎င်း ၃ မျိုး ဖြစ်နိုင်သည်။
ဓာတ်ချောက်ချားရ မကျန်းမာလျှင် ၎င်း ၃ မျိုး မဖြစ်နိုင်။
ထိုသို့ ဓာတ်သဘာဝ ညီညွတ်မှု အကြောင်းချင်း တူကြလို့ ၃ မျိုး အတူတကွ ဖြစ်ကြသည်။

လက္ခဏာရုပ် ၄ ပါး

၁၅။ ရူပဿ ဥပစယော သန္တတိ ဇရတာ အနိစ္စတာ လက္ခဏရူပံ နာမ။

ဥပစယော=အစဆုံးဖြစ်တဲ့ ရုပ်တို့၏ ဥပါဒ်။
သန္တတိ=နောက်အစားဖြစ်တဲ့ ရုပ်တို့၏ ဥပါဒ်(သတိ၊ ၂မျိုးလုံး ဥပါဒ်ချည်း)
ရှင်း=စက္ခုဒသကသည် ဖြစ်ချိန်မှာ စ၍ဖြစ်၊ ဥပါဒ် ၌ ဘင် သက်တမ်းစေ့လျှင် ပျောက်ကွယ်တော့၏။
၎င်းနောက် ၎င်း၏နေရာတွင် ၎င်းကဲ့သို့ စက္ခုဒသက အသစ် ထပ်ဖြစ်။
ဤသို့ ဖြစ်ရာတွင် အစဆုံး စက္ခုဒသက၏ ဥပါဒ်ကို "ဥပစယ" ခေါ်။
အသစ်ထပ်ဖြစ်တဲ့ စက္ခုဒသကတို့၏ ဥပါဒ်ကို "သန္တတိ" ခေါ်သည်။

ဇရတာ=ဘင်သို့ ရှေးရှုဖြစ်ယင်း ဆွေးမြေ့ခြင်းသည် ဇရတာ(ဌီလည်းခေါ်)
အနိစ္စတာ=ရုပ်တို့၏ ပျက်စီးခြင်းသည် အနိစ္စတာ (ဘင်လည်းခေါ်၏)
၁၆။ ဇာတိရူပမေဝ ပနေတ္ထ ဥပစယ,သန္တတိနာမေန ပဝုစ္စတီတိ ဧကာဒသ ဝိဓမ္ပေတံ ရူပံ အဋ္ဌဝီသတိဝိဓံ ဟောတိ သရူပဝသေန။

နာမေန=ပဋိစ္စသမုပ္ပါဒ် စသည်တို့၌ ဇာတိ ခေါ် ဥပါဒ်ကို "ဥပစယ" "သန္တတိ"အမည်မှည့် (ပုဂ္ဂလဇ္ဈာသယ)

လင်္ကာ=တဝမ်းတူ စုံညီပေါက်လို့၊ တကျိပ်ကိုးယောက် အပျိုစင်၊ နဒီတွင် ရေကစား သွားကြတဲ့ဖြစ်အင်၊ တယောက်လျှင် ရေတွင်သေခဲ့၊ အိမ်ပြန်လျှင် ဝီသတိ၊ ကျမ်းရှိသတဲ့။

အဖြေ=ကမ္မရုပ် ၁၈+ဇာတိရုပ် ၁=၁၉ (တကျိပ်ကိုးယောက်) (ရုပ်တိုင်းမှာ ဥပါဒ်ရှိလို့)
၁၉–ဇာတိနှုတ်=၁၈ (တယောက်လျှင် ရေတွင် သေခဲ့)
၁၈+၂(ဥပစယ=သန္တတိ)=၂၀ (အိမ်ပြန်လျှင် ဝီသတိ)

ဃောဒသဝိစံ=ဘူတရုပ် (လ) လက္ခဏရုပ်=၁၁သဘော တူကို စုပေါင်းမှည့်
ထားတဲ့ အမည်(ဘူတ, ပ္ပသာဒ, ဝိသယာ, ၂ဂါထာဖြင့် ရေတွက်)
အဋ္ဌဝီသတိဝိစံ=ပထဝီ(လ) အနိစ္စတာ=၂၈ (သရုပ်အားဖြင့် မှည့်ထားတဲ့
အမည်၊ ပထဝီဓာတ်ကစ၍ ၁ခုစီ ရေတွက်)

သင်္ဂဟဂါထာများ

သဘာဝရုပ် ၁၈

၁၇။ ကထံ....
ဘူတပ္ပသာဒဝိသယာ၊ဘာဝေါ ဟဒယမိစ္စပိ။
ဇီဝိတာဟာရရူပေဟိ။အဋ္ဌာရသဝိဓံ တထာ။ ။

ဘူတ=ဘူတရုပ် ၄ (ပ+အာ+တေ+ဝါ)
ပသာဒ=ပသာဒရုပ် ၅ (စ+သော+ဃာ+ဇိ+ကာ)
ဝိသယ=ဂေါစရရုပ် ၇ (ရူ+သဒ်+ဂန်+ရ+ပ+တေ+ဝါ)
ဘာဝေါ=ဘာဝရုပ် ၂ (ဣတ်+ပု)
ဟဒယ=ဟဒယဝတ္ထု။
ဇီဝိတ=ရုပ်ဇီဝိတိန္ဒြေ။
အာဟာရ=ဩဇာ (အဆီ) (ကဗဠီကာရာဟာရလည်း ခေါ်)

အသဘာဝရုပ် ၁၀

၁၈။ ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။
အနိပ္ဖန္နာ ဒသာ စေတိ၊ အဋ္ဌဝီသတိဝိဓံ ဘဝေ။ ။
အာယမေတ္ထ ရူပသင်္ဂဟော။ ၊

ပရိစ္ဆေဒေါ=ပရိစ္ဆေဒရုပ်ခေါ် အာကာသဓာတ် ၁
ဝိညတ္တိ= ကာယဝိညတ်+ဝစီဝိညတ်= ၂
ဝိကာရော=လဟုတာ+မုဒုတာ+ကမ္မညတာ ၃ (ဝိညတ်ယူပြီး)
လက္ခဏံ=ဥပစယ+သန္တတိ+ဇရတာ+အနိစ္စတာ=၄=ပေါင်း ၁၀။
အမှာ=ဎင်း၁၀ကို အသဘာဝ, အနိပ္ဖန္န, အရူပရူပ, အသမ္မသန ခေါ်သည်။

၁၈။ သဗ္ဗဥ္စ ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ သာသဝံ သင်္ခတံ
လောကိယံ ကာမာဝစရံ အနာရမ္မဏံ အပ္ပဟာတဗ္ဗမေဝါတိ
ဧကဝိဓမ္ပိ အဇ္ဈတ္တိကဗာဟိရာဒိဝသေန ဗဟုဓာ ဘေဒံဂစ္ဆတိ။

ရူပဝိဘာဂ

သဗ္ဗံ=ရုပ် ၂၈ ပါးလုံး။

အဟေတုကံ=ရုပ်ကို "အဟေတုက" ခေါ် (ဟိတ်နှင့် မယှဉ်လို့)

သပ္ပစ္စယံ="သပ္ပစ္စယ"လည်းခေါ်(ကံ,စိတ်,ဥတု,အာဟာရအကြောင်း ၄ပါး ရှိလို့)

ရှင်း= သ=ဝိဇ္ဇမာနအနက်။
သ=အတုတကူအနက်ယူလျှင် ကမ္မဇရုပ်ကို သပ္ပစ္စယ မခေါ်နိုင်(ကမ္မဇ ရုပ်ဖြစ်ချိန်မှာ ကံမရှိလို့)

သာသဝံ="သာသဝ" လည်း ခေါ် (အာသဝတို့နှင့် တကွ ဖြစ်လို့)

ရှင်း= အာရုံရုပ် ရှိခိုက် ၎င်းကို အာရုံပြုတဲ့ အာသဝ ရှိနေလို့။
ထို့ကြောင့် အာသဝတို့၏ အာရုံဖြစ်လို့ သာသဝဟု ဆိုရိုးပြုသည်။

သင်္ခတံ="သင်္ခတ"လည်း ခေါ် (ကံ,စိတ်,ဥတု,အာဟာရ အကြောင်း ၄ပါး ပြုပြင်အပ်လို့)

လောကိယံ="လောကိယ" လည်းခေါ် (ဥပါဒါနက္ခန္ဓာခေါ် လောက၌ ပါဝင်လို့)

အမှာ= လောဘ, ဒိဋ္ဌိဆိုတဲ့ ဥပါဒါန် တို့၏ ကျက်စားရာ အာရုံ ဖြစ်တဲ့ လောကီစိတ် ဧကာသီတိ စေတသိက် ဒွေးပညာသ,ရုပ်အဋ္ဌဝီသဘို့တွင် ရုပ်အဋ္ဌဝီသအနေဖြင့် ပါဝင်လို့။

ကာမာဝစရံ="ကာမာဝစရလည်း ခေါ် (ကာမ တဏှာ၏ ကျင်လည်ရာ ဖြစ်လို့) (အာရုံပြုတာကိုဆိုလို)

အနာရမ္မဏံ="အနာရမ္မဏ"လည်း ခေါ် (နာမ်ကဲ့သို့ အာရုံကို မယူတတ်လို့)

အပ္ပဟာတဗ္ဗံ="အပ္ပဟာတဗ္ဗ" လည်း ခေါ် (မဂ်ဖိုလ်တို့သည် မပယ်အပ်လို့)

ဣတိ=ပကာရအနက်။
ကေဝိဝံ=အမည်အားလုံးပေါင်း=၁စီသာ။
ဗဟုဓာ=အခြားအမည်ပေါင်းများစွာရှိသေး။

အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်

၁၉။ ကထံ....ပသာဒသင်္ခါတံ ပဉ္စဝိဓမ္ပိ အဇ္ဈတ္တိကရူပံ နာမ။
ဣတရံ ဗာဟိရရူပံ။

နာမ=ပသာဒရုပ် ၅ကို အဇ္ဈတ္တိကရုပ် အမည်မှည့်။

အဇ္ဈတ္တိက=အတ္တဘောခေါ် ခန္ဓာကိုယ်၌ ဖြစ်လို့ "အဇ္ဈတ္တိက" (သက်မဲ့မှာ မဖြစ်)

ရှင်း= ရှင်ဖြစ်၍ ခန္ဓာကိုယ်၌ဖြစ်တဲ့ အခြားရုပ် များကို အဇ္ဈတ္တိက မခေါ်။
နဲ=အတ္တဘောအား အလွန် ကျေးဇူးများလို့ အဇ္ဈတ္တိကခေါ်။
နဲ=အတ္တခေါ် စိတ်၏ဒွါရအနေဖြင့် ဖြစ်လို့ အဇ္ဈတ္တိက ခေါ် (စိတ်ကို "အတ္တ"ခေါ်သူများ၏ အလို)

ဗာဟိရရူပံ=ကျန် ၂၃ ကိုဗာဟိရရုပ်ခေါ်။

ရှင်း=	ဂေါစရရုပ်	၇	(ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဘုတ် ၃,အာပေါ်ကြဉ်)
	အာပေါဓာတ်	၁	
	ဘာဝရုပ်	၂	(ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ)
	ဟဒယရုပ်	၁	
	ဇီဝိတရုပ်	၁	(ရုပ်ဇီဝိတိန္ဒြေသာ)
	အာဟာရရုပ်	၁	
	ပရိစ္ဆေဒရုပ်	၁	
	ဝိညတ်ရုပ်	၂	(ကာယဝိညတ်, ဝစီဝိညတ်)
	ဝိကာရရုပ်	၃	(လဟုတာ, မုဒုတာ, ကမ္မညတာ) (ဝိညတ်ယူပြီး)
	လက္ခဏရုပ်	၄	(ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ)

အမှာ= ၎င်းဗာဟိရရုပ် ၂၃ကို အသေအချာ သတိပြုပါ၊ နောက် နောက် ရုပ်များ ရေတွက်လျှင်၊ ၎င်း ၂၃ မှတည်၍ လိုဖြေ ပိုလျော့ လုပ်မည်။

ဝတ္ထုရုပ် အဝတ္ထုရုပ်

၂၀။ ပသာဒ, ဟဒယသင်္ခါတံ ဆဗ္ဗိဓမ္ပိ ဝတ္ထုရူပံ နာမ။
ဣတရံ အဝတ္ထုရူပံ။ ။

နာမ= ပသာဒရုပ် ၅ (စ+သော+ဃာ+ဇိ+ကာ)
ဟဒယရုပ် ၁ = ၆ ပါးကို "ဝတ္ထုရုပ်" အမည်မှည့် (မှီရာဖြစ်လို့)

အဝတ္ထုရူပံ= ကျန် ၂၂ အဝတ္ထုရုပ်ခေါ်။

ရှင်း= ယခင် ဗာဟိရရုပ် ၂၃ တွင် ဟဒယရုပ် ၁ ကိုလျှော့=၂၂။

ဒွါရရုပ် အဒွါရရုပ်

၂၁။ ပသာဒ, ဝိညတ္တိသင်္ခါတံ သတ္တဝိဓမ္ပိ ဒွါရရူပံ နာမ။
ဣတရံ အဒွါရရူပံ။ ။

နာမ= ပသာဒရုပ် ၅ (စ+သော+ဃာ+ဇိ+ကာ)
ဝိညတ်ရုပ် ၂ (ကာ+ဝ)=၇ကို"ဒွါရရုပ်" ခေါ်(ဒွါရအနေဖြစ်လို့)

ရှင်း= ပသာဒကို ဒွါရအမည်ဖြင့် သုံး (ပကိဏ်းပိုင်း ဒွါရသင်္ဂဟ)
ဝိညတ်ကို ဒွါရအမည်ဖြင့် သုံး (ဝီထိမုတ်ပိုင်း ကမ္မစတုက္က)

အဒွါရရူပံ= ကျန် ၂၁ ကို "အဒွါရ" ရုပ် ခေါ်။

ရှင်း= ယခင်ဗာဟိရရုပ် ၂၃ တွင် ဝိညတ်ဒွေးကို လျှော့=၂၁။

ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်

၂၂။ ပသာဒ, ဘာဝ, ဇီဝိတသင်္ခါတံ အဋ္ဌဝိဓမ္ပိ ဣန္ဒြိယရူပံ နာမ။
ဣတရံ အနိန္ဒြိယရူပံ။ ။

နာမ= ပသာဒရုပ် ၅ (စ+သော+ဃာ+ဇိ+ကာ)
ဘာဝရုပ် ၂ (ဣတ္ထိန္ဒြေ+ပုရိသိန္ဒြေ)
ဇီဝိတရုပ် ၁ = ၈ ပါးကို "ဣန္ဒြိယရုပ်" ခေါ် (သက်ဆိုင်ရာရုပ်ကို အစိုးရလို့)

ရှင်း= စက္ခုပသာဒသည် စက္ခုဝိညာဏ် ဒွေးကို အစိုးရ၏။
သောတပသာဒသည် သောတဝိညာဏ် ဒွေးကို အစိုးရ၏။
ဃာနပသာဒသည် ဃာနဝိညာဏ် ဒွေးကို အစိုးရ၏။

ဇိဝှာပသာဒသည် ဇိဝှာဝိညာဏ် ဒွေးကို အစိုးရ၏။
ကာယပသာဒသည် ကာယဝိညာဏ် ဒွေးကို အစိုးရ၏။
ဣတ္ထိန္ဒြေသည် ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပ တို့ကို အစိုးရ၏။
ပုရိသိန္ဒြေသည် ပုရိသလိင်, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာကပ္ပတို့ကို အစိုးရ၏။

အမှာ=ဣန္ဒြိယပစ္စည်း မတပ် (သူ့အကြောင်းနှင့် သူဖြစ်၊ ဘာဝ ကြောင့် ဖြစ်တာ မဟုတ်၊ သို့သော်လည်း ဘာဝရှိသူမှာသာ ဖြစ်ကြလို့ "ဣန္ဒြိယ" လို့ သုံးသည်)

ရှင်း= ဇီဝိတသည် ကလာပ်တူ ကမ္မဇရုပ်တို့ကို အစိုးရ၏။ ကလာပ်တူ ကမ္မဇရုပ်များကို သက်တမ်းကုန်နေစေပြီး ၎င်းတို့၏အလုပ်များကိုလုပ်စေသည်။ ကူးတို့သမားလို အခြားရုပ်တွေ အသက်ရှည်အောင် စောင့်ရှောက်ယင်း ၎င်းဇီဝိတလည်း အသက်ရှည်သည်။ (သူ့ကို စောင့်ရှောက်သူ မရှိဟုလို)

အနိန္ဒြိယရုပ်= ယခင်ဗာဟိရရုပ် ၂၃ တွင် ဘာဝ ရုပ် ၂ + ဇီဝိတရုပ် ၁= ၃ လျော့ = ၂၀

ဩဠာရိကစသည် သုခုမစသည်

၂၃။ ပသာဒ ဝိသယသင်္ခါတံ ဒွါဒသဝိဓမ္ပိ ဩဠာရိကရူပံ သန္တိကေ ရူပံ သပ္ပဋိဃရူပဉ္စ၊ ဣတရံ သုခုမရူပံ ဒူရေရူပံ အပ္ပဋိဃရူပဉ္စ။ ။

ဩဠာရိကရုပ်= ပသာဒရုပ် ၅ (စ+သော+ဃာ+ဇိ+ကာ)
ဝိသယရုပ် ၇ (ရူပ, သဒ္ဒ, ဂန္ဓ, ရသ, အာကြဉ် ဘုတ်၃)=၁၂

ရှင်း= အာရုံ အာရမ္မဏိကအားဖြင့် ထင်ရှားလို့ ဩဠာရိက ခေါ် (အကြမ်းရုပ်ဟုလို) (၄ာနျုပစာ စိတ်၏ အာရမ္မဏိကအမည်ကို ရုပ်၌သုံးလို့)

သန္တိကေရုပ်= ၎င်း ၁၂ ပါးပင် (ထင်ရှားကြ၍ အာရုံယူမှု လွယ်ကူကြလို့)

သပ္ပဋိဃရုပ်= ၎င်း ၁၂ ပါးပင် (ထင်ရှား၍ ထိခိုက်မှုသဘော ပေါ်လွင်လို့)

သုခုမရုပ်= ကျန် ၁၆ ကို"သုခုမရုပ်"ခေါ်(မထင်ရှားရှ၍သိမ်မွေ့သည်ဟုဆို)
ရှင်း= ရုပ်သမုဒ္ဒေသ၌ အာပေါနှင့်ဣတ္ထိန္ဒြေကစ နောက်ပိုင်း ၁၆ ယူ။
ဒူရေရုပ်= ယခင် ၁၆ ပါးကိုပင် "ဒူရေရုပ်" ခေါ် (မထင်ရှား၍ အာရုံယူမှု မလွယ်လို့)
အပ္ပဋိဃရုပ်= ယခင် ၁၆ ကိုပင် "အပ္ပဋိဃ" ခေါ် (မထင်ရှား၍ ထိခိုက်မှု မပေါ်လွင်လို့)

ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်

၂၄။ ကမ္မဇံ ဥပါဒိန္နရုပံ၊
ဣတရံ အနုပါဒိန္နရုပံ။ ။

ဥပါဒိန္နရုပ်= ကမ္မဇရုပ် ၁၈ ကို "ဥပါဒိန္န" ခေါ် (တဏှာဒိဋ္ဌိတို့သည် ကပ် အပ်သော လောကီကုသိုလ် အကုသိုလ်ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်လို့) (အကျိုးဖြစ်လို့ဟုလို)

ရှင်း= ဟဒယရုပ် ၁
ဣန္ဒြိယရုပ် ၈ (ပသာဒ ၅+ဘာဝ ၂+ဇီဝိတ ၁) (ကမ္မဇကေန်)
အဝိနိဗ္ဘောဂ = ၈(ဝဏ္ဏ+ဂန္ဓ+ရသ+ဩဇာ+ပ+အာ+တေ+ဝါ)
အာကာသဓာတ် ၁ = ပေါင်း ၁၈။

အနုပါဒိန္နရုပ်= စိတ္တဇရုပ် ၁၅ (ဝိညတ် ၂ + သဒ္ဒ ၁ + လဟုတာဒိ ၃ + အဝိ ၈ + အာကာ ၁)
ဥတုဇရုပ် ၁၃(သဒ္ဒ ၁ + လဟုတာဒိ ၃ + အဝိ၈ + အာကာ ၁)
အာဟာရဇရုပ် ၁၂(လဟုတာဒိ ၃ + အဝိ ၈ + အာကာ ၁)
၎င်းတိဇရုပ်တို့ကို "အနုပါဒိန္န" ခေါ်။

သနိဒဿနရုပ် အနိဒဿနရုပ်

၂၅။ ရူပါယတနံ သနိဒဿနရုပံ၊
ဣတရံ အနိဒဿနရုပံ။ ။

သနိဒဿနရုပ်= ရူပါရုံကို "သနိဒဿနရုပ်" ခေါ် (မြင်ခြင်းနှင့် တကွ "ဝါ"မြင်အပ်သည်၏အဖြစ်နှင့်တကွဖြစ်လို့)

အနိဒဿနရုပ်= ကျန် ၂၇ ကို "အနိဒဿနရုပ်" ခေါ်။
ရှင်း= ရုပ် ၂၈ တွင် ရူပါရုံ ၁ ခု လျော့။

ဂေါစရဂ္ဂါဟိကရုပ် အဂေါစရဂ္ဂါဟိကရုပ်

၂၆။ စက္ခာဒိဒွယံ အသမ္ပတ္တဝသေန။
ဃာနာဒိတ္တယံ သမ္ပတ္တဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိက ရူပံ။
ဣတရံ အဂေါစရဂ္ဂါဟိက ရူပံ။ ။

အသမ္ပတ္တ= စက္ခု, သောတကို "အသမ္ပတ္တ" ခေါ် (အာရုံဆီသို့ မရောက်ပဲ အာရုံကို ယူနိုင်လို့)

သမ္ပတ္တ= ဃာန, ဇိဝှာ, ကာယကို "သမ္ပတ္တရုပ်" ခေါ် (အာရုံဆီသို့ ရောက်မှ အာရုံ ယူနိုင်လို့)

ဂေါစရဂ္ဂါဟိက= ၎င်း ၅ ပါးကို "ဂေါစရဂ္ဂါဟိက" ခေါ် (အာရုံကို ယူတတ်သည်ချည်း ဖြစ်လို့)

အမှာ= နာမ်၏ ဂေါစရဂ္ဂါဟိက အမည်ကို ဌာန ပသာဒဦးမှည့်လို့ဌာနျူ။

အဂေါစရဂ္ဂါဟိကရုပ်= ကျန် ၂၃ ကို "အဂေါစရဂ္ဂါဟိက" ခေါ် (ယခင် ဗာဟိရရုပ် ၂၃ ပင်)

နှိုင်းယှဉ်ခြင်း= အနာရမ္မဏ်=အာရုံကို တကယ့်ကို မယူ (မုချစကား) ဂေါစရဂ္ဂါဟိက ခေါ် ပသာဒက မယူ၊ သူ့အပေါ်က စိတ်ကသာ ယူလို့၊ ဌာနျူပစာ။

အဝိနိဗ္ဘောဂရုပ် ဝိနိဗ္ဘောဂရုပ်

၂၇။ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ဘူတစတုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရူပံ၊
ဣတရံ ဝိနိဗ္ဘောဂရူပံ။

ဝဏ္ဏော= မြင်အပ်တဲ့ရုပ် (ရူပါရုံပင်)

ဂန္ဓော= မိမိ၏ တည်ရာ ပစ္စည်းဝတ္ထုကို ပြတတ်တဲ့ရုပ် (ဂန္ဓာရုံ=အနံ့)

ရသော= သာယာအပ်တဲ့ အရသာ (ရသာရုံ)

ဩဇာ= ဥပါဒ်ပြီးနောက် ဌီ ရောက်လျှင် ရောက်ခြင်း ရုပ်ကိုဖြစ်စေတဲ့အဆီ။

ရှင်း= ဩဇာသည် ဌီရောက်သည့်အခါ ဩဇာကြဉ်တဲ့ ကလာပ်တူ ရုပ်များကို ဖြစ်စေသည်။ (အာဟာရဇ ဩဇာအတွက်)
ဩဇာနှင့်တကွ ကလာပ်ပြား ရုပ်များကို ထောက်ပံ့သည်။

သတ္တိ= အာဟာရဇချန်၊ကျန်တိဇရုပ်၌ ဩဇာသည် ကလာပ်တူ ကလာပ်ပြား အားလုံးကို ထောက်ပံ့ရှိသာ (ဥပတ္ထမ္ဘက)

ဘူတစတုက္က= ပထဝီ = သဟဇာတ်ရုပ်တို့၏ တည်ရာမှီရာရုပ် (ဖြစ်ဖော် ဖြစ်ဖက်တို့၏ တည်နေရာ ဟူလို)
အာပေါ= သဟဇာတ်ရုပ်တို့ကို ကပ်ပေးတတ်တဲ့ အစေး (ဖြစ်ဖော် ဖြစ်ဖက်တို့၏ တည်ရာ မှီခိုရာသဘောမျိုးပင်)
တေဇော= သဟဇာတ်ရုပ်တို့ကို အငွေ့ပေးတတ်တဲ့ အငွေ့(ဖြစ်ဖော် ဖြစ်ဖက်တို့၏ တည်ရာ မှီခိုရာ သဘောမျိုးပင်)
ဝါယော= သဟဇာတ်ရုပ် အစုအဝေးကို ပံ့ပေါ်အောင် တွန်းကန်ပေးတတ်တဲ့ရုပ်(ဖြစ်ဖော်ဖြစ်ဖက်တို့၏တည်ရာ မှီခိုရာ သဘောမျိုးပင်)

အဝိနိဗ္ဘောဂ= ၎င်း ၈ ကို "အဝိနိဗ္ဘောဂ" ၈ ခေါ် (သီးခြား ခွဲမရလို့ အမြဲပူးပေါင်းဖြစ်၏ဟူလို)

ဝါဒကွဲ= ရူပဘုံ၌ ဃာန, ဇိဝှာ,ကာယပသာဒများ မရှိလို့၊ ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ မရှိတဲ့ (ဋီ) မကြိုက်။
သို့သော် ယမိုက် အကောက်ဆရာတော် ကြိုက်သည် (အာရမ္မဏကိစ္စ မတပ်လို့တဲ့)

သင်္ဂဟဂါထာ

၂၈။ ဣစ္စေဝံ, မဋ္ဌဝိသတိ၊ ဝိဓမ္ပိ စ ဝိစက္ခဏာ။
အဇ္ဈတ္တိကာဒိဘေဒေန၊ ဝိဘဇန္တိ ယထာရဟံ။
အယမေတ္ထ ရူပဝိဘာဂေါ။

အဇ္ဈတ္တိကာဒိ၌—အာဒိ=အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်
ဝတ္ထုရုပ် အဝတ္ထုရုပ်
ဒွါရရုပ် အဒွါရရုပ်

ဣန္ဒြိယရုပ်	အနိန္ဒြိယရုပ်
ဩဠာရိကရုပ်	သုခုမရုပ်
သန္တိကေရုပ်	ဒူရေရုပ်
သပ္ပဋိဃရုပ်	အပ္ပဋိဃရုပ်
ဥပါဒိန္နရုပ်	အနုပါဒိန္နရုပ်
သနိဒဿနရုပ်	အနိဒဿနရုပ်
ဂေါစရဂ္ဂါဟိကရုပ်	အဂေါစရဂ္ဂါဟိကရုပ်
အဝိနိဗ္ဘောဂရုပ်	ဝိနိဗ္ဘောဂရုပ် ("အ"ကို

သတိပြုမှားတတ်၏)

ယထာရဟံ=အဇ္ဈတ္တိကရုပ် ၅
ဝတ္ထုရုပ် ၆ ပါး စသည်ဖြင့် ထိုက်သင့်သလိုယူ။

ရူပသမုဋ္ဌာနနယ

ရုပ်ဖြစ်ကြောင်းတရား ၄ ပါး

၂၉။ ကမ္မံ စိတ္တံ ဥတု အာဟာရော စေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။

ကမ္မံ= အကုသိုလ် ၁၂
မဟာကုသိုလ် ၈
ရူပကုသိုလ် ၅=ပေါင်း၂၅ဥ်ယှဉ်တဲ့စေတနာ။
စိတ္တံ အရူပဝိပါက် ၄
ပဥ္စဝိညာဏ် ၁၀=ပေါင်း၁၄ ကြဉ်=၇၅ (ရုပ်ကို ဖြစ်စေတဲ့စိတ်)

ဥတု= တေဇောဓာတ် အငွေ့(သီတ,ဥဏှလို့ သံသရာသားများ ပညတ်နည်းဖြင့် သုံးသည်)

အာဟာရော=ဩဇာဓာတ် အဆီဓာတ်။

နာမ=၎င်း၄မျိုးကို ရူပသမုဋ္ဌာန်မှည့် (သက်ဆိုင်ရာ ရုပ်များကို ဖြစ်စေလို့)

ကံဖြစ်စေပုံ

၃၀။ တတ္ထ ကာမာဝစရံ ရူပါဝစရဉ္စေတိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာ, ကုသလကမ္မ, မဘိသင်္ခတံ အဇ္ဈတ္တိကသန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိ, မုပါဒါယ ခဏေ ခဏေ သမုဋ္ဌာပေတိ။

ပဉ္စဝီသတိဝိဓမ္ပိ=အကုသိုလ် ၁၂
မဟာ ကုသိုလ် ၈=၂၀(ကာမကံ)
ရူပကုသိုလ် ၅=(ရူပကံ)=ပေါင်း ၂၅။

ကုသလာကုသလကမ္မံဒွိ-ကမ္မံ=နာနာက္ခဏိက ဇ-မ္မခေါ် စေတနာကို ယူ။

အဘိသင်္ခတံ=စေတနာကိုသာ မုချယူ (အပေါင်းပါ စိတ်နှင့် စေတနာကြည့်တဲ့ စေတသိက်ကို အဝိနာဘာဝ နည်းအားဖြင့် ယူ)

အဇ္ဈတ္တိကသန္တာနေ=သဝိညာဏကသန္တာန်မှာ သာ။

ကမ္မသမုဋ္ဌာနရူပံ=ဟဒယရုပ် ၁
ဣန္ဒြိယရုပ် ၈ (ပသာဒ+ဘာဝ+ဇီဝိတ)
အဝိနိဗ္ဘောဂ ၈
အာကာသဓာတ်၁=၁၈ (ကမ္မဇရုပ်လည်းခေါ်)

ပဋိသန္ဓိမုပါဒါယ=ယင်းကမ္မဇရုပ်သည် ပဋိသန္ဓေဥပါဒ်ချိန်က စဖြစ်(ပဋိသန္ဓေကမ္မဇရုပ်သာ)

ခဏေ ခဏေ=ဥပါဒ်တိုင်း,ဌီတိုင်း,ဘင်တိုင်း(ပဋိသန္ဓေစိတ်၏ ဥပါဒ်,ဌီ'ဘင်က စပြီး စိတ်တိုင်း စိတ်တိုင်းတို့၏ ဥပါဒ်တိုင်း, ဌီတိုင်း, ဘင်တိုင်း)

သတိ=ပဋိသန္ဓေ ဥပါဒ် အချိန်၌ဖြစ်၊ ပဋိသန္ဓေ ကမ္မဇရုပ်။
ပဋိသန္ဓေမှစ၍ စိတ်၏ ဥပါဒ်, ဌီ,ဘင်အချိန်တိုင်း၌ဖြစ် ပဝတ္တိကမ္မဇရုပ် (၎င်း၂မျိုးကို ခဏေ ခဏေ က ပြ ။၎င်း ကမ္မဇရုပ် ၂မျိုးကို ဤကံ ၂၅က ဖြစ်စေသည် ဟူ၏။)

စိတ်ဖြစ်စေပုံ

၃၁။ အာရုပ္ပဝိပါက, ဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓမ္ပိ စိတ္တံ စိတ္တသမုဋ္ဌာန ရူပံ ပဌမဘဝင်္ဂ,မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ။

ပဉ္စသတ္တတိဝိဓံ=အရူပဝိပါက် ၄
ဒွေပဉ္စဝိညာဏ် ၁၀
ပဋိသန္ဓေအားလုံး
ရဟန္တာတို့၏ စုတိ=၎င်း၄ မျိုးကြဉ်(သမာနဝါဒ)
စုတိအားလုံးကိုလည်း ကြဉ်(မူလဋီ)=၇၅ (ရုပ်ကို ဖြစ်စေတတ်သောစိတ်)

သတိ=၎င်းပဋိသန္ဓေ+စုတိ=၂မျိုးကို ကြဉ်သော်လည်း မလျော်၊ ဘဝင်ကိစ္စ, တဒါရုံကိစ္စ, သန္တီရဏကိစ္စ တပ်သည့်အခါ ရုပ်ကို ဖြစ်စေနိုင်လို့)

အရူပဝိပါက်ကြဉ်=၁။ ရုပ်ကို ဖြစ်စေရန် အရာဌာန မဟုတ် သောကြောင့် လည်းကောင်း(ရုပ်မရှိသောဘုံမှာဖြစ်လို့)
၂။ ရုပ်ကို ဖြစ်စေတတ်တဲ့ အကြောင်း ဝေးသောကြောင့် လည်းကောင်း၊ (ရူပဝိရာဂ အခြေခံ ဘာဝနာ က ပယ်လို့) ကြဉ်သည်။

ဒွေးပဉ္စဝိညာဏ်ကြဉ်=စိတ်အင်္ဂါအားနည်း၍ ဈာန်အင်္ဂါမယှဉ်လို့ကြဉ်။

ပဋိသန္ဓေစိတ်ကြဉ်=၁။ မှီရာဝတ္ထုရုပ်အားနည်းသောကြောင့်လည်းကောင်း။
၂။ ဧည့်သည်သဘောမျှဖြစ်နေခြင်းကြောင့်လည်းကောင်း ၎င်းအကြောင်း ၂ ပါးကြောင့်ကြဉ်)

ရဟန္တာစုတိကြဉ် = ဝဋ်မြစ်ပြတ်ပြီးဖြစ်၍ ရုပ်ကိုဖြစ်စေရန် မလို လို့ကြဉ်

မူလဋီကာ=စုတိအားလုံးကြဉ်=မှီရာဝတ္ထုအားနည်းချိန်ရောက်၍ ရုပ်ကိုမဖြစ်စေနိုင်လို့တဲ့။

အဋ္ဌကထာ=၎င်းမူလဋီကာအယူမျိုးကို မကြိုက်။

စိတ္တသမုဋ္ဌာနရူပံ=ဝိညတ်ရုပ် ၂
သဒ္ဒရုပ် ၁
လဟုတာဒိ ၃
အဝိနိဗ္ဘောဂ ၈
အာကာသဓာတ် ၁=၁၅ (စိတ္တဇရုပ်)

ပဌမဘဝင်္ဂမုပါဒါယ=စိတ္တဇရုပ်သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ် က စဖြစ်၊

ဇာယန္တမေဝ=ယခင် စိတ်၇၅တို့ဥပါဒ်တိုင်း ဥပါဒ်တိုင်း ရုပ်ကို ဖြစ်စေ။
အမှာ=ဥပါဒ်အချိန်မှာသာ အားရှိလို့ ရုပ်ကို ဖြစ်စေသည်။
(ပဋ္ဌဝေါဘာရမှာသာ ၎င်းအဖြစ်မျိုးရှိ)

၃၂။ **တတ္ထ အပ္ပနာဇဝနံဣရိယာပထမ္ပိ သန္နာမေတိ။**

အပ္ပနာဇဝနံ=မဟဂ္ဂုတ်ကုသိုလ် ၉
မဟဂ္ဂုတ်ကြိယာ ၉
လောကုတ္တရာစိတ် ၈=၂၆(အပ္ပနာဇော ဆဗ္ဗီသ)
အမှာ=ဇောဆိုသဖြင့် မဟဂ္ဂုတ်ဝိပါက်မယူရ(ဖိုလ်ကား ဇောဖြစ်သည်)
ဣရိယာပထံ=၁။ လျောင်း=စျာန်ဝင်စားစဉ် လျောင်းခြင်း ဣရိယာပုထ်ကို စျာန်ကဆက်လက်ဖြစ်စေ။
၂။ ထိုင်=စျာန်ဝင်စားစဉ် ထိုင်ခြင်း ဣရိယာပုထ်ကို စျာန်က ဆက်လက်ဖြစ်စေ။
၃။ ရပ်=စျာန်ဝင်စားစဉ် ရပ်ခြင်း ဣရိယာပုထ်ကို စျာန်က ဆက်လက် ဖြစ်စေ။
၄။ သွား=စျာန် ဝင်စားစဉ် သွားခြင်း ဣရိယာပုထ်ကို စျာန်က ဆက်လက်ဖြစ်စေ၍ပါဠိထောက်၍ သွားရင်းစျာန်ဝင်စားမှုဖြစ်သင့် စဉ်းစားကြပါလေ၊ နက်နဲလှ၏) ဝိညတ်ကို မဖြစ်စေနိုင်နှင့်ညီလျှင် သွားယင်းရပ်ခိုက်ရုပ်ကိုသာယူသင့်။
အမှာ=မဂ်စိတ်ဖြစ်စဉ်နှင့် ဖလသမာပတ်ဝင်စားစဉ် မှာလည်း ဣရိယာပုထ် ၄ပါးကို မဂ်ဇော ဖိုလ်ဇောကပင် ဆက်လက်ဖြစ်စေ (သတိ=အပ္ပနာဇဝနံ၌ မဂ်ဇော ဖိုလ်ဇောပါသည်)
ရှင်း= စျာန်(သို့) ဖိုလ်ဝင်စားလိုသူသည် ထိုင်လျက် ဝင်စားလိုအံ့။
ထိုင်လိုသော စိတ်က ထိုင်ဣရိယာပုထ် ရုပ်ကို လုပ်ပေးလို့ ထိုင်လျက် ဖြစ်နေလိမ့်မည်။
ပြင်ဆင်မှုပြီး၍ ဝင်စားတဲ့ အချိန်မှာ စျာန်နှင့် ဖိုလ်သာ ရှိနေမည်။
ထိုင်ရုပ်လုပ်ပေးမည့် ထိုင်လိုစိတ်ကား ရှိလိမ့်မည်မဟုတ်၊ ၎င်းစိတ်များ မရှိသော်လည်း ထိုင်လျက်ပင် ဝင်စားနေလိမ့်မည်။
၎င်းအချိန်မှာ ရုပ်ကား ထိုင်ဣရိယာပုထ်ရုပ်၊ နာမ်ကား စျာန်(သို့) **ဖိုလ်သာရှိနေ၏။**

ဆက်လက်၍ ထိုင်မြဲထိုင်နေသော ထိုင်ရုပ်ကို ၎င်းအချိန်မှာရှိနေသော စျာန် (သို့) ဖိုလ်များက ဆက်လက် လုပ်ပေး သည်ဟု ယူဆကာ ဣရိယာပုထ်ရုပ်ကို အပ္ပနာဇောက ဆက်လက်ဖြစ်စေ၏ဟု သုံးလိုက်ပါသည်။

ကျမ်းရင်း၌သန္ဓာရေတိ သုံးသည် (ထိုင်ရုပ်ကို ဆက်လက်ထောက်ပံ့တဲ့ သဘောမျိုး သုံးသည်)

အမှန်ကတော့ စျာန်ဝင်စားချိန်မှာ စျာန်ကပင် ထိုင်ရုပ်ကို လုပ်ပေးသည် (ဣရိယာပုထ်တိုင်း ထိုအတူ)

ဖလသမာပတ် ထို့အတူ (ဝင်စားချိန်မှာ ဣရိယာပုထ်ကို ဖိုလ်က ဆက်လက် လုပ်ပေးသည်) (မဂ်ဖြစ်တဲ့ အချိန်မှာလည်း မဂ်ကပင် ဣရိယာပုထ်ကို လုပ်ပေးသည်)

အဘိညာဏ်ကမ္မဋ္ဌာန်
မဂ္ဂဝီထိ၌ မဂ်ဖိုလ်
သမာပတ္တိ၌ စျာန်,ဖိုလ်

၎င် အားလုံးသည် ဣရိယာပုထ် ရုပ်ကိုလည်းကောင်း၊ အခြားရုပ်များကိုလည်းကောင်း ဖြစ်စေသည် ဟူလို။

သန္ဓာရေတိ=ညွတ်စေတတ်၏။ (ဆက်လက်ဖြစ်စေ)

၃၃။ ဝေါဋ္ဌဗ္ဗန, ကာမာဝစရဇဝနာ, ဘိညာ ပနဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ။

သတိ=မနောဒွါရ၌ဖြစ်သော ဝုဋ္ဌော ၁
ကာမဇော ၂၉
အဘိညာဏ် ၂=၃၁တို့သည်ဝိညတ်ကိုဖြစ်စေ၏။

ပြောင်းပြန်=ပဉ္စဒွါရ၌ ဖြစ်သော ၎င်း၃၁ တို့သည် အားနည်းလို့ ဝိညတ်ကို မဖြစ်စေနိုင်။

အပိ-ပိ—၁။ ဝိညတ်ကိုဖြစ်စေရုံမက
၂။ ဣရိယာပုထ်ကိုလည်းကောင်း၊
၃။ အခြားစိတ္တဇရုပ် အမျိုးမျိုးကို လည်းကောင်း ဖြစ်စေသည်။

၃၄။ သောမနဿဇဝနာနိ ပနေတ္ထ တေရသ ဟသနမ္ပိ ဇနေန္တိ။

တေရသ=လောဘမူသောမနဿ ၄
ဟသိတုပ္ပါဒ်သောမနဿ ၁
မဟာကြိယာသောမနဿ ၄
မဟာကြိယာဉာသောမနဿ ၄=၁၃
အပိ-ပိ= ၎င်းသောမနဿ ဇော တို့သည်
၁။ ရယ်ရွှင်ခြင်းကို ဖြစ်စေရုံမက
၂။ ဝိညတ်ကိုလည်းကောင်း
၃။ ဣရိယာပုထ်ကိုလည်းကောင်း
၄။ အခြားစိတ္တဇရုပ်အမျိုးမျိုးကိုလည်းကောင်း ဖြစ်စေသည်။
သတိ= ၎င်းသောမနဿ ၁၃တို့သည် ဝိညတ်ကို ဖြစ်စေသည့် ကာမဇော ၂၉ ထဲကပင်။

ပုဂ္ဂိုလ်နှင့် ခွဲဝေ=ပုထုဇဉ်အဋ္ဌ၊ဆမှတ် သေက္ခာ။ပဥ္စ ရဟန္တာ။
ရှင်း= လောဘမူသောမနဿ ၄
မဟာကုသိုလ်သောမနဿ ၄=၈(ပုထုဇဉ် အဋ္ဌ)
၂။ လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿ ၂
မဟာကုသိုလ် သောမနဿ ၄=၆(ဆမှတ်သေက္ခာ)
၃။ ဟသိတုပ္ပါဒ်သောမနဿ ၁
မဟာကြိယာဉာသောမနဿ ၄=၅(ပဥ္စ ရဟန္တာ)

အမှာ=၁။ ဣရိယာပုထ်
၂။ ဝိညတ်
၃။ ရယ်ရွှင်ခြင်း ၎င်း ၃ မျိုးတို့သည် ရုပ်သီးခြား မဟုတ်ကြ။ စိတ္တဇရုပ်နှင့် အပေါင်းပါတိဇရုပ်များသာ။ ၎င်းစတုဇရုပ်တို့၏ အခြေအနေပေါ် မူတည်၍ သုံးကြတဲ့ လောကသုံးများသာ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကိုလည်း ဖြစ်စေ၊စိတ္တဇရုပ်ကိုလည်းဖြစ်စေဟု ဆိုရိုးပြုသည်။

ဥတုဖြစ်စေပုံ

၃၅။ သိတုဏှောတုသမညာတာ တေဇောဓာတု ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။

သမညာတာ=ပညတ်သုံးအားဖြင့် သီတ,ဥဏှ (အအေး,အပူ)
ပရမတ်သုံးအားဖြင့် တေဇော(အငွေ့)

တေဇောဓာတု=အငွေ့သဘော။

ဌိတိပ္ပတ္တာဝ=ပဋိသန္ဓေ၏ ဌီကာလရောက်တဲ့ အငွေ့ကသာ၊ဥပါဒ်,ဘင်မဟုတ်။

အမှာ=တေဇောခေါ်ဥတု (အငွေ့)နှင့်
သြဇာခေါ် အဆီ တို့သည် ဌီရောက်မှ အားရှိလို့ ရုပ်ကို ဖြစ်စေကြသည်။

ဥတုသမုဋ္ဌာနရုပ်= သဒ္ဒရုပ် ၁
လဟုတာဒိ ၃
အဝိနိဗ္ဘောဂ ၈
အာကာသဓာတ် ၁=၁၃ (စိတ္တဇရုပ်ဟူ၏)

အဇ္ဈတ္တဗဟိဒ္ဓါစ=၁။ အဇ္ဈတ္တသန္တာန် (သဝိညာဏကသန္တာန်ဟူလို)
၂။ ဗဟိဒ္ဓသန္တာန်=၎င်း၂မျိုးလုံးမှာ(ဥတုဇရုပ်ကို ဖြစ်စေ)

အမှာ=သဝိညာဏကမှာ ပဋိသန္ဓေ၏ ဌီကာလအရောက်၊ ၎င်းအချိန်တွင် ဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ်တွင် ပါလာတဲ့ တေဇောခေါ် အငွေ့နှင့် ပတ်ဝန်းကျင်ရှိ အငွေ့တို့က ဥတုဇရုပ်ကို ဖြစ်စေသည်။
(အဝိညာဏကမှာ ဥတုဇ ကလာပ်တွင်းကလာပ်ပြင်ရှိ အငွေ့ ခေါ် တေဇောတို့က အလျင်းသင့်သလို ဖြစ်စေသည်။)
ထို့ကြောင့် ဥတုဇရုပ်များ ပဋိသန္ဓေစိတ်၏ ဌီကာလကစ ဖြစ်သည်ဟု ဆိုရိုးပြုကြ၏။

မှားကြပုံ=သီတုဏှောတုသမညာတာ တေဇော ဓာတု။
ပညတ်သုံးအားဖြင့် အအေး,အပူလို့ခေါ်။
ပရမတ်အသုံးအားဖြင့် တေဇောဓာတ် (အငွေ့=ဥတု)ဟု ခေါ်။
ဤလိုပညတ်သုံး,ပရမတ်သုံး,ကွဲပြားအောင်ဘုရားက ဟောပြပါလျက် သံသရာသားတွေက အအေး,အပူလို့ ခေါ်မြဲ ခေါ်နေကြသည်။
ဤလို ခေါ်ဝေါ်သုံးစွဲနေကြသည့် အလျောက် အအေးရုပ်၊ အပူရုပ် လို့ ၂မျိုးထင်ကြ၏။
ထင်သည့်အတိုင်း အအေး,အအေး,အပူ,အပူစသည်ဖြင့် တရား အား ထုတ်တယ်ဆိုပြီး အားထုတ်ကြ၏။

ဤအတိုင်း ၂မျိုးရှိသော် ရုပ်၂၉ဖြစ်တန်ရာ၏၊ ဖြစ်ကားမဖြစ်၊ ထို့ကြောင့် ဘုရားပေါ်တဲ့ခေတ်ကျတော့မှ ဘုရားက အမှားသရုပ်ပေါ်အောင် လောက သားတွေ အနေနဲ့ အအေး, အပူလို့ မှားမှား ယွင်းယွင်းသုံးစွဲနေကြတဲ့ တေဇောဓာတ်ကလေး ရှိလေရဲ့။

၎င်းသည် ဥတုဇရုပ်ကို ဖြစ်စေ၏လို့ ဟောတော်မူသည်၊ တရားအား ထုတ်လိုသော် အအေး, အပူ နှလုံး မသွင်းမူ၍ ပါဠိလို တေဇော, တေဇောဗမာလို အငွေ့,အငွေ့ဟု လေ့လာရမည် (ဝါ) ပွားများရမည်။

လေ့လာပါများ၍ သံသရာ့အစွဲ အအေး, အပူပျောက်၍ တေဇော (အငွေ့သဘော)ကလေး အာရုံအနေနဲ့ ရောက်လာလျှင်၊

၎င်းကိုအာရုံပြု၍ ၎င်း၏အခြေအနေကို အသေအချာ သိသော သမ္မာဒိဋ္ဌိခေါ် ပညာဦးဆောင်သော မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်တို့ ဖြစ်လာနိုင်သည်။

လေ့လာ၍ သံသရာ့ လက်သုံးအတိုင်း အအေးဆိုတဲ့ အမှတ်အသား ပေါ်လာလျှင် အအေးကြိုက်သူမှာ တဏှာဦးဆောင်တဲ့ အကုသိုလ် ဖြစ်မည်၊မကြိုက်သူမှာ ဒေါသဦးဆောင်တဲ့ အကုသိုလ် ဖြစ်မည်။(အပူ ပေါ်လျှင်လည်း ထို့အတူပင်) အကုသိုလ်တို့ အားကောင်းနေသမျှ မဂ်,ဖိုလ် မရနိုင်၊ သို့သော် သံသရာထဲ ရောက်ကတည်းက သံသရာ့ လက်သုံး အအေး,အပူကို ဘဝတိုင်း သုံးခဲ့ကြတော့ ဘုရားနှင့် တွေ့ တဲ့ ခေတ်မှာ နှင်တို့ဟာတွေ မှားနေတယ်၊ အစွဲ ဖျောက်ကြလို့ ဆိုသော်လည်း အင်မတန် အဖျောက်ရခက်သည်။

ထို့ကြောင့် ၎င်းအစွဲအလမ်းများကို ပါဠိလိုဥပါဒါန်၊ ဗမာလို အစွဲ သန်တယ်လို့ ခေါ်တယ်။

ဘုရားစကားကို မသိသူ မယုံကြည်သူ များလည်း အပူ, အအေး လောက် တော့ သိ ကြ ပါ တယ်၊ သိမှာပေါ့ တသံတရာ လုံးရဲ့ လက်သုံးကိုး။

ဘုရားရှင့်မကြီး ပေါ်လာတဲ့ ခေတ်မှာလည်း ဒါကိုထပ်ပြီး လေ့လာ လျှင် သံသရာ့တဘက် နိဗ္ဗာန်ရောက်မှာစိုးလို့ သံသရာထဲ အမြဲနေရ အောင် သံသရာ့အသုံးတွေကို ပိုမိုကျွမ်းကျင်အောင် ကြိုးစားနေကြ တဲ့ သူခတွလို့သာ ဆိုကြဖို့ရှိတယ်။

မှတ်ချက်=တေဇောဓါတ် ဥတုဓါတ်အငွေ့သည် ပဋ္ဌာဇာတ စသော ပစ္စည်း အထောက်အပံ့ရ၍ ဌီကာလရောက်မှအားရှိသည်။ သို့ဖြစ်၍ ဌီကာလ ရောက်မှ ရုပ်ကို ဖြစ်စေနိုင်သည်။

အဟာရဖြစ်စေပုံ

၃၆။ ဩဇာ သင်္ခါတော အာဟာရော အာဟာရ သမုဋ္ဌာန ရူပံ အဇ္ဈောဟရဏကာလေ ဌာနပတ္တော ဝ သမုဋ္ဌာပေတိ။ ။

သင်္ခါတော– ပရမတ်သုံးအားဖြင့် "ဩဇာ" (အဆီ) ပညတ်သုံးအားဖြင့် "အာဟာရ"။

ဌာနပ္ပတ္တော ဝ= မျိုသောကာလ ဌီရောက်ချိန်က စပြီး ရုပ်ကိုဖြစ်စေ။

အမှာ= ပဋ္ဌာဇာတ စသော ပစ္စည်း အထောက်အပံ့ရ၍ ဌီရောက်မှ ဩဇာ အားကောင်းသည်။

ထို့ကြောင့် ဌီကာလရောက်မှ ဩဇာ ကြဉ်သော ကလာပ်တူ အာဟာရဇရုပ်ကို ဖြစ်စေသည်။ သူ့ကိုယ်သူဖြစ်စေ၏ဟုမဆိုသင့်လို့ ဩဇာကို ကြဉ်သည်။ ကူတို့ပိုသူလို သူလဲ ရပ်တည်၏။ ဩဇာနှင့်တကွ ကလာပ် ပြားဖြစ်တဲ့ စတုသမုဋ္ဌာန်ကရုပ်ကိုတော့ ထောက်ပံ့ရုံ ထောက်ပံ့သည်။

သတိ= ဂဗ္ဘသေယျကာ ၇ သတ္တာဟခန့် အကြာမှာ မျိုသွင်း လိုက်တဲ့ ဩဇာသည် ဌီရောက်ချိန်ကစပြီး ရုပ်ကို ဖြစ်စေသည်။ ထောက်ပံ့သည်။ သံသေဒဇ, ဥပပတ်မှာ မျိုသွင်း လိုက်တဲ့ တံတွေးထဲမှ ဩဇာသည် ဌီရောက်ချိန်ကစပြီး ရုပ်ကို ဖြစ်စေသည်။ ထောက်ပံ့။

ကြံပုံ=ပဋိသန္ဓေစိတ် ဥပါဒ်ချိန်မှာ အစဆုံး ကမ္မဇရုပ် စဖြစ်သည်။ ပဋိသန္ဓေစိတ်၏ ဌီချိန်မှာလည်း ကမ္မဇရုပ် အသစ်ဖြစ်သည်။ ပထမ ဘဝင်ကစပြီး နောက် နောက်စိတ်တို့၏ ဥပါဒ်တိုင်း, ဌီတိုင်း, ဘင်တိုင်းမှာလည်း ကမ္မဇရုပ် အသစ်ဖြစ်သည်။ စိတ်မရှိတဲ့ နိရောဓသမာပတ် ဝင်စားသူနှင့် အသညသတ်များမှာလည်း ကမ္မဇရုပ်ဖြစ်သည်။ ရုပ်ကလာပ် ၁ ခုဖြစ်၊ နောက် ၁ ခုဖြစ် ဤလို အားဖြင့် ပထမရုပ်ကလာပ် မချုပ်မီမှာပင် ရုပ်ကလာပ်တွေ ၅၀ လောက် တစီတတန်းကြီး

ဖြစ်ကြသည်။ ၎င်းနောက်လည်း ဆက်ခါဆက်ခါ ဖြစ်ကြသည်ပင် ဤကား (ကမ္မဇရုပ်ဖြစ်ပုံ)

စိတ္တဇရုပ်များလည်း ပဌမဘဝင်ကစ၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း, တစီတတန်းကြီး ဖြစ်ကြသည်။ ပဌမ ရုပ်ကလာပ် အပျက် မစောင့်ပါ။ ဥတုဇရုပ်များလည်း ပဋိသန္ဓေစိတ်၏ ဌီကာလက စ၍ တစီတတန်းကြီး ဖြစ်ကြသည်။

အဟာရဇရုပ်များလည်း မျိုသွင်း၍ ဌီရောက်ချိန်က စ၍ တစီတတန်းကြီး ဖြစ်ကြသည်။

ဤအတိုင်းဖြစ်တဲ့ စတုဇကလာပ်တွေထဲက တေဇောဓါတ် အငွေ့ကလည်းကောင်း, အပြင်က တေဇောဓါတ် အငွေ့များကလည်းကောင်း ဥတုဇရုပ်ကလာပ် အသစ်အသစ်တွေကိုဖြစ်စေသည်။ ၎င်းဥတုဇ ရုပ်ကလာပ် အသစ်အသစ်တွေထဲက တေဇောကလည်း ဥတုဇရုပ်ကလာပ် အသစ်အသစ် တွေကို ဖြစ်စေသည်။

အမှာ=၁။ မူလ ကလာပ်ထဲက တေဇောက ဥတုဇ ကလာပ်သစ်ကို ဖြစ်စေသည်။

၂။ ၎င်းအသစ် ကလာပ် ထဲက တေဇော ကလည်း နောက်ဥတုဇ ကလာပ်သစ်ကို ဖြစ်စေသည်။

၃။ ၎င်း ဒုတိယ ကလာပ်သစ် ထဲက တေဇော ကလည်း တတိယ ကလာပ်သစ်ကို ဖြစ်စေသည်။
ဤလိုသုံးဆင့်အထိ ဖြစ်စေနိုင်သတဲ့။

ယခုပြခဲ့သည့် ရုပ်အားလုံးစုလိုက်တော့ အမြှုပ်,သားတစ်,စသည် အရွယ်အစား ကြီးကြီးလာတော့သည်။

သတိ— ပဋိသန္ဓေ နေစမှာ ပဋိသန္ဓေစိတ်+အပေါင်းပါစေတသိက်နှင့် ကမ္မဇ ရုပ်ကလာပ် ၁ခုသာ ရှိသေး၍ ကြည့်လို့မဖြစ်နိုင်။ ဥပမာဖြင့်သာ ဇာတိဥဏ္ဏာ သားကောင်၏ အမွေးနုတပင်ကို ဆီကြည်၌ တို့၍ အကြိမ် ၁၀၀၀ ခါ အဖျားမှာ ကပ်သလောက်ကစ၍ သတ္တဝါ ဖြစ်သည်ဟုသာ ဆိုနိုင်ကြသည်။

အမှာ=သဝိညာဉကက သတ္တဝါ အကောင် အထည် ဖြစ်စေရာမှာ သော်လည်းကောင်း။

အဝိညာဏက တော,တောင်စသည် ဖြစ်စေရာမှာသော်လည်းကောင်း တေဇောသည် အားအကောင်းဆုံး ဖြစ်၍ ၎င်းလုပ်ပေးသောရုပ်စုက ပိုများသည်။

၎င်းတေဇော အလောင်အမြိုက် များသွားပြန် လျှင်လည်း ပိန်သွား, သေးသွား, ပျက်စီးသွားတတ် ပြန်ပါသည်။

ထို့ကြောင့် တေဇောသည် လောကကြီးကို အမျိုးမျိုး ဖန်တီးသည်ဟု ပြောစမှတ်ပြုကြသည်။

ကမ္မဇရုပ်

၃၆။ တတ္ထ ဟဒယဣန္ဒြိယရူပါနိ ကမ္မဇာနေဝ။

ကမ္မဇာနေဝ=ဟဒယရုပ် ၁

ဣန္ဒြိယရုပ် ၈(ပသာဒ ၅ + ဘာဝ ၂ + ဇီဝိတ ၁)=၉ကမ္မဇကေန်။

စိတ္တဇရုပ်

၃၇။ ဝိညတ္တိဒ္ဓယံ စိတ္တဇ မေဝ။

စိတ္တဇမေဝ=ဝိညတ်ရွေးသည် စိတ္တဇကေန်သာ။

စိတ္တဇဥတုဇရုပ်

၃၈။ သဒ္ဒေါ စိတ္တောတုဇော။

စိတ္တောတုဇော=သဒ္ဒသည်=စိတ္တဇလည်းမည်။

ဥတုဇလည်းမည်(အနေကန်)

စိတ္တဇဥတုဇအာဟာရဇရုပ်

၄၀။ လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

ဥတုစိတ္တာဟာရေဟိ=လဟုတာ

မုဒုတာ

ကမ္မညတာ=၃တို့သည်=ဥတုဇလည်းမည်။

စိတ္တဇလည်းမည်။

အာဟာရဇလည်း မည်ကြ၏။

အမှာ=၎င်း ၃ပါးသည် ပစ္စုပ္ပန် အကြောင်းကိုသာ ငဲ့လို့ ကံကြောင့်မဖြစ်။
(ကမ္မဇရုပ်တွင် မပါဟူလို)

စတုဇရုပ်

၄၁။ အဝိနိဗ္ဘောဂ ရူပါနိ စေဝ အာကာသဓာတု စ စတုဟိသမ္ဘူ
တာနိ။

စတူဟိ=အဝိနိဗ္ဘောဂ "ဂ" ဝဏ္ဏ+ဂန္ဓ+ရသ+ဩဇာ+ပ+အာ+တေ+ဝါ
အာကာသဓာတ် ၁=ဧတို့သည်=ကမ္မဇရုပ်လည်းမည်။
စိတ္တဇရုပ်လည်းမည်။
ဥတုဇရုပ်လည်းမည်။
အာဟာရဇရုပ်လည်းမည်ကြ၏။

နကုတောစိရုပ်

၄၂။ လက္ခဏရူပါနိ နကုတောစိ ဇာယန္တိ။

နကုတောစိ=လက္ခဏရုပ်၄=ဥပစယ=ဥပါဒ် (အဦးဆုံး နိပ္ဖန္နရုပ်၏ ဥပါဒ်)
သန္တတိ=ဥပါဒ် (နောက် နိပ္ဖန္န ရုပ်၏ ဥပါဒ်)
ဇရတာ=ဋ္ဌီ (နိပ္ဖန္နရုပ်တို့၏ ဋ္ဌီ)
အနိစ္စတာ=ဘင် (နိပ္ဖန္နရုပ်တို့၏ဘင်)
ဤသို့ နိပ္ဖန္နရုပ်တို့၏ ဥပါဒ်,ဋ္ဌီ,ဘင် သဘောမျှသာ ဖြစ်ကြလို့။
လက္ခဏရုပ်များသည် မည်သည့် အကြောင်းကြောင့်မျှ မဖြစ်။
(သီးခြားရုပ် ၁ခုရယ်လို့ သတ်သတ်မှတ်မှတ် မရှိလို့ မည်သည့်
အကြောင်းမျှ လုပ်ပေးလို့ မဖြစ်နိုင်ဟူလို)
ထို့ကြောင့် ဇာယမာနာဒိရူပါနံစသဖြင့် ဆရာကိုယ်တိုင်ဆိုထားသည်။

သင်္ဂဟဂါထာများ

၄၃။ အဋ္ဌာရသ ပန္နရသ၊ တေရသ ဒွါဒသာတိ စ။
ကမ္မစိတ္တောတုကာဟာရ၊ ဇာနိ ဟောန္တိ ယထာက္ကမံ။ ။

အဋ္ဌာရသ=ဟဒယရုပ် ၁
ဇီဝိတိန္ဒြိယရုပ် ဂ (ပသာဒ+ဘာဝ+ဇီဝိတ)
အဝိနိဗ္ဘောဂ ဂ
အာကာသဓာတ် ၁=၁ဂ(ကမ္မဇရုပ်များ)

ပဉ္စရသ=ဝိညတ်ဒွေး ၂
သဒ္ဒရုပ် ၁
လဟုတာဒိ ၃
အဝိနိဗ္ဘောဂ ၈
အာကာသဓာတ် ၁=၁၅ (စိတ္တဇရုပ်များ)

ဘေရသ=သဒ္ဒရုပ် ၁
လဟုတာဒိ ၃
အဝိနိဗ္ဘောဂ ၈
အာကာသဓာတ် ၁=၁၃ (ဥတုဇရုပ်များ)

ဒွါဒသ=လဟုတာဒိ ၃
အဝိနိဗ္ဘောဂ ၈
အာကာသဓာတ် ၁=၁၂ (အာဟာရဇရုပ်များ)

လက္ခဏာရုပ် စတုဇတွင် မပါခြင်း အကြောင်း

၄၄။ ဇာယမာနာဒိရူပါနံ၊ သဘာဝတ္တာ ဟိ ကေဝလံ။
လက္ခဏာနိ န ဇာယန္တိ၊ ကေဟိစိတိ ပကာသိတံ။ ။

အနက်= ဇာယမာနာဒိရူပါနံ=ဖြစ်ဆဲ အစရှိသော ရုပ် တို့၏ "ဝါ"ဖြစ်ဆဲ, တည်ဆဲ,ပျက်ဆဲဖြစ်သော ရုပ်တို့၏၊ သဘာဝတ္တာဟိ=သဘာဝတ္တာ ဧဝ=သဘော၏ အဖြစ်ကြောင့် သာလျှင်၊ ကေဝလံ=သက်သက်၊ လက္ခဏာနိ=လက္ခဏာ ရုပ် တို့ သည်၊ ကေဟိစိ=တစုံ တ ခု သော အကြောင်းတို့ကြောင့်၊ နဇာယန္တိ=မဖြစ်ကုန်။

အာဒိ=ဖြစ်ဆဲ ဥပါဒ်
တည်ဆဲ ဌီ
ပျက်ဆဲ ဘင်=ဤသို့ နိပ္ဖန္နရုပ်တရား တို့၏ သဘောမျှသာ ဖြစ်၍ သီးခြား အထည်ကိုယ်ရုပ်များ မဟုတ်ကြလို့ လက္ခဏာရုပ် များသည် မည်သည့် အကြောင်းကြောင့် ဖြစ်သည်ဟု ဆိုစရာ မရှိ။

သတိ= ဥပါဒ်+ဌီ+ဘင်=၃ခုပေါင်းမှ ရုပ်၁ခုဟု ရုပ်သဘာဝကိုမှတ်ကြောင်း မျှသာ ဟူလို။

ရူပကလာပ

ရုပ်ကလာပ် လက္ခဏာ ၄ ပါး

၄၅။ ကေပ္ပါဒါ ကေနိရောဓာ ကေနိဿယာ သဟဝုတ္တိနော ကေဝိ
သတိ ရူပကလာပါ နာမ။

၁။ ကေပ္ပါဒါ=ဖြစ်ချိန်ချင်းတူရမည်(အချိန်တခြားစီဖြစ်တာကိုပယ်)

၂။ ကေနိရောဓာ=ချုပ်ချိန်ချင်းလည်း တူရမည် (ဖြစ်ချိန်တူ၍ ချုပ်ချိန် မတူသော စိတ်ကိုပယ်)

၃။ ကေနိဿယာ=မှီရာချင်းလည်း တူရမည်(မှီရာ မတူတဲ့ရုပ်ကိုပယ်)

၄။ သဟဝုတ္တိနော=အတူတကွလည်း ဆုံဖြစ်ရမည်။

အမှာ=၎င်းလက္ခဏာ ၄ ပါးနှင့် အညီဖြစ်တဲ့ ရုပ် အစုအဝေး ၁ ခုကို ကလာပ်ဟု ခေါ်သည်။

ရှင်း=ပထဝီဆိုတဲ့ နေရာကို အမှီပြု၍ ဖြစ်ချိန်တူ၊ ချုပ်ချိန်တူ ရုပ်တွေ အတူတကွ ဆုံဖြစ်နေကြတဲ့ အစုအဝေးကို ကလာပ်ဟု ခေါ်သည်။

သဟဝုတ္တိနော=လက္ခဏာ ၁ ခု ပင်။

ရှင်း=ဖြစ်ချိန်တူ၊ချုပ်ချိန်တူ ရုပ်တွေ နေရာ ၁ ခုမှာ မဆုံမိကြလျှင် ကလာပ် ၁ ခု ဟု မခေါ်နိုင် (အစု ၁ ခု ဟု မခေါ်နိုင်)
ထို့ကြောင့် အတူတကွ ဆုံမိခြင်း (သဟဝုတ္တိ)လည်း မပါမဖြစ်သည့် အင်္ဂါ ၁ ခု ပင်။

သတိ=သဟဝုတ္တိကို အင်္ဂါအနေနဲ့ မယူပဲ ရှေ့ ၃ ချက်ညီလျှင် သဟဝုတ္တိ ဖြစ်တော့သည်သာဟု အမှတ်မှားတတ်သည်။

အမှာ=တချို့က ကမ္မဇ မဟာဘုတ်၌ မှီ။
တချို့က စိတ္တဇမဟာဘုတ်၌မှီ၊ ဤလိုမှီလျှင် ကေနိဿယ မဟုတ်လို့ ကလာပ် မခေါ်ရ။ တမျိုးတစားတည်းကိုသာ မှီရမည်။

သတိ=မဟာဘုတ် အမည်တူသော်လည်း ကမ္မဇမဟာဘုတ်နှင့် စိတ္တဇ မဟာဘုတ်တို့သည် တခြားစီသာဖြစ်၍၊ ၎င်းတို့၌ မှီသည်ကို ကေနိဿယ မဆိုရ။ (စိတ္တဇချင်း၊ ကမ္မဇချင်း စသည်ကိုသာ ကေနိဿယ)

ကမ္မဇကလာပ် ၉ စည်း

၄၆။ တတ္ထ ဇီဝိတံ အဝိနိဗ္ဘောဂရူပဉ္စ စက္ခုနာ သဟ စက္ခုဒသကန္တိ ပဝုစ္စတိ။
တထာ သောတာဒီဟိ သဒ္ဓိံ သောတဒသကံ, ဃာနဒသကံ, ဇိဝှာဒသကံ, ကာယဒသကံ, ဣတ္ထိဘာဝဒသကံ, ပုမ္ဘာဝဒသကံ, ဝတ္ထုဒသကဉ္စေတိ ယထာက္ကမံ ယောဇေတဗ္ဗံ။
အဝိနိဗ္ဘောဂရူပမေဝ ဇီဝိတေန သဟ ဇီဝိတနဝကန္တိ ပဝုစ္စတိ။
ဣမေ နဝ ကမ္မသမုဋ္ဌာနကလာပါ။

၁။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ = ၉ = ဇီဝိတနဝကကလာပ်
၂။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + စက္ခုပသာဒ = ၁၀ = စက္ခုဒသကကလာပ်
၃။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + သောတပသာဒ = ၁၀ = သောတဒသကကလာပ်
၄။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + ဃာနပသာဒ = ၁၀ = ဃာနဒသကကလာပ်
၅။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + ဇိဝှာပသာဒ = ၁၀ = ဇိဝှာဒသက ကလာပ်
၆။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + ကာယပသာဒ = ၁၀ = ကာယဒသကကလာပ်
၇။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + ဣတ္ထိဘာဝ = ၁၀ = ဣတ္ထိဘာဝဒသကကလာပ်
၈။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + ပုမ္ဘာဝ ၁ = ၁၀ = ပုမ္ဘာဝဒသက ကလာပ်
၉။ အဝိနိဗ္ဘောဂ = ၈ + ဇီဝိတ + ဟဒယဝတ္ထု = ၁၀ = ဝတ္ထုဒသကကလာပ်

စိတ္တဇကလာပ် ၆ စည်း

၃၇။ အဝိနိဗ္ဘောဂရူပံ ပန သုဒ္ဓဋ္ဌကံ။
တဒေဝ ကာယဝိညတ္တိယာ သဟ ကာယဝိညတ္တိနဝကံ
ဝစီဝိညတ္တိသဒ္ဒေဟိ သဟ ဝစီဝိညတ္တိဒသကံ
လဟုတာဒီဟိ သဒ္ဓိံ လဟုတာဒေကာဒသကံ
ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကံ
ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသကဉ္စေတိ ဆ စိတ္တသမုဋ္ဌာန ကလာပါ။

၁။ အဝိ = ၈ = ၈ = သုဒ္ဓဋ္ဌကကလာပ်
၂။ အဝိ = ၈ + ကာယ ၁ = ၉ = ကာယဝိညတ္တိနဝကကလာပ်
၃။ အဝိ = ၈ + ဝစီ ၁ + သဒ္ဒ ၁ = ၁၀ = ဝစီဝိညတ္တိဒသက ကလာပ်

၄။ အဝိ=ဂ+လဟုတာဒိ ၃= ၁၁=လဟုတာဒေကာဒသကကလာပ်
၅။ အဝိ=ဂ+ ကာယ၁+ လဟု တာဒိ ၃=၁၂=ကာယဝိညတ္တိလဟု တာဒိ ဒွါဒသကကလာပ်
၆။ အဝိ=ဂ+ဝစီ ၁+ သဒ္ဒ ၁+လဟုတာဒိ ၃= ၁၃= ဝစီဝိညတ္တိသဒ္ဒလဟု တာဒိ တေရသက ကလာပ်။

အမှာ=ဝစီဝိညတ္တိဒသက ကလာပ်၌ သဒ္ဒပါသော်လည်း အမည်၌ သဒ္ဒမထည့်ပါ။ ဝစီနှင့် သဒ္ဒ မကင်းကောင်း၍၊ ဝစီပါလျှင် သဒ္ဒလဲ ပါသည်ဟု သိလောက်လို့ မထည့်ပါ။

ဥတုဇကလာပ် ၄ စည်း

၄၀။ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကံ လဟုတာဒေကာဒသကံ သဒ္ဒလဟုတာဒိ ဒွါဒသကဉ္စေတိ စတ္တာရော ဥတုသမုဋ္ဌာနကလာပါ။

၁။ အဝိ=ဂ= ဂ=သုဒ္ဓဋ္ဌကကလာပ်
၂။ အဝိ=ဂ+သဒ္ဒ ၁= ၉=သဒ္ဒနဝကကလာပ်
၃။ အဝိ=ဂ+လဟုတာဒိ ၃= ၁၁=လဟုတာဒေကာဒသက ကလာပ်
၄။ အဝိ=ဂ+သဒ္ဒ၁+လဟုတာဒိ၃=၁၂ သဒ္ဒလဟုတာဒိဒွါဒသကကလာပ်

အာဟာရဇကလာပ် ၂ စည်း

၄၉။ သုဒ္ဓဋ္ဌကံ လဟုတာဒေကာဒသကဉ္စေတိ ဒွေ အာဟာရ သမုဋ္ဌာနကလာပါ။

၁။ အဝိ=ဂ= ဂ=သုဒ္ဓဋ္ဌကကလာပ်
၂။ အဝိ=ဂ + လဟုတာဒိ ၃= ၁၁= လဟုတာဒေကာဒသကကလာပ်

အဇ္ဈတ္တဗဟိဒ္ဓကလာပ်ခွဲပုံ

၅၀။ တတ္ထ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။

အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိကမေဝါတိ။ ။

ဥတုဇ ၄စည်းထဲမှ=၁။ သုဒ္ဓဋ္ဌကကလာပ်
၂။ သဒ္ဒနဝကကလာပ်

ဎင်း ၂စည်းသည် အဇ္ဈတ္တ၌လည်းဖြစ်။
ဗဟိဒ္ဓ၌လည်းဖြစ်ကြ၏။

ကျန်၁၉စည်းသည် အဇ္ဈတ္တ၌သာဖြစ်။

သတိ=ပိုး, ဖွဲ, ကတ္တိပါ စသည်တို့၌ လဟုတာဒိမဖြစ် (လဟုတာဒိ သည် ဗဟိဒ္ဓမဖြစ်လို့)

သင်္ဂဟဂါထာများ

၅၁။ ကမ္မ,စိတ္တော,တုကာ,ဟာရ၊ သမုဋ္ဌာနာ ယထာက္ကမံ။
နဝ ဆ စတုရော ဒွေတိ၊ ကလာပါ ကေဝီသတိ။ ။

ယထာက္ကမံ=ကမ္မသမုဋ္ဌာန	နဝ=ကမ္မဇကလာပ်	၉	စည်း
စိတ္တသမုဋ္ဌာန	ဆ=စိတ္တဇကလာပ်	၆	စည်း
ဥတုသမုဋ္ဌာန	စတုရော=ဥတုဇကလာပ်	၄	စည်း
အာဟာရသမုဋ္ဌာန	ဒွေ=အာဟာရဇကလာပ်	၂	စည်း

အာကာသ လက္ခဏာ ကလာပ်တွင် မပါ။

ကလာပါနံ ပရိစ္ဆေဒလက္ခဏတ္တာ ဝိစက္ခဏာ။
န ကလာပင်္ဂမိစ္စာဟု၊ အာကာသံ လက္ခဏာနိ စ။ ။

အယမေတ္ထ ကလာပယောဇနာ။

အနက်=ကလာပါနံ=ကလာပ်တို့၏ပရိစ္ဆေဒလက္ခဏတ္တာ=ပိုင်း ခြားကြောင်း မှတ်ကြောင်း၏ အဖြစ်ကြောင့်၊ ဝိစက္ခဏာ=ပညာရှိတို့သည်၊ အာကာသံစ=အာကာသဓာတ်ကို လည်းကောင်း၊ လက္ခဏာနိစ=လက္ခဏာ ရုပ်တို့ကို လည်းကောင်း၊ ကလာပင်္ဂံ ဣတိ=ကလာပ်၏ အစိတ်အပိုင်း ဟူ၍၊ နအာဟု=မဆိုကုန်။

နကလာပင်္ဂံ=အာကာသဓာတ် ၁
လက္ခဏာရုပ် ၄=၅တို့ကို ကလာပ်မဖွဲ့ရ။

ရှင်း=၁။ အာကာသဓာတ်သည် ကလာပ်စည်းတို့၏ အပိုင်းအခြားမျှသာဖြစ် (ကလာပ်တို့၏ အကြားဟု ဆိုလိုသည်)အကြားဖြစ်၍ မည်သည့် ကလာပ်တွင်မျှ မပါ (၎င်းကိုပင် ကလာပ်တို့၏ ပိုင်းခြားကြောင်း ဖြစ်လို့ အာကာသကို ကလာပ်မဖွဲ့ရဟူလို)

၂။ လက္ခဏာရုပ်လည်းဥပါဒ်၊ ဌီ+ဘင် ၃ပါးစုံလျှင် ကလာပ် ၁စည်းဟု ကလာပ်၏ မှတ်ကြောင်းမျှသာ ဖြစ်သည်။ (၎င်းကိုပင် ကလာပ်

တို့၏ မှတ်ကြောင်း ဖြစ်လို့ လက္ခဏာရုပ်ကို ကလာပ် မဖွဲ့ရဟု ဆိုသည်)

သတိ=ကလာပ်၏ ပိုင်းခြားကြောင်း၊ မှတ် ကြောင်း ဖြစ် သော ကြောင့် အာကာသနှင့် လက္ခဏာရုပ်တို့ကို ကလာပ် မဖွဲ့ရ (ကလာပ်တွင် မပါ ဟူ၏)

ရူပပဝတ္တိက္ကမ

၅၂။ **သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ အနူနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ။** ။

ယထာရဟံ=“ဘာဝ”ချို မချို
“အာယတန” ချို မချို့ ပုဂ္ဂိုလ်တို့အား လျော်စွာ။

၅၃။ **ပဋိသန္ဓိယံ ပန သံသေဒဇာနဉ္စေဝ ဩပပါတိကာနဉ္စ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ၊ ဝတ္ထုဒသကသင်္ခါတာနိ သတ္တဒသကာနိ ပါတုဘဝန္တိ ဥက္ကဋ္ဌဝသေန။**
ဩမကဝသေန ပန စက္ခု၊ သောတ၊ ဃာန၊ ဘာဝဒသကာနိ ကဒါစိပိ န လဗ္ဘန္တိ၊ တသ္မာ တေသံ ဝသေန ကလာပဟာနိ ဝေဒိတဗ္ဗာ။

သတိ= ၁။ ကာမဘုံ
၂။ ရူပဘုံ (အသညသတ် မပါ)
၃။ အသညသတ်ဘုံ=၃ပိုင်းခွဲပြီး ရူပ ပဝတ္တိက္ကမကို ပြသည်။

ကာမ=သံသေဒဇပဋိသန္ဓေအခါ
ဥပပတ် ပဋိသန္ဓေအခါ
ဂဗ္ဘသေယျကပဋိသန္ဓေအခါနှင့် ပဝတ္တိအခါတို့၌ ဖြစ်သော ရုပ်များ ကို ကောက်ရမည်။

သံသေဒဇာနံ=အညှိ၌ ပဋိသန္ဓေနေသောသတ္တဝါ

ဩပပါတိကာနံ=ဥပပါတ် ပဋိသန္ဓေနေသော သတ္တဝါ (ဘွားကနဲဖြစ်)

ဥက္ကဋ္ဌဝသေန=အလွန်ဆုံး ရနိုင်သော ကမ္မဇ ကလာပ် ၇ စည်း၊ တနည်း ၈ စည်း။

ရှင်း= စက္ခုဒသက
သောတဒသက
ဃာနဒသက
ဇိဝှာဒသက
ကာယဒသက
ဣတ္ထိဘာဝဒသက
ပုမ္ဘာဝဒသက
ဝတ္ထုဒသက=၇စည်းတကယ်ဖြစ်(၈စည်းသရုပ်) (မိန်းမ ယောကျ်ား သတိပြု)

ဩမကဝသေန=ချို့ကောင်းသော ကလာပ် ၄ စည်း၊ တနည်း ၅ စည်း။
(မဖြစ်ပဲနေလို့ရသော ကလာပ်ဟူလို)

ရှင်း= စက္ခုဒသက
သောတဒသက
ဃာနဒသက (ဥပပတ် မချို့) ကျန်ပုဂ္ဂိုလ်ချို့။
ဣတ္ထိဘာဝဒသက
ပုမ္ဘာဝဒသက=ၖင်းဘာ၃ဝ ၂စည်း၊ကပ္ပာဦး ဥပပတ်သာချို့။

အမှာ=ၖင်းတို့နှင့် ပတ်သက်သော သရုပ် အသေးစိတ်ကို ၆၁ အဋ္ဌဝီသတိကာမေသု ဂါထာရှင်းတမ်း၌ ပြပါမည်။

သတ္တ= ဘာဝဒသက ၂ခုပြိုင်မဖြစ် ၁ခုသာ ဖြစ်လို့ "သတ္တ" (၇) ဟုဆို။

ပါတုဘဝန္တိ=ပဋိသန္ဓေအခါ ကမ္မဇရုပ်သာ ဖြစ်သေးသည်။ ကျန်ဇီဝိတနဝက ကမ္မဇရုပ် နှင့် တိဇရုပ်များ ပဝတ္တိ အခါ ကျမှ ဖြစ် ကြ သည် (ဘုံတိုင်း,ဘဝတိုင်းဤနည်းပင်)

အမှာ=ဥပပတ်မှာ ဃာနမချို့ကောင်း၊
ကပ္ပါဦး ဥပပတ်ချန် ကျန်ဥပပတ်များ ဘာဝမချို့ကောင်း (ကပ္ပါဦး ဥပပတ် ဘာဝ ချို့၏)

ချို့= ပဋိသန္ဓေနေစဉ် စက္ခုစသည် ဖြစ်ချိန်မှာမဖြစ်မှုကို "ချို့"ဟုသုံးသည်။

ပုဂ္ဂိုလ်နှင့်ပဋိသန္ဓေ=ငရဲသတ္တဝါ။
နိဗ္ဗာမတကိုကပြိတ္တာ။
ဘုမ္မဇိုဝ်းချန် ကျန်သောနတ်=ဥပပတ်ပဋိသန္ဓေ။

ဎင်းတို့မှကြွင်းသော ကာမဘုံသားများ ပဋိသန္ဓေ ၃မျိုး
တနည်း=၄မျိုး (ဂဗ္ဘသေယျကကို ဇလာဗုဇ,အဏ္ဍဇခွဲ)

၅၄။ ဂဗ္ဘသေယျကသတ္တာနံ ပန ကာယ, ဘာဝ, ဝတ္ထုဒသက သင်္ခါတာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ။
တတ္ထာပိ ဘာဝဒသကံ ကဒါစိ န လဗ္ဘတိ။
တတော ပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ။

ဂဗ္ဘသေယျက=အမိဝမ်း၌ ပဋိသန္ဓေနေသောသူ။
အမှာ=ဎင်းကို အဏ္ဍဇ=အဥ၌ ပဋိသန္ဓေနေသူ (ကြက် စသည်)
ဇလာဗုဇ=သားအိမ်၌ ပဋိသန္ဓေနေသူ (လူစသည်) ဟု ၂ မျိုး ခွဲ၍ ပဋိသန္ဓေ ၄ မျိုး သုံးသေးသည်။
သတ္တာ=ရူပါရုံ စသည်တို့၌ နှစ်သက်တတ်လို့ "သတ္တဝါ"
တီဏိ=၁။ ကာယဒသက။
၂။ ဘာဝဒသက
၃။ ဝတ္ထုဒသက- ဎင်း ၃ စည်း ဖြင့် စ ၍ ဖြစ် (ဎင်းတို့တွင် ဘာဝ ချို့ကောင်း)
အရွယ်ပမာဏ=ဆိတ်ကြည်၌ ဇာတိဥဏ္ဏာ သားမွေး ၁ ခုထည့်၊ အကြိမ် ၁၀၀ခါ၊ အဖျားမှာ မိဘနှစ်ပါးသုက် ရှိသလောက် အရွယ်က စ ဖြစ်။

ကမေန=ကလလရေကြည်	၁	သတ္တာဟ	(ဋ္ဌိ)	၂	သတ္တာဟ	(မူလဋ္ဌိ)
အမြှုပ်	၁	သတ္တာဟ	(ဋ္ဌိ)	၂	သတ္တာဟ	(မူလဋ္ဌိ)
သားတစ်	၁	သတ္တာဟ	(ဋ္ဌိ)	၂	သတ္တာဟ	(မူလဋ္ဌိ)
အမာခဲ	၁	သတ္တာဟ	(ဋ္ဌိ)	၂	သတ္တာဟ	(မူလဋ္ဌိ)
ခက်မ၅ဖြာ	၁	သတ္တာဟ	(ဋ္ဌိ)	၂	သတ္တာဟ	(မူလဋ္ဌိ)
မာအောင်စောင့်	၁	သတ္တာဟ	(ဋ္ဌိ)			
စက္ခုဒသက	၁	သတ္တာဟ	(ဋ္ဌိ)			
သောတဒသက	၁	သတ္တာဟ	(ဋ္ဌိ)			
ဃာနဒသက	၁	သတ္တာဟ	(ဋ္ဌိ)			
ဇိဝှာဒသက	၁	သတ္တာဟ	(ဋ္ဌိ)			

မှတ်ချက်=၁၂ သတ္တာဟမြောက်မှစ၍ စက္ခုဒသကဖြစ်သတဲ့(မူလဋ္ဌိ)
အမှာ=ဖြစ်ချိန်မှာ မဖြစ်သော ကလာပ်များကို "ချို့"ဟု သုံးသည်။

ရုပ် ၄ ပါးတို့ ဦးစွာဖြစ်ချိန်

၅၅။ ဣစ္စေဝံ ပဋိသန္ဓိ မုပါဒါယ ကမ္မသမုဋ္ဌာနာ ဒုတိယစိတ္တ မုပါဒါယ စိတ္တသမုဋ္ဌာနာ ဌိတိကာလ မုပါဒါယ ဥတုသမုဋ္ဌာနာ ဩဇာ ဖရဏ မုပါဒါယ အာဟာရသမုဋ္ဌာနာ စေတိ စတုသမုဋ္ဌာန ရူပကလာပသန္တတိ ကာမလောကေ ဒီပဇာလာဝိယ နဒီသောတောဝိယ စ ယာဝတာယုက မဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။

ပဋိသန္ဓိ=ပဋိသန္ဓေစိတ် ဥပါဒ်ချိန်မှစ၍ ကမ္မဇရုပ်များ စဖြစ်(ခဏငယ်တိုင်း)

ဒုတိယစိတ္တံ=ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ချိန်မှစ၍ စိတ္တဇရုပ်များဖြစ်။

အမှာ=၎င်းပဌမ ဘဝင်စိတ်ကပင် လုပ်ပေးသည်။၎င်းနောက် ဒွေးပဉ္စဝိညာဏ် ရဟန္တာတို့ စုတိဖြစ်ချိန်နှင့် နိရောဓသမာပတ် ဝင်စားချိန်ချန်၊ ကျန် စိတ်များ ဥပါဒ်တိုင်း ဥပါဒ်တိုင်းမှာ စိတ္တဇရုပ်များ ဖြစ်ကြသည်။

ဌိတိကာလံ=ပဋိသန္ဓေ၏ ဌီချိန်မှာ ဥတုဇရုပ် စဖြစ်။

အမှာ=၎င်းအချိန်မှာ သုဒ္ဓဋ္ဌကဥတုဇကလာပ်သာ ဖြစ်သေး၏။

ဩဇာပဖရဏံ=ဂဗ္ဘ(?)သေယျကဥ္ဍ အမိမျိုသော အစာကို သားငယ်ယူ၍ ဩဇာ ဓာတ် ဌီရောက်ချိန်ကစ၍ အာဟာရဇရုပ် စဖြစ်။
သံသေဒဇ,ဥပပတ်မှာ တံထွေးမျို၍ ဩဇာဓာတ် ဌီရောက်ချိန်မှ စဖြစ်သည်။

အမှာ=ဩဇာကို အကြောများက သယ်ဆောင်ဖြန့်ဖြူးလို့ ကိုယ်လုံး ပြန့်ချိန်မှ စဖြစ်။

ရုပ် ၄ ပါးတို့ နောက်ဆုံးချုပ်ချိန်

၅၆။ မရဏကာလေ ပန စုတိစိတ္တောပရိ သတ္တရသမစိတ္တဿ ဌိတိကာလ မုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊ ပုရေတရ မုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။

တတော ပရံ စိတ္တဇာ,ဟာရဇရူပဥ္စ ဝေါစ္ဆိဇ္ဇတိ။
တတော ပရံ ဥတုသမုဋ္ဌာန ရူပ ပရမ္ပရာ ယာဝမတကဠေဝရ
သင်္ခါတာ ပဝတ္တန္တိ။

သတိပြု=၁။ ကမ္မဇရုပ်
၂။ ဝိညာဏ်=၎င်း ၂ မျိုး ချုပ်ပျောက်လျှင် သေပြီဟုဆို၏။

အမှာ=အသညသတ် ပုဂ္ဂိုလ်=ကမ္မဇရုပ် ၁ မျိုး ရှိနေလို့ အသေကောင်မဆိုရ။
အရူပ ပုဂ္ဂိုလ်=ဝိညာဏ် ၁ မျိုး ရှိနေလို့ သေပြီဟု မဆိုရ။

၁ မျိုး= ၁။ အာယုခေါ် ဇီဝိတိန္ဒြေ (ကမ္မဇရုပ်ထဲက)
၂၊ ဥသ္မာခေါ် ကမ္မဇတေဇော (ကမ္မဇရုပ်ထဲက)
၃။ ဝိညာဏ်=၎င်း ၃ မျိုး မရှိလျှင် သေ၏တဲ့။
ထို့ကြောင့် သေသည့်အချိန်မှာ ကမ္မဇရုပ်နှင့် ဝိညာဏ် ၂မျိုး ပြိုင်တူ ချုပ်ရပါမည်။
စုတိနှင့် ပြိုင်တူချုပ်မည့် ကမ္မဇရုပ်သည် စုတိစိတ်မှ နောက်ကြောင်း ပြန်၍ ရေသော် ၁၇ ချက်မြောက်သော စိတ်နှင့် ဥပါဒ်ချင်း ပြိုင်တူ ဖြစ်ရသည်။
ဤလိုဖြစ်မှ ကမ္မဇရုပ်သည် စိတ် ၁၇ ချက်ခန့် သက်တမ်း အစေ့မှာ ဖြစ်တဲ့ စုတိနှင့် ပြိုင်တူချုပ်မည်။
၎င်းကမ္မဇရုပ်နှင့် စုတိ ပြိုင်တူလဲချုပ်ကရော၊ သေပြီလို့လဲ ပြောရော။

သတိ=နောက်ဆုံး စုတိနှင့် ပြိုင်တူချုပ်မည့် ကမ္မဇရုပ်သည် သက်တမ်းရှည်လို့ စုတိ အရင် စိတ် ၁၇ ကြိမ် စာလောက် ကြိုတင် ဖြစ်နှင့်သည် ဟူ၏။
ထို့ကြောင့် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ချက်မြောက်သော စိတ်နှင့် ဥပါဒ်ပြိုင် ဖြစ်သော ကမ္မဇရုပ်ကို နောက်ဆုံး ကမ္မဇရုပ် ခေါ်ရသည်။
အကယ်၍ ၎င်း၁၇ချက် မြောက် စိတ်၏ဌီ,ဘင် စသည်ဖြစ်တဲ့ အချိန် မှာ ကမ္မဇရုပ် ဖြစ်နေသေးလျှင် စုတိချုပ်တဲ့ အချိန်မှာ သက်တမ်း မပြည့်ကြသေး၍ ခဏယ် ၁+၂+၃ စသည် စုတိ ချုပ်ပြီးနောက် ဆက်ဖြစ်ကြလိမ့်မည်။
ဤလိုကမ္မဇရုပ် ကျန်နေသေးလျှင် သေသည်ဆိုတာ မဖြစ်နိုင်။

ဌိတိကာလံ=စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇ချက်မြောက်သော စိတ်၏ ဌီကာလမှစ၍ ကမ္မဇရုပ်အသစ် မဖြစ်တော့။

စုတိစိတ္တသမကာလမေဝ=ကမ္မဇရုပ်သည် စုတိစိတ်အရင် စိတ်၁၇ကြိမ်ခန့်က ကြိုတင်ဖြစ်သော်လည်း၊ ချုပ်ချိန် ကျတော့ စုတိစိတ်နှင့် ပြိုင်တူချုပ်လို့ သေခြင်းသို့ရောက်သည်ဟူ၏။

ပဌမတတောပရံ=စုတိ(သို့)စုတိရှေ့က ၁ခုခုသော စိတ်များ လုပ်ပေးသည့် စိတ္တဇရုပ် များသည် စုတိ ချုပ် ပြီး နောက် စိတ် ၁၆+၁၅+၁၄ စသည်ဖြင့် ဆက်၍ တည်ရှိနေနိုင်သည်။

စုတိ(သို့) စုတိရှေ့ကစိတ်များနှင့် အတူ ဥပါဒ်သော အာဟာရဇရုပ် များသည် စုတိ ချုပ်ပြီးနောက် ၁၆+၁၅+၁၄+စသည်ဖြင့် ဆက်၍ တည်ရှိနေနိုင်သည်။

ထို့ကြောင့် စုတိနှင့် ကမ္မဇရုပ်များ ချုပ်ပြီးသည့်နောက်မှ စိတ္တဇရုပ် အာဟာရဇရုပ်များ ချုပ်ကြသည်။

ဥတုသမုဋ္ဌာနရူပပရမ္ပရာ=မသေမီ ဥတုဇရုပ် အကုန်လုံးရှိစဉ် ၎င်းတို့ အထဲက တေဇော များက လုပ်ပေးသော "ဥတုဇရုပ်" ဗဟိဒ္ဓတေဇော က လုပ်ပေးသော "ဥတုဇရုပ်" ၎င်းတို့အထဲက တေဇောက တဆင့် လုပ်ပေးသော "ဥတုဇရုပ်" စသည်ဖြင့် စုတိမရှိသည့်နောက် ဆက်ခါ ဆက်ခါ "ဥတုဇရုပ်"များဖြစ်ကြသည်။

ယာဝမတကဠေဝရသင်္ခါတာ=အကောင်ပုပ် ဖြစ်သည့်တိုင်အောင်(သို့)ဆွေး မြေ့ပျက်စီးသည့်တိုင်အောင် ဥတုဇရုပ်များ ဖြစ်ကြသည်။

သင်္ဂဟဂါထာ

၅၇။ ဣစ္စေဝံ မတသတ္တာနံ၊ ပုနဒေဝ ဘဝန္တရေ။
ပဋိသန္ဓိမုပါဒါယ၊ တထာရူပံ ပဝတ္တတိ။ ။

အနက်=ဣစ္စေဝံ=ဣတိဧဝံယထာဝုတ္တနယေန=ဤသို့ အကြင်အကြင် ဆိုခဲ့ပြီး သောနည်းဖြင့်၊ မတသတ္တာနံ=သေကုန်သော သတ္တဝါတို့အား၊ ပဋိ သန္ဓိံ=ပဋိသန္ဓေကို၊ ဥပါဒါယ=အစပြု၍၊ ရူပံ=ရုပ်သည်၊ ပဝတ္တတိ ယထာ=ဖြစ်သကဲ့သို့၊ တထာ=ထို့အတူ၊ ပုန=တဖန်၊ ဘဝန္တရေ=ဘဝ တပါး၌၊ ပဋိသန္ဓိံ=ပဋိသန္ဓေကို၊ ဥပါဒါယ=အစပြု၍၊ ရူပံ=ရုပ်သည်၊ ပဝတ္တတိ=ဖြစ်၏။ (စာမေးပွဲ မေးတတ်၍ ဘာသာပြန် လိုက်သည်)

ရူပဘုံ၌ ရုပ်ဖြစ်စဉ်

၅၀။ ရူပလောကေ ပန ဃာန,ဇိဝှါ, ကာယ, ဘာဝဒသကာနိ စေဝ အာဟာရဇကလာပါနိ စ န လဗ္ဘန္တိ။
တသ္မာ တေသံ ပဋိသန္ဓိကာလေ စက္ခု,သောတ,ဝတ္ထု ဝသေန တီဏိ ဒသကာနိ ဇီဝိတနဝကဉ္စေတိ စတ္တာရော ကမ္မသမုဋ္ဌာနကလာပါ။

ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာ စ လဗ္ဘန္တိ။

ရူပဘုံ၌=ရသောကမ္မဇကလာပ်	မရသောကမ္မဇကလာပ်
၁။ စက္ခုဒသကကလာပ်	၁။ ဃာနဒသကကလာပ်
၂။ သောတဒသကကလာပ်	၂။ ဇိဝှာဒသကကလာပ်
၃။ ဝတ္ထုဒသကကလပ်	၃။ ကာယဒသကကလာပ်
၄။ ဇီဝိတနဝကကလာပ်	၄။ ဣတ္ထိဘာဝဒသကကလာပ်
	၅။ ပုမ္ဘာဝဒသကကလာပ်

အာဟာရဇကလာပါနိန=အာဟာရဇကလာပ် ၂ စည်းလည်း မရ။
သတိ=ကမ္မဇကလာပ် ၅ (ဃာနာဒိ ၃+ဘာဝ ၂)
အာဟာရဇကလာပ် ၂=၇(ရူပဘုံ၌ မရသော ကလာပ်များ)
ရ=၂၁–၇=၁၄ (ရူပဘုံ၌ ရသော ကလာပ်များ)(၂၁၌ ၇ နုတ်ဟူလို)
မဖြစ်=ကာမဝိရာဂ အခြေခံ ဘာဝနာကြောင့် ဃာန, ဇိဝှာ, ကာယ မဖြစ်။
ဘာဝဒသကသည် အားကြီးသော ကာမရာဂ၏ မှီရာ ဖြစ်၏၊
ဗြဟ္မာများမှာ ၎င်းကာမရာဂမျိုး မရှိ၍ မဖြစ်။

အမှာ=၎င်း ၅ ပါးချန်၊ ကျန် ၂၃ ရူပဘုံ၌ ဖြစ်။

ဇီဝိတနဝကံ=ရူပဗြဟ္မာများမှာ ကာယဒသကမရှိ၍ ၎င်းအစား ဇီဝိတနဝက ကလာပ်သည် ပဋိသန္ဓေက စ၍ဖြစ်သည်။
ကာမဘုံသားတွေမှာ ဇီဝိတနဝက ကလာပ်သည် ပဝတ္တိ အခါ ကျမှ ဖြစ်သည်။

အမှာ=ပဋိသန္ဓေအခါ ဖြစ်သော ရုပ်များသည် ပဝတ္တိ အခါမှာလည်း သေသည့်တိုင်အောင် ဆက်ခါ ဆက်ခါ ဖြစ်သည်။

အာဟာရဇကလာပါနိ= ရူပဘုံ၌ အဇ္ဈတ္တိကာဟာရ ရှိသော်လည်း ဗဟိဒ္ဓ အာဟာရ အကူအညီ မရ၍ ရုပ်ကို မဖြစ်စေနိုင်။ ထို့ကြောင့် အာဟာရဇရုပ် မဖြစ်ဟု ဆိုသည်။

အမှာ=အဝိနိဗ္ဘောဂရုပ်၌ အာဟာရကို ရည်ရွယ်၍ အဇ္ဈတ္တိကာဟာရ ရှိ၏ဟု ဆိုသည်။

အထူး=ကာမာဝစရ နတ်ပြည် ၆ ထပ် ဘုံသားများ

အသညသတ်နှင့်တကွ ရူပဗြဟ္မာကြီးများ=၎င်း ၂ မျိုးသေလျှင် ခန္ဓာကိုယ် ပျောက်သွားသည်။ (၎င်းတို့၏ တေဇောလောင်ကျွမ်းမှု ပြင်းထန်လို့)

အသညသတ်ဘုံ၌ ရုပ်ဖြစ်စဉ်

၃၉။ အသညသတ္တာနံ ပန စက္ခု,သောတ,ဝတ္ထု,သဒ္ဒါပိ န လဗ္ဘန္တိ။
တထာ သဗ္ဗာနိပိ စိတ္တဇရူပါနိ။
တသ္မာ တေသံ ပဋိသန္ဓိကာလေ ဇီဝိတနဝကမေဝ။
ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။

ဇီဝိတနဝကမေဝ ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ် ၁ သာ။

အမှာ ၎င်းကလာပ်သည် ပဝတ္တိအခါ၌လည်း ဖြစ်၏။

သဒ္ဒဝဇ္ဇိတံ=၁။ သုဒ္ဓဋ္ဌကကလာပ်

၂။ လဟုတာဒေကာဒသကကလာပ်=၎င်းသဒ္ဒမပါသော ဥတုဇ ကလာပ် ၂ စည်း ပဝတ္တိအခါ၌ ဖြစ်၏။

သတိ=ဇီဝိတနဝကကလာပ်- ၁ (ပဋိသန္ဓေအခါ)
ဇီဝိတနဝကကလာပ်- ၁ (ပဝတ္တိအခါ)
သုဒ္ဓဋ္ဌကကလာပ်- ၁ (ပဝတ္တိအခါ)
လဟုတာဒေကာဒသက- ၁ (ပဝတ္တိအခါ)
၎င်း ၄ စည်း အသညသတ်ဘုံ၌ ရှိ၏။ (ပဋိသန္ဓေ ၁၊ ပဝတ္တိ ၃)

သရုပ်=အဝိနိဗ္ဘောဂ ၈ (ဇီဝိတနဝကမှ)
ဇီဝိတရုပ် ၁ (ဇီဝိတနဝကမှ)
လဟုတာ ၁ (လဟုတာဒေကာဒသကမှ)
မုဒုတာ ၁ (လဟုတာဒေကာဒသကမှ),

ကမ္မည်တာ ၁ (လဟုတာဒေကာဒသကမှ)
အာကာသဓာတ်ာ (ကလာပ်တွင်မပါ)
လက္ခဏာရုပ် ၄=ကလာပ်တွင်မပါ=ပေါင်း၁၇=အသည်ဘုံ၌ဖြစ်၊

အတိုကောက်=လဟုတာဒိ, အဝိ, အာကာ, လက္ခဏာ, ဇီဝိတ, အသည ရုပ်က တဆယ့်ခွန်။

၆၀။ ဣစ္စေဝံ ကာမရူပသညီသခ်ါတေသု တီသု ဌာနေသု ပဋိသန္ဓိ, ပဝတ္တိဝသေန ဒုဝိဓာ ရူပပဝတ္တိ ဝေဒိတဗ္ဗာ။
အမှာ=ပြီးဆုံးကြောင်း နိဂုံးချုပ်မျှသာ။

သင်္ဂဟဂါထာများ

၆၁။ အဋ္ဌဝီသတိ ကာမေသု၊ ဟောန္တိ တေဝီသ ရူပိသုံ။
သတ္တရသေဝ သညီနံ၊ အရူပေ နတ္ထိ ကိဉ္စိပိ။

ကာမေသု=ကာမဘုံတို့၌ အဋ္ဌဝီသတိ=ရုပ် ၂၈။
ရူပိသု=ရူပ ၁၅ ဘုံတို့၌ တေဝီသ =ရုပ် ၂၃=ဃာန။
ဇိဝှာ
ကာယ
ဘာဝ ၂=၅ ကြဉ်=၂၃။
အသညီနံ=အသညသတ် ဘုံသားတို့အား၊ သတ္တရသေဝ=လဟုဘာဒိ၊ အဝိ၊ အာကာ၊ လက္ခဏာ၊ ဇီဝိတ၊ အသည၊ ရုပ်က၊ တဆယ့်ခွန်။

ကာမဘုံ သံသေဒဇ, ဥပပတ်

သံသေဒဇ, ဥပပတ် ပဋိသန္ဓေအခါ ရနိုင်သောကလာပ်
စက္ခုဒသက, သောတ, ဃာန, ဇိဝှာ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, ဝတ္ထုဒသက=၈ စည်း။

အမှာ=၎င်း ၈ စည်းသည် ပဝတ္တိအခါမှာလဲ ဆက်ဖြစ်သည်။ (ပဋိသန္ဓေ ပဝတ္တိကလာပ်များဟု ဆိုနိုင်သည်)
မိန်းမ ယောကျ်ားခွဲလျှင် ၇ စည်းစီသာ (ဣတ္ထိဘာဝ, ပုမ္ဘာဝ ၁ ခုစီသာ ဖြစ်လို့)

ပဋိသန္ဓေကေန်ရရုပ်=၈=စက္ခု + သောတ + ဃာန+ ဇိဝှာ + ကာယ+
ဣတ္ထိဘာဝ+ပုမ္ဘာဝ+ဟဒယဝတ္ထု=ပေါင်း ၈။

ပဋိသန္ဓေအနေကန်ရရုပ်=၉ (အဝိနိဗ္ဘောဂ+ဇီဝိတ)

အမှာ=ကေန် ၈+အနေကန်၉=၁၇၊ မိန်းမ ယောကျ်ားခွဲလျှင် ၁၆ စီသာ
(ဣတ္ထိဘာဝ,ပုမ္ဘာဝ ၁ ခု စီသာဖြစ်လို့)

ချို့ကလာပ်များ=စက္ခု,သောတ,ဃာန,ဣတ္ထိဘာဝ,ပုမ္ဘာဝဒသက= ၅စည်း
(ဘာဝ ၂ ခု ကပ္ပါဦးသူသာ ချို့ကောင်း)

ကေန်ချို့ရုပ်များ=စက္ခု+သောတ+ဃာန+ဣတ္ထိဘာဝ+ပုမ္ဘာဝ=၅(ဘာဝ
၂ ခု ကပ္ပါဦးသူသာ ချို့ကောင်း)

အနေကန်ချို့ရုပ်များ=၉= (အဝိနိဗ္ဘောဂ+ဇီဝိတ) (ကမ္မဇဖြစ်ခိုက်စသည်)

မချို့ကလာပ်များ=ဇိဝှာဒသက+ကာယဒသက+ဝတ္ထုဒသက= ၃ စည်း။

ကေန်မချို့ရုပ်များ=ဇိဝှာ+ကာယ+ဟဒယဝတ္ထု=၃ ခု။

အနေကန်မချို့ရုပ်များ=(အဝိနိဗ္ဘောဂ+ဇီဝိတ) (စိတ္တဇဖြစ်ခိုက်စသည်)

ပဋိသန္ဓေမရကလာပ်=ဇီဝိတနဝကကလာပ် ၁ (ကမ္မဇကလာပ်ထဲက)
စိတ္တဇကလာပ် ၆
ဥတုဇကလာပ် ၄
အာဟာရဇကလာပ် ၂=၁၃။
(၎င်း ၁၃ စည်းကို ပဝတ္တိအခါသာဖြစ်သော ကလာပ်ဟုဆိုနိုင်သည်)

ပဋိသန္ဓေမရရုပ်=သဒ္ဒရုပ် ၁
အနိပ္ဖန္နရုပ် ၁၀=ပေါင်း၁၁။
၎င်းရုပ် ၁၁ ကို ပဝတ္တိအခါသာဖြစ်သော ရုပ်ဟုဆိုနိုင်သည်။

ကာမဘုံ ဂဗ္ဘသေယျက (အဏ္ဍဇ, ဇလာဗုဇ)

ပဋိသန္ဓေရကလာပ်=ကာယ+ဣတ္ထိဘာဝ+ပုမ္ဘာဝ+ဝတ္ထု=၄ စည်း။

အမှာ=၎င်း ၄ စည်း ပဝတ္တိအခါလဲဆက်ဖြစ်သည်၊ (ပဋိသန္ဓေပဝတ္တိကလာပ်
လည်း ခေါ်နိုင်သည်)
မိန်းမ ယောကျ်ားခွဲလျှင် ၃ စည်းစီသာ (ဣတ္ထိဘာဝ,ပုမ္ဘာဝ, ၁ ခုစီ
သာ ဖြစ်လို့)

ရုပ်အရေအတွက်=အဝိ"ဂ"+ဇီဝိတ+ကာယ+ဣတ္ထိဘာဝ+ပုမ္ဘာဝ+ ဟဒယ
ဝတ္ထု=၁၃=(အဝိ၊ ဂ နှင့် ဇီဝိတကို ၁ ကြိမ်သာ ယူသည်)

အမှာ=မိန်းမ ယောကျ်ားခွဲလျှင် ၁၂ စီသာ (ဘာဝ ၁ ခု စီသာ ဖြစ်လို့)

ချို့ကလာပ်=ဣတ္ထိဘာဝ+ပုမ္ဘာဝ=၂ စည်း (ကပ္ပာဦးသူ မဟုတ်သော်လည်း ဂဗ္ဘသေယျက ချို့ကောင်း)

ကျန်ချို့ရုပ်=ဣတ္ထိဘာဝရုပ်+ပုမ္ဘာဝရုပ်=၂။

အနေကန်ချို့ရုပ်=(အဝိနိဗ္ဘောဂ+ဇီဝိတ) (ကမ္မဇဖြစ်ခိုက်စသည်)

မချို့ကလာပ်=ကာယဒသက+ဝတ္ထုဒသက=၂ စည်း

ကျန်မချို့ရုပ်=ကာယပသာဒ+ဟဒယဝတ္ထု=၂

အနေကန်မချို့ရုပ်=(အဝိနိဗ္ဘောဂ+ဇီဝိတ) (စိတ္တဇဖြစ်ခိုက်စသည်)

ပဋိသန္ဓေမရကလာပ်=ကျန် ကမ္မဇကလာပ် ၅၊ (ဇီ, စ, သော, ဃာ, ဇိဝှာ)
စိတ္တဇကလာပ် ၆
ဥတုဇကလာပ် ၄
အာဟာရဇကလာပ် ၂=၁၇။
(၎င်း ၁၇ စည်းကိုဂဗ္ဘသေယျက၌ ပစ္စတ္တိသာ ရနိုင်သော ကလာပ်ဟု ဆိုနိုင်၏)

ပဋိသန္ဓေမရရုပ်=မရ ကမ္မဇရုပ် ၄၊ (စက္ခု+သောတ+ဃာန+ဇိဝှာ)
အနိပ္ဖန္နရုပ် ၁၀=၁၅=
(၎င်း ၁၅ ကို ပစ္စတ္တိအခါသာ ဖြစ်သော ရုပ်ဟု ဆိုနိုင်သည်)
ပစ္စတ္တိအခါ ရသမျှကလာပ် ၂၁ စည်း (ဂဗ္ဘသေယျကခန်းသတ်ပြု)
ပစ္စတ္တိအခါ ရသမျှရုပ်များ ၂၈ (ဂဗ္ဘသေယျကခန်းသတ်ပြု)

ရူပဘုံ ဥပပတ္တိ ၁ မျိုးသာ

ပဋိသန္ဓေရကလာပ်=စက္ခု+သောတ+ဝတ္ထု+ဇီဝိတ= ၄ စည်း။

အမှာ=၎င်း ၄ စည်း ပစ္စတ္တိအခါမှာလဲ ဆက်ဖြစ်သည်။ (ပဋိသန္ဓေ ပစ္စတ္တိ ကလာပ် ခေါ်နိုင်၏။

ကျန်ပဋိသန္ဓေရရုပ်=စက္ခု+သောတ+ဟဒယဝတ္ထု=၃။

အနေကပန်ဋိသန္ဓေရရုပ်=(အဝိနိဗ္ဘောဂ+ဇီဝိတ)

ချို့မချို့=ကာမဘုံသားကဲ့သို့ ချို့မချို့ မရှိ၊ (ဘယ်တော့မှ မချို့ကြ) (မိန်းမ ယောကျ်ား မရှိ၊ ဘာဝ မဖြစ်လို့)

ပဋိသန္ဓေမရကလာပ်=ကျန် ကမ္မဇကလာပ် ၅ (ဃာ, ဇိ, ကာ, ဣတ္ထိ, ပုံ)
စိတ္တဇကလာပ် ၆
ဥတုဇကလာပ် ၄
အာဟာရဇကလာပ် ၂=၁၇။

ကျန်ပဋိသန္ဓေမရရုပ်=မရကမ္မဇရုပ်=၅ (ဃာန+ဇိဝှာ+ကာယ+ဣတ္ထိ, ပုံ)
သဒ္ဒရုပ် ၁
အနိပ္ဖန္နရုပ် ၁၀=၁၆။

အနေကန်ပဋိသန္ဓေမရရုပ် ၉=အဝိနိဗ္ဘောဂ+ဇီဝိတ (အခိုက်အတန့်ပင်)

ရူပဘုံရသမျှကလာပ်=ကမ္မဇကလာပ် ၄
စိတ္တဇကလာပ် ၆
ဥတုဇကလာပ် ၄=၁၄စည်း (ပဝတ္တိကို ရည်သည်)

ရူပဘုံရသမျှရုပ်=၂၃ (ဃာန, ဇိဝှာ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝကြဉ်) (ပဝတ္တိကိုရည်)
(ကျန် အနေကန် စိစစ်လျှင် အဝိနိဗ္ဘောဂနှင့် ဇီဝိတသတိပြု)

အသညသတ်ဘုံ ဥပပတ် ၁ မျိုးသာ

ပဋိသန္ဓေရကလာပ်=ဇီဝိတနဝကကလာပ် ၁ သာ (ပဝတ္တိအခါလဲ ဆက်ဖြစ်)
ကျန်ပဋိသန္ဓေရရုပ်=မရှိ။ (သတိ=အသညသတ်အတွက်)
အနေကန်ပဋိသန္ဓေရရုပ် ၉ (အဝိနိဗ္ဘောဂ ၈+ဇီဝိတ ၁)

အသညသတ်ရသမျှကလာပ်=၁။ ဇီဝိတနဝကကလာပ် (ကမ္မဇ ရုပ်ထဲက)
၂။ သဒ္ဒနဝကကလာပ် (ဥတုဇကလာပ်ထဲက)
၃။ လဟုတာဒေကာဒသကကလာပ် (ဥတုဇ ကလာပ်ထဲက)=၃ စည်း၊

အသညသတ်မရကလာပ်=ကမ္မဇကလာပ် ၈ (ဇီဝိတနဝကချန် ကျန် ၈)
စိတ္တဇကလာပ် ၆
ဥတုဇကလာပ် ၂ (သဒ္ဒနဝက+သဒ္ဒလဟုတာဒိ ဒွါဒသက)
အာဟာရဇကလာပ် ၂=၁၈။

အသညသတ်ရသမျှရုပ်=၁၇(လဟုတာဒိ,အဝိ, အာကာ, လက္ခဏာ, ဇီဝိတ, အသည ရုပ်က တဆယ့်ခွန်)

အသညသတ်မရရုပ်=၁၁(စက္ခု+သောတ+ဃာန+ဇိဝှာ+ကာယ+ ဝတ္ထု+ ဣတ္ထိဘာဝ+ပုမ္ဘာဝ+သဒ္ဒရုပ်+ဝိညတ် ၂)

ပဋိသန္ဓေအခါမရသောရုပ်

သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏဥ္စော,ပပတ္တိယံ။
န လဗ္ဘန္တိ ပဝတ္တေတု၊ န ကိဥ္စိပိ န လဗ္ဘတိ။ ။
အယမေတ္ထရူပပဝတ္တိက္ကမော။

အနက်=သဒ္ဒေါစ=သဒ္ဒါရုံကို လည်းကောင်း၊ ဝိကာရောစ=ဝိကာရရုပ် ၅ပါးကိုလည်းကောင်း၊ ဇရတာစ=ဇရတာရုပ်ကိုလည်းကောင်း၊ မရဏဥ္စ=အနိစ္စတာ ရုပ်ကို လည်းကောင်း၊ ဥပပတ္တိယံ=ပဋိသန္ဓေ အခါ၌၊ နလဗ္ဘန္တိ=မရအပ်ကုန်။
ပဝတ္တေတု=ပဝတ္တိအခါ၌ကား၊ ကိဥ္စိပိ=တစုံတခုသော ရုပ်ကိုလည်း၊ နလဗ္ဘတိ=မရအပ် သည်ကား၊ န=မဟုတ်၊ လဗ္ဘတိဧဝ=ရအပ်သည် လျှင်တည်း (စာမေးပွဲမေးတတ်သည်)

ပဋိသန္ဓေအခါမရ=သဒ္ဒရုပ် ၁ (သဒ္ဒါရုံ)
ဝိကာရရုပ် ၅ (လဟုတာဒိ၃+ဝိညတ်၂)
ဇရတာရုပ် ၁
အနိစ္စတာရုပ် ၁=၈=ပဝတ္တိအခါသာဖြစ်။

အမှာ=ဇရတာ=ကမ္မဇရုပ်တို့၏ ဌီ
အနိစ္စတာ=ကမ္မဇရုပ်တို့၏ ဘင်

သတိ= ပဋိသန္ဓေအခါ ဌီ,ဘင်မရ၊ ဥပါဒ်သာရသို့ ကမ္မဇရုပ် ဥပါဒ်အချိန်ကိုသာ ပဋိသန္ဓေအခါခေါ်ကြ၏။

နိဗ္ဗာန်ကိုပြခြင်း

၆၂။ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂ,ဖလာနံ, မာရမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။ ။

B. 39

သခါတံ=ပညတ်အားဖြင့် နိဗ္ဗာန်ကို လောကုတ္တရာ အမည်မှည့်။
သစ္စိကာတဗ္ဗံ=နိဗ္ဗာန် ဆိုတာ မဂ်ဉာဏ် ၄ပါးဖြင့် မျက်မှောက် ပြုအပ်သည့်
သဘာဝ။

အာရမ္မဏဘူတံ=နိဗ္ဗာန်ဆိုတာ မဂ်ဖိုလ်တို့၏ အာရုံဖြစ်တဲ့ သဘော။
အမှာ= ၎င်းပါဠိ ၂ပုဒ်ဖြင့် နိဗ္ဗာန် ဆိုတာ ဘာမျှမရှိ ဆိုတဲ့ အယူကိုပယ်။
(ရှိလို့မြင်တာပေါ့ဟုလို)
ဝါန= တေဘူမက တရားတို့ကို အောက်တန်းဘဝနှင့် အထက်တန်း ဘဝ"
အနိမ့် တရားနှင့် အမြင့်တရား စသည်တို့ကို စပ်ဟတ်ပေး တတ်လို့
တဏှာကို ဝါနခေါ်။
နိဗ္ဗာနံ–နိ-ဝါန=ဝါနခေါ် တဏှာမှ လွတ်မြောက်သောသဘော။
ရှင်း= နိဗ္ဗာန်၌ တဏှာကြိုက် ရူပါရုံစသည် မရှိလို့ တဏှာကမလိုချင်။
ဤသို့ တဏှာက မလိုချင်မှု အာရုံမပြုမှုကိုပင် တဏှာမှ လွတ်သည်
ဟု ဆိုသည်။

တနည်း= တဏှာနှင့် မယှဉ်လို့ တဏှာမှ လွတ်သည်ဟု ဆိုသေး။

၆၃။ တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသ နိဗ္ဗာန
ဓာတု အနုပါဒိသေသနိဗ္ဗာနဓာတု စေတိ ဒုဝိဓံ ဟောတိ
ကာရဏပရိယာယေန။ ။

သဉပါဒိ၌-သ=တကွ အနက်(သဟကို သပြု)
ဉပါဒိ=ဉပ,အာဒိ=တဏှာ ဒိဋ္ဌိတို့သည် ပူးပူးကပ်ကပ် ယူအပ်သော လောဘ
မူ ခန္ဓာ(မုချ) အဆိုးဆုံးဖြစ်လို့။
ဒေါသမူ မောဟမူခန္ဓာ (သဒိသူ ဒုက္ခပေးမှုခြင်းတူလို့)
လိုရင်း=ဉပါဒိ=အကုသိုလ်ခန္ဓာ(မုချ+ဉပစာ) ၎င်းကိုပင် ကိလေသာခန္ဓာ
(ကိလေသာရှိသော ခန္ဓာ)ဟု သုံးကြသည်။

သေသအပါဒါန်=အကုသိုလ်ခန္ဓာ(ကိလေသာ ခန္ဓာလည်းဟူ)

သေသ=ကိလေသာ ခန္ဓာမှ ကြွင်းသော ခန္ဓာ ၅ပါး (အကုသိုလ်ချန် ကျန်
စိတ်,စေတသိက်ရုပ်များ) (ဘုရား,ရဟန္တာတို့၏ ခန္ဓာဟူလို) အတိ
အကျကောက်လျှင် ရဟန္တာတို့၌၊ ကုသိုလ်လည်းမဖြစ်။

နိဗ္ဗာန=ၡင်းကိလေသာ ခန္ဓာမှ ကြွင်းသော ခန္ဓာ များကိုပင် နိဗ္ဗာန် ခေါ် (တဏှာ မပူးနိုင် မကပ်နိုင်လို့)

သဉပါဒိသေသနိဗ္ဗာနဓာတု=ကိလေသာတို့မှ ကြွင်းသော ခန္ဓာနှင့်တကွ ဖြစ်သော နိဗ္ဗာန်။

ရှင်း= ပရိနိဗ္ဗာန် မစံသေးသော ဘုရားရဟန္တာတို့မှာခန္ဓာကား ရှိနေသေး၏။ သို့သော် ၡင်းခန္ဓာတို့တွင် ကိလေသာကားမရှိတော့ပေ။ ကိလေသာမရှိသဖြင့်တဏှာလည်း မရှိ။ ဤသို့ တဏှာမရှိမှုကို အကြောင်းပြုပြီး ဘုရားရဟန္တာတို့၏ ခန္ဓာကိုယ်ကိုလည်း သဉပါဒိသေသနိဗ္ဗာန်ဟု အမည်ပေးသည်။

အနုပါဒိသေသနိဗ္ဗာနဓာတု=ခန္ဓာလည်းမရှိ။ တဏှာနှင့် တကွ ကိလေသာလည်း မရှိသော နိဗ္ဗာန်။

ကာရဏပရိယာယေန=ခန္ဓာရှိလျက် တဏှာမရှိခြင်း။ ခန္ဓာရော တဏှာပါမရှိခြင်း=ဤသို့သော အကြောင်းမျိုးကို စွဲ၍ ၂မျိုး ရှိသယောင်ယောင် သုံးခြင်းသာ စင်စစ် အားဖြင့် တမျိုးတည်းပင်)

၆၄။ **တထာ သုညတံ အနိမိတ္တံ အပ္ပဏိဟိတဥ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။**

အာကာရဘေဒေန=၁။ တဏှာ ဆိတ်သုဥ်းတဲ့ အခြေအနေကို စွဲ၍ သုညတ နိဗ္ဗာန်အမည်ပေး။

၂။ တဏှာသိတ်တဲ့ အကြောင်းကင်းတဲ့ အခြေအနေ ကို စွဲ၍ အနိမိတ္တ နိဗ္ဗာန် အမည်ပေး (တဏှာ ကို အကြောင်းကဲ့သို့ သဘောထားသူ)

၃။ တဏှာက မတောင့်တ မလိုချင်တဲ့ အခြေအနေကို စွဲ၍ အပ္ပဏိဟိတ နိဗ္ဗာန်အမည်ပေး။

အခြေအနေအစွဲပြုပြီး သုံးမျိုးရှိသယောင်ယောင် သုံးခြင်းသာ စင်စစ် အားဖြင့် တမျိုးတည်း။

သင်္ဂဟဂါထာ (နိဗ္ဗာန်၏သဘော)

၆၅။ ပဒ,မစ္စုတ,မစ္စန္တံ၊အသင်္ခတ, မနုတ္တရံ။
နိဗ္ဗာန,မိတိဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။ ။

အစ္စုတံ=ရွေ့လျောခြင်း မရှိသော (သေခြင်းမရှိသော)
အစ္စန္တံ=အဆုံးကို လွန်သော (စုတိ ဟူသော အဆုံးကို လွန်သော)
အသင်္ခတံ=အကြောင်းတရားတို့သည် မပြုပြင်အပ်သော။
အနုတ္တရံ=မိမိထက် လွန်မြတ်သောတရား မရှိသော။
ပဒံ= နိဗ္ဗာန်ကို၊ နိဗ္ဗာနမိတိ=နိဗ္ဗာန်ဟူ၍။
ဝါနမုတ္တာ=ဝါနဟုဆိုအပ်သော တဏှာမှ လွတ်ကုန်သော။
မဟေသယော=သီလက္ခန္ဓ စသည်အထူး ဂုဏ်ကျေးဇူးတို့ကို ရှားမှီးတတ်သော
မြတ်စွာဘုရားတို့သည်။
ဘာသန္တိ=ဟောတော်မူကြကုန်၏။

ပရမတ္ထတရား ၄ပါး နိဂုံး

၆၆။ ဣတိ စိတ္တံ စေတသိကံ၊ရူပံ နိဗ္ဗာန, မိစ္စပိ။
ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။ ။

ဣတိ= ပရမတ္ထတရား ၄ပါးလုံး ပြီးဆုံးကြောင်းပြ။ (နိဂုံးလည်းဟူ)

ရုပ်ပိုင်းပြီး၏

စာမေးပွဲဖြေသူများအတွက်

လေ့ကျင့်ခန်း

မေး။ သဘ္ဘေဒ၊ ပဝတ္တိကာ အဓိပ္ပာယ်ကိုရှင်းပါ။

ဖြေ ။ ပဘေဒ ၃မျိုးနှင့် ပဝတ္တိ၂မျိုးတို့ကို ပြပြီးကြောင်းသိစေ၏။

မေး ။ ပဘေဒ၃မျိုးနှင့် ပဝတ္တိ၂မျိုးကို ရှင်းပါ။

ဖြေ ။ ၁။ ဥဒ္ဒေသ=စိတ်ပိုင်း အစပ္ပ စေတသိက်ပိုင်း ဒွိပညာသ ပစ္စုဒ္ဒေ အထိ(စိတ်၊ စေတသိက် အမည်သက်သက်ပြလို့ ဥဒ္ဒေသ)

၂။ နိဒ္ဒေသ=တေသံစိတ္တာဝိယုတ္တာနံမှ စေတသိက်ပိုင်းအကုန် (သမ္ပယောဂနည်း သင်္ဂဟနည်းတို့ဖြင့် ခွဲပြလို့ နိဒ္ဒေသ)

၃။ ပဋိနိဒ္ဒေသ=ပကိဏ်းပိုင်း(ထပ် ခွဲလို့) ၎င်း၃မျိုး "ပဘေဒ"

(က) ပပတ္တိ+ပဝတ္တိခေါ်=ဝီထိပိုင်း (ပဝတ္တိအခါ ဖြစ်ပုံပြလို့)

(ခ) ပဋိသန္ဓိ+ပဝတ္တိခေါ်=ဝီထိမုတ်ပိုင်း (ပဋိသန္ဓေအခါ ဖြစ်ပုံပြလို့)

မေး။ ရုပ်ပိုင်း အခန်း၅ခန်း၏ အဓိပ္ပာယ်ကို ရှင်းပါ။

ဖြေ ။ ၁။ ရူပသမုဒ္ဒေသ=ရုပ်တို့ကို အကျဉ်းပြုံပြတဲ့ အခန်း(အမည်မျှသာ)

၂။ ရူပဝိဘာဂ=အမည်အမျိုးမျိုးတို့ဖြင့် ခွဲဝေပြတဲ့ အခန်း။

၃။ ရူပသမုဋ္ဌာန=ရုပ်ကို ဖြစ်အောင် လုပ်ပေးတဲ့ ကံ+စိတ်+ဥတု+ အာဟာရတို့ကိုပြတဲ့ အခန်း။

၄။ ရူပကလာပ=သဘောတူ ရုပ်များ စုစုဖြစ်ပုံကို ပြတဲ့ အခန်း။

၅။ ရူပပဝတ္တိက္ကမ=ဘုံ၊ ကာလ၊ သတ္တဝါ အသီးသီးမှာ ရုပ်ဖြစ်ပုံ ဖြစ်နည်းကို ပြတဲ့ အခန်း။

မေး ။ ရုပ်ကို အကျဉ်းခွဲပြသည့် မဟာဘုတ်၊ ဥပါဒါရုပ် ၂မျိုး ရှင်းပါ။

ဖြေ ။ မဟာဘုတ်=ကြီးကျယ်၍ အထင်ရှားဆုံးဖြစ်တဲ့ ရုပ်။

တနည်း=များစွာ အံ့ဖွယ် တို့ကို ပြတတ်တဲ့ ရုပ် (မျက်လှည့်နှင့်တူ)

တနည်း=များစွာ မဟုတ်ကို အဟုတ် ထင်အောင် ပြတဲ့ ရုပ် (ဘီလူးနှင့်တူ)

တနည်း=ကြီးကျယ်၍ ဥပါဒါရုပ်တို့၏ ဖြစ်ရာ ဖြစ်တဲ့ ရုပ်။

ဥပါဒါရုပ်=မဟာဘုတ်ကို မှီ၍ဖြစ်တဲ့ရုပ်။

အမှာ=ဘုတ်ဘုတ်ချင်းသည်အပြန်အလှန်မှီလို့ ဥပါဒါရုပ် မခေါ်။
မိမိကသာမှီ၍ သူတပါး၏ အမှီမခံရတဲ့ ရုပ်ကိုသာ ဥပါဒါရုပ် ခေါ်။

မေး ။ မဟာဘုတ်၄ပါး၏ သဘောကိုရှင်းပါ။

ဖြေ ။ ၁။ ပထဝီ=ဖြစ်ဖော်ဖြစ်ဖက် ရုပ်တို့၏ နေရာ(သဟဇာတ်ရုပ်တို့၏နေရာ လည်းဟူ)

၂။ အာပေါ=ဖြစ်ဖော် ဖြစ်ဖက် ရုပ်တို့သို့ ပျံ့နှံ့စေတဲ့ "အစေး"
တနည်း=ဖြစ်ဖော်ဖြစ်ဖက် ရုပ်တွေကို ပွားစေတဲ့ "အစေး"
တနည်း=ဖြစ်ဖော်ဖြစ်ဖက် ရုပ်တွေကို အစေးသဖွယ် ကပ်စေ၍ အတုံးအခဲဖြစ်အောင် လုပ်ပေးတဲ့ "အစေး"

၃။ တေဇော=ဖြစ်ဖော်ဖြစ်ဖက် ရုပ်တွေကို ရင့်မှာစေတဲ့ "အငွေ့"
တနည်း=ကြွင်းကဲ့ဘုတ်တို့ကို ကင်သကဲ့သို့ ပြုတတ်တဲ့ "အငွေ့"

အမှာ=တေဇောခေါ် အငွေ့က တောင့်တင်းအောင် လုပ်ပေးသဖြင့် ဖြစ်ဖော်ဖြစ်ဖက် ရုပ်တွေ ကိုယ့်ကိစ္စ ကိုယ်လုပ်နိုင်၏။

၄။ ဝါယော=အာပေါက ပူးကပ်ပေးတဲ့ ရုပ်အစုအပုံကို ပုံသဏ္ဍာန်အမျိုးမျိုးပေါ်လာအောင် တွန်းကန်ပေးတဲ့ သဘော။

အမှာ=ဝါယောခေါ် တွန်းကန်အားကြောင့် ရုပ်တွေအစုလိုက် နေရာရွှေ့မှုအကြောင်းပြု၍ ရွေ့လျား စေတတ်တဲ့ သဘော (သူလဲပါလို့ ရွေ့လျားတဲ့သဘော လိုမျိုးပြုသေး၏)

မေး ။ လိုလိုနေရာတိုင်း၌ ဓာတုသဒ္ဒါကို ဘာ့ကြောင့် သုံးသနည်း။

ဖြေ ။ အမျိုးမျိုး ဖြစ်မှုတွေဟာ လောကသားတွေ ထင်သလို သူငါ(သတ္တဇီဝ)မဟုတ် သဘောတရားတွေသာဟု သိစေလို၍ သုံးသည်(ဓာတု=အလင်အရှားဖြစ်တဲ့ ဖြစ်ရပ်)

မေး ။ ပသာဒအဓိပ္ပာယ်နှင့် စက္ခု(လ)ကာယတို့ကို ရှင်းပါ။

ဖြေ ။ ပသာဒ ကြည်လင်တဲ့ သဘော (စက္ခုစသည့် ၅ပါး) (အဓိပ္ပာယ်ကို စိတ်ပိုင်း ပဏ်ဏရုပ်ပိုင်းတို့၌ ပြခဲ့ပြီ)

မေး ။ ပသာဒချင်း ရောမရောနှင့် တကိုယ်လုံး၌တည်တဲ့ သဘာဝများ ပြပါ။

ဖြေ ။ မှီရာမတူ၍ မရောပါ၊ သပ်သပ်စီ တည်သည်။
ဘာဝပသာဒ လောဟိတ ဇီဝ သည်း ခြေ သုက်၊ ကိုယ်လုံး နှံ့တည်။

မေး ။ ရူပ(လ) ဖေါ်ဌမှ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ ပကိုဏ်းပိုင်း အာရမ္မဏသင်္ဂဟ မေးဖြေခန်း၌ ပြခဲ့ပြီ။

မေး ။ ဂေါစရဂ္ဂဟိသယ တူ မတူ ဖြေပါ။

ဖြေ ။ တူသည်။ ပဥ္စဝိညာဏ်တို့၏ အာရုံဖြစ်လို့ ၎င်းအမည် ရ၏။

မေး ။ ဘာဝရုပ်ဟူသည် အဘယ်နည်း။

ဖြေ ။ ဣတ္ထိလိင် ဣတ္ထိနိမိတ္တ ဣတ္ထိကုတ္တ ဣတ္ထိအာကပ္ပတို့သည် ဣတ္ထိဘာဝ။
ပုရိသလိင် ပုရိသနိမိတ္တ ပုရိသကုတ္တ ပုရိသအာကပ္ပ တို့သည် ပုမ္ဘာဝ။

မေး။ ဘာဝချုပ်သူနှင့် ဘာဝ ဖြစ်ချိန်ကို ဖြေပါ။

ဖြေ ။ ကပ္ပာဦးသူမှာ ဘာဝချုပ်၏။
ကပ္ပာဦးသူမှာ ပဝတ္တိအခါဖြစ်၊ကျန် ပုဂ္ဂိုလ်များမှာပဋိသန္ဓေအခါဖြစ်။

မေး။ ဇီဝိတိန္ဒြေ အဓိပ္ပာယ် ဖြေပါ။

ဖြေ ။ ရုပ်ဇီဝိတိန္ဒြေ=ကမ္မဇရုပ်ကို သက်တမ်းကုန် နေနိုင်အောင် ထောက်ပံ့။
နာမ်ဇီဝိတိန္ဒြေ= ဖြစ်ဖက် နာမ်ကို သက်တမ်းကုန် နေနိုင်အောင် ထောက်ပံ့။

မေး။ ကလာပ်စည်းတိုင်းမှာ ရှိသော ဩဇာကို အာဟာရ ခေါ်သလား။

ဖြေ ။ မခေါ်၊ အာဟာရဇကလာပ်၌ ရှိသော ဩဇာကိုသာ ခေါ်သည်။

မေး။ အာဟာရသည် ဘယ်ရုပ်ကို ဘယ်သတ္တိဖြင့် ကျေးဇူးပြုသနည်း။

ဖြေ ။ မိမိချန် ကျန် ကလာပ်တူရုပ်ကို ဇနကသတ္တိဖြင့် ဖြစ်စေ၏။
ကလာပ်ပြား စတုသမုဋ္ဌာနိကရုပ်ကို ဥပထမ္ဘက သတ္တိဖြင့် ထောက်ပံ့။

အမှာ=အာဟာရဇဩဇာချန် ကျန် တိဇဩဇာသည် ကလာပ်တူ ကလာပ်ပြား အားလုံးကို ထောက်ပံ့ရုံသာ ထောက်ပံ့ (ဥပထမ္ဘက)

မေး၊ ရှေ့ရုပ် ၁၈ တို့နှင့် နောက်ရုပ် ၁၀ တို့၏ အမည်များကို ဖြေပါ။

ဖြေ ။ ရှေ့ ၁၈ သဘာဝ=မိမိသဘောနှင့် မိမိဖြစ်၊ နောက် ၁၀ အသဘာဝ။
ရှေ့၁၈ သလက္ခဏ=မိမိလက္ခဏာနှင့် မိမိဖြစ်၊ နောက်၁၀ အလက္ခဏ။
ရှေ့၁၈ နိပ္ဖန္န=ကံစသော့အကြောင်းတို့ကြောင့် ဖြစ်၊နောက်၁၀ အနိပ္ဖန္န။
ရှေ့၁၈ ရူပရူပ=ရုပ်စစ် ရုပ်မှန်(ရုပ္ပနသဘောရှိ) နောက်၁၀ အရူပရူပ။
ရှေ့ ၁၈ သမ္မသန= ဝိပဿနာနည်းဖြင့် သုံးသပ်အပ်၊ နောက် ၁၀ အသမ္မသန။

မေး။ အာကာသ အပြားနှင့် ပရိစ္ဆေဒအရ ယူရမည့် အာကာသကို ဖြေပါ။

ဖြေ။ အဇဋာကာသ=ပြကတေ့ကောင်းကင်။
ပရိစ္ဆိန္နာကာသ=လူထွင်းတဲ့ အပေါက်။
ကသိဏုဂ္ဃါဋိမာကာသ=ကသိုဏ်း၉ ပါးတို့တွင် တပါးပါး ခွာ၍ ရတဲ့ ကောင်းကင်။
ပရိစ္ဆေဒါကာသ=ကလာပ် ၁ စည်းနှင့် ၁ စည်းကြား (ပရိစ္ဆေဒရုပ်၌ ၎င်းပရိစ္ဆေဒါကာသကို ယူ)

မေး။ ဝိညတ် ၂ ပါး အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ။ စိတ္တဇဝါယောဓာတ် အကြောင်းပြုပြီး ကိုယ်လှုပ်ရှားတဲ့ အမူအရာ ကာယဝိညတ်။
အသံထွက်လောက်သည့် နှုတ်လှုပ်ရှားတဲ့ အမူအရာ ဝစီဝိညတ်။

မေး။ လဟုတာ, မုဒုတာ, ကမ္မညတာတို့၏ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ။ လဟုတာ=ရုပ်တို့၏ ပေါ့ပါးခြင်း။
မုဒုတာ=ရုပ်တို့၏ နူးညံ့ခြင်း။
ကမ္မညတာ=ရုပ်တို့၏ ကိုယ့်အမှု ကိုယ်ပြုစွမ်းနိုင်ခြင်း။
(၎င်း ၃ မျိုး ဓာတ်သဘာဝ ညီညွတ်မှ ဖြစ်သည်၊ ဗဟိဒ္ဓ၌ မဖြစ်)

မေး။ လက္ခဏာနှင့် လက္ခဏာရုပ် ၄ ခုကို အကြောင်း ရှင်းပါ။

ဖြေ။ လက္ခဏာ=ရုပ် ၁ခုဆိုတာ ဤလက္ခဏာ ၄ ပါး ပြည့်စုံတဲ့ဟာပဲဟု မှတ်သားရတဲ့ သဘော။
ဥပစယ=အဦးဆုံးရုပ်တို့၏ "ဥပါဒ်"
သန္တတိ=ဆက်ဖြစ်တဲ့ရုပ်တို့၏"ဥပါဒ်"(၂ပါးဥပါဒ်ချင်းတူပုံသတိပြု)
ဇရတာ=ရုပ်တို့၏ "ဌီ"
အနိစ္စတာ=ရုပ်တို့၏"ဘင်" (၎င်းဥပါဒ်+ဌီ+ဘင်=၃ ပါး စုံ ဖြစ်တဲ့ ဟာကို ရုပ် ၁ခုဟု မှတ်သားကြောင်းဖြစ်လို့ ၎င်း ၄ပါးကို"လက္ခဏာ" ခေါ်။

မေး။ ဇာတိနှင့် ဥပစယ+သန္တတိ တူ မတူ။

ဖြေ။ အတူတူပင် ဥပါဒ်ချည်း။

မေး။ ရူပသမုဒ္ဒေသ၌ ကောဒသဝိဓံအရနှင့် အဋ္ဌဝီသတိဝိဓံအရ ဘူတပ္ပသာဒ ဝိသယာ=၂၈ ါထားကိုမှီး၍ ဖြေပါ။

ဖြေ ။ ဘူတရုပ်+ပသာဒရုပ် စသည်ဖြင့် အုပ်စုံအမည် ကောဒသ(၁၁) ပထဝီ+အာပေါ စသည်ဖြင့် သရုပ် ၁ ခုစီအမည် အဋ္ဌဝီသတိ (၂၈)

ရူပဝိဘာဂ

မေး။ ရုပ် ၂၈ခုလုံး၏ အမည်များကို အကြောင်းနှင့်တကွ ဖြေပါ။

ဖြေ ။ အဟေတုက=ဟိတ်နှင့် မယှဉ်တဲ့ ရုပ်။
သပ္ပစ္စယ=ကံ+စိတ်+ဥတု+အာဟာရ အကြောင်း ၄ ပါး ရှိ တဲ့ ရုပ်။
သာသဝ=အာသဝတို့၏ အာရုံဖြစ်တဲ့ ရုပ်။
သင်္ခတ=ကံ+စိတ်+ဥတု+အာဟာရ အကြောင်း ၄ ပါးပြုပြင်အပ်တဲ့ ရုပ်။
လောကိယ=ဥပါဒါနက္ခန္ဓာ ဟူသော လောက၌ ပါဝင်တဲ့ရုပ်။
ကာမာဝစရ=ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်တဲ့ ရုပ်။
အနာရမ္မဏ=နာမ်ကဲ့သို့ အာရုံကို မယူတတ်တဲ့ ရုပ်။
အပ္ပဟာတဗ္ဗ=မဂ်,ဖိုလ်သည် မပယ်အပ်တဲ့ ရုပ်။

မေး။ ပိဋကတ်မှာ သုံးသည့် ရုပ်၏ အမည် အမျိုးမျိုးကို ပြပါ။

ဖြေ ။ အဇ္ဈတ္တိက=ပသာဒရုပ်(အတ္တခေါ် ခန္ဓာကိုယ်၌ဖြစ်လို့)ကျန် ဗာဟိရ။
ဂေါစရ=ရူပ+သဒ္ဒ+ဂန္ဓ+ရသ+ ဘုတ် ၃ ခု (အာကြည်) (အာရုံ ဖြစ်လို့ ဂေါစရခေါ်) ကျန် အဂေါစရ။
ဝတ္ထု=ပသာဒ ၅+ဟဒယ ၁(နာမ်တို့၏ မှီရာဖြစ်လို့) ကျန် အဝတ္ထု။
ဒွါရ=ပသာဒ ၅+ဝိညတ် ၂ (ဒွါရအနေဖြင့်ဖြစ်လို့)ကျန် အဒွါရ။
ဣန္ဒြိယ=ပသာဒ၅+ဘာဝ ၂+ဇီဝိတ ၁(သက်ဆိုင်ရာရုပ်ကို အစိုးရလို့) ကျန် အနိန္ဒြိယ။

ရှင်း= ပသာဒသည် ဒွေးပဉ္စဝိညာဏ် ၁၀ ကို အစဉ်အတိုင်း အစိုးရ၏။
ဘာဝရုပ် ၂ခုသည် ဣတ္ထိလိင်စသည်ကို အစိုးရ၏(ဣန္ဒြိယပစ္စည်းမတပ်)
ဇီဝိတသည် ကလာပ်တူ ကမ္မဇရုပ်ကို အစိုးရ၏။
ဩဠာရိက=ပသာဒ၅+ဝိသယ ၇(အာရုံ အနေဖြင့် ထင်ရှားလို့)ကျန် သုခုမ။

သန္တိကေ=ယင်း ၁၂ပင်(ထင်ရှား၍ အာရုံယူမှုလွယ်လို့) ကျန် ဒူရေ။
သပ္ပဋိဃ=ယင်း ၁၂ပင် (ထင်ရှား၍ ထိခိုက်မှုသဘော ပေါ်လွင်လို့) ကျန် အပ္ပဋိဃ။
ဥပါဒိန္န=ကမ္မဇရုပ် ၁၈ (လောကီကု + အကုသိုလ်ကံ၏ အကျိုးဖြစ်လို့) ကျန် အနုပါဒိန္န။
သနိဒဿန=ရူပါရုံ (မြင်အပ်လို့) (မြင်ခြင်းနှင့်တကွ ဖြစ်လို့) ကျန် အနိဒဿန။
အသမ္ပတ္တ=စက္ခု+သောတ(အာရုံဆီသို့ မရောက်လို့)
သမ္ပတ္တ=ဃာန+ဇိဝှာ+ကာယ(အာရုံဆီသို့ ရောက်လို့)
ဂေါစရဂ္ဂါဟိက=ပသာဒ၅ (အာရုံယူလို့) (၎ာနျူ၊ ၎ာနီစိတ်၏ အမည်ကို ၎ာနပသာဒဒ္ဓမှည့်လို့)ကျန် အဂေါစရဂ္ဂါဟိက။
အဝိနိဗ္ဘောဂ=ဝဏ္ဏ+ဂန္ဓ+ရသ+သြဇာ+ ဘုတ် ၄(ခွဲ မရလို့) ကျန် အဝိနိဗ္ဘောဂ။

ရူပသမုဋ္ဌာန

မေး။ ကံအရ, ကမ္မဇရုပ်အရနှင့် ကမ္မဇရုပ် စဖြစ်ချိန်ကို ညွှန်ပြပါ။

ဖြေ ။ ကံအရ၂၅ပါး(ကာမကံ၂၀+ရူပကံ၅)(နာနာက္ခဏိကစေတနာသူ)
ကမ္မဇရုပ်အရ=၁၈ပါး (ဟဒယ၁၊ ဣန္ဒြိယ၈+အဝိ ၈+အာကာသ)
အချိန်=ပဋိသန္ဓေ ဥပါဒ်မှစ၍ စုတိမှ နောက်ကြောင်းပြန်ရေ၊ ၁၇ခု မြောက် စိတ်၏ ဥပါဒ်အထိ ဥပါဒ်+ဌီ+ဘင်တိုင်းမှာ ဖြစ်။

မေး။ ပဋိသန္ဓိမုပါဒါယနှင့် ခဏေခဏေတို့ဖြင့် အဘယ်ကို ပြသနည်း။

ဖြေ။ ပဋိသန္ဓိမုပါဒါယဖြင့် ပဋိသန္ဓိကမ္မဇရုပ် စဖြစ်ချိန်ကို ပြ၏။
ခဏေခဏေဖြင့် ပဝတ္တိကမ္မဇရုပ် ဖြစ်ချိန်ကို ပြ၏။

မေး။ စိတ်အရ, စိတ္တဇအရနှင့် စိတ္တဇရုပ် စဖြစ်ချိန်ကို ညွှန်ပြပါ။

ဖြေ ။ စိတ်အရ=၇၅(အရူပဝိပါက် ၄+ဒွေးပဉ္စဝိညာဏ်၁၀=+ ရဟန္တာတို့ စုတိကြဉ်)
စိတ္တဇရုပ်အရ=၁၅ (ဝိညတ် ၂+ သဒ္ဒ၁+ လဟုတာဒိ၃+အဝိ ၈+ အာကာ ၁)
အချိန်=ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်က စဖြစ်၊ နောက်စိတ် များ၏ ဥပါဒ်တိုင်းလည်း ဖြစ်။

မေး ။ စိတ္တဇရုပ်ကို မဖြစ်စေနိုင်တဲ့ စိတ်များ၏ အကြောင်းကို ဖြေပါ။

ဖြေ ။ ၁။ အရူပဝိပါက်ကြဉ်=ရုပ်ကို ဖြစ်စေရန် အရာဋ္ဌာန မဟုတ်သောကြောင့်လည်းကောင်း(အရူပဘုံမှာ ဖြစ်လို့)
ရုပ်ကို ဖြစ်စေတဲ့ အကြောင်းဝေးသောကြောင့် လည်းကောင်း=ဤအကြောင်း ၂မျိုးကြောင့်ကြဉ်။

၂။ ပဉ္စဝိညာဏ်ကြဉ်=ဈာန်အင်္ဂါမယှဉ်၍ စိတ်အင်္ဂါ နည်းလို့ ကြဉ်။

၃။ ပဋိသန္ဓေကြဉ်=မှီရာ ဝတ္ထုရုပ် အား နည်း သော ကြောင့်လည်းကောင်း၊
ဧည့်သည် သဘောမျှ ဖြစ်နေခြင်းကြောင့် လည်းကောင်း=ဤအကြောင်း၂မျိုးကြောင့်ကြဉ်။

၄။ ရဟန္တာစုတိကြဉ်= ဝဋ်မြစ် ပြတ်ပြီး၍ ရုပ်ကို ဖြစ်စေရန်မလိုသောကြောင့်ကြဉ်။

မေး ။ စိတ္တဇရုပ်သည် ဘာဖြစ်လို့ ပဋိသန္ဓေ အချိန်မှာ မဖြစ်သနည်း။

ဖြေ ။ ပဋိသန္ဓေစိတ်သည် အားနည်း၍ ရုပ်ကို မဖြစ်စေနိုင်လို့မဖြစ်ပါ။

မေး ။ ပထမဘဝင်ချိန်မှာ ဘာဖြစ်လို့ ဖြစ်သနည်း။

ဖြေ ။ ပထမဘဝင်သည် အားရှိ၍ ရုပ်ကို ဖြစ်စေနိုင်လို့။

မေး ။ ရူပသမုဋ္ဌာနခန်း အလို ရုပ်ကို ခွဲပြပါ။

ဖြေ ။ ၁။ ဣရိယာပထစိတ္တဇရုပ်

၂။ ဝိညတ္တိစိတ္တဇရုပ်

၃။ ဟသနစိတ္တဇရုပ်

၄။ အခြားစိတ္တဇရုပ်ဟု=၄မျိုး။

မေး ။ ၎င်း၄မျိုးနှင့် စိတ်ကို တွဲစပ်ပြပါ။

ဖြေ ။ ၁။ ကာမသောမနဿဇောသည် ၄ မျိုးလုံးကို ဖြစ်စေ၏။

၂။ ဝုဋ္ဌော+ကာမဇော+အဘိညာဉ်တို့သည် ဝိညတ်+ဣရိယာပုထ်+အခြားစိတ္တဇရုပ်=၃ မျိုးကို ဖြစ်စေ၏။ (မနောဒွါရမှာသာ)

၃။ အပ္ပနာဇောသည် ဣရိယာပုထ်+အခြားစိတ္တဇရုပ်ကို ဖြစ်စေ၏။

F 40

၄။ ကြွင်းသမ္ပယုတ္တ, သန္တိရဏ, မဟာဝိပါက်, အရူပဝိပါက်တို့သည် အခြားစိတ္တဇရုပ်ကိုသာ ဖြစ်စေနိုင်၏။
(၎င်းအဓိပ္ပာယ်မျိုး သိစေရန် အပိသဒ္ဒါကို အသုံးပြုသည်)

မေး ။ ဥတုအရ,ဥတုဇအရနှင့် ဥတုဇရုပ် စဖြစ်ချိန်ကို ဖြေပါ။

ဖြေ ။ ဥတု=အဇ္ဈတ္တ(ပညတ်သုံး=အအေး+အပူ)

၂။ ဥတုဇရုပ်=၁၃(သဒ္ဒ၁+လဟုတာဒိ၃+အဝိဂ+အာကာသ၁)

၃။ အချိန်=ပဋိသန္ဓေ၏ ဌီကာလမှ စဖြစ်(ဌီရောက်မှ အားရှိလို့)

မေး ။ စတုဇရုပ်ကို သန္တာန်ဖြင့် ဝေဘန်ပါ။

ဖြေ ။ ဥတုဇထဲက သဒ္ဒဌက သဒ္ဒနဝက=၂စည်း၊ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန်=၂ပါး၌ဖြစ်။
ကျန်အားလုံး အဇ္ဈတ္တ၌သာ (သဝိညာဏက သန္တာန်လည်းဟူ)

မေး ။ အာဟာရ,အာဟာရဇအရနှင့် အာဟာရဇ စဖြစ်ချိန်ဖြေပါ။

ဖြေ ။ အာဟာရ=အာဟာရဇကလာပ်၌ ဩဇာ(အဆီ)
အာဟာရဇ ၁၂(လဟုတာဒိ၃ အဝိဂ အာကာ ၁)
အချိန် ဂဗ္ဘသေယျကမှာ အစာမျိုချိန်ဌီကာလမှ စဖြစ်။
သံသေဒဇ ဥပပတ်=၂မျိုးမှာ တံတွေးမျိုချိန်က စဖြစ်။

မေး ။ စတုဇရုပ်များကို ကေန်,အနေကန် ခွဲပြပါ။

ဖြေ ။ ကမ္မဇကေန်=ဟဒယ၁ ဣန္ဒြိယဂ=၉
ကမ္မဇအနေကန်=အဝိနိဗ္ဘောဂ ဂ အာကာသ ၁=၉=၄မျိုးသုံးမှာ ပါလို့)
စိတ္တဇကေန်=ဝိညတ် ၂။
စိတ္တဇအနေကန် သဒ္ဒ၁+လဟုတာဒိ၃+အဝိဂ+အာကာ၁=၁၃။
ဥတုဇ သဒ္ဒ၁+လဟုတာဒိ၃+အဝိဂ+အာကာသ၁=၁၃(ကေန်မရှိ)
အာဟာရဇ=လဟုတာဒိ၃+အဝိဂ+အာကာသ၁=၁၂ (ကေန်မရှိ)

မေး ။ လောကကိုပြုပြင်ရာတွင် အဘယ်တရားသည် အားကောင်းပါသနည်း၊

ဖြေ ။ တေဇောသည် အားအကောင်းဆုံး (ကြီးပွားအောင်,ပျက်စီးအောင် ၎င်းပင် ပြုလုပ်၏)

မေး ။ လဟုတာဒိသည် ဘာဖြစ်လို့ကံကြောင့် မဖြစ်သနည်း။

ဖြေ ။ ပစ္စုပ္ပန်အကြောင်းကိုသာ ငဲ့လို့ကံ ကြောင့် မဖြစ်။

မေး ။ အကြောင်း၄ပါးကြောင့် မဖြစ်တဲ့ ရုပ်များကို ရှင်းပါ။

ဖြေ ။ လက္ခဏာရုပ် ၄ပါးသည် မည်သည့် အကြောင်းကြောင့်မျှ မဖြစ်။
ဥပစယ,သန္တတိ=ရုပ်တို့၏"ဥပါဒ်"
ဇရတာ=ရုပ်တို့၏"ဌီ"
အနိစ္စတာ=ရုပ် တို့၏ "ဘင်" (၎င်းဥပါဒ်+ဌီ+ဘင်=၃ပါး စုံလျှင် ရုပ် ၁ခုဟု ရုပ်တို့၏ သဘောကို ပြကာမျှသာ ဖြစ်၍ ရုပ် သီးခြား မရှိလို့မည်သည့်အကြောင်းကြောင့်မျှ မဖြစ်။
ထို့ကြောင့် ဇာယမာနာဒိရူပါနံ စသည်ကို ဆရာကိုယ်တိုင် ဆိုသည်။

အမှာ=ဇာယမာနာဒိဂါထာ=စာမေးပွဲ မေးတတ်သည် ဂရုစိုက် လေ့လာပါ။

မေး။ အဇ္ဈာရသ ပန္နရသ စသည့် ဂါထာကို ရှင်းပါ။

ဖြေ ။ ယခင် ကမ္မဇကောန် အနေကာန် စသည်ကို ပေါင်းလျှင် ၎င်းအဖြေဖြစ်၏။

ရူပကလာပ

မေး။ ဧကုပ္ပါဒ စသည်တို့ဖြင့် ယူအပ် ပယ်အပ်သည်တို့ကို ရှင်းပါ။

ဖြေ ။ ဧကုပ္ပါဒ=ဖြစ်ချိန်ချင်း တူရမည် (အနေးအမြန်တူ)
ဧကနိရောဓ=ချုပ်ချိန် တူ(ဖြစ်ချိန်တူ၍ ချုပ်ချိန်မတူတဲ့ စိတ်ကိုပယ်)
ဧကနိဿယ=မှီရာ တူ (မှီရာ မတူတဲ့ ရုပ်များကို ပယ်)
သဟဝုတ္တိ=အတူတကွလည်း ဆုံမိကြရမည်။
(၎င်းလက္ခဏာ ၄ ပါးနှင့်အညီ စုဖြစ်တဲ့ ရုပ်စုကို ကလာပ်ခေါ်သည်)

အမှာ= သဟဝုတ္တိကို လက္ခဏာ ၁ ခု မယူပဲ၊ ရှေ့ ၃ ပါး ညီလျှင် သဟဝုတ္တိ ဖြစ်တော့သည်သာဟု အမှတ် မှားတတ်သည်။

မေး။ ကမ္မစိတ္တောဂါထာ၌ နဝ,ဆ,စတုရော,ဒွေအရ ကလာပ် ၂၁စည်း ရေတွက်ပါ။

ဖြေ ။ စတုသမုဋ္ဌာနိကရုပ် ကောန် အနေကာန်တို့ကို ကြည့်၍ ရေတွက်ပါ။

နဝ= ၁။ အဝိနိဗ္ဘောဂ+ဂနှင့် ဇီဝိတ ၁=၉=ဇီဝိတနဝကကလာပ်
၂။ ဇီဝိတနဝကနှင့် စက္ခု ၁ ၁၀=စက္ခုဒသကကလာပ်

၃။ ဇီဝိတနဝကနှင့် သောတ ၁=၁၀=သောတ ဒသက ကလာပ်
၄။ ဇီဝိတနဝကနှင့် ဃာန ၁=၁၀=ဃာနဒသကကလာပ်
၅။ ဇီဝိတနဝကနှင့် ဇိဝှာ ၁=၁၀=ဇိဝှာဒသကကလာပ်
၆။ ဇီဝိတနဝကနှင့် ကာယ ၁=၁၀=ကာယဒသကကလာပ်
၇။ ဇီဝိတနဝကနှင့် ဟဒယဝတ္ထု ၁=၁၀=ဝတ္ထုဒသကကလာပ်
၈။ ဇီဝိတနဝကနှင့် ဣတ္ထိဘာဝ ၁=၁၀=ဣတ္ထိဘာဝဒသကကလာပ်
၉။ ဇီဝိတနဝကနှင့်ပုမ္ဘာဝ ၁=၁၀=ပုမ္ဘာဝဒသက=၉ ကမ္မဇ။

ဆ= ၁။ အဝိနိဗ္ဘောဂ ၈ သုဒ္ဓဋ္ဌကကလာပ်
၂။ အဝိ ၈+ကာယ ၁= ၉ ကာယဝိညတ္တိနဝက ကလာပ်
၃။ အဝိ ၈+ဝစီ ၁+သဒ္ဒ ၁=၁၀ ဝစီဝိညတ္တိဒသက ကလာပ်
၄။ အဝိ ၈+လဟုတာဒိ ၃=၁၁ လဟုတာဒေကာဒသက
၅။ အဝိ ၈+ကာယ ၁+လဟုတာဒိ ၃=၁၂=ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်
၆။ အဝိ၈+ဝစီ၁+သဒ္ဒ၁+လဟုတာဒိ၃=၁၃=ဝစီဝိညတ္တိလဟုတာဒိ တေရသက=၆=ဆ၊ စိတ္တဇကလာပ်။

ဥတု= ၁။ အဝိ=၈ ၈=သုဒ္ဓဋ္ဌကကလာပ်
၂။ အဝိ=၈+သဒ္ဒ၁= ၉=သဒ္ဒနဝကကလာပ်
၃။ အဝိ=၈+လဟုတာဒိ၃ ၁၁=လဟုတာ ဒေကာဒသက ကလာပ်
၄။ အဝိ=၈+သဒ္ဒ၁+လဟုတာဒိ၃=၁၂=သဒ္ဒလဟုတာဒိ ဒွါဒသကကလာပ်=၄ ဥတုဇကလာပ်

ဒွေ= ၁။ အဝိ=၈= ၈=သုဒ္ဓဋ္ဌကကလာပ်
၂။ အဝိ=၈+လဟုတာဒိ၃= ၁၁=လဟုတာ ဒေကာဒသက=၂ အာဟာရဇကလာပ်။

မေး ။ ကလာပ်များကို သင်္ချာန်ပြင့် ခွဲဝေပါ။

ဖြေ ။ ဥတုဇ ကလာပ် ထဲမှ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝက=၂စည်း အဇ္ဈတ္တ ပဟိဒ္ဓ သင်္ချာန်=၂ ပါးမှာ ဖြစ်။
ကျန် ၁၉စည်း အဇ္ဈတ္တသာ ဖြစ်။

မေး ။ ကလာပ်တွင် မပါတဲ့ ရုပ်များကို အကြောင်းပြ ဖြေဆိုပါ။

ဖြေ ။ အာကာသဓာတ်=ကလာပ်တို့၏ ပိုင်းခြားကြောင်း ဖြစ်လို့ ကလာပ်တွင်မပါ။
လက္ခဏရုပ်=ကလာပ်တို့၏ မှတ်ကြောင်းမျှဖြစ်လို့ ကလာပ်တွင်မပါ။
အထောက်=ကလာပါနှံ ပရိစ္ဆေဒလက္ခဏာဘ္ဘာ စသည်။

ရူပ ပဝတ္တိက္ကမ

မေး ။ ၅၂ နံပါတ် သမ္ဗာနိပိ ပနေတာနိ ယထာရဟံ အဓိပ္ပာယ်ရှင်းပါ။

ဖြေ ။ ရုပ် အကုန်ဖြစ် ဆိုသော်လည်း ဘာဝချို့မချို့၊ အာယတနချို့မချို့ အားလျော်စွာ သာဖြစ်သည်။

မေး ။ သံသေဒဇနှင့် ဩပပါတိက အဓိပ္ပာယ် ရှင်းပါ။

ဖြေ ။ သံသေဒဇ=အညှိ၌ ပဋိသန္ဓေ နေသူ (ရေညှိစသည်)
ဩပပါတိက=ဥပပတ် ပဋိသန္ဓေနေသူ (ဘုံးကနဲဖြစ်သူ)

မေး ။ သံသေဒဇ=ဥပပတ် ပဋိသန္ဓေနေချိန်မှာ ရနိုင်တဲ့ ကလာပ်စည်းဖြေပါ။

ဖြေ ။ စက္ခု+သောတ+ဃာန+ဇိဝှာ+ကာယ+ဝတ္ထု+ဣတ္ထိဘာဝ+ပုမ္ဘာဝ ၇=တနည်း၈။ (တကယ်ဖြစ် ၇သာ။မိန်းမ,ယောကျ်ားသတိပြု)

မေး ။ ကလာပ်၈စည်း ဖြစ်ပါလျက် ဘာဖြစ်လို့သတ္တ (၇)လို့ ဆိုသနည်း။

ဖြေ ။ ဘာဝ၂ခု ပြိုင်တူ မဖြစ်လို့ တကယ် ဖြစ်ကိုရည်၍ (၇)ဟု ဆိုသည်။

မေး ။ သံသေဒဇ=ဥပပတ်မှာ ချို့ကောင်းတဲ့ ကလာပ်ကို ဖြေပါ။

ဖြေ ။ စက္ခု+သောတ+ဃာန+ဣတ္ထိဘာဝ+ပုမ္ဘာဝ=၅ စည်း ချို့ကောင်း။

မေး ။ ဃာန, ဘာဝတို့သည် အချင်းခပ်သိမ်းချို့ပါသလား။

ဖြေ ။ ဃာန=ဥပပတ်မှာ မချို့ပါ(အဃာနကော ဩပပါတိကော နတ္ထိ)
ဘာဝ=ကပ္ပာဦး ဥပပတ်သာချို့၊ ကျန် သံသေဒဇ=ဥပပတ် မချို့။
(ဂဗ္ဘသေယျက ချို့ကြောင်း ဆရာကိုယ်တိုင် ဆိုလတ္တံ့)

မေး။ ချို့အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ ပဋိသန္ဓေ နေစဉ် ဖြစ်ချိန်မှာ မဖြစ်တာ(နောက်မှ ပျက်စီးတာမဟုတ်)

မေး။ ပုဂ္ဂိုလ်နှင့် ပဋိသန္ဓေ ဝေဘန်ပါ။

ဖြေ။ ငရဲသတ္တဝါ
နိဇ္ဈာမတဏှိကပြိတ္တာ
ဘုမ္မဇိုဝ်းချန် ကျန်နတ်များ=ဥပပတ်+ပဋိသန္ဓေ နေကြ၏။
ကြွင်း ကာမဘုံသားများ ပဋိသန္ဓေ ၃ မျိုး နေကြ၏။

မေး။ ဂဗ္ဘသေယျက ပဋိသန္ဓေကို ရှင်းပါ။

ဖြေ။ အဏ္ဍဇ=အဥ၌ ပဋိသန္ဓေ နေ (ကြက် စသည်)
ဇလာဗုဇ=သားအိမ်၌ ပဋိသန္ဓေ နေ (လူ စသည်)

မေး။ ဂဗ္ဘသေယျက ပဋိသန္ဓေနေသူအား ဖြစ်တဲ့ ကလာပ်၊ ချို့တဲ့ ကလာပ် ပြောပါ။

ဖြေ။ ကာယ+ဘာဝ+ဝတ္ထု=၃ စည်း ဖြစ်ပါသည်။
ဘာဝ ၂ စည်း ချို့ကောင်းပါသည်။

မေး။ ပဋိသန္ဓေ နေစ အရွယ်ပမာဏကို ပြောပါ။

ဖြေ။ ကြည်တဲ့ဆီ၌ ဇာတိဥဏ္ဏာ သားမွေးထည့်၍ အကြိမ် ၁၀၀ ဝါ၊ အဖျား မှာ ရှိသလောက် ပမာဏ မိ + ဘ ၂ ပါး သုက်မှ ဖြစ်ပါသည်။ (သုဒ္ဓဋ္ဌက ကလာပ်သာ ရှိသေးလို့ သေးလှန်း)

မေး။ ကမေန=သားသန္ဓေ အစဉ်အတိုင်း ဖြစ်ပုံ ပြောပါ။

ဖြေ။

၁။ ကလလရေကြည်	၁ သတ္တာဟ	၂ သတ္တာဟ	(မူရှိ)
၂။ အမြှုပ်	၁ သတ္တာဟ	၂ သတ္တာဟ	။
၃။ သားတစ်	၁ သတ္တာဟ	၂ သတ္တာဟ	။
၄။ အမာခဲ	၁ သတ္တာဟ	၂ သတ္တာဟ	။
၅။ ခက်မ ၅ ဖြာ	၁ သတ္တာဟ	၂ သတ္တာဟ	။
၆။ မာအောင်စောင့်	၁ သတ္တာဟ		
၇။ စက္ခု ဒသက စသည်	၁ သတ္တာဟစီ။		

မှတ်ချက်=၁၁ သတ္တာဟမြောက်မှစ၍ စက္ခုဒသက စသည်ဖြစ် (မူရှိ)

ပြင်ဆင်=စာမျက်နှာ ၃၇၁-ကြောင်းရေ ၂၈ မှတ်ချက်၌ ၁၂ သတ္တာဟကို ၁၁ သတ္တာဟ ဟု ပြင်ဖတ်ပါ။

မေး။ ဇတုဇရုပ်တို့၏ ဖြစ်ချိန်ကို ဖြေပါ။

ဖြေ ။ ကမ္မဇရုပ်=ပဋိသန္ဓေစိတ် ဥပါဒ်ချိန်မှ ဖြစ်။
ဥတုဇရုပ်=ပဋိသန္ဓေစိတ် ဌီကာလမှ ဖြစ်။
စိတ္တဇရုပ်=ပဋိသန္ဓေနောက် ပထမဘဝင် ဥပါဒ်ချိန်မှ ဖြစ်။
အာဟာရဇရုပ်=အစာမျိုချိန် ဌီကာလမှ ဖြစ်။

မေး ။ သေတယ် ဆိုတာ ဘယ်အချိန် ပါနည်း။

ဖြေ ။ ကမ္မဇရုပ်+ဝိညာဏ်+ ၂ပါး ချုပ်ချိန်ကို သေချိန်ခေါ်သည်။
(အသညသတ်ပုဂ္ဂိုလ် ကမ္မဇရုပ် ရှိလို့ သေတယ်မဆိုရ၊ အရူပ ပုဂ္ဂိုလ် ဝိညာဏ် ရှိလို့ သေပြီ မဆိုရ)

မေး ။ နောက်ဆုံး ကမ္မဇရုပ် ဖြစ်ချိန်နှင့် ချုပ်ချိန်ကို ဖြေပါ။

ဖြေ ။ ဖြစ်ချိန်=စုတိမှ နောက်ပြန်ရေ ၁၇ ချက်မြောက် စိတ် နှင့် အတူ ဥပါဒ်(ဖြစ်)
ချုပ်ချိန်=စုတိနှင့် ပြိုင်တူ ချုပ်(သက်တမ်းရှည်လို့ ကြိုတင် ဖြစ်သော်လည်း အတူချုပ်)

မေး ။ ကမ္မဇရုပ် အသစ်မဖြစ်တဲ့ အချိန်ကား အဘယ်နည်း။

ဖြေ ။ စုတိမှ နောက်ပြန်ရေ ၁၇ချက်မြောက် စိတ်၏ ဌီမှစ အသစ်မဖြစ်။

မေး ။ စိတ္တဇရုပ်သည် စုတိချုပ်ပြီးနောက် မည်မျှ ကြာသေးသနည်း။

ဖြေ ။ စုတိစိတ် လုပ်ပေးတဲ့ စိတ္တဇရုပ်သည် စုတိ ချုပ်ပြီးနောက် စိတ်၁၆ကြိမ် စာလောက် ကြာသေး၏။

မေး ။ ဥတုဇရုပ်ကား စုတိချုပ်လျှင် ချုပ်သလား။

ဖြေ ။ မချုပ်ပါ၊ သေပြီး အကောင်ပုပ်ဖြစ်၍ ဆွေးမြေ့သည့်တိုင် ဆက်ဖြစ်။

မေး ။ သေသူမှာ အာဟာရဇရုပ် ဘယ်အချိန် ချုပ်သနည်း။

ဖြေ ။ စိတ္တဇရုပ် ကဲ့သို့ စုတိစိတ် ချုပ်ပြီးနောက် ခဏငယ် ၅၀ခန့် ကြာမှ ချုပ်သည်။

မေး ။ ရူပဘုံပဋိသန္ဓေအခါရတဲ့ ကမ္မဇကလာပ်၊မရတဲ့ ကမ္မဇကလာပ်ဖြေပါ။

ဖြေ ။ ရတဲ့ကမ္မဇကလာပ်+စက္ခု+သောတ+ဝတ္ထု+ဇီဝိတနဝက ကလာပ်= ၄စည်း။
မရတဲ့ ကမ္မဇကလာပ် ဃာန+ဇိဝှာ+ကာယ+ဣတ္ထိဘာဝ+ပုမ္ဘာဝ= ၅စည်း။

မေး ။ ရုပဘုံ၌ ပဝတ္တိအခါ မရသေးတဲ့ကလာပ်၊ ရတဲ့ကလာပ်ကို ပြောပါ။

ဖြေ ။ မရတဲ့ ကလာပ် ဃာန+ဇိဝှါ+ကာယ+ဣတ္ထိဘာဝ+ပုမ္ဘာ+အာဟာရဇကလာပ် ၂=ပေါင်း၇စည်း။
ရတဲ့ကလာပ် ကျန် ကမ္မဇ ၄ (စက္ခု+သောတ+ဝတ္ထု+ဇီဝိတနဝက)
စိတ္တဇကလာပ် ၆
ဥတုဇကလာပ် ၄=၁၄။

မေး ။ ရုပဘုံ၌ မရတဲ့ရုပ် ရတဲ့ရုပ်များကို ပြောပါ။

ဖြေ ။ မရတဲ့ရုပ်+ဃာန+ဇိဝှါ+ကာယ+ဣတ္ထိဘာဝ+ပုမ္ဘာဝ=၅
ရတဲ့ရုပ် ကျန် ၂၃ (အာဟာရဇရုပ် မရသော်လည်းမလျော့၊ ကြွင်းတိဇရုပ်တွင် ၎င်းတို့ပါလို့)

မေး ။ ဇီဝိတနဝကကလာပ်သည် ဘာဖြစ်လို့ ကာမဘုံ၌ ပဝတ္တိ အခါမှာဖြစ်ပြီး ရုပဘုံ၌ ပဋိသန္ဓေက စဖြစ်သနည်း။

ဖြေ ။ ရုပဘုံ၌ ကာယဒသက မရှိ၍ ၎င်းကာယဒသက အစားဖြစ်ပေးရလို့။

မေး ။ ပဋိသန္ဓေအခါဖြစ်တဲ့ ရုပ်များသည် ပဝတ္တိအခါ ဖြစ် မဖြစ်။

ဖြေ ။ ပဝတ္တိအခါ ဆက်ဖြစ်ပါသည်။သေသည့်တိုင်အောင်။

မေး ။ ရုပဘုံ၌ အဝိနိဗ္ဘောဂတွင် အဇ္ဈတ္တိက ဩဇာ ရှိပါလျက် ဘာဖြစ်လို့ အာဟာရဇရုပ်များ မရှိပါသနည်း။

ဖြေ ။ ဗဟိဒ္ဓအာဟာရ အကူအညီမရ၍ အာဟာရဇရုပ်ကို မဖြစ်စေနိုင်လို့။

မေး ။ နတ် ၆ ဘုံ သား+အသညသတ် အပါအဝင် ရုပဗြဟ္မာများသေလျှင် ကာမဘုံသွားလို စိတ္တဇရုပ်+ဥတုဇရုပ်များ အနည်းငယ်စီ ဆက်ဖြစ်သေးသလား။

ဖြေ ။ စုတိနှင့် တပြိုင်နက် အကုန်ပျောက်၊ တေဇောလောင်မှု ပြင်းထန်လို့။

မေး ။ အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ ပဝတ္တိအခါ ရတဲ့ ကလာပ် ပြောပါ။

ဖြေ ။ ပဋိသန္ဓေအခါ ဇီဝိတနဝက ကလာပ်သာ (ရုပ်ပေါင်းကား ၉)
ပဝတ္တိအခါ ဇီဝိတနဝကကလာပ် ၁ (ကမ္မဇ ကလာပ်ထဲက)
သုဒ္ဓဋ္ဌကကလာပ် ၁ (ဥတုဇ ကလာပ်ထဲက)
လဟုတာဒေကာဒသကကလာပ် ၁ (ဥတုဇ ကလာပ်ထဲက)

မေး ။ အသညာသတ်ဘုံ၌ ဖြစ်နိုင်တဲ့ ရုပ်ကလာပ် အဘယ်မျှနည်း။

ဖြေ ။ လဟုတာဒိ+အဝိ+အာကာသ+လက္ခဏာ+ဇီဝိတ အသညာ ရုပ်က ၁၇။

မေး ။ ပဋိသန္ဓေအခါ မရနိုင်တဲ့ ရုပ်များကို ဖြေပါ။

ဖြေ ။ သဒ္ဒရုပ်+ဝိကာရ ၅ +ဇရတာ ၁ +အနိစ္စတာ=(သဒ္ဒေါဝိကာရရော ဂါထာ)
(ဇရတာ=ကမ္မဇရုပ်၏ ဌီ၊အနိစ္စတာ=ကမ္မဇရုပ်၏ ဘင်၊ပဋိသန္ဓေအခါမှာ ၎င်း ဌီ,ဘင် မဖြစ်မှု ထောက်၍ ကမ္မဇရုပ် ဥပါဒ်အချိန်ကို ပဋိသန္ဓေခေါ်)

မေး ။ နိဗ္ဗာန် ပန ပါဠိ၌ သစ္ဆိကာတဗ္ဗံ, အာရမ္မဏဘူတံဖြင့် အဘယ်ကို ပြသနည်း။

ဖြေ ။ နိဗ္ဗာန်ဟာ ဘာမျှ မရှိဆိုတဲ့ အယူကို ပယ်သည် (ရှိလို့ မြင်တာပေါ့ဟူ၏)

မေး ။ ဝါနခေါ် တဏှာသည်အဘယ်ကို စပ်ပေးပါသနည်း (ဝါန=ချုပ်စပ်)

ဖြေ ။ အောက်တန်းဘဝနှင့် အထက်တန်း ဘဝစပ်၊အနိမ့်တရားနှင့် အမြင့်တရားကို စပ်၏။

မေ ။ ဥပါဒိအရ, သေသအရ ဖော်ပြပါ။

ဖြေ ။ ဥပါဒိ=အကုသိုလ် ခန္ဓာ (ကိလေသာ ခန္ဓာ လည်းဟူ) တဏှာ+ဒိဋ္ဌိ ယူဉ်လို့။
သေသ=ကိလေသာခန္ဓာမှကြွင်းသော ခန္ဓာ၅ပါး (၎င်းကိုပင် တဏှာလွတ်လို့ နိဗ္ဗာန်ခေါ်)သဉပါဒိသေသ နိဗ္ဗာနဓာတု=ကိလေသာခန္ဓာမှကြွင်းသော ခန္ဓာ၅ပါးတည်းဟူသော နိဗ္ဗာန်။

မေး ။ အနုပါဒိသေသအရ ဖော်ပြပါ။

ဖြေ ။ ခန္ဓာအကြွင်းလည်းမရှိ၊ တဏှာလည်းမရှိလို့ နိဗ္ဗာန် (နိရောဓသစ္စာယူ)

မေး ။ နိဗ္ဗာန်ကို ကာရဏ ပရိယာယ်အားဖြင့် ၂မျိုး သုံးပုံ ရှင်းပါ၊

ဖြေ ။ ခန္ဓာရှိလျက် တဏှာမရှိလို့ နိဗ္ဗာန်ခေါ်ခြင်း။
ခန္ဓာရော+တဏှာပါ မရှိလို့ နိဗ္ဗာန် ခေါ်ခြင်း=၎င်းတဏှာ မရှိခြင်း အကြောင်းကို ခွဲ၍ ၂မျိုး ဖြစ်သယောင်ယောင်သုံးခြင်းသည် ကာရဏ ပရိယာယ်ဖြစ်၏။

မေး ။ နိဗ္ဗာန်ကို အာကာရပရိယာယ်ဖြင့် သုံးမျိုးသုံးပုံ ရှင်းပါ။

ဖြေ ။ တဏှာ ဆိတ်သုဉ်းလို့ နိဗ္ဗာန်ကို သုညတ။
တဏှာအကြောင်းကင်းလို့ နိဗ္ဗာန်ကို အနိမိတ္တ။
တဏှာ မတောင့်တလို့ နိဗ္ဗာန်ကို အပ္ပဏိဟိတ=ဤသို့ တဏှာမရှိမှုကို ပင်သုံးမျိုးခွဲ၍ သုံးတဲ့အခြင်းအရာကို အာကာရပရိယာယ် ခေါ်သည်။

မေး ။ ပရမတ္ထ၄ပါး ပြီးဆုံးကြောင်းပြ နိဂုံးကား အဘယ်နည်း။

ဖြေ ။ ဣတိ စိတ္တံ စေတသိကံ စသည်။

ရုပ်ပိုင်းပြီး၏

သမုစ္စည်းပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

၁။ ဒွါသတ္တတိဝိဓာ ဝုတ္တာ၊ ဝတ္ထုဓမ္မာ သလက္ခဏာ။
တေသံ ဒါနိ ယထာယောဂံ၊ ပဝက္ခာမိ သမုစ္စယံ။

ဒွါသတ္တတိဝိဓာ=စိတ် ၁
စေတသိက် ၅၂
နိပ္ဖန္နရုပ် ၁၈
နိဗ္ဗာန် ၁=၇၂ (သမုစ္စည်းပိုင်းမှာ ပြမည့်တရား)

သလက္ခဏာ=၎င်း၇၂သည် မိမိလက္ခဏာနှင့်မိမိ ဖြစ်ကြသည်။(သဘောသာ၊ သရုပ်မဟုတ်)

သတိ=အနိပ္ဖန္န ရုပ်မယူ "သလက္ခဏာ"မဟုတ်လို့။

အမှာ=၎င်းသည့် နိပ္ဖန္နရုပ်တို့၏ အမူအရာမျှသာ။ သူ့လက္ခဏာနှင့်သူ ဖြစ်သော သီးခြားရုပ်များ မဟုတ်ကြ။

သမုစ္စယံ=၇၂ပါးတို့တွင် အတူများကို ပေါင်း၍ ပိဋ္ဌကဒ္ဓ အမည် အမျိုးမျိုး သုံးပုံကို အကျဉ်းချုပ် စုပြတဲ့ အပိုင်း။

သင်္ဂဟမာတိကာ

၂။ အကုသလသင်္ဂဟော မိဿကသင်္ဂဟော ဗောဓိပက္ခိယသင်္ဂဟော သဗ္ဗသင်္ဂဟော စေတိ သမုစ္စယသင်္ဂဟော စတုဗ္ဗိဓော ဝေဒိတဗ္ဗော။

အကုသလသင်္ဂဟော=အကုသိုလ်တို့ကို အမည်တူ ပေါင်း၍ အကျဉ်းချုပ် စုပြတဲ့ အခန်း။

မိဿကသင်္ဂဟော=ကုသိုလ်,အကုသိုလ်,အဗျာကတတို့ကို ရောပြီး အမည်တူ ပေါင်း၍ အကျဉ်းချုပ် စုပြတဲ့ အခန်း။

ဗောဓိပက္ခိယသင်္ဂဟော=ဗောဓိမည်သော အရိယာ မဂ်တို့၏ အသင်း အပင်း
တို့ကို အမည်တူပေါင်း၍ အကျဉ်းချုပ် စုပြတဲ့အခန်း။
သဗ္ဗသင်္ဂဟော=စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် အကုန်ကို အမည်တူ ပေါင်း၍
အကျဉ်းချုပ်စုပြတဲ့ အခန်း။
စတုဗ္ဗိဓော=သမုစ္စည်းပိုင်း၌ သင်္ဂဟ ၄ မျိုး (အခန်း ၄ ခန်း)

အကုသလသင်္ဂဟ

အာသဝ ၄ ပါး

၃။ ကထံ အကုသလသင်္ဂဟော တာဝ စတ္တာရော အာသဝါ
ကာမာသဝေါ ဘဝါသဝေါ ဒိဋ္ဌာသဝေါ အဝိဇ္ဇာသဝေါ။
အကုသလသင်္ဂဟ=အကုသိုလ် တို့ကို အမည်တူ ပေါင်း၍ အကျဉ်းချုပ် စုပြတဲ့
အခန်း။
အာသဝေါ=ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူ တိုင်အောင် ဖြစ်တဲ့
သဘော။(ဖြစ်ဟူသည် အာရုံပြုမှုကိုဆိုလိုသည်)(ယိုစီးလည်းဆိုကြ၏)
အာသဝေါ၌-အာ=အဘိဝိဓိအဝဓိ၊ဘဝဂ်၊ဂေါတြဘူတို့၌ပျံ့နှံ့တတ်တဲ့သဘော။
အပ္ပ=အခြားတရားများ ရှိသော်လည်း ရှင်မြဖြစ်လို့ လောဘ, ဒိဋ္ဌိ, မောဟကို
သာယူ။
ကာမာသဝေါ=ကာမဂုဏ်၌ တပ်နှစ်သက်တဲ့ ရာဂ၊ နှဲ၊ လောဘ (ကာမဘုံ၌
တပ်နှစ်သက်လည်း ဟူ)
ဘဝါသဝေါ=ရူပ,အရူပဘုံ၌ တပ်နှစ်သက်တဲ့ ရာဂ၊ နှဲ၊ လောဘ။
ဒိဋ္ဌာသဝေါ -၆၂ပါးသော ဒိဋ္ဌိ၊ နှဲ၊ ဒိဋ္ဌိစေတသိက်။
အဝိဇ္ဇာသဝေါ—သစ္စာ ၄ ပါး
ရှေ့အစွန်း
နောက်အစွန်း
ရှေ့နောက်အစွန်း
ပဋိစ္စသမုပ္ပါဒ်=ၓင်း ၈ မျိုးတို့ကို မသိတဲ့ မောဟ။
အာသဝတရားကိုယ်=လောဘ, ဒိဋ္ဌိ, မောဟ။

သြဃ ၄ ပါး

၄။ စတ္တာရော သြဃာ ကာမောဃော ဘဝေါဃော ဒိဋ္ဌောဃော အဝိဇ္ဇောဃော။

သြဃာ=ဝဋ်ခေါ် သံသရာထဲ၌ သတ္တဝါတို့ကို နစ်မြုပ်စေတတ်တဲ့ သဘော။ (လွှမ်းမိုး နစ်မြုပ်စေတတ်တဲ့ ရေနှင့်တူ)

တရားကိုယ်=လောဘ, ဒိဋ္ဌိ, မောဟပင်။

ယောဂ ၄ ပါး

၅။ စတ္တာရော ယောဂါ ကာမယောဂေါ ဘဝယောဂေါ ဒိဋ္ဌိယောဂေါ အဝိဇ္ဇာယောဂေါ။

ယောဂါ=ဝဋ်ခေါ် ဘဝယန္တရား၌ သတ္တဝါတို့ကို ယှဉ်စေတတ်တဲ့သဘော။

တနည်း=ကံ၏ အကျိုးနှင့်လည်းကောင်း၊
ဘဝတပါး စသည်တို့နှင့်လည်းကောင်း၊
ဆင်းရဲနှင့် လည်းကောင်း=သတ္တဝါတို့ကို ယှဉ်စေတတ်တဲ့ သဘော။

တရားကိုယ်=လောဘ, ဒိဋ္ဌိ, မောဟ ပင်။

ဂန္ထ ၄ ပါး

၆။ စတ္တာရော ဂန္ထာ အဘိဇ္ဈာကာယဂန္ထော ဗျာပါဒေါကာယဂန္ထော သီလဗ္ဗတပရာမာသောကာယဂန္ထော ဣဒံသစ္စာဘိနိဝေသောကာယဂန္ထော။

ဂန္ထာ=မပြေနိုင်အောင် ရစ်ပတ်တတ်ကဲ့ သဘော (စုချည်သည်းဟူ)

ကာယဂန္ထော=နာမကာယနှင့် ရူပကာယ။

တနည်း→ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို မပြေနိုင်အောင် ရစ်ပတ်တဲ့ လောဘ။

အဘိဇ္ဈာကာယဂန္ထော=ၚင်းကာယ ၂မျိုးကို ရစ်ပတ်တတ်တဲ့လောဘ(သူများ ပစ္စည်း လိုချင်တဲ့ လောဘကို ယူ)

ဗျာပါဒေါကာယဂန္ထော= ၎င်းကာယ ၂ မျိုးကို ရစ်ပတ်တတ်တဲ့ ဒေါသ (သူများကို ပျက်စီးစေချင်တဲ့ ဒေါသကို ယူ)

သီလဗ္ဗတပရာမာသော=နွားအလေ့ နွားအကျင့် ကောင်း၏ဟု မှားသော အားဖြင့် သုံးသပ်တဲ့ ဒိဋ္ဌိ (ကာယ ၂မျိုးကို ရစ်ပတ်တတ်သည်ပင်)

ဣဒံသစ္စာဘိနိဝေသော=မမှန်ပဲနဲ့ ဤဟာ မှန်သည်ဟု အပြင်းအထန် စွဲယူတဲ့ ဒိဋ္ဌိ (ကာယ ၂ မျိုးကို ရစ်ပတ်တတ်သည်ပင်)

တရားကိုယ်=လောဘ, ဒေါသ, ဒိဋ္ဌိ။

ဥပါဒါန် ၄ ပါး

၇။ စတ္တာရိ ဥပါဒါနာနိ ကာမုပါဒါနံ ဒိဋ္ဌုပါဒါနံ သီလဗ္ဗတုပါဒါနံ အတ္တဝါဒုပါဒါနံ။

ဥပါဒါနာ=အပြင်းအထန်စွဲလမ်းခြင်း၊ ဝါ။ ဆွဲယူခြင်း။

ကာမုပါဒါန်=ကာမဂုဏ်တို့၌ အပြင်းအထန် စွဲလမ်းခြင်း၊ (ကာမဂုဏ်တို့ကို အမြဲလိုလို အာရုံပြုနေသည်ဟု ဆိုလိုသည်)

ဒိဋ္ဌုပါဒါန်=ဆိုလတ္တံ့သော သီလဗ္ဗတုပါဒါန်, ၊ အတ္တဝါဒုပါဒါန်=၂မျိုးမှ တပါးသော အယူသီးမှု ဒိဋ္ဌိ အမျိုးမျိုး၊ ဝါ၊ အပြင်းအထန် စွဲလမ်းမှုအမျိုးမျိုး။

သီလဗ္ဗတုပါဒါန်=ဤသီလ ဤအကျင့်သည် သံသရာမှ စင်ကြယ်၏ဟု အပြင်းအထန် အယူသီးမှု ဒိဋ္ဌိမျိုး (နွားအလေ့ နွားအကျင့် စသည်ကိုဆိုလို)

အတ္တဝါဒုပါဒါန်=အတ္တဟု အယူသီးတဲ့ ဒိဋ္ဌိမျိုး။

ရှင်း=ပုဂ္ဂိုလ်ဟု စွဲလမ်းယူဆတဲ့ အတ္တ။

အသက်ဟု စွဲလမ်းယူဆတဲ့ အတ္တ=၎င်း အတ္တ ၂မျိုး၌ ပြင်းပြင်းထန်ထန် အယူသီးမှု (စွဲလမ်းမှု)

တရားကိုယ်=ကာမုပါဒါန်=လောဘ။

ကြွင်း ၃ ပါး=ဒိဋ္ဌိချည်း=ပေါင်း ၂ ပါး။

နီဝရဏ ၆ ပါး

၈။ ဆ နီဝရဏာနိ ကာမစ္ဆန္ဒနီဝ[illegible] ဗျာပါဒနီဝရဏံ ထိန မိဒ္ဓ နီဝရဏံ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ ဝိစိကိစ္ဆာနီဝရဏံ အဝိဇ္ဇာနီဝရဏံ။

နီဝရဏ=ကုသိုလ်စျာန်များ မဖြစ်အောင် ပိတ်ပင်တတ်တဲ့ တရား။

တနည်း=ပညာစက္ခုကို ပိတ်ပင်တတ်တဲ့ တရား။

ကာမစ္ဆန္ဒနီဝရဏံ= ကာမဂုဏ်တို့၌ ပြင်း ပြင်း ထန်ထန် နှစ်သက် တတ်တဲ့ လောဘ (သာမည လောဘမျိုး မဟုတ်)

အမှာ=ကာမ= နှစ်သက်၊ ဆန္ဒ=နှစ်သက်၊ နှစ်သက် ၂ခုဆင့်လို့ ကာမစ္ဆန္ဒ= ပြင်းပြင်းထန်ထန် နှစ်သက်(သာမန်နှစ်သက်တဲ့ လောဘသည် စျာန်ကို မပိတ်ပင်တတ် ဟူလို)

ဗျာပါဒနီဝရဏံ=စိတ်ကို ဖျက်ဆီးတတ်တဲ့ ဒေါသ (၁၀ မျိုး အကြောင်းပြု)

၁၀= ငါ၏ အကျိုးမဲ့ကို ယခုလည်းပြု၊ ရှေးတုန်းကလည်းပြု၊ နောင်လည်း ပြုမှာပဲဟု မိမိကို အကြောင်းပြု ၃ မျိုး။

ငါချစ်သူ၏ အကျိုးမဲ့ကို ယခုလည်းပြု၊ ရှေးကလည်းပြု၊ နောင်လည်း ပြုမှာပဲဟု ချစ်သူ အကြောင်းပြု ၃ မျိုး။

ငါမုန်းတဲ့ သူ၏ အကျိုးကို ယခုလည်းပြု၊ ရှေးတုန်းကလည် ပြု၊ နောင် လည်း ပြုမှာပဲဟု မုန်းသူအကြောင်းပြု ၃ မျိုး။

မိုးရွာလွန်းသည်၊ နေပူလွန်းသည် စသည်ဖြင့် အရာမဟုတ်ရာ၌ ဖြစ် သော ဒေါသ ၁ မျိုး ပေါင်း ၁၀ မျိုး။

အမှာ=ကျန် နီဝရဏများသဘော သိလွယ်ပြီ၊စေတသိက်ပိုင်းက အတိုင်းပင်။

သတိ= အခြားနီဝရဏများ တရားကိုယ် ၁ ခုစီ ဖြစ်ကြသော်လည်း

၁။ ထိနမိဒ္ဓနီဝရဏ

၂။ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ=၎င်း၂မျိုးတို့သည် ၂ ခု စီ ဖြစ်ကြ၏။

ရှင်း= ၁။ ထိန=စိတ်၏ ငိုက်မည်းခြင်း (တွေဝေခြင်းလည်းဟူ)

၁။ မိဒ္ဓ=စေတသိက်၏ ငိုက်မြည်းခြင်း(တွေဝေခြင်းလည်းဟူ)

ဤသို့ ငိုက်မြည်းခြင်းကိစ္စ တူလို့ ၂ ခု ဖြစ် (ကိစ္စတူ)

၁။ ထိန=စိတ် ပျင်းရိခြင်းကြောင့် ဖြစ်။

၁။ မိဒ္ဓ=စေတသိက် ပျင်းရိခြင်းကြောင့် ဖြစ်၊

ဤသို့ ပျင်းရိခြင်း တည်းဟူသော ဖြစ်ကြောင်းခြင်း တူလို့လည်း ၂ ခုဖြစ် (အကြောင်းတူ)

၂။ ထိန=ဝီရိယ၏ ဆန့်ကျင်ဘက်။

၂။ မိဒ္ဓ=ဝီရိယ၏ ဆန့်ကျင်ဘက်။

ဤသို့ ဆန့်ကျင်ဘက် ဖြစ်ပုံချင်း တူလို့လည်း ၂ ခု ဖြစ် (ဆန့်ကျင်ဘက်တူ)

၂။ ဥဒ္ဒစ္စ=မငြိမ်ခြင်း။

၂။ ကုက္ကုစ္စ=မငြိမ်ခြင်း။

ဤသို့ မငြိမ်ခြင်း ကိစ္စ တူလို့ ၂ ခု ဖြစ်။

၂။ ဥဒ္ဒစ္စ=ဗျသန ၅ ပါးကို ကြံခြင်းကြောင့်ဖြစ်။

၂။ ကုက္ကုစ္စ=ဗျသန ၅ ပါးကို ကြံခြင်းကြောင့်ဖြစ်။

ဤသို့ဗျသနကို ကြံခြင်းတည်းဟူသော ဖြစ်ကြောင်းခြင်း တူလို့ ၂ ခုဖြစ်၊ (ဖြစ်ကြောင်းတူ)

ဗျသန ၅= ဉာတိဗျသန=ဆွေမျိုး ပျက်စီးခြင်း။
ဘောဂဗျသန=စည်းစိမ် ပျက်စီးခြင်း။
ရောဂဗျသန=ရောဂါဖြင့် ပျက်စီးခြင်း။
သီလဗျသန=သီလ ပျက်စီးခြင်း။
ဒိဋ္ဌိဗျသန=အယူ ပျက်စီးခြင်း။

၂။ ဥဒ္ဒစ္စ=သမထ၏ ဆန့်ကျင်ဘက်။

၂။ ကုက္ကုစ္စ=သမထ၏ဆန့်ကျင်ဘက်။

ဤသို့ဆန့်ကျင်ဘက်ခြင်း တူသောကြောင့်လည်း ၂ခုဖြစ်၏။

တရားကိုယ်=လောဘ, ဒေါသ, ထိန, မိဒ္ဓ, ဥဒ္ဒစ္စ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, မောဟ=ဂ--ငင်း ဂ ပါးရှိလျှင် ဈာန်မရ။

၉။ သတ္တ အနုသယာ ကာမရာဂါနုသယော ဘဝရာဂါနုသယော ပဋိဃာနုသယော မာနာနုသယော ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယော အဝိဇ္ဇာနုသယော။

အနုသယ=မဂ်ဖြင့် မပယ်ရသေးလို့၊ အကြောင်းညီညွတ်လျှင် ဖြစ်နိုင်စွမ်းရှိတဲ့ တရားများ။

အမှာ=မဖြစ်သေးမီ သတ္တဝါတို့ သန္တာန်မှာ ကိန်းအောင်းနေသလို ထင်ဘွယ်ရှိလို့ သတ္တဝါတို့သန္တာန်မှာ ကိန်းအောင်းတဲ့တရားဟု ဆိုရိုးပြုကြ၏။

ရှင်း=အနာဂတ် ကိလေသာများသာ "မုချအနုသယ"။
ပစ္စုပ္ပန်=အတိတ်"သဒိသူပစာ"အားဖြင့် အနုသယ။
(ပရမတ်တရားများသည် ကာလပြားရိုး ထုံးစံမရှိ)
ထို့ကြောင့် သဘာဝ မပြားသဖြင့် ဖြစ်နိုင်စွမ်းသတ္တိ ရှိ မရှိသာ အဓိက ဖြစ်၏။

သုတ္တန်နည်း သံယောဇဉ် ၁၀ ပါး

၁၀။ ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ ရူပရာဂသံယောဇနံ အရူပရာဂသံယောဇနံ ပဋိဃသံယောဇနံ မာနသံယောဇနံ ဒိဋ္ဌိသံယောဇနံ သီလဗ္ဗတပရာမာသသံယောဇနံ ဝိစိကိစ္ဆာသံယောဇနံ ဥဒ္ဓစ္စသံယောဇနံ အဝိဇ္ဇာသံယောဇနံ သုတ္တန္တေ။

တရားကိုယ်=လောဘ,ဒေါသ,မာန,ဒိဋ္ဌိ, ဝိစိကိစ္ဆာ,(ဥဒ္ဓစ္စ)မောဟ=၇ ပါး။

အဘိဓမ္မာနည်း သံယောဇဉ် ၁၀ ပါး

၁၁။ အပရာနိပိ ဒသ သံယောဇနာနိ ကာမရာဂသံယောဇနံ ဘဝရာဂသံယောဇနံ ပဋိဃသံယောဇနံ မာနသံယောဇနံ ဒိဋ္ဌိသံယောဇနံ သီလဗ္ဗတပရာမာသသံယောဇနံ ဝိစိကိစ္ဆာသံယောဇနံ ဣဿာသံယောဇနံ မစ္ဆရိယသံယောဇနံ အဝိဇ္ဇာသံယောဇနံ အဘိဓမ္မေ။

သံယောဇနာနိ=နွားလှန်သကဲ့သို့ ချည်တားတတ်တဲ့တရား။

တရားကိုယ်=လောဘ,ဒေါသ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, (ဣဿာ,) (မစ္ဆရိယ,) မောဟ ၈ ပါး။
သုတ္တန်သံယောဇဉ် သက်သက်=ဥဒ္ဓစ္စ။
အဘိဓမ္မာ သံယောဇဉ် သက်သက်=ဣဿာ, မစ္ဆရိယ ၂ ပါး။
၂ ပါးစုံ သံယောဇဉ်=လောဘ, ဒေါသ, မာန,ဒိဋ္ဌိ, ဝိစိကိစ္ဆာ, မောဟ=၆ပါး။

အထူး=ယောဂ=ဝဋ်နှင့် သတ္တဝါ ယှဉ်စေတတ်သည်။
ဂန္ထ=နာမကာယနှင့် ရူပကာယ စုချည်တတ်သည်။
သံယောဇန=နွားလှန်သကဲ့သို့ ချည်ထားတတ်သည်။ ဤသို့ထူး၏။

ကိလေသာ ၁၀ ပါး

၁၂။ ဒသ ကိလေသာ လောဘော ဒေါသော မောဟော မာနော
ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိနံ ဥဒ္ဓစ္စံ အဟိရိကံ အနောတ္တပ္ပံ။
ကိလေသာ=စိတ်ကိုပူစေတတ်တဲ့ တရား (ဝါ) စိတ်ကို နာကျင်စေတဲ့တရား။
၁၅၀၀=ကိလေသာ=နိ့,နာမ်,လက်ကိုခံ,ကိ,သန္တာန်နှင့်မြှောက်။
တထောင့်ငါးရာ,ကိလေသာ,ထိုခါအပြီးရောက်။
ရှင်း= နိ=နိပ္ဖန္နရုပ် ၁၈
နာမ်=နာမ် ၅၃
လက်=လက္ခဏရုပ် ၄=၇၅
ကိ=၇၅×၁၀ကိလေသာမြှောက်=၇၅၀။
သန္တာန်=၇၅၀×၂သန္တာန်မြှောက်=၁၅၀၀။
တဏှာ=၁၀၈=တဏှာသုံးတန်၊တည်ထားခံ၊ အာ,ကာ,သန်နှင့်မြှောက်။
တဏှာအစစ်,တရာ့ရှစ်, ဖြစ်၏လူမှာရောက်။
ရှင်း= တဏှာ၃ × ၆အာရုံမြှောက်=၁၈
၁၈×၃ကာလမြှောက်= ၅၄
၅၄×၂သန္တာန်မြှောက်= ၁၀၈။

တရားကိုယ် ကောက်နည်း

၁၃။ အာသဝါဒီသု ပနေတ္ထ ကာမဘဝနာမေန တဗ္ဗတ္ထုကာ တဏှာ
အဓိပ္ပေတာ။
သီလဗ္ဗတပရာမာသော ဣဒံသစ္စာဘိနိဝေသော အတ္တဝါဒုပါ
ဒေါ စ တထာပဝတ္တံ ဒိဋ္ဌိဂတမေဝ ပဝုစ္စတိ။ ။
ကာမဘဝနာမေန=တဏှာကို ၁။ ကာမ
၂။ ဘဝဟု=အမည် ၂မျိုးမှည့်သုံးသည်။
တဗ္ဗတ္ထုကာ= ကာမဘုံ အာရုံပြုသော တဏှာကို "ကာမ" ခေါ်။
ရူပ,အရူပဘုံ အာရုံပြုသော တဏှာကို "ဘဝ"ခေါ်။

အမှာ=တဏှာသည် အာရုံရှိမှ ဖြစ်၍ အာရုံကို အမှီပြုဖြစ်သလို သဘောထား
ကာ ဝတ္ထုကာလို့ သုံးသည်(တံဝတ္ထုကာ=ပုဒ်ဖြတ်)
ဒိဋ္ဌိဂတမေဝ=၃မျိုးသော အခြေအနေနှင့် လျော်တဲ့ ဒိဋ္ဌိ စေတသိက်သာ။
ရှင်း= ၁။ သီလဗ္ဗတပရာမာသ=သီလနှင့် အကျင့်၌ အယူမှားသော ဒိဋ္ဌိ
စေတသိက်။
၂။ ဣဒံသစ္စာဘိနိဝေသ=မမှန်ပဲနဲ့ ဤဟာ မှန်တယ်ဟု အစွဲသန် တဲ့
ဒိဋ္ဌိစေတသိက်။
၃။ အတ္တဝါဒုပါဒါန်=ငါဟုအစွဲသန်တဲ့ ဒိဋ္ဌိစေတသိက်။
အမှာ=ၡင်းအဓိပ္ပာယ်ကို တထာပဝတ္တံက ပြသည်။

တရားကိုယ်ပြ သင်္ဂဟဂါထာများ

၁၄။ အာသဝေါဃာ စ ယောဂါ စ၊တယော ဂန္ထာ စ ဝတ္ထုတော။
ဥပါဒါနာ ဒုဝေ ဝုတ္တာ၊ အဋ္ဌ နီဝရဏာ သိယုံ။ ။
ဆဠေဝါနုသယာ ဟောန္တိ၊ နဝ သံယောဇနာ မတာ။
ကိလေသာ ဒသ ဝုတ္တောယံ၊ နဝဓာ ပါပသင်္ဂဟော။ ။

ဝတ္ထုတော=တရားကိုယ် (အမည်မှည့်စရာ ပစ္စည်းဝတ္ထု)
ရှင်း= အာသဝစသည်ကား အမည်။
လောဘစသည်ကား အမည်မှည့်စရာ ပစ္စည်းဟူလို။

တယော	အာသဝ	ဩဃ	ယောဂ
၁။ လောဘ	ကာမာသဝ	ကာမောဃ	ကာမယောဂ
	ဘဝါသဝ	ဘဝေါဃ	ဘဝယောဂ
၂။ ဒိဋ္ဌိ	ဒိဋ္ဌာသဝ	ဒိဋ္ဌောဃ	ဒိဋ္ဌိယောဂ
၃။ မောဟ	အဝိဇ္ဇာသဝ	အဝိဇ္ဇောဃ	အဝိဇ္ဇာယောဂ

နဲ၊တယော(တရားကိုယ်) အမည် (ဂန္ထ)
၁။ လောဘ အဘိဇ္ဈာကာယဂန္ထ
၂။ ဒေါသ ဗျာပါဒကာယဂန္ထ
၃။ ဒိဋ္ဌိ ၁။ သီလဗ္ဗတပရာမာသကာယဂန္ထ၊
၂။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ=၂မျိုး

ဒုဝေ(တရားကိုယ်) အမည်(ဥပါဒါန်)
၁။ လောဘ ကာမုပါဒါန်
၂။ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။

အဋ္ဌ(တရားကိုယ်) အမည်(နီဝရဏ)
၁။ လောဘ ကာမစ္ဆန္ဒနီဝရဏ
၂။ ဒေါသ ဗျာပါဒနီဝရဏ
၃။ ထိန ထိနမိဒ္ဓနီဝရဏ
၄။ မိဒ္ဓ ထိနမိဒ္ဓနီဝရဏ
၅။ ဥဒ္ဓစ္စ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ
၆။ ကုက္ကုစ္စ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ
၇။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာနီဝရဏ
၈။ မောဟ အဝိဇ္ဇာနီဝရဏ

ဆဋ္ဌေဝ(တရားကိုယ်) အမည်(အနုသယ)
၁။ လောဘ ၁။ ကာမရာဂါနုသယ၊ ၂။ ဘဝရာဂါနုသယ
၂။ ဒေါသ ပဋိဃာနုသယ
၃။ မာန မာနာနုသယ
၄။ ဒိဋ္ဌိ ဒိဋ္ဌာနုသယ
၅။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာနုသယ
၆။ မောဟ အဝိဇ္ဇာနုသယ

နဝ(တရားကိုယ်) အမည်(သံယောဇဉ်)
၁။ လောဘ ၁။ကာမရာဂ၊ ၂။ရူပရာဂ၊ ၃။အရူပရာဂ (သုတ်)
၁။ ကာမရာဂ၊ ၂။ ဘဝရာဂ (အဘိဓမ္မ)
၂။ ဒေါသ ပဋိဃသံယောဇဉ်(သုတ်=ဘိ)
၃။ မာန မာနသံယောဇဉ်(သုတ်=ဘိ)
၄။ ဒိဋ္ဌိ ၁။ ဒိဋ္ဌိ၊ ၂။ သီလဗ္ဗတပရာမာသ (သုတ်=ဘိ)
၅။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာသံယောဇဉ် (အဘိဓမ္မ)
၆။ ဥဒ္ဓစ္စ ဥဒ္ဓစ္စသံယောဇဉ် (အဘိဓမ္မ)
၇။ ဣဿာ ဣဿာသံယောဇဉ် (အဘိဓမ္မ)
၈။ မစ္ဆရိယ မစ္ဆရိယသံယောဇဉ်(အဘိဓမ္မ)
၉။ မောဟ အဝိဇ္ဇာသံယောဇဉ် (သုတ်=ဘိ)

ဒသ= လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက,အနောတ္တပ္ပ။ (အမည်=လောဘကိလေသာ စသည်ပင်)

မိဿကသင်္ဂဟ

၁၅။ မိဿကသင်္ဂဟေ ဆ ဟေတူ လောဘော ဒေါသော မောဟော အလောဘော အဒေါသော အမောဟော။ ။

မိဿကသင်္ဂဟေ= ကုသိုလ်, အကုသိုလ်, အဗျာကတတို့ကို အမည်တူ ရော၍ အကျဉ်းချုပ်စုပြတဲ့အခန်း။

ဈာနင် ၇ ပါး

၁၆။ သတ္တ ဈာနင်္ဂါနိ ဝိတက္ကော ဝိစာရော ပီတိ ဧကဂ္ဂတာ သောမနဿံ ဒေါမနဿံ ဥပေက္ခာ။ ။

ဈာန=အာရုံကို သိတတ်လို့ "ဈာန်"(အပ္ပနာမဟုတ်ပဲ ခေါ်တဲ့ဈာန်) ဆန့်ကျင်ဘက် တရားတို့ကို ရှို့မြိုက်တတ်လို့ "ဈာန်"(အပ္ပနာဈာန်)

အင်္ဂ=အပေါင်းတို့ကို သိကြောင်းဖြစ်လို့ အင်္ဂ (အစိတ်အပိုင်း ဟူလို)

ဈာနင်္ဂ=ဈာန်ဟူသော အပေါင်းကိုသိကြောင်းဖြစ်တဲ့ အစိတ်အပိုင်း။

ဝိတက္ကော=အာရုံသို့ သမ္ပယုတ်တရားတို့ကို ပို့ပေးတတ်တဲ့ သဘော။

ဝိစာရော=အာရုံကို ဆင်ခြင်တတ်တဲ့ သဘော။

ပီတိ=အာရုံကို နှစ်သက်တတ်တဲ့ သဘော။

ဧကဂ္ဂတာ=တခုတည်းသော အာရုံ၌ဖြစ်တတ်တဲ့သဘော၊တည်ကြည်လည်းဟူ၊

အမှာ=တရားကိုယ် ဧကဂ္ဂတာ=၇၉ (ဒွေးပဉ္စဝိညာဏ်ကြဉ်)(ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ န လဗ္ဘန္တိ ဆိုလို့)

သောမနဿံ=ဝမ်းမြောက်ကြောင်း ဝေဒနာ။

ဒေါမနဿံ=နှလုံး မသာယာကြောင်း ဝေဒနာ၊

ဥပေက္ခာ=လျစ်လျူရှုကြောင်း ဝေဒနာ။

အမှာ=တရားကိုယ် ဥပေက္ခာဝေဒနာ=၄၇သာ(ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ န လဗ္ဘန္တိ ဆိုလို့)

ရှင်း= ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ် ၂
ဥပေက္ခာသဟဂုတ်သောတဝိညာဏ် ၂
ဥပေက္ခာသဟဂုတ်ဃာနဝိညာဏ် ၂
ဥပေက္ခာသဟဂုတ်ဇိဝှာဝိညာဏ် ၂=ရှင်း ၈ ပါးကြဉ်လို့=၄၇

သတိ=ဒေါမနဿ=အကုသိုလ်စျာနင် (စျာန်အင်္ဂါဟူလို)
ကြွင်းအားလုံး=ကုသိုလ်,အကုသိုလ်,အဗျာကတစျာနင်။

မဂ္ဂင် ၁၂ ပါး

၁၇။ ဒွါဒသ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါယာမော မိစ္ဆာသမာဓိ။

မဂ္ဂ=သုဂတိ,ဒုဂ္ဂတိသို့ ရောက်စေတတ်တဲ့ တရား (လောကုတ္တရာမဟုတ်တဲ့မဂ်)
မဂ္ဂ=နိဗ္ဗာန်သို့ ရောက်စေတတ်တဲ့တရား (လောကုတ္တရာမဂ်)
အင်္ဂ=မဂ်ဟူသော အပေါင်းကို သိကြောင်းဖြစ်လို့ အစိတ်ကို အင်္ဂ။
မဂ္ဂင် မဂ်ဟူသော ၈ ပါးအပေါင်းကို သိကြောင်းဖြစ်လို့ သမ္မာဒိဋ္ဌိ စတဲ့ အစိတ်ကို မဂ္ဂင်ခေါ်။

သမ္မာဒိဋ္ဌိ=မဖောက်မပြန် သိမြင်တတ်တဲ့ ပညာ။

ရှင်း= ၁။ အတ္ထိဒိန္နံ စသောအားဖြင့် ၁၀ ပါး(သိပုံသိနည်း ၁၀ မျိုးဟူလို) လောကုတ္တရာမဟုတ်တဲ့ သမ္မာဒိဋ္ဌိ။
၂။ ပရိညာ စသောအားဖြင့် ၄ ပါး (သိပုံ သိနည်း ၄ မျိုး) လောကုတ္တရာ သမ္မာဒိဋ္ဌိ။

၁၀သိ=၁။ အတ္ထိဒိန္နံ=လှူခြင်းသည် အကျိုးရှိ၏။
၂။ အတ္ထိယိဋ္ဌံ=ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးရှိ၏။
၃။ အတ္ထိဟုတံ=ယဇ်ငယ်ပူဇော်ခြင်းသည် အကျိုးရှိ၏။
၄။ အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော= ကောင်းမှု မကောင်းမှုတို့၏ အကျိုးသည် ရှိ၏။
၅။ အတ္ထိ အယံ လောကော=ဤလောက ရှိ၏။
၆။ အတ္ထိပရလောကော=တမလွန်လောက ရှိ၏။
၇။ အတ္ထိမာတာ=မိခင်ကိုပြုစုရတာ အကျိုး၏။

၈။ အတ္ထိ ပိတာ=ဖခင်ကိုပြုစုရတာ အကျိုးရှိ၏။
၉။ အတ္ထိ သတ္တာ ဩပ ပါတိကာ=ဥပပတ်သတ္တဝါ နတ်ဆိုတာရှိ၏။
၁၀။ အတ္ထိ လောကေ သမဏဗြာဟ္မဏာ=အကျင့် ကောင်း၍ ဤလောက တမလွန် လောက အကြောင်းကို ဟောတတ် ပြောတတ် သောရဟန်း ရဟန္တာဆိုတာ ရှိ၏။

အမှာ=ဍိ၌ အတ္ထိဒိန္နံ စသည်ဟု အာဒိဖြင့် ပြ၏ (ဗဟုသုတအလို့ငှာထည့်သည်)

၄သိ= ၁။ ဒုက္ခသစ္စာကို သိခြင်း (ပရိညာ)
၂။ ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း လောဘ၏ ချုပ်ငြိမ်းခြင်းကို သိခြင်း၊ (ပဟာန)
၃။ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ကို သိခြင်း (သစ္ဆိကရဏ)
၄။ သမုဒယကို ပယ်သတ်နိုင်တဲ့ မဂ်တရားများ ဖြစ်ပေါ်လာသည်ကို သိခြင်း (ဘာဝနာ)

သမ္မာသင်္ကပ္ပေါ=ကောင်းစွာ ကြံစည်တတ်တဲ့ ဝိတက်။

အမှာ=တရားကိုယ် ၃၇ (အပိတ်,အကုသိုလ်ကြဉ်)

သတိ=အဗောတုကေသု မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ ဆိုလို့ အပိတ်ကြဉ်။
သမ္မာ ဆိုလို့ အကုသိုလ်ကြဉ်။

ရှင်း= ၁။ အဗျာပါဒဝိတက်=မဖျက်ဆီးမှုအတွက် ကြံစည်တဲ့ မေတ္တာနှင့် ယှဉ်တဲ့ ဝိတက်။
၂။ အဝိဟိံသဝိတက်=မညှဉ်းဆဲမှု အတွက် ကြံစည်တဲ့ ကရုဏာနှင့် ယှဉ်တဲ့ ဝိတက်။
၃။ နေက္ခမ္မဝိတက်= ၎င်း ၂ မျိုးမှ တပါးကို ကြံစည်တဲ့ ဝိတက်= ၎င်း ၃ မျိုး။

အမှာ=၎င်း ၃ မျိုး ပြောင်းပြန်ပြန် မိစ္ဆာသင်္ကပ္ပ (အကုသိုလ်၌ ဝိတက်)

သမ္မာဝါစာ=ဝစီ ဒုစရိုက် ၄ ပါးမှ ရှောင်ကြဉ်တဲ့ သဘော။

သမ္မာကမ္မန္တော=ကာယ ဒုစရိုက် ၃ ပါးမှ ရှောင်ကြဉ်တတ်တဲ့ သဘော။

သမ္မာအာဇီဝေါ=သက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် ဒုစရိုက် ၇ ပါးမှ ရှောင်ကြဉ်တဲ့ သဘော။

သမ္မာဝါယာမော=ကောင်းစွာလုလ္လပြုတဲ့ ဝီရိယ။
အမှာ=တရားကိုယ်ဝီရိယ=၅၉(အဟိတ်,အကုကြဉ်)အဟေတုကေသု မဂ္ဂင်္ဂါနိ
န လဗ္ဘန္တိ ဆိုလို့ အဟိတ်ကြဉ်။
မိစ္ဆာဝါယာမ အတွက် ချန်ရလို့ အကုသိုလ် ကြဉ်။
သမ္မာသတိ=ကောင်းစွာ အောက်မေ့တဲ့ သတိ။
သမ္မာသမာဓိ=အာရုံကို ကောင်းစွာယူတဲ့ ဧကဂ္ဂတာ။
အမှာ=တရားကိုယ်ဧကဂ္ဂတာ=၅၉ (အဟိတ်,အကုသိုလ်ကြဉ်)
ရှင်း=အဟေတုကေသုမဂ္ဂင်္ဂါနိ န လဗ္ဘန္တိ ဆိုလို့ အဟိတ်ကြဉ်၊
သမ္မာ ဆိုလို့ အကုသိုလ်ကြဉ်။
မိစ္ဆာဒိဋ္ဌိ စသည်ဘို့သည် ဒုဂ္ဂတိသို့ ရောက်ကြောင်းတရားများ၏ တစိတ် ဖြစ်လို့ "မဂ္ဂင်" မည်သည်ပင်။
မိစ္ဆာဒိဋ္ဌိ=ဖောက်ဖောက်ပြန်ပြန် သိတတ်တဲ့ ဒိဋ္ဌိ(ဒုဂ္ဂတိရောက်ကြောင်းဖြစ်လို့ မဂ္ဂင်)
မိစ္ဆာသင်္ကပ္ပေါ=သမ္မာသင်္ကပ္ပမှ ပြောင်းပြန်ပြန် (ဒုဂ္ဂတိရောက်ကြောင်း ဖြစ်လို့ မဂ္ဂင်)
အမှာ=တရားကိုယ်ဝိတက် ၁၂ (အကုသိုလ်၌သာ၊ မိစ္ဆာဆိုလို့)
မိစ္ဆာဝါယာမော=မကောင်းသဖြင့် လုလ္လပြုတဲ့ ဝီရိယ(ဒုဂ္ဂတိရောက်ကြောင်း ဖြစ်လို့ မဂ္ဂင်)
အမှာ=တရားကိုယ် ဝီရိယ ၁၂၊ (အကုသိုလ်၌သာ၊ မိစ္ဆာ ဆိုလို့)
မိစ္ဆာသမာဓိ=အာရုံကို မကောင်းသဖြင့်ယူတဲ့ ဧကဂ္ဂတာ (ဒုဂ္ဂတိ ရောက်ကြောင်း ဖြစ်လို့ မဂ္ဂင်)
အမှာ= တရားကိုယ် ဧကဂ္ဂတာ ၁၁ (ဝိစိကိစ္ဆာကြဉ် အကုသိုလ်၌သာ)
ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ န ဂစ္ဆတိ ဆိုလို့။

ဣန္ဒြေ ၂၂ ပါး

၁၈။ ဗာဝီသတိန္ဒြိယာနိ စက္ခုန္ဒြိယံ သောတိန္ဒြိယံ ဃာနိန္ဒြိယံ ဇိဝှိန္ဒြိယံ ကာယိန္ဒြိယံ ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဇီဝိတိန္ဒြိယံ မနိန္ဒြိယံ သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ **အနညာတညဿာမီတိန္ဒြိယံ အညိန္ဒြိယံ အညာတာဝိန္ဒြိယံ။**

ဣန္ဒြိယ=အစိုးရသော တရား။

ရှင်း= မိမိနှင့်စပ်တဲ့ တရားများကို မိမိအလိုသို့ လိုက်စေတဲ့ တရား။

၁။ စက္ခုန္ဒြေ=မြင်ခြင်းကိစ္စ၌ စက္ခုဝိညာဏ်ကိုမိမိအလိုသို့လိုက်စေ၏။

၂။ သောတိန္ဒြေ=ကြားခြင်းကိစ္စ၌ သောတ ဝိညာဏ်ကို မိမိအလိုသို့ လိုက်စေ။

၃။ ဃာနိန္ဒြေ=နမ်းရှုခြင်းကိစ္စ၌ ဃာန ဝိညာဏ်ကို မိမိအလိုသို့ လိုက်စေ။

၄။ ဇိဝှိန္ဒြေ=လျက်ခြင်းကိစ္စ၌ ဇိဝှာဝိညာဏ်ကို မိမိအလိုသို့ လိုက်စေ။

၅။ ကာယိန္ဒြေ= ထိခြင်းကိစ္စ၌ ကာယ ဝိညာဏ်ကို မိမိ အလိုသို့ လိုက်စေ။

၆။ ဣတ္ထိန္ဒြေ-မိန်းမသဏ္ဍာန်၌ လိင်္ဂစသည်ကို မိမိအလိုသို့ လိုက်စေ။

၇။ ပုရိသိန္ဒြေ=ယောကျ်ား သဏ္ဍာန်၌ လိင်္ဂစသည်ကို မိမိ အလိုသို့ လိုက်စေ။

၈။ ဇီဝိတိန္ဒြေ=အသက်ရှင်ခြင်း ကိစ္စ၌ သဟဇာတ် နာမ်ရုပ်တို့ကို မိမိ အလိုသို့ လိုက်စေ။

သတိ=ရုပ်ဇီဝိတသည် အသက်ရှင်ခြင်း၌ ကလာပ်တူ ရုပ်ဇီဝိတကြဉ်ကမ္မဇရုပ်, ကလာပ်ပြား စတုဇရုပ်များကို မိမိအလိုသို့ လိုက်စေသည်။

နာမ်ဇီဝိတသည်=အသက်ရှည်ခြင်း၌ သမ္ပယုတ်တရားများကို မိမိအလိုသို့ လိုက်စေသည် (ထို့ကြောင့် ၎င်း ၂ ပါးကို ဇီဝိတိန္ဒြေ ခေါ်) (ဇီဝိတိန္ဒြိယဥ္စ ရူပါရူပဝသေန ဒုဝိဓံ ဆိုလို့)

၉။ မနိန္ဒြေ=သိခြင်းကိစ္စ၌သမ္ပယုတ်တရားတို့ကိုမိမိအလိုသို့လိုက်စေ။

၁၀။ သုခိန္ဒြေ=ဣဋ္ဌဖောဋ္ဌဗ္ဗာရုံ ခံစားခြင်း၌ သမ္ပယုတ်တရားတို့ကို မိမိအလိုသို့ လိုက်စေ။

၁၁။ ဒုက္ခိန္ဒြေ=အနိဋ္ဌဖောဋ္ဌဗ္ဗာရုံ ခံစားခြင်း၌ သမ္ပယုတ်တရား တို့ကို မိမိ အလိုသို့လိုက်စေ။

၁၂။ သောမနဿိန္ဒြေ= ဣဋ္ဌအာရုံ၆ပါး ခံစားခြင်း၌ သမ္ပယုတ် တရားတို့ကိုမိမိအလိုသို့ လိုက်စေ၏။

၁၃။ ဒေါမနဿိန္ဒြေ=အနိဋ္ဌ အာရုံ၆ပါးကို ခံစားခြင်း၌ သမ္ပယုတ် တရားတို့ကို မိမိအလိုသို့ လိုက်စေ၏။

၁၄။ ဥပေက္ခိန္ဒြေ=မဇ္ဈတ္တအာရုံ ၆ပါးကို ခံစားခြင်း၌ သမ္ပယုတ် တရား တို့ကိုမိမိအလိုသို့ လိုက်စေ၏။

၁၅။ သဒ္ဓိန္ဒြေ= ယုံကြည်ခြင်းကိစ္စ၌ သမ္ပယုတ် တရား တို့ကို မိမိ အလိုသို့ လိုက်စေ၏။

၁၆။ ဝီရိယိန္ဒြေ=လုံ့လပြုခြင်း ကိစ္စ၌ သမ္ပယုတ် တရား တို့ကို မိမိ အလိုသို့လိုက်စေ၏။

၁၇။ သတိန္ဒြေ=အောက်မေ့ခြင်း ကိစ္စ၌ သမ္ပယုတ်တရားတို့ကို မိမိ အလိုသို့ လိုက်စေ၏။

၁၈။ သမာဓိန္ဒြေ=တည်ကြည်ခြင်းကိစ္စ၌ သမ္ပယုတ် တရားတို့ကို မိမိ အလိုသို့ လိုက်စေ၏။

အမှာ=တရားကိုယ်ကောဂ္ဂတာ=၈၈ (ဝိစိကိစ္ဆာကြဉ် စိတ် ၈၈၌ ကောဂ္ဂတာ) (ဝိစိကိစ္ဆာစိတ္တေ ကောဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိဆိုလို့)

၁၉။ ပညိန္ဒြေ=သိခြင်းကိစ္စ၌ သမ္ပယုတ် တရားတို့ကို မိမိအလိုသို့ လိုက်စေ၏။

အမှာ=ဉာဏသမ္ပယုတ် ၁၂

မဟဂ္ဂုတ် ၂၇=၃၉၌ပညာကိုယူ နောက်လာန္ဒြေ ၃ပါးအတွက် လောကုတ္တရာချန်။

၂၀။ အနညာတညဿာမိတိန္ဒြေ=သိခြင်းကိစ္စ၌ သမ္ပယုတ်တို့ကို မိမိ အလိုသို့လိုက်စေ၏။

အမှာ တရားကိုယ် သောတာပတ္တိမဂ်၌ပညာ(သောတာပတ္တိ မဂ္ဂဉာဏံအနညာ တညဿာမိတိန္ဒြိယံ ဆိုလို့)

၂၁။ အညိန္ဒြေ= သိခြင်းကိစ္စ၌သမ္ပယုတ် တရားတို့ကို မိမိအလိုသို့ လိုက်စေ၏။

အမှာ=တရားကိုယ် လောကုတ္တရာ အလယ် ပညာ ၆ပါး (မဇ္ဈေ ဆဉာဏာနိ အညိန္ဒြိယာနိဆိုလို့)

၂၂။ အညာတာဝိန္ဒြေ=သိခြင်းကိစ္စ၌ သမ္ပယုတ် တရားတို့ကို မိမိ အလိုသို့ လိုက်စေ၏။

အမှာ=တရားကိုယ် အရဟတ္တ ဖိုလ်၌ ပညာ (အရဟတ္တဖလဉာဏံ အညာ တာဝိန္ဒြိယံ ဆိုလို့)

ရှေ့နောက် အစဉ်ဟောခြင်း အကြောင်း

အဇ္ဈတ္တိကာယတနများ ဖြစ်၍ သတ္တဝါတို့မှာ အကျိုးများလို့ ပသာဒ ဒိန္ဒြေကို ရှေ့ဦးစွာ ဟောသည်။

၎င်းနောက် မိန်းမ, ယောကျ်ား ဝေဘန်မှု အရေးပါလို့ ဘာဝရုပ် ၂ခု ဟောသည်။

၎င်းနောက် သတ္တဝါတို့မှာ အသက်ရှည်မှု အရေးကြီးလို့ ဇီဝိတိန္ဒြေကို ဟောသည်။

၎င်းနောက် ဝေဒနာများ ခံစားမှုကြောင့် ညစ်နွမ်းခြင်းစသည်ဖြစ်၏ဟု ပြခြင်းငှာ ဝေဒနိန္ဒြေ ၅ပါးကို ဟောသည်။

၎င်းနောက် နာမ်ခြင်း ပေါင်းပြလို၍ မနိန္ဒြေကို ၎င်းအုပ်စု အစ၌ ဟောသည်။

၎င်းနောက် ညစ်နွမ်းမှုမှ စင်ကြယ်ကြောင်း တရားများကို ပြလို၍ သဒ္ဓါစတဲ့ ဣန္ဒြေ၅ပါးကို ဟောသည်။

၎င်းနောက် အစဉ်အတိုင်းရသည်ဟု ပြလို၍ အနညာတညဿာမိတိန္ဒြေ စသည်ကို ဟောသည်။

သရုပ်(ဝါ) တရားကိုယ်ကို ပြခြင်းငှာ ပညိန္ဒြေကိုဟောသည်။ ပုဂ္ဂလဇ္ဈာသယအားဖြင့်လည်းကောင်း။

ကိစ္စ အထူးကို ပြသော အားဖြင့် လည်းကောင်း=၎င်း ၂မျိုးကြောင့် နောက် ၃ပါးကိုဟောသည်။

ဗိုလ် ၉ ပါး

၁၉။ နဝ ဗလာနိသဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ ဟိရီဗလံ ဩတ္တပ္ပဗလံ အဟိရိကဗလံ အနောတ္တပ္ပဗလံ။

ဗလ= ဆန့်ကျင်ဘက် တရား တို့သည် မတုန်လှုပ်စေနိုင်လို့ ရှေ့ ၇ ပါးကို ဗိုလ်ခေါ်၏။

သမ္ပယုတ် တရားတို့၌ ခိုင်ခံ့လို့ နောက်အဟိရိက, အနောတ္တပ္ပ ၂ပါးကို ဗိုလ်ခေါ်၏။

ရှင်း= ၁။ သဒ္ဓါဗိုလ်သည် အသဒ္ဓိယနှင့် ဆန့်ကျင်၏။
၂။ ဝီရိယဗိုလ်သည် ကောသဇ္ဇနှင့်ဆန့်ကျင်၏။
၃။ သတိဗိုလ်သည် ပမာဒနှင့်ဆန့်ကျင်၏။
၄။ သမာဓိဗိုလ်သည် ဥဒ္ဓစ္စနှင့် ဆန့်ကျင်၏။
၅။ ပညာဗိုလ်သည် အဝိဇ္ဇာနှင့်ဆန့်ကျင်၏။
၆။ ဟိရီဗိုလ်သည် အဟိရိကနှင့်ဆန့်ကျင်၏။
၇။ ဩတ္တပ္ပဗိုလ်သည် အနောတ္တပ္ပနှင့်ဆန့်ကျင်၏။

အမှာ=ဤဆန့်ကျင်ဘက်တို့က မတုန်လှုပ်စေနိုင်ဟူလို။

တရားကိုယ်=သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ, ဟိရီ,ဩတ္တပ္ပ,အဟိရိက အနောတ္တပ္ပ=၉ပါး။

အထူး=အဝီရိယ စိတ် ၁၆ နှင့် ဝိစိကိစ္ဆာကြဉ် စိတ် ၇၂ ၌ ဧကဂ္ဂတာကို "သမာဓိဗိုလ်"
(အဝီရိယေသု ဗလာနိ န လဗ္ဘန္တိဆိုလို့ အဝီရိယစိတ်ကို ကြဉ်)
ဝိစိကိစ္ဆာစိတ္တေ မဂ္ဂိန္ဒြိယဗလဘာဝံ နဂစ္ဆတိ ဆိုလို့ ဝိစိကိစ္ဆာကြဉ်။

အဝီရိယစိတ်	ပဉ္စဒွါရာဝဇ္ဇန်း	၁
	ဒွေးပဉ္စဝိညာဏ်	၁၀
	သမ္ပဋိစ္ဆိုင်း	၂
	သန္တီရဏ	၃=၁၆

အဓိပတိ ၄ ပါး

၂၀။ စတ္တာရော အဓိပတိ ဆန္ဒာဓိပတိ ဝီရိယာဓိပတိ စိတ္တာဓိပတိ ဝီမံသာဓိပတိ။

အဓိပတိ=မိမိနှင့် စပ်သော တရားတို့တွင် အရှင်သခင်ဖြစ်လို့ အဓိပတိ။

တနည်း=အကြီးအမှူးဖြစ်လို့ အဓိပတိ။

ဆန္ဒာဓိပတိ=ဒွိဟိတ်ဇော ၁၈
တိဟိတ်ဇော ၃၄=၅၂ ၌ ယှဉ်တဲ့ ဆန္ဒ။
ဝီရိယာဓိပတိ=၎င်း ၅၂ ၌ ယှဉ်တဲ့ ဝီရိယ။

စိတ္တာဓိပတိ=ဝုင်းဇော ၅၂ ဟု ဆိုအပ်သော စိတ် (ဒွိဟေတုက တိဟေတုက ဇဝနေသေ့ဝ ဆိုလို့)

ဝီမံသာဓိပတိ=တိဟိတ်ဇော ၃၄ ၌ ယှဉ်တဲ့ ပညာ (ယထာသမ္ဘဝံ ဆိုလို့) ဒွိဟိတ်၌ ပညာ မယှဉ်။

အဓိပတိတရားကိုယ်=ဆန္ဒ, ဝီရိယ, စိတ်, ပညာ=၄ ပါး။

အထူး=အဓိပတိ=အခြားတရားတို့အား အကြီးအကဲ ဖြစ်ခွင့်မပေးပဲ။ အစိုးရ ရခြင်း သဘော။

ဣန္ဒြိယ=ဆက်စပ်သော စက္ခုဝိညာဏ် စသည်တို့ကို မိမိအလိုသို့ လိုက် စေကာမျှသာ (ဤသို့ ၂ ပါးထူး၏)

အာဟာရ ၄ ပါး

၂၁။ စတ္တာရော အာဟာရာ ကဗဠီကာရော အာဟာရော၊
ဖဿော ဒုတိယော။
မနောသဉ္စေတနာ တတိယာ၊
ဝိညာဏံ စတုတ္ထံ။

အာဟာရာ=ဩဇာလျှင် ၈ ခု မြောက်တဲ့ ရုပ် စသည်တို့ကို ဆောင် တတ်တဲ့ တရား။

အမှာ=ဆောင်တတ်ဟူသည် ထောက်ပံ့မှုကို ခေါ်သည်။

သတိ=ဇနက သတ္တိရှိသော်လည်း ဥပထမ္ဘက သတ္တိက ပို အားကောင်း၍ ထောက်ပံ့ဟု သုံးစွဲသည်။

ရှင်း= ၁။ ကဗဠီကာရာဟာရ ခေါ် ဩဇာသည်၊ ဩဇာလျှင် ၈ ခုမြောက် သော ရုပ်ကို ဆောင်သည် (ထောက်ပံ့၏)

၂။ ဖဿာဟာရသည် ဝေဒနာ ၃ ပါးတို့ကို ဆောင်၏(ထောက်ပံ့)

၃။ မနောသဉ္စေတနာဟာရခေါ် ကုသိုလ် အကုသိုလ် ကံသည် ဘုံ ၃ ပါးတို့၌ ပဋိသန္ဓေကို ဆောင်၏၊(ထောက်ပံ့) (ရှု) (ပဋ္ဌာန်း အကောက်၌ စေတနာ ၁၉ ကောက်၏)။

၄။ ဝိညာဏာဟာရ ခေါ် ပဋိသန္ဓေ ဝိညာဏ်သည် သဟဇာတ် နာမ်ရုပ်တို့ကို ဆောင်၏ (ထောက်ပံ့)(ဖြစ်ဖော်ဖြစ်ဖက် နာမ်နှင့် ရုပ်တို့ကို သဟဇာတ် နာမ် ရုပ် ခေါ်၏)

၄ သာ အာဟာရ=တခြား တရားများသည် ပစ္စယုပ္ပန် တို့ကို ဆောင်တတ်သော်လည်း အဇ္ဈတ္တသန္တာန်၌ ထူးသော အကြောင်းဖြစ်၍ ဤ ၄မျိုးကိုသာ အာဟာရခေါ်။

ရှင်း= ၁။ ဩဇာက စဟုဇရုပ်အား အထောက်အကူပြုလို့ သတ္တဝါတွေ ၇ နှစ်, ၁၀ နှစ်စသည် အသက်ရှည်နိုင်သည်။
(ဩဇာသည် ကလေးထိန်းသူနှင့် လည်းကောင်း၊ အိမ်ကိုကန်သော ကျားနှင့် လည်းကောင်း တူ၏) (ကဗဠီကာရာဟာရအတွက်)
၂။ ဖဿက အာရုံကိုထိမှ ဝေဒနာက ခံစားကာ သတ္တဝါရယ်လို့ ရပ်တည်နိုင်သည်။
၃။ မနောသဉ္စေတနာခေါ် ကုသိုလ် အကုသိုလ်ကံက ဘဝ၏အရင်း မူလ ပဋိသန္ဓေကို ဖြစ်စေလို့ သတ္တဝါရယ်လို့ ရပ်တည်နိုင်သည်။
၄။ ဝိညာဏ်က အာရုံကိုသိလို့ ၎င်းနှင့်ပတ်သက်သောနာမ်ရုပ်ဖြစ်ကာ သတ္တဝါရယ်လို့ ရပ်တည်နိုင်သည်။

သတိ= ဤသို့ သတ္တဝါတို့ သန္တာန်၌ ထူးသော အကြောင်းများ ဖြစ်ကြလို့ ၎င်း ၄ မျိုးတို့ကိုသာ အာဟာရခေါ်သည်။

တရားကိုယ်ကောက်နည်း၊ပြ

၂၂။ ဣန္ဒြိယေသု ပနေတ္ထ သောတာပတ္တိမဂ္ဂဉာဏံ အနညာတညဿာမိတိန္ဒြိယံ။

အနညာတညဿာမိတိန္ဒြေ= သောတာပတ္တိမဂ်၌ သမ္ပယုတ်ခေါ် ပညာ။

၂၃။ အရဟတ္တဖလဉာဏံ အညာတာဝိန္ဒြိယံ။

အညာတာဝိန္ဒြေ - အရဟတ္တဖိုလ်၌ သမ္ပယုတ်ခေါ် ပညာ။

၂၄။ မဇ္ဈေ ဆ ဉာဏာနိ အညိန္ဒြိယာနီတိ ပဝုစ္စန္တိ။

အညိန္ဒြေ= အထက်မဂ် ၃၌ သမ္ပယုတ်ခေါ် ပညာ ၃။
အောက်ဖိုလ် ၃၌သမ္ပယုတ်ခေါ် ပညာ ၃=၆တို့ကို "အညိန္ဒြေ"ခေါ်။

၂၅။ ဇီဝိတိန္ဒြိယဉ္စ ရူပါရူပဝသေန ဒုဝိဓံ ဟောတိ။ ။

ဇီဝိတိန္ဒြေ= ရုပ်ဇီဝိတ။
နာမ်ဇီဝိတ=၂မျိုးကို "ဇီဝိတိန္ဒြေ"ခေါ်။

၂၆။ ပဥ္စဝိညာဏေသု ဈာနင်္ဂါနိ။
အဝီရိယေသုဗလာနိ။
အဟေတုကေသု မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ။

ပဉ္စဝိညာဏေသုဈာနင်္ဂါနိနလဗ္ဘန္တိ=ပဥ္စဝိညာဏ် တို့၌ ဈာနင်မရ (ဧကဂ္ဂတာ, ဥပေက္ခာကိုရည်ညွှန်း)

ရှင်း= ပဥ္စဝိညာဏ်သည် ဝိတက် မယှဉ်လို့ အာရုံကို အာရုံပြုကာမျှသာ။ ဥပနိဇ္ဈာန် လုပ်ငန်းကို မလုပ်နိုင်။ ထို့ကြောင့် ၎င်း ပဥ္စဝိညာဏ်၌ ယှဉ်သော ဧကဂ္ဂတာနှင့် ဥပေက္ခာကို ဈာန်အင်္ဂါ၌မယူရ၊ အခြားစိတ်၌သာ ယူရသည်။

သတိ= ဈာနင်ကောက်လျှင် အယုတ်ဆုံး ဝိတက် ပါရမည်။ ဝိစာရစသည် ပါလျှင် ပို၍ ပြည့်စုံ၏ ဟူလို။

အဝီရိယေသုဗလာနိ နလဗ္ဘန္တိ=အဝီရိယ စိတ်တို့၌ ဗိုလ်မရ (သမာဓိဗိုလ်= ဧကဂ္ဂတာကို ရည်ညွှန်း)

မှတ်ချက်=ဝိစိကိစ္ဆာ၌ ဧကဂ္ဂတာကိုလည်း သမာဓိဗိုလ် မခေါ်ရ။ (ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ န လဗ္ဘတိ ဆိုလတ္တံ့ဖြစ်လို့)

သတိ=အယုတ်ဆုံး ဝီရိယနှင့် ယှဉ်မှ "ဗိုလ်" ခေါ်နိုင်သည်။

အဝီရိယစိတ်=ပဉ္စဒွါရာဝဇ္ဇန်း ၁
ဒွေပဉ္စဝိညာဏ် ၁၀
သမ္ပဋိစ္ဆိုင်း ၂
သန္တီရဏ ၃=၁၆ (စေတသိက်ပိုင်း၌ပြပြီး)

အဟေတုကေသုမဂ္ဂင်္ဂါနိနလဗ္ဘန္တိ= အဟိတ် စိတ်တို့၌ မဂ္ဂင်မရ (ဝီရိယ နှင့် ဧကဂ္ဂတာကို ရည်ညွှန်း)

ဝိစိကိစ္ဆာ စိတ်၌ ဧကဂ္ဂတာ ကိုလည်း မိစ္ဆာသမာဓိ မဂ္ဂင် မခေါ်ရ။ (ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ နဂစ္ဆတိ ဆိုလတ္တံ့ ဖြစ်လို့)

သတိ=အယုတ်ဆုံး ဟိတ်ယှဉ်မှ မဂ္ဂင် ခေါ်ရသည် (မယှဉ် မခေါ်ရ)

၂၇။ တထာ ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ နဂစ္ဆတိ၊

နဂစ္ဆတိ=အဓိမောက္ခကင်းလို့ ဝိစိကိစ္ဆာ စိတ်၌ ဧကဂ္ဂတာကို မဂ္ဂင်လည်း မခေါ်ရ (မိစ္ဆာသမာဓိမဂ္ဂင်ကိုရည်ညွှန်း)
ဣန္ဒြေလည်း မခေါ်ရ (သမာဓိန္ဒြေကိုရည်ညွှန်း)

ဗိုလ်လည်း မခေါ်ရ (သမာဓိဗိုလ်ကို ရည်) (အဓိမောက္ခယှဉ်မှ ၎င်းအမည်များရ)

၂၀။ ဒွိဟေတုက, တိဟေတုကဇဝနေသွေ ယထာသမ္ဘဝံ အဓိပတိ ဂေါစရ လဗ္ဘတိ။

ဒွိဟေတုက=ဒွိဟိတ်ဇော ၁၀ ၌ အဓိပတိ ၃ ပါး (ဆန္ဒ,စိတ်,ဝီရိယ)

တိဟေတုက=တိဟိတ်ဇော ၃၄ ၌ အဓိပတိ ၄ ပါး (ဆန္ဒ,စိတ်,ဝီရိယ,ပညာ)

အပြန်=ဧကဟိတ်ဇော, (မောဟမူဒွေး)

အဟိတ်ဇော (ဟသိတုပ္ပါဒ်) ၎င်း၂မျိုးတို့ကို အဓိပတိ မခေါ်ရ။

တပန်=လောကီဝိပါက် ၃၂

အာဝဇ္ဇန်း ၂=၎င်းတို့ကိုလည်း အဓိပတိ မခေါ်ရ (ဇဝနေသွေ ဆိုလို့)

ယထာသမ္ဘဝံ=ဒွိဟိတ်ဇော ၁၀ ၌ အဓိပတိ ၃ သာ (ပီမံသကြဉ်) ဆန္ဒ, ဝီရိယ, စိတ်,

တိဟိတ်ဇော၃၄ ၌ အဓိပတိ ၄ မျိုးလုံး (ဆန္ဒ,ဝီရိယ,စိတ်, ပညာ)

ဂေါစရ=၃ ပါး ၄ ပါး ရှင့်ရှိသော်လည်း (တကယ်ဖြစ်တော့ ၁ ခုစီသာ အဓိပတိ ဖြစ်သည်။ ကျန် ၂,၃ သည် သာမန်နောက်လိုက်မျှသာ (ဆန္ဒ အဓိပတိ ဖြစ်ခိုက်၊ ကျန် ၃ ပါး နောက်လိုက် စသည် ဟူလို)

သတိ= အကြီးအမှူးကိုသာ အဓိပတိခေါ်လို့ ၁ ခုစီသာ အဓိပတိဖြစ်ကြ၏။

အပှာ= လောဘမူ ၈
ဒေါသမူ ၂
မဟာကုသိုလ် ဝိပ္ပယုတ် ၄
မဟာကြိယာ-ဝိပ္ပယုတ် ၄=၁၀=ဒွိဟိတ်ဇောများ။

အမှာ= မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
မဟာကြိယာ ဉာဏသမ္ပယုတ် ၄
မဟဂ္ဂုတ် ကုသိုလ် ၉
မဟဂ္ဂုတ် ကြိယာ ၉
လောကုတ္တရာစိတ် ၈=၃၄= တိဟိတ်ဇောများ။

သင်္ဂဟ ဂါထာများ

၂၉။ ဆ ဟေတူ ပဥ္စ ဈာနင်္ဂါ၊ မဂ္ဂင်္ဂါ နဝ ဝတ္ထုတော။
သောဠသိန္ဒြိယဓမ္မာစ၊ ဗလဓမ္မာ နဝေရိတာ။
စတ္တာရော'ဓိပတိ ဝုတ္တာ၊ တထာ'ဟာရာတိ သတ္တမာ။
ကုသလာဒိသမာကိဏ္ဏော၊ ဝုတ္တော မိဿကသင်္ဂဟော။ ။

ဆဟေတူ= လောဘ+, ဒေါသ+, မောဟ+, အလောဘ+, အဒေါသ+, အမောဟ = ၆ (တရားကိုယ်)

ပဥ္စဈာနင်္ဂါ= ဝိတက် + ဝိစာရ + ပီတိ + ဧကဂ္ဂတာ + ဝေဒနာ = ၅ (တရားကိုယ်)

ရှင်း= ဝေဒနာ၃ကို သောမနဿ။
ဒေါမနဿ။
ဥပေက္ခာဟု ၃ မျိုးခွဲခေါ်လို့၊ သရုပ် ၇ ဖြစ်သည်။

သတိ= ဥပေက္ခာ ၄၇ သာ (ပဥ္စဝိညာဏ် ဥပေက္ခာ ၈ ကြဉ်လို့)

နဝမဂ္ဂင်္ဂါ= ပညာ+, ဝိတက်+, သမ္မာဝါစာ+, သမ္မာကမ္မန္တ+, သမ္မာအာဇီဝ+, ဝီရိယ+, သတိ+, ဧကဂ္ဂတာ+, ဒိဋ္ဌိ=၉။

ရှင်း= ကာမာဝစရ သောဘဏ ၂၄
ပထမဈာန်.... ၁၁=၃၅ ၌ ဝိတက်ကို သမ္မာသင်္ကပ္ပ (သမ္မာသတိပြု)
အကုသိုလ်စိတ်.... ၁၂ ၌ ဝိတက်ကို မိစ္ဆာသင်္ကပ္ပ (မိစ္ဆာသတိပြု)

ကာမာဝစရသောဘဏ ၂၄
မဟဂ္ဂုတ်လောကုတ္တရာ ၃၅=၅၉ ၌ ဝီရိယကို သမ္မာဝါယာမ (သမ္မာသတိပြု)
အကုသိုလ်စိတ် ၁၂၌ ဝီရိယကို မိစ္ဆာဝါယာမ (မိစ္ဆာသတိပြု)
ကာမာဝစရသောဘဏ ၂၄
မဟဂ္ဂုတ်လောကုတ္တရာ ၃၅=၅၉ ၌ ဧကဂ္ဂတာကို သမ္မာသမာဓိ (သမ္မာသတိပြု)
အကုသိုလ်စိတ် ၁၁၌ ဧကဂ္ဂတာကို မိစ္ဆာသမာဓိ(အဓိမောက္ခ မယှဉ်၍ မဂ္ဂင် မဖြစ်လို့ ဝိစိကိစ္ဆာကို ကြဉ်သည်)

ဤသို့ ဝိတက်, ဝီရိယ, ဧကဂ္ဂတာ တို့ကို ၂မျိုးစီခွဲခေါ်လို့ သရုပ် ၁၂။
သတိ= မဂ္ဂင်တရားကိုယ် အားလုံး အပိုတ်ကို ကြဉ်ကောက်သည်။ သတိပြု။

သောဠသဣန္ဒြိယာ= စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, ဣတ္ထိဘာဝ, ပုမ္ဘာဝ, ရုပ်ဇီဝိတ, နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ=၁၆။

ရှင်း= (က) ရုပ်ဇီဝိတ
နာမ်ဇီဝိတ=၂မျိုးပေါင်းကို ဇီဝိတိန္ဒြေ ၁ နာမည်တည်းခေါ်။

(ခ) ဝေဒနာကို ၁။ သုခိန္ဒြေ
၂။ ဒုက္ခိန္ဒြေ
၃။ သောမနဿိန္ဒြေ
၄။ ဒေါမနဿိန္ဒြေ
၅။ ဥပေက္ခိန္ဒြေ=၅မျိုး ခွဲခေါ်သည်။

(ဃ) ပညာကို= ၁။ ပညိန္ဒြေ (လောကီပညာ ၃၉)
၂။ အနညာ....န္ဒြေ (သောတာပတ္တိမဂ်ပညာ)
၃။ အညိန္ဒြေ (လောကုတ္တရာအလယ်ပညာ၆)
၄။ အညာတာဝိန္ဒြေ(အရဟတ္တဖိုလ်ပညာ)၄မျိုး ခွဲသည်။

အမှာ=ဤသို့ ဇီဝိတ ၂ မျိုးကို ၁ နာမည်။
ဝေဒနာစေတသိက် ၁ မျိုးကို ၅ နာမည်။
ပညာစေတသိက် ၁ မျိုးကို ၄ နာမည် ခွဲခေါ်လို့၊ သရုပ် ၂၂၊
တရားကိုယ် ၁၆။

နဝဗလဓမ္မာ=သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ, ဟိရိ, ဩတ္တပ္ပ, အဟိရိက
အနောတ္တပ္ပ= ၉

အမှာ=သမာဓိဗိုလ်=ဧကဂ္ဂတာ ၇၂သာ(အဝီရိယစိတ်နှင့် ဝိစိကိစ္ဆာကြဉ်လို့)

စတ္တာရောအဓိပတီ=ဆန္ဒ,စိတ်,ဝီရိယ,ပညာ=၄

အမှာ=ဒွိဟိတ်ဇော ၁၈ ၌ ဆန္ဒ,စိတ်,ဝီရိယ= ၃ ပါးသာ (ပညာမယှဉ်လို့)
တိဟိတ်ဇော၃၄ ၌ ဆန္ဒ,စိတ်,ဝီရိယ,ပညာ=၄ ပါး လုံး။

စတ္တာရောအာဟာရာ= ၁။ ကဗဠီကာရာဟာရ=ဩဇာ။
၂။ ဖဿာဟာရ စိတ် ဂ၉ ၌ ဖဿ။
၃။ စေတနာဟာရ=ကုသိုလ် အကုသိုလ်ကံ။
၄။ ဝိညာဏာဟာရ=ပဋိသန္ဓေဝိညာဏ်။

သတ္တဓာ=ဟိတ်,ဈာန်,မဂ္ဂင်,ဣန္ဒြေ,ဗိုလ်,အဓိပတိ,အာဟာရ=၇။

ကုသလာဒိသမာကိဏ္ဏော ဝုတ္တောမိဿကသင်္ဂဟော= ကုသိုလ်, အကုသိုလ်, အဗျာကတတို့ကိုရောနှော၍ အကျဉ်းချုပ်စုပြလို့ မိဿကသင်္ဂဟခေါ်။

ဗောဓိပက္ခိယသင်္ဂဟ

သတိပဋ္ဌာန် ၄ ပါး

၃၀။ ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာနာ
ကာယာ,နုပဿနာ,သတိပဋ္ဌာနံ
ဝေဒနာ,နုပဿနာ,သတိပဋ္ဌာနံ
စိတ္တာ,နုပဿနာ,သတိပဋ္ဌာနံ
ဓမ္မာ,နုပဿနာ,သတိပဋ္ဌာနံ

ဗောဓိ=မဂ်ဉာဏ်ကို ဗောဓိခေါ်။
ဗောဓိပက္ခိယ=မဂ်ဉာဏ်၏ အသင်းအပင်း အသိုင်းအဝိုင်း (၃၇။ နှဲ။ ၁၄)
ဗောဓိပက္ခိယသင်္ဂဟေ=သရုပ် ၃၇
တရားကိုယ်၁၄=၎င်းဗောဓိခေါ် မဂ်ဉာဏ်၏ အသင်း အပင်းတို့ကို အကျဉ်းချုပ်စုပြသောအခန်း။
သတိပဋ္ဌာနံ=အာရုံ၌ ပြင်းပြင်းထန်ထန် တည်ဟုံ့ သတိစေတသိက်။
(ပြင်းပြင်းထန်ထန် အာရုံပြုသော သတိဟူ၍)

ကာယာနုပဿနာ သတိပဋ္ဌာနံ

ကာယ=ကာယခေါ် ဆံစသော ၃၂ ကောဋ္ဌာသ(ပညတ်သုံး)
နှဲ=ကာယခေါ် ထွက်သက်ဝင်သက် (ပညတ်သုံး)
ကာယခေါ်ရူပက္ခန္ဓာ=(ပရမတ်သုံး)
ကာယာနုပဿနာသတိပဋ္ဌာနံ=၎င်း ကာယ ၃မျိုး ၁ မျိုးမျိုးကိုအဖန်တလဲလဲ ရှုတဲ့ ပြင်းထန်တဲ့ သတိ။

အမှာ=၁။ ၁၂ ကောဋ္ဌာသ။
၂၊ ထွက်သက်ဝင်သက်၊ ၎င်း ၂ မျိုးကို ရှုလျှင် ဝိပဿနာ၏ အခြေခံ သမထအဆင့်မျှသာ။
၎င်းအဆင့်သည် ဗောဓိ၏ အသိုင်း အဝိုင်း မုချ မဟုတ်။ (ဗောဓိ ခေါ် မဂ်ဉာဏ်ကို မရစေတတ်လို့)
ခက်ခဲတဲ့ ဝိပဿနာ၏ အခြေခံဖြစ်ရန် ထင်လွယ်တဲ့ အာရုံဖြင့် သမာဓိကို စ၍ မွေးခြင်းသာ ဖြစ်၏။
ထို့ကြောင့် အကြောင်း၏ အကြောင်းကို အသိုင်း အဝိုင်း ခေါ် သည့်နည်း "ပရမ္ပရူပစာ" စကားဟု မှတ်။
၃။ ရူပက္ခန္ဓာကိုရှုလျှင် ဗောဓိ၏ အသိုင်းအဝိုင်း အစစ်ဖြစ်၏၊ (ဗောဓိ ခေါ် မဂ်ဉာဏ်ကို ရစေတတ်လို့)
မှတ်ချက်=ဤသို့ ကာယာနုပဿနာကိုရှုလျှင် အသုဘသဘောမျိုး ထင်နိုင်၏။

ဝေဒနာနုပဿနာသတိပဋ္ဌာန်

ဝေဒနာ=ပညတ်အားဖြင့် ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ။
ပရမတ်အားဖြင့် ဝေဒနာက္ခန္ဓာ။
ဝေဒနာ နုပဿနာ သတိပဋ္ဌာန်=၎င်းဝေဒနာ ၂ မျိုး ၁မျိုးမျိုးကို အဖန်တလဲလဲရှုတဲ့ ပြင်းထန်တဲ့သတိ။
အမှာ= ၁။ တရားကိုယ်ကို ပေါ်အောင် မလေ့လာပဲ ပညတ်သုံး အဝိုင်း ဒုက္ခ ဒုက္ခ စသည် ဝိပဿနာ၏ အခြေခံ သမထမျှသာ (မဂ်ဉာဏ်ကို မရစေတတ်လို့)
၂။ ဝေဒနာက္ခန္ဓာ တရားကိုယ် ပေါ်အောင် လေ့လာပြီးမှ ရှုလျှင် ဗောဓိ၏ အသိုင်းအဝိုင်း ဝိပဿနာအစစ် ဖြစ်၏။ (ဗောဓိ ခေါ် မဂ်ဉာဏ်ကို ရစေတတ်လို့)
မှတ်ချက်=ဤသို့ ဝေဒနာနုပဿနာရှုလျှင် ဒုက္ခသဘောမျိုးထင်နိုင်သည်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်

စိတ္တ= ပညတ်အားဖြင့် သရာဂစိတ်၊ မဟဂ္ဂုတ်စိတ် စသည်။
ပရမတ်အားဖြင့် ဝိညာဏက္ခန္ဓာ။
စိတ္တာနုပဿနာသတိပဋ္ဌာန်= ၎င်းစိတ္တ ၂မျိုး ၁မျိုးမျိုးကို အဖန်တလဲလဲရှုတဲ့ ပြင်းထန်တဲ့သတိ။

အမှာ= (က) တရားကိုယ်ကို ပေါ်အောင်မလေ့လာပဲ ပညတ်သုံးအတိုင်း ချစ်စိတ်က ဘယ့်နှယ်၊ မုန်းစိတ်ကဘယ်လို၊ စျာန်စိတ်ဖြစ်လျှင် ကောင်းမှာပဲ စသည်ဖြင့်ရှုလျှင် အခြေခံသမထမျှသာ"အတု"

(ခ) ဝိညာဏက္ခန္ဓာ တရားကိုယ်ပေါ်အောင် လေ့လာပြီးမှ ရှုလျှင် ဗောဓိ၏ အသိုင်းအဝိုင်း ဝိပဿနာအစစ်ဖြစ်၏။ (ဗောဓိခေါ် မဂ်ဉာဏ်ကို ရစေတတ်လို့)

မှတ်ချက်= ဤသို့ စိတ္တာနုပဿနာ ရှုလျှင် အနိစ္စသဘော ထင်နိုင်သည်။

ဓမ္မာနုပဿနာသတိပဋ္ဌာန်

ဓမ္မ= ပညတ်အားဖြင့် အမှတ်သညာ, ယုံကြည်မှုသဒ္ဓါတရား, လောဘကြီးသည် စသည့်ဓမ္မ။

ပရမတ်အားဖြင့် သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဆိုတဲ့ ဓမ္မ။

ဓမ္မာနုပဿနာသတိပဋ္ဌာန်= ၎င်းဓမ္မ ၂မျိုး ၁မျိုးမျိုးကို အဖန် တလဲလဲ ရှုတဲ့ ပြင်းထန်တဲ့ သတိ။

အမှာ= တရားကိုယ်ပေါ်အောင် မလေ့လာပဲ အမှတ်သညာ, ယုံကြည်မှုသဒ္ဓါ စသည့် ဓမ္မကို ရှုလျှင် အခြေခံ သမထမျှသာ(ဗောဓိပက္ခိယအတု) တရားကိုယ်ပေါ်အောင် လေ့လာပြီးမှ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ ဆိုတဲ့ ဓမ္မကို ရှုလျှင် (ဗောဓိပက္ခိယအစစ်)

မှတ်ချက်=ဤသို့ဓမ္မာနုပဿနာကို ဝိပဿနာရှုလျှင် အနတ္တသဘောထင်နိုင်၏။

၄ သတိပဋ္ဌာန်= ၁။ အာရုံအားဖြင့် ၄မျိုးဖြစ်သင့်လို့။

၂။ အာရုံပြုခြင်းကိစ္စအားဖြင့် ၄မျိုးဖြစ်သင့်လို့။

၃။ ပယ်ပုံပယ်နည်းအားဖြင့် ၄မျိုးဖြစ်သင့်လို့၊ သတိ ၁ခုတည်း ဖြစ်သော်လည်း ၄မျိုး ကွဲပြား၏။

ပ,နည်း= ၁။ ပညတ်,ပရမတ်=၂မျိုး ခွဲပြခဲ့သော ကာယခေါ်တဲ့အာရုံ။

၂။ ပညတ်,ပရမတ်=၂မျိုး ခွဲပြခဲ့သော ဝေဒနာအာရုံ။

၃။ ပညတ်,ပရမတ်=၂မျိုး ခွဲပြခဲ့သော စိတ်အာရုံ။

၄။ ပညတ်,ပရမတ်=၂မျိုး ခွဲပြခဲ့သော ဓမ္မအာရုံ။

ဤလို ရှုစရာအာရုံ ၄မျိုး ကွဲပြားလို့ သတိပဋ္ဌာန် ၄မျိုးဖြစ်။

ဒု,နည်း= ၁။ အသုဘသဘော ပေါ်အောင် အာရုံယူခြင်းကိစ္စ။
၂။ ဒုက္ခသဘော ပေါ်အောင် အာရုံယူခြင်းကိစ္စ။
၃။ အနိစ္စသဘော ပေါ်အောင် အာရုံယူခြင်းကိစ္စ။
၄။ အနတ္တသဘော ပေါ်အောင် အာရုံယူခြင်းကိစ္စ။
ဤလို အာရုံပြုပုံ ကိစ္စအားဖြင့်လည်း ၄မျိုး ကွဲပြားလို့ သတိပဋ္ဌာန် ၄ မျိုးပြား။

တ,နည်း= ၁။ သုဘထင်မှုကိုပယ်ခြင်း။
၂။ သုခထင်မှုကို ပယ်ခြင်း။
၃။ နိစ္စထင်မှုကို ပယ်ခြင်း။
၄။ အတ္တထင်မှုကို ပယ်ခြင်းအားဖြင့် ၄မျိုးကွဲပြားလို့၄ မျိုးဖြစ်။

တရားကိုယ်= ဉာဏဒဿနဝိသုဒ္ဓိခေါ် လောကုတ္တရာဠ်ယှဉ်သော သတိ။ (မဂ်မှချ၊ ဖိုလ်ကာရဏူ)
ရှေးဝိသုဒ္ဓိ ၆ ပါးခေါ် မဟာကုသိုလ်ဥ်ယှဉ်သောသတိ (ဖလူပစာ)

သမ္မပ္ပဓာန် ၄ပါး

၃၁။ စတ္တာရော သမ္မပ္ပဓာနာ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊
အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊
အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊
ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

သမ္မပ္ပဓာနာ= လုလ္လပြုကြောင်း ဝီရိယ၊
၎င်းသည် ကိစ္စအားဖြင့် ၄မျိုး။

ရှင်း= ၁။ ဖြစ်ပြီး အကုသိုလ်ကို ပယ်ခြင်းကိစ္စ (ပြန်မစဉ်းစားပဲ နေခြင်းကိုပင် ပယ်လိုက်သည်ဟုဆိုလို)
၂။ မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်စေခြင်းကိစ္စ။
၃။ မဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်စေခြင်းကိစ္စ။
၄။ ဖြစ်ပြီးတဲ့ ကုသိုလ်ကို တိုးပွားစေခြင်းကိစ္စ (ဖြစ်ပြီးကုသိုလ်ကို ပြန်လည်သတိရနေခြင်းကိုဆိုလို)
ဤသို့ ကိစ္စအားဖြင့် ၄မျိုးကွဲပြားလို့ ဝီရိယ ၁ခုတည်းကို ၄မျိုး ခွဲဆိုသည်။

ဣဒ္ဓိပါဒ် ၄ ပါး

၃၂။ စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ ဝီရိယိဒ္ဓိပါဒေါ စိတ္တိဒ္ဓိပါဒေါ ဝီမံသိဒ္ဓိပါဒေါ။

ဣဒ္ဓိပါဒါ= ဣဒ္ဓိဝိဓဉာဏ်၏ အခြေခံ ၄ ပါးဟု (ရှိ) ဆို၏။

တရားကိုယ်= ဝိသုဒ္ဓိခေါ် လောကုတ္တရာနှင့်ယှဉ်တဲ့ ဆန္ဒ, ဝီရိယ, စိတ်,ပညာ (မဂ်မှချ၊ ဖိုလ်ကာရဏူ) ရှေ့ဝိသုဒ္ဓိ ၆ပါးခေါ် မဟာကုသိုလ်နှင့်ယှဉ်တဲ့ ဆန္ဒ၊ ဝီရိယ၊စိတ်,ပညာ။

ဣန္ဒြေ ၅ပါး

၃၃။ ပဉ္စိန္ဒြိယာနိ သဒ္ဓိန္ဒြိယံ ဝီရိယိန္ဒြိယံ သတိန္ဒြိယံ သမာဓိန္ဒြိယံ ပညိန္ဒြိယံ။

ပဉ္စိန္ဒြိယာနိ= သမ္ပယုတ်တရားတို့ကို အစိုးရတဲ့ (ဝါ) မိမိအလိုသို့ လိုက်စေတတ်တဲ့၊ သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ။

ဗိုလ် ၅ပါး

၃၄။ ပဉ္စဗလာနိ သဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ။

ပဉ္စဗလာနိ=ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင်သော သဒ္ဓါ,ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ (ဆန့်ကျင်ဘက် တရားများကို မိဿကသင်္ဂဟ ဗိုလ် ၉ ပါး၌ ပြခဲ့ပြီ)

ဗောဇ္ဈင် ၇ ပါး

၃၅။ သတ္တ ဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂေါ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ပီတိသမ္ဗောဇ္ဈင်္ဂေါ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။

ဗောဓိ=မဂ်ဉာဏ်(မှချ) သစ္စာ ၄ ပါးကို သိတတ်လို့။

ကြွင်း မဂ်စိတ္တုပ္ပါဒ်(အဝိနာဘာဝ)မကင်းကောင်းလို့။

ဖိုလ်စိတ္တုပ္ပါဒ်(ကာရဏူပစာ)အကြောင်းမဂ်၏အမည်ကိုဖိုလ်၌သုံးလို့။

မဟာကုသိုလ်စိတ္တုပ္ပါဒ်(ဖလူပစာ)အကျိုးမဂ်၏ အမည်ကိုအကြောင်း ဝိပဿနာကုသိုလ်၌သုံးလို့။

အင်္ဂ= အပေါင်းကို သိကြောင်းဖြစ်တဲ့ အစိတ်။

ဗောဇ္ဈင်္ဂ=မုချ ဥပစာဖြစ်တဲ့ ဗောဓိကို သိကြောင်းဖြစ်တဲ့ သတိ,ပညာ,ဝီရိယ, ပီတိ,ပဿဒ္ဓိ, ဧကဂ္ဂတာ, တတြမဇ္ဈတ္တတာ, ဟူသော အစိတ် အစိတ်။

ရှင်း= ၁။ သတိသမ္ဗောဇ္ဈင်္ဂေါ= ၎င်းဗောဓိ တရားထဲမှ သတိ ဟူသော အစိတ် ၁ ခု။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ=ဗောဓိ တရားထဲမှ ဝိပဿနာ ပညာ ဟူသော အစိတ် ၁ ခု။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ = ဗောဓိ တရားထဲမှ ဝီရိယ ဟူသော အစိတ် ၁ ခု။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ=ဗောဓိတရားထဲမှ ပီတိဟူသော အစိတ် ၁ခု။

၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ = ဗောဓိ တရားထဲမှ ပဿဒ္ဓိ ဟူသော အစိတ် ၁ ခု။

၆။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ = ဗောဓိတရားထဲမှ ဧကဂ္ဂတာ ဟူသော အစိတ် ၁ ခု။

၇။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ = ဗောဓိ တရားထဲမှ တတြမဇ္ဈတ္တတာ ဟူသော အစိတ် ၁ ခု။

တရားကိုယ်=ဗောဓိခေါ် ဉာဏဒဿန ဝိသုဒ္ဓိ လောကုတ္တရာ၌လည်းကောင်း။ ရှေ့ဝိသုဒ္ဓိ ၆ ပါးခေါ် မဟာကုသိုလ်၌ လည်းကောင်း ယှဉ်သော သတိ, ပညာ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, ဧကဂ္ဂတာ, တတြမဇ္ဈတ္တတာ=၇ ပါး။

မဂ္ဂင် ၈ ပါး

၃၆။ အဋ္ဌ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

မဂ္ဂ= ပညာ စသော ၈ ပါး အပေါင်း (မုချ)
ကြွင်း မဂ်စိတ္တုပ္ပါဒ် (အဝိနာဘာဝ)
ဖိုလ်စိတ္တုပ္ပါဒ် (ကာရဏူပစာ)
မဟာကုသိုလ်စိတ္တုပ္ပါဒ် (ဖလူပစာ)
၎င်းတို့သည် နိဗ္ဗာန်ကို ရှာမှီးတတ်လို့ "မဂ်"မည်။

နိဗ္ဗာန်ကို အလိုရှိသူတို့ ရှာမှီးအပ်လို့ "မဂ်"မည်။
ကိလေသာကို သတ်လျက် နိဗ္ဗာန်သို့ သွားတတ်လို့ "မဂ်"မည်။
အင်္ဂ=အပေါင်းကို သိကြောင်းဖြစ်တဲ့ အစိတ်။
မဂ္ဂင်=မုချ, ဥပစာဖြစ်တဲ့ မဂ်ကို သိကြောင်းဖြစ်သော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ ဟူသော အစိတ် အစိတ်။

တရားကိုယ်=မဂ်ခေါ် ဉာဏဒဿန ဝိသုဒ္ဓိခေါ်လောကုတ္တရာ၌လည်းကောင်း။ ရှေ့ဝိသုဒ္ဓိ ၆ ပါး ခေါ် မဟာကုသိုလ်၌ လည်းကောင်း ယှဉ်သော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ ဟူသော မဂ္ဂင် ၈ ပါး၊ ၇ ပါး။
(ပထမဈာန်၌ ၈ ပါး အပြည့်အစုံယှဉ်လို့)
(ကျန် ဈာန်တို့၌ ၇ ပါး၊ ဝိတက်မယှဉ်လို့)

တရားကိုယ်ကောက် နည်းပြ

၃၇။ တေ္တ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဧကော ပဝုစ္စတိ။

ဧကော=သတိပဋ္ဌာန် ၄ ပါး၏ တရားကိုယ် သတိ ၁ ခုသာ။

၃၈။ တထာ စတ္တာရော သမ္မပ္ပဓာနာတိ စ သမ္မာဝါယာမော။
သမ္မာဝါယာမော=သမ္မပ္ပဓာန် ၄ ပါး၏ တရားကိုယ် ဝီရိယ ၁ ခုသာ။

တရားကိုယ်ကောက် နည်းပြ

သင်္ဂဟဂါထာများ

၃၉။ ဆန္ဒော စိတ္တ,မုပေက္ခာ စ၊ သဒ္ဓါ,ပဿဒ္ဓိ,ပီတိယော။
သမ္မာဒိဋ္ဌိ စ သင်္ကပ္ပေါ၊ ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓိတိ၊ စုဒ္ဒသေ,တေ သဘာဝတော။
သတ္တတိံသ,ပ္ပဘေဒေန၊ သတ္တဓာ တတ္ထ သင်္ဂဟော။

စုဒ္ဒသ= ဆန္ဒ,စိတ်,တတြမဇ္ဈတ္တတာ,သဒ္ဓါ,ပဿဒ္ဓိ,ပီတိ,ပညာ,ဝိတက်, ဝီရိယ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သတိ, ဧကဂ္ဂတာ=၁၄= (ဗောဓိပက္ခိယ တခန်းလုံး၏ တရားကိုယ်များ)။
သတ္တဓာ=သတိပဋ္ဌာန်,သမ္မပ္ပဓာန်,ဣဒ္ဓိပါဒ်,ဣန္ဒြေ,ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်=၇ပါး ဗောဓိပက္ခိယ သင်္ဂဟ၌ အုပ်စု အမည်။

သတ္တတိံသ=သတိပဋ္ဌာန် ၄ +သမ္မပ္ပဓာန် ၄+ ဣဒ္ဓိပါဒ်၄ +ဣန္ဒြေ၅+ဗိုလ်၅+ ဗောဇ္ဈင် ၇+မဂ္ဂင် ၈=၃၇=ဗောဓိပက္ခိယသင်္ဂဟ၌ သရုပ်။

ဌာနဖြင့်ဝေဘန်ခြင်း

၄၀။ သင်္ကပ္ပ,ပဿဒ္ဓိ စ ပီတု,ပေက္ခာ၊ ဆန္ဒော စ စိတ္တံ ဝိရတိတ္တယဉ္စ နဝေ,ကဋ္ဌာနာ ဝီရိယံ နဝ,ဋ္ဌ၊ သတီ,သမာဓီ စတု ပဉ္စ ပညာ။ သဒ္ဓါ ဒုဋ္ဌာနုတ္တမ, သတ္တတိံသ၊ ဓမ္မာနု,မေသော ပဝရော ဝိဘာဂေါ။

စုဒ္ဒသ(တရားကိုယ်) ဌာန(သရုပ် ၃၇)

၁။ သင်္ကပ္ပ ကေဋ္ဌာန=သမ္မာသင်္ကပ္ပ(ဝိတက်)
၂။ ပဿဒ္ဓိ (။)=ပဿဒ္ဓိသမ္ဗောဇ္ဈင်
၃။ ပီတိ (။)=ပီတိသမ္ဗောဇ္ဈင်
၄။ ဥပေက္ခာ (။)=ဥပေက္ခာသမ္ဗောဇ္ဈင်၊(တတြမဇ္ဈတ္တတာ)
၅။ ဆန္ဒ (။)=ဆန္ဒိဒ္ဓိပါဒ်
၆။ စိတ် (။)=စိတ္တိဒ္ဓိပါဒ်
၇၊ သမ္မာဝါစာ (။)=သမ္မာဝါစာမဂ္ဂင်
၈။ သမ္မာကမ္မန္တ (။)=သမ္မာကမ္မန္တမဂ္ဂင်
၉။ သမ္မာအာဇီဝ(။)=သမ္မာအာဇီဝမဂ္ဂင်

၁၀။ ဝီရိယ နဝဋ္ဌာန=သမ္မပ္ပဓာန် ၄
(။)=ဝီရိယိဒ္ဓိပါဒ် ၁
(။)=ဝီရိယိန္ဒြေ ၁
(။)=ဝီရိယဗိုလ် ၁
(။)=ဝီရိယသမ္ဗောဇ္ဈင် ၁
(။)=သမ္မာဝါယာမမဂ္ဂင် ၁=၉

၁၁။ သတိ အဋ္ဌဋ္ဌာန=သတိပဋ္ဌာန် ၄
(။)=သတိန္ဒြေ ၁
(။)=သတိဗိုလ် ၁
(။)=သတိသမ္ဗောဇ္ဈင် ၁
(။)=သမ္မာသတိမဂ္ဂင် ၁=၈

၁၂။ သမာဓိ　　စတုဋ္ဌာန=သမာဓိဣဒ္ဓိ　　၁　(ကောဂ္ဂတာ)
(။)=သမာဓိဗိုလ်　　၁
(။)=သမာဓိသမ္ဗောဇ္ဈင်　၁
(။)=သမ္မာသမာဓိမဂ္ဂင်　၁=၄

၁၃။ ပညာ　ပဥ္စဋ္ဌာန=၁။ ဝီမံသိဒ္ဓိပါဒ်　　၁
၂။ ပညိန္ဒြေ　　၁
၃။ ပညာဗိုလ်　　၁
၄။ ဓမ္မဝိစယသမ္ဗောဇ္ဈင်　　၁
၅။ သမ္မာဒိဋ္ဌိမဂ္ဂင်　　၁=၅

၁၄။ သဒ္ဓါ　ဒွိဋ္ဌာန=၁။ သဒ္ဓိန္ဒြေ　　၁
၂။ သဒ္ဓါဗိုလ်　　၁=၂

တရားကိုယ် အညွှန်း

၄၁။ သဗ္ဗေ လောကုတ္တရေ ဟောန္တိ၊ နဝါ သင်္ကပ္ပပီတိယော။
လောကိယေပိ ယထာယောဂံ၊ ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ။

သတိပြု= မဂ်ဉာဏ်ကို ဗောဓိခေါ်သည်။ (မူချ)
အမှာ= ဖိုလ်ဉာဏ်ကိုလည်း ဗောဓိခေါ် (ကာရဏူပစာ)
ရှေးဝိသုဒ္ဓိ ၆ ပါးအဆင့်၌ မဟာကုသိုလ်ကို ဗောဓိခေါ်(ဖလူပစာ)
အမှာ= ဗောဓိဟုသုံးလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်နှင့် မဟာကုသိုလ်ဟု မှတ်။
ရှင်း= ဗောဓိပက္ခိယ=ဗောဓိ၏အသိုင်းအဝိုင်း (အသင်းအပင်း) (ယှဉ်ဖက်)
ဃင်းသည်=(၁) ဗောဓိအဆင့်ရောက်သော အသိုင်းအဝိုင်း (တရားကိုယ် ၁၄၊ သရုပ် ၃၇)
(၂) ဗောဓိရောက်ခါနီး အသိုင်းအဝိုင်း (တရားကိုယ် ၁၄ သရုပ် ၃၇ပင်)=၂မျိုး။
သဗ္ဗေလောကုတ္တရေ=ဗောဓိအဆင့် ရောက်သောအသိုင်းအဝိုင်း အားလုံးသည် လောကုတ္တရာချည်း ဖြစ်ကြသည်။
နဝါသင်္ကပ္ပပီတိယော=အသိုင်းအဝိုင်းထဲက
(က) သင်္ကပ္ပ (ဝိတက်သည်) ပဌမစျာန်၌ယှဉ်၊ကျန်စျာန်တို့၌မယှဉ်။
(ခ) ပီတိသည်၊ ပဌမစျာန်
ဒုတိယစျာန်
တတိယစျာန်တို့၌ယှဉ်၊ ကျန် စ,မစျာန်တို့၌ မယှဉ်။

လောကိယေပိ=ဗောဓိအဆင့်မရောက်သေးသော အသိုင်းအဝိုင်းသည်လောကီ။
(ရှေ့ဝိသုဒ္ဓိ ၆ပါးအဆင့်၌ မဟာကုသိုလ်မှာ ယှဉ်ကြ၏ဟူလို)
ယထာယောဂံ= သင့်လျော်သလိုဖြစ်၊ (လောကုတ္တရာလို အကုန်မဖြစ်)

ရှင်း= ဝိပဿနာ၌ ပညာမယှဉ်။
အသောဘဏ, မဟာဝိပါက်,မဟာကြိယာ, မဟဂ္ဂုတ်တို့၌ တရားကိုယ် ၁၄, သရုပ် ၃၇ မယှဉ်ကြဟူလို)

ဆဗ္ဗိသုဒ္ဓိပဝတ္တိယံ=ဗောဓိရရန် အားထုတ်သူမှာ ဗောဓိအဆင့် မရောက်သေးမီ ရှေ့ဝိသုဒ္ဓိ ၆ပါးအဆင့်၌ အသိုင်းအဝိုင်းများသည် လောကီ။

ရှင်း= (က) မဂ်ဉာဏ်ကို ဉာဏဒဿနဝိသုဒ္ဓိ ခေါ်သည်။
(ဉာဏဒဿနဝိသုဒ္ဓိအဆင့်သည် ဗောဓိအဆင့်)
၎င်းအဆင့်၌ဖြစ်သော အသိုင်းအဝိုင်းတရားကိုယ် ၁၄ သရုပ် ၃၇ တို့သည် လောကုတ္တရာဖြစ်ကြ၏။
(ခ) ရှေ့ ဝိသုဒ္ဓိ ၆ပါးသည် ဗောဓိအဆင့် မရောက်သေး။
၎င်းအချိန်၌ဖြစ်သော အသိုင်းအဝိုင်း တရားကိုယ် ၁၄ သရုပ် ၃၇ တို့သည် လောကီကုသိုလ်မျှသာ။

သတိ= လောကုတ္တရာ၌ ယှဉ်သော တရားကိုယ် ၁၄၊ (ဗောဓိရည်ညွှန်း)
မဟာကုသိုလ်၌ယှဉ်သော တရားကိုယ် ၁၄၊ (ဗောဓိ မရောက်သေး ရည်ညွှန်း)
ဤကဲ့သို့ အသိုင်းအဝိုင်း တရားကိုယ်များကို ကောက်ပါ။

ရှင်း= ဗောဓိရရန် ဝိပဿနာအားထုတ်ဖို့ ပြင်ဆင်တဲ့အချိန်မှာ-
(၁) သီလဝိသုဒ္ဓိအဆင့်၌ သီလကုသိုလ်ခေါ် မဟာကုသိုလ်၌ယှဉ်တဲ့ တရားကိုယ် ၁၄ ကိုယူ (သရုပ် ၃၇)
(၂) စိတ္တဝိသုဒ္ဓိအဆင့်၌ သမာဓိကုသိုလ်ခေါ် မဟာကုသိုလ်၌ယှဉ်တဲ့ တရားကိုယ် ၁၄ ကိုယူ (သရုပ် ၃၇)
(၃) ဒိဋ္ဌိဝိသုဒ္ဓိအဆင့်၌ နာမရူပပရိဂ္ဂဟခေါ် မဟာကုသိုလ်၌ ယှဉ်တဲ့ တရားကိုယ် ၁၄ကိုယူ (သရုပ် ၃၇)
(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိအဆင့်၌ ပစ္စယပရိဂ္ဂဟခေါ် မဟာကုသိုလ်၌ ယှဉ်တဲ့ တရားကိုယ် ၁၄ကိုယူ (သရုပ် ၃၇)

(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်၌ မဂ်ဟုတ် မဟုတ်ကို ပိုင်းခြား သိတတ်တဲ့ မဟာကုသိုလ်၌ ယှဉ်တဲ့ တရားကိုယ် ၁၄ ကိုယူ (သရုပ် ၃၇)

(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအဆင့်၌ ဥဒယဗ္ဗယမှ အနုလောမတိုင် ဝိပဿနာကုသိုလ် ၉ မျိုးဟု ခေါ်လေ့ရှိတဲ့ မဟာကုကုသိုလ်၌ ယှဉ်တဲ့ တရားကိုယ် ၁၄ ကိုယူ (သရုပ် ၃၇) (ဤကား ဝိသုဒ္ဓိ ၆ ပါးအဆင့်၌ တရားကိုယ်များ လောကီ၌ဖြစ်ပုံ)

ဉာဏဒဿနဝိသုဒ္ဓိ= ၎င်းအဆင့် ရောက်တော့မှ လောကုတ္တရာ ဂ၌ ယှဉ်တဲ့ တရားကိုယ် ၁၄ ကို ယူရသည်။ (အဿိခက်လေစွ)

အမှာ= ဈာန်ရပုဂ္ဂိုလ်များ ပေါဓိကိုရရန် ဈာန်ကို ဝိပဿနာရှုဖို့ ပြင်ဆင်ရာ တွင် ရှေ့ဦးစွာ ဝိပဿနာ၏အာရုံအဖြစ် အသုံးပြုမည့်ဈာန်ကို ဝင်စား ရ၏။ ၎င်းကို ဝိပဿနာပါဒကခေါ်။

၎င်းဝိပဿနာပါဒက မဟဂ္ဂုတ်ကုသိုလ်ဈာန် ၉ ပါးနှင့် ၎င်း၏အပိုင်း အဝိုင်းများကို ပရမတ္ထပစ္စအားဖြင့် ယူသင့်သလိုလို အခြေအနေရှိသော် လည်း၊ ဤမျှလောက်ဝေးကွာတဲ့ အပိုင်းအပိုင်းများကိုတော့ ယူရန် သင့်မည်မထင်။ (ဤကျမ်း)

သဗ္ဗသင်္ဂဟ

ခန္ဓာ ၅ ပါး

၄၂။ သဗ္ဗသင်္ဂဟေ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာ က္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော။

သဗ္ဗသင်္ဂဟေ= စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် အကုန်လုံးကို အကျဉ်းချုပ် စုပြသောအခန်း။

ခန္ဓာ= ပစ္စုပ္ပန်, အတိတ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကဖြစ်ကြတဲ့ တရားများကို ၁ နာမည်တည်း ဖြင့် စုပေါင်းပြလို့ "ခန္ဓာ" ခေါ်။

ရှင်း= ၁။ ပစ္စုပ္ပန်၌ ဖြစ်သောရုပ် ၂၀
၂။ အတိတ်က ဖြစ်ခဲ့သောရုပ် ၂၀
၃။ အနာဂတ်မှာ ဖြစ်မည့်ရုပ် ၂၀=ငင်း ၃မျိုးတို့ကို လည်း ကောင်း။

၁။ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောရုပ် ၂၀
၂။ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သောရုပ် ၉ (နဲ့) ၂၀= ငင်း ၂မျိုး တို့ကို လည်းကောင်း။

၁။ ဩဠာရိက* ဖြစ်သောရုပ် ၁၂
၂။ သုခုမ ဖြစ်သောရုပ် ၁၆=ငင်း ၂မျိုးတို့ကို လည်း ကောင်း။

၁။ ဟီနဖြစ်သော ရုပ် ၂၀
၂။ ပဏီတဖြစ်သော ရုပ် ၂၀=ငင်း ၂မျိုးတို့ကို လည်း ကောင်း။

၁။ ဒူရဖြစ်သော ရုပ် ၁၆ (နဲ့) ၂၀
၂။ သန္တိကဖြစ်သော ရုပ် ၁၂ (နဲ့) ၂၀ ငင်း ၂မျိုးတို့ကို လည်းကောင်း။

စုပေါင်း၍ ရူပက္ခန္ဓာ ခနာမည်တည်းဖြင့် ပြလို့ "ခန္ဓာ" ခေါ်၏။ (ရုပ် ၂၀သည် သာသာဝ၊ ကာမာဝစရ စသော အမည်များရှိနေ သော်လည်း၊ အထက်ပါအကြောင်းအရာတို့ကြောင့် "ခန္ဓာ"ဟု ခ နာမည် ထပ်မှည့်၏ ဟူလို)

အဟ္ဘာ= ကျန်ခန္ဓာ ၄ပါး ဤအတိုင်းပင်။

နိဗ္ဗာန်ခန္ဓာ၌မပါ -ပစ္စုပ္ပန်ဖြစ်သော နိဗ္ဗာန်၊
အတိတ်ဖြစ်သော နိဗ္ဗာန်စသည်ဖြင့် နိဗ္ဗာန်
သည် ကွဲပြားပုမရှိ။

ထို့ကြောင့် အကွဲကွဲ အပြားပြားဖြစ်သော နိဗ္ဗာန်တို့ကို စုပေါင်းခေါ် ဟု ဆိုဖွယ်မလို။ (ခန္ဓာ=စုပေါင်းခေါ်တဲ့ အမည်)
ထို့ကြောင့် ခန္ဓာအမည်ကို သုံးသောတရားတို့တွင် နိဗ္ဗာန်မပါ။

ဤကိုရည်၍ ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ ဟု ဆရာကိုယ်တိုင် “အပြားမရှိသောကြောင့် နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်၏” ဟု မိန့်တော်မူ၏။

ခန္ဓာဥပမာ= ၁။ ရူပက္ခန္ဓာ အိုးနှင့်တူ၏ (ဝေဒနာ၏ တည်ရာဖြစ်လို့)
၂။ ဝေဒနာက္ခန္ဓာ ထမင်းနှင့်တူ (သတ္တဝါတို့ သုံးစွဲအပ်လို့)
၃။ သညာက္ခန္ဓာ ဟင်းနှင့်တူ (ဟင်းသည် ထမင်းအရသာကို ပေါ်စေသလို၊ သညာသည် ဝေဒနာအတွက် အရသာကို ပေါ်စေလို့)
၄။ သင်္ခါရက္ခန္ဓာသည် ထမင်းချက်သူနှင့်တူ (အမျိုးမျိုးပြုလုပ်ပေးတတ်လို့)
၅။ ဝိညာဏက္ခန္ဓာသည် စားသူနှင့်တူ၏ (အာရုံကိုသိလို့)

အမှာ= ဤသဘောမျိုးကို ဆင်ခြင်တော်မူလျက် ဤအစဉ်အတိုင်း စဉ်၍ ဟောတော်မူသည်။
(ဒေသနာက္ကမ ဟု ဆိုလို)

ဥပါဒါနက္ခန္ဓာ ၅ ပါး

၄၃။ ပဉ္စုပါဒါနက္ခန္ဓာ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။

ဥပါဒါနက္ခန္ဓာ= ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ (လောကီကိုသာ ယူ)

အမှာ= ရုပ် ၂၈ သည် သာသဝ ၊ ကာမာဝစရ စသည့် အမည်များ ရှိသော်လည်း ဥပါဒါန်၏အာရုံ ဖြစ်သောကြောင့် ဥပါဒါန။
နာမက္ခန္ဓာကဲ့သို့ အစုသဘောရှိသောကြောင့် ခန္ဓ= ၎င်းအကြောင်း ၂မျိုးကြောင့် “ဥပါဒါနက္ခန္ဓာ” ဟု ၁ နာမည် ထပ်မှည့်သည်။

အထူး= ခန္ဓာ=ဥပါဒါန်၏အာရုံ ဟုတ်သာရော မဟုတ်သာရော အကုန်လုံးကိုယူ။
ဥပါဒါနက္ခန္ဓာ=ဥပါဒါန်၏အာရုံဖြစ်သော လောကီစိတ်, စေတသိက်, ရုပ်ကိုသာယူ (ဤသို့ထူး)

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ၏ တရားကိုယ်

၁။ ရူပက္ခန္ဓာ=ရုပ် ၂၈	ရူပုပါဒါနက္ခန္ဓာ=ရုပ် ၂၈
၂။ ဝေဒနာက္ခန္ဓာ=ဝေဒနာ ၈၉	ဝေဒနုပါဒါနက္ခန္ဓာ=ဝေဒနာ ၈၁ (လောကီသာ)
၃။ သညာက္ခန္ဓာ=သညာ ၈၉	သညုပါဒါနက္ခန္ဓာ = သညာ ၈၁ (လောကီသာ)
၄။ သင်္ခါရက္ခန္ဓာ=သင်္ခါရ ၅၀ (ဝေ,သညာကြဉ် ၅၀)	သင်္ခါရုပါဒါနက္ခန္ဓာ= သင်္ခါရများ (လောကီသာ) (၅၀)
၅။ ဝိညာဏက္ခန္ဓာ=စိတ် ၈၉	ဝိညာဏုပါဒါနက္ခန္ဓာ = လောကီစိတ် ၈၁။

အမှာ= ဝိပဿနာ၏ အာရုံကို ပြခြင်းငှာ ဥပါဒါနက္ခန္ဓာကို ဟောတော်မူသည်။
(ဝိပဿနာရှုလိုလျှင် ၎င်းကိုသာ ရှုဟုလို)

အာယတန ၁၂ ပါး

၄၄။ ဒွါဒသာယတနာနိ စက္ခာယတနံ သောတာယတနံ ဃာနာယတနံ ဇိဝှာယတနံ ကာယာယတနံ မနာယတနံ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ။

အာယတန= အကြောင်း၊ (၆ ဒွါရိက စိတ်ဖြစ်ခြင်း၏ အကြောင်းဟူ၏)

အမှာ= ၆ဒွါရနှင့် ၆အာရုံကို အာယတနခေါ် (၆ဒွါရိကစိတ်ဖြစ်ကြောင်း ဖြစ်လို့)

ရှင်း= ၁။ စက္ခုဒွါရနှင့် ရူပါရုံ အကြောင်းပြု၍ စက္ခုဒွါရိကစိတ်ဖြစ်။
၂။ သောတဒွါရနှင့်သဒ္ဒါရုံအကြောင်းပြု၍ သောတဒွါရိကစိတ်ဖြစ်၊
၃။ ဃာနဒွါရနှင့် ဂန္ဓာရုံအကြောင်းပြု၍ ဃာနဒွါရိကစိတ်ဖြစ်။
၄။ ဇိဝှာဒွါရနှင့်ရသာရုံ အကြောင်းပြု၍ ဇိဝှာဒွါရိကစိတ်ဖြစ်။

၅။ ကာယဒွါရ နှင့် ဖောဋ္ဌဗ္ဗာရုံ အကြောင်းပြု၍ ကာယဒွါရိက စိတ်ဖြစ်။

၆။ နောဒွါရနှင့် အာရုံ ၆ ပါး အကြောင်း ပြု၍ မနောဒွါရိက စိတ်ဖြစ်။

တနည်း= ဒွါရိက စိတ်၊ စေတသိက်တို့သည် အာရုံခံစားခြင်းစသော မိမိတို့၏ ကိစ္စကို ပြုရာ၌ နေရာဌာနဖြစ်လို့ အာယတနခေါ်။

တနည်း= ဒွါရိက စိတ်၊ စေတသိက်တို့ကို ချဲ့တတ်လို့ အာယတနခေါ်။

တနည်း= သံသရာဝဋ်ဆင်းရဲကို ရှည်စေတတ်လို့ အာယတနခေါ်။

ဓာတ် ၁၈ ပါး

၄၅။ အဋ္ဌာရသ ဓာတုယော စက္ခုဓာတု သောတဓာတု ဃာနဓာတု ဇိဝှာဓာတု ကာယဓာတု ရူပဓာတု သဒ္ဒဓာတု ဂန္ဓဓာတု ရသဓာတု ဖောဋ္ဌဗ္ဗဓာတု စက္ခုဝိညာဏဓာတု သောတ ဝိညာဏဓာတု ဃာန ဝိညာဏဓာတု ဇိဝှာ ဝိညာဏဓာတု ကာယ ဝိညာဏဓာတု မနောဓာတု မနော ဝိညာဏဓာတု ဓမ္မဓာတု။

ဓာတု=မိမိ၏ သဘောအတိုင်းဖြစ်တဲ့ သဘော။ (သတ္တ၊ ဇီဝမဟုတ် ဟူ၏)

အမှာ=သတ္တဝါတွေ ထင်သလို တဦးဦးက လုပ်ပေးတာ မဟုတ် ဟူ၏။

အာယတနနှင့် ဓာတ် ၂ မျိုးလုံး ရှေ့နောက်စဉ်ပုံ။

သနိဒဿန သပ္ပဋိဃဖြစ်တဲ့ ရူပါရုံကို အာရုံပြု၍ အထင်ရှားဆုံးဖြစ်လို့ စက္ခာယတနကို အရင်ဆုံး ဟောသည်။(ဋ္ဌာနူပစာ)

၎င်းနောက် အသမ္ပတ္တချင်းတူလို့ သောတာယတနကို ဟော။

၎င်းနောက် ကျန်တဲ့အထဲမှာ အလျင်မြန်ဆုံးဖြစ်လို့ ဃာနာယတနကို ဟော။

လောက ယူပေး၍ အမြန်တွေ့ထိမှုကို ဆိုလိုသည်။(ဇိဝှာလို လက်စသည် က ယူပေးရတာ မဟုတ်)

၎င်းနောက် ကျန်တဲ့အထဲမှာ ခန္ဓာကိုယ်၏ အစိတ်အပိုင်းချင်း တူလို့ ဇိဝှာယတနကို ဟော၊။

၎င်းနောက်သဖ္ဗဋ္ဌာနိကဖြစ်လို့ကာယာယတနကိုဟော။တကိုယ်လုံးတည်
၎င်းနောက် အာရုံကို ယူတတ်လို့ မနာယတနကို ဟော။
၎င်းနောက် အဇ္ဈတ္တိကာယတန အစဉ်အားလျော်စွာ ဗာဟိရာယတန ၆ ပါးကို ဟော။

သဘိ= ဓာတ်၌ ပဉ္စဒွါရအစဉ်အတိုင်း မနာယတန ၁ ခုကို ပဉ္စဝိညာဏဓာတ် ၅ မျိုးခွဲ၍ ၅ ခု စဉ် ဟောသည်။
၎င်းနောက် ၅ ဒွါရလုံး၌ဖြစ်တဲ့ မနောဓာတ်ကို ဟော။
၎င်းနောက် မနောဝိညာဏဓာတ်ကို ဟော။
၎င်းနောက် ရုပ်နာမ်ရောတဲ့ ဓမ္မဓာတ်ကို ဟော။

အာယတနတရားကိုယ်=ဓာတ်တရားကိုယ်များ

၁။ စက္ခာယတန	၁။ စက္ခုဓာတ်	စက္ခုပသာဒ
၂။ သောတာယတန	၂။ သောတဓာတ်	သောတပသာဒ
၃။ ဃာနာယတန	၃။ ဃာနဓာတ်	ဃာနပသာဒ
၄။ ဇိဝှာယတန	၄။ ဇိဝှာဓာတ်	ဇိဝှာပသာဒ
၅။ ကာယာယတန	၅။ ကာယဓာတ်	ကာယပသာဒ
၆။ ရူပါယတန	၆။ ရူပဓာတ်	ရူပါရုံ
၇။ သဒ္ဒါယတန	၇။ သဒ္ဒဓာတ်	သဒ္ဒါရုံ
၈။ ဂန္ဓာယတန	၈။ ဂန္ဓဓာတ်	ဂန္ဓာရုံ
၉။ ရသာယတန	၉။ ရသဓာတ်	ရသာရုံ
၁၀။ ဖောဋ္ဌဗ္ဗာယတန	၁၀။ ဖောဋ္ဌဗ္ဗဓာတ်	ဖောဋ္ဌဗ္ဗာရုံ(ပ,တေ,ဝါ)
၁၁။ မနာယတန		စိတ်တခုယုတ် ၉၀
	၁၁။ စက္ခုဝိညာဏဓာတ်	စက္ခုဝိညာဏ် ဒွေး။
	၁၂။ သောတဝိညာဏဓာတ်	သောတဝိညာဏ် ဒွေး။
	၁၃။ ဃာနဝိညာဏဓာတ်	ဃာနဝိညာဏ် ဒွေး။
	၁၄။ ဇိဝှာဝိညာဏဓာတ်	ဇိဝှာဝိညာဏ် ဒွေး။
	၁၅။ ကာယဝိညာဏဓာတ်	ကာယဝိညာဏ် ဒွေး။
	၁၆။ မနောဓာတ်	ပဉ္စဒွါရာဝဇ္ဇန်း ၁ သမ္ပဋိစ္ဆိုင်း ၂=၃
	၁၇။ မနောဝိညာဏဓာတ်	ကြွင်းသောစိတ် ၇၆

၁၂။ ဓမ္မာယတန ၁၀။ ဓမ္မဓာတ် — စေတသိက် ၃၆ပညာသ အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ, အားဖြင့် သုခုမရုပ် သောဠသ နိဗ္ဗာန်။

သစ္စာ ၄ ပါး

၄၆။ စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ ဒုက္ခသမုဒယော အရိယသစ္စံ ဒုက္ခနိရောဓော အရိယသစ္စံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

အရိယသစ္စာနိ=အရိယာ ဘုရားတို့သာ သိအပ်သော အမှန်တရား။

ဒုက္ခသစ္စာ=လောကီစိတ် ကေသိတိ ၈၁

စေတသိက် ကေပညာသ ၅၁(လောဘကြဉ်)

ရုပ်အဋ္ဌဝီသ ၂၈

သမုဒယသစ္စာ=လောဘစေတသိက်။

နိရောဓသစ္စာ=နိဗ္ဗာန်။

မဂ္ဂသစ္စာ=မဂ်စိတ် ၄ခုဌ်ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၈ပါး၊ ၇ပါး။

အမှာ=ပဌမဈာန်၌ ၈ပါး (အပြည့်အစုံသည့်လို့.)

ကျန်ဈာန်များ၌ ၇ပါး (ဝိတက်မယှဉ်လို့.)

ရှေ့နောက်စဉ်ပုံ=၁။ နှိပ်စက်တတ်၍ သံဝေဂယူဖွယ်ကောင်းလို့. ဒုက္ခသစ္စာ ကို အရင်ဆုံးဟော။

၂။ ၎င်းနောက် ဒုက္ခသစ္စာ၏ အကြောင်းဖြစ်လို့ သမုဒယ သစ္စာကို ဟော၏။

၃။ ၎င်းနောက် ဒုက္ခမှ လွတ် မြောက်ရာ နိရောဓသစ္စာကို ဟော၏။

၄။ ၎င်းနောက် ဒုက္ခမှ လွတ်မြောက်ကြောင်း မဂ္ဂသစ္စာကို ဟော၏။

(ဒုက္ခ ချုပ်ငြိမ်းမှုကို ဒုက္ခမှ လွတ်ဟု သုံးလိုက်သည်)

အမှာ=ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်လို့ မဂ္ဂသစ္စာကို ဒုက္ခနိရောဓဂါမိနီပဋိပဒါဟု ခေါ်သေး၏။

တရားကိုယ်ကောက်နည်းပြ

၄၇။ ဧတ္ထ ပန စေတသိက, သုခုမ,ရူပ, နိဗ္ဗာနဝသေန ကူနသတ္တတိ ဓမ္မာ ဓမ္မာယတန, ဓမ္မဓာတူတိ သင်္ခံ ဂစ္ဆန္တိ။

ဓမ္မာယတန်=ဓမ္မဓာတ်=စေတသိက် ၅၂,သုခုမရုပ်၁၆, နိဗ္ဗာန်၁=၆၉။

၄၈။ မနာယတနမေဝ သတ္တဝိညာဏဓာတုဝသေန ဘိဇ္ဇတိ။

ဘိဇ္ဇတိ=၁။ စက္ခုဝိညာဏဓာတ်

၂။ သောတဝိညာဏဓာတ်

၃။ ဃာနဝိညာဏဓာတ်

၄။ ဇိဝှာဝိညာဏဓာတ်

၅။ ကာယဝိညာဏဓာတ်

၆။ မနောဓာတ်

၇။ မနောဝိညာဏဓာတ်ဟု- မနာယတနကို ၇မျိုးခွဲဟော၏။

သင်္ဂဟဂါထာများ

ခန္ဓာ ၅ ပါး တရားကိုယ်ပြ

၄၉။ ရူပဉ္စ ဝေဒနာ သညာ၊ သေသစေတသိကာ တထာ။
ဝိညာဏမိတိ ပဉ္စေတေ၊ ပဉ္စက္ခန္ဓာတိ ဘာသိတာ။ ။

ရူပံ=ရူပက္ခန္ဓာ ရုပ် ၂၈
ဝေဒနာ=ဝေဒနာက္ခန္ဓာ ဝေဒနာစေတသိက် ၁
သညာ=သညာက္ခန္ဓာ သညာစေတသိက် ၁
သေသ=သင်္ခါရက္ခန္ဓာ ကြွင်း စေတသိက် ၅၀(ဝေဒနာ·သညာကြဉ်)
ဝိညာဏံ=ဝိညာဏက္ခန္ဓာ စိတ် ၁ခုယုတ် ၉၀ (၈၉) (ဤကား ခန္ဓာ၅ပါး တရားကိုယ်)

ခွဲခြား=၁။ ဝေဒနာသည် ဝဋ်တရားတို့၌ သာယာ၏။

၂။ သညာသည် ဝေဒနာအား ကျေးဇူးများ၏၊ ထို့ကြောင့် သင်္ခါရက္ခန္ဓာ၌ မပေါင်းပဲ သီးခြားခွဲ၍ ၂မျိုးဟောသည်။

ရှင်း= သညာဝိပ္ပလ္လာသကြောင့် မကောင်းကို အကောင်းထင်ပြီး ခံစားကြလို့ ဝေဒနာအား ကျေးဇူးများ၏ဟု ဆိုသည်။

ဥပါဒါနက္ခန္ဓာ တရားကိုယ်ပြ

၃၀။ ပဉ္စုပါဒါနက္ခန္ဓာတိ၊တထာ တေဘူမကာ မတာ။
ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟနိဿဋံ။ ။

တေဘူမကာ=ဥပါဒါနက္ခန္ဓာအရ လောကီကိုသာ (ဘုံသုံးပါးတရားဟူ)
ခန္ဓသင်္ဂဟနိဿဋံ=အပြားမရှိလို့ နိဗ္ဗာန်ကို ခန္ဓာ၌ မထည့် (အကျယ်ပြပြီး)

အာယတန ၁၂,ဓာတ် ၁၈ဖြစ်ကြောင်း

၃၁။ ဒွါရာ,လမ္ဗဏဘေဒေန၊ ဘဝန္တာ,ယတနာနိ စ။
ဒွါရာ,လမ္ဗတ,ဒုပ္ပန္န၊ ပရိယာယေန ဓာတုယော။ ။

အာယတန=ဒွါရ ၆
အာရုံ ၆ ဤသို့ ပြားခြင်းကြောင့် အာယတနာ ၁၂ဖြစ်။

ဓာတ်=၁။ ဒွါရ ၆
၂။ အာရုံ ၆
၃။ ဒွါရအာရုံ၌ ဖြစ်တဲ့ ဝိညာဏဓာတ် ၆=ဤလို ပြားခြင်းကြောင့် ဓာတ် ၁၈ပါးဖြစ်)

(ဤနည်းအားဖြင့် ဓာတ်ကို စဉ်၏ဟု ဆိုသင့်သေး၏။)

ခန္ဓာ အာယတန ဓာတ် ၃ မျိုး ဟောခြင်းအကြောင်း

၁။ နာမ်၌ တွေဝေသူကို ချီးမြှောက်ရန် ခန္ဓာကိုဟော။
(နာမ်များ၊ တာကို လေ့လာသဖြင့် နာမ်၌ တွေဝေမှုပျောက်မည်)
၂။ ရုပ်၌ တွေဝေသူကို ချီးမြှောက်ရန် အာယတနကို ဟော။
(ရုပ်များ၊ တာကို လေ့လာသဖြင့် ရုပ်၌ တွေဝေမှု ပျောက်မည်)
၃။ နာမ်ရုပ် ၂ ပါး၌ တွေဝေသူကို ချီးမြှောက်ရန် ဓာတ်ကိုဟော။
နာမ်ရုပ် အရေအတွက် မတိမ်းမယိမ်းကို လေ့လာသဖြင့် နာမ်ရုပ် ၂ ပါး၌ တွေဝေမှု ပျောက်မည်)

တနည်း=၁။ အကျဉ်း ကြိုက်သူကို ချီးမြှောက်ရန် ခန္ဓာကိုဟော။
၂။ အလယ်အလတ်ကြိုက်သူကို ချီးမြှောက်ရန် အာယတနကိုဟော။
၃။ အကျယ် ကြိုက်သူကို ချီးမြှောက်ရန် ဓာတ်ကိုဟော။
ဤသို့ သတ္တဝါ ၃ မျိုးကို ချီးမြှောက်ရန် ၃ မျိုးဟောသည်။

သစ္စာ ၄ ပါး တရားကိုယ်

၅၂။ ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

အနက်=တေဘူမကံ=ဘုံသုံးပါး၌ဖြစ်သော၊ ဝဋ္ဋံ=ဝဋ္ဋတရားသည်၊ ဒုက္ခံ=ဒုက္ခသစ္စာမည်၏။ တဏှာ=တဏှာသည်၊ သမုဒယော=သမုဒယ သစ္စာမည်သည်၊ ဘဝေ ဖြစ်၏။ နိဗ္ဗာနံ=နိဗ္ဗာန်သည်၊ နိရောဓောနာမ=နိရောဓသစ္စာ မည်၏။ လောကုတ္တရော= လောကုတ္တရာ ဖြစ်သော၊ မဂ္ဂေါ=မဂ္ဂင်တရားကိုယ် ၈ ပါး, ၇ ပါးကို၊ မဂ္ဂေါ=မဂ္ဂသစ္စာဟူ၍၊ မတော=သိအပ်၏။

ဝဋ္ဋ=ကံ,ကိလေသာ,ဝိပါက်ဝဋ်၏အကျိုး ၂ မျိုးတို့၏ ဖြစ်ရာ။

တဏှာ ၁၀၈(တဏှာ ၃ တန်၊ တည်ထားခံ၊ အာ, ကာ, သ, နှင့် မြှောက်၊ တဏှာအစစ်၊ တရာ့ရှစ်၊ ဖြစ်၏လူမှာရောက်)

ရှင်း=တဏှာ ၃ × ၆ အာရုံနှင့် မြှောက် ၁၈
၁၈ × ၃ ကာလနှင့်မြှောက် ၅၄
၅၄ × ၂ သန္တာန်နှင့်မြှောက် ၁၀၈(လွယ်လွယ်သိရန်ထပ်မံပြ)

တဏှာသာ=ဒုက္ခ၏ ပဓာနအကြောင်းဖြစ်လို့ တဏှာကို သီးခြား ဟော၏။
(အခြားတရားများ ရှိသော်လည်း သမုဒယကို မဟောဟူလို)

အမှာ=တဏှာဆန်းကြယ်သလောက် ကံ ဆန်းကြယ်၏။
ကံ ဆန်းကြယ်သလောက် ဒုက္ခ ဆန်းကြယ်၏။

၁။ ဤသို့ ကံ ဆန်းကြယ်ခြင်း၏ အကြောင်းဖြစ်သဖြင့်၎င်း။

၂။ ဒုက္ခ ဆန်းကြယ်မှုကို ဖြစ်စေတတ်တဲ့ ကံ၏ အပေါင်းအဖော်ဖြစ်သဖြင့်၎င်း။

ဤအကြောင်း ၂ပါးကြောင့်တဏှာကို ဒုက္ခ၏ ပဓာနအကြောင်း ဟု ဆိုသည်။

ရှင်း=တဏှာက လူ့ဘဝလိုချင်၊ ကံ က လူ ဖြစ်အောင်လုပ်၊ လူဖြစ်တော့ လူ့ဒုက္ခ ခံစားရ။

တဏှာက နတ်ဘဝလိုချင်၊ ကံက နတ်ဖြစ်အောင်လုပ်၊ နတ်ဖြစ်တော့ နတ်ဒုက္ခ ခံစားရ စသည်ကို ရည်။

သစ္စဝိမုတ်

၅၃။ မဂ္ဂယုတ္တာ ဖလာ စေဝ၊ စတုသစ္စဝိနိဿဋာ။
ဣတိ ပဉ္စပ္ပဘေဒေန၊ ပဝုတ္တော သဗ္ဗသင်္ဂဟော။

မဂ္ဂ=မဂ္ဂင်တရားကိုယ် ၈ပါး,၇ပါး (သမ္မာဒိဋ္ဌိ "သမာသင်္ကပ္ပ" သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ)

မဂ္ဂယုတ္တာ=မဂ်စိတ် ၁
စေတသိက် ၃၆=၃၇။

သစ္စဝိမုတ်=၁။ မဂ်စိတ် ၁
စေတသိက် ၂၈=(မဂ္ဂင်ကြဉ်)=ပေါင်းမဂ်စိတ္တုပ္ပါဒ်-၂၉။

၂။ ဖိုလ်စိတ် ၁
စေတသိက် ၃၆=ပေါင်း ဖိုလ်စိတ္တုပ္ပါဒ် ၃၇။

၎င်း ၂မျိုးလုံး သစ္စာမှ လွတ်၏။ (မုချစကား)

သစ္စဝိမုတ်မရှိ=စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ (သဒ္ဒိသူပစာစကား)

ရှင်း=၁။ မဂ်စိတ်၌ မဂ္ဂင် ၈ပါး, ၇ပါး။

၂။ ဖိုလ်စိတ်၌ ဖိုလ်ဂင် ၈ပါး, ၇ပါး၊ ၎င်း၂မျိုး မဂ္ဂသစ္စာဖွဲ့(သဒိသူ) ကိုလေသာကို ငြိမ်းစေမှုခြင်းတူလို့၊

၁။ မဂ်စိတ် ၁

စေတသိက် ၂၈(မဂ္ဂင် ၈ ပါး ကြဉ်)ပေါင်း မဂ်စိတ္တုပ္ပါဒ် ၂၉။

၂။ ဖိုလ်စိတ် ၁

စေတသိက် ၂၈=(ဖိုလ်ဂင်၈ကြဉ်)ပေါင်း ဖိုလ် စိတ္တုပ္ပါဒ် ၂၉။

၎င်း ၂မျိုးကို ဒုက္ခသစ္စာဖွဲ့ (သင်္ခါရ ဒုက္ခချင်း တူလို့) (သဒိသူ)

သမုစ္စည်းပိုင်း ပြီးပြီ။

စာမေးပွဲဖြေဆိုသူများအတွက်

လေ့ကျင့်ခန်း

မေး။ ဒွါသတ္တတိဝိဓာ, ဝတ္ထုဓမ္မာ, သလက္ခဏာနှင့် သမုစ္စယံ အဓိပ္ပာယ်ကိုရှင်းပါ၊

ဖြေ။ ဒွါသတ္တတိ=စိတ် ၁ (သလက္ခဏာဆိုလို့)
စေတသိက် ၅၂ (သလက္ခဏာဆိုလို့)
နိပ္ဖန္နရုပ် ၁၈ (သလက္ခဏာဆိုလို့ အနိပ္ဖန္နမယူရ)
နိဗ္ဗာန် ၁=၇၂ သမုစ္စည်း၌ ပြမည့်တရား
ဝတ္ထုဓမ္မာ= ၇၂ ဆိုတာ တရားကိုယ်ဟုပြသည်။
သလက္ခဏာ=၇၂ ဆိုတာ သဘောအားဖြင့်သာ၊ သရုပ်မဟုတ်။
သမုစ္စယံ= ၇၂ တို့ကို အမည်တူ စုပေါင်း၍ အမည် အမျိုး မျိုး သုံးပုံကို အကျဉ်းချုပ်ပြတဲ့အပိုင်း။

မေး။ သမုစ္စည်း၌ အခန်း ၄ ခန်း၏ အဓိပ္ပာယ်ကို ရှင်းပါ။

ဖြေ ။ အကုသလသင်္ဂဟ=အကုသိုလ်တို့ကိုသာ အမည်တူ ပေါင်း၍ အကျဉ်းချုပ် စုပြတဲ့အခန်း။

မိဿကသင်္ဂဟ=ကုသိုလ် + အကုသိုလ် + အဗျာကတ ဟို ကို ရောလျက် အမည်တူပေါင်း၍ အကျဉ်းချုပ်စုပြတဲ့အခန်း။

ဗောဓိပက္ခိယသင်္ဂဟ = ဗောဓိမည်တဲ့ မဂ်ဉာဏ်၏ အသင်းအပင်းတို့ကို အမည်တူ စုပေါင်း၍ အကျဉ်းချုပ်စုပြတဲ့ အခန်း။

သဗ္ဗသင်္ဂဟ=စိတ်+စေတသိက်+ရုပ်+နိဗ္ဗာန် အကုန်လုံးကို အမည်တူ စုပေါင်း၍ အကျဉ်းချုပ် စုပြတဲ့အခန်း။

မေး။ အာသဝအဓိပ္ပာယ်နှင့် အာသဝ ၄ ပါး၏ တရားကိုယ်ကို ပြပါ။

ဖြေ။ ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူ တိုင်အောင် ဖြစ်တတ်လို့ လောဘ+ဒိဋ္ဌိ+မောဟတို့ကို အာသဝ

ကာမာသဝ=ကာမဂုဏ် (နဲ့) ကာမဘုံ၌ နှစ်သက်တတ်တဲ့ လောဘ။

ဘဝါသဝ=ရူပ,အရူပဘုံ၌ နှစ်သက်တတ်တဲ့ လောဘ။
ဒိဋ္ဌာသဝ=၆၂ ပါးသော ဒိဋ္ဌိ(နဲ့)ဒိဋ္ဌိစေတသိက်။
အဝိဇ္ဇာသဝ=သစ္စာ ၄ ပါး, ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက် အစွန်း, ပဋိစ္စသမုပ္ပာဒ်=၎င်း ၈ ပါးကို မသိတဲ့မောဟ။
(အခြားတရားများရှိသော်လည်း ရှင်ဦဖြစ်၍ လော+ဒိ+မော+ကိုသာ အာသဝ ခေါ်)

မေး။ ဩဃ၏ အဓိပ္ပာယ်နှင့် တရားကိုယ်ကို ပြပါ။

ဖြေ။ ဝဋ်ခေါ် သံသရာ၌ သတ္တဝါ တို့ကို နစ်မြုပ်စေတတ်လို့ လောဘ+ ဒိဋ္ဌိ+မောဟတို့ကို ဩဃ(ရေနှင့်တူ)

မေး။ ယောဂ အဓိပ္ပာယ်နှင့် တရားကိုယ်ကို ပြပါ။

ဖြေ။ ဝဋ်ခေါ် ဘဝယန္တရား၌ သတ္တဝါတို့ကို ယှဉ်စေတတ်လို့ လောဘ+ ဒိဋ္ဌိ+မောဟကို ယောဂ။ (ကံ၏အကျိုးနှင့်လည်းကောင်း, ဘဝတပါး စသည်နှင့်လည်းကောင်း, ဆင်းရဲနှင့် လည်းကောင်း, သတ္တဝါတို့ကို ယှဉ်စေတတ်လို့"ယောဂ"ခေါ်ဟု ဆိုသေး၏)။

မေး။ ဂန္ထအဓိပ္ပာယ်နှင့် တရားကိုယ်ကို ပြပါ။

ဖြေ။ မဖြေနိုင်အောင် ရစ်ပတ်တတ်လို့ လောဘ+ဒေါသ+ ဒိဋ္ဌိတို့ကို ဂန္ထ ခေါ်။

မေး။ ကာယဂန္ထ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ။ နာမကာယနှင့် ရူပကာယကို ရစ်ပတ် (ဝါ)ချည်တတ်လို့ ကာယဂန္ထ

နဲ့။ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ရစ်ပတ်တတ်လို့ ကာယဂန္ထ။

မေး။ ဂန္ထ ၄ မျိုး အဓိပ္ပာယ်ရှင်းပါ။

ဖြေ။ အဘိဇ္ဈာကာယဂန္ထ=သူများပစ္စည်း လိုချင်တဲ့ လောဘ။
ဗျာပါဒကာယဂန္ထ....သူများကို ပျက်စီးစေချင်တဲ့ ဒေါသ။
သီလဗ္ဗတပရာမာသ= ခွေးကျင့်, နွားကျင့်, ကောင်း၏ဟုယူတဲ့ ဒိဋ္ဌိ။
ဣဒံသစ္စာဘိနိဝေသ=မမှန်ပဲနဲ့ ဤဟာသာမှန်၊ တခြားဟာမှား ဟု အယူသန်တဲ့ဒိဋ္ဌိ။
၎င်း ၄ မျိုးတို့သည် ကာယနှစ်မျိုးကို ရစ်ပတ်တတ်(ဝါ)ချည်နှောင် တတ်လို့ ကာယဂန္ထ။

မေး။ ဥပါဒါန် အဓိပ္ပာယ်နှင့် တရားကိုယ်ကိုပြပါ။

ဖြေ ။ အပြင်းအထန် စွဲလန်းတတ်လို့ လောဘ+ဒိဋ္ဌိတို့ကို ဥပါဒါန် ခေါ်။

မေး။ ဥပါဒါန် ၄ ပါးကို ရှင်းပါ။

ဖြေ။ ကာမဂုဏ်၌ အပြင်းအထန်စွဲလမ်းတဲ့ လောဘကို ကာမုပါဒါန်။
သီလဗ္ဗတုပါဒါန်+အတ္တဝါဒုပါဒါန်=၂မျိုးမှတပါးသော အယူသည်းတဲ့ ဒိဋ္ဌိအမျိုးမျိုးကို ဒိဋ္ဌုပါဒါန်။

ခွေး နွားအကျင့်ကိုအကောင်းထင်၍အယူသည်းမှုကို သီလဗ္ဗတုပါဒါန်။
ပုဂ္ဂိုလ်ဟု စွဲလန်းတဲ့အတ္တ၊
အသက်ဟု စွဲလမ်းတဲ့အတ္တ=၎င်း၂မျိုး၌ စွဲလမ်းတဲ့ဒိဋ္ဌိ။

မေး။ နီဝရဏ၏ အဓိပ္ပာယ်နှင့် တရားကိုယ်ကိုပြပါ။

ဖြေ ။ ဈာန်၊(တနည်း)ပညာစက္ခုကို ပိတ်ပင်တတ်လို့ လောဘ+ ဒေါသ+ ထိန+မိဒ္ဓ+ဥဒ္ဓစ္စ+ကုက္ကုစ္စ+ဝိစိကိစ္ဆာ+မောဟတို့ကို နီဝရဏခေါ်။

မေး။ ကာမစ္ဆန္ဒနှင့် ကျန်နီဝရဏတို့၏ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ ကာမ=အလိုရှိ၊ ဆန္ဒ=အလိုရှိ= ၂ ချက် ဆင့် လို့ ပြင်းပြင်း ထန်ထန် အလိုရှိတဲ့ လောဘသာ၊ ၎င်းသည် ဈာန်ကိုပိတ်ပင်တတ်လို့ "နီဝရဏ" (ကျန်သိသာပြီ)

မေး။ အခြား နီဝရဏများ တခုစီ ဖြစ်ပါလျက် ဘာဖြစ်လို့ ထိနမိဒ္ဓနီဝရဏနှင့် ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏတို့ကို=၂ခုစီတွဲ၍ ဟောပါသနည်း။

ဖြေ ။ ငိုက်မြည်းခြင်း ကိစ္စ (စိတ်ငိုက်မြည်းနှင့် စေတသိက်ငိုက်မြည်း) ပျင်းရိခြင်းဟူသော အကြောင်း (စိတ်ပျင်းရိနှင့် စေတသိက်ပျင်းရိ) ဤသို့ ကိစ္စအားဖြင့်လည်းကောင်း၊အကြောင်းအားဖြင့်လည်းကောင်း၊ ဝီရိယနှင့် ဆန့်ကျင်ဘက်ချင်း တူကြလို့ ထိနမိဒ္ဓ=၂ခုကိုတွဲ၍ဟော၏။
မငြိမ်းခြင်းကိစ္စ

ဗျာသနကို ကြံစီခြင်း ဟူသော အကြောင်း။

ဤသို့ ကိစ္စအားဖြင့် လည်းကောင်း၊ ဖြစ်ကြောင်း အား ဖြင့် လည်းကောင်း၊ သမထ၏ ဆန့်ကျင်ဘက်ချင်း တူကြလို့ ဥဒ္ဓစ္စကုက္ကုစ္စ=၂ခုကို တွဲ၍ ဟောရပါသည်။

မေး။ အနုသယ အဓိပ္ပာယ်နှင့် တရားကိုယ်များကို ပြောပါ။

ဖြေ ။ မဂ်ဖြင့် မပယ်ရသေး၍ အကြောင်း ညီညွတ်လျှင် ဖြစ်နိုင်စွမ်းရှိလို့ လောဘ+ဒေါသ+မာန+ဒိဋ္ဌိ+ဝိစိကိစ္ဆာ+မောဟတို့ကို "အနုသယ" ခေါ်။

မေး။ ဘယ်ကာလ၌ ဖြစ်တဲ့ တရားကို အနုသယ ခေါ်သနည်း။

ဖြေ ။ အနာဂတ် ကိလေသာကို အနုသယခေါ် (မုချ)
ပစ္စုပ္ပန်ကိလေသာကို အနုသယခေါ် (သဒိသူပစာ)(အတိတ်လုံဝမရှိ)

မေး။ သံယောဇဉ်၏ အဓိပ္ပာယ်နှင့် တရားကိုယ်ကို ပြောပါ။

ဖြေ ။ နွားလှန်သကဲ့သို့ ဖွဲ့ချည်တတ်လို့ လောဘ+ဒေါသ+မာန+ဒိဋ္ဌိ+ဝိစိကိစ္ဆာ+ဣဿာ+မစ္ဆရိယ+မောဟ=၈ ပါး (အဘိဓမ္မာနည်း)
လောဘ+ဒေါသ+မာန+ဒိဋ္ဌိ+ဝိစိကိစ္ဆာ (ဥဒ္ဓစ္စ) မောဟ= ၇ ပါး (သုတ္တန်နည်း) ၎င်းတို့ကို "သံယောဇဉ်"ခေါ်။

မေး။ သံယောဇဉ် တရားများကို သုတ္တန်, အဘိဓမ္မာ ၂နည်းခွဲပြပါ။

ဖြေ ။ ဥဒ္ဓစ္စသည် သုတ္တန် သံယောဇဉ်သာ။
ဣဿာ+မစ္ဆရိယသည် အဘိဓမ္မာ သံယောဇဉ်သာ။
ကျန် လောဘ+ဒေါသ+မာန+ဒိဋ္ဌိ+ဝိစိကိစ္ဆာ+ မောဟ= ၆ ပါး
သုတ္တန်+အဘိဓမ္မာ သံယောဇဉ်။

မေး။ ယောဂ, ဂန္ထ, သံယောဇဉ် အထူးကို ပြောပါ။

ဖြေ ။ ယောဂ=ဝဋ်နှင့် သတ္တဝါကို ယှဉ်စေတတ်သည်။
ဂန္ထ=နာမကာယနှင့်ရူပကာယကို စုချည်တတ်သည်။
သံယောဇဉ်=နွားနှင့်လှန်သကဲ့သို့ ချည်နှောင်တတ်သည်၊ ဤသို့ထူး။

မေး။ ကိလေသာ၏ အဓိပ္ပာယ်နှင့်တရားကိုယ်ကို ပြောပါ။

ဖြေ ။ စိတ်ကို ပူပန်စေတတ်လို့ လောဘ+ဒေါသ မောဟ+မာန+ဒိဋ္ဌိ+ဝိစိကိစ္ဆာ+ထိန+ဥဒ္ဓစ္စ+အဟိရိက+အနောတ္တပ္ပ တို့ကို "ကိလေသာ" ခေါ်။

(မိဒ္ဓမပါတာထောက်၍ စေတသိက်ကို မပူပန်စေဟု မှတ်)

မေး ။ ၁၅၀၀ ကိလေသာကို ရေတွက်ပြပါ။

ဖြေ ။ နိ+နာမ်+လက်ကိုခံ+ကိုသန္တာန်နှင့်မြှောက်

တထောင့်ငါးရာ ကိလေသာ ထိုခါ အပြီးရောက် (တွက်ပုံလွယ်)

မေး ။ တဏှာ ၁၀၈ကို ရေတွက်ပြပါ။

ဖြေ ။ တဏှာ၃တန်၊တည်ထားခံ၊ အာ+ကာ+သန်နှင့်မြှောက်။

တဏှာအစစ်၊တရာ့ရှစ်၊ဖြစ်၏ လူမှာရောက်(တွက်ပုံလွယ်)

မေး ။ အာသဝေါဃာ စ ဂါထာထောက်၍ တရားကိုယ်ကို ကောက်ပြပါ။

ဖြေ ။ လောဘ+ဒိဋ္ဌိ+မောဟ=၃ပါး၊အာသဝ,ဩဃ,ယောဂ, ၃မျိုး တို့၏ တရားကိုယ်။

လောဘ+ဒေါသ+ဒိဋ္ဌိ=၃ပါး ဂန္ထတရားကိုယ်၊

လောဘ+ဒိဋ္ဌိ=၂ပါး ဥပါဒါန်၏ တရားကိုယ်။

လောဘ+ဒေါသ+ထိန+မိဒ္ဓ+ဥဒ္ဓစ္စ+ကုက္ကုစ္စ+ဝိစိကိစ္ဆာ+မောဟ= ၈ ပါး နီဝရဏ တရားကိုယ်။

လောဘ+ဒေါသ+မာန+ဒိဋ္ဌိ+ဝိစိကိစ္ဆာ+မောဟ= ၆ပါး အနုသယ တရားကိုယ်။

လောဘ+ဒေါသ+မာန+ဒိဋ္ဌိ+ဝိစိစ္ဆာ(ဥဒ္ဓစ္စ)"ဣဿာ"+"မစ္ဆရိယ မောဟ=၉ပါး သံယောဇဉ်=၂မျိုးတရားကိုယ်။

လောဘ+ဒေါသ+မာန+ဒိဋ္ဌိ+ဝိစိကိစ္ဆာ+ထိန+ဥဒ္ဓစ္စ+အဟိရိက+အနောတ္တပ္ပ=၁၀ပါး ကိလေသာ တရားကိုယ်။

မိဿက သင်္ဂဟ

မေး ။ ဈာန,အင်္ဂ,ဈာနင်္ဂ အဓိပ္ပာယ်ကို ရှင်းပါ။

ဖြေ ။ ဈာန=အာရုံကို သိတတ်လို့ ဈာန်(အပ္ပနာမဟုတ်ထာကို ဈာန်ခေါ်ပုံ) ဆန့်ကျင်ဘက် နီဝရဏ တို့ကို ရှို့မြိုက်တတ်လို့ ဈာန် (အပ္ပနာကို ဈာန်ခေါ်ပုံ)

အင်္ဂ=အပေါင်းကို သိကြောင်းဖြစ်လို့ အင်္ဂါ။

ဈာနင်္ဂ=ဈာန်ဟူသော အပေါင်းကို သိကြောင်း ဖြစ်လို့ အစိတ်ကို ဈာနင်ခေါ်။

မေး။ ဘယ်၌ ယှဉ်တဲ့ အင်္ဂါများကို ဈာနင် ခေါ်ရမည်နည်း၊ ထောက်ပြပါ။

ဖြေ ။ ဒွေးပဉ္စဝိညာဏ်ကြဉ် ကြွင်းတဲ့ စိတ်၌ယှဉ်တဲ့ အင်္ဂါကိုသာ ဈာနင်ခေါ်။ အဒထောက်=ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ န လဗ္ဘန္တိ။

မေး။ ဈာနင် တရားကိုယ်ကို ကောက်ပြပါ။

ဖြေ ။ ဝိတက်+ဝိစာရ+ပီတိ+ဧကဂ္ဂတာ+ဝေဒနာ။

မေး။ အဘယ်၌ ယှဉ်တဲ့ ဧကဂ္ဂတာ+ဥပေက္ခာတို့ကို ဈာနင် ယူရမည်နည်း။

ဖြေ ။ ဒွေးပဉ္စဝိညာဏ်ကြဉ် စိတ် ၇၈ ၌ ဧကဂ္ဂတာကိုကောက်။

စက္ခုဝိညာဏ် စသည် ၈ ကြဉ်၊ ဥပေက္ခာ ၄၇ ၌ ဝေဒနာကိုကောက်။

(ဈာနင်မှာ အယုတ်ဆုံး ဝိတက်ပါရမည်။ဒါထက် ပိုပါလျှင် ပိုပြည့်စုံ)

မေး။ ဈာနင်ကို ဇာတ်ဖြင့် ခွဲပြပါ။

ဖြေ ။ ဒေါမနဿဈာနင် အကုသိုလ်။

ကြွင်းအားလုံး ကုသိုလ်, အကုသိုလ်, အဗျာကတဈာနင်။

မေး။ မဂ္ဂ,အင်္ဂ,မဂ္ဂင်,အရ ရှင်းပါ။

ဖြေ ။ ပဂ္ဂ=သုဂတိ,ဒုဂ္ဂတိသို့ ရောက်စေတတ်လို့ မဂ်(လောကုတ္တရာ မဟုတ်ကာကိုမဂ်ခေါ်ပုံ)

မဂ္ဂ=နိဗ္ဗာန်သို့ ရောက်စေတတ်လို့ မဂ် (လောကုတ္တရာကို မဂ်ခေါ်ပုံ)

အင်္ဂ= အပေါင်းမဂ်ကို သိကြောင်းဖြစ်လို့ အစိတ်ကို "အင်္ဂ"ခေါ်။

မဂ္ဂင်=မဂ်ဟူသော အပေါင်းကို သိကြောင်းဖြစ်တဲ့ အစိတ်။

မေး။ သမ္မာဒိဋ္ဌိ အဓိပ္ပာယ်ကို ရှင်းပါ။

ဖြေ ။ ကမ္မဿကတ စသည်ဖြင့် ၁၀ မျိုးကို သိတဲ့ ပညာ (လောကုတ္တရာ မဟုတ်ထာကိုသမ္မာဒိဋ္ဌိခေါ်ပုံ)

သိ+ပယ်+ဆိုက်+ပွား နည်းဖြင့် သိတဲ့ ပညာ (လောကုတ္တရာ ကို သမ္မာဒိဋ္ဌိခေါ်ပုံ)

မေး။ မဂ္ဂင် တရားများကို ကောက်ပြပါ။

ဖြေ ။ သမ္မာဒိဋ္ဌိ=ပညာ ၄၇

သမ္မာသင်္ကပ္ပ= အဟိတ်ကြဉ် ဝိတက် ၃၇ (အဟေတုကေသုမဂ္ဂင်္ဂါနိ န လဗ္ဘန္တိ ဆိုလို့)

သမ္မာဝါစာ + သမ္မာကမ္မန္တ+ သမ္မာအာဇီဝ+သမ္မာဝါယာမ+ သမ္မာသတိ (လွယ်ပြီ)

သမ္မာသမာဓိ=ဧကဂ္ဂတာ ၅၉ (အကုသိုလ်+အဟိတ်ကြဉ်)

သမ္မာဆိုလို့ အကုသိုလ်ကြဉ်၊ (အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ ဆိုလို့ အဟိတ်ကြဉ်)

မိစ္ဆာဒိဋ္ဌိ=ဒိဋ္ဌိ စေတသိက်။

မိစ္ဆာသင်္ကပ္ပ=အကုသိုလ်၌ ဝိတက်။ (မိစ္ဆာဆိုလို့)

မိစ္ဆာဝါယာမ=အကုသိုလ်၌ ဝီရိယ (မိစ္ဆာဆိုလို့)

မိစ္ဆာသမာဓိ=အကုသိုလ်၌ ဧကဂ္ဂတာ ၁၁ (ဝိစိကိစ္ဆာ၌ ဧကဂ္ဂတာကြဉ် ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ ဆိုလို့)

(မဂ္ဂင်မှာ အယုတ်ဆုံး ဟိတ် ယှဉ်ရမည်၊ ဒါ့ထက် ပိုယှဉ် ပိုပြည့်စုံ၏။)

မေး။ ဣန္ဒြိယ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ အစိုးရတဲ့သဘော(မိမိနှင့် စပ်တဲ့ တရားများကို မိမိအလိုသို့ လိုက်စေမှု)

မေး။ ဣန္ဒြိယတရားများ၏ မိမိအလိုသို့ လိုက်စေပုံ ဖြေပါ။

ဖြေ။ စက္ခုန္ဒြေသည် မြင်ခြင်းကိစ္စ၌ စက္ခုဝိညာဏ်ကို မိမိအလိုသို့ လိုက်စေ၏။

ဣတ္ထိန္ဒြေသည် မိန်းမသန္တာန်၌ ဣတ္ထိလိင်စသည်ကို မိမိအလိုသို့လိုက်စေ။

ဇီဝိတိန္ဒြေသည် အသက်ရှင်ခြင်း၌ သဟဇာတ နာမ်ရုပ်တို့ကို မိမိအလိုသို့ လိုက်စေ၏။

မနိန္ဒြေသည် သိခြင်းကိစ္စ၌ သမ္ပယုတ် တရားတို့ကို မိမိအလိုသို့ လိုက်စေ။

ကျန် ဣန္ဒြေများ သိသာပြီ၊ယှဉ်ဖက်ဖြစ်ဖက်တို့ကို မိမိအလိုသို့လိုက်စေ။

မေး။ ဣန္ဒြေ၏ တရားကိုယ်များကို ဖြေပါ။

ဖြေ ။ စက္ခုပသာဒ+သောတ+ဃာန+ဇိဝှာ+ကာယ+ ဣတ္ထိဘာဝ+ ပုရိသဘာဝ+ ရုပ်ဇီဝိတ+ နာမ်ဇီဝိတ+ စိတ်+ ဝေဒနာ+ သဒ္ဓါ+ ဝီရိယ+ သတိ+ဧကဂ္ဂတာ+ပညာ=၁၆။

မေး=တရားကိုယ် အကန့်အသတ်ရှိသော ဗ္ဗဒြွေများကို ပြပါ။

ဖြေ ။ ဇီဝိတိဒြွေ=ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတကို ကောက်။

သမာဓိဒြွေ=ဝိစိကိစ္ဆာကြဉ် စိတ် ၇၇ ၌ ကေဂ္ဂတာ (ဝိစိကိစ္ဆာစိတ္တေကဂ္ဂတာ, မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိ ဆိုလို့)

ပညိဒြွေ=ဉာဏသမ္ပယုတ် ၁၂
မဟာဂ္ဂုတ် ၂၇=၃၉ ၌ ယှဉ်သော လောကီ ပညာ။

အနညာတညဿာမီတိဒြွေ=သောတာပတ္တိမဂ် ပညာ။

ပညိဒြွေ=အလယ်မဂ်၃+အလယ်ဖိုလ်၃=၆၌ ပညာ။

အညာတာဝိဒြွေ=အရဟတ္တဖိုလ် ပညာ။

မေး။ ဗ္ဗဒြွေကို ရှေ့နောက် စဉ်ဟောပုံကို ဖြေပါ။

ဖြေ ။ အဇ္ဈတ္တိကာယတနဖြစ်၍ သတ္တဝါတို့မှာ အကျိုးများလှ၍ ပသာဒိဒြွေကို ရှေးဦးစွာ ဟောသည်။

၎င်းနောက် မိန်းမ, ယောကျ်ား ဝေဖန်မှု အရေးပါလို့ ဘာဝဗ္ဗဒြွေကိုဟောသည်။

၎င်းနောက် သတ္တဝါတို့မှာ အသက်ရှင်မှု အရေးကြီးလို့ ဇီဝိတိဒြွေကို ဟောသည်။

၎င်းနောက် ဝေဒနာ ခံစားမှုကြောင့် ငြိစ်နွမ်းခြင်း စသည် ဖြစ်၏ ဟု ပြခြင်းငှာ ဝေဒနိဒြွေ ၅ ပါးကို ဟော။

၎င်းနောက် နာမ်ချင်း ပေါင်းပြလို၍ မနိဒြွေကိုဟော၊

၎င်းနောက် ညစ်နွမ်းမှုမှ စင်ကြယ်ကြောင်း တရားများကို ပြလို၍ သဒ္ဓိဒြွေ စသည်ကို ဟော။

၎င်းနောက် အစဉ်အတိုင်းရသည်ကို ပြလို၍ အနညာတညဿာမိတိဒြွေ စသည်ကိုဟော။

မေး ။ ဘာဖြစ်လို့ ဗိုလ်ခေါ်သနည်း။

ဖြေ ။ ဆန့်ကျင်ဘက် တရားတို့သည် မတုန်လှုပ်စေနိုင်လို့ "ဗိုလ်" (ရှေ့ ၇ ပါး) သမ္ပယုတ်တရားတို့၌ ခိုင်ခံ့လို့ ဗိုလ် (နောက် ၂ ပါး)

မေး ။ ဗိုလ်၏တရားကိုယ်များကို ပြပါ။

ဖြေ ။ သဒ္ဓါ+ဝီရိယ+သတိ+ဧကဂ္ဂတာ+ပညာ+ဟိရီ+ဩတ္တပ္ပ+အဟိရိက+အနောတ္တပ္ပ=၉ပါး။

မေး ။ ဗိုလ်၏ဆန့်ကျင်ဘက်တို့ကို ဖြေပါ။

ဖြေ ။ သဒ္ဓါဗိုလ်သည် အသဒ္ဓိယနှင့် ဆန့်ကျင်၏။
ဝီရိယဗိုလ်သည် ကောသဇ္ဇနှင့် ဆန့်ကျင်၏။
သတိဗိုလ်သည် ပမာဒနှင့် ဆန့်ကျင်၏။
သမာဓိဗိုလ်သည်ဥဒ္ဓစ္စနှင့် ဆန့်ကျင်၏။
ပညာဗိုလ်သည် အဝိဇ္ဇာနှင့်ဆန့်ကျင်၏။
ဟိရိဗိုလ်သည် အဟိရိကနှင့်ဆန့်ကျင်၏။
ဩတ္တပ္ပဗိုလ်သည် အနောတ္တပ္ပနှင့်ဆန့်ကျင်၏။

မေး ။ သမာဓိဗိုလ်၏ တရားကိုယ်ကိုပြပါ။

ဖြေ ။ အဝီရိယစိတ်၁၆+ဝိစိကိစ္ဆာ၁ကြဉ်=စိတ်၇၂၌ ဧကဂ္ဂတာ။
အဝီရိယစိတ်၌ ဧကဂ္ဂတာကြဉ် (အဝီရိယေသုဗလာနိ နလဗ္ဘန္တိ ဆိုလို့)
ဝိစိကိစ္ဆာစိတ်၌ ဧကဂ္ဂတာကိုကြဉ်(ဝိစိကိစ္ဆာစိတ္တေဧကဂ္ဂတာ မဂ္ဂိန္ဒြိယဗလဘာဝံ န ဂစ္ဆတိဆိုလို့) အယုတ်ဆုံးဝီရိယယှဉ်မှ "ဗိုလ်" ဒါထက်ပိုယှဉ်၊ ပိုပြည့်စုံ၏။

မေး ။ အဝီရိယစိတ်ဟူသည် အဘယ်နည်း။

ဖြေ ။ ပဉ္စဒွါရာဝဇ္ဇန်း ၁
ဒွေးပဉ္စဝိညာဏ် ၁၀
သမ္ပဋိစ္ဆိုင်း ၂
သန္တီရဏ ၃=၁၆(ဧတေသံကပ်ပုိင်း ဝီရိယာမယှဉ်စိတ်ပင်)

မေး ။ အဓိပတိ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ မိမိနှင့် စပ်သောတရားတို့တွင် အချင်သခင် ဖြစ်လို့(နှ) အကြီးအမှူးဖြစ်လို့။

မေး ။ အဓိပတိ၅ပါး၏ တရားကိုယ်များကို ကောက်ပြပါ။

ဖြေ ။ဆန္ဒာဓိပတိ=ဒွိဟိတ်ဇော ၁၈
တိဟိတ်ဇော ၃၄=၅၂၌ ယှဉ်တဲ့ဆန္ဒ။

ဝီရိယာဓိပတိ=ဝုဋ်း၅၂၌ ဝီရိယ။

စိတ္တာဓိပတိ=ဝုဋ်းဇောစိတ် ၅၂(ဒွိဟေတုကတိဟေတုကဇဝနေသေ့ဝ ဆိုလို့)

ဝီမံသာဓိပတိ=တိဟိတ်ဇော ၃၄ ၌ ပညာ (ယထာသမ္ဘဝံ ဆိုလို့)

(သတိ=ဒွိဟိတ်၌ ပညာမယှဉ်)ဆန္ဒ+ဝီရိယ+စိတ်+ပညာ ၄ပါးဟူလို။

မေး ။ ဆန္ဒ+ဝီရိယ+စိတ်+ပညာ ၄ပါးလုံး တပြိုင်နက် အဓိပတိဖြစ်သလား။

ဖြေ ။ ၁ခုစီသာ ဖြစ်ပါသည်။ (၁ခု အဓိပတိ၊ ကျန်နောက်လိုက်) အဓိပတိ ကောဝလဗ္ဘတိ ဆိုလို့။

မေး ။ အဓိပတိနှင့် ဣန္ဒြေ=၂ပါး အထူး ဖြေပါ။

ဖြေ ။ အဓိပတိ=အခြားတရားတို့အား အကြီးအကဲ ဖြစ်ခွင့်မပေးပဲ၊ ၎င်းတို့ သာအကြီးအမှူးလုပ်တဲ့သဘော။

ဣန္ဒြိယ=ဆက်စပ်သော စက္ခုဝိညာဏ် စသည်တို့ကို အစိုးတရ မိမိအလို သို့လိုက်စေကာမျှ သဘော။

မေး ။ အာဟာရအဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ သြဇာလျှင် ၈ခုမြောက်ရုပ် စသည်တို့ကို ဆောင်တတ်လို့ အာဟာရ၊

(ဆောင်ဟူသည် ထောက်ပံ့မှုပင်)

မေး ။ အာဟာရသည် အဘယ်သဘောဖြင့် ကျေးဇူးပြုသနည်း။

ဖြေ ။ ဇနကသတ္တိ ရှိသော်လည်း၊ ဥပထမ္ဘက သတ္တိက ပိုအားကောင်း လို့ ဥပထမ္ဘကသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဆိုကြ၏။

မေး ။ အာဟာရ ဆောင်ပုံ(ဝါ) ထောက်ပံ့ပုံ ဖြေပါ။

ဖြေ ။ ၁။ ကဗဠီကာရ ခေါ် သြဇာသည် သြဇာလျှင် ၈ ခုမြောက် ရုပ်ကို ဆောင်၏။(ဝါ)ထောက်ပံ့၏။

၂။ ဖဿာဟာရသည် ဝေဒနာ ၃ ပါးကိုဆောင်၏။ (ထောက်ပံ့)

၃။ မနောသဉ္စေတနာဟာရခေါ် ကုသိုလ်, အကုသိုလ် ကံ သည် ဘုံ ၃ ပါးတို့၌ ပဋိသန္ဓေကို ဆောင်၏ (ထောက်ပံ့)

၄။ ဝိညာဏာဟာရခေါ် ပဋိသန္ဓေဝိညာဏ်သည် သဟဇာတ် နာမ် ရုပ်တို့ကို ဆောင်၏ (ထောက်ပံ့)

မေး။ အခြားတရားများ ရှိပါလျက် ဘာဖြစ်လို့ ၄ ပါးကိုသာ အာဟာရ ဆိုသနည်း။

ဖြေ။ အဇ္ဈတ္တသန္တာန်၌ ထူးသောအကြောင်းဖြစ်လို့ ၄ ပါးကိုသာ အာဟာရ။

မေး။ မိဿကသင်္ဂဟ၌ သတ္တဝါအရ အမျိုးအစား ၇ ပါးကို ဖြေပါ။

ဖြေ။ ဟိတ်+ဈာနင်+မဂ္ဂင်+ဣန္ဒြေ+ဗိုလ်+အဓိပတိ+အာဟာရ=၇။

ဗောဓိပက္ခိယသင်္ဂဟ

မေး။ ဗောဓိ, ဗောဓိပက္ခိယ, ဗောဓိပက္ခိယ သင်္ဂဟတို့ကို ရှင်းပါ။

ဖြေ။ ဗောဓိ=မဂ်ဉာဏ်ယူ။

ဗောဓိပက္ခိယ=ဗောဓိခေါ် မဂ်ဉာဏ်၏ အသင်းအပင်းသရုပ်(၃၇ နဲ့။ တရားကိုယ် ၁၄)

ဗောဓိပက္ခိယ သင်္ဂဟ=သရုပ် ၃၇

တရားကိုယ်= ၁၄=၎င်းဗောဓိခေါ် မဂ်ဉာဏ်၏ အသင်းအပင်းတို့ကို အကျဉ်းချုပ် စုပြသော အခန်း။

မေး။ သတိပဋ္ဌာန် အဓိပ္ပာယ်ကို ရှင်းပါ။

ဖြေ။ အာရုံ၌ ပြင်းပြင်းထန်ထန် တည်တဲ့သတိ (ပြင်းထန်စွာ အာရုံပြုတဲ့ သတိဟူလို)

မေး။ ကာယာနုပဿနာ၌ ကာယအရ ဖြေပါ။

ဖြေ။ ကာယ=ဆံ စတဲ့ ၃၂ ကောဋ္ဌာသ (ပညတ်သုံး)

နဲ့=ထွက်သက်+ဝင်သက် (ပညတ်သုံးပင်)

နဲ့=ရူပက္ခန္ဓာ (ပရမတ်သုံး)

မေး။ ကာယာနုပဿနာ သတိပဋ္ဌာန် ဟူသည် အဘယ်နည်း။

ဖြေ။ ကာယခေါ် ၃၂ ကောဋ္ဌာသ(သို့)ထွက်သက်ဝင်သက် (သို့)ရူပက္ခန္ဓာ ၎င်း ၃ မျိုး ၁မျိုးမျိုးကို အဖန်တလဲလဲ ရှုတဲ့ သတိ။

မေး။ ကာယာနုပဿနာ၌ ဗောဓိပက္ခိယ အတု, အစစ် ခွဲပြပါ။

ဖြေ။ ကာယခေါ် ၃၂ကောဋ္ဌာသ(သို့)ထွက်သက်ဝင်သက်ရှုတဲ့သတိ(အတု) (မဂ်မရစေတတ်လို့)

ရူပက္ခန္ဓာကို ရှုတဲ့ သတိ (အစစ်) (မဂ်ရစေတတ်လို့)

မေး॥ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၌ ဝေဒနာအရ ဖော်ပြပါ။

ဖြေ ॥ ပညတ်အားဖြင့် ဒုက္ခဒုက္ခ, ဝိပရိဏာမ ဒုက္ခ, သင်္ခါရ ဒုက္ခ။
ပရမတ်အားဖြင့် ဝေဒနာက္ခန္ဓာ=ငင်း ၂မျိုး။

မေး॥ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဟူသည် အဘယ်နည်း။

ဖြေ ॥ ပညတ်ဝေဒနာ, ပရမတ်ဝေဒနာ= ၂မျိုး ၁ မျိုးမျိုးကို ရှုတဲ့ သတိ။

မေး॥ ဝေဒနာနုပဿနာ၌ ဗောဓိပက္ခိယ အတု,အစစ်ကို ခွဲပြပါ။

ဖြေ ॥ ပညတ်ဝေဒနာ=ဒုက္ခ ဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခ ရှုတဲ့ သတိ (အတု) (မဂ်မရစေလို့)
ပရမတ်=ဝေဒနာက္ခန္ဓာ ရှုတဲ့သတိ (အစစ်) (မဂ်ရစေတတ်လို့)

မေး॥ ဝေဒနာနုပဿနာ အတု အစစ် ကွာခြားပုံကို ဖြေပါ။

ဖြေ॥ ပရမတ် တရားကိုယ်ပေါ်အောင် မလေ့လာပဲ ပညတ်သုံး အတိုင်း ရှု အတု။
ပရမတ် တရားကိုယ်ပေါ်အောင် လေ့လာပြီးမှ ပရမတ်ကို ရှု အစစ်။

မေး॥ စိတ္တာနုပဿနာ၌ စိတ္တ အရ ဖြေပါ။

ဖြေ ॥ ပညတ်အားဖြင့် ချစ်စိတ်, မုန်းစိတ်,မဟဂ္ဂုတ်စိတ် စသည်။
ပရမတ်အားဖြင့် ဝိညာဏက္ခန္ဓာ=ငင်းစိတ် ၂မျိုး။

မေး॥ စိတ္တာနုပဿနာသတိပဋ္ဌာန် ဟူသည် အဘယ်နည်း။

ဖြေ ॥ ပညတ်စိတ်, ပရမတ်စိတ် ၂မျိုး ၁မျိုးမျိုးကို ရှုတဲ့ သတိ။

မေး॥ စိတ္တာနုပဿနာ၌ ဗောဓိပက္ခိယ အတု, အစစ်ကို ခွဲပြပါ။

ဖြေ ॥ တရားကိုယ်ပေါ်အောင် မလေ့လာပဲ ချစ်စိတ်က ဘယ့်နဲ့, မုန်းစိတ်က ဘယ်လို, မဟဂ္ဂုတ်စိတ် ရလျှင် ကောင်းမည် စသည်ဖြင့် ပညတ်သုံး အတိုင်း ရှုတဲ့သတိ (အတု)
တရားကိုယ် ပေါ်အောင် လေ့လာပြီး ဝိညာဏက္ခန္ဓာကို ရှုတဲ့ သတိ (အစစ်)။

မေး॥ ဓမ္မာနုပဿနာ၌ ဓမ္မ အရ ဖော်ပြပါ။

ဖြေ ॥ ပညတ်အားဖြင့် အမှတ်သညာ, ယုံကြည်မှုသဒ္ဓါ စသည်။
ပရမတ်အားဖြင့် သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ=ငင်း ၂ မျိုး။

မေး။ ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟူသည် အဘယ်နည်း။

ဖြေ ။ ပညတ်, ပရမတ်=ဓမ္မ ၂မျိုး ၁ မျိုးမျိုးကို အဖန်ဖန်ရှုတဲ့ သတိ။

မေး။ ဓမ္မာနုပဿနာ၌ ဗောဓိပက္ခိယ အတု အစစ် ခွဲပြပါ။

ဖြေ ။ ပညတ်ဓမ္မ ဖြစ်တဲ့ သညာ, သင်္ခါရကို ရှုတဲ့သတိ (အတု)
ပရမတ်ဓမ္မဖြစ်တဲ့ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာကို ရှုတဲ့ သတိ (အစစ်)

မေး။ ဓမ္မာနုပဿနာ အတု,အစစ် ကွာခြားပုံကို ဖြေပါ။

ဖြေ ။ တရားကိုယ် ပေါ်အောင် မလေ့လာပဲ အမှတ်သညာ,ယုံကြည်ခြင်း သဒ္ဓါ စသည်ကို ပညတ်သုံးအတိုင်း ရှု (အတု)

တရားကိုယ်ပေါ်အောင် လေ့လာပြီးမှ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာကို ရှု(အစစ်)

မေး ။ သတိပဋ္ဌာန် ၄မျိုး ရှုသဖြင့် အာရုံထင်ပုံကို ပြပါ။

ဖြေ ။ ကာယာနုပဿနာသတိပဋ္ဌာန်ဖြင့် အသုဘသဘော ထင်၏။
ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြင့် ဒုက္ခသဘောထင်၏၊
စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြင့် အနိစ္စသဘော ထင်၏။
ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဖြင့် အနတ္တသဘောထင်၏။

မေး ။ တရားကိုယ်မှာ သတိ ၁ခု တည်း ဖြစ်ပါလျက် ဘာဖြစ်လို့ ၄ မျိုးဖြစ်သနည်း။

ဖြေ ။ အာရုံအားဖြင့် ၄မျိုးဖြစ်သင့်လို့ ၄မျိုး ဖြစ်သည်။
ကိစ္စအားဖြင့် ၄မျိုး ဖြစ်သင့်လို့ ၄မျိုး ဖြစ်သည်။
ပယ်နည်းအားဖြင့် ၄မျိုး ဖြစ်သင့်လို့ ၄မျိုး ဖြစ်သည်။

မေး ။ အာရုံအားဖြင့် သတိပဋ္ဌာန် ၄မျိုး ဖြစ်ပုံ ဖြေပါ။

ဖြေ ။ ပညတ်ကာယ,ပရမတ်ကာယတို့ကို အာရုံပြုတဲ့ သတိပဋ္ဌာန်။
ပညတ်ဝေဒနာ,ပရမတ်ဝေဒနာကို အာရုံပြုတဲ့ သတိပဋ္ဌာန်။
ပညတ်စိတ်,ပရမတ်စိတ်ကို အာရုံပြုတဲ့ သတိပဋ္ဌာန်။
ပညတ်ဓမ္မ,ပရမတ်ဓမ္မကို အာရုံပြုတဲ့ သတိပဋ္ဌာန် ဤသို့၄ပါး။

မေး ။ အာရုံပြုပုံ ပြုနည်းကိစ္စအားဖြင့် သတိပဋ္ဌာန် ၄မျိုးဖြစ်ပုံကိုဖြေပါ။

ဖြေ ။ အသုဘသဘော ပေါ်အောင် အာရုံပြုခြင်း "ကိစ္စ"
ဒုက္ခသဘောပေါ်အောင် အာရုံပြုခြင်း "ကိစ္စ"
အနိစ္စသဘော ပေါ်အောင် အာရုံပြုခြင်း "ကိစ္စ" အားဖြင့် ၃မျိုး။

မေး ။ ပယ်ပုံပယ်နည်းအားဖြင့် သတိပဋ္ဌာန် ၄မျိုးဖြစ်ပုံကို ဖြေပါ။

ဖြေ ။ "သုဘ"ထင်မှုကို "ပယ်ခြင်း"
"သုခ"ထင်မှုကို "ပယ်ခြင်း"
"နိစ္စ"ထင်မှုကို "ပယ်ခြင်း"
"အတ္တ"ထင်မှုကို "ပယ်ခြင်း"အားဖြင့် ၄မျိုး။

မေး ။ သတိပဋ္ဌာန် ၄ပါး၏ တရားကိုယ်သည် အဘယ်နည်း၊

ဖြေ ။ ဉာဏဒဿနဝိသုဒ္ဓိခေါ် လောကုတ္တရာ၌ ယှဉ်တဲ့ "သတိ"
ရှေ့ဝိသုဒ္ဓိ ၆ပါးခေါ် မဟာကုသိုလ်၌ ယှဉ်တဲ့ "သတိ"

မေး ။ သမ္မပ္ပဓာန် အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ လုလ္လပြုကြောင်း "ဝီရိယ"ကို သမ္မပ္ပဓာန်ခေါ်။

မေး ။ ကိစ္စအားဖြင့် သမ္မပ္ပဓာန် ၄ပါးပြားပုံ ဖြေပါ။

ဖြေ ။ ဖြစ်ပြီး အကုသိုလ်ကို "ပယ်ခြင်းကိစ္စ" (ပြန်မစဉ်းစားမှုကို ပယ်ဟုဆို)
မဖြစ်သေးတဲ့ အကုသိုလ်ကို၊ "မဖြစ်စေခြင်းကိစ္စ"
မဖြစ်သေးတဲ့ကုသိုလ်ကို "ဖြစ်စေခြင်း ကိစ္စ"
ဖြစ်ပြီးတဲ့ကုသိုလ်ကို "တိုးပွားစေခြင်းကိစ္စ" (ပြန်စဉ်းစားမှု) အားဖြင့်
- ၄မျိုး။

မေး ။ သမ္မပ္ပဓာန် ၄ပါး၏ တရားကိုယ်ကို ဖြေပါ။

ဖြေ ။ ဉာဏဒဿနဝိသုဒ္ဓိခေါ် လောကုတ္တရာ၌ ယှဉ်တဲ့ "ဝီရိယ"
ရှေ့ဝိသုဒ္ဓိ ၆ပါးခေါ် မဟာကုသိုလ်၌ယှဉ်တဲ့ "ဝီရိယ"

မေး ။ မိဿကသင်္ဂဟ၌ဣန္ဒြေနှင့် ဗောဓိပက္ခိယ၌ ဣန္ဒြေအထူးဖြေပါ။

ဖြေ ။ မိဿကသင်္ဂဟ၌ ဣန္ဒြေ=စိတ်, စေတသိက်, ရုပ်အကုန်လုံးထဲက ထိုက်
သင့်သလို ယူရသည်။
ဗောဓိပက္ခိယ၌ ဣန္ဒြေ=လောကုတ္တရာ နှင့် မဟာကုသိုလ်ထဲက သာ
ယူရသည်၊ ဤသို့ထူး၏(ဗိုလ်ချင်းလည်း ထိုအတူပင်)

မေး ။ ဗောဓိအရ အင်္ဂအရ, ဗောဇ္ဈင်္ဂအရတို့ကို ရှင်းပါ။

ဖြေ ။ ဗောဓိ=မဂ်ဉာဏ်(မှုချ)၊မဂ်စိတ္တုပ္ပါဒ် (အဝိနာဘာဝ)၊ ဖိုလ်စိတ္တုပ္ပါဒ် (ကာရဏူ)၊ မဟာကုသိုလ်စိတ္တုပ္ပါဒ် (ဖလူပစာ)

အင်္ဂ=ရင်းမှုချ+ဥပစာဖြစ်တဲ့ဗောဓိကို သိကြောင်းအစိတ်အပိုင်း။
ဗောဇ္ဈင်္ဂ=ဗောဓိ ဟူသော အပေါင်းကို သိကြောင်းဖြစ်တဲ့ သတိ+ပညာ+ဝီရိယ+ပီတိ+ပဿဒ္ဓိ+သမာဓိ+တတြမဇ္ဈတ္တတာ ဟူသော အစိတ်အစိတ်။

မေး ။ ဗောဇ္ဈင် ၇ ပါး တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ဗောဓိခေါ် ဉာဏ်သမ္ပယုတ္တဝိသုဒ္ဓိခေါ် လောကုတ္တရာ၌ လည်းကောင်း။ ရှေ့ဝိသုဒ္ဓိ ၆ ပါး ခေါ် မဟာကုသိုလ်၌ လည်းကောင်း ယှဉ်သော သတိ+ပညာ+ ဝီရိယ+ ပီတိ+ ပဿဒ္ဓိ+ ဧကဂ္ဂတာ+ တတြမဇ္ဈတာ =၇ပါး။

မေး ။ ဓမ္မဝိစယ, သမာဓိ, ဥပေက္ခာ, သမ္ဗောဇ္ဈင်တို့ကား အဘယ်နည်း။

ဖြေ။ ဓမ္မဝိစယ=ပညာ (လောကုတ္တရာနှင့် မဟာကုသိုလ်၌ ပညာ)

သမာဓိ=ဧကဂ္ဂတာ(လောကုတ္တရာနှင့် မဟာကုသိုလ်၌ ဧကဂ္ဂတာ)။
ဥပေက္ခာ= တတြမဇ္ဈတ္တတာ (လောကုတ္တရာနှင့် မဟာကုသိုလ်၌ တတြမဇ္ဈတ္တတာ)။

မေး။ မဂ္ဂ,အင်္ဂ,မဂ္ဂင်တို့ကို ရှင်းပါ။

ဖြေ။ မဂ္ဂ=ပညာ စသော ၈ ပါးအပေါင်း (မှုချ)
ကြွင်းသော မဂ်စိတ္တုပ္ပါဒ် (အဝိနာဘာဝ)
ဖိုလ်စိတ္တုပ္ပါဒ် (ကာရဏူပစာ)
မဟာကုသိုလ်စိတ္တုပ္ပါဒ် (ဖလူပစာ)

၎င်းတို့သည် = နိဗ္ဗာန်ကို ရှာမှီးတတ်လို့ "မဂ်"မည်။
နိဗ္ဗာန်ကို အလိုရှိသူတို့ ရှာမှီးအပ်လို့ "မဂ်"မည်။
ကိလေသာကို သတ်လျက် နိဗ္ဗာန်ကို သွားတတ်လို့ "မဂ်"မည်။

အင်္ဂ=အပေါင်းကို သိကြောင်းဖြစ်တဲ့ ပညာ စသော အစိတ်။

မဂ္ဂင်=အပေါင်းမဂ်ကို သိကြောင်းဖြစ်တဲ့ ပညာ+ ဝိတက်+ သမ္မာဝါစာ+ သမ္မာကမ္မန္တ+ သမ္မာအာဇီဝ+ ဝီရိယ+သတိ+ ဧကဂ္ဂတာ ဟူသော အစိတ် အစိတ်။

မေး။ မဂ္ဂင်တရားကိုယ်ကိုပြပါ။

ဖြေ။ မဂ်ခေါ် ဉာဏဒဿနဝိသုဒ္ဓိခေါ်၊ လောကုတ္တရာ၌ လည်းကောင်း၊ ရှေ့ဝိသုဒ္ဓိ ၆ ပါးခေါ် မဟာကုသိုလ်၌လည်းကောင်း ယှဉ်သော ပညာ+ ဝိတက်+ သမ္မာဝါစာ+ သမ္မာကမ္မန္တ သမ္မာအာဇီဝ+ ဝီရိယ+ သတိ+ ဧကဂ္ဂတာ= ၈ ပါး ၇ ပါး (ဒုတိယဈာန်စသည်၌ ၇ သာ၊ ဝိတက် မယှဉ်လို့)

မေး။ ဗောဓိပက္ခိယသင်္ဂဟ၌ တရားကိုယ်၊ သရုပ်၊ အမျိုးအစားတို့ကိုခွဲပြပါ။

ဖြေ။ တရားကိုယ်= ဆန္ဒ+ စိတ်+ တတြမဇ္ဈတ္တတာ+ သဒ္ဓါ+ ပဿဒ္ဓိ+ ပီတိ+ ပညာ+ ဝိတက်+ ဝီရိယ+ သမ္မာဝါစာ+ သမ္မာကမ္မန္တ+ သမ္မာအာဇီဝ+ သတိ+ ဧကဂ္ဂတာ=၁၄ (ဆန္ဒော စိတ္တ မုပေက္ခာစ, ဂါထာအတိုင်း)၊

သရုပ်= သတိပဋ္ဌာန် ၄ + သမ္မပ္ပဓာန် ၄ +ဣဒ္ဓိပါဒ် ၄ + ဣန္ဒြေ ၅+ ဗိုလ် ၅+ ဗောဇ္ဈင် ၇+ မဂ္ဂင် ၈=၃၇။

အမျိုးအစား= သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ် ဗောဇ္ဈင်, မဂ္ဂင် ၇ ပါး။

မေး။ ဗောဓိပက္ခိယ တရားကိုယ် ၁၄ ၏ အနည်း(ဝါ)ဌာနကိုပြပါ။

ဖြေ။ သမုစ္စည်းပိုင်း ၇၀ နံပါတ် သင်္ဂြိုဟ်ပသဂ္ဂိဂါထာ ပြန်ကြည့်ပါ။

မေး။ သဗ္ဗေ လောကုတ္တရေ ဟောန္တိ ဂါထာကို ရှင်းပါ။

ဖြေ။ ဗောဓိအင်္ဂါနှင့် ရောက်သော တရားကိုယ် ၁၄ သရုပ် ၃၇ တို့သည် လောကုတ္တရာချည်း ဖြစ်ကြ၏။

ပထမဈာန်၌ သင်္ကပ္ပ(ဝိတက်)ယှဉ်၊ ကျန် ဈာန်တို့၌ မယှဉ်။

ပထမဈာန်+ ဒုတိယဈာန်+ တတိယဈာန်=ငင်း ၃ မျိုးတို့၌ ပီတိ ယှဉ်၊ ကျန် စတုတ္ထ, ပဉ္စမဈာန်တို့၌ မယှဉ်ဟု နဝ သင်္ကပ္ပပီတိယော ကပြီ။

လောကီယေပိ= ဗောဓိအဆင့် မရောက်သေးမီ တရားကိုယ် ၁၄= သရုပ် ၃၇ တို့သည် "လောကီ"ဖြစ်ကြ၏။
ယထာယောဂံ= လောကုတ္တရာလို အကုန်မယှဉ် အထိုက်အလျောက်သာ ယှဉ်(ဝိပ္ပယုတ်၌ ပညာ မယှဉ် စသည်)။
သဗ္ဗိသုဒ္ဓိပဝတ္တိယံ= ဉာဏဒဿန ဝိသုဒ္ဓိအဆင့် မရောက်မီ ရှေ့ဝိသုဒ္ဓိ ၆ ပါး၌ တရားကိုယ်၁၄= သရုပ် ၃၇ တို့သည် လောကီဖြစ်ကြ၏။

မေး။ သင်္ခတဂဟဏ၌= သင်္ခတာ အဘယ်နည်း။

ဖြေ။ စိတ်+ စေတသိက်+ ရုပ်+ နိဗ္ဗာန် အကုန်။

မေး။ ပဉ္စက္ခန္ဓာ၌- ပဉ္စအရ, ခန္ဓအရ ရှင်းပါ။

ဖြေ။ ပဉ္စ=ရုပက္ခန္ဓာ စသည် ၅ ပါး။
ခန္ဓ=ပစ္စုပ္ပန်+ အတိတ်+ အနာဂတ်+ အဇ္ဈတ္တ+ ဗဟိဒ္ဓ+ဩဠာရိက+ သုခုမ+ ဟီန+ ပဏီတ+ဒူရ+သန္တိက+ တရားများကို စုခေါ်သည့် အမည်။

မေး။ နိဗ္ဗာန်သည် ခန္ဓာ၌ မပါခြင်းအကြောင်းဖြေပါ။

ဖြေ။ ပစ္စုပ္ပန်+ အတိတ် +စသော အပြားမရှိလို့ ခန္ဓာ၌ မပါ။
ဘေဒါဘာဝေန နိဗ္ဗာနံ ခန္ဓသင်္ဂဟ နိဿဋံ တဲ့။

မေး။ ခန္ဓာငါးပါး၏ သဘောကို ဥပမာဖြင့် ပြပါ။

ဖြေ။ ရူပက္ခန္ဓာ= အိုးနှင့်တူ၊ ဝေဒနာ၏ တည်ရာဖြစ်လို့။
ဝေဒနာက္ခန္ဓာ= ထမင်းနှင့်တူ၊ သတ္တဝါတို့ သုံးစွဲအပ်လို့။
သညာက္ခန္ဓာ= ဟင်းနှင့်တူ၊ ထမင်းအရသာကို ပေါ်စေလို့။
သင်္ခါရက္ခန္ဓာ= ကမင်းချက်သမားနှင့်တူ၊ အမျိုးမျိုးလုပ်တတ်လို့။
ဝိညာဏက္ခန္ဓာ= စားသူနှင့်တူ၊ အာရုံခံစားတတ်လို့။
(ဤသဘောအရ ခန္ဓာကို စဉ်ပေးဟောသည်၊ ဒေသနက္ကမဟုတ်လို့)။

မေး။ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ အထူးဖြေပါ။

ဖြေ။ ခန္ဓာ=စိတ်+စေတသိက်+ ရုပ် အကုန်ကိုယူ။
ဥပါဒါနက္ခန္ဓာ= လောကီစိတ်၊ စေတသိက်၊ ရုပ်ကိုသာ ယူ (ဥပါဒါန်၏ အာရုံဖြစ်လို့)။

မေး။ ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာတို့ကို ကောက်ပါ။

ဖြေ။ ရူပက္ခန္ဓာ= ရုပ် ၂၈၊ ရူပုပါဒါနက္ခန္ဓာ=ရုပ် ၂၈ (ကီ)
ဝေဒနာက္ခန္ဓာ=ဝေဒနာ ၈၉၊ ဝေဒနုပါဒါနက္ခန္ဓာ= ၈၁ (ကီ)
သညာက္ခန္ဓာ= သညာ ၈၉၊ သညုပါဒါနက္ခန္ဓာ=သညာ၈၁(ကီ)
သင်္ခါရက္ခန္ဓာ=ကျန်စေ ၅၀၊ သင်္ခါရုပါဒါနက္ခန္ဓာ= ၅၀ (ကီ)
ဝိညာဏက္ခန္ဓာ= စိတ် ၈၉၊ ဝိညာဏုပါဒါနက္ခန္ဓာ=စိတ်၈၁(ကီ)

မေး။ ဥပါဒါနက္ခန္ဓာကို ဘာဖြစ်လို့ဟောသနည်း။

ဖြေ။ ဝိပဿနာ၏ အာရုံကို ပြလိုလို့ ဟော၏ (ဝိပဿနာရှုလိုလျှင်ဧင်းကို ရှုဟူလို)။

မေး။ သညာက္ခန္ဓာကိုဘာဖြစ်လို့ သင်္ခါရက္ခန္ဓာ၌ ပေါင်း မဟောသနည်း။

ဖြေ။ သညာဝိပ္ပလ္လာသကြောင့် မကောင်းကို အကောင်းထင်ပြီး ခံစားကြ၍ ဝေဒနာအား ကျေးဇူးများလို့ "သညာ"ကို သီးခြား ဟောသည်။

မေး။ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ တရားကိုယ်ပြ ဂါထာများကို ရေးပါ။

ဖြေ။ ရူပဉ္စ ဝေဒနာ စသည်၊ ဥပါဒါနက္ခန္ဓာ စသည်။

မေး။ အာယတနဟူသည် အဘယ်နည်း။

ဖြေ။ အကြောင်းဖြစ်လို့ "အာယတန" (ဒွါရိကစိတ် ဖြစ်ကြောင်း ဖြစ်လို့ ဒွါရနှင့် အာရုံကို အာယတန ခေါ်) စက္ခုဒွါရနှင့် ရူပါရုံအကြောင်း ပြု၍ စက္ခုဒွါရိကစိတ် ဖြစ် စသည်)။

တနည်း= ဒွါရိကစိတ် + စေတသိက်တို့၏ နေရာဖြစ်လို့ "အာယတန"
တနည်း= ဒွါရိကစိတ် + စေတသိက်တို့ကို ချဲ့တတ်လို့ "အာယတန"
တနည်း=သံသရာ ဝဋ်ဆင်းရဲကို ရှည်စေတတ်လို့ "အာယတန"

မေး။ ဓာတ်ဟူသည် အဘယ်နည်း။

ဖြေ။ မိမိသဘောအတိုင်း ဖြစ်တတ်တဲ့ သဘော (သတ္တဝါတွေ ထင်သလို တဦးဦးက လုပ်ပေးတာ မဟုတ်ဟူလို)

မေး။ ဓမ္မာယတန, ဓမ္မဓာတ် တရားကိုယ်ပြ ဂါထာကို ရေးပါ။

ဖြေ။ ဧတ္ထ ပန စေတသိကသုခုမရူပနိဗ္ဗာနဝသေန စသည်။

မေး။ အာယတန, ဓာတ် ရှေ့နောက် စဉ် ဟောခြင်းအကြောင်းဖြေပါ။

ဖြေ ။ ရုပါရုံကို အာရုံပြု၍ အထင်ရှားဆုံးဖြစ်လို့ စက္ခာယတနကိုအရင်ဆုံး ဟော။

၎င်းနောက် အသမ္ပတ္တချင်း တူလို့ သောတာယတနကို ဟော။
၎င်းနောက် ကျန်တဲ့အထဲက အလျင်အမြန်ဆုံး ဖြစ်လို့ ဃာနာယတန ကိုဟော။

(လေကယူပေးလို့မြန်၊ ဇိဝှါလို လက်က ယူပေးရတာ မဟုတ်)
၎င်းနောက် ခန္ဓာကိုယ်၏ အစိတ် အပိုင်းချင်း တူလို့ ဇိဝှါယတန ကိုဟော။

၎င်းနောက် သမ္ဗန္ဓာနိက ဖြစ်လို့ ကာယာယတန ကိုဟော။
၎င်းနောက် အာရုံကို ယူဘတ်လို့ မနာယတနကို ဟော။
၎င်းနောက်အဇ္ဈတ္တိကာယတနအားလျော်စွာ ဗာဟိရာယတနကိုဟော။
ပဉ္စဒွါရိက အစဉ်အတိုင်း မနာယတနကို ဓာတ် ၅ မျိုးခွဲ ဟော။
၎င်းနောက် ၅ဒွါရလုံး၌ ဖြစ်တဲ့ မနောဓာတ်ကို ဟော။
၎င်းနောက် မနောဝိညာဏ ဓာတ်ကိုဟော။
၎င်းနောက် ရုပ်+နာမ် ရောတဲ့ ဓမ္မဓာတ်ကို ဟော။

မေး ။ မနောဓာတ်,မနောဝိညာဏဓာတ်, ဓမ္မဓာတ်တို့၏ အရကို ဖြေပါ။

ဖြေ ။ မနောဓာတ်=ပဉ္စဒွါရာဝဇ္ဇန်း ၁
သမ္ပဋိစ္ဆိုင်း ၂=၃
မနောဝိညာဏဓာတ်=ကျန်စိတ် ၇၆ (ဒွေးပဉ္စဝိညာဏ်+မနောဓာတ် ကြဉ်)
မနာယတန ၎င်း ၂မျိုးပေါင်း စိတ်အကုန်။
ဓမ္မဓာတ်=စေတသိက်၅၂+သုခုမရုပ်၁၆+နိဗ္ဗာန် (ဓမ္မာယတနလည်း ၎င်းပင်)

မေး ။ အရိယသစ္စာ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ အရိယာ ဘုရားတို့သာ သိအပ်တဲ့ အမှန်တရား။

မေး ။ သစ္စာ ၄ပါး၏ တရားကိုယ်ကို ဖော်ပြပါ။

ဖြေ ။ ဒုက္ခသစ္စာ=လောကီစိတ် ကောသိတိ ၈၁
စေတသိက်ကေပညာသ ၅၁ (လောဘကြဉ်)
ရုပ် အဋ္ဌဝီသ ၂၈
သမုဒယသစ္စာ=လောဘ စေတသိက်။
နိရောဓသစ္စာ=နိဗ္ဗာန်။
မဂ္ဂသစ္စာ=မဂ်စိတ် ၄ခု၌ရှိသော ပညာ+ဝိတက်+သမ္မာဝါစာ+သမ္မာကမ္မန္တ+သမ္မာ အာဇီဝ+ဝီရိယ+သတိ+ဧကဂ္ဂတာ တည်းဟူသော မဂ္ဂင်တရားကိုယ် ၈ပါး၊ ၇ပါး။
ပထမဈာန်၌ ၈ပါး အပြည့်အစုံ ယှဉ်လို့၊ ကျန်ဈာန်တို့၌ ၇ပါး၊ ဝိတက်မယှဉ်လို့။

မေး ။ သစ္စာ ၄ပါး၏ တရားကိုယ်ပြ ဂါထာကို ရေးပါ။

ဖြေ ။ ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော စသည်။

မေး ။ ဘာဖြစ်လို့ တဏှာကို သီးခြား သစ္စာ အနေဖြင့် ဟော သနည်း။

ဖြေ ။ ဒုက္ခ၏ ပဓာနအကြောင်းဖြစ်လို့ ဟောပါသည်။

မေး ။ သစ္စာ ၄ပါးကို ရှေ့နောက် စဉ်ပုံအကြောင်း ဖြေပါ။

ဖြေ ။ နှိပ်စက်တတ်၍ သံဝေဂ ယူဖွယ်ကောင်းလို့ ဒုက္ခသစ္စာကိုအရင်ဟော။
၎င်းနောက် ဒုက္ခသစ္စာ၏ အကြောင်းဖြစ်လို့ သမုဒယသစ္စာကို ဟော။
၎င်းနောက် ဒုက္ခမှ လွတ်ရာ နိရောဓသစ္စာကို ဟော။
၎င်းနောက် ဒုက္ခမှ လွတ်ကြောင်းမဂ္ဂသစ္စာကိုဟော။

မေး ။ အာယတန ၁၂, ဓာတ်၁၈ ပြားကြောင်း ဖြေပါ။

ဖြေ ။ ဒွါရ၆+အာရုံ၆=၁၂သို့ ဒွါရ,အာရုံ ပြားလို့ အာယတန ၁၂။
ဒွါရ၆+အာရုံ၆+ဝိညာဏဓာတ်၆=၁၈သို့ ဒွါရ,အာရုံ,ဒွါရအာရုံ၌ ဖြစ်တဲ့ ဝိညာဏဓာတ်အားဖြင့် ပြားလို့ ဓာတ် ၁၈။
(ဒွါရာလမ္ဗဏဘေဒေန ဂါထာထောက်)

မေး ။ ခန္ဓာ,အာယတန,ဓာတ် ၃မျိုး ဟောကြောင်းဖြေပါ။

ဖြေ။ နာမ်ဒွဲတွေဝေသူကို ချီးမြှောက်ရန် ခန္ဓာကို ဟော။
(နာမ်များတာကို လေ့လာသဖြင့် နာမ်ဒွဲ တွေဝေမှုပျောက်မည်)
ရုပ်ဒွဲ တွေဝေသူကို ချီးမြှောက်ရန် အာယတနကို ဟော။
ရုပ်များတာကို လေ့လာသဖြင့် ရုပ်ဒွဲ တွေဝေမှု ပျောက်မည်)
နာမ်+ရုပ်=၂ပါးဒွဲ တွေဝေသူကို ချီးမြှောက်ရန် ဓာတ်ကိုဟော။
(နာမ်+ရုပ် အရေ အတွက် မတိမ်းမယိမ်းကို လေ့လာ သဖြင့် နာမ်ရုပ်=၂ပါးဒွဲ တွေဝေမှုပျောက်မည်)
တနည်း=အကျဉ်း ကြိုက်သူကို ချီးမြှောက်ရန် ခန္ဓာ ကိုဟော။
အလယ် အလတ် ကြိုက်သူကို ချီးမြှောက်ရန် အာယတနကိုဟော။
အကျယ်ကြိုက်သူကို ချီးမြှောက်ရန် ဓာတ်ကို ဟော။

မေး။ မဂ္ဂသစ္စာနှင့် သစ္စဝိမုတ်ကို ရှင်းပါ။

ဖြေ။ **မဂ္ဂသစ္စာ**=မဂ္ဂင် တရားကိုယ် ၈ပါး၊ ၇ပါး။
သစ္စဝိမုတ်=မဂ်စိတ် ၁(သဘော=လက္ခဏာ အားဖြင့် ယူလို့ ၁)
စေတသိက် ၂၈(မဂ္ဂင် တရားကိုယ် ကြဉ်)=ရင်း ၂၉နှင့်
ဖိုလ်စိတ် ၁(သဘော=လက္ခဏာအားဖြင့်ယူလို့ ၁)
စေတသိက်၃၆=ရင်းဖိုလ်စိတ္တုပ္ပါဒ်၃၇(ပုံချ သစ္စဝိမုတ်)

မေး။ သစ္စဝိမုတ် မရှိ၊ စတုသစ္စဝိနိမုတ္တော ဓမ္မော နာမ နတ္ထိနှင့်ညှိပါ။

ဖြေ။ မဂ္ဂင်တရားကို ၈ပါး၊၇ပါး(သမ္မာဒိဋ္ဌိစသည်)
ဖိုလ်ဂင် တရားကိုယ် ၈ပါး၊ ၇ပါး (သမ္မာဒိဋ္ဌိစသည်) (သဒိသူ)
ရင်း၂မျိုး မဂ္ဂသစ္စာ၊ ကျန်မဂ်စိတ္တုပ္ပါဒ်၂၉။
ကျန် ဖိုလ်စိတ္တုပ္ပါဒ် ၂၉=ရင်း၂မျိုး ဒုက္ခသစ္စာ (သဒိသူ) သခ်ါရ ဒုက္ခချင်းတူလို့။

သမုစ္စည်းပိုင်းပြီးပြီ

ပစ္စည်းပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

၁။ ယေသံ သင်္ခတဓမ္မာနံ၊ ယေ ဓမ္မာ ပစ္စယာ ယထာ။
တံ ဝိဘာဂံ, မိဟေ,ဒါနိ၊ ပဝက္ခာမိ ယထာရဟံ။

ယေသံသင်္ခတဓမ္မာနံ=အကြင် ပစ္စည်းတရားတို့သည် ပြု ပြင် အပ်ကုန်သော "ပစ္စယုပ္ပန်တရား"တို့အား (သင်္ခတထောက်၍ ပစ္စယုပ္ပန်ဟုမှတ်)

ယေဓမ္မာ=အကြင် "ပစ္စည်းတရား"တို့သည် (ပစ္စည်းတရားဟု မှတ်)

ယထာယေနအာကာရေန= အကြင် "ပစ္စယသတ္တိ" အခြင်း အရာ အားဖြင့် (ပစ္စည်းတရားများ၏ ကျေးဇူးပြုနိုင်သည့် စွမ်းရည်သတ္တိ အခြေအနေ) (အလုပ် လုပ်နိုင်သည့် သတ္တိ)

ပစ္စယာ=ကျေးဇူးပြုတတ်ကုန်၏။ (ဖြစ်အောင်၊ ရပ်တည်နိုင်အောင် လုပ်ပေး ကြ၏)

ဒါနိဣဒါနိ=ယခုအခါ၌ (ရောက်ဆဲအချိန်မှာ)

ဣဟ=ဤသမုစ္စည်းပိုင်း၏ အခြားမဲ့၌(ရောက်နေတဲ့နေရာ)

တံဝိဘာဂံ=ထို ပစ္စယုပ္ပန်တရား,ပစ္စည်းတရား,ပစ္စယသတ္တိတို့၏ အပြားကို။

(၁ ခုတည်းမှာ ဝေဖန်ဆိုတဲ့ စကားကို မသုံးပါ။ ၁ခု မက အမျိုးမျိုး ရှိမှ သုံးသည်။ ထို့ကြောင့် ဝေဖန်နှင့် အပြားတူ)

ယထာရဟံ=ထိုက်သင့်သည့်အား လျော်စွာ (သူ့ ပစ္စယုပ္ပန်နှင့် သူ့ပစ္စည်း၊ သူ့ပစ္စည်းနှင့် သူ့သတ္တိ လျော်သလို သုံးရမည်)

ပဝက္ခာမိ=ဆိုပေအံ့။

သတိ=ဤပစ္စည်းပိုင်း၌ ပစ္စယုပ္ပန်,ပစ္စည်း,ပစ္စယသတ္တိကို ပြ၏ ဟူလို။

နည်း ၂ ပါး

၂။ ပဋိစ္စသမုပ္ပါဒနယော ပဋ္ဌာန နယောစေတိ ပစ္စယသင်္ဂဟော ဒုဝိဓော ဝေဒိတဗ္ဗော။

ပဋိစ္စသမုပ္ပါဒနယော=အကြောင်းကိုစွဲ၍ အကျိုး ဖြစ်ပုံ ဖြစ်နည်း ပြသောနည်း၊ (အကြောင်းနှင့် အကျိုးကိုသာပြသည်)

ပဋ္ဌာနနယော=ပဋ္ဌာန်းကျမ်း၌ ဟောသောနည်း။
ပဋ္ဌာန်း=ပစ္စည်းအမျိုးမျိုးတို့၏ တည်ရာဖြစ်လို ပဋ္ဌာန်းကျမ်းခေါ်။

၃။ တတ္ထ တ,ဗ္ဘာဝ, ဘာဝိ, ဘာဝါကာရမတ္တော, ပလက္ခိတော ပဋိစ္စသမုပ္ပါဒနယော။

ပဋ္ဌာနနယော ပန အာဟစ္စ ပစ္စယဋ္ဌိတိမာ,ရဗ္ဘ ပဝုစ္စတိ။
ဥဘယံ ပန ဝေါမိဿိတွာ ပပဉ္စေန္တိ အာစရိယာ။

တဗ္ဘာဝ=ထိုအဝိဇ္ဇာ စသော အကြောင်းတရား ဖြစ်သဖြင့် (ပစ္စည်းကိုပြ)
ဘာဝိ=ဖြစ်လေ့ရှိသော သင်္ခါရ စသော အကျိုးတရားတို့၏ (ပစ္စယုပ္ပန်ကိုပြ)
ဘာဝါကာရမတ္တောပလက္ခိတော (ပစ္စည်း, ပစ္စယုပ္ပန်) ဖြစ်ပုံ ဖြစ်နည်း မျှဖြင့် မှတ်အပ်သော ပဋိစ္စသမုပ္ပါဒ်နည်း။
မတ္တ=ပစ္စည်းနှင့် ပစ္စယုပ္ပန်သာ (ပစ္စယသတ္တိကို မဆိုဟူလို)
အာဟစ္စပစ္စယဋ္ဌိတိံ=အရိုးခံ ဆိုခဲ့ပြီးသော ပစ္စည်း,ပစ္စယုပ္ပန် ၂ ပါးတို့၌ ထူးဆန်းသော ပစ္စယသတ္တိကို ထည့်၍ဆို ပဋ္ဌာန်းနည်းဖြစ်။
ရှင်း= ဟေတု သတ္တိသည် ဟိတ် ၆ပါး၌တည်၊(အကျိုးဖြစ်ခြင်း၏အကြောင်း ရင်း)

အာရမ္မဏသတ္တိသည် အာရုံ ၆ ပါး၌ တည် (အာရမ္မဏိက စိတ်တို့၏ အကြည့်ခံ အသိခံဖြစ်လို့)
ဟိတ် ၆ ပါးသည် ဟေတုပစ္စည်း။
ငင်း ၆ ပါးသည် မွှာရုံ၌ ပါလို့ အာရမ္မဏ ပစ္စည်း လည်းမည်။ သို့သော် သတ္တိချင်းကား တမျိုးစီ။
ဤလိုအားဖြင့် ပစ္စည်းတို့သည် တရားချင်း တူချင် တူမည်၊ ပစ္စယ သတ္တိချင်းကားမတူ၍ ထူးကြ၏။ ထို့ကြောင့် သတ္တိကို အာဟစ္စ ခေါ် (ထူးတဲ့ဟာဟူလို) ၎င်းသတ္တိသည် ပစ္စည်း တရား များ၌ တည်လို့ ပစ္စယဋ္ဌိတိလည်းခေါ်။
တနည်း=ပဋိစ္စသမုပ္ပါဒ်၌ ပစ္စည်းတရား, ပစ္စယုပ္ပန်တရားရှိ၏။ ပဋ္ဌာန်းနည်း၌လည်း ၎င်း ၂ ပါး ရှိ၏။ ထို့ကြောင့် ၎င်း၂ပါးသည် အရိုးခံ။ (ပါနေကျ=ဖြစ်နေကျ)

ပစ္စယသတ္တိသည် ပဋ္ဌာန်း နည်း၌သာ ရှိလို့ ထူး၏။ ထို့ ကြောင့် "အာဟစ္စ" (တချို့မှာဖြစ် တချို့မှာမဖြစ်တော့ အဖြစ်ထူးတာပေါ့)

နည်း ၂ပါးအထူး=ပဋိစ္စသမုပ္ပါဒ်နည်း=ပစ္စည်းပစ္စယုပ္ပန် ၂မျိုးကိုသာပြသည်။
ပဋ္ဌာန်းနည်း=ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စယသတ္တိ ၃မျိုးကို ပြသည်။

ပဋိစ္စသမုပ္ပါဒ်နည်း

၄။ တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။

အဝိဇ္ဇာ=သစ္စာ ၄ ပါး+ ရှေ့အစွန်း+ နောက်အစွန်း+ ရှေ့နောက်အစွန်း+ ပဋိစ္စသမုပ္ပါဒ်—၎င်း ၈ မျိုးကို မသိခြင်း။

အဝိဇ္ဇာပစ္စယာ=၎င်းမသိခြင်းဆိုတဲ့ အဝိဇ္ဇာသည် သင်္ခါရဖြစ်ခြင်းအကြောင်း။

ရှင်း = မသိခြင်းကြောင့် ၃၁ ဘုံ အကောင်းထင်၊ အကောင်း ထင် တော့ လိုချင်၊ လိုချင်တော့ ၃၁ ဘုံ ရောက်စေတတ်တဲ့ သင်္ခါရ ခေါ် လောကီကုသိုလ်၊ အကုသိုလ်ပြု။

ထို့ကြောင့် အဝိဇ္ဇာပစ္စယာ=အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် သင်္ခါရာ=လောကီကုသိုလ်, အကုသိုလ် စေတနာ ဟူသော သင်္ခါရတို့ ဖြစ်၏ဟု ဆိုသည်။

သင်္ခါရ ၃ မျိုး=၁။ ပုညာဘိသင်္ခါရ=မဟာကုသိုလ်စေတနာ ၈
ရူပကုသိုလ်စေတနာ ၅= ၁၃။
၂။ အပုညာဘိသင်္ခါရ=အကုသိုလ်စေတနာ ၁၂
၃။ အာနဉ္ဇာဘိသင်္ခါရ=အရူပကုသိုလ်စေတနာ ၄

ရဟန္တာ၌ သင်္ခါရမရှိ=၃၁ဘုံ လိုချင်စိတ်ဖြင့် ဘဝကုသိုလ်, ဘဝအကုသိုလ်ကို မျှ မပြုလို့။

(၃၁ ဘုံအကောင်းထင်စေတတ်တဲ့ အဝိဇ္ဇာ မရှိလို့ မပြုပါ)

ရှင်း= ရဟန္တာသည် ၃၁ ဘုံ လိုချင်စိတ် မရှိပဲ ဘုရားရှိခိုးခြင်း စသည်ပြု၏၊ ဤသို့ ပြုမှုသည် ၃၁ ဘုံ မရောက်စေတတ်လို့ "ကြိယာ" ဟု အမည်ပေး၏။ (ပြုကာမျှသာ ဘဝကျိုးမျှ မဖြစ်တော့ ဟူလို)

၃၁ ဘုံ တကယ် မလိုချင်၍ မဖြစ်တော့သည်ကို ဝဋ်မြစ် ပြတ်၍ အကျိုးပေးစရာ မရှိလို့ ကုသိုလ်,အကုသိုလ်,သင်္ခါရ မဖြစ်ဟု ဆိုရိုးပြုကြ၏။

ဝိညာဏံ=ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ကျေနပ်ဝိသ (၁၉)

ပဝတ္တိအခါ လောကီဝိပါက် ၃၂(ဗာတ္တိ'သ) (သင်္ခါရ ပစ္စယာ ဝိညာဏံ၌=ဝိညာဏံအရ) (၃)

အမှာ=ဓာတုကထာ၌ စိတ် ၁ ခု ယုတ် ၉၀ ကောက်သည်။

နာမရူပံ၌-နာမံ=ပဋိသန္ဓေစိတ်နှင့် ယှဉ်သော စေတသိက် (မုချ)

ပဝတ္တိ လောကီဝိပါက် ၃၂ နှင့် ယှဉ်သော စေတသိက်(ပရမ္ပရူပစာ)

ရူပံ=ပဋိသန္ဓေကမ္မဇရုပ် (မုချ)

ပဝတ္တိကမ္မဇရုပ် (ပရမ္ပရူပစာ) (၃)

အမှာ=ဓာတုကထာ၌ ရုပ် ၂၈ ကောက်သည်။

သဠာယတနံ=အဇ္ဈတ္တိကာယတန ၆ ပါး ၁။ စက္ခာယတန

၂။ သောတာယတန

၃။ ဃာနာယတန

၄။ ဇိဝှာယတန

၅။ ကာယာယတန

၆။ မနာယတန= ၎င်းတို့သည်

အဇ္ဈတ္တသန္တာန်၌သာဖြစ်လို့ အဇ္ဈတ္တိကာယတနမည်။ (ဓာတုကထာ၌ စိတ် ၁ ခု ယုတ် ၉၀+ ပသာဒရုပ် ၅ ကောက်)

အမှာ= ၎င်း ၆ ပါးတို့သည် နာမ်, ရုပ် ကို မှီရမှုဖြစ်လို့ နာမရူပပစ္စယာ သဠာယတနံဟုဆို။

F48

ဖဿော=၆ပါး ၁။ စက္ခုာယတနနှင့်ဝိညာဏ် "ထိ"=စက္ခုသမ္ဖဿ။
၂။ သောတာယတနနှင့်ဝိညာဏ် "ထိ"=သောတသမ္ဖဿ။
၃။ ဃာနာယတနနှင့် ဝိညာဏ် "ထိ" = ဃာနသမ္ဖဿ။
၄။ ဇိဝှာယတနနှင့် ဝိညာဏ် "ထိ" = ဇိဝှာသမ္ဖဿ။
၅။ ကာယာယတနနှင့် ဝိညာဏ် "ထိ" = ကာယသမ္ဖဿ။
၆။ မနာယတနနှင့်ဝိညာဏ် "ထိ" = မနောသမ္ဖဿ။

ဤသို့ အာယတန အကြောင်းခံဖြစ်လို့ သဠာယတနပစ္စယာ ဖဿော။ (၎င်း ၆ ပါးရှိမှ ဝိညာဏ်နှင့် ထိခြင်း ဖဿ ဖြစ်၏လည်းဟူ) ထိ ဟူသည် ထိသလိုထင်ရမှုကိုသာ၊ ပစ္စည်းဝတ္ထုလို တကယ်မထိ။ ထို့ကြောင့် မနောဒွါရနှင့် ထိဟူသုံးကြသလို၊ ဥပရိကျွာအားဖြင့် "ထိ"ဟုသုံးသည်။

ဝေဒနာ=၃ မျိုး ၁။ လူဋ္ဌာရုံကို ထိရလို့ ခံစားတဲ့ သုခဝေဒနာ။
၂။ အနိဋ္ဌာရုံကို ထိရလို့ ခံစားတဲ့ ဒုက္ခဝေဒနာ။
၃။ မဇ္ဈတ္တာရုံကို ထိရလို့ ခံစားတဲ့ ဥပေက္ခာဝေဒနာ။

ဤလို ထိ ဟူသော ဖဿကြောင့်ဝေဒနာဖြစ်လို့ ဖဿပစ္စယာဝေဒနာ ဆို(မထိရလျှင် မခံစားနိုင်)

တဏှာ=၃ပါး ၁။ ခံစားရတဲ့ ကာမဘုံကိုနှစ်သက်တဲ့ ကာမတဏှာ။
၂။ ခံစားရတဲ့ ရူပ,အရူပဘုံကို နှစ်သက်တဲ့ ဘဝတဏှာ။
၃။ ခံစားရတဲ့ အာရုံ ၆ ပါးကို နှစ်သက်တဲ့ ဥစ္ဆေဒဒိဋ္ဌိနှင့် တကွ ဖြစ်သော ဝိဘဝတဏှာ။

ဤသို့ ခံစားခြင်း ဝေဒနာကြောင့် နှစ်သက်ခြင်း တဏှာ ဖြစ်လို့ ဝေဒနာပစ္စယာ တဏှာ ဆို (တဏှာ=၁၀၈ လည်းဟူ)

ဥပါဒါန်=၄ပါး ၁။ ကာမအာရုံတို့၌ နှစ်သက်၍ လွန်ကျူးသည်အထိဖြစ်တဲ့ ကာမုပါဒါန်။
၂။ ကာမအာရုံတို့၌ နှစ်သက်၍ မစွန့်လွှတ်နိုင်သဖြင့် စွန့်ခြင်း, ရှောင်ကြဉ်ခြင်း စသည် အကျိုးမရှိဟုစွဲလမ်းတဲ့ ဒိဋ္ဌုပါဒါန်။

၃။ ကာမအာရုံတို့၌ နှစ်သက်၍ ၎င်းအာရုံတို့ကို ရရန် ကြောင့်ကြကင်းသည့် နွားအလေ့ နွားအကျင့်မျိုး ကောင်း၏ဟု စွဲယူတဲ့ သီလဗ္ဗတုပါဒါန်။

၄။ ခန္ဓာတို့၌ နှစ်သက်၍ ငါ့,ငါ၏ဥစ္စာဟု စွဲလမ်းတဲ့အတ္တ ဝါဒုပါဒါန်။

ဤသို့ နှစ်သက်မှုကြောင့် စွဲလမ်းမှု ဖြစ်တတ်လို့ တဏှာပစ္စယာ ဥပါဒါနံ ဆို။

အထူး=တဏှာ=အားနည်းတဲ့ နှစ်သက်မှု(အလိုရှိကာမျှ)
ဥပါဒါန်=အားကြီးတဲ့ စွဲလမ်းမှု (မရောင့်ရဲနိုင်ခြင်း)

တနည်း=တဏှာ=မရသေး တဲ့ အာရုံကို နှစ်သက်မှု(သူခိုး လက်လှမ်းသလို)
ဥပါဒါန်=ရပြီးတဲ့အာရုံကို စွဲလမ်း(သူခိုး ပစ္စည်းရသလို)

တနည်း=တဏှာ=ရှာမှီးခြင်း ဆင်းရဲ၏ အကြောင်း။
ဥပါဒါန်= ရပြီးကို စောင့်ရှောက်ခြင်း ဆင်းရဲ၏ အကြောင်း။

ဘဝေါ=၁။ ကမ္မဘဝ= (လောကီကုသိုလ်, အကုသိုလ် စေတနာ ၂၉)
၂။ ဥပပတ္တိဘဝ= ၂မျိုး

ဥပပတ္တိဘဝ=ကာမဘဝ, ရူပဘဝ, အရူပဘဝ,
သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ,
ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ,=၉

ကာမဘဝ = ကာမဝိပါက် တေဝီသ + ဝိရတိ, အပ္ပမညာ ကြဉ်သော စေတသိက် တေတ္တိံသ+ ကမ္မဇရုပ်ဝီသ။

ရူပဘဝ=ရူပဝိပါက် ၅ ခု + စက္ခုဝိညာဏ်ဒွေး + သောတဝိညာဏ်ဒွေး+ သမ္ပဋိစ္ဆိုင်ဒွေး+ သန္တီရဏ ၃ ခု၊ ဝိရတိ ကြဉ်သော စေတသိက် ပဉ္စတိံသ၊ ဃာန, ဇိဝှာ, ကာယ ကြဉ်သောကမ္မဇရုပ်ပန္နရသ။

အရူပဘဝ= အရူပဝိပါက် ၄ ခု+ စေတသိက် တိံသ။

သညီဘဝ= နေဝသညာ နာသညာယတနကြဉ် လောကီဝိပါက် ဧကတိံသ+ စေတသိက် ပဉ္စတိံသ+ ကမ္မဇရုပ် ဝီသ။

အသညီဘဝ= ဇီဝိတ နဝက ကလာပ်။

နေဝသညီ နာသညီဘဝ = နေဝသညာ နာသညာယတန ဝိပါက် ၁+ စေတသိက် ၃၀ သ။

ဧကဝေါကာရဘဝ= ဇီဝိတနဝကကလာပ်(အသညီဘဝနှင့်တူ)။
စတုဝေါကာရဘဝ= အရူပဝိပါက် ၄+စေတသိက်တိ ၀ သ(အရူပဘဝနှင့်တူ)
ပဉ္စဝေါကာရဘဝ= ကာမဝိပါက် ၁၀ ဝိသ+ ရူပဝိပါက် ၅+ စေတသိက် ပဉ္စတိံသ ကမ္မဇရုပ် ဝိသ (ကာမဘဝ+ ရူပဘဝ= ၂ ခုပေါင်း)
ဥပပတ္တိဘဝ= လောကီဝိပါက်ဗာတ္တိံသ+ စေတသိက် ပဉ္စတိံသ+ကမ္မဇရုပ် ဝိသ(ဥပပတ္တိဘဝ ၉ မျိုးလုံးပေါင်း)

၃၁ ဘုံကို စွဲလမ်းသူများသာ ၃၁ ဘုံရောက်စေတတ်တဲ့ ကုသိုလ်၊ အကုသိုလ်ပြုလို့ ဥပါဒါနပစ္စယာဘဝေါ ဆို (ဘဝအရ ၂မျိုး)။

ဘဝပစ္စယာဇာတိ၌-ဘဝ= ကမ္မဘဝ(ကု၊အကုစေတနာ)
ဇာတိ= ဥပပတ္တိဘဝ။

အမှာ= ပဋိသန္ဓေကို ဇာတိဟု ခေါ်ကြသည်ကိုလည်း သတိပြု။
သတိ= ကမ္မဘဝကြောင့် ဥပပတ္တိဘဝခေါ် ဇာတိဖြစ်၏ ဟူလို။
အထူး= ဥပါဒါနပစ္စယာ ဘဝေါ၌- ဘဝ=ကမ္မဘဝ +ဥပပတ္တိဘဝ=၂ မျိုး။
ဘဝပစ္စယာ ဇာတိ၌- ဘဝ= ကမ္မဘဝ ၁ မျိုးသာ။
ဇာတိပစ္စယာ ဇရာမရဏ စသည်=ဇာတိခေါ် ပဋိသန္ဓေနေမှုကြောင့် အိုခြင်း၊ သေခြင်း စသည်ဖြစ်၏ဟူလို။

ဓာတုကထာ= ၁။ နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ ဖြစ်ဆဲသည် ရုပ်၏ဇာတိ။
၂။ နာမက္ခန္ဓာ ၄ ပါးတို့၏ ဖြစ်ဆဲသည် နာမ်၏ဇာတိ။

သတိ=ဤဆိုခဲ့ပြီးအားလုံးကို တဗ္ဘာဝဘာဝီဘာဝ ါကာရမတ္တဟု ဆိုသည်။

ဇရာ= အိုမင်းရင့်ရော်ခြင်း။

ဓာတုကထာ= ၁။ နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ ရင့်ဆဲသည် ရုပ်၏ ဇရာ။
၂။ နာမက္ခန္ဓာ ၄ ပါးတို့၏ ရင့်ဆဲသည် နာမ်၏ဇရာ။

မရဏ= သေခြင်း။

ဓာတုကထာ= နိပ္ဖန္နရုပ် အဋ္ဌာရသတို့၏ ပျက်ဆဲသည် ရုပ်၏မရဏ။

သောက= ဉာတိဗျသန, ဘောဂဗျသန, ရောဂဗျသန, ဒိဋ္ဌိဗျသန, သီလဗျသန တို့နှင့်တွေ့သောသူ၏ စိတ်ပူပန်ခြင်း (ဝါ)စိုးရိမ်ခြင်း။

ဓာတုကထာ= ဒေါသမှုဒွေး၍ရှိသော ဒေါမနဿ ဝေဒနာသည် သောက။ .

ပရိဒေဝ= အသံထွက်အောင် ငိုကြွေးခြင်း (ပရိဒေဝစိတ္တဇသဒ္ဒ)

ဓာတုကထာ=ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် ငိုကြွေးမြည်တမ်းသော အခြင်းအရာ အားဖြင့် ဖြစ်သော စိတ္တဇ ဝိပ္ပလ္လာသ သဒ္ဒသည် ပရိဒေဝ။

ဒုက္ခ= ကာယိက ဒုက္ခဝေဒနာ။

ဓာတုကထာ= ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခ။

ဒေါမနဿ=မာနသိက ဒုက္ခဝေဒနာ။

ဓာတုကထာ=ဒေါသမှုဒွေး၍ရှိသော ဝေဒနာ စေတသိက်သည် ဒေါမနဿ။

ဥပါယာသော=ဉာတိဗျသန စသည်တို့ဖြင့် တွေ့သော သူအား လွန်စွာ ဖြစ်သော စိတ်၏ ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည် ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမှုဒွေး၍ ရှိသော ဒေါသ စေတသိက်။

ဝေံ=ဤလို အကြောင်း အကျိုး အနေနဲ့ ဖြစ်ကြ၏။

အစိုးရသူ ဖန်ဆင်းသူတို့ကြောင့် မဖြစ်ဟူလို။

ဧတဿ=ဤဝဋ္ဋတရား၏ (ပဋိစ္စသမုပ္ပါဒ်ကိုပင် လည်နေလို့ "ဝဋ္ဋ"ဟုခေါ်)

ကေဝလဿဒုက္ခက္ခန္ဓဿ=ဆင်းရဲအစု (ဝါ) ဆင်းရဲသက်သက်သာ။

သတ္တဝါတွေ ထင်သလို ချမ်းသာခြင်း၊ တင့်တယ်ခြင်း စသည် မဖြစ်ဟူလို။

အမှာ=ဝတ္ထုအာရုံ စ သော အခြား အကြောင်းများ ရှိကြပါသော်လည်း အဝိဇ္ဇာ စသည်တို့သာ ပဓာန အ ကြောင်း (ဝါ) ထင် ရှား သော အကြောင်း ဖြစ်လို့ ယခုအတိုင်း ဟောတော်မူသည်။

အစွန့်စသည်ကိုပြခြင်း

၅။ တတ္ထ တယော အဒ္ဓါ ဒွါဒသင်္ဂါနိ ဝီသတာကာရာ တိသန္ဓိ စတုသင်္ခေပါ တီဏိ ဝဋ္ဋာနိ ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။

F. –48

တယောအဒ္ဓါ=အတိတ်ကာလ (လွန်ခဲ့တဲ့ အချိန်က ဖြစ်ခဲ့တဲ့ဟာ)
ပစ္စုပ္ပန်ကာလ (မျက်မှောက်အချိန်မှာ ဖြစ်တဲ့ဟာ)
အနာဂတ်ကာလ (နောက်အချိန်မှာ ဖြစ်မည့်ဟာ)

ဒွါဒသင်္ဂါနိ= အဝိဇ္ဇာ+ သင်္ခါရ+ ဝိညာဏ်+ နာမ်ရုပ်+ သဠာယတန+ ဖဿ+ဝေဒနာ+တဏှာ+ဥပါဒါန်+ဘဝ+ဇာတိ+ ဇရာမရဏ (ပဋိစ္စသမုပ္ပါဒ်၌ အစိတ်အပိုင်း ၁၂)

ဝီသတာကာရာ=အတိတ်အကြောင်း ၅ ပါး
ပစ္စုပ္ပန်အကျိုး ၅ ပါး
ပစ္စုပ္ပန်အကြောင်း ၅ ပါး
အနာဂတ်အကျိုး ၅ ပါး=ပေါင်း အခြင်းအရာ ၂၀။

တိသန္ဓိ=သင်္ခါရနှင့် ဝိညာဏ် ၁ စပ်
ဝေဒနာနှင့် တဏှာ ၁ စပ်
ဘဝနှင့်ဇာတိ ၁ စပ်=ပေါင်း ၃ စပ်။

စတုသင်္ခေပါ=အတိတ်အကြောင်း ၁ လွှာ
ပစ္စုပ္ပန်အကျိုး ၁ လွှာ
ပစ္စုပ္ပန်အကြောင်း ၁ လွှာ
အနာဂတ်အကျိုး ၁ လွှာ=ပေါင်း ၄ လွှာ။

တိဝဋ္ဋာနိ=၁။ ကိလေသဝဋ် =အဝိဇ္ဇာ+တဏှာ+ဥပါဒါန်
၂။ ကမ္မဝဋ် =ကမ္မဘဝတစိတ်=သင်္ခါရ
၃။ ဝိပါကဝဋ် =ကြွင်း ၇= (ဝိညာဏ်+ နာမ်ရုပ်+သဠာယတန+ ဖဿ+ ဝေဒနာ + ဥပပတ္တိဘဝတစိတ်+ ဇာတိ+ ဇရာမရဏ)

ဒွေမူလာနိ=အဝိဇ္ဇာ+ တဏှာ (မူလ ၂ ပါး)

အမှာ=ဆရာကိုယ်တိုင် ဆိုလတ္တံ့ဖြစ်သော်လည်း စာအတိုင်း သဘောပေါက်စေရန် လည်းကောင်း၊ ဉာဏ်နုသူများ မပင်ပန်းစေရန်လည်းကောင်း အပြည့်အစုံ ဖော်ပြလိုက်ပါသည်။

၆။ ကထံ အဝိဇ္ဇာ,သင်္ခါရာ အတီတော အဒ္ဓါ၊
ဇာတိ, ဇရာ,မရဏံ အနာဂတော အဒ္ဓါ၊
မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါတိ တယော အဒ္ဓါ။

အတီတောအဒ္ဓါ=အဝိဇ္ဇာ+သင်္ခါရ (မုချ အတိတ်အကြောင်း)
တဏှာ+ဥပါဒါန်+ကမ္မဘဝ (သဒိသူပစာ အတိတ် အကြောင်း)
ပေါင်း အတိတ်အကြောင်း ၅ ပါး။

မဇ္ဈေအဋ္ဌ=၁။ ဝိညာဏ်+နာမ်ရုပ်+သဠာယတန+ဖဿ+ဝေဒနာ (ပစ္စုပ္ပန် အကျိုး)

၂။ တဏှာ+ဥပါဒါန်+ကမ္မဘဝ (မုချ ပစ္စုပ္ပန်အကြောင်း)
အဝိဇ္ဇာ+သင်္ခါရ (သဒိသူပစာ ပစ္စုပ္ပန်အကြောင်း) ပေါင်း
ပစ္စုပ္ပန် အကြောင်း ၅ ပါး။

အနာဂတေအဒ္ဓါ=ဇာတိ=ဥပါဒ်၊ ဇရာ=ဋ္ဌီ၊ မရဏ=ဘင်။

အမှာ=ၚင်း ၃ ပါးသည် အနာဂတ် အကျိုး ၅ ပါး၏ ဥပါဒ်,ဋ္ဌီ,ဘင် မျှသာ
တရားကိုယ် သီးခြားမဟုတ်။
ဤသို့ အနာဂတ်အကျိုး ၅ ပါးကို ဥပါဒ်, ဋ္ဌီ, ဘင်ဖြင့် မှတ်၍ပြလို့
တရားကိုယ်အားဖြင့် ဝိညာဏ်+ နာမ်ရုပ်+ သဠာယတန+ ဖဿ+
ဝေဒနာ ဟူသော အနာဂတ် အကျိုး ၅ ပါးကိုယူ။

ရှင်း= အချိန်ကာလဟူသည် တကယ်မရှိ။

ရှိသော သဘာဝများ၏ ဖြစ်ရပ်ကို အစွဲပြု၍ သုံးဟဲ့ အသုံး။
ဥပမာ=ဖြစ်ပြီးတဲ့ အဝိဇ္ဇာ,သင်္ခါရကို အစွဲပြုပြီး လွန်ခဲ့သော အတိတ်
ကာလဟု သုံး၏။
ဝိညာဏ် စသော ၈ ခုတို့ ဖြစ်နေခိုက်ကို အစွဲပြု၍ ဖြစ်တုန်း ဖြစ်ဆဲ
ဟူသော ပစ္စုပ္ပန်ကာလဟု သုံး၏။
ဝိညာဏ် စသည်တို့ နောက်ဖြစ်မည်ကို အစွဲပြု၍ နောက်ခါ ဟူသော
အနာဂတ်ကာလဟု သုံး၏။

ထို့ကြောင့် အဝိဇ္ဇာ သင်္ခါရသည်ပင် အတိတ်ကာလ။
အတိတ်ကာလသည်ပင် အဝိဇ္ဇာ သင်္ခါရဟု နှလုံးမူ၍ ကာလ ၃ ပါး
အရ တရားများကို ကောက်ယူရသည်။

အင်္ဂါ ၁၂ ပါး

၇။ အဝိဇ္ဇာ, သင်္ခါရာ, ဝိညာဏံ, နာမရူပံ, သဠာယတနံ, ဖဿော, ဝေဒနာ, တဏှာ, ဥပါဒါနံ, ဘဝေါ, ဇာတိ, ဇရာမရဏန္တိ ဒွါဒသင်္ဂါနိ။

၄မျိုးခွဲ=၁။ အဝိဇ္ဇာ+သင်္ခါရာ(မှချအတိတ်အကြောင်း)

၂။ ဝိညာဏ်+နာမ်ရုပ်+သဠာယတန+ဖဿ+ဝေဒနာ (ပစ္စုပ္ပန်အကျိုး)

၃။ တဏှာ+ဥပါဒါန်+ကမ္မဘဝ(မှချ ပစ္စုပ္ပန်အကြောင်း)

၄။ ဝိညာဏ်+နာမ်ရုပ်+သဠာယတန+ဖဿ+ဝေဒနာ(အနာဂတ်အကျိုး)

ယင်းအနာဂတ်အကျိုး ၅ပါးကို ယင်းတို့၏ ဥပါဒ်,ဌီ,ဘင်ဖြစ်လို့ ယင်း ၅ပါး ကိုယူ (ယခင်ကောက်နည်း မှချ+ဥပဂှာ၊ ယခု ကောက်နည်း မှချသာ သတိပြု)

၁။ ဇာတိ=ဝိညာဏ်စသောအကျိုး၅ပါးတို့၏ "ဥပါဒ်"

၂။ ဇရာ=ဝိညာဏ် စသောအကျိုး ၅ပါးတို့၏ "ဌီ"

၃။ မရဏ=ဝိညာဏ် စသောအကျိုး၅ပါးတို့၏ "ဘင်"

၈။ သောကာဒိဝစနံ ပနေတ္ထ နိဿန္ဒဖလနိဒဿနံ။

သောကာဒိ=သောက=ဗျသန၅ပါးတွေ့သူအား ပူပန်ခြင်း။

ပရိဒေဝ=အသံထွက်အောင် ငိုကြွေးခြင်း။

ဒုက္ခ=ကာယိက ဒုက္ခဝေဒနာ။

ဒေါမနဿ=မာနသိက ဒုက္ခဝေဒနာ။

ဥပါယာသ=ဗျသန ၅ ပါး တွေ့သူအား ပြင်းစွာ ပင်ပန်းခြင်း။

နိဿန္ဒဖလ=ဇာတိ၏ အကျိုးဆက်မျှသာ (အကျိုးအစစ်မဟုတ်)

ရှင်း= ဇာတိ၏အကျိုးအစစ်ကား (ဇရာ+မရဏသာ)

"ဥပါဒ်" ဖြစ်လို့ ဌီ,ဘင်ရယ်လို့ ပေါ်လာရသည်။

ဤလို ဝိညာဏ် စသောအကျိုးတို့၏ ဥပါဒ်,ဌီ,ဘင် (ဖြစ်မှု, တည်မှု,

ပျက်မှု)ကို အစွဲပြု၍ စိုးရိမ်ခြင်းစသည် သုံးနန်းကာမျှ ဖြစ်လို့ အကျိုးဆက်ဟု ဆို။

သတိ= ဤသို့ အကျိုးအစစ် မဟုတ်လို့ ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါ ပြရာတွင် ၎င်းသောက စသော ၅မျိုး မပါ။

ခြင်းရာ ၂၀ အစပ် ၃ ပါး အလွှာ ၄ ပါး

၉။ အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန ပနေတ္ထ တဏှုပါဒါနဘဝါပိဂဟိတာ ဘဝန္တိ။
တထာ တဏှုပါဒါန, ဘဝဂ္ဂဟဏေန စ အဝိဇ္ဇာသင်္ခါရာ။
ဇာတိ, ဇရာ, မရဏဂ္ဂဟဏေန စ ဝိညာဏာဒိဖလပဉ္စကမေဝ ဂဟိတန္တိ ကတွာ။ ။

အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန=အဝိဇ္ဇာသင်္ခါရကို အတိတ်အကြောင်းဟု ယူခဲ့ပြီ။ (အဝိဇ္ဇာသင်္ခါရာ အတီတေအဒ္ဓါတုန်းက) (မှုချစကား)

တဏှုပါဒါနဘဝါပိဂဟိတာ=တဏှာ, ဥပါဒါန်, ဘဝ ကိုလည်း အတိတ်အကြောင်း၌ ဖြည့်စွက်၍ယူ (ကိလေသာချင်း ကမ္မဘဝချင်း တူလို့)

အမှာ=၁။ အဝိဇ္ဇာကို အတိတ်အကြောင်း၌ ယူခဲ့ပြီး (မှုချ)
ထိုအတူ တဏှာ, ဥပါဒါန်ကိုလည်း ဖြည့်စွက်ယူ (သဒိသူပစာ)

ရှင်း= အဝိဇ္ဇာကလည်း ကိလေသာ၊
တဏှာ ဥပါဒါန် ကလည်း ကိလေသာ=ဤလို ကိလေသာချင်း တူလို့ (သဒိသူ)

၂။ သင်္ခါရကို အတိတ်အကြောင်း၌ ယူခဲ့ပြီ (မှုချ)
ထိုအတူ ကမ္မဘဝကိုလည်း ဖြည့်စွက်ယူ (သဒိသူပစာ)
ကမ္မဘဝချင်းတူလို့ (၂မျိုးလုံး လောကီကုသိုလ် စေတနာချည်း)

တဏှုပါဒါနဘဝဂ္ဂဟဏေန်=တဏှာ, ဥပါဒါန်, ကမ္မဘဝ ကို ပစ္စုပ္ပန်အကြောင်းဟု ယူခဲ့ပြီ (မှုချ) (မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နေ့ာတုန်းက)

အဝိဇ္ဇာသင်္ခါရာ=အဝိဇ္ဇာသင်္ခါရကိုလည်း ၎င်းပစ္စုပ္ပန်အကြောင်း၌ ဖြည့်စွက်ယူပါ။(သဒိသူ)

ဇာတိဇရာမရဏာဂ္ဂဟဏေန=ဇာတိ+ ဇရာ+ မရဏာကို အနာဂတ် အကျိုး၌ ယူခဲ့ပြီ(မုချ)
ဖဿ+ဝေဒနာတို့ကို ၎င်းအနာဂတ် အကျိုး၌ အဘေဒ ဘေဒူပစာအားဖြင့် ယူပါ။
ဇာတိ+ဇရာ+မရဏာသည်သီးခြားတရားကိုယ်မရှိ၊ ဝိညာဏ်စသော ၎င်း၅ပါး တို့၏ ဥပါဒ်၊ ဌီ၊ ဘင် မျှသာ ဖြစ်လို့။

သင်္ဂဟဂါထာ

၁၀။ အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကန္တိ။
ဝီသတာ,ကာရာ တိသန္ဓိ၊ စတု,သင်္ခေပါ စ ဘဝန္တိ။

အတီတေဟေတဝေါပဉ္စ=အဝိဇ္ဇာ+သင်္ခါရ (မုချအတိတ်အကြောင်း) တဏှာ+ဥပါဒါန်+ကမ္မဘဝ(သဒိသူပစာ) ၅ပါး။

ဣဒါနိဖလပဉ္စကံ=ဝိညာဏ်+ နာမ်ရုပ်+ သဠာယတန+ ဖဿ+ ဝေဒနာ ပစ္စုပ္ပန် အကျိုး ၅ပါး။

ဣဒါနိဟေတဝေါပဉ္စ=တဏှာ+ဥပါဒါန်+ကမ္မဘဝ မုချပစ္စုပ္ပန် အကြောင်း အဝိဇ္ဇာ+သင်္ခါရ (သဒိသူပစာ) ၅ပါး။

အာယတိံဖလပဉ္စကံ=ဝိညာဏ်+ ရုပ်နာမ်+ သဠာယတန= ဖဿ+ ဝေဒနာ အနာဂတ် အကျိုး၅ပါး။

ဝီသတိ,အာကာရာ=၅ပါးစီ ၄မျိုးကို ပေါင်း၅×၄=၂၀။

တိသန္ဓိ=၁။ အတိတ်အကြောင်း သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး ဝိညာဏ် အစပ် ၁စပ်။

၂။ ပစ္စုပ္ပန်အကျိုး ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း တဏှာ၃ အစပ်၁စပ်။

၃။ ပစ္စုပ္ပန်အကြောင်း ကမ္မဘဝနှင့် အနာဂတ်အကျိုး ဇာတိအစပ် ၁ စပ်= ၃စပ်။

အမှာ=မုချကိုသာ အစပ်အနေနဲ့ ပြကြသည်။(ဥပစာ ကြောင်း ကျိုးမပြကြ)

သတိ=၁။ သင်္ခါရနှင့် ဝိညာဏ် ၁ စပ်

၂။ ဝေဒနာနှင့် တဏှာ ၁ စပ်

၃။ ကမ္မဘဝနှင့် ဇာတိ ၁ စပ်=၃စပ်(ပို့ရှင်းအောင်ထပ်ပြ)

စတုသင်္ခေပ အလွှာ ၄ ပါး

၁ တိတ်ကြောင်း	၂ ပွန်ကျိုး	၃ ပွန်ကြောင်း	၄ ဂတ်ကျိုး
အဝိ+သင်္ခါ(မုချ) တဏှာ+ဥ+ကံ (သဒ္ဒိသူ)	ဝိ+နာမ်+သ+ ဖ+ဝေ	တဏှာ+ဥ+ကံ (မုချ) အဝိ+သင်္ခါ+ (သဒ္ဒိသူ)	ဝိ+ နာမ်+ သ+ဖ+ဝေ

ဝဋ် ၃ ပါး

၁၁။ အဝိဇ္ဇာ, တဏှာ,ဥပါဒါနာ ၈ ကိလေသဝဋ်၊ကမ္မဘဝသင်္ခါ တော ဘဝေကဒေသော သင်္ခါရာ ၈ ကမ္မဝဋ် ၊ဥပပတ္တိဘဝ သင်္ခါတော ဘဝေကဒေသော အဝသေသာ ၈ ဝိပါကဝဋ္ဋန္တိ တိဝိဓံ ဝဋ္ဋာနိ။

ကိလေသဝဋ်=အဝိဇ္ဇာ+တဏှာ+ဥပါဒါန် (၃ ၁ ဘုံ လည်စေတတ်လို့ (နဲ့) လည်တတ်လို့)

ကမ္မဝဋ်=ကမ္မဘဝ ၁ စိတ် (ပစ္စုပ္ပန် လောကီကုသိုလ်, အကုသိုလ်စေတနာ၊ အနာဂတ်အကျိုးကို ဖြစ်စေလို့)
သင်္ခါရ (အတိတ် လောကီကုသိုလ်, အကုသိုလ်စေတနာ၊ ပစ္စုပ္ပန် အကျိုးဖြစ်စေလို့) ၎င်း၂ မျိုးကို ကမ္မဝဋ်ခေါ် (ကမ္မဘဝချည်း ဖြစ်လို့)

ဝိပါကဝဋ်=ကြွင်းသော ၁။ ဝိညာဏ် ၊၂။ နာမ်ရုပ်၊ ၃။ သဠာယတန၊ ၄။ ဖဿ၊ ၅။ ဝေဒနာ၊ ၆။ ဇာတိ၊ ၇။ (ဇရာ+မရဏ)

သတိ=၁။ ကိလေသဝဋ်=အဝိဇ္ဇာ+တဏှာ+ ဥပါဒါန်=၃

၂။ ကမ္မဝဋ်=ကမ္မဘဝ+သင်္ခါရ= ၂

၃။ ဝိပါကဝဋ်=ဝိညာဏ်+ နာမ်ရုပ်+သဠာယတန+ ဖဿ+ဝေဒနာ

ဇာတိ+ (ဇရာ မရဏ)=၇

ကမ္မဘဝနှင့် ဇာတိခေါ် ဥပပတ္တိဘဝကို ၁ ယူ။

ဇရာနှင့် မရဏကို ၁ ယူ၊ ထို့ကြောင့် အင်္ဂါ ၁၂ပင်ဖြစ်၏။

ဝဋ်မြစ် ၂ ပါး

၁၂။ အဝိဇ္ဇာ, တဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ။

ဒွေ မူလ=၁။ အဝိဇ္ဇာ=ရှေ့အစွန်း၏ မူလ။

၂။ တဏှာ=နောက်အစွန်း၏ မူလ=ပေါင်း ၂ ပါး။

ဝဋ်မြစ်ပြတ်ပုံ

၁၃။ တေသမေဝ စ မူလာနံ နိရောဓေန နိရုဇ္ဈတိ။

နိရုဇ္ဈတိ=မူလ ၂ပါး ချုပ်လျှင် ဝဋ်၃ပါးလည်း ချုပ်ကရော။

အဝိဇ္ဇာ၏ အကြောင်း

ဇရာ,မရဏမုစ္ဆာယ၊ ပီဠိတာနံ,မဘိဏှသော။

အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။ ။

အနက်=ဇရာမရဏမုစ္ဆာယ=ဇရာ,မရဏဟု ဆိုအပ်သော တွေဝေခြင်းသည်။ အဘိဏှသော=မပြတ်၊ပီဠိတာနံ=နှိပ်စက်အပ်ကုန်သော သတ္တဝါ တို့အား၊အာသဝါနံ= အာသဝေါတရားတို့၏၊ သမုပ္ပါဒါ= ဖြစ်ခြင်းကြောင့်၊အဝိဇ္ဇာစ= အဝိဇ္ဇာသည်လည်း၊ ပဝတ္တတိ=ဖြစ်ပြန်၏။

ဇရာမရဏမုစ္ဆာယ=ဇရာ,မရဏသင်္ခါတာယမုစ္ဆာယ (ရှိ) ရင်းအတိုင်း အနက်ပေး လိုက်သည်။

ရှင်း= ဇရာ=ဝိညာဏ်စသော အကျိုး၅ပါးတို့၏ "ဋ္ဌီ"

မရဏ=ဝိညာဏ်စသော အကျိုး၅ပါးတို့၏ "ဘင်"

ဤကဲ့သို့သိလျှင် လောကဒ္ဓ အကျိုး၅ပါးတို့၏ တည့်ပျက်သာရှိ၏ဟု သိမည်။

ဤကဲ့သို့မသိလျှင် လောကဒ္ဓ မည်သူရှိသေး၏၊ မည်သူသေ၏ဟုအထင် ရောက်မည်။

(ဇရာ,မရဏ)ဌီ,ဘင်္ဂ မတွေ့ဝေလျှင်၊ သဘာဝတွေ့သဘော အတိုင်း ဖြစ်သည်ဟု ယူဆကာ စိုးရိမ်ခြင်းစသည် ဖြစ်ဖွယ်မရှိ။

(ဇရာ,မရဏ)ဌီ,ဘင်္ဂ တွေ့ဝေလျှင် သဘာဝဟုမထင်ပုဂ္ဂိုလ် သတ္တဝါ ဟု ထင်မည်။

ဤလို ထင်လျှင် ရှိသူကို အကြောင်း ပြုပြီး ချစ်မှု မုန်းမှု စသည် ဖြစ်မည်။

မရှိသူကို အကြောင်းပြုပြီး စိုးရိမ်မှု ငိုကြွေးမှု စသည် ဖြစ်မည်။

ချစ်,မုန်း, စိုးရိမ် စသည် ဖြစ်သော် ကာမာသဝ စသော တရားများ ကြီးပွားလာ၍ ချစ်တော့ အပြစ်မမြင် ဆိုတာမျိုး ဖြစ်လာနိုင်သည်။ သို့ဖြစ်၍ "အာသဝ" ကြောင့် အဝိဇ္ဇာ" ဖြစ်၏ ဟူလို။

ထို့ကြောင့် ဇရာမရဏမုစ္ဆာယ=ဝိညာဏ်စသော အကျိုး ၅ပါး တို့၏ ဌီ,ဘင်္ဂ တွေ့ဝေခြင်းသည်ဟု အနက်ပေးလျှင် ပိုကောင်း။

ဝဋ္ဋလည်ပုံ, ပဋိစ္စသမုပ္ပါဒ်မည်ပုံ

ဝဋ္ဋမာ, ဗန္ဓမိစ္စေဝံ၊ တေဘူမက, မနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။ ။

အနက်=ဣစ္စေဝံယထာဝုတ္တနယေန=ဖြင့်၊ အာဗန္ဓံ=မပြတ်လည်သော၊ အနာဒိကံ=အစမရှိသော၊ တေဘူမကံ=ဘုံ၃ပါး၌ ဖြစ်သော၊ ဝဋ္ဋံ=ဝဋ္ဋ တရားကို၊ ပဋိစ္စသမုပ္ပါဒေါတိ=၍၊ မဟာမုနိ=မြတ်စွာဘုရား သည်၊ ပဋ္ဌပေသိ=ဟောတော်မူ၏။

ဝဋ္ဋံ= လောကီစိတ် ၈၁ သိတ်+ စေတသိက် ၅၂ ဒွေပညာသ+ ရုပ် အဋ္ဌဝီသ (တေဘူမကံထောက်)

ပဋိစ္စသမုပ္ပါဒေါတိ=ဝဋ္ဋကို ပဋိစ္စသမုပ္ပါဒ် ခေါ်။

သတို= လောကီစိတ် ကေသိတိ။

စေတသိက် ဒွေပညာသ။

ရုပ် အဋ္ဌဝီသ=၎င်းတရား များကိုသာ ဘုံသုံးပါး၌မပြတ်လည်တတ်လို့ ပဋိစ္စသမုပ္ပါဒ် ခေါ်သည်။

ပဋ္ဌာန်းနည်း

၁၄။ ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။ ။

အယမေတ္ထ ပဋ္ဌာန နယော

ဟေတု=ပစ္စယုပ္ပန်တို့၏ တည်ရာ ဟိတ်ဖြပါး။

ပစ္စယော=ပစ္စယုပ္ပန်တို့အား ကျေးဇူးပြုနိုင်သော ပစ္စည်း တရားတို့၏ သတ္တိ။

ဟေတုပစ္စယော=ဟိတ်ဖြပါးတို့၌ ရှိသော ပစ္စယုပ္ပန်တို့၏ တည်ရာသတ္တိ။

အမှ၁=သိလာပုတ္တကာယ သရီရံကဲ့သို့ အဘေဒဘေဒူပစာ။

ဟိတ် ဖြပါးက တခြား၊တည်ရာက တခြားမဟုတ်။

ဟိတ်ဖြပါးသည်ပင် တည်ရာဟူလို။

တူးပုံ=ဟေတု=အရင်းမူလ(ဟိတ်ဖြပါး)

ပစ္စယ=၎င်းဟိတ်ဖြပါး၏ ကျေးဇူးပြုနိုင်သည့် သတ္တိ=ဤသို့ထူး (၄)

အာရမ္မဏ=စိတ်စေတသိက်တို့ ဆွဲကိုင်အပ်သောအာရုံ။

၎င်းအာရုံတို့၏ ဆွဲကိုင်ခံနိုင်သည့် သတ္တိသည် ပစ္စယ။

အဓိပတိ=မိမိနှင့် စပ်သော တရားများတွင် အကြီးအမှူးတရားများ။

၎င်းအဓိပတိတရားတို့၏ အကြီးအကဲလုပ်တဲ့ သတ္တိသည် ပစ္စယ။

အနန္တရ=ကြားမခြားပဲ တဆက် တည်း ဖြစ်ခဲ့ပြီးတဲ့ တရားများ။

(ချုပ်ပြီးသောတရားများလည်းဟူ)

ငင်းချုပ်ပြီးတရားတို့၏ ပစ္စယုပ္ပန်တို့ကို တဆက်တည်းဖြစ်ခွင့်ပေးတဲ့ သတ္တိသည် ပစ္စယ။

သမနန္တရ=ငင်းအတိုင်း(သဒ္ဒါသာ ကွဲ၏)ပုဂ္ဂလဇ္ဈာသယ=ဒေသနာဝိလာသ။

သဟဇာတ=ပစ္စယုပ္ပန်တို့နှင့် ဖြစ်ချိန်တူတဲ့ တရားများ။

ငင်းဖြစ်ချိန်တူ တရားတို့၏ ပစ္စယုပ္ပန်တို့နှင့် အတူ ဖြစ်တဲ့ သတ္တိသည် ပစ္စယ။

အညမည=ပစ္စယုပ္ပန်တို့နှင့် အပြန်အလှန် အကူအညီပေးတဲ့ တရား။

ငင်းအပြန်အလှန် ကူညီဘဲ့တရားတို့၏ ပစ္စယုပ္ပန်တို့အား အပြန်အလှန် ကူညီသည့် သတ္တိသည် ပစ္စယ၊

ငင်း၂ပါးထူး=သဟဇာတ=ပစ္စယုပ္ပန်တို့အားသာ ဖြစ်စေတတ်တဲ့ ပစ္စည်း။

အညမည=တပြန်စီ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်ပြီး ဖြစ်စေတတ်တဲ့ ပစ္စည်း။ (ပစ္စည်းဖြစ်လိုက်၊ ပစ္စယုပ္ပန် ဖြစ်လိုက်)

နိဿယ=ပစ္စယုပ္ပန်တို့၏ မှီရာတရားများ။

ငင်းမှီရာတရားတို့၏ အမှီခံ သတ္တိသည် ပစ္စယ။

ဥပနိဿယ=ပစ္စယုပ္ပန်တို့၏ အားကြီးတဲ့ မှီရာတရားများ။

ငင်းမှီရာတရားတို့၏ အားကြီးတဲ့ အမှီခံ သတ္တိသည် ပစ္စယ။

(ငင်းနိဿယ, ဥပနိဿယ ၂ ပါး အားနည်းအားကြီး ထူး၏)

ပုရေဇာတ=ပစ္စယုပ္ပန် မဖြစ်မီ အရင်ဖြစ်သော တရားများ။

ငင်းအရင်ဖြစ်သော တရားတို့၏ အရင်ဖြစ်ပြီး ပစ္စယုပ္ပန်တို့အား ဖြစ်စေသော သတ္တိသည် ပစ္စယ။

ပစ္ဆာဇာတ=ပစ္စယုပ္ပန်၏ နောက်မှဖြစ်ပြီး ရှေးဦးစွာဖြစ်နှင့်တဲ့ ပစ္စယုပ္ပန်အား တဲ့ တရားများ။

(ဖြစ်ပြီးကိုသာ အကူအညီပေးသည်၊ အသစ်ဖြစ်အောင် လုပ် မပေးနိုင်) (ငှင်းတ ဥပမာ)

ငင်းအကူအညီ ပေးတတ်သော တရားတို့၏ ပစ္စယုပ္ပန် တို့အား နောက်မှဖြစ်ပြီး ကူညီသည့် သတ္တိသည် ပစ္စယ။

အာသေဝန=ထပ်ခါ ထပ်ခါ ဖြစ်တဲ့ စိတ်,စေတသိက်များ။
ငှင်း စိတ်,စေတသိက်တို့၏ ထပ်ခါထပ်ခါဖြစ်သည့် သတ္တိသည် ပစ္စယ။

ကမ္မ=၁။ သဟဇာတကမ္မ=သဟဇာတ် တရားတို့အား အခါန်တူ ဖြစ်လျက် ဖြစ်စေတတ်တဲ့ စေတနာ။
ငှင်းစေတနာတို့၏ သဟဇာတ်တရားတို့အား ဖြစ်စေတဲ့ သတ္တိသည် ပစ္စယ။

၂။ နာနာက္ခဏိကကမ္မ=တခါန်စီဖြစ်သည့် ဝိပါက် ကမ္မဇရုပ်တို့အား ဖြစ်စေတတ်တဲ့ စေတနာ။
ငှင်းစေတနာတို့၏ တခါန်စီဖြစ်လျက် ဖြစ်စေတတ်တဲ့ သတ္တိသည် ပစ္စယ။

ဝိပါက=သဟဇာတ်တရားတို့တွင် ရင့်ကျက်တဲ့ ဝိပါက်စိတ်,စေတသိက်။
ငှင်းဝိပါက်စိတ် စေတသိက်တို့၏ ရင့်ကျက်သည့် သတ္တိသည် ပစ္စယ။

အမှာ= ဥဿာဟမရှိ၊ တည်တည်ငြိမ်ငြိမ် သဟဇာတ် နာမ်ရုပ်တို့အား ကျေးဇူး ပြုတတ်သတဲ့ (ဌိ)
ထို့ကြောင့် ဘဝင်,သမ္ပဋိစ္ဆိုင်း စသည်တို့၏ ဖြစ်ပုံသိနိုင်ခဲ့သတဲ့။

အာဟာရ=ရုပ်နာမ်တို့အား ထောက်ပံ့သော အားဖြင့် ဆောင်တတ်သော တရား။
ငှင်းဆောင်တတ်သော တရားတို့၏ ပစ္စယုပ္ပန်တို့အား ထောက်ပံ့တဲ့ သတ္တိသည် ပစ္စယ။

အမှာ=ဇနကသတ္တိရှိသော်လည်း ဥပထမ္ဘကသတ္တိက ပိုအားရှိလို့ ဥပထမ္ဘက သတ္တိကို ယူကြ၏။

ဣန္ဒြိယ=ပစ္စယုပ္ပန်တို့ကို အစိုးရသော တရားများ။
ငှင်းအစိုးရသော တရားတို့၏ ပစ္စယုပ္ပန်တို့ကို အစိုးရတဲ့ သတ္တိသည် ပစ္စယ။

အမှာ=ပစ္စယုပ္ပန်တို့ကို မိမိသဘောသို့ လိုက်စေမှုကို အစိုးရဟု သုံးလိုက်သည်၊

ဈာန=ပစ္စယုပ္ပန်တို့ကို အာရုံ(သို့)လက္ခဏာသို့ ကပ်၍ ရှုစေတတ်တဲ့ တရားများ။

ၚင်းရှုစေတတ်သောတရားတို့၏ အာရုံ(သို့) လက္ခဏာကို ကပ်၍ ရှုစေတတ်တဲ့သတ္တိသည် ပစ္စယ။

အမှာ=အာရုံကို ကပ်၍ရှုစေတတ်သော တရားများ။

လက္ခဏာကို ကပ်၍ ရှုစေတတ်သော တရားများ။

ၚင်း ၂မျိုးလုံးကို ကောက်နိုင်သည်။

မဂ္ဂ=၁။ သုဂတိဘဝမှၚင်း။

၂။ ဒုဂ္ဂတိဘဝမှၚင်း=ၚင်းဘဝ ၂မျိုးမှ ပစ္စယုပ္ပန်တို့ကို ထွက်မြောက်စေတတ်တဲ့ တရားများ။

ၚင်းထွက်မြောက် စေတတ်သော တရားတို့၏ သုဂတိ ဒုဂ္ဂတိဘဝတို့မှ ထွက်မြောက်စေတတ်တဲ့ သတ္တိသည် ပစ္စယ။

သမ္ပယုတ္တ=စေတနာ စသော သမ္ပယောဂ လက္ခဏာနှင့် အညီ ပစ္စယုပ္ပန်တို့နှင့် ယှဉ်ဖြစ်တတ်တဲ့ တရားများ။

ၚင်းယှဉ်တတ်သော တရားတို့၏ ပစ္စယုပ္ပန်တို့နှင့် ယှဉ်ဖြစ်တတ်တဲ့ သတ္တိသည် ပစ္စယ။

ဝိပ္ပယုတ္တ=မယှဉ်ပဲ ပစ္စယုပ္ပန်တို့အား ကျေးဇူးပြုတတ်တဲ့ တရားများ။

ၚင်းတရားတို့၏ ပစ္စယုပ္ပန်တို့အား မယှဉ်ပဲ ကျေးဇူးပြုနိုင်တဲ့ သတ္တိသည် ပစ္စယ။

အတ္ထိ=ထင်ထင်ရှားရှား ရှိချိန်မှာ ကျေးဇူးပြုတတ်တဲ့ တရားများ။

ပစ္စယုပ္ပန်တို့ကို ကျေးဇူးပြုချိန်မှာ ၚင်းတရားတို့ ရှိနေတဲ့ သတ္တိသည် ပစ္စယ။

နတ္ထိ= ပစ္စည်းမရှိမှဖြစ်မည့် ပစ္စယုပ္ပန်တို့ကို ဖြစ်စေရန် ချုပ် ပျောက် ပေးတဲ့ တရားများ။

ၚင်းချုပ်ပျောက်သော တရားတို့၏ ပစ္စယုပ္ပန် ဖြစ်ခွင့် ရအောင် ချုပ်ပျောက်ပေးသည့် သတ္တိသည် ပစ္စယ။

ဝိဂတ=ပစ္စည်းကင်းကွာမှ ဖြစ်မည့် ပစ္စယုပ္ပန်တို့ကို ဖြစ် ပေါ် လာအောင် ကင်းကွာပေးတဲ့ (ဝါ) ချုပ်ပျောက်ပေးတဲ့ တရားများ (ဖယ်ရှားပေးသည့် တရား)

ၐင်းကင်းကွာသော တရားတို့၏ ပစ္စယုပ္ပန်တို့အား ဖြစ်ခွင့်ပေးသည့် အနေဖြင့် ကင်းကွာပေးသည့် သတ္တိသည် ပစ္စယ (ဖယ်ရှားပေးသည့် သတ္တိ)

အဝိဂတ=ပစ္စယုပ္ပန်တို့နှင့် မကင်းကွာပဲ ကျေးဇူးပြုတတ်တဲ့ တရားများ။

ၐင်းတရားတို့၏ ပစ္စယုပ္ပန်တို့နှင့် မကင်းကွာပဲ ကျေးဇူးပြုတတ်တဲ့ သတ္တိသည် ပစ္စယ။

ၐင်း ၂ပစ္စည်းထူးပုံ=အတ္ထိ=ထင်ထင်ရှားရှား ရှိပြီး ကျေးဇူးပြု။

အဝိဂတ= မချုပ်မပျောက်ပဲ ကျေးဇူးပြု။ (မကင်းကွာပဲလည်းဟူ)

အမှာ=အတ္ထိ=ရှိ။

နတ္ထိ=မရှိ=ၐင်း ၂ မျိုးသည် ကာလနှင့် ယှဉ်စပ်၍ ပညတ်သုံး သုံးခြင်းသာ။

ၐင်း=ရှိ,မရှိ= ၂မျိုးရှိမှ ရှိ,မရှိသုံးသည်။

ရှိ ၁ မျိုးတည်းဖြစ်သော်၊ ရှိ,မရှိ မသုံးတော့ပေ။

ပစ္စုပ္ပန်အခါနှ၌ ရှိ၊ အတိတ်,အနာဂတ်၌ မရှိလျှင် ရှိမရှိသုံးသည်။

နိဗ္ဗာန်ကား ရှိ ၁ မျိုးတည်းဖြစ်၍ ရှိ,မရှိ မသုံးရပါ။

အမြဲရှိ အမြဲဖြစ်ဟူလို (ထို့ကြောင့် အဋ္ဌကိ၌ နိဗ္ဗာန်ကို မယူရ)။

ပစ္စည်း ၆ ပါး သင်္ဂဟ ဂါထာများ

၁၅။ ဆဓာ နာမန္တု နာမဿ၊ ပဉ္စဓာ နာမရူပိနံ။
ဧကဓာ ပုန ရူပဿ၊ ရူပံ နာမဿ စေကဓာ။
ပညတ္တိ, နာမ, ရူပါနိ၊ နာမဿ ဒုဝိဓာ ဒွယံ။
ဒွယဿ နဝဓာ စေတိ၊ ဆဗ္ဗိဓာ ပစ္စယာ ကထံ။ ။

၁။ နာမံနာမဿဆဓာ= နာမ်သည် နာမ်အား ၆ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

၂။နာမံနာမရူပိနံ ပဉ္စဓာ= နာမ်သည် နာမ်ရုပ်အား ၅ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

၃။ နာမံရူပဿ ဧကဓာ=နာမ်သည် ရုပ်အား ၁ပစ္စယသတ္တိဖြင့်ကျေးဇူးပြု။

၄။ ရူပံနာမဿ ဧကဓာ= ရုပ်သည် နာမ်အား ၁ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

၅။ ပညတ္တိနာမရူပါနိနာမဿ ဒွိဓာ= ပညတ်နာမ်ရုပ်သည် နာမ်အား ၂ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

၆။ ဒွယံဒွယဿနဝဓာ= နာမ်,ရုပ် ၂ ခုသည် နာမ်ရုပ် ၂ ခုအား ၉ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု။

အမှာ= ၎င်း ၆ မျိုးအကျယ်ဆရာ ကိုယ်တိုင်ဆိုလတ္တံ့။

နာမ်သည် နာမ်အား ၆ ပစ္စည်း

၁၆။ အနန္တရနိရုဒ္ဓါ စိတ္တ, စေတသိကာ ဓမ္မာ၊
ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ အနန္တရ, သမနန္တရ,
နတ္ထိ, ဝိဂတဝသေန၊
ပုရိမာနိ ဇဝနာနိ၊
ပစ္ဆိမာနံ ဇဝနာနံ အာသေဝနဝသေန၊
သဟဇာတာ စိတ္တ, စေတသိကာ ဓမ္မာ၊
အညမည သမ္ပယုတ္တဝသေနေတိ စ၊
ဆဓာ နာမံ နာမဿ ပစ္စယော ဟောတိ။ ။

အနန္တရနိရုဒ္ဓါစိတ္တစေတသိကာဓမ္မာ= (ရှေးဆိုရိုး) အနန္တရပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည် ပစ္စည်း,ပစ္စယုပ္ပန်အားဖြင့် ၂ ပါးအပြားရှိကုန်၏၊ ထိုတွင် ရဟန္တာတို့စုတိ ကြဉ်သော ရှေးရှေးသော စိတ် ၁ ခု ယုတ် ၉ဝ, စေတသိက် ၃ ပညာသ ၅၂တရားတို့သည်အနန္တရ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

ပဋုပ္ပန္နာနံစိတ္တစေတသိကာနံ ဓမ္မာနံ= ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော စိတ် ၁ ခု ယုတ် ၉ဝ, စေတသိက် ၃ ပညာသတို့သည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။ (သမနန္တရ+ နတ္ထိ ၊ ဝိဂတ ၎င်းအတိုင်းပင်) (ပုဂ္ဂလဇ္ဈာသယ=ဒေသနာဝိလာသ)။

အမှာ=ရှေးဆရာကြီးများသည် ၅၂သင်္ဂြိုဟ်ကျမ်း ပဋ္ဌာန်းနည်းအခန်းအတိုင်း ၂ ချက်စုကို ရေးသားကြသဖြင့် ရှေးဆိုရိုးအတိုင်း ရေးသားပါသည်။

ရဟန္တာစုတိကြဉ်= ဝဋ်မြစ်ပြတ်ပြီး၍ ရဟန္တာစုတိနောက် မည်သည့် စိတ်, စေတသိက်မျှမဖြစ်၊ စုတိက ကျေးဇူးပြုပေးစရာ ပစ္စယုပ္ပန်မရှိတော့လို့ ပစ္စည်းတရား၌ ရဟန္တာတို့ စုတ်ကို ကြဉ်သည်။

အမှာ= ပဋ္ဌာန်းပါဠိတော်ကိုကြည့်ပြီး ဤသင်္ဂြိုဟ်ကျမ်း၌ ပဋ္ဌာန်းနည်းမှတ်စုကို ရေးခဲ့သည်။ ၎င်းပဋ္ဌာန်းနည်း မှတ်စုဖြင့် ပဋ္ဌာန်းပါဠိတော်ကို ပြန်ပြသည့်အနေဖြင့် ပဋ္ဌာန်းပဉ္စာဝရ၌ ဝိဓိပါဠိတော်၏ အကောက်များကို ဖော်ပြပါမည်။

သတိ= ကုသလတိက် ပဉ္စာဝါရ၌ ဇာတ်ကိုအဓိကထား၍ ပစ္စည်းပစ္စယုပ္ပန်ကို ဟောတော်မူသည်ကို သတိပြုထားပါ။

အမှာ=ပဋ္ဌာန်းပစ္စယ နိဒ္ဒေသသည် ပဉ္စာဝါရလောက် မခက်သဖြင့် ပဋ္ဌာန်းညဝါ၌ အထောက်အပံ့ဖြစ်စေရန် ပဉ္စာဝါရပါဠိတော်များကိုသာ စပ်ပြပါမည်၊

ပဋ္ဌာန်း = ၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ (အနန္တရ)

၂။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ

၃။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ

၄။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ

၅။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ

၆။ အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ

၇။ အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ (အနန္တရ)

၁။ **ကုသလော ဓမ္မော**= အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီကုသိုလ် သတ္တရသ (အနန္တရ ပစ္စည်းတရား)

ကုသလဿ ဓမ္မဿ= ပဌမဇောကြဉ်သော နောက်နောက်သော ကုသိုလ် ဧကဝီသ (ပစ္စယုပ္ပန်)

၂။ **ကုသလော**= လောကီကုသိုလ် သတ္တရသ အဆုံးဇော+ မဂ် ၄ ခု (အနန္တရပစ္စည်း)

အဗျာကတဿ=တဒါရုံ ၁၁+ မဟဂ္ဂုတ်ဝိပါက် ၉ + ဖိုလ် ၄ ခု(ပစ္စယုပ္ပန်)

၃။ **အကုသလော**= အဆုံးဇောကြဉ်သော ရှေးရှေးသော အကုသိုလ်ဒွါဒသ (အနန္တရပစ္စည်း)။

အကုသလဿ= ပထမဇော ကြဉ်သော နောက် နောက်သော အကုသိုလ်ဒွါဒသ(ပစ္စယုပ္ပန်)။

၄။ **အကုသလော**= အကုသိုလ်ဒွါဒသ အဆုံးဇော (အနန္တရပစ္စည်း)။

အဗျာကတဿ= တဒါရုံ ၁၁+ မဟာဂ္ဂုတ် ဝိပါက် ၉။ (ပစ္စယုပ္ပန်)

၅။ **အဗျာကတော**= ရဟန္တာတို့ စုတိ ကြဉ်သော ရှေးရှေးသောဝိပါက် ဆတ္တိံသ+ ကြိယာဝီသ (အနန္တရပစ္စည်း)။

အဗျာကတဿ= ရဟန္တာတို့ စုတိနှင့်တကွနောက်နောက်သောဝိပါက် ဆတ္တိံသ+ ကြိယာဝီသ (ပစ္စယုပ္ပန်)။

၆။ **အဗျာကတော**= ဝုဋ္ဌော= မနောဒွါရာဝဇ္ဇန်း (အနန္တရပစ္စည်း)။

ကုသလဿ= မဟာကုသိုလ် ပထမဇော (ပစ္စယုပ္ပန်)။

၇။ **အဗျာကတော**= ဝုဋ္ဌော= မနောဒွါရာဝဇ္ဇန်း (အနန္တရပစ္စည်း)။

အကုသလဿ= အကုသိုလ်ဒွါဒသ ပထမဇော (ပစ္စယုပ္ပန်)။

အမှာ= ၎င်းဝိဓိပါဠိတော် ၇ ပုဒ်အရ ပစ္စည်းတရားအားလုံးကိုပေါင်းသော် စာကိုယ်၌ အနန္တရနိဒ္ဒေါ စိတ္တ စေတသိကာ ဓမ္မာအရ အနန္တရပစ္စည်းတရား ဖြစ်လာကြသည်။ ။ပစ္စယုပ္ပန်အားလုံး ပေါင်းလျှင်လည်း ပဋ္ဌုပ္ပန္နာနံ စိတ္တ စေတသိကာနံ ဓမ္မာနံအရ အနန္တရပစ္စယုပ္ပန်တရားများ ဖြစ်လာကြသည်။ ။၎င်းပစ္စည်း ပစ္စယုပ္ပန်တို့ကို အသေးစိတ် ထပ်စိတ်လိုက်လျှင် အနုဝါဒ ပါဠိတော်အတိုင်း ဖြစ်လာပါသည်။ ။ကျမ်းလေးအုံစိုး၍ အနုဝါဒ ပါဠိတော်ကို စပ်ဟပ်၍မပြတော့ပြီ၊ ဤညွန်ကြားနည်း အမြွက်မျှဖြင့် ပဋ္ဌာန်းပါဠိတော်နှင့် စပ်၍ ကြည့်ရှုလေ့လာကြပါကုန် (ပစ္စည်းအားလုံး ၎င်းနည်းအတိုင်း ချည်းပင်)။

စာကိုယ်= ပုရိမာနိဇဝနာနိ= အာသေဝန ပစ္စယောဟူသော ပစ္စယုဒ္ဒေသ၌ သရုပ်တို့သည်။ ပစ္စည်း ပစ္စယုပ္ပန်အားဖြင့် ၂ ပါးရှိကုန်၏။ ထိုတွင်-

အမှာ= ရှေးဆရာကြီး များသည် အာသေဝနပစ္စယော ဟူသောမှ..., ထိုတွင်-

အထိ အနန္တရဒွေ စကားများကို ပစ္စည်းတိုင်းတွင် သုံးတော်မူကြသည်။ ဤနည်းကို မှီး၍ သိလောက်ပြီဟု ယူဆသည်ကတကြောင်း၊ လွယ်ကူသော စကားများဖြင့် ကျမ်းမလေးစေလိုသည်က တကြောင်းကြောင့် နောက်နောက် ပစ္စည်းတို့၌ ထည့်သွင်းမရေးတော့ပါ။ ယခုရေးပြီးကို ပိုင်နိုင်စွာ နည်းယူကြပါကုန်။

ဇာတ်တူ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တ စတ္တာလီသ+ စေတသိက် ဒွေပညာသ= ဤတရားတို့သည် အာသေဝနပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။

ပစ္ဆိမာနံဇဝနာနံ= ပထမဇော, ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောကေပညာသ+ စေတသိက် ဒွေပညာသတို့သည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့မည်ကုန်၏။

ရှင်း= ရှေ့ဇောသည်ပင် နောက်ထပ်၍ထပ်၍ဖြစ်၏။
ဤသို့ ရှေ့ဇော၏နောက် ထပ်ထပ်ဖြစ်သည့် သတ္တိကို အာသေဝန ခေါ်သည်။

ဝိပါကမပါ= ဝိပါက်သည် ကံလုပ်ပေးလို့သာဖြစ်သည်။
သို့ဖြစ်၍ မိမိသဘောကိုသာ မိမိယူနိုင်၏။
အရှိန်အဟုန် ပြင်းထန်စွာ ဖြစ်ခြင်းဟူသော အခြားသဘောကို မယူနိုင်လို့ ဝိပါက်ကိုကြဉ်ရသည် (ဖိုလ်ရှင်းနည်း) (အရှိန်ပြင်းစွာမဖြစ်နိုင်ဟူလို)။

အာသဝဇ္ဇန်းဒွေ ၁။ အာရုံကို ရှေ့ဦးစွာ ယူရခြင်းကြောင့် လည်းကောင်း၊ တကြိမ်သာ ဖြစ်ရခြင်းကြောင့် လည်းကောင်း ဤအကြောင်း ၂ ပါးကြောင့် ပဉ္စဒွါရာဝဇ္ဇန်းကို ကြဉ် (အကြိမ်ကြိမ် ထပ်မဖြစ်လို့ ဟူလို)။

၂။ ဇာတ် မတူသောစိတ်မှ အနန္တရပစ္စည်းကိုရသောကြောင့် လည်းကောင်း၊

ဇာတ်မတူသော စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေးရသောကြောင့် လည်းကောင်း = ဤအအကြောင်း ၂ ပါးကြောင့် မနောဒွါရာဝဇ္ဇန်းကိုကြဉ်။

မဂ်မပါ= ဇာတ်မတူသော ဖိုလ်၏ရှေ့မှာ ဖြစ်ရလို့ (ကြည့်)။

ရှင်း= ထပ်ထပ်ဖြစ်ခြင်းကို "အာသေဝန"ခေါ်သည်။
မဂ်သည် ထပ်ထပ်မဖြစ်၍ "အာသေဝန"မမည်ဟူလို။

ဇာတ်တူပဓာန= မဂ်သည် ဖိုလ်အား ဇာတ်မတူလို့ အာသေဝနဖြင့် ကျေးဇူး မပြု။

ဘုံမတူပြု= ဂေါတြဘူ, ဝေါဒါန်တို့သည် ဘုံမတူသော်လည်း မဂ်အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။

ပဋ္ဌာန်း ၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ(အာသေဝန)
၂။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ။
၃။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ။

၁။ ကုသလော ကုသလဿ၊
၂။ အကုသလော အကုသလဿ (ဂုင်း ၂မျိုး အနန္တရ အတိုင်းပင်)
၃။ အဗျာကတော=အဆုံးဇောကြည့် ရှေးရှေးသော ကြိယာဇော အဗ္ဗာရသ (အာသေဝနပစ္စည်း)

အဗျာကတဿ = ပဌမဇောကြည့် နောက်နောက်သော ကြိယာဇော အဗ္ဗာရသ(ပစ္စယုပ္ပန်)

ဝကိုယ်=သဟဇာတာ စိတ္တစေတသိကာ ဓမ္မာ အညမညံ=အချင်းချင်းအား တပ်သော အလုံးစုံသော စိတ် ၁ခုယုတ် ၉၀+ စေတသိက် ဒွေ ပညာသ ဟူသော ပဝတ္တိ, ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊ ဤတရား တို့သည် သမ္ပယုတ္တပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

သဟဇာတာ စိတ္တစေတသိကာ ဓမ္မာ အညမညံ=အချင်းချင်းမှ ထောက်အပ် သော အလုံးစုံသော စိတ် ၁ခုယုတ် ၉၀+ စေတသိက် ဒွေပညာသ ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး၊ ဤတရားတို့သည် သမ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

ပဋ္ဌာန်း ၁။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ၊
၂။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ။
၃။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ(သမ္ပယုတ္တ)

၁။ **ကုသလော**= အချင်းချင်းအား တပ်သော ကုသိုလ်စိတ် ဧကဝီသ+ စေတသိက်အဋ္ဌတိံသ အစိတ်အစိတ်နာမက္ခန္ဓာ ပစ္စည်း တရားရ၏။ (သမ္ပယုတ္တပစ္စည်း)

ကုသလဿ=ကုသိုလ် ဧကဝီသ+စေတသိက် အဋ္ဌတိံသ အစိတ် အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

၂။ **အကုသလော**=အချင်းချင်းအားတပ်သော အကုသိုလ်ဒွါသ+စေတသိက် သတ္တဝီသ အစိတ် အစိတ် နာမက္ခန္ဓာပစ္စည်း တရားရ၏။ (သမ္ပယုတ္တ ပစ္စည်း)

အကုသလဿ=အကုသိုလ်စိတ်ဒွါဒသ+ စေတသိက် သတ္တဝီသ အစိတ် အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန် တရား ရ၏။

၃။ **အဗျာကတော**=ပဝတ္တိအခါ အချင်းချင်းအား တပ်သော ဝိပါက်စိတ် ဆတ္တိံသ+ကြိယာဝီသ+စေ အဋ္ဌတိံသ+ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား ရ၏။ (သမ္ပယုတ္တ ပစ္စည်း)

အဗျာကတဿ=ဝိပါက်ဆတ္တိံသ+ ကြိယာဝီသ+ စေ....အဋ္ဌတိံသ+= အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

အဗျာကတော=ပဋိသန္ဓေအခါ အချင်းချင်းအားတပ်သောပဋိသန္ဓေစိတ် ဧကူနဝီသ+စေတသိက်ပဉ္စတိံသ အစိတ်အစိတ် နာမက္ခန္ဓာ(သမ္ပယုတ္တ ပစ္စည်း)

အဗျာကတဿ=ပဋိသန္ဓေစိတ် ဧကူနဝီသ+စေတသိက်ပဉ္စတိံသ အစိတ် အစိတ် နာမက္ခန္ဓာ (ပစ္စယုပ္ပန်)

နာမ်သည် နာမ်အား ၅ ပစ္စည်း

၁၇။ ဟေတု,ဈာနင်္ဂ,မဂ္ဂင်္ဂါနိ သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန၊ သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ, နာနာက္ခဏိကာ စေတနာ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ ကမ္မဝသေန၊ ဝိပါကက္ခန္ဓာ အညမညံ သဟဇာတာနံ ရူပါနံ ဝိပါကဝသေနေတိ စ ပဉ္စဓာ နာမံ, နာမရူပါနံ ပစ္စယော ဟောတိ။

စာကိုယ်-ဟေတု=လောဘ+ ဒေါသ+ မောဟ+ အလောဘ+ အဒေါသ+ အမောဟ=ဤဟိတ် ၆ ပါး ပစ္စည်းတရားတို့သည် ဟေတု ပစ္စည်း တပ်သော တရားတို့ မည်ကုန်၏၊

ပုရေဇာတိန္ဒြိယ=အဇ္ဈတ္တိကာနံ စက္ခွာဒီနံ အဇ္ဈတ္တိကာနံ စက္ခွာဒီနံ ပုရေဇာတိန္ဒြိယ။

အဇ္ဈတ္တိကာနံ= စက္ခုဝိညာဏ်ဒွေးအား တပ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုန္ဒြေ(ပ)ကာယိန္ဒြေ (ပုရေဇာ တိန္ဒြိယပစ္စည်း)

အဇ္ဈတ္တိကာနံ=ဒွေးပဉ္စဝိညာဏ် ၁၀+သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ခု (ပစ္စယုပ္ပန်)

၃၃။ ဩက္ကန္တိက္ခဏေ ဝတ္ထုဝိပါကာနံ
စိတ္တစေတသိကာဝမ္မာ သဟဇာတရူပါနံ သဟဇာတဝသေန, ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတဝသေန, ဆဝတ္ထူနိ ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ ပုရေဇာတဝသေနေတိ စ တိဝိဓော ဟောတိ ဝိပ္ပယုတ္တပစ္စယော။ ။

ဩက္ကန္တိက္ခဏေဝတ္ထုဝိပါကာ=အချင်းချင်း အား တပ်သော ပဋိသန္ဓေ နာမက္ခန္ဓာ+ဟဒယ ဝတ္ထု=ဤတရား တို့သည် သဟဇာတ ဝိပ္ပယုတ္တပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။

ဝတ္ထုဝိပါကာနံ=ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှ ယှဉ်ဘက် အပ်သော ဟဒယဝတ္ထု၊ဟဒယဝတ္ထုမှ ယှဉ်ဘက်အပ်သော ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ=ဤတရား တို့သည် သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်သော တရားတို့ မည်ကုန်၏။

စိတ္တစေတသိကာဝမ္မာ=ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက် ၄ ခု+ ဒွေးပဉ္စဝိညာဏ် ၁၀+ရဟန္တာတို့စုတိကြည်သောစိတ်ပဉ္စသတ္တတိ+စေ- ဒွေပညာသဟုသော ပဝတ္တိ,ပဋိသန္ဓေ နာမက္ခန္ဓာ ၄ ပါး=ဤတရား တို့သည် သဟဇာတ ဝိပ္ပယုတ္တပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။

သဟဇာတရူပါနံ=စိတ္တဇရုပ် + ပဋိသန္ဓေ ကမ္မဇ ရုပ်=ဤတရား တို့သည်

သဟာဇာတ ဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်သော တရားတို့ မည်ကုန်၏။

ပဥှာန်း=၁။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ၊ (ဝိပ္ပယုတ္တ)

၂။ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ၊

၃။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ၊

၁။ ကုသလော=စိတ္တဇရုပ်အား တပ်သော ပဋိသန္ဓေ ဝေါကာရဘုံ၌ ဖြစ်သော အခါ ကုသိုလ် ကာမဝီသ+ စေ....အဋ္ဌတိံသ=အ စိတ် အ ပေါင်း နာမက္ခန္ဓာ(သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း)

အဗျာကတဿ=စိတ္တဇရုပ် (ပစ္စယုပ္ပန်)

၂။ အကုသလော=စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ် ဒွါဒသ + စေ-သတ္တ ဝီသ=အ စိတ် အ ပေါင်း

နာမက္ခန္ဓာ (သဟဇာတဝိပ္ပယုတ္တ ပစ္စည်း)

အဗျာကတဿ=စိတ္တဇရုပ် (ပစ္စယုပ္ပန်)

၃။ အဗျာကတော=ပဝတ္တိအခါ စိတ္တဇရုပ်အား တပ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် ၄ ခု+ဒွေးပဥ္စဝိညာဏ် ၁၀ + ရဟန္တာတို့ စုတိကြည့်သော ဝိပါက် ဗာဝီသ+ ကြိယာ ဝီသ+ စေ.... အဋ္ဌတိံသ= အ စိတ် အ စိတ် နာမက္ခန္ဓာ (သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း)

အဗျာကတဿ=ဝိပါက်,ကြိယာ ပြုအပ်သော စိတ္တဇရုပ် (ပစ္စယုပ္ပန်)

၃။ အဗျာကတော=ပဋိသန္ဓေ အခါ ကဋတ္တာ ရုပ်အား တပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ+ စေ....ပဥ္စတိံသ=အစိတ် အပေါင်း နာမက္ခန္ဓာ, အချင်းချင်းအား တပ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ+ စေ—ပဥ္စတိံသ=အစိတ် အပေါင်း နာမက္ခန္ဓာ + ဟဒယဝတ္ထု (သဟဇာတ ဝိပ္ပယုတ္တပစ္စည်း)

အဗျာကတဿ=ပဥ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ+ စေ-ပဥ္စတိံသ= အစိတ်အပေါင်း နာမက္ခန္ဓာ+ ကဋတ္တာရုပ် (ပစ္စယုပ္ပန်)

F. 54

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ=ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စည်း။

ပုရေဇာတဿ ဣမဿ ကာယဿ=ပစ္ဆာဇာတ ဝိပ္ပယုတ္တ ပစ္စယုပ္ပန်=ပစ္ဆာဇာတနှင့်တူ။

ဆဝတ္ထူနိ=ပုရေဇာတဝိပ္ပယုတ္တပစ္စည်း။

သတ္တန္နံ ဝိညာဏဓာတူနံ=ပုရေဇာတ ဝိပ္ပယုတ္တပစ္စယုပ္ပန်=ပုရေဇာတနှင့်တူ။

သင်္ဂဟဂါထာ

၃၄။ သဟဇာတံ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ။
ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတ,မိစ္စယန္တိ။
ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော စ။ ။

ပဉ္စဝိဓော=၁။ သဟဇာတတ္ထိ + သဟဇာတ အဝိဂတ (သဟဇာတနှင့်တူ)

၂။ ပုရေဇာတတ္ထိ+ပုရေဇာတ အဝိဂတ(ပုရေဇာတနှင့်တူ)

၃။ ပစ္ဆာဇာတတ္ထိ+ပစ္ဆာဇာတ အဝိဂတ (ပစ္ဆာဇာတနှင့်တူ)

၄။ ကဗဠီကာရာဟာရတ္ထိ+ ကဗဠီကာရာဟာရ အဝိဂတ (ရုပ်အာဟာရနှင့်တူ)

၅။ ရူပဇီဝိတိန္ဒြိယတ္ထိ+ ရူပဇီဝိတိန္ဒြိယ အဝိဂတ (ရူပဇီဝိတိန္ဒြိယနှင့်တူ)

သတိ= ပစ္စည်းရှိစဉ် ကျေးဇူးပြုလို့ ရင်၅မျိုးကို အတ္ထိခေါ်။
ပစ္စည်းမကင်းကွာခင် ကျေးဇူးပြုလို့ အဝိဂတခေါ်။

ပစ္စည်းအကျဉ်းချုပ်

၃၅။ **အာရမ္မဏူပနိဿယ,ကမ္မ,တ္ထိ ပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ ။**

နိ= ၂၄ပစ္စည်းလုံး ဓေတသိက်တို့၏အာရုံ ဖြစ်ကြလို့ အာရမ္မဏပစ္စည်းထဲ ဝင်ကြ၏တဲ့။

၂၄ပစ္စည်းလုံး ပစ္စယုပ္ပန်တို့၏ အားကြီးသော မှီရာသဘော ရှိကြလို့ ဥပနိဿယထဲ ဝင်ကြ၏တဲ့။

၂၄ပစ္စည်းလုံး ကံအကြောင်းခံကြောင့်ချည်းဖြစ်ကြလို့ ကာရဏူပစာအားဖြင့် ကမ္မထဲ ဝင်ကြ၏တဲ့။

၂၄ ပစ္စည်းလုံး ပရမတ္ထ အားဖြင့် လည်းကောင်း, လောကသမုတိ အားဖြင့် လည်းကောင်း အထင်အရှား ရှိကြလို့ အတ္ထိ ပစ္စည်းထဲ ဝင်ကြ၏တဲ့။

ဆရာများ=အာရမ္မဏပစ္စည်း၌ အာရမ္မဏမျိုး ၈ပစ္စည်း ပါဝင်၏။
အနန္တရူပ နိဿယ၌ အနန္တ ရမျိုး ၇ပစ္စည်း ပါဝင်၏။
ပကတူပနိဿယ၌ ပကတူပမျိုး ၂ပစ္စည်းပါဝင်၏။
ကမ္မပစ္စည်း၌ နာနာက္ခဏိကမျိုး ၁ပစ္စည်း ပါဝင်၏။
သဟဇာတတ္ထိ၌ သဟဇာတမျိုး ၁၅ပစ္စည်း ပါဝင်၏။
ဝတ္ထုပုရေဇာတတ္ထိ၌ ပုရေဇာတမျိုး ၆ပစ္စည်း ပါဝင်၏။
ပစ္ဆာဇာတတ္ထိ၌ ပစ္ဆာဇာတမျိုး ၄ပစ္စည်း ပါဝင်၏။
အာဟာရတ္ထိ၌ အာဟာရမျိုး ၃ပစ္စည်း ပါဝင်၏။
ရူပဇီဝိတိန္ဒြိယတ္ထိ၌ ရူပဇီဝိတိန္ဒြိယမျိုး ၃ ပစ္စည်းပါဝင်၏။
အားလုံး ချုပ်လိုက်လျှင် အာရမ္မဏ+ ဥပနိဿယ+ကမ္မ+ အတ္ထိသာ ဖြစ်၍=၎င်း၄မျိုး၌ဝင်ကြ၏ဟု ယူကြ၏။

အထူးမှတ်ရန် (တရားကိုယ် ညွှန်ပြခြင်း)

၃၆။ သဟဇာတရူပန္တိ ပနေတ္ထ သဗ္ဗထာပိ ပဝတ္တေ စိတ္တသမုဋ္ဌာနာနံ ပဋိသန္ဓိယံ ကဋတ္တာရူပါနဉ္စ ဝသေန ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံ။ ။

သဟဇာတရူပံတွေ့တိုင်း=၁။ ပဝတ္တိအခါ ဖြစ်အံ့ စိတ္တဇရုပ်ကို ယူ။
၂။ ပဋိသန္ဓေအခါဖြစ်အံ့ ကမ္မဇရုပ်ကို ယူ။
(ကဋတ္တာရုပ်လည်းဟူ)

ရှင်း= ပဝတ္တိအခါ စိတ်နှင့်အတူဖြစ်၏ဟု သတ်မှတ်ချက်မရှိလို့ ပဝတ္တိအခါ၌ ကမ္မဇရုပ်ကို မယူရ(ပဝတ္တိအခါ ကမ္မဇရုပ် မဖြင်လို့ မဟုတ်ဟူလို) ပဋိသန္ဓေ အခါမှာ မဖြစ်သေး၍ ပဋိသန္ဓေ အခါ၌ စိတ္တဇရုပ်ကို မယူရ။

သင်္ဂဟဂါထာများ

၃၇။ ဣတိ တေကာလိကာ ဓမ္မာ၊ ကာလမုတ္တာ စ သမ္ဘဝါ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ သင်္ခတာ သင်္ခတာ တထာ။
ပညတ္တိ နာမ ရူပါနံ၊ ဝသေန တိဝိဓာ ဌိတာ။
ပစ္စယာ နာမ ပဋ္ဌာနေ၊ စတုဝီသတိ သဗ္ဗထာ။

အတိတ်ပစ္စည်းများ=အနန္တရ+ သမနန္တရ+ အာသေဝန+ နတ္ထိ+ဝိဂတ=၅။

ပစ္စုပ္ပန်အတိတ် ၂ကာလပစ္စည်း=ကမ္မ=၁။ သဟဇာတကမ္မ ပစ္စုပ္ပန်။
၂။ နာနာက္ခဏိက ကမ္မအတိတ်။

ကာလ၃နှင့်ကာလဝိမုတ်ပစ္စည်းများ=အာရမ္မဏ+ အဓိပတိ+ဥပနိဿယ=၃။

ပစ္စုပ္ပန်ပစ္စည်းများ=ကြွင်း ၁၅=(ဟေတု+ သဟဇာတ+ အညမည+ နိဿယ
ပုရေဇာတ+ပစ္ဆာဇာတ+ဝိပါက+အာဟာရ+ဣန္ဒြိယ+ဈာန+ မဂ္ဂ+
သမ္ပယုတ္တ+ဝိပ္ပယုတ္တ+အတ္ထိ+အဝိဂတ=၁၅)

အဇ္ဈတ္တိကပစ္စည်းတရားများ=စက္ခာဒိ+ ရူပါဒိ+ သဒ္ဒါဒိတို့တည်း ။

ဗဟိဒ္ဓပစ္စည်း တရားများ=ပုဂ္ဂိုလ်+ ဥတု+ ဘောဇဉ် စသည်။

သင်္ခတ တရားများ=ပစ္စယုပ္ပန် ဖြစ်သော တရားများ။

အသင်္ခတ တရားများ=ပစ္စယုပ္ပန် မဟုတ်သော တရား (နိဗ္ဗာန်)

အမှ=ဤအဓိပ္ပာယ်များကို သမ္ဘဝါက ပြ၏။

ပညတ္တိ, နာမ, ရူပါနံ=၂၄ ပစ္စည်းတို့၏ တရားကိုယ်အားလုံး ပညတ်, နာမ်,
ရုပ်= ၃မျိုးသာ။

ရုပ် နာမ် ခွဲပုံ

၃၈။ တတ္ထ ရူပဓမ္မာ ရူပက္ခန္ဓောဝ၊
စိတ္တ စေတသိကသင်္ခါတာ စတ္တာရော အရူပိနော ခန္ဓာ
နိဗ္ဗာနဉ္စေတိ ပဉ္စဝိဓမ္ပိ အရူပန္တိ စ နာမန္တိ စ ပဝုစ္စတိ။

ရူပဓမ္မာ=ရူပက္ခန္ဓာ ယူ (ရုပ် ၂၈ ဟူ၏)

အရူပံ=နာမံ=နာမ်ခန္ဓာ ၄ ပါး။

နိဗ္ဗာန် ၁ ပါး=ပေါင်း ၅ ပါး (စိတ်, စေတသိက်,နိဗ္ဗာန်ဟူ၏)

ပညတ် အပြား

၃၉။ တတော အဝသေသာ ပညတ္တိ ပန ပညာပိယတ္တာ ပညတ္တိ။
ပညာပနတော ပညတ္တိတိ စ ဒုဝိဓာ ဟောတိ။

တတော=ထိုနာမ်, ရုပ်မှ။

အဝသေသာ ပညတ္တိ=ကြွင်းသောပစ္စည်းထိုက်သော အချို့သော ပညတ်။

အမှာ=ပဋ္ဌာန်းနည်း၌ အာရုံအနေဖြင့် အသုံးပြုခဲ့တဲ့ပညတ်, နာမ်, ရုပ်ထဲက ပညတ်ကို ဆိုလို၏။

ပညာပိယတ္တာ ပညတ္တိ=သိစေအပ်လို့ ပညတ် (အတ္ထ ပညတ်ကိုယူ) (အထည်ကိုယ် ပစ္စည်း)

ပညာပနတော ပညတ္တိ=သိစေတတ်လို့ ပညတ် (သဒ္ဒ ပညတ်ကို ယူ) (နာမ ပညတ်လည်း ဟူ)

ရှင်း= အမေဆိုတဲ့ အသံကို ကြားအံ့၊ (သို့) အမေဆိုတဲ့ အမည်ကို ကြားအံ့၊ ကြားသူသည် ဘယ်သူ့ကို မေးထုတ်တဲ့၊ ဘယ် မိန်းမကြီးပဲဟု အသိဉာဏ် ဖြစ်လာလိမ့်မည်၊ (မိန်းမကြီးကို မြင်မြင်၊ မမြင်မြင်)၊ ဤသို့ ကြားသူ့အနေဖြင့်သိအပ်လို့ (ဝါ) သိစရာဖြစ်လို့ မိန်းမကြီးကို အတ္ထ ပညတ်ခေါ် (အထည်ကိုယ်ဒြပ်ရှိသည်)

အမေဆိုတဲ့ အသံ(သို့) အမေ ဆိုတဲ့ အမည်ကို ကြားလို့ သိရသည့် အတွက် ၎င်းအသံ (သို့) ၎င်းအမည်က သိစေရာ ရောက်သည်။

ဒါကြောင့် အသံ (သို့) အမည်ကို သိစေတတ်တယ်ဆိုပြီး သဒ္ဒပညတ် (သို့) နာမ ပညတ်ဟု အမည် ပေးကြသည်။ (အ ထည် ကိုယ် မရှိ၊ သဒ္ဒါရုံ "အသံ" သက်သက်မျှသာ)

အတ္ထပညတ်အပြား

ဘူတပရိဏာမာကာရံ=မဟာဘုတ်တို့၏ ဖောက်ပြန်ပုံ အခြင်းအရာ။

ဘူမိ= မြေ၊ ပျံ့ပျူး တဲ့အခြင်းအရာအစွဲပြု။

ပဗ္ဗတ= တောင်။ မို့မောက်တဲ့အခြင်းအရာအစွဲပြု

သမ္ဘာရသန္နိဝေသာကာရံ=အဆောက်အအုံတို့ စုဝေးပုံ အခြင်းအရာ။

ဂေဟ= အိမ်။ သစ်ဝါးစသည်တို့၏အစုအဝေးအစွဲပြု။
ရထ= ရထား။ ဘီး, ဝင်ရိုး စသည်တို့၏အစုအဝေးအစွဲပြု။
စန္ဒာဝဋ္ဋန= လ လှည့်လည်ခြင်းကိုအစွဲပြု။
အသမ္ဖုဋ္ဌာကာရ= တွေ့ထိမရသော အခြင်းအရာ။
ကူပ= တွင်း။
ဂုဟာ= လိုဏ်း=ဂူ။
အတ္ထစ္ဆာယ= အရိပ်အရောင်။
ဥပနိဓာယ= ထောက်ဆ၍။

၄၀။ ကထံ.... တံတံ ဘူတဝိပရိဏာမာကာရ, မုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ။

သဏ္ဌာန် အတ္ထပညတ်=ဘုတ်တို့၏ ပွံ့ပျူးပုံ စုပုံ စသော ဖောက်ပြန်မှုကို အစွဲပြု၍ ခေါ်ကြသော မြေ, တောင်, သစ်ပင် စသော ဝတ္ထုပစ္စည်း။

သမ္ဘာရသန္နိဝေသာကာရ မုပါဒါယ ဂေဟရထသကဋာဒိကာ။

သမူဟအတ္ထပညတ်= သစ်, မြေညက်, ချည် စသော ပစ္စည်းတို့၏ အစုအဝေးကို အစွဲပြု၍ ခေါ်တဲ့ အိမ်, ရထား, လှည်း, အိုး, ပုဆိုး စသော ဝတ္ထုပစ္စည်း။

ခန္ဓပဉ္စက မုပါဒါယ ပုရိသပုဂ္ဂလာဒိကာ။

ဇာတိအတ္ထပညတ်=ခန္ဓာ ၅ ပါးကို အစွဲပြု၍ ခေါ်တဲ့ ယောကျ်ားပုဂ္ဂိုလ် စတဲ့ ဝတ္ထုပစ္စည်း။

စန္ဒာဝဋ္ဋနာဒိက မုပါဒါယ ဒိသာကာလာဒိကာ။

ဒိသာအတ္ထပညတ်=လ, နေတို့၏ လှည့်လည်ခြင်းကို အစွဲပြု၍ ခေါ်တဲ့ အရှေ့အရပ်, တောင်အရပ် စ သော အရပ်ဒေသ။

ကာလအတ္ထပညတ်=လ, နေတို့၏ လှည့်လည်ခြင်းကို အစွဲပြု၍ ခေါ်တဲ့ နံနက် အခါ, ညနေပိုင်း စသော အခါကာလ။

အသမ္ဖုဋ္ဌာကာရ မုပါဒါယ ကူပဂုဟာဒိကာ။

အာကာသ အတ္ထပညတ်=မတွေ့ထိကောင်းတဲ့ အခေါင်း စသည်တို့ကို အစွဲပြု၍ ခေါ်တဲ့ တွင်း, လိုဏ် စသော ဝတ္ထုပစ္စည်း။

တံတံဘူတနိမိတ္တံ ဘာဝနာဝိသေသဥ္စ ဥပါဒါယ ကသိဏ, နိမိတ္တာဒိကာ။
နိမိတ္တ အတ္ထပဉ္စတ်=ထိုထိုဘုတ်နိမိတ်ကို အစွဲပြု၍ ခေါ်တဲ့ ကသိုဏ်းနိမိတ်, အသုဘနိမိတ် စသော ဝတ္ထုပစ္စည်း။

နိမိတ္တ အတ္ထပဉ္စတ်=ပရိကမ္မဘာဝနာ၏ အာရုံနိမိတ်ကို ပရိကမ္မနိမိတ် (သို့) ဥဂ္ဂဟ နိမိတ်ခေါ်။

ဥပစာရဘာဝနာ၊

အပ္ပနာဘာဝနာ ၂မျိုး၏ အာရုံ နိမိတ်ကို ပဋိဘာဂနိမိတ် ခေါ် ဟု ဘာဝနာကို အစွဲပြု၍ ခေါ်သော ပရိကမ္မနိမိတ် စသည့် ဝတ္ထုပစ္စည်း။

အာဒိ= ကသိဏုဂ္ဃါဋိမာကာသ, နိရောဓ,ကသိဏ စသည်ကို ယူ။
စေတိ ဧဝ, မာဒိပ္ပဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနာပိ အတ္ထစ္ဆာယာကာရေန စိတ္တုပ္ပါဒါန, မာရမ္မဏဘူတာ တံ တံ ဥပါဒါယ ဥပနိဓာယ ကာရဏံ ကတွာ တထာ တထာ ပရိကပ္ပိယမာနာ သင်္ခါယတိ သမညာယတိ ဝေါဟရိယတိ ပညာပီယတီတိ ပညတ္တီတိ ပဝုစ္စတိ။

အယံ ပညတ္တိ ပညာပိယတ္တာ ပညတ္တိ နာမ။

အဝိဇ္ဇမာနာ=ဆိုခဲ့ပြီးသော အတ္ထပဉ္စတ်များသည် ပရမတ္ထအားဖြင့် မရှိကြ။

အာရမ္မဏဘူတာ=အရိပ်အရောင်အားဖြင့် စိတ်, စေတသိက်တို့၏ အာရုံတော့ ဖြစ်ကြသည်။

တံ တံ ဥပါဒါယ။ လ။ ပရိကပ္ပိယမာနာ သင်္ခါယတိ= ဟိုအကြောင်း ဒီအကြောင်း ထောက်ဆ၍ ဟိုလိုကြံ ဒီလိုကြံ ကြံစည်ကာခေါ်ဝေါ် ပြောဆိုကြ၏။

သင်္ခါယတိ=သမညာယတိ=ဝေါဟရိယတိ=ဝုင်း ၃ ပုဒ်တို့ဖြင့် ပညာပီယတိ ပုဒ်၏ အနက်ကို ဖွင့်ပြ၏။ (သိစေအပ်ဟူသည်= ခေါ်အပ်သည်ပင်)

ပညာပိယတ္တာ ပညတ္တိနာမ=ခေါ်ဝေါ်ပြောဆိုအပ်တဲ့ အမည်။
(သို့) ခေါ်ဝေါ်ပြောဆိုတဲ့ အသံဖြင့် သိအပ်လို့၊ (ဝါ) အသံသည် သိစေအပ်လို့ ပညတ်ခေါ်သည်။

၄၁။ ပညာပနတော ပညတ္တိ ပန နာမ, နာမကမ္မာ, ဒိနာမေန၊
ပရိဒီပိတာ သာ ဝိဇ္ဇမာနပညတ္တိ။
အဝိဇ္ဇမာန ပညတ္တိ၊
ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ္တိ၊
အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ္တိ၊
ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ္တိ၊
အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ္တိ စေတိ ဆဗ္ဗိဓာ ဟောတိ။

နာမနာမကမ္မာဒိ=၁။ နာမ=အရာဝတ္ထုတို့၏အမည် (လောကမှာ ၎င်းအသုံး ၁ ခု ရှိ၏ ဟူလို)

၂။ နာမကမ္မ=အမည်မှည့်တဲ့ လုပ်ငန်း။

၃။ နာမဓေယျ=အမည်နှင့် အရာဝတ္ထုတို့ ဆက်စပ်မိခြင်း၊

၄။ နာမနိရုတ္တိ=အမည်တခုကို သီးခြားထုတ် ဆိုခြင်း။

၅။ နာမဗျဉ္ဇန=အမည်က အရာဝတ္ထုကို ဖော်ပြခြင်း။

၆။ နာမာဘိလာပ=၎င်းအမည်ကိုခေါ်ဝေါ်ပြောဆိုခြင်း

ဤ ၆ မျိုးဖြင့် နာမပညတ်သည် အတ္ထပညတ်ကို သိစေ တတ်သည်။ (အမည်မှာ ၎င်းသဘာဝ ၆ မျိုးရှိသည် ဟူလို)။

ဆဗ္ဗိဓာ=သဒ္ဒပညတ်(ဝါ)နာမပညတ် ၆ မျိုး(အမည်အမျိုးအစား ၆ မျိုးဟူ)
(ယခင် ၆ မျိုးကို ဆိုလိုသည် မဟုတ်)

၄၂။ တတ္ထ ယဒါ ပန ပရမတ္ထတော ဝိဇ္ဇမာနံ ရူပဝေဒနာဒိံ
တောယ ပညာပေန္တိ၊ တဒါယံ ဝိဇ္ဇာမာန ပညတ္တိ။
ယဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနံ ဘူမိပဗ္ဗတာဒိံ တောယ
ပညာပေန္တိ၊ တဒါယံ အဝိဇ္ဇာမာန ပညတ္တီတိ ပဝုစ္စတိ။
ဥဘိန္နံ ပန ဝေါမိဿကဝသေန သေသာ ယထာက္ကမံ
ဆဠာဘိညော၊
ဣတ္ထိသဒ္ဒေါ၊
စက္ခုဝိညာဏံ၊
ရာဇပုတ္တောတိ စ ဝေဒိတဗ္ဗာ။

၁။ ဝိဇ္ဇမာန ပညတ္တိ=ရူပ,ဝေဒနာ စသည် ပရမတ်အားဖြင့် ရှိ။
၂။ အဝိဇ္ဇမာန ပညတ္တိ=ဘူမိ,ပဗ္ဗတ စသည် ပရမတ်အားဖြင့် မရှိ။
၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ္တိ=ဆဠဘိညော (ရှိ, မရှိ တွဲခေါ်)
ရှင်း= အဘိညာဏ် ပရမတ် အားဖြင့် ရှိ။
ပုဂ္ဂိုလ်မရှိ (အဘိညာဏ် ရသော ပုဂ္ဂိုလ် ဟုတွဲခေါ်လို့)
၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ္တိ=ဣတ္ထိ သဒ္ဒေါ (မရှိ+အရှိ တွဲခေါ်လို့)
ရှင်း= မိန်းမ ပရမတ်အားဖြင့် မရှိ။
အသံ ပရမတ်အားဖြင့် ရှိ (မိန်းမ+အသံဟု တွဲခေါ်လို့)
၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ္တိ=စက္ခုဝိညာဏံ (ရှိ+ရှိ တွဲခေါ်)
ရှင်း= စက္ခု ပရမတ်အားဖြင့် "ရှိ"
ဝိညာဏ်လည်း ပရမတ်အားဖြင့် ရှိ (စက္ခု ဝိညာဏ်ဟု တွဲခေါ်လို့)
၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ္တိ= ရာဇ, ပုတ္တော (မရှိ+မရှိတွဲခေါ်)
ရှင်း= မင်း ပရမတ်အားဖြင့် "မရှိ"
သားလည်း ပရမတ်အားဖြင့် "မရှိ" (မင်းသားဟု တွဲခေါ်လို့)

ပညတ် ၂ ပါးကို သိပုံနှင့် နာမပညတ်ဖြစ်လာပုံ

၄၃။ **ဝစီဃောသာနုသာရေန၊ သောတဝိညာဏဝီထိယာ။**
ပဝတ္တာနန္တရုပ္ပန္န၊ မနောဒွါရဿ ဂေါစရာ။
အတ္ထာယဿာနုသာရေန၊ ဝိညာယန္တိ တတော ပရံ။
သာယံ ပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတ နိမ္မိတာ။

အနက်=ဝစီဃောသာနုသာရေန=နှုတ်မြွက်သံကို အစဉ်လျှောက်၍ အောက်မေ့သဖြင့်၊ သောတဝိညာဏဝီထိယာ=သောတဝိညာဏ် စိတ်အစဉ်၏၊ ပဝတ္တာနန္တရုပ္ပန္န မနောဒွါရဿ= ဖြစ်သည်၏ အခြားမဲ့၌ ဖြစ်သော သုဒ္ဓမနောဒွါရ၏ အာရုံဖြစ်သော၊ ယဿ=အကြင် နာမပညတ်ကို၊ အနုသာရေန=အစဉ်လျှောက်သဖြင့်၊ ဂေါစရာ= အာရုံဖြစ်ကုန်သော၊ အတ္ထာ= အတ္ထာပညတ်တို့ကို၊ ဝိညာယန္တိ= သိအပ်ကုန်၏။ တတော=ထိုသို့ဖြပ်ကို သိပြီးမှ၊ ပရံ=နောက်၌၊ လောက

သင်္ကေတနိမ္မိတာ=လောက သင်္ကေတနည်းဖြင့် သတ်မှတ်အပ်သော၊ သာအယံပညတ္တိ=ထိုပညတ်ကို၊ ဝိညေယျာ= သိအပ်၏။

ရှင်း= ဝစီဃောသ=ပြောဆိုသံ။ (ပစ္စုပ္ပန်သဒ္ဒါရုံ)
အနုသာရေန=ပြန်လည် သတိပြုမိသော ချုပ်ပြီးခါစ သဒ္ဒါရုံ (အတိတ်)

၁။ သောတဝိညာဏဝီထိယာ=ပြောဆိုသံကြားစဉ်ဖြစ်သော သောတဒွါရ ဝီထိ။ (၎င်းသည် ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုသည်)

၂။ ပဝတ္တာနန္တရုပ္ပန္နမနောဒွါရဿ= သောတဒွါရ ဝီထိ ဖြစ်ပြီး တဆက်တည်းဖြစ်သော မနောဒွါရဝီထိ၊ (အတိတ်သဒ္ဒါရုံကိုအာရုံပြု)
၎င်းကို "သုဒ္ဓမနောဒွါရ" အမည်ပေး။ (အသံ သက်သက် ကိုသာ အာရုံပြု၊ အထည်ကိုယ်ဒြပ်ကို အာရုံမပြုသေး)

၃။ ယဿာနုသာရေန=ဂေါစရာ အတ္ထာ ဝိညာယန္တိ= သုဒ္ဓမနော ဒွါရ၏ အာရုံဖြစ်သော အတိတ် သဒ္ဒါရုံကို အစဉ်လျှောက်သဖြင့် ဤအသံသည် ဒြပ်တခုအတွက်ဟု သိ။
(၎င်းကို "တဒနုဝတ္တက မနောဒွါရဝီထိ"ဟု အမည်ပေး)
သုဒ္ဓမနောဒွါရဝီထိ၏ အာရုံကိုပင် နောက်ကလိုက်၍ အာရုံပြုလို့။

၄။ တတော ပရံ သာယံ ပညတ္တိ ဝိညေယျာ လောကသင်္ကေတ နိမ္မိတာ= ၎င်းနောက် လောက သတ်မှတ်ချက်အတိုင်း အထည်ကိုယ်ဒြပ်ကို သိသော မနောဒွါရဝီထိ ဖြစ်တော့၏။

သတိ= ၁။ ပြောဆိုသံကြား "သောတဒွါရ ၁ ဝီထိ"ဖြစ်။
၂။ ၎င်းနောက် ချုပ်ပြီးအသံ အာရုံပြု သုဒ္ဓမနောဒွါရ ၁ ဝီထိ ဖြစ်။
၃။ ၎င်းအသံသည် ဒြပ်တခု၏ အမည်ဟု သိသော "တဒနုဝတ္တက မနောဒွါရ ၁ ဝီထိ" (အသံနှင့်ဒြပ် စပ်မိရုံသိ)
၄။ ၄ ကြိမ်မြောက် အသံ၏ အခြေအနေကို သိသော မနောဒွါရ ဝီထိဖြစ်။

အမှာ=၎င်း ၄ ကြိမ်မြောက် မနောဒွါရ ဝီထိစိတ် ဖြင့် အသံ၏ သာယာမှု မသာယာမှု စသည့် သိဖွယ်တို့ကို သိ၏ဟု ဆိုလိုသည်။

သဘိ= ပထမ ၃ ဝီထိ နာမပညတ်ကို အာရုံပြုကြသည်။

စတုတ္ထ ၁ ဝီထိ အတ္ထပညတ်ကို အာရုံပြုသည်။

ဤကား=အက္ခရာ ၁ လုံး ရှိသော အမည်အတွက် ဖြစ်ပုံတည်း။

ထပ်ရှင်း=ခက်ခဲသော အရာဖြစ်၍ ထပ်မံရှင်းပြပါမည်။

၁။ လူဆိုတဲ့ ပြောသံကြားလျှင် ၎င်းအသံကို အာရုံပြုပြီး သောတဒွါရ ၁ ဝီထိဖြစ်။

၂။ ၎င်းနောက် ၎င်းချုပ်ပျောက်သွားသော အသံကိုပင် ပြန်လည်သတိပြုသော မနောဒွါရ ၁ ဝီထိဖြစ်။
(၎င်းကို အတိတ်အသံကို အာရုံပြုသော "သုဒ္ဓမနောဒွါရဝီထိ" ခေါ်။
အသံသက်သက် အာရုံပြုလို့ (အထည်ကို အာရုံမပြု)

၃။ ၎င်းနောက် လူ ဆိုတဲ့ အသံသည် ဒြပ်ခေါ် ပုဂ္ဂိုလ် တဦး၏ အမည်ဟု သိသော "မနောဒွါရ" ၁ ဝီထိဖြစ်။
(၎င်းကို "တဒနုဝတ္တက မနောဒွါရဝီထိ"ခေါ်၊ ယခင် သုဒ္ဓမနောဒွါရဝီထိ သိပြီးသားအာရုံကို အစဉ်လိုက်ပြီးအာရုံပြုလို့)

၄။ ၎င်းနောက် လူအမည်မှည့်ထားသော ပုဂ္ဂိုလ်နှင့်ပတ်သက်သည့် လောကသားတို့၏ သင်္ကေတဖြင့် သတ်မှတ်ထားသော လှ,မလှ စသော သိဖွယ်တို့ကို သိသော မနောဒွါရ ဝီထိ ဖြစ်။ (၎င်းအချိန်ကျမှ လှ,မလှ စသည်ကို သိသည်ဟူ၏)

သဒ္ဒံ ပဌမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။

အက္ခရာ ၂လုံးအမည်=ဗမာဟု ပြောဆိုအံ့။

၁။ "ဗ"ဆိုတဲ့ ပြောသံကို အာရုံပြုပြီး သောတဒွါရ ၁ ဝီထိ ဖြစ် (ပစ္စုပ္ပန် သဒ္ဒါရုံ အာရုံပြုသည်)

၂။ ၎င်းနောက် ချုပ်ပျောက်ပြီ ခါစ အသံကို အာရုံပြုပြီး "သုဒ္ဓမနောဒွါရ" ၁ ဝီထိ (အတိတ်သဒ္ဒါရုံကို အာရုံပြု)

F.55

၃။ "မာ"ဆိုတဲ့ အသံကို အာရုံပြုပြီး သောတဒွါရ ၁ ဝိထိ (ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု)

၄။ ၎င်းနောက် ချုပ်ပြီးခါစ အသံကို အာရုံပြုသော သုဒ္ဓမနောဒွါရ ၁ ဝီထိ (အတိတ်ကို အာရုံပြု)

၅။ "ဗ"အသံ "မာ"အသံ-၂ခုသည် ဒြပ်ခေါ် ပုဂ္ဂိုလ် ၁ မျိုး၏ အမည်ဟု သိသော အသံ ၂ ခုပေါင်းကို အာရုံပြုသော "တဒနုဝတ္တက မနောဒွါရ" ၁ ဝီထိ (ယခင် သုဒ္ဓမနောဒွါရ" ၂ ဝီထိ အာရုံပြုပြီးကို အတူလိုက်၍ အာရုံပြုလို့)

၆။ ၎င်းနောက် "ဗမာ"လူမျိုးဟု လောက သတ်မှတ်ချက်အတိုင်း သိဖွယ်တို့ကို သိသော "မနောဒွါရ" ၁ ဝီထိ ဖြစ်ပြီး သိသည်။

အက္ခရာ ၃ လုံး အမည်ဖြစ်အံ့= ၈ ဝီထိ စသည် သိလောက်ပြီ။

အဆင်းသိပုံ=၁။ ပစ္စုပ္ပန်အဆင်းကို အာရုံပြု၍"စက္ခုဝိညာဏ" ၁ ဝီထိ။

၂။ အတိတ်အဆင်းကို အာရုံပြု၍ "သုဒ္ဓမနောဒွါရ" ၁ ဝီထိ။

၃။ အရာဝတ္ထု ၁ ခု၏ အဆင်းဟု သိသော "တဒနုဝတ္တက မနောဒွါရ ၁ ဝီထိ။

၄။ အဆင်း၏တည်ရာ အရာဝတ္ထု၏ လှ,မလှ စ သော သိဖွယ်ကို လောကသတ်မှတ်ချက်အတိုင်း သိသော"မနောဒွါရ" ၁ ဝီထိ ဖြစ်ပြီး သိသည်။

အနံ့= ၁။ ပစ္စုပ္ပန်အနံ့ကို အာရုံပြုပြီး "ဃာနဒွါရ" ၁ ဝီထိ။

၂။ အတိတ်အနံ့ကို အာရုံပြု၍ "သုဒ္ဓမနောဒွါရ" ၁ ဝီထိ။

၃။ အရာဝတ္ထု ၁ ခု၏ အနံ့ဟု သိသော"တဒနုဝတ္တက မနောဒွါရ" ၁ ဝီထိ၊

၄။ အနံ့၏တည်ရာ အရာဝတ္ထု၏ "မွှေး" ပုပ် စ သော သိဖွယ်ကို သတ်မှတ်ချက်အတိုင်း သိသော "မနောဒွါရ" ၁ ဝီ ထိ ဖြစ်ပြီး သိသည်။

အရသာ=၁။ ပစ္စုပ္ပန်အရသာကို အာရုံပြု၍ "ဇိဝှာဒွါရ ၁ ဝီထိ ဖြစ်။

၂။ အတိတ်အရသာကို အာရုံပြု၍ "သုဒ္ဓမနောဒွါရ" ၁ ဝီထိ။

၃။ စားဖွယ် ၁ ခု၏ အရသာဟုသိသော "တဒနုဝတ္တကမနောဒွါရ" ၁ ဝီထိ။

၄။ အရသာ၏ တည်ရာ စားဖွယ်ပစ္စည်း၏ 'ချို့ ငန်' စသော သိဖွယ်ကို သတ်မှတ်ချက်အတိုင်း သိသော "မနောဒွါရ ၁ ဝီထိ ဖြစ်ပြီး သိသည်။

ဝီထိ= ၁။ ပစ္စုပ္ပန် ထိမှုကို အာရုံပြု၍ "ကာယဒွါရ" ၁ ဝီထိ။

၂။ အတိတ် ထိမှုကို အာရုံပြု၍ "သုဒ္ဓမနောဒွါရ" ၁ ဝီထိ။

၃။ အရာဝတ္ထု ၁ ခု၏ ထိမှုကို သိသော "တဒနုဝတ္တက မနောဒွါရ ၁ ဝီထိ။

၄။ ထိမှု၏ တည်ရာ အရာ ဝတ္ထု၏ "နူးညံ့, ကြမ်းတမ်း' စ သော သိဖွယ်ကို သတ်မှတ်ချက်အတိုင်း သိသော "မနောဒွါရ" ၁ ဝီထိ စသည် သိသာပြီ။

အငွေ့=ပစ္စုပ္ပန် အငွေ့ကို အာရုံပြု၍ "ကာယဒွါရ" ၁ဝီထိ စသည် သိသာပြီ။

ပုံသဏ္ဌာန်=ပစ္စုပ္ပန် ပုံသဏ္ဌာန်ကို အာရုံပြု၍ "ကာယဒွါရ" ၁ ဝီထိ စသည် သိသာပြီ။

နာမပညတ်=၁။ ဝိဇ္ဇမာနပညတ် (ရုပ်,ဝေဒနာ စသောပရမတ်အမည်များ)

၂။ အဝိဇ္ဇမာနပညတ် (မြေ, တောင် စသောအမည်များ)

၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်=ဆဠာဘိညော (အဘိညာဉ် ၆ ရ ပုဂ္ဂိုလ်)

၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်=ဣတ္ထိသဒ္ဒေါ (မိန်းမအသံ)

၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်=စက္ခုဝိညာဏံ(စက္ခုပသာဒ၌ မှီသော ဝိညာဏ်)

၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်=ရာဇပုတ္တော(မင်း သား) (၎င်း၆ပါးကို သဒ္ဒပညတ်လည်းခေါ်)

အက္ခရာ ၁လုံးရှိ နာမပညတ်=၁။ သောတဒွါရဝီထိ။
၂။ သုဒ္ဓမနောဒွါရဝီထိ။
၃။ တဒနုဝတ္တက မနောဒွါရဝီထိ။
၄။ အတ္ထပညတ်ကို သိသော မနောဒွါရ ဝီထိ။ (၄ဝီထိဖြင့်သိ)

အမှာ=အက္ခရာ ၂လုံးရှိ=၆ဝီထိ၊အက္ခရာ ၃ လုံးရှိ ၈ ဝီထိ စသည်။

ပစ္စည်းပိုင်းပြီး ပြီ။

စာမေးပွဲဖြေသူများအတွက်

လေ့ကျင့်ခန်း

မေး ။ ယေသံ သန္တမေ့ာနံ ဂါထာကို ရှင်းပါ။

ဖြေ ။ ယေသံ သန္တမေ့ာနံ=ပစ္စယုပ္ပန်တရား။

ယေဓမ္မာ=ပစ္စည်းတရား။

ယထာ=ပစ္စယသတ္တိ (ပစ္စည်းတရား တို့၏ ကျေးဇူးပြုနိုင်သည့် အစွမ်း သတ္တိ)

ပစ္စယာ=ကျေးဇူးပြု (ဖြစ်အောင်(သို့) ရပ်တည်နိုင်အောင် လုပ်ပေး)
တံဝိဘာဂံ=ဤပစ္စည်းပိုင်း၌ပစ္စယုပ္ပန်+ပစ္စည်း+ပစ္စယသတ္တိ=၃မျိုးကို ဝေဖန်မည်ဟု ကတိပြု(၃မျိုးပြ၏လည်းဟူ)

ယထာရဟံ=သူ့ပစ္စယုပ္ပန်နှင့် သူ့ပစ္စည်း၊ သူ့ပစ္စည်းတရားနှင့် သူ့ ပစ္စယသတ္တိအား လျော်စေရမည်။

မေး ။ တဗ္ဘာဝ ဘာဝီ ဘာဝါကာရ မတ္တော ပလက္ခိတော ပုဒ် အနက် ယောဇနာပါ။

ဖြေ ။ အဝိဇ္ဇာစသော အကြောင်းတရားဖြစ်သဖြင့် ဖြစ်လေ့ရှိသော သင်္ခါရ စသော အကျိုးတရား တို့၏ ဖြစ်ပုံ အခြင်းအရာဖြင့် မှတ်အပ်သော နည်းသည် (ပဋိစ္စသမုပ္ပါဒနယော၌ စပ်)

မေး ။ တဗ္ဘာဝဘာဝီဘာဝါကာရမတ္တောပလက္ခိတော ကို ရှင်းပါ။

ဖြေ ။ တဗ္ဘာဝ=ပစ္စည်း (အဝိဇ္ဇာစသော အကြောင်းတရား)

ဘာဝီ=ပစ္စယုပ္ပန် (သင်္ခါရစသော အကျိုးတရား)

ဘာဝါကာရမတ္တော ပလက္ခိတော (ပစ္စည်း+ပစ္စယုပ္ပန်=၂မျိုး ဆက်စပ်ဖြစ်ပုံ ပြတဲ့ နည်းသည် (ပဋိစ္စသမုပ္ပါဒ်နည်း)

မေး ။ မတ္တဖြင့် အဘယ်ကို ပြသနည်း။

ဖြေ ။ ပစ္စည်းနှင့် ပစ္စယုပ္ပန်ကိုသာ ပြသည်(ပဋ္ဌာန်းနည်းလို ပစ္စယ သတ္တိကို မပြဟူလို)

မေး ။ အာဟာရပစ္စယဋ္ဌိတိ ကို အနက်ပေးပါ။

ဖြေ ။ အထူးပြု၍ ရှတ်ဆို အပ်သော ပစ္စည်းဟု ဆို အပ် သော တည်ရာကို (ရှေးအနက်)အရိုးခံ ဆိုခဲ့ပြီးသော ပစ္စည်း၊ ပစ္စယုပ္ပန်=၂မျိုးတို့၌ ထူး ဆန်းသော ပစ္စယသတ္တိထည့်ခြင်းကို(ဤကျမ်း)

ပစ္စည်း+ပစ္စယုပ္ပန်=၂မျိုးသည် အရိုးခံ (ပဋိစ္စသမုပ္ပါဒ်နည်း+ပဋ္ဌာန်း နည်း၂မျိုးလုံးမှာ ပါလို့)

ပစ္စယသတ္တိ=ထူးဆန်း(ပဋ္ဌာန်းနည်းမှာသာ ပါလို့)

မေး ။ ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်း အထူးဖြေပါ။

ဖြေ ။ ပဋိစ္စသမုပ္ပါဒ်နည်း=ပစ္စည်း+ပစ္စယုပ္ပန်=၂မျိုးပြ။

ပဋ္ဌာန်းနည်း=ပစ္စည်း+ပစ္စယုပ္ပန်+ပစ္စယသတ္တိ=၃မျိုးပြ။

မေး။ အဝိဇ္ဇာပစ္စယာနှင့် သင်္ခါရတို့၏ သဘောနှင့်, အရေကောက် ပြပါ။

ဖြေ ။ အဝိဇ္ဇာ=သစ္စာ၄ပါး+ ရှေ့အစွန်း+ နောက်အစွန်း+ ရှေ့နောက် အစွန်း+ ပဋိစ္စသမုပ္ပါဒ်= ၎င်း၈မျိုး မသိခြင်း (တရားကိုယ်မောဟ)

သင်္ခါရ=၁။ ပုညာဘိသင်္ခါရ=မဟာကုသိုလ်စေတနာ ၈
ရူပကုသိုလ်စေတနာ ၅=၁၃။
၂။ အပုညာဘိသင်္ခါရ=အကုသိုလ်စေတနာ ၁၂
၃။ အာနဉ္စာဘိသင်္ခါရ=အရူပကုသိုလ်စေတနာ ၄=၂၉

(၎င်း၂၉သည် ဘုံ ၃၁၌ ပြုပြင်တတ်လို့ သင်္ခါရ)

မေး ။ အဝိဇ္ဇာပစ္စယာနှင့် သင်္ခါရာ ဆက်စပ်ပုံကို ဖြေပါ။

ဖြေ ။ အဝိဇ္ဇာက ၃၁ ဘုံ အကောင်းထင်လို့ ၃၁ ဘုံ ရောက်စေတတ်တဲ့ သင်္ခါရ(၂၉)ကိုပြု ဤသို့ဆက်စပ်၏။

မေး ။ ရဟန္တာ၌ သင်္ခါရခေါ် ကုသိုလ်,အကုသိုလ်ကို ပြုမပြုဖြေပါ။

ဖြေ ။ မပြုပါ။ ၃၁ဘုံ အကောင်းထင်တဲ့ ဝိဇ္ဇာမရှိတော့၍ သင်္ခါရကိုမပြု။

မေး ။ သင်္ခါရပစ္စယာ ဝိညာဏံ၌ ဝိညာဏအရေ ဖော်ပြပါ။

ဖြေ ။ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ကျေနပိဿ (၁၉)

ပဝတ္တိအခါ=လောကီဝိပါက် ဗာတ္တိံသ (၃၂) (ဋီ)

(ခေတုကထာ ညဝါ၌ စိတ် ၁ခုယုတ် ၉၀ ကောက်သည်)

မေး ။ နာမရုပ်၌ နာမ်အရ, ရုပ်အရ ဖြေပါ။

ဖြေ ။ နာမ်=ပဋိသန္ဓေစိတ်နှင့် ယှဉ်သော စေတသိက် (မုချ)
ပဝတ္တိ လောကီဝိပါက်၃၂နှင့် ယှဉ်သော စေတသိက် (ပရမ္မရူပစာ)
(ဓာတုကထာ၌ စေတသိက် ဒွေးပညာသ ကောက်သည်)
ရုပ်=ပဋိသန္ဓေ ကမ္မဇရုပ်(မုချ)
ပဝတ္တိကမ္မဇရုပ် (ပရမ္မရူပစာ)
(ဓာတုကထာ၌ ရုပ်၂၈ ကောက်သည်)

မေး ။ သဠာယတနဟူသည် အဘယ်နည်း။

ဖြေ ။ စက္ခာယတနအစ - မနာယတနအဆုံး။ အဇ္ဈတ္တိကာယတန ၆ (ဓာတုကထာ၌ စိတ် ၁ခုယုတ် ၉၀+ပသာဒရုပ် ၅ ကောက်) (အတူတူပင် အမည်သာ ကွဲသည်)

မေး ။ သဠာယတနနှင့် ဖဿ ဆက်စပ်ပုံ ဖြေပါ၊

ဖြေ ။ သဠာယတန ၆ အကြောင်းခံမှ ဖဿ ၆ မျိုး ဖြစ်= ဤလိုဆက်စပ်။
(သဠာယတနနှင့် ဝိညာဏ် ထိခြင်းကိုပင် ဖဿဟူလို)

မေး ။ ဖဿပစ္စယာ ဝေဒနာကို ရှင်းပါ။

ဖြေ ။ ဖဿ=၈၉ ဖြစ်မှ ဝေဒနာ ၈၉ ဖြစ်။

နဲ ။ ဖဿ ၆ မျိုး (စက္ခုသမ္ဖဿ စသည်)ဖြစ်မှ ဝေဒနာ ၃ မျိုး (သုခ+ဒုက္ခ+ဥပေက္ခာ)ဖြစ်၏။ (ဤလိုဆက်စပ်)

မေး ။ ဝေဒနာ ပစ္စယာ တဏှာကို ရှင်းပါ။

ဖြေ ။ အာရုံခံစားခြင်း ဝေဒနာဖြစ်လို့ နှစ်သက်ခြင်း တဏှာ ၃ မျိုးဖြစ်
(ကာမဘုံ နှစ်သက် ကာမတဏှာ စသည် ၃မျိုး)

မေး ။ တဏှာပစ္စယာ ဥပါဒါန်ကို ရှင်းပါ။

ဖြေ ။ ကာမ အာရုံတို့၌ နှစ်သက်၍ ကာမကို လွန်ကျူးတဲ့ ကာမုပါဒါန် စသည်ဖြစ် (နှစ်သက်မှုကြောင့် စွဲလမ်းခြင်း ဖြစ်ဟူလို) (ဥပါဒါန်)
(လောဘ+ဒိဋ္ဌိ)

မေး ။ တဏှာ,ဥပါဒါန် အထူး ဖြေပါ။

ဖြေ ။ တဏှာ=အားနည်းတဲ့ နှစ်သက်မှု (အလိုရှိကာမျှ)
ဥပါဒါန်=အားကြီးတဲ့ စွဲလမ်းမှု (မရှောင့်ရှဲနိုင်)
နဲ့ ။ တဏှာ=မရသေးတဲ့ အာရုံကို နှစ်သက်မှု (သူခိုး လက်လှမ်းသလို)
ဥပါဒါန်=ရပြီးတဲ့ အာရုံကို စွဲလမ်းမှု (သူခိုး ပစ္စည်းရသလို)
နဲ့ ။ တဏှာ=ရှာမှီးခြင်း ဆင်းရဲ၏ အကြောင်း။
ဥပါဒါန်=ရပြီးကို စောင့်ရှောက်ခြင်း၏ အကြောင်း။

မေး ။ ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝအရ ဖြေပါ။

ဖြေ ။ ၁။ ကမ္မဘဝ=လောကီကုသိုလ်+အကုသိုလ်စေတနာ=၂၉
၂။ ဥပပတ္တိဘဝ=ဘဝကြီး ၉ မျိုး (လောကီ ဝိပါက် ဗာတ္တိံသ+ စေတသိက် ပဉ္စတိံသ+ ကမ္မဇရုပ် ဝီသ) (ဘဝ ၉ ပါး ၁ ပါးစီ ကောက်ပုံ စာမျက်နှာ၄၇၃-၄၇၄၌ ပြန်ကြည့်)
(၃၁ ဘုံ စွဲလမ်းသူများသာ ၃၁ ဘုံ ရောက်စေမှုကိုပြ) ဤလို ဥပါဒါန်နှင့် ဆက်စပ်။

မေး ။ ဘဝ ပစ္စယာ ဇာတိကို ရှင်းပါ။

ဖြေ ။ ဘဝပစ္စယာအရ= ကမ္မဘဝ။ ဇာတိအရ=ဥပပတ္တိဘဝ။
(ကမ္မဘဝကြောင့် ဇာတိဖြစ်။ နဲ့။ ဥပပတ္တိဘဝဖြစ်။ ဤလိုဆက်စပ်)
(ဇာတိနှင့် ဥပပတ္တိ အမည်သာကွဲ၏)

မေး ။ ဥပါဒါနပစ္စယာ ဘဝေါ,ဘဝပစ္စယာ ဇာတိ၌ ဘဝ ၂ မျိုး အထူး ဖြေပါ။

ဖြေ ။ ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝ=ကမ္မဘဝ။
ဥပပတ္တိဘဝ=၂မျိုး။
ဘဝပစ္စယာ ဇာတိ၌ ဘဝ=ကမ္မဘဝ ၁ မျိုးသာ ဤသို့ထူး။

မေး ။ ဇာတိ,ဇရာ စသည်တို့ကို ဓာတုကထာနည်းနှင့် ကွာနည်းပြပါ။

ဖြေ ။ ဇာတိ=နိပ္ဖန္နရုပ်နှင့် နာမက္ခန္ဓာတို့၏ ဖြစ်ဆဲ (ဓာ) ၎င်းရုပ်,နာမ်တို့၏ ဥပါဒ်ဆဲ(ဋီ)
ဇရာ=၎င်းရုပ်,နာမ်တို့၏ ရင့်ဆဲ (ဓာ) ၎င်းရုပ်,နာမ်တို့၏ ဌီ (ဋီ)
မရဏ=၎င်းရုပ်,နာမ်တို့၏ ပျက်ဆဲ (ဓာ) ၎င်းရုပ်,နာမ်တို့၏ ဘင်(ဋီ)

သောက=ဒေါသမူဒွေး၌ရှိသော ဝေဒနာ(ခ-ဌီ)

ပရိဒေဝ=ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် ငိုကြွေး မြည်တမ်းသော အခြင်းအရာ အားဖြင့် ဖြစ်သော စိတ္တဇ ဝိပ္ပလ္လာသ သဒ္ဒ (ခ)

ဒုက္ခ=ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ ရှိသော ဝေဒနာ စေတသိက်။

ဒေါမနဿ=ဒေါသမူဒွေး၌ ရှိသော ဝေဒနာ စေတသိက်(ခ)

ဉပါယာသော=ဉာတိဗျသန စသည်တို့ဖြင့် တွေ့သောသူအား လွန်စွာ ဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည် ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ဒေါသမူ ဒွေး၌ ရှိသော ဒေါသစေတသိက်။

မေး ။ ဝဋ္ဋအာရုံစသော အကြောင်းများ ရှိလျက် ဘာဖြစ်လို့ အဝိဇ္ဇာ စသည်ကိုသာ ဟောသနည်း။

ဖြေ ။ အဝိဇ္ဇာ စသည်တို့သာ ပဓာန အကြောင်း (ဝါ) ထင်ရှားသော အကြောင်း ဖြစ်လို့။

မေး ။ အခွန့်အစ မူလအဆုံး တို့၏ အရကို ပြပါ။

ဖြေ ။ အခွန့် ၁။ အတိတ်ကာလ ၅ (အဝိဇ္ဇာ+သင်္ခါရ+ (မုချ) တဏှာ+ ဉပါဒါန်+ကမ္မဘဝ=သဒိသူ)

၂။ ပစ္စုပ္ပန်အကျိုး ၅ (ဝိညာဏ်+နာမ်ရုပ်+သဠာယတန+ ဖဿ+ဝေဒနာ)

၃။ ပစ္စုပ္ပန်အကြောင်း ၅ (တဏှာ+ ဉပါဒါန်+ ကမ္မဘဝ (မုချ)အဝိဇ္ဇာ+သင်္ခါရ (သဒိသူ)

၄။ အနာဂတ်အကျိုး၅(ဝိညာဏ်+နာမ်ရုပ်+သဠာယတန+ ဖဿ+ဝေဒနာ)

အမှာ=၎င်း ၅ ပါးတို့၏ ဉပါဒ်ကို ဇာတိ၊ ဋ္ဌီကို ဇရာ၊ဘင်ကို မရဏ ခေါ်၏။

အင်္ဂါ ၁၂=အဝိဇ္ဇာ+သင်္ခါရ+ဝိညာဏ်+ နာမ်ရုပ်+ သဠာယတန+ ဖဿ+ ဝေဒနာ+တဏှာ+ဉပါဒါန်+ ဘဝ+ ဇာတိ+ ဇရာမရဏ=၁၂

အခြင်းအရာ=အတိတ်အကြောင်း ၅+ပစ္စုပ္ပန်အကျိုး၅+ ပစ္စုပ္ပန်အကြောင်း ၅+ အနာဂတ် အကျိုး ၅=ပေါင်း ၂၀။

အစပ် ၃ ပါး=၁။ သင်္ခါရနှင့်ဝိညာဏ် ၁ စပ်(အတိတ်အကြောင်းနှင့်ပစ္စုပ္ပန် အကျိုး၊ မှချမှာ)

၂။ ဝေဒနာနှင့် တဏှာ ၁ စပ်(ပစ္စုပ္ပန်အကြောင်းနှင့် ပစ္စုပ္ပန် အကျိုး)

၃။ ဘဝနှင့်ဇာတိ ၁ စပ် (ပစ္စုပ္ပန် အကြောင်း နှင့် အနာဂတ် အကျိုး။

အလွှာ ၄=အတိတ်အကြောင်း ၁ လွှာ၊ ပစ္စုပ္ပန် အကျိုး ၁ လွှာ၊ ပစ္စုပ္ပန် အကြောင်း ၁ လွှာ၊ အနာဂတ်အကျိုး ၁ လွှာ= ပေါင်း ၄ လွှာ။

ဝဋ် ၃=၁။ ကိလေသဝဋ်(အဝိဇ္ဇာ+တဏှာ+ဥပါဒါန်)

၂။ ကမ္မဝဋ် (ကမ္မဘဝတစိတ်+သင်္ခါရ)

၃။ ကြွင်း ၇ ပါး (ဝိညာဏ်+ နာမ်ရုပ်+ သဠာယတန+ ဖဿ+ ဝေဒနာ+ဥပပတ္တိဘဝတစိတ်+ဇာတိ+ဇရာမရဏ)

မူလ ၂ပါး=၁။ အဝိဇ္ဇာ=ရှေ့အစွန်း၏ မူလ။

၂။ တဏှာ=နောက်အစွန်း၏ မူလ။

မေး ။ ကာလသော် အစွန့် တကယ်ရှိပါသလား။

ဖြေ ။ တကယ်မရှိပါ၊ ပရမတ္ထတရားများ ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကို အစွဲ ပြု၍ "ပညတ်နည်း" ဖြင့် သုံးကြခြင်းသာ။

မေး ။ အကြောင်းကောက်ရာ၌ ဥပစာကောက်ပုံ ရှင်းပါ။

ဖြေ ။ အဝိဇ္ဇာနှင့် တဏှာ+ဥပါဒါန်=၂ပါး ကိလေသာချင်းတူလို့၊ သဒိသူ အားဖြင့် ကောက်၏။

သင်္ခါရနှင့် ကမ္မဘဝ=ကမ္မဘဝချင်းတူလို့ သဒိသူအားဖြင့် ကောက် သည်။

မေး ။ အကျိုးကောက်ရာ၌ ဇာတိ, ဇရာ, မရဏ ဆိုပါလျက် ဘာဖြစ်လို့ ဝိညာဏ် စသည်တို့ကို ယူရသနည်း။

ဖြေ ။ ဇာတိ,ဇရာ,မရဏ တို့ဟူသည် ဝိညာဏ် စသည့် ၅ ပါးတို့၏ ဥပါဒ်+ဌီ+ဘင်မျှ ဖြစ်ကြလို့။

မေး ။ သောက စသည်ကို ဘာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ၌ မယူသနည်း။

ဖြေ ။ မုချအကျိုး မဟုတ် အကျိုး ဆက်မျှ ဖြစ် လို့ (သောကာဒိ ဝစနံ စာကိုယ်)

မေး။ အစပ်ပြသည့်အခါ အင်္ဂါ ၁၂, အစပ် ၁၁ ဟု ဘာဖြစ်လို့ မပြသနည်း။

ဖြေ ။ မုချကြောင်းနှင့် မုချကျိုး၊ မုချကျိုးနှင့် မုချကြောင်းတို့ကိုသာပြလို့။

မေး ။ ဝဋ္ဋ(သို့) ပဋိစ္စသမုပ္ပါဒ် တရားတွေ ချုပ်အောင် ဘယ်လို လုပ်ရမည်နည်း။

ဖြေ ။ မူလ ၂ ပါး ချုပ်အောင် လုပ်ရမည်၊ (မဂ်ဖြင့် မူလတို့ကို ပယ်သတ်နိုင်အောင် ကြိုးစားရမည် ဟူလို)

မေး ။ ပဋိစ္စသမုပ္ပါဒ် အစမရှိဆိုတာ မှန်လျှင် အဝိဇ္ဇာသည် ဘယ်သူ့ကြောင့် ဖြစ်သနည်း။

မေး ။ အာသဝေါ တရားကြောင့် အဝိဇ္ဇာ ဖြစ်၏။ (ဇရာ,မရဏ၌ တွေဝေသူမှာ အာသဝေါတရား ဖြစ်သည်၊ ဇရာ, မရဏသဘော မပိုင်သူကို ဆိုလို)

မေး ။ ဝဋ္ဋမည်ပုံ, ပဋိစ္စသမုပ္ပါဒ်မည်ပုံ ပါဠိကို အနက်ယောဇနာပါ။

ဖြေ ။ ဝဋ္ဋမာဗန္ဓမိစ္စေဝံ·ဂါထာပြန်ကြည့်၊ စာမေးပွဲမေးတတ်လို့သတိပေး၏။

မေး ။ ပဋိစ္စသမုပ္ပါဒ် အားလုံး၏ တရားကိုယ်များကို စုပြပါ။

ဖြေ ။ လောကီစိတ် ကောသိတိ+ စေတသိက်ဒွေးပညာသ+ ရုပ်အဋ္ဌဝီသ (၎င်းတို့ကိုပင် လည်တတ်လို့ ဝဋ္ဋ ခေါ်သည်)

မေး ။ ဟေတု,ပစ္စယ, ဟေတုပစ္စယတို့ကို ရှင်းပါ။

ဖြေ ။ ၁။ ဟေတု=ပစ္စယုပ္ပန်တို့၏ တည်ရာ "ဟိတ် ၆ ပါး"
ပစ္စယ=ပစ္စည်းတရားတို့၌ရှိသော ပစ္စယုပ္ပန်တို့၏ အမှီခိုခံ "သတ္တိ"
ဟေတုပစ္စယ=ဟိတ် ၆ ပါးတို့၏ အမှီခိုခံ "သတ္တိ"

မေး ။ အာရမ္မဏ စသော ၂၃ ပစ္စည်းတို့၏ အဓိပ္ပါယ် ရေးပါ။

။ ၂။ အာရမ္မဏ=စိတ်စေတသိက်တို့ ဆွဲကိုင်အပ်တဲ့ အာရုံ။
ငင်းအာရုံတို့၏ ဆွဲကိုင်ခံနိုင်သည့် သတ္တိသည် ပစ္စယ။

၃။ အဓိပတိ=မိမိနှင့် စပ်သော တရားများတွင် အကြီးအမှူး တရားများ၊ ၎င်းအဓိပတိတရားများ၏ အကြီးအကဲလုပ်တဲ့ သတ္တိသည် ပစ္စယ။

၄။ အနန္တရ=ကြားမခြားပဲ တဆက်တည်း ဖြစ်ခဲ့ပြီးတဲ့ တရားများ။
၎င်း ချုပ်ပြီးတရားတို့၏ ပစ္စယုပ္ပန်တို့ကို တဆက်တည်း ဖြစ်ခွင့်ပေးတဲ့သတ္တိသည်ပစ္စယ(သမနန္တရ သဒ္ဒါသာကွဲ ပုဂ္ဂလဇ္ဈာသယ)

၅။ သဟဇာတ=ပစ္စယုပ္ပန်တို့နှင့် ဖြစ်ချိန်တူတဲ့ တရားများ။
ဖြစ်ချိန်တူ တရားတို့၏ ပစ္စယုပ္ပန်တို့နှင့် အတူ ဖြစ်တဲ့ သတ္တိသည် ပစ္စယ။

၆။ အညမည=ပစ္စယုပ္ပန် တို့နှင့် အပြန်အလှန် အကူ အညီ ပေးတဲ့ တရားများ။

၎င်းတို့၏ ပစ္စယုပ္ပန်တို့အား အပြန်အလှန် အကူ အညီ ပေးတဲ့ သတ္တိသည် ပစ္စယ။

(၎င်း ၂ ပါးအတူး=သဟဇာတ= ပစ္စယုပ္ပန် တို့ကိုသာ ဖြစ်စေသည်။

အညမည=အပြန်အလှန် ပစ္စည်းပစ္စယုပ္ပန် ဖြစ်သည်)

၇။ နိဿယ=ပစ္စယုပ္ပန်တို့၏ မှီရာ တရားများ။
၎င်း မှီရာတရားတို့၏ အမှီခံ သတ္တိသည် ပစ္စယ။

၈။ ဥပနိဿယ=ပစ္စယုပ္ပန်တို့၏ အားကြီးတဲ့ မှီရာ တရားများ။
၎င်း မှီရာ တရားတို့၏ အားကြီးတဲ့ အမှီခံသတ္တိသည် ပစ္စယ။

၉။ ပုရေဇာတ=ပစ္စယုပ္ပန်မဖြစ်မီ အရင်ဖြစ်သောတရားများ။
၎င်းတရားတို့၏ အရင်ဖြစ်ပြီး ပစ္စယုပ္ပန် တို့အား မှီစေ ဖြစ်စေတဲ့ သတ္တိသည် ပစ္စယ။

၁၀။ ပစ္ဆာဇာတ=ပစ္စယုပ္ပန်၏ နောက်မှ ဖြစ်ပြီး ပစ္စယုပ္ပန်အား အကူ

အညီပေးတဲ့တရား (ထောက်ပံ့ရှိ ထောက်ပံ့လို့ အကူအညီပေးဟု သုံးသည်)

၎င်းတို့သည် နောက်မှဖြစ်ပြီး ပစ္စယုပ္ပန် တို့အား အကူအညီ ပေး သည့် သတ္တိသည်ပစ္စယ။

၁၁။ အာသေဝန=ထပ်ခါ ထပ်ခါဖြစ်တဲ့ စိတ်, စေတသိက်များ။

၎င်းတို့၏ ထပ်ခါ ထပ်ခါ ဖြစ်သည့် သတ္တိသည် ပစ္စယ။

၁၂။ ကမ္မ=၁။ သဟဇာတကမ္မ=သဟဇာတ် တရားတို့အား အချိန်တူ ဖြစ်လျက် ဖြစ်စေတတ်တဲ့ စေတနာ။

၎င်းစေတနာတို့၏ သဟဇာတ်တို့အား ဖြစ်စေတတ်တဲ့ သတ္တိသည် ပစ္စယ။

၂။ နာနာက္ခဏိက ကမ္မ= တချိန်စီ ဖြစ်သည့် ဝိပါက်, ကမ္မဇရုပ် တို့အား ဖြစ်စေတတ်တဲ့စေတနာ။

၎င်းစေတနာ တို့၏ တချိန်စီ ဖြစ်လျက် ဖြစ်စေတဲ့ သတ္တိသည် ပစ္စယ။

၁၃။ ဝိပါက=သဟဇာတ် တရား တို့တွင် ရင့်ကျက်တဲ့ ဝိပါက်စိတ်, စေတသိက်။

၎င်းဝိပါက်စိတ်, စေတသိက်တို့၏ ရင့်ကျက်တဲ့ သတ္တိသည် ပစ္စယ။ (ဥဿာဟမရှိပဲ ကျေးဇူးပြုလို့ ဘဝင်သမ္ပဋိစ္ဆိုင်း စသည် ဖြစ်မှု သည် သိနိုင်ခဲ၏တဲ့)

၁၄။ အာဟာရ=ရုပ်,နာမ်တို့အား ထောက်ပံ့သော အားဖြင့် ဆောင် တတ်တဲ့တရား။

၎င်းတို့၏ ပစ္စယုပ္ပန်တို့အား ထောက်ပံ့တဲ့ သတ္တိသည် ပစ္စယ။ (ဇနကသတ္တိ ရှိသော်လည်း ဥပထမ္ဘက သတ္တိက ပိုအားကောင်း သတဲ့)

၁၅။ ဣန္ဒြိယ=ပစ္စယုပ္ပန်တို့ကို အစိုးရသော တရားများ။

၎င်းတို့၏ ပစ္စယုပ္ပန်တို့ကို အစိုးရတဲ့ သတ္တိသည် ပစ္စယ။

(ပစ္စယုပ္ပန်တို့ကို မိမိသဘောသို့ လိုက်စေမှုကို အစိုးရဟုဆိုသည်)

၁၆။ ဈာန=ပစ္စယုပ္ပန်တို့ကို အာရုံသို့ကပ်၍ ရှုစေတဲ့ တရားများ။
ၾင်းတို့၏ အာရုံသို့ ကပ်၍ရှုစေတဲ့ သတ္တိသည်ပစ္စယ။

(အာရုံကို ကပ်၍ရှုစေတတ်တဲ့ တရား+လက္ခဏာကို ကပ်၍ ရှုစေတတ်တဲ့ တရား=၂မျိုးလုံး ကောက်နိုင်၏)

၁၇။ မဂ္ဂ=သုဂတိဘဝမှလည်းကောင်း။
ဒုဂ္ဂတိဘဝမှ လည်းကောင်း ၎င်းဘဝ ၂မျိုးမှ သမ္ပယုတ်တရားတို့ကို ထွက်မြောက်စေတတ်တဲ့ တရား။

၎င်းတို့၏ သုဂတိ+ ဒုဂ္ဂတိဘဝ=၂မျိုးမှ ထွက်မြောက်စေတတ်တဲ့ သတ္တိသည် ပစ္စယ။

၁၈။ သမ္ပယုတ္တ=ဧကုပ္ပါဒ စသော သမ္ပယောဂလက္ခဏာနှင့်အညီ ပစ္စယုပ္ပန်တို့နှင့် ယှဉ်ဖြစ်တတ်တဲ့ တရား။

၎င်းတို့၏ ပစ္စယုပ္ပန်တို့နှင့် ယှဉ်ဖြစ်တတ်တဲ့ သတ္တိသည် ပစ္စယ။

၁၉။ ဝိပ္ပယုတ္တ=မယှဉ်ပဲ ပစ္စယုပ္ပန်တို့အား ကျေးဇူးပြုတတ်တဲ့ တရား။
၎င်းတို့၏ ပစ္စယုပ္ပန်တို့အား မယှဉ်ပဲ ကျေးဇူးပြုနိုင်တဲ့ သတ္တိသည် ပစ္စယ။

၂၀။ အတ္ထိ=ထင်ထင် ရှားရှား ရှိချိန်မှာ ကျေးဇူးပြုတတ်တဲ့ တရား။
ပစ္စယုပ္ပန် တို့အား ကျေးဇူးပြုချိန်မှာ ထင်လင်ရှားရှား ရှိနေတဲ့ သတ္တိသည် ပစ္စယ။

၂၁။ နတ္ထိ=ပစ္စည်း မရှိမှ ဖြစ်သည့် ပစ္စယုပ္ပန် တို့ကို ဖြစ်စေရန် ချုပ်ပျောက်ပေးတဲ့ တရား။
၎င်းတို့၏ ပစ္စယုပ္ပန် ဖြစ်ခွင့်ရအောင် ချုပ်ပျောက်ပေးသည့် သတ္တိသည် ပစ္စယ။

၂၂။ ဝိဂတ=ပစ္စည်း ကင်းကွာမှ ဖြစ်မည့် ပစ္စယုပ္ပန်တို့ကို ဖြစ်ပေါ်လာအောင် ဖယ်ရှားပေးတဲ့ တရား။

၎င်းတို့၏ ပစ္စယုပ္ပန်တို့အား ဖြစ်ခွင့်ပေးသကဲ့သို့ ဖယ်ရှားပေးသည့် သတ္တိသည် ပစ္စယ။

၂၃။ အဝိဂတ=ပစ္စယုပ္ပန် တို့နှင့် မကင်းကွာပဲ ကျေးဇူးပြု တတ်တဲ့ တရား။

ၛင်းတို့၏ ပစ္စယုပ္ပန်တို့နှင့် မကင်းကွာပဲ ကျေးဇူးပြုတတ်တဲ့ သတ္တိသည် ပစ္စယ။

အတ္ထိ=ထင်ထင်ရှားရှား ရှိပြီး ကျေးဇူးပြု

အဝိဂတ=မချုပ်မပျောက်ပဲ ကျေးဇူးပြု=ၛင်း၂ပစ္စည်း ဤသို့ထူး။

မေး ။ နိဗ္ဗာန်သည် ရှိပါလျှက် ဘာဖြစ်လို့ အတ္ထိ, အဝိဂတ တို့တွင် မပါသနည်း။

ဖြေ ။ ရှိမရှိ=၂မျိုးရှိမှ အတ္ထိ,နတ္ထိ သုံးသည်။

နိဗ္ဗာန်သည် ရှိတမျိုးသာဖြစ်လို့ အတ္ထိ,နတ္ထိ သုံးရာတွင် မပါဝင်ပါ။

မေး ။ ဆဝေနာမန္တို့ ဂါထာကို ရှင်းပါ။

ဖြေ ။ ဆဓာ နာမန္တို့ နာမသာ်၌ ဆဓာအရ=အနန္တရ+ သမနန္တရ + နတ္ထိ+ ဝိဂတ+အာသေဝန+ သမ္ပယုတ္တ=၆။

နာမံ ပဉ္စဓာ နာမရူပီနံ၌ ပဉ္စဓာအရ=ဟေတု+ ဈာန+ မဂ္ဂ+ ကမ္မ+ ဝိပါက(ကမ္မ၂မျိုးကို ယူ) ၅။

နာမံ ဧကဓာ ရူပသာ်၌ ဧကဓာအရ=ပစ္ဆာဇာတ။

ရူပံ နာမသာ ဧကဓာ၌ ဧကဓာအရ=ပုရေဇာတ (ပုရေဇာတ ၃ မျိုးကို ယူ)

ပညတ္တိနာမရူပါနိ နာမသာ ဒွိဓာ၌ ဒွိဓာ=အာရမ္မဏ+ ဥပနိဿယ=၂။

ဒွယံ ဒွယသာ်၌ နဝဓာ=အဓိပတိ+သဟဇာတ+အညမည+ နိဿယ+ အာဟာရ+ဣန္ဒြိယ+ဝိပ္ပယုတ္တ+အတ္ထိ+အဝိဂတ=၉။

မေး ။ အနန္တရပစ္စည်း၌ ဘာဖြစ်လို့ ရဟန္တာတို့ စုတိကို ကြဉ်သနည်း။

ဖြေ ။ ဝဋ်ပြတ်ပြတ်ပြီး၍ နောက်ဆုံး စုတိက ကျေးဇူးပြုပေးစရာ ပစ္စယုပ္ပန် မရှိလို့။

မေး ။ ဝိပါက်သည် အာသေဝနပစ္စည်း၌ ဘာဖြစ်လို့ မပါသနည်း။

ဖြေ ။ ဝိပါက်သည် ကံလုပ်ပေးလို့သာဖြစ်၍ မိမိသဘောကို မယူနိုင်လို့။

အရှိန်အဟုန်ပြင်းစွာ ဖြစ်ခြင်း ဟူသော အခြားသဘောကို မယူနိုင်လို့ မပါဟူ။ (ဖိုလ်လည်းကောင်း)

မေး ။ အာဝဇ္ဇန်းသည် ဘာဖြစ်လို့ အာသေဝန ပစ္စည်းတွင် မပါသနည်း။

ဖြေ ။ အာရုံကို ရှေးဦးစွာယူရခြင်းကြောင့်လည်းကောင်း။
တကြိမ်သာ ဖြစ်ရခြင်းကြောင့် လည်းကောင်း=ဤအကြောင်း၂မျိုးကြောင့် ပဉ္စဒွါရာဝဇ္ဇန်းသည် မပါဝင်ပါ။
ဇာတ်မတူသော စိတ်မှ အနန္တရ ပစ္စည်းကို မရခြင်းကြောင့် လည်းကောင်း၊
ဇာတ်မတူသော စိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေးရသော ကြောင့်လည်းကောင်း= ဤ အကြောင်း ၂ မျိုးကြောင့်မနောဒွါရာဝဇ္ဇန်းသည် မပါဝင်ပါ။

မေး ။ မဂ်သည် ဘာဖြစ်လို့ အာသေဝနပစ္စည်းတွင် မပါဝင်သနည်း။

ဖြေ ။ ဇာတ် မတူသော ဖိုလ်ရှေ့မှာ ဖြစ်ရလို့မပါ။ (မဂ်သည် ထပ်ထပ် မဖြစ်ဟူလို)
(ဇာတ်တူမှသာ ပဓာန=ထို့ကြောင့် မဂ်သည် ဖိုလ်အားကျေးဇူးမပြု)

မေး ။ ကမ္မဇရုပ်ကို ဘာဖြစ်လို့ ဝိပါက် မခေါ်သနည်း။

ဖြေ ။ ဝိပါက်အမည်သည် ရုပ်ဖြစ်လို့ မခေါ် (ဝိပါက်မိတ်၌သာယင်၏ဟူ)

မေး ။ ပဋ္ဌာဇေ၄တ၏ ပစ္စယုပ္ပန်=ဧကဇ,ဒွိဇ,တိဇ,စတုဇတို့ကို ရှင်းပါ။

ဖြေ ။ ဧကဇကာယ=ပဋိသန္ဓေ ဥပါဒ်ချိန်မှာ ကမ္မဇရုပ် ၁ မျိုးသာ ရှိသေး လို့ ၎င်းကမ္မဇရုပ်ကို ဧကဇခေါ်။

၎င်း ဧကျုပ်မိ ဖြစ်တဲ့ ပဌမဘဝင် စသည်က ၎င်းအား ထောက်ပံ့၏။
ဒွိဇကာယ=ပဋိသန္ဓေ၏ ဌီအချိန်မှာ ကမ္မဇ+ ဥတုဇ= ၂ မျိုးရှိပြီမို့ ၎င်း ၂ မျိုးတို့ကို ဒွိဇခေါ်၊ ၎င်းတို့အား ပဌမ ဘဝင် စသည်က ထောက်ပံ့၏။

တိဇကာယ=ပဌမဘဝင် ဥပါဒ်ချိန်မှာ ကမ္မဇ+ ဥတုဇ + စိတ္တဇဟု= ၃ မျိုးရှိလာပြီမို့ ၎င်း ၃ မျိုးတို့ကို တိဇခေါ် (၎င်းတို့အား ဒုတိယ ဘဝင် စသည်က ထောက်ပံ့)

စတုဇကာယ=အာဟာရ မျိုးသွင်းလို့ ၄ ရောက်သည့် အချိန်က စ၍ ကမ္မဇ+ဥတုဇ+စိတ္တဇ+အာဟာရဇ= ၄ မျိုးလုံးရှိပြီမို့ ၎င်း ၄ မျိုး တို့ကို စတုဇ ခေါ် (၎င်းတို့အား ၎င်းတို့ မချုပ်မီ ၎င်းတို့ နောက်မှ ဖြစ်သော စိတ်များက ထောက်ပံ့၏)

(ပစ္ဆာဇာတသည် သူများ လုပ်ပေးပြီးသားကို အထောက်အပံ့ ပေး ကာမျှသာ)

အသစ်ဖြစ်အောင် လုပ်ပေးလျှင် "ဇနက"

ဖြစ်ပြီးသားကို ကူညီထောက်ပံ့လျှင် "ဥပထမ္ဘက"

မေး ။ အာရမ္မဏအာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ အထူး ဖြေပါ။

ဖြေ ။ အာရမ္မဏပစ္စည်း=အာရုံ ဖြစ်ခါမျှသာ။

အာရမ္မဏာဓိပတိပစ္စည်း=အလေးအမြတ် ပြုအပ်တဲ့ အာရုံ။

အာရမ္မဏူပနိဿယ=အလွန် အားကောင်းတဲ့ အာရုံ။

မေး ။ အသညသတ်ဘုံ၌ အာဟာရမရှိပုံနှင့် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ တို့ကို ညှိပြပါ။

ဖြေ ။ မနောသဉ္စေတနာဟာရနှင့်တကွ အခြားအာဟာရတို့၏ ကမ္မသတ္တိ+ ဥပနိဿယသတ္တိတို့က ကျေးဇူးပြုပေးလို့ဟု ဆိုနိုင် (ပရမ္မရ)

မေး ။ အတ္ထိပစ္စည်း ၅ မျိုး ရေတွက်ပြပါ။

ဖြေ ။ သဟဇာတတ္ထိ+ ပုရေဇာတတ္ထိ+ ပစ္ဆာဇာတတ္ထိ+ ကဗဠီကာရာဟာ ရတ္ထိ+ရူပဇီဝိတိန္ဒြိယတ္ထိ=၅ (အဝိဂတ ၎င်းနည်း)

(ပစ္စည်းရှိနေတုန်း ကျေးဇူးပြုလို့ အတ္ထိ,အဝိဂတ)ခေါ်သည်။

မေး ။ ၂၄ ပစ္စည်းကိုအာရမ္မဏ, ဥပနိဿယ,ကမ္မ,အတ္ထိ၄ ပစ္စည်းတို့၌သွင်းပါ။

ဖြေ ။ စာမျက်နှာ ၅၃၆ ၌ ပြန်ကြည့်ပါ။ ၂ နည်း ပြထားသည်။

မေး ။ ပဋ္ဌာန်းနည်း၌ သဟဇာတရူပံအရ အဘယ်ကို ယူသနည်း။

ဖြေ ။ ပဝတ္တိအခါ ဖြစ်အံ့ စိတ္တဇရုပ်ကို ယူ။

ပဋိသန္ဓေအခါဖြစ်အံ့ ကမ္မဇရုပ်ကို ယူ(၎င်းကိုကဋတ္တာရုပ်လည်းခေါ်)

မေး ။ ပဝတ္တိ၌ ကမ္မဇရုပ်ကို မယူခြင်းနှင့် ပဋိသန္ဓေ၌ စိတ္တဇရုပ်ကို မယူခြင်း ကို ရှင်းပါ။

ဖြေ ။ ပဝတ္တိအခါ၌ ကမ္မဇရုပ်သည် စိတ်နှင့်အတူ ဖြစ်၏ဟု သတ်မှတ်ချက် မရှိလို့ မယူရ။

ပဋိသန္ဓေအခါ၌ စိတ္တဇရုပ် မဖြစ်သေးလို့ မယူရ။

မေး ။ ပစ္စည်းများကို ကာလဖြင့် ခွဲပြပါ။

ဖြေ ။ အတိတ်ပစ္စည်း=အနန္တရ+သမနန္တရ+အာသေဝန+နတ္ထိ+ဝိဂတ=၅

ပစ္စုပ္ပန်အတိတ်ပစ္စည်း= ကမ္မပစ္စည်း (သဟဇာတကမ္မ= ပစ္စုပ္ပန်။ နာနာက္ခဏိက ကမ္မ=အတိတ်)

ကာလ ၃ ပါးနှင့် ကာလဝိမုတ် ပစ္စည်း= အာရမ္မဏ + အဓိပတိ+ ဥပနိဿယ။

ပစ္စုပ္ပန် ပစ္စည်း=ကျန် ၁၅။ (၅၃၀၊ပြန်ကြည့်)

မေး ။ ပစ္စည်းတရားများကို သန္တာန်ဖြင့် ဝေဖန်ပါ။

ဖြေ ။ အဇ္ဈတ္တိက ပစ္စည်းတရားများ=စက္ခာဒိ+ရာဂါဒိ+သဒ္ဓါဒိ။

ဗဟိဒ္ဓ ပစ္စည်းတရားများ=ပုဂ္ဂိုလ်+ဥတု+ ဘောဇဉ် စသည်။

မေး ။ ပရမတ္ထတရားများကို သင်္ခတ,အသင်္ခတ ခွဲဝေပါ။

ဖြေ ။ သင်္ခတ တရားများ=ပစ္စယုပ္ပန်ဖြစ်သမျှ အားလုံး။

အသင်္ခတ တရားများ=ပစ္စယုပ္ပန်တွင် မပါသော တရားများ (နိဗ္ဗာန်)

မေး ။ ၂၄ ပစ္စည်း၏ တရားကိုယ် အားလုံး ပေါင်းပြပါ။

ဖြေ ။ ပညတ် ၊ နာမ် ၊ ရုပ်=၃မျိုး။

မေး ။ ၂၄ ပစ္စည်း၌ ပါသော ရူပ,အရူပအရကား မည်သည်နည်း။

ဖြေ ။ ရူပ=ရုပ် ၂၈။

အရူပ=နာမက္ခန္ဓာ ၄ ပါးနှင့် နိဗ္ဗာန် (စိတ်, စေတသိက်, နိဗ္ဗာန်ပင်)

မေး ။ ပညတ် ၂ ပါး အကျဉ်းဖြေပါ။

ဖြေ ။ သဒ္ဒပညတ်=သိစေတတ်တဲ့ ပညတ်(သဒ္ဒ=အသံ၊ပညတ္တိ=သိစေတတ်) (ဤသဒ္ဒပညတ်ကို နာမပညတ်လို့လဲ ခေါ်သည်၊ အမည် ဖြစ်လို့)

အတ္ထပညတ်=သိစေအပ်တဲ့ ပညတ်။

မေး ။ သင်္ဂြိုဟ်လာ အတ္ထပညတ်တို့ကို ရှင်းပါ။

ဖြေ ။ သန္တာနပညတ်=မြေ,တောင် စသည် (ပုံသဏ္ဌာန်ကို စွဲခေါ်လို့)

သမ္မုဟပညတ်=အိမ်,ရထား,လှည်းစသည်(သစ် စသည်တို့၏ အပေါင်းကို စွဲခေါ်)
ပုဂ္ဂလပညတ်=ယောကျ်ား, ပုဂ္ဂိုလ် စသည် (ခန္ဓာကို စွဲခေါ်လို့)
ဒိသာပညတ်= အရှေ့, အနောက် စသည် (လ, နေ လှည့်လည်မှုကို စွဲခေါ်လို့)
ကာလပညတ်=နံနက်, ည စသည်(လ, နေ လှည့်လည်မှုကိုပင်စွဲခေါ်)
အာကာသပညတ်=တွင်း, လိုဏ်, ဂူ စသည် (ဟာလာ ဟင်းလင်းကို စွဲခေါ်လို့)
နိမိတ္တပညတ်=ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ် (ကမ္မဋ္ဌာန်းနိမိတ်ကို စွဲခေါ်လို့)

မေး ။ သဒ္ဒပညတ်များကို ခွဲဝေပေါ။

ဖြေ ။ ဝိဇ္ဇမာနပညတ်=ရုပ်,ဝေဒနာ,စသည် (ပရမတ်အားဖြင့် ရှိလို့)
အဝိဇ္ဇမာနပညတ်=မြေ,တောင် စသည် (ပရမတ်အားဖြင့် မရှိလို့)
ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် ဆဠဘိညော = အဘိညာဏ်ရပုဂ္ဂိုလ် ပရမတ်အားဖြင့် ရှိ, မရှိ တွဲလို့။
အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်=ဣတ္ထိသဒ္ဒေါ=မိန်းမ သံ၊မရှိနှင့်ရှိတွဲလို့။
ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်=စက္ခုဝိညာဏံ=စက္ခုဝိညာဏ်ရှိနှင့်ရှိတွဲလို့။
အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်= ရာဇပုတ္တော= မင်း,သား (မရှိနှင့် မရှိ တွဲလို့)

မေး ။ အမည်ဖြင့် အတ္ထပညတ်ကို သိစေပုံ ပြောပါ။

ဖြေ ။ ၁။ နာမ=အရာဝတ္ထုတို့၏ အမည်။
၂။ **နာမကမ္မ**=အမည်မှည့်ခြင်း လုပ်ငန်း။
၃။ **နာမဓေယျ**=အမည်နှင့် အရာဝတ္ထုတို့ ဆက်စပ်မိခြင်း။
၄။ **နာမနိရုတ္တိ**=အမည်တခုကို သီးခြားထုတ်ဆိုခြင်း။
၅။ **နာမဗျဥ္ဇန**=အမည်က အရာဝတ္ထုကို ဖော်ပြခြင်း။
၆။ **နာမာဘိလာပ**=ၔင်းအမည်ကို ခေါ်ဝေါ်ပြောဆိုခြင်း။

ဤ ၆မျိုးဖြင့် နာမပညတ်သည် အတ္ထပညတ်ကို သိစေတတ်သည်။

မေး ။ ဝစီဇ္ဇောသာနုသာရေန ဂါထာကို ရှင်းပါ။

ဖြေ ။ ၁။ ဝစီဇ္ဇောသ + သောတဝိညာဏ ဝီထိယာ=ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရဝီထိ ဖြစ်။

၂။ အနုသာရေန+ပဝတ္တာနန္တရုပ္ပန္န မနောဒွါရသ=ယခင် သောတဒွါရဖြစ်ပြီးနောက် ချုပ်ပျောက်ပြီးစ အတိတ်သဒ္ဒါရုံကို အာရုံပြု၍ မနောဒွါရ ၁ ဝီထိဖြစ်။

(သုဒ္ဓ မနောဒွါရခေါ်၏၊ အသံသက်သက် အာရုံပြုလို့. အထည်ကိုယ်ဒြပ်ကို အာရုံမပြုသေး)

၃။ ယဿာနုသာရေန ဂေါစရာ အတ္ထာ ဝိညာယန္တိ= ယခင် ကြားခဲ့သော အသံသည် ဒြပ် ၁ ခုနှင့် စပ်၏ဟု သိတဲ့ မနောဒွါရ ၁ ဝီထိဖြစ်၊ (၎င်းကို တဒနုဝတ္တက မနောဒွါရဝီထိ ခေါ်သည်။ သုဒ္ဓ မနောဒွါရဝီထိ၏ အာရုံကိုပင် နောက်ကလိုက် အာရုံပြုလို့.)

၄။ တတော ပရံ သာယံ ပညတ္တိ ဝိညေယျာ လောကသင်္ကေတနိမ္မိတာ=၎င်းနောက် လောက သတ်မှတ်ချက် အတိုင်း ဒြပ်နှင့် ပတ်သက်သည့် သိဖွယ်တို့ကို သိတဲ့ မနောဒွါရ ၁ ဝီထိ ဖြစ်ပြီး သိတော့၏။

အမှာ=ရှင်းပုံကို ပစ္စည်းပိုင်း အဆုံးပြန်ကြည့်။

ပစ္စည်းပိုင်းပြီး၏။

ကမ္မဋ္ဌာန်းပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

၁။ သမထ,ဝိပဿနာနံ၊ ဘာဝနာန, မိတောပရံ။
ကမ္မဋ္ဌာနံ ပဝက္ခာမိ၊ ဒုဝိဓမ္ပိ ယထာက္ကမံ။ ။

ဘာဝနာနံ=၁။ သမထဘာဝနာ=နီဝရဏတို့ကို ငြိမ်းအောင် ပွားများခြင်း။
၂။ ဝိပဿနာဘာဝနာ=တေဘူမက သင်္ခါရ ၇၁ တို့၏ အနိစ္စ, ဒုက္ခ,အနတ္တသဘောကို အသေးစိတ်သိအောင် ပွားများခြင်း။

ကမ္မဋ္ဌာနံ=၁။ သမထကမ္မဋ္ဌာန်း=ကမ္မဋ္ဌာန်း ၄၀ (သမထဘာဝနာ၏အာရုံ)
၂၊ ဝိပဿနာ ကမ္မဋ္ဌာန်း=တေဘူမက သင်္ခါရ ၇၁ (ဝိပဿနာ ဘာဝနာ၏ အာရုံ)

အမှာ=သမထဘာဝနာကို ဌာနူပစာအားဖြင့် သမထကမ္မဋ္ဌာန်း ခေါ်သေး၏။ ဝိပဿနာဘာဝနာကို ဌာနူပစာ အားဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်း ခေါ်သေး၏။ (ဌာနဖြစ်တဲ့ အာရုံ၏ အမည်ကို ဌာနီဘာဝနာ၌ မှည့်လို့)

ပြောင်းပြန်=သမထ ကမ္မဋ္ဌာန်း ကို ဌာနူပစာ အားဖြင့် သမထ ဘာဝနာ ခေါ်သေး၏။

ဝိပဿနာ ကမ္မဋ္ဌာန်းကို ဌာနူပစာအားဖြင့် ဝိပဿနာ ဘာဝနာ ခေါ်သေး၏။

(ဌာနီဖြစ်တဲ့ ဘာဝနာအမည်ကို ဌာနအာရုံ၌ မှည့်လို့)

မှတ်ချက်=ဘာဝနာ ၂မျိုး၏အာရုံသည် ဌာန၊ ဘာဝနာကုသိုလ်,ကြိယာသည် ဌာနီ) (ကာရဏူပစာ, ဖလူပစာလည်း ကြံသင့်သေး၏)

နှိုင်းယှဉ်=ဝီထိမုတ်ပိုင်း၌ ဘာဝနာ=စေတနာကို ကောက်သည်။ (ကံအရာ ဖြစ်လို့)

ဤကမ္မဋ္ဌာန်းပိုင်း၌ သမထ ဘာဝနာ= သမာဓိကို ကောက်သည်။ (ကေဂ္ဂတာလည်းဟူ)

ဝိပဿနာဘာဝနာ=ပညာကို ကောက်သည်။

သတိ=ဆန့်ကျင်သည်ဟုထင်ရသော်လည်း ဥပလက္ခဏချည်း ဖြစ်၍ မဆန့်ကျင်ပါ၊

ရှင်း=အခြားစေတသိက်များလည်းရှိကြလို့ ဝီထိမုတ်ပိုင်း ဘဝင်္ဂနာအရစေတနာ ကောက်သော်လည်း သမာဓိပညာစသည်လည်း ပါဝင်၏။
သမထ ဘာဝနာအရ သမာဓိ ကောက်သော်လည်း စေတနာ ပညာ စသည်လည်းပါဝင်၏။
ဝိပဿနာဘာဝနာအရ ပညာကောက်သော်လည်း စေတနာ့ကေဂ္ဂတာ စသည်ပါဝင်၏။ ထို့ကြောင့် မဆန့်ကျင်။

သမထကမ္မဋ္ဌာန်းနည်း

ကမ္မဋ္ဌာန်း ၄၀ အကျဉ်း မာတိကာ

၂။ တတ္ထ သမထသင်္ဂဟေ တာဝ ဒသ ကသိဏာနိ, ဒသ အသုဘာ ဒသ အနုဿတိယော,
စတဿော အပ္ပမညာယော, ဧကာ သညာ, ဧကံ ဝဝတ္ထာနံ,
စတ္တာရော အာရုပ္ပါ
စေတိ သတ္တဝိဓေန သမထကမ္မဋ္ဌာန သင်္ဂဟော။ ။

သမထသင်္ဂဟော=ကမ္မဋ္ဌာန်း ၂မျိုးတို့တွင် သမထကမ္မဋ္ဌာန်း ၄၀ကို အကျဉ်း, ချုပ်ခေါင်းစဉ်ပြသောအခန်း (သမထကမ္မဋ္ဌာန်း လည်းဟူ)

သတ္တဝိဓေန=၁။ ကသိဏ=အကုန်လုံးကို ရှုရသော ကမ္မဋ္ဌာန်း (တ စိတ် ကဒေသ မဟုတ်)
၂။ အသုဘာ=မတင့်တယ်သော ကမ္မဋ္ဌာန်း။
၃။ အနုဿတိ=အဖန် တလဲလဲ သတိပြု ပွားများ ရသော ကမ္မဋ္ဌာန်း။
၄။ အပ္ပမညာ=အရေ အတွက် အတိုင်း အတာ မ ရှိ သော သတ္တဝါပညတ်ကို အာရုံပြု ပွားများရသော ကမ္မဋ္ဌာန်း။
၅။ သညာ=အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အပြစ် အားဖြင့် ပွားများရသော ကမ္မဋ္ဌာန်း။
၆။ ဝဝတ္ထာနံ=၃၂ ကောဋ္ဌာသကို ဓာတ် ၄ပါးဖြင့် ခွဲ၍ ပွားများရသော ကမ္မဋ္ဌာန်း။

၇။ အရူပ=၁၊ ကသိဏုဂ္ဃာဋိမ အာကာသ ကမ္မဋ္ဌာန်း။
၂။ အာကာသနဉ္စာ ယတန ကုသိုလ်, ကြိယာ ကမ္မဋ္ဌာန်း။
၃၊ နတ္ထိဘာဝပညတ် ကမ္မဋ္ဌာန်း။
၄။ အာကိဉ္စညာ ယတန ကုသိုလ်, ကြိယာ, ကမ္မဋ္ဌာန်း။

စရိုက် ၆ ပါး

၃။ ရာဂစရိတာ ဒေါသစရိတာ မောဟစရိတာ သဒ္ဓါစရိတာ ဗုဒ္ဓိစရိတာ ဝိတက္ကစရိတာ စေတိ ဆဗ္ဗိဓေနစရိတ သင်္ဂဟော။

စရိတာ=ဖြစ်ရိုး ဖြစ်စဉ်ထက် ပိုသော အလေ့အကျင့်။

၁။ ရာဂစရိတာ=ကာမအာရုံ၌ လွန်လွန်ကဲကဲ ကျင့်လေ့ရှိသူ။

၂။ ဒေါသစရိတာ=အရာရာ၌ဒေါသပြင်းထန်သူ။

၃။ မောဟစရိတာ=အရာရာ၌ တွေဝေထိုင်းမှိုင်းသူ။

၄။ သဒ္ဓါစရိတာ=ရတနာ၃ပါး+ ကံ+ ကံ၏ အကျိုး၌ ယုံကြည်မှု ပြင်းထန်သူ။

အမှာ=အသိဉာဏ်နည်းလျှင် အလွဲ ကြည်ညိုမိတတ်၏။

၅။ ဗုဒ္ဓိစရိတာ=အရာရာ၌ စဉ်းစားဆင်ခြင်မှု အားကြီးသူ။

၆။ ဝိတက္ကစရိတာ=အကြံစည်အများလွန်းသူ။

၆၃ ဦး=စရိုက် ၁မျိုးများသူ, ၂မျိုးများသူ, ၃မျိုးများသူ စသည်။

ရှင်း= ၁။ က။ ရာဂစရိတာ=ရာဂ၁မျိုးတည်းများသူ။
ခ။ ဒေါသစရိတာ=ဒေါသ ။ ။ ။
ဂ။ မောဟစရိတာ=မောဟ ။ ။ ။
ဃ။ ရာဂ+ဒေါသစရိတာ=ရင်း၂မျိုးများသူ။
င။ ရာဂ+မောဟစရိတာ=ရင်း၂မျိုးများသူ။
စ။ ဒေါသ+မောဟစရိယာ=ရင်း၂မျိုးများသူ။

ဆ။ ရာဂ+ဒေါသ+မောဟစရိတ=ငင်း၃မျိုးများသူ=၇။

၂။ သဒ္ဓါတည် ဗုဒ္ဓိ စသည်တွဲ ၇

၃။ ရာဂတည် သဒ္ဓါ စသည်တွဲ ၇

၄။ ဒေါသတည် သဒ္ဓါ စသည်တွဲ ၇

၅။ မောဟတည် သဒ္ဓါ စသည်တွဲ ၇

၆။ ရာဂ+ဒေါသတည် သဒ္ဓါစသည်တွဲ ၇

၇။ ရာဂ+မောဟတည် သဒ္ဓါစသည်တွဲ ၇

၈။ ဒေါသ+မောဟတည် သဒ္ဓါစသည်တွဲ ၇

၉။ ရာဂ+ဒေါသ+ မောဟတည်သဒ္ဓါစသည် ၇=၉×၇=၆၃။

ဘာဝနာ ၃ ပါး

၄။ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ စေတိ တိဿော ဘာဝနာ။ ။

ဘာဝနာ=ကုသိုလ်ကို ပွားအောင် များအောင် လုပ်ဆောင်ခြင်း။

အမှာ=ရဟန္တာဖြစ်ပြီးမှ ချမ်းရအောင် အားထုတ်သူ ရှိသင့်၍ မဟာကြိယာ ကိုလည်း ယူသင့်သေး၏။

၁။ ပရိကမ္မဘာဝနာ=ရှေ့ဦးစွာ ပွားများတဲ့ဘာဝနာ။

၂။ ဥပစာရဘာဝနာ=အပ္ပနာချမ်း ရခါနီး၌ ပွားများတဲ့ဘာဝနာ။

အမှာ=နီဝရဏကို ခွါသည်မှ ချမ်း၏ ရှေ့ဂေါတြဘူ အထိ ငင်း အချိန် အတွင်းပွားများတဲ့ဘာဝနာ။

၃။ အပ္ပနာဘာဝနာ=အောင်မြင်သဖြင့် ရတဲ့ အပ္ပနာချမ်း။

အမှာ=ဖလူပစာအားဖြင့် ဘာဝနာကို အပ္ပနာဖြင့် အမည်ပေးသည်။

ရှင်း= ဝိတက်ကို မုချအားဖြင့် အပ္ပနာ ခေါ် (အာရုံကို စူးစိုက်လို့)
ကျန် တရားများကို သဒိသူပစာအားဖြင့် အပ္ပနာ ခေါ်။
(စူးတော့ စူးစိုက်၏ ဝိတက်ကိုတော့ မမှီဝတ်)(စူးစိုက်=သက်ဝင်တူ)

နိမိတ် ၃ ပါး

၅။ ပရိကမ္မနိမိတ္တံ ဥဂ္ဂဟနိမိတ္တံ ပဋိဘာဂနိမိတ္တဉ္စေတိ တီဏိ နိမိတ္တာနိ စ ဝေဒိတဗ္ဗာနိ။

နိမိတ္တံ=ကသိုဏ်းဝန်းစသော အာရုံ (အပ္ပနာစျာန်ကို ရကြောင်းဖြစ်လို့)

၁။ ပရိကမ္မနိမိတ္တံ= မျက်စိဖြင့် ကြည့်၍ ပွားများရသော ပရိကမ္မ ဘာဝနာ၏ အာရုံ။

၂။ ဥဂ္ဂဟနိမိတ္တံ=မျက်စိဖြင့် မကြည့်ပဲ စိတ်ဖြင့် တွေး၍ယူအပ်သော ပရိကမ္မဘာဝနာ၏ အာရုံ။

၃။ ပဋိဘာဂနိမိတ္တံ= စိတ်ဖြင့် မတွေးပဲ အမြဲတစေ ထင်နေသော ဥပစာရဘာဝနာ။
အပ္ပနာဘာဝနာ ၎င်း ၂မျိုး၏ အာရုံ။

ရှင်း= ၎င်းအာရုံသည် မူလကသိုဏ်းဝန်း မဟုတ်။
မူလကသိုဏ်းဝန်းနှင့် တူရုံသာ တူသည်။
ထို့ကြောင့် ပဋိဘာဂ=အတုဟု အမည်ပေး။

သတိ= ၎င်းကို ပညတ်အာရုံဟု၍လည်းကောင်း၊
အတု အာရုံ ဟူ၍ လည်းကောင်း ပြောရိုးပြုကြ၏။

ရှင်း= မူလကသိုဏ်းဝန်းက တတောင်ပတ်လည်လောက်ရှိစေကာမူ၊ပဋိဘာဂ အဆင့် ရောက်တော့ အရှေ့ကြည့် အရှေ့တပြင်လုံး၊ အနောက်ကြည့် အနောက် တပြင်လုံး စသည်ဖြင့် မဆုံးနိုင်ပေ။

ကသိုဏ်း ၁၀ ပါး

၆။ ကထံ ပထဝီကသိဏံ အာပေါကသိဏံ တေဇောကသိဏံ ဝါယောကသိဏံ နီလကသိဏံ ပီတကသိဏံ လောဟိတကသိဏံ ဩဒါတကသိဏံ အာကာသကသိဏံ အာလောကကသိဏဉ္စေတိ ဣမာနိ ဒသ ကသိဏာနိ နာမ

ကသိဏံ=အကုန်လုံး (ကသိုဏ်းဝန်း တခုလုံး။တစိတ်တဒေသ မဟုတ်)

မုချကသိုဏ်း=ပဋိဘာဂနိမိတ်ကို မုချအားဖြင့် ပထဝီကသိုဏ်း စသည်ခေါ်။

ဥပစာကသိုဏ်း=ဈာန်ကို ကာရဏူပစာ(သို့)ဋ္ဌာနူပစာအားဖြင့် ပထဝီကသိုဏ်း
စသည်ခေါ်။

ပထဝီ=အရေးအကြောင်း မရှိအောင် အစင် အကြယ် လုပ်ထားတဲ့ မြေကြီး။

အာပေါ=အမှုံ့အမှိုက် မရှိအောင် အစင်အကြယ် လုပ်ထားတဲ့ ရေ။

တေဇော=ဖောက်ထားတဲ့ အပေါက်က ဝင်လာတဲ့ မီးရောင်။

ဝါယော=ဖောက်ထားတဲ့ အပေါက်က ဝင်လာတဲ့ လေ။

နီလ=အညိုရောင် ဆေးခြယ်သည်ဖြစ်စေ၊ ပင်ကိုယ်ဖြစ်စေ။

ပီတ=အဝါရောင် ဆေးခြယ်သည်ဖြစ်စေ၊ ပင်ကိုယ်ဖြစ်စေ။

လောဟိတ=အနီရောင် ဆေးခြယ်သည်ဖြစ်စေ၊ ပင်ကိုယ်ဖြစ်စေ။

ဩဒါတ=အဖြူရောင် ဆေးခြယ်သည် ဖြစ်စေ၊ ပင်ကိုယ်ဖြစ်စေ။

အာကာသ=ဖောက်ထားတဲ့ အပေါက်တွင်း ဟင်းလင်းပြင်။

အာလောက=ဖောက်ထားတဲ့ အပေါက်တွင်း ဝင်လာတဲ့ လ စသည် တို့၏
အလင်းရောင်။

အာကာသ=ဖောက်ထားသော ပေါက်အတွင်းက အာကာသ။

အာလောက=ဖောက်ထားသော အပေါက်မှ ဝင်လာသောအလင်းရောင်။

ဒသ= ဘူတ်ကသိုဏ်း ၄
ဝဏ္ဏကသိုဏ်း ၄
ပရိစ္ဆိန္နာကာသ ၁(လူထွင်း အာကာသ)(အာကာသကသိုဏ်း)
အာလောက ကသိုဏ်း ၁ (လ စသည်တို့၏ အရောင်)

အသုဘ ၁၀ ပါး

၇။ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ လောဟိတကံ ပုဠုဝကံ အဋ္ဌိက ဥေတိ ဣမေ ဒသ အသုဘာ နာမ။ ။

က = စက်ဆုပ်အပ်တဲ့ အနက် (ကသဒ္ဒါ၏ အနက်=စက်ဆုပ်အပ်ဟူလို)

၁။ ဥဒ္ဓုမာတကံ=ဖူးဖူးရောင်တဲ့အကောင်ပုပ် (က=စက်ဆုပ်ဖွယ်)

၂။ ဝိနီလကံ=အညိုရောင်များတဲ့ အကောင်ပုပ် (အခြားအရောင် နဲ့နဲပါ)

၃။ ဝိပုဗ္ဗကံ=ပြည်ယိုတဲ့အကောင်ပုပ်။

၄။ ဝိစ္ဆိဒ္ဒကံ=၂ပိုင်းပြတ်တဲ့ အကောင်ပုပ်။

၅။ ဝိက္ခာယိတကံ=ခွေး, မြေခွေးတို့ ကိုက်ရာ ထင်နေတဲ့အကောင်ပုပ်။

၆။ ဝိက္ခိတ္တကံ=ခွေး, မြေခွေးတို့ အကုံးလိုက် အတစ်လိုက်ကိုက်ဖြတ်ထား တဲ့အကောင်ပုပ်။

၇။ ဟတဝိက္ခိတ္တကံ=လူများက ဓားငယ်ဖြင့် ပိုင်းဖြတ်ထားတဲ့ အပိုင်းအစ။

၈။ လောဟိတကံ=သွေးယိုစီးနေတဲ့ အကောင်ပုပ်။

၉။ ပုဠုဝကံ=ပိုးလောက် တွယ်နေတဲ့ အကောင်ပုပ်။

၁၀။ အဋ္ဌိကံ=အရိုး (၁ချောင်းကစယူ)

အမှာ=ရှေးအခါက လူသေကို ခွေးသေလိုပစ်ထားကြ၏။

အနုဿတိ ၁၀ ပါး

၈။ ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဥပသမာနုဿတိ မရဏာနုဿတိကာယဂတာ သတိ။
အာနာပါနဿတိ စေတိ ဣမာ ဒသ အနုဿတိယော နာမ။

အနုဿတိ=အဖန်တလဲလဲ သတိရနေခြင်း=အောက်မေ့ခြင်း။

၁။ ဗုဒ္ဓါနုဿတိ=အရဟံစတဲ့ ဘုရားဂုဏ်ကို (ခန္ဓာကိုယ်ဒြပ်မဟုတ်) အဖန် တလဲလဲ အောက်မေ့ခြင်း။

၂။ ဓမ္မာနုဿတိ=သွာက္ခာတ စတဲ့ တရားဂုဏ်ကို အဖန် တလဲလဲ အောက် မေ့ခြင်း။

၃။ သံဃာနုဿတိ=သုပ္ပဋိပန္န စတဲ့ သံဃာ့ဂုဏ်ကို အဖန် တလဲလဲ အောက် မေ့ခြင်း။

၄။ သီလာနုဿတိ=မကျိုးမပျက်တဲ့ သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၅။ စာဂါနုဿတိ=လှူဒါန်းပေးကမ်းခြင်းကိုအဖန်တလဲလဲ အောက်မေ့ခြင်း။

၆။ ဒေဝတာနုဿတိ=သဒ္ဓါ စသော မိမိမှာရှိတဲ့ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

အမှာ=သဒ္ဓါစသည်နှင့် ပြည့်စုံလျှင် နတ်ဖြစ်မှာ ဖြစ်၏။ အဲဒီသဒ္ဓါ စသည်တို့ ငါမှာရှိ၏ဟု၊ နတ်တို့ကို သက်သေထား၍ အောက်မေ့ခြင်း။

၇။ ဥပသမာနုဿတိ=နိဗ္ဗာန်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၈။ မရဏာနုဿတိ=သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်း။

၉။ ကာယဂတာသတိ=၃၂ ကောဋ္ဌာသ ကို အဖန် တလဲလဲ အောက်မေ့ခြင်း။

အနုမပါခြင်း=အာရုံ ၃၂ ပေါ်၌ ဆက်တိုက် အဖန်တလဲလဲ မဖြစ်လို့အနုမပါ။

ရှင်း= ဆံပင်, မွေးညှင်း ,ခြေသည်း, လက်သည်း, သွား, အရေဟုတစပဥ္စကနည်းဖြင့် စီးဖြန်းအံ့။

ဆံပင်စသည့် အာရုံဘခုစီ အပေါ်၌ ၁ကြိမ်စီသာ ဖြစ်၏။ ဆက်တိုက် ဆံပင် ဆံပင်စသည်ဖြင့် အဖန်ဖန်မဖြစ်လို့ အနုမထည့်။

၁၀။ အာနာပါနုဿတိ=ထွက်သက် ဝင်သက်ကို အောက်မေ့နေခြင်း။

အမှာ- သတ္တဝါမှာ ထွက်သက် အရင်ဖြစ်သည်။

အနုမပါ -ထွက်သက်၌တကြိမ်၊ဝင်သက်၌ ၁ကြိမ်ဖြစ်လို့ အနုမထည့်။

ရှင်း= ထွက်သက် ထွက်သက်ဟု တမျိုးတည်း၌ အဖန်ဖန် မဖြစ်ဟုလို။

အပ္ပမညာ ၄ပါး

၉။ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ စေတိ ဣမာ စတဿော အပ္ပမညာယော နာမ။
ဗြဟ္မဝိဟာရောတိ စ ပဝုစ္စတိ။

မေတ္တာ=အတိုင်းမသိတဲ့ သတ္တဝါကို ချစ်ခြင်း (မရေတွက်နိုင်သည့်သတ္တဝါ)

ပွားနည်း=(က) သဗ္ဗေသတ္တာ အဝေရာ ဟောန္တု။
သတ္တဝါအားလုံး ရန်ကင်းကြပါစေ။
(ခ) သဗ္ဗေ သတ္တာ အဗျာပဇ္ဈာ ဟောန္တု။
သတ္တဝါအားလုံး မပျက်စီး ပါစေသတည်း။
(ဂ) သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု။
သတ္တဝါအားလုံး ဘေးကင်းကြပါစေ။
(ဃ) သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု။
သတ္တဝါအားလုံး မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြပါစေ။

အမှာ=၎င်း ၄မျိုးကို "န္တု" ၄မျိုးဟု မှတ်ထားပါ။

၅၂၈မေတ္တာ="သတ္တာ"နေရာတွင်အစားသွင်းရန်ပရိယာယပုဒ်များ

၁။ သတ္တာ၊ ၂။ ပါဏာ၊ ၃။ ဘူတာ၊ ၄။ ပုဂ္ဂလာ၊ ၅။ အတ္တဘာဝပရိယာပန္နာ၊ ၆။ ဣတ္ထိယော၊ ၇။ ပုရိသာ၊ ၈။ အရိယာ၊ ၉။ အနရိယာ၊ ၁၀။ ဒေဝါ၊ ၁၁။ မနုဿာ၊ ၁၂။ ဝိနိပါတိကာ =၎င်း၁၂ ကိုပုဂ္ဂိုလ်ဟု မှတ်ထားပါ။

အမှာ= သတ္တာနှင့် န္တု ၄ ခု ဖြစ်သလို၊
ပါဏာ စသည်နှင့် "န္တု" ၄ ခုစီပင် ထို့ကြောင့် ၄၈။

၎င်း= န္တု ၄ × ၁၂ ပုဂ္ဂိုလ်မြှောက်=၄၈(အနောဓိသအရပ် မသတ်မှတ်လို့)
၎င်း= ၄၈ × ၁၀ အရပ်မြှောက်=၄၈၀(ဩဒိသအရပ် သတ်မှတ်လို့)
အနောဓိသ ၄၈+၄၈၀ ဩဒိသ=ပေါင်း ၅၂၈။

အနောဓိသပွားပုံ=သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု စသည် ၄၈ မျိုး။

ဩဒိသပွားပုံ= ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု စသည်=၄၈၀ မျိုး။ ၄၈+၄၈၀= ၅၂၈ သွယ် မေတ္တာ ပွားနည်း။

၂။ ကရုဏာ=အတိုင်းမသိတဲ့ ဒုက္ခိတသတ္တဝါပေါ်တက်ကို သနားခြင်း။

ပွားနည်း=သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု=သတ္တဝါအားလုံး ဆင်းရဲမှ လွတ်ကြပါစေ။

ကရုဏာ ၁၃၂=ပါဏာ စသည် ပြောင်းထည့် ၁၂ အနောဒိဿ။
အနောဒိဿ ၁၂×၁၀ အရပ် မြှောက်=၁၂၀ဩဒိဿ။
အနောဒိဿ ၁၂+၁၂၀ ဩဒိဿပေါင်း =၁၃၂။

၃။ မုဒိတာ=အတိုင်းမသိတဲ့ သုခိတသတ္တဝါ ပညတ်ကို အားရဝမ်းသာခြင်း။
ပွားနည်း=သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊
သုခိတာ=သတ္တဝါအားလုံး ရပြီ သော စည်းစိမ်မှ မပျက်စီးကြပါစေနှင့်။
မုဒိတာ=အရေအတွက် ၁၃၂ ကရုဏာ အတိုင်းပင်။

၄။ ဥပေက္ခာ=အတိုင်းမသိတဲ့ သတ္တဝါပညတ်တို့ကို လျစ်လျူရှုခြင်း။
ပွားနည်း=သဗ္ဗေ သတ္တာ ကမ္မဿကာ။
သတ္တဝါအားလုံး ကံအတိုင်းသာ ဖြစ်ကြ၏။
ဥပေက္ခာ=အရေအတွက် ၁၃၂၊ ကရုဏာ အတိုင်းပင်။

အပ္ပမညာယောနာမ=အရေ အတွက် အတိုင်း အတာ မရှိတဲ့ သတ္တဝါပညတ် ကို အာရုံပြုလို့၊ ၎င်း၄မျိုးကို အပ္ပမညာ အမည် ပေး၏။

ဗြဟ္မဝိဟာရော=၁။ မြတ်သောနေခြင်းမျိုး ဖြစ်သောကြောင့်လည်းကောင်း
၂။ မြတ်သော ပုဂ္ဂိုလ်တို့၏ နေခြင်းမျိုး ဖြစ်သောကြောင့် လည်းကောင်း ၄ မျိုးလုံးကို ဗြဟ္မဝိဟာရခေါ်။

သညာ ၁ ပါး

၁၀။ အာဟာရေ ပဋိကူလသညာ ဧကာ သညာ နာမ။

သညာနာမ=သွားရ၊ ရှာရ၊ စားသောက်ရခြင်း စသည်တို့ကို ဆင်ခြင် သဖြင့် အာဟာရ၌ စက်ဆုပ်ဖွယ်ဟု ဖြစ်သော အမှတ်သညာ။

ဝဝတ္ထာန် ၁ ပါး

၁၁။ စတုဓာတုဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ နာမ။

ဝဝတ္ထာနံ=၁။ လက္ခဏာအားဖြင့် ဓာတ် ၄ ပါး ကို ပိုင်း ခြား ခြင်း သည် လည်းကောင်း၊
၂။ ကေသာ စသော အစုအဝေးအားဖြင့် ၃၂ ကောဋ္ဌာသတို့ကို ဓာတ်၂ပါးဖြင့် ပိုင်းခြားခြင်းသည်လည်းကောင်း ဝဝတ္ထာန်။

ရှင်း= ၁။ ပထဝီဓာတ်၂၀(ကေသာအစ မတ္ထလုင်္ဂ အဆုံး) (အစိုင်ခဲဖြစ်လို့)

၂။ အာပေါဓာတ် ၁၂ (ပိတ္တံအစ မုတ္တံအဆုံး) (အရေ လွန်ကဲလို့)

၃။ တေဇောဓာတ် ၄ (သန္တပ္ပနတေဇော+ဇီရဏတေဇော+ပါစကတေဇော+ဒဟတေဇော)

(အခိုးဖြစ်လို့) သန္တ, ဇီရ, ပါစက, ဒဟတေဇော ၄)

၄။ ဝါယောဓာတ် ၆ (ဥဒ္ဒင်္ဂမဝါတ+အဓောဂမ ဝါတ+ကုစ္ဆိသယ ဝါတ + ကောဋ္ဌာသယဝါတ + အဿာသ ပဿာသဝါတ + အင်္ဂမင်္ဂါနုသာရိဝါတ)

ရှင်း ၆ မျိုးတို့ကို လှုပ်ရှားတတ်လို့ ဝါယောဓာတ် ခေါ်။

၃၂ကောဋ္ဌာသ=အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။

အာရုပ္ပ ၄ ပါး

၁၂။ အာကာသာနဉ္စာယတနာဒယော စတ္တာရော အာရုပ္ပါ နာမာတိ သဗ္ဗထာပိ သမထနိဒ္ဒေသေ စတ္တာလီသ ကမ္မဋ္ဌာနာနိ ဘဝန္တိ။

စတ္တာရော=၁။ ကသိဏုဂ္ဃါဋိမာကာသပညတ် ကမ္မဋ္ဌာန်း။

၂။ အာကာသာနဉ္စာ ယတန ကုသိုလ်, ကြိယာ မဟဂ္ဂုတ် ကမ္မဋ္ဌာန်း။

၃။ နတ္ထိဘာဝပညတ် ကမ္မဋ္ဌာန်း။

၄။ အာကိဉ္စညာယတန ကုသိုလ်, ကြိယာ မဟဂ္ဂုတ် ကမ္မဋ္ဌာန်း= ပေါင်း ၄ ပါး။

သပ္ပါယဘေဒ

စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၁၃။ စရိတာသု ပန ဒသ အသုဘာ ကာယဂတာ သတိသင်္ခါတာ
ကောဋ္ဌာသဘာဝနာ စ ရာဂစရိတဿ သပ္ပါယာ။

သပ္ပါယာ=အသုဘ ၁၀
ကာယဂတာ ၁=၁၁=ရာဂစရိုက် ရှိသူအားလျော်(ရွံစရာနှင့် ချစ်တဲ့သဘာဝ ဆန့်ကျင်လို့) ဆန့်ကျင့်တော့ ရာဂ သတ်ပွဲမှာ ရာဂမကြီးပွားနိုင်ဟူလို)

၁၄။ စတဿော အပ္ပမညာယော နီလာဒီနိ စ စတ္တာရိ ကသိဏာနိ
ဒေါသစရိတဿ။

အပ္ပမညာယော=မေတ္တာ+ကရုဏာ+မုဒိတာ+ဥပေက္ခာ= ၄ပါး။
နီလာဒီနိ=နီလ+ပီတ+လောဟိတ+ဩဒါတ=၄ပါး=ဂ၎င်း၈ပါးဒေါသစရိုက် ရှိသူအား လျော်၊ (ချစ်စရာနှင့် မုန်းတဲ့ သဘာဝဆန့်ကျင်လို့) ဆန့်ကျင်တော့ ဒေါသသတ်ပွဲမှာ ဒေါသမကြီးပွားနိုင်ဟူလို။

၁၅။ အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။

အာနာပါန=မောဟစရိုက် ရှိသူအားလျော်(ပညာ၏ အာရုံဖြစ်၍ မောဟနှင့် ဆန့်ကျင်လို့)
ဝိတက် စရိုက်ရှိသူအားလျော်၊ (အာရုံပြေးလွှားမှုကို တားမြစ်၍ ဝိတက်နှင့် ဆန့်ကျင်ဘက်ဖြစ်လို့)

၁၆။ ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတဿ။

ဆ= ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ။

သပ္ပါယာ=၎င်း ၆ ပါးတို့သည် သဒ္ဓါကိုးပွားကြောင်း ဖြစ်လို့ သဒ္ဓါများသူ အား လျော်။

၁၇။ မရဏ, ဥပသမ, သညာ, ဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။

သပ္ပါယာ= ၎င်း ၄ ပါးတို့သည် နက်နဲ၍ ပညာ၏ အာရုံသာဖြစ်သင့်လို့ ဗုဒ္ဓိများသူအား လျောက်ပတ်။

၁၇။ သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ။ တတ္ထာပိ ကသိဏေသု ပုထုလံ မဟာဂတစရိတဿ ခုဒ္ဒကံ ဝိတက္ကစရိတဿေဝါတိ အယမေတ္ထ သပ္ပါယဘေဒေါ။

သေသာနိ=ဘုတ်ကသိုဏ်း ၄
အာကာသကသိုဏ်း ၁
အာလောကကသိုဏ်း ၁
အရူပ ၄=၁၀(ဘုတ်+ကာ+လောက+ အရူပ=သေသကမ္မဋ္ဌာန်း)ကာ=အာကာသယူ၊

ပုထုလံ=တွေဝေမှုကို ကင်းပျောက် စေတတ်လို့ ကြီးတဲ့ ကသိုဏ်းဝန်းသည် မောဟများသူအား လျော်၏။
(အကြီးဆုံး ကော့က်နယ်တလင်းပြန့်လောက် အထိ)

ခုဒ္ဒကံ=ဝိတက်၏ ပြေးလွှားမှုကို ကျဉ်းမြောင်းစေတတ်လို့ ငယ်တဲ့ ကသိုဏ်း ဝန်းသည် ဝိတက်များသူအား လျော်၏။
(အငယ်ဆုံး ၁ ထွာ+လက် ၄ သစ် ရှိစေ)

အမှာ=၁။ ရာဂ စသည်ကို မခွာတတ်တဲ့ ဘာဝနာ မရှိ။
၂။ သဒ္ဓါ စသည်တို့အား ကျေးဇူးမပြုတတ်တဲ့ ဘာဝနာ မရှိ။ ထို့ကြောင့် လျောက်ပတ်သည်ဟုမဆိုတဲ့ ဘာဝနာများကို အားထုတ်လျှင်လဲ သမာပတ် ၈ ပါး ၉ ပါးရနိုင်ကြသည်ချည်းပင်။

ဘာဝနာဘေဒ

ဘာဝနာဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၁၈။ ဘာဝနာသု ပန သဗ္ဗတ္ထာပိ ပရိကမ္မဘာဝနာ လဗ္ဘတေဝ။ ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာ,ဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ နတ္ထိ အပ္ပနာ။

သဗ္ဗတ္ထ=၁။ ပရိကမ္မဘာဝနာ။
၂။ ဥပစာရဘာဝနာ=ဗုဒ်ဓ ၂ မျိုးကို ကမ္မဋ္ဌာန်း ၄၀ တို့၌ ရသည်။

အပ္ပနာ=ဗုဒ္ဓါနုဿတိ စသော ၈
အာဟာရေပဋိကူလသညာ ၁
စတုဓာတုဝဝတ္ထာန် ၁=၁၀တို့၌ အပ္ပနာဘာဝနာ မရ၊

အတိုကောက်=ဗုဒ္ဓါဒိအဋ္ဌ၊ သညာ,ဝ မရ အပ္ပနာ။

ရှင်း= ၁။ ပရမတ္ထဖြစ်ခြင်း
၂။ အရေအတွက်များခြင်း (ဂုဏ် စသည်များမှုကို ဆိုသည်)
၃။ ၁ ပါးစီ ၁ ပါးစီ၏ သဘော နက်နဲခြင်း။
ဤအကြောင်း ၃ ပါးတို့ကြောင့် ၎င်း ၁၀ ပါးတို့၌ အပ္ပနာဘာဝနာမရ။

အမှာ= (အပ္ပနာသမာဓိသည် မရပ်တည်နိုင်၊ အပ္ပနာ မဟဂ္ဂုတ်ဈာန် မရ ဟူလို)

လောကုတ္တရာ=သီလဝိသုဒ္ဓိ စသော ဝိသုဒ္ဓိ အစဉ်၊
သမ္မသန စသော ဘာဝနာအစဉ်=၎င်း ၂ မျိုးအားဖြင့် ပွား များရလို့ နိဗ္ဗာန်ပရမတ် အာရုံ၌ လောကုတ္တရာ အပ္ပနာဖြစ်သည်။

ဝိညာ,နေ၀အပ္ပနာ= အာရုံကို လွန်မြောက်သော ဘာဝနာအစဉ်ဖြင့် ပွား များရလို့ အာကာ, အာကိဉ် ပရမတ် အာရုံ၌ ဝိညာ + နေဝအပ္ပနာ ဖြစ်သည်။

၂၈။ သေသေသု ပန သမတ္တိံသကမ္မဋ္ဌာနေသု အပ္ပနာဘာဝနာပိ သမ္ပဇ္ဇတိ။

အပ္ပနာဘာဝနာ=ကသိုဏ်း ၁၀
အာနာပါနဿတိ ၁
အသုဘ ၁၀
ကာယဂတာသတိ ၁
ဗြဟ္မဝိဟာရ ၄
အရူပ ၄=၃၀တို့၌သာအပ္ပနာဘာဝနာရ။

ပိ-အပိ=ဂုဏ်း ၃၀ တို့၌ ပရိကမ္မ ဘာဝနာ။
ဥပစာရဘာဝနာတို့ကိုပါရ။

သတိ=၃၀ တို့၌ ၁။ ပရိကမ္မဘာဝနာ။
၂။ ဥပစာရဘာဝနာ။
၃။ အပ္ပနာဘာဝနာ=၃မျိုးလုံး ရသည်။

၁၀ တို့၌ ၁။ ပရိကမ္မဘာဘာဝနာ
၂။ ဥပစာရဘာဝနာ=၂မျိုးသာ ရသည်။

ဈာန်ဖြင့်ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ

၂၁။ တတ္ထာပိ ဒသ ကသိဏာနိ အာနာပါနဥ္စ ပဥ္စကဇ္ဈာနိကာနိ။
ပဥ္စက=ကသိုဏ်း ၁၀+အာနာပါန ၁=ဂုဏ်း ၁၁ ပါးကို ပွားများလျှင် ရူပ
ဈာန် ၅ ပါးလုံး ရနိုင်၏။

အမှာ=ဈာန် ၅ မျိုးလုံး ဂုဏ်း ၁၁ ပါးကို အာရုံပြုနိုင်၏(ထို့ကြောင့်ရူပဈာန်
၅မျိုး၏ အာရုံကောက်တိုင်း ဂုဏ်း ၁၁ပါး ပါသည်ချည်း။

၂၂။ ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။
ပဌမ=အသုဘ ၁၀+ ကာယဂကာသတိ၁=ဂုဏ်း၁၁သည် စက်ဆုပ်ဖွယ် ဖြစ်၍
အစွမ်းထက်သည့် ဝိတက်သာ ရပ်တည်နိုင်လို့ ဝိတက် ဦးဆောင်သည့်
ပဌမဈာန် ကိုသာ ရနိုင်သည် (ဂုဏ်း ၁၁ကို ပဌမဈာန် အာရုံပြု၏
ဟူလို)

၂၃။ မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။
စတုက္ကဈာနိကာ=ပဌမဈာန်+ ဒုတိယ+ တတိယ+ စတုတ္ထဈာန်=၄။
ဂုဏ်း= ၁=မေတ္တာ=ဗျာပါဒခေါ် ဒေါသကို ပယ် (ချစ်နှင့် မုန်းမို့)
၂။ ကရုဏာ=ဝိဟိံသခေါ် ဒေါသကို ပယ် (သနားနှင့် ညှဉ်းဆဲမို့)
၃။ မုဒိတာ=အနဘိရတိခေါ် ဒေါသ+ဣဿာ တို့ကိုပယ် (ပျော်မွေ့
နှင့် မပျော်မွေ့မို့)

အမှာ=ဒေါသ+ဣဿာတို့သည် ဒေါမနဿ ဝေဒနာနှင့် အမြဲယှဉ်။
မနှစ်မြို့ဖွယ် အာရုံကို ခံစားရလျှင် စိတ်ဆိုးခြင်း၊ မနာလိုခြင်း
ဖြစ်ဟူလို)

သတိ==ဤသို့ မေတ္တာ+ကရုဏာ+မုဒိတာတို့သည် ဒေါမနဿနှင့် ဆန့်ကျင်။

ပြောင်းပြန်=ငင်း၃မျိုးတို့သည် သောမနဿဝေဒနာနှင့်သာ အမြဲယှဉ်၏။ ထို့ကြောင့် သောမနဿ ဝေဒနာနှင့် ယှဉ်တဲ့ ပဌမ+ ဒုတိယ + တတိယ+စတုတ္ထစျာန်တို့ကို ရစေတတ်၏။

၂၄။ ဥပေက္ခာ ပဥ္စမဈာနိကာတိ ဆဗ္ဗိသတိ ရူပါဝစရဈာနိကာနိ ကမ္မဋ္ဌာနာနိ။

ပဥ္စမ=ဘာဝနာအချိန်မှာ တတြမဇ္ဈတ္တတာပေက္ခာ အားကောင်း၍ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်တဲ့ ပဥ္စမစျာန်ကို ရစေ၏။

ပွားနည်း=သဗ္ဗေသတ္တာ ကမ္မဿကာ(ပြပြီး)

ပဌမစျာန်၏ အာရုံ		ဒု၊တ၊စ၊စျာန်၏ အာရုံ		ပဥ္စမစျာန်၏ အာရုံ	
ကသိုဏ်းပညတ်	၁၀	ကသိုဏ်းပညတ်	၁၀	ကသိုဏ်းပညတ်	၁၀
အာနာပါနဿတိ	၁	အာနာပါနဿတိ	၁	အာနာပါနဿတိ	၁
အသုဘပညတ်	၁၀			ဥပေက္ခာဗြဟ္မဝိဟာရ	၁
ကာယဂတာသတိ	၁			ပေါင်း =၁၂	
မေတ္တာ	၁	မေတ္တာ	၁		
ကရုဏာ	၁	ကရုဏာ	၁		
မုဒိတာ	၁	မုဒိတာ	၁		
ပေါင်း=၂၅		ပေါင်း=၁၄			

၂၅။ စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဇ္ဈာနိကာ။

စတ္တာရော=၁။ ကသိဏုဂ္ဃာဋိမာကာသကို ပွားများ အာကာသာနဉ္စာယတနစျာန်ရ။

၂။ အာကာသာနဉ္စာ ယတနကို ပွားများ ဝိညာဏဉ္စာယတနစျာန်ရ။

၃။ နတ္ထိဘာဝပညတ်ကို ပွားများ အာကိဉ္စညာယတန စျာန်ရ။

၄။ အာကိဉ္စညာယတနကို ပွားများ နေဝသညာ နာသညာ ယတနစျာန်ရ။

ဂေါစရဘေဒ

(နိမိတ်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဖန်ပုံ)

၂၆။ နိမိတ္တေသု ပန ပရိကမ္မနိမိတ္တံ ဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ။ ။

ပရိကမ္မနိမိတ်+ဥဂ္ဂဟနိမိတ်=ကမ္မဋ္ဌာန်း ၄ဝလုံး၌ ရ၏။

ယထာရဟံ=အာရုံအားလျော်စွာ (ရှိ)

ရှင်း= ပရိကမ္မဘာဝနာ၏ အာရုံ ဖြစ်ခိုက် ၎င်းပရိကမ္မ နိမိတ် ဥဂ္ဂဟနိမိတ် အမည်ကို ရ၏။

ဥပစာရ ဘာဝနာ+အပ္ပနာဘာဝနာ တို့၏ အာရုံဖြစ်ခိုက် ပဋိဘာဂ နိမိတ်ဟု အမည်ပြောင်းသည်။

ပရိယာယေန=မထင်ရှားတဲ့ ကမ္မဋ္ဌာန်းတချို့ကို ပရိကမ္မနိမိတ်+ ဥဂ္ဂဟနိမိတ် ခေါ်ခြင်းသည် မှုချဟု မဆိုနိုင်။

ထို့ကြောင့် "ပရိယာယ်" ဟုဆို၏ (ခန့်မှန်းခြေဟူလို)

ရှင်း= ဗုဒ္ဓါနုဿတိ စသော ၈

အာဟာရေ ပဋိကူလသညာ ၁

စတုဓာတု ဝဝတ္ထာန် ၁=၁ဝ။

၎င်း ၁ဝတို့ကို မျက်စိဖြင့် ကြည့်၍မမြင်ကောင်းလို့ ပရိကမ္မဟု "မှုချ" မခေါ်သင့် စိတ်ဖြင့် မှန်းကြည့်၍လည်း မမြင်ကောင်းလို့ ဥဂ္ဂဟနိမိတ် ဟု "မှုချ" မခေါ်သင့်။

ပရိယာယ်သာ=အားထုတ်ခါစမှာ ပရိကမ္မနိမိတ်၊

စိတ်ထဲ ရေးရေးကလေး တွေးလို့ ပေါ်လာတဲ့ အခါ ဥဂ္ဂဟနိမိတ်ဟု ခန့်မှန်းခြေဖြင့်သာ ခေါ်ရသည် ဟူလို။

၂၇။ **ပဋိဘာဂနိမိတ္တံ ပန ကသိဏာ, သုဘ, ကောဋ္ဌာသ, အာဏာ ပါနေသွေဝ လဗ္ဘတိ။**

တတ္ထာပိ ပဋိဘာဂနိမိတ္တ, မာရဗ္ဘ ဥပစာရသမာဓိ အပ္ပနာ သမာဓိ စ ပဝတ္တန္တိ။ ။

ပဋိဘာဂနိမိတ္တံ=ကသိုဏ်း ၁၀
အသုဘ ၁၀
ကာယဂတာသတိ ၁
အာနာပါနဿတိ ၁=၂၂ တို့၌သာ ပဋိဘာဂ နိမိတ်ရ။
၎င်း ၂၂ တို့သည် ထင်ရှားတဲ့ အာရုံများ ဖြစ်ကြလို့ ပဋိဘာဂနိမိတ် မည်။

ပဝတ္တန္တိ=ပဋိဘာဂနိမိတ် အာရုံ၌ ၁။ ဥပစာရဘာဝနာ
၂။ အပ္ပနာဘာဝနာ=၎င်း၂မျိုးဖြစ်။

ဥပစာရသမာဓိ=ဥပစာရ ဘာဝနာပင် (သမာဓိဖြင့် အမည်မှည့်လို့ ကေဒေသူပစာ)

ရှင်း= ဥပစာရ ဘာဝနာ ကုသိုလ်, ကြိယာစိတ်+ စေတသိက်များစွာ ရှိပါလျက် သမာဓိခေါ် ကေဂ္ဂတာ ၁ခုတည်းဖြင့် အမည်ပေးလို့ ကေဒေသူပစာ ဟူလို (နောက်အပ္ပနာသမာဓိ ၎င်းနည်း)

အပ္ပနာသမာဓိ = အပ္ပနာ ဘာဝနာပင် (သမာဓိဖြင့် အမည် မှည့် လို (ကေဒေသူပစာ)

ဘာဝနာ, နိမိတ်, ကမ္မဋ္ဌာန်းတွဲပုံဇယား

ပရိကမ္မဘာဝနာ	ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်	ကမ္မဋ္ဌာန်း ၄၀
ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ၊	ပဋိဘာဂနိမိတ်၊	ကသိုဏ်းပညတ် ၁၀ အသုဘပညတ် ၁ ကာယဂတာသတိ ၁ အာနာပါနဿတိ ၁=၂၂

ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ

၂၈။ ကထံ အာဒိကမ္မိကဿဟိ ပထဝီမဏ္ဍလာဒီသု နိမိတ္တံ ဥဂ္ဂဏှန္တဿ တမာရမ္မဏံ ပရိကမ္မနိမိတ္တန္တိ ပဝုစ္စတိ။
သာ စ ဘာဝနာ ပရိကမ္မဘာဝနာ နာမ။

ပထဝီမဏ္ဍလာဒီသု=ယခင် ၂၂ (ကသိုဏ်း ၁၀+အသုဘ ၁၀+ ကာယဂတာ
သတိ ၁ +(အာနာပါနဿတိ)

နိမိတ္တံဥဂ္ဂဏှန္တဿ=မျက်စိဖြင့်ကြည့်၍ အာရုံပြုရသော အာရုံ(၂၂)

ပရိကမ္မနိမိတ္တံ=၎င်းအာရုံကို ပရိကမ္မနိမိတ် အမည်ပေး။

ပရိကမ္မဘာဝနာ=ကသိုဏ်းဝန်းကို မျက်စိဖြင့် ကြည့်၍ ဦးစွာ ပွားများရလို့
ဘာဝနာကို ပရိကမ္မဘာဝနာ ခေါ်။

အာဒိကမ္မိကဿ=ကမ္မဋ္ဌာန်း ထိုင်စ ပုဂ္ဂိုလ်။

ရှင်း= ၁။ ရှေ့ဦးစွာ သီလကို စင်ကြယ်စေရမည်။

၂။ ပလိဗောဓကြီး ၁၀ ပါးကို ဖြတ်တောက်ရမည်။

၃။ လေးစားလောက်သည့် အရည်အချင်းရှိ ကလျာဏမိတ္တကို ချဉ်း
ကပ်ရမည်။

၄။ မိမိစရိုက်နှင့် လျော်တဲ့ ကမ္မဋ္ဌာန်းကို ယူရမည်။

၅။ အပြစ် ၁၈ ပါးကင်းတဲ့ ကမ္မဋ္ဌာန်းကျောင်း ရစေရမည်။

၆။ လျောက်ပတ်သော အင်္ဂါ ၅ပါးနှင့် ပြည့်စုံတဲ့ ကျောင်းဖြစ်စေရ
မည်။

၇။ ခေါင်းရိတ် လက်သည်းလှီး စသည့် ပလိဗောဓငယ် မရှိစေရ။

၈။ ကသိုဏ်းဝန်း ရှေ့ထား (သို့) ထွက်သက် ဝင်သက်(သို့) အသုဘ
(သို့) ကောဋ္ဌာသတို့၌ စိတ်ကိုထား။

၉။ ပထဝီ ပထဝီ စသည်စီးဖြန်း(အဦးဆုံး ပွားများလို့ ၎င်းဘာဝနာ
ကို ပရိကမ္မဘာဝနာခေါ်။ ၎င်း၏ အာရုံ ၂၂ကို မျက်စိဖြင့်ကြည့်
၍ အာရုံယူရလို့ ပရိကမ္မနိမိတ်ခေါ်)

၂၉။ ယဒါ ပန တံ နိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ။
စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ အာပါထမာဂတံ
တဒါတမေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ။
သာ စ ဘာဝနာ သမာဓိယတိ၊

စိတ္တေန=မျက်စိဖြင့် မကြည့် စိတ်နဲ့တွေးပြီး အာရုံယူ။

ပဿန္တဿ=ဣဝ=မျက်စိနဲ့ မြင်တဲ့အတိုင်း စိတ်မှာ ထင်လာသည်။

မနောဒွါရဿ=၎င်းအချိန်မှာ မနောဒွါရ ဝီထိသာ၊။

ဥဂ္ဂဟနိမိတ္တံနာမ=မျက်စိနဲ့ မကြည့်ပဲ စိတ်မှာထင်တဲ့ အာရုံကို ဥဂ္ဂဟနိမိတ်
 အမည်မှည့်။

သာစ=ဘာဝနာကတော့ ပရိကမ္မ ဘာဝနာပင်။

သမာဓိယတိ=ပရိကမ္မဘာဝနာပင် ဖြစ်သော်လည်း တည်ကြည်မှု ပိုလာသည်။

၃၀။ တထာသမာဟိတဿ ပနေတဿ တတော ပရံ တသ္မိံ ဥဂ္ဂဟနိမိတ္တေ ပရိကမ္မသမာဓိနာ ဘာဝနံ မနုယုဉ္ဇန္တဿ ယဒါတပ္ပဋိဘာဂံ ဝတ္ထုဓမ္မဝိမုစ္စိတံ ပညတ္တိသင်္ခါတံ ဘာဝနာမယံ မာရမ္မဏံ စိတ္တေ သန္နိသိန္နံ သမပ္ပိတံ ဟောတိ။ တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ။

၃၁။ တတော ပဋ္ဌာယပရိဗန္ဓဝိပ္ပဟီနာ ကာမာဝစရသမာဓိသင်္ခါတာ ဥပစာရဘာဝနာ နိပ္ဖန္နာ နာမ ဟောတိ။

တထာ သမာဟိတဿ=ယခင့်ထက် ပိုမိုတည်ကြည်တဲ့ ပုဂ္ဂိုလ် (ဌာနျူပစာ)

၎င်း= သမာဓိနှင့် စိတ်တို့၏ တည်ကြည်တဲ့ အမည်ကို ပုဂ္ဂိုလ်၌ မှည့်လို့။

အနုယုဉ္ဇန္တဿ=(ဒုတိယ) ပရိကမ္မဘာဝနာအဆင့်ဖြင့် အားထုတ်သူ။

တပ္ပဋိဘာဂံ=၎င်းပုဂ္ဂိုလ်၏ အာရုံသည် ဥဂ္ဂဟ နိမိတ်နှင့် တူသည်။

၎င်း= စိတ်ဖြင့် တွေးယူရတဲ့ ဥဂ္ဂဟနိမိတ် အစစ် မဟုတ် (အတုသာ)

ဝတ္ထုဓမ္မဝိမုစ္စိတံ=၎င်းအာရုံသည် ပရမတ္ထ မဟုတ် (မူလကသိုဏ်းဝန်းမဟုတ်
 တော့ပြီ)

ဘာဝနာမယံ=၎င်းအာရုံကို ဘာဝနာဖြင့်သာ ယူနိုင်(အခြားနည်းနဲ့မယူနိုင်)

စိတ္တေ=၎င်းအာရုံသည် မနောဒွါရခေါ် စိတ်၌သာ ထင်သည်။ (မျက်စိအာရုံ
 မဟုတ်တော့ပါ)

ပဝုစ္စတို=၎င်းအာရုံကို ပဋိဘာဂနိမိတ် ခေါ်။

ရှင်း =ဥဂ္ဂဟနိမိတ်အဆင့် အာရုံသည် စိတ်ဖြင့် တွေးမှ ထင်သည်။
ဤပဋိဘာဂနိမိတ်အဆင့် အာရုံသည် မတွေးပဲနဲ့ စိတ်မှာ ထင်သည်၊

သတိ= ပဋိဘာဂအဆင့် အာရုံသည်=မူလကသိုဏ်းဝန်းလည်း မဟုတ်၊ ပရမတ်လည်း မဟုတ်၊ မူလကသိုဏ်းဝန်းနှင့်တူတဲ့ ပညတ်အာရုံ။
ထို့ကြောင့် ၎င်းကို အာရုံပြုတဲ့ ဈာန်များ၏ အာရုံတို့ကို ပညတ် ၂၅, ပညတ် ၁၄, ပညတ် ၁၂ စသည်ဖြင့် ပညတ်အာရုံဟု အမည်တပ်သုံးကြသည်။

ပရိဗန္ဓဝိပ္ပဟိနာ=ပဋိဘာဂနိမိတ်အဆင့် ရောက်တဲ့ အာရုံကို အာရုံပြုပြီး ပွားများတဲ့ ဥပစာရဘာဝနာ၌ သမာဓိသည် ကာမာဝစရ အဆင့်မှာပဲ ရှိသေး၏။

သို့သော်လည်း နီဝရဏကိုတော့ ဝိက္ခမ္ဘန ပဟာန်ဖြင့် ခွာနိုင်သည်။ ထို့ကြောင့် နီဝရဏကို ခွာသည်မှ ဈာန်၏ ရှေ့ ဂေါတြဘူ အထိ ဘာဝနာကို ဥပစာရ ဘာဝနာခေါ်ဟု ပြခဲ့သည်။
(ပရိဗန္ဓ=နီဝရဏတည်းဟူသော ဘေးရန်)

ရူပဈာန်ဖြစ်ပုံ

၄၂။ **တတော** ပရံ တဒေမဝ ပဋိဘာဂနိမိတ္တံ **ဥပစာရသမာဓိနာ**
သမာသေဝန္တဿ ရူပါဝစရပဌမဇ္ဈာနံ မပ္ပေတိ။

ဥပစာရသမာဓိနာ=၎င်းပဋိဘာဂနိမိတ် ကိုပင် ကာမာဝစရ သမာဓိ ထက် အဆင့် မြင့်သော ဥပစာရ ဘာဝနာဖြင့် ဆက်သက် ပွားများ တဲ့ ပုဂ္ဂိုလ်အား ရူပါဝစရ ပဌမဈာန် ဖြစ်တော့၏။

အမှာ=၎င်းဈာန်ကိုပင် အပ္ပနာဘာဝနာ ခေါ်သည်။

ထို့ကြောင့် ပဋိဘာဂနိမိတ်၌ ၁။ ဥပစာရဘာဝနာ။
၂။ အပ္ပနာဘာဝနာ=၎င်း ၂ ပါးကို ရ၏ဟု ဇယား၌ ပြခဲ့သည်။

အာဒိကမ္မိကဈာန်ရပုံ=န ဒ မ ပ ဥ နု ဂေါ ဈာန် (မန္ဒ)
န ဒ မ × ဥ နု ဂေါ ဈာန် (တိက္ခ)

F.59

ဒုတိယဈာန် စသည် ဖြစ်ပုံ

၃၃။ တဒေတာ ပရံ တမေဝ ပဌမဇ္ဈာနံ အာဝဇ္ဇနံ သမာပဇ္ဇနံ အဓိဋ္ဌာနံ ဝုဋ္ဌာနံ ပစ္စဝေက္ခဏာစေတိ ဣမာဟိ ပဉ္စဟိ ဝသီတာဟိ ဝသီဘူတံ ကတွာ ဝိတက္ကာဒိကံ, မောဠာရိကင်္ဂံ ပဟာနာယ ဝိစာရာဒိသုခုမင်္ဂုပ္ပတ္တိယာ ပဒဟတော ယထာက္ကမံ ဒုတိယဇ္ဈာနာဒယော ယထာရဟ, မပ္ပေန္တိ။

အမှာ=ရပြီးစျာန်ကို နှစ်သက် ကျေနပ်နေလျှင် အဆင့်မြင့်တဲ့ စျာန်ရရန် အားထုတ်မည် မဟုတ် (ဓမ္မတာ)

ရပြီးစျာန်ကို လည်းကောင်း စျာန်အင်္ဂါကို လည်းကောင်း ပြန်လှန် လေ့လာလို့ အပြစ်မြင်လာလျှင် ဧထက်အထက် စျာန်ကို လိုချင်စိတ် ပေါ်လာမည်(ဓမ္မတာ)

ပြန်လှန်လေ့လာတာကို ဝသီဘော် ခေါ်သည်။

ပဌမစျာန် ရပြီးသူ အတွက် တမေဝ ပဌမဇ္ဈာနံ=ထိုရပြီး ပဌမစျာန်ကိုပင်၊

၁။ အာဝဇ္ဇနဝသီဘော်=စျာန်အင်္ဂါ ၁ခုစီ ၁ခုစီကို ဆင်ခြင် လေ့လာမှု။

အာဝဇ္ဇနဝသီဘော်ဝိထိ=န ဒ မ ဒေ ဒေ ဇေ ဇေ ဇေ ဇေ ဖြစ်ထိုက်သမျှ (ရိုးရိုးပစ္စဝေက္ခဏာဝိထိအတိုင်းပင်) ၎င်းသည် စျာန်အင်္ဂါကို အာရုံပြု၏။

၂။ သမာပဇ္ဇနဝသီဘော်= ပြန်လှန်လေ့လာသည့်အနေဖြင့် ရပြီး စျာန်ကို ဝင်စားမှု။

သမာပဇ္ဇနဝသီဘော်ဝိထိ=န ဒ မ ပ ဥ နု ဂေါ စျာန် များစွာ။

န ဒ မ × ဥ နု ဂေါ စျာန် များစွာ

(ဤသို့ဝင်စား) (ရိုးရိုး သမာပဇ္ဇန ဝိထိအတိုင်းပင်)

၃။ အဓိဋ္ဌာနဝသီဘော်=ဘယ် အချိန် အထိ ဝင်စား မည်ဟု အ ချိန် ကို ကန့်သတ်၍ အဓိဋ္ဌာန်ပြုခြင်း (ဝါ) ဆောက်တည်ခြင်း (ပြန်လည် လေ့လာမှုပင်)

အဓိဋ္ဌာနဝသီဘော်ဝိထိ=န ဒ မ ဇေ ဇေ ဇေ ဇေ ဇေ ဇေ (ရိုးရိုး မနောဒွါရဝီထိပင်) (အချိန်ကန့်သတ်ခြင်း အဓိဋ္ဌာန်ပညတ်အာရုံပြု)

၄။ ဝုဋ္ဌာနဝသီဘော်=အချိန်စေ့လျှင် စျာန်မှ ထရန် ဆောက်တည်ခြင်း။

ရှင်း= စျာန်မှထခြင်းဟူသည်=ဝင်စားစဉ်ဖြစ်နေတဲ့ စျာန်များ ဆက်မဖြစ်ပဲ ရပ်သွားခြင်း။

ဆောက်တည်ခြင်း ဟူသည်=အချိန် စေ့ လျှင် စျာန်, ရပ် သွား ရန် အဓိဋ္ဌာန်ပြုခြင်း၊

ဝုဋ္ဌာနဝသီဘော်ဝီထိ=န ဒ မ ဧ ဧ ဧ ဧ ဧ ဧ ဧ (ရိုးရိုးမနောဒွါရဝီထိပင်) (စျာန်ရပ်ရန်အဓိဋ္ဌာန်ပြုခြင်း ပညတ်ကို အာရုံပြု)

၅။ ပစ္စဝေက္ခဏာဝသီဘော်=ဝင်စားပြီး စျာန် ကို ပြန် လှန် ၍ ဆင် ခြင် လေ့ လာခြင်း။

ပစ္စဝေက္ခဏာဝသီဘော်ဝီထိ=န ဒ မ ဧ ဧ ဧ ဧ ဧ ဧ ဧ(၎င်း ဝီထိဖြင့်စျာန်အကြောင်း ကောင်းကောင်းသိ)

အမှာ=၁။ အာဝဇ္ဇနဝီထိ။

၂။ ပစ္စဝေက္ခဏာဝီထိ=၂မျိုးတို့၌ ဇော၄ကြိမ်၅ကြိမ် ဆိုကြသေး၏။ သင့်အံ့မထင် အလျင်တလို အပြိုင်အဆိုင်မဟုတ်လို့။

နှိုင်းယှဉ်=အာဝဇ္ဇနဝသီဘော်= မနောဒွါရာဝဇ္ဇန်း၏ အစွမ်း သတ္တိ (စျာန်အင်္ဂါကို အာရုံပြု) (ဇော ၄ ကြိမ် ၅ ကြိမ်ဟု ဋီ ဆို၏။ သင့်အံ့မထင် အလျင်တလို မဟုတ်လို့)

ပစ္စဝေက္ခဏာဝသီဘော်=ပစ္စဝေက္ခဏာ ဇော၏ အစွမ်းသတ္တိ (စျာန်ကို အာရုံပြု)

သတိ=ပစ္စဝေက္ခဏာဝသီဘော်ကြောင့် စျာန်အကြောင်း ကောင်းကောင်းသိဟူလို။

အမှာ=မနောဒွါရာဝဇ္ဇန်းက စတင် လေ့ လာ၍ ဥပလက္ခဏာ အားဖြင့် ၎င်း မနောဒွါရာဝဇ္ဇန်းကို ခေါင်းတပ်၍ အာဝဇ္ဇနဝသီဘော်ဟု အမည်ပေးသည်၊ အခြားဝီထိစိတ်များလည်း လေ့ လာသည်ပင်။

ပစ္စဝေက္ခဏာဇော၏ သတ္တိလည်း ၎င်းနည်းပင်။(ဥပလက္ခဏာပင်ဟူလို)

ဝိတက္ကာဒိကံ-အာဒိ=ဝိစာရ,ပီတိ,သုခ၊

သြဠာရိကင်္ဂပဟာနာယ=ဝသီဘော် ၅မျိုးဖြင့် လေ့လာလို့ ဈာန်အင်္ဂါနှင့် ဈာန်အကြောင်းအသေအချာသိသဖြင့်ရုန့်ရင်းကြမ်းတမ်းသော ဈာန်အင်္ဂါကို ပယ်ချင်လာသည်။

အမှာ=ဉာဏ်မထက်သူ ဖြစ်လျှင် ဝိတက်၁ခု၏ အပြစ်ကို မြင်ပြီး ဝိတက်၁ခုကိုသာ ပယ်ချင်သည်။

ဉာဏ်ထက်သူ ဖြစ်လျှင် ဝိတက်+ ဝိစာရ= ၂ခုလုံး၏ အပြစ်ကို မြင်ပြီး ၂ခုလုံးကို ပယ်ချင်သည်။

ထို့ကြောင့် ပဉ္စကနည်း ဈာန်၅မျိုးဖြစ်သည်(ဝိတက်၁ခုသာပယ်လို့)

စတုက္ကနည်းဈာန်၄မျိုးဖြစ်သည် (ဝိတက်+ဝိစာရ=၂ပါးစုံ ပယ်လို့)

ဝိစာရာဒိသုခမင်္ဂုပ္ပတ္တိယာ=ဝိစာရ,ပီတိ,သုခ,ဥပေက္ခာ,ဧကဂ္ဂတာဟူသော သိမ်မွေ့တဲ့ ဈာန်အင်္ဂါကို ဖြစ်စေချင်လာသည်။

ပဒဟတော=ဖြစ်စေချင်သည့်အလျောက် ပထဝီ ပထဝီ စသဖြင့် အားထုတ်တော့၏။

ယထာက္ကမံ=ဒုတိယဇ္ဈာနာ ဒယော=အစဉ် အတိုင်း ဒုတိယ ဈာန် စသည်ဖြစ်၏။

ရှင်း= ၁။ ပဌမဈာန်ရပြီးသူ ဝိတက်အပြစ်မြင် အားထုတ် ဒုတိယဈာန်ဖြစ်၊

၂။ ဒုတိယဈာန် ရပြီးသူ ဝိစာရ အပြစ်မြင် အားထုတ် တတိယဈာန်ဖြစ်။

၃။ တတိယ ဈာန် ရပြီးသူ ပီတိ အပြစ်မြင် အားထုတ် စတုတ္ထဈာန်ဖြစ်။

၄။ စတုတ္ထဈာန် ရပြီးသူ သုခအပြစ်မြင် အားထုတ် ပဉ္စမဈာန်ဖြစ်။

စတုက္က=ဝိတက်+ဝိစာရ=၂ပါး အပြစ်မြင် အားထုတ် ဈာန်အင်္ဂါ ၃ ပါးရှိတဲ့ ဒုတိယဈာန်ဖြစ်။

ပီတိ အပြစ်မြင် အားထုတ် သုခ+ ဧကဂ္ဂတာ= ၂ပါးရှိတဲ့ တတိယဈာန်ဖြစ်။

သုခ အပြစ်မြင် အားထုတ် ဥပေက္ခာ+ဧကဂ္ဂတာ=၂ပါးရှိတဲ့ စတုတ္ထဈာန်ဖြစ်။

ယထာရဟာမပွေတ္တိ=၁။ ပဌမစျာန်ဖြစ်အံ့=ပညတ် ၂၅ ကို အာရုံပြု။
၂။ ဒုတိယ,စတုတ္ထစျာန်=တတိယ,ပညတ် ၁၄ အာရုံပြု
၃။ ပဥ္စမစျာန်=ပညတ် ၁၂ကို အာရုံပြု။

စျာန်ရပြီးသူ= ၁။ စျာန်ဟောင်း အပြစ်မြင်ပြီး အားထုတ် သည်မှ စျာန်ဟောင်း၌ နိကန္တိ မကွာသေးမီ စီးဖြန်းတဲ့ ဘာဝနာကို ပရိကမ္မ ဘာဝနာခေါ်။

၂။ စျာန်ဟောင်း၌ နိကန္တိ ကွာသည်မှ စျာန်သစ်၏ ရှေ့ဂေါ်တြဘူအထိစီးဖြန်းတဲ့ဘာဝနာကို ဥပစာရဘာဝနာခေါ်။ (နိကန္တိ=စျာန်ဟောင်းကို နှစ်သက်ခြင်း)

အပ္ပနာဘာဝနာ=စျာန်သစ်များ (အဘေဒ ဘေဒူပစာ အားဖြင့် စျာန်ကို အပ္ပနာ ဘာဝနာ ခေါ်)

ရှင်း= အပ္ပနာခေါ်စျာန်နှင့် ဘာဝနာခေါ် ဖြစ်ပေါ်လာမှု= ၎င်း၂မျိုးမကွဲပြားသော်လည်း ကွဲပြား သကဲ့သို့ အပ္ပနာဘာဝနာဟု မှည့်ခေါ်လို့ အဘေဒဘေဒူပစာ။

၃၄။ ဣစ္စေဝံ ပထဝီကသိဏာဒီသု ဒွါဝီသတိကမ္မဋ္ဌာနေသု ပဋိဘာဂနိမိတ္တံ, မုပလဗ္ဘတိ။

အမှာ=ပဋိဘာဂနိမိတ် ရကောင်းသော ကမ္မဋ္ဌာန်း ၂၂တို့၌ သိဖွယ်ကိုပြပြီးပြီ။
ပြောင်းပြန်= ကြွင်း ကမ္မဋ္ဌာန်း ၁၈ တို့၌ ပဋိဘာဂနိမိတ်ရယ်လို့ မသုံးရ။

၃၅။ အဝသေသေသု ပန အပ္ပမညာ သတ္တပညတ္တိယံ ပဝတ္တန္တိ။

မေတ္တာ=အတိုင်းမသိသော ဒုက္ခိတ,သုခိတ သတ္တဝါပညတ် (မရေတွက်နိုင်တဲ့ သတ္တဝါဟူလို)

ကရုဏာ=အတိုင်းမသိသောဒုက္ခိတသတ္တဝါပညတ်(မရေတွက်နိုင်တဲ့သတ္တဝါ)
မုဒိတာ=အတိုင်းမသိသော သုခိတသတ္တဝါပညတ်(မရေတွက်နိုင်တဲ့သတ္တဝါ)
ဥပေက္ခာ=အတိုင်းမသိသော သတ္တဝါ ပညတ်အားလုံး (မရေတွက် နိုင်တဲ့ သတ္တဝါ)

အရူပဈာန်ဖြစ်ပုံ

၃၆။ အာကာသဝဇ္ဇိတကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဉဂ္ဃာ
ဋေတွာ လဒ္ဓမာကာသံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ
ပဌမာရုပ္ပမုပ္ပဇ္ဇတိ။

ကြိုတင်သတိ=ရူပ ပဥ္စမဈာန်ကို ဝသီဘော် ၅ပါးဖြင့် လေ့လာ။

၁။ ရူပဈာန် ၅ မျိုး၏အာရုံပေါင်းလျှင် ၂၆ (ကသိုဏ်း+ အာန+ အသုဘ+ကာယ+ဗြဟ္မဝိဟာရ)

၂။ ၎င်း ၂၆ ၏ အတုံးအခဲကို အပြစ်ဟုရှု၊ (ဒီအတုံးအခဲတွေကြောင့် နီဝရဏတွေ ဖြစ်တာပေါ့ဟု အပြစ်ပေါ်အောင် တွေးဟူလို)

၃။ ၎င်း ၂၆ ရှိနေသမျှ ရူပဈာန်များ ဖြစ်မြဲဖြစ်မည်။ ၎င်းရူပဈာန် များသည် အတုံးအခဲကို အာရုံပြုလို့ နီဝရဏတွေ ပေါ်ပေါက် လာနိုင်သည်ဟု ဈာန်၌ အပြစ်ရှု။

၄။ ကရဇကာယခေါ် ရုပ်ခန္ဓာကိုယ်ရှိလို့သာ နာ, ကြင့် ကိုက်ခဲ စသည် ဖြစ်၏ဟု ရုပ်ခန္ဓာကိုယ်၌လည်း အပြစ်မြင်အောင်ရှု။

၅။ ဤသို့ အာရုံ ၂၆ ၌လည်းကောင်း၊ ၎င်း ၂၆ကို အာရုံပြုသော ရူပဈာန်၌လည်းကောင်း၊ ရုပ်ခန္ဓာကိုယ်၌လည်းကောင်း အပြစ် မြင်လာသောအခါ-

အာကာသဝဇ္ဇိတကသိဏေသု= အာကာသ ကသိုဏ်း ကြဉ်သော ကသိုဏ်း ၉ ပါးထဲက တခုခုကို အာရုံပြု။

အမှာ=၎င်းအာရုံသည် အောက်ဈာန်များ ပြုနေကြ အာရုံ ဖြစ်လို့ အထူး အားမထုတ်ရပဲ ပဋိဘာဂနိမိတ် အာရုံ အနေဖြင့် အလွယ်တကူပင် အာရုံအဖြစ် ပေါ်ပေါက်လာသည်။

ဉဂ္ဃာဋေတွာ= ဤသို့ ပေါ်ပေါက် လာသော ၎င်းအာရုံကို နှလုံးမသွင်းပဲ အာကာသဟင်းလင်းပြင်ကို အာရုံပြုရလျှင် ကောင်းမှာပဲဟု စဉ်းစား။ ဤသို့ စဉ်းစားလျှင် ၎င်းအာရုံပျောက်သွားမည်။

လဒ္ဓမာကာသံ= ၎င်းအာရုံ ပျောက်၍ ဟင်းလင်းဖြစ်နေမှုကိုပင် ကသိဏုဂ္ဃာဋိမာကာသ ခေါ်သည်။

အနန္တဝသေနပရိကမ္မံ= ကသိဏုဂ္ဃာဋိမာကာသကိုပင် အာကာသံ အနန္တံ အာကာသံ အနန္တံ။

တနည်း=အာကာသော အနန္တော အာကာသော အနန္တောဟု(စီးဖြန်း)

ပဌမာရုပ္ပံ=၎င်းကသိဏုဂ္ဃာဋိမာကာသကို အာရုံပြုတဲ့ အာကာသာနဉ္စာယတန စိတ် ဖြစ်မည် (၎င်း၏အာရုံ အာကာသဖြင့် အမည်ပေးသည်)

အမှာ=အာကာသ မပါပဲ အနန္တံ၊ အနန္တောချည်း မစီးဖြန်းရ။

ပရိကမ္မဘာဝနာ=စီးဖြန်းစမှ နိကန္တိ မကွာမီ ပွားများခြင်း။

ဥပစာရဘာဝနာ=ပဌမစျာန်၌တပ်ခြင်း နိကန္တိ ကွာသည်မှ အာကာသာနဉ္စာယတနစိတ်၏ ရှေ့ဂေါတြဘူ အထိ ပွားများခြင်း။

အပ္ပနာဘာဝနာ=အာကာသာနဉ္စာယတနစျာန်စိတ်ဖြစ်ခြင်း။

၃၇။ **တမေဝ ပဌမာရုပ္ပဝိညာဏံ အနန္တဝသေန ပရိကမ္မံ ကရောန္တဿ ဒုတိယာရုပ္ပံ မပ္ပေတိ။**

ကြိုတင်သတိ=ရပြီး အာကာသာနဉ္စာယတန စိတ် ကို ဝသီဘော် ၅ ပါးဖြင့် လေ့လာ (သဘောကို ပိုင်နိုင်အောင် အားထုတ်မှု)

အနန္တဝသေန ပရိကမ္မ=လေ့လာသဖြင့် ၎င်းအာကာသာနဉ္စာယတန စိတ်၏ အာရုံဖြစ်သော ကသိဏုဂ္ဃါဋိမာကာသသည် ဥပါဒ်, ဌီ, ဘင် မရှိတဲ့ အနန္တကြီးပါတကား ဟူ၍ လည်းကောင်း၊

၎င်းအနန္တကို အာရုံပြုသော အာကာသာနဉ္စာယတနစိတ်သည်လည်း ၎င်းကသိဏုဂ္ဃာဋိမာကာသ ကဲ့သို့ပင် အနန္တကြီးပါ တကား ဟူ၍ လည်းကောင်း အပြစ်မြင်လာလိမ့်မည်။

တနည်း=ရူပ ပဌမစျာန် ဟူသော ရန်သူနီး၏ဟူ၍လည်း အပြစ်မြင်တတ်သည်။

အနန္တဝသေနပရိကမ္မံ= ဤသို့ အပြစ် မြင်ပြီးနောက် ၎င်းအာကာသာနဉ္စာယတန ဝိညာဏ်ကို အာရုံ ပြုလျက်၊ ဝိညာဏံ အနန္တံ ဝိညာဏံ အနန္တံ ဟု (စီးဖြန်း)

၁။ စီးဖြန်းခါစ ဘာဝနာကို ပရိကမ္မဘာဝနာခေါ်၏။

၂။ ပဉ္စမာရုပ္ပဈာန် တပ်ခြင်း နိကန္တိ ကုန်ချိန်မှ ဂေါတြဘူ အထိ ဥပစာရဘာဝနာ။

၃။ ရလာသော ဝိညာနဉ္စာယတနကို အပ္ပနာဘာဝနာခေါ်၏။

၃၀။ တမေဝ ပဉ္စမာရုပ္ပဝိညာဏာဘာဝံ ပန နတ္ထိ ကိဉ္စိတိ ပရိကမ္မံ ကရောန္တဿ တတိယာရုပ္ပံ ပဝတ္တတိ။

ကြိုတင်သတိ=ရပြီး ဒုတိယာရုပ္ပ ဈာန်ကို ဝသီဘော် ၅ ပါးဖြင့် လေ့လာ (ပိုင်သထက် ပိုင်အောင်လုပ်ခြင်းပင်)

လေ့လာသဖြင့် ရပြီး ဝိညာဏဉ္စာယတနစိတ်သည် အာကာသာနဉ္စာယတနကိုပင် အာရုံပြုသဖြင့် အာကာသာနဉ္စာယတန ဟူသော ရန်သူ ရှိ၏ဟု အပြစ်မြင်လိမ့်မည်။

ဘာမျှမရှိလျှင် ကောင်းမည်ဟုလည်း တွေးမိလိမ့်မည်။

နတ္ထိကိဉ္စိတိပရိကမ္မံ=တွေးမိပြီးနောက် ဘာမျှမရှိတဲ့ ပညတ်ကို အာရုံယူလျက် နတ္ထိ ကိဉ္စိ နတ္ထိ ကိဉ္စိ ဟု ပွားများရမည်။ (ဘာမျှမရှိ၊ နတ္ထိဘော ပညတ်ခေါ်)

၁။ ပွားများစ ပရိကမ္မဘာဝနာ။

၂။ နိကန္တိ ခွါပြီးမှ ဂေါတြဘူ အထိ ဥပစာရဘာဝနာ။

၃။ နတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ္စညာယတန ဈာန်ကို အပ္ပနာဘာဝနာခေါ်၏။

၃၉။ တတိယာရုပ္ပံ သန္တံ မေတံ ပဏီတံ မေတန္တိ ပရိကမ္မံ ကရောန္တဿ စတုတ္ထာရုပ္ပံ ပဝတ္တတိ။

ကြိုတင်သတိ=ရပြီး တတိယာရုပ္ပကို ဝသီဘော် ၅ ပါးဖြင့် လေ့လာ (ပိုပြီး ပိုင်ပိုင်သိအောင်လုပ်ခြင်းပင်)

လေ့လာပြီးနောက် ရပြီးအာကိဉ္စညာယတနသည် မရှိခြင်း နတ္ထိဘော ပညတ်ကို အာရုံပြုနိုင်သဖြင့် ငြိမ်သက်၏၊ မွန်မြတ်၏ ဟု သိလာလိမ့်မည်။

ငှင်းထက် ပိုငြိမ်သက်လျှင် ပိုမွန်မြတ်လျှင်၊ ကောင်းမည်ဟုလည်း တွေး မိလိမ့်မည်။

ပရိကမ္မံ=ဤသို့ တွေးမိပြီးနောက် အာကိဉ္စညာယတနကိုပင် အာရုံ ယူလျက် သန္တမေတံ ပဏီတမေတံဟု စီးဖြန်းရမည်။

(ဤတတိယာရုပ္ပသည် သိမ်မွေ့၏ မွန်မြတ်၏ ဟူလို)

၁။ ယခင်အတိုင်း စီးဖြန်းစ ပရိကမ္မဘာဝနာ။

၂။ နိကန္တိ ကွာသည်မှ ဂေါတြဘူအထိ ဥပစာရဘာဝနာ။

၃။ ရလာသော နေဝသညာနာသညာယတနကို အပ္ပနာဘာဝနာ ခေါ်၏။

၄၀။ အဝသေသေသု စ ဒသသု ကမ္မဋ္ဌာနေသု ဗုဒ္ဓဂုဏာဒိက, မာရမ္မဏ, မာရဗ္ဘ ပရိကမ္မံ ကတွာ တသ္မိံ နိမိတ္တေ သာဓုက, မုဂ္ဂဟိတေ တတ္ထေဝ ပရိကမ္မဉ္စ သမာဓိယတိ ဥပစာရော စ သမ္ပဇ္ဇတိ။

ဒသသု=ဗုဒ္ဓါနုဿတိစသော ၈
အာဟာရေပဋိကူလသညာ ၁
စတုဓာတုဝဝတ္ထာန် ၁=၁၀။

ဗုဒ္ဓဂုဏာဒိကံ=သောဘဂဝါ ဣတိပိ အရဟံ စသည် (ဗုဒ္ဓါနုဿတိ)
သွာက္ခာတော ဘဂဝတာ ဓမ္မော စသည် (ဓမ္မာနုဿတိ)
သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော စသည် (သံဃာနုဿတိ)
မကျိုး မပျက်တဲ့ သီလဂုဏ် (သီလာနုဿတိ)
စွန့်ကြဲပေးကမ်းခြင်း၏ ဂုဏ်ကျေးဇူး (စာဂါနုဿတိ)
မိမိမှာရှိတဲ့ သဒ္ဓါစသည်တို့၏ ဂုဏ်ကျေးဇူး(ဒေဝတာနုဿတိ)
နိဗ္ဗာန်၏ ဂုဏ်ကျေးဇူး (ဥပသမာနုဿတိ)
သေခြင်း၏ အကျိုးအပြစ် (မရဏာနုဿတိ)
၃၂ ကောဋ္ဌာသ၏ အကျိုးအပြစ် (ကာယဂတာသတိ)
အစာအာဟာရ၌ အကျိုးအပြစ် (အာဟာ ရေပဋိကူလသညာ)

၃၂ကောဋ္ဌာသကို ခါတ် ၄ ပါးဖြင့် ဝေဖန်၍ တွေ့သည့် အကျိုး အပြစ် (စတုဓာတု ဝဝတ္ထာန်)

သာဓုကမုဂ္ဂဟိတေ=ဂုဏ်ကိုအာရုံယူနိုင်ယင်(စိတ်တွင်ဂုဏ်ပေါ်လာယင် ဟူလို)

ပရိကမ္မဥသမာဓိယတိ=ပရိကမ္မ သမာဓိအဆင့်ရောက်၏ ဟူ၍ လည်းကောင်း။

ဥပစာရောစသမ္ပဇ္ဇတိ= နိဝရဏကို ခွာပြီးနောက် ဥပစာရ သမာဓိ အဆင့် ရောက်၏ဟူ၍ လည်းကောင်း မှတ်။

အမှာ=အပ္ပနာ သမာဓိ အဆင့်တော့ မရောက်နိုင် (ဂုဏ်အာရုံ ၁၀ ခုသည် ပရမတ္ထ ဖြစ်ခြင်း၊ အရေးအတွက်များခြင်း၊ ၁ ပါးစီ၏သဘော နက်နဲခြင်းတို့ကြောင့် အပ္ပနာ ခေါ် ဈာန်မရနိုင် ဟူလို)

ဈာန်ကို အလိုရှိလျှင် ကျန် ကမ္မဋ္ဌာန်း ၃၀ ထဲက တခုခုကို ဆက်လက် ပွားများမှသာ အပ္ပနာခေါ် ဈာန်အဆင့် ရောက်မည်။

အဘိညာဉ်ဖြစ်ပုံ

၄၁။ အဘိညာဝသေန ပဝတ္တမာနံ ပန ရူပါဝစရပဥ္စမဇ္ဈာနံ အဘိညာပါဒကပဥ္စမဇ္ဈာနာ ဝုဋ္ဌဟိတွာ အဓိဋ္ဌေယျာဒိက, မာဝဇ္ဇေတွာ ပရိကမ္မံ ကရောန္တဿ ရူပါဒိသု အာရမ္မဏေသု ယထာရဟမပ္ပေတိ။

အဘိညာဝသေနပဝတ္တမာနံ ရူပါဝစရပဥ္စမဇ္ဈာနံ=အဘိညာဉ်ဆိုတာ သီးခြား တရားတမျိုး မဟုတ်။

အသိထူးသော ပဥ္စမဈာန်၌ ယှဉ်သော ပညာ (ဝါ) ပဥ္စမဈာန်ပင်။ (ပြုရိုး ပြုစဥ်ဖြစ်တဲ့ အာရုံ ၁၂ ပါးတင်မက အမျိုးမျိုးကို အာရုံပြုနိုင် သိနိုင်တာကို အသိထူးသည်ဟု ဆိုသည်)

အဘိညာပါဒကပဥ္စမဇ္ဈာနာ=အခြေခံသည့် သဘောဖြင့် ရိုးရိုး ပဥ္စမဈာန်ကို ရှေ့ဦးစွာ ဝင်စားရမည်။

အမှာ=သမာဓိကို မွေးသည့် သဘော။

တနည်း=အဘိညာဉ်လုပ်ငန်း လုပ်နိုင်အောင် စိတ်ကို ဆုံးမသည့် သဘော။

အဓိဋ္ဌေယျာဒိကံ အာဝဇ္ဇေတွာ=ချာန်မှထပြီး အဓိဋ္ဌေယျ စသော ကိစ္စတွေကို ကြိုတင် ဆင်ခြင် စဉ်းစား။

ပရိကမ္မံ=ဣဒ္ဓိဝိဓ=ကိုယ်တူ ၁၀၀၊ ၁၀၀၀ လုပ်မည် စသည်ကို စဉ်းစား၍ သတံ ဟောမိ သဟဿံ ဟောမိ စသည် စီးဖြန်း။

ဒိဗ္ဗသောတ=ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားအောင်လုပ်မည်ဟု စဉ်းစား၍၊

ဒူရေ သဒ္ဒံ သုဏောမိ၊ ပဋိစ္ဆန္နေ သဒ္ဒံ သုဏောမိ၊ သဏှံ သဒ္ဒံ သုဏောမိ၊ သုခုမံ သဒ္ဒံ သုဏောမိ စသည် စီးဖြန်း။

ပရစိတ္တ ဝိဇာနန= သူ တပါး၏ စိတ် ကို သိအောင် လုပ်မည်ဟု စဉ်းစား၍၊

ပရဿ စိတ္တံ ဇာနာမိ ဟူ စီးဖြန်း (ငင်းကိုပင် စေတောပရိယ ခေါ် သေး၏)

ပုဗ္ဗေနိဝါသာနုဿတိ=ရှေးဘဝ၌ ဖြစ်ခဲ့ဘူးသော စိတ်, စေတသိက် ရုပ် ဟု ဆိုအပ်သော ခန္ဓာ ၅ ပါး၊ ထို ခန္ဓာ ၅ ပါးမှ လျော၍ သိအပ်သော နိဗ္ဗာန်၊ အမည် အမျိုး စသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆ ပါးကို သိအောင်လုပ်မည်ဟု စဉ်းစား၍၊
ပုဗ္ဗေ နိဝုတ္ထက္ခန္ဓံ ဇာနာမိ ဟု စီးဖြန်း။

ဒိဗ္ဗစက္ခု=ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ဖြစ်သော ပစ္စုပ္ပန် ရူပါရုံကို သိအောင် လုပ်မည်ဟု စဉ်းစား၍။

ဒူရေ ရူပံ ပဿာမိ၊ ပဋိစ္ဆန္နေ ရူပံ ပဿာမိ၊ သဏှံ ရူပံ ပဿာမိ၊ သုခုမံ ရူပံ ပဿာမိ စသည် စီးဖြန်း။

စဉ်းစားဝီထိ= န ဒ မ ဧ ဧ ဧ ဧ ဧ ဧ ဧ (ရုံ ရုံ)

ပရိကမ်ဝီထိ=ငင်းအတိုင်း(အဓိဋ္ဌာန်ဝီထိလည်းခေါ်၊ စီးဖြန်းဝီထိလည်းခေါ်)

အမှာ=အာရုံသည် ကာမစိတ်, စေတသိက်, ရုပ် ၂၈ ထဲက တခုခုဖြစ်လျှင် တဒါရုံ ချ ကာမဘုံသား အတွက်)

ယထာရဟာမပ္ပေတိ=စီးဖြန်းသည့် အတိုင်း(ဝါ) ပရိကမ် ပြုသည့်အတိုင်း(ဝါ) အဓိဋ္ဌာန် ပြုသည့် အတိုင်း။

F-60

သက်ဆိုင်ရာ အာရုံများကို အာရုံပြုလျက် အဘိညာဉ် ဖြစ်၏။
အဘိညာဉ်လဲ ဖြစ်ကရော စီးဖြန်းထားသည့် ကိစ္စများလဲ ဖြစ်ကြရော။
(အဘိညာဉ်က လုပ်ပေးသည် ဟူလို)

အဘိညာဉ်ဝီထိ=န ဒ မ ပ ဉ နု ဂေါ ညာ (မန္ဒ)
န ဒ မ + ဉ နု ဂေါ ညာ (တိက္ခ)

အမှာ=ပါဒက, အဓိဋ္ဌာန်, တဖန်ပါဒက, အဘိညာ ဝီထိကျ။
ဒုတိယပါဒက အချို့မှာ ဖြစ်၊ အချို့မှာ မဖြစ်။

မှတ်ချက်=ယခုပြသည့် အစီအစဉ်သည် စာကိုယ်အတိုင်း၊ ဒုတိယ ပါဒကကို မထည့်ပါ။
ပရိကမ်နှင့် အဓိဋ္ဌာန်တို့၏ (ဗမာလို စီးဖြန်းဟူလို)

အဘိညာဏ် ၅ ပါး

၄၂။ အဘိညာ စ နာမ
ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနာ။
ပုဗ္ဗေ နိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။
အယမေတ္ထ ဂေါစရဘေဒေါ။

အမှာ=အဘိညာဉ်သည် တခုတည်းပင် ဖြစ်သော်လည်း အာရုံအမျိုးမျိုး ပြားသဖြင့် အဘိညာဉ်ကို ၅ မျိုး ခွဲပြပါသည်။

ဣဒ္ဓိဝိဓအဘိညာဏ်=တန်ခိုးဖြင့် အမျိုးမျိုး ဖြစ်စေတတ်တဲ့ အဘိညာဏ် (ဖန်ဆင်းလည်းဟူ)

ဒိဗ္ဗသောတအဘိညာဏ်=နတ်တို့၏ နားကဲ့သို့ ရိုးရိုး နားဖြင့် မကြားနိုင်တဲ့ အသံကို ကြားနိုင်တဲ့ အဘိညာဏ်။

ပရစိတ္တဝိဇာနနအဘိညာဏ်=သူတပါး၏စိတ်ကိုသိတဲ့ အဘိညာဏ်(နှလုံးသွေး အရောင်ဖြင့် သရာဂစိတ် စသည် သိ၏၊ ၎င်းအဘိညာဏ်ဖြင့် လွန်ပြီး ၇ ရက်မှ လာလတ္တံ့ ၇ ရက် အတွင်း စိတ်ကို သိ၏)

ပုဗ္ဗေ နိဝါသာနုဿတိ အဘိညာဏ်=ရှေး၌ ဖြစ်ဘူးသော ခန္ဓာ၊ ၎င်း ခန္ဓာမှ လျောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်, အမျိုး, စကဲ့ ပညတ်ကို သိသော အဘိညာဏ်။

ဒိဗ္ဗစက္ခုအဘိညာဉ်=နတ်မျက်စိကဲ့သို့ ရိုးရိုးမျက်စိဖြင့် မမြင်နိုင်တဲ့ အဆင်းကို မြင်တဲ့ အဘိညာဉ်။

အမှာ=စုတူပပါတအဘိညာဉ်=စုတိ, ပဋိသန္ဓေကို သိတဲ့ အဘိညာဉ်။

ယထာကမ္မူပဂ အဘိညာဉ် ကုသိုလ်, အကုသိုလ်ကံကို သိတဲ့ အဘိညာဉ်။

တနည်း=နာမ်ခန္ဓာ ၄ ပါးကို သိတဲ့ အဘိညာဉ်။

အနာဂတံသ အဘိညာဉ်= လာလတ္တံ့ ၇ ရက်မှ နောက်ပိုင်းဖြစ်တဲ့ အာရုံကို သိတဲ့ အဘိညာဉ်။

တနည်း= ဒုတိယ နေ့မှစ၍ နောက်ပိုင်း ဖြစ်တဲ့ အာရုံကို သိတဲ့ အဘိညာဉ်။

(၎င်းအဘိညာဉ် ၃ မျိုး သည် ပရိကမ် သီးခြား မရှိ၊ ဒိဗ္ဗစက္ခု အဘိညာဉ်၏ ပရိကမ် အတိုင်းပင် ဖြစ်လို့ သီးခြား မပြတော့ပြီ။ ဒိဗ္ဗစက္ခုအဘိညာဉ်၌ သွင်းယူ)

အာသဝက္ခယ ဉာဏ်သည် အဘိညာဉ် မဟုတ်။ အရဟတ္တ မဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်သာ ဖြစ်၍ ဤ၌ မပြဆိုပါ။

အာရုံဆိုရိုး=၁။ ဣဒ္ဓိဝိဓ အဘိညာဉ်အား တပ်သော ပါဒက ဖြစ်သော ရူပါဝစရ ပဉ္စမဈာန်, သတ, သဟာဿ စသော နိမိတ္တ ရုပ်ဟု ဆိုအပ်သော အာရုံ ၆ ပါး။

၂။ ဒိဗ္ဗသောတ အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ပစ္စုပ္ပန် သဒ္ဒါရုံ။

၃။ ပရစိတ္တဝိဇာနန အဘိညာဉ်အား တပ်သော လွန်လေပြီးသော ၇ ရက်မှစ၍ လာလတ္တံ့သော ၇ ရက် တိုင်အောင် ကာလ ၃ ပါး၌ တည်သော သူတပါးတို့၏ စိတ် ဟု ဆိုအပ်သော ဓမ္မာရုံ(ပဋ္ဌာန်းအကောက်၌ စေတောပရိယဟုသုံး၏)

၄။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်အား တပ်သော ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်, စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသ

ဟု ဆိုအပ်သော ခန္ဓာ ၅ပါး၊ ထိုခန္ဓာ ၅ ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်။

အမည် အမျိုး စသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆ပါး။

၅။ ဒိဗ္ဗစက္ခု အဘိညာဉ်အား တပ်သော ဒူရ, ပဋိစ္ဆန္န, သဏှ, သုခုမ ဖြစ်သော ပစ္စုပ္ပန် ရူပါရုံ။

၆။ ယထာကမ္မူပဂ အဘိညာဉ်အား တပ်သော အတိတ် ဖြစ်သော လောကီ ကုသိုလ်, အကုသိုလ်ကံ ဟု ဆို အပ် သော ဓမ္မာရုံ (၎င်းအဘိညာဏ် စာကိုယ်၌ မပါ)

၇။ အနာဂတံသ အဘိညာဉ်အား တပ်သော အနာဂတ် ဖြစ်သော စိတ်, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသ ဟု ဆိုအပ်သော ခန္ဓာ ၅ ပါး၊ ခန္ဓာ ၅ ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည် အမျိုးစသော ပညတ်ဟု ဆိုအပ်သော အာရုံ ၆ ပါး (၎င်းအဘိညာဉ် စာကိုယ်၌ မပါ)

အမှာ=ကုသိုလ် အဘိညာဉ်ဖြစ်အံ့ အာရုံ၌ အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်ကောက်၊ ကြိယာ အဘိညာဉ်၌ အားလုံးကောက် (ထို့ကြောင့် စိတ်၌ အရေအတွက် မထည့်ပါ)

မှတ်ချက်= ၆ နှင့် ၇ အဘိညာဉ်များ စာကိုယ်၌ မပါသော်လည်း ညဝါ၌ အထောက်အကူဖြစ်စေရန် ထည့်လိုက်ပါသည်။

သမထ ကမ္မဋ္ဌာန်းနည်း ပြီး၏။

ဝိပဿနာ ကမ္မဋ္ဌာန်းနည်း

(ဝိသုဒ္ဓိ ၇ ပါး)

၄၃။ ဝိပဿနာကမ္မဋ္ဌာနေ ပန သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ ဉာဏဒဿနဝိသုဒ္ဓိ စေတိ သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော။

ဝိပဿနာ=တေဘူမက သင်္ခါရ ၇၁ တို့၏ အနိစ္စ စတဲ့ အခြင်းအရာကို သိတဲ့ ဘာဝနာပညာ။

ဝိပဿနာကမ္မဋ္ဌာန်း=ဝိပဿနာပညာ၏ ကမ္မဋ္ဌာန်း။

အမှာ=လောကီစိတ် ၈၁ (လက္ခဏာအားဖြင့် ၁ ယူ) (သရုပ်သာ ၈၁)
စေတသိက် ၅၂
နိပ္ဖန္နရုပ် ၁၈=၇၁ ကို ဝိပဿနာ ကမ္မဋ္ဌာန်းခေါ်။

တနည်း=၎င်း ၇၁ကို အနိစ္စ,ဒုက္ခ,အနတ္တ ရှုခြင်းကို ဝိပဿနာ ကမ္မဋ္ဌာန်းခေါ်။
အမှာ=သီလဝိသုဒ္ဓိ စသည်တို့၏သိဖွယ်ကို ဆရာ့ကိုယ်တိုင် ဆိုလတ္တံ့။

လက္ခဏာသယာဉ် ၃ ပါး

၄၄။ အနိစ္စလက္ခဏံ, ဒုက္ခလက္ခဏံ, အနတ္တလက္ခဏ,ဉ္စေတိ တီဏိ လက္ခဏာနိ။

လက္ခဏ=၇၁ တို့၌ ဝိပဿနာရှုရမည့် အမှတ်အသား။
အနိစ္စလက္ခဏံ=၇၁တို့၏ မမြဲခြင်း သဘော (မမြဲတဲ့အမှတ်အသား)
ဒုက္ခလက္ခဏံ=ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်သဖြင့် ၇၁တို့၏ ဆင်းရဲခြင်းသဘော (ဆင်းရဲတဲ့ အမှတ်အသား)

အနတ္တလက္ခဏံ=သူတပါးတို့ ကြံစည်အပ်တဲ့ အတ္တ မရှိခြင်းသဘော (အတ္တမရှိ အမှတ်အသား)
(သူ့သဘောအတိုင်း သူ ဖြစ်တတ်သည် ဆိုလို)

အမှာ=ဖုင်းသဘော ၃ မျိုးကို သင်္ကေတသိ မဟုတ်ပဲ သဘာဝသိ သိအောင် လေ့လာခြင်း ရှုခြင်းကို (ဝိပဿနာ အားထုတ်သည်ဟု ခေါ်သည်)

အနုပဿနာ ၃ ပါး

၄၅။ အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ စေတိ တိဿော အနုပဿနာ။ ။

အနိစ္စာနုပဿနာ=အနိစ္စဟု ရှုတဲ့ ဝိပဿနာ၏အမည်။

ဒုက္ခာနုပဿနာ=ဒုက္ခဟုရှုတဲ့ ဝိပဿနာ၏ အမည်။

အနတ္တာနုပဿနာ=အနတ္တဟုရှုတဲ့ ဝိပဿနာ၏ အမည်။

ဝိပဿနာဉာဏ် ၁၀ ပါး

၄၆။ သမ္မသနဉာဏံ, ဥဒယဗ္ဗယဉာဏံ, ဘင်္ဂဉာဏံ, ဘယဉာဏံ, အာဒီနဝဉာဏံ, နိဗ္ဗိဒါဉာဏံ, မုစ္စိတုကမျတာဉာဏံ, ပဋိသင်္ခါဉာဏံ, သင်္ခါရုပေက္ခာဉာဏံ, အနုလောမဉာဏဉ္စေတိ ဒသ ဝိပဿနာဉာဏာနိ။

သမ္မသနဉာဏ်=ရုပ်နာမ် ၇၁ တို့ကို ခန္ဓာ, အာယတန ဖွဲ့၍ ရုပက္ခန္ဓာစတဲ့ အစုအဝေး ၏ အနိစ္စ, ဒုက္ခ, အနတ္တသဘောကို သိသောဉာဏ်။

အမှာ=လောဘသည် အနိစ္စ,ဒုက္ခ, အနတ္တ ဤလို ၁ ခုချင်းကို ရှုတာမဟုတ်။

ဥဒယဗ္ဗယဉာဏ်=လေ့လာရင်း ၇၁ တို့သည် ဖြစ်ပြီး ပျက်ပါကလားဟု သိတဲ့ဉာဏ်။

ဘင်္ဂဉာဏ်=မြန်လွန်းသဖြင့် ၇၁ တို့၏ အဖြစ်မထင်တော့ပဲ အပျက် ကိုသာ သိတဲ့ဉာဏ်။

ဘယဉာဏ်=ပျက်တတ်သော ၇၁ တို့သည် ကြောက်စရာဟု သိတဲ့ဉာဏ်။

အာဒီနဝဉာဏ်=၇၁ တို့၏ ကြောက်စရာ သဘောကိုပင် အပြစ် အနေနှင့် သိမြင်တဲ့ဉာဏ်။

နိဗ္ဗိဒါဉာဏ်=အပြစ်ကို မြင်သဖြင့် ၇၁ တို့သည် ငြီးငွေ့စရာ စိတ်ပျက်စရာဟု သိလာတဲ့ဉာဏ်။

မုစ္စိတုကမျတာဉာဏ်=ငြီးငွေ့စရာ ၇၁ တို့မှ လွတ်မြောက်လိုတဲ့ဉာဏ်။

ပဋိသင်္ခါဉာဏ်=လွတ်မြောက်ချင်၍ ၎င်း ၇၁တို့ အခြေအနေကို သေချာသထက်သေချာအောင် ထပ်မံဆင်ခြင်တဲ့ ဉာဏ်။

သင်္ခါရုပေက္ခာဉာဏ်=၇၁တို့ကို လျစ်လျူရှုတဲ့ ဉာဏ်။

ရှင်း= ထပ်မံဆင်ခြင်သဖြင့် ၇၁တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘော တို့ကို အသေအချာသိသည်။

အသေအချာ သိသည့် အလျောက် သူ့သဘောအတိုင်းသူ ဖြစ်သည် ပျက်သည်ဆိုတာကိုပါ သိလာတော့သည်။

ဤသို့ ကိုယ့်သဘောအတိုင်းမဖြစ်၊ သူ့သဘောအတိုင်း ဖြစ်သဖြင့် ချစ်စရာ၊ ကြောက်စရာ, မုန်းစရာ မဟုတ်ဆိုတဲ့ အသိမျိုး ပေါ်လာလို့ လျစ်လျူရှုမှုပဲ ဆိုတဲ့ အသိဉာဏ်မျိုး ဖြစ်လာသည်ဟု ဆိုလိုသည်။

အနုလောမဉာဏ်=၇၁တို့၏ အနိစ္စ,ဒုက္ခ,အနတ္တသဘောကို အာရုံပြုတဲ့ ဗောဓိပက္ခိယတို့နှင့် လျော်သောဉာဏ်။

အမှာ=၎င်းအနုလောမဉာဏ်သည် ဂေါတြဘူ၏ ရှေ့မှာ ဖြစ်သည်။

အမည်တမျိုး=၎င်းအနုလောမဉာဏ်နှင့်

သင်္ခါရုပေက္ခာ ဉာဏ်တို့ကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူ၍လည်းအမည်ပေးကြသေး၏။

အမှာ=၎င်း အနုလောမဉာဏ် နောက် ဂေါတြဘူ၊၎င်း နောက် မဂ်၊ ၎င်း နောက် ဖိုလ် ၂ ကြိမ် ၃,ကြိမ်ဖြစ် ကြသည်။ (တိက္ခ, မန္ဒအားလျော်စွာ)

ဝိမောက္ခ ဥပါး

(မဂ်, ဖိုလ်၏အမည်)

၄၇။ သုညတော ဝိမောက္ခော, အနိမိတ္တော ဝိမောက္ခော, အပ္ပဏိဟိတော ဝိမောက္ခော စေတိ တယော ဝိမောက္ခာ။ ။

ပိဏ္ဍတ္ထ=မဂ်,ဖိုလ်ကို မှည့်ခေါ်သော အမည်များ။

ရှင်း= ၁။ သုညတဝိမောက္ခမဂ်၊ သုညတဝိမောက္ခဖိုလ်။

၂။ အနိမိတ္တဝိမောက္ခမဂ်, အနိမိတ္တဝိမောက္ခဖိုလ်။

၃။ အပ္ပဏိဟိတဝိမောက္ခမဂ်, အပ္ပဏိဟိတဝိမောက္ခဖိုလ် (မဂ်,ဖိုလ်ကို အမည်တမျိုးပေး၏)

ဝိမောက္ခမုခ ၃ပါး

(ဝိပဿနာ၏ အမည်)

၄၀။ သုညတာနုပဿနာ, အနိမိတ္တာ နုပဿနာ, အပ္ပဏိဟိတာ နုပဿနာ စေတိ တီဏိ ဝိမောက္ခမုခါနိ စ ဝေဒိတဗ္ဗာနိ။

ပိဏ္ဍတ္ထ=ဝိပဿနာကို မှည့်ခေါ်သောအမည်များ။

ရှင်း= ၁။ သုညတာနုပဿနာဝိမောက္ခမုခ= အနတ္တဟုရှုသောဝိပဿနာ ၏ အမည်။

ငင်း သုညတာနုပဿနာ ဝိမောက္ခမုခ ခေါ် ဝိပဿနာ ဖြင့် ရသော မဂ်ဖိုလ်ကိုသုညတဝိမောက္ခခေါ်။

၂။ အနိမိတ္တာနုပဿနာဝိမောက္ခမုခ= အနိစ္စဟု ရှုသော ဝိပဿနာ ၏ အမည်။

ငင်း အနိမိတ္တာနုပဿနာ ဝိမောက္ခမုခခေါ် ဝိပဿနာဖြင့်ရသော မဂ်,ဖိုလ်ကို အနိမိတ္တ ဝိမောက္ခခေါ်။

၃။ အပ္ပဏိဟိတာနုပဿနာ ဝိမောက္ခ မုခ= ဒုက္ခ ဟု ရှု သော ဝိပဿနာ၏ အမည်။

ငင်းအပ္ပဏိဟိတာနုပဿနာ ဝိမောက္ခမုခခေါ် ဝိပဿနာ ဖြင့် ရသော မဂ်,ဖိုလ်ကို အပ္ပဏိဟိတဝိမောက္ခခေါ်။

သတိ=ဝိပဿနာကို ဝိမောက္ခမုခဟု ခေါ်သည်၊ (ဝိမောက္ခမဂ်, ဝိမောက္ခဖိုလ် ကို ရကြောင်း ဖြစ်လို့)

ဝိသုဒ္ဓိဘေဒ

သီလဝိသုဒ္ဓိ

၄၉။ ကတမံ....ပါတိမောက္ခသံဝရသီလံ, ဣန္ဒြိယသံဝရသီလံ, အာဇီဝပါရိသုဒ္ဓိသီလံ, ပစ္စယသန္နိဿိတသီလ ဧတွေတို စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိနာမ။ ။

၁။ ပါတိမောက္ခသံဝရသီလ=ရဟန်း, သာမဏေ ဖြစ်အံ့ ပါတိမောက်၌ ပညတ်ထားတဲ့ သိက္ခာပုဒ် သီလများ (ဥပလက္ခဏ) အခြားဝတ္တသီလ စသည်ရှိလို့။

လူဖြစ်အံ့ ၅ ပါးသီလ, ၈ ပါးသီလ,၁၀ပါး သီလ(သီလ=အလေ့' ဆောက်တည်သည့် အချိန်အတွင်း အမြဲရှောင်ကြဉ်နေမှု။ တကြိမ် တခါ လတ်တလော ရှောင်မှုသည် သမ္ပတ္တဝိရတီ မျှသာ။ (သီလ မဟုတ်)

သတိ= ၉ ပါးသီလ ဆိုပြီး ဆောက်တည်ကြရာတွင် မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏ ဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ သည် သီလ မဟုတ်၊ မေတ္တာ ဘာဝနာသာ (ဘာဝနာခန်း၌ထင်ရှား၏) ထို့ကြောင့် ၉ပါးသီလရယ်လို့မရှိ။

၂။ ဣန္ဒြိယသံဝရသီလ=စက္ခုန္ဒြေအစ မနိန္ဒြေအဆုံးရှိသော ဣန္ဒြေ ၆ ပါး တို့ကို စောင့်စည်းခြင်း အလေ့ (အလေ့=တခါတရံမဟုတ် အချိန် ရှည်ရှည် အကြိမ်များများရှောင်ဟူလို)

၃။ အာဇီဝပါရိသုဒ္ဓိသီလ=သမ္မာအာဇီဝဖြင့် အသက်မွေးခြင်း အလေ့။

၄။ ပစ္စယသန္နိဿိတသီလ=ရဟန်း,သာမဏေတို့အား ပညတ် ထားသော ဆွမ်းသင်္ကန်း,ကျောင်း,ဆေး ၄ပါးတို့၌ ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း အလေ့(ဥပလက္ခဏ)

အမှာ=ပဋိသင်္ခါယောနိသော=၄ပုဒ် အတိုင်း ဆင်ခြင်ခြင်းကို ဆိုလို၏။

သီလဝိသုဒ္ဓိ=၎င်းသီလ ၄ မျိုး စင်ကြယ်ခြင်း။

စိတ္တဝိသုဒ္ဓိ

၅၀။ ဥပစာရသမာဓိ, အပ္ပနာသမာဓိ စေတိ ဒုဝိဓောပိ သမာဓိ စိတ္တဝိသုဒ္ဓိနာမ။

ပိဏ္ဍတ္ထ=၁။ ဥပစာရသမာဓိ၊

၂။ အပ္ပနာသမာဓိ=ငင်း ၂မျိုးကို "စိတ္တဝိသုဒ္ဓိ"ခေါ်(ဥပလက္ခဏ) စိတ္တသီသေနနိဒ္ဒိဋ္ဌတ္တာ(ဋီ)

ဥပစာရသမာဓိ=၁။ သမထ အားထုတ်၍ ဈာန်ရပြီးမှ ဝိပဿနာ အားထုတ်သူအား ဈာန်ခန်း၌ ပြခဲ့သည့် အတိုင်း နီဝရဏ ကွာသည်မှ ဈာန်၏ ရှေ့ဂေါတြဘူအထိ ဘာဝနာ၌ယှဉ်တဲ့ ဥပစာရ သမာဓိ။

၂။ သမထကို တပိုင်းတစအားထုတ်၍ ဈာန်မရပဲ ဝိပဿနာကို ပြောင်းအားထုတ်သူအား နီဝရဏကွာ၍ ပဋိဘာဂနိမိတ်ထင်သော ဘာဝနာ၌ ယှဉ်တဲ့ ဥပစာရ သမာဓိ။

၃၊ သမထကို အားမထုတ်ပဲ ဝိပဿနာကို ဒါရိုက်အားထုတ်သူအား တေဘူမကသင်္ခါရ ကမ္မဋ္ဌာန်း ၇၁ တို့၏ အနိစ္စ, ဒုက္ခ, အနတ္တသဘော ထင်လာသော ဘာဝနာ၌ယှဉ်တဲ့ ဥပစာရ သမာဓိ=ဤသို့ ၃ မျိုး ဖြစ်သင့်။

အပ္ပနာသမာဓိ=သမထ အားထုတ်၍ ဈာန် ရပြီးမှ ဝိပဿနာ အားထုတ်သူအား ရတဲ့ ဈာန်၌ ယှဉ်တဲ့ သမာဓိသည် အပ္ပနာသမာဓိ ဖြစ်သင့်။

အမှာ= ငင်းအပ္ပနာသမာဓိသည် ဈာန်ရပြီးသူ ဈာနလာဘီ၌သာ ဖြစ်သင့်၊ (ဤကျမ်း)

ဒိဋ္ဌိဝိသုဒ္ဓိ

၅၁။ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန,ပဒဋ္ဌာနဝသေန နာမ, ရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

၁။ လက္ခဏ=တေဘူမကသင်္ခါရခေါ်ကမ္မဋ္ဌာန်း၇၁တို့၏ သာမညသဘော။

၂။ ရသ=(က) ၇၁ တို့၏ အလုပ်ကိစ္စ (ကိစ္စရသ)

(ခ) ၇၁ တို့၏ ဖြစ်ခြင်းသဘော (သမ္ပတ္တိရသ)

၃။ ပစ္စုပဋ္ဌာန်=ယောဂီဘို့ သန္တာန်၌ ၇ ၁ တို့ ထင်ပုံသင်နည်း။

၄။ ပဒဋ္ဌာန်=ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းအရ အနီးဆုံး အကြောင်း။

ဒိဋ္ဌိဝိသုဒ္ဓိ= နာမ်, ရုပ်ဖြစ်တဲ့ တေဘူမက သင်္ခါရ ၇ ၁ တို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ ကို ပိုင်းခြားသိခြင်း။

အမှာ=၎င်း ၄ မျိုးကို ပိုင်းခြားနိုင်သဖြင့် နာမ်,ရုပ်သာရှိ၏။ အတ္တ,ဇီဝ စသည် မရှိ၊ ဤသို့ အသိမှန်ရလို့ အတ္တဒိဋ္ဌိမှ ကင်း၏ဟု ယူဆ၍ ဒိဋ္ဌိဝိသုဒ္ဓိဟု အမည်ပေးသည်။

ရှင်း=ပထဝီ= ၁။ ခိုင်မာခြင်း "လက္ခဏာ"

၂။ သဟဇာတ်ရုပ်တို့ တည်နေမှုကို ခံယူခြင်း "ကိစ္စရသ"

၃။ သဟဇာတ်ရုပ်တို့၏ တည်နေရာဟု ထင်ခြင်း "ပစ္စုပဋ္ဌာန်"

၄။ ကြွင်းတဲ့ ဘုတ် ၃ ပါးလျှင် နီးတဲ့အကြောင်းရှိ "ပဒဋ္ဌာန်"

အာပေါ= ၁။ အစေးသဘော "လက္ခဏာ"

၂။ သဟဇာတ်ရုပ်တွေ အကြီးကြီးဖြစ်အောင် ကပ်ပေးခြင်း "ကိစ္စရသ"

၃။ ရုပ်အများကြီးကို စုပေါင်းဖွဲ့စည်းပေးခြင်းဟု ယောဂီစိတ်တွင် ထင်ခြင်း "ပစ္စုပဋ္ဌာန်"

၄။ ကြွင်းတဲ့ ဘုတ် ၃ ပါးလျှင် နီးတဲ့အကြောင်းရှိ "ပဒဋ္ဌာန်"

တေဇော=၁။ အငွေ့ဟူသော "လက္ခဏာ"

၂။ သဟဇာတ်တို့ကို အငွေ့ပေးခြင်း "ကိစ္စရသ"

၃။ သဟဇာတ်ရုပ်တွေကို နူးနပ်စေတဲ့ တရားဟု ယောဂီ စိတ်တွင် ထင်ခြင်း "ပစ္စုပဋ္ဌာန်"

၄။ ကြွင်း ဘုတ် ၃ ပါးလျှင် နီးတဲ့အကြောင်းရှိ "ပဒဋ္ဌာန်"

ဝါယော= ၁။ တောင့်တောင့် တင်းတင်း "လက္ခဏာ"

၂။ သဟဇာတ်ရုပ်များကို ပြောင်းလဲဖြစ်စေခြင်း "ကိစ္စရသ"

၃။ သဟဇာတ်ရုပ်တွေကို အခြေအနေ ပြောင်းအောင် လုပ်တတ်တဲ့ တရားဟု ယောဂီစိတ်တွင် ထင်ခြင်း "ပစ္စုပဋ္ဌာန်"

၄။ ကြွင်း ဘုတ် ၃ ပါးလျှင် နီးတဲ့အကြောင်းရှိ "ပဒဋ္ဌာန်"

အမှာ= တရားအားထုတ်လိုသူများ မမှားစေရန် ခေတ် ၄ မျိုးလုံးကို ဖော်ပြလိုက်ပါသည်။ (ကျန်တရားများသိရန် လေ့လာပါလေ)

ကင်္ခါဝိတရဏဝိသုဒ္ဓိ

၅၂။ တေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ။

ပစ္စယပရိဂ္ဂဟော=၇ ၁တို့၏အကြောင်းကို သိမ်းဆည်းခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ။

၇ ၁တို့၏ အကြောင်းကို သိသဖြင့် ဘယ်သူ့ကြောင့် ဖြစ်သလား၊ ဘယ်ဝါကြောင့် ဖြစ်သလား ဆိုတဲ့ ယုံမှားမှု ပျောက်လို့ ကင်္ခါဝိတရဏဝိသုဒ္ဓိခေါ်။

ရှင်း=ပဋိသန္ဓေအခါ၌ နာမ်တရား, ရုပ်တရား များသည် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံတို့ကြောင့် ဖြစ်၏။

ပဝတ္တိအခါ၌ ရုပ်သည် ကံ,စိတ်,ဥတု,အာဟာရတို့ကြောင့် ဖြစ်၏။

နာမ်သည်=စက္ခု စသည်တို့၏ နိဿယသတ္တိကြောင့် ဖြစ်၏။

နာမ်သည်=ရူပါရုံ စသည်တို့၏ အာရမ္မဏသတ္တိကြောင့် ဖြစ်၏။

ကုသိုလ်သည်=ယောနိသောမနသိကာရ စသော စက် ၄ ပါး ပြည့်စုံမှုကြောင့် ဖြစ်၏။ (ပဋိရူပဒေသဝါသ+ ပုဗ္ဗေ စ ကတပုညတာ+ အတ္တသမ္မာပဏိဓိ+ ယောနိသောမနသိကာရ= ၎င်း ၄ မျိုးကို စက် ၄ပါးဟု ခေါ်သည်)

အကုသိုလ်သည်=အယောနိသော မနသိကာရ စသည်ကြောင့် ဖြစ်၏။

ဝိပါက်သည်=ကုသိုလ်,အကုသိုလ်ကြောင့် ဖြစ်၏။

အာဝဇ္ဇန်းသည်=ဘဝင် စသည်ကြောင့် ဖြစ်၏။

ကြိယာဇောသည်=ရဟန္တာသန္တာန်ကြောင့် ဖြစ်၏။

သတိ=(က) ဤသို့မျက်မှောက် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းခြင်းသည်လည်းကောင်း၊

(ခ) သမုဒယသစ္စာကို ပိုင်းခြားခြင်းသည်လည်းကောင်း= ၎င်း၂မျိုးသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။

အမှာ=၎င်းအကြောင်းရင်း သိမှုကိုပင် အောက်ပါအတိုင်း ဖြစ်တတ်လို့ ကင်္ခါဝိတရဏဝိသုဒ္ဓိ ခေါ်ကြောင်း သိပါ။

ဖြစ်ပုံ= ၁။ ၁၆ ပါးသော ယုံမှားခြင်းတို့ကိုလည်းကောင်း၊

၂။ ဘုရား+ တရား+ သံဃာ+ သိက္ခာပုဒ်+ ခန္ဓာ+ အာယတန+ ဓာတ်+ ပဋိစ္စသမုပ္ပါဒ်= ၎င်း ၈ မျိုးတို့၌ ယုံမှားခြင်း တို့ကို လည်းကောင်း လွန်မြောက်တတ်လို့ "ကင်္ခါဝိတရဏ"

၎င်းလွန်မြောက်ခြင်းတို့သည်ပင် အဟေတုကဒိဋ္ဌိ+ဝိသမဟေတုက ဒိဋ္ဌိ အညစ်အကြေးတို့မှစင်ကြယ်လို့ ဝိသုဒ္ဓိမည်သည်။(ထို့ကြောင့် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ)

အဟေတုကဒိဋ္ဌိ=အကြောင်းမရှိ ဖြစ်သည်ဟု ယူဆခြင်း။

ဝိသမဟေတုကဒိဋ္ဌိ=လူလုပ်လို့ ဖြစ်သည်, ဘုရားလုပ်လို့ ဖြစ်သည် စသည်ဖြင့် မညီညွတ်တဲ့ အကြောင်း, မမှန်ကန်တဲ့ အကြောင်းကို အစွဲပြု၍ အကြောင်းကြောင့် ဖြစ်၏ဟု ယူဆခြင်း (အကြောင်း မဟုတ်တာကို အကြောင်းလုပ်သည် ဟူလို)

ယုံမှားခြင်း ၁၆ ပါး၊ ၁။ အတိတ်ဘဝက ငါဖြစ်ခဲ့ဘူးမှ ဟုတ်ပါ သေးရဲ့ လား။

၂။ ငါ မဖြစ်ခဲ့ဘူးလေရော့သလား။

၃။ ဖြစ်ခဲ့လျှင် ဘယ်အမျိုး ဘယ်ဇာတ်မှာ ဖြစ်ခဲ့ ပါလိမ့်မည်နည်း။

၄။ အဘယ်ပုံသဏ္ဍာန်ဖြင့် ဖြစ်ခဲ့ပါလိမ့် မည်နည်း။

၅။ လွန်ခဲ့သည့် တတိယ ဘဝက ဘယ်လို ဖြစ်၍ ဒုတိယဘဝမှာ ဘယ်လို ဖြစ်ပါလိမ့် မည်နည်း (ဤသို့အတိတ်အတွက် ၅မျိုး)

၆။ အနာဂတ်မှာ ငါဖြစ်မှ ဖြစ်ပါ့မလား။

၇။ ငါမဖြစ်ပဲများ နေမည်လား။

၈။ ဖြစ်လျှင် ဘယ်အမျိုး ဘယ်ဇာတ်မှာ ဖြစ်မှာ ပါလိမ့်။

၉။ ဘယ်ပုံ ဘယ်သဏ္ဌာန်ဖြင့် ဖြစ်မှာ ပါလိမ့်။

၁၀။ ဒုတိယဘဝမှာ ဘယ်လို တတိယဘဝမှာ ဘယ်ပုံ ဖြစ်မှာ ပါလိမ့်။

(ဤသို့ အနာဂတ် အတွက် ၅ မျိုး)

၁၁။ ပစ္စုပ္ပန် ခန္ဓာကိုယ်ကို စွဲ၍ သို့လော သို့လော တွေးတောခြင်း။

၁၂။ ငါဟုတ်မှ ဟုတ်ရဲ့လား။

၁၃။ ငါ မဟုတ်ပဲ ရှိလေရော့သလား။

၁၄။ ဘယ်လို အမျိုး ဘယ်လို ဇာတ် ဖြစ်ပါလိမ့် မည်နည်း။

၁၅။ ငါ၏ အတ္တသည် ဘယ်လိုပုံသဏ္ဌာန် ရှိပါလိမ့် မည်နည်း။

၁၆။ အတ္တခေါ် သတ္တဝါသည် ဘယ်ဘဝက လာ၍ ဘယ်ဘဝသို့သွား မှာပါလိမ့်=၁၆။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

၅၃။ တတော ပရံ ပန တထာပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမကသင်္ခါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သင်္ခိပိတွာ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ အဒ္ဓါနဝသေန သန္တတိဝသေန ခဏဝသေန ဝါ သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တဿ တေသွေဝ ပစ္စယဝသေန ခဏဝသေန စ ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ စ။

ဝိပဿနာ ညစ်ညူးကြောင်း ၁၀ ပါး

ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
သုခံ ဉာဏ မုပဋ္ဌာန၊ မုပေက္ခာ စ နိကန္တိ စေတိ။
ဩဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဗန္ဓ ပရိဂ္ဂဟဝသေန မဂ္ဂါမဂ္ဂ
လက္ခဏ ဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ။

သတိ–ဥဒယဗ္ဗယဉာဏ်အဆင့် ရောက်သည့်အခါ–
မဖြစ်စဖူး ထူးကဲသော အရောင်အဆင်း စသည် ဖြစ်တတ်သည်။

၎င်းကို မဂ် ထင်တတ်သည်၊ ထင်လျှင်မှားရော။
၎င်း ထူးကဲသော အရောင် စသည်ကို မဂ်မဟုတ် ဝိပဿနာ ညစ်ညူး
ကြောင်း၊ ပျက်စီးကြောင်း, ဘေးရန်သာဟု သိ ခြင်း သည် မဂ္ဂါမဂ္ဂ
ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

တေဘူမကသင်္ခါရေသုံ=လောကီစိတ် ၁ (သရုပ် ၈၁ ရှိပေမယ့်သဘောအား
ဖြင့် ယူလို့ ၁)

စေတသိက် ၅၂

နိပ္ဖန္နရုပ် ၁၈=၇၁ ဝိပဿနာရှုစရာများ၊

သတိ=နိပ္ဖန္နရုပ် ၁၈ ဆိုပေမယ့်မိန်းမမှာ ၁၇၊ ယောကျ်ားမှာ ၁၇သာ၊ ဘာဝ
၁ ခုစီသာဖြစ်လို့။

ရှင်း= ၁။ ရူပါရုံ=ကြည့်လျှင် မြင်ရတဲ့ အဆင်း (ဝဏ္ဏ)
၂။ ဂန္ဓာရုံ=နမ်းရှုလျှင် တွေ့ရတဲ့ အနံ့ (ဂန္ဓ)
၃။ ရသာရုံ=လျှာနှင့် ထိလျှင် တွေ့ရတဲ့ အရသာ (ရသ)
၄။ ဩဇာ=အဆီ။
၅။ ပထဝီ=၎င်းပစ္စည်းမျိုးစုံတို့၏ တည်ရာနေရာ။
၆။ အာပေါ=ပစ္စည်းစုံ စုစုဝေးဝေးဖြစ်အောင် ကပ်ပေးတဲ့ အစေး။
၇။ တေဇော=အစု အဝေးကို တောင့်တင်းအောင် မီးကင် သလို
ကင်ပေးတဲ့ အငွေ့။

၈။ ဝါယော=အစုံအဝေးကို အဖွဲ့၊ အထစ်၊ အလုံး၊ အပြား စသည် ပုံသဏ္ဌာန်ပေါ်အောင် တွန်းကန်ပေးတဲ့ အကန်ဓာတ်၊ (၎င်းဝမျိုး သက်ရှိသက်မဲ့ အားလုံးမှာ ရှိ၏) (အဝိနိဗ္ဘော ၈)

၉။ သဒ္ဒါရုံ=နားထောင်လျှင် ကြားရတဲ့ အသံ။

၁၀။ စက္ခုပသာဒ=မြင်မှုကို ကူညီတဲ့ မျက်စိထဲက အကြည်။

၁၁။ သောတပသာဒ=ကြားမှုကို ကူညီတဲ့ နားထဲက အကြည်ဓာတ်။

၁၂။ ဃာနပသာဒ=နံမှုကို ကူညီတဲ့ နှာခေါင်းထဲက အကြည်ဓာတ်။

၁၃။ ဇိဝှာပသာဒ=အရသာ ခံစားမှုကို ကူညီတဲ့ လျှာထဲက အကြည် ဓာတ်။

၁၄။ ကာယ ပသာဒ=ယိလျှင် သိမှုကူညီတဲ့ ကိုယ်ထဲကအကြည်ဓာတ်။

၁၅။ ဟဒယဝတ္ထု=တွေးခေါ်မှု သိမှုကို ကူညီတဲ့ နှလုံးအိမ်ထဲက စိတ် တို့၏ တည်နေရာ။

၁၆။ ဇီဝိတ=သက်ရှိသို့ ထင်စေတတ်တဲ့ သဘော။

၁၇။ ဣတ္ထိဘာဝ=မိန်းမမှာ ဣတ္ထိလိင်၊ ဣတ္ထိနိမိတ္တ စတဲ့ သဘော။ (ယောကျ်ားဖြစ်အံ့ ပုမ္ဘာဝ ပြောင်းသည့် ၁၇ ပင်)

အမှာ=တရားအားထုတ်လိုသူများ တရားရှာတတ်ရန် ထပ်မံ၍ထည့်လိုက်သည်။

၁။ စိတ်=ထိုထို အာရုံတို့ကို သိတဲ့ သဘော။

၂။ ဖဿ=စိတ်နှင့် အာရုံ တွေ့ဆုံတဲ့ သဘော။

၃။ ဝေဒနာ=စိတ်က အာရုံကို ခံစားတဲ့ သဘော။

၄။ သညာ=စိတ်က အာရုံကို မှတ်ယားလိုက်တဲ့ သဘော။

၅။ စေတနာ=စိတ်က အာရုံကိုသိဖြစ်အောင်နှိုးဆော်ပေးတဲ့သဘော။

၆။ ဧကဂ္ဂတာ=စိတ်၏ အာရုံ၌ ဖြစ်တဲ့ သဘော စသည်။

၇။ လောဘ=စိတ်က အာရုံကို လိုချင်တဲ့ သဘော။

၈။ ဒေါသ=စိတ်က အာရုံကို မုန်းတီးတဲ့ သဘော စသည်။

ဤသို့ စသည်ဖြင့် စိတ်ပိုင်း၊ စေတသိက်ပိုင်းမှာ ပြခဲ့တဲ့ စိတ် ၁ စေတသိက် ၅၂=ယခင် နိပ္ဖန္နရုပ် ၁၈ ပေါင်း ၇၁ ကိုသာ ဝိပဿနာရှုကောင်းသည်။

အတီတာဒိဘေဒ ဘိန္နေသု=ဝင်း ၇၁ တို့သည် ကာလ ၃ ပါး၌ ဖြစ်ကြ၏။

ခန္ဓာဒိနယမာရဗ္ဘ=(က) ခန္ဓာနည်း (ရူပက္ခန္ဓာ+ဝေဒနက္ခန္ဓာ စသည်)
(ခ) ဒွါရနည်း (စက္ခုဒွါရ+သောတဒွါရ စသည်)
(ဂ) အာရုံနည်း (ရူပါရုံ+သဒ္ဒါရုံ စသည်)
(ဃ) ဒွါရိကနည်း(စက္ခုဒွါရိက+သောတဒွါရိကစသည်)

ဤသို့ ပိုင်းခြားသတ်မှတ်၍ အာရုံယူရမည် ဟူလို။

အမှာ=ဓာတ်+ဣန္ဒြေ စသည် များစွာ ကျန်သေး၏။

ကလာပဝသေနသံခိပိတ္ဝာ=(က) အတိတ် စသော ၁၁ မျိုး အားဖြင့် လည်းကောင်း၊

(ခ) ပထဝီ+ အာပေါ စ သော တ ရား ကိုယ် အမျိုးမျိုးအားဖြင့် လည်းကောင်း ဆိုခဲ့ပြီးသည့်အတိုင်း အမျိုးမျိုး ကွဲပြားသော ၇၁ တို့ကို-

ရုပ် ရုပ်ချင်း တူသမျှပေါင်း၍ ရူပက္ခန္ဓာ။

ဝေဒနာ ဝေဒနာချင်း ပေါင်း၍ ဝေဒနာက္ခန္ဓာ စသည်။

စက္ခု စက္ခုချင်း ပေါင်း၍ စက္ခုဒွါရ စသည်။

ရူပါရုံ ရူပါရုံချင်း ပေါင်း၍ ရူပါရုံ စသည်။

စက္ခုဝိညာဏ် စက္ခုဝိညာဏ်ချင်း ပေါင်း၍ စက္ခုဝိညာဏ် စသည်ဖြင့် စုပေါင်း၍ ရှုရမည်။

အနိစ္စံ ခယဋ္ဌေန=၇၁ တို့၏ ပျက်ဘတ်တဲ့ သဘောကို ပေါ်အောင် တွေး၍ အနိစ္စဟု ရှု။

ဒုက္ခံ ဘယဋ္ဌေန=၇၁ တို့၏ ကြောက်ဖွယ် သဘောကို ပေါ်အောင် တွေး၍ ဒုက္ခဟု ရှု။

အနတ္တာ အသာရကဋ္ဌေန=၇၁ တို့၏ အနှစ်သာရ အတ္တ,ဇီဝ မရှိတဲ့ သဘောကို ပေါ်အောင်တွေး၍ အနတ္တဟု ရှု။

ဇာတိ=အနိစ္စ+ဒုက္ခ+အနတ္တ ဟု ၃ မျိုးရှိ၊ တမျိုးတည်း မရှိရ။

အဒ္ဓါနဝသေန= အတိတ်က ရုပ်သည် အတိတ်မှာပင် ချုပ်ခဲ့ပြီး ပစ္စုပ္ပန်သို့ မရောက်။

ထို့ကြောင့် အနိစ္စ+ဒုက္ခ=အနတ္တ ဖြစ်၏။

ပစ္စုပ္ပန် ရုပ်သည် ပစ္စုပ္ပန်မှာပင် ချုပ်၍ အနာဂတ်သို့ မရောက်။

ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

အနာဂတ် ရုပ်သည် အနာဂတ်မှာပင် ချုပ်မည်။

ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

အဇ္ဈတ္တရုပ်သည် အဇ္ဈတ္တသန္တာန်မှာပင် ချုပ်၍ ဗဟိဒ္ဓသို့ မရောက်။

ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

ဗဟိဒ္ဓရုပ်သည် ဗဟိဒ္ဓမှာပင် ချုပ်၍ အဇ္ဈတ္တသို့ မရောက်။

ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

(သဏ္ဍာန်+သုခုမ စသည် သိသာပြီ)

အမှာ=ဤကား အဒ္ဓါသမ္မသနနည်းဖြင့် အနိစ္စ+ဒုက္ခ+အနတ္တ သရုပ်ကို ပေါ်အောင်သုံးသပ်နည်း။

သန္တတိဝသေန= အပူမှာဖြစ်တဲ့ ရုပ်အစဉ်သည် အပူမှာပင် ချုပ်၏။ အေးတဲ့ အချိန်သို့ မရောက်။ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

ထိုင်ရုပ် အစဉ်သည် ထိုင်စဉ်မှာပင် ချုပ်၏။ ရပ်တဲ့အချိန်သို့ မရောက် ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

ရူပါရုံကို အာရုံပြုဖြစ်တဲ့ စိတ်အစဉ်သည် ၎င်းရူပါရုံကို အာရုံပြုစဉ်မှာပင် ချုပ်၏။ အခြားအာရုံသို့ မရောက်၊ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

(အခြား ဖြစ်စဉ် အမျိုးမျိုး သိသာပြီ)

အမှာ=ဤကား=သန္တတိသမ္မသနနည်းဖြင့်အနိစ္စ+ ဒုက္ခ+ အနတ္တ သရုပ်ပေါ်အောင် သုံးသပ်နည်း။

ခဏဝသေန=ဥပါဒ်+ဌီ+ဘင်ပြည့်စုံမှ တရား ၁ ခု၊ ၎င်းတရား ၁ ခုကို အာရုံ ယူကာ-

၁။ အဆင်းရုပ်သည် ဖြစ်ပြီး ပျက်သွား၏။ ထိုကြောင့် အနိစ္စ+ ဒုက္ခ+အနတ္တ ဖြစ်၏။

၂။ အသံရုပ်သည် ဖြစ်ပြီး ပျက်သွား၏။ ထို့ကြောင့် အနိစ္စ+ ဒုက္ခ+အနတ္တ ဖြစ်၏။

၃။ အနံ့ရုပ်သည် ဖြစ်ပြီး ပျက်သွား၏။ ထို့ကြောင့် အနိစ္စ+ ဒုက္ခ+ အနတ္တ ဖြစ်၏။

၄။ လိုချင်တဲ့ သဘော လောဘသည် ဖြစ်ပြီး ပျက် သွား ၏၊ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။

၅။ သိခြင်းသဘော စိတ်သည် ဖြစ်ပြီး ပျက်၏။ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တ ဖြစ်၏။
(၇၁ ခုလုံးကို ဤနည်းဖြင့် သုံးသပ်ပုံ သိသာပြီ)

အမှာ=ဤကား=ခဏသမ္မသနနည်းဖြင့် အနိစ္စ+ ဒုက္ခ+ အနတ္တသရုပ် ပေါ် အောင် သုံးသပ်နည်း။

တော်သေ့ဝ=၁။ အဒ္ဓါသမ္မသနနည်း။
၂။ သန္တတိသမ္မသနနည်း။
၃။ ခဏသမ္မသနနည်း။

၎င်း ၃ နည်း ၁ နည်းနည်းဖြင့် ရှုပြီးတဲ့ ၇၁ တို့ ၌ ပင်လျှင်-

ပစ္စယဝသေန ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ=ထို ၇၁ တို့ အထဲက ၁ ခုခု၏ ဖြစ်ခြင်းကို လည်းကောင်း၊ ပျက်ခြင်းကို လည်း ကောင်း ပေါ်လာအောင် အကြောင်းအားဖြင့် အောက်ပါဆင်ခြင် နည်းဖြင့် ရှု။

ရူပက္ခန္ဓာဌ်=၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။
၂။ တဏှာဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။

၃။ ကံ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။

၄။ အာဟာရ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏။

ဝေဒနာက္ခန္ဓာ၌=၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်၏။

၂။ တဏှာဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။

၃။ ကံ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။

၄။ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။

သညာက္ခန္ဓာ=သင်္ခါရက္ခန္ဓာ၌ ဆင်ခြင်နည်း၊ ဝေဒနာက္ခန္ဓာနှင့် တူ၏။

ဝိညာဏက္ခန္ဓာ၌=၁၊ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။

၂။ တဏှာ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။

၃။ ကံ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။

၄။ နာမ်,ရုပ်ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။

ဤသို့ ဥဒယ ''အဖြစ်'' အတွက် ခန္ဓာ ၅ × ၄ အကြောင်း= နည်း ၂၀။

ထို့အတူ ''အပျက်'' အတွက် ခန္ဓာ ၅ × ၄ အကြောင်း= နည်း ၂၀=ပေါင်းနည်း ၄၀။

အမှာ=အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏ စသည်၊ (အပျက် ရှုနည်း သိလောက်ပြီ)

ခဏဝသေန-ဥဒယဗ္ဗညဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ=ထို ၇ ၁ တို့အထဲက ၁ ခုခု၏ အဖြစ်ကိုလည်းကောင်း၊ အပျက်ကို လည်းကောင်း ပေါ်လာအောင် အကြောင်းကို မသုံးသပ်ပဲ အောက်ပါအတိုင်းရှု။

ရှင်း= ၁။ ရူပက္ခန္ဓာသည် ဖြစ်၏ (သို့)ရုပ်သည် ဖြစ်၏။

၂။ ရူပက္ခန္ဓာသည် ချုပ်၏ (သို့) ရုပ်သည် ချုပ်၏။

၃။ ဝေဒနက္ခန္ဓာသည် ဖြစ်၏ (သို့) ဝေဒနာသည် ဖြစ်၏။

၄။ ဝေဒနက္ခန္ဓာသည် ချုပ်၏(သို့) ဝေဒနာသည် ချုပ်၏။

၅။ သညာက္ခန္ဓာသည် ဖြစ်၏ (သို့) သညာသည် ဖြစ်၏။

၆။ သညာက္ခန္ဓာသည် ချုပ်၏ (သို့)သညာသည် ချုပ်၏။

၇။ သင်္ခါရက္ခန္ဓာသည် ဖြစ်၏ (သို့) သင်္ခါရသည် ဖြစ်၏။
၈။ သင်္ခါရက္ခန္ဓာသည် ချုပ်၏ (သို့) သင်္ခါရသည် ချုပ်၏။
၉။ ဝိညာဏက္ခန္ဓာသည် ဖြစ်၏ (သို့) ဝိညာဏ်သည် ဖြစ်၏။
၁၀။ ဝိညာဏက္ခန္ဓာသည် ချုပ်၏ (သို့) ဝိညာဏ်သည် ချုပ်၏။

ယင်း၄၀+၁၀=ပေါင်း=၅၀သော ရှုနည်းတို့ဖြင့် အဖြစ်အပျက်ကိုသိတဲ့ ဥဒယဗ္ဗယဉာဏ်ဖြင့် ဖန်တလဲလဲ ရှုတဲ့ ယောဂီအား မဖြစ်စဖူး တူးထူးကဲကဲ ဩဘာသ စတဲ့ ၁၀မျိုး ဖြစ်လာတတ်သည်။ ၎င်း၁၀မျိုးကို မဂ်ဟု ထင်တတ်သည်။

အမှန်မှာ ၎င်း၁၀မျိုးတို့သည် မဂ်မဟုတ်ကြပါ၊ တဏှာ၊ ဒိဋ္ဌိ၊ မာနတို့၏ မှီရာဖြစ်၍ ဝိပဿနာ ညစ်ညူးကြောင်းများသာ ဖြစ်သည်ဟု သိရမည်။

ဤသို့အမှန်အတိုင်း မဂ်ဟုတ် မဟုတ် ပိုင်းခြား၍ သိခြင်းကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟု ခေါ်သည်။

ဩဘာသော=ဝိပဿနာစိတ်ကြောင့် ကိုယ်မှထွက်တဲ့အရောင်။

ပီတိ=ဝိပဿနာစိတ်နှင့် တကွ ဖြစ်တဲ့ ခုဒ္ဒကာ ပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ, ဖရဏာ ပီတိ,ဥဗ္ဗေဂါပီတိ ဖြစ်ခြင်း။

ပဿဒ္ဓိ=ကိုယ်စိတ်တို့၏ ပူပန်ခြင်းမှ ငြိမ်းခြင်း, ဤသို့ ပူပန်မှုများမှ ငြိမ်းသဖြင့် ကမ္မဋ္ဌာန်း လုပ်ငန်း၌ ပျော်မွေ့ခြင်း။

အဓိမောက္ခော=အားကြီးတဲ့ သဒ္ဓါ(ဝါ) ယုံကြည်ခြင်း။

ပဂ္ဂဟော=ကမ္မဋ္ဌာန်းလွန်လွန်ကဲကဲအားထုတ်ခြင်း။

သုခံ= အလွန်ချမ်းသာခြင်း (သုခဝေဒနာ)

ဉာဏံ=သက္ခဏာသုံး ၃ပါးကို ဝိပဿနာရှုတဲ့ ထူးကဲသောဉာဏ်။

ဥပဋ္ဌာန=ကမ္မဋ္ဌာန်း အာရုံကို အလွန်အောက်မေ့ခြင်း သတိ။

ဥပေက္ခာ=၁။ ဝိပဿနာစိတ်နှင့်တကွ ဖြစ်ဘဲ့ တတြမဇ္ဈတ္တုပေက္ခာ။
၂။ မနောဒွါရ၌ဖြစ်တဲ့ အာဝဇ္ဇနုပေက္ခာ=၂မျိုး။

နိကန္တိ=ဩဘာသစသော ၉ ပါးကို အကြောင်းပြု၍ ငါ့မှာ ဤကဲ့သို့ ရှေးတုန်းက ဤလို မဖြစ်ဖူးဘူး ယခုမှဖြစ်ရသည်ဟု သိမ်မွေ့နူးညံ့စွာ ဖြစ်တဲ့ "တဏှာ"

ဤ ၁၀ပါးကား မဂ်မဟုတ် ၎င်းတို့မှ လွတ်တဲ့ သဘောသာ မဂ်ဖြစ် ရမည်ဟု မဂ်ဟုတ် မဟုတ်ကို သိတဲ့ ဉာဏ် သည် မဂ္ဂါမဂ္ဂဉာဏ ဒဿန။

၎င်းသည်ပင် မဂ်မဟုတ်သည်၌ မဂ်ဟု မှတ်ထင်ခြင်းမှ စင်ကြယ်လို့ ဝိသုဒ္ဓိမည်၏။

ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ

၃၄။ **တထာ ပရိဗန္ဓဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယဉာဏာဒေါ ပဌာယ ယာဝါနုလောမာ တိလက္ခဏံ ဝိပဿနာပရမ္ပရာယ ပဋိပဇ္ဇန္တဿ နဝ ဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ နာမ။** ။

နဝ ဝိပဿနာဉာဏာနိ= ၇၁တို့၌ အနိစ္စ+ ဒုက္ခ+ အနတ္တ ရှုရင်း အဖြစ်, အ ပျက်ကို သိတဲ့ ဥဒယဗ္ဗယဉာဏ်အစ အနုလောမဉာဏ်အဆုံး ၉ပါး။

နာမ=၎င်းဉာဏ်၉ပါးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ အမည်မှည့်။

ရှုင်း= ၁။ ၇၁တို့၌ အနိစ္စ+ဒုက္ခ+ အနတ္တ ရှုယင်း အဖြစ်, အပျက်ကို သိတဲ့ ဥဒယဗ္ဗယဉာဏ်။

၂။ ၇၁တို့၌ အနိစ္စ+ဒုက္ခ+ အနတ္တဟု ရှုယင်း အပျက်ကို သိတဲ့ ဘင်ဂ ဉာဏ်။

၃။ ၇၁တို့၌ အနိစ္စ+ ဒုက္ခ+အနတ္တဟု ရှုယင်း ကြောက်ဖွယ်ဟု သိတဲ့ ဘယဉာဏ်။

၄။ ၇၁တို့၌ အနိစ္စ+ဒုက္ခ+ အနတ္တဟု ရှုယင်း အပြစ်ကို သိတဲ့အာဒီ နဝဉာဏ်။

၅။ ၇၁တို့၌ အနိ+ စ္စဒုက္ခ+ အနတ္တဟု ရှုယင်း ငြီးငွေ့စရာဟု သိတဲ့ နိဗ္ဗိဒါဉာဏ်။

၆။ ၇၁တို့၌ အနိစ္စ+ ဒုက္ခ+အနတ္တဟု ရှုယင်းလွတ်လိုသော အားဖြင့် သိတဲ့ မုစ္စိတုကမျတာဉာဏ်။

၇။ ၇၁တို့၌ အနိစ္စ+ဒုက္ခ+အနတ္တဟု ရှုယင်း ပြန်လှန် သုံးသပ်သော အားဖြင့် သိတဲ့ ပဋိသင်္ခါဉာဏ်။

၈။ ၇၁တို့၌ အနိစ္စ+ဒုက္ခ+အနတ္တဟု ရှုယင်း လျစ်လျူရှုစရာဟုသိကဲ့ သင်္ခါရုပေက္ခာဉာဏ်။

၉။ ၇၁တို့၌ အနိစ္စ+ဒုက္ခ+အနတ္တဟု ရှုယင်း ဗောဓိပက္ခိယ တို့အား လျော်စွာ သိတဲ့ အနုလောမဉာဏ် (မဂ်ရှေ့ ဂေါတြဘူ၊ ၎င်း ဂေါတြဘူ ရှေ့က အနုလုံခေါ် ကုသိုလ် ဉာဏ သမ္ပယုတ်၌ ပညာကိုယူ)

ဉာဏဒဿနဝိသုဒ္ဓိ

၅၅။ တဿေဝံ ပဋိပဇ္ဇန္တဿ ပန ဝိပဿနာပရိပါက, မာဂမ္မ ဣဒါနိ အပ္ပနာဥပ္ပဇ္ဇိဿတီတိ ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ ဥပ္ပန္နမနောဒွါရာ ဝဇ္ဇနာနန္တရံ ဒွေ တီဏိ ဝိပဿနာ စိတ္တာနိ ယံကိဉ္စိ အနိစ္စာဒိ လက္ခဏံ, မာရဗ္ဘ ပရိကမ္မော ပစာရာနုလောမနာမေန ပဝတ္တန္တိ။

ဝိပဿနာပရိပါကံ=သင်္ခါရုပေက္ခာဉာဏ်ရင့်လာသည့်အခါ(ရောက်စ မဟုတ်)

ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ= သင်္ခါရုပေက္ခာဉာဏ် ရင့် လာ သည့် အ ခါ ဖြစ် တဲ့ ဘဝင်ုပစ္ဆေဒ၊ (အတိုကောက် ဒ)

ဥပ္ပန္နမနောဒွါရာဝဇ္ဇန=သင်္ခါရုပေက္ခာဉာဏ် ရင့်လာသည့်အခါဖြစ်တဲ့ မနော ဒွါရာဝဇ္ဇန်း၊(အတိုကောက် မ)

တီဏိနာမေန=၁။ သင်္ခါရုပေက္ခာ ဝိပဿနာစိတ်= ပရိကမ် အမည်၊ (အတို ကောက် ပ)

၂။ သင်္ခါရုပေက္ခာ ဝိပဿနာစိတ်ပင်= ဥပစာအမည်၊(အတို ကောက် ဥ)

၃။ အနုလောမ ဝိပဿနာစိတ်=အနုလုံအမည်၊(အတိုကောက် (နု အားဖြင့် ဝိပဿနာစိတ်များ ဖြစ်ကြသည်။(၎င်းအချိန်မှာ မဂ်မရ သေး၊ မဂ်ရခါနီးသာ ဖြစ်၏။)

အမှာ=တိက္ခပုဂ္ဂိုလ် ဖြစ်အံ့ ပရိကမ် ပယ် (ဒွေနာသမေနသာ) (ဥပစာ,အနုလုံ သာ ဟူ၏)

ဝီထိဖြစ်ပုံ= န ဒ မ ပ ဥ နု ဂေါ။

ရှင်း=ယံကိဉ္စိ အနိစ္စာဒိလက္ခဏံ=ငင်းမနောဒွါရာဝဇ္ဇန်းနှင့် ပရိကမ်, ဥပစာ အနုလုံ အမည်ဖြင့် ဖြစ်ကြတဲ့ ဝိပဿနာစိတ်များသည် ၇၁တို့၏အနိစ္စ+ ဒုက္ခ+အနတ္တ သဘောသခင်းကိုအာရုံပြုကြ၏။

ထို့ကြောင့် ငင်းတို့သည် တေဘူမက သင်္ခါရ ၇၁တို့ကို အာရုံပြုကြ၏ဟု ဆိုကြသည်။

ဒွေတိဏ်ဂါ ဝိပဿနာစိတ္တာနိ=သင်္ခါရုပေက္ခာ ဝိပဿနာစိတ် နှင့် အနုလောမ ဝိပဿနာစိတ်။

ပရိကမ္မောပစာရာနုလောမနာမေန=သင်္ခါရုပေက္ခာ ဝိပဿနာစိတ်ကိုပရိကမ်, ဥပစာ အမည်မှည့်။
အနုလောမဝိပဿနာစိတ်ကိုအနုလောမ အမည်ပင်မှည့်။

၅၆။ ယာ သိခါပတ္တာ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

ပဝုစ္စတိ=သင်္ခါရုပေက္ခာဉာဏ် နှင့် အနုလောမဉာဏ် တို့ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ခေါ်ကြသေး၏ (မဂ်ရအံ့ ဆဲဆဲ အချိန်မှာ ဖြစ်တဲ့ ငင်းဉာဏ်၂မျိုးကိုသာ အထွဋ်အထိပ်ဖြစ်လို့ ဤအမည်ကို မှည့်သည်)

ရှင်း= အပါယ်စသည်မှ လွတ်သောကြောင့် လည်းကောင်း၊

သင်္ခါရနိမိတ်မှ လွတ်သောကြောင့် လည်းကောင်း=ဤ အကြောင်း ၂ပါးကြောင့် မဂ်ကို ဝုဋ္ဌာန ခေါ်၏။

ယင်းဝုဋ္ဌာနခေါ် မဂ်သို့ ရောက်ကြောင်းဖြစ်လို့ ငင်းဉာဏ် ၂ပါးကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ခေါ်သည်။

(ကျမ်းဂန် တို့၌ သုံးသောအမည်ထူးကို သိစေရန် အလျဉ်းသင့်လို့ ထည့်သွင်းမှာ ထဒူးတဲ့ စကားညှပ်မျှသာ ဖြစ်၏)

၅၇။ တဘော ပရံ ဂေါတြဘုစိတ္တံ နိဗ္ဗာနံ, မာလမ္ဗိတွာ ပုထုဇ္ဇန
ဂေါတ္တံ, မဘိဘဝန္တံ အရိယ ဂေါတ္တမဘိ သမ္ဘောန္တဥ
ပဝတ္တတိ။ ။

ဂေါတြဘုစိတ္တံ=ဂုင်းအနုလုံနောက်ဂေါတြဘူစိတ်ဖြင့် (နဒမပဥ နှ ဂေါ) ဟူလို။

နိဗ္ဗာနမာလမ္ဗိတွာ=ဂုင်းဂေါတြဘူ စိတ်သည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်။

ပုထုဇ္ဇနဂေါတ္တံ,မဘိဘဝန္တံ=ပုထုဇဉ်အနွယ်ကို လွှမ်းမိုးတတ်လို "ဂေါတြဘူ"

အမှာ=ပုထုဇဉ်ဘဝ၌ ဖြစ်သမျှစိတ်တို့တွင် အမြင့်မြတ်ဆုံး စိတ်မို့ လွှမ်းမိုး လို့ သုံးသည်။

အရိယဂေါတ္တံ,မဘိသမ္ဘောန္တဥ=အရိယာ အနွယ် သို့ ရောက် စေ တတ် လို့ "ဂေါတြဘူ"ခေါ်။

အမှာ=ဂေါတြဘူ မဖြစ်ရသေးသမျှ မဂ်အပ္ပနာ မဖြစ်နိုင်။
ဂုင်းဂေါတြဘူဖြစ်ပြီး၍ ဖယ်ပေးမှသာ မဂ် ဖြစ်နိုင်သည် ဟုလို။

မဂ်ကိစ္စ ၁၆ချက်

၅၈။ တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော သမုဒယ
သစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိကရောန္တော မဂ္ဂသစ္စံ
ဘာဝနာဝသေန အပ္ပနာဝီထိ, မောတရတိ။ ။

၁။ ပရိဇာနန္တော=ဒုက္ခသစ္စာကိုအပိုအလိုမရှိသိခြင်း (အများသုံး)

၂။ ပဇဟန္တော=သမုဒယသစ္စာခေါ် တဏှာကိုပယ်ခြင်း။

၃။ သစ္ဆိကရောန္တော=နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

၄။ မဂ္ဂသစ္စံဘာဝနာဝသေန=မဂ္ဂသစ္စာကို ပွားများခြင်း။

ရှင်း= မဂ်သည် ဒုက္ခသစ္စာကို အာရုံမပြု ထို့ကြောင့် ဒုက္ခ သစ္စာ သည် အလွန်မရှိ အယုတ်မရှိ သိတာကို "ပရိဇာနန္တ" ခေါ်နိုင်ရန် ခက်လှ၏။ မဂ်သည် နိရောဓကို အာရုံပြု၏။

နိရောဓဟူသည် ဒုက္ခ,သမုဒယအပါအဝင် သင်္ခါရတို့၏ ချုပ်ပျောက် ခြင်းသဘောဖြစ်၏။

ဤသို့ ချုပ်ပျောက်ရာတွင် ပါဝင်တဲ့ ဒုက္ခသစ္စာ၏ မရှိပုံကို သိခြင်းကို "ဒုက္ခသစ္စံ ပရိဇာနန္တော" ဟု ယူသင့်၏။

ဒုက္ခသစ္စာ၏ အကြောင်းရင်း တဏှာလည်း ချုပ်ရာတွင် ပါဝင်၏။ ၎င်းမရှိခြင်း မဖြစ်ခြင်း ကိုပင် တရားဆိုး ဖြစ်၍ ပယ်လိုက်ပြီဟု သုံးသောအားဖြင့် "သမုဒယသစ္စံ ပဇဟန္တော" ဆို၏ဟု ယူသင့်၏။

မဂ် ဖိုလ်အပါအဝင် သင်္ခါရတို့၏ မရှိခြင်း ချုပ်ခြင်း နိရောဓသည် မဂ္ဂင်တရားကိုယ်၏အာရုံအဖြစ်ထင်လာမှုကို " နိရောဓသစ္စံ သစ္ဆိကရောန္တော" ဟု ယူဆသင့်၏။

နိရောဓဝေါ် ချုပ်ခြင်းကို အာရုံပြုကာ ဖြစ်ဖော် ဖြစ်ဖက် စိတ်, စေတသိက်တို့နှင့် တကွ ဂေါတြဘူ ချုပ်အပြီး ဖြစ်ပေါ်လာမှုကိုပင် "မဂ္ဂသစ္စံ ဘာဝနာဝသေန" ဟု ယူသင့်၏။ (ဘာဝနာ=ဘူခေတ်=ဖြစ်ပေါ်လာခြင်း)

မှတ်ချက်=တဏှာကြိုက် သင်္ခါရ တရားများ ချုပ်ပျောက်လို့ နိရောဓ ကို တဏှာမကြိုက်တော့ဘူး၊ ဤသို့တဏှာမကြိုက်၍ တဏှာမကျက်စားမှု၊ တဏှာက အာရုံ မပြုမှုကိုပင် တဏှာမှ လွတ်ပြီဟု ယူဆကာ နိဝါန နိဗ္ဗာန်အမည်ပေး၏ဟုယူသင့်၏။

အခြားသော သင်္ခါရတရားများမှလည်း လွတ်သည်ပင်။

သို့ လွတ်စေကာမူ သံသရာ၌ ကျင်လည်၍ သံသရာမှာ ဒုက္ခရောက်အောင် လုပ်ရာတွင် တဏှာသာ အရေးအကြီးဆုံးအခန်းမှာ ပါဝင်နေသောကြောင့် ၎င်းတဏှာဖြင့် နိဝါန=နိဗ္ဗာန်ဟု အမည်ပေး။

အပ္ပနာဝီထိမောဇကရတို့= န ဒ မ ပ ဥ နု ဂေါ မဂ်။
န ဒ မ × ဥ နု ဂေါ မဂ်။

၅၉။ **တတောပရံ ဒွေတီဏိ ဖလစိတ္တာနိ ပဝတ္တိတွာ ဘဝင်္ဂပါတော ဝ ဟောတိ။**

ဒွေ=ဖိုလ်၂ကြိမ်(မန္ဒ) န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ်။
တီဏိ=ဖိုလ်၃ကြိမ် (တိက္ခ) န ဒ မ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် ဖိုလ်။

ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပုံ

၆၀။ ပုန ဘင်္ဂ ဝေါစ္ဆိန္နတ္တာ ပစ္စဝေက္ခဏာဉာဏာနိ ပဝတ္တန္တိ။
ဘင်္ဂဝေါစ္ဆိန္နတ္တာ ပစ္စဝေက္ခဏာဉာဏာနိ=ဖိုလ်ရပြီး အတော်အတန် ဘဝင်ခြားပြီးမှ ပစ္စဝေက္ခဏာ အလုပ်ကို လုပ်သည် (ရပြီး မဂ်,ဖိုလ်,နိဗ္ဗာန်, ကိလေသာတို့ကို ပြန်ဆင်ခြင်၏ ဟူလို)

သင်္ဂဟဂါထာများ

၆၁။ မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ နဝါ။
ဆဗ္ဗိသုဒ္ဓိကမေနေဝံ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။
ဉာဏဒဿနဝိသုဒ္ဓိ၊ နာမ မဂ္ဂေါ ပဝုစ္စတိ။
အယမေတ္ထ ဝိသုဒ္ဓိ ဘေဒေါ။

ပစ္စဝေက္ခတိ=၁။ ဤမဂ်ကို ငါရ၏ဟု ဆင်ခြင်၏။
၂။ မဂ်၏အကျိုး ဖိုလ်ကို ငါရ၏ဟု ဆင်ခြင်၏။
၃။ ရစဉ်က မဂ်,ဖိုလ်၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်ကို ဆင်ခြင်၏။
၄။ မည်သည့် ကိလေသာကို ပယ်ပြီးပြီဟု ဆင်ခြင်၏။
၅။ မည်သည့်ကိလေသာကို မပယ်ရသေးဟု ဆင်ခြင်၏။

ဝါ=နဝါ=အချို့ပယ်ပြီး ကိလေသာကို ဆင်ခြင်၏။
အချို့ပယ်ပြီး ကိလေသာကို မဆင်ခြင်။

သတိ=ရဟန္တာသည် မပယ်ရ သေးသော ကိလေသာကို လုံးဝ မဆင်ခြင် (မရှိတော့လို့)

ပစ္စဝေက္ခဏာဝီထိ=န ဒ မ ဧ ဧ ဧ ဧ ဧ ဧ ဧ (ရုံ ရုံ) (ကိလေသာကို ဆင်ခြင် တဒါရုံ ဖြစ်သင့်)
(မဂ်ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင် တဒါရုံ မဖြစ်သင့်)

ပစ္စဝေက္ခဏာ ၁၉ ဝီထိ=အောက်ဖလဋ္ဌာန်၃ယောက်၅ဝီထိစီ၅ × ၃=၁၅
ရဟန္တာ ၄ ဝီထိ (ကျန်ကိလေသာ မရှိလို့) ၄=၁၉

ဆဗ္ဗိသုဒ္ဓိကားမေန=သီလဝိသုဒ္ဓိ+ စိတ္တဝိသုဒ္ဓိ+ဒိဋ္ဌိဝိသုဒ္ဓိ+ ကင်္ခါဝိတရဏဝိသုဒ္ဓိ+ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ+ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ= ၎င်း ၆ပါး ပြည့်စုံပြီးမှ အားထုတ်ရမည် ဟူ၏။

အမှာ=(က) သီလဝိသုဒ္ဓိ+စိတ္တဝိသုဒ္ဓိ= ၂ပါး ပူလနှင့် တူ၏။

(ခ) ကျန် ၄ ပါး ကိုယ်နှင့် တူ၏။

ဉာဏဒဿနဝိသုဒ္ဓိ=၁။ သစ္စာ ၄ ပါးကို သိခြင်းကြောင့်လည်းကောင်း၊

၂။ ကိလေသာတို့မှ စင်ကြယ်ခြင်းကြောင့် လည်းကောင်း

ဤအကြောင်း ၂မျိုးကြောင့် မဂ်ကို ဉာဏဒဿနဝိသုဒ္ဓိ ခေါ်သည်။

ဝိမောက္ခဘေဒ

၆၂။ တတ္ထ နအတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာနုပဿနာ နာမ ဝိမောက္ခမုခံ ဟောတိ။

အနတ္တာနုပဿနာ=အနတ္တဟု ရှုတဲ့ ဝိပဿနာကို သုညတာနုပဿနာ ဝိမောက္ခမုခ အမည်မှည့် (အတ္တ အထင်မှ ဆိတ်သုဉ်းလို့)

၆၃။ အနိစ္စာနုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာနုပဿနာ နာမ။

အနိစ္စာနုပဿနာ=အနိစ္စဟု ရှုတဲ့ ဝိပဿနာကို အနိမိတ္တာနုပဿနာ ဝိမောက္ခမုခ အမည်မှည့်၊ (ဝိပလ္လာသ နိမိတ်မှ လွတ်လို့)

၆၄။ ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဉ္စန္တီ အပ္ပဏိဟိတာနုပဿနာ နာမ။

ဒုက္ခာနုပဿနာ=ဒုက္ခဟုရှုတဲ့ ဝိပဿနာကို အပ္ပဏိဟိတာ နုပဿနာ ဝိမောက္ခမုခအမည်မှည့် (တဏှာ၏ တောင့်တမှု မရှိလို့)

၆၅။ တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနိဝိပဿနာ အနတ္တတော ဝိပဿတိ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။

နာမ=ဝုဋ္ဌာနဂါမိနီ ဝိပဿနာအချိန်မှာ အနတ္တဟု ရှုအံ့၊ ရလာသော မဂ်ကို သုညတဝိမောက္ခမဂ်ခေါ် (ဝိပဿနာက "သုညတဝိမောက္ခမုခ" အမည် ရထားလို့)

၆၆။ ယဒိ အနိစ္စတော ဝိပဿတိ အနိမိတ္တော ဝိမောက္ခော နာမ။
နာမ= အနိစ္စဟု ရှုအံ့၊ ရလာသော မဂ်ကို အနိမိတ္တ ဝိမောက္ခမဂ် ခေါ်၊
(ဝိပဿနာက အနိမိတ္တ ဝိမောက္ခမုခ အမည်ရထားလို့)

၆၇။ ယဒိ ဒုက္ခတော ဝိပဿတိ အပ္ပဏိဟိတော ဝိမောက္ခော နာမာတိ စ မဂ္ဂေါ ဝိပဿနာဂမနဝသေန တီဏိ နာမာနိ လဘတိ။

တထာ ဖလဉ္စ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံ။

နာမ=ဒုက္ခဟု ရှုအံ့၊ရလာသော မဂ်ကို အပ္ပဏိဟိတဝိမောက္ခ မဂ်အမည်မှည့်
(ဝိပဿနာက (အပ္ပဏိဟိတ ဝိမောက္ခမုခ အမည်ရထားလို့)

ဝိပဿနာဂမနဝသေန= ဤသို့ အမည်ပေးခြင်းသည် ဝိပဿနာဖြင့် အမည်ပေးခြင်း။

မဂ္ဂဝီထိယံ=မဂ္ဂဝီထိ၌ ဖိုလ်ကို မဂ်၏ အခြေအနေအရ အမည်ပေး။

ရှင်း=သုညတဝိမောက္ခမဂ်၏ နောက်က ဖိုလ်ကို သုညတဝိမောက္ခဖိုလ် ခေါ်။
အနိမိတ္တဝိမောက္ခမဂ်၏ နောက်ကဖိုလ်ကို အနိမိတ္တဝိမောက္ခဖိုလ် ခေါ်။
အပ္ပဏိဟိတဝိမောက္ခမဂ်၏ နောက်က ဖိုလ်ကို အပ္ပဏိဟိတဝိမောက္ခဖိုလ် ခေါ်။

၆၈။ ဖလသမာပတ္တိဝီထိယံ ပန ယထာဝုတ္တနယေန ဝိပဿန္တာနံ ယထာသကံ ဖလႇ မုပ္ပဇ္ဇမာနမ္ပိ ဝိပဿနာဂမနဝသေနေဝ သုညတာဒိဝိမောက္ခောတိ စ ပဝုစ္စတိ။
အာရမ္မဏဝသေန ပန သရသဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမ္ပိ သမမေဝ ဧာတိ။

အယမေတ္ထ ဝိမောက္ခဘေဒေါ

ဝိပဿနာဂမနဝသေန=ဖလသမာပတ်၌ ဖိုလ်သည် မဂ်အား လျော်စွာ ဖြစ်သော်လည်း မဂ်ဖြင့် သုညတ စသော အမည်ကို မပေးရ။

ဝိပဿနာဖြင့် သုညတ စသော အမည်ကို ပေးရမည်။

ရှင်း=ဖလသမာပတ်ဝင်စားခါနီးမှာ ဝိပဿနာ ရှုရမည်။

ငင်းဝိပဿနာသည်=“သုညတ”ဖြစ်အံ့ ဖိုလ်ကို “သုညတဖိုလ်” ခေါ်။
“အနိမိတ္တ”ဖြစ်အံ့ ဖိုလ်ကို“အနိမိတ္တဖိုလ်” ခေါ်။
“အပ္ပဏိဟိတ” ဖြစ်အံ့ ဖိုလ်ကို “အပ္ပဏိဟိတဖိုလ်” ခေါ်။

နှိုင်းယှဉ်=မဂ္ဂဝီထိ၌- ၁ အနတ္တဟု ရှုတဲ့ ဝိပဿနာကို သုညတာ နုပဿနာ ဝိမောက္ခမုခအမည်ပေး။
ရတဲ့ မဂ်ကို သုညတဝိမောက္ခမဂ်ခေါ်။
ငင်းနောက် ဖိုလ်ကို သုညတဝိမောက္ခဖိုလ်ခေါ်။

၂။ အနိစ္စဟု ရှုတဲ့ ဝိပဿနာကို အနိမိတ္တာ နုပဿနာ ဝိမောက္ခမုခ အမည်ပေး။
ရတဲ့မဂ်ကို အနိမိတ္တဝိမောက္ခမဂ်ဟု ခေါ်။
ငင်းနောက် ဖိုလ်ကို အနိမိတ္တ ဝိမောက္ခဖိုလ် ခေါ်။

၃။ ဒုက္ခဟု ရှုတဲ့ ဝိပဿနာကို အပ္ပဏိဟိတာ နုပဿနာ ဝိမောက္ခမုခ အမည်ပေး။
ရတဲ့မဂ်ကို အပ္ပဏိဟိတဝိမောက္ခမဂ် ခေါ်။
ငင်းနောက် ဖိုလ်ကို အပ္ပဏိဟိတဝိမောက္ခဖိုလ် ခေါ်။

ဖလသမာပတ္တိဝီထိ၌=၁။ အနတ္တရှု သုညတာနုပဿနာဝိမောက္ခမုခ မည်။
ဖိုလ်ကို သုညတဝိမောက္ခဖိုလ်ခေါ်။

၂။ အနိစ္စရှု အနိမိတ္တာနုပဿနာဝိမောက္ခမုခ မည်။
ဖိုလ်ကို အနိမိတ္တဝိမောက္ခ ဖိုလ်ခေါ်။

၃။ ဒုက္ခရှု အပ္ပဏိဟိတာနုပဿနာဝိမောက္ခမုခမည်၊
ဖိုလ်ကိုအပ္ပဏိဟိတဝိမောက္ခဖိုလ်ခေါ်။

အာဂမနဝသေန=အာရုံဖြင့် မဂ်,ဖိုလ်ကို အမည်ပေးသေး၏။

ရှင်း= ၁။ သုညတနိဗ္ဗာန်ကို အာရုံပြုတဲ့ မဂ်,ဖိုလ်ကို သုညတမဂ် သုညတ ဖိုလ်ဟုအမည်ပေး။

၂။ အနိမိတ္တာနုပဿနာကို အာရုံပြုတဲ့ မဂ်,ဖိုလ်ကို အနိမိတ္တမဂ်, အနိမိတ္တဖိုလ်ဟု အမည်ပေး။

၃။ အပ္ပဏိဟိတာနုပဿနာကို အာရုံပြုတဲ့ မဂ်,ဖိုလ်ကို အပ္ပဏိဟိတမဂ်, အပ္ပဏိဟိတဖိုလ်ဟု အမည်ပေး။

သရသဝသေန=ဂုဏ်ထူးအားဖြင့် မဂ်,ဖိုလ်ကို အမည်ပေးသေး၏။

ရှင်း= ၁။ ကိလေသာ တို့မှ ဆိတ်ခြင်း ဂုဏ်ကိုစွဲ၍ မဂ်, ဖိုလ်ကို သုညတ ဝိမောက္ခအမည်ပေး။

၂။ ကိလေသာ အကြောင်းကင်းခြင်း ဂုဏ်ကိုစွဲ၍ မဂ်,ဖိုလ်ကို အနိမိတ္တ ဝိမောက္ခအမည်ပေး။

၃။ ကိလေသာတို့၏တောင့်တခြင်း ကင်းသည့် ဂုဏ်ကိုစွဲ၍ မဂ်,ဖိုလ်ကို အပ္ပဏိဟိတဝိမောက္ခအမည်ပေး။

သမ္ဗန္ဓ=၁။ မဂ္ဂဝီထိ၊

၂။ ဖလသမာပတ္တိ=၂ မျိုး လုံး၌ အာရမ္မဏ နည်း, သရသ နည်း အမည်ပေးနိုင်သည်၊

သမ္ဗန္ဓသမ္ဗိ=ဝီထိ ၂မျိုးလုံး၌ မဂ်,ဖိုလ်အားလုံးတို့နှင့် ၎င်းအမည် ၂မျိုး ပေးမှုတို့သည် သက်ဆိုင်ကြ၏။

ပုဂ္ဂလဘေဒ

(မဂ်ပယ်စဉ်)

၆၉။ ဧတ္ထ ပန သောတာပတ္တိ မဂ္ဂံ ဘာဝေတွာ ဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနေန ပဟီနာပါယဂမနော သတ္တက္ခတ္တုပရမော သောတာပန္နော နာမ။

ဒိဋ္ဌိဝိစိကိစ္ဆာပဟာနေန=ဒိဋ္ဌိဂတသမ္ပယုတ် ၄ ဝိစိကိစ္ဆာသမ္ပယုတ် ၁=၎င်း ၅ပါး တို့ကို ဒ.ကြွင်းမဲ့ပယ်။

အမှာ=ဒိဋ္ဌိဝိစိကိစ္ဆာကိုသာ ဆိုခြင်းသည် "ဥပလက္ခဏ" ထို့ကြောင့် စိတ်ကိုပါယူ။

F.63

ပဟီနာပါယဂမနေ၁=ဒိဋ္ဌိဂတဝိပ္ပယုတ် ၄

ဒေါသမူ ၂=၆ပါးတို့၏ အပါယဂနီယ သတ္တိ ကိုပယ် (အပါယ်ကိုလားစေ တတ်တဲ့သတ္တိ)

အမှာ=ည၀ါ အကောက်မျှား၌ တနုကရအားဖြင့် ပယ်ဟုသုံးကြ၏။

သတ္တက္ခတ္တုပရမော=သောတာပန်သည် ကာမဘုံ၌ ၇ကြိမ် ပဋိသန္ဓေ နေနိုင် ခွင့်ရှိသည်။

ရှင်း= ၁။ ကာမဘုံ၌ ၁ ကြိမ် ပဋိသန္ဓေနေလျှင် ဧကဗီဇ သောတာပန်။

၂။ ကာမဘုံ၌ ၂,၃,၄,၅, ၆ ကြိမ် ပဋိသန္ဓေနေလျှင် ကောလံ ကောလ သောတာပန်။

၃။ ကာမဘုံ၌ ၇ ကြိမ် ပဋိသန္ဓေ နေလျှင် သတ္တက္ခတ္တုပရမ သောတာပန်။

၇၀။ သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂ ဒေါသ မောဟာနံ တနုက ရတ္တာ သကဒါဂါမီ နာမ ဟောတိ သကိဒေဝ ဣမံ လောကံ အာဂန္တွာ။

ရာဂ ဒေါသ မောဟာနံ တနုကရတ္တာ=ဥပလက္ခဏာပင် (အောက်ပါအတိုင်း စိတ်ကိုပါ ပယ်လို့)

ဒိဋ္ဌိဂတဝိပ္ပယုတ် ၄

ဒေါသမူ ၂=၆ပါး တို့၏ ကြမ်းတမ်းတဲ့ သဘောကို ပယ် (၀ါ) ပါး အောင် ပြုသည်။ (မကြမ်းတမ်းတဲ့ အစိတ်အအပိုင်းကျန်သေး၏ဟူလို)

သကိံဝေ ဣမံ လောကံ အာဂန္တွာ=သကဒါဂါမ် အမည်သည် ၅ ယောက် မြောက် သကဒါဂါမ်ပုဂ္ဂိုလ်နှင့်သာ ကိုက်ညီသည်။

ရှင်း= ၁။ လူ့ပြည်၌ သကဒါဂါမ်ဖြစ်၊ နတ်ပြည်၌ အထက် မဂ်, ဖိုလ်ရ။ နိဗ္ဗာန်သွား။

၂။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်၊ လူ့ပြည်၌ အထက် မဂ်,ဖိုလ်ရ။ နိဗ္ဗာန်သွား။

၃။ လူ့ပြည်၌ သကဒါဂါမိဖြစ်၊ လူ့ပြည် သကဒါဂါမိ အဖြစ်နှင့်ပင် ရပြန်လာ၊ အထက် မဂ်,ဖိုလ်ရ၊ နိဗ္ဗာန်သွား။

၄။ နတ်ပြည်၌သကဒါဂါမိဖြစ်၊ နတ်ပြည် သကဒါဂါမိအဖြစ်နှင့်ပင် ပြန်၊ အထက် မဂ်, ဖိုလ်ရ၊ နိဗ္ဗာန်သွား။

၅။ လူ့ပြည်၌သကဒါဂါမိဖြစ်၊ နတ်ပြည်သွား၊ လူ့ပြည် ပြန်လာပြီး၊ အထက်မဂ်,ဖိုလ်ရ၊ နိဗ္ဗာန်သွား (ပါဠိအသုံးအနှုန်း ပြခဲ့ပြီ)

၇၁။ အနာဂါမိမဂ္ဂံ ဘာဝေတွာ ကာမရာဂ,ဗျာပါဒါန, မနဝသေသပ္ပဟာနေန အနာဂါမိ နာမ ဟောတိ အနာဂန္တွာ ဣတ္ထတ္တံ။

ကာမရာဂဗျာပါဒါနံ=ကာမဘုံ၌ နှစ်သက်တဲ့(လောဘ)(ကာမရာဂ)ဒေါသ အားလုံး(ဗျာပါဒ)(ဥပလက္ခဏ၊စိတ်ကိုလည်းပယ်လို့)

ထို့ကြောင့် ကာမဘုံနှစ်သက်တဲ့ဒိဋ္ဌိဂတဝိပ္ပယုတ် ၄
ဒေါသမူ ၂=၆ပါးတို့ကိုပယ်။

အနာဂန္တွာ ဣတ္ထတ္တံ=ကာမဘုံသို့ လုံးဝ မလာတော့လို့ အနာဂါမိ ခေါ်။ (ကာမဘုံ လာ၍ ပဋိသန္ဓေ မနေတာကို ဆိုလိုသည်။ ပဝတ္တိ အခါ မှာတော့ လာသည်)

၇၂၊ အရဟတ္တမဂ္ဂံ ဘာဝေတွာ အနဝသေသကိလေသပ္ပဟာနေန အရဟာ နာမ ဟောတိ ခီဏာသဝေါ လောကေ အဂ္ဂဒက္ခိ ဏေယျောတိ။

အယမေတ္ထ ပုဂ္ဂလဘေဒေါ။

အနဝသေသကိလေသပ္ပဟာနေန=ကျန်ကိလေသာ အားလုံးကို ပယ်။

ထို့ကြောင့် ရူပရာဂ, အရူပရာဂနှင့် သမ္ပယုတ်ဖြစ်တဲ့
ဒိဋ္ဌိဂတဝိပ္ပယုတ် ၄
ဥဒ္ဓစ္စသမ္ပယုတ် ၁=၅ပါးတို့ကို ပယ်သည်။

ခီဏာသဝေါ=အာသဝေါ ကုန်ပြီးလို့ အရဟာ။

အမှာ=အရိ=အာသဝ ဟူသော ရန်သူကို၊ ဟာ=သတ်ပြီးပြီ ဟူလို။

အဂ္ဂဒက္ခိဏေယျော= မြတ်သော အလှူကို ခံထိုက်လို့ အရဟာ (အရဟာ= ခံထိုက်)

သမာပတ္တိဘေဒ

၇၃။ ဖလသမာပတ္တိဝီထိယော ပနေတ္ထ သဗ္ဗေသမ္ပိ ယထာသက ဖလဝသေန သာဓာရဏာဝ။

ယထာသကဖလဝသေန= ဖလသမာပတ် ဝင်စားသည့်အခါ မိမိ ဖိုလ်သာ ဖြစ်သည်။
(အောက်ဖိုလ်လည်း မဖြစ်၊ အထက်ဖိုလ်လည်း မဖြစ်ဟူလို)

၇၄။ နိရောဓသမာပတ္တိ သမာပဇ္ဇနံ ပန အနာဂါမိနဉ္စေဝ အရဟန္တာနဉ္စ လဗ္ဘတိ။
တတ္ထ ယထာက္ကမံ ပဌမဇ္ဈာနာဒိမဟဂ္ဂတ သမာပတ္တိံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ တတ္ထဂတေ သင်္ခါရဓမ္မေ တတ္ထ တတ္ထေဝ ဝိပဿန္တော ယာဝ အာကိဉ္စညာယတနံ ဂန္တွာ တတော ပရံ အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ။
တဿ ဒွိန္နံ အပ္ပနာဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ တတော နိရောဓသမာပန္နော နာမ ဟောတိ။

အနာဂါမိနဉ္စေဝ, အရဟန္တာနဉ္စ=၁။ အနာဂါမ်
၂။ ရဟန္တာ=၎င်းပုဂ္ဂိုလ် ၂ ယောက်သာ နိရောဓသမာပတ် ဝင်စားနိုင်သည်။

ယထာက္ကမံ=ပဌမစျာန်ဝင်စားပြီး ဒုတိယစျာန်။
ဒုတိယစျာန်ဝင်စားပြီး တတိယစျာန် စသည် အစဉ်အတိုင်းသာ။

ပဌမဇ္ဈာနာဒိမဟဂ္ဂတသမာပတ္တိံ=သမာပတ် ၈ ပါး (သို့) ၉ ပါး ရသူသာ ဝင်စားနိုင်၊ သမာပတ်မရသည့် သုက္ခဝိပဿကာ အနာဂါမ်၊ ရဟန္တာ မဝင်စားနိုင် ဟူ၏)

သမာပဇ္ဇိတွာ=ပဌမစျာန်ကို ဝင်စား။

ဝုဋ္ဌာယ=၎င်း ပဌမစျာန် ဝင်စားခြင်းမှ ထ။

တတ္ထတတ္ထေဝဝိပဿန္တော= ဝင်စားပြီး ပဌမစျာန်ကိုပင် အနိစ္စ+ ဒုက္ခ+ အနတ္တ ရှု။

ယာဝအာကိဉ္စညာယတနံ= ယင်း နည်းအတိုင်း ပဌမစျာန်ပြီး ဒုတိယစျာန် ၎င်းနောက် တတိယစျာန်၊ ၎င်းနောက် စတုတ္ထစျာန်၊ ၎င်းနောက် ပဉ္စမစျာန်၊ ၎င်းနောက် အာကာသာနဉ္စာယတန၊ ၎င်းနောက် ဝိညာဏဉ္စာယတန၊ ၎င်းနောက် အာကိဉ္စညာယတနကို ဝင်စား လိုက် ရှုလိုက် လုပ်ရမည်။

အမှာ=၎င်းနောက် နေဝသညာ နာသညာယတနကို မဝင်စားမီ အောက်ပါ အတိုင်း ပုဗ္ဗကိစ္စကို ပြုလုပ်ရမည်။

အဓိဋ္ဌာယျာဒိကံ=၁။ ကိုယ်နှင့် စပ်သည်ကို ချန်၊ ကျန် မိမိပိုင်ပစ္စည်းများကို ရန်သူမျိုး ၅ ပါး မဖျက်ဆီး နိုင်ပါစေ သတည်းဟု အဓိဋ္ဌာန်ခြင်း။

၂။ သံဃာတော်တ (သို့) ဘုရားခေါ်လျှင် ထနိုင်ပါစေ သတည်းဟု အဓိဋ္ဌာန်ခြင်း။

၃။ ကန့်သတ်ချိန် ပြည့်လျှင် ထနိုင်ပါစေ သတည်း ဟု အဓိဋ္ဌာန်ခြင်း။

၄။ အာယုသင်္ခါရ ဖြစ်မှုကို ကြည့်ရှုခြင်း။ (ဝင်စားစဉ် အတွင်း အာယုသင်္ခါရဖြစ်နိုင် မဖြစ်နိုင် ကြိုတင်ဆင် ခြင် ဟူ၏)

၎င်းပြုမြဲ ပုဗ္ဗကိစ္စကိုပြုလုပ်ပြီးနောက်။

သမာပဇ္ဇတိ=နေဝသညာနာသညာယတနကို ဝင်စား။

ဒွိန္နံဇဝနာနံ=ဝင်စားဆိုသော်လည်း နေဝသညာနာသညာယတန ၂ကြိမ်သာ ဖြစ်၏။

ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ=၎င်း၂ကြိမ် ဖြစ်ပြီးနောက် စိတ်အစဉ်ပြတ်၊ စိတ် ပြတ်တော့ စေတသိက်လည်းပြတ်၊ စိတ္တဇရုပ်လည်း ပြတ်။ ၎င်းကိုပင် နိရောဓသမာပတ် ဝင်စားသည်ဟု ဆိုသည်။

အစဉ်ဖြစ်ပုံ=န ဒ မ ပ ဥ နံ ဂေါ နေ နေ (စိတ် + စေတသိက်+ စိတ္တဇရုပ်ချုပ်)

၇၅။ ဝုဋ္ဌာနကာလေ ပန အနာဂါမိနော အနာဂါမိဖလစိတ္တံ အရဟတော အရဟတ္တဖလစိတ္တံ ဧကဝါရမေဝ ပဝတ္တိတွာ ဘဝင်္ဂပါတော ဟောတိ တတော ပရံ ပစ္စဝေက္ခဏဉာဏံ ပဝတ္တတိတိ။ ။

အယမေတ္ထ သမာပတ္တိဘေဒေါ။
နိဋ္ဌိတော စ ဝိပဿနာကမ္မဋ္ဌာနနယော။

အနာဂါမိဖလစိတ္တံ=နိရောဓသမာပတ်ဝင်စားသူသည် အနာဂါမ်ဖြစ်အံ့၊ထတဲ့ အခါ အနာဂါမိဖိုလ်၁ကြိမ် ၎င်းနောက် ဘဝင်။
ရဟန္တာဖြစ်အံ့ အရဟတ္တဖိုလ် ၁ကြိမ် ၎င်းနောက် ဘဝင် ဖြစ်သင့် သလောက်ဖြစ်။

ပစ္စဝေက္ခဏဉာဏံ=၎င်းနောက် ဖိုလ်ကို ပြန်ဆင်ခြင်သည်။
စိတ်အစဉ်=န ဒ မ ပ ဥ နု ဂေါ နေ နေ (ချုပ်) ဖိုလ် (ထို့နောက် ဘဝင်)
န ဒ မ ဧ ဧ ဧ ဧ ဧ ဧ ဧ(ပစ္စဝေက္ခဏာ ဝီထိ)
သတိ= လူ့ပြည်၌ ၇ ရက်သာ ဝင်စားနိုင်(ထမင်းမစားဘဲ ၇ရက်သာ နေနိုင်ခွင့်ရှိလို့)
နတ်ပြည်၌ ၎င်းတို့ အာဟာရနှင့် လျော်စွာ ဝင်စားနိုင်။
ဗြဟ္မာ့ပြည်၌ အစားကိစ္စမရှိ၍ အလိုရှိသလောက် ဝင်စားနိုင်။
အရူပဗြဟ္မာများ အစဉ်အတိုင်းဝင်စားစရာ အောက်ရူပါဝစရ ဈာန် များမရှိလို့ နိရောဓသမာပတ် မဝင်စားနိုင်။

ဥယျောဇဉ်

၇၆။ ဘာဝေတဗ္ဗံ ပနိစ္စေဝံ၊ ဘာဝနာဒွယမုတ္တမံ။
ပဋိပတ္တိရသဿာဒံ၊ ပတ္ထယန္တေန သာသနေ။

ဘာဝနာဒွယံ= ၁။ သမထဘာဝနာ
၂။ ဝိပဿနာဘာဝနာ=၂
ပဋိပတ္တိရသဿာဒံ=သမထဘာဝနာ၏ အရသာ ဈာန်ချမ်းသာ။
ဝိပဿနာဘာဝနာ၏ အရသာ မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာ။

ကမ္မဋ္ဌာန်းပိုင်းပြီးပြီ။

ကမ္မဋ္ဌာန်းပိုင်း

စာမေးပွဲဖြေသူများအတွက်

လေ့ကျင့်ခန်း

မေး ။ ဘာဝနာ ၂ မျိုးကို ရှင်းပါ။

ဖြေ ။ ၁။ သမထဘာဝနာ=နီဝရဏ ငြိမ်းအောင် ကမ္မဋ္ဌာန်း ၄၀ တို့ကို ပွားများခြင်း။

၂။ ဝိပဿနာဘာဝနာ=တေဘူမကသင်္ခါရ ၇၁ တို့ကို ပွားများခြင်း။ (၎င်း ၇၁ တို့၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘော သိအောင် ပွားများမှု)

မေး ။ ကမ္မဋ္ဌာန်း ၂ မျိုးကို ရှင်းပါ။

ဖြေ ။ ၁။ သမထကမ္မဋ္ဌာန်း=ကမ္မဋ္ဌာန်း ၄၀ ကိုခေါ် (မုချ)
သမထဘာဝနာကိုခေါ် (ဌာနူပစာ= ဌာန ကမ္မဋ္ဌာန်း၏ အမည်ကို ဌာနီဘာဝနာ၌ မှည့်ခေါ်လို့)

၂။ ဝိပဿနာကမ္မဋ္ဌာန်း=တေဘူမကသင်္ခါရ ၇၁ ကို ခေါ် (မုချ)
ဝိပဿနာဘာဝနာကို ခေါ် (ဌာနူပစာပင်)

မေး ။ ဘာဝနာကမ္မဋ္ဌာန်းနှင့် နိမိတ်တို့၏ အဓိပ္ပာယ်ကို ဖြေပါ။

ဖြေ ။ ဘာဝနာ=ကြိမ်ဖန်များစွာ လေ့လာပွားများခြင်း (မဟာ ကုသိုလ်, မဟာကြိယာကို များအောင် အားထုတ်၏လည်း ဟူ)

ကမ္မဋ္ဌာန်း=ဘာဝနာ ၂ မျိုးတည်း ဟူသော ကံ၏ အကြောင်း ဖြစ်ခြင်း (ကံ၏တည်ရာ ဟူ၍လည်း ဆိုသေး၏)

မေး ။ တေဘူမက ဟူသည် အဘယ်နည်း။

ဖြေ ။ လောကီစိတ် ၁ (ဝိဇာနနလက္ခဏာယူလို့ ၁) (သရုပ်မဟုတ်)

စေတသိက် ၅၂

နိပ္ဖန္နရုပ် ၁၈=၇၁။

မေး ။ ဝိထိမုတ်ပိုင်း-ဘာဝနာနှင့် ကမ္မဋ္ဌာန်းပိုင်း ဘာဝနာ အထူးကိုဖြေပါ။

ဖြေ ။ ဝိထိမုတ်ပိုင်း-ဘာဝနာ=စေတနာကောက်(ကံအရာ ဖြစ်လို့)
ကမ္မဋ္ဌာန်းပိုင်း- ဘာဝနာ= သမထဘာဝနာ= သမာဓိ ကောက် (ကေဂ္ဂတာပင်)
ဝိပဿနာဘာဝနာ(ပညာကောက်)

မေး ။ ဝိထိမုတ်ပိုင်းဘာဝနာနှင့်ကမ္မဋ္ဌာန်းပိုင်းဘာဝနာ ဆန့်ကျင်မဆန့်ကျင်။

ဖြေ ။ မဆန့်ကျင်ပါ (ဥပလက္ခဏာချည်းဖြစ်လို့)
(စေတနာ ကောက်သော်လည်း သမာဓိနှင့် ပညာပါသည်။ သမာဓိနှင့် ပညာကောက်သော်လည်း စေတနာပါသည်ပင် ဟူလို)

မေး ။ စရိတာ အဓိပ္ပာယ် ဖြေပါ။

ဖြေ ။ ဖြစ်ရိုးဖြစ်စဉ်ထက် ပိုသော အလေ့အကျင့်။

၁။ ရာဂစရိတာ=ကာမအာရုံ၌ လွန်လွန်ကဲကဲ ကျင့်လေ့ရှိသူ။

၂။ ဒေါသစရိတာ=အရာရာ၌ ဒေါသ ပြင်းထန်သူ။

၃။ မောဟစရိတာ=အရာရာ၌ တွေဝေထိုင်းမှိုင်းသူ။

၄။ သဒ္ဓါစရိတာ=ရတနာ ၃ ပါး ကံ,ကံ၏ အကျိုးကို ပြင်းထန်စွာ ယုံကြည်သူ။
(အသိဉာဏ် နည်းလျှင် အလွဲကြည်ညိုတတ်သည်)

၅။ ဗုဒ္ဓိစရိတာ=အရာရာ၌ စဉ်းစားဆင်ခြင်မှု အားကြီးသူ။

၆။ ဝိတက္ကစရိတာ=အကြံအစည်များလွန်းသူ(ရာဂစသည်တို့ ၂မျိုး, ၃ မျိုး များသူ စသည်လည်းရှိ)

မေး ။ ဘာဝနာ ၃ မျိုးကို ရှင်းပြပါ။

ဖြေ ။ ၁။ ပရိကမ္မနိမိတ်=

၂။ ဥဂ္ဂဟနိမိတ်=၎င်း ၂ မျိုးကို ပွားများလျှင် ပရိကမ္မဘာဝနာမည်။

၃။ ပဋိဘာဂနိမိတ်ကို ပွားများလျှင် ဥပစာရဘာဝနာ၊
အပ္ပနာဘာဝနာ=၂ မည်ရ၏။

မေး ။ နိမိတ် ၁ ခုတည်း ဖြစ်တဲ့ ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ အထူး ပြပါ။

ဖြေ ။ ဥပစာရဘာဝနာ=နီဝရဏ ခွာသည်မှ ဈာန်ရှေ့ ဂေါတြဘူ အထိ ပွားခြင်း။
အပ္ပနာဘာဝနာ=ရသော ဈာန်ကိုပင် အပ္ပနာဘာဝနာ ခေါ်။

မေး ။ နိမိတ်ခေါ် အာရုံကမ္မဋ္ဌာန်း ၃ မျိုးကို ရှင်းပါ။

ဖြေ ။ ၁။ ပရိကမ္မနိမိတ်=မျက်စိဖြင့် ကြည့်၍ ပွားများရသော ကမ္မဋ္ဌာန်း။ (မျက်စိဖြင့် မမြင်ကောင်းသော အာရုံအချို့ကိုလည်း ပရိကမ္မနိမိတ်ခေါ်သည်ပင်၊ ထို့ကြောင့် ပရိယာယေနဟုဆရာကိုယ်တိုင်ဆို၏)

၂။ ဥဂ္ဂဟနိမိတ်=မျက်စိဖြင့် မကြည့်ပဲ စိတ်ဖြင့် တွေးယူရတဲ့ အာရုံ။

၃။ ပဋိဘာဂနိမိတ်= မတွေးသော်လည်း အမြဲထင်နေသော အာရုံ။ ၎င်းပဋိဘာဂနိမိတ်သည်=ပညတ်၊မူလကမ္မဋ္ဌာန်းအာရုံနှင့်တူရုံသာ

မေး ။ ကမ္မဋ္ဌာန်း ၄၀ ကို ရေတွက်ပြပါ။

ဖြေ ။ ၁။ ပထဝီ=အရေး အကြောင်း မရှိအောင် အစင်အကြယ် လုပ်ထားတဲ့ မြေကြီး။

၂။ အာပေါ=အမှုံ အမှိုက်မရှိအောင် အစင်အကြယ်လုပ်ထားတဲ့ရေ။

၃။ တေဇော=ဖောက်ထားတဲ့ အပေါက်က ဝင်လာတဲ့ မီး ရောင်။

၄။ ဝါယော=ဖောက်ထားတဲ့ အပေါက်က ဝင်လာတဲ့ လေ။

၅။ နီလ=ဆေးခြယ်ထားတဲ့အညိုရောင်(ပင်ကိုယ်ရောင်လည်း ရ၏။)

၆။ ပီတ= ဆေးခြယ် ထားတဲ့ အဝါရောင် :(ပင်ကိုယ်ရောင်လည်း ရ၏)

၇။ လောဟိတ=ဆေးခြယ်ထားတဲ့ အနီရောင် (ပင်ကိုယ်ရောင်လည်း ရ၏)

၈။ ဩဒါတ=ဆေးခြယ်ထားတဲ့ အဖြူရောင် (ပင်ကိုယ်ရောင်လည်း ရ၏)

၉။ အာကာသ=ဖေါက်ထားတဲ့ အပေါက်တွင်း ဟင်းလင်းပြင်။

၁၀။ အာလောက=ဖေါက်ထားတဲ့ အပေါက်မှ ဝင်လာတဲ့ လစသည် တို့၏အရောင်။
(၎င်း၁၀မျိုးကို ကသိုဏ်းခေါ်၊ အကုန်လုံးကို အာရုံပြုရလို့)

၁။ ဥဒ္ဓုမာတကံ=ဖူးဖူးရောင်တဲ့ အကောင်ပုပ်။
၂။ ဝိနီလကံ=အညိုရောင်များသော အကောင်ပုပ်။
၃။ ဝိပုဗ္ဗကံ=ပြည်ယိုသော အကောင်ပုပ်။
၄။ ဝိစ္ဆိဒ္ဒကံ=၂ပိုင်းပြတ်သောအကောင်ပုပ်။
၅။ ဝိက္ခာယိတကံ=ခွေး,မြေခွေးတို့ ကိုက်ရာထင်တဲ့အကောင်ပုပ်။
၆။ ဝိက္ခိတ္တကံ=ခွေး, မြေဇေးတို့ အတုံးလိုက်အတစ်လိုက် ကိုက်ဖြတ် ထားတဲ့ အကောင်ပုပ်။
၇။ ဟတဝိက္ခိတ္တကံ= လူများ က ဓားငယ်ဖြင့် ပိုင်း ဖြတ် ထား တဲ့ အပိုင်းအစ။
၈။ လောဟိတကံ=သွေးယိုစီးနေတဲ့ အကောင်ပုပ်။
၉။ ပုဠုဝကံ=ပိုးလောက် တွယ်နေတဲ့ အကောင်ပုပ်။
၁၀။ အဋ္ဌိကံ=အရိုး(၁ချောင်းကစယူ)
(၎င်း၁၀မျိုး စက်ဆုပ်အပ်လို့ အသုဘ၊ ထို့ကြောင့် စက်ဆုပ် အနက်ဟော၃"က" သဒ္ဒါကို သုံးသည်)

၁။ ဗုဒ္ဓါနုဿတိ၌ ဗုဒ္ဓ=အရဟံစတဲ့ဘုရားဂုဏ်(ခန္ဓာကိုယ်ဒြပ်မဟုတ်)
၂။ ဓမ္မာနုဿတိ၌ ဓမ္မ=သွာက္ခာတ စတဲ့ တရားဂုဏ်။
၃။ သံဃာနုဿတိ၌ သံဃ=သုပ္ပဋိပန္န စတဲ့ သံဃာ့ဂုဏ်။
၄။ သီလာနုဿတိ၌ သီလ=မကျိုးမပျက်တဲ့သီလဂုဏ်။
၅။ စာဂါနုဿတိ၌ စာဂ=လှူဒါန်းပေးကမ်းခြင်း။
၆။ ဒေဝတာနုဿတိ၌ ဒေဝတာ=နတ်,ပြဟ္မာဖြစ်စေတတ်တဲ့ မိမိမှာ ရှိတဲ့ သဒ္ဓါစသည်။
၇။ ဥပသမာနုဿတိ၌ ဥပသမ=နိဗ္ဗာန်၏ ဂုဏ်။
၈။ မရဏာနုဿတိ၌ မရဏ=သေခြင်း။
၉။ ကာယဂတာသတိ၌ ကာယဂတာ=၃၂ ကောဋ္ဌာသ။
၁၀။ အာနာပါနဿတိ၌ အာနာပါန=ထွက်သက်ဝင်သက်။
(၎င်း ၁၀ မျိုး သည် အဖန် တ လဲ လဲ အောက် မေ့ အပ် လို့ အနုဿတိ)

အနုမပါ=ကာယဂတာသတိ=ဆံပင်,မွေးညှင်းစသည် ပွားများလျှင် ဆံပင်၌ ၁ကြိမ်, မွေးညှင်း၌၁ကြိမ် စသဖြင့် ၁ကြိမ် စီသာဖြစ်၏၊ ဆံပင်,ဆံပင်စသည်ဖြင့် ၁ခုအပေါ် အကြိမ် အများကြီး မပွားရလို့ "အနု"မထည့်ပါ။

အာနာပါနဿတိ=ထွက်သက်၌ ၁ကြိမ်၊ဝင်သက်၌ ၁ ကြိမ်သာ ထွက်သက် စသည့် ၁ခုတည်း အပေါ် အကြိမ်များများ မပွားရလို့ "အနု"မထည့်ပါ။

၁။ မေတ္တာ=အတိုင်းအတာ မရှိတဲ့ သတ္တဝါ ပညတ်ကိုချစ်ခြင်း။

၂။ ကရုဏာ=အတိုင်း အတာ မရှိတဲ့ ဒုက္ခိတ သတ္တဝါ ပညတ်ကို သနားခြင်း။

၃။ မုဒိတာ=အတိုင်း အတာ မရှိတဲ့ သုခိတ သတ္တဝါ ပညတ် ကို ဝမ်းမြောက်ခြင်း။

၄။ ဥပေက္ခာ=အတိုင်း အတာ မရှိတဲ့ သတ္တဝါ ပညတ်ကို လျစ်လျူရှုခြင်း။

(အတိုင်းအဘာမရှိဟူသည် အရေအတွက် မကန့်သတ်နိုင် ဆိုလို) ထို့ကြောင့်"အပ္ပမညာ" အမည်ပေး=အပ္ပမညာ=မရေတွက်နိုင်။ ၎င်း ၄မျိုးကို ပွားနေခြင်းသည် မြတ်သောနေခြင်း မြတ်သူတို့၏ နေခြင်းမျိုးဖြစ်လို့ "ဗြဟ္မဝိဟာရ"ခေါ်သေး၏။

မေတ္တာပွားနည်း ၅၂၈=သဗ္ဗေ သတ္တာ အဝေရာဟောန္တုစသည်။
ကရုဏာပွားနည်း ၁၃၂=သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု စသည်။
မုဒိတာပွားနည်း ၁၃၂=သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု။

ဥပေက္ခာပွားနည်း ၁၃၂=သဗ္ဗေ သတ္တာ ကမ္မဿကာ။

၁။ အာဟာရေ ပဋိကူလသညာ=အာဟာရကို ရှာမှီးရခြင်း စသည် ကို စက်ဆုပ်ခြင်း။

၂။ ဓာတုဝဝတ္ထာန်=ပညတ်နည်းဖြင့် ဓာတ်လေးပါးဖြင့် ခွဲဝေခြင်း၊ (ပထဝီ၂၀၊အာပေါ ၁၂၊တေဇော၄၊ ဝါယော၆၊ ဤသို့ခွဲဝေ)

၁။ ကသိဏ် ၁၀ ကိုဖြင့် ဒုတိယဈာန်ကို၊ ...

၁။ ကသိဏ်ကိုဝင်မှ ကာသပညတ်ကမ္မဋ္ဌာန်း။

၂။ အာကာသာနဉ္စာယတန ကုသိုလ်,ကြိယာမဟဂ္ဂုတ်ကမ္မဋ္ဌာန်း။

၃။ နတ္ထိဘာဝပညတ် ကမ္မဋ္ဌာန်း။

၄။ အာကိဉ္စညာယတနကုသိုလ်, ကြိယာမဟဂ္ဂုတ် ကမ္မဋ္ဌာန်း။

ဤ ၄ မျိုးတို့သည် အရူပဈာန်၏ အာရုံဖြစ်လို့ အရူပ ကမ္မဋ္ဌာန်း (အားလုံးပေါင်း ကမ္မဋ္ဌာန်း၄၀)

မေး ။ ဘာဝနာ,နိမိတ်,ကမ္မဋ္ဌာန်းတို့ကို တွဲစပ်ပြပါ။

ဖြေ ။

ပရိကမ္မဘာဝနာ	ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ်	ကမ္မဋ္ဌာန်း၄၀
ပဉ္စာရဘာဝနာ အပ္ပနာဘာဝနာ	ပဋိဘာဂနိမိတ်	ကသိုဏ်းပညတ် ၁၀ အသုဘပညတ် ၁၀ ကာယဂတာသတိ ၁ အာနာပါနသတိ ၁ ပေါင်း= ၂၂

မေး ။ ကမ္မဋ္ဌာန်းနှင့်စရိုက် တွဲစပ်ပြပါ။

ဖြေ ။ ၁။ အသုဘကမ္မဋ္ဌာန်း ၁၀
ကာယဂတာသတိ ၁=၁၁ ရာဂ များသူအား လျော် (ချစ်သဘာဝနှင့် ရှုံစရာ ဆန့်ကျင်လို့)

၂။ အပ္ပမညာ ၄
နီလစသည် ၄=၈။ ဒေါသများသူအားလျော် (ချစ်စရာ နှင့် မုန်းသဘာဝ ဆန့်ကျင်လို့)

၃။ အာနာပါနသည် မောဟများသူအား လျော် (ပညာ၏ အာရုံဖြစ်၍ မောဟနှင့် ဆန့်ကျင်လို့)

ဝိတက်များသူအား လျော် (ပြေးလွှားမှုကို တားမြစ်၍ ဝိတက်နှင့်ဆန့်ကျင်လို့)

၄။ ဗုဒ္ဓါနုဿတိအစ ဒေဝတာနုဿတိအဆုံး ၆ပါးတို့သည် သဒ္ဓါ တိုးပွားကြောင်းဖြစ်လို့ သဒ္ဓါစရိုက် ရှိသူအား လျော်။

၅။ မရဏ+ဥပသမ+သညာ+ ဝဝတ္ထာန် ၄ပါး တို့သည် ပညာ၏ အာရုံဖြစ်သင့်လို့ ဗုဒ္ဓိစရိုက် များသူအား လျော်။

၆။ ဘုတ်+အာကာသ+ အာလောက+သေသအရူပါ=၄င်း၁၀ပါး တို့သည် စရိုက် အားလုံးနှင့်လျော်။

မေး ။ လျော်ဟုမဆိုသော ကမ္မဋ္ဌာန်းများကို အားထုတ်လျှင် ဈာန်ရ မရ။

ဖြေ ။ ရပါသည်။ ရာဂ စသည်ကို မခွါတတ်တဲ့ ဘာဝနာ မရှိ။

သဒ္ဓါစသည်အား ကျေးဇူးမပြုတတ်တဲ့ ဘာဝနာ မရှိ။

ထို့ကြောင့် ဈာန်သမာပတ်ကို ရစေနိုင်သည်ချည်းပင်။

မေး ။ ကသိုဏ်းဝန်း အရွယ်ပမာဏကို အကြောင်းပြ၍ ဖြေပါ။

ဖြေ ။ တွေဝေမှုကို ကင်းပျောက်စေလို့ ကသိုဏ်းဝန်းသည် မောဟစရိုက် ရှိသူအား လျော်၏။

ဝိတက် ပြေးလွှားမှုကို ကျဉ်းမြောင်းစေလို့ ငယ်တဲ့ ကသိုဏ်းဝန်းသည် ဝိတက်များသူအား လျော်၏။

မေး ။ ကမ္မဋ္ဌာန်း အာရုံနှင့်, ရူပဈာန်တို့ကို စပ်ပြပါ။

ဖြေ ။

ပဌမဈာန်၏အာရုံ		ဒု,တ,စ,ဈာန်တို့၏အာရုံ		ပဥ္စမဈာန်၏အာရုံ	
ကသိုဏ်းပညတ်	၁၀	ကသိုဏ်းပညတ်	၁၀	ကသိုဏ်းပညတ်	၁၀
အာနာပါနဿတိ	၁	အာနာပါနဿတိ	၁	အာနာပါနဿတိ	၁
အသုဘပညတ်	၁၀				
ကာယဂတာသတိ	၁				
မေတ္တာဒိ	၃	မေတ္တာဒိ	၃	ဥပေက္ခာ	၁
ပေါင်း=၂၅		ပေါင်း=၁၄		ပေါင်း=၁၂	

မေး ။ ၄ဝတို့တွင် ဈာန်မရစေနိုင်တဲ့ ကမ္မဋ္ဌာန်းကား အဘယ်နည်း။

ဖြေ ။ ဗုဒ္ဓါဒိ,အဋ္ဌ+သညာ+ဝ=မရ အပ္ပနာ။

၁။ ပရမတ္ထဖြစ်ခြင်း။

၂။ အရေအတွက်များခြင်း (ဂုဏ်များမှုဆိုလို)

၃။ ၁ ပါးစီ၏ သဘော နက်နဲခြင်း၊ ဤအကြောင်း ၃ မျိုးကြောင့် စျာန် မရနိုင်။

(အပ္ပနာ မရလည်းဟူ) မဟဂ္ဂုတ်အပ္ပနာကိုရည်ညွှန်း။

စျာန်ကိုရလိုလျှင် ကျန် ၃၀ထဲက ၁ ခုကို ဆက်စီးဖြန်းရမည်။

မေး ။ ပရမတ်ဖြစ်၍ အပ္ပနာမရ ဆိုလျှင် နိဗ္ဗာန် နှင့် အာကာ,အာကိဉ်တို့၌ ဘာဖြစ်လို့ လောကုတ္တရာအပ္ပနာနှင့် အရူပအပ္ပနာရသနည်း။

ဖြေ ။ ၁။ သီလဝိသုဒ္ဓိ စသော အစဉ် သမ္မသန စသော ဘာဝနာအစဉ်=၎င်း ၂မျိုးဖြင့် ပွားများရလို့ နိဗ္ဗာန် ပရမတ်၌ လောကုတ္တရာအပ္ပနာကို ရသည်။ အာရုံ ပြုနိုင်သည်ဟူ၏။

၂။ အာရုံကို လွန်မြောက်သော အစဉ်ဖြင့် ပွားများရလို့ အာကာ, အာကိဉ် ပရမတ်အာရုံ၌ ဝိညာ, နေဝအပ္ပနာ ရသည်။

မေး ။ အသုဘ ၁၀+ကာယဂတာသတိ ၁=၁၁တို့၌ ဘာဖြစ်လို့ ပဌမစျာန် ၁ မျိုးကိုသာ ရသနည်း။

ဖြေ ။ စက်ဆုပ်ဖွယ်တွေဖြစ်၍ အစွမ်းထက်သည့် ဝိတက်သာ ရပ်တည်နိုင်လို့ ဝိတက်ပါသည့် ပဌမစျာန်ကိုသာ ရသည်။

မေး ။ ဘာဖြစ်လို့ မေတ္တာဒိမှာ အောက်စျာန် ၄၊ ဥပေက္ခာမှာ ပဥ္စမစျာန် ရသနည်း။

ဖြေ ။ ၁။ မေတ္တာဒိသည် သောမနဿနှင့်အမြဲယှဉ်လို့ အောက်သောမနဿ စျာန် ၄ မျိုးကို ရ၏ (ဒေါမနဿနှင့် ဆန့်ကျင်မှုထောက်)

၂။ ဥပေက္ခာသည် တတြမဇ္ဈတ္တုပေက္ခာ အားကောင်းလို့ ဥပေက္ခာ ပဥ္စမစျာန် ရ၏။

မေး ။ အရူပစျာန် ၄ ပါး ရရန် အဘယ် ကမ္မဋ္ဌာန်းကို ပွားများရမည်နည်း။

ဖြေ ။ ကသိဏုဂ္ဃာဋိမာကာသ စတဲ့ အရူပကမ္မဋ္ဌာန်း ၄ပါးကို အစဉ်အတိုင်း ပွားများရ၏။

မေး ။ လက်တွေ့ ကမ္မဋ္ဌာန်း အားထုတ်နည်းကို သိသာရုံ ပြပါ။

ဖြေ ။ ၁။ မျက်စိဖြင့် မြင်ရသော ပရိကမ္မ နိမိတ်ကို အာရုံပြု ပွား များ ပရိကမ္မဘာဝနာ။

၂။ စိတ်ဖြင့် တွေး၍ ဥဂ္ဂဟနိမိတ်ကို အာရုံပြု ပွားများ ပရိကမ္မ ဘာဝနာပင်။
(၎င်းအချိန်မှာ ကာမာဝစရ သမာဓိမျှသာ ဖြစ်သေး၏။)

၃။ စိတ်ဖြင့် မတွေးပဲ ပေါ်လာသည့် ပဋိဘာဂ နိမိတ်ကို အာရုံပြု ပွားများ၊ ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာ။
ဥပစာရဘာဝနာ=နီဝရဏခွာသည်မှ ဈာန်ရှေ့ ဂေါတြဘူအထိ (ကာမာဝစရ သမာဓိပင် ရှိသေး၏)
အပ္ပနာဘာဝနာ= ဈာန်ရသည့် အချိန်မှာ ဈာန်ကို ခေါ်သည့် အမည်၊ ၎င်းဈာန်၌ သမာဓိကို အပ္ပနာသမာဓိ ခေါ်၏။
ပဋိဘာဂနိမိတ်ကား ပညတ်သာ၊မူလကမ္မဋ္ဌာန်းအာရုံနှင့်တူရုံသာ

မေး ။ ဈာန် တက်စဉ်ကို သိသာရုံ ဖော်ပြပါ။

ဖြေ ။ ရပြီးဈာန်ကို ဝသီဘော် ၅ မျိုး ပြုရမည်။ (၅ မျိုးဖြင့် လေ့လာရ မည် ဟူလို)

၁။ အာဝဇ္ဇနဝသီဘော်= ရပြီးဈာန်၏ ဈာန်အင်္ဂါ ၁ခုစီ ၁ ခုစီကို ဆင်ခြင်ခြင်း။

၂။ သမာပဇ္ဇနဝသီဘော်=ရပြီးဈာန်ကို ဝင်စားခြင်း။

၃။ အဓိဋ္ဌာနဝသီဘော်=ဘယ်အချိန်အထိ ဝင်စားရမည်ဟု အချိန်ကို အဓိဋ္ဌာန်ခြင်း။

၄။ ဝုဋ္ဌာနဝသီဘော်= အချိန်စေ့လျှင် ဈာန်မှ တရန် ဆောက်တည် ခြင်း။

၅၊ ပစ္စဝေက္ခဏာဝသီဘော်=ဝင်စားပြီးဈာန်ကို ပြန်၍ဆင်ခြင်ခြင်း။
(၎င်း ၅မျိုးဖြင့်လေ့လာတော့၊ ရပြီးဈာန်၌ ရန့်ရင်းကြမ်းတမ်း သော ဈာန်အင်္ဂါတို့အကြောင်း သိမည်။ ၎င်းတို့ကို ခွာလိုစိတ် ပေါ်လိမ့်မည်။ ခွာလိုတဲ့စိတ်ဖြင့် ကမ္မဋ္ဌာန်း ၁ခုခုကို စီးဖြန်းလျှင် အထက်ဈာန်ကို ရမည်)

မေး ။ ဆင်တူရိုးမှား ဝသီဘော်တို့၏ အထူးကို ပြပါ။

ဖြေ ။ အာဝဇ္ဇနဝသီဘော်=မနောဒွါရာဝဇ္ဇန်း၏ အစွမ်းသတ္တိ (ဈာန်အင်္ဂါကို အာရုံပြု)

ပစ္စဝေက္ခဏာဝသီဘော်=ပစ္စဝေက္ခဏာ ဇော၏ သတ္တိ (ဈာန်ကို သိ) (အမည် ဥပလက္ခဏာ= အခြား တရားရှိလျက် မနောဒွါရာဝဇ္ဇန်းနှင့် ပစ္စဝေက္ခဏာဇောတို့ဖြင့် အမည်ပေးလို့)

မေး ။ စတုက္ကနည်း ဈာန် ၄ မျိုး ဖြစ်ပုံ ပြပါ။

ဖြေ ။ ဉာဏ်ထက်သူ ပဌမဈာန်ရပြီးနောက် ဝိတက်+ဝိစာရ= ၂ ပါးကို ပြိုင်တူရှုံမုန်းပြီး အားထုတ်လို့ ဒုတိယဈာန် ရသောအခါ ဝိတက်+ဝိစာရ မပါ၊ ထို့ကြောင့် ၁ ဈာန် လျော့သဖြင့် စတုက္ကနည်းဖြစ်။

မေး ။ ဈာန်တက်စဉ်၌ ဘာဝနာ ၃ မျိုးကို ကန့်သတ်ပြပါ။

ဖြေ ။ ၁။ ပရိကမ္မ ဘာဝနာ= အထက်ဈာန်အတွက် စ အားထုတ်သည်မှ ဈာန်ဟောင်း၌ နိကန္တိ မကုန်သေးမီ။

၂။ ဥပစာရဘာဝနာ=နိကန္တိ ကုန်သည်မှ ဈာန်ရှေ့ဂေါတြဘူအထိ။

၃။ အပ္ပနာဘာဝနာ= ဈာန်ကို ခေါ်သည် (အဘေဒ ဘေဒူပစာ) (နေဝဈာန်အထိ ၎င်းနည်း)

မေး ။ အရူပဈာန် တက်စဉ်ကို ပြပါ။

ဖြေ ။ (က) ၁။ ရူပဈာန် ၅ မျိုး၏ အာရုံ ၂၆ ကို အတုံး အခဲ အနေနှင့် အပြစ်ရှု။

၂။ ၎င်း အတုံး အခဲတွေ ရှိနေလျှင် ရူပဈာန် ဖြစ်မည်ဟု စဉ်းစား။

၃။ ၎င်း ၂၆ အတုံးအခဲကို အာရုံပြုနေလျှင် နီဝရဏတွေ ဖြစ်ဦးမည်ဟု အပြစ်မြင်။

၄။ ကရဇကာယရှိလို့ နာ,ကြင်,ကိုက်ခဲ စသည် ဖြစ်၏ ဟူ၍လည်း အပြစ်မြင်။

၅။ ၎င်းနောက် ကသိဏုဂ္ဃာဋိမာကာသကို အာကာသော အနန္တော(သို့)အာကာသံ အနန္တံ စီးဖြန်းလျှင် အာကာသာနဉ္စာယတနစျာန်ရ၏။

(ခ) အာကာစျာန်ဖြင့် ဥပါဒ်+ဌီ+ဘင် အကန့် အသတ် မရှိတဲ့ အာကာသကို အာရုံ ပြုမှုကိုပင် အပြစ်ဟု ရှု၍ "ဝိညာဏံ အနန္တံ" စီးဖြန်း ဝိညာနဉ္စာယတနစျာန် ရ၏။

(ဂ) ဝိညာစျာန်၏ အာရုံ အာကာ.... စျာန်ကိုပင် ရန်သူ အနေနဲ့ အပြစ်မြင်၊ ဘာမျှ မရှိ ကောင်းမည်ဟု တွေး "နတ္ထိကိဉ္စိ" ဟု စီးဖြန်း အာကိဉ္စညာယတနစျာန် ရ၏။

(ဃ) ရပြီး အာကိဉ်စျာန်၏ သိမ်မွေ့နူးညံ့ပုံ စဉ်းစား။ ဒါထက် နူးညံ့လျှင် ကောင်းမည်ဟု တွေး၊ "သန္တံ မေတံ၊ ပဏိတ မေတံ"ဟု စီးဖြန်း နေဝသညာနာသညာစျာန် ရမည်။

(ရပြီးစျာန်၏ အပြစ်မြင်အောင် ဝသီဘော် ၅ ပါးဖြင့် အမြဲ လေ့လာရမည်)

မေး ။ အဘိညာဉ် ဟူသည် အဘယ်နည်း။

ဖြေ ။ မိရိုးဖလာ ပညတ်အာရုံ ၁၂ ပါးမက၊ အမျိုးမျိုးသော အာရုံတို့ကို သိနိုင်တဲ့ သတ္တိထူးရှိတဲ့ ပဥ္စမစျာန်ကို အဘိညာဉ်ခေါ်။

မေး ။ အဘိညာဉ် အမျိုးအစား သင်္ဂြိုဟ်အတိုင်း ရေတွက်ပြပါ။

ဖြေ ။ ၁။ ဣဒ္ဓိဝိဓအဘိညာဏ်= တန်ခိုးဖြင့် အမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ အဘိညာဏ်။

၂။ ဒိဗ္ဗသောတအဘိညာဏ်=ရိုးရိုး နားဖြင့် မကြားနိုင်တဲ့ အသံကို ကြားတဲ့ အဘိညာဏ်။

၃။ ပရစိတ္တဝိဇာနန အဘိညာဏ်= သူတပါး၏စိတ်ကို သိတဲ့ အဘိညာဏ်။

၄။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်= ရှေ့၌ ဖြစ်ဘူးသော ခန္ဓာ ၅ ပါး၊ ထိုခန္ဓာ ၅ပါးမှ လျှောက်၍ သိအပ်သော နိဗ္ဗာန် အမည် အမျိုးစသော ပညတ်ကိုသိတဲ့ အဘိညာဏ်။

၅။ ဒိဗ္ဗစက္ခုအဘိညာဏ်=ရိုးရိုးမျက်စိဖြင့် မမြင်တဲ့ အဆင်းကို မြင်တဲ့ အဘိညာဏ် (အဘိညာဏ် ၁ ခုတည်း ဖြစ်သော်လည်း အာရုံ ပြားလို့ ၅ မျိုး ဖြစ်သည်)

မေး ။ အချို့နေရာ၌ အဘိညာဏ် ၇ ပါး။ ၈ ပါး ဆိုပါလျက် ဘာဖြစ်လို့ ၅ ပါးသာ ဆိုသနည်း။

ဖြေ ။ ၁။ စုတူပပါတအဘိညာဏ်=စုတိနှင့် ပဋိသန္ဓေကိုသိတဲ့ အဘိညာဏ်။

၂။ ယထာကမ္မူပဂအဘိညာဏ် =ကုသိုလ်+အကုသိုလ် ကံကို သိတဲ့ အဘိညာဏ်။

တနည်း=နာမ် ခန္ဓာ ၄ ပါးကို သိတဲ့ အဘိညာဏ်။

၃။ အနာဂတံသအဘိညာဏ်=လာလတ္တံ့ "၇" ရက်မှစ၍ နောက်နောက် အာရုံများကို သိတဲ့ အဘိညာဏ် (တနည်း= ဒုတိယနေ့မှစ၍ နောက်ပိုင်းအာရုံများကို သိတဲ့ အဘိညာဏ်)

၎င်း ၃ မျိုးသည် ပရိကမ် သီးခြား မရှိ၍ ဒိဗ္ဗစက္ခု၌ သွင်းယူ။ (အာသဝက္ခယ ဉာဏ်သည် အဘိညာဏ် မဟုတ်၊ အရဟတ္တ မဂ်၊ အရဟတ္တဖိုလ်ဉာဏ်ဖြစ်၍ ဤ၌ မပါ)

မေး ။ အဘိညာဏ် အသုံးပြုပုံ ဖြေပါ။

ဖြေ ။ ပါဒက, အဓိဋ္ဌာန်, တဖန်ပါဒက,အဘိညာဏ် ဝီထိကျ။

ပါဒက=ပဥ္စမစျာန်ကို အခြေခံအနေဖြင့် ဝင်စား (သမာဓိမွေးသည့်သဘော)

အဓိဋ္ဌာန်= သတံ ဟောမိ၊ သဟဿံ ဟောမိ စသည် စီးဖြန်း (ဣဒ္ဓိဝိဓအတွက်)

ဒူရေသဒ္ဒံ သုဏောမိ၊ ပဋိစ္ဆန္နေ သဒ္ဒံ သုဏောမိ စသည် စီးဖြန်း (ဒိဗ္ဗသောတ)

ပရဿ စိတ္တံ ဇာနာမိ စသည် စီး ဖြန်း (ပရစိတ္တဝိဇာနန အတွက်)

ပုဗ္ဗေ နိဝုတ္တက္ခန္ဓံ ဇာနာမိ စသည် စီးဖြန်း (ပုဗ္ဗေနိဝါသာနုဿတိ။

ဒူရေ ရူပံ ပဿာမိ၊ ပဋိစ္ဆန္နေ ရူပံ ပဿာမိ စသည် စီးဖြန်း (ဒိဗ္ဗစက္ခု)

အဘိညာဏ်=န ဒ မ ပ ဥ နုံ ဂေါ ညာ ၎င်း အတိုင်း ဝီထိဖြစ်၏။ ၎င်း ၁ ကြိမ် တည်းသော အဘိညာဏ် ဝီထိဖြင့် အလိုရှိသည့် ကိစ္စ ပြီး၏။

မှတ်ချက်=အခြားကျမ်းတို့၌ အဓိဋ္ဌာန်နှင့် အဘိညာဏ်ကြား ပါဒကပြုကို ဆို
ကြသည်။ စာကိုယ်၌ မပါရှိ မထည့်ပါ။

မေး ။ ဝိပဿနာနှင့် ဝိပဿနာကမ္မဋ္ဌာန်း အထူးပြေပါ။

ဖြေ ။ ဝိပဿနာ=တေဘူမကသင်္ခါရ ၇၁ တို့၏ အနိစ္စ စသည်ကို သိတဲ့
ဘာဝနာပညာ။

ဝိပဿနာကမ္မဋ္ဌာန်း=လောကီစိတ် ၁ (ဂ၁ ရှိပေမဲ့ လက္ခဏာမို့ ၁)
စေတသိက် ၅၂
နိပ္ဖန္နရုပ် ၁၈=၇၁

တနည်း=၎င်း ၇၁ တို့၏ အနိစ္စ စသည် ရှုခြင်းကို ဝိပဿနာကမ္မဋ္ဌာန်း

မေး ။ ဝိပဿနာရှုလိုသူ(သို့)ရှုသူအား ရှိရမည့် ဝိသုဒ္ဓိ ၇ ပါးကို ရှင်းပါ။

ဖြေ ။ သီလဝိသုဒ္ဓိ= ၁။ လူမှာ လူ့သီလ, ရှင်မှာ ရှင့်သီလ, ရဟန်းမှာ
ရဟန်းသီလ။

၂။ စက္ခုန္ဒြေ အစ မနိန္ဒြေ အဆုံး ဣန္ဒြေ ၆ ပါး ကို
စောင့်စည်း (ဣန္ဒြိယသံဝရသီလ)

၃။ သမ္မာအာဇီဝဖြင့် အ သက် မွေး ခြင်း (အာဇီဝ
ပါရိသုဒ္ဓိသီလ)

၄။ ရဟန်းသာမဏေ ဖြစ်အံ့ ပစ္စဝေက္ခဏာ ဆင်ခြင်
(ပစ္စယသန္နိဿိတသီလ)

(ပဋိသင်္ခါယောနိသော ၄ ပုဒ်ဖြင့် ဆင်ခြင်ဟူလို)

စိတ္တဝိသုဒ္ဓိ=ဥပစာရသမာဓိ

အပ္ပနာသမာဓိ=၂ပါး (ဈာန်ခန်း၌ ပြပြီး သမာဓိမျိုး)

ဒိဋ္ဌိဝိသုဒ္ဓိ=၇၁တို့၏ လက္ခဏာ+ ရသ+ ပစ္စုပဋ္ဌာန်+ ပဒဋ္ဌာန်တို့ကို
သိခြင်း။

ရှင်း= ၁။ လက္ခဏာ=တေဘူမက ၇၁ တို့၏ သာမည်သဘော။

၂။ ရသ=၇၁တို့၏ အလုပ်ကိစ္စ (ကိစ္စရသ)
၇၁တို့၏ ဖြစ်ခြင်းသဘော(သမ္ပတ္တိရသ) ၂မျိုး။

၃။ ပစ္စုပဋ္ဌာန်= ယောဂီသန္တာန်၌ ၇၁တို့ထင်ပုံထင်နည်း။

၄။ ပဒဋ္ဌာန်=ပဋိစ္စသမုပ္ပါဒ်နည်း (သို့) ပဋ္ဌာန်းနည်းအားဖြင့် အနီး
ဆုံးအကြောင်း၊ ၎င်း၄မျိုးသိ မှဲ့ ဝိသုဒ္ဓိခေါ်။

ကင်္ခါဝိတရဏဝိသုဒ္ဓိ=ဂု ၁ တို့၏ အ ကြောင်း ကို သိ ခြင်း (ပုဂ္ဂိုလ် လုပ်တယ် ထင်တဲ့ ယုံမှားမှုကို ပျောက်စေလို့ (အကျယ်ပြန်ကြည့်)

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ=အဒ္ဓါနည်း, သန္တတိနည်း, ခဏနည်းတို့ဖြင့် ဂု ၁ တို့၏ အနိစ္စ+ဒုက္ခ+အနတ္တသဘောကို လေ့လာသော သမ္မသန ဉာဏ်ဖြင့် ရှုသော ပုဂ္ဂိုလ်အားလည်းကောင်း။

ပစ္စယနည်း,ခဏနည်းတို့ဖြင့် ဂု ၁ တို့၏ဖြစ်ခြင်း+ပျက်ခြင်းကို လေ့လာ သော ဥဒယဗ္ဗယဉာဏ်ဖြင့် ရှုသော ပုဂ္ဂိုလ်အားလည်းကောင်း၊ မဖြစ် စဘူး တူးကဲလှစွာသော ဩဘာသ စသည်တို့ ဖြစ်တတ်သည်။ ၎င်းကို "မဂ်" ထင်တတ်သည်။ ထင်လျှင်မှားရော။

၎င်းသည် "မဂ်"မဟုတ် ဝိပဿနာ ညစ်ညူးကြောင်းသာဟု သိခြင်း သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ=ဥဒယဗ္ဗယဉာဏ်မှ အနုလောမဉာဏ် တိုင် အောင် ဝိပဿနာဉာဏ် ၉ ပါးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်။ ဉာဏဒဿနဝိသုဒ္ဓိ=မဂ်ဉာဏ်ကို ခေါ်သည်။

မေး ။ ဉာဏ်စဉ် ၁၀ ပါးကို ရှင်းပါ။

ဖြေ ။ ၁။ သမ္မသနဉာဏ်=တေဘူမက ဂု ၁ တို့၌ အနိစ္စ+ ဒုက္ခ+ အနတ္တ သဘော သိတဲ့ဉာဏ် (လက္ခဏာယာဉ် ၃ ပါးခေါ်သည်)

၂။ ဥဒယဗ္ဗယဉာဏ်=လက္ခဏာယာဉ် ၃ ပါးရှုယင်း အဖြစ်နှင့်အပျက် သိတဲ့ဉာဏ်။

၃။ ဘင်ဉာဏ်=လက္ခဏာယာဉ်၃ပါးကိုရှုယင်း အပျက်ကိုသိတဲ့ဉာဏ်။

၄။ ဘယဉာဏ်=လက္ခဏာယာဉ်ရှုယင်း ကြောက်ဖွယ်ဟု သိတဲ့ဉာဏ်။

၅။ အာဒီနဝဉာဏ်=လက္ခဏာယာဉ်ရှုယင်းငြီးငွေ့ဖွယ်ဟုသိတဲ့ဉာဏ်

၆။ မုစ္စိတုကမျတာဉာဏ်=လက္ခဏာယာဉ်ရှုယင်းလွတ်လိုတဲ့ဉာဏ်။

၇။ ပဋိသင်္ခါဉာဏ်=လက္ခဏာယာဉ်ရှုယင်း ပြန်လှန်သုံးသပ်တဲ့ဉာဏ်။

၈။ သင်္ခါရုပေက္ခာဉာဏ်=လက္ခဏာယာဉ်ရှုယင်း လျစ်လျူရှုစရာဟု သိတဲ့ဉာဏ်။ (ကြည့် ကိုစ)

၉။ အနုလောမဉာဏ်= လက္ခဏာယာဉ် ရှုသင်း ပေ မိပက္ခိယအား လျော်တဲ့ဉာဏ်။

မေး ။ ဝိပဿနာညစ်ညူးကြောင်း ၁၀ မျိုးကို ရှင်းပါ။

ဖြေ ။ ၁။ သြဘာသော=ဝိပဿနာ စိတ်ကြောင့် ကိုယ်မှ ထူးထူး ကဲကဲ ထွက်တဲ့ အရောင်,အဆင်း။

၂။ ပီတိ=ဝိပဿနာစိတ်နှင့် တကွဖြစ်တဲ့ ပီတိ ၅ မျိုး။

၃။ ပဿဒ္ဓိ=ကိုယ်,စိတ် ပူပန်မှု ငြိမ်း၍ ကမ္မဋ္ဌာန်း လုပ်ငန်း၌ ပျော်မွေ့ခြင်း။

၄။ အဓိမောက္ခ=အားကြီးတဲ့ သဒ္ဓါ (ဝါ) ယုံကြည်ခြင်း။

၅။ ပဂ္ဂဟော=ကမ္မဋ္ဌာန်း၌ လွန်လွန် ကဲကဲ အားထုတ်ခြင်း။

၆။ သုခံ=အလွန် အကဲ ချမ်းသာခြင်း။

၇။ ဉာဏံ=လက္ခဏာယာဉ် ၃ ပါးကို ဝိပဿနာ ရှုတဲ့ဉာဏ်။

၈။ ဥပဋ္ဌာနံ=ကမ္မဋ္ဌာန်းအာရုံကို အလွန်အောက်မေ့ခြင်း သတိ။

၉။ ဥပေက္ခာ=ဝိပဿနာ စိတ်နှင့် တကွဖြစ်တဲ့ တတြမဇ္ဈတ္တုပေက္ခာ မနောဒွါရ၌ ဖြစ်တဲ့ အာဝဇ္ဇနုပေက္ခာ=၂မျိုး။

၁၀။ နိကန္တိ=သြဘာသ စသော ၉ ပါးကို အကြောင်း ပြု၍ ငါ့မှာ ရှေးတုံးက ဤလိုမဖြစ်ဖူးဘူး၊ ယခုမှ ဖြစ်ရသည်ဟု သိမ် မွေ့နူးညံ့စွာ ဖြစ်တဲ့ တဏှာ (၎င်းတို့ကို "မဂ်" ထင်ပြီး ဝိပဿနာ အားထုတ်မှု ရပ်သွားလျှင် အကျိုးယုတ်တတ်လို့ ဝိပဿနာ ညစ်ညူးကြောင်းခေါ်။

မေး ။ ဝိပဿနာရှုကောင်းသော တရားများကား အဘယ်နည်း။

ဖြေ ။ လောကီစိတ် ၁ (သရုပ် ၈၁ ရှိပေမဲ့ လက္ခဏာဖြင့် ယူလို့ ၁)
စေတသိက် ၅၂
နိပ္ဖန္နရုပ် ၁၈=၇၁÷ဤ၃တဘူမက သင်္ခါရတို့ကိုသာ ဝိပဿနာရှု
နိပ္ဖန္နရုပ် မိန်းမမှာ ၁၇၊ ယောကျ်ားမှာ ၁၇။(ဘာဝ ၁ ခုစီသာဖြစ်လို့ ၁၇ စီသာ)

(လက်လှုပ်, ခြေလှုပ် စတဲ့ အနိပ္ဖန္န ၁၀ မျိုး ဝိဿနာ မရှုရ) တရားကိုယ် သီးခြားမရှိလို့.)

မေး ။ ၇၁ တို့ကို အဘယ်သို့ အာရုံပြု၍ ရှုရမည်နည်း။

ဖြေ ။ ခန္ဓာနည်း (ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ စသည်)
ဒွါရနည်း (စက္ခုဒွါရ, သောတဒွါရ စသည်)
အာရုံနည်း (ရူပါရုံ, သဒ္ဒါရုံ စသည်)
ဒွါရိကနည်း (စက္ခုဒွါရိကစိတ်, စေတသိက် စသည်)
(အာယတန, ဓာတ်, ဣန္ဒြေ စသည် များစွာရှိသေး၏)
(ဤနည်းအမျိုးမျိုးကို နားလည်ရန် စာပေ သင်ကြရသည်)

မေး ။ ကလာပနည်းအားဖြင့် ဝိပဿနာရှုရမည်ဆိုတာ အဘယ်နည်း။

ဖြေ ။ အတိတ်စသော ၁၁ မျိုး အားဖြင့်လည်းကောင်း
ပထဝီ+အာပေါစသော တရားကိုယ် အမျိုးမျိုးအားဖြင့်လည်းကောင်း
အမျိုးမျိုးကွဲပြားသော တရားတို့ကို
ရုပ်,ရုပ်ချင်း တူရာပေါင်း၍ ရူပက္ခန္ဓာ
ဝေဒနာ ဝေဒနာချင်း တူရာပေါင်း၍ ဝေဒနာက္ခန္ဓာ စသည် များစွာ
ရှိသေး၏။ ဤကဲ့သို့စုပေါင်း၍ အနိစ္စ+ဒုက္ခ+အနတ္တရှု ကလာပနည်း

မေး ။ အနိစ္စ စသည်ကို ၁ မျိုးချင်း ရှုရမည်လား ၃ ပါးစုံ ရှုရမည်လား၊

ဖြေ ။ ၃ ပါးစုံ ရှုရမည် (ရူပက္ခန္ဓာ အနိစ္စ+ ရူပက္ခန္ဓာ ဒုက္ခ+ရူပက္ခန္ဓာအနတ္တ၊ ဟူလို)

မေး ။ အဒ္ဓါနည်း ဝိပဿနာရှု ဟူသည် အဘယ်နည်း။

ဖြေ ။ အတိတ်က ရုပ်သည် အတိတ်မှာပင် ချုပ်ခဲ့ပြီ ပစ္စုပ္ပန်သို့ မရောက်
ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု။
ပစ္စုပ္ပန်ရုပ်သည် ပစ္စုပ္ပန်မှာပင် ချုပ်သည်၊ အနာဂတ်သို့ မရောက်
ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု စသည်။

မေး ။ သန္တတိနည်း ဝိပဿနာရှုဟူသည် အဘယ်နည်း။

ဖြေ ။ အပူမှာ ဖြစ်ကဲ့ ရုပ်အစဉ်သည် အပူမှာပင် ချုပ်၏၊ အေးတဲ့အချိန်သို့ မရောက်
ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု။
ထိုင်ရုပ် အစဉ်သည် ထိုင်စဉ်မှာပင် ချုပ်၏၊ ရပ်တဲ့ အချိန်သို့ မရောက်
ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု စသည်။

မေး ။ ခဏနည်း ဝိပဿနာရှုဟူသည် အဘယ်နည်း။
ဖြေ ။ အဆင်းရုပ်သည် ဖြစ်ပြီး ပျက်၏ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု။
အသံရုပ်သည် ဖြစ်ပြီး ပျက်၏ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု စသည်။
မေး ။ ပစ္စယနည်းဖြင့် ဝိပဿနာရှုဟူသည် အဘယ်နည်း။
ဖြေ ။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ် ဖြစ်၏၊ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု။
အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ် ချုပ်၏ ထို့ကြောင့် အနိစ္စ+ဒုက္ခ+အနတ္တဟုရှု စသည်။
မေး ။ ဒုတိယခဏနည်းဟူသည် အဘယ်နည်း။
ဖြေ ။ ရူပက္ခန္ဓာသည် ဖြစ်၏
ရူပက္ခန္ဓာသည် ချုပ်၏ စသည် (အကြောင်းကို မစဉ်းစားဘဲ ရှု၏)
အထူး=ပထမခဏနည်း=တရား ၁ ခု၏ အဖြစ်နှင့် အပျက်ကို တွဲဆင်ခြင်။
ဒုတိယခဏနည်း=တရား ၁ ခု၏ အဖြစ်သက်သက်, အပျက်သက်သက် ခွဲဆင်ခြင် (ပစ္စုပ္ပန်ကို အာရုံပြု)
မေး ။ အဘယ်ဟာကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ခေါ်သနည်း။
ဖြေ ။ သင်္ခါရုပေက္ခာဉာဏ်
အနုလောမဉာဏ်="မဂ်"ရအံ့ဆဲဆဲ အချိန်မှာ ဖြစ်တဲ့ ၎င်းဉာဏ် ၂ မျိုးကိုသာ အထွဋ်အထိပ်ဖြစ်လို့ ၎င်းအမည်ပေး၏။
(အပါယ်စသည်မှ လွတ်သောကြောင့်လည်းကောင်း
သင်္ခါရနိမိတ်မှ လွတ်သောကြောင့် လည်းကောင်း=ဤအကြောင်း ၂ ပါးကြောင့် မဂ်ကို "ဝုဋ္ဌာန"ခေါ်)
၎င်းမဂ်ကို ရကြောင်းဖြစ်လို့ ၎င်းဉာဏ် ၂ ပါးကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ခေါ်သည်။
မေး ။ ဥဒယဗ္ဗယဉာဏ ဝိသုဒ္ဓိဟူသည် အဘယ်နည်း။
ဖြေ ။ မဂ်ကို ဥဒယဗ္ဗယဉာဏဝိသုဒ္ဓိ ခေါ်သည်။
မေး ။ မဂ္ဂဝီထိချဉ်၍ ဝီထိစိတ်များကို အာရုံဖြင့် ဝေဖန်ပါ။
ဖြေ ။ န ဒ မ ပ ဥ နု ဂေါ မဂ် ဖိုလ် ဖိုလ် (ထို့နောင်ဘဝင်)

ရှေ့နောက် ဘဝင် ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၁ ခုခု အာရုံပြု
မ, ပ, ဥ, နုတို့သည် တောဘူမကသခ်ါရကို အာရုံပြု။

မေး ။ မဂ်ရမှန်း အဘယ်သို့ သိရမည်နည်း။

ဖြေ ။ ၁။ ဒုက္ခ+သမုဒယ အပါအဝင် သခ်ါရတို့၏ ချုပ်ပျောက်ခြင်း ဆိုတဲ့ နိဗ္ဗာန်ကို အသေအချာ (သိလာလိမ့်မည်)

၂။ ချုပ်ပျောက်ရာတွင် ပါဝင်သဖြင့် ဒုက္ခသစ္စာ တရားများ၏ မရှိပုံကို သိလာလိမ့်မည် (၎င်းကိုပင် ဒုက္ခသစ္စာကို သိဟု ဆိုရိုးပြုကြသည်)

၃။ ချုပ်ပျောက်ရာတွင် ပါဝင်သဖြင့် ဒုက္ခသစ္စာ တရားများကို ဖြစ်အောင် လုပ်ပေးတတ်တဲ့ သမုဒယ၏ မရှိခြင်းကိုလည်း သိလာလိမ့်မည် (၎င်းကိုပင် တရားဆိုး ဖြစ်၍ ပယ်လိုက်ပြီဟု သုံးရိုးပြုကြသည်)

၄။ ဆိုခဲ့ပြီး ၃ မျိုးကို သိတဲ့ သဘာဝ ငါ့မှာ ဖြစ်လာသည်ဟု သိလိမ့်မည်။

ဤကဲ့သို့ ထူးထူးကဲကဲ သိလာမှုကြောင့် မိမိကိုယ်မိမိ မဂ်ရသည်, ဖိုလ်ရသည်ဟု သိလိမ့်မည်။ တရားအစစ်ခံဖို့။ သူတပါး အဆုံးအဖြတ်ခံဖို့မလို။

မေး ။ မဂ်, ဖိုလ်ကို ရပြီးလျှင် ဓမ္မတာအားဖြင့် ပါကို ဆက်လုပ်သနည်း။

ဖြေ ။ ရပြီးမဂ်, ရပြီးဖိုလ်နှင့် ၎င်းတို့၏ အာရုံဖြစ်တဲ့ နိဗ္ဗာန်ကို ဆင်ခြင်သည် (အမြဲ)

ပယ်ပြီး ကိလေသာနှင့် ကျန် ကိလေသာတို့ကို အချို့ပုဂ္ဂိုလ် ဆင်ခြင်သည်၊ အချို့ပုဂ္ဂိုလ် မဆင်ခြင်

(ရဟန္တာ ကျန်ကိလေသာကို ဘယ်တော့မှ မဆင်ခြင် မရှိလို့)

မေး ။ မူလနှင့် တူသော ဝိသုဒ္ဓိ, ကိုယ်နှင့်တူသော ဝိသုဒ္ဓိတို့ကို ဖြေပါ။

ဖြေ ။ သီလဝိသုဒ္ဓိ+စိတ္တဝိသုဒ္ဓိ=၂ပါသည် မူလနှင့် တူ၏။
ကျန် ဝိသုဒ္ဓိ ၄ ပါးသည် ကိုယ်နှင့် တူ၏။

မေး ။ မဂ်ကို ဉာဏဒဿနဝိသုဒ္ဓိခေါ်ကြောင်း ဖြေပါ။

ဖြေ ။ သစ္စာလေးပါးကို သိခြင်းကြောင့် ဉာဏဒဿန။
ကိလေသာတို့မှ စင်ကြယ်ခြင်းကြောင့် ဝိသုဒ္ဓိ။
ထိုနှစ်ပါးကြောင့် မဂ်ကို ဉာဏဒဿနဝိသုဒ္ဓိ ခေါ်၏။

မေး ။ မဂ်ဖိုလ်တို့၏ အမည်ထူးများကို ပြပါ။

ဖြေ ။ ၁။ အနတ္တဟု ရှုတဲ့ ဝိပဿနာကို သုညတာနုပဿနာဝိမောက္ခမုခခေါ်။
ယင်းကြောင့် ရတဲ့ မဂ်ကို သုညတ ဝိမောက္ခမဂ် ခေါ်။
ယင်း မဂ်နောက် ဖိုလ်ကို သုညတဝိမောက္ခဖိုလ် ခေါ်။

၂။ အနိစ္စဟု ရှုတဲ့ဝိပဿနာကို အနိမိတ္တာနုပဿနာ ဝိမောက္ခမုခခေါ်
ယင်းကြောင့် ရတဲ့မဂ်ကို အနိမိတ္တဝိမောက္ခမဂ် ခေါ်။
ယင်းနောက် ဖိုလ်ကို အနိမိတ္တဝိမောက္ခဖိုလ် ခေါ်။

၃။ ဒုက္ခဟု ရှုတဲ့ ဝိပဿနာကို အပ္ပဏိဟိတာ နုပဿနာ ဝိမောက္ခမုခ ခေါ်။

ယင်းကြောင့် ရတဲ့မဂ်ကို အပ္ပဏိဟိတဝိမောက္ခမဂ်ခေါ်။
ယင်းနောက် ဖိုလ်ကို အပ္ပဏိဟိတ ဝိမောက္ခဖိုလ် ခေါ်။
(ဤကား မဂ်ကို ဝိပဿနာဖြင့် အမည်ပေး၍ ဖိုလ်ကို မဂ်ဖြင့် အမည်ပေးပုံ) (မဂ္ဂဝီထိအတွက်)
ဝုဋ္ဌာနဂါမိနီဝိပဿနာချိန်က အနိစ္စ+ဒုက္ခ+အနတ္တရှုတဲ့ဝိပဿနာကို ကြည့်၍ အမည်ပေးသည်။ စောစော အချိန်က ရှုပုံနှင့် မဆိုင်။

၁။ အနတ္တဟု သုညတာနုပဿနာကို ရှုပြီးမှ ဖိုလ်ဝင်စားလျှင် ယင်း ဖိုလ်ကို သုညတဝိမောက္ခဖိုလ် ခေါ်။

၂။ အနိစ္စဟု အနိမိတ္တာနုပဿနာကို ရှုပြီးမှ ဖိုလ် ဝင်စားလျှင် ယင်း ဖိုလ်ကို အနိမိတ္တဝိမောက္ခဖိုလ် ခေါ်။

၃။ ဒုက္ခဟု အပ္ပဏိဟိတာ နုပဿနာကို ရှုပြီးမှ ဖိုလ် ဝင်စားလျှင် ယင်းဖိုလ်ကို အပ္ပဏိဟိတ ဝိမောက္ခဖိုလ် ခေါ် (ဤကား ဖလ သမာပတ်ဖြစ်၍ "မဂ်"မရှိလို့ ဝိပဿနာဖြင့် ဝင်စားတဲ့ဖိုလ်ကို အမည်ပေးပုံ)

မေး ။ အာရမ္မဏဝသေနအရ အာရုံဖြင့် မဂ်,ဖိုလ်ကို အမည်ပေးပုံ ဖြေပါ။

ဖြေ ။ ၁။ အာကာရအားဖြင့် အမည်မေးထားတဲ့ သုညတခေါ် နိဗ္ဗာန်ကို အာရုံပြုတဲ့ မဂ်,ဖိုလ်ကို သုညတဝိမောက္ခဖိုလ် ခေါ်။

၂။ အနိမိတ္တခေါ်တဲ့ နိဗ္ဗာန်ကို အာရုံပြုတဲ့ မဂ်, ဖိုလ်ကို အနိမိတ္တ ဝိမောက္ခမဂ်, အနိမိတ္တ ဝိမောက္ခဖိုလ် ခေါ်။

၃။ အပ္ပဏိဟိတခေါ်တဲ့ နိဗ္ဗာန်ကို အာရုံပြုကဲ မဂ်, ဖိုလ်ကို အပ္ပဏိ ဟိတ ဝိမောက္ခမဂ်, အပ္ပဏိဟိတ ဝိမောက္ခဖိုလ် ခေါ်။

မေး ။ သရသစသေနအရ သမ္ပတ္တိရသ (ဂုဏ်ထူး)ဖြင့် မဂ်,ဖိုလ် အမည် ပေးပုံ ဖြေပါ။

ဖြေ ။ ၁။ ကိလေသာတို့မှ ဆိတ်ခြင်းဂုဏ်ကိုစွဲ၍ သုညတဝိမောက္ခ မဂ်,ဖိုလ် ခေါ်။

၂။ ကိလေသာ အကြောင်း ကင်းမှုကို စွဲ၍ အနိမိတ္တဝိမောက္ခ မဂ်,ဖိုလ် ခေါ်။

၃။ ကိလေသာတို့၏ တောင့်တခြင်း ကင်းမှုဂုဏ်ကို အစွဲပြု၍ အပ္ပဏိဟိတ ဝိမောက္ခ မဂ်,ဖိုလ် ခေါ်။

မေး ။ ဖလသမာပတ် ဝင်စားနိုင်သော ဘုံနှင့် အချိန်ကို ပြပါ။

ဖြေ ။ လူ့ဘုံ၊ ၇ ရက် အထိသာ ဝင်စားနိုင်သည်(အစာအသက် ၇ရက်မို့) နတ်ဘုံ၊ ၎င်းတို့၏ အာဟာရနှင့် အလျော်သာ ဝင်စားနိုင်သည်။ ရူပဗြဟ္မာများ အလိုရှိသလောက် ဝင်စားနိုင်၏။ (အစာကိစ္စ မရှိလို့) အရူပဗြဟ္မာများ ၎င်းအတိုင်းပင်။

မေး ။ နိရောဓ သမာပတ် ဝင်စားနိုင်သော ဘုံနှင့် အချိန်ကို ပြပါ။

ဖြေ ။ အရူပဘုံ၌ နိရောဓသမာပတ် မဝင်စားနိုင်(အစဉ်အတိုင်း ဝင်စားရန် အောက်ဈာန်များ မရှိလို့) (သမာပတ် ၈ ပါး(သို့)၉ ပါးဝင်စားပြီးမှ နိရောဓ သမာပတ် ဝင်စားရသည်)

ကျန်,လူ, နတ်, ရူပဗြဟ္မာများ ဖလသမာပတ်အတိုင်းပင်။

ညဝါ=ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ + ဒေါသမူဒွေ တို့၌ အောက်ပါအတိုင်း အလွှာခွဲ၍ ပယ်။

၁။ အပါယာမနိယအလွှာ သောတာပတ္တိမဂ်ပယ်။

၂။ ရုန့်ရင်း ကြမ်းတမ်းသော အလွှာ သကဒါဂါမိမဂ်ပယ်။

၃။ ကာမရာဂနှင့် သမ္ပယုတ် ဖြစ်သော အလွှာ အနာဂါမိမဂ် ပယ် (ထိုကြောင့် ကာမဘုံကို မလာတော့တာ)(ဒေါသမူအမျိုးအစားလုံး ဝကုန်ပြီ)

၄။ ရူပရာဂ,အရူပရာဂနှင့် သမ္ပယုတ်ဖြစ်တဲ့ ဒိဋ္ဌိဂတဝိပ္ပယုတ်အလွှာနှင့် ဥဒ္ဓစ္စသမ္ပယုတ်ကိုတော့ အရဟတ္တမဂ်ကျမှ ပယ်နိုင်၏။

အမှာ= အလွှာဖွဲ့ပယ်ဘာကို ညဝါများ၌ တနုကရအားဖြင့် ခေါင်းပါးအောင် ပြုဟု သုံးကြသည်။

ကမ္မဋ္ဌာန်းပိုင်းပြီး၏။

သင်္ဂြိုဟ်ချုနည်းကျမ်း

သင်္ဂြိုဟ်ကျမ်းသည် အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ ငယ်-လတ်-ကြီး အတန်းများ အတွက် ပြဋ္ဌာန်းထားသော ကျမ်းငယ်တစောင် ဖြစ်၏။ စာသင်သားတိုင်းသည် သင်္ဂြိုဟ်ကျမ်းနှင့် မကင်းနိုင်ခဲ့ကြပေ။ အဘိဓမ္မာ ပိဋကကို သဘောပေါက်နားလည်ရေးအတွက် ယင်းသင်္ဂြိုဟ်ကျမ်းသည် အခြေခံဖြစ်၏၊ ကျမ်းငယ် ဖြစ်သော်လည်း နက်နဲသိပ်သည်း လှပေသည်။ ဖြန့်၍ဆန့်၍ မကုန်နိုင်လောက်အောင်ပင် ကျယ်ပြန့်သော သဘော အဓိပ္ပာယ်တို့ကို ပေါင်းရုံး ဆောင်ယူ ထားလေသည်။ ထို့ကြောင့်ပင် ကျမ်းပြုဆရာ အဆက်ဆက်တို့က အဋ္ဌကထာ ဋီကာကျမ်း များစွာဖြင့် ဖွင့်ဆိုရှင်းလင်း ပြခဲ့ကြခြင်းဖြစ်၏။

ယခု "သင်္ဂြိုဟ်ချုနည်းကျမ်း" သည်လည်း သင်္ဂြိုဟ် ကျမ်းငယ်ကို ဖွင့်ဆို ရှင်းလင်း၍ပြထားသည့် ကျမ်းတစောင်ပင်ဖြစ်လေသည်။ ကျမ်းပြုဆရာတော်သည် ရှေးယခင်က ရှိခဲ့ဖူးသော အဖွင့်ကျမ်းများနှင့် မတူအောင် တမူထူးခြားစွာ စီစဉ်ထားလေသည်။ စာသင်သားများ လွယ်ကူသက်သာစွာဖြင့် လေ့လာ သင်ကြားနိုင် စေရန် ရည်ရွယ်၍ ကြိုးပမ်းအားထုတ်ထားသည်ကို တွေ့နိုင်သည်။

ကျမ်းပြုဆရာတော်သည် ရာပေါင်းများစွာသော စာသင်သား တို့အား နှစ်ပေါင်း ၃၀ ကျော်တိုင်တိုင် စာပေပို့ချပေးခဲ့ပြီး ဖြစ်၏။ ဤတွင် သင်္ဂြိုဟ် ကျမ်းကို အကြိမ်ပေါင်း မရေတွက် နိုင်လောက်အောင်ပင် အကြိမ်ကြိမ် အလီလီ သင်ကြား ပို့ချ ပေးခဲ့ရာမှ လွယ်ကူသော စနစ်၊ ရှင်းလင်းသော နည်းနယ များကို တွေ့ရှိခဲ့ လေသည်။ မိမိအမြင် ရှင်းသလို စာသင်သားတို့ လွယ်ကူသက်သာစွာဖြင့် သင်ယူနိုင်စေရန် ရေးရှုစီစဉ်ထားသော အဖွင့်ကျမ်း တစောင်ဖြစ်သည်။

ဤအဖွင့်ကျမ်းသည် စာသင်သားများ အတွက် မျှသာ မဟုတ်ပေ၊ စာပေ ပို့ချပေးသော စာချပုဂ္ဂိုလ်များလည်း လက်ကိုင်ပြုသွားနိုင်ပေသည်။ ထို့ပြင် အဘိဓမ္မာ သဘောကို လေ့လာမှတ်သား လိုသူတို့ အတွက်လည်း များစွာ အကူအညီပေးနိုင်သည့် ကျမ်းတစောင် ဖြစ်ပေသည်။

ထို့ကြောင့်ပင် စာသင်သားများ၊ စာချပုဂ္ဂိုလ်များနှင့် အဘိဓမ္မာသဘော ကို လေ့လာမှတ်သားလိုသူတို့ လိုအင်ဆန္ဒ ပြည့်ဝကြပေလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသတည်း။

အရှင်ပညာနန္ဒ (ဓမ္မာစရိယ)